ပြည်ထောင်စု မြန်မာနိုင်ငံတော်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၂)

၏

# မိုးကုတ်ဝိနိစ္ဆယ


သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

ကမ္ဘာအေးစာပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ-၂၅၅၁ ကောဇာ-၁၃၆၉ ၂၀၀၇

ပြည်ထောင်စု မြန်မာနိုင်ငံတော်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၂)

၏

# မိုးကုတ်ဝိနိစ္ဆယ


သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ- ၂၅၅၁ ကောဇာ-၁၃၆၉ ၂၀၀၇

အမှတ် ၂၇၈၂၈
ရက်စွဲ ၂၂ . ၇ . ၅၉
စာကြည့်တိုက်

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေး ဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်း
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ် ထုတ်ဝေသည်။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က
# ရွေးချယ်ဖွဲ့စည်းပေးသော
# နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၂)
# ၏

# မိုးကုတ် ဝိနိစ္ဆယ

---

စောဒက - ဆရာတော် ဦးဝိသုဒ္ဓ (သာသနဓဇသိရိပဝရ ဓမ္မာစရိယ၊ ဝိသိဋ္ဌ ဒီဃဘာဏက) မှန်ကင်းကျောင်းတိုက်၊ အောင်မြေသာစံ မြို့နယ်၊ မန္တလေးတိုင်း။

စုတိဒက - (၁) ဆရာတော် ဦးဇနိတာလင်္ကာရ (သာသနဓဇဓမ္မာစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)

(၂) ဆရာတော် ဦးစန္ဒဝရာဘိဝံသ (ပထမကျော်၊ သ-စ-အ ဓမ္မာစရိယ) (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ MA (သီရိလင်္ကာ)၊ Ph.D (အိန္ဒိယ)။

(၃) ဆရာတော် ဦးသောဘဏ (သာသနဓဇဓမ္မာစရိယ၊ ဒီဃ ဘာဏက၊ ဒီဃနိကာယကောဝိဒ)

မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ချုပ်၊ အမှတ်-၈၂၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ဝိနည်းဓိုရ်အဖွဲ့ ဖွဲ့စည်းသည့်နေ့ - ၁၃၆၅-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၁)ရက်၊ (၁၇-၁-၂၀၀၄)

ဝိနိစ္ဆယချမှတ်သည့်နေ့ - ၁၃၆၆-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၄)ရက်၊ (၂၈-၃-၂၀၀၅)

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော် သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၂)
# မိုးကုတ်ဝိနိစ္ဆယနိဒါန်း

မန္တလေးတိုင်း၊ မန္တလေးခရိုင်၊ အောင်မြေသာစံမြို့နယ်၊ လောကမှန်ကင်းကျောင်းတိုက် ပဓာနနာယက ပထမအကြိမ်၊ဒုတိယအကြိမ်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တဝိသုဒ္ဓ (ဓမ္မာစရိယ၊ ဝိသိဋ္ဌဒီယဘာဏက)က အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး ဦးဝိမလ(၁၂၆၁-၁၃၂၄) ဟောကြားသော တရားတော် များတွင် ဆဋ္ဌသံဂါယနာတင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းများနှင့် မညီ ညွတ်သော ဟောပြောချက်များ များစွာပါဝင်နေကြောင်း၊ လွဲမှားသော ထိုဟောပြောချက်များကို ဓမ္မ, အဓမ္မ ကွဲပြားသွားအောင် ကြားနာစစ်ဆေး အဆုံးအဖြတ် ပေးနိုင်ရေးအတွက် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ အခန်း(၇) အပိုဒ်(၅၇) အပိုဒ်ခွဲ(င)အရ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ဖြင့် ဖွဲ့စည်းစစ်ဆေး ဆောင်ရွက်ပေးတော်မူပါရန် ၁၃၆၄-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော်(၃)ရက်၊(၂၂-၁၁-၂၀၀၂)ရက်စွဲပါစာဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ တင်ပြလျှောက်ထားခဲ့သည်။

ယင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ၁၃၆၄-ခုနှစ်၊ တပေါင်းလဆန်း ၂-ရက်(၄-၃-၂၀၀၃)နေ့တွင် ကျင်းပသော ပဥ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် အထူးအစည်းအဝေးကဖော်ပြလတ္တံ့ပါအတိုင်း ဆုံးဖြတ်ခဲ့ပေသည်။

## ဆုံးဖြတ်ချက်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး ဦးဝိမလဟောကြားသော တရားတော်များကို ဓမ္မ, အဓမ္မ ကြားနာစစ်ဆေး အဆုံးအဖြတ်ပေးတော်မူပါရန် တင်ပြလာခြင်းကိစ္စနှင့်စပ်လျဉ်း၍ လာမည့်တာဝန်ကျအဖွဲ့ခွဲက ပညာရေးအဖွဲ့ငယ်၏ အကြံပြုချက်အတိုင်း နှစ်ဦးနှစ်ဖက် ခေါ်ယူညှိနှိုင်း ပြေလည်ငြိမ်းအေးစေရေး ဆောင်ရွက်ရန်။

အထက်ပါ ဆုံးဖြတ်ချက်အရ ၁၃၆၅-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅-ရက် (၂၀-၅-၂၀၀၃)နေ့တွင်ကျင်းပသော ပဥ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ (ပထမအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် နဝမအစည်းအဝေးက သက်ဆိုင်ရာပုဂ္ဂိုလ်

များကို ၁၃၆၅-ခုနှစ်၊ နယုန်လပြည့်ကျော် ၅-ရက်(၁၉-၆-၂၀၀၃)နေ့ နေ့လယ် ၂-နာရီအချိန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အစည်းအဝေးခန်းမသို့ ခေါ်ယူ၍ ညှိနှိုင်းပေးရာ စောဒက, စုဒိတကပုဂ္ဂိုလ်များက ဖော်ပြလတ္တံ့ပါအတိုင်း သဘောတူခဲ့ကြပါသည်။

**စောဒကဆရာတော် ဦးဝိသုဒ္ဓ၏ တင်ပြချက်**

မိုးကုတ်ဆရာတော်ကြီး (အဂ္ဂမဟာပဏ္ဍိတ)ဘဒ္ဒန္တဝိမလ ဟောကြားသော တရားတော်များ၌ ထေရဝါဒ ပိဋကတ်တော်နှင့် မညီညွတ်သောအချက်များကို ပြင်ဆင်နိုင်ရေးအတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ဖြင့် ဖွဲ့စည်းစစ်ဆေး ဆောင်ရွက်ပေးခြင်းကို သဘောတူပါသည်။

**စုဒိတက မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ဆရာတော်သုံးပါးတို့၏ တင်ပြချက်**

မိုးကုတ်ဆရာတော်ကြီး (အဂ္ဂမဟာပဏ္ဍိတ)ဘဒ္ဒန္တဝိမလ ဟောကြားသော တရားတော်များ၌ ထေရဝါဒပိဋကတ်တော်နှင့် မညီမညွတ်သောအချက်များကို နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ ပြင်ဆင်ပေးရန် သဘောတူပါသည်။

စောဒက, စုဒိတက နှစ်ဖက်သောဆရာတော်တို့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများရှေ့မှောက်တွင် အထက်ပါအတိုင်း ကိုယ်တိုင်လက်မှတ်ရေးထိုး သဘောတူခဲ့ကြပေသည်။

## နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၂)ကို ဖွဲ့စည်းခြင်း

ယင်းသဘောတူညီချက်ကို ရယူပြီးနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ အခန်း(၇) အပိုဒ်(၅၇) အပိုဒ်ခွဲ(င)နှင့် ဝိနိစ္ဆယလက်စွဲ အခန်း(၁၃) အပိုဒ်(၃၂၂) အပိုဒ်ခွဲ(ခ)တို့အရ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ဖြင့် ဖွဲ့စည်းစစ်ဆေး ဆောင်ရွက်ရန် ၁၃၆၅-ခုနှစ်၊ ဝါဆိုလဆန်း ၉-ရက်(၇-၇-၂၀၀၃)နေ့တွင် ကျင်းပသော ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဌမအစည်းအဝေးက ဆုံးဖြတ်ခဲ့ပေသည်။

ယင်းဆုံးဖြတ်ချက်အရ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၂)ကို ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းနှင့်အညီ ၁၃၆၅-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁-ရက်(၁၇-၁-၂၀၀၄)နေ့တွင် ဖော်ပြလတ္တံ့ပါအတိုင်း ဖွဲ့စည်းပေးတော်မူပေသည်။

## နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ ဖွဲ့စည်းသည့်အမိန့်

ပုံစံ- (၁၉)

### နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
### နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၂)
### ဖွဲ့စည်းခြင်းအမိန့်

[လုပ်ထုံးလုပ်နည်းများအပိုဒ် (၅၇-င)]

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် မန္တလေးတိုင်း၊ အောင်မြေသာစံမြို့နယ်၊ လောကမှန်ကင်းကျောင်းတိုက်၌ သီတင်းသုံးနေထိုင်သော စောဒကဦးဝိသုဒ္ဓနှင့် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ အမှတ်(၈၂) နတ်မောက်လမ်း၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နာယကဆရာတော် ဦးဇနိတပါ (၃)ပါးတို့၏ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီးဟောကြားသော တရားတော်နှင့်ပတ်သက်သည့် အယူဝါဒအပေါ် ဓမ္မ, အဓမ္မ အငြင်းပွားသော ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းကို ဝိနည်းတရားတော် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြားနာစစ်ဆေး အဆုံးအဖြတ်ပေးရန် ဖော်ပြလတ္တံ့ပါ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များပါဝင်သော နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ်(၁၂)ကို ဖွဲ့စည်းလိုက်သည်။

| စဉ် | ဘွဲ့တော် | သက်တော်/သိက္ခာ | ကျောင်း/ကျောင်းတိုက် |
|---|---|---|---|
| ၁။ | ဘဒ္ဒန္တဂန္ဓမာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) | ၇၁/၅၁ | ဖက်ပင်အိုင်စာသင်တိုက် သက်န်းကျွန်းမြို့နယ် ရန်ကုန်တိုင်း။ |
| ၂။ | ဘဒ္ဒန္တခေမိန္ဒသာမိ (အဂ္ဂမဟာပဏ္ဍိတ) | ၆၈/၄၈ | ခြောက်ထပ်ကြီးဘုရားကြီးတိုက် ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။ |
| ၃။ | ဘဒ္ဒန္တသြဘာသာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) | ၆၇/၄၈ | ဆင်မင်းကျောင်း၊ ဘုရားကြီးတိုက် ချမ်းမြသာစည်မြို့နယ် မန္တလေးတိုင်း။ |
| ၄။ | ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ) | ၆၂/၄၂ | မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ် ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။ |

(ဃ) နိဒါန်း


၅။ ဘဒ္ဒန္တသြဒါတသိရီဘိဝံသ ၅၇/၃၇ အဝေရာရာမရန်ကင်းကျောင်း
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) တိုက်၊ မန္တလေးမြို့။

**အရန်ဝိနည်းမိုရ်ဆရာတော်များ**

၆။ ဘဒ္ဒန္တသီဟဗလ ၈၁/၆၂ ထီးလှိုင်ကျောင်း၊ ရမည်းသင်း
(အဂ္ဂမဟာပဏ္ဍိတ) မြို့နယ်၊ မန္တလေးတိုင်း။

၇။ ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသ ၇၇/၅၇ ပေါက်မြိုင်ကျောင်းတိုက်၊
(အဂ္ဂမဟာပဏ္ဍိတ) . မန္တလေးမြို့။

၂။ ဖော်ပြပါ သီးခြားဝိနည်းမိုရ်အဖွဲ့တွင် သင့်လျော်ရာတစ်ပါးကို သဘာပတိအဖြစ် တင်မြှောက်၍ ကျန်ဆရာတော်များက အဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော်မူကြရန်ဖြစ်သည်။



ဘွဲ့တော် - ဘဒ္ဒန္တပညိန္ဒာဘိဝံသ
(အဘိဓဇမဟာရဋ္ဌဂုရု)
ဒုတိယဥက္ကဋ္ဌဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

စာအမှတ်၊ ၇၀၀ / ၀၃၆ / စာမေးပွဲ / မဟာန - ၂၀၀၄။
ရက်စွဲ ၊ ၁၃၆၅-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁-ရက်။
၂၀၀၄-ခုနှစ် ဇန်နဝါရီလ ၁၇-ရက်။

ဖော်ပြပါ ဖွဲ့စည်းမိန့်ဖြင့် ဖွဲ့စည်း၍ အမှုတွဲကိုမပေးအပ်မီ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တပညိန္ဒာဘိဝံသ ဆရာတော်ကြီးက"မိုးကုတ်ဆရာတော်ကြီး၏ တရားတော်များသည် တစ်ပြည်လုံး အတိုင်းအတာဖြင့် ပျံ့နှံ့နေသောကြောင့် ဤမှုခင်းကိစ္စသည် သိမ်မွေ့ပြီး ကျယ်ဝန်းနက်နဲပါကြောင်း၊ ဝိနည်းမိုရ် ဆရာတော်များသည် အချိန်ယူ၍ စေ့စေ့စပ်စပ်ဆောင်ရွက်ပေးဖို့ လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ပေးရန်လည်း မေတ္တာရပ်ခံပါကြောင်း" မိန့်ကြားပြီး ဖွဲ့စည်းမိန့်ကို ဖတ်ကြားကာ အမှုတွဲကို ဝိနည်းမိုရ်ဆရာတော်များအား လွှဲအပ်ပါသည်။

ဝိနည်းမိုရ်ဆရာတော်များသည် ကျောင်းထိုင်နာယကများဖြစ်ကြသည့်အပြင် တာဝန်ကိစ္စ များပြားလှသည်ကတစ်ကြောင်း၊ စေဒကဆရာတော်တင်ပြထား

သော အချက်အလက်(စောဒနာ)များမှာ သုံးရာ(၃၀၀)နီးပါးရှိသည်ကတစ်ကြောင်း၊ တင်ပြထားသော အချက်အလက်အများစုမှာ သိမ်မွေနက်နဲသော အကြောင်းအရာများ ဖြစ်နေသည်ကတစ်ကြောင်းတို့ကြောင့် အချိန်များစွာယူပြီး ဆောင်ရွက်မှသာ ပြီးပြည့်စုံနိုင်မည်ဖြစ်ပါကြောင်း၊ အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း လျှောက်ထားပြီး အမှုတွဲကို လက်ခံကြပါသည်။

## အထူးကြိုးစားဆောင်ရွက်ခဲ့ကြရ

ဝိနည်းဓိုရ်ဆရာတော်များသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်ကြီး၏ လမ်းညွှန်သြဝါဒနှင့်အညီ "မြန်ဖို့ထက် မှန်ဖို့အရေးကြီးသည်" ဟူသောမူကိုချမှတ်ကာ အသီးအသီးတာဝန်ခွဲဝေ၍ မိမိတို့တာဝန်ကျရာ စောဒနာများကို ကျမ်းဂန်များနှင့်တိုက်ဆိုင်စိစစ်ပြီး သုံးသပ်ကြပါသည်။

အသီးအသီးတွေ့ရှိချက်, သုံးသပ်ချက်တို့ကို ငါးပါးစုံညီအစည်းအဝေးထိုင်၍ တိုက်ဆိုင်စိစစ်ကြပြီး တူညီသော ဆုံးဖြတ်ချက်များကို ချမှတ်ကြပါသည်။

စောဒကဆရာတော် တင်ပြသော အချက်အလက် (စောဒနာ)များမှာ ၃၀၀ (သုံးရာ)နီးပါးရှိပါသည်။ ထိုအချက်အလက် သုံးရာနီးပါးတွင် ပါဠိများ၊ အနက်များ၊ ပုဂ္ဂိုလ်များ၊ ဌာနများ၊ ကျမ်းညွှန်းများ၊ အရေအတွက်များတို့ကို စိစစ်ရန်လွယ်ကူသော်လည်း တရားရေးဆိုင်ရာ (သဘောတရားဆိုင်ရာ)စောဒနာများနှင့် ရှေ့နောက်မညီညွတ်သော မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်တို့ကို စိစစ်ရာ၌မူ မလွယ်ကူလှပါပေ။မိုးကုတ်ဆရာတော်ကြီးသည် ပဋိစ္စသမုပ္ပါဒ်၌ လေ့လာမှုများသောကြောင့်-

၁။ ပဋိစ္စသမုပ္ပါဒ်တရားကို တိုက်ရိုက်မဟောသည့် သုတ္တန်များကိုပင် ပဋိစ္စသမုပ္ပါဒ်တရားဟောကြားလေဟန် ဟောကြားထားခြင်း။

၂။ ဝိပဿနာဉာဏ်ဖြစ်ပေါ်စေလိုသော ဆန္ဒအားကြီးလွန်းသောကြောင့် ဒါန, သီလ,သမာဓိတရားတို့ကို နှိမ့်ချသလိုဟောခြင်း။

၃။ တဒင်္ဂနိရောဓကိုပင် နိဗ္ဗာန်အစစ်ဖြစ်လေဟန်ဟောခြင်း။

၄။ သမ္မုတိဒေသနာများကို ပရမတ္ထဒေသနာအဖြစ်သို့ ပြောင်းလွှဲဟောခြင်း။

၅။ နီတတ္ထဒေသနာများကို နေယျတ္ထဒေသနာအသွင်ဖြင့် ဟောခြင်း စသည်ဖြင့် ဟောကြားသော ဟောစဉ်တရားများ။

၆။ သာဝကဉာဏ်အရာမှာ ပါရမီမလို။

၇။ သမာဓိဟာ အလကား။
၈။ ဆုတောင်းခြင်း, အမျှဝေခြင်းသည် အပိုအလုပ်-စသည်ဖြင့် ပညာရှိတို့ လက်မခံနိုင်စရာဟောကြားချက်များလည်း ပါရှိနေရာ ထိုအချက်များကို စိစစ်သုံးသပ်ရာတွင် သတိ, ပညာရှေ့သွားပြုလျက် ကျမ်းဂန်အသီးသီးဖြင့် တိုက်ဆိုင်စိစစ်ရသောကြောင့် မလွယ်ကူလှပါ။

ထို့ပြင် မိုးကုတ်ဆရာတော်ကြီးသည် အကြောင်းအရာ တစ်မျိုးတည်း ကိုပင် တစ်နေရာ၌ တစ်မျိုးဟောပြီး အခြားတစ်နေရာ၌ တစ်မျိုးဟောထား ပြန်သည်။ အလျင် (ရှေးဦးစွာ) ဟောကြားချက်မှားယွင်းသွား၍ နောက်ထပ် အခြား တစ်နေရာ၌အမှန်ပြင်၍ ဟောခြင်းမျိုးလည်းရှိပေသည်။ တစ်နေရာတွင် ပါရမီ မလိုဟု ဟောသော်လည်း အခြားတစ်နေရာတွင် ပါရမီမပါ မဖြစ်လေဟန် ဟောကြားခြင်းမျိုးလည်း ရှိပေသည်။

ထိုသို့ရှေ့နောက်မညီညွတ်သော ဟောကြားချက်တို့ကို စိစစ်ရာဝယ် မိုးကုတ်ဆရာတော်ကြီး၏ ဟောစဉ်တရားစာအုပ် တော်တော်များများကိုလည်း ဖတ်ရှုလေ့လာကြရသဖြင့် များစွာ အချိန်ကုန်ရပါသည်။

## မိုးကုတ်အဖွဲ့ချုပ်၏တာဝန်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး ဟောကြားသော တရားတို့ကို အသံဖမ်းစက် (ရီကော်ဒါ) မှ ကူးယူပြီး မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်မှ ပုံနှိပ်ထုတ်ဝေဖြန့်ချီကြောင်း သိရပေသည်။

ဆရာတော်ကြီး၏ တရားများပျံ့နှံ့စေရန် ဆောင်ရွက်ကြခြင်းဖြစ်၍ ချီးမွမ်း ဖွယ်ဖြစ်သော်လည်း မိမိတို့ထုတ်ဝေသော စာအုပ်များတွင် ဘုရားဟောဒေသနာ များနှင့် ဆန့်ကျင်သောအချက်အလက်များ၊ ပညာရှင်တို့ ကဲ့ရဲ့ပြစ်တင်ဖွယ် အချက်များ မပါအောင် ဆောင်ရွက်နိုင်မှသာလျှင် အပြစ်ကင်းသော ပူဇော်ခြင်း ဖြစ်နိုင်ပေသည်။ မိမိတို့၏ ပေါ့လျော့စွာ ဆောင်ရွက်မှုကြောင့် မိမိတို့ ကြည်ညို လေးစားသည့် ဆရာတော်ကြီး၏ဂုဏ် ထိခိုက်သွားမည်ဆိုလျှင် မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့တွင် တာဝန်မကင်းဖြစ်မည်ကို သတိပြုသင့်ပေသည်။

ယေဘုယျအားဖြင့် ဟောစဉ်တရားများသည် ပြန်လည်တည်းဖြတ်မှုမပြုလျှင် စကားမပြေပြစ်မှုများ စကားထပ်မှုများ၊ အမှားအယွင်းများ မကင်းနိုင်ပေ။ ပညာရှင်များဖြင့် ပြန်လည်စိစစ်တည်းဖြတ်မှသာလျှင် အပြစ်ကင်းနိုင်ပေသည်။

မိုးကုတ်ဆရာတော်ကြီး၏ ဟောတရားစာအုပ်များတွင် ထင်သာ မြင်သာ သိသာသော ပါဠိမှား၊ အနက်ပေးမှား၊ ကာလဌာနပုဂ္ဂိုလ်အမှား၊ ကျမ်းညွှန်းအမှားများကို စောဒကဆရာတော်က တင်ပြထားပေသည်။ အမှန်စင်စစ် ထိုအမှားများသည် သိသာမြင်သာသော အမှားများဖြစ်၍ ပုံနှိပ်ထုတ်ဝေရာတွင် လုံးဝမပါသင့်သော အမှားများဖြစ်ပေသည်။ သဘောတရားရေးရာတွင် မပြင်ဝံ့၍သော်လည်းကောင်း၊ ဉာဏ်မမှီ၍သော်လည်းကောင်း၊ မပြင်ဘဲထားခြင်းကို မည်သူမျှအပြစ်တင်ကြမည် မဟုတ်သော်လည်း ဖော်ပြခဲ့ပြီးသော ပါဠိအမှား၊ အနက်ပေးမှားစသည်များကို မပြင်ဘဲထားခြင်းကား မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၏ တာဝန်သာ ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

## အခြေအနေက ပေးအပ်လာသည့်တာဝန်

ဤမိုးကုတ်ဝိနိစ္ဆယသည် ဖော်ပြပြီးသော ချွတ်ယွင်းချက်၊ အားနည်းချက်များကြောင့် ပေါ်ပေါက်လာခြင်းဖြစ်ပေရာ ဝိနည်းမိုရ်ဆရာတော်များသည် **'အာဂတော ဘာရော အဝဿံ ဝဟိတဗ္ဗော'** ဟူသော မှာတမ်းအရ ပေးအပ်လာသော တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးကို လည်းကောင်း၊ ပဋိပတ္တိသာသနာပြု အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး ဘဒ္ဒန္တဝိမလကိုလည်းကောင်း အကောင်းဆုံးပူဇော်ခြင်းဖြစ်သည်ဟု လေးလေးနက်နက်ခံယူကာ စောဒနာလွှာတစ်ခုချင်းကို အဂတိကင်းစွာ သုံးသပ်ဆုံးဖြတ်ကြမည်ဖြစ်ပါသည်။

## ဝိနည်းမိုရ်ဆရာတော်တို့၏ ရပ်တည်ချက်

နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့အမှတ် (၁၂) ဝင် ဝိနည်းမိုရ် ဆရာတော်တို့သည်-

ဝုတ္တံ အပဟာပေန္တေန အဝုတ္တံ အပကာသေန္တေန ဩတိဏ္ဏာနိ ပဒဗျဉ္ဇနာနိ သာဓုကံ ပရိဂ္ဂဟေတွာ ပရော ပုစ္ဆိတွာ ယထာ ပဋိညာယ ကာရေတဗ္ဗော။ (ပ) ဧဝဥ္စ ပန အနုဝိဇ္ဇကော အနုဝိဇ္ဇမာနော သတ္ထု စေဝ သာသနကရော ဟောတိ၊ ဝိညူနဉ္စ သပြဟ္မစာရီနံ ပိယော စ ဟောတိ မနာပေါစ ဂရုစ ဘာဝနီယော စ-

ဟူသော ပရိဝါပါဠိတော် (ဝိ၊ ၅။ ၂၈၈) လာ အနုယောဂကျင့်ဝတ်တို့ကို တိကျစွာ လိုက်နာလျက် စောဒက စုဒိတကတို့ တင်ပြသော အချက်တို့ကိုသာ ထေရဝါဒ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာစသည်တို့နှင့် ညီ-မညီ စိစစ် သုံးသပ်ကြမည် ဖြစ်ပေသည်။

စောဒကပုဂ္ဂိုလ်မတင်ပြသော အချက်တို့ကို မသုံးသပ်ခြင်း၊ တင်ပြသော အချက်တို့ကို မသုံးသပ်ဘဲ ချန်ထားမှု မပြုခြင်း၊ ဝိနိစ္ဆယသို့ မသက်ဝင် သော အကြောင်းအရာတို့ကို သုံးသပ်မှုမပြုခြြင်းစသည်ဖြင့် အနုဝိဇ္ဇက တို့ လိုက်နာရမည့် ကျင့်ဝတ်တို့ကိုလည်း အထူးနှလုံးသွင်းကာ စိစစ်သုံးသပ်ကြမည်ဖြစ်ပေသည်။

## တည်ငြိမ်လေးနက်စွာဆုံးဖြတ်

စောဒကဆရာတော်က ထေရဝါဒပိဋကတ်တော်နှင့် မညီညွတ်ဟု ယူဆသော မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်တို့ကို ထုတ်နုတ်တင်ပြကာ ဓမ္မ+အဓမ္မ စိစစ်ဆုံးဖြတ်ပေးရန်နှင့် အချို့အချက်အလက်များကို အဓမ္မဝါဒ ဟုလည်းကောင်း၊ ထိုအဓမ္မဝါဒကို လက်ခံယုံကြည်သူများကို အဓမ္မဝါဒီဟု လည်းကောင်း ဆုံးဖြတ်ပေးပါရန် တောင်းဆိုထားပေသည်။

ဝိနည်းမိုရ်ဆရာတော်တို့သည် စောဒကဆရာတော်တင်ပြသည့် စောဒနာ တို့ကို လေးလေးနက်နက် စိစစ်သုံးသပ်၍ ထေရဝါဒပိဋကတ် ကျမ်းဂန်များနှင့် မညီညွတ်သော ဟောကြားချက်တို့ကို မိုးကုတ်ဆရာတော်ကြီး၏ ဟောစဉ်တရား စာအုပ်များမှလည်းကောင်း၊ အသံသွင်းတရား တိတ်ခွေများမှ လည်းကောင်း ဖြုတ်ပယ်ရန် ပယ်ဖျက်ရန် အတိအကျ ညွှန်ပြဆုံးဖြတ်ခြင်းဖြင့် ဗုဒ္ဓသာသနာတော် ၏ အန္တရာယ်ကို တည်ငြိမ်လေးနက် ဣန္ဒြေရှိစွာဖြင့် ကာကွယ်ပေးထားပါသည်။

ထို့အတူ ပြင်ဆင်သင့် ဖြုတ်ပယ်သင့် ဖြည့်စွက်သင့်သော အချက်အလက် (ဟောကြားချက်) များကို ပြင်ဆင်/ဖြုတ်ပယ်/ဖြည့်စွက်ရန် ညွှန်ပြပြီး အချို့အချက်အလက်များကို အကောင်းဆုံးဖြစ်အောင် ဖြည့်စွက်ပြင်ဆင်ပေးခြင်း ဖြင့်လည်း မိုးကုတ်ဆရာတော်ကြီး၏ ဂုဏ်ကျက်သရေကို ထိန်းသိမ်း ကာကွယ် ပေးထားပါသည်။

များစွာ အပင်ပန်းခံ၍ အချိန်ယူပြီး စိစစ်သုံးသပ် ဆုံးဖြတ်ခဲ့သော ဤမိုးကုတ် ဝိနိစ္ဆယသည် ဗုဒ္ဓမြတ်စွာသာသနာတော် စင်ကြယ်သန့်ရှင်းရေး အတွက် တစ်ခန်းတစ်ကဏ္ဍမှ အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ယူဆပါသည်။

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၂)
# မိုးကုတ်ဝိနိစ္ဆယကထာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**ပဏာမာဒိကထာ**

၁။ ဂမ္ဘီရဒုဗ္ဗောဓသုသစ္စဒေသကံ၊
မောဟန္ဓဝိဒ္ဓံ သကဉာဏဒီပကံ။
ဓီရာနုဉ္ဉာဏက္ခိပတီတဂေါစရံ၊
ဝန္ဒာမ ဗုဒ္ဓံ သုပသန္နစေတသာ။

(ဣန္ဒဝံသဂါထာ)

၂။ ဓမ္မဉ္စ သမ္ဗုဒ္ဓနိသေဝိတံ ဂဏံ၊
ယာဝဇ္ဇကာလာ ဇိနစက္ကဋ္ဌာပကံ။
သီလာဒိအဂ္ဂဂ္ဂုဏေဟိ သံယုတံ၊
ဝန္ဒာမ သက္ကစ္စ နိဝါတဂါရဝါ။

(ဣန္ဒဝံသဂါထာ)

၃။ မိုးကုတ်ဆရာတော်တိ သုပါကဋဿ ယံ၊
ဝါဒေ ဝိရုဒ္ဓံ ခလိတံ အပ္ပုရကံ ။
ဂန္ထေဟိ သံသန္ဒိယ နိစ္ဆယံ သုဘံ၊
ကဿာမ နာဂမ္ဗဂတိံ ယထာရုတံ။

(ဣန္ဒဝံသဂါထာ)

၄။ ပတ္တာပိ ကာယဿ မနဿ ခေဒံ၊
သလ္လီနစိတ္တမ္ပိ အပါပုဏိတွာ။
ဒဠှာနိ ပညာသတိဝီရိယာနိ၊
ကတွာ ဝိနိစ္ဆေမ ဝိဒူပသတ္ထံ။

(ဣန္ဒဝဇိရာဂါထာ)

၅။ နာနာတ္ထဂန္ထေဟိ သုသာရမာဒိယ၊
သမ္ဗုဒ္ဓစက္ကဿ မလံ ဝိသောဓကော။

ဝိညျူနစိတ္တာသ သုတော သဂော အယံ၊
ကာလံ စိရံ ဌာတု သုမင်္ဂဒဿယံ။

(ကင်္ခါဝိတရဏီ ဂါထာ)

၁။ **ဂမ္ဘီရဒုဒ္ဒသမသုသစ္စဒေသကံ**၊ ခက်ခဲနက်နဲ သိနိုင်ခဲ၍ လွန်ကဲဖိုးတန် အမှန်ထူးခြား ကောင်းမြတ်သော သစ္စာတရားကို ပိုင်းခြားသတ်မှတ် ဟောပြတော်မူပေတတ်ထသော။ **မောဟန္ဓဝိဒ္ဓံသကဉာဏဒီပကံ**၊ မောဟအမိုက်အမှောင် အပြောင်ပယ်ရှင်း ဉာဏ်အလင်းကို လက်ငင်းကျန ရရှိတော်မူပေထသော။ **ဓီရာနံ**၊ အသိအလိမ္မာ ဉာဏ်ပညာနှင့် သဒ္ဓါရင့်ညောင်း ပညာရှိသူတော်ကောင်းတို့၏၊ **ဉာဏက္ခိပတီတဂေါစရံ**၊ ကြည်ညိုမဝ ဖူးမဝသဖြင့် ဦးချခါခါ ပညာမျက်စိတို့၏ ကျရောက်ကျက်စားရာလည်း ဖြစ်တော်မူပေထသော။ **ဗုဒ္ဓံ**၊ အသိထူး- ဉာဏ်ထူး ပါရမီထူးကြောင့် အမျိုးဥက္ကဋ္ဌ နတ်ထက်နတ်ဟု လွှမ်းပတ်ဒိသာ ဖြဟ္မာတိုင်ရောက် ပေါက်မြောက်ထင်ရှား ရှင်တော်ဘုရားကို။ **သုပသန္နစေတသာ**၊ ဗုဒ္ဓဉာဏ်စွမ်း အခန်းခန်းကို မြော်မှန်းဆင်ခြင် အလွန်ကြည်လင်သော စိတ်အစဉ်ဖြင့်။ **မယံ**၊ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်ဖြစ်ကြသော တပည့်တော်တို့သည်။ **ဝန္ဒာမ**၊ ထူးမြတ်ဂုဏ်အင် ရှုဆင်ခြင်လျက် ထိပ်တွင် လက်မိုး ဦးနှိမ်ကျိုး၍ ရှိခိုးကန်တော့ကြပါကုန်၏။

၂။ **စ**၊ သည်သာမကသေး။ **သမ္ဗုဒ္ဓနိသေဝိတံ**၊ သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်တို့ အစဉ်လေးမြတ် မှီဝဲအပ်သော။ **ဓမ္မဥ္စ**၊ ပိဋကသုံးသွယ် နိကာယ်ငါးရပ် ပရိယတ်နှင့် အမြတ်ထင်ရှား လောကုတ္တရာတရားကိုလည်းကောင်း။ **ယာဝဇ္ဇကာလာ**၊ အတုမရှိ စောမုနိ၏ ပရိနိဗ္ဗာန် ဝင်စံသည်မှ ယနေ့ကျအောင်။ **ဇိနစက္ကဌာပကံ**၊ ဗုဒ္ဓဓမ္မ မကွယ်ရအောင် နေ့ညကြိုးစား သင်ကြားပို့ချ ကြိုးလုံ့လလျက် ဓမ္မအလင်းရောင် စိုက်ထောင်ညွှန်ပြသယ်ဆောင်တော်မူခဲ့ကြပေသော။ **သီလာဒိအဂ္ဂဂုဏောဟိ**၊ သီလ, သမာ, ပညာ, ဝိမုတ္တိ စရှိလုံးစုံ အမြတ်စားဂုဏ်တို့နှင့်။ **သံယုတံ**၊ ကောင်းစွာမသွေ ပြည့်စုံပေထသော။ **ဂဏံ စ**၊ ရှစ်ပါးအရိယာမြတ် သံဃာနှင့်ခုခါလက်ရှိ သမ္မုတိသံဃာ အမြတ်ရတနာကိုလည်းကောင်း။ **နိဝါတဂါရဝါ**၊ ရိုသေလေးစား ညွှတ်တွားကြကုန်လျက်။ **သက္ကစ္စံ**၊ ဂုဏ်တော်အလီလီ ယုံကြည်ထုံမွှမ်း ဝမ်းမြောက် ရိုသေစွာ။ **ဝန္ဒာမ**၊ ပန်းကြာမုံခက် ဆယ်ချောင်းလက်ကို ထိပ်ထက်တင်မိုး ရှိခိုး ကြပါကုန်၏။

၃။ **ဝန္ဒိတွာ**၊ ရတနာသုံးစုံ ပန်းကြာရုံကို စိမ့်ထုံဖြန့်မိုး ရှိခိုးကြကုန်ပြီး၍။ မိုးကုတ်ဆရာတော်တိသုပါကင္ဒသ၊ မိုးကုတ်ဆရာတော်ဟု ထင်ပေါ်ကျော်ကြား အဂ္ဂမဟာပဏ္ဍိတဆရာတော်ဘုရား၏။ **ဝါဒေ**၊ မိုးကုတ်အဖွဲ့ချုပ် ရိုက်ထုတ်ဖြန့်ဝေ အုပ်ရေလေးဆယ့်ငါး ဟောစဉ်တရား၌။ **ယံ ဝစနံ**၊ အကြင်ဟောပြောချက်တရားသည်။ **ဝိရုဒ္ဓံ စ**၊ ထေရဝါဒ ပိဋကကျမ်းလာ အဖြာဖြာနှင့် ဖီလာဆန့်ကျင်နေသည် လည်းကောင်း။ **ခလိတံ စ**၊ ပါဠိပဒ နက်အတ္ထနှင့် ကာလ, ဒေသ ပုဂ္ဂလ စသည် သွေဖည်ယွင်းပျက် မှားယွင်းချက်သည်လည်းကောင်း။ **အပူရကံ စ**၊ နှလုံးဒွိဟ သံသယပွားစရာ မပြည့်စုံသော အခြင်းအရာသည် လည်းကောင်း။ **ဟောတိ**၊ ဖြစ်နေ,ရှိနေပါပေ၏။ **တံ အတ္ထံ**၊ လုံးဝမှားယွင်း ချွတ်ယွင်းခြင်းနှင့် စကားကြွင်းကျန် ဖြည့်ရန်လိုအပ် ထိုအရပ်ရပ်ကို။ **ဂန္ထေဟိ**၊ ထေရဝါဒကျမ်းဂန် အတန်တန်တို့နှင့်။ **သံသန္ဒိယ**၊ ပိုခြင်းလိုခြင်း ချွတ်ချော်ခြင်းနှင့် ယိုယွင်းမှုကင်း လွန်သန့်ရှင်းအောင် ချင်းချင်းတိုက်ဆိုင် ယှဉ်ပြိုင်သုံးသပ်ကြကုန်လျက်။ **အဂတိ**၊ ဆန္ဒ,ဒေါသ,ဘယ, မောဟာ လေးဖြာသော အဂတိသို့။ **အနာဂမ္မ**၊ မလိုက်မပါကြကုန်ဘဲ။ **ယထာရူတံ**၊ ဘုရားဟောဖော်ပိဋကတ်တော်လာ ရှိတိုင်းသာလျှင်။ **သုဘံ နိစ္ဆယံ**၊ အကိုး သာဓက အယူအဆတို့ ကျနတိမတ် ကောင်းမြတ်သော အဆုံးအဖြတ်ကို။ **ကဿာမ**၊ ပဏ္ဍိတ်, ကဝိ ပညာရှိတို့ ပီတိရွှန်းဝေ နှစ်သက်စေအောင် စိတ်နေလှပ ပြုလုပ်ကြပါကုန်အံ့။

၄။ မယံ၊နိုင်ငံတော်သီးခြားဝိနည်းမှုခိုရုံဖြစ်ကုန်သောအကျွန်ုပ်တို့သည်။ **ကာယဿ မနဿ ခေဒံ**၊ သုံးရာနီးပါး စောဒနာများကို များပြားကျမ်းဂန် အတန်တန်နှင့် ဝေဖန်နှိုင်းဆ စိစစ်ရသဖြင့် နွမ်းလျထန်ခြင်း ကိုယ်စိတ်ပင်ပန်းခြင်းသို့။ ပတ္တာပိ၊ ရောက်ကြရပါကုန်သော်လည်း။ **သလ္လီနစိတ္တာ**၊ အလုပ်အင်အား မဝင်စားဘဲ လွင့်ပါးဆုတ်နစ် လျော့ကျသောစိတ်ရှိသူအဖြစ်သို့။ **အပါပုဏိတွာ**၊ နည်းနည်းလေးမျှ မရောက်ကြကုန်ဘဲ။ **ပညာသတိဝီရိယာနိ**၊ ချိန်ကောင်းပမာ ထူးမြတ်စွာသည့် ပညာ, သတိ, သမာဓိနှင့် ဝီရိယ, သဒ္ဓါ ငါးဖြာထင်ရှား ဗိုလ်တရားတို့ကို။ **ဒဠှာနိ ကတွာ**၊ သာသနာ့အရေး ငါ့အရေးဟု အားပေးချီးပ မြဲမြံစွာ ပြုကြကုန်လျက်။ **ဝိဒူပသတ္ထံ**၊ အမှားအမှန် ဝေဖန်နှိုင်းညှိ ကဝိသခင် ပညာရှင်တို့ အစဉ်လေးမြတ် စံထားအပ်သော (ဝါ) စံထားထိုက်အောင်။ **ဝိနိစ္ဆယံ**၊ ဗိုလ်ကြီးငါးပါး ရှေ့ဆောင်ထားလျက် ကြိုးစားသုံးသပ် ဆုံးဖြတ်ကြပေကုန်အံ့။

၅။ **နာနာတ္တဂန္ထေဟိ၊** ပါဠိ,အဋ္ဌကထာ ဋီကာ,ဂဏ္ဌိစရှိဖုံဖုံ ကျမ်းဂန်**အမျိုးစုံတို့မှ။ သုသာရံ၊** ပြည့်တန်ပတ္တမြားကဲ့အလားသို့ ထူးခြားကျစ်လစ် ကောင်းမြတ်သော အဆီအနှစ်ကို။ **အာဒိယ၊** သတိ,ပညာ ရှေ့ထားကာဖြင့် ကောင်းစွာကြည်ဖြူ ရယူကြကုန်လျက်။ **ကတော၊** စိစစ်သုံးသပ် ဆုံးဖြတ်အပ်သော။ **သမ္ဗုဒ္ဓစက္ကာဿ မလံ ဝိသောဓကော၊** သာသနာ့ညစ်ကြေး ရန်အလေးကို ပယ်ဆေးသုတ်သင် ခုတ်ထွင်ရှင်းလင်းနိုင်ပေသော။ **အယံ၊** မိုးကုတ်ဝိနိစ္ဆယ နာမသတ်မှတ် ဤအဆုံးအဖြတ်သည်။ **ဝိညူနံ၊** အမှန်တရား လိုလားခံမင် ပညာရှင်တို့၏။ **စိတ္တာဿ၊** စိတ်ကို။ **သုတောသကော၊** ကောင်းစွာနှစ်သက်စေနိုင်သည်ဖြစ်၍။ **သုမဂ္ဂဒဿယံ၊** ဓမ္မလမ်းကြောင်း မတိမ်းစောင်းဘဲ လမ်းကောင်းလမ်းမှန် တရားမှန်ကို ဧကန်ကျန လမ်းညွှန်ပြလျက်။ **စိရံကာလံ၊** ဗုဒ္ဓသာသနာ ရောင်ဝါ နေဝန်း တည်ထွန်းသမျှ ကာလပတ်လုံး။ **ဌာတု၊** မယိမ်းမယိုင် တောင်မဏ္ဍိုင်သို့ ခိုင်ခိုင်ခံ့ခံ့ တည်တံ့ပါ စေသတည်း။

# မိုးကုတ်ဝိနိစ္ဆယ

## မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | နိဒါန်း | | (က) |
| ၂။ | ပဏ္ဍာမာဒိကထာ | | ( ဈ) |
| ၃။ | အမှတ် (၁) | စာဒနာစိစစ်ချက် | ၁ |
| ၄။ | အမှတ် (၂) | ။ | ၃၅ |
| ၅။ | အမှတ် (၃) | ။ | ၄၀ |
| ၆။ | အမှတ် (၄) | ။ | ၄၉ |
| ၇။ | အမှတ် (၅) | ။ | ၅၇ |
| ၈။ | အမှတ် (၆) | ။ | ၆၆ |
| ၉။ | အမှတ် (၇) | ။ | ၇၁ |
| ၁၀။ | အမှတ် (၈) | ။ | ၈၆ |
| ၁၁။ | အမှတ် (၉/၁) | ။ | ၁၀၀ |
| ၁၂။ | အမှတ် (၉/၂) | ။ | ၁၀၆ |
| ၁၃။ | အမှတ် (၉/၃) | ။ | ၁၀၈ |
| ၁၄။ | အမှတ် (၉/၄) | ။ | ၁၁၁ |
| ၁၅။ | အမှတ် (၁၀) | ။ | ၁၁၅ |
| ၁၆။ | အမှတ် (၁၁) | ။ | ၁၂၇ |
| ၁၇။ | အမှတ် (၁၂) | ။ | ၁၃၇ |
| ၁၈။ | အမှတ် (၁၃/၁) | ။ | ၁၄၅ |
| ၁၉။ | အမှတ် (၁၃/၂) | ။ | ၁၄၇ |
| ၂၀။ | အမှတ် (၁၃/၃) | ။ | ၁၄၇ |
| ၂၁။ | အမှတ် (၁၃/၄) | ။ | ၁၄၇ |
| ၂၂။ | အမှတ် (၁၃/၅) | ။ | ၁၄၈ |
| ၂၃။ | အမှတ် (၁၃/၆) | ။ | ၁၄၉ |
| ၂၄။ | အမှတ် (၁၃/၇) | ။ | ၁၅၃ |
| ၂၅။ | အမှတ် (၁၃/၈) | ။ | ၁၅၃ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၆။ | အမှတ် (၁၃/၉) | စောဒနာစိစစ်ချက် | ၁၅၄ |
| ၂၇။ | အမှတ် (၁၃/၁၀) | ။ | ၁၅၇ |
| ၂၈။ | အမှတ် (၁၃/၁၁) | ။ | ၁၅၇ |
| ၂၉။ | အမှတ် (၁၃/၁၂) | ။ | ၁၅၈ |
| ၃၀။ | အမှတ် (၁၃/၁၃) | ။ | ၁၅၈ |
| ၃၁။ | အမှတ် (၁၃/၁၄) | ။ | ၁၆၆ |
| ၃၂။ | အမှတ် (၁၃/၁၅) | ။ | ၁၆၆ |
| ၃၃။ | အမှတ် (၁၃/၁၆) | ။ | ၁၆၇ |
| ၃၄။ | အမှတ် (၁၃/၁၇) | ။ | ၁၆၈ |
| ၃၅။ | အမှတ် (၁၃/၁၈) | ။ | ၁၇၀ |
| ၃၆။ | အမှတ် (၁၃/၁၉) | ။ | ၁၇၁ |
| ၃၇။ | အမှတ် (၁၃/၂၀) | ။ | ၁၇၁ |
| ၃၈။ | အမှတ် (၁၃/၂၁) | ။ | ၁၇၂ |
| ၃၉။ | အမှတ် (၁၃/၂၂) | ။ | ၁၇၃ |
| ၄၀။ | အမှတ် (၁၃/၂၃) | ။ | ၁၇၃ |
| ၄၁။ | အမှတ် (၁၃/၂၄) | ။ | ၁၇၈ |
| ၄၂။ | အမှတ် (၁၃/၂၅) | ။ | ၁၈၀ |
| ၄၃။ | အမှတ် (၁၃/၂၆) | ။ | ၁၈၀ |
| ၄၄။ | အမှတ် (၁၃/၂၇) | ။ | ၁၈၁ |
| ၄၅။ | အမှတ် (၁၃/၂၈) | ။ | ၁၈၂ |
| ၄၆။ | အမှတ် (၁၃/၂၉) | ။ | ၁၈၃ |
| ၄၇။ | အမှတ် (၁၃/၃၀) | ။ | ၁၈၆ |
| ၄၈။ | အမှတ် (၁၃/၃၁) | ။ | ၁၈၈ |
| ၄၉။ | အမှတ် (၁၃/၃၂) | ။ | ၁၈၉ |
| ၅၀။ | အမှတ် (၁၃/၃၃) | ။ | ၁၉၃ |
| ၅၁။ | အမှတ် (၁၃/၃၄) | ။ | ၁၉၃ |
| ၅၂။ | အမှတ် (၁၃/၃၅) | ။ | ၁၉၄ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၅၃။ | အမှတ် (၁၃/၃၆) | စောဒနာစိစစ်ချက် | ၁၉၄ |
| ၅၄။ | အမှတ် (၁၃/၃၇) | ။ | ၁၉၆ |
| ၅၅။ | အမှတ် (၁၃/၃၈) | ။ | ၁၉၈ |
| ၅၆။ | အမှတ် (၁၃/၃၉) | ။ | ၁၉၈ |
| ၅၇။ | အမှတ် (၁၃/၄၀) | ။ | ၂၀၀ |
| ၅၈။ | အမှတ် (၁၃/၄၁) | ။ | ၂၀၀ |
| ၅၉။ | အမှတ် (၁၃/၄၂) | ။ | ၂၀၀ |
| ၆၀။ | အမှတ် (၁၃/၄၃) | ။ | ၂၀၂ |
| ၆၁။ | အမှတ် (၁၃/၄၄) | ။ | ၂၀၃ |
| ၆၂။ | အမှတ် (၁၃/၄၅) | ။ | ၂၀၄ |
| ၆၃။ | အမှတ် (၁၃/၄၆) | ။ | ၂၀၄ |
| ၆၄။ | အမှတ် (၁၃/၄၇) | ။ | ၂၀၇ |
| ၆၅။ | အမှတ် (၁၃/၄၈) | ။ | ၂၀၉ |
| ၆၆။ | အမှတ် (၁၃/၄၉) | ။ | ၂၁၀ |
| ၆၇။ | အမှတ် (၁၃/၅၀) | ။ | ၂၁၂ |
| ၆၈။ | အမှတ် (၁၃/၅၁) | ။ | ၂၁၂ |
| ၆၉။ | အမှတ် (၁၃/၅၂) | ။ | ၂၁၃ |
| ၇၀။ | အမှတ် (၁၃/၅၃) | ။ | ၂၁၄ |
| ၇၁။ | အမှတ် (၁၃/၅၄) | ။ | ၂၁၇ |
| ၇၂။ | အမှတ် (၁၃/၅၅) | ။ | ၂၁၇ |
| ၇၃။ | အမှတ် (၁၃/၅၆) | ။ | ၂၁၉ |
| ၇၄။ | အမှတ် (၁၃/၅၇) | ။ | ၂၂၀ |
| ၇၅။ | အမှတ် (၁၃/၅၈) | ။ | ၂၂၀ |
| ၇၆။ | အမှတ် (၁၃/၅၉) | ။ | ၂၂၁ |
| ၇၇။ | အမှတ် (၁၃/၆၀) | ။ | ၂၂၂ |
| ၇၈။ | အမှတ် (၁၃/၆၁) | ။ | ၂၂၃ |
| ၇၉။ | အမှတ် (၁၃/၆၂) | ။ | ၂၂၃ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၈၀။ | အမှတ် (၁၃/၆၃) | စောဒနာစိစစ်ချက် | ၂၂၄ |
| ၈၀။ | အမှတ် (၁၃/၆၄) | ။ | ၂၂၇ |
| ၈၁။ | အမှတ် (၁၃/၆၅) | ။ | ၂၂၇ |
| ၈၂။ | အမှတ် (၁၃/၆၆) | ။ | ၂၂၈ |
| ၈၃။ | အမှတ် (၁၃/၆၇) | ။ | ၂၂၉ |
| ၈၄။ | အမှတ် (၁၃/၆၈) | ။ | ၂၃၀ |
| ၈၅။ | အမှတ် (၁၃/၆၉) | ။ | ၂၃၁ |
| ၈၆။ | အမှတ် (၁၃/၇၀) | ။ | ၂၃၃ |
| ၈၇။ | အမှတ် (၁၃/၇၁) | ။ | ၂၃၄ |
| ၈၈။ | အမှတ် (၁၃/၇၂) | ။ | ၂၃၄ |
| ၈၉။ | အမှတ် (၁၃/၇၃) | ။ | ၂၃၅ |
| ၉၀။ | အမှတ် (၁၃/၇၄) | ။ | ၂၃၆ |
| ၉၁။ | အမှတ် (၁၃/၇၅) | ။ | ၂၃၆ |
| ၉၂။ | အမှတ် (၁၃/၇၆) | ။ | ၂၃၆ |
| ၉၃။ | အမှယ် (၁၃/၇၇) | ။ | ၂၄၁ |
| ၉၄။ | အမှတ် (၁၃/၇၈) | ။ | ၂၄၁ |
| ၉၅။ | အမှတ် (၁၃/၇၉) | ။ | ၂၄၂ |
| ၉၆။ | အမှတ် (၁၃/၈၀) | ။ | ၂၄၃ |
| ၉၇။ | အမှတ် (၁၃/၈၁) | ။ | ၂၄၃ |
| ၉၈။ | အမှတ် (၁၃/၈၂) | ။ | ၂၄၃ |
| ၉၉။ | အမှတ် (၁၃/၈၃) | ။ | ၂၄၆ |
| ၁၀၀။ | အမှတ် (၁၃/၈၄) | ။ | ၂၄၈ |
| ၁၀၁။ | အမှတ် (၁၃/၈၅) | ။ | ၂၄၉ |
| ၁၀၂။ | အမှတ် (၁၃/၈၆) | ။ | ၂၅၁ |
| ၁၀၃။ | အမှတ် (၁၃/၈၇) | ။ | ၂၅၁ |
| ၁၀၄။ | အမှတ် (၁၃/၈၈) | ။ | ၂၅၁ |
| ၁၀၅။ | အမှတ် (၁၃/၈၉) | ။ | ၂၅၂ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၀၆။ | အမှတ် (၁၃/၉၀) | ဝေဒနာစိစစ်ချက် | ၂၅၃ |
| ၁၀၇။ | အမှတ် (၁၃/၉၁) | ။ | ၂၅၄ |
| ၁၀၈။ | အမှတ် (၁၃/၉၂) | ။ | ၂၅၆ |
| ၁၀၉။ | အမှတ် (၁၃/၉၃) | ။ | ၂၅၈ |
| ၁၁၀။ | အမှတ် (၁၃/၉၄) | ။ | ၂၅၈ |
| ၁၁၁။ | အမှတ် (၁၃/၉၅) | ။ | ၂၅၉ |
| ၁၁၂။ | အမှတ် (၁၃/၉၆) | ။ | ၂၆၂ |
| ၁၁၃။ | အမှတ် (၁၃/၉၇) | ။ | ၂၆၃ |
| ၁၁၄။ | အမှတ် (၁၃/၉၈) | ။ | ၂၆၈ |
| ၁၁၅။ | အမှတ် (၁၃/၉၉) | ။ | ၂၆၉ |
| ၁၁၆။ | အမှတ် (၁၃/၁၀၀) | ။ | ၂၇၀ |
| ၁၁၇။ | အမှတ် (၁၃/၁၀၁) | ။ | ၂၇၂ |
| ၁၁၈။ | အမှတ် (၁၃/၁၀၂) | ။ | ၂၇၃ |
| ၁၁၉။ | အမှတ် (၁၃/၁၀၃) | ။ | ၂၇၃ |
| ၁၂၀။ | အမှတ် (၁၃/၁၀၄) | ။ | ၂၇၃ |
| ၁၂၁။ | အမှတ် (၁၃/၁၀၅) | ။ | ၂၇၄ |
| ၁၂၂။ | အမှတ် (၁၃/၁၀၆) | ။ | ၂၇၆ |
| ၁၂၃။ | အမှတ် (၁၃/၁၀၇) | ။ | ၂၇၆ |
| ၁၂၄။ | အမှတ် (၁၃/၁၀၈) | ။ | ၂၇၇ |
| ၁၂၅။ | အမှတ် (၁၃/၁၀၉) | ။ | ၂၇၈ |
| ၁၂၆။ | အမှတ် (၁၃/၁၁၀) | ။ | ၂၇၉ |
| ၁၂၇။ | အမှတ် (၁၃/၁၁၁) | ။ | ၂၇၉ |
| ၁၂၈။ | အမှတ် (၁၃/၁၁၂) | ။ | ၂၈၁ |
| ၁၂၉။ | အမှတ် (၁၃/၁၁၃) | ။ | ၂၈၁ |
| ၁၃၀။ | အမှတ် (၁၃/၁၁၄) | ။ | ၂၈၂ |
| ၁၃၁။ | အမှတ် (၁၃/၁၁၅) | ။ | ၂၈၃ |
| ၁၃၂။ | အမှတ် (၁၃/၁၁၆) | ။ | ၂၈၄ |
| ၁၃၃။ | အမှတ် (၁၃/၁၁၇) | ။ | ၂၈၈ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၃၄။ | အမှတ် (၁၃/၁၁၈) | စောဒနာစိစစ်ချက် | ၂၈၈ |
| ၁၃၅။ | အမှတ် (၁၃/၁၁၉) | ။ | ၂၈၉ |
| ၁၃၆။ | အမှတ် (၁၃/၁၂၀) | ။ | ၂၉၀ |
| ၁၃၇။ | အမှတ် (၁၃/၁၂၁) | ။ | ၂၉၁ |
| ၁၃၈။ | အမှတ် (၁၃/၁၂၂) | ။ | ၂၉၃ |
| ၁၃၉။ | အမှတ် (၁၃/၁၂၃) | ။ | ၂၉၃ |
| ၁၄၀။ | အမှတ် (၁၃/၁၂၄) | ။ | ၂၉၄ |
| ၁၄၁။ | အမှတ် (၁၃/၁၂၅) | ။ | ၂၉၅ |
| ၁၄၂။ | အမှတ် (၁၃/၁၂၆) | ။ | ၂၉၆ |
| ၁၄၃။ | အမှတ် (၁၃/၁၂၇) | ။ | ၂၉၇ |
| ၁၄၄။ | အမှတ် (၁၃/၁၂၈) | ။ | ၂၉၈ |
| ၁၄၅။ | အမှတ် (၁၃/၁၂၉) | ။ | ၂၉၈ |
| ၁၄၆။ | အမှတ် (၁၃/၁၃၀) | ။ | ၂၉၉ |
| ၁၄၇။ | အမှတ် (၁၃/၁၃၁) | ။ | ၃၀၀ |
| ၁၄၈။ | အမှတ် (၁၃/၁၃၂) | ။ | ၃၀၀ |
| ၁၄၉။ | အမှတ် (၁၃/၁၃၃) | ။ | ၃၀၂ |
| ၁၅၀။ | အမှတ် (၁၃/၁၃၄) | ။ | ၃၀၂ |
| ၁၅၁။ | အမှတ် (၁၃/၁၃၅) | ။ | ၃၀၆ |
| ၁၅၂။ | အမှတ် (၁၃/၁၃၆) | ။ | ၃၀၆ |
| ၁၅၃။ | အမှတ် (၁၃/၁၃၇) | ။ | ၃၀၇ |
| ၁၅၄။ | အမှတ် (၁၃/၁၃၈) | ။ | ၃၀၈ |
| ၁၅၅။ | အမှတ် (၁၃/၁၃၉) | ။ | ၃၀၉ |
| ၁၅၆။ | အမှတ် (၁၃/၁၄၀) | ။ | ၃၁၁ |
| ၁၅၇။ | အမှတ် (၁၃/၁၄၁) | ။ | ၃၁၂ |
| ၁၅၈။ | အမှတ် (၁၃/၁၄၂) | ။ | ၃၁၃ |
| ၁၅၉။ | အမှတ် (၁၃/၁၄၃) | ။ | ၃၁၃ |
| ၁၆၀။ | အမှတ် (၁၃/၁၄၄) | ။ | ၃၁၄ |
| ၁၆၁။ | အမှတ် (၁၃/၁၄၅) | ။ | ၃၁၅ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၆၂။ | အမှတ် (၁၃/၁၄၆) | စောဒနာစိစစ်ချက် | ၃၁၆ |
| ၁၆၃။ | အမှတ် (၁၃/၁၄၇) | ။ | ၃၁၇ |
| ၁၆၄။ | အမှတ် (၁၃/၁၄၈) | ။ | ၃၁၇ |
| ၁၆၅။ | အမှတ် (၁၃/၁၄၉) | ။ | ၃၁၉ |
| ၁၆၆။ | အမှတ် (၁၃/၁၅၀) | ။ | ၃၂၀ |
| ၁၆၇။ | အမှတ် (၁၃/၁၅၁) | ။ | ၃၂၁ |
| ၁၆၈။ | အမှတ် (၁၃/၁၅၂) | ။ | ၃၂၂ |
| ၁၆၉။ | အမှတ် (၁၃/၁၅၃) | ။ | ၃၂၂ |
| ၁၇၀။ | အမှတ် (၁၃/၁၅၄) | ။ | ၃၂၂ |
| ၁၇၁။ | အမှတ် (၁၃/၁၅၅) | ။ | ၃၂၃ |
| ၁၇၂။ | အမှတ် (၁၃/၁၅၆) | ။ | ၃၂၄ |
| ၁၇၃။ | အမှတ် (၁၃/၁၅၇) | ။ | ၃၂၅ |
| ၁၇၄။ | အမှတ် (၁၃/၁၅၈) | ။ | ၃၂၇ |
| ၁၇၅။ | အမှတ် (၁၃/၁၅၉) | ။ | ၃၂၇ |
| ၁၇၆။ | အမှတ် (၁၃/၁၆၀) | ။ | ၃၂၉ |
| ၁၇၇။ | အမှတ် (၁၃/၁၆၁) | ။ | ၃၃၀ |
| ၁၇၈။ | အမှတ် (၁၃/၁၆၂) | ။ | ၃၃၁ |
| ၁၇၉။ | အမှတ် (၁၃/၁၆၃) | ။ | ၃၃၂ |
| ၁၈၀။ | အမှတ် (၁၃/၁၆၄) | ။ | ၃၃၄ |
| ၁၈၁။ | အမှတ် (၁၃/၁၆၅) | ။ | ၃၃၅ |
| ၁၈၂။ | အမှတ် (၁၃/၁၆၆) | ။ | ၃၃၇ |
| ၁၈၃။ | အမှတ် (၁၃/၁၆၇) | ။ | ၃၃၈ |
| ၁၈၄။ | အမှတ် (၁၃/၁၆၈) | ။ | ၃၄၁ |
| ၁၈၅။ | အမှတ် (၁၃/၁၆၉) | ။ | ၃၄၂ |
| ၁၈၆။ | အမှတ် (၁၃/၁၇၀) | ။ | ၃၄၂ |
| ၁၈၇။ | အမှတ် (၁၃/၁၇၁) | ။ | ၃၄၄ |
| ၁၈၈။ | အမှတ် (၁၃/၁၇၂) | ။ | ၃၄၄ |
| ၁၈၉။ | အမှတ် (၁၃/၁၇၃) | ။ | ၃၄၆ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၉၀။ | အမှတ် (၁၃/၁၇၄) | စောဒနာစိစစ်ချက် | ၃၄၈ |
| ၁၉၁။ | အမှတ် (၁၃/၁၇၅) | ။ | ၃၄၉ |
| ၁၉၂။ | အမှတ် (၁၃/၁၇၆) | ။ | ၃၄၉ |
| ၁၉၃။ | အမှတ် (၁၃/၁၇၇) | ။ | ၃၄၉ |
| ၁၉၄။ | အမှတ် (၁၃/၁၇၈) | ။ | ၃၅၀ |
| ၁၉၅။ | အမှတ် (၁၃/၁၇၉) | ။ | ၃၅၀ |
| ၁၉၆။ | အမှတ် (၁၃/၁၈၀) | ။ | ၃၅၀ |
| ၁၉၇။ | အမှတ် (၁၃/၁၈၁) | ။ | ၃၅၁ |
| ၁၉၈။ | အမှတ် (၁၃/၁၈၂) | ။ | ၃၅၂ |
| ၁၉၉။ | အမှတ် (၁၃/၁၈၃) | ။ | ၃၅၂ |
| ၂၀၀။ | အမှတ် (၁၃/၁၈၄) | ။ | ၃၅၃ |
| ၂၀၁။ | အမှတ် (၁၃/၁၈၅) | ။ | ၃၅၄ |
| ၂၀၂။ | အမှတ် (၁၃/၁၈၆) | ။ | ၃၅၅ |
| ၂၀၃။ | အမှတ် (၁၃/၁၈၇) | ။ | ၃၅၅ |
| ၂၀၄။ | အမှတ် (၁၃/၁၈၈) | ။ | ၃၅၅ |
| ၂၀၅။ | အမှတ် (၁၃/၁၈၉) | ။ | ၃၅၆ |
| ၂၀၆။ | အမှတ် (၁၃/၁၉၀) | ။ | ၃၅၆ |
| ၂၀၇။ | အမှတ် (၁၃/၁၉၁) | ။ | ၃၅၈ |
| ၂၀၈။ | အမှတ် (၁၃/၁၉၂) | ။ | ၃၆၁ |
| ၂၀၉။ | အမှတ် (၁၃/၁၉၃) | ။ | ၃၆၂ |
| ၂၁၀။ | အမှတ် (၁၃/၁၉၄) | ။ | ၃၆၂ |
| ၂၁၁။ | အမှတ် (၁၃/၁၉၅) | ။ | ၃၆၃ |
| ၂၁၂။ | အမှတ် (၁၃/၁၉၆) | ။ | ၃၆၃ |
| ၂၁၃။ | အမှတ် (၁၃/၁၉၇) | ။ | ၃၆၃ |
| ၂၁၄။ | အမှတ် (၁၃/၁၉၈) | ။ | ၃၆၄ |
| ၂၁၅။ | အမှတ် (၁၃/၁၉၉) | ။ | ၃၆၅ |
| ၂၁၆။ | အမှတ် (၁၃/၂၀၀) | ။ | ၃၆၅ |
| ၂၁၇။ | အမှတ် (၁၃/၂၀၁) | ။ | ၃၆၆ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၁၈။ | အမှတ် (၁၃/၂၀၂) | စောဒနာစိစစ်ချက် | ၃၆၆ |
| ၂၁၉။ | အမှတ် (၁၃/၂၀၃) | ။ | ၃၆၇ |
| ၂၂၀။ | အမှတ် (၁၃/၂၀၄) | ။ | ၃၆၇ |
| ၂၂၁။ | အမှတ် (၁၃/၂၀၅) | ။ | ၃၆၉ |
| ၂၂၂။ | အမှတ် (၁၃/၂၀၆) | ။ | ၃၆၉ |
| ၂၂၃။ | အမှတ် (၁၃/၂၀၇) | ။ | ၃၇၁ |
| ၂၂၄။ | အမှတ် (၁၃/၂၀၈) | ။ | ၃၇၁ |
| ၂၂၅။ | အမှတ် (၁၃/၂၀၉) | ။ | ၃၇၁ |
| ၂၂၆။ | အမှတ် (၁၃/၂၁၀) | ။ | ၃၇၂ |
| ၂၂၇။ | အမှတ် (၁၃/၂၁၁) | ။ | ၃၇၃ |
| ၂၂၈။ | အမှတ် (၁၃/၂၁၂) | ။ | ၃၇၄ |
| ၂၂၉။ | အမှတ် (၁၃/၂၁၃) | ။ | ၃၇၄ |
| ၂၃၀။ | အမှတ် (၁၃/၂၁၄) | ။ | ၃၇၅ |
| ၂၃၁။ | အမှတ် (၁၃/၂၁၅) | ။ | ၃၇၅ |
| ၂၃၂။ | အမှတ် (၁၃/၂၁၆) | ။ | ၃၇၆ |
| ၂၃၃။ | အမှတ် (၁၃/၂၁၇) | ။ | ၃၇၇ |
| ၂၃၄။ | အမှတ် (၁၃/၂၁၈) | ။ | ၃၇၇ |
| ၂၃၅။ | အမှတ် (၁၃/၂၁၉) | ။ | ၃၇၈ |
| ၂၃၆။ | အမှတ် (၁၃/၂၂၀) | ။ | ၃၇၉ |
| ၂၃၇။ | အမှတ် (၁၃/၂၂၁) | ။ | ၃၇၉ |
| ၂၃၈။ | အမှတ် (၁၃/၂၂၂) | ။ | ၃၈၀ |
| ၂၃၉။ | အမှတ် (၁၃/၂၂၃) | ။ | ၃၈၀ |
| ၂၄၀။ | အမှတ် (၁၃/၂၂၄) | ။ | ၃၈၀ |
| ၂၄၁။ | အမှတ် (၁၃/၂၂၅) | ။ | ၃၈၁ |
| ၂၄၂။ | အမှတ် (၁၃/၂၂၆) | ။ | ၃၈၂ |
| ၂၄၃။ | အမှတ် (၁၃/၂၂၇) | ။ | ၃၈၃ |
| ၂၄၄။ | အမှတ် (၁၃/၂၂၈) | ။ | ၃၈၄ |
| ၂၄၅။ | အမှတ် (၁၃/၂၂၉) | ။ | ၃၈၅ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၄၆။ | အမှတ် (၁၃/၂၃၀) | စောဒနာစိစစ်ချက် | ၃၈၇ |
| ၂၄၇။ | အမှတ် (၁၃/၂၃၁) | ။ | ၃၈၈ |
| ၂၄၈။ | အမှတ် (၁၃/၂၃၂) | ။ | ၃၈၉ |
| ၂၄၉။ | အမှတ် (၁၃/၂၃၃) | ။ | ၃၉၀ |
| ၂၅၀။ | အမှတ် (၁၃/၂၃၄) | ။ | ၃၉၀ |
| ၂၅၁။ | အမှတ် (၁၃/၂၃၅) | ။ | ၃၉၁ |
| ၂၅၂။ | အမှတ် (၁၃/၂၃၆) | ။ | ၃၉၂ |
| ၂၅၃။ | အမှတ် (၁၃/၂၃၇) | ။ | ၃၉၃ |
| ၂၅၄။ | အမှတ် (၁၃/၂၃၈) | ။ | ၃၉၅ |
| ၂၅၅။ | အမှတ် (၁၃/၂၃၉) | ။ | ၃၉၆ |
| ၂၅၆။ | အမှတ် (၁၃/၂၄၀) | ။ | ၃၉၇ |
| ၂၅၇။ | အမှတ် (၁၃/၂၄၁) | ။ | ၃၉၈ |
| ၂၅၈။ | အမှတ် (၁၃/၂၄၂) | ။ | ၃၉၉ |
| ၂၅၉။ | အမှတ် (၁၃/၂၄၃) | ။ | ၃၉၉ |
| ၂၆၀။ | အမှတ် (၁၃/၂၄၄) | ။ | ၄၀၁ |
| ၂၆၁။ | အမှတ် (၁၃/၂၄၅) | ။ | ၄၀၂ |
| ၂၆၂။ | အမှတ် (၁၃/၂၄၆) | ။ | ၄၀၃ |
| ၂၆၃။ | အမှတ် (၁၃/၂၄၇) | ။ | ၄၀၄ |
| ၂၆၄။ | အမှတ် (၁၃/၂၄၈) | ။ | ၄၀၅ |
| ၂၆၅။ | အမှတ် (၁၃/၂၄၉) | ။ | ၄၀၇ |
| ၂၆၆။ | အမှတ် (၁၃/၂၅၀) | ။ | ၄၀၇ |
| ၂၆၇။ | အမှတ် (၁၃/၂၅၁) | ။ | ၄၀၈ |
| ၂၆၈။ | အမှတ် (၁၃/၂၅၂) | ။ | ၄၁၀ |
| ၂၆၉။ | အမှတ် (၁၃/၂၅၃) | ။ | ၄၁၁ |
| ၂၇၀။ | အမှတ် (၁၃/၂၅၄) | ။ | ၄၁၂ |
| ၂၇၁။ | အမှတ် (၁၃/၂၅၅) | ။ | ၄၁၃ |
| ၂၇၂။ | အမှတ် (၁၃/၂၅၆) | ။ | ၄၁၃ |
| ၂၇၃။ | အမှတ် (၁၃/၂၅၇) | ။ | ၄၁၄ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၇၄။ | အမှတ် (၁၃/၂၅၈) | စောဒနာစိစစ်ချက် | ၄၁၄ |
| ၂၇၅။ | အမှတ် (၁၃/၂၅၉) | ။ | ၄၁၅ |
| ၂၇၆။ | အမှတ် (၁၃/၂၆၀) | ။ | ၄၁၆ |
| ၂၇၇။ | အမှတ် (၁၃/၂၆၁) | ။ | ၄၁၆ |
| ၂၇၈။ | အမှတ် (၁၃/၂၆၂) | ။ | ၄၁၇ |
| ၂၇၉။ | အမှတ် (၁၃/၂၆၃) | ။ | ၄၁၇ |
| ၂၈၀။ | အမှတ် (၁၃/၂၆၄) | ။ | ၄၁၉ |
| ၂၈၁။ | အမှတ် (၁၃/၂၆၅) | ။ | ၄၂၀ |
| ၂၈၂။ | အမှတ် (၁၃/၂၆၆) | ။ | ၄၂၁ |
| ၂၈၃။ | အမှတ် (၁၃/၂၆၇) | ။ | ၄၂၃ |
| ၂၈၄။ | အမှတ် (၁၃/၂၆၈) | ။ | ၄၂၃ |
| ၂၈၅။ | အမှတ် (၁၃/၂၆၉) | ။ | ၄၂၄ |
| ၂၈၆။ | အမှတ် (၁၃/၂၇၀) | ။ | ၄၂၅ |
| ၂၈၇။ | အမှတ် (၁၃/၂၇၁) | ။ | ၄၂၆ |
| ၂၈၈။ | အမှတ် (၁၃/၂၇၂) | ။ | ၄၂၇ |
| ၂၈၉။ | အမှတ် (၁၃/၂၇၃) | ။ | ၄၂၉ |
| ၂၉၀။ | အမှတ် (၁၃/၂၇၄) | ။ | ၄၃၀ |
| ၂၉၁။ | အမှတ် (၁၃/၂၇၅) | ။ | ၄၃၀ |
| ၂၉၂။ | အမှတ် (၁၃/၂၇၆) | ။ | ၄၃၁ |
| ၂၉၃။ | အမှတ် (၁၃/၂၇၇) | ။ | ၄၃၂ |
| ၂၉၄။ | အမှတ် (၁၃/၂၇၈) | ။ | ၄၃၃ |
| ၂၉၅။ | နိဂုံး | | ၄၃၄ |
| ၂၉၆။ | ဝမ်းမြောက်ဖွယ် | | ၄၃၅ |
| ၂၉၇။ | အထူးတိုက်တွန်းချက် | | ၄၃၅ |
| ၂၉၈။ | ဥယျောဇနကထာ | | ၄၃၇ |
| ၂၉၉။ | တွေ့ကြုံခဲ့လှသောသာသနာတော် | | ၄၃၈ |
| ၃၀၀။ | ဆုံးဖြတ်ချက်ဝိနိစ္ဆယ | | ၄၄၀ |
| ၃၀၁။ | ဝိနည်းဓိုရ်ဆရာတော်ကြီးများ | | ၄၄၁ |
| ၃၀၂။ | ကိုးကားတိုက်ဆိုင်စိစစ်ကြည့်ရှုသောကျမ်းစာများ | | ၄၄၄ |

## အမှတ်(၁)စောဒနာ စိစစ်ချက်

### စောဒကဆရာတော်၏ တင်ပြချက်

ပါရမီစကားလည်း မပြောကြနဲ့။"သာဝကဉာဏ်အရာမှာ ပါရမီမလိုဘူး" လို့ တထစ်ချ မှတ်လိုက်ကြ။

ဒီအချက်ဟာ ပဋ္ဌာနပဒေသပါဠိတော်မှာ အတိအလင်းဟောထားတာရှိတယ်၊ သံသယဖြစ်ဖို့ မလိုဘူး။

ဒုဝေ ဟေတူ ဒုဝေ ပစ္စယာ သာဝကဿ သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါယ။ သာဝကဉာဏ်အရာမှာ အကြောင်းအထောက်အပံ့ နှစ်ချက်ဘဲ လိုတယ်တဲ့။

ပရတော စ ဃောသော သစ္စာနုသန္ဓိ, အဇ္ဈတ္တဉ္စ ယောနိသောမနသိကာရော။ သစ္စာတရားနာကြားမှုနှင့် နှလုံးသွင်းမှန်ကန်မှု၊ ဒီနှစ်ခုဘဲ လိုတယ်လို့ ဆိုလိုရင်းဖြစ်တယ်။

ဒီစကားထဲမှာ ပါရမီမပါဘူး။ ဒီအကြောင်းနှစ်ခု ညီညွတ်ရင် မဂ်ကို ရနိုင် တယ်လို့ဆိုတော့ "ပါရမီမလိုဘူး"ဆိုတဲ့ အဓိပ္ပါယ်ဟာအလိုလိုထင်ရှားပါတယ်။

(၂၀၀၁-ခုနှစ်၊ မတ်လထုတ် ဓမ္မဗျူဟာစာစောင်၊
အတွဲ ၃၉၊ အမှတ် ၁၁၊ နှာ ၄-၅)

သာဝကဆိုတာ အခုရရင် အခုနိဗ္ဗာန်ယူမည့် ပုဂ္ဂိုလ်မှာ "ပါရမီမလိုဘူး" လို့ တထစ်ချမှတ်။

(အမှတ်စဉ် (၁)စာအုပ်၊ နှာ-၂၅၈)

သာဝကမှာ ပါရမီမလိုဘူး။

(အမှတ်စဉ် (၂)စာအုပ်၊ နှာ-၁၉၃)

သာဝကမှာ ပါရမီမလိုဘူးလို့ ပဋ္ဌာနပဒေသမှာ သေသေချာချာ လာတယ်။

(အမှတ်စဉ် (၂)စာအုပ်၊ နှာ-၁၉၃)

ပါရမီနဲ့လာရတာ ဘုရား, ပစ္စေကဗုဒ္ဓါ, လက်ဝဲရံ, လက်ယာရံ, အသီတိ ရှစ်ကျိပ်၊ ဒါပဲ ပါရမီလိုတယ်။

(အမှတ်စဉ် (၁)စာအုပ်၊ နှာ-၂၅၉)

မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလ ဟောကြားထားသော ညွှန်ပြပြီး တရားတော်များသည် ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့နှင့် ဆန့်ကျင်နေသောကြောင့် ဓမ္မ+အဓမ္မ စိစစ်ပေးပါရန် စောဒကဆရာတော် ဦးဝိသုဒ္ဓက တောင်းဆိုထားလေသည်။

## စုဒိတကဆရာတော်တို့၏ ချေပချက်အကျဉ်း

စုဒိတကဆရာတော်တို့ကလည်း-

ဒုဝေ ဟေတူ ဒုဝေ ပစ္စယာ သာဝကဿ သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါယ၊ ပရတော စ ဃောသော သစ္စာနုသန္ဓိ, အဇ္ဈတ္တဉ္စ ယောနိသောမနသိကာရော- ဟူသော ပေဋကောပဒေသပါဠိတော်၌ ပါရမီအကြောင်းမပါပါ။

အဂ္ဂသာဝက, မဟာသာဝကတို့အတွက် ပါရမီဖြည့်ရမည့်ကာလကို အတိအကျ သတ်မှတ်ပြသော်လည်း ပကတိသာဝကတို့အတွက် ပါရမီ ဖြည့်ရမည့်ကာလကို သတ်မှတ်ချက် ပါဠိ, အဋ္ဌကထာ, ဋီကာတို့၌ မတွေ့ရပါ။

မဟာဝဂ္ဂသံယုတ်၊ နှာ-၃၀၂ (ဒုတိယသာရိပုတ္တသုတ်)၌ လာရှိသော သောတာပန်ဖြစ်ကြောင်းတရား (သောတာပတ္တိယင်္ဂတရား) လေးပါးတို့တွင် ပါရမီအကြောင်းမပါပါ။

သီလေ ပတိဋ္ဌာယ နရော သပ္ပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋံ-

ဟူသော မဂ်ရကြောင်းတရားများတွင်လည်း ပါရမီပြည့်ခြင်း (ပါရမီ ဖြည့်ရခြင်း) ဟူသော စကားမပါပါ။

ကမ္မံ ဝိဇ္ဇာ စ ဓမ္မော စ၊ သီလံ ဇီဝိတမုတ္တမံ။
ဧတေန မစ္စာ သုဇ္ဈန္တိ၊ န ဂေါတ္တေန ဓနေန ဝါ။
တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊ သမ္ပဿံ အတ္ထမတ္တနော။
ယောနိသော ဝိစိနေ ဓမ္မံ၊ ဧဝံ တတ္ထ ဝိသုဇ္ဈတိ-

ဟူသော ပါဠိတော်၌ ဝိပဿနာအားထုတ်ခြင်းနှင့် မဂ္ဂင်ရှစ်ပါးနှင့် ပြည့်စုံလျှင် ကိလေသာတို့မှ စင်ကြယ်နိုင်ပါကြောင်း ဟောပါသည်၊ ပါရမီပြည့်/မပြည့် နှင့် ပတ်သက်၍ မပါပါ။

ဖားနတ်သားဝတ္ထု (ဝိမာန၊၇၃)၊ ပီတမလ္လဝတ္ထု (ဒီ၊ဋ၊၂။၃၄၀)၊ မိလက္ခ တိဿဝတ္ထု (အံ၊ဋ၊၁။၂၇)တို့၌ မဂ်ရရန် မည်မျှပါရမီဖြည့်ခဲ့ကြသည်ဟု မပါပါ။

က္ကမသို ခေါ် သုဘဒ္ဒ (ပ) က္ကမေစ္ဆ သုဘဒ္ဒ ဘိက္ခု သမ္မာ ဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿာတိ-

ဟူသောပါဠိတော်အရလည်း ပါရမီစကား လုံးဝမပါပါ။

မဟာသတိပဋ္ဌာနသုတ်နှင့်ယင်းသုတ်အဋ္ဌကထာတို့၌ သတိပဋ္ဌာန်တရား လေးပါးတို့ကို ဟောတော်မူတိုင်းသော ဘာဝနာအစဉ်ဖြင့် ပွားများအား ထုတ်ကြပါမူ အများဆုံး(၇)နှစ် အနည်းဆုံး(၇)ရက်ဖြင့်လည်း ရဟန္တာ (သို့မဟုတ်) အနာဂါမ်များ ဖြစ်နိုင်ကြောင်းကိုသာ တွေ့ရပါသည်။ ပါရမီဖြည့် ရဦးမည်ဟု မတွေ့ရပါ-

စသည်ဖြင့် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဟောကြားချက်များသည် ဘုရားဟောဒေသနာများနှင့် ညီညွတ်ပါကြောင်း ချေပတင်ပြကြလေသည်။

## ဝိနည်းဓိုရ်ဆရာတော်တို့၏ စိစစ်ချက်

ဤအမှတ်(၁)စောဒနာ,သောဓနာတို့၏ ဆိုလိုရင်းမှာ **"ပကတိသာဝကအရာ၌ ပါရမီလို-မလို"** ဟူသော အချက်ဖြစ်ရာ ယင်းအချက်ကို ပါဠိ, အဋ္ဌကထာ, ဋီကာများနှင့် ဂန္ထန္တရကျမ်းစာတို့ကို လေ့လာ၍ စိစစ်သုံးသပ်ကြမည်ဖြစ်ပေသည်။

ပကတိသာဝကတို့အတွက် ပါရမီလို-မလို စိစစ်မည်ဖြစ်ရာ ရှေးဦးစွာ ဗောဓိသတ္တ (အလောင်းအလျာ) သုံးမျိုးတို့၏ သရုပ်ကို လေ့လာသင့်ပေသည်။

## ဗောဓိသတ္တသုံးမျိုး

ဗောဓိသတ္တဟူသည် မဂ်ဉာဏ်လေးပါးကို သိလတ္တံ့သော ပုဂ္ဂိုလ်၊ ပွင့်လတ္တံ့ ကျွတ် လတ္တံ့သော ပုဂ္ဂိုလ်များတည်း။

ထို့ကြောင့်-

ဗောဓိသတ္တောတိ ပဏ္ဍိတသတ္တော ဗုဇ္ဈနကသတ္တော။ ဗောဓိသင်္ခါ တေသု ဝါ စတူသု မဂ္ဂေသု သတ္တော အာသတ္တော လဂ္ဂမာနသောတိ ဗောဓိ-သတ္တော - ဟု ဖွင့်ဆိုလေသည်။ (ဒီ၊ဋ-၂၊၂၁)

ဗောဓိသတ္တောတိ၊ ဗောဓိသတ္တောဟူသည်ကား။ ပဏ္ဍိတသတ္တော၊ ပညာရှိသော ပုဂ္ဂိုလ်တည်း။ ဗုဇ္ဈနကသတ္တော၊ မဂ်ဉာဏ်ကိုသိလတ္တံ့. ပွင့်လတ္တံ့.သော

ပုဂ္ဂိုလ်တည်း။ ဝါ။ တနည်းကား။ ဗောဓိသခ်ါတေသု၊ ဗောဓိဟုဆိုအပ်ကုန်သော။ စတူသု မဂ္ဂေသု၊ သောတာပတ္တိမဂ်စသော လေးပါးကုန်သော မဂ်တို့၌။ သတ္တော အာသတ္တော၊ ငြိကပ်သော။ လဂ္ဂမာနသော၊ ငြိကပ်သောစိတ်ရှိသောပုဂ္ဂိုလ်တည်း။

ဗောဓိဉာဏ် (မဂ်ဉာဏ်လေးပါးတို့ကို) တောင့်တသော ကုသလစ္ဆန္ဒအားကြီးပြင်းထန်သည့် ပုဂ္ဂိုလ်များကို **"ဗောဓိသတ္တ=အလောင်းတော်များ"**ဟုခေါ်သည်။

ထိုဗောဓိသတ္တ (အလောင်းတော်)သည် (၁) သမ္မာသမ္ဗောဓိသတ္တ၊ (၂) ပစ္စေကဗောဓိသတ္တ၊ (၃) သာဝကဗောဓိသတ္တ ဟုသုံးမျိုးရှိသည်။ ထိုတွင်-

(၁) သမ္မာသမ္ဗောဓိဉာဏ် (ဆရာမကူဘဲ မိမိကိုယ်တိုင် သစ္စာလေးပါးကို သိ၍ ဝါသနာနှင့်တကွ ကိလေသာတို့ကို ပယ်စွန့်နိုင်သော သတ္တိထူးရှိသည့် မဂ်ဉာဏ်လေးပါး၊ ခပ်သိမ်းသောတရားတို့ကို အကြွင်းမရှိ သိမြင်နိုင်သော သဗ္ဗညုတဉာဏ်၌) လိုလားတောင့်တသည့် ကုသလစ္ဆန္ဒအားကြီး ပြင်းထန်သူကို **"သမ္မာသမ္ဗောဓိသတ္တ"**ဟု ခေါ်သည်။

(၂) ပစ္စေကဗောဓိဉာဏ် (ဆရာမကူဘဲ မိမိအလိုလို သစ္စာလေးပါးကို သိမြင်သော မဂ်ဉာဏ်လေးပါး)၌ လိုလားတောင့်တသည့် ကုသလစ္ဆန္ဒအားကြီးပြင်းထန်လှသူကို **"ပစ္စေကဗောဓိသတ္တ"**ဟု ခေါ်သည်။

(၃) သာဝကဗောဓိဉာဏ် (ဆရာရှိမှ သစ္စာလေးပါးကို သိသော မဂ်ဉာဏ်လေးပါး) ၌ လိုလားတောင့်တသည့် ကုသလစ္ဆန္ဒအားကြီးပြင်းထန် လှသူကို **"သာဝကဗောဓိသတ္တ"**ဟု ခေါ်သည်။

### ဗောဓိသတ္တတို့နှင့် ပါရမီဖြည့်ရာ ကာလအပိုင်းအခြား

ထိုသုံးပါးတို့တွင်-

(၁) သမ္မာသမ္ဗောဓိသတ္တ (ဘုရားအလောင်း) များသည် အချို့ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း(ပညာဓိကဘုရားအလောင်း)။ အချို့ရှစ်အသင်္ချေနှင့်ကမ္ဘာတစ်သိန်း (သဒ္ဓါဓိကဘုရားအလောင်း)။ အချို့၁၆-အသင်္ချေနှင့်ကမ္ဘာတစ်သိန်း (ဝီရိယာဓိက ဘုရားအလောင်း) တိုင်တိုင် ပါရမီဖြည့်ကြရသည်။

(၂) ပစ္စေကဗောဓိသတ္တ (ပစ္စေကဗုဒ္ဓအလောင်း)တို့သည် နှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီဖြည့်ကြရသည်။

(၃) သာဝကဗောဓိသတ္တ (ဘုရား, ပစ္စေကဗုဒ္ဓါ အလောင်းများမှတစ်ပါး ကျန်အရိယာအလောင်း) တို့သည် (၁) အဂ္ဂသာဝကအလောင်း၊ (၂) မဟာသာဝကအလောင်း၊ (၃) ပကတိသာဝကအလောင်း-ဟု သုံးမျိုးရှိသည်။

ထိုတွင်-

အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့ကဲ့သို့သော အဂ္ဂသာဝက အလောင်းတို့သည် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ အရှင်မဟာကဿပစသည်တို့ကဲ့သို့သော မဟာသာဝကအလောင်း တို့သည် ကမ္ဘာတစ်သိန်း တိုင်တိုင်ပါရမီ ဖြည့်ကြရသည်။

ပဏ္ဍိတသာမဏေ, သောပါကသာမဏေ, အရှင်ဗေလဋ္ဌသီသ စသည်တို့ ကဲ့သို့သော ပကတိသာဝက အလောင်းတို့သည် မည်မျှကြာအောင် ပါရမီ ဖြည့်ကြရမည်ဟု ကာလသတ်မှတ်ချက်မရှိပေ။ ကမ္ဘာပေါင်းများစွာ ဘဝပေါင်းများစွာ ပါရမီဖြည့်ကြရပေသည်။ (ဒီ၊ ဋ္ဌ၊ ၁။ ၂၄၆။ သီ၊ ဋ္ဌီ၊သစ်၊၂။၈၉။မ၊ ဋ္ဌ၊ ၁။ ၃၅။ သံ၊ ဋ္ဌ၊ ၂။ ၄၆၁)

## ပါရမီဟူသည်အဘယ်နည်း

ဤနေရာ၌ ပါရမီ၏ ဆိုလိုရင်းအဓိပ္ပါယ်ကိုလည်း သိသင့်ပေသည်။

(က) ကေနဋ္ဌေန ပါရမီယောတိ ဒါနသီလာဒိဂုဏာ ဝိသေသယောဂေန သတ္တုတ္တမတာယ ပရမာ မဟာသတ္တာ ဗောဓိသတ္တာ၊ တေသံ ဘာဝေါ ကမ္မံ ဝါ ပါရမီ၊ ဒါနာဒိကိရိယာ။ (စရိယာ၊ ဋ္ဌ၊ ၂၆၉)

ကေနဋ္ဌေန၊ အဘယ်သို့သော အနက်သဘောကြောင့်။ ပါရမိယော၊ ပါရမီမည်ကုန်သနည်း။ ဣတိ၊ ဤသည်ကား အမေးတည်း။

ဒါနသီလာဒိဂုဏာ၊ ဒါန, သီလစသောဂုဏ်၌။ ဝိသေသယောဂေန၊ အထူးယှဉ်သဖြင့်။ သတ္တုတ္တမတာယ၊ မြင့်မြတ်သောပုဂ္ဂိုလ်၏ အဖြစ်ကြောင့်။ မဟာသတ္တာ၊မြင့်မြတ်သောသတ္တဝါ(ပုဂ္ဂိုလ်)တို့သည်၊ မဟာသတ္တာ၊ မြင့်မြတ်သော သတ္တဝါ(ပုဂ္ဂိုလ်)ဟု ဆိုအပ်ကုန်သော။ ဗောဓိ သတ္တာ၊ ဗောဓိလောင်းလျာတို့သည် (အရိယာအလောင်း၊ ပစ္စေက ဗုဒ္ဓါအလောင်း၊ ဘုရားအလောင်းတို့သည်)။ ပရမာ၊ ပရမမည်ကုန်၏။ တေသံ၊ ထိုမြင့်မြတ်သော အလောင်းတော်တို့၏။ ဘာဝေါ၊ အဖြစ်သည်။ ဝါ၊ တစ်နည်း။ တေသံ၊ ထိုမြင့်မြတ်သော အလောင်းတော်တို့၏။ ကမ္မံ၊ အလုပ်သည်။ ပါရမီ၊ ပါရမီမည်၏။ ဒါနာဒိကိရိယာ၊ ဒါနစသောအမှု (ကုသိုလ်ကောင်း မှု)တည်း။

ပါရမီဟူသည် မြင့်မြတ်သော ပုဂ္ဂိုလ်တို့၏ အလုပ်ဟုဆိုအပ်သော ဒါန, သီလစသော ကောင်းမြတ်သော အမှုများတည်း။

(ခ) အထ ဝါ ပရတီတိ ပရမော၊ ဒါနာဒိဂုဏာနံ ပူရကော ပါလကော စာတိ ဗောဓိသတ္တော။ ပရမဿ အယံ, ပရမဿ ဝါ ဘာဝေါ, ကမ္မံ ဝါ ပါရမီ။
(စရိယာ၊ ဋ၊ ၂၆၉)

အထ ဝါ၊ တစ်နည်းသော်ကား။ ပရတိ၊ ဖြည့်ဆည်းတတ်၏ (ဝါ) စောင့်ရှောက်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ပရမော၊ ပရမမည်၏။ ဒါနာ ဒိဂုဏာနံ၊ ဒါနစသောဂုဏ်တို့ကို။ ပူရကော၊ ဖြည့်တတ်၏။ပါလကော စ၊ စောင့်လည်း စောင့်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ဗောဓိသတ္တော၊ အလောင်း တော်သည်။ ပရမော၊ ပရမမည်၏။

ပရမဿ၊ ဒါနစသောဂုဏ် (ပါရမီ)တို့ကို ဖြည့်ကျင့်တတ် စောင့်ရှောက် တတ်သော အလောင်းတော်၏။ အယံ၊ ဥစ္စာတည်း။

ဝါ၊ တစ်နည်းကား။ ပရမဿ၊ ဒါနစသောဂုဏ် (ပါရမီ)တို့ကို ဖြည့်ကျင့်တတ် စောင့်ရှောက်တတ်သော အလောင်းတော်မြတ်၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။

ဝါ၊ တစ်နည်း။ ကမ္မံ၊ အလုပ်ကိစ္စတည်း။ ဒါနာဒိကိရိယာ၊ ဒါနစသော အမှု ကိစ္စတည်း။ (ၛင်းအနက်)

ဤအဖွင့်များအရ ဗောဓိသတ္တ(အလောင်းတော်)သုံးမျိုးတို့ ဖြည့်ကျင့်ရ, ဆောင်ရွက်ဆည်းပူးအားထုတ်ရသည့် ဒါနစသော (၁၀)ပါးကို ပါရမီဟု သိရ ပေသည်။

## ပါရမီ (၁၀)ပါး

ထိုမြင့်မြတ်သောပုဂ္ဂိုလ် (ဗောဓိသတ္တ)တို့ ဖြည့်ကျင့်အားထုတ်ရသော ပါရမီသည်-

၁။ ဒါနပါရမီ = စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း။
၂။ သီလပါရမီ = ကိုယ်နှုတ်တို့၌ အပြစ်မဖြစ်ရအောင် ငါးပါးသီလ, ရှစ်ပါးသီလစသည်တို့ကို လုံခြုံစွာ ထိန်းသိမ်း စောင့်ရှောက်ခြင်း။
၃။ နေက္ခမ္မပါရမီ = လူဝတ်ကြောင်ဘဝကိုစွန့်၍ ရသေ့ရဟန်းဘဝဖြင့် သူတော်ကောင်းတရားတို့ကို ကျင့်သုံးအားထုတ်ခြင်း။

၄။ ပညာပါရမီ = အပြစ်ကင်းသော အသိပညာ, အတတ် ပညာတို့ကို လေ့လာဆည်းပူးခြင်း၊ သင်ကြားပို့ချပေးခြင်း။

၅။ ဝီရိယပါရမီ = အပြစ်ကင်းသောအလုပ်, အများချမ်းသာရေး အလုပ်တို့ကို မဆုတ်မနစ်ကြိုးစားအားထုတ်ခြင်း။

၆။ ခန္တီပါရမီ = အချမ်းအပူဒဏ်, ဆင်းရဲပင်ပန်းဒဏ်နှင့် သူတစ်ပါးတို့က ထိပါးနှိပ်စက်လာသည်ကို သည်းခံခြင်း။

၇။ သစ္စပါရမီ = မှန်ကန်ရိုးဖြောင့်စွာ နေထိုင်ကျင့်သုံး ပြောဆိုခြင်း။

၈။ အဓိဋ္ဌာနပါမီ= ကောင်းမြတ်သော အလုပ်တို့ကိုမည်သည့် အနှောက်အယှက်နှင့်တွေ့တွေ့ နောက်မဆုတ်ဘဲ စိတ်ထားခိုင်ကြည်စွာ လုပ်ကိုင်ဆောင်ရွက်ခြင်း။

၉။ မေတ္တာပါရမီ = သတ္တဝါအားလုံးအပေါ်၌ အကျိုးလိုလားသော စိတ်ရှိခြင်း

၁၀။ ဥပေက္ခာပါရမီ = အကောင်းအဆိုး လောကဓံ အမျိုးမျိုးနှင့်တွေ့သော်လည်း တပ်မက်ခြင်း,စိတ်ဆိုးခြင်းမဖြစ်ဘဲ တည်ငြိမ်လေးနက်စွာ နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း-

ဟူ၍ (၁၀)ပါး ရှိလေသည်။

ထို(၁၀)ပါးတို့တွင် တစ်ပါးတစ်ပါး၌-ပါရမီ၊ ဥပပါရမီ၊ ပရမတ္ထပါရမီ ဟု သုံးမျိုးစီရှိရာ ပေါင်းလျှင် အပါးသုံးဆယ် ရှိပေသည်။ ဥပမာ-ဒါနပါရမီ၌-

- ရွှေငွေစသော ပြင်ပဗဟိဒ္ဓပစ္စည်းများကို လှူဒါန်းလျှင် ဒါနပါရမီ၊
- လက်, ခြေ, မျက်စိစသော အင်္ဂါအစိတ်အပိုင်းတို့ကို လှူဒါန်းလျှင် ဒါနဥပပါရမီ-
- အသက်ကို ပေးလှူလျှင် ဒါနပရမတ္ထပါရမီ၊

ဟုသုံးမျိုးရှိပေသည်။ ဤသို့ဖြင့်ပါရမီ (၁၀)ပါး အပြားသုံးဆယ်ဟူ၍ ဖြစ်လာရလေသည်။

## ပါရမီဖြည့်ရမည့်ကာလ

ထိုပါရမီတို့သည် ဗောဓိသတ္တ (အလောင်းအလျာ)တို့၏ အဆင့်အတန်းအလိုက် သတ်မှတ်ထားသော အချိန်ကာလပြည့်ညီမှ ဆိုင်ရာဗောဓိဉာဏ် (ပါရမီဉာဏ်)တို့ကို ရင့်သန်စေနိုင်ပေသည်။

- သဗ္ဗညုဘုရားအလောင်းတို့သည် အနည်းဆုံး လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း တိုင်တိုင် ပါရမီဖြည့်ကြရသည်။
- ပစ္စေကဗုဒ္ဓါ အလောင်းတို့သည် နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း တိုင်တိုင် ပါရမီဖြည့်ကြရသည်။
- လက်ယာရံ, လက်ဝဲရံဟူသော အဂ္ဂသာဝကအလောင်းတို့သည် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ဖြည့်ကြရသည်။
- အရှင်မဟာကဿပစသည်တို့ကဲ့သို့သော မဟာသာဝကတို့မှာ ကမ္ဘာတစ်သိန်းတိုင်တိုင်ဖြည့်ကြရသည်။

- အဂ္ဂသာဝက, မဟာသာဝကမှတပါးသော အရိယာအလောင်းဟုဆိုရသည့်ပကတိသာဝကတို့မှာမူ မည်မျှကာလကြာအောင် ပါရမီဖြည့်ရမည်ဟု ကာလသတ်မှတ်ချက် မရှိကြပေ။ မဟာသာဝကများမှာ ကမ္ဘာတစ်သိန်းတိုင်တိုင်ဖြည့်ကြရမည်ဟုဆိုသဖြင့် ကမ္ဘာတစ်သိန်းအောက် လျော့ပြီး ဖြည့်ကြရသည်ဟု ယေဘုယျအားဖြင့် ဆိုကြရပေသည်။

ပါရမီပြည့်မည့်ကာလဖြစ်သော်လည်း သာသနာမထွန်းကားသော (ဝါ) ဘုရားမပွင့်သော သုညကမ္ဘာနှင့်တွေ့ကြုံနေပြန်လျှင် အချိန်ကာလ စေ့သော်လည်း ကျွတ်တမ်းမဝင်နိုင်ကြပေ၊ အချိန်ကာလလည်းစေ့မှ ဘုရားသာသနာနှင့်လည်းတွေ့မှသာ ကျွတ်တမ်းဝင်နိုင်ကြပေသည်။ ဆိုင်ရာဆိုင်ရာ ဗောဓိဉာဏ်တို့ကိုရ၍ အထွတ်အထိပ်သို့ ရောက်ကြရပေသည်။

ဤ၌ သဗ္ဗညုဘုရားအလောင်းတို့၏ သမ္မာသမ္ဗောဓိဉာဏ်၊ ပစ္စေကဗုဒ္ဓါတို့၏ ပစ္စေကဗောဓိဉာဏ်တို့ကို အထူးမစိစစ်တော့ဘဲ ပဓာနဖြစ်သော သာဝက ဗောဓိဉာဏ် (သာဝကပါရမီဉာဏ်) ကိုသာ စိစစ်မည်ဖြစ်ပေသည်။

## သာဝကပါရမီဉာဏ်

**သာဝကဟူသည်-**

သဝ္ဝေပိ တေ ဝစနံ သုဏန္တီတိ သာဝကာ။ ကာမဉ္စ အညေပိ သုဏန္တိ၊ န ပန သုတွာ ကတ္တဗ္ဗကိစ္စံ ကရောန္တိ။ ဣမေ ပန သုတွာ ကတ္တဗ္ဗံ ဓမ္မာနုဓမ္မပဋိပတ္တိံ ကတွာ မဂ္ဂဖလာနိ ပတ္တာ၊ တသ္မာ "သာဝကာ" တိ ဝုစ္စန္တိ။

(ခုဒ္ဒကါဋ္ဌ။၁၅၃။ သုတ္တနိ၊ ဋ္ဌ၊ ၁။ ၂၈၂)

နှင့်အညီ ဘုရားရှင်၏ စကားကိုနားထောင်၍ (နာယူ၍) ဘုရားရှင်ဆုံးမတော်မူသည့်အတိုင်း လိုက်နာကျင့်သုံးသောကြောင့် မဂ်ဖိုလ်ရကြသည့်

(မဂ်ဖိုလ်ရကြမည့်) ပုဂ္ဂိုလ်များကို သာဝကဟု ခေါ်လေသည်။

ဘဂဝတော ဝုတ္တာဝစနံ သမ္မာ အာဒရေန သုဏန္တီတိ သာဝကာ၊ အထ ဝါ ဘဂဝတော ဒေသနာနုသာရေန ဉာဏံ ပေသေတွာ သဒ္ဓမ္မံ သုဏန္တီတိ သာဝကာ။ (အပ၊ ဋ္ဌ၊ ၂။ ၁၃၅)

ဟုဆိုသောကြောင့် ဘုရားရှင်၏ တရားစကားတော်ကို ရိုသေလေးမြတ်စွာ နာယူသူ, ဘုရားရှင်ဟောကြားသည့်တရားဒေသနာသို့ အစဉ်လျောက်၍ ဉာဏ်သို့ စိုက်ပြီးတရားနာယူသူတို့ကိုလည်း သာဝကဟု ခေါ်လေသည်။

**ပကတိသာဝကဟူသည်**

ဌပေတွာ အဂ္ဂသာဝက မဟာသာဝကေ ဣတရေ သတ္တုသာဝကာ ပကတိသာဝကာ။ (ဝိသုဒ္ဓိ၊ ဋီ၊၂ ၄၅)

ယေ ပန အရိယသာဝကာ အဂ္ဂသာဝကာ ဝိယ စ မဟာသာဝကာ ဝိယ စ န ပရိမိတာဝ၊ အထ ခေါ အနေကသတာ အနေကသ ဟဿာ၊ တေ ပကတိသာဝကာ။ (ထေရ၊ ဋ္ဌ၊ ၂။ ၅၄၃)

ဟူသော ဖွင့်ဆိုချက်တို့အရ ပါရမီဖြည့်ရမည့်ကာလအပိုင်းအခြား အတိအကျ **ရှိကြ**သည့် အဂ္ဂသာဝက, မဟာသာဝကတို့မှတပါး ပါရမီ ဖြည့်ရမည့်ကာလ **သတ်**မှတ်ချက် အတိအကျ မရှိကြသော အရာမက, အထောင်မကသော **အရိယာ**အလောင်းများနှင့် အရိယာသာဝကတို့ကို "ပကတိသာဝက" ဟု **ခေါ်**ရလေသည်။

**သာဝကပါရမီဉာဏ်ဟူသည်**

သာဝကပါရမီဉာဏန္တိ သာဝကာနံ ဒါနာဒိပါရိပူရိယာ နိပ္ဖန္နံ ဝိဇ္ဇတ္တယ ဆဠာဘိည စတုပ္ပဋိသမ္ဘိဒါဒိဘေဒံ ဉာဏံ။

(ဒီ၊ ဋီ၊ ၁။ ၁၃၆။ သီ၊ ဋီ၊ သစ်၊ ၁။ ၁၃၆)

တို့နှင့်အညီ ဒါနစသော ပါရမီတို့ကို ဖြည့်ကျင့်ခြင်းကြောင့်(ဝါ) ဒါနစသော ပါရမီတို့၏ ပြည့်စုံခြင်းကြောင့် ပြီးလာသော (ရလာသော ) ဝိဇ္ဇာသုံးပါး၊ အဘိညာဉ်ခြောက်ပါး၊ ပဋိသမ္ဘိဒါဉာဏ်လေးပါးစသော ဉာဏ်များတည်း။

ဤဖွင့်ဆိုချက်တို့အရ ာဝကပါရမီဉာဏ်ရဖို့ရန် (ဝါ) သောတာပတ္တိမဂ်စသည့် အရိယမဂ်ဉာဏ်များရဖို့ရန် ဒါနစသောပါရမီတို့ကို ဖြည့်ကျင့်အားထုတ်ကြရမည်ဖြစ်ကြောင်း ၁ိုနိုင်ပေသည်။

## မည်မျှကြာအောင် ဖြည့်ကျင့်ရမည်နည်း

သာဝကသုံးမျိုးတို့တွင် အဂ္ဂသာဝက, မဟာသာဝကတို့သည် မည်မျှ ကြာအောင် ပါရမီဖြည့်ရမည်ကိုအောက်၌ ပြဆိုအပ်ခဲ့ပေပြီ။

ပကတိသာဝကတို့အဖို့ ပါရမီဖြည့်ရမည့် ကာလသတ်မှတ်ချက် မရှိသောကြောင့် ကမ္ဘာတစ်သိန်းအောက်မှစ၍ အနည်းဆုံး တစ်ခုနှစ်ခုသော ဗုဒ္ဓန္တရခေတ်တိုင်အောင် ဖြည့်ကျင့်ရမည်ဟု ယေဘုယျအားဖြင့် မှတ်အပ်ပေသည်။

မဟာသာဝကတို့သည် ကမ္ဘာတစ်သိန်းတိုင်တိုင် ဖြည့်ကြရသဖြင့် ပကတိသာဝကတို့အနေဖြင့် ကမ္ဘာတစ်သိန်းအောက် လျော့ပြီး ဖြည့်ကြရသည်ဟု ပြောရသော်လည်း ဓမ္မရုစိယမထေရ်ကား လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်းပင် ပါရမီဖြည့်ခဲ့ရကြောင်း အပဒါန်အဋ္ဌကထာ၌ ပြဆိုထားပေသည်။

ပကတိသာဝကတို့၏ ပါရမီဖြည့်ရာကာလ အနည်းဆုံးသတ်မှတ်ချက် ကို ဗုဒ္ဓန္တရခေတ်တစ်ခုဟု သတ်မှတ်သင့်ပေသည်။ ဗုဒ္ဓန္တရခေတ်ဟူသည် ဘုရား တစ်ဆူနှင့် တစ်ဆူအကြား ကြားကာလတည်း။

ဗုဒ္ဓန္တရေတိ ဗုဒ္ဓုပ္ပါဒန္တရေ၊ ဒွိန္နံ ဗုဒ္ဓုပ္ပါဒါနံ အန္တရာ။ (သံ၊ ဋီ၊ ၁။ ၂၈၇)

-ဘုရားတစ်ဆူနှင့် တစ်ဆူအကြားသည် အချို့တစ်သင်္ချေကြာ၏။ ဥပမာ- ဒီပင်္ကရာဘုရားနှင့် ကောဏ္ဍညဘုရားတို့၏ အကြားတည်း။ အသင်္ချေဟူသည် ကမ္ဘာပေါင်းမည်မျှဟု ရေတွက်၍မရသော အလွန့် အလွန် ကြာညောင်းလှသော ကာလတည်း။

-အချို့ ကမ္ဘာချီ၍ ကြာညောင်းသည်။ ဥပမာ-ဤဘဒ္ဒကမ္ဘာ၌ ပထမဆုံးပွင့်သော ကကုသန်ဘုရားနှင့် ထိုဘုရား၏ ရှေ့ကပွင့်ခဲ့သော ဝေဿဘူဘုရားရှင်တို့မှာ တစ်ဆူနှင့်တစ်ဆူကြား ၂၉-ကမ္ဘာတိုင်တိုင် ခြားခဲ့ ကြာညောင်းခဲ့လေသည်။

-အချို့ ကမ္ဘာချီ၍ မကြာသော်လည်း နှစ်အရေအတွက် မရေတွက် နိုင်အောင် ကြာညောင်းလှလေသည်။ ဥပမာ-ဤဘဒ္ဒကမ္ဘာ၌ ပွင့်ခဲ့ ပြီးသော ဘုရားလေးဆူအနက် ပထမဆုံးပွင့်သော ကကုသန်မြတ်စွာ ဘုရားသည် အနှစ်လေးသောင်းတမ်း၌ ပွင့်သည်။ ထိုလေးသောင်း တမ်းမှ တဖြည်းဖြည်း သက်တမ်းဆုတ်ရာ ၁၀-နှစ်တမ်းသို့ရောက်၏။ (ဤကား ဆုတ်ကပ်တည်း)

-ထို့နောက် ၁၀-နှစ်တမ်းမှ တဖြည်းဖြည်း တက်ခဲ့ရာ အသင်္ချေတမ်းသို့ ရောက်၏။ (ဤကား တက်ကပ်တည်း)

-ထိုအသင်္ချေတမ်းမှ တဖြည်းဖြည်း ပြန်ဆုတ်ခဲ့ရာ အနှစ်သုံးသောင်း တမ်းရောက်သောအခါ ကောဏာဂုံ မြတ်စွာဘုရား ပွင့်တော်မူသည်။ (ဤဒွိလည်း ဆုတ်ကပ်သာ)

ဤကကုသန်ဘုရားနှင့် ကောဏာဂုံဘုရားတို့၏ အကြားသည် ကမ္ဘာ ချီ၍ မကြာသော်လည်း နှစ်ပေါင်းကား မရေမတွက်နိုင်အောင် (သင်္ချာညွှန်း၍ မပြနိုင်လောက်အောင်) ကြာညောင်းလှလေသည်။ ကောဏာဂုံဘုရားနှင့် ကဿပဘုရားအကြား, ကဿပဘုရားနှင့် ဂေါတမဘုရားအကြားတို့သည်လည်း ထိုကဲ့သို့ သင်္ချာညွှန်း၍ မပြနိုင်လောက်အောင် ကြာညောင်းလှပေသည်။ နှစ်ပေါင်း, ဘဝပေါင်း မရေမတွက်နိုင်လောက်အောင် ကြညောင်းလှပေသည်ဟု ဆိုလိုပေသည်။

ထို့ကြောင့် တစ်ခုသော ဗုဒ္ဓန္တရခေတ်သည် နှစ်ပေါင်း(ဘဝပေါင်း) ကုဋေ ကုဋာမက ကြာညောင်းရှည်လျားလှသည်ဟု မှတ်အပ်ပေသည်။

ပကတိသာဝကတို့သည် အနည်းဆုံး ဗုဒ္ဓန္တရခေတ်တစ်ခုမျှလောက်သော ကာလတိုင်အောင် ပါရမီဖြည့်ကြရလေသည်။

## ဖားနတ်သား

အချို့ကား-တေပိ (တိရစ္ဆာန ဂတာပိ) ဟိ ဘဂဝတော ဓမ္မဿဝနေန ဥပနိဿယသမ္ပတ္တိံ ပတ္တာ တာယ ဧဝ ဥပနိဿယသမ္ပတ္တိယာ ဒုတိယေ တတိယေ ဝါ အတ္တဘာဝေ မဂ္ဂဖလဘာဝိနော ဟောန္တိ။ မဏ္ဍူကဒေဝပုတ္တာဒယော စေတ္ထ နိဒဿနံ။ (ဝိ၊ ဋ၊ ၁။ ၉၄။ ဝိသုဒ္ဓိ၊ ၁။ ၂၀၂)

ဟူသော စကားလာ ဖားနတ်သား ဝတ္ထုကို ထောက်၍ နှစ်ဘဝ သုံးဘဝဖြင့်ပင် (ဝါ) နှစ်ဘဝ သုံးဘဝပါရမီ ဖြည့်ရုံမျှဖြင့်ပင် အရိယာဖြစ်နိုင်သည်ဟု ယူဆကြလေသည်။

ယင်းယူဆချက်သည် ထိုထိုပါဠိ, အဋ္ဌကထာ, ဋီကာတို့ကို နှံ့စပ်စွာ မလေ့လာသောကြောင့် ဖြစ်ပေါ်လာသော မှားယွင်းသော ယူဆချက်ဖြစ် သည်။

ယင်းနှင့်စပ်လျဉ်း၍ အနည်းငယ် ပြဆိုပါဦးမည်။

ဘုရားရှင် စမ္ပာမြို့အနီး ဂဂ္ဂရာရေကန်ပေါင် (ကန်ရိုး)ပေါ်၌ တရား ဟောနေစဉ် ရေကန်တွင်းမှ ဖားငယ်တစ်ကောင်သည် ပရိသတ်အစွန် တစ်နေ

ရာ၌ဝပ်ကာ ဘုရားဟောသောတရားကို အာရုံပြုနေသည်။ ထိုစဉ် နွားကျောင်းသားတစ်ယောက်ကလည်း ထိုနေရာရောက်လာပြီး တံပြာကို မြေသို့ထောက်၍ ရပ်လိုက်စဉ် ဖားငယ်၏ ခေါင်းကို ထောက်မိပြီး ဖားငယ် သေဆုံးလေ၏။ တရားတော်ကို အာရုံပြုနေစဉ် သေဆုံးရသောကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သားသွားဖြစ်သည်။ ကြီးကျယ်လှသော နတ် စည်းစိမ်ကိုကြည့်ကာ အကြောင်းကံကို ဆင်ခြင်ကြည့်ရာ ဘုရားရှင်တရား တော်ကို နာယူရသော ကုသိုလ်ကြောင့်ဟု သိမြင်ရသဖြင့် တရားပွဲမပြီးမီပင် ဘုရားရှင်ထံရောက်လာပြီး အကျိုးအကြောင်း လျှောက်ထားသည်။ ဘုရားရှင်က တရားဟောရာ ထိုတရားအဆုံးတွင် ထို ဖားနတ်သား သောတာပန် တည်လေ၏။

## ရှေးအတိတ် ပါရမီများစွာ ပါခဲ့သည်

ဤဖားသတ္တဝါသည် ဘုရားရှင်၏ တရားတော်ကို တရားတော်ပဲဟု အာရုံပြုနိုင်ခြင်းမှာ ရှေးရှေးဘုရားရှင်တို့၏ အထံ၌ တရားတော်ကို နာကြားခဲ့ရသော ရှေးကုသိုလ်ပါရမီကြောင့် ဖြစ်သည်။ တရားတော်၌ အလေ့အလာများခဲ့ခြင်းကြောင့် ဘုရားရှင်ဟောနေသောတရားကို တရားဟု သိနိုင် အာရုံယူနိုင်ခြင်း ဖြစ်ပေသည်။

ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ၌-

သရေ နိမိတ္တံ အဂ္ဂဟေသီတိ ပုဗ္ဗဗုဒ္ဓုပ္ပါဒေသု ဓမ္မဿဝနပရိစယေန
“ဓမ္မော ဧသော ဝုစ္စတီ” တိ သရေ အာကာရံ ဂဏှိ။ ပုဗ္ဗာဘိယောဂ-
ဝသေနေဝ ဟိ ဤဒိသာနံ တိရစ္ဆာနာနံ ဓမ္မဿဝနာဒီသု ပသာဒေါ
ဥပ္ပဇ္ဇတိ ဝဂ္ဂုလိအာဒီနံ ဝိယ။ (ဝိမတိ၊ ၁။ ၅၇)

ဟု မိန့်ဆိုလေသည်။

သရေ နိမိတ္တံ အဂ္ဂဟေသီတိ၊ သရေ နိမိတ္တံ အဂ္ဂဟေသိဟူသည်ကား။ ပုဗ္ဗဗုဒ္ဓုပ္ပါဒေသု၊ ရှေးဘုရားတို့၏ သာသနာတို့၌ (ဝါ) ရှေးဘုရားတို့ ပွင့်တော်မူရာကာလတို့၌။ ဓမ္မဿဝနပရိစယေန၊ တရားနာခဲ့ဖူးသော အလေ့အကျက် (ဝါသနာ)ကြောင့်။ ဧသော၊ ဤအသံကို။ ဓမ္မော၊ တရားဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့နှလုံးပြု၍။ သရေ၊ ဘုရားရှင်၏ တရားတော်အသံ၌။ အာကာရံ၊ အခြင်းအရာကို။ ဂဏှိ၊ ယူပြီ။

ဟိ၊ မှန်၏။ ပုဗ္ဗာဘိယောဂဝသေနေဝ၊ ရှေး၌ အားထုတ်ခဲ့ဖူးသော အဘိယောဂ၏ အစွမ်းဖြင့်သာလျှင် (ဝါ) ရှေး၌ တရားတော်ကို ကြိုးကြိုးစားစား အားထုတ်ခဲ့ခြင်း၏ အစွမ်းဖြင့်သာလျှင်။ ဣဒ္ဓိသာနံ၊ ဤသို့ သဘောရှိကုန်သော။ တိရစ္ဆာနာနံ၊ တိရစ္ဆာန်တို့အား။ဓမ္မဿဝနာဒီသု၊ တရားနာခြင်းစသည်တို့၌ (ဝါ) တရားနာရာကာလ စသည်တို့၌။ ပသာဒေါ၊ စိတ်၏ ကြည်ညိုခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ ဝဂ္ဂုလိအာဒီနံ၊ အဘိဓမ္မာတရားသံကို ကြားနာခဲ့ဖူးသော (အရှင်သာရိပုတ္တရာ၏ တပည့်လောင်းများ ဖြစ်ကြကုန်သော) လင်းနို့သားငါးရာတို့၏။ ဓမ္မဿဝနာဒီသု၊ တရားတော်ကို နားကြားရခြင်းစသည်တို့၌ (ဝါ) တရားတော်ကို နာကြားရာကာလစသည်တို့၌။ ပသာဒေါ၊ ကြည်ညိုခြင်းသည်။ ဥပ္ပဇ္ဇတိဝိယ၊ ဖြစ်သကဲ့သို့တည်း။

ဤဖွင့်ဆိုချက်အရ နှစ်ဘဝသုံးဘဝ ပါရမီဖြည့်ရုံမျှဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်မရနိုင်ကြောင်း၊ ရှေးရှေးဘုရားရှင်တို့အထံ၌ ပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှု (ပါရမီ)ရှိခဲ့၍ ပါရမီပြည့်သော ပုဂ္ဂိုလ်များသာ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ကို ရနိုင်ကြောင်း သိနိုင်ပေသည်။

ထို့ပြင် ထေရဂါထာ၊ ထေရီဂါထာနှင့် အပဒါန်ပါဠိတော်တို့၌ လာရှိသော ဤဘုရားရှင်လက်ထက်တွင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရ၍ ကျွတ်တမ်းဝင်ခဲ့ကြသော ပကတိသာဝကတို့၏ ပါရမီဖြည့်စဉ်ကိုကြည့်လျှင် ရှေးရှေးကမ္ဘာများစွာက ပါရမီဖြည့်ခဲ့ကြရသည့် ပုဂ္ဂိုလ်များရှိသလို ကဿပဘုရားရှင်လက်ထက်မှစ၍ ပါရမီဖြည့်ခဲ့ကြရသော ပုဂ္ဂိုလ်များ၊ ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် ဂေါတမမြတ်စွာဘုရား မပွင့်မီ ပါရမီဖြည့်ခဲ့ကြရသော ပုဂ္ဂိုလ်များကို တွေ့နိုင်ပေသည်။

(က) စူဠဝစ္ဆထေရ်၊ မဟာဝစ္ဆထေရ်တို့သည် ဤကမ္ဘာမှ ပြန်၍ရေတွက်လျှင် လွန်ခဲ့ သော ကမ္ဘာတစ်သိန်းထက်၌ ပွင့်ခဲ့သော ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တော်မှ စ၍လည်းကောင်း၊

(ခ ) သီတဝနိယ (သမ္ဘူတ)ထေရ်၊ ဝနဝစ္ဆထေရ်တို့သည် လွန်ခဲ့သော ၁၁၈-ကမ္ဘာထက်က ပွင့်ခဲ့သည့် အတ္ထဒဿီမြတ်စွာဘုရားလက်ထက်မှ စ၍ လည်းကောင်း၊

(ဂ ) ဝီရထေရ်၊ ပုဏ္ဏမာသထေရ်တို့သည် လွန်ခဲ့သော ၉၁-ကမ္ဘာထက်က ပွင့်ခဲ့သော ဝိပဿီမြတ်စွာဘုရားလက်ထက်မှ စ၍လည်းကောင်း၊

(ယ) ပဏ္ဍိတသာမဏေသည် ဤဘဒ္ဒကမ္ဘာ ကဿပမြတ်စွာဘုရားလက်ထက်မှ စ၍လည်းကောင်း၊ သုခသာမဏေသည် ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံပြီး နောက် ဂေါတမဘုရားရှင် မပွင့်သေးမီ တစ်ခုသောကာလဝယ် ရှင်ပစ္စေကဗုဒ္ဓါအထံမှလည်းကောင်း၊

(င) ထေရိကာဘိက္ခုနီသည် ဤဘဒ္ဒကမ္ဘာ ကောဏာဂုံမြတ်စွာဘုရား လက်ထက်မှလည်းကောင်း၊ အဘိရူပနန္ဒာဘိက္ခုနီမသည် ဝိပဿီမြတ်စွာ ဘုရားလက်ထက်မှ စ၍လည်းကောင်း၊

(စ) အနာထပိဏ်သူဌေး၊ ဝိသာခါသူဌေးကတော်၊ စိတ္တသူကြွယ်စသော ဥပါသကာ, ဥပါသိကာများသည် ကမ္ဘာတစ်သိန်းထက်က ပွင့်ခဲ့သော ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်မှ စ၍လည်းကောင်း၊

(ဆ) ဇောတိကသူဌေး၊ မေဏ္ဍကသူဌေး၊ ဇဋိလသူဌေးတို့သည် ၉၁-ကမ္ဘာထက်က ပွင့်ခဲ့သော ဝိပဿီမြတ်စွာဘုရားလက်ထက်မှ စ၍ လည်းကောင်း-ကုသိုလ်ကောင်းမှု ပါရမီတို့ကို နိဗ္ဗာန်ဆုတောင်း၍ ပြုခဲ့ကြကြောင်း တွေ့ရပေသည်။

ထို့အတူ-အခြားအခြားသော ရဟန္တာယောကျ်ား, ရဟန္တာမိန်းမတို့၏ ရှေးအတိတ်ကံကို ပြရာ၌-

သော ကိရ ပုရိမဗုဒ္ဓေသု ကတာဓိကာရော ဟုတွာ တတ္ထ တတ္ထ ဝိဝဋ္ဋူ ပနိဿယံ ပုညသမ္ဘာရံ (ပုညံ) ဥပစိနန္တော။

အယမ္ပိ ပုရိမဗုဒ္ဓေသု ကတာဓိကာရော တတ္ထ တတ္ထ ဘဝေ ဝိဝဋ္ဋူပနိဿယာနိ ပညာနိ ဥပစိနန္တော။

**အယမ္ပိ ပုရိမဗုဒ္ဓေသု ကတာဓိကာရော တတ္ထ တတ္ထ ပုညာနိ ဥပစိနန္တီ-စသည်ဖြင့် ထေရဂါထာ, ထေရီဂါထာ၊ အပဒါန်အဋ္ဌကထာတို့၌ နေရာများစွာတွင် ထပ်တလဲလဲ ဆိုထားသည်ကို ထောက်လျှင်လည်း ရှေးရှေးဘုရားရှင်တို့အထံ၌** ပါရမီများကို ဖြည့်ကျင့်စုဆောင်းခဲ့ကြရကြောင်း သိနိုင်ပေသည်။

ထို့ကြောင့် တစ်ဘဝ နှစ်ဘဝ ပါရမီဖြည့်ရုံမျှဖြင့် ပါရမီမပြည့်နိုင်၊ ပါရမီ မပြည့်သေးပါလျှင်လည်း ဘုရားရှင်နှင့် တွေ့၍ ဘုရားရှင်၏တရားတော်ကို နာကြားရပြီး ထက်သန်သောသဒ္ဓါ, ဝီရိယတို့ဖြင့် မည်မျှပင် ကြိုးစားသော်လည်း မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ကို မရနိုင်ကြောင်း သိနိုင်ပေသည်။

နှစ်ဘဝ သုံးဘဝမျှ ပါရမီဖြည့်ရုံဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရနိုင်သည်ဟူသော စကားသည် လယ်တီဆရာတော်ဘုရားကြီး အဆိုအတိုင်း ဖော်ပြရလျှင် **"အဖိုး အဆုံးအစမရှိသော စကြာမင်း၏ ပတ္တမြားရတနာကို ဖွဲတစ်ဆုပ်ခန့်ဖြင့်သာ ဝယ်ယူခြင်းငှာ အားထုတ်ခြင်းနှင့် တူရာသည်"** ဟု ဆိုရပေမည်။

ထို့ပြင် ဘုရားရှင်တို့သည် သတ္တဝါတစ်ဦးတစ်ယောက်ကို ချွေချွတ်တော်မူမည်ဆိုလျှင် ဘုရားမျက်စိ (ဗုဒ္ဓစက္ခု) ဟူသော ဣန္ဒြိယပရောပရိယတ္တဉာဏ်၊ အာသယာနုသယဉာဏ်တို့ဖြင့် ရှေးဘုရားရှင်တို့၏ အထံ၌ ဒါန, သီလ စသော ကုသိုလ်ပါရမီတို့ကို ဖြည့်ကျင့်အားထုတ် ဆည်းပူးခဲ့သော ကုသိုလ်ပါရမီ ရှိမရှိကို ကြည့်ရှုသုံးသပ်တော်မူလေ့ရှိသည်။ ထိုသို့ ကြည့်ရှုသုံးသပ်ပြီး ပါရမီဓာတ်ခံအား လျော်စွာ ကောင်းကျိုးရအောင် ကြွရောက်ချွေချွတ်တော်မူသည်။

တတိယကောဋ္ဌာသေ ပစ္စူဿယ နိသီဒိတွာ ပုရိမဗုဒ္ဓါနံ သန္တိကေ ဒါန-သီလာဒိဝသေန ကတာဓိကာရပုဂ္ဂလဒဿနတ္ထံ ဗုဒ္ဓစက္ခုနာ လောကံ ဝေါလောကေတိ။ (ဒီ၊ ဋ္ဌ၊ ၁။ ၄၈-စသည်)

ဤအဋ္ဌကထာတို့ကို ထောက်ရှုလျှင်လည်း ရှေးရှေးဘုရားရှင်တို့အထံ၌ ဒါန, သီလစသော ကုသိုလ်ပါရမီတို့ကို ဖြည့်ကျင့်ခဲ့သော ပုဂ္ဂိုလ်တို့ကိုသာ ဘုရားရှင်ကြွရောက်၍ တရားဟောလေ့ရှိကြောင်း၊ ထိုသို့သော ကုသိုလ်ပါရမီရှိသူတို့သာ ဘုရားရှင်၏ တရားတော်ကို နာယူခွင့်ရှိကြောင်း သိနိုင်ပေသည်။

ဤသည်တို့ကိုထောက်လျှင် နှစ်ဘဝ သုံးဘဝစသည်ဖြင့် ပါရမီဖြည့်ရုံ မျှဖြင့် မဂ်ဖိုလ် နိဗ္ဗာန်ကို မရနိုင်၊ ဘဝပေါင်းများစွာ ပါရမီဖြည့်မှသာ မဂ်ဖိုလ် နိဗ္ဗာန်ကို ရနိုင်သည်ဟု သန္နိဋ္ဌာန်ကျ မှတ်အပ်ပေသည်။

### ပေဋကောပဒေသပါဠိတော်၏ ဆိုလိုချက်

"သာဝကမှာ ပါရမီမလိုဘူးလို့ ပေဋကောပဒေသမှာ သေသေချာချာ လာတယ်၊ သာဝကမှာ ပါရမီမလိုပါဘူး"

[အမှတ်စဉ် (၂) စာအုပ်၊ နှာ-၁၉၃]-

ဟူ၍ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး ဦးဝိမလက ဟောကြားခဲ့သည်။ စုဒိတကဆရာတော်တို့ကလည်း မိုးကုတ်ဆရာတော် ဟောကြားခဲ့သည့် ယင်းဟောကြားချက်ကို အခိုင်အမာဖြစ်အောင် ချေပလျှောက်ထားကြသည်။ ယင်းအချက်ကို စိစစ်ကြကုန်အံ့။

ဒုဝေ ဟေတု ဒုဝေ ပစ္စယာ သာဝကဿ သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါယ ပရတော စ ဃောသော သစ္စာနုသန္ဓိ အဇ္ဈတ္တဉ္စ ယောနိသောမနသိကာရော။
(ပေဋကော။ ၁၆၇)

“သာဝကတို့အတွက် ဝိပဿနာသမ္မာဒိဋ္ဌိ၊မဂ္ဂသမ္မာဒိဋ္ဌိ ဖြစ်ရန် သူတပါးအထံမှ သစ္စာနှင့်စပ်သော တရားစကားကို ကြားနာရခြင်း၊ မိမိကိုယ်တိုင် သင့်သော အကြောင်းအားဖြင့် (မှန်ကန်သောနည်းလမ်းဖြင့်) တရားကို နှလုံးသွင်းခြင်းဟု အကြောင်းနှစ်ပါးရှိသည်”ဟူသော ဤမိန့်ဆိုချက်၏ ဆိုလိုရင်းမှာ-

ဘုရားအလောင်းတို့၏ ဝိပဿနာဉာဏ်, မဂ်ဉာဏ်ဖြစ်ပေါ်ရေး၌ သူတပါးတို့၏ အထံမှ သစ္စာနှင့်စပ်သော တရားစကားကို နာယူရခြင်းဟူသော အကြောင်းအင်္ဂါမရှိ။ ကိုယ်တိုင် ကြိုးစားအားထုတ်ခြင်းဟူသော အကြောင်း တစ်ပါးသာရှိသည်။

သာဝကတို့မှာ (အလွန်ပညာဉာဏ်ကြီးမားသော ရှင်သာရိပုတ္တရာပင် ဖြစ်ပါစေ) သူတပါးအထံမှ သစ္စာနှင့်စပ်သော တရားစကားကို နာကြားရခြင်း, ကိုယ်တိုင်ကြိုးစားအားထုတ်ခြင်းဟူသော အကြောင်းနှစ်ပါး ပြည့်စုံမှသာ ဝိပဿနာဉာဏ်,မဂ်ဉာဏ်ဖြစ်ပေါ်နိုင်ကြောင်းပြလိုရင်းဖြစ်သည်၊ သာဝကတို့အဖို့ ပါရမီမလို ဟူသောအဓိပ္ပါယ်ကိုမပြပေ။

မှန်၏။ ဘုရားအလောင်းတော်တို့သည် သယမ္ဘူဉာဏ်ဖြင့် ဘုရားဖြစ် ကြောင်း တရားကောင်းတို့ကို ထိုးထွင်းသိတော်မူသည်။ မည်သည့် ဆရာတစ်ဦး တစ်ယောက်၏ နည်းညွှန်မှု ဟောပြောပြသမှုကိုမျှ ခံယူနေစရာမလို။ ပစ္စေကဗုဒ္ဓါ တို့လည်း ထိုနည်းအတူပင်။

အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝက-ဟူသော သာဝကတို့မှာ မူကား သစ္စာတရားသိမြင်သူ ပုဂ္ဂိုလ်တစ်ယောက်ယောက်၏ ဟောပြမှုကို နာယူရ ပြီး တရားနည်းလမ်းအတိုင်း ကျင့်ကြံအားထုတ်မှသာ ဝိပဿနာဉာဏ်, မဂ်ဉာဏ် တို့ဖြစ်ပေါ်နိုင်ပေသည်။

ဘုရားရှင်အောက် ပညာအကြီးဆုံးဖြစ်သော ရှင်သာရိပုတ္တရာသည်ပင် ရှင်အဿဇိရဟန္တာထံမှ “ယေ ဓမ္မာ ဟေတုပ္ပဘဝါ” စသော သစ္စာတရားကို နာကြားရမှသာ သောတာပန်အဖြစ်သို့ ရောက်ရှိခဲ့ရပေသည်။

## ပါရမီလိုသည်

ဖော်ပြပြီး ပေဋကောပဒေသပါဠိတော်အဆိုအရ သာဝကတို့အတွက် ပရတောဃောသ, ယောနိသောမနသိကာရဟူသော အကြောင်းနှစ်ပါးသည် ဝိပဿနာဉာဏ်, မဂ်ဉာဏ်ဖြစ်ရေးတွင် အရေးကြီးသော အကြောင်းဖြစ်သော်လည်း ပါရမီဟူသော အကြောင်းနှင့် ထိုပါရမီ ရင့်ကျက်ပြည့်စုံခြင်းဟူသော အကြောင်းတို့မရှိဘဲ ဖွဲကောင်းကောင်းဖြင့် အားထုတ်ရုံမျှဖြင့် ဝိပဿနာဉာဏ်, မဂ်ဉာဏ်ရနိုင်သည်-ဟူသော အနက်အဓိပ္ပါယ်ကိုကား မပြနိုင်ပေ။

ပါရမီပြည့်နေသူများအတွက် ဤအကြောင်းအချက်နှစ်ပါးနှင့် ပြည့်စုံလျှင် မဂ်ဖိုလ် နိဗ္ဗာန်ကို ရနိုင်သော်လည်း ပါရမီမပြည့်သူများအတွက်မူ ထိုအချက်နှစ်ပါးနှင့် ပြည့်စုံသော်လည်း မရနိုင်ပေ။

ဤနေရာ၌ ပကတိသာဝကတို့တွင် ပါဝင်သော အရှင်ဗေလဋ္ဌသီသ ထေရ်၏ အကြောင်းကို အနည်းငယ် လေ့လာသင့်ပေသည်။

အရှင်ဗေလဋ္ဌသီသအလောင်း အမျိုးကောင်းသားသည် ပဒုမုတ္တရဘုရားရှင်ကို စတင်ဖူးမြော်၍ တရားနာရသဖြင့် သဒ္ဓါတရားဖြစ်ပေါ်ကာ ရဟန်းပြုသည်။ ရဟန်းပြုပြီးနောက် ရဟန်းတရားကို ကြိုးစားအားထုတ်သော်လည်း မဂ်ဖိုလ်၏ အားကြီးသောအကြောင်း (ပါရမီ) မပြည့်စုံသေးသဖြင့် ထိုဘဝတွင် မည်သည့် မဂ်ဖိုလ် တရားထူးကိုမျှ မရပေ။ မဂ်ဖိုလ်နိဗ္ဗာန်၏ အကြောင်းအထောက်အပံ့ ဖြစ်သော ပါရမီတို့ကို များစွာစုဆောင်း၍ လူ့ပြည်နတ်ပြည်တို့၌သာ ဖြစ်ရပြီး ၃၁-ကမ္ဘာထက်က ပွင့်သော ဝေဿဘူမြတ်စွာဘုရားအား ရှောက်သီး (သံပုယိုသီး) ကို လှူဒါန်းခဲ့သည်။

ထိုကုသိုလ်ကြောင့် နတ်ပြည်၌ဖြစ်ရကာ ကုသိုလ်ကောင်းမှုတို့ကို ရေ...ာ် ရာဘဝတို့၌ အထပ်ထပ်ပြုခဲ့ပြီး ဤဘုရားလက်ထက်တွင် ရဟန္တာဖြစ်ခဲ့ရသည်။

ထို့ကြောင့် ထေရဂါထာအဋ္ဌကထာ၊ ပထမအုပ်၊ စာမျက်နှာ-၈၃-၌ အောက်ပါအတိုင်း ပြဆိုထားပေသည်။

သော ကိရ ပဒုမုတ္တရဿ ဘဂဝတော ကာလေ ကုလဂေဟေ နိဗ္ဗတ္တော ဘဂဝန္တံ ဥပသင်္ကမိတွာ ဓမ္မံ သုတွာ ပဋိလဒ္ဓသဒ္ဓေါ ပဗ္ဗဇိတွာ သမဏဓမ္မံ ကရောန္တော ဥပနိဿယသမ္ပတ္တိယာ အဘာဝေန ဝိသေသံ နိဗ္ဗတ္တေတုံ နာသက္ခိ။ ဝိဝဋ္ဋူပနိဿယံ ပန ဗဟုံ ကုသလံ ဥပစိနိတွာ (ပ)

ဣ္မသ္မိံ ဗုဒ္ဓုပ္ပါဒေ(ပ)အာဒိတ္တပရိယာယ ဒေသနာယ ပုရာဏ ဇဋိလသဟ
ဿေန သဒ္ဓိံ အရဟတ္တံ ပါပုဏိ။ (ထေရ၊ဋ္ဌ၊၁။၈၃)

ထို့အတူ မဟာသာဝကရှစ်ကျိပ်တွင် အပါအဝင်ဖြစ်သော အရှင်ရဋ္ဌပါလ သည် ပဒုမုတ္တရဘုရားရှင် လက်ထက်မှစ၍ ကောင်းမှုကုသိုလ်များ အားထုတ်ခဲ့ သည်။ ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီဖြည့်ခဲ့ရပြီး ဤဘုရားရှင်လက်ထက်တွင် ဘုရားရှင်၏တရားကို နာယူရ၍ သဒ္ဓါတရားဖြစ်ကာ ကြီးမားလှစွာသော လူ့စည်းစိမ် ကိုစွန့်၍ ရဟန်းပြုခဲ့သည်။ ဆုတောင်းလည်းရှိခဲ့ ကုသိုလ်ကောင်းမှုပါရမီတွေ လည်း များစွာပြုခဲ့ပါလျက် (၁၂)နှစ်တိုင်တိုင် ကြိုးစားအားထုတ်မှ ရဟန္တာဖြစ်ခဲ့ရ သည်။

သဒ္ဓါတရားကလည်း အားကောင်း၊ ယနေ့ပင် ရဟန္တာဖြစ်ရမည်ဟူသော ဆန္ဒနှင့် ကြိုးစားအားထုတ်မှု ဝီရိယကလည်းထက်သန်၊ ဘုရားရှင်ထံမှလည်း သစ္စာတရားကို နာယူခဲ့ရ၊ ကိုယ်တိုင်လည်း အပြင်းအထန်အားတုတ်မှုရှိပါလျက် တစ်လနှစ်လဖြင့်လည်း မဂ်ဖိုလ်မရ၊ တစ်နှစ် နှစ်နှစ်ဖြင့်လည်း မဂ်ဖိုလ်မရဘဲ (၁၂)ဝါ မြောက်မှသာ ရဟန္တာအဖြစ်သို့ ရောက်ခဲ့ရလေသည်။

မဟာသာဝကဖြစ်သော အရှင်အာနန္ဒာသည်လည်း ဘုရားရှင်၏ တရား တော်များကို အကုန်နာယူရ, ကိုယ်တိုင်လည်း ရှုမှတ်ဆင်ခြင်မှုရှိပါလျက် ဘုရား ပရိနိဗ္ဗာန်မစံမီ သောတာပန်မျှသာဖြစ်ခဲ့ပြီး ဘုရားပရိနိဗ္ဗာန်စံပြီးနောက် (၃) လခန့် အကြာ ပထမသံဂါယနာမတင်မီ တစ်ရက်အလိုတွင်မှ ရဟန္တာဖြစ်ခဲ့ရပေသည်။

အရှင်ရဋ္ဌပါလ, အရှင်အာနန္ဒာတို့ ဖြုန်းကနဲ ရဟန္တာမဖြစ်ကြသည်မှာ ပါရမီမပြည့်သေး၍ (ဝါ) ဉာဏ်မရင့်ကျက်သေး၍ဖြစ်ကြောင်း သိအပ်ပေသည်။

ပကတိသာဝကဖြစ်သော အရှင်ဗေလဋ္ဌသီသမှာ သဒ္ဓါတရားထက်သန် စွာ ပဒုမုတ္တရဘုရားရှင်ထံ ရဟန်းပြုပြီး ဘုရားအဆုံးအမအတိုင်း ကျင့်ကြံကြိုး ကုတ် အားထုတ်ပါလျက် ရဟန္တာလွယ်ကူစွာ မဖြစ်ဘဲ ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီဖြည့်ခဲ့ရသည်ကို ထောက်လျှင် ပါရမီမည်မျှလိုအပ်ကြောင်း သိနိုင်ပေသည်။

ပါရမီမပြည့်သေးသမျှ သာဝကပါရမီဉာဏ် မရင့်ကျက်နိုင်၊ သာဝက ပါရမီဉာဏ်မရင့်ကျက်သေးသမျှ သာဝကတို့ ရောက်သင့်ရောက်ထိုက် ရသင့် ရထိုက်သော ဗောဓိဉာဏ် (မဂ်ဉာဏ်)တို့ကို မရနိုင်။ ပါရမီပြည့်မှ သာဝက ပါရမီဉာဏ် ရင့်ကျက်ပြီး သာဝကဗောဓိဉာဏ်ကို ရနိုင်သည်ဟု ဆိုလိုပေသည်။

## မဂ်ဖိုလ်မရနိုင်သော ပုဂ္ဂိုလ်များ

ဆဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော သုဏန္တောပိ သဒ္ဓမ္မံ အဘဗ္ဗော နိယာမံ ဩက္ကမိတုံ ကုသလေသု ဓမ္မေသု သမ္မတ္တံ။ ကတမေဟိ ဆဟိ? ကမ္မာဝရဏတာယ သမန္နာဂတော ဟောတိ၊ ကိလေသာဝရဏတာယ သမန္နာဂတော ဟောတိ၊ ဝိပါကာဝရဏတာယ သမန္နာဂတော ဟောတိ၊ အဿဒ္ဓေါ စ ဟောတိ၊ အစ္ဆန္ဒိကော စ၊ ဒုပ္ပညော စ၊ ဣမေဟိ ခေါ ဘိက္ခဝေ ဆဟိ ဓမ္မေဟိ (ပ) ကုသလေသု သမ္မတ္တံ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဆဟိ ဓမ္မေဟိ။ ခြောက်ပါးသော တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူသည်။ သဒ္ဓမ္မံ၊ သူတော်ကောင်းတရားကို။ သုဏန္တောပိ၊ နာယူမှတ်သား ပွားများအားထုတ်ပါသော်လည်း။ကုသလသု ဓမ္မေသု၊ ကုသိုလ်တရားတို့၌။ သမ္မတ္တံ၊ မဖောက်ပြန်သော သဘောရှိသော။ နိယာမံ၊ မိမိ၏ အခြားမဲ့၌ အကျိုးပေးသောအားဖြင့် မြဲသော အရိယမဂ်တရားသို့။ ဩက္ကမိတုံ၊ သက်ရောက်ခြင်းငှာ။ အဘဗ္ဗော၊ မထိုက်။

ကတမေဟိ ဆဟိ၊ အဘယ်ခြောက်ပါးတို့နည်း ဟူမူကား။ ကမ္မာဝရဏတာယ၊ မဂ်ကို တားမြစ်တတ်သည်၏ အဖြစ်ဟူသော ပဉ္စာနန္တရိယကံနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ ကိလေသာဝရဏတာယ၊မဂ်ကို တားမြစ်တတ်သည်၏အဖြစ်ဟူသော နိယတမိစ္ဆာဒိဋ္ဌိဟူသော ကိလေသာနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ ဝိပါကာဝရဏတာယ၊ မဂ်ကို တားမြစ်တတ်သည်၏ အဖြစ်ဟူသော အဟိတ်, ဒွိဟိတ်ပဋိသန္ဓေဟူသော ဝိပါက်နှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ အဿဒ္ဓေါ စ၊ သဒ္ဓါတရားမရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ အစ္ဆန္ဒိကော စ၊ မဂ်ကိုရအောင် အားထုတ်ဖို့ရန် ထက်သန်သော ဆန္ဒမရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဒုပ္ပညော စ၊ လောကုတ္တရာ၏ အခြေခံဖြစ်သော ဘဝင်ပညာမရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။

[illegible]ခဝေ၊ ရဟန်းတို့။ ဣမေဟိ ဆဟိ ဓမ္မေဟိ၊ ဤတရားခြောက်ပါးတို့ နှင့်။ သ[illegible]တော၊ ပြည့်စုံသော ပုဂ္ဂိုလ်သည်။ (ပ) အဘဗ္ဗော၊ မထိုက်။

ထို့အတူ အဘိဓမ္မာဝိဘင်းပါဠိတော်၌လည်း-

ကတမေ သတ္တာ အဘဗ္ဗာ၊ ယေ တေ သတ္တာ ကမ္မာဝရဏေန သမန္နာဂတာ၊ ကိလေသာဝရဏေန သမန္နာဂတာ၊ ဝိပါကာဝရဏေန သမန္နာဂတာ၊ အဿဒ္ဓါ၊ အစ္ဆန္ဒိကာ၊ ဒုပ္ပညာ အဘဗ္ဗာ နိယာမံ ဩက္ကမိတုံ ကုသလေသု

ဓမ္မေသု သမ္ပတ္တံ၊ ကွမေ တေ အဘဗ္ဗာ။ (အဘိ၊ ၂။ ၃၅၅)-
ဟူ၍ ဟောတော်မူသည်။

ဤဒေသနာတို့အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်တို့သည် ဤဘဝ၌ မည်မျှ ပင်တရားနာနာ, မည်မျှပင် တရားအားထုတ်အားထုတ် မဂ်ဖိုလ်ကို မရနိုင်ပေ။

၁။ အမေသတ်ခြင်းစသော ပဉ္စာနန္တရိယကံရှိသူ။
၂။ နိယတမိစ္ဆာဒိဋ္ဌိရှိသူ။
၃။ အဟိတ်, ဒွိဟိတ်ပဋိသန္ဓေရှိသူ။
၄။ သဒ္ဓါတရား မရှိသူ။
၅။ မဂ်ကိုရအောင် အားထုတ်ရန် ဆန္ဒမရှိသူ။
၆။ လောကုတ္တရာ၏ အခြေခံဖြစ်သော ဘဝင်ပညာမရှိသူ။

ထိုမှတပါး မြတ်ဗုဒ္ဓ၏ အောက်ပါဟောကြားချက်ကိုလည်း သတိပြုသင့်ပေသည်။

စတ္တာရောမေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ။ ကတမေ စတ္တာရော။ ဉဂ္ဃဋိတညူ ဝိပဉ္စိတညူ နေယျော ပဒပရမော။ ဣမေ ခေါ ဘိက္ခဝေ စတ္တာရော ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိန္တိ။
(အံ၊ ၁။ ၄၅၂)

ကတမော စ ပုဂ္ဂလော ဉဂ္ဃဋိတညူ။ ယဿ ပုဂ္ဂလဿ သဟ ဥဒါဟဋဝေလာယ ဓမ္မာဘိသမယော ဟောတိ။ အယံ ဝုစ္စတိ ပုဂ္ဂလော ဉဂ္ဃဋိတညူ။(ပ)

ကတမော စ ပုဂ္ဂလော ပဒပရမော၊ ယဿ ပုဂ္ဂလဿ ဗဟုမ္ပိ သုဏတော ဗဟုမ္ပိ ဘဏတော ဗဟုမ္ပိ ဓာရယတော ဗဟုမ္ပိ ဝါစယတော န တာယ ဇာတိယာ ဓမ္မာဘိသမယော ဟောတိ။ အယံ ဝုစ္စတိ ပုဂ္ဂလော ပဒပရမော။
(အဘိ၊ ၄။ ၁၄၇။ အံ၊ ၅၊ ၂။ ၃၃၇)

ဘိက္ခဝေ၊ ရဟန်းတို့။ စတ္တရော၊ လေးမျိုးကုန်သော။ ဣမေ ပုဂ္ဂလာ၊ ဤပုဂ္ဂိုလ်တို့သည် (ဝါ) ဤပုဂ္ဂိုလ်တို့ကို။ လောကသ္မိံ၊ လောက၌။ သန္တော၊ ထင်ရှားရှိကုန်၏။ သံဝိဇ္ဇမာနာ၊ ရအပ်ကုန်၏။ ကတမေ စတ္တာရော၊ အဘယ်လေးမျိုးတို့နည်းဟူမူ။ ဉဂ္ဃဋိတညူ။ ဉဂ္ဃဋိတညူပုဂ္ဂိုလ်လည်းကောင်း။ ဝိပဉ္စိတညူ၊ ဝိပဉ္စိတညူ ပုဂ္ဂိုလ်လည်းကောင်း။ နေယျော၊ နေယျပုဂ္ဂိုလ်လည်းကောင်း။

ပဒပရမော၊ ပဒပရမ ပုဂ္ဂိုလ်လည်းကောင်းတည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ စတ္တာရော၊ လေးမျိုးကုန် သော။ ဣမေ ပုဂ္ဂလာ၊ ဤပုဂ္ဂိုလ်တို့သည် (ဝါ) ဤပုဂ္ဂိုလ်တို့ကို။ လောကသ္မိံ၊ လောက၌။ သန္တော၊ ထင်ရှားရှိကုန်၏။ **သံဝိဇ္ဇမာနာ၊** ရအပ်ကုန်၏။

ကတမော ပုဂ္ဂလော၊ အဘယ်သို့သော ပုဂ္ဂိုလ်သည်၊ ဥဃ္ဃဋိတညူ။ ဥဃ္ဃဋိတညူပုဂ္ဂိုလ်မည်သနည်း။ ယဿပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်အား။ သဟ ဥဒါဟဋဝေလာယ၊ သတိပဋ္ဌာန်တရားတို့သည် လေးပါးရှိကုန်၏ဟု အကျဉ်းမျှသာ ထုတ်ဆောင်အပ်ရာ ကာလနှင့် တပြိုင်နက် (ဝါ) သတိပဋ္ဌာန်တရားတို့သည် လေးပါးရှိကုန်၏ဟု အကျဉ်းဟောလိုက်သည်နှင့် တပြိုင်နက်။ ဓမ္မာဘိသမယော၊ သစ္စာလေးပါးကို ထိုးထွင်းသိမြင်သည်။ ဟောတိ၊ ဖြစ်၏။ အယံ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်ကို။ ဥဃ္ဃဋိတညူ ဥဃ္ဃဋိတညူပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ (ပ)။

ကတမော ပုဂ္ဂလော၊ အဘယ်ပုဂ္ဂိုလ်သည်။ ပဒပရမော၊ ပဒပရမပုဂ္ဂိုလ်မည်သနည်း။ ယဿ ပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်အား။ ဗဟုမ္ပိ၊ များစွာလည်း။ သုဏတော၊ နာယူပါသော်လည်း။ ဗဟုမ္ပိ၊ များစွာလည်း။ ဘဏတော၊ ရွတ်ဆိုပါသော်လည်း။ ဗဟုမ္ပိ၊ များစွာလည်း။ ဓာရယတော၊ ဆောင်ထားပါသော်လည်း။ ဗဟုမ္ပိ၊ များစွာလည်း။ ဝါစယတော၊ ပို့ချသင်ကြားပါသော်လည်း။ တာယ ဇာတိယာ၊ ထိုဘဝဖြင့် (ဝါ) ထိုဘဝ၌။ ဓမ္မာဘိသမယော၊ သစ္စာလေးပါးကို ထိုးထွင်းသိမြင်သည်။ န ဟောတိ၊ မဖြစ်။ အယံ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်ကို။ ပဒပရမော၊ ပဒပရမပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤဒေသနာတော်အရ လောက၌ ပုဂ္ဂိုလ်လေးမျိုးရှိကြောင်း သိရသည်။ ယင်းပုဂ္ဂိုလ်တို့မှာ-

၁။ ဥဃ္ဃဋိတညူပုဂ္ဂိုလ် = သတိပဋ္ဌာန်တရားတို့သည် လေးပါးရှိကုန်၏ဟု အကျဉ်းဟောပြကာမျှဖြင့် သစ္စာ လေးပါးကိုသိမြင်သောသူ။

၂။ ဝိပဉ္စိတညူပုဂ္ဂိုလ် = သတိပဋ္ဌာန်တရားလေးပါးကို အကျယ်ဟောပြမှ သစ္စာလေးပါးကို သိမြင်သူ။

၃။ နေယျပုဂ္ဂိုလ် = ပါဠိအဋ္ဌကထာတို့ကိုသင်ယူမှတ်သား၍ မိတ်ကောင်း ဆွေကောင်း (ဆရာသမားကောင်း)ကို ဆည်းကပ်ကာ ကိုယ်တိုင်

အပြင်းအထန် ကျင့်ကြံအားထုတ်ပါမှ သစ္စာလေးပါးကို သိမြင်သူ။

၄။ ပဒပရမပုဂ္ဂိုလ် = သတိပဋ္ဌာန်တရား, သစ္စာတရားစသည်တို့ကို များစွာသင်ယူမှတ်သား၍ အပြင်းအထန် ကြိုးစားအားထုတ်ပါသော်လည်း ဤဘဝတွင် ဈာန်, ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ကို မရနိုင်သူတို့ပေတည်း။

ဤလေးယောက်အနက် ပထမ, ဒုတိယ, တတိယပုဂ္ဂိုလ်တို့သည် ပရတောဃောသ, ယောနိသောမနသိကာရ ဟူသော အကြောင်းနှစ်ပါးနှင့် ပြည့်စုံပါလျှင် ဤဘဝ၌ပင် သစ္စာလေးပါးကို (မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကို) ရရှိကြမည်။ စတုတ္ထ ပဒပရမပုဂ္ဂိုလ်ကား ပရတောဃောသ, ယောနိသောမနသိကာရ ဟူသော အကြောင်းနှစ်ပါးနှင့် မည်မျှပင် ပြည့်စုံပါစေ ဤဘဝတွင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကို မဆိုထားဘိ ဈာန်နှင့် ဝိပဿနာဉာဏ်ပင် မဖြစ်ပေါ်နိုင်ပေ။

ထို့ကြောင့်-

ဗျဥ္ဇနပဒမေဝ ပရမံ အဿာတိ ပဒပရမော။ န တာယ ဇာတိယာ ဓမ္မာဘိသမယော ဟောတီတိ တေန အတ္တဘာဝေန ဈာနံ ဝါ ဝိပဿနံ ဝါ မဂ္ဂံ ဝါ ဖလံ ဝါ နိဗ္ဗတ္တေတုံ န သက္ကောတီတိ အတ္ထော။

(အဘိ၊ ဋ္ဌ၊ ၃။ ၇၄။ အံ၊ ဋ္ဌီ၊ ၂။ ၃၃၅)

တေန အတ္တဘာဝေန မဂ္ဂံ ဝါ ဖလံ ဝါ အန္တမသော ဈာနံ ဝါ ဝိပဿနံ ဝါ နိဗ္ဗတ္တေတုံ န သက္ကောတိ။

(သာရတ္ထ၊ ၃။ ၁၅၉)

ဟူ၍ အဋ္ဌကထာ, ဋီကာတို့၌ ဖွင့်ဆိုကြပေသည်။

ဤလေးမျိုးသော ပုဂ္ဂိုလ်တို့အနက် ပထမ, ဒုတိယ, တတိယပုဂ္ဂိုလ်တို့သည် ဤဘဝတွင် ပါရမီပြည့်၍ ဉာဏ်ရင့်ကျက်ကြသောကြောင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ကို ရရှိကြ၍ စတုတ္ထပုဂ္ဂိုလ် (ပဒပရမပုဂ္ဂိုလ်) ကား ပါရမီမပြည့် ဉာဏ်မရင့်ကျက်သေး၍ ဤဘဝ၌ ဈာန်, ဝိပဿနာ, မဂ်, ဖိုလ်တို့ကို မရနိုင်ပါပေ။

ထို ပဒပရမပုဂ္ဂိုလ်သည် ဤဘဝ၌ ဈာန်, ဝိပဿနာ, မဂ်, ဖိုလ်ကို မရနိုင်သော်လည်း နောင်အခါ နိဗ္ဗာန်ရရေး အထုံဝါသနာပါရေးအတွက် ထိုကဲ့သို့သော ပုဂ္ဂိုလ်များကိုလည်း ဘုရားရှင် တရားဟောတော်မူလေ့ရှိပါသည်။

ထို့ကြောင့် သာရတ္ထဋီကာ၌ အောက်ပါအတိုင်း ဖွင့်ဆိုထားပေသည်။

တတ္ထ တိဏ္ဏံ ပုဂ္ဂလာနံ ဣမသ္မိံယေဝ အတ္တဘာဝေ ဘဂဝတော ဓမ္မဒေသနာ အတ္ထံ သာဓေတိ၊ ပဒပရမာနံ အနာဂတတ္ထာယ ဝါသနာ ဟောတိ။

(သာရတ္ထ၊ ၃။ ၁၅၉)

ယဒိ ဘဂဝါ ဓမ္မရတနာဝဿံ ဝဿိ၊ အထ ကသ္မာ သော ဝိသေသံ နာဓိဂစ္ဆိ? ဥပနိဿယသမ္ပတ္တိယာ အဘာဝတော။ ယဒိ ဧဝံ ကသ္မာ ဘဂဝါ တဿ တထာ ဓမ္မရတနာဝဿံ ဝဿီတိ? ဝုစ္စတေ-ယဒိပိ တဿ ဝိသေသာဓိဂမော နတ္ထိ၊ အာယတိံ ပန နိဗ္ဗာနာဓိဂမတ္ထာယ ဝါသနာဘာဂိယာ စ သဗ္ဗာ ပုရိမပစ္ဆိမဓမ္မကထာ အဟောသီတိ ဒဋ္ဌဗ္ဗာ။ န ဟိ ဘဂဝတော နိရတ္ထကာ ဓမ္မဒေသနာ အတ္ထိ။

(သာရတ္ထ၊ ၃။ ၄၅၈)

တတ္ထ၊ ထိုလေးယောက်သော ပုဂ္ဂိုလ်တို့တွင်။ တိဏ္ဏံ၊ သုံးယောက်ကုန်သော။ ပုဂ္ဂလာနံ၊ ဥဃဋိတညူ, ဝိပဉ္စိတညူ, နေယျပုဂ္ဂိုလ်တို့အား (ဝါ) တို့၏။ ဣမသ္မိံယေဝ အတ္တဘာဝေ၊ ဤဘဝ၌ပင်လျှင်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဓမ္မဒေသနာ၊ တရားဒေသနာသည်။ အတ္ထံ၊ မဂ်, ဖိုလ်ဟူသော အကျိုးကို။ သာဓေတိ၊ ပြီးစေ၏။ ပဒပရမာနံ၊ ပဒပရမပုဂ္ဂိုလ်တို့အား (တို့၏)။ အနာဂ တတ္ထာယ၊ နောင်အနာဂတ် အကျိုးငှါ။ ဝါသနာ၊ ဝါသနာ (အထုံ, အလေ့အလာ) သည်။ ဟောတိ၊ ဖြစ်၏။

ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဓမ္မရတနဝဿံ၊ တရားရတနာတည်းဟူသော မိုးကို။ ယဒိ ဝဿိ၊ အကယ်၍ ရွာချသည်ဖြစ်အံ့။ အထ၊ ထိုသို့ တရားမိုးကို ရွာချပေးပါလျက်။ ကသ္မာ၊ အဘယ့်ကြောင့်။ သော၊ ထို ဝေရဉ္ဇာပုဏ္ဏားသည်။ ဝိသေသံ၊ မဂ်, ဖိုလ်တရားထူးကို။ နာဓိဂစ္ဆိ၊ မရပါသနည်း။ ဥပနိဿယသမ္ပတ္တိယာ၊ မဂ်, ဖိုလ်ရခြင်းအကြောင်း အားကောင်းသော ပါရမီကုသိုလ် ပြည့်စုံခြင်း၏။ အဘာဝတော၊ မရှိခြင်းကြောင့် တည်း။

ယဒိ ဧဝံ၊ ယင်းသို့ဖြစ်လျှင်။ ကသ္မာ၊ အဘယ့်ကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ တဿ၊ ထိုဝေရဉ္ဇာပုဏ္ဏားအား။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ ဓမ္မရတနဝဿံ၊ တရားရတနာတည်းဟူသော မိုးကို။ ဝဿိ၊ ရွာချပေးတော်မူပါသနည်း။ ဣတိ၊ ဤသည်ကား အမေးတည်း။ ဝုစ္စတေ၊ အဖြေကိုဆိုအပ်၏။ တဿ၊ ထို ဝေရဉ္ဇာပုဏ္ဏားအား။ ဝိသေသာဓိဂမော၊ တရားထူးကိုရခြင်းသည်။ ယဒိပိ နတ္ထိ၊ အကယ်၍ကား မရှိ။ပန၊ ထိုသို့ပင် မရှိသော်လည်း။ အာယတိံ၊ နောင်အခါ၌။ နိဗ္ဗာနာဓိဂမတ္ထာယ စ၊ နိဗ္ဗာန်ကို ရခြင်းငှာလည်းကောင်း။ ဝါသနာဘာဂိယာ စ၊ အထုံ ဝါသနာဖြစ်စေခြင်းငှါလည်းကောင်း။ သဗ္ဗာ၊ အလုံးစုံသော။ ပုရိမပစ္ဆိမဓမ္မကထာ၊ ရှေ့နောက်၌ဖြစ်သော တရားဒေသနာတော်သည်။ အဟောသိ၊ ဖြစ်ပြီ။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။ ဟိ၊ မှန်၏၊ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဓမ္မဒေသနာ၊ တရားဒေသနာတော်သည်။ နိရတ္ထကာ၊ တစ်စုံတစ်ရာအကျိုး မရှိသည်။ (တစ်နည်း) နိရတ္ထကာ၊ အကျိုး မရှိသော။ ဓမ္မဒေသနာ၊ တရားဒေသနာတော်မည်သည်။ န အတ္ထိ၊ မရှိသည်သာတည်း။

ဤဖွင့်ဆိုချက်တို့အရ ဝေရဉ္ဇာပုဏ္ဏားကဲ့သို့သော ပဒပရမပုဂ္ဂိုလ်တို့အား ဘုရားရှင်တရားဟောတော်မူခြင်းသည် နောင်အခါ နိဗ္ဗာန်ရရေးအတွက် အားကြီးသော အထောက်အပံ့ဖြစ်စေခြင်း, အထုံ ဝါသနာပါစေခြင်းအတွက် ဟောတော်မူခြင်းဖြစ်ပေသည်။

ဝေရဉ္ဇာပုဏ္ဏားအား မြတ်စွာဘုရားက တရားတော်ကို ဟောပါသော်လည်း မဂ်, ဖိုလ်ရခြင်း၏ အားကြီးသော အကြောင်းဖြစ်သော ကုသိုလ်ပါရမီမပြည့်စုံခြင်းကြောင့် မည်သည့်တရားထူးမျှ မရပါပေ။

ထို့ကြောင့် ကုသိုလ်ပါရမီဟူသော အထောက်အပံ့ကို လုံလုံလောက်လောက်ပြည့်ပြည့်စုံစုံ ဖြည့်ဆည်းထားသူမှသာ ဘုရားတရားတော်ကိုနာရ၍ ကိုယ်တိုင်နှလုံးသွင်း ဆင်ခြင်အားထုတ်ခြင်းဟူသော အကြောင်းနှစ်ပါးနှင့် ပြည့်စုံလျှင် ဝိပဿနာ ဉာဏ်, မဂ်ဉာဏ်တို့ကို ရနိုင်ပေသည်။

မဟာနေသူဌေးသား ဇနီးမောင်နှံသည် ဤဘဝတွင် ရဟန္တာနှင့် အနာဂါမ်အထိဖြစ်နိုင်သော ပါရမီကုသိုလ် အပြည့်အဝရှိသော်လည်း ပရဟော ယောသ, ယောနိသောမနသိကာရဟူသော အကြောင်းနှစ်ချက် ချို့တဲ့သောကြောင့် မည်သည့် မဂ်, ဖိုလ်မှ မရခဲ့ကြပေ။

ဤသည်တို့ကို ထောက်၍-
ပါရမီလည်းပြည့်မှ, အာနန္ဒရိယကံနှင့် နိယတမိစ္ဆာဒိဋ္ဌိလည်းကင်းမှ, သဒ္ဓါတရားလည်းအားကောင်းမှ, မဂ်, ဖိုလ်ရရန် ထက်သန်သော ဆန္ဒလည်းရှိမှ, တိဟိတ်ပုဂ္ဂိုလ်ဖြစ်၍ ပရတောဃောသ, ယောနိသောမနသိကာရဟူသော အကြောင်းနှစ်ပါးနှင့်လည်း ပြည့်စုံမှ ဤဘဝတွင် မဂ်, ဖိုလ်ရနိုင်ပေသည်။

စုဒိတကဆရာတော်တို့က မိုးကုတ်ဆရာတော်ကြီးသည် "ပါရမီမလို ဉာဏ်သာလိုသည်ဟု ဟောလေ့ ရှိကြောင်း" တင်ပြကြလေသည်။

ယင်းစကားသည် ပါရမီ၏သဘော ဉာဏ်၏သဘောတို့ကို နားမလည်၍ ဆိုသည့် စကားသာ ဖြစ်သည်။ ဘုရားအလောင်းတော်များပဲဖြစ်ဖြစ်, ပစ္စေကဗုဒ္ဓါအလောင်း, အဂ္ဂသာဝကအလောင်း, မဟာသာဝကအလောင်း ပကတိသာဝကအလောင်း များပဲဖြစ်ဖြစ် ဗောဓိဉာဏ် (မဂ်ဉာဏ်)ကို ရလိုသောကြောင့် ဒါန, သီလစသော ပါရမီတို့ကို ဖြည့်ကျင့်ကြခြင်း ဖြစ်ပေသည်။ ပါရမီမပြည့်စုံက ဉာဏ်လည်း မရင့်ကျက်နိုင်ပေ။ ဉာဏ်မရင့်ကျက်က မဂ်ဉာဏ်ကို မရနိုင်ပေ။

သို့ဖြစ်၍ ထေရဂါထာအဋ္ဌကထာ, သာရတ္ထဋီကာတို့၌ ဖော်ပြပါအတိုင်း ဖွင့်ဆိုကြလေသည်။

> ကိံ ပန သဗ္ဗေန သဗ္ဗံ ပုဗ္ဗဟေတုသမ္ပတ္တိယာ ဝိနာ သစ္စာဘိသမ္ဗောဓော သမ္ဘဝတီတိ? န သမ္ဘဝတိ။ န ဟိ ဥပနိဿယသမ္ပတ္တိရဟိတဿ အရိယမဂ္ဂါဓိဂမော အတ္ထိ တဿ သုဒုက္ကရဒုရဘိသမ္ဘဝသဘာဝတော။
> (ထေရ၊ ဋ္ဌ၊ ၂။ ၅၄၀)

> ဥပနိဿယသမ္ပတ္တိန္တိ တိဟေတုကပဋိသန္ဓိအာဒိကံ မဂ္ဂဖလာဓိဂမဿ ဖလဝကာရဏံ။ (သာရတ္ထ၊ ၁။ ၂၉၃။ ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၂၄၀)

ပန၊ မေးဦးအံ့။ သဗ္ဗေန သဗ္ဗံ၊ အချင်းခပ်သိမ်း။ ပုဗ္ဗဟေတုသမ္ပတ္တိယာ၊ ရှေးအကြောင်းကံ (ပါရမီ) ၏ ပြည့်စုံခြင်းကို။ ဝိနာ၊ ကြဉ်၍။ သစ္စာဘိသမ္ဗောဓော၊ သစ္စာကို ထိုးထွင်းသိမြင်ခြင်းသည်။ သမ္ဘဝတိကိံ၊ ဖြစ်နိုင်ပါသလော။ ဣတိ၊ ဤသည်ကား အမေးတည်း။

သဗ္ဗေန သဗ္ဗံ၊ အချင်းခပ်သိမ်း။ ပုဗ္ဗေဟေတုသမ္ပတ္တိယာ၊ ရှေးအကြောင်းကံ (ပါရမီ) ၏ ပြည့်စုံခြင်းကို။ ဝိနာ၊ ကြဉ်၍။ သစ္စာဘိသမ္ဗောဓော၊ သစ္စာကို ထိုထွင်းသိမြင်ခြင်းသည်။ န သမ္ဘဝတိ၊ မဖြစ်နိုင်။

ဟိ၊ မှန်၏။ ဥပနိဿယသမ္ပတ္တိရဟိတဿ၊ တိဟိတ်ပဋိသန္ဓေနေခဲ့ခြင်းစသော မဂ်, ဖိုလ်ရခြင်း၏ အားကြီးသော အကြောင်း ကင်းသောပုဂ္ဂိုလ်အား။ အရိယမဂ္ဂါဓိဂမော၊ အရိယာမဂ်ကို ရခြင်းသည်။ န အတ္ထိ၊ မရှိ။ ကသ္မာ၊ အဘယ့်ကြောင့် နည်းဟူမူကား။ တဿ၊ ထိုအရိယာမဂ်ကို ရခြင်း၏။ သုဒုက္ကရဒုရဘိသမ္ဘဝ သဘာဝတော၊ အလွန်ပြုနိုင်ခဲ (ရနိုင်ခဲ)သော သဘော, ဖြစ်စေခြင်းငှါ ခက်သောသဘောရှိသည်၏ အဖြစ်ကြောင့်တည်း။

(ထေရဂါထာအဋ္ဌကထာအနက်)

ဥပနိဿယသမ္ပတ္တိန္တိ၊ ဥပနိဿယသမ္ပတ္တိံဟူသည်ကား။ တိဟေတုကပဋိသန္ဓိအာဒိကံ၊ တိဟိတ်ပဋိသန္ဓေနေခြင်းအစရှိသော။ မဂ္ဂဖလာဓိဂမဿ၊ မဂ်, ဖိုလ်ကို ရခြင်း၏။ ဗလဝကာရဏံ၊ အားကြီးသော အကြောင်းကို။

(သာရတ္ထဋီကာအနက်)

ထို့ပြင် အောက်ဖော်ပြလတ္တံ့ပါ အဋ္ဌကထာ, ဋီကာတို့အရလည်း ပါရမီ မပါလျှင် မည်သည့် ဉာဏ်ကိုမျှ မရနိုင်ကြောင်း သိနိုင်ပေသည်။

ဧဝံ ဝိဝဋ္ဋူ ဥဒ္ဒိဿ ဥပ္ပါဒိတကုသလစိတ္တံ သတသဟဿာဓိကစတု အသင်္ချေယျကာလန္တရေ ဝိမောက္ခာဓိဂမဿ ဥပနိဿယော န ဟောတီတိ န သက္ကာ ဝတ္တုံ။ (ထေရ၊ ဋ္ဌ၊ ၂။ ၅၄)

ပစ္စေကဗောဓိယာ ဥပနိဿယသမ္ပဒါ ကပ္ပါနံ ဒွေ အသင်္ချေယျာနိ သတသဟဿဥ္စ တဒနုရူပညာဏသမ္ဘာရသမ္ဘရဏံ၊ သာဝကဗောဓိယံ အဂ္ဂသာဝကာနံ ဧကံ အသင်္ချေယျံ ကပ္ပသတသဟဿဥ္စ၊ မဟာသာဝကာနံ ကပ္ပသတသဟဿမေဝ တဒနုရူပံ သမ္ဘရဏံ၊ ကတာဓိကာရတာ အတီတာသု ဇာတီသု ဝိဝဋ္ဋူပနိဿယဝသေန ကာလနိယမမန္တရေန နိဗ္ဗတ္တိတံ နိဗ္ဗေဓဘာဂိယံ ကုသလံ။

(ဒီ၊ ဋီ၊ ၁။ ၂၄၆။ သီ၊ ဋီ၊ သစ်၊ ၂။ ၈၉။ မ၊ဋီ၊ ၁။ ၃၅။ သံ၊ ဋီ၊ ၂။ ၄၆၁)

ဧဝံ၊ ဤသို့။ ဝိဝဋ္ဋံ၊ ဝဋ်ကင်းရာနိဗ္ဗာန်ကို။ ဥဒ္ဒိဿ၊ ရည်ရွယ်မှန်းထား၍။ ဥပ္ပါဒိတကုသလစိတ္တံ၊ ဖြစ်စေအပ်သော ကုသိုလ်စိတ်သည်။ သတသဟဿာ

မိကစတုအသင်္ချေယျကာလန္တရေ၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်း၌။ ဝိမောက္ခာမိဂမသာ၊ အရဟတ္တဖိုလ်ကိုရခြင်း၏။ ဥပနိဿယော၊ အားကောင်း (အားကြီး) သောအကြောင်းသည်။ န ဟောတိ၊ မဖြစ်။ က္တတိ၊ ဤသို့။ ဝတ္တုံ။ ဆိုခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။ (ထေရဂါထာအဋ္ဌကထာအနက်)

ပစ္စေကဗောဓိယာ၊ ပစ္စေကဗောဓိဉာဏ်၏။ ဥပနိဿယသမ္ပဒါ၊ အားကောင်းသော အကြောင်း (ဥပနိဿယ)၏ ပြည့်စုံခြင်းဟူသည်။ ကပ္ပါနံ၊ မဟာကပ်တို့၏။ ဒွေအသင်္ချေယျာနိ၊ နှစ်အသင်္ချေတို့ပတ်လုံးလည်းကောင်း။ သတသဟဿဥ္စ၊ တစ်သိန်းတို့ပတ်လုံးလည်းကောင်း။ တဒ္ဓံ ထိုပစ္စေကဗောဓိဉာဏ်အား လျောက်ပတ်သော။ ပုညဉာဏသမ္ဘာရသမ္ဘရဏံ၊ ပစ္စေကဗောဓိဉာဏ်၏ အကြောင်းအထောက်အပံ့ ဖြစ်သော ပါရမီကုသိုလ်တရားတို့ကို ဆည်းပူးအားထုတ်ခြင်းတည်း။

သာဝကဗောဓိယံ၊ သာဝကဗောဓိဉာဏ်အရာ၌။ အဂ္ဂသာဝကာနံ၊ အဂ္ဂသာဝကတို့အား (ဝါ) တို့၏။ ဧကံအသင်္ချေယျံ။တစ်သင်္ချေပတ်လုံးလည်းကောင်း။ ကပ္ပသတသဟဿဥ္စ၊ ကမ္ဘာတစ်သိန်းပတ်လုံးလည်းကောင်း။ တဒ္ဓံ၊ ထိုအဂ္ဂသာဝကဉာဏ်အားလျောက်ပတ်သော။ ပုညဉာဏသမ္ဘာရသမ္ဘရဏံ၊ အဂ္ဂသာဝကဉာဏ်၏ အကြောင်းအထောက်အပံ့ဖြစ်သော ပါရမီကုသိုလ်တရားတို့ကို ဆည်းပူးအားထုတ်ခြင်းသည်။ ဥပနိဿယသမ္ပဒါ၊ ဥပနိဿယနှင့်ပြည့်စုံခြင်းမည်၏။

မဟာသာဝကာနံ၊ မဟာသာဝကတို့အား (ဝါ) တို့၏။ကပ္ပသတသဟဿမေဝ၊ ကမ္ဘာတစ်သိန်းပတ်လုံးသာလျှင်။တဒ္ဓံ၊ ထိုမဟာသာဝကဉာဏ်အား လျောက်ပတ်သော။ သမ္ဘရဏံ၊မဟာသာဝကဉာဏ်၏အကြောင်း အထောက်အပံ့ဖြစ်သော ပါရမီကုသိုလ်တရားတို့ကို ဆည်းပူးအားထုတ်ခြင်းသည်။ ဥပနိဿယသမ္ပဒါ၊ ဥပနိဿယနှင့်ပြည့်စုံခြင်းမည်၏။

က္တတရေသံ၊ ပကတိသာဝကတို့အား (ဝါ) တို့၏။ အတီတာသု ဇာတီသု၊ ရှေးဘဝများစွာတို့၌။ ဝိဝဋ္ဋူနိဿယဝသေန၊ ဝဋ်ကင်းရာ နိဗ္ဗာန်သက်သက်ကိုသာ မှီသည်၏ အစွမ်းဖြင့်။ ကာလနိယမံ၊ ပါရမီဖြည့်ရမည့် ကာလသတ်မှတ်ချက်ကို။ အန္တရေန၊ ကြဉ်၍။ နိဗ္ဗတ္တိတံ၊ ဖြစ်စေအပ်သော။ နိဗ္ဗေဓဘာဂိယံ၊ ကိလေသာကို

ဖောက်ခွဲဖျက်ဆီးခြင်းအဖို့၌ တည်သော။ ကုသလ်၊ ကုသိုလ်သည်။ ဥပနိဿယ သမ္ပဒါ၊ ဥပနိဿယနှင့်ပြည့်စုံခြင်းမည်၏။

**ပါရမီမပါ ဘာမျှမရ**

ပါရမီဟူသည် ဆိုခဲ့ပြီးအတိုင်း မြင့်မြတ်သောပုဂ္ဂိုလ်တို့၏ ကျင့်စဉ်ဖြစ်ရာ ဗောဓိဉာဏ်သုံးမျိုးတို့တွင် မည်သည့် ဗောဓိဉာဏ်ကို လိုချင်လိုချင် ဒါန, သီလစသော ပါရမီကုသိုလ်တို့ကို ဖြည့်ရမည်သာဖြစ်သည်။ထိုသို့ဖြည့်ကျင့်ရာ၌လည်း တစ်ဘဝ နှစ်ဘဝစသည်ဖြင့် အနည်းငယ်မျှဖြည့်ရုံဖြင့် ထိုဗောဓိဉာဏ်ကို မရနိုင်ကြပေ။ လုံလောက်ပြည့်စုံအောင် ဘဝပေါင်းများစွာ ဖြည့်ကျင့်မှသာ ရနိုင်ပေသည်။

"န ဟိ ဥပနိဿယ သမ္ပတ္တိရဟိတဿ အရိယမဂ္ဂါဓိဂမော အတ္ထိ" ဟူသည်နှင့်အညီ ဥပနိဿယသမ္ပတ္တိကင်းသူအား အရိယမဂ်ကို မရနိုင်သောကြောင့် ဥပနိဿယသမ္ပတ္တိဖြစ်အောင် ကြိုးစားအားထုတ်သူတို့သာ အရိယမဂ်ကို ရနိုင်ပေသည်။

"ပကတိသာဝကတို့အတွက် ပါရမီဖြည့်ရမည့်ကာလ အပိုင်းအခြားမရှိ" ဟူသောစကားသည် ပါရမီဖြည့်စရာမလိုဟူသော အနက်ကိုလည်းကောင်း၊ အနည်းငယ်မျှသာပါရမီဖြည့်ရမည်ဟူသောအနက်ကိုလည်းကောင်း မပြပေ။ အဂ္ဂသာဝက မဟာသာဝကတို့ကဲ့သို့ ကာလပိုင်းခြားချက် မရှိခြင်းကိုသာ ပြပေသည်။

ထိုသို့ကာလအပိုင်းအခြားသတ်မှတ်ချက်မရှိသောကြောင့် အချို့ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ အချို့ကမ္ဘာတစ်သိန်း၊ အချို့ ၉၁- ကမ္ဘာစသည်ဖြင့် ကမ္ဘာချီ၍ ဖြည့်ကြရသော ပကတိသာဝကများရှိသကဲ့သို့ ဗုဒ္ဓန္တရခေတ်တစ်ခေတ်ဟူသော ဘဝပေါင်းများစွာ ပါရမီဖြည့်ခဲ့ကြရသော ပကတိသာဝကများလည်းရှိပေသည်။

ဤနေရာ၌ ရာဇဂုရု၊ ရာဇာဓိရာဇဂုရု၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ကျမ်းပေါင်းများစွာကို ပြုစုတော်မူသွားသည့် ဒုတိယမြောက် ရွှေကျင်သာသနာပိုင် မန္တလေး မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏-

ဤသမထအရာသည် ဝိပဿနာ, မဂ်, ဖိုလ်တို့ကဲ့သို့ ပါရမီကို ငဲ့သည် မဟုတ်၊ တိဟိတ် မှန်က ဝီရိယသာပဓာနဖြစ်သည် ဟူသော ပရမတ္ထသရူပ ဘေဒနီ (ဒုတိယတွဲ၊ နှာ-၂၀၀) လာ စကားကိုလည်း မှတ်အပ်ပေသည်။

ဆရာတော်ဘုရားကြီး၏ ဆိုလိုရင်းမှာ သမထအရာ၌ တိဟိတ်ပုဂ္ဂိုလ်မှန်လျှင် ဝီရိယသန်သန်ဖြင့် ကြိုးစားအားထုတ်ပါက ဈာန်အဘိညာဉ်တို့ကို ရနိုင်သည်၊ ပါရမီပြည့်စုံဖို့မလို။ ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရရေး ၌ကား တိဟိတ်ပုဂ္ဂိုလ်ဖြစ်ကာမျှ၊ ကြိုးစားအားထုတ်ကာမျှဖြင့် မရနိုင်။ တိဟိတ်ပုဂ္ဂိုလ်လည်းဖြစ်၊ ကြိုးစားအားထုတ်မှုလည်းရှိ၊ ပါရမီလည်းပြည့်ပါမှ ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ကို ရနိုင်သည်ဟု ဆိုလိုပေသည်။

## ဇွဲသန်သန်ဖြင့် ကြိုးစားသင့်

ပါရမီပြည့်ရေး၌ ဉာဏ်နှင့်ဝီရိယသည် လွန်စွာအရေးကြီးပေသည်။ ဉာဏ် ဝီရိယ အရင်းတည်၍ သဒ္ဓါတရား ထက်ထက်သန်သန်ဖြင့် ကလျာဏမိတ္တကို အမှီပြုပြီး နည်းမှန်လမ်းမှန် ကျင့်ကြံအားထုတ်ပါလျှင် ပါရမီမပြည့်သေးသော ပုဂ္ဂိုလ်များလည်း ပါရမီဘက်က တိုးတက်လာနိုင်၍ မဂ်ဖိုလ်ရရန်နီးစပ်နေသော ပုဂ္ဂိုလ်များလည်း ပါရမီမြန်မြန်ပြည့်ကာ မဂ်ဖိုလ်နိဗ္ဗာန်ကို မြန်မြန် မျက်မှောက်ပြုနိုင်ကြမည် ဖြစ်ပေသည်။ ထို့ကြောင့် ဘုရားသာသနာနှင့် တွေ့ကြုံရခိုက် ပါရမီမြောက် ကုသိုလ်တရားတို့ကို သဒ္ဓါ ဝီရိယ ဉာဏ် ထက်ထက်သန်သန်ဖြင့် နည်းမှန်လမ်းမှန် ကျင့်ကြံအားထုတ်သင့်ပေသည်။

## မေတ္တာကြီးမားသော မိုးကုတ်ဆရာတော်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး ဦးဝိမလသည်ပရိယတ္တိသာသနာ ပြန့်ပွားရေးအတွက် အဘိဓမ္မာ ညဝါကျမ်းများကို နှစ်ပေါင်းများစွာပို့ချခဲ့၏။ ပဋိပတ္တိ သာသနာထွန်းကားပြန့်ပွားရေးအတွက်လည်း ကိုယ်တိုင်ကျင့်ကြံအားထုတ်ပြီး နှစ်ပေါင်းများစွာ ခန္ဓာဉာဏ်ရောက် တရားများကို ဟောကြားတော်မူခဲ့၏။ ဆရာတော်သည်တရားဟောရာ၌ လွန်စွာစိတ်ပါတော်မူလှ၏။ နာကြားရသူ ရဟာန်းရှင်လူတို့ နားတွင်းသို့ ပက်သွင်းလိုက်သကဲ့သို့ ထိထိမိမိ ရှင်းရှင်းလင်းလင်း ဟောပြတော်မူတတ်၏။ ထို့ကြောင့် နာကြာရသူတို့ သဒ္ဓါတရားထက်သန်စွာ ဖြစ်ကြရ၏။

"ပကတိသာဝကဉာဏ်အရာမှာ ပါရမီမလို" ဟူသော ဟောပြောချက်သည် မိုးကုတ်ဆရာတော်ကြီး ဦးဝိမလ၏ ကြီးမားသော မေတ္တာကို အခြေခံ၍ ပေါ်ပေါက်လာရခြင်းဖြစ်၏။ ဆရာတော်က သာသနာနှင့်တွေ့ကြုံမှသာ ရပိုင်ခွင့် ရှိသည့် ဝိပဿနာဉာဏ်, မဂ်ဉာဏ်တို့ကို ဖြစ်နိုင်ပါက ဒီဘဝမှာပင် ရစေလိုသော စေတနာအားကြီးလှသဖြင့် "ငါတို့က ပါရမီနည်းပါသေးတယ်" ဟု စိတ်အားငယ်

နေသော ပုဂ္ဂိုလ်များ စိတ်ရွှင်လန်းတက်ကြွလာအောင် "ပကတိသာဝကဉာဏ် အရာမှာ ပါရမီမလိုဘူး၊ ကြိုးစားအားထုတ်ဖို့သာ လိုသည်၊ သစ္စာတရားကို နာကြား နိုင်သော ဉာဏ်နားလည်းရှိ၊ သစ္စာတရားကို ဟောပြသည့် ဆရာသမားထံမှ သစ္စာတရားကိုလည်း နာယူရ၊ မိမိကိုယ်တိုင်ကလည်း ကြိုးစားအားထုတ်မှုရှိပါ လျှင် ဒီဘဝမှာပင် ဝိပဿနာဉာဏ် မဂ်ဉာဏ်ရနိုင်သည်"ဟု အားပေးဟောကြား ရာမှ "ပကတိသာဝကဉာဏ်အရာမှာ ပါရမီမလို" ဟူသော ဟောပြောချက်ပေါ် ထွက်လာရပေသည်။

**မေတ္တာစေတနာကြီးရုံဖြင့်မပြီး**

ဟောပြောသည့်ပုဂ္ဂိုလ်က မေတ္တာစေတနာအားကြီးစွာဖြင့် မည်မျှဟောပြော-ဟောပြော၊ နာယူသူပုဂ္ဂိုလ်၏ ပါရမီဓာတ်ခံက ညံ့နေသော်လည်းကောင်း၊ တိဟိတ် ပုဂ္ဂိုလ်မဟုတ်ခဲ့သော်လည်းကောင်း၊ အနန္တရိယကံ နိယတမိစ္ဆာဒိဋ္ဌိ အခံရှိနေခဲ့ သော်လည်းကောင်း မည်သည့်တရားထူးကိုမျှ မရနိုင်ပေ။

မိုးကုတ်ဆရာတော်ကြီးဦးဝိမလ၏ "ပကတိသာဝကဉာဏ်အရာမှာ ပါရမီ မလို" ဟူသော ဟောပြောချက်သည် ပါရမီအရေးမကြီးသကဲ့သို့ ဖြစ်နေပေ သည်။ ပါရမီမပါဘဲ သာဝကပါရမီဉာဏ်ကို ရနိုင်သည်ဟူသော လွဲမှားသော အယူအဆကိုလည်း ဖြစ်စေပေသည်။ မိုးကုတ်ဆရာတော်ကြီးဦးဝိမလ၏ ဤဟော ပြောချက်ကို မိုးကုတ်ဓမ္မကထိကတိုင်းက ဟောနေသဖြင့် ကြားနာရ သူတို့၏ အသိဉာဏ်ဝယ် ထို လွဲမှားသော အယူအဆ စွဲကပ်နေမည်မှာ သေချာ ပေသည်။

ထို့ကြောင့် မေတ္တာစေတနာအားကြီးရုံဖြင့် မပြီး၊ ဗုဒ္ဓ၏ဟောတော်မူချက်နှင့် လည်း ညီညွတ်မှသာ ပညာရှင်တို့ ချီးမွမ်းဖွယ် နှစ်သက်ဖွယ်ဖြစ်နိုင်သည်။ သာသနာတော်အတွက်လည်း ကျေးဇူးများနိုင်ပေသည်။ ဗုဒ္ဓ၏ ဒေသနာတော် များနှင့် မညီညွတ်လျှင်ကား နှစ်သက်ဖွယ် မြတ်နိုးဖွယ် ဖြစ်မည်မဟုတ်ပေ။ သာသနာတော်အတွက်လည်း တစ်စုံတစ်ခုသော အတိုင်းအတာထိ ဆိုးကျိုးဖြစ် စေနိုင်ပေသည်။

ဤနေရာ၌ စုဒိတကဆရာတော်များ၏ တင်ပြချက် ရှေ့နောက်မညီပုံကို အနည်းငယ်မျှ ပြဆိုပါဦးမည်။ စုဒိတကဆရာတော်တို့က သောနောလွှာ စာမျက်နှာ (၆) ၌ ပါရမီဟူသောစကားသည် ပကတိသာဝကများအတွက် အဓိကထား၍ပြောရမည့် စကားမဟုတ်ပါဟု ပါရမီမလိုကြောင်းတင်ပြပြီး

စာမျက်နှာ (၇) ၌မူ "ဘဝအဆက်ဆက် ဘုရားအဆူဆူတို့၏ သာသနာနှင့် ကြုံတွေ့လာသူများသည် ဝိပဿနာပညာမရှိလျှင်သာနေရမည်၊ ဒါနသီလစသော ကုသိုလ်များကား အနည်းနှင့်အများ ပြုခဲ့ကြဖူးသည်သာ ဖြစ်ပါသည်၊ လူ့ဘဝကို ရရှိခြင်း၊ ဘုရားသာသနာတော်နှင့် ကြုံကြိုက်ရခြင်း၊ သစ္စာတရားနာကြားခွင့် ရခြင်းသည်ပင် ဒါနသီလစသောကောင်းမှု ဥပနိဿယရှိခဲ့ကြလို့သာ ဖြစ်ပါသည်။ ပါရမီရှိခဲ့လို့ဟု ပြောလိုက ပြောနိုင်ပါသည်"ဟု ပါရမီလိုကြောင်း ဝန်ခံကြပြန်သည်။

မည်သို့ပင်ဖြစ်စေ ပါရမီလိုကြောင်း ဝန်ခံကြသည့်အတွက် ဝိနည်းမိုရ်ဆရာတော်တို့က သာဓုခေါ်ပါသည်။

## ဆုံးဖြတ်ချက်

ဆိုခဲ့ပြီးသော ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့ကိုထောက်ရှု၍ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး ဦးဝိမလ၏" ပကတိသာဝကဉာဏ်အရာမှာ ပါရမီမလို" ဟူသောဟောပြောချက်သည် မှားယွင်းသော ဟောပြောချက်ဖြစ်၍ ပကတိသာဝကဉာဏ်အရာမှာ ပါရမီမလိုဟူသောစကားရပ်နှင့်တကွ အလားတူစကားရပ်အားလုံးကို မိုးကုတ် ဆရာတော်ကြီးဦးဝိမလ၏ ဟောပြောချက်တိပ်ခွေများမှလည်းကောင်း၊ ဟောစဉ်တရားစာအုပ်များမှလည်းကောင်း ပယ်ဖျက်ပေးရမည်။ သို့မှသာ ဆရာတော်ကြီး၏ ဟောစဉ်တရားများသည် သန့်ရှင်းသွားမည်ဖြစ်သည်။

## ဆုတောင်းလို-မလို

စောဒကဆရာတော်က အမှတ်(၁) စောဒနာကိုတင်ရာတွင် "ဘုန်းကြီးတွေ ကြွလာလို့ ကန်တော့ကျိုးယူပြန်လို့ရှိရင်လည်း ဝဋ်ဘဝတိုတိုနဲ့ မဂ်ဖိုလ်ရ ရပါလို၏ ဘုရား။ (မှန်ပါဘုရား) လုပ်ပြန်ပြီ ခင်ဗျားတို့ (ပ) ခင်ဗျားတို့ရထားတဲ့ ဆုတောင်းကို ဖျက်ပစ်ရမယ်"ဟူသော ဟောပြောချက်သည်လည်း လွန်လွန်ကဲကဲ ဟောကြားထားခြင်းဖြစ်ကြောင်း ဗုဒ္ဓဘာသာဝင်တို့ အမြတ်တနိုး တန်ဘိုးထားသော ဘာသာရေးကျင့်ဝတ် တစ်ခုဖြစ်၍ ယင်းသို့မဟောပြောသင့်ကြောင်း တင်ပြထားပေသည်။

ဆုတောင်းခြင်းနှင့် စပ်လျဉ်း၍ ပိဋကတော်၌ လေ့လာကြရာ သဗ္ဗညုဘုရားအလောင်းကြီးများမှ စ၍ ပကတိသာဝက အလောင်းများတိုင်အောင်သော

များစွာသော အလောင်းတော် (ဗောဓိသတ္တ) များသည် ဆုတောင်းနှင့် မကင်းကြောင်း ပါရမီဖြည့်စဉ်ကာလတို့၌ ဆုတောင်းခဲ့ကြကြောင်း တွေ့ရှိရပေသည်။

ဆုတောင်းခြင်းဟူသည် မိမိလိုချင်သည့် ကောင်းကျိုးကို မိမိစိတ်၌ စွဲမြဲစေခြင်း (ဝါ) စွဲမြဲအောင်ပြုလုပ်ခြင်းပင်ဖြစ်ပေသည်။ တစ်နည်းအားဖြင့် မိမိဦးတည်ချက်ကို မှန်ကန်အောင်, မိမိလိုချင်သည့် ပန်းတိုင်သို့ ရောက်အောင် စိတ်ကို ထိန်းကျောင်းပေးခြင်းပင်ဖြစ်ပေသည်။

လောကီကောင်းကျိုး (လောကီဆု)ကိုပဲ တောင်းတောင်း၊ လောကုတ္တရာကောင်းကျိုး (လောကုတ္တရာ မဂ်ဖိုလ်နိဗ္ဗာန်ဆု)ကိုပဲ တောင်းတောင်း မိမိ၌ ဆုတောင်းပြည့်ခြင်း၏ အကြောင်း ဒါနသီလစသော ကောင်းမှုများရှိခဲ့လျှင် တောင်းသည့်ဆုအတိုင်း ပြည့်စုံ နိုင်ကြောင်း ကျမ်းဂန်များ၌ ပြဆိုပေသည်။

လက်ကိုလည်းကောင်း, ခြေထောက်ကိုလည်းကောင်း ကောင်းကောင်းစူးနိုင်အောင် စနစ်တကျ ထားအပ်သော ဆူးသည် လက်ခြေတို့ကို ကောင်းစွာ ထိုးဖောက် စူးဝင်နိုင်သကဲ့သို့ ဝဋ်ကင်းရာနိဗ္ဗာန်ကို ဆုတောင်း၍ ပြုအပ်သော ဝိဝဋ္ဋနိဿိတကုသိုလ်သည် နိဗ္ဗာန်ကိုရစေနိုင်သည်၊ လောကီချမ်းသာကို ဆုတောင်း၍ ပြုအပ်သောကုသိုလ်သည် လောကီချမ်းသာအမျိုးမျိုးကို ပေးနိုင်သည်။ မဂ်ဖိုလ် နိဗ္ဗာန်ချမ်းသာကိုကား (တိုက်ရိုက်) မပေးနိုင်ပါပေ။

ထို့ကြောင့်-

"ဧဝမေဝ အပ္ပမတ္တကံ တိဏာမုဋ္ဌိမတ္တဒါနကုသလံ ဝါ ဟောတု, မဟန္တံ ဝေလာမဒါနာဒိကုသလံ ဝါ၊ သစေ ဝဋ္ဋသမ္ပတ္တိံ ပတ္ထေတွာ ဝဋ္ဋသန္နိဿိတဝသေန မိစ္ဆာ ဌပိတံ ဟောတိ၊ ဝဋ္ဋမေဝ အာဟရိတုံ သက္ကောတိ, နော ဝိဝဋ္ဋံ။ "ဣဒံ မေ ဒါနံ အာသဝက္ခယာ ဝဟံ ဟောတူ" တိ ဧဝံ ပန ဝိဝဋ္ဋံ ပတ္ထေန္တေန ဝိဝဋ္ဋဝသေန သမ္မာ ဌပိတံ အရဟတ္တမ္ပိ ပစ္စေကဗောဓိဉာဏမ္ပိ သဗ္ဗညုတဉာဏမ္ပိ ဒါတုံ သက္ကောတိ ယေဝ" (အံ၊ ဋ္ဌ၊ ၁။ ၄၃) ဟူ၍ ဖွင့်ဆိုပေသည်။

ထို့ပြင် ဥပရိပဏ္ဏာသပါဠိတော်၊ သင်္ခါရူပပတ္တိသုတ် (မ၊ ၃။ ၁၄၀-၁၄၆)၌လည်း-

ဣဓ ဘိက္ခဝေ ဘိက္ခု သဒ္ဓါယ သမန္နာဂတော ဟောတိ၊ သီလေန သမန္နာဂတော ဟောတိ၊ သုတေန သမန္နာဂတော ဟောတိ၊ စာဂေန သမန္နာဂတော

ဟောတိ၊ ပညာယ သမန္နာဂတော ဟောတိ၊ တဿ ဧဝံ ဟောတိ "အဟောဝတာဟံ ကာယဿ ဘေဒါ ပရံ မရဏာ ခတ္တိယမဟာသာလာနံ သဟဗျတံ ဥပပဇ္ဇေယျ" န္တိ။ (ပ) တတြူပပတ္တိယာ သံဝတ္တန္တိ။

စသည်ဖြင့် သဒ္ဓါ သီလ သုတ စာဂ ပညာဟူသော တရားငါးပါးရှိနေသူသည် လောကီဆုအမျိုးမျိုးကို တောင့်တတိုင်းတောင့်တတိုင်း ဆုတောင်းတိုင်း ပြည့်စုံနိုင်သကဲ့သို့ ရဟန္တာအဖြစ်ကို တောင့်တလျှင်လည်း ရဟန္တာအဖြစ်ကို ရနိုင်ကြောင်း ဘုရားရှင် မိန့်ကြားတော် မူခဲ့ပေသည်။

ထို့အတူ အဋ္ဌကထာ၌လည်း-

ယဿ ဟိ ပဉ္စ ဓမ္မာ အတ္ထိ၊ န ပတ္ထနာ၊ တဿ ဂတိ အနိဗဒ္ဓါ။ ယဿ ပတ္ထနာ အတ္ထိ၊ န ပဉ္စ ဓမ္မာ၊ တဿပိ အနိဗဒ္ဓါ။ ယထာ ဟိ အာကာသေ ခိတ္တ ဒဏ္ဍော အဂ္ဂေန ဝါ မဇ္ဈေန ဝါ မူလေန ဝါ နိပတိဿတီတိ နိယမော နတ္ထိ။ ဧဝံ သတ္တာနံ ပဋိသန္ဓိဂ္ဂဟဏံ အနိယတံ။ တသ္မာ ကုသလံ ကမ္မံ ကတွာ ဧကသ္မိံ ဌာနေ ပတ္ထနံ ကာတုံ ဝဋ္ဋတိ။ (မ၊ ဋ္ဌ၊ ၄။ ၁၀၄)

"ကောင်းကင်၌ ပစ်မြှောက်အပ်သော ဒုတ်သည် အဖျားဖြင့် ကျမည်၊ သို့မဟုတ် အလယ်ဖြင့် ကျမည်၊ သို့မဟုတ် အရင်းဖြင့် ကျမည်ဟု ပုံသေကားချပ် မပြောနိုင် (ကျချင်ရာဖြင့် ကျနိုင်သည်) သကဲ့သို့ အကြင်သူအား သဒ္ဓါသီလစသော တရားငါးပါးကား ရှိ၏၊ သို့သော် ဆုတောင်းမှုမပြုလျှင် ထိုသူ၏ ဂတိသည် မမြဲ၊ ထို့အတူ အကြင်သူသည် ဆုတော့တောင်း၏၊ သို့သော် သဒ္ဓါသီလစသော တရားငါးပါးကားမရှိ ထိုသူ၏ ဂတိသည်လည်း မမြဲ။ ထို့ကြောင့် ကုသိုလ်ကောင်းမှုပြုပြီးပါက တစ်ခုသောဌာန၌ ဆုတောင်းခြင်းကို ပြုရမည်"ဟူ၍ ဖွင့်ဆိုပေသည်။

ထိုမှတပါး ခုဒ္ဒကပါဌပါဠိတော်၊ နိဓိကဏ္ဍသုတ်၌လည်း ကုသိုလ်ကောင်းမှုပြုထားသော ပုဂ္ဂိုလ်သည် အကြင်အကြင်အကျိုး (ဆုလာဘ်)ကို လိုလားတောင့်တ၏ (ဝါ) ဆုတောင်း၏။ ထိုကုသိုလ်ရှင်သည် မိမိပြုထားသော ကုသိုလ်ကြောင့် ထိုတောင်းသောဆု*(အကျိုး)တို့ကို ရနိုင်၏။ (ယံ ယဒေဝါဘိပတ္ထေန္တိ၊ သဗ္ဗမေတေန လဗ္ဘတိ)ဟု လည်းကောင်း။ ခုဒ္ဒကပါဌအဋ္ဌကထာ၊ နှာ-၁၉ ၌လည်း- ပတ္ထနာယ ပဋိဗဒ္ဓိတဿ သဗ္ဗကာမဒဒတ္တံ န ဝိနာ ပတ္ထနံ ဟောတိ။ (အလိုရှိသော ဆုကိုရခြင်းသည် ဆုတောင်းခြင်းနှင့်စပ်သောပုဂ္ဂိုလ် (ဆုတောင်း သောပုဂ္ဂိုလ်) အားသာဖြစ်၏။ ဆုတောင်းခြင်းကိုကြဉ်၍ မဖြစ်နိုင်ဟု လည်းကောင်း ဖွင့်ဆိုပေသည်။

ထို့ကြောင့် ဂေါတမမြတ်စွာဘုရားအလောင်း သုမေဓာရှင်ရသေ့သည် လမ်းဖို့ လမ်းပြင် ကုသိုလ်နှင့်တကွ မိမိ၏ ခန္ဓာကိုယ်ကို တံတားသဖွယ် တည်ခင်းလှူဒါန်း ခြင်းဟူသော ကုသိုလ်ကို ပြုပြီးနောက် ဒီပင်္ကရာ မြတ်စွာဘုရားအထံတွင်

ဣမိနာ မေ အဓိကာရေန၊ ကတေန ပုရိသုတ္တမေ။
သဗ္ဗညုတံ ပါပုဏိတွာ၊ တာရေမိ ဇနတံ ဗဟုံ။
သံသာရသောတံ ဆိန္ဒိတွာ၊ ဝိဒ္ဓံသေတွာ တယော ဘဝေ။
ဓမ္မနာဝံသမာရုယှ၊ သန္တာရေဿံ သဒေဝကံ-

ဟူ၍ ဘုရားဆုကို တောင်းခဲ့ပေသည်။

ထို့အတူ လက်ယာတော်ရံ အဂ္ဂသာဝက အရှင်သာရိပုတ္တရာအလောင်းသည် လည်း အနောမဒဿီဘုရားလက်ထက် သရဒရသေ့ကြီးဖြစ်စဉ် ကုသိုလ်ကောင်း မှု များစွာပြုပြီးနောက် "အရှင်နိသဘထေရ်ကဲ့သို့ အဂ္ဂသာဝက ဖြစ်ရပါလို၏"ဟု ဆုတောင်းခဲ့သည်။ (ဓမ္မ၊ ၄၊ ၁။ ၇၀)

အရှင်မောဂ္ဂလ္လာန်အလောင်း သိရိဝဍ္ဎနသည်လည်း အနောမဒဿီ မြတ်စွာ ဘုရားအမှူးပြုသော သံဃာတော်များအား ကုသိုလ်ကောင်းမှုများစွာ ပြုပြီးနောက် "တပည့်တော်သည်လည်း ဒုတိယအဂ္ဂသာဝကဖြစ်ရပါလို၏" ဟု ဆုတောင်းခဲ့ သည်။ (ဓမ္မ၊ ၄၊ ၁။ ၇၂)

အရှင်ကောဏ္ဍညအလောင်း စူဠကာလသည်လည်း ဝိပဿီမြတ်စွာဘုရားရှင် အား ကောက်ဦးကိုးကြိမ် လှူဒါန်းပြီးနောက် "ဦးဦးဖျားဖျား လှူဒါန်းရသော ဤကောက်ဦးကိုးကြိမ်အလှူကြောင့် အမြတ်ဆုံးဖြစ်သော တရားကို ဦးဦးဖျားဖျား သိမြင်ရပါလို၏" ဟု ဆုတောင်းခဲ့သည်။ (ဓမ္မ၊ ၄၊ ၁။ ၆၂)

အရှင်သီဝလိအလောင်းသည်လည်း ပဒုမုတ္တရမြတ်စွာဘုရားထံ ကုသိုလ် ကောင်းမှုများစွာပြု၍ "အရှင်ဘုရား၏တပည့် လာဘ်ပေါ်များသော ပုဂ္ဂိုလ်တို့တွင် အသာဆုံး အမြတ်ဆုံးဖြစ်သော အရှင်သုဒဿန ရဟန်းကဲ့သို့ တပည့်တော်သည် လည်း လာဘ်ပေါ်များသော ပုဂ္ဂိုလ်တို့တွင် အသာဆုံး အမြတ်ဆုံးဖြစ်ရပါလို၏" ဟု ဆုတောင်းခဲ့သည်။ (အပ၊ ၂၊ ၁၄၈)

ဤသည်တို့ကိုထောက်၍ ဆုတောင်းခြင်းအမှုသည် သဗ္ဗညုဘုရား အလောင်းတော်များမှ အစ ပကတိသာဝက ရဟန္တာအလောင်းတော်များ တိုင် အောင် ပြုလုပ်ခဲ့ကြသော ကောင်းမြတ်သော ကျင့်ဝတ်တစ်ခုဖြစ်ပေသည်။

မိုးကုတ်ဆရာတော်ကြီး ဦးဝိမလက "ခင်ဗျားတို့ရနေတဲ့ ဆုတောင်းကို ဖျက်ပစ်ရမယ်" ဟု ဟောသော်လည်း အမှတ်စဉ် ၂၉-စာအုပ်၊ စာမျက်နှာ ၆၂၉၊ ၆၃၁-တို့၌ကား-

> တောင်းယူတဲ့ပစ္စည်းဟာ လူ့ပြည်နတ်ပြည် ဘဝသမ္ပတ္တိတွေပေ့ါ။ လုပ်ယူရမှာက ဗြဟ္မာ့ပြည်နဲ့ နိဗ္ဗာန်။ ဗြဟ္မာ့ပြည်ဆိုတော့လည်း သမထတော့ လုပ်ရဦးမှာ။ နိဗ္ဗာန်ဆိုတော့ ဝိပဿနာလုပ်ရမယ်။ အဲဒါ ခွဲခြားမသိဘဲနဲ့ တတောင်းတည်း တောင်းရုံတောင်းနေတော့ နားပူရုံဘဲ ရှိမှာဘဲ-

ဟူ၍ တချို့ ဆုတောင်းကို လက်ခံထားသည်ကို တွေ့ရပြန်လေသည်။

မည်သို့ဆိုစေ၊ ကုသိုလ်ပြုပြီး ဆုတောင်းခြင်းအမှုသည် လုပ်သင့်လုပ်ထိုက် သော ကောင်းမြတ်သော ကျင့်ဝတ်တစ်ခုဖြစ်သောကြောင့်လည်းကောင်း၊ ယင်း ဆုတောင်းခြင်းကိစ္စသည် နောင်အစဉ်အဆက်လည်း ရှိနေဦးမည်ဖြစ်သော ကြောင့် လည်းကောင်း "ခင်ဗျားတို့ ရထားတဲ့ဆုတောင်းကို ဖျက်ပစ်ရမယ်"စသော ဆုတောင်းပယ်သော စကားရပ်အားလုံးကို အသံသွင်းတိပ်ခွေများမှ လည်း ကောင်း၊ ဟောစဉ်စာအုပ်များမှ လည်းကောင်း ဖယ်ရှားပေးရမည်။ သို့မှသာ နောင်အငြင်းမပွားဘဲ အသိဉာဏ်ရှင်းသွားမည်ဖြစ်ပေသည်။

## အမှတ် (၂) စောဒနာ စိစစ်ချက်

စောဒကဆရာတော်က-

(က) သဟာဝေဿ ဒဿနသမ္ပဒါယ၊ တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊ သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ- ပရိတ်ကြီးက သောတာပန်တည်ချင်လို့ရှိရင် ဒိဋ္ဌိ, ဝိစိကိစ္ဆာကို သတ်ရ မယ်တဲ့-ဟု ဟောခြင်းသည် မှားပါးသည်-ဟု လည်းကောင်း။

(ခ) ဝိပဿနာဉာဏ် ဖြစ်ပေါ်မှုကြောင့် ဝိပဿနာရှုလိုက်သော အာရုံနှင့် ဆက်၍ တဏှာ, ဥပါဒါန်တို့ ခေတ္တခဏ မဖြစ်ပေါ်မှု၊ ခေတ္တခဏ ပြတ်စဲမှုကိုပင် နိဗ္ဗာန်ဟု နာမည်တပ်ကာ ဟောပြောခြင်းသည် မှားပါ သည်။ တဒင်္ဂနိဗ္ဗာန်ကို နိဗ္ဗာန်အစစ်ဟု တရားနာရသူများ အမှတ်မှား

နိုင်၍ ယင်းသို့ မဟောသင့်ပါ-ဟု လည်းကောင်း-စောဒနာထားပေသည်။

**လေ့လာစိစစ်ချက်**

စောဒကဆရာတော်က ညွှန်ပြသည့် စာအုပ်အမှတ်စဉ် (၁) [၁၃၊ ၁၁၊ ၆၀-နေ့ ဟောကြားသော] မိုးကုတ်ဆရာတော်၏ ဟောတရားကို လေ့လာကြရာ သောတာပန်တည်ချင်ရင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို သတ်ရမည်။ ဒိဋ္ဌိ, ဝိစိကိစ္ဆာတို့သည် ခန္ဓာကို စွဲမှီ၍ ဖြစ်သောကြောင့် ခန္ဓာ၏ ဖြစ်ကြောင်းချုပ်ကြောင်းတို့ကို မသိလျှင် ဒိဋ္ဌိဝိစိကိစ္ဆာတို့ကို မပယ်နိုင်ကြောင်း၊ ထို့ကြောင့် ခန္ဓာ၏ ဖြစ်ကြောင်း ချုပ်ကြောင်းတို့ကို သိအောင် ပဋိစ္စသမုပ္ပါဒ်ကို သိရမည် ဖြစ်ကြောင်း ဟောကြားထားသည်ကို တွေ့ရပေသည်။

ခန္ဓာပိ ဒိဋ္ဌိဋ္ဌာနံ။ (ပ) ခန္ဓာ ဟေတု ခန္ဓာ ပစ္စယော ဒိဋ္ဌိဋ္ဌာနံ ဥပါဒါယ သမုဋ္ဌာနဋ္ဌေန။ ဧဝံ ခန္ဓာပိ ဒိဋ္ဌိဋ္ဌာနံ။ (ပဋိသံ၊ ၁၃၂)

ရူပေ ခေါ ဘိက္ခဝေ သတိ ရူပံ ဥပါဒါယ ရူပံ အဘိနိဝိဿ ဧဝံ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ (သံ၊ ၂။ ၁၆၆)

စသည်တို့ကို ထောက်လျှင် ဒိဋ္ဌိသည် ခန္ဓာကို စွဲ၍ ဖြစ်ကြောင်း သိနိုင်ပေသည်။

ထိုဒိဋ္ဌိကို မည်သည့်တရားဖြင့် ပယ်ရမည်နည်း။ "ကိလေသေသု ဒိဋ္ဌိဝိစိကိစ္ဆာ ပဌမဉာဏဝဇ္ဈာ" ဟူသော (ဝိသုဒ္ဓိ၊ ၂။ ၃၂၅) စကားနှင့်အညီ သောတာပတ္တိမဂ်ဉာဏ်က ပဟာနပရိညာ အဖြစ်ဖြင့် အရှင်းအပြတ် ပယ်သတ်ပေးလေသည်။ ယင်း ပဟာနပရိညာအဆင့်သို့ မရောက်သေးမီ ရှေးဦးစွာ ဉာတပရိညာဖြင့် ခန္ဓာတို့၏ ဖြစ်ကြောင်း, ချုပ်ကြောင်းတို့ကို စာသိ, နာသိဖြင့် သိအောင်အားထုတ်ရသည်။ ဤသို့ စာသိ, နာသိဖြင့် ခန္ဓာ၏ ဖြစ်ကြောင်း, ချုပ်ကြောင်းတို့ကို သိအောင် လေ့လာခြင်းသည် "ဉာတပရိညာ" ဖြစ်သည်။ ဉာတပရိညာဖြင့် ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ကြောင်း, ချုပ်ကြောင်းတို့ကို လေ့လာမှတ်သားခြင်းသည် ဒိဋ္ဌိ, ဝိစိကိစ္ဆာတို့ကို ပယ်ခွါနေခြင်း တစ်မျိုးပင် ဖြစ်သည်။

ထိုဉာတပရိညာဖြင့် ဒိဋ္ဌိ, ဝိစိကိစ္ဆာတို့ကို ခွါပြီးနောက် ကိုယ်တိုင် ဝိပဿနာရှုပွားခြင်းဖြင့် ရုပ်နာမ်တို့၏ အနိစ္စ, ဒုက္ခ, အနတ္တသဘောကို မြင်အောင် ရှုမြင်ပြီး ဒိဋ္ဌိ, ဝိစိကိစ္ဆာတို့ကို ပယ်ရသည်။ ယင်းကို "တီရဏပရိညာ" ဟု ခေါ်သည်။ ဤ

တီရဏပရိညာအခိုက်အတန့်၌လည်း ဝိပဿနာမဂ်ဉာဏ်ဖြင့် ဒိဋ္ဌိ, ဝိစိကိစ္ဆာတို့ကို တဒင်္ဂပဟာန်အားဖြင့် (တစ်နည်း-တီရဏပရိညာဖြင့်) ပယ်ခွါနေခြင်းပင်ဖြစ်သည်။

တီရဏပရိညာ အားကောင်း အားပြည့်လာသည့်အခါ ထိုရုပ်နာမ်တို့၏ အပေါ်၌ စွဲမှုဖြစ်ပေါ်နေသော ဒိဋ္ဌိ, ဝိစိကိစ္ဆာကို အရှင်းအပြတ် သုတ်သင်နိုင်သည့် မဂ်ဉာဏ်ဟု ဆိုအပ်သော ပဟာနပရိညာ ဖြစ်ပေါ်လာသည်။

ဆိုလိုရင်းမှာ အရိယမဂ်ဖြင့် ဒိဋ္ဌိ, ဝိစိကိစ္ဆာကို အရှင်းအပြတ် သုတ်သင်နိုင်ရေး အတွက် ဉာတပရိညာဖြင့် အစပျိုးခဲ့ရသည်ဟု ဆိုလိုပေသည်။

ပရိတ်ကြီး ရတနသုတ်လာ "သဟာဝဿ ဒဿနသမ္ပဒါယ" စသော ဂါထာသည် တိုက်ရိုက်အားဖြင့် "သောတာပန်တည်ချင်ရင် ဒိဋ္ဌိ, ဝိစိကိစ္ဆာတို့ကို သတ်ရမည်" ဟု မပြပေ။ သောတာပတ္တိမဂ်ရသည်နှင့် တပြိုင်နက် ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ-စသော ပဟာတဗ္ဗတရားတို့ကို အကြွင်းမဲ့ ပယ်သတ်ကြောင်းကိုသာ ပြသည်။

သို့သော် သောတာပတ္တိမဂ်ရလျှင် ဒိဋ္ဌိ, ဝိစိကိစ္ဆာကင်းပြတ်သည်ဟု ဆိုသောကြောင့် သောတာပတ္တိမဂ် မရသေးမီ သောတာပတ္တိမဂ်ရကြောင်း ဉာတပရိညာ, တီရဏပရိညာတို့ဖြင့် ဒိဋ္ဌိ, ဝိစိကိစ္ဆာတို့ကို ဖယ်ခွါနိုင်အောင် အားထုတ်ရမည်ဟူသော အနက်အဓိပ္ပာယ်ကိုကား သွယ်ဝိုက်၍ ပြနိုင်ပေသည်။

ပဋိစ္စသမုပ္ပါဒ်ကို နားလည်အောင် သင်ပေးခြင်း, သင်ယူခြင်း, နာကြားခြင်းတို့သည် ဒိဋ္ဌိဝိစိကိစ္ဆာတို့ကို ပယ်ခွါကြောင်း နည်းလမ်းများဖြစ်၍ပဋိစ္စသမုပ္ပါဒ်ကို နားလည်ခြင်းသည် ဉာတပရိညာဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာတို့ကို ပယ်ခွါနေခြင်းဟု သိနိုင်ပေသည်။

ထို့ကြောင့် ဆရာတော်ကြီးက-

အဲဒီတော့ ခန္ဓာမသိလို့ ဒိဋ္ဌိဖြစ်ရတယ်။ ခန္ဓာ၏ အနိစ္စအချက်ကို မသိလို့ ဒိဋ္ဌိကပ်နေတယ်။ ခန္ဓာ, ဒုက္ခသစ္စာမသိလို့ ဒိဋ္ဌိကပ်နေတယ်။ (ပ)ကောင်းပြီ-ဒါဖြင့် ဒိဋ္ဌိကို ဝိပဿနာနဲ့ခွါ, မဂ်နဲ့ခွါ။ ပထမဦးစွာ ဟောနေတာဟာ ခင်ဗျားတို့ ဝိပဿနာနဲ့ ခွါဖို့ပါဘဲ။ ဉာတပရိညာ, တီရဏပရိညာ, ပဟာနပရိညာလို့ သုံးမျိုးရှိပါတယ်။ ဒါတွေပြောနေရင် ရှည်မှာစိုးလို့-

ဟု ဟောပြောရင်း အများကြားဘူး သိဘူးသည့် ရတနသုတ်လာ'သဟာဝဿ'

ဒဿနသမ္မဒါ စသောဂါထာကို ကိုးကားပြီး"သောတာပန်တည်ချင်ရင် ဒိဋ္ဌိ, ဝိစိကိစ္ဆာကို သတ်ရမယ်တဲ့ "ဟု ဟောကြားခြင်းဖြစ်ပါသည်။

ဤသို့ ကိုးကားပြခြင်းသည် ရတနသုတ်လာ ထိုဂါထာ၏ ဆိုလိုရင်းနှင့် တစ်ထပ်တည်း မကျသော်လည်း အလျော် (အနွယ) အားဖြင့်မူ မှားယွင်းသော ကိုးကားမှုဟု မဆိုနိုင်ပေ။

သို့သော် ပရိယတ္တိအားနည်းကြသူများအဖို့ အသိဉာဏ်မှားယွင်း နိုင်သောကြောင့် "သောတာပန်တည်ချင်ရင် ဒိဋ္ဌိ, ဝိစိကိစ္ဆာကို သတ်ရမယ်လို့ ပရိတ်ကြီးက ခိုင်းသည်" ဟူသော အဓိပ္ပါယ်သက်ရောက်သည့် ထိုစကားရပ်ကို တိပ်ခွေမှလည်းကောင်း၊ ဟောစဉ်စာအုပ်များမှလည်းကောင်း ပယ်ဖျက်ပေးရမည်။
(ခ) ဝိပဿနာဉာဏ်ဖြစ်ပေါ်မှုကြောင့် ဝိပဿနာရှုလိုက်သော အာရုံနှင့်ဆက်၍ တဏှာ, ဥပါဒါန်တို့ ခေတ္တခဏ မဖြစ်ပေါ်မှု၊ ခေတ္တခဏ ပြတ်စဲမှုကိုပင် 'နိဗ္ဗာန်' ဟု နာမည်တပ်ကာ ဟောပြောခြင်းသည်လည်း-

> ရူပဿတွေဝ ဘိက္ခဝေ အနိစ္စတံ ဝိဒိတွာ ဝိပရိဏာမံ ဝိရာဂံ နိရောဓံ "ပုဗ္ဗေ စေဝ ရူပံ ဧတရဟိ စ သဗ္ဗံ အနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ " န္တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ပဿတော ယေ သောက ပရိဒေဝဒုက္ခ ဒေါမနဿုပါယာသာ၊ တေ ပဟီယန္တိ။ တေသံ ပဟာနာ န ပရိတဿတိ၊ အပရိတဿံ သုခံ ဝိဟရတိ၊ သုခဝိဟာရီ ဘိက္ခု" တဒင်္ဂနိဗ္ဗုတော" တိ ဝုစ္စတိ။ (သံ၊ ၂။ ၃၅)
>
> တဒင်္ဂနိဗ္ဗုတောတိ တေန ဝိပဿနင်္ဂေန ကိလေသာနံ နိဗ္ဗုတတ္တာ တဒင်္ဂ နိဗ္ဗုတော။ (သံ၊ ဌ၊ ၂။ ၂၄၇)

ဟူသော ပါဠိတော်, အဋ္ဌကထာတို့နှင့် ညီညွတ် ပေသည်။

ထိုဝိပဿနာဉာဏ်ဖြင့် ဒိဋ္ဌိ, ဝိစိကိစ္ဆာဖယ်ခွါမှု (တီရဏပရိညာ) ကို မဂ်စစ်ဟု မထင်မှတ်ရန်၊ သောတာပန် အစစ်ဖြစ်ပြီဟု မမှတ်ရန်-

ဒါအသိကွာ၊ ရှင်းပြီလား၊ အလုပ်နဲ့ကွာတာမဟုတ်သေးဘူး။ ဒါဟာ သာမည်ဆရာနှင့်ဆိုရင် ခင်ဗျားတို့ မှားသွားမယ်။ သောတာပန်တည်ပြီပေါ့ကွလို့ ဟောချင်ဟောမယ်။ ဒါဟာ ဉာတပရိညာဘဲရှိသေးတယ်။ တီရဏပရိညာပွားရဦးမယ်။ ပဟာနပရိညာလည်း ပယ်ရဦးမယ်။ သုံးချက်မရှိဘူးလား။ အဲဒီသုံးချက်

မပါဘဲနဲ့ တစ်ချို့ဘဝင်မြင့်ပြီးသကာလ ဆရာများနဲ့တွေ့နေလို့ အသိကွာကို သူ့ဟာ သူ အပယ်ကွာထင်နေကြတယ်။ (အမှတ်စဉ် (၁) ၊ နှာ-၄၂၊၄၃)

ဝိစိကိစ္ဆာသေသွားပြီ၊ အသိနဲ့ သေသွားပြီ၊ ရှင်းပြီလား၊ အသိနဲ့သေသွားတယ်။ အပယ်နဲ့သေတာ မဟုတ်သေးပါဘူး။ (ပ) ဒါကို ယောင်တောင်တောင် ဆရာ သမားနဲ့ဆိုလို့ရှိရင် မင်း သောတာပန်တည်ပြီ၊ ပြန်တော့ကွာလို့ ဆိုချင်ဆို လိမ့်မယ် လို့ မနေ့ကတောင် ပြောလိုက်သေးတယ်။ (ပ) ဉာတပရိညာ၊ တီရဏ ပရိညာ၊ ပဟာနပရိညာလို့ ဘုရားက သုံးချက်ဟောလျက်သားနဲ့ ဒီတစ်ချက်တည်းနဲ့ သောတာပန်တည်တယ်လို့ ဟောနေတာဗျ၊ မလွဲဘူးလားစသည်ဖြင့် သတိပေး ဟောကြားထားသောကြောင့် ကြားနာရသူ ယောဂီတစ်ယောက် ယောက်က အသိကွာလေးကိုဘဲ တကယ့်သောတာပန်ဟု ထင်သွားလျှင်သော်တောင်မှ မိုးကုတ်ဆရာတော်ကြီး၏ အပြစ်မဟုတ်၊ အများမဟုတ်ပေ။ နာယူသူတို့၏ အသိမှားမှုသာဖြစ်သည်။ ဟောကြားချက်ကို ပြည့်ပြည့်စုံစုံ မနာရ မကြားရ မကြည့်ရသောကြောင့်ဖြစ်စေ၊ မိမိဉာဏ် အမှတ်မှားမှုကြောင့်ဖြစ်စေ နာသူ ကြားသူ ဖတ်ရှုသူတို့ အသိအမှတ်မှားမှုသည် ဟောသူ ရေးသူတို့နှင့် မသက် ဆိုင်ပေ။

သို့ဖြစ်၍ ဝိပဿနာဉာဏ်ဖြစ်ပေါ်မှုကြောင့် တဏှာ, ဥပါဒါန်တို့ ခေတ္တခဏ မဖြစ်ပေါ်မှု, ပြတ်စဲမှုကို နိဗ္ဗာန်ဟု ဟောခြင်းသည် ဆိုခဲ့ပြီးသော ခန္ဓဝဂ္ဂသံယုတ်၊ အတ္တဒီပသုတ် (သံ၊ ၂။ ၃၅)နှင့် ဆန့်ကျင်မှုမရှိ။ မှန်ကန်သည်ဟု သုံးသပ် တော်မူကြသည်။

# အမှတ် (၃) စောဒနာ စိစစ်ချက်

## (က) အနုရာဓ

စောဒကဆရာတော်က-

"အနုရာဓမထေရ်ဆိုတာ ခန္ဓဝဂ္ဂသံယုတ်မှာ ဖြစ်ပျက်တာတွေ အကုန်မြင်တယ်။ မရဘူး။ ဒီတွင်မှ ဘုရားက 'ဒိဋ္ဌိမကွာလို့ မရတာ'ဆိုပြီး ပဋိစ္စသမုပ္ပါဒ်ပြန်ဟောရတယ်။ [အမှတ်စဉ် (၁) စာအုပ်၊ နှာ-၆၁]ဟူသော မိုးကုတ်ဆရာတော်ကြီး ဟောသော ဤတရားများသည် လုံးဝမှားပါသည်။ ဘုရားရှင်က ထိုအနုရာဓသုတ်၌ အဝိဇ္ဇာပစ္စယာ သင်္ခါရာ-စသည်ဖြင့် ဟောရိုးဟောစဉ် နည်းအားဖြင့် ပဋိစ္စသမုပ္ပါဒ်တရားကို လုံးဝမဟောခဲ့ပါ။ ဘုရားရှင်က မဟောပါဘဲလျက် မိုးကုတ်ဆရာတော်ကြီးက ဇွတ်မှိတ်အဟော လုပ်နေခြင်းသာ ဖြစ်ပါသည်ဟု စောဒနာထားပေသည်။

စုဒိတကဆရာတော်တို့က-

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ စသည်ဖြင့် ဟောမှ ပဋိစ္စသမုပ္ပါဒ်ခေါ်သည် မဟုတ်ပါ။ ပဋိစ္စသမုပ္ပါဒ်ဟူသည် အကြောင်းကြောင့် ဖြစ်သော အကျိုးဖြစ်စဉ် (ကြောင်း=ကျိုးဖြစ်စဉ်) ကို ဆိုလိုသောကြောင့် ခန္ဓာအကြောင်းကို ဟောလျှင် ပဋိစ္စသမုပ္ပါဒ်ကို ဟောခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်တို့သည် မှန်ကန်ပါသည်ဟု သောဓနာကြလေသည်။

### အနုရာဓသုတ်

ဤစောဒနာသည် အနုရာဓမထေရ်ကို အကြောင်းပြု၍ ဟောသော အနုရာဓသုတ်ကို အခြေခံပြီးဖြစ်လာသောကြောင့် အနုရာဓသုတ် (သံ၊ ၂။ ၉၄)ကို လေ့လာ၍ စိစစ်သုံးသပ်ကြမည်ဖြစ်ပေသည်။

ဘုရားရှင် ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရသာလာကျောင်း၌ သီတင်းသုံးစဉ် အရှင်အနုရာဓသည် ဘုရားရှင်နှင့် မနီးမဝေးဖြစ်သော တောကျောင်း၌နေသည်။ထိုစဉ် ပရိဗိုဇ်များစွာတို့သည် အရှင်အနုရာဓထံလာပြီး "သတ္တဝါသည် ‌ေသသည်၏ အခြားမဲ့၌ ဖြစ်၏" စသည်ဖြင့် ဘုရားရှင် ဟောပါသလောဟု သတ္တဝါနှင့် စပ်သော အမေးပုစ္ဆာလေးချက်ကို မေးကြသည်။

အရှင်အနုရာဓက ပရိဗိုဇ်တို့သည် သာသနာ၏ ဆန့်ကျင်ဘက်ပုဂ္ဂိုလ်များ ဖြစ်၍ သူတို့မေးသည့်အတိုင်း ဘုရားရှင်မဟောတန်ရာဟု တွေးဆပြီး "အသင်တို့ မေးသော လေးခုသော အခြင်းအရာကိုကြဉ်၍ဘုရားရှင်သည် ထိုသတ္တဝါကို ပညတ်ဟောကြားတော်မူ၏"ဟု ဖြေဆိုလိုက်သည်။

ပရိဗိုဇ်များက ဗုဒ္ဓဝါဒ တစိတ်တဒေသကို နားလည်ထားကြသော သူများ ဖြစ်၍"ဤရဟန်းသည် ရဟန်းပြုသစ်စ သီတင်းငယ်သော်လည်းဖြစ်မည်၊ သို့မဟုတ် ဘာမျှ နားမလည်သော ရဟန်းကြီးသော်လည်း ဖြစ်မည်"ဟု ပြောဆိုကာ ဖဲသွားကြ၏။

ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ထားရာ အနုရာဓရဟန်း၏ အယူအဆမှားယွင်းနေကြောင်း၊ သတ္တဝါရှိ၏ဟု ထင်မှတ်နေသော ဒိဋ္ဌိရှိကြောင်း သိတော်မူသဖြင့် ထိုဒိဋ္ဌိကို ပယ်ခွါနိုင်စေရန် ဤအနုရာဓသုတ်ကို ဟောတော်မူသည်။

အနုရာဓသုတ်လာ ဘုရားရှင်၏ ဟောကြားချက်ကို အကျဉ်းချုပ် တင်ပြရလျှင် ခန္ဓာငါးပါးသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်သည်။ ထိုခန္ဓာငါးပါးကို ငါ၏ဥစ္စာ၊ ငါ၊ ငါ၏အတ္တ-ဟု မစွဲလမ်းဘဲ ငါ့ဥစ္စာမဟုတ်၊ငါလည်းမဟုတ်၊ ငါ၏ အတ္တလည်း မဟုတ်-ဟု မှန်ကန်သောဉာဏ်ဖြင့် ရှုမှတ်ဆင်ခြင်ရမည် စသည်ဖြင့် အနတ္တလက္ခဏ သုတ် ဒေသနာ၌ ဟောကြားသည့်အတိုင်း ဟောကြားတော် မူသည်။

ထိုသို့ ဟောကြားပြီးနောက် ဘုရားရှင်က "အနုရာဓ ရုပ်၌သတ္တဝါဟု မြင်သေးသလော။ ရုပ်မှတပါး သတ္တဝါဟု ရှိသေးသလော"စသည်ဖြင့် မေးတော် မူ၏။ အရှင်အနုရာဓက "ခန္ဓာငါးပါးလုံး၌ သတ္တဝါဟု မမြင်တော့ပါ။ ခန္ဓာ ငါးပါးမှတပါး သတ္တဝါဟူ၍ မရှိတော့ပါ"ဟု မိမိ၏ အမြင်ကို အမှန်အတိုင်း လျှောက်ထားလေ၏။

ဘုရားရှင်က "ခန္ဓာငါးပါးမှတပါး သတ္တဝါဟူသည် မရှိခဲ့ပါလျှင် ပရိဗိုဇ်တို့အား သင်ဖြေခဲ့သော အဖြေအတိုင်း ဖြေခြင်းငှါ သင့်အံ့လော"ဟု ဆက်မေးရာ "မသင့် ကြောင်း" လျှောက်ထားလေ၏။

ဤသို့ဖြင့် အနုရာဓရဟန်း၏ သန္တာန်၌ရှိနေသော "သတ္တဝါရှိ၏" ဟူသော မိစ္ဆာဒိဋ္ဌိကို ပယ်နှုတ်ပေးတော်မူ၏။ ဤနေရာတွင် အဋ္ဌကထာဆရာက

အရှင်အနုရာဓ၏ အခြေအနေကို-

ကာရကော ပနေသော ယုတ္တယောဂေါ။ ဓမ္မဒေသနာယ ဓဝ နံ ဇာနာပေဿာမိတိ တိပရိဝဋ္ဋဒေသနံ ဒေသေတုကာမော "တံ ကိံ မညသိ အနုရာဓာ"တိ အာဒိမာဟ။ (သံ၊ ဋ္ဌ၊ ၂။ ၂၈၇)

ဟုဖွင့်ပြပေသည်။

ကာရကော ပနေသော ယုတ္တယောဂေါ-အရ တရားတော်ကို ကြိုးစား အားထုတ်သူဟု သိရသော်လည်း ဖြစ်ပျက်တွေမြင်အောင် အားထုတ်ထားသည် ဟုကား ဧကန်ဧက မပြောနိုင်ပေ။ သတ္တဝါရှိ၏ ဟူသော အယူအစွဲ မိစ္ဆာဒိဋ္ဌိကား မကင်းသေးဟုကား သိရပေသည်။

ထို့ကြောင့် ပရိဗိုဇ်တို့က သတ္တဝါရှိသလောဟု မေးသောအခါ သတ္တဝါ ရှိသည်ဟု အမှားကို ဖြေဆိုမိခြင်း ဖြစ်ပေသည်။ ယင်းမိစ္ဆာအယူကို ဘုရားရှင်က တိပရိဝဋ္ဋဒေသနာဖြင့် ပယ်နှုတ်ပေးတော်မူလိုက်သည်။

### တိပရိဝဋ္ဋဒေသနာ

တိပရိဝဋ္ဋဒေသနာဟူသည်-

၁။ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်အားဖြင့် သစ္စာတရားတို့ကို သုံးမျိုးစီ သုံးခေါက်စီ ပြန်လှည့်၍ ဟောခြင်း။

၂။ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်အားဖြင့် သစ္စာတရားတို့ကို သုံးမျိုးစီ သုံးခေါက်စီ ပြန်လှည့်၍ ဟောကြောင်းဖြစ်သော ပဋိဝေဓဉာဏ်။

[တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ န သုဝိသုဒ္ဓံ အဟောသိ (ဝိ၊ ၃။ ၁၆။ သံ၊ ၃။ ၃၇၀)

တိပရိဝဋ္ဋန္တိ သစ္စဉာဏကိစ္စဉာဏ ကတဉာဏသင်္ခါတာနံ တိဏ္ဏံ ပရိဝဋ္ဋာနံ ဝသေန တိပရိဝဋ္ဋံ။ သစ္စဉာဏာဒိဝသေန ဟိ တယော ပရိဝဋ္ဋာ ဧတဿာတိ တိပရိဝဋ္ဋန္တိ ဝုစ္စတိ။ ဉာဏဒဿနံ။ (သာရတ္ထ၊ ၃။ ၁၇၉]

၃။ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်အားဖြင့် သုံးမျိုးသုံးခေါက် ပြန်လှည့် ဟောကြောင်းဖြစ်သော ဓမ္မစက္ကပ္ပဝတ္တနသုတ္တန်စသည်။

[ပဥ္စဝဂ္ဂိယတ္ထေရေ အာမန္တေတွာ တိပရိဂဋ္ဋံ ဒွါသာကာရံ (ပ) ဓမ္မစက္ကပ္ပဝတ္တန သုတ္တန္တံ ဒေသေတိ။ (အပ၊ ဋ္ဌ။ ၁။ ၉၆)

တိပရိဝဋ္ဋ န္တိ "ဣဒံ ဒုက္ခ"န္တိ စ, "ပရိညေယျ"န္တိ စ, "ပရိညာတ"န္တိစ ဇဝံ တိပရိဝဋ္ဋံ။ သံ၊ ဋီ၊ ၂။ ၂၃၅။ အံ၊ ဋီ၊ ၂၊ ၂၈၄)]

၄။ ဇတ် မမ-စသော ဂါဟအစွဲသုံးပါး၏အစွမ်းဖြင့် (တဏှာ, မာန, ဒိဋ္ဌိ သုံးပါး တို့ကို) သုံးခေါက်ပြန်လည်၍ ဟောပြကြောင်းဖြစ်သော ပိဏ္ဍောလျ သုတ္တန်စသော ဒေသနာတော်။ (သံ၊ ဋီ၊ ၂။ ၂၃၉၊ ၂၄၀)

၅။ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာသုံးပါးကို ပြန်လှည့်၍ ဟောပြကြောင်းဖြစ်သော အလဂဒ္ဒူပမသုတ္တန်စသောဒေသနာတော်။

[ကတ္ထဒါနိ ဣမေ ပဉ္စက္ခန္ဓေ "အနိစ္စံ ဒုက္ခံ အနတ္တာ" တိ ဇဝံ တိပရိဝဋ္ဋဝသေန အဂ္ဂဏှန္တော။ (မ၊ ဋ္ဌ၊ ၂။ ၂၉) ]

၆။ သုတ္တန္တဘာဇနီယ, အဘိဓမ္မဘာဇနီယ, ပဉှာပုစ္ဆကနည်းအားဖြင့် သုံးနည်း ဝေဖန် ဟောပြကြောင်းဖြစ်သော ဝိဘင်းပါဠိတော်စသည်။

[ကတိ ဘဂဝါ ဣမံ ခန္ဓဝိဘင်္ဂံ သုတ္တန္တဘာဇနီယာဒိဝသေန တယော ပရိဝဋ္ဋေ နီဟရိတွာ ဘာဇေန္တော ဒဿေသိ။ တီသုပိ ဟိ ပရိဝဋ္ဋေသု ဇကောဝ ပရိစ္ဆေဒေါ။ (အဘိ၊ ဋ္ဌ၊ ၂။ ၄၁) ]-

ဟူ၍ ကျမ်းဂန်တို့၌ ဖွင့်ပြကြပေသည်။အကျဉ်းချုပ်ပါလျှင်-

၁။ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်သုံးပါးကို ဟောကြားကြောင်း ပဋိဝေဓ ဉာဏ်သည်လည်းကောင်း၊

၂။ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်သုံးပါးကိုလည်းကောင်း၊ ဇတ် မမ-စသော တဏှာ,မာန,ဒိဋ္ဌိ အစွဲသုံးပါးကိုလည်းကောင်း၊အနိစ္စ,ဒုက္ခ, အနတ္တဟူသော လက္ခဏာရေးသုံးပါးကိုလည်းကောင်း၊ သုတ္တန္တဘာဇနီယ, အဘိဓမ္မဘာဇနီယ, ပဉှာပုစ္ဆကဟူသောနည်းသုံးပါးကိုလည်းကောင်း သုံးကြိမ်သုံးခါ အထပ်ထပ် လှည့်လည်၍ ဟောကြားကြောင်းဖြစ်သော သုတ္တန်ဒေသနာ (တရားတော်) များသည်လည်းကောင်း တိပရိဝဋ္ဋဒေသနာမည်၏-

ဟု သိအပ်ပေသည်။

ဤအနုရာဓသုတ်၌ ခန္ဓာငါးပါး၏ အနိစ္စ, ဒုက္ခ, အနတ္တဖြစ်ပုံကိုလည်းကောင်း ထိုခန္ဓာငါးပါး၌ ဇတ် မမစသည်ဖြင့် တဏှာမာန ဒိဋ္ဌိတို့ဖြင့် မစွဲယူထိုက်ပုံကို လည်းကောင်း ဟောကြားထားသောကြောင့် အဋ္ဌကထာဆရာက၊

"အယံ ဘိက္ခု အတ္တနော လဒ္ဓိယံ ဒေါသံ န ဇာနာတိ၊ ကာရကော ပနေသော ယုတ္တယောဂေါ၊ ဓမ္မဒေသနာယ ဧဝ နံ ဇာနာပေဿာမိ"တိ တိပရိဝဋ္ဋံ ဒေသနံ ဒေသေတုကာမော 'တံ ကိံ မညသိ အနုရာဓာ'တိ အာဒိမာဟ-

ဟု ဖွင့်ပြပေသည်။

ဆိုခဲ့ပြီးသော ဖွင့်ဆိုချက်ကိုထောက်လျှင် ဤအနုရာဓသုတ်၌ တိပရိဝဋ္ဋ ဒေသနာကိုဟောကြောင်း သိရပေသည်။ ထိုတိပရိဝဋ္ဋဒေသနာဟူသည် ခန္ဓာ၏ အနိစ္စ, ဒုက္ခ, အနတ္တသဘောကို ဟောကြားခြင်း ဖြစ်၍ ပဋိစ္စသမုပ္ပါဒ်ဟု ဆိုလိုက ဆိုနိုင်ပေသည်။

အဘယ်ကြောင့်ဟူမူ အဂ္ဂိဝစ္ဆသုတ်၌ "ဣတိ ရူပံ, ဣတိ ရူပဿ သမုဒယော, ဣတိ ရူပဿ အတ္ထင်္ဂမော" စသည်ဖြင့် ခန္ဓာငါးပါး, ထိုခန္ဓာငါးပါး၏ ဖြစ်ခြင်းချုပ်ခြင်းကို ဟောထားခြင်းကိုပင် အဋ္ဌကထာဆရာက "ဓမ္မောတိ ပစ္စယာကာရဓမ္မော"ဟု ဖွင့်ပြထားသောကြောင့် ဖြစ်ပေသည်။

သို့ဖြစ်ရာ ဤအနုရာဓသုတ်၌ ပေါ်လွင်ထင်ရှားစွာသိရသော တိပရိဝဋ္ဋ ဒေသနာ (ဝါ) ခန္ဓာငါးပါး၏ အနိစ္စ, ဒုက္ခ, သဘောကို ဘုရားရှင်က ဟောတော်မူလိုက်သည်ဟု မိုးကုတ်ဆရာတော်က ဟောလိုက်လျှင် ကြားနာရသူတို့လည်း နားရှင်း၊ ကျမ်းရင်းပါဠိတော်နှင့်လည်း ကိုက်ညီ၍ မည်သည့်အငြင်းပွားမှုမျိုးမှ ပေါ်ပေါက်မည်မဟုတ်ပေ။ ပဋိစ္စသမုပ္ပါဒ်တရား၌ ကျက်စားမှုများသောကြောင့် မိုးကုတ်ဆရာတော်က "ပဋိစ္စသမုပ္ပါဒ် ပြန်ဟောရတယ်"ဟု ဟောကြားခြင်းသည် မှားသည်ဟု မဆိုနိုင်သော်လည်း အငြင်းပွားမှုကား ကင်းမည်မဟုတ်ပေ။

ထို့ကြောင့် "ကျမ်းဂန်မှာတော့ တိပရိဝဋ္ဋဒေသနာလို့ တိုက်ရိုက်လာတယ်။ တိပရိဝဋ္ဋဒေသနာဆိုတာ ခန္ဓာရဲ့ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာသုံးပါးကို ထပ်ကာထပ်ကာ ဟောပြတဲ့ဒေသနာဖြစ်လို့ ပဋိစ္စသမုပ္ပါဒ်လို့ခေါ်မယ် ဆိုရင်လည်း ရနိုင်ပါတယ်" စသည်ဖြင့် မိုးကုတ်ဆရာတော်ကိုယ်တိုင် ရှင်းလင်းဟောကြားလိုက်လျှင် အမြင်ရှင်း၍ အငြင်းပွားစရာ အကြောင်းလည်း မရှိနိုင်ပေ။

သို့ဖြစ်၍ ပရိယတ္တိကျက်စားမှု အားနည်းသူများအနေဖြင့် နောင်အခါ အငြင်းပွားဖွယ်ရာ ဖြစ်သောကြောင့် "ပဋိစ္စသမုပ္ပါဒ်ကို ပြန်ဟောရတယ်" ဟူသော စကားကို ပယ်ဖြုတ်ပြီး ကျမ်းဂန်၌ တိုက်ရိုက်လာသော "ဖြစ်ပျက်သဘောကို ပြန်ဟောရတယ်"(သို့မဟုတ်) "အနိစ္စ, ဒုက္ခ,အနတ္တ သဘောကို ပြန်ဟော

ရတယ်"ဟု ဖြည့်စွက်ပေးရမည်။ တိပ်ခွေ၌ "ပဋိစ္စသမုပ္ပါဒ် ကို ပြန်ဟောရတယ်" ဟူသောစကားကို ပယ်ဖျက်ပေးရမည်။

## (ခ) အဂ္ဂိဝစ္ဆ

အမှတ်(၃) စောဒနာ(ခ)အဖြစ် (မ၊ ၂။ ၁၅၀) မဇ္ဈိမပဏ္ဏာသပါဠိတော် လာရှိသော အဂ္ဂိဝစ္ဆသုတ်ကို မိုးကုတ်ဆရာတော်ကြီး ဟောရာ၌-

"ပုဏ္ဏားက မရှင်းသေးဘဲ၊ မရှင်းသေးတော့ 'ဒါ ပဋိစ္စသမုပ္ပါဒ်နားလည်တဲ့ ဆရာရှာဦး' လို့ ဘုရားက တစ်ဖက်သက် လွှဲပေးတယ် လွှဲပေးလိုက်တယ်"ဟု (အမှတ်စဉ်(၁) စာအုပ်၊ နှာ-၁၇၇)၌ ဟောခြင်းသည် မှားပါသည်။

"ပဋိစ္စသမုပ္ပါဒ် နားလည်တဲ့ ဆရာရှာဦး"ဟု ဘုရားရှင်က မိန့်ကြားသောစကား ထိုအဂ္ဂိဝစ္ဆသုတ်၌ လုံးဝမပါရှိပါ။ ပဋိစ္စသမုပ္ပါဒ်တရားတော်ကို အမွန်းတင်လိုသော ဆန္ဒလွန်ကဲသွားသောကြောင့် မိုးကုတ်ဆရာတော်ကြီး အပိုစကားလုံး သုံးလိုက်ခြင်းသာ ဖြစ်ပါသည်။ ဘုရားရှင်ကိုယ်တော်တိုင်က တကယ်မဟောခဲ့ ပါဘဲလျက် ဘုရားရှင်အဟောလုပ်ကာ မိုးကုတ်ဆရာတော်ကြီး က ဘုရားရှင်ကို ခုတုံးအဖြစ် အသုံးပြုလိုက်ခြင်းသာ ဖြစ်ပါသည်-ဟု စောဒကပုဂ္ဂိုလ်က စောဒနာ ထားလေသည်။

ဤစောဒနာ၏ မြစ်ဖျားခံရာဖြစ်သော မဇ္ဈိမပဏ္ဏာသပါဠိတော်၊ အဂ္ဂိဝစ္ဆသုတ် (မ၊၂။၁၅၀)ကို လေ့လာ၍ စောဒနာချက်ကို စိစစ်သွားကြမည် ဖြစ်ပေသည်။

### အဂ္ဂိဝစ္ဆသုတ်(အကျဉ်းချုပ်)

ဘုရားရှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်း၌နေစဉ် တစ်နေ့သောအခါ၌ ဝစ္ဆ-ဂေါတ္တပရိဗိုဇ်သည် ဘုရားရှင်ထံချဉ်းကပ်၍ အရှင်ဂေါတမ "လောကသည် မြဲ၏ ဟူသော ဤအယူသည်သာ မှန်၏၊ အခြားအယူသည် အချည်းနှီးသာ (မမှန်ပါ)ဟု အရှင်ဂေါတမ ယုံကြည်လက်ခံပါသလော" စသည်ဖြင့် ပြဿနာ(၁၀) ချက်ကို မေးလျှောက်သည်။

မြတ်စွာဘုရားက "လောကသည် မြဲ၏ဟူသော အယူဝါဒ ငါ့မှာမရှိ" စသည်ဖြင့် ဝစ္ဆဂေါတ္တမေးသော အယူ(၁၀)မျိုးကို ပယ်ရှားတော်မူ၏။

ဝစ္ဆဂေါတ္တပရိဗိုဇ်က အဘယ်ကြောင့် ဤ(၁၀)မျိုးသော အယူဝါဒကို အရှင်ဂေါတမ ပယ်ရှားရပါသနည်းဟု မေးသောအခါ "ဤအယူ(၁၀)မျိုးလုံးသည်

မိစ္ဆာဝါဒ မှားသောအယူတို့သာဖြစ်သည်။ သံသရာဝဋ်ဆင်းရဲမှ ငြိမ်းငွေ့ကြောင်း လွတ်မြောက်ကြောင်းမဟုတ်၊ ဆင်းရဲကြောင်းသာဖြစ်၍ လက်မခံကြောင်း" မိန့်ကြားတော်မူ၏။

ဝစ္ဆဂေါတ္တပရိဗိုဇ်က "အရှင်ဂေါတမအား တစ်စုံတစ်ခုသော ဒိဋ္ဌိ အယူအဆ ရှိပါသလော"ဟု ဆက်မေးလျှောက်ရာ ဘုရားရှင်က သင်မေးသော (သဿတ ဒိဋ္ဌိစသော ) မိစ္ဆာအယူမှန်သမျှ ငါပယ်စွန့်အပ်ပြီ။ ငါ၏အယူသည်ကား ရုပ်, ဝေဒနာ, သညာ, သင်္ခါရ ဝိညာဉ်ဟူသော ခန္ဓာငါးပါးသာရှိသည်။ ထိုခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း+ချုပ်ခြင်းကို ထိုးထွင်းသိအပ်ပြီ(ဝါ) ထိုခန္ဓာငါးပါးတို့၏ အဖြစ်+အပျက်ကိုလည်း ငါသိပြီ။ ထို့ကြောင့် ထိုခန္ဓာငါးပါးတို့ကို စွဲလမ်းတတ်သော တဏှာဒိဋ္ဌိမာနတို့ ငါ့သန္တာန်၌ မရှိတော့ပြီ။ ထိုခန္ဓာငါးပါးတို့ကို စွဲလမ်းမှု မရှိတော့ဘဲ လွတ်မြောက်သောစိတ်ရှိသည်ဖြစ်၍ ငါနေ၏"ဟု မိန့်တော်မူ၏။

[ငါ့မှာ ပုဂ္ဂိုလ်, သတ္တဝါဟူသော အယူအဆမရှိ၊ ခန္ဓာငါးပါးသာ ရှိသည်၊ ထိုခန္ဓာငါးပါးတို့သည် ဖြစ်+ပျက်သာတည်းဟူသော အယူအမြင်သာရှိသည်- ဟု ဖြေလိုရင်းဖြစ်ပေသည်။]

ဝစ္ဆဂေါတ္တပရိဗိုဇ်က "အရှင်ဂေါတမ ထိုဥပါဒါန်တို့မှ လွတ်မြောက်သော စိတ်ရှိသောပုဂ္ဂိုလ်သည် အဘယ်၌ ဖြစ်ပါသနည်း"ဟု (သဿတဒိဋ္ဌိကို အခြေခံ၍)မေးသည်။ ဘုရားရှင်က ထိုလွတ်မြောက်သော စိတ်ရှိသောပုဂ္ဂိုလ်အား ဖြစ်၏'ဥပပဇ္ဇတိ'ဟုမပြောဆိုအပ်။ မဖြစ်ဟု ဆိုလိုပါသလော'ဟု ဆက်မေးပြန်ရာ 'မဖြစ်ဟုလည်း မပြောဆိုထိုက်ဟု ဖြေတော်မူ၏။

[မဖြစ်ပါသလောဟု မေးရာ၌ 'မဖြစ်'ဟု ဖြေဆိုသင့်သော်လည်း အဂ္ဂိဝစ္ဆ- ဂေါတ္တပရိဗိုဇ်က 'ဥစ္ဆေဒ'ဟု မှတ်ယူသွားမည်စိုး၍"မဖြစ်ဟုလည်း မပြောထိုက်" ဟု ဖြေဆိုတော်မူခြင်း ဖြစ်သည်။]

ဤသို့ စသည်ဖြင့် အဂ္ဂိဝစ္ဆက သဿတဒိဋ္ဌိစသော မိစ္ဆဒိဋ္ဌိ၏ အခြေခံဖြင့် မေးတိုင်း ဘုရားရှင်ကလည်း မေးသမျှကို 'ယင်းသို့ ဆိုခြင်းငှာမသင့်'ဟု ပယ်ရှားဖြေဆိုတော်မူလေရာ အဂ္ဂိဝစ္ဆဂေါတ္တပရိဗိုဇ် နားမလည်နိုင်အောင် ဖြစ်သွား၏။ နားရှုတ်သွားတော့၏။

ထိုအခါ အဂ္ဂိဝစ္ဆက 'အရှင်ဘုရား တပည့်တော် နားမလည်တော့ပါ။ အရှင်ဘုရားဟောကြားသည့် ရှေ့ပိုင်းစကားအရ တပည့်တော်ကြည်ညိုသည့် စိတ်ကလေးလည်း ပျောက်သွားပါပြီ'ဟု လျှောက်လေ၏

ဘုရားရှင်က-

အလံ ဟိ တေ ဝစ္ဆ အညာဏာယ အလံ သမ္မောဟာယ။ ဂမ္ဘီရော ဟာယံ ဝစ္ဆ ဓမ္မော ဒုဒ္ဒသော ဒုရနုဗောဓော သန္တော ပဏီတော အတက္ကာဝစရော နိပုဏော ပဏ္ဍိတဝေဒနီယော၊ သော တယာ ဒုဇ္ဇာနော အညဒိဋ္ဌိကေန အညခန္တိကေန အညရုစိကေန အညတြယောဂေန အညတြာစရိယကေန။

ဝစ္ဆ သင် မသိခြင်းငှါ သင်တွေဝေခြင်းငှါ သင့်လျော်၏၊ ဤတရားသည် နက်နဲ၏၊ မြင်နိုင်ခဲ၏၊ ထိုးထွင်းသိနိုင်ခဲ၏၊ သိမ်မွေ့၏၊ မွန်မြတ်၏၊ ကြံစည်ရုံမျှဖြင့် ဉာဏ်မသက်ဝင်နိုင်၊ နူးညံ့၏၊ ပညာရှိတို့သာ သိအပ်၏။ ထိုတရားကို တစ်ပါးသော မိစ္ဆာအယူရှိသော, တစ်ပါးသော မိစ္ဆာအယူကို နှစ်သက်သဘောကျနေသော, တစ်ပါးသော တိတ္ထိသာသနာ(တိတ္ထိတို့၏တရား)၌ အားထုတ်ခြင်းရှိသော, တစ်ပါးသော ဆရာတို့၏ အဆုံးအမကိုသာ ရရှိနေသော သင်သည် ခဲယဉ်းသဖြင့် သိအပ်၏။ မသိနိုင်" ဟု မိန့်ကြားတော်မူပါသည်။

ထို့နောက် ဘုရားရှင်က ဝစ္ဆနှင့် အမေးအဖြေလုပ်၍ မီးလောင်စာကိုစွဲ၍ မီးဖြစ်လာပုံ၊ မီးလောင်စာမရှိ၍ မီးငြိမ်းသွားသောအခါ ထိုမီးကို အရှေ့အနောက်စသည် အရပ်တို့သို့ သွားသည်ဟု မဆိုနိုင်ပုံ ဥပမာတို့ဖြင့် အကြောင်းရှိ၍ ခန္ဓာဖြစ်လာပုံ၊ အကြောင်းချုပ်ငြိမ်းသွားသောအခါ (ဝါ) အကြောင်းတရားကို အမြစ်ပြတ်ပယ်သတ်နိုင်သောအခါ ထိုခန္ဓာငါးပါးတို့ (မည်သည့်အရပ်၌ဖြစ်သည်ဟု မပြောပြနိုင်အောင်) ချုပ်ငြိမ်းသွားပုံတို့ကို ဟောကြားတော်မူရာ ဝစ္ဆဂေါတ္တပရိဗိုဇ် သဘောပေါက်၍ ရတနာသုံးပါးကို ကြည်ညိုသော ဗုဒ္ဓဘာသာဝင် ဥပါသကာအဖြစ်ကို ခံယူလေသည်။

ဤကား ဝစ္ဆဂေါတ္တသုတ်ကို အဓိပ္ပါယ်ပေါ်လွင်ရုံမျှ မြန်မာပြန်ခြင်း ဖြစ်သည်။

**ပဓာနအချက်**

ဤစောဒနာ အမှတ်(၃)(ခ)၏ မြစ်ဖျားခံရာကား-

အလံ ဟိ တေ ဝစ္ဆ အညာဏာယ အလံ သမ္မောဟာယ။ ဂမ္ဘီရော ဟာယံ ဝစ္ဆ ဓမ္မော ဒုဒ္ဒသော ဒုရနုဗောဓော သန္တော ပဏီတော အတက္ကာဝစရော နိပုဏော ပဏ္ဍိတဝေဒနီယော၊ သော တယာ ဒုဇ္ဇာနော

အညဒိဋ္ဌိကေန အညခန္တိကေန အညရုစိကေန အညတြယောဂေန အညတြာစရိယကေန-

ဟူသော ပါဠိတော်ပင်တည်း။

ဤပါဠိတော်ကိုကြည့်၍ မိုးကုတ်ဆရာတော်ကြီးက-

"ပုဏ္ဏားက မရှင်းသေးဘဲ၊ မရှင်းသေးတော့ "ဒါ ပဋိစ္စသမုပ္ပါဒ်နားလည်တဲ့ ဆရာရှာဦး"လို့ ဘုရားက တစ်ဖက်သတ် လွှဲပေးလိုက်တယ်"-

ဟု ဟောတော်မူသည်။

ဤ၌ အဋ္ဌကထာဆရာ၏ ဖွင့်ဆိုချက်ကို လေ့လာကြည့်ရာ-

"ဂမ္ဘီရော ဟာယံ ဝစ္ဆ ဓမ္မော ဒုဒ္ဒသော = ဝစ္ဆ ဤတရားသည် ခက်ခဲနက်နဲ၍ သိမြင်နိုင်ခဲသော တရားဖြစ်၏"-ဟူရာ၌ ဓမ္မောကို- ဓမ္မောတိ ပစ္စယာကာရဓမ္မော ဟုလည်းကောင်း၊

" သော တယာ ဒုဇ္ဇာနော (ပ) အညတြာစရိယကေန = တစ်ပါးသော ဆရာ၏ အဆုံးအမကိုသာ ရနေသော သင်သည် ထိုတရားကို မသိနိုင်"ဟူသောစကား ရပ်၌ အညတြာစရိယကေနကို-

အညတြာစရိယကေနာတိ ပစ္စယာကာရံ အဇာနန္တာနံ အညေသံ အာစရိယာနံ သန္တိကေ ဝသန္တေန-ဟု လည်းကောင်း-

ဖွင့်ဆိုထားသည်ကို တွေ့ရပေသည်။

ဆိုလိုသည်မှာ ဤပစ္စယာကာရတရားသည် ခက်ခဲနက်နဲ၍ သိနိုင်ခဲ၏။ (ပ) ပညာရှိတို့သာ သိနိုင်သည်။ ပစ္စယာကာရဓမ္မကို မသိသောဆရာ(တိတ္ထိ)တို့၏ အထံ၌ နေသော သင်သည်မသိနိုင်ဟု ဆိုလိုပေသည်။

## ပစ္စယာကာရဓမ္မဟူသည်

ဤနေရာ၌ ပစ္စယာကာရ, ပစ္စယာကာရဓမ္မတို့ကိုလည်း စိစစ်အပ်ပေသည်။

ပဋိစ္စသမုပ္ပါဒန္တိ ပစ္စယာကာရံ။ ပစ္စယာကာရော ဟိ အညမညံ ပဋိစ္စ သဟိတေ ဓမ္မေ ဥပ္ပါဒေတီတိ ပဋိစ္စသမုပ္ပါဒေါတိ ဝုစ္စတိ။(ဝိ၊ ဋ္ဌ၊ ၃။၂၃၅။ သံ၊ ဋ္ဌ၊၂။၆)

ပစ္စယာကာရန္တိ အဝိဇ္ဇာဒိပစ္စယဓမ္မံ။ (သာရတ္ထ၊ ၃။ ၁၃၄)

ပစ္စယဓမ္မာနံ အဝိဇ္ဇာဒီနံ တဿ တဿ ပစ္စယုပ္ပန္နဿ ဟေတုပစ္စယာ ဒိဘာဝေါ ပစ္စယာကာရော။ သော ပန အတ္ထတော အဝိဇ္ဇာဒိ

ဧဝါတိ အာဟ "ပဋိစ္စ သမုပ္ပါဒန္တိ ပစ္စယာကာရဿ"န္တိ ။ (သံ၊ ဋီ၊ ၂။ ၉/၁၀)

အဝိဇ္ဇာဒိကဿ ပစ္စယဓမ္မဿ သင်္ခါရာဒိပစ္စယုပ္ပန္နဓမ္မံ ပတိ ဟေတု အာဒိနာ ပစ္စယေန ပစ္စယဘာဝေါ ပစ္စယာကာရော၊ ပဋိစ္စသမုပ္ပါဒေါတိ အတ္ထော။ (အနု၊ဋီ၊ ၂။၉၁)

ဤဖွင့်ဆိုချက်တို့အရ အဝိဇ္ဇာစသောအကြောင်းတို့က သင်္ခါရစသော အကျိုးတို့အား ကျေးဇူးပြုတတ်သော သတ္တိကိုလည်းကောင်း၊ အကြောင်းတရားတို့ကြောင့် အကျိုးတရားတို့ ဖြစ်ကြရပုံ (ကြောင်းကျိုးဆက်ပုံ) ပဋိစ္စသမုပ္ပါဒ်ကိုလည်းကောင်း ပစ္စယာကာရဟုခေါ်ကြောင်း သိနိုင်ပေသည်။

ဤဝစ္ဆဂေါတ္တသုတ်၌ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ စသောအများသိ ပဋိစ္စသမုပ္ပါဒ်ဒေသနာကို တိုက်ရိုက်မသိနိုင်သော်လည်း အဋ္ဌကထာဆရာက "ဂမ္ဘီရော ဟာယံ ဝစ္ဆ ဓမ္မော"၌ ဓမ္မဟူသည် ပစ္စယာကာရတည်းဟု လည်းကောင်း၊ အညတြာစရိယကေနကို "ပစ္စယာကာရံ အဇာနန္တာနံ အာစရိယာနံ သန္တိကေ ဝသန္တေန"ဟုလည်းကောင်း ဖွင့်ဆိုထားသည်ကိုထောက်လျှင် ဤဝစ္ဆဂေါတ္တသုတ်၌ ပဋိစ္စသမုပ္ပါဒ်တရားကို ဟောထားကြောင်း သိနိုင်ပေသည်။

မှန်၏။ ဤသုတ်၌ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ဟူသော ခန္ဓာငါးပါးကိုလည်းကောင်း၊ ထိုခန္ဓာငါးပါး၏ ဖြစ်ခြင်း ချုပ်ခြင်းကိုလည်းကောင်း သိမြင်သောကြောင့် ထိုခန္ဓာငါးပါးတို့၌ တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းတော့ဘဲ ခန္ဓာငါးပါးမှ လွတ်မြောက်သွားသော ရဟန္တာပုဂ္ဂိုလ်ကိုလည်းကောင်း ဟောကြားထားပေသည်။

ဤသို့ ဤဝစ္ဆဂေါတ္တသုတ်၌ ပဋိစ္စသမုပ္ပါဒ်ကို ဟောကြားထားသော်လည်း "ပဋိစ္စသမုပ္ပါဒ် နားလည်တဲ့ ဆရာရှာဦး"ဟု ဘုရားရှင်က မိန့်ကြားခြင်း အလျဉ်း မပါသောကြောင့် "ပဋိစ္စသမုပ္ပါဒ်နားလည်တဲ့ ဆရာရှာဦး"ဟူသောစာပိုဒ်ကို ဖြုတ်ပယ်ပေးရမည်။ တိပ်ခွေ၌လည်း ယင်းစကားပိုဒ်ကို ပယ်ဖျက်ပေးရမည်။

------------------

## အမှတ်(၄)စောဒနာစိစစ်ချက်

စောဒကဆရာတော်က အမှတ်(၄)စောဒနာတွင်-

၁။ ပဋိစ္စသမုပ္ပါဒ်နားမလည်ဘဲနဲ့ အနိစ္စ, ဒုက္ခ, အနတ္တတွေ နင်းပြီးကြိုးစား၊ ရကို မရဘူး။ (ပ) ။မြင်းမြီးဆွဲမောင်ဆန်ဆိုတာ။ (ပ) ။ အဲဒီပုဂ္ဂိုလ်ဟာ ဘုရားရှိတုန်း

ကလည်း အားထုတ်တာ ဒကာ, ဒကာမတို့၊ ဘုရားပရိနိဗ္ဗာန်စံတောင် မရဘူး။ ဘာနားမလည်လို့တုန်းဆိုရင်တော့ ပဋိစ္စသမုပ္ပါဒ် နားမလည်တော့။

(အမှတ်စဉ် (၂)စာအုပ်၊ နှာ-၃၁၇)

၂။ အရှင်ဆန္န သူကိုယ်တိုင်ရှုပြီး သူကိုယ်တိုင်ဟောတဲ့တရားထဲမှာ "သူရှုနေတာ ၄၄-နှစ်၊ ၄၅-နှစ် ကြာပါပြီ"တဲ့ "ဘယ်အခါကာလမှ နိဗ္ဗာန်ဆိုတာ မမြင်ပါဘူးတဲ့။ (အမှတ်စဉ် (၄)စာအုပ်၊ နှာ-၁၄၁)

၃။ မောင်ဆန်လေ။ (ပ) ။ အနိစ္စ, ဒုက္ခ, အနတ္တတော့ သေသေချာချာလုပ်တဲ့ ပုဂ္ဂိုလ်ဘဲ။ လုပ်ကြောင်းသူဟာသူ ဝန်ခံပါတယ်။ (ပ) ။သူကိုယ်တိုင်ပြောတာ။ ဒကာ ဒကာမတို့။ ပါဠိတော်မှာ ဒီအတိုင်းလာတယ်။

ဟု မိုးကုတ်ဆရာတော်ကြီးက ဟောခဲ့ရာ ထိုဟောကြားချက်များသည် ပါဠိ, အဋ္ဌကထာ, ဋီကာများနှင့် မညီညွတ်သော ဟောကြားချက်များသာ ဖြစ်ကြောင်း၊ ပဋိစ္စသမုပ္ပါဒ်ကို အမွှန်းတင်လွန်းလိုသော ဆန္ဒကြောင့် ယင်းသို့ ဟောခြင်းဖြစ်ကြောင်း စောဒနာထားပေသည်။

စုဒိတကဆရာတော်တို့ကလည်း-

သံယုတ်ပါဠိတော်၊ သံယုတ်အဋ္ဌကထာတို့ကို ကိုးကား၍ ဆရာတော်ဘုရားကြီးဟောတာ မှန်ကန်ပါကြောင်း သောခနာကြလေသည်။

လေ့လာစိစစ်ချက်

ဤစောဒနာ, သောခနာတို့ကို လေ့လာစိစစ်ရာ-

စောဒကပုဂ္ဂိုလ်က-

(က) ဆန္နောတိဿ နာမံ အဟောသိ၊ ဗောဓိသတ္တေန သဟဇာတော။ သော သတ္ထု ဉာတိသမာဂမေ ပဋိလဒ္ဓသဒ္ဓေါ ပဗ္ဗဇိတွာ ဘဂဝတိ ပေမေန "အမှာကံ ဗုဒ္ဓေါ အမှာကံ ဓမ္မော"တိ မမတ္တံ ဥပ္ပါဒေတွာ သိနေဟံ ဆိန္ဒိတုံ အသက္ကောန္တော သမဏဓမ္မံ အကတွာ သတ္ထရိ ပရိနိဗ္ဗုတေ သတ္ထာရာ အာဏတ္တ ဝိဓိနာ ကတေန ဗြဟ္မဒဏ္ဍေန သန္တဇ္ဇိတော သံဝေဂပ္ပတ္တော ဟုတွာ သိနေဟံ ဆိန္ဒိတွာ ဝိပဿန္တော န စိရေနေဝ အရဟတ္တံ ပါပုဏိ။

(ထေရ၊ ဋ္ဌ၊ ၁။ ၁၉၅)

ဟူသော အဋ္ဌကထာ၌ သမဏဓမ္မံ အကတွာ = ရဟန်းတရား အားမထုတ်မူ၍ဟူသော စကားကိုလည်းကောင်း။

(ခ) အာယသ္မာ ဆန္နောတိ တထာဂတေန သဒ္ဓိံ ဧကေဒိဝသေ ဇာတော မဟာဘိနိက္ခမနဒိဝသေ သဒ္ဓိံ နိက္ခမိတွာ ပုန အပရဘာဂေ သတ္ထု သန္တိကေ ပဗ္ဗဇိတွာ "အမှာကံ ဗုဒ္ဓေါ, အမှာကံ ဓမ္မော" တိ ဧဝံ မက္ခီ စေဝ ပလာသီ စ ဟုတွာ သပြဟ္မစာရိနံ ဖရုသဝါစာယ သံဃဋ္ဋနံ ကရောန္တော ထေရော။ (သံ၊ ဋ္ဌ၊ ၂။ ၂၉၁)

ဟူသော အဋ္ဌကထာနှင့်အညီ 'ငါရဲ့ဘုရား, ငါရဲ့တရား' ဟု စွဲမက်ပြီး အခြားပုဂ္ဂိုလ်တို့၏ ဂုဏ်ကျေးဇူးကို မကြည့်ဘဲ ခပ်ကြမ်းကြမ်းနေလေ့ရှိသူ, အခြားရဟန်းတို့သည် ဘုရားရှင်အပေါ်၌ ငါလောက်ကျေးဇူးပြုခဲ့ကြသည်မဟုတ်၊ ငါကသာ ဘုရားအပေါ် ကျေးဇူးပြုခဲ့ရသည်ဟု အခြားသံဃာတော်တို့ အပေါ်၌ မသင့်သော နည်းဖြင့် ဂုဏ်ပြိုင်သည့် ပုဂ္ဂိုလ်ဟူသော စကားတို့ကိုလည်းကောင်း။

(ဂ) သော သတ္ထရိ ပရိနိဗ္ဗုတေ အာနန္ဒတ္ထေရေန အာရောစိတံ ဗြဟ္မဒဏ္ဍံ သုတွာ ဒုက္ခီ ဒုမ္မနော တိက္ခတ္တုံ မုစ္ဆိတော ပတိတွာ "မာမံ ဘန္တေ နာသယိတ္ထာ"တိ ယာစိတွာ သမ္မာ ဝတ္တံ ပူရေန္တော န စိရဿေဝ သဟ ပဋိသမ္ဘိဒါဟိ အရဟတ္တံ ပါပုဏိ။ (ဓမ္မ၊ ဋ္ဌ၊ ၁။ ၃၅၀၊ ၃၅၁)

ဟူသော အဋ္ဌကထာ၌ ဗြဟ္မဒဏ်အပေးခံရပြီးသည့်နောက် သံဝေဂရပြီး တရားလမ်းကြောင်းသို့ ဖြောင့်တန်းစွာလိုက်သည်ဟု ဆိုသောကြောင့်လည်းကောင်း၊ အရှင်ဆန္နသည် ဘုရားရှင်သက်တော်ထင်ရှား ရှိတုန်းကတည်းက တရားအားထုတ်ခဲ့သည်ဟူသော စကားသည်လည်းကောင်း၊ ၄၄-နှစ် ၄၅-နှစ်ကြာအောင် တရားအားထုတ်ခဲ့သည်ဟူသော စကားသည်လည်းကောင်း မမှန်ကန်ပါဟု တင်ပြသည်။

ထို့ပြင် ဆန္နသုတ်ပါဠိတော်(သံ၊ ၂။ ၁၀၈)၌ ဆန္နရဟန်းကိုယ်တိုင်က အနိစ္စလက္ခဏာ, အနတ္တလက္ခဏာ နှစ်ပါးမြင်ပါကြောင်း အတိအကျ ဟောထားပါလျက် "မောင်ဆန်လေ အနိစ္စ ဒုက္ခ အနတ္တတော့ သေသေချာချာ လုပ်တဲ့ပုဂ္ဂိုလ်ပဲ၊ သူကိုယ်တိုင်ပြောတာ၊ ပါဠိတော်မှာလာတယ်" ဟု ပြောခြင်းသည်လည်း အပိုထည့်စွက်၍ ဟောထားခြင်းဖြစ်ကြောင်း စောဒနာထားပေသည်။

စုဒိတကဆရာတော်တို့ကလည်း-

ထေရဂါထာ အဋ္ဌကထာ၊ ဆန္နသုတ် (သံ၊ ၂။ ၁၀၈)တို့ကို ကိုးကား၍

ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကပင် တရားအားထုတ်ခဲ့ဖူးမည်ဖြစ်ကြောင်း ၄၄-နှစ် ၄၅-နှစ်ကြာအောင် အားထုတ်သည်ဟူသောစကားမှာ ကျမ်းဂန်၌ မပါသော်လည်း မိုးကုတ်ဆရာတော်ကြီးက မှန်းဆ၍ ဟောခြင်းဖြစ်နိုင်ကြောင်း ချေပကြလေသည်။

**စိစစ်လေ့လာချက်**

စာဒက, စုဒိတကတို့၏ တင်ပြချက်တို့ကို အခြေခံ၍ ဝိနည်းမိုရ်ဆရာတော်များက လေ့လာသုံးသပ်ကြည့်ရာ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၌လာရှိသော ဆန္နသုတ်သည် အခိုင်အမာဆုံးဖြစ်သည်ကို တွေ့ရပေသည်။ “ပါဠိတော်မှာ ဒီအတိုင်းလာတယ်”ဟု မိုးကုတ်ဆရာတော်ကြီး ရည်ညွှန်းသည်မှာလည်း ဤဆန္နသုတ်ပင်ဖြစ်ပေသည်။

ဤဆန္နသုတ်သည် ပထမသံဂါယနာတင်စဉ်က မပါဝင်သေးဘဲ (မဖြစ်ပေါ်သေးဘဲ) ဒုတိယသံဂါယနာတွင်မှ ပါဝင်လာသော သုတ်ဖြစ်ပေသည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီး ၁၀-လခန့်ကြာမှ ဖြစ်ပေါ်လာသော သုတ်ဟု ခန့်မှန်းရပေသည်။

ဆန္နသုတ်ဖြစ်ပေါ်လာခြင်း၏ အကြောင်းမှာ-ပထမသံဂါယနာ တင်ပြီး သောအခါ အရှင်အာနန္ဒာက သံဃာများအား “ငါဘုရား ပရိနိဗ္ဗာန်စံပြီးပါက ဆန္နရဟန်းကို သံဃာက ဗြဟ္မဒဏ်ပေးရမည်”ဟု အမိန့်ရှိကြောင်းလျှောက်ထားသည်။

ထိုလျှောက်ထားချက်အရ သံဃာက အရှင်အာနန္ဒာအား တာဝန်ပေးသည်။ နောက်ပါသံဃာငါးရာခေါ်၍ ဆန္နရဟန်းရှိရာ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းသို့ သွားပြီး အရှင်အာနန္ဒာက အရှင်ဆန္နအား ဗြဟ္မဒဏ်ပေးသည်။

ဗြဟ္မဒဏ်အပေးခံရသောအခါ အရှင်ဆန္န စိတ်ထိခိုက်ပြီး မူးမိုက်လဲကျ သည်။ သတိရသောအခါ ဃောသိတာရုံကျောင်းတိုက်ရှိ သံဃာများထံ လိုက် လံ၍ ဆုံးမဩဝါဒပေးပါရန် လျှောက်သော်လည်း မည်သူကမျှ အဖက်လုပ် စကားမပြောကြ၍ ဗာရာဏသီပြည် မိဂဒါဝုန်သို့ အရှင်ဆန္နလာခဲ့သည်။ မိဂဒါဝုန် သံဃာများထံ ချဉ်းကပ်၍ တရားဟောပါရန် ဆုံးမကြပါရန် လျှောက်

သောအခါ မိဂဒါဝုန်သံဃာများက "ရုပ်, ဝေဒနာ, သညာစသည်တို့ကို အနိစ္စ, အနတ္တ ဟု ရှုရမည်ဖြစ်ကြောင်း" ဟောကြားကြသည်။

ထိုအခါ အရှင်ဆန္နက "ငါ့မှာ အနိစ္စ အနတ္တဟု ထင်မြင်ကြောင်း၊ သို့သော် ငါ၏စိတ်သည် နိဗ္ဗာန်သို့ မသက်ဝင်၊ တရားကို တကယ်မြင်လျှင် ဤသို့ မဖြစ်တန်ရာ"ဟု ဆင်ခြင်ပြီး အရှင်အာနန္ဒာရှိရာ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းသို့ ပြန်သွားသည်။ အရှင်အာနန္ဒာထံ ရောက်သောအခါ အကျိုးအကြောင်းလျှောက်သဖြင့် အရှင်အာနန္ဒာက ဘုရားရှင်ဟောကြားခဲ့သော ကစ္စာနဂေါတ္တသုတ်ကို ဟောရာ မကြာမီ အရှင်ဆန္န ရဟန္တာဖြစ်လေသည်။

## ဗြဟ္မဒဏ်ဟူသည်

ဗြဟ္မဒဏ်ဟူသည် အရှင်ဆန္နရဟန်း ပြုချင်ရာပြုပါစေ၊ ပြောချင်ရာပြောပါစေ၊ အရှင်ဆန္နကို မည်သည့်ရဟန်းကမျှ အဖက်လုပ်၍ စကားမပြောရ၊ ဆုံးမလည်း မဆုံးမရ-ဟု (အဖက်မလုပ်) ဝိုင်းပယ်လိုက်ခြင်းဖြစ်ပါသည်။

ဤဆန္နသုတ်လာ-

အထ ခေါ အာယသ္မတော ဆန္နဿ ဧတဒဟောသိ "မယှမ္ပိ ခေါ ဧတံ ဧဝံ ဟောတိ။ ရူပံ အနိစ္စံ။ ဝေဒနာ။ သညာ။ သင်္ခါရာ။ ဝိညာဏံ အနိစ္စံ။ ရူပံ အနတ္တာ (ပ) ဝိညာဏံ အနတ္တာ။ သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ"တိ။ အထ စ ပန မေ သဗ္ဗသင်္ခါရသမထေ သဗ္ဗူပဓိပဋိနိဿဂ္ဂေ တဏှာက္ခယေ ဝိရာဂေ နိရောဓေ နိဗ္ဗာနေ စိတ္တံ န ပက္ခန္ဒတိ နပ္ပသီဒတိ န သန္တိဋ္ဌတိ နာဓိမုစ္စတိ။ ပရိတဿနာ ဥပါဒါနံ ဥပ္ပဇ္ဇတိ။ ပစ္စုဒါဝတ္တတိ မာနသံ အထ ကော စရဟိ မေ အတ္တာ" တိ။ န ခေါ ပနေဝံ ဓမ္မံ ပဿတော ဟောတိ။

ဟူသော စကားကို ထောက်၍ အရှင်ဆန္နသည် ဘုရားသက်တော်ထင်ရှားရှိစဉ်ကပင် တရားအားထုတ်ခဲ့ဖူးရမည်ဟု ကောက်ချက်ချနိုင်ပေသည်။

သို့သော် ဤပါဠိတော်၌ ၄၄-နှစ်၊ ၄၅-နှစ်ကြာအောင် အားထုတ်ခဲ့သည်ဟုကား မပါပေ။ ထို့ပြင် အနိစ္စ,ဒုက္ခ, အနတ္တ သုံးမျိုးလုံးထင်ကြောင်းလည်း မပါပေ။ အနိစ္စ, အနတ္တ နှစ်မျိုးသာထင်ကြောင်း ပါရှိသည်။

## မည်မျှကြာအောင် အားထုတ်သနည်း

ထေရဂါထာအဋ္ဌကထာ (ထေရ-ဋ္ဌ၊ ၁၊ ၁၉၅)၌ "သမဏဓမ္မံ အကတွာ ရဟန်းတရား အားမထုတ်မူ၍"ဟု ဆိုသော်လည်း ထိထိရောက်ရောက် ပေါက်ပေါက်မြောက်မြောက် အားမထုတ်ခြင်းကို သာဆိုလိုသည်။ ဆိုခဲ့ပြီး သော ဆန္ဒသုတ်ပါဋ္ဌိတော်လာ ဆန္ဒကိုယ်တိုင် ပြောကြားချက်စကားအရ လုံးဝအား မထုတ်ခဲ့ဟုကား မဆိုနိုင်ပေ။ ခန္ဓာငါးပါးကို အနိစ္စ, အနတ္တမြင်အောင် အားထုတ် ထားသည်ဟုကား သိနိုင်ပေသည်။

ယင်းနှင့်စပ်လျဉ်း၍ သံယုတ်အဋ္ဌကထာ (သံ၊ ဋ္ဌ၊ ၂။ ၂၉၁)၌ အောက်ပါ အတိုင်း ဖွင့်ဆိုထားပေသည်။

အယံ ကိရ ထေရော ပစ္စယေ အပရိဂ္ဂဟေတွာ ဝိပဿနံ ပဋ္ဌပေသိ၊ သာဿ ဒုဗ္ဗလဝိပဿနာ အတ္တဂါဟံ ပရိယာဒါတုံ အသက္ကုဏန္တီ သင်္ခါရေသု သုညတော ဥပဋ္ဌဟန္တေသု ဥစ္ဆိဇ္ဇိဿာမိ ဝိနဿိဿာမီ" တိ ဥစ္ဆေဒဒိဋ္ဌိယာ စေဝ ပရိတဿနာယ စ ပစ္စယော အဟောသိ။

ဤဖွင့်ဆိုချက်ကို ကြည့်လျှင် အရှင်ဆန္ဒသည် ခန္ဓငါးပါးကို ဝိပဿနာရှုရာ၌ ရုပ်နာမ်တို့၏ ဖြစ်ခြင်းပျက်ခြင်းကို အကြောင်းနှင့်တကွ (အဗျာပါရနည်းပေါ် လွင်အောင်) မသိမ်းဆည်းနိုင်သောကြောင့် ဥဒယဗ္ဗယဉာဏ် အနုစားဟု ဆိုအပ်သော ဒုဗ္ဗလဝိပဿနာသာ ဖြစ်သောကြောင့် အတ္တဒိဋ္ဌိ မစင်ခြင်းဖြစ် ကြောင်းသိနိုင်ပေသည်။

ဤသည်တို့ကို ထောက်လျှင် မိဂဒါဝုန် ရဟန်းတော်များထံ မရောက်မီက ပင် အရှင်ဆန္ဒ ဝိပဿနာတရားအားထုတ်ခဲ့ဘူးကြောင်း သိနိုင်ပေသည်။

## အဘယ်ကြောင့် တရားမရသနည်း

ဤသို့ ဝိပဿနာတရားအားထုတ်ခဲ့သော်လည်း အတ္တဒိဋ္ဌိကို မခွါနိုင်သည် မှာ ဆိုခဲ့ပြီးအတိုင်း အားနည်းသော ဝိပဿနာသာ ဖြစ်နေသောကြောင့်ပေ တည်း။

ထို့ပြင် အရှင်ဆန္ဒသည် ဘုရားရှင်နှင့် တရားတော်အပေါ်၌ အလွန်ချစ်ခင် မြတ်နိုးသော ဂေဟဿိတ ပီတိသောမနဿက အားကြီးလှသည်။ ထိုဂေဟ-ဿိတပေမကို အကြောင်းပြု၍ သံဃာတော်တို့အပေါ်၌ ထောင်လွှားသော မာန, ဂုဏ်တု ဂုဏ်ပြိုင် လုပ်မှု, ပဠာသ, သံဃာတော်များ၏ ဂုဏ်ကျေးဇူးကို ချေဖျက်မှု မက္ခတရားတို့ အားကြီးလွှမ်းမိုးနေပြန်သည်။ ဘုရားနှင့် တရားအပေါ်၌

ချစ်ခင်မြတ်နိုးလွန်းသော ထိုဂေဟာဿိတပေမ ပီတိသောမနဿကို မပယ်သောကြောင့်သာ တရားထူးမရခြင်းဖြစ်ပေသည်။

ဣဓ "အမှာကံ ဗုဒ္ဓေါ အမှာကံ ဓမ္မော"တိ အာဒိနာ နယေန အာယသ္မတော ဆန္နဿ ဥပ္ပန္နသဒိသံ ဂေဟေဿိတံ ပီတိသောမနဿံ အဓိပ္ပေ တံ။ ဣဒဉှိ ဈာနာဒိပဋိလာဘာယ အန္တရာယကရံ ဟောတိ။ တေ နေဝါယသ္မာ ဆန္နောပိ ယာဝ ဗုဒ္ဓေါ န ပရိနိဗ္ဗာယိ၊ တာဝ ဝိသေသံ နိဗ္ဗတ္တေတုံ နာသက္ခိ၊ ပရိနိဗ္ဗာနကာလေ ပညတ္တေန ပန ဗြဟ္မဒဏ္ဍေန တဇ္ဇိတော တံ ပီတိသောမနဿံ ပဟာယ ဝိသေသံ နိဗ္ဗတ္တေသိ။ (ဒီ၊ ဋ္ဌ၊ ၁။ ၅၄)

ဤသီလက္ခန် အဋ္ဌကထာဖွင့်ဆိုချက်အရ ဂေဟာဿိတပီတိသောမနဿ ကို မပယ်နိုင်သောကြောင့်သာ အရှင်ဆန္န တရားထူးမရခြင်းဖြစ်သည်။ တရားအားမထုတ်သောကြောင့် တရားထူးမရခြင်းမဟုတ်ဟု သိနိုင်သည်။ အကယ်၍ တရားအားမထုတ်သောကြောင့် တရားထူးကို မရရှိုးမှန်ပါလျှင် ဤစကားကို မိန့်ကြားနေဖွယ် မလိုပေ။ တရားအားမထုတ်သောကြောင့်သာ တရားထူးမရခြင်းဖြစ်သည်ဟု ဆိုရှုသာရှိသည်။

ဤသည်နှင့် စပ်လျဉ်း၍ အနည်းငယ်ရှင်းပြပါဦးမည်။

သီလက္ခန်အဋ္ဌကထာလာ ယင်းဖွင့်ဆိုချက်သည် သီလက္ခန်ပါဠိတော်လာ

"မမံ ဝါ ဘိက္ခဝေ ပရေ ဝဏ္ဏံ ဘာသေယျုံ ဓမ္မဿ ဝါ ဝဏ္ဏံ ဘာသေယျုံ၊ တတြ စေ တုမှေ အဿထ အာနန္ဒိနော သုမနာ ဥပ္ပိလာဝိတာ၊ တုမှံယေဝဿ တေန အန္တရာယော (ဒီ၊ ၁။ ၃)

ဟူသော မြတ်ဗုဒ္ဓ၏ ဒေသနာတော်ကို အဋ္ဌကထာဆရာက အာဂမယုတ္တိအဖြစ်ဖြင့် ထုတ်ပြခြင်းဖြစ်သည်။

ဘုရား, တရား, သံဃာ ရတနာသုံးပါး၏ အပြစ်ကို ပြောကြားခံလာရပါက စိတ်ဆိုးခြင်း သည်းမခံနိုင်ခြင်းဖြစ်လျှင် ထို စိတ်ဆိုးခြင်း သည်းမခံနိုင်ခြင်းသည် စျာန်မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်သကဲ့သို့ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ပြောကြားလာသဖြင့် ကျေနပ်နှစ်သိမ့် သဘောကျနေပါက ထို ကျေနပ် နှစ်သိမ့် သဘောကျခြင်း (ဂေဟာဿိတပီတိသောမနဿ)သည် စျာန်မဂ်ဖိုလ်၏ အန္တရာယ်ပင်ဖြစ်သည်ဟု ဖွင့်ပြလိုရင်းဖြစ်သည်။

ထို့ကြောင့် အရှင်ဆန္နသည် ပြဟ္မဒဏ်အပြုမခံရခင်က ဘုရားနှင့် တရား အပေါ် အလွန်အားကြီးသော ဂေဟာဿိတပေမရှိခဲ့သည်။ ပြဟ္မဒဏ်အပြုခံရသောအခါ သံဝေဂရပြီး ရဟန်းသံဃာတို့အပေါ်၌ အလေးထားလာပြီး ဘုရား, တရားအပေါ်၌ အားကြီးသော ဂေဟာဿိတပေမကို ဖြတ်နိုင်ခဲ့ပြီးဖြစ်၍ တရားလမ်းကြောင်းပွင့်သွားခဲ့ပေသည်။ ထို့ကြောင့်-

"ပြဟ္မဒဏ္ဍေန တဇ္ဇိတော တံ ပီတိသောမနဿံ ပဟာယ ဝိသေသံ နိဗ္ဗတ္တေသိ"ဟု မိန့်ခြင်းဖြစ်ပေသည်။ ထိုနည်းအတူ-

"အမှာကံ ဗုဒ္ဓေါ, အမှာကံ ဓမ္မော" တိ မမတ္တံ ဥပ္ပါဒေတွာ သိနေဟံ ဆိန္ဒိတုံ အသက္ကောန္တော သမဏဓမ္မံ အကတွာ (ပ) ပြဟ္မဒဏ္ဍေန သန္တဇ္ဇိတော သံဝေဂပ္ပတ္တော ဟုတွာ သိနေဟံ ဆိန္ဒိတွာ ဝိပဿန္တော န စိရေနေဝ အရဟတ္တံ ပါပုဏိ။ (ထေရ၊ ဋ၊ ၁။ ၁၉၅) ဟုမိန့်ဆိုခြင်း ဖြစ်ပေသည်း။

## အရှင်ဆန္န ရဟန္တာဖြစ်ပြီ

ဆိုခဲ့ပြီးအတိုင်း မိဂဒါဝုန် ရဟန်းများထံမှ အရှင်အာနန္ဒာရှိရာ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းတော်သို့ ပြန်လာခဲ့ပြီး အရှင်အာနန္ဒာထံ အကျိုးအကြောင်းလျှောက်ထားပြရာ အရှင်အာနန္ဒာက မြတ်စွာဘုရားဟောကြားခဲ့သည့် ကစ္စာနဂေါတ္တသုတ်ကို ဟောလေရာ ထိုတရားတော်ကို နာယူပြီး တစ်ပါးတည်း ဆိတ်ငြိမ်ရာ အရပ်သို့ကပ်၍ တရားအားထုတ်လျှင် မကြာမီ ရဟန္တာအဖြစ်သို့ ရောက်ရပေသည်။

## ကစ္စာနဂေါတ္တသုတ်

ကစ္စာနဂေါတ္တသုတ်၌ ရှေ့ပိုင်းတွင် လောကကြီးကို သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိနှစ်ပါးတို့က ယေဘုယျအားဖြင့် နှောင်ဖွဲ့ထားပုံ၊ ထို ဥစ္ဆေဒဒိဋ္ဌိ, သဿတဒိဋ္ဌိပြတ်လျှင် ငါ= အတ္တကင်းစင်သွားပုံ၊ ဖြစ်တာလည်း ခန္ဓာငါးပါး, ပျက်တာလည်းခန္ဓာငါးပါးဟု မြင်လာသောအခါ "ငါဖြစ်တာမဟုတ်၊ သူဖြစ်တာမဟုတ်၊ ငါပျက်တာလည်းမဟုတ်၊ သူပျက်တာလည်းမဟုတ်၊ ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း ပျက်ခြင်းသာ" ဟု ဝိပဿနာပညာ မဂ်ပညာတို့ဖြင့် သိမြင်၍ အယူစင်ကြယ်သွားပုံကို ဟောကြားထားလေသည်။

အလယ်ပိုင်း၌ ထိုသဿတ, ဥစ္ဆေဒ အစွန်းနှစ်ဖက်သို့ မကပ်ရောက်ဘဲ မဇ္ဈိမပဋိပဒါလမ်းစဉ်ဖြင့်သာ ဘုရားရှင်တို့ တရားဟောကြားပုံ (ဗုဒ္ဓဗလ=ဗုဒ္ဓစွမ်းရည်)ကို ဖော်ပြထားသည်။

နောက်ပိုင်း၌ 'အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ' စသော ပဋိစ္စသမုပ္ပါဒ်တို့ကို ဟောကြားထားသည်။

ထို့ကြောင့် အရှင်ဆန္န ရဟန္တာဖြစ်ရေးတွင် ပဋိစ္စသမုပ္ပါဒ်တရားတော်ကို နာကြားရခြင်းသည် အားကြီးသော အကြောင်းဖြစ်၍ "ပဋိစ္စသမုပ္ပါဒ် နားမလည်ဘဲနဲ့ အနိစ္စ, ဒုက္ခ, အနတ္တတွေ နင်းပြီးကြိုးစား။ ရကို မရဘူး။"ဟူသော မိုးကုတ်ဆရာတော်ကြီး၏ ဟောပြောချက်သည် မှားယွင်းသည်ဟု မဆိုနိုင် ပေ။

သို့သော် ဉာဏ်နုနယ်သူ, ပရိယတ္တိအားနည်းသူများအဖို့ ပဋိစ္စသမုပ္ပါဒ်ကို နားလည်မှသာ ဝိပဿနာဉာဏ်, မဂ်ဉာဏ် ရနိုင်သည်။ သစ္စာတရား, သတိပဋ္ဌာန်တရားစသည်တို့ကို နားလည်ရုံမျှဖြင့် ဝိပဿနာဉာဏ်, မဂ်ဉာဏ်မရ နိုင်ဟု အသိမှားနိုင်သောကြောင့် "ပဋိစ္စသမုပ္ပါဒ်နားမလည်ဘဲနဲ့" ဟူသော စကားကို "ရုပ်နာမ်ကြောင်းကျိုးဆက်၍ ဖြစ်ပျက်သဘောကို နားမလည်ဘဲနဲ့" ဟု လည်းကောင်း၊ "ဘာနားမလည်လို့တုန်းဆိုတော့ ပဋိစ္စသမုပ္ပါဒ်နားမလည် တော့" ဟူသောစကားကို "ဘာနားမလည်လို့တုန်းဆိုတော့ ကြောင်းကျိုးဆက် ပြီး ဖြစ်ပျက်တဲ့သဘောကို နားမလည်တော့"ဟုလည်းကောင်း ပြင်ဆင်ပေးရ မည်။

တိပ်ခွေ၌လည်း "ပဋိစ္စသမုပ္ပါဒ်ကို နားမလည်ဘဲနဲ့" ဟူသောစကား၊ "ဘာနားမလည်လို့တုန်းဆိုတော့ ပဋိစ္စသမုပ္ပါဒ်နားမလည်တော့" ဟူသော စကားရပ်တို့ကို ပယ်ဖျက်ပေးရမည်။

ထို့ပြင် "သူရှုနေတာ ၄၄-နှစ် ၄၅-နှစ် ကြာပါပြီတဲ့" ဟူသော စကားသည် လည်း ကျမ်းဂန်တွင် တိုက်ရိုက်မပါသောကြောင့် ယင်းစကားရပ်နှင့်အလား တူ စကားရပ်များကို ဖြုတ်ပယ်ပေးရမည်။ အသံသွင်း တိပ်ခွေတို့၌လည်း ယင်းစကားရပ်များကို ပယ်ဖျက်ပေးရမည်။

## အမှတ်(၅)စောဒနာစိစစ်ချက်

စောဒကဆရာတော်က-

"မိုးကုတ်ဆရာတော်ကြီးသည် အတ္တကိလမထအကျင့်နှင့် စပ်လျဉ်း၍ ယောဂီပုဂ္ဂိုလ်တို့ အသိအမြင်မှားအောင် ဟောထားပါသည်၊ ယင်းသို့ ဟောကြား သည့် ဝါဒကို အဓမ္မဝါဒဟု ဆုံးဖြတ်ပေးပါရန်" စောဒနာ တင်ခဲ့ပေသည်။

စောဒကဆရာတော်က-

"အခု တရားအားထုတ်မည့် ဒကာ ဒကာမတွေဟာ ကိုယ့်ဟာ ကိုယ်ဖြင့်

အဆင်းရဲခံပြီးသကာလ မကျင့်ပါနဲ့။ (မှန်ပါဘုရား)။ မှန်မှန် ဉာဏ်နဲ့ခန္ဓာ ကြည့်ပါ။ ။ (မှန်ပါ)။ [အမှတ်စဉ်(၁၇)စာအုပ်၊ နှာ-၂၀၂/၂၀၃]

ကိုယ့်ကိုယ်ကို ဆင်းရဲအောင်ကျင့်တဲ့ လမ်းကိုလည်း (ရှောင်ရပါမယ် ဘုရား)။ (ပ)။ မပင်ပန်းစေနဲ့နော်။ (မှန်ပါ)။ မပင်ပန်းစေနဲ့တဲ့ ဒကာ, ဒကာမတို့ ဒါ အင်မတန် အရေးကြီးတဲ့ အချက်" [အမှတ်စဉ် (၁၇)စာအုပ်၊ နှာ-၂၀၆]

ဟူသော မိုးကုတ်ဆရာတော်ကြီး၏ ဟောတရားတို့ကို ကိုးကားပြီး စောဒနာခြင်းဖြစ်ပေသည်။

စုဒိတကဆရာတော်တို့ကလည်း-

မိုးကုတ်ဆရာတော်ကြီး၏ ထိုဟောကြားချက်များပါသော ဟောစဉ်တရားတို့ကို ထုတ်နုတ်၍ အတ္တကိလမထ အကျင့်အကြောင်းကို ကျမ်းဂန် နှင့်အညီ ဟောထားပါလျက် စောဒကပုဂ္ဂိုလ်က သူလိုချင်ရာလေး ကွက်ပြီး ကိုးထား အပြစ်ရှာထားခြင်းဖြစ်ကြောင်း ချေပကြသည်။

## လိုရင်းအချက်

ဤအမှတ် (၅)စောဒနာ၏ ပဓာနရည်ညွှန်းချက်သည် အတ္တကိလမထ အကျင့်ပင်ဖြစ်သည်။ ထို့ကြောင့်အတ္တကိလမထအကျင့်၏ ဆိုလိုရင်းနှင့် မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်တို့ကို နှိုင်းယှဉ်သုံးသပ်ကြပေသည်။

## အစွန်းနှစ်ဖက်

ဘုရားရှင်သည် တရားဦးဖြစ်သော ဓမ္မစကြာတရားတော်ကို ပဉ္စဝဂ္ဂီငါးဦးတို့အား ဟောကြားရာ၌-

ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ၊ ကတမေ ဒွေ၊ ယောစာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော။ ယောစာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော။ ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ-

စသည်ဖြင့် ဟောကြားတော်မူခဲ့သည်။

သိသာရုံမျှ မြန်မာပြန်ရလျှင် "ရဟန်းတို့၊ ရဟန်းဖြစ်သောပုဂ္ဂိုလ်သည်

အာရုံငါးပါး ကာမဂုဏ်တရားတို့ကို ခံစားသည့် အစွန်းရောက်သော အကျင့်နှင့် ဆူးပေါ်အိပ်ခြင်း, ရေငုပ်ခြင်းစသည့် မိမိခန္ဓာကိုယ်ကို ပင်ပန်း ဆင်းရဲအောင် ညှဉ်းဆဲသည့် အတ္တကိလမထအကျင့်ဟူသော အစွန်းရောက်သော အကျင့်ဟူသည့် ဤနှစ်ပါးသော အကျင့်တို့ကို မကျင့်အပ်။ ငါဘုရားသည် ထိုအစွန်းရောက်သော အကျင့်နှစ်မျိုးကို မကျင့်ဘဲ ပညာမျက်စိကို ပြုတတ် သည့် အလယ်အလတ်ကျင့်စဉ်ဖြစ်သော မဇ္ဈိမပဋိပဒါ (မဂ္ဂင်ရှစ်ပါး) ကို ထိုးထွင်း သိမြင်အပ်ပြီ"ဟု အမိန့်ရှိလေသည်။

တရားစစ်တရားမှန် (ဝိပဿနာဉာဏ်, မဂ်ဉာဏ်) ရလိုသောပုဂ္ဂိုလ် မှန်သမျှ (က)ကာမဂုဏ်ခံစားမှု၊ (ခ) သမာဓိပညာကို အထောက်အကူ မဖြစ်စေသည့် ခန္ဓာကိုယ်ကို ပင်ပန်းအောင် ညှဉ်းပန်းနှိပ်စက်မှု ဤနှစ်မျိုးကို ရှောင်ကြဉ်ပြီး မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ကို ဖွဲ့သန်သန်ဖြင့် အားထုတ်ရမည်ဟု ဆိုလိုပေသည်။

**အတ္တကိလမထအကျင့်**

ဤ၌ အတ္တကိလမထအကျင့်ကို သိသင့်ပေသည်

အတ္တကိလမထာနုယောဂေါတိ အတ္တနော ကိလမထာ နုယောဂေါ၊ သရီရဒုက္ခကရဏန္တိ အတ္ထော။ (သံ၊ ဋ္ဌ၊ ၃။ ၁၄၅)

အတ္တကိလမထာနုယောဂေါတိ၊ အတ္တကိလမထာနုယောဂေါ ဟူသည်ကား။ အတ္တနော၊ မိမိခန္ဓာကိုယ်ကို။ ကိလမထာနုယောဂေါ၊ ပင်ပန်းအောင် အားထုတ်ခြင်းတည်း။ သရီရဒုက္ခကရဏံ၊ ခန္ဓာကိုယ်ပင်ပန်းအောင် ပြုလုပ်ခြင်းတည်း။

အတ္တကိလမထာနုယောဂေါ (သံ၊ ၃။ ၃၆၉)တိ အတ္တနော ကိလမထဿ အနုယောဂေါ၊ အတ္တနော ဒုက္ခကရဏန္တိ အတ္ထော။ဒုက္ခော (သံ၊ ၃။၃၆၉)တိ ကဏ္ဍကာပဿယ သေယျာဒီဟိ အတ္တမာရဏေဟိဒုက္ခာဝဟော။

(သံ၊ ဋ္ဌ၊ ၃။ ၃၂၈)

အတ္တကိလမထာနုယောဂေါတိ၊ အတ္တကိလ မထာနုယောဂေါ ဟူသည် ကား။ အတ္တနော၊ မိမိခန္ဓာကိုယ်အတ္တဘော၏။ ကိလမထဿ၊ ပင်ပန်းဆင်းရဲခြင်းကို။ အနုယောဂေါ၊ အားထုတ်ခြင်းတည်း။ အတ္တနော၊ မိမိခန္ဓာကိုယ်ကို။ ဒုက္ခကရဏံ၊ ဆင်းရဲပင်ပန်းအောင် ပြုပြင်ခြင်းတည်း။ ဣတိ အတ္ထော၊ ဤကား အနက်တည်း။ ဒုက္ခောတိ၊ ဒုက္ခောဟူသည်ကား။ ကဏ္ဍကာပဿယသေယျာဒီဟိ၊ ဆူးတည်း

ဟူသော အိပ်ရာမှီရာပေါ်၌ အိပ်ခြင်းအစရှိကုန်သော။ အတ္တမာရဏောဟိ၊ မိမိကိုယ်ကို ညှဉ်းပန်းနှိပ်စက်ခြင်းတို့ဖြင့်။ ဒုက္ခာဝဟော၊ ဆင်းရဲကို ဆောင်ခြင်းတည်း။

အတ္တနောတိ အတ္တဘာဝဿ အာဟိတော အဟံ မာနော ဧတ္ထာတိ အတ္တာ၊ အတ္တာဘာဝေါ။ ဒုက္ခကရဏန္တိ ဒုက္ခုပ္ပါဒါနံ။ အတ္တမာရဏောဟီတိ အတ္တဗာဓနေဟိ။ (သံ၊ ဋီ၊ ၂။ ၅၄၀/၅၄၁)

အတ္တနောတိ၊ အတ္တနောဟူသည်ကား။ အတ္တဘာဝဿ၊ ခန္ဓာကိုယ်အတ္တဘော၏။ ဧတ္ထ၊ ဤခန္ဓာကိုယ် အတ္တဘော၌။ အဟံ၊ ငါဟူသော။ မာနော၊ မာနကို။ အာဟိတော၊ ဆောင်ထားအပ်၏။ ဣတိ၊ ထို့ကြောင့်။ အတ္တာ၊ အတ္တမည်၏။ အတ္တဘာဝေါ၊ ခန္ဓာကိုယ်အတ္တဘောတည်း။ ဒုက္ခကရဏန္တိ၊ ဒုက္ခကရဏံ ဟူသည်ကား။ ဒုက္ခုပ္ပါဒါနံ၊ ဆင်းရဲကို ဖြစ်စေခြင်းတည်း။ (ဝါ) ဆင်းရဲအောင် ပြုခြင်းတည်း။ အတ္တမာရဏောဟီတိ၊ အတ္တမာရဏောဟိဟူသည်ကား။ အတ္တဗာဓနေဟိ၊ မိမိခန္ဓာကိုယ်ကို ညှဉ်းပန်းနှိပ်စက်ကြောင်းတို့ဖြင့်။

အနသနကေသလုဉ္စနာဒိတပစရိယာယ,နဂ္ဂသီလဂေါသီလကုက္ကုရသီလာဒီဟိ စ အတ္တပရိတာပနေန မောက္ခော ဟောတီတိ အတ္တကိလမထော။ (ဝိသုဒ္ဓိ၊ ဋီ၊ ၂။ ၂၁၈)

အနသနကေသလုဉ္စနာဒိတပစရိယာယစ၊ အစာမစားခြင်း, ဆံပင်ကို ထန်းစေ့ဖြင့်နုတ်ခြင်း အစရှိသော အကျင့်ကို ကျင့်ခြင်းဖြင့်လည်းကောင်း။ နဂ္ဂသီလဂေါသီလကုက္ကုရသီလာဒီဟိ စ၊ အဝတ်မဆီးသော သူ၏အလေ့, နွား၏အလေ့, ခွေး၏အလေ့, အစရှိသည်တို့ဖြင့်လည်းကောင်း။ အတ္တပရိတာပနေန၊ မိမိကိုယ်ကို ထက်ဝန်းကျင်ပူစေခြင်း နှိပ်စက်ခြင်းဖြင့်။ မောက္ခော၊ သံသရာမှ လွတ်မြောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ (ဂဟေတွာ၊ ယူ၍။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ ပဝတ္တနံ၊ ဖြစ်ခြင်းသည်။) အတ္တကိလမထော၊ အတ္တကိလမထ မည်၏။

ဤဖွင့်ဆိုချက်များအရ အတ္တကိလမထအကျင့်ဟူသည် ဆူးပေါ်အိပ်ခြင်း၊ အဝတ်မဝတ်ခြင်း၊ နွားကဲ့သို့ နေထိုင်စားသောက်ခြင်း၊ ခွေးကဲ့သို့ နေထိုင်စားသောက်ခြင်း၊ နေခြစ်ခြစ်တောက် ပူနေချိန်တွင် နေပူထဲ၌မီးဖိုကြီးလေးခု၏ အလယ်ဝင်နေခြင်း၊ အလွန်ချမ်းအေးသော ဆောင်းရာသီ၌ မြစ်ရေထဲသို့ ဆင်း၍

ရေစိမ်ခြင်း၊ အစာမစားဘဲနေခြင်း၊ ထန်းစေ့ညှပ်ဖြင့် ဆံပင်ကိုနုတ်ခြင်း၊ အဂ္ဂိတ္တရ တိကနိပါတ် အစေလကဝဂ်လာ နိဗ္ဗာမပဋိပဒါဆိုင်ရာ တိတ္ထိ အကျင့်များ ပေတည်း။

ထိုအကျင့်များသည် သမာဓိ, ပညာကို အထောက်အကူမပြုဘဲ ခန္ဓာကိုယ် ပင်ပန်းဆင်းရဲရုံသာ ရှိသောကြောင့် တရားစစ် တရားမှန်ကျင့်သုံးလိုသော ပုဂ္ဂိုလ်တို့အနေဖြင့် ရှောင်ကြဉ်ကြရမည့် အကျင့်များဖြစ်ကြပေသည်။

## မိုးကုတ်ဆရာတော်၏ ဟောကြားချက်

စောဒကဆရာတော်တင်ပြသော စာပိုဒ်ပါရှိသည့် (၁၄-၈-၆၄ နေ့တွင် ဟောကြားသော) အမှတ်စဉ်(၁)စာအုပ်၊ နှာ-၁၉၂ လာ ကံပြတ်တရား (၁)ကို အစအဆုံးလေ့လာကြည်ရာ ဖော်ပြလတ္တံ့ပါအတိုင်း တွေ့ကြရပေသည်။

ကောလိယတိုင်းမှာ သီတင်းသုံးပြီးသကာလ နေတော့ဘုရားကလဲ ပွင့်တာမကြာသေးတော့ ရှေးကတချို့က နွားကဲ့သို့ လေးဘက်ထောက် ပြီးသကာလ ခေါင်းမှာ လူစင်စစ်က ချိုတွေတပ်ပြီးသကာလ အမြီးတွေ တပ်ပြီးသကာလ နွားလိုစား၊ နွားလိုတွန်ပြီးသကာလ ဒီလိုကျင့်ပြီး သကာလ ဒီလို ကျင့်လို့ရှိရင်ဖြင့် လူချမ်းသာ နတ်ချမ်းသာ ရလေရဲ့လို့ ဆရာသမားတွေက ဟောတာနဲ့ ဒီလိုကျင့်တဲ့ လူတစ်ယောက်ပေါ့ဗျာ။ (မှန်ပါ့) အဲဒီပုဂ္ဂိုလ်ကတော့ ပုဏ္ဏလို့ ခေါ်တယ်။ (မှန်ပါ့ဘုရား)။

နောက်တစ်ယောက် သေနိယဆိုတဲ့ ပုဂ္ဂိုလ်ကလည်း သူ့မှာ ဆရာအမှားနဲ့ တွေ့ပြီးသကာလ သူကတော့ ခွေးများလို လေးဘက် ထောက်သွားပြီး သူ့ကိုအစာကျွေးချင်လို့ရှိရင်မြေပေါ်ပစ်ကျွေးမှ စားတယ်။ သူကလဲ ဒီအကျင့်နဲ့ဘဲ လူနတ်နိဗ္ဗာန်ချမ်းသာ ရမယ်ဆိုတဲ့ တရားတွေက စူးစမ်းပြီး သကာလ နေတာနဲ့ သူ ဒီအကျင့်ကို ကျင့်တယ်။ (မှန်ပါဘုရား)။

အဲဒီ ကောလိယတိုင်းမှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဆွမ်းခံ သွားတဲ့ အခါကျတော့ သူတို့နှစ်ယောက်နဲ့ သွားတွေ့ကြတဲ့ အခါကျတော့ ဘုရားနားမှာ သူတို့က နွားလိုပွတ်ကြ သပ်ကြပြီးကာလ နွားလိုတွန်ပြကြတယ်။ ခွေးလိုပဲ ယက်ပြီးသကာလ ကျင်ကြီးကျင်ငယ် စွန့်ပုံကစပြီး ခွေးလိုပဲ ခွေးအမူအရာ တွေ ပြကြတာပေါ့ဗျာ။ (မှန်ပါဘုရား)။

အဲဒီမှာ သေနိယက ခွေးလိုကျင့်တယ်၊ ပုဏ္ဏကတော့ နွားလိုကျင့်တယ် ဆိုတာမှတ်ထားလိုက်။ (မှန်ပါ့ဘုရား)။

မှတ်ထားတော့ ဘုရားနဲ့တွေ့တဲ့အခါ တစ်ယောက်က သေနိယက ဘုရားသခင် ကိုယ်တော်မြတ်ကြီးနဲ့ စကားပြောပြီး ဘေးနားက ထိုင်နေတယ်။ (မှန်ပါ့)။ ပုဏ္ဏဆိုတဲ့ နွားလိုကျင့်တဲ့ပုဂ္ဂိုလ်က အရှင်ဘုရားတဲ့၊ ဟောဟို သေနိယ ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ခွေးကဲ့သို့ပဲ လေးဘက်ထောက်ပြီး မြေပေါ်မှာ ပစ်ကျွေးမှဘဲ သူအစာအာဟာရစားတော့တယ်။ ဒါနဲ့ပဲသူသည်ကားလို့ဆို လို့ရှိရင် နေလေ့ ကျင့်လေ့ ရှိပါတယ်။ သူဟာ လားရာဂတိ ဘယ်သွားမလဲတဲ့။ ဘုရားကို မေးတယ်။ (မှန်ပါ့ဘုရား)။

ဟာ ပုဏ္ဏ မမေးနဲ့ကွာလို့ ဘုရားကပြောတယ်။ (မှန်ပါ့)။ မမေးနဲ့ကွာလို့ တစ်ခါတောင်းပန်းတယ်။ မရဘူး။ နောက်တစ်ခါ ဒုတိယအကြိမ် မေးပြန် တယ်။ ဟောဟိုသေနိယဆိုတာ ခွေးလိုကျင့်ပါတယ်ဘုရား၊ (ပ) သူလားရာ ဂတိ ရောက်ရာဌာန ဘယ်များ ရှိပါသလဲ-တဲ့။

ဘုရားက မပေးပါနဲ့ကွာလို့၊ တကာသစ်၊ နှစ်ခါရှိပြီ၊ တောင်းပန်တာ။ (မှန်ပါ့ဘုရား)။

နောက်သုံးခါပြည့်အောင်ဘဲ မေးမြန်းတာနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဖြေတော်မူရတယ်။ ကိုယ့်ကိုယ်ကို ညှဉ်းဆဲတဲ့ အကျင့်ပေါ့ဗျာ။ (မှန်ပါ ဘုရား)။

ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အဲဒီ သေနိယဟာတဲ့ ခွေးလို ကျင့်တာကာ ခွေးလိုကျင့်ခဲ့လို့ ခွေး၏အကျင့် ကောင်းတယ်လို့ သူသည် တကယ် တမ်း အယူရှိရမယ်ဆိုရင် သေသည်၏ အခြားမဲ့၌ ခွေးဖြစ်ရမယ်။(မှန်ပါ့)။

သေသည်၏ အခြားမဲ့၌ (ခွေးဖြစ်ရပါမယ်) ခွေးဖြစ်ရမယ်လို့ ဆိုတဲ့ဥစ္စာ ဒီအယူနဲ့ဘဲ တခါဆက်ပြီး ဒီအယူသည် လူချမ်းသာ နတ်ချမ်းသာ ရနိုင်တယ်လို့ ဒိဋ္ဌိက ပူးလာဦးမယ် ဆိုလို့ရှိရင်ဖြင့် ငရဲနဲ့တိရစ္ဆာန်ဘဲ ရောက်ရဦးမယ်။ (မှန်ပါ့ ဘုရား)။

ဒီတွင်မှ ဘေးက နားထောင်နေတဲ့ သေနိယက ပုဏ္ဏက မေးတော့ ငိုရှာတယ်။ (မှန်ပါ)။ ဪ ဆင်းဆင်းရဲရဲ ကျင့်ပြီးသကာလ သွားတော့လဲ ဒီအယူ

အတိုင်းယူရင် တိရစ္ဆာန်ဘုံသွားရမယ်။ ဒီအယူနဲ့ လူ့ပြည်နတ်ပြည်ကို ရောက်ရမယ်လို့ ယူထားပြန်ရင်လဲ ငရဲနဲ့ တိရစ္ဆာန်ဘုံ ရောက်ရမယ်လို့ ဆိုတော့ သူကျင့်ခဲ့လေသမျှသည်ကား အမှားကြီးမှာလေရဲ့ဆိုပြီး ငိုကြတယ်။ (မှန်ပါဘုရား)။

ဒါနဲ့ ဟိုတစ်ယောက်က ခွေးလိုကျင့်တဲ့ပုဂ္ဂိုလ်က ထပြီး ပုဏ္ဏကတော့ ဘုရား သူကတော့ နွားလိုဘဲ ချိုတွေဘာတွေနဲ့ ကျင့်ပြီးသကာလ နွားလို အမြီးတပ် မြက်တွေပဲ စားသောက်ပြီးသကာလ သူနေတယ်။ သူသေလို့ ရှိရင်လဲ လားရာဂတိ ဘယ်လိုတုန်းတဲ့။ မမေးနဲ့ကွာလို့ သုံးကြိမ်ပြောပြန်တယ်။ (မှန်ပါဘုရား)။

ဒါနဲ့ သုံးကြိမ်ရှိတဲ့ အခါကျတော့ ဘုရားကအဖြေထုတ်လိုက်တယ်။ နွားလို ကျင့်တဲ့အယူဟာ ဟုတ်တယ်လို့ ယူလိုက်လို့ရှိရင် မင်းသည် သေသည်၏ အခြားမဲ့၌ နွားဖြစ်ရမယ်။ (မှန်ပါ)။ နွားလို ကျင့်တဲ့အကျင့်ကြောင့် နတ်ရွာ သုဂတိရောက်မယ်လို့ အယူများ ရှေ့ဆက်ယူလိုက်မယ်ဆိုလို့ရှိရင် မင်းသည် ကား ငရဲနဲ့ တိရစ္ဆာန်ဖြစ်ရမယ်။ (မှန်ပါဘုရား)။ ဒီတော့ ပုဏ္ဏကလဲ တကာ ကြွယ် ငိုပြန်တာပဲ။ (မှန်ပါဘုရား)။ ဒါကြောင့်တဲ့ မင်းတို့ ငါပြောသားပဲတဲ့၊ စောစောစီးစီးကတည်းက ငါ့မမေးနဲ့ မမေးနဲ့ ဆိုတဲ့ဥစ္စာ ငါကိုယ်တိုင် သိတာ ငါကိုယ်တိုင် အမှန်ပြောတော့ မင်းတို့ အခုငိုကြရတယ်။(မှန်ပါ ဘုရား)။

တကာ, တကာမတို့ ကိုယ့်ကိုယ်ကို ပင်ပန်းဆင်းရဲအောင် လုပ်တဲ့အလုပ် ဟာ နိဗ္ဗာန်ရောက်တဲ့အကျင့် မဟုတ်ဘူးဆိုတာ ဒါ အမြွက်မျှဘဲ ပြောသေး တယ်နော်။ (မှန်ပါဘုရား)။

ကိုယ့်ကိုယ်ကို ဘယ်တော့မှ ပင်ပန်းဆင်းရဲအောင် ကျင့်ပြီးသကာလ မနေဘဲနဲ့ မဖျိုမပဋိပဒါ အလယ်လမ်းကနေပြီးသကာလ ကျင့်ကြပါဆိုတာကို လဲ ဒီဝတ္ထုထောက်သဖြင့် အားလုံး တကာ,တကာမတွေ ခိုင်းရပါတယ်။ (မှန်ပါ့)။

ကိုယ်ကိုဆင်းရဲအောင်တော့ (မကျင့်ရပါဘုရား)၊ မကျင့်ရဘူးတဲ့။ ကိုယ့် ကိုယ်ဆင်းရဲတဲ့ အကျင့်ဟာ ကြည့်စမ်း နွားလိုကျင့်ရတော့ မဆင်းရဲဘူးလား (ဆင်းရဲပါတယ်ဘုရား) ခွေးလိုကျင့်တဲ့အခါမှာ (ဆင်းရဲပါတယ်ဘုရား)။

တစ်ထပ်တည်း စားပြီးသကာလ ခုနစ်ရက်မှ တစ်ဆုပ်လောက်စားပြီး ကျင့်တဲ့ အကျင့်တွေကော (ဆင်းရဲပါတယ်ဘုရား)။

ဟာ အပင်ပန်းခံပြီး တခါတည်း တကာ,တကာမတို့ ဆူးပေါ် အိပ်တဲ့ အလုပ်တွေ၊ ရေချိုးပြီးသကာလ နေရတဲ့အလုပ်တွေ၊ မီးလှုံပြီးသကာလ နေ့ အခါကြီး လုပ်နေရတဲ့ အလုပ်တွေဟာလည်း ကိုယ့်ကိုယ်ဆင်းရဲအောင် ကျင့် တဲ့အကျင့်ဖြစ်လို့ ဒါကြောင့် ဘုရားက "အတ္တကိလမထာနုယောဂ" လို့ အလယ်လမ်းမကျလို့ ဒါ မိစ္ဆာဒိဋ္ဌိကွလို့ ဖြေထားတယ်။ (မှန်ပါ့)။ ရှင်းပလား (ရှင်းပါပြီ)။

ဒါဖြင့် အခု တရားအားထုတ်မည့် တကာ,တကာမတွေဟာ ကိုယ့်ကိုယ် ဖြင့် အဆင်းရဲခံပြီး မကျင့်ပါနဲ့ (မှန်ပါဘုရား) မှန်မှန် ဉာဏ်နှင့်ခန္ဓာကြည့်ပါ။ (မှန်ပါ) (ပ)

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဓမ္မစကြာမှာလည်း အတ္တ- ကိလမထာနုယောဂ၊ ကာမသုခလ္လိကာနုယောဂ ဆိုပြီးသကာလ အကျင့် နှစ်မျိုးကိုလည်း ဟောခဲ့တာ တကာကြွယ်တို့ ဓမ္မစကြာမပါလား (ပါပါတယ် ဘုရား)။

ငါးပါးအာရုံကာမဂုဏ် ခံစားတဲ့ အကျင့်ကလဲ နိဗ္ဗာန်ရောက်ကြောင်း အကျင့်မဟုတ်ဘူးကွ (မှန်ပါ့) ကိုယ်ကိုဆင်းရဲအောင် ညှဉ်းဆဲကျင့်တဲ့ အကျင့် ဟာလဲ (နိဗ္ဗာန်ရောက်ကြောင်း အကျင့်မဟုတ်ပါဘုရား)။

အဲ အလယ်လမ်းဆိုတာ မဇ္ဈိမပဋိပဒါ ခန္ဓာကပြောတာကို ဉာဏ်နဲ့ကြည့်တဲ့ အလုပ်သည်သာလျှင် နိဗ္ဗာန်ရောက်ကြောင်း အကျင့် (မှန်ပါဘုရား)။ ရှင်း ပလား (ရှင်းပါပြီ)။

ခန္ဓာကပြောတာကို (ဉာဏ်နဲ့စိုက်ကြရမယ်ဘုရား)။ ဝမ်းထဲက ဉာဏ်နဲ့ စိုက်ကြည့်တော့ ခန္ဓာကဘာပြောလိမ့်မယ်ဆိုတာသူရှိတာ သူပြောမှာပေါ့။ (မှန်ပါဘုရား)။

သူ အနိစ္စရှိရင် (အနိစ္စပြောမှာပါဘုရား)။ ဒုက္ခသစ္စာရှိလို့ (ဒုက္ခသစ္စာပြော မှာပါဘုရား)။ အသုဘရှိလို့ (အသုဘပြောမှာပါဘုရား) မပြောပါနဲ့ ဆိုလို့ ရပ့်မလား (မရပါဘုရား)။

ခန္ဓာက ဖြစ်ပျက်ပြောတော့ ဉာဏ်က ယထာဘူတဉာဏ်တက်သွားတယ် (မှန်ပါ)။ ခန္ဓာကရွံစရာ မုန်းစရာတွေ ပြောလိုက်ပြီဆိုရင် ဉာဏ်က နိဗ္ဗိန္ဒဉာဏ် တက်တယ်။ (မှန်ပါဘုရား)။ ခန္ဓာက ဒုက္ခသစ္စာတွေ အမှန်ပြောလိုက်ပြီဆို မှဖြင့် မလိုချင်တဲ့ မဂ်ဉာဏ်ပေါ်လာတယ်။ (မှန်ပါဘုရား) အဲဒီတော့ တကာ တကာတို့ ခန္ဓာကပြောတာကို ဉာဏ်နဲ့သာ ကြည်လေတော့ (မှန်ပါဘုရား) ဆိုတော့ ပင်ပန်းသေးလား။ (မပင်ပန်းပါဘုရား)။

ဒကာကြွယ် ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။ အဲဒါ အလယ်လမ်းဗျနော် (မှန်ပ့ါ)။ ကိုယ်ကို ညှဉ်းဆဲတဲ့ လမ်းကော ဟုတ်ပါရဲ့လား (မဟုတ်ပါဘုရား)။ ငါးပါးအာရုံ ကာမဂုဏ်ခံစားတဲ့လမ်းကော (မဟုတ်ပါဘုရား)။

အဲဒီတော့ ဒီနှစ်လမ်း အလယ်မှာထားတဲ့ ခန္ဓာဉာဏ်စိုက်တဲ့ လမ်းသည် သာလျှင် အလယ်လမ်းလို့ မှတ်လိုက် (မှန်ပါဘုရား)။

မပင်ပန်းစေနဲ့နော် (မှန်ပ့ါ)။ မပင်ပန်းစေနဲ့တဲ့ တကာ,တကာမတို့ ဒါအင်မတန် အရေးကြီးတဲ့အချက်မို့ ဒီဥစ္စာ ရှေ့ပိုင်းမှာ ထားပြီးသကာလ တကာကြွယ်ပြောဆိုဆုံးမနေတယ်။ (မှန်ပ့ါ)။

## သုံးသပ်ချက်

ဤဟောကြားချက်ကို လေ့လာသုံးသပ်သောအခါ မိုးကုတ်ဆရာတော် ကြီးသည် မဇ္ဈိမပဏ္ဏာသပါဠိတော် ကုက္ကုရဝတိကသုတ် (မ၊ ၂။ ၅၀)လာ ပုဏ္ဏနှင့် သေနိယတို့ကျင့်သော နွားအကျင့် ခွေးအကျင့်တို့ကို အတ္တကိလမထာနုယောဂ ဖြစ်ကြောင်း၊ နွားလိုနေ နွားလိုစား နွားလိုကျင့်သော အကျင့် ခွေးလို နေ ခွေးလိုစား ခွေးလိုကျင့်သော အကျင့်များသည် ခန္ဓာကိုယ်ပင်ပန်းအောင် ကျင့်ခြင်းဖြင့် ထူးခြား သော ဝိပဿနာဉာဏ်, မဂ်ဉာဏ်တို့ကို မရနိုင်ကြောင်း ဟောကြားတော်မူထား သည်ကို တွေ့ရလေသည်။

ဤဟောကြားချက်၌ ပါသော "ကိုယ်ကို ညှဉ်းဆဲအောင်တော့ (မကျင့် ရပါဘုရား) မကျင့်ရဘူးတဲ့" ဟူသော ဟောကြားချက်သည်လည်းကောင်း၊ "မပင်ပန်းစေနဲ့နော် (မှန်ပ့ါ) မပင်ပန်းစေနဲ့တဲ့ တကာ, တကာမတို့ " ဟူသော ဟောကြားချက်သည်လည်းကောင်း၊ ရှေ့ပိုင်းက ညွှန်ပြခဲ့သည့် ပုဏ္ဏနှင့် သေနိယ တို့ကျင့်သည့် အတ္တကိလမထအကျင့်မျိုးကို ရည်ညွှန်းကြောင်း သိနိုင်ပေသည်။

ထို့ကြောင့် မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလ၏ ဖော်ပြပြီးသော ဗုဒ္ဓဒေသနာတော်နှင့် ဆန့်ကျင်မှုမရှိဟု သုံးသပ်တော်မူကြသည်။

သို့သော် "ယခုတရားအားထုတ်ကြမည့် ဒကာ, ဒကာမတွေဟာ ကိုယ့်ဟာကိုယ်ဖြင့် အဆင်းရဲခံပြီးသကာလ မကျင့်ကြပါနဲ့" ဟူသောဟောပြောချက်သည် ဝိပဿနာတရားကို အားထုတ်ရာ၌ ဆင်းရဲခံပြီး အပင်ပန်းခံပြီး အားမထုတ်ရဟု ညဏ်နည်းသူတို့ အမှတ်မှားဖွယ် အမြွက်ထောင်ဖွယ်ရှိသောကြောင့်-

(က) "ယခုတရားအားထုတ်ကြမည့် ဒကာ, ဒကာမတွေဟာ ကိုယ့်ဟာကိုယ်ဖြင့် အဆင်းရဲခံပြီးသကာလ မကျင့်ကြပါနဲ့" ဟူသောစကားကို "ယခုတရားအားထုတ်ကြမည့် ဒကာ, ဒကာမတွေဟာ ပုဏ္ဏတို့ သေနိယတို့လို ခွေးလိုကျင့် နွားလိုကျင့်ရတဲ့ အကျင့်ဆိုးတွေ ကျင့်ပြီး အဆင်းရဲခံပြီးသကာလ မကျင့်ကြပါနဲ့" ဟုလည်းကောင်း။

(ခ) "ကိုယ့်ကိုယ်ကို ဆင်းရဲအောင်ကျင့်တဲ့ လမ်းကိုလည်း (ရှောင်ရပါမည်ဘုရား)။ (ပ) မပင်ပန်းစေနဲ့နော်" ဟူသော စကားရပ်ကို "အတ္တကိလမထအကျင့်တွေနဲ့ ကိုယ့်ကိုယ်ကို ဆင်းရဲအောင်ကျင့်တဲ့လမ်းကိုလည်း (ရှောင်ရပါမည်ဘုရား)(ပ) အတ္တကိလမထအကျင့်တွေကျင့်ပြီး မပင်ပန်းစေနဲ့နော်" ဟုလည်းကောင်း စာအုပ်တို့၌ ပြင်ဆင်ပေးရမည်။ တိပ်ခွေတို့၌ ယင်းစကားရပ်တို့ကို ပယ်ဖျက်ပေးရမည်။

**အမှတ်(၆)စောဒနာ စိစစ်ချက်**

"ကိလေသာ ကြားမညပ်လို့ရှိရင် ဒီကြားထဲ ရရမယ်၊ မနက် အားထုတ်ရင် ညနေ ရရမယ်၊ ဒါက ဗောဓိရာဇကုမာရမင်းသားကို ဘုရားက ဟောလိုက်တယ်။ (မဇ္ဈိမပဏ္ဏာသပါဠိ။)"

ဤသို့ မိုးကုတ်ဆရာတော်ကြီး ဦးဝိမလက ဟောကြားခြင်းသည် ဘုရားရှင် ဟောတော်မူသည့်တရားများကို မူလ ဟောလိုရင်း အဓိပ္ပါယ် ပျက်သွားသည်အထိ ဖြုတ်ဖျက်ပြီး ဟောထားပါသည်-ဟု စောဒကဆရာ တော်က စောဒနာထားလေသည်။

စုဒိတကဆရာတော်တို့ကလည်း မိုးကုတ်ဆရာတော်ကြီး၏ ထိုဟောကြားချက်သည် မူရင်း မဇ္ဈိမပဏ္ဏာသပါဠိတော်နှင့် ညီညွတ်ပါသည်ဟု ချေဆိုတင်ပြကြလေသည်။

### ဗောဓိရာဇကုမာရသုတ်

စောဒက, စုဒိကတနှင့် မိုးကုတ်ဆရာတော်ကြီးတို့ ရည်ညွှန်းသည့် မဇ္ဈိမ ပဏ္ဏာသပါဠိတော်လာ ဗောဓိရာဇကုမာရသုတ် (မ၊ ၂။ ၂၇၇)ကို လေ့လာ၍ စောဒက, စုဒိကတဆရာတော်တို့၏ တင်ပြချက်များကို စိစစ်ကြမည်ဖြစ်ပါသည်။

ထိုဗောဓိရာဇကုမာရသုတ်တွင် လာရှိသော အောက်ဖော်ပြလတ္တံ့ပါ ပါဠိ တော်သည် ဤအမှတ်(၆)စောဒနာ၌ ပမာဏဖြစ်ပေသည်။

ဣမေဟိ ပဉ္စဟိ ပဓာနိယင်္ဂေဟိ သမန္နာ ဂတော ဘိက္ခု တထာဂတံ ဝိနာယကံ လဘမာနော သာယမနုသိဋ္ဌော ပါတော ဝိသေသံ အဓိဂမိဿတိ၊ ပါတမနုသိဋ္ဌော သာယံ ဝိသေသံ အဓိဂမိဿတိ။

ဆိုလိုရင်း အဓိပ္ပါယ်မှာ-ဤပဓာနိယင်္ဂတရားငါးပါးတို့နှင့် ပြည့်စုံသော ရဟန်းသည် ဘုရားတည်းဟူသော လမ်းညွှန်ပုဂ္ဂိုလ်ကို ရခဲ့ပါလျှင် ညနေပိုင်း၌ ဘုရားရှင်၏ အဆုံးအမကို ခံရပါက နံနက်ပိုင်းတွင် တရားထူးကို ရလိမ့်မည်။ နံနက်ပိုင်းတွင် ဘုရားရှင်၏ အဆုံးအမကို ရပါက ညနေပိုင်းတွင် တရားထူးကို ရလိမ့်မည် ဟူ၍ဖြစ်သည်။

### ပဓာနိယင်္ဂတရား (၅)ပါး

ကမ္မဋ္ဌာန်းအားထုတ်သူတို့ ပြည့်စုံရမည့် အင်္ဂါငါးပါးကို ပဓာနိယင်္ဂတရား ငါးပါးဟု ခေါ်သည်။

၁။ ဘုရားရှင်နှင့် ဘုရားရှင်၏ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တို့ကို ယုံကြည်သော သဒ္ဓါတရားရှိခြင်း။

၂။ ကမ္မဋ္ဌာန်းတရားကို စွမ်းစွမ်းတမံ အားထုတ်နိုင်လောက်အောင် ကျန်းမာ ရေးကောင်းခြင်း။

၃။ စဉ်းလဲကောက်ကျစ်မှု, လိမ်ညာမှုမရှိဘဲ(တရားစစ် တရားပြပုဂ္ဂိုလ်တို့ အပေါ်၌) ရိုးသားဖြောင့်မတ်စွာ ပြောဆိုတတ်ခြင်း။

၄။ ဇွဲ လုံ့လ ဝီရိယကောင်းခြင်း။

၅။ အဖြစ်အပျက်ကို မြင်နိုင်သည့် တိဟိတ်ပဋိသန္ဓေပညာနှင့် ပြည့်စုံခြင်း။

ဤတရားငါးပါးနှင့် ပြည့်စုံသော်လည်း ဤဘဝတွင် မဂ်ဖိုလ်ရနိုင်သော ဥပနိဿယနှင့် မပြည့်စုံလျှင် မဂ်ဖိုလ်ကို မရနိုင်ပေ။ ဥပနိဿယ (ပါရမီကောင်းမှု)

နှင့်လည်း ပြည့်စုံ၊ ဤပဓာနိယင်္ဂတရားငါးပါးနှင့်လည်း ပြည့်စုံသည့် နေယျပုဂ္ဂိုလ်များသာ မဂ်ဖိုလ်ကို ရနိုင်ပေသည်။

ထိုနေယျပုဂ္ဂိုလ်သည်လည်း ဉာဏ်ထက်သော တိက္ခပညပုဂ္ဂိုလ်၊ ဉာဏ်အလတ်စားရှိသော မဇ္ဈိမပညပုဂ္ဂိုလ်၊ ဉာဏ်နုံ့ (ဉာဏ်လေး)သော ဒန္ဓပညပုဂ္ဂိုလ်ဟု သုံးမျိုးရှိပြန်ရာ ဉာဏ်ထက်သော တိက္ခပညနေယျပုဂ္ဂိုလ်များသာ ညနေအားထုတ်လျှင် နောက်နေ့မနက် တရားထူးရနိုင်သည်။ မနက် အားထုတ်လျှင် ညနေ တရားထူးရနိုင်ပေသည်။ ဉာဏ်အလတ်စားရှိသော မဇ္ဈိမပညပုဂ္ဂိုလ် ဉာဏ်နုံ့သော ဒန္ဓပညပုဂ္ဂိုလ်များက နှစ်ရက်သုံးရက်စသည် အားထုတ်မှသာ တရားထူးရနိုင်ပေသည်။

ထို့ကြောင့် မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ (မ၊ ဋ္ဌ၊ ၃။ ၂၂၆)၌ အောက်ဖော်ပြလတ္တံ့ပါအတိုင်း ဖွင့်ဆိုလေသည်။

အယဉ္စ ပန ဒေသနာ နေယျပုဂ္ဂလဝသေန ဝုတ္တာ၊ ဒန္ဓပညော ဟိ နေယျော သတ္တဟိ ဒိဝသေဟိ အရဟတ္တံ ပါပုဏာတိ။ တိက္ခပညော ဧကေဒိဝသေန၊ သေသဒိဝသေ မဇ္ဈိမပညဝသေန ဝေဒိတဗ္ဗံ။ (မ႒ ၃။၂၅၆)

[နေယျပုဂ္ဂိုလ်၏ သဘောကို အမှတ်(၁)စောဒနာစိစစ်ချက်၌ ပြခဲ့ပြီးဖြစ်သည်။]

စောဒကဆရာတော်က ပါဠိတော်ဝယ် **"တထာဂတံ ဝိနာယကံ လဘမာနော"** ဟု ဆိုသောကြောင့် ယံ ဝါ တံ ဝါ ဆရာသမားမျိုးကို ဆိုလိုသည်မဟုတ်။ မိုးကုတ်ဆရာတော်ကြီးလို ဆရာသမားမျိုးကိုလည်း ဆိုလိုသည်မဟုတ်။ ဘုရားရှင်တည်းဟူသော ဆရာသမားကိုသာ ဆိုလိုပါသည်ဟု တင်ပြခဲ့ပေသည်။

**ဝေနေယျနှစ်မျိုး**

ဤနေရာ၌ ဝေနေယျနှစ်မျိုးကိုလည်း သိအပ်ပေသည်။

၁။ **ဗုဒ္ဓဝေနေယျပုဂ္ဂိုလ်**=ဘုရားရှင်တို့ ဟောကြားဆုံးမမှ အကျွတ်တရား (မဂ်ဖိုလ်)ကို ရရှိမည့် ပုဂ္ဂိုလ်နှင့်၊

၂။ **သာဝကဝေနေယျပုဂ္ဂိုလ်**= ဘုရားပစ္စေကဗုဒ္ဓါတို့မှတစ်ပါး အခြားသော သာဝကတစ်ပါးပါးက ဟောကြားမှသာ အကျွတ် တရား(မဂ်ဖိုလ်)ကို ရရှိမည့် ပုဂ္ဂိုလ်-

ဟု နှစ်မျိုးရှိပေသည်။

ထိုနှစ်မျိုးတို့တွင် ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက်တွင် ဗုဒ္ဓဝေနေယျပုဂ္ဂိုလ်ဟု မရှိနိုင်တော့ပေ။ သို့သော်-

"ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ။" (ဒီ၊ ၂။ ၁၂၆၊ ၁၂၇)-

အရ ဘုရားပရိနိဗ္ဗာန်စံခဲ့ပြီးသည်မှ နောက်ကာလတွင် ဘုရားရှင်ဟောကြားခဲ့သော ဓမ္မဝိနယသည်ပင် ဆရာအရာ၌ တည်သောကြောင့်လည်းကောင်း။

"ဧဝံ ဧတံ ဘိက္ခု ပဿထ၊ ဧသော ဟိ ဘိက္ခု န တုမှာကံ သာဝကော နာမ၊ ဗုဒ္ဓါ နာမ ဧသ စုန္ဒာတိ။ ဣတိ ဘဂဝါ ဗဟုဿုတံ ဘိက္ခုံ အတ္တနော ဌာနေ ဌပေသိ။ " (ဒီ၊ ဋ္ဌ၊ ၃။ ၉၆)-

ဟူသော အဋ္ဌကထာစကားအရ ဓမ္မဝိနယတွင် ကျွမ်းကျင်လိမ္မာသော ဗဟု-သုတ ရဟန်းကို ဘုရားရှင်က မိမိအရာတွင် ထားခဲ့သောကြောင့်လည်းကောင်း၊ ဓမ္မဝိနယ (ပရိယတ်)တွင် ကျွမ်းကျင်လိမ္မာကြသော သုတဗုဒ္ဓပုဂ္ဂိုလ်များသည် တထာဂတအရာ၌ တည်သည်ဟု ဆိုနိုင်ပေသည်။

တစ်နည်းအားဖြင့်-မြတ်ဗုဒ္ဓ၏ အဆုံးအမကို လိုက်နာကျင့်သုံးသူရှိနေ သမျှ ဓမ္မဝိနယတို့တည်ထွန်းနေသမျှ ဗုဒ္ဓ (တထာဂတ) ရှိနေသေးသည်ဟု ဆိုနိုင်ပေသည်။

ထို့ကြောင့် ဗုဒ္ဓဒေသနာနည်းကျ နည်းမှန်လမ်းမှန် ညွှန်ပြနိုင်သော ဆရာကောင်းတို့၏ အဆုံးအမ၌ တည်လျက် ပဓာနိယင်္ဂတရားငါးပါးနှင့် ညီညွတ်စွာ အားထုတ်နိုင်လျှင် တရားထူးတရားမြတ်ကို ရနိုင်ပေသည်။ ဗုဒ္ဓတရားတို့သည် ဗုဒ္ဓရှိခိုက်၌သာ မဂ်ဖိုလ်ကို ကျေးဇူးပြုနိုင်သည်မဟုတ်ပေ။ ပါရမီလည်းပြည့်စုံ, ဆရာသမားကောင်းတို့၏ နည်းမှန်လမ်းမှန် ညွှန်ပြမှုကိုလည်းရ, ပဓာနိယင်္ဂတရား ငါးပါးနှင့်လည်း ပြည့်စုံခဲ့ပါလျှင် ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးနောက်ကာလတို့တွင်လည်း မဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်သည်အထိ ကျေးဇူးပြုနိုင်ပေသည်။ အဘယ်ကြောင့်ဟူမူကား မဂ်ဖိုလ်နိဗ္ဗာန်တရားတို့သည် သန္ဒိဋ္ဌိကဂုဏ်, အကာလိကဂုဏ်တို့နှင့် ပြည့်စုံသောကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် "တထာဂတံ ဝိနာယကံ လဘာမာနော" ဟု ဆိုသော်လည်း ဘုရားပရိနိဗ္ဗာန်စံပြီး နောက်ကာလတွင် ဘုရားရှင် ဟောကြားခဲ့သည့် ဓမ္မဝိနယ (ပိဋကသုံးပုံ)နှင့် ထိုဓမ္မဝိနယကို ကျွမ်းကျင်လိမ္မာကာ ဟောပြောပြသနိုင်သော

ဗဟုဿုတရဟန်း (သုတဗုဒ္ဓ)တို့သည် ဘုရားအရာ၌ တည်နေသော တထာဂတ ဟုပင် ဆိုသင့်ပေသည်။

သို့ဖြစ်၍ တထာဂတံ ဝိနာယကံ-အရ သက်တော်ထင်ရှား ဗုဒ္ဓဘုရားကို သာမက ဓမ္မ+ဝိနယနှင့် ထိုဓမ္မ+ဝိနယ၌ လိမ္မာကျွမ်းကျင်သော ပုဂ္ဂိုလ်များကို လည်း ယူနိုင်ပေသည်။

**မိုးကုတ်ဆရာတော်ကြီးက-**

"ကိုယ်ဟာ ဆရာကောင်း သမားကောင်းဆီက နည်းရပြီး ကိုယ်က လည်း သတိ, ဝီရိယ, ပညာနှင့် ကြိုးစားမယ်ဆိုရင် ရတယ်။ (ပ) ဟောဒီလို အားထုတ် နေရင် ဟောဒီ ကိလေသာ တစ်နာရီအတွင်း ကြားမည့ပ်ဘူး။ တစ်ရက်အတွင်း ကြားမည့ပ်ဘူး။ မနက်အားထုတ်ရင် ညနေရတယ်။ သူတို့သာ ကြားမည့ပ်စေနဲ့။ ဒီလို မလာစေနဲ့။ ရှင်းပြီ လား။ (ပ) ဒါဖြင့် ကိလေသာကြားမည့ပ်လို့ရှိရင် ဒီကြားထဲ မှာ ရရမယ်။ မနက်အားထုတ် ရင် ညနေရရမယ်။ ဒါဟာ ဗောဓိရာဇကုမာရ မင်းသားကို ဘုရားက ဟောလိုက်တယ်။ (မဇ္ဈိမပဏ္ဏာသပါဠိ) အဲဒီတော့ လုပ်ဖို့သာ ပဓာန။ (ပ) အလုပ်မလုပ်ရင်တော့ ကိလေသာက ယူပစ်တယ်။ ဆက်နေတာဘဲ၊ အလုပ်လုပ်လို့ရှိရင် ကိလေသာ ပြတ်ထွက် တယ်။

စသည်ဖြင့် ဟောကြားထားရာ ထိုဟောကြားချက်သည် ဗောဓိရာဇကုမာရသုတ် နှင့် မညီညွတ်ဟု မဆိုနိုင်ပေ။

ဤ၌ သတိပြုသင့်သည်မှာ-တရားပြသူ ဆရာသမားက"ရရစေမယ်"ဟု အာမခံသော်လည်း နာကြားသူ အားထုတ်သူ တပည့်က အာနန္တရိယကံ ရှိခြင်း၊ ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်နေခြင်း၊ ပါရမီမပြည့်သေးခြင်း၊ ဤဘဝ၌ မဂ်ဖိုလ် မရနိုင်သော ပဒပရမပုဂ္ဂိုလ်ဖြစ်နေခြင်း စသော မဂ်ဖိုလ် မရနိုင်သည့် အကြောင်းတရားများ ရှိနေခဲ့သော် မည်သည့်နည်းနှင့်မျှ မဂ်ဖိုလ်ကို မရနိုင်ပေ။

ဗောဓိရာဇကုမာရသုတ်လာ "ဝိသေသံ အဓိဂမိဿတိ" ဟူသော စကား သည် ယခုဘဝတွင် မဂ်ဖိုလ်ရမည့် နေယျပုဂ္ဂိုလ်ကို ရည်ရွယ်၍ ဟောသော ကြောင့် "တရားထူးကို သေချာပေါက်ရမည်" ဟု အာမခံ (တာဝန်ခံ) စကား ဖြစ်နိုင်သော်လည်း ပဒပရမပုဂ္ဂိုလ်တို့အတွက်မူ အာမခံစကား တာဝန်ခံစကား မဖြစ်နိုင်ပါပေ။

မိုးကုတ်ဆရာတော်ကြီး၏ "ကိလေသာကြားမညှပ်လို့ရှိရင် ဒီကြားထဲ မှာ ရရမယ်၊ မနက် အားထုတ်ရင် ညနေ ရရမယ်" ဟူသော စကားသည် မှားသည် ဟု မဆိုနိုင်သော်လည်း ဆရာတော်ကြီး၏ ရည်ညွှန်းသည့် ဗောဓိရာဇကုမာရ သုတ်လာ အရေးကြီးသော စကားအချို့ ကျန်နေသဖြင့် မပြည့်မစုံ ဖြစ်နေပေ သည်။

သို့ဖြစ်၍ ရည်ညွှန်းရင်းဖြစ်သော ဗောဓိရာဇကုမာရသုတ်နှင့် ညီညွတ် သွားအောင် "ကိလေသာ ကြားမညှပ်လို့ရှိရင် ဒီကြားထဲမှာ ရရမယ်၊ မနက်အား ထုတ်ရင် ညနေ ရရမယ်" ဟူသောစကားကို "ဆရာကောင်း၏ လမ်းညွှန်ချက်ကို လည်းရ, ပဓာနိယင်္ဂတရားငါးပါးနှင့်လည်း ပြည့်စုံ၍ အဆုံးအမအတိုင်း လိုက်နာ အားထုတ်ရင် မနက်အားထုတ်က ညနေ ရရမယ်လို့ ဘုရားရှင်က ဟောထား တယ်" ဟူသော စကားရပ်ဖြင့် အစားထိုးဖြည့်စွက် ပေးရမည်။ တိပ်ခွေ၌ ထိုစကား ရပ်ကို ပယ်ဖျက်ပေးရမည်။

### အမှတ် (၇) စောဒနာစိစစ်ချက်

စောဒကဆရာတော်က-

* ဘုရားကလည်း စာမှ မထားခဲ့သေးဘဲ၊ ဘုရားပရိနိဗ္ဗာန်စံလို့ ခုနစ်နှစ်ရှိမှ ပေါ်တဲ့စာ၊ ဘာဆိုင်တာမှတ်လို့။ (အမှတ်စဉ်-၁၊ နှာ-၂၇)

* "စာက ဘယ်လိုဆိုတယ်" ဆိုရင်ဖြင့် ဒီလူ "လူအ"လို့ မှတ်ပေတော့။ (ပ)။ လူအ, လူအနော်၊ ဘာမှ ဘယ်သူ့မှ ငဲ့စရာမလိုဘူး။ (အမှတ်စဉ်-၂၊ နှာ-၁၉)

* စာက ရေးတဲ့ဆရာက လွဲချင်လွဲသွားလိမ့်မယ်။ (မှန်ပါ)။ ခန္ဓာက ပြော တာကတော့ (မလွဲပါဘုရား)။ ဒါဖြင့် စာနှင့် ခန္ဓာ ဘယ်ဟာ အမှန်ယူကြ မတုန်း။ (ခန္ဓာအမှန်ယူရမှာပါဘုရား)။ (အမှတ်စဉ်-၁၊ နှာ-၅၀၆)

* စာဆိုတာ ဘာပါလိမ့်။ (ခန္ဓာမှတ်တမ်းပါဘုရား)။ အဲဒီတော့ ခန္ဓာ၏ မှတ်တမ်းနဲ့ အကျင့်မှတ်တမ်း ခင်ဗျားတို့ ဘယ်ဟာ အတည်ပြုကြမလဲ။ (အကျင့်မှတ်တမ်း အတည်ပြုရမယ်)။ အကျင့်ကို အတည်ပြုရမယ်။ (အမှတ်စဉ်-၂၊ နှာ-၁၉)

* ခင်ဗျားတို့ နဂိုစာအုပ်ကြီးနဲ့ ဆရာသမားတွေကလဲ အင်း စာဆိုတိုင်း ပြောနေကြတယ်။ (ပ)။ စာဆိုကိုင်း ပြောလို့ မဟုတ်တာတွေ တစ်ပုံကြီးဘဲ။ (အမှတ်စဉ်-၁၊ နှာ-၄၇)

ဟူသော မိုးကုတ်ဆရာတော်ကြီး ဦးဝိမလ၏ ဟောပြောချက်တို့သည် ပိဋကပါဠိ စာပေတို့ကို မလေးမစား စော်ကား ဟောပြောခြင်းဖြစ်၍ ထိုသို့ ပိဋကစာပေကို မလေးမစား စော်ကားဟောပြောသောဝါဒကို အဓမ္မဝါဒဟု ဆုံးဖြတ်ပေးပါရန် စောဒနာအမှတ် (၇) အဖြစ် တင်သွင်းခဲ့ပေသည်။

စုဒိတကဆရာတော်တို့ကလည်း-

* ဒါတွေက ဆောင်တော့မှ သူတို့ဆောင်လာတဲ့သဘော ဘုန်းကြီးတို့ကလည်း ပရိယတ်သမားဖြစ်နေတော့ ဟာ! ဒါဖြင့် တို့ တကာ, တကာမတွေ ဖြတ်လမ်းပြမှ တော်မယ်။ ဒါ ပရိယတ်ကလာတာ၊ ရိပ်မိပလား။ (ရိပ်မိပါပြီဘုရား)။ ဘယ်ကလာတာတုန်း (ပရိယတ်ကလာတာပါဘုရား)။ သင်မထားလို့ရှိရင် ဒါ ပြောနိုင်ပါ့မလား။ (မပြောနိုင်ပါဘုရား)။ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် ရန်ကုန်က ဒက, ဒကာမတွေ ဘုန်းကြီးတို့လည်း အရင်းတွေပေါ့ဗျာ။ ဒါတွေ သိပြီးသားဘဲ။

* ပရိယတ်ကိုဖြင့် အလေးမလျှော့ပါနဲ့။ (မှန်ပါ့)။ အားပေး လျှော့လိုက်လို့ရှိရင်ဖြင့် ခင်ဗျားတို့ ကျင့်စရာလမ်းပေါက်ကို ဟောမည့်ပုဂ္ဂိုလ် ရှိသေးရဲ့လား။ (မရှိပါဘုရား)။ အဲဒီကဲ့သို့ မရှိလို့ရှိရင်ဖြင့် ခင်ဗျားတို့မှာ စုံလုံးကန်းမွေးပြီး စုံလုံးကန်းသေမယ်လို့သာ စိတ်ကူး၊ ရိပ်မိသလား (ရိပ်မိပါပြီဘုရား)။

* ဒီပရိယတ်သာ ကွယ်သွားရင် ဒီအတိုင်း လာမှာဘဲ။ (မှန်ပါ့)။ (ပ)။ ဒါဖြင့် အခြေခံဟာ ဘယ်သူတုန်းဆိုတာ ပေါ်ကြပလား။

* ပရိယတ်အခြေခံ ပဋိပတ်က အညွှန့်ခူးပြီး စကားပြောတာ ရိပ်မိကြပလား။ (ရိပ်မိပါပြီဘုရား)။ ဒါကြောင့်ဒီက ဆရာတော်တွေ သမားတော်တွေကော ဘုန်းကြီးထက် ငယ်တဲ့ ပုဂ္ဂိုလ်တွေကော ဒါကို မလျှော့ကြပါနဲ့၊ ကိုယ့်ကန်ဘောင်ကြီး ကိုယ်မချိုးကြပါနဲ့လို့ ခုနက ဆရာတော်တွေကို ချီးမြှောက်ရသေးတယ်နော်။ (မှန်ပါ့ဘုရား)။

ဟု မိုးကုတ်ဆရာတော်ကြီး ဟောကြားခဲ့သည့်အပြင် ပရိယတ္တိသာသနာတော်ကြီး

အရှည်ခံ၍ တည်တံ့နိုင်ဖို့ရန်အတွက် အနှစ်သုံးဆယ်ကျော်တိုင်တိုင် စာပေပို့ချခြင်းကို ပြုတော်မူခဲ့ကြောင်း၊ ပရိယတ္တိကို မရှုတ်ချ မစော်ကား ကြောင်း တင်ပြကြသည်။

ထို့ပြင် စုဒိတကပုဂ္ဂိုလ်တို့က ပါဠိ ပိဋကတ် ပရိယတ်စာပေကို မိုးကုတ်ဆရာတော်ကြီးက လေးစားပါလျက် အချို့နေရာ၌ ဒေသနာလာသည့် အတိုင်း မဟောခြင်းမှာ ယောဂီများ သောတာပန်ဖြစ်နိုင်ရန် ယောဂီများနှင့် တန်သော ဝိပဿနာကျင့်စဉ်များကိုသာ ရွေး၍ ဟောခဲ့ကြောင်း သာမန် ပုထုဇဉ်ပုဂ္ဂိုလ်တို့ လိုက်မမီသော ဝိပဿနာဟောကွက်များနှင့် အဘိဓမ္မာကျမ်းလာ စိတ်အစဉ် အတန်း ရှုမှတ်မှုကိုလည်း ချန်ထားခဲ့ကြောင်း တင်ပြကြသည်။

## လေ့လာစိစစ်ချက်

ဤအမှတ်(၇)စောဒနာ၏ ပဓာနဦးတည်ချက်မှာ "ဘုရားကလည်း စာမှ မထားခဲ့သေးဘဲ၊ ဘုရားပရိနိဗ္ဗာန်စံလို့ ခုနစ်နှစ်ရှိမှ ပေါ်တဲ့စာ၊ ဘာဆိုင်တာမှတ်လို့" ဟူသော မိုးကုတ်ဆရာတော်ကြီး၏ ဟောပြောချက်ပင် ဖြစ်ပေသည်။

ဤဟောကြားချက်၏ ဆိုလိုရင်းမှာ-ဘုရားလက်ထက်က စာမရှိသေး၊ ဘုရား ပရိနိဗ္ဗာန်စံလို့ ခုနစ်နှစ်ကြာမှ စာပေါ်လာသည်ဟူသော အချက်ပင်တည်း။

## ဘုရားလက်ထက်က စာရှိသလော

ထို့ကြောင့် ဘုရားလက်ထက်က စာပေအရေးအသားရှိ မရှိ လေ့လာသင့်ပေသည်။ ထိုအချက်ကို လေ့လာကြရာ အောက်ပါ အထောက်အထားတို့ကို တွေ့ရှိရပေသည်။

လေခါယ သံဝဏ္ဏေတိ။ (ဝိ၊ ၁။ ၉၄)

လေခါယ သံဝဏ္ဏေတိ နာမ လေခံ ဆိန္ဒတိ။ (ဝိ၊ ၁။ ၉၆)

လေခါယ၊ စာဖြင့်။ သံဝဏ္ဏေတိ၊ ချီးမွမ်း၏။ လေခါယ သံဝဏ္ဏေတိ နာမ၊ လေခါယ သံဝဏ္ဏေတိ မည်သည်။ လေခံ၊ အက္ခရာ အရေးအသား(စာ)ကို။ ဆိန္ဒတိ၊ ရေး၏။

လေခံ ဆိန္ဒတီတိ ပဏ္ဏေ ဝါ ပေါတ္ထကေ ဝါ အက္ခရာနိ လိခတိ။ (ဝိ၊ ဋ္ဌ၊ ၂။ ၅၁)

လေခံ ဆိန္ဒတီတိ၊ လေခံ ဆိန္ဒတိဟူသည်ကား။ ပဏ္ဏေ ဝါ၊ သစ်ရွက်၌ လည်း ကောင်း။ ပေါတ္ထကေ ဝါ၊ စာအုပ်၌လည်းကောင်း။ အက္ခရာနိ၊ အက္ခရာ (စာလုံး)တို့ ကို၊ လိခတိ၊ ရေး၏။

ဥက္ကင္ဌ နာမ သိပ္ပံ မုဒ္ဒါ ဂဏနာ လေခါ။ (ဝိ၊ ၂။ ၉)

ဥက္ကင္ဌ၊ မြတ်သော။ သိပ္ပံ နာမ၊ အတတ်ဟူသည်။ မုဒ္ဒါ၊ လက်ရေချိုး အတတ်လည်းကောင်း။ ဂဏနာ၊ ဂဏန်း အတတ်လည်းကောင်း။ လေခါ၊ အက္ခရာအရေးအသား (စာအရေးအသား)အတတ်လည်းကောင်းတည်း။

လေခါတိ အက္ခရလေခါ။ (ဝိ၊ ၄၊ ၃။ ၅)

လေခါတိ၊ လေခါဟူသည်ကား။ အက္ခရလေခါ၊ အက္ခရာအရေးအသား (စာအရေးအသား)အတတ်တည်း။

သစေ ခေါ ဥပါလိ လေခံ သိက္ခိဿတိ၊ အင်္ဂုလိယော ဒုက္ခာ ဘဝိဿန္တိ။ (ဝိ၊ ၃၊ ၁၀၈)

ဥပါလိ၊ ဥပါလိ သတို့သားသည်။ လေခံ၊ စာရေးအတတ်ကို။ သစေ သိက္ခိဿတိ၊ အကယ်၍ သင်ယူသည်ဖြစ်အံ့။ အင်္ဂုလိယော၊ လက်ချောင်းတို့သည်။ ဒုက္ခာ၊ ဆင်းရဲကုန်သည် (နာကျင်ခြင်း, ပင်ပန်းညောင်းညာခြင်းတို့သည်။) ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။

အက္ခရာယ ဝါစေတိ၊ အက္ခရက္ခရာယ အာပတ္တိ ဒုက္ကဋဿ။ (ဝိ၊ ၂။ ၂၆။)

အက္ခရာယ၊ အက္ခရာဖြင့်။ ဝါစေတိ၊ ပို့ချ၏။ အက္ခရာယ၊ အက္ခရာတိုင်း အက္ခရာတိုင်း၌။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဝိနယေ ခန္ဓကေ စာပိ၊ တိကစ္ဆေဒေ စ ပဉ္စမေ။
ဧတ္ထ မေ ဝိမတိ နတ္ထိ၊ အက္ခရေ ဗျဉ္ဇနေပိ ဝါ။ (အပ၊ ၁။ ၄၆)

ဝိနယေ၊ ပါရာဇိက, ပါစိတ္တိယဟူသော ဥဘတောဝိဘင်း၌ လည်းကောင်း။ ခန္ဓကေ စာပိ၊ မဟာဝါ, စူဠဝါခန္ဓက၌လည်းကောင်း။ တိကစ္ဆေဒေ စ၊ တိကသံဃာဒိသိသ်, တိကပါစိတ်စသော အပိုင်းကဏ္ဍာ၌လည်းကောင်း။ ပဉ္စမေ စ၊ ငါးခုမြောက်ဖြစ်သော ပရိဝါပါဠိတော်၌လည်းကောင်း။ အက္ခရေစ၊ အ-စသော အက္ခရာ၌လည်းကောင်း။ ဗျဉ္ဇနေ စ၊ က-စသော ဗျည်း၌လည်းကောင်း။ ဧတ္ထ၊ ဤအလုံးစုံသော ဝိနယပိဋကၡ၌။ မေ၊ အကျွန်ုပ်ဥပါလိ၏။ ဝိမတိ၊ ယုံမှားသံသယသည်။ နတ္ထိ၊ မရှိ။

အက္ခရေတိ ဝိနယပိဋကပရိယာပန္နေ အ-ကာရာဒိကေ အက္ခရေ။ ဗျဉ္ဇနေတိ

က-ကာရာဒိကေ ဗျဉ္ဇနေ ဝါ မေ ဝိမတိ သံသယော နတ္ထိတိ သမ္ဗန္ဓော။
(အပ၊ ၄။ ၁။ ၃၁၈)

အက္ခရေတိ၊ အက္ခရေဟူသည်ကား။ ဝိနယပိဋကပရိယာပန္နေ၊ ဝိနည်းပိဋကဌ် အကျုံးဝင်သော။ အ-ကာရာဒိကေ၊ အ-အက္ခရာအစရှိသော။ အက္ခရေ၊ အက္ခရာ၌။

ဗျဉ္ဇနေတိ၊ ဗျဉ္ဇနေဟူသည်ကား။ (ဝိနယပိဋကပရိယာပန္နေသော။)က-ကာရာဒိကေ၊ က-အစရှိသော။ ဗျဉ္ဇနေ ဝါ၊ ဗျည်း၌လည်းကောင်း။ မေ၊ ကျွန်ုပ်ဥပါလိ၏။ ဝိမတိ-သံသယော၊ ယုံမှားသံသယသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသည်ကား။ သမ္ဗန္ဓော၊ ပုဒ်တို့ကို စပ်ခြင်းတည်း။

ပဒံ အနုပဒဉ္စာပိ၊ အက္ခရဉ္စာပိ ဗျဉ္ဇနံ။
နိဒါနေ ပရိယောသာနေ၊ သဗ္ဗတ္ထ ကောဝိဒေါ အဟံ။ (အပ၊ ၁။ ၄၇)

ပဒံ စ၊ ရှေ့ပုဒ်၌လည်းကောင်း။ အနုပဒဉ္စာပိ၊ နောက်ပုဒ်၌လည်း ကောင်း။ အက္ခရဉ္စာပိ၊ တစ်လုံးတစ်လုံးသော အက္ခရာ၌လည်းကောင်း။ ဗျဉ္ဇနံ စ၊ သိထိလ, ဓနိတစသော ဗျဉ္ဇနဗုဒ္ဓိ (၁၀)ပါး၌လည်းကောင်း။ နိဒါနေ စ၊ နိဒါန်း၌လည်းကောင်း။ ပရိယောသာနေ စ၊ နိဂုံး၌လည်းကောင်း။ ဣတိ၊ ဤသို့။ သဗ္ဗတ္ထ၊ အလုံးစုံသော ဤ(၆)ဌာန၌။ အဟံ၊ တပည့်တော် ဥပါလိသည်။ ကောဝိဒေါ၊ လိမ္မာကျွမ်းကျင်သည်။ အမှိ၊ ဖြစ်ပါ၏။

ဤပါဠိတော်တို့ကို ထောက်လျှင် ဗုဒ္ဓလက်ထက်တော်ကပင် အက္ခရာ စာပေ အရေးအသား ရှိနေပြီဆိုသည်ကို သိနိုင်ပေသည်။ အဋ္ဌကထာတို့ကို လေ့လာကြည့်သော အခါ၌လည်း ဗုဒ္ဓလက်ထက်ကပင် စာပေအရေးအသားရှိနေပြီဖြစ်ကြောင်း တွေ့ရှိရပေသည်။

**အဇာတသတ်ဝတ္ထု**

အဇာတသတ်သည် ဖခင်ဗိမ္ဗိသာရမင်းကြီးကို ထောင်သွင်းအကျဉ်းထား ၍ ခြေဖဝါးဓားခွဲကာ ရက်ရက်စက်စက် နှိပ်စက်သဖြင့် ဗိမ္ဗိသာရမင်းကြီး နတ်ရွာစံ၏။ ထိုအချိန်မတိုင်မီလေးတွင် အဇာတသတ်ဘုရင်၏ မိဖုရားမှ သားဦးလေး ဖွားမြင်၏။

ခမည်းတော်ကြီး နတ်ရွာစံပြီဖြစ်ကြောင်း လျှောက်တင်စာကို ဘုရင်အဇာ-တသတ်ထံ ဆက်သခိုင်းသည်။ ထို့အတူ သားတော်လေး မွေးဖွားမြင်ကြောင်း

မင်္ဂလာသတင်း လျှောက်တင်စာကို အဇာတသတ်ထံ တင်ခိုင်းသည်။ ထိုစာနှစ်စောင် မရှေးမနှောင်း ရောက်ကြရာ မင်္ဂလာရှိသော သားဦးဖွားမြင်ကြောင်း လျှောက်တင်စာကို ရှေးဦးစွာ ဆက်သသည်။ ဖခင်၏ ချစ်ခြင်းစိတ်များ ကိုယ်တိုင် ခံစားသိရှိသော အဇာတသတ်က ဖခင်ဗိမ္ဗိသာရမင်းကြီးကို လွှတ်စေဟု အမိန့်ရှိ၏။ ထိုအချိန် ဘုရင်ကြီးနတ်ရွာစံကြောင်း လျှောက်တင်စာကို ဆက်သလိုက်သော အခါ ယူကျုံးမရဖြစ်ပြီး နှလုံးပူလောင်လေတော့သည်။

တံ ဒိဝသမေဝ အဇာတသတ္တုဿ ပုတ္တော ဇာတော၊ ပုတ္တဿ ဇာတဘာဝဥ္စ ပိတုမတဘာဝဥ္စ နိဝေဒေတုံ ဒွေ လေခါ ဧကက္ခဏေယေဝ အာဂတာ။ အမစ္စာ "ပဌမံ ပုတ္တဿ ဇာတဘာဝံ အာရောစေဿာမာ"တိ တံ လေခံ ရညော ဟတ္ထေ ဌပေသုံ။ (ပ) ကိံ ဝိဿဇ္ဇာပေထ ဒေဝါတိ ဣတရံ လေခံ ဟတ္ထေ ဌပယိံသု။

(ဒီ၊ ဋ္ဌ၊ ၁။ ၁၂၆)

တံ ဒိဝသမေဝ၊ ထိုနေ့၌ပင်လျှင်။ အဇာတသတ္တုဿ၊ အဇာတသတ်၏။ ပုတ္တော၊ သားသည်။ ဇာတော၊ ဖွားမြင်၏။ ပုတ္တဿ၊ သား၏။ ဇာတဘာဝဥ္စ၊ ဖွားသည်၏ အဖြစ်ကိုလည်းကောင်း။ ပိတု၊ ခမည်းတော် ဗိမ္ဗိသာရမင်း၏။ မတဘာဝဥ္စ၊ သေသည်၏အဖြစ်ကိုလည်းကောင်း။ နိဝေဒေတုံ၊ လျှောက်ထားသံတော်ဦးတင်ခြင်းငှာ။ ဒွေ လေခါ၊ စာနှစ်စောင်တို့သည်။ ဧကက္ခဏေယေဝ၊ တပြိုင်နက်သော ခဏ၌ပင်လျှင်။ အာဂတာ၊ ရောက်လာကုန်ပြီ။ အမစ္စာ၊ အမတ်ကြီးတို့သည်။ "ပဌမံ၊ ရှေးဦးစွာ။ ပုတ္တဿ၊ သား၏။ ဇာတဘာဝံ၊ ဖွားသည်၏ အဖြစ်ကို။ အာရောစေဿာမ၊ လျှောက်တင်ကုန်အံ့။" ဣတိ၊ ဤသို့ တိုင်ပင်ကြကုန်၍။ တံ လေခံ၊ ထိုသားတော်လေး မွေးဖွားကြောင်း လျှောက်တင်သည့်စာကို။ ရညော၊ အဇာတသတ်ဘုရင်၏။ ဟတ္ထေ၊ လက်၌။ ဌပေသုံ၊ ထားကြကုန်ပြီ။ (ပ) ဒေဝ၊ အရှင်မင်းမြတ်။ ကိံ၊ အဘယ်သို့လျှင် (ဝါ) အဘယ်သူကို။ ဝိဿဇ္ဇာပေထ၊ လွှတ်စေကုန်ပါသနည်း။ ဣတိ၊ ဤသို့လျှောက်တင်၍။ ဣတရံ လေခံ၊ ခမည်းတော်ကြီး နတ်ရွာစံသည့်အကြောင်း လျှောက်တင်သည့်စာကို။ ဟတ္ထေ၊ အဇာတသတ်ဘုရင်၏ လက်၌။ ဌပယိံ သု၊ တည်စေကုန်ပြီ။

ထို့ပြင် မဟာကဿပတ္ထေရဝတ္ထု၌လည်း မဟာကဿပအလောင်း ပိပ္ပလိလုလင်နှင့် ကာပိလာနီအလောင်း ဘဒ္ဒါတို့သည် ဤလူ့ဘဝ မရောက်မီ ဗြဟ္မာပြည်၌ ဖြစ်ခဲ့ကြ၏။ ဗြဟ္မာ့ပြည်မှ စုတေပြီး ဤလူ့ဘဝသို့ ရောက်လာကြရာ

နှစ်ဖက်မိဘတို့က ပိပ္ပလိနှင့် မယ်ဘဒ္ဒါ တို့ကို လက်ထက်ပေးဖို့ စီစဉ်ကြသည်။ ပိပ္ပလိနှင့် မယ်ဘဒ္ဒါတို့မှာ ဗြဟ္မာ့ပြည်၌ ကြာမြင့်စွာ နေခဲ့ကြရသောကြောင့် အိမ်ထောင်သားမွေးကိစ္စဖြင့် အလိုမရှိကြပေ။ ထို့ကြောင့် ပိပ္ပလိလုလင်က မယ်ဘဒ္ဒါထံ "မိမိသည် ကာမဂုဏ်ဖြင့် အလိုမရှိ၍ မိမိ၏ ဇာတ်, အနွယ်, ပစ္စည်းနှင့်လျော်သော အခြား အမျိုးသားကိုသာ လက်ထပ်ပါ၊ ကျွန်ုပ်သည် ရဟန်းပြုမည်ဖြစ်၍ နောင်တတရား မရစေရန် ဤစာကိုရေးပါ သည်"ဟု စာရေးပြီး ပို့ခိုင်းလိုက်၏။

မယ်ဘဒ္ဒါကလည်း ထိုနည်းအတူရေးပြီး ပိပ္ပလိလုလင်ထံ ပို့ခိုင်း၏။ ထိုစာ နှစ်စောင်ပို့သောသူ နှစ်ယောက်တို့သည် လမ်းတွင် တွေ့ဆုံကြ၍ အကျိုး အကြောင်းမေးကြ ပြောကြသောအခါ စာပေးခိုင်း၍စာပို့လာကြောင်း ပြောကြ၏။

ထိုအခါ ထိုစာပို့နှစ်ယောက်က စာနှစ်စောင်ကို ဖောက်ဖတ်ရန် သဘောတူပြီး ဖောက်ဖတ်ကြရာ အံ့ဩစရာ ရေးသားချက်တို့ကိုတွေ့ပြီး ထိုမူရင်းစာတို့ကို တော ထဲလွှင့်ပစ်ပြီး သမီး ရည်းစားစာ အသစ်တို့ကို ရေးသားကာ ပိပ္ပလိနှင့် မယ်ဘဒ္ဒါတို့ ထံ ပို့ကြကြောင်း တွေ့ရပေသည်။

အနတ္ထိကော ဟုတွာ ပဏ္ဏံ ပေသေသုံမီတိ ရဟောဂတော ပဏ္ဏံ လိခိ "ဘဒ္ဒါ အတ္တနော ဇာတိဂေါတ္တဘောဂါနုရူပံ ဃရာဝါသံ လဘတု၊ အဟံ နိက္ခမိတွာ ပဗ္ဗဇိဿာမိ၊ မာ ပစ္ဆာ ဝိပ္ပဋိသာရိနီ အဟောသီ"တိ။ ဘဒ္ဒါပိ "အသုကဿ ကိရ မံ ဒါတုကာမော"တိ သုတွာ ရဟောဂတာ ပဏ္ဏံ လိခိ "အယျပုတ္တော အတ္တနော ဇာတိဂေါတ္တဘောဂါနုရူပံ ဃရာဝါသံ လဘတု၊ အဟံ နိက္ခမိတွာ ပဗ္ဗဇိဿာမိ၊ မာ ပစ္ဆာ ဝိပ္ပဋိသာရီ အဟောသီ"တိ။ ဒွေ ပဏ္ဏာနိ အန္တရာမဂ္ဂေ သမာဂစ္ဆိံ သု။ ကဿိဒံ ကဿ ပဏ္ဏန္တိ။ ပိပ္ပလိမာဏဝေန ဘဒ္ဒါယ ပဟိတန္တိ။ ကဿိဒံ ကဿာတိ။ ဘဒ္ဒါယ ပိပ္ပလိမာဏဝကဿ ပဟိတန္တိ စ ဝုတ္တေ ဒွေပိ ဝါစေတွာ "ပဿထ ဒါရကာနံ ကမ္မ"န္တိ ဖာလေတွာ အရညေ ဆဍ္ဍေတွာ သမာနပဏ္ဏံ လိခိတွာ ဣတော စ ဧတ္တော စ ပေသေသုံ။

(အံ၊ဋ္ဌ၊ ၁။ ၁၃၈/၁၃၉)

---

အနတ္ထိကော၊ ကာမဂုဏ်ကိစ္စ, အိမ်ထောင်ရေးကိစ္စဖြင့် အလိုမရှိသည်။ ဟုတွာ၊ ဖြစ်၍။ ပဏ္ဏံ၊ စာကို။ ပေသေသုံမီတိ၊ ပို့အံ့ဟူ၍။ ရဟောဂတော၊ ဆိတ်ကွယ်ရာအရပ်၌ နေလျက်။ ဘဒ္ဒါ၊ ဘဒ္ဒါသည်။ အတ္တနော၊ မိမိ၏။ ဇာတိ-

ဝေါတ္တဘောဂါနုရူပ၊ ဇာတ်, အနွယ်, ပစ္စည်းဥစ္စာအား လျော်သော။ ယရာဝါသံ၊ အိမ်ထောင်ဘက်ကို။ လဘတု၊ ရပါစေ (ဝါ) ရအောင်ရှာပါလေ။ အဟံ၊ ငါသည်။ နိက္ခမိတ္ဝာ၊ လူ့ဘောင်မှခွာရှောင်၍။ ပဗ္ဗဇိဿာမိ၊ ရဟန်းပြုမည်ဖြစ်ပါသည်။ တွံ၊ သင် ဘဒ္ဒါသည်။ ပစ္ဆာ၊ နောက်မှ။ ဝိပ္ပဋိသာရိနီ၊ နှလုံးမသာမယာ စိတ်မချမ်းသာခြင်းရှိ သည်။ မာ အဟောသိ၊ မဖြစ်ပါစေလင့်။ ဣတိ၊ ဤသို့။ ပဏ္ဏံ၊ စာကို။ လိခိ၊ ရေး ပြီ။ (ပ)

ဒွေ ပဏ္ဏာနိ၊ စာနှစ်စောင်တို့သည် (ဝါ) စာပို့ယောကျ်ားနှစ်ယောက်တို့သည်၊ အန္တရာမဂ္ဂေ၊ ခရီးလမ်းအကြား၌။ သမာဂစ္ဆိံသု၊ တွေ့ဆုံကြကုန်၏။ ဣဒံ၊ ဤ စာသည်။ ကဿ၊ အဘယ်သူ၏။ ပဏ္ဏံ၊ စာပါနည်း။ ဣတိ၊ ဤသို့ တစ်ယောက်က မေးပြီ။ ပိပ္ပလိမာဏဝေန၊ ပိပ္ပလိလုလင်သည်။ ဘဒ္ဒါယ၊ ဘဒ္ဒါအထံသို့။ ပေသိတံ၊ ပို့ခိုင်းသောစာပါတည်း။ ဣတိ၊ ဤသို့ ဖြေဆိုပြီ။ ဣဒံ၊ အဲဒီစာကတော့။ ကဿ၊ မည်သူ၏။ ပဏ္ဏံ၊ စာပါနည်း။ ဣတိ ဤသို့ ဒုတိယယောကျ်ားက မေးသည်ရှိသော်။ "ဘဒ္ဒါယ၊ ဘဒ္ဒါက။ ပိပ္ပလိမာဏဝကဿ၊ ပိပ္ပလိလုလင်အထံသို့။ ပေသိတံ၊ အပို့ခိုင်းသော စာပါတည်း။" ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဖြေဆိုအပ်သည်ရှိသော်။ ဒွေပိ၊ စာနှစ်စောင်လုံးတို့ကိုလည်း။ ဝါစေတွာ၊ ဖောက်ဖတ်ကြကုန်၍။ "ဒါရကာနံ၊သူငယ် သူငယ်မတို့၏။ ကမ္မံ၊ အမှုကို။ ပဿထ၊ ကြည့်ကြစမ်းပါ။" ဣတိ၊ ဤသို့ပြောဆိုပြီး။ ဖာလေတွာ၊ စာနှစ်စောင်လုံးကို စုတ်ဖြဲပစ်၍။ အရညေ၊ တောထဲ၌။ ဆဍ္ဍေတွာ၊ စွန့်ပစ်၍။ သမာနပဏ္ဏံ၊ တူသောစာကို။ လိခိတွာ၊ ပြင်ရေး၍။ ဣတော စ၊ ပိပ္ပလိလုလင်အထံသို့လည်းကောင်း။ ဧတ္တော စ၊ ဘဒ္ဒါအထံသို့ လည်းကောင်း။ ပေသေသုံ၊ ပို့ကြကုန်ပြီ။

ဓမ္မပဒအဋ္ဌကထာ ဃောသကဝတ္ထု၌လည်း စာမတတ်သော ဃောသက၏ မွေးစားဖခင်က "ယခုလာသူ ကျွန်ုပ်၏သား ဃောသကကို သတ်လိုက်ပါ"ဟု စာရေး၍ ဃောသက၏ ပုဆိုးစွန်း၌ ချည်ပေးလိုက်ကြောင်း၊ ထိုစာကို သူဌေးသမီးက ဃောသကအိပ်ပျော်နေစဉ် ဖြည်ဖတ်ကြည့်ပြီး "ယခုလာသူ ကျွန်ုပ်၏သား ဃောသကကို သင်၏သမီးနှင့် ပေးစားလိုက်ပါ"ဟု စာပြင်ရေးကာ ဃောသက၏ ပုဆိုးစွန်း၌ ပြန်ချည်၍ ထားလိုက်ကြောင်း ပါရှိသည်။ (ဓမ္မ၊ ဋ၊ ၁။ ၁၁၆)

ဤ အဋ္ဌအထာတို့ကို ထောက်ထားလျှင် ဗုဒ္ဓလက်ထက်က စာပေ (အက္ခရာ) ပေါ်ထွန်းနေပြီဖြစ်ကြောင်း သိနိုင်ပေသည်။

## ဗုဒ္ဓလက်ထက်နှင့် ဗုဒ္ဓစာပေ

ဗုဒ္ဓလက်ထက်တွင် ဗုဒ္ဓစာပေများ ရှိ မရှိ လေ့လာကြရာ ဥပရိပဏ္ဏာသ ပါဠိတော် ဓာတုဝိဘင်္ဂသုတ် အဋ္ဌကထာ၌ ဗုဒ္ဓလက်ထက်တော်ကပင် ဗုဒ္ဓစာပေများကို ရေးသားမှတ်တမ်းတင်မှုရှိကြောင်း တွေ့ကြရလေသည်။

ရာဇဂြိုဟ်ပြည်ရှင် ဗိမ္ဗိသာရမင်းနှင့် တက္ကသိုလ်ပြည်ရှင် ဘုရင်ပုက္ကုသာတိတို့သည် မတွေ့ဖူး မမြင်ဖူးကြသော မဟာမိတ်ဘုရင်များဖြစ်ကြသည်။ တစ်ပါးနှင့်တစ်ပါး ချစ်ခင်ကြသဖြင့် လက်ဆောင်တော်များ အပြန်အလှန် ပေးပို့ကြသည်။ ထိုသို့ ပေးပို့ရာတွင် မဇ္ဈိမဒေသတွင်သာ ပူဇော်ခွင့်ရသေး၍ ပစ္စန္တရစ်အရပ် တက္ကသိုလ်ပြည်၌ ပူဇော်ခွင့်မရသေးသော ရတနာသုံးပါး လက်ဆောင်တော်ကို ဗိမ္ဗိသာရမင်းကြီးက ပုက္ကုသာတိဘုရင်ထံသို့ ပို့လိုသဖြင့် "အလျားလေးတောင်၊ အနံ (ဖျက်) တစ်ထွာရှိ မထူလွန်း မပါးလွန်းသော ရွှေပြား (ရွှေပေလွှာ)ပေါ်၌ ဘုရားဂုဏ်တော်ကိုးပါး၊ ဗုဒ္ဓဝင်အကျဉ်းနှင့် ရတန သုတ္တန်လာ "ယံ ကိဉ္စိ ဝိတ္တံ (ပ) သုဝတ္ထိ ဟောတု" ဂါထာကိုလည်းကောင်း၊ တရားဂုဏ်တော်ခြောက်ပါး၊ ဗောဓိပက္ခိယတရား ၃၇-ပါးနှင့် "ယံ ဗုဒ္ဓသေဋ္ဌော" စသော ရတနသုတ်လာ ဂါထာကိုလည်းကောင်း၊ သံဃာ့ဂုဏ်တော်ကိုးပါးနှင့် ထိုသံဃာတော်တို့ သီလ, သမာဓိ, ပညာ တရားတို့ကို ကြိုးစားအားထုတ်ပုံ၊ အာနာပါနကမ္မဋ္ဌာန်း ႇအားထုတ်ပုံအကျဉ်းနှင့် ရတနသုတ်လာ "ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ"စသော ဂါထာကိုလည်းကောင်း ရေးသား၍ ပေးပို့လိုက်သည်။

ပုက္ကုသာတိဘုရင်ကြီးက ထိုပေးပို့လိုက်သော ရွှေပြား (ရွှေပေလွှာ)ကို ဖြန့်၍ ကြည့်သောအခါ ညီညွတ်သော ဦးခေါင်း (အထက်စ)ရှိ၍ ညီနေသော စာကြောင်းရှိသော လေးထောင့်အက္ခရာဖြင့် ရေးထားသော ထိုတရားစာကို တွေ့မြင်ရလေသည်။

ထိုစာတို့ကို ဖတ်လိုက်ရလျှင်ပင် ကြည်လင် ရွှင်လန်းသောစိတ်ဖြစ်ပြီး အာနာပါန ကမ္မဋ္ဌာန်းစီးဖြန်းပုံကို ဖတ်ရသောအခါ ဖတ်ရင်းဖတ်ရင်း သမာဓိရပြီး ချမ်းချမ်းသာကို ခံစားရလေသည်။

သော တံ ပသာရေတွာ "မနာပါနိ ဝတ အက္ခရာနိ သမသီသာနိ သမပန္တီနိ စတုရဿာနိ" တိ အာဒိတော ပဋ္ဌာယ ဝါစေတုံ အာရဘိ၊ တဿ

"ဣဓ တထာဂတော လောကေ ဥပ္ပန္နော"တိ ဗုဒ္ဓဂုဏေ ဝါစေန္တဿ ဗလဝသောမနဿံ ဥပ္ပဇ္ဇိ။ (မ၊ ဋ္ဌ၊ ၄။ ၂၀၁)

သော၊ ထိုပုက္ကုသာတိဘုရင်သည်။ တံ၊ ထိုဗိမ္ဗိသာရမင်း ပေးပို့လိုက်သော ရွှေပေလွှာကို။ ပသာရေတွာ၊ ဖြန့်၍။ "သမသီသာနိ၊ ညီညွတ်သော ဦးခေါင်းရှိကုန်သော။ သမပန္တီနိ၊ ညီညွတ်သော အစဉ်အတန်းရှိကုန်သော။ စတုရဿာနိ၊ လေးထောင့်သဏ္ဌာန်ရှိကုန်သော။ အက္ခရာနိ၊ အက္ခရာစာလုံးတို့သည်။ မနာပါနိဝတ၊ နှစ်သက်ဖွယ် ကောင်းပေကုန်စွတကား။" ဣတိ၊ ဤသို့ သဘောကျ၍။ အာဒိတော၊ အစမှ။ ပဋ္ဌာယ၊ စ၍။ ဝါစေတုံ၊ ဖတ်ခြင်းငှာ။ အာရဘိ၊ အားထုတ်ပြီ။ "ဣဓ လောကေ၊ ဤလောက၌။ တထာဂတော၊ မြတ်စွာဘုရားသည်။ ဥပ္ပန္နော၊ ပွင့်တော်မူပြီ။" ဣတိ၊ ဤသို့။ ဗုဒ္ဓဂုဏေ၊ ဗုဒ္ဓဂုဏ်တော်တို့ကို။ ဝါစေန္တဿ၊ ဖတ်သော။ တဿ၊ ထိုပုက္ကုသာတိဘုရင်အား။ ဗလဝသောမနဿံ၊ အားကြီးသော ဝမ်းမြောက်ခြင်းသည်။ ဥပ္ပဇ္ဇိ၊ ဖြစ်ပြီ။

[ဥပရိပဏ္ဏာသအဋ္ဌကထာ၊ ဓာတုဝိဘင်္ဂသုတ်အဖွင့် (မ၊ ဋ္ဌ၊ ၄။ ၁၉၈-၂၀၁)တို့၌ အပြည့်အစုံ လေ့လာနိုင်ပါသည်။]

ဤအဋ္ဌကထာဖွင့်ဆိုချက်ကို ထောက်လျှင် ဘုရားရှင်သာသနာတော် အလွန်ပွင့်လင်း ထွန်းကားနေသော မဂဓတိုင်း (ရာဇဂြိုဟ်)၌ ဘုရားရှင် ဟောကြားသော တရားတော်တို့ကို ရဟန်းတော်များက နှုတ်ဖြင့် ဆောင်ထားသလို စာပေဖြင့် တစိတ်တစ်ဒေသ မှတ်တမ်းတင်ထားခြင်းလည်း ရှိမည် ဖြစ်ပေသည်။ စာပေဖြင့် မှတ်တမ်းတင်ထားခြင်းရှိ၍သာ ဗိမ္ဗိသာရမင်းကြီး၏ စာရေးတော်များက (ထိုစာကိုကြည့်ပြီး) ရွှေပေလွှာ၌ ကျကျနန လှလှပပ ရေးသားနိုင်ခြင်း ဖြစ်ပေမည်။

မည်သည့်ဌာန မည်သည့်ဒေသဖြစ်ဖြစ် စာပေရှိလျှင် ထိုခေတ်က မှတ်သားဖွယ် အကြောင်းအရာတို့ကို စာပေဖြင့်ရေးမှတ်ကြသည်မှာ ဓမ္မတာပင် ဖြစ်ပေသည်။

လူမှုကိစ္စကင်း၍ သမာဓိအားကောင်းပြီး ဉာဏ်ထက်သော ရဟန်းတော်များက နှုတ်ဖြင့် ဆောင်ကြမည်ဖြစ်သော်လည်း အချို့သော သာသနာကြည်ညိုသည့် လူဝတ်ကြောင် ပုဂ္ဂိုလ်များကမူ နှုတ်ဖြင့်ဆောင်သင့်သည်ကို ဆောင်၍ စာဖြင့်ရေးမှတ်မှုလည်း ရှိရမည်မှာ သေချာပေသည်။

သရေခတ္တရာ မှော်ဇာတို့၌ ပျူတို့ ထွန်းကားစဉ် ပျူစာဖြင့် ရွှေပေလွှာ (ရွှေပြား)၌ ယေ ဓမ္မာ ဟေတုပ္ပဘဝါ-စသော ဗုဒ္ဓပါဝစနတို့ကို ရေးသား မှတ်တမ်းတင်ခဲ့ခြင်းများ ရှိခဲ့သကဲ့သို့ မာဂဓတိုင်း၌ မဂဓဘာသာ (မာဂဓီ ဘာသာ)ဖြင့် ဟောကြားသောဘုရားရှင်၏တရားတော်များ ဘုရားရှင်နှင့်စပ်သော အကြောင်းများကို စာပေဖြင့် မှတ်တမ်းတင်ခဲ့မှုများ သေချာပေါက် ရှိရမည် ဖြစ်ပေသည်။

## အရှင်စူဠပန်

ဤနေရာ၌ အရှင်စူဠပန်၏ အကြောင်းကိုလည်း လေ့လာသင့်ပေသည်။ အရှင်စူဠပန်သည်-

ပဒ္မံ ယထာ ကောကာနဒံ သုဂန္ဓံ၊ ပါတော သိယာ ဖုလ္လမဝီတဂန္ဓံ။
အင်္ဂီရသံ ပဿ ဝိရောစမာနံ၊ တပန္တမာဒိစ္စမိဝန္တလိက္ခေ။

ဟူသော ဂါထာကို လေးလကျက်လို့ မရနိုင်ကြောင်း အဋ္ဌကထာ၌ ဆိုပါသည်။ ထိုအကြောင်းကို-"ဣမံ ဧကံ ဂါထံ စတူဟိ မာသေဟိ ဥဂ္ဂဏှိတုံ နာသက္ခိ"ဟု ဆိုသော်လည်း နောင်တော်ကြီး မဟာပန္ထကကသော် လည်းကောင်း၊ ရဟန်း တစ်ပါးပါးကသော်လည်းကောင်း၊ နှုတ်တိုက်ချပေးပြီး သင်သည်ဟုကား မပါပေ။

တစ်စုံတစ်ယောက်က နှုတ်တိုက်ချပေးသည်ဟု ဆိုပါလျှင် လေးလတိုင်တိုင် နှုတ်တိုက်ချပေးဖို့ ဆိုသည်မှာ သူ့ကိစ္စ ကိုယ့်ကိစ္စ ရှိနေကြ၍ လွယ်ကူသော အလုပ်မဟုတ်ပေ။ ထို့ကြောင့် ထိုဂါထာကို စာရေးပြီး ကျက်ခိုင်းသည်ဟုယူလျှင် ဖြစ်နိုင်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုအချိန်၌ မာဂဓတိုင်းတွင် စာပေ လည်း ပေါ်ထွန်းနေခြင်း၊ ဘုရားဒေသနာတော်များကိုလည်း မာဂဓဘာသာဖြင့် ဟောကြားထားခြင်းကြောင့် အချိန်ကုန်ခံပြီး နှုတ်တိုက်ချပေးမည့်အစား စာရေးပြီး ကျက်ခိုင်းဖို့သာ ဖြစ်နိုင်ချေရှိသောကြောင့်ပေတည်း။

ထိုခေတ်က လူငယ်များသည် စာပေသင်ကြားမှုရှိနေကြောင်း ဥပါလိဒါရက ဝတ္ထု၌ တွေ့ရသလို တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံ အင်္ဂုလိမာလ စသော ပုဂ္ဂိုလ်တို့ စာပေပညာများ သင်ကြားကြောင်း အခိုင်အမာ ရှိနေ သောကြောင့် စာပေထွန်းကားနေကြောင်း သိနိုင်ပေသည်။

ထို့ကြောင့် အရှင်စူဠပန်သည် လုံးဝစာမတတ် (သို့မဟုတ်) စာပေသင်ကြား မှု လုံးဝမရှိခဲ့ဟု မဆိုနိုင်ပေ။ ရှေးအတိတ်ဘဝတစ်ခုတုန်းက ဉာဏ်လေးသော

စာသင်သားတစ်ယောက်ကို ပြောင်လှောင် ပျက်ရယ်ပြုခဲ့သော ဝင့်ကြွေးကြောင့် ရဟန်းပြုပြီးမှ ပြုန်းစားကြီး ညဏ်ထိုင်းသွားခြင်းဖြစ်သည်။ ထိုအကြောင်းကို "သော ပဗ္ဗဇိတွာဝ ဒန္ဓော အဟောသိ" ဟူသော ဓမ္မပဒအဋ္ဌကထာ စကားကို ထောက်၍ သိနိုင်မပေသည်။

## မိုးကုတ်ဆရာတော်ကြီး၏ ဟောပြောချက်

မိုးကုတ်ဆရာတော်ကြီးက "စာက ရေးတဲ့ဆရာက လွဲချင် လွဲသွားလိမ့်မယ်။ (မှန်ပါ)။ ခန္ဓာက ပြောတာကတော့ (မလွဲပါဘုရား)။ ဒါဖြင့် စာနှင့်ခန္ဓာ ဘယ်ဟာ အမှန်ယူကြမတုန်း။ (ခန္ဓာအမှန်ယူရမှာပါဘုရား)"ဟု လည်းကောင်း၊ "စာဆိုတာ ဘာပါလိမ့် (ခန္ဓာ၏ မှတ်တမ်းပါဘုရား)။ အဲဒီတော့ ခန္ဓာမှတ်တမ်းနဲ့ အကျင့် မှတ်တမ်း ခင်ဗျားတို့ ဘယ်ဟာကို အတည်ပြုကြမလဲ (အကျင့်မှတ်တမ်းကို အတည်ပြုကြရပါမယ်)။ အကျင့်ကို အတည်ပြုရမယ်"ဟု လည်းကောင်း၊ "အင်း- ----စာဆိုတိုင်း ပြောနေကြတယ်။ (ပ) စာဆိုတိုင်းပြောလို့ မဟုတ်တာ တွေ တပုံကြီးဘဲ"ဟု လည်းကောင်း ဟောပြောရာတွင် ထိုစာဟူသည် အဘယ် စာပါသနည်း၊ ပါဠိအဋ္ဌကထာ, ဋီကာတို့ကိုပင် ဆိုလိုပါသလော။ သို့မဟုတ် အခြားအခြားသော ဆရာတော်တို့ ရေးသားသောစာများကိုပင် ဆိုလိုပါသလော။ မည်သည့်စာကို ဆိုလိုကြောင်း မိုးကုတ်ဆရာတော်ကြီးသာ အတိအကျ သိနိုင် ပေလိမ့်မည်။

သို့သော် "စာက မှတ်တမ်းကိုး။ (မှန်ပါဘုရား)။ ခန္ဓာ၏မှတ်တမ်းကို ဘုရား ဟောထားတယ် (မှန်ပါ)။ ရှင်းကြပြီလား (ရှင်းပါပြီ)။ ဦးမြ စာဆိုတာ ဘာပါလိမ့်။ (ခန္ဓာ၏ မှတ်တမ်းပါဘုရား)။"ဟူသော ဟောပြောချက်အရ ပါဠိတော်ကို စာဟု ဆိုလိုကြောင်း သိနိုင်ပေသည်။

"ခန္ဓာမှတ်တမ်းကို ဘုရားဟောထားတယ်"ဟူသော မိုးကုတ်ဆရာတော်ကြီး ၏ ဟောပြောချက်အရ ခန္ဓာမှတ်တမ်းဟူသော သုတ္တန်ပိဋကာ၊ အဘိဓမ္မာပိဋက တို့ကို သတိမန္တ, ဂတိမန္တ, ဓိတိမန္တ, ဗဟုဿုတတေဒဂ်ရ ရဟန္တာ အရှင်အာနန္ဒာ က မြတ်စွာဘုရားထံမှ မှတ်သားလိုက်ရသည့်အတိုင်း ပထမသံဂါယနာ တင်စဉ် က လျှောက်ထားခဲ့သည်။ အရှင်အာနန္ဒာ လျှောက်ထားသည့်အတိုင်း ပထမ သံဂါယနာတင်‌ ရဟန္တာငါးရာတို့က အတည်ပြုခဲ့ပေသည်။

ဤ၌ သံဂါယနာအကြောင်းကို အနည်းငယ် လေ့လာသင့်ပေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံ၍ ၇-ရက်အကြာ သုဘဒ္ဒရဟန်းကြီးက "ငါတို့ ရဟန်းကြီးဂေါတမလက်မှ ကောင်းကောင်းကြီး လွတ်ကြပြီ။ ယခုအခါ တို့ ကြိုက်သလို နေနိုင်ပြီ" စသည်ဖြင့် ပြောဆိုမှုကြောင့် အရှင်မဟာကဿပ မထေရ်ကြီးက "မသူတော်တရားတို့ မထွန်းကားမီ မသူတော်တရားတို့ အား ကောင်းမီ ဘုရားဟော တရားတော်များကို စုပေါင်းရွတ်ဆို သံဂါယနာတင်ထား ကြမှ ဖြစ်မည်။"ဟု အကြံတော်ဖြစ်ပြီး ပထမသံဂါယနာတင်ကြသည်။

(ဝိ၊ ၄။ ၄၈၀-၄၈၄)

ပထမ သံဂါယနာတင်ပြီးနောက် နောင်အခါ ဘုရားဟောဖော် ပိဋကတ် တော်ကို ပိုဖျက်+လိုစွက်လုပ်လာမည့် အန္တရာယ်ကို မြင်တော်မူ၍ အရှင် မဟာကဿပ မထေရ်မြတ်က "သံဃော အပ္ပညတ္တံ နပ္ပညပေယျ၊ ပညတ္တံ န သမုစ္ဆိန္ဒေယျ၊ ယထာ ပညတ္တေသု သိက္ခာပဒေသု သမာဒါယ ဝတ္တေယျ-သံဃာသည် ဘုရားရှင် မပညတ် မဟောကြားသည့်တရားကို မဟောကြား မပညတ်ရ၊ ပညတ်တော်မူပြီးသော တရားတော်ကိုလည်း မဖျက်တောက် မဖျတ်ဆီးရ၊ ပညတ်တော်မူသည့်အတိုင်း လိုက်နာကျင့်သုံးရ မည်။"ဟု အဆိုပြု ကာ သံဃာတော်များ၏ သဘောတူညီချက်ကို ရယူ၍ အတည်ပြုတော်မူခဲ့သည်။

(ဝိ၊ ၄၊ ၄၈၅)

ဤ ပထမသံဂါယနာတင် သမိုင်းကြောင်းကို လေ့လာကြည့်လျှင် ဘုရား ဟောဖော် ပိဋကတ်တော်များကို မလိုတာ မကြိုက်တာကို ပယ်ဖြုတ်၊ လိုတာ ကြိုက်တာကို ဖြည့်စွက်ပြီး က, ဖျက် ယ, ဖျက်လုပ်မည်ကို မြင်တော်မူသဖြင့် ကြိုတင်ကာကွယ်ကြောင်း တွေ့နိုင်ပေသည်။

ဤ ပထမသံဂါယနာကို ပဋိသမ္ဘိဒါပတ္တ ရဟန္တာငါးရာတို့ တင်ထားခဲ့ပြီး ဒုတိယသံဂါယနာကိုလည်း ပဋိသမ္ဘိဒါပတ္တ ရဟန္တာခုနစ်ရာတို့ တင်ထားခဲ့ခြင်း ကြောင့် မှားယွင်းချွတ်ချော်မှု မရှိနိုင်ပေ။

ဤ ပိဋကတ်တော်များသည် "ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ"ဟူသော ဗုဒ္ဓမိန့်ခွန်း တော်နှင့်အညီ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီး နောက်ကာလဝယ် သာဝကတို့ အား လမ်းညွှန်ပြနေမည့် ဆရာဖြစ်ပေသည်။ ထို့ကြောင့် ပိဋကတ်တော်တို့ သည် မှားယွင်းချွတ်ချော်မှု ကင်းစင်ကြောင်း ယုံကြည်နိုင်ပေသည်။

သို့ဖြစ်ရာ မိုးကုတ်ဆရာတော်ကြီး အဆိုအရ "ခန္ဓာမှတ်တမ်း"ဟု ဆိုရသော ပိဋကတ်တော်တို့သည် မှားယွင်းမှုကင်းစင်ကြောင်း သိမှတ်နိုင်ပေသည်။ ထို ခန္ဓာမှတ်တမ်းဟုဆိုရသော ပိဋကတ်တော်တို့ကို မောဟကင်းပြီးဖြစ်သည့် အပြင် ပဋိသမ္ဘိဒါဉာဏ်ရ ရဟန္တာအရှင်မြတ်များ စုပေါင်းမှတ်တမ်းတင်ထား ခြင်း ဖြစ်သောကြောင့် "စာက ရေးတဲ့ဆရာက လွဲချင်လွဲသွားလိမ့်မယ်"ဟူသော စကားသည် ပါဠိတော်ကို ရည်ရွယ်ပါက လုံးဝမှားယွင်းသော စကား ဖြစ်ပေသည်။

"အဲဒီတော့ ခန္ဓာမှတ်တမ်းနှင့် အကျင့်မှတ်တမ်း ခင်ဗျားတို့ ဘယ်ဟာ ကို အတည်ပြုကြမလဲ (ပ) အကျင့်ကို အတည်ပြုရမယ်"ဟူသော ဟောပြော ချက်သည်လည်း အကျင့်တိုင်း မှန်ကန်သည်ဟု မှတ်ထင်ဖွယ် ရှိသောကြောင့် လည်းကောင်း၊ ပိဋကတ်တော်နှင့် ဆန့်ကျင်သော မှားယွင်းသော ကျင့်စဉ်ကိုပင် မှန်ကန်သောကျင့်စဉ်ဟု ထင်မှတ်ဖွယ်ရှိသောကြောင့်လည်းကောင်း အစွန်း မလွတ် အပြစ်မလွတ်သော စကားဖြစ်ပေသည်။

[ပိဋကတ်တော်နှင့် ဆန့်ကျင်သောကျင့်စဉ်များ မြန်မာနိုင်ငံ၌ ပေါ်ပေါက်ခဲ့ ၍ သီးခြားဝိနိစ္ဆယဖြင့် ဓမ္မ-အဓမ္မ စိစစ်ခဲ့ရခြင်းကပင် အကျင့်တိုင်း မှန်ကန်မှု မရှိကြောင်း ညွှန်ပြနေပေသည်။]

"စာက ဘယ်လိုဆိုတယ်ဆိုရင် ဒီလူ လူအလို့ မှတ်ပေတော့ "ဟူသော ဟောပြော ချက်၊ "ခင်ဗျားတို့ နဂိုစာအုပ်ကြီးနဲ့ ဆရာသမားတွေကလဲ---အင်း---စာဆိုအတိုင်း ပြောနေကြတယ် (ပ)စာဆိုတိုင်းပြောလို့ မဟုတ်တာတွေ တပုံကြီးပဲ" ဟူသော ဟောပြောချက်တို့သည်လည်း အသိဉာဏ်နည်းသူ ပရိယတ္တိကို လက်လှမ်းမမီ သူတို့ကို မလျော်သော အသိဖြစ်စေနိုင်သောကြောင့် အပြစ်မကင်းသော စကား ဖြစ်ပေသည်။ "စာဆိုတိုင်းပြောလို့ မဟုတ်တာတွေ တပုံကြီးပဲ" ဟူသော စကား သည် ပိဋကတ်တော်ကို ချိုးဖဲ့ပစ်ခြင်းနှင့်တူနေပေသည်။

သုတ္တံ အပ္ပဋိဗာဟိယံ၊ တံ ပဋိဗာဟန္တေန ဗုဒ္ဓေါ ပဋိဗာဟိတော ဟောတိ။ (ဒီ၊ ဋ္ဌ၊ ၂။ ၁၅၈)

သုတ္တံ၊ သုတ္တန်ပိဋက, ဝိနည်းပိဋကကို။ အပ္ပဋိဗာဟိယံ၊ မတားမြစ်အပ် (ဝါ)မဖျက်ဆီးအပ်။ တံ၊ ထိုသုတ္တန်ပိဋက, ဝိနည်းပိဋကကို။ ပဋိဗာဟန္တေန၊ တားမြစ်သောသူသည်(ဝါ)ဖျက်ဆီးသော ရှုတ်ချသောပုဂ္ဂိုလ်သည်။ ဗုဒ္ဓေါ၊ ဘုရားကိုပင်။ ပဋိဗာဟိတော၊ တားမြစ်အပ်, ဖျက်ဆီးရှုတ်ချအပ်သည်။ ဟောတိ၊ ဖြစ်၏။

အဘိဓမ္မံ ပဋိဗာဟေန္တော ကမ္မသို ဇိနစက္ကေ ပဟာရံ ဒေတိ။ သဗ္ဗညုတဉာဏံ ပဋိဗာဟတိ၊ သတ္ထု ဝေသာရဇ္ဇဉာဏံ ပဋိနိဝတ္တေတိ၊ သောတုကာမံ ပရိသံ ဝိသံဝါဒေတိ၊ အရိယမဂ္ဂေ အာဝရဏံ ဗန္ဓတိ၊ အဋ္ဌာရ-သသု ဘေဒကရဝတ္ထူသု ဧကသ္မိံ သန္ဒိဿတိ။

အဘိဓမ္မံ၊ အဘိဓမ္မာပိဋကကို။ ပဋိဗာဟေန္တော၊ တားမြစ်သောပုဂ္ဂိုလ်သည်။ ကမ္မသို ဇိနစက္ကေ၊ ဤဘုရားသာသနာတော်၌။ ပဟာရံ ပုတ်ခတ်ခြင်း (တိုက်ခိုက်ဖျက်ဆီးခြင်း)ကို။ ဒေတိ၊ ပေးသည်မည်၏။ သဗ္ဗညုတဉာဏံ၊ သဗ္ဗညုတဉာဏ်ကို။ ပဋိဗာဟတိ၊ တားမြစ်ကန့်ကွက်သည်မည်၏။ သတ္ထု၊ မြတ်စွာဘုရား၏။ ဝေသာရဇ္ဇဉာဏံ၊ ဝေသာရဇ္ဇဉာဏ်ကို။ ပဋိနိဝတ္တေတိ၊ ဆုတ်နစ်စေသည်မည်၏။ သောတုကာမံ၊ တရားနာလိုသော (တရားတော်ကို သင်ယူမှတ်သားလိုသော)။ ပရိသံ၊ ပရိသတ်ကို။ ဝိသံဝါဒေတိ၊ အယူအဆ ချွတ်ချော်မှားယွင်းအောင် ပြုသည်မည်၏။အရိယမဂ္ဂေ၊ အရိယာမဂ်၌။ အာဝရဏံ၊ အတားအဆီးကို။ ဗန္ဓတိ၊ ချည်နှောင်သည်မည်၏။ အဋ္ဌာရသသု ဘေဒကရဝတ္ထူသု၊ သံဃာသင်းကွဲကြောင်း ၁၈-ပါးတို့တွင်။ ဧကသ္မိံ၊ တစ်ခုသော (ဓမ္မံ အဓမ္မောတိ ဒီပေတိ-ဟူသော)အဖို့၌။ သန္ဒိဿတိ၊ ထင်၏။

## ဆုံးဖြတ်ချက်

ဆိုခဲ့ပြီးသော အကြောင်းအချက်တို့ကို ထောက်ဆ၍-

၁။ ဘုရားလက်ထက်က စာမပေါ်သေး-ဟူသော ဟောပြောချက်သည် မှားယွင်းသော ဟောပြောချက်ဖြစ်သည်။

၂။ ပရိယတ္တိစာပေတို့ကို ထိပါးသော ဟောကြားချက်များသည် သာသနာတော်အတွက် ကြီးမားသော အန္တရာယ်ဖြစ်၍ ထိုပရိယတ္တိကို ထိပါးစေသော ဟောကြားချက်အားလုံးကို မိုးကုတ်ဆရာတော်ကြီး၏ ဟောတရားစာအုပ်များမှလည်းကောင်း၊ အသံသွင်းတိပ်ခွေများမှလည်းကောင်း တစ်လုံးမကျန် ပယ်ဖျက်ပေးရမည်။

## အမှတ်(၈)စောဒနာ စိစစ်ချက်

စောဒကဆရာတော်က မိုးကုတ်ဆရာတော်ကြီး၏ ဖော်ပြလတ္တံ့ပါ ဟောပြောချက်များသည် ဝိသုဒ္ဓိမဂ်လာ ဉာဏ်စဉ်များကို အလေးမထားကြောင်း၊ အရှင်သာရိပုတ္တရာထက် မိုးကုတ်ဆရာတော်က ပိုတော်သည်ဟု ကြားနာရသူများကို အထင်ရောက်စေကြောင်း၊ ပိဋကတ်တော်လာ ယထာဘူတဉာဏ်၏ အဓိပ္ပါယ်ကို မိုးကုတ်ဆရာတော်ကြီး တလွဲဖြစ်အောင် ဟောထားကြောင်း၊ ပိဋကက်တော်၌ အသုံးမရှိသော သန္နိဋ္ဌိဉာဏ်, ဖေဟိပဿိဉာဏ်တို့ကို ဘုရားဟောလိုလို ဟောကြားထားကြောင်း စသည်ဖြင့် စောဒနာတင်ထားလေသည်။

## မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်

ဝိပဿနာလုပ်မယ့်ပုဂ္ဂိုလ်မှာ ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ်ပဲရှိတယ်။ ဒီပြင်ဟာတွေကတော့ကို ကြားထဲက ဉာဏ်တွေကတော့ ထင်တာ, မြင်တာ. မှတ်တမ်းထိုးထားတာပဲ ရှိတာပဲ။ (အမှတ်စဉ် ၃၄-စာအုပ်၊ နှာ-၂၂၆)

ဥဒယဗ္ဗယဆိုတာက အရှင်သာရိပုတ္တရာက ဟောတာ၊ အသာထား လိုက်စမ်း။ (အမှတ်စဉ် ၁-စာအုပ်၊ နှာ-၂၇၁)

နို့ ဟိုဆယ်ပါး, ၁၆-ပါးတွေက ဘယ်ကလာသလဲ။ အို--- အရှင်သာရိပုတ္တရာ က သူ့ဟာသူ ဉာဏ်ထက်လို့ သူ့ဟာသူ မှတ်တမ်းရေးထားတာ။ အဲဒီ မှတ်တမ်းနောက်ကို ကျုပ်တို့က လိုက်နေလို့ မဖြစ်ဘူး။

(အမှတ်စဉ် ၁-စာအုပ်၊ နှာ-၅၅၂)

ဝိပဿနာဉာဏ် ၉-ပါး ခေါ်ခေါ်, ၁၆-ပါး ခေါ်ခေါ်၊ ရှင်သာရိပုတ္တရာကိုယ်တော်ကြီး ဟောခဲ့သော်လည်း ကျုပ်တို့က ဒါဘဲမှတ် (တင်ပါ)၊ ရှင်သာရိပုတ္တရာကိုယ်တော်ကြီးထက် ကျဉ်းအောင် ဟောနေတာ။

(အမှတ်စဉ် ၁-စာအုပ်၊ နှာ-၁၃၇/၁၃၈)

ဖြစ်ပျက်မြင်တဲ့ဉာဏ်က ယထာဘူတဉာဏ်၊ ဖြစ်ပျက်မုန်းတဲ့ဉာဏ်က နိဗ္ဗိန္ဒ ဉာဏ်၊ ဖြစ်ပျက်ကို မလိုချင်လို့ ချုပ်သွားတဲ့ဉာဏ်က မဂ်ဉာဏ်။

(အမှတ်စဉ် ၁-စာအုပ်၊ နှာ-၂၂၆)

ဒီသုံးဉာဏ်ပဲ ဘုရားဟောတယ်။ (အမှတ်စဉ် ၁-စာအုပ်၊ နှာ-၂၂၅)

ခင်ဗျားတို့ လုပ်ရမဲ့ဉာဏ်က ဘယ်နှစ်ဉာဏ်လဲ။ (နှစ်ဉာဏ်)။ သန္ဒိဋ္ဌိဉာဏ်ရယ်, ဧဟိပဿိဉာဏ်ရယ်။ (အမှတ်စဉ် ၁-စာအုပ်၊ နှာ-၃၈၂)

ဘုရားက ဟာကွာ အရှင်သာရိပုတ္တရာဟာ သူ့ဉာဏ်ကျယ်လို့ မှတ်တာပါ။ ငါကတော့ အားလုံးနဲ့ဆိုင်တာကိုပြောရမယ်ဆိုရင် သုံးဉာဏ်ပဲရှိတယ်။ ဖြစ်ပျက်မြင်တဲ့ဉာဏ်ရယ်, ဖြစ်ပျက်မုန်းတဲ့ဉာဏ်ရယ်, ဖြစ်ပျက်အဆုံးမြင်တဲ့ဉာဏ်ရယ်။ တော်ပြီ။ အနတ္တလက္ခဏာသုတ်မှာ ဟောတယ်။ သံယုတ်တစ်ကျမ်းလုံးမှာလည်း ဒါပဲ ဟောတယ်။ (အမှတ်စဉ် ၁-စာအုပ်၊ နှာ-၂၂၄)

**စိစစ်ချက်**

စောဒကဆရာတော်၏ ဆိုလိုရင်းကို ကောက်နုတ်ကြည့်လျှင်- မိုးကုတ်ဆရာတော်ကြီးက "ဝိပဿနာအားထုတ်သူတို့အဖို့ ဝိပဿနာဉာဏ်နဲ့မဂ်ဉာဏ်ပဲ ရှိတယ်။ ယထာဘူတဉာဏ်, နိဗ္ဗိန္ဒဉာဏ်, မဂ်ဉာဏ် ဒီသုံးဉာဏ်ပဲရှိတယ်၊ ဒီသုံးဉာဏ်ပဲ အနတ္တလက္ခဏာသုတ်နှင့် သံယုတ်တစ်ကျမ်းလုံးမှာ ဘုရား ဟောထားတယ်" ဟု ဟောခြင်းသည် ဝိသုဒ္ဓိမဂ်ကျမ်းလာ ဉာဏ်စဉ်များကို ပစ်ပယ်၍ ဟောခြင်းဖြစ်သောကြောင့် အဓမ္မဝါဒ-ဟု ဆုံးဖြတ်ပေးပါရန် တင်ပြသည်။

"ဝိပဿနာလုပ်မယ့် ပုဂ္ဂိုလ်မှာ ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ်ပဲရှိတယ်" ဟူသော မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်သည်-

**တသ္မာတိဟ ဘိက္ခဝေ "ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ (ပ) သဗ္ဗံ ဝိညာဏံ 'နေတံ မမ နေသောဟမသ္မိ, န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။**

ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ။ (ပ)ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ။ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ။

စသော အနတ္တလက္ခဏာသုတ်ပါဠိတော်၊

- သမ္မပ္ပညာယ ဒဋ္ဌဗ္ဗန္တိ သဟ ဝိပဿနာယ မဂ္ဂပညာယ ဒဋ္ဌဗ္ဗံ။ (သာရ တ္ထ၊ ၃။ ၁၈၆)

- နိဗ္ဗိန္ဒတီတိ ဥက္ကဏ္ဌတိ။ ဧတ္ထ စ နိဗ္ဗိဒါတိ ဝုဋ္ဌာနဂါမိနီဝိပဿနာ အဓိပ္ပေတာ။ နိဗ္ဗိန္ဒံ ဝိရဇ္ဇတီတိ ဧတ္ထ ဝိရာဂဝသေန စတ္တာရော မဂ္ဂါ ကထိတာ။ (သာရတ္ထ၊ ၃။ ၁၈၉)-

ဘို့အရ မှားသည်ဟု မဆိုနိုင်ပေ။

ဤအနတ္တသုတ်ပါဠိတော်၌ "ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊ ဧဝံ ပဿံ

ဘိက္ခဝေ သုတဝါ အရိယသာဝကော” ပါဌ်ဖြင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာမရောက်မီ (ဝါ) သင်္ခါရုပေက္ခာဉာဏ်မရောက်သေးမီ ရှေ့အဖို့၌ ဖြစ်သော ဝိပဿနာ ဉာဏ်များကို ပြသည်။ အဘယ်ကြောင့်ဟူမူ- “ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ (ပ) ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ” အရ ဝုဋ္ဌာနဂါမိနီဝိပဿနာ (အနုလောမဉာဏ်နှင့် တကွသော သင်္ခါရု- ပေက္ခာဉာဏ်)ကို ယူရမည်ဟု ဖွင့်ဆိုထားရာ သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုစ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်-မဖြစ်ဘဲ သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်တို့ မဖြစ်နိုင် သောကြောင့်ပေတည်း။

ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။ ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယ သာဝကော-ပါဌ်ဖြင့် သင်္ခါရုပေက္ခာဉာဏ်မတိုင်မီ ရှေ့အဖို့၌ဖြစ်သော ဝိပဿနာ ဉာဏ်တို့ကို ပြ၍ ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ(ပ) ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ ဟူသောပါဌ်ဖြင့် သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ် (ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်)တို့ကိုပြ သည်။ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ-ပါဌ်ဖြင့် မဂ်ဉာဏ်ကိုပြသည်။

သို့ဖြစ်၍ ဤအနတ္တလက္ခဏသုတ်ကို အနှစ်ချုပ်လိုက်လျှင် ဝိပဿနာ ဉာဏ်, မဂ်ဉာဏ်နှစ်ပါးသာရှိကြောင်း သိနိုင်ပေသည်။ ထို့ကြောင့်- သမ္မပ္ပညာယ ဒဋ္ဌဗ္ဗန္တိ သဟ ဝိပဿနာယ မဂ္ဂပညာယ ဒဋ္ဌဗ္ဗံ-ဟု ဋီကာဆရာဖွင့်ပြခြင်းဖြစ်ပေ သည်။

သမ္မပ္ပညာယ ဒဋ္ဌဗ္ဗန္တိ၊ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံဟူသည်ကား။ ဝိပဿနာယ၊ ဝိပဿနာဉာဏ်နှင့်။ သဟ၊ တကွ။ မဂ္ဂပညာယ၊ မဂ်ပညာဖြင့်။ (ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ (ဝါ) ဟုတ်မှန်တိုင်းသော အထင်အရှား ဖြစ်ရှိနေသော ခန္ဓာငါး ပါးကို)။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။

နိဗ္ဗိန္ဒတီတိ၊ နိဗ္ဗိန္ဒတိဟူသည်ကား။ ဥက္ကဏ္ဌတိ၊ ငြီးငွေ့၏။ စ၊ ဆက်၍ ဆိုဦးအံ့။ ဧတ္ထ၊ ဤနိဗ္ဗိန္ဒတိဟူသောပါဌ်၌။ ဝုဋ္ဌာနဂါမိနီဝိပဿနာ၊ ဝုဋ္ဌာနဂါမိနီဝိပဿနာ ကို။ နိဗ္ဗိဒါတိ၊ နိဗ္ဗိဒါဟူ၍။ အဓိပ္ပေတာ၊ အလိုရှိအပ်၏။ နိဗ္ဗိန္ဒံ ဝိရဇ္ဇတီတိ ဧတ္ထ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိဟူသော ဤပါဌ်၌။ ဝိရာဂဝသေန၊ ဝိရာဂ(ဝိရဇ္ဇတိ)၏ အစွမ်းဖြင့်။ စတ္တာရော မဂ္ဂါ၊ မဂ်လေးပါးတို့ကို။ ကထိတာ၊ ဟောအပ်ကုန်၏။ (သာရတ္ထဋီကာအနက်)

ဤပါဠိတော်နှင့် အဋ္ဌကထာ, ဋီကာတို့ကို ထောက်လျှင် “ဝိပဿနာလုပ်မယ့်

ပုဂ္ဂိုလ်မှာ ဝိပဿနာဉာဏ်နှင့်မဂ်ဉာဏ်ပဲ ရှိတယ်”ဟူသော မိုးကုတ်ဆရာတော်ကြီး၏ ဟောပြောချက်သည် မှားသည်ဟု မဆိုနိုင်ပေ။

## ယထာဘူတဉာဏ်၊ နိဗ္ဗိန္ဒဉာဏ်

စောဒကဆရာတော်က အနတ္တလက္ခဏသုတ်နှင့် အလားတူ သံယုတ်ပါဠိတော်လာ သုတ်တို့၌ ယထာဘူတဉာဏ်၊ နိဗ္ဗိန္ဒဉာဏ်ဟူ၍ တိုက်ရိုက် နာမည်ထုတ်ဖော် ဟောကြားထားမှု လုံးဝမရှိပါဟု စောဒနာထားခြင်းနှင့် စပ်လျဉ်း၍ ဖော်ပြလတ္တံ့ပါအတိုင်း စိစစ်ကြလေသည်။

## ယထာဘူတဉာဏ်ဟူသည်

ယထာဘူတဉာဏ်ဟူသည် အမှန်သဘာဝအတိုင်း ဖြစ်နေသော ရုပ်+နာမ်တရားတို့ကို အမှန်အတိုင်း သိမြင်သောဉာဏ်ဖြစ်သည်။

ထိုယထာဘူတဉာဏ်သည်-

(က) ဧတေ ဝါ ပန ဥဘော အန္တေ အနုပဂမ္မ ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပန္နေ-သု ဓမ္မေသု အနုလောမိကာ ခန္တိ ပဋိလဒ္ဓါ ဟောတိ၊ ယထာဘူတံ ဝါ ဉာဏံ။ (ပဋိသံ၊ ၁၁၈)

ယထာဘူတံ ဝါ ဉာဏန္တိ ယထာဘူတံ ယထာသဘာဝံ နေယျံ။ တတ္ထ ပဝတ္တဉာဏမ္ပိ ဝိသယဝေါဟာရေန 'ယထာဘူတဉာဏ'န္တိ ဝုတ္တံ။ တံ ပန သင်္ခါရုပေက္ခာ ပရိယန္တံ ဝိပဿနာ ဉာဏံ ဣစ္ဆာမိပ္ပေတံ။ ဟေဋ္ဌာ ပန“ယထာဘူတဉာဏဒဿန” န္တိ ဘယတူပဋ္ဌာနဉာဏံ ဝုတ္တံ။ယထာဘူတံ ဝါ ဉာဏံ သတ္တေဟိ ပဋိလဒ္ဓံ ဟောတီတိသမ္ဗန္ဓော။(ပဋိသံ၊ဋ္ဌ၊၂၇)

တို့၌ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်ဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုစ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်ဟု ဆိုအပ်သော ဝိပဿနာဉာဏ် (၉)ပါးကို ခေါ်သည်။

( ခ) သိယာတိ ကထဥ္စ သိယာ? အနိစ္စာနုပဿနာ ယထာဘူတံ ဉာဏံ နိစ္စတော သမ္မောဟာ အညာဏာ မုစ္စတီတိ ဉာဏဝိမောက္ခော။ (ပ) သုညတာနုပဿနာ ယထာဘူတံ ဉာဏံ အဘိနိဝိသတော သမ္မောဟာ အညာဏာ မုစ္စတီတိ ဉာဏဝိမောက္ခော။ (ပဋိသံ၊ ၂၃၉)

အနိစ္စာနုပဿနာ ယထာဘူတံ ဉာဏန္တိ အနိစ္စာနုပဿနာယေဝ ယထာဘူတဉာဏံ။ ဥဘယမ္ပိ ပစ္စတ္တဝစနံ။ ယထာဘူတဉာဏန္တိ ဉာဏတ္တော ဝုတ္တော (ပဋိသံ၊ ဋ္ဌ၊ ၂။ ၁၅၈)-

တို့၌ အနိစ္စာနုပဿနာဉာဏ်, ဒုက္ခာနုပဿနာဉာဏ်, အနတ္တာနုပဿနာဉာဏ်, နိဗ္ဗိဒါနုပဿနာဉာဏ်, ဝိရာဂါနုပဿနာဉာဏ်, နိရောဓာနုပဿနာဉာဏ်, ပဋိနိဿဂ္ဂါနုပဿနာဉာဏ်,အနိမိတ္တာနုပဿနာဉာဏ်, အပ္ပဏိဟိတာနုပဿနာဉာဏ်, သုညတာနုပဿနာဉာဏ်ဟု ဆိုအပ်သော အနုပဿနာဉာဏ် (၁၀) ပါးကို ခေါ်သည်။

( ဂ ) သမာဓိယထာဘူတဉာဏဒဿနတ္ထာယ။ ယထာဘူတဉာဏ ဒဿနံ နိဗ္ဗိဒတ္ထာယ။ (ဝိ၊ ၅။ ၂၈၈)

ယထာဘူတဉာဏဒဿနန္တိ တရုဏဝိပဿနာ။ ဥဒယဗ္ဗယဉာဏဿေတံ အဓိဝစနံ။ (ဝိ၊ ဋ္ဌ၊ ၄။ ၂၀၈)

တို့၌ ဥဒယဗ္ဗယဉာဏ် အနုစားဟု ဆိုအပ်သော တရုဏဝိပဿနာဉာဏ်ကို (ယထာဘူတဉာဏ်ဟု) ခေါ်သည်။

(ဃ) ကာ စ ဘိက္ခဝေ ဝိရာဂဿ ဥပနိသာ။ “နိဗ္ဗိဒါ” တိဿ ဝစနီယံ။ နိဗ္ဗိ-ဒမ္ပာဟံ ဘိက္ခဝေ သဉပနိသံ ဝဒါမိ၊ နော အနုပနိသံ။ ကာ စ ဘိက္ခဝေ နိဗ္ဗိဒါယ ဥပနိသာ၊ “ယထာဘူတဉာဏဒဿန” န္တိဿ ဝစနီယံ။ ယထာ ဘူတဉာဏဒဿနမ္ပာဟံ ဘိက္ခဝေ သဉပနိသံဝဒါမိ နော အနုပနိသံ။ (သံ၊ ၁။ ၂၆၈)

ယထာဘူတဉာဏဒဿနန္တိ ယထာသဘာဝဇာနနသင်္ခါတံ ဒဿနံ။ ဧတေန တရုဏဝိပဿနံ ဒဿေတိ။ တရုဏဝိပဿနာ ဟိ ဗလဝဝိပဿနာယ ပစ္စယော ဟောတိ။ တရုဏဝိပဿနာတိ သင်္ခါရပရိစ္ဆေဒေဉာဏံ, ကင်္ခါဝိတရဏေ ဉာဏံ, သမ္မသနေ ဉာဏံ, မဂ္ဂါမဂ္ဂေ ဉာဏန္တိ စတုန္နံ ဉာဏာနံ အဓိဝစနံ။ (သံ၊ ဋ္ဌ၊ ၂။ ၅၀)-

တို့၌ သင်္ခါရပရိစ္ဆေဒဉာဏ် (နာမရူပပရိဂ္ဂဟဉာဏ်), ကင်္ခါဝိတရဏဉာဏ်, သမ္မသနဉာဏ်, မဂ္ဂါမဂ္ဂဉာဏ်, (ဥဒယဗ္ဗယဉာဏ် အနုစား)ဟု ဆိုအပ်သော တရုဏဝိပဿနာဉာဏ်ကို ယထာဘူတဉာဏ်, ဟု ခေါ်သည်။

ဤဖွင့်ဆိုချက်တို့ကို ထောက်လျှင် ဖြစ်ပျက်မြင်သည့်ဉာဏ်အား ယထာဘူတဉာဏ်ဟု ခေါ်နိုင်ကြောင်း သိနိုင်ပေသည်။

## နိဗ္ဗိဒါ (နိဗ္ဗိန္ဒ)ဉာဏ်

နိဗ္ဗိဒါတိ နိဗ္ဗိဒါဉာဏံ။ ဧတေန ဗလဝဝိပဿနံ ဒဿေတိ။ ဗလဝဝိပဿနာတိ ဘယတူပဋ္ဌာနေ ဉာဏံ, အာဒီနဝါနုပဿနေ ဉာဏံ, မုဉ္စိတု-

ကမျတာဉာဏံ, သင်္ခါရုပေက္ခာဉာဏန္တိ စတုန္နံ ဉာဏာနံ အဓိဝစနံ။
(သံ၊ ၄၊ ၂။ ၅၀)

နိဗ္ဗိန္ဒတိ ဧတာယာတိ နိဗ္ဗိဒါ။ ဗလဝဝိပဿနာ။ (သံ၊ ၄၊ ၂။ ၆၅)

နိဗ္ဗိဒါတိ ဝုဋ္ဌာနဂါမိနီဝိပဿနာ အဓိပ္ပေတာ။ (မ၊ ၄၊ ၂။ ၂၀)

ဤဖွင့်ဆိုချက်တို့အရ ဘယဉာဏ်, အာဒီနဝဉာဏ်, မုဉ္စိတုကမျတာဉာဏ်, သင်္ခါရုပေက္ခာဉာဏ်-ဟူသော ဗလဝဝိပဿနာနှင့် သင်္ခါရုပေက္ခာဉာဏ် အရင့်စားနှင့် အနုလောမဉာဏ်ဟူသော ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်တို့ကို နိဗ္ဗိဒါဉာဏ် (နိဗ္ဗိန္ဒဉာဏ်)ဟု ခေါ်ကြောင်း သိရပေသည်။

## နှိုင်းယှဉ်ချက်

အနတ္တလက္ခဏသုတ်လာ နိဗ္ဗိန္ဒတိ (နိဗ္ဗိဒါ) အရ ဝုဋ္ဌာနဂါမိနီဝိပဿနာ ကို ယူရမည်ဟု ဖွင့်ဆိုသောကြောင့် ယထာဘူတ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံအရ သင်္ခါရုပေက္ခာဉာဏ် အနုစားတိုင်အောင်သာ ဝိပဿနာဉာဏ် (၉)ပါးကို (ပဋိသံ၊ ၁၁၈။ ပဋိသံ၊ ၄၊ ၂။ ၇-တို့နှင့်အညီ) (ဂေါဗလီဗဒ္ဒနည်း, ပုညဉာဏ သမ္ဘာရနည်းဖြင့်) ယူရမည်ဖြစ်ကြောင်း သိနိုင်ပေသည်။

မိုးကုတ်ဆရာတော်က ရုပ်နာမ်တို့၏ ဖြစ်ပျက်ကို မြင်လျှင် သမ္မသန ဉာဏ်, ဥဒယဉာဏ်, ဘင်္ဂဉာဏ် သုံးပါးရသည်ဟု ဟောရာ ယထာဘူတဉာဏ် ဟူသည် မိုးကုတ်ဆရာတော်အလို ဆိုခဲ့ပြီး သုံးဉာဏ်ကို ဆိုလိုကြောင်း သိနိုင်ပေသည်။

ထို့အတူ ဖြစ်ပျက်ကို မုန်းလာလျှင် (ဝါ) ဖြစ်ပျက်ကို မုန်းတဲ့ဉာဏ် ဖြစ်လာလျှင် ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်ဟူသော ဉာဏ်သုံးပါးရကြောင်း ဟောထားရာ မိုးကုတ်ဆရာတော်အလို-နိဗ္ဗိဒါ (နိဗ္ဗိန္ဒဉာဏ်) ဟူသည် ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်သုံးပါးကို ဆိုလိုကြောင်း သိနိုင်ပေသည်။ ဖြစ်ပျက်အဆုံးဖြစ်သည့် မဂ်ဉာဏ်ထဲသို့ မုဉ္စိတုကမျတာဉာဏ်မှစ၍ နောက်နောက် ဝိပဿနာဉာဏ်များကို ထည့်သွင်းဟောကြားထားသည်ကို တွေ့ရပေသည်။

မိုးကုတ်ဆရာတော်၏ ယင်းသို့သော ဟောပြောချက်သည် သာရတ္ထဋီကာလာ နိဗ္ဗိဒါအဖွင့်နှင့် မညီညွတ်ပေ။ သာရတ္ထဋီကာက နိဗ္ဗိဒါအရ ဝုဋ္ဌာနဂါမိနီ-ဝိပဿနာဉာဏ် နှစ်ပါးကို ယူရမည်ဟု ဖွင့်သည်။ မိုးကုတ်ဆရာတော်က ထိုဝုဋ္ဌာန-ဂါမိနီဝိပဿနာဉာဏ် နှစ်ပါးကို မဂ်ဉာဏ်နှင့် တပေါင်းတည်း ယူထားသည်။

သို့သော် မိုးကုတ်ဆရာတော်၏ ဟောပြောချက်သည်-

"ယာ စ ဘယတုပဋ္ဌာနေ ပညာ, ယဥ္စ အာဒီနဝေ ဉာဏံ, ယာ စ နိဗ္ဗိဒါ၊ ဣမေ ဓမ္မာဧကတ္ထာ၊ ဗျဥ္ဇနမေဝ နာနံ။"

ဟူသော ပဋိသမ္ဘိဒါမဂ်ပါဠိတော် (၂၅၉)၊

"တံ ပနေတံ ပုရိမေန ဉာဏဒွယေန အတ္ထတော ဧကံ။ တေနာဟု ပေါရာ ဏာ-

"ဘယတူပဋ္ဌာနံ ဧဝမေဝ တီဏိ လဘတိ၊ သဗ္ဗသင်္ခါတေ ဘယတော အဒ္ဒသာတိ ဘယတူပဋ္ဌာနံ နာမ ဇာတံ၊ တီသုယေဝ သင်္ခါရေသု အာဒီနဝံ ဥပ္ပါဒေတီတိ အာဒီနဝါနုပဿနာ နာမ ဇာတံ။ တေသုယေဝ သင်္ခါရေသု နိဗ္ဗိန္ဒမာနံ ဥပ္ပန္နတ္တိ နိဗ္ဗိဒါနုပဿနာ နာမ ဇာတ " န္တိ။-

ဟူသော ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ။ (ပဋိသံ၊ ဋ္ဌ၊ ၂။ ၂၈၈)။ တို့နှင့်မူ ညီညွတ်ပေ သည်။

မုဥ္စိတုကမျတာဉာဏ်စသော နောက်နောက် ဝိပဿနာဉာဏ်များကို မဂ်ဉာဏ်ထဲပေါင်း၍ ယူခြင်း (ဟောပြောခြင်း)သည်လည်း "ဘင်္ဂါနုပဿနံ အာဒိံ ကတွာ ဥပရိ ပဟာနပရိညာယ ဘူမိ၊ တတော ပဋ္ဌာယ ဟိ "အနိစ္စတော အနု-ပဿန္တော နိစ္စသညံ ပဇဟတိ (ပ) ပဋိနိဿဇ္ဇန္တော အာဒါနံ ပဇဟတိ"တိ ဧဝံ နိစ္စသညာဒိ ပဟာနသာဓိကာနံ သတ္တန္နံ အနုပဿနာနံ အာဓိပစ္စံ ဟောတိ။" (ပဋိသံ၊ ဋ္ဌ၊ ၁။ ၃၂)ဟူသော ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာနှင့် ညီညွတ်ပေသည်။

အကျဉ်းချုပ်ပါလျှင် မိုးကုတ်ဆရာတော်သည် ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာနှင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာတို့ကို အမှီပြု၍ ဖြစ်ပျက်မြင်လျှင် သမ္မသန, ဥဒယဗ္ဗယ, ဘင်ဉာဏ်၊ ဖြစ်ပျက်မုန်းလျှင် ဘယ, အာဒီနဝ, နိဗ္ဗိဒါဉာဏ်၊ ဖြစ်ပျက်ဆုံးလျှင် မုဥ္စိတုကမျတာမှစ၍ မဂ်ဉာဏ်တိုင်အောင် ဝိပ-ဿနာဉာဏ်, မဂ်ဉာဏ်များ ဖြစ်သည်ဟု ဟောပြောခြင်းကြောင့် အဓမ္မဝါဒသို့ မသက်ရောက်ပေ။ ပါဠိ, အဋ္ဌကထာတို့နှင့် ညီညွတ်သော ဟောပြောခြင်းသာ ဖြစ်သည်ဟု ဆိုရပေမည်။

"ငါကတော့ အားလုံးနဲ့ဆိုင်တာကို ပြောရမယ်ဆိုရင် သုံးဉာဏ်ဘဲရှိတယ်။ ဖြစ်ပျက်မြင်တဲ့ ဉာဏ်ရယ်, ဖြစ်ပျက်မုန်းတဲ့ ဉာဏ်ရယ်, ဖြစ်ပျက်အဆုံးကို မြင်တဲ့ ဉာဏ်ရယ်။ တော်ပြီ။ အနတ္တလက္ခဏသုတ်မှာ ဟောတယ်။ သံယုတ်တစ်ကျမ်းလုံးမှာလည်း ဒါဘဲ ဟောတယ်။" (အမှတ်စဉ် ၁-စာအုပ်၊ နှာ-၂၂၄)

"ဒီသုံးဉာဏ်ဘဲ ဘုရားဟောတယ်။" (အမှတ်စဉ် ၁-စာအုပ်။ နှာ-၂၂၅)-

ဟူသော မိုးကုတ်ဆရာတော်ကြီး၏ ဟောပြောချက်သည် အဓမ္မဝါဒအဖြစ်သို့ မသက်ရောက်ပေ။

မိုးကုတ်ဆရာတော်ကြီး၏ "အားလုံးနဲ့ ဆိုင်တာကို ပြောရမယ်ဆိုရင်" ဟူသော စကားအရ ဝိပဿနာဉာဏ်တွေကို အနုစိတ်မပြောတော့ဘဲ အားလုံး နားလည်တဲ့ စကားနှင့် ပြောရလျှင် ဖြစ်ပျက်မြင်တဲ့ဉာဏ်နှင့် ဖြစ်ပျက်မုန်းတဲ့ဉာဏ် ဟု နှစ်မျိုးသာ ရှိကြောင်း ပြောလိုရင်းဖြစ်သည်ဟု နားလည်နိုင်ပေသည်။

## စုဒိတကဆရာတော်တို့၏ ချေပချက်

စုဒိတကဆရာတော်တို့က မိုးကုတ်ဆရာတော်ကြီးသည် ဝိသုဒ္ဓိမဂ်လာ ဉာဏ်စဉ်များကို မပယ်ရှားဘဲ အကြောင်းတိုက်ဆိုင်သည့်အခါ ဟောလေ့ရှိ ကြောင်း မိုးကုတ်ဆရာတော်ကြီး၏ ဟောတရားအချို့ကို ထုတ်နုတ်တင်ပြကြ လေသည်။ ယင်းတို့ အနက်မှ အချို့ကို ထုတ်ပြပါမည်။

"အဲဖြစ်ပျက်ရှု ဖြစ်ပျက်ရှုလို့ရှိရင်ဖြင့် ဒကာ ဒကာမတွေ တစ်ခါတည်း မနေ့က ပြောခဲ့တဲ့အတိုင်း ဖြစ်ပျက်တွေ မြင်လာမယ်။ (မှန်ပါ့)။ မြင်ရင် ခင်ဗျားတို့ ဘုန်းကြီးပြောပြီးပြီကောဗျ၊ သုံးဉာဏ်ရပြီလို့ ပြောလိုက်တယ်။ (မှန်ပါ့)။ သမ္မသန ဉာဏ်, ဉပယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်ကျအောင် ရတယ်။ (မှန်ပါ့)။

ခယ, ဝယတွေသာ မြင်လို့ရှိရင် ဘယ်နှစ်ဉာဏ်ရသတုန်း။ (သုံးဉာဏ် ရပါ တယ်)။ ဘယ်ဉာဏ်များတုန်း၊ (သမ္မသနဉာဏ်, ဉဒယဉာဏ်, ဘင်္ဂဉာဏ်ပါ ဘုရား)။ ဒါကို ပေါင်းခေါ်တော့ မောင်နိုင် ဘယ့်နှယ် ခေါ်မတုန်း (ယထာဘူတ ဉာဏ်ပါဘုရား)။

သုံးဉာဏ်ကို ယထာဘူတဉာဏ်အဖြစ်နဲ့ ရတော့ ဩော်---သူသည်ကား လို့ဆိုရင် ကိုယ့်ခန္ဓာအကြောင်း ကိုယ် ကောင်းကောင်းသိလို့ ဟုတ်တိုင်းမှန်စွာ သိတဲ့ ဉာဏ်လို့ ဘုရားက ပေါင်းဟောလိုက်တာ။ (မှန်ပါ့)။ သဘောကျပလား။ (ကျပါပြီဘုရား)။

အဲ သူနာမည်ကလေးနဲ့သူ မှတ်ချင်ရင်တော့ သမ္မသနဉာဏ်, ဖြစ်ပျက် မြင်တဲ့ ဉဒယဗ္ဗယဉာဏ်, အပျက်ချည်းမြင်တဲ့ ဘင်္ဂဉာဏ်ဆိုတာ ပေါ်လာတယ်။ (မှန်ပါ့)။ (ပ) စိတ်ပြီးခေါ်ရင် သမ္မသနဉာဏ်, ဉဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ် (မှန်ပါ့ ဘုရား)။ ပေါင်းခေါ်လိုက်ရင် (ယထာဘူတဉာဏ်ပါဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတွေ ဉာဏ်တွေ သိပ်ကျယ်ပြီးသကာလ နေလို့ရှိရင်ဖြင့် သွားရမည့်ခရီးတာ အဆင့်ဆင့်ဆိုတော့ လှေကားအဆင့်ဆင့် တက်တာ ပျင်းတာနဲ့ မတက်မှာစိုးလို့ သုံးဉာဏ်နဲ့ဟောတယ်။ (မှန်ပါ့)။ သဘော ကျပလား။ (ကျပါပြီဘုရား)။ (ပ)

ဘုန်းကြီးက တစ်ခါ ဆုံးမပြန်တယ်။ စိတ်ရှုတဲ့ ပုဂ္ဂိုလ်ဖြစ်စေ၊ ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်ဖြစ်စေ၊ ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်က ဝေဒနာမတွေ့ပါဘုရား။ ပျက်တာတွေဘဲ တွေ့ကြတယ်။ တွေ့ကြလို့ရှိရင်ဖြင့် တွေ့ပေမယ့်လည်း မင်းတို့သည်ကားလို့ ဆိုရင် ဆက်ရှုပါဦးလို့ မပြောဘူးလား။ (ပြောပါတယ်ဘုရား)။

တပည့်တော်ဖြင့် အပျက်ချည်း မြင်နေပြီဘုရား။ အို နေကြပါဦး၊ အပျက် ချည်း မြင်ငြားသော်လည်း ဆက်ရှုပါဦး၊ မပြောဘူးလား (ပြောပါတယ်ဘုရား)။

ပြောရတဲ့ အခါကျတော့ကို ဒကာ ဒကာမတို့ အပျက်တွေကို ဒီအပျက် မြင်ပြီးသကာလ ဘယဉာဏ်ဘေးထင်တယ်။ ဒီအပျက်တွေကို ဘေးသင့်နေတယ် လို့ ကိုယ့်ဟာကိုယ် ထင်ချင်လည်း ထင်လာတယ်။ (မှန်ပါ့)။ ဒီအပျက်တွေဟာ အပြစ်သင့်နေတာလို့ကော (ထင်ပါတယ်ဘုရား)။

ဒါဖြင့် ဘယတို့ အာဒီနဝတို့ မလာဘူးလား။ (လာပါတယ်ဘုရား)။ ဒီ အပျက်တွေ မြင်ပြီးသကာလ အမုန်းမလာဘူးလား (လာပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ မုန်းအောင်ရှုလို့ ဘုရားက ဟောပြန် တယ်။ (မှန်ပါ့)။ မဟောဘူးလား။ (ဟောပါတယ်ဘုရား)။

ဒါဖြင့် အပျက်ကို မုန်းအောင်ရှုလိုက်တော့ ဒီအထဲမှာ အာဒီနဝ, နိဗ္ဗိန္ဒ ပါပါတယ် (မှန်ပါ့)။ ရှင်းပလား။ (ရှင်းပါပြီဘုရား)။

မုန်းတဲ့ဉာဏ်ရရင်ဘဲ ဘယ်နှစ်ဉာဏ်ပါလိမ့်။ (သုံးဉာဏ်ပါဘုရား)။ သုံးဉာဏ်ဘဲ ဒကာ ဒကာမတို့။ ရိပ်မိပလား။ (ရိပ်မိပါပြီဘုရား)။ ဖြစ်ပျက်မြင်တုန်း က ဘယ်နှစ်ဉာဏ်ပါလိမ့်။ (သုံးဉာဏ်ပါဘုရား)။ အဲဒီသုံးဉာဏ်ကို ပေါင်းခေါ် လိုက်တော့ (ယထာဘူတဉာဏ်ပါဘုရား)။ ဖြစ်ပျက်မုန်းတော့လည်း ဘယ်နှစ်ဉာဏ် ရသလဲ (သုံးဉာဏ်ပါဘုရား)။သုံးဉာဏ်ဘဲ။ ဘယ, အာဒီနဝ, နိဗ္ဗိန္ဒ (မှန်ပါ့)။ (ပ)

ဧဝမေတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ-ဆိုပြီး ယထာဘူတဉာဏ်ကို ဟောလိုက်တယ်။ ဧဝံ ပဿံ ဘိက္ခဝေ ဝေဒနာယပိ နိဗ္ဗိန္ဒတိ-စသည် စိတ်ရှုရင်စိတ်ကို ငြီးငွေ့

လာတာဘဲ။ ဝေဒနာရှုရင် ဝေဒနာ ငြီးငွေ့လာတာဘဲဆိုပြီး ငြီးငွေ့တဲ့ ဉာဏ် ကို ဘုရားက ကိုးကားပြီး ဟောလိုက်တယ်။

ဟိုဟာတွေ ကြာတာလဲ မဟုတ်ဘူး၊ သိပ်လဲ ထင်ရှားတာ မဟုတ်တော့ ငြီးငွေ့တာသာ ထင်ရှားလာတယ်ဆိုပြီး ငြီးငွေ့တာကို ဟောလိုက်တယ်။ (ပ)

ကိုင်း ဒါနဲ့ နိဗ္ဗိန္ဒဉာဏ်ကျအောင်ဘဲ ဉာဏ်သုံးဆင့်မှာ နှစ်ဆင့် တက်လာပြီ၊ သဘောကျပြီလား။ (ကျပါပြီ)။ နှစ်ဆင့်သာ တက်လာတယ်။ ဉာဏ်က ခြောက်ခုတောင် ပြည့်သွားပြီ။ (မှန်ပါ့)။ မဂ္ဂင်က ဘယ်နှစ်ပါးတုန်း (ငါးပါးပါ)။ ဒါဖြင့် မဂ္ဂင်လမ်းမြောင်ကလေးဘဲ ရှိသေးတယ် (မှန်ပါ့)။ သဘောကျပလား။ (ကျပါပြီ)။

ဒီလမ်းမြောင်လေးနဲ့လည်း စိတ်အေး လက်အေး မနေလိုက်ပါနဲ့ဆိုတာ ဆရာဘုန်းကြီးက ပြောပြန်တယ် (မှန်ပါ)။ ပြောပြန်တာ လမ်းမြောင်ကလေး ဆိုတာမျိုးဟာ မသေချာဘူး။ လမ်းမတော် ရောက်မှသာလျှင် နိဗ္ဗာန်ကြီးနဲ့ သူ တိုက်ရိုက် ဖြူးဖြူးဖြောင့်ဖြောင့် မြင်မှာကိုး။ (မှန်ပါဘုရား)။ (ပ)

အဲဒီတော့ ကျုပ်တို့ဖြင့် ဝိပဿနာရှုနေပြီး၊ ဖြစ်ပျက်တွေလည်း မြင်ပါပြီ၊ ဖြစ်ပျက်တွေလည်း ကျုပ်တို့ မုန်းပါပြီလို့ လက်မလျှော့လိုက်ပါနဲ့ဦးဆိုတာ တောင်းပန်ပါတယ်။ (မှန်ပါ)။ ဘာကြောင့်တုန်း၊ လမ်းမြောင်ကလေး သွားတုန်းရှိသေးတယ် (မှန်ပါ)။ သဘောကျပလား (ကျပါပြီ)။ လမ်းမတော် တက်မိကြပလား။ (မတက်မိကြသေးပါဘုရား) (ပ)

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ လမ်းမတော်ကြီးရောက်အောင်တော့ ဆက်ရှုမှဘဲ ရောက်မယ်။ (မှန်ပါ)။ အဲ--အခုတော့ဖြင့် ငြီးငွေ့နေကြပြီ ဆိုကြပါစို့နော်။ (မှန်ပါ)။ ငြီးငွေ့နေရုံနဲ့ မရသေးပါဘူး။ မရပ်ပါနဲ့ဦးလို့ ဒကာ ဒကာမတွေ ပြောရမယ် (မှန်ပါဘုရား)။

နိဗ္ဗိန္ဒဉာဏ်ပြီးတော့ကို ဒကာ ဒကာမတို့ လွတ်ချင်တဲ့ ဉာဏ်ဖြစ်အောင် ဩော်---ဒီ ဖြစ်ပျက်မှ လွတ်ချင်တဲ့ သဘော ဖြစ်ပျက်တွေနဲ့ဖြင့် နေဘဲ မနေချင်ဘူး။ လွတ်ချင်ပြီ ကျွတ်ချင်ပြီ၊ ဒီအထဲတဲ့ ကျွတ်ချင်လှချည်ရဲ့ ကြည့်လိုက်တာက ခန္ဓာမှာ မြင်နေတာကို (မှန်ပါဘုရား)။ ခန္ဓာ ဖြစ်ပျက်မြင်တော့ ဒီခန္ဓာမှ ကျွတ်ချင်လွတ်ချင်တဲ့ သဘောမလာဘူးလား (လာပါတယ်)။ လာပါပြီဆိုလို့ရှိရင် မုဉ္စိတုကမျတာဉာဏ်နော်။ (မှန်ပါ ဘုရား)။ ဟာ ဒါဖြင့် ပေရှဦးမယ်ဆိုပြီး ပေရှုလို့ရှိရင်ဖြင့် ပဋိသင်္ခါဉာဏ်ဘဲ။ ကဲ---လွတ်လို့မှ မရသေးဘဲ၊ ဒီလိုကြည့်နေရမှာ

ဘဲတဲ့၊ ဉာဏ်မလာပေဘူးလား (လာပါတယ်)။ အဲ ပဋိသင်္ခါဉာဏ်လာတယ်။ ပဋိ-သင်္ခါဉာဏ်ဆိုတာ လွတ်ချင်တဲ့ဉာဏ်ကို ဆက်လက်ရှုရန် ပဋိသင်္ခါဉာဏ် ပြန်ဖြစ်တာဘဲ။ (မှန်ပါဘုရား)။

အဲ ပဋိသင်္ခါဉာဏ်ပြီးတော့မှ သင်္ခါရုပေက္ခာဉာဏ်တဲ့။ ကဲ လွတ်လဲမလွတ်သေးတော့ကွာ အရှိကို အသိနဲ့ ကြည့်နေရတော့မှာဘဲ ဆိုပြီး ကြည်နေတဲ့ဥစ္စာ သာယာနှစ်သက်မှုမရှိဘဲ ရှုနေတော့ သူ့ကို သင်္ခါရုပေက္ခာဉာဏ်ခေါ်တာဘဲ။ (မှန်ပါ)။ သဘောကျပလား။(ကျသွားပါပြီဘုရား)။ နောက်ဆိုရင် အနုလောမဉာဏ်နဲ့ မဂ်ဉာဏ် လိုက်လာတာဘဲ။ သဘောကျပလား (ကျပါပြီဘုရား)။

သင်္ခါရုပေက္ခာဉာဏ်ပြီးရင် အခုပြောခဲ့တဲ့ ဒကာ ဒကာမတွေ သိပြီးသားဖြစ်တဲ့ လွတ်ချင်တဲ့ဉာဏ်ဆိုတာလဲ တဏှာသေစပြုပြီ။ (မှန်ပါ)။ ပဋိသင်္ခါဉာဏ်ဆက်ရှုတာလည်း သေစပြုတာဘဲ (မှန်ပါဘုရား)။ (ပ)

အဲ ဒါကြောင့် မဂ်ဉာဏ်ဟာ သူတို့နောက် တစ်ခါဆက်ပြီး အနုလောမဉာဏ်ပြီး ဂေါတြဘုဉာဏ်၊မဂ်ဉာဏ်ဆိုတာက ဆိုင်းဘုတ်သာဆွဲတာ ဒကာ ဒကာမတို့ ရပ်လို့မရတဲ့ တရားတွေ (မှန်ပါ)။ ရပ်လို့ မရဘူးဆိုတဲ့ ဥစ္စာက အနုလုံဂေါကြဘု မဂ်ဖိုလ်ဆိုတဲ့ ဥစ္စာက တစ်ဝီထိတည်း (မှန်ပါ)။

အဲဒီ တစ်ဝီထိကို သိကြား ပြဟ္မာ ဘုရားလာပြီး ဖျက်လည်း ဒီလေးချက် ကကြားဖျက်လို့ မရဘူး။ အဲဒါကြောင့် ဒါ များလှတယ်။ မဂ်ဉာဏ်ထဲ သူတို့အပါအဝင်ဘဲ ဆိုပြီးသကာလ မုဥ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရု-ပေက္ခာဉာဏ်၊ အနုလောမဉာဏ်၊ ဂေါတြဘုဉာဏ်၊ မဂ်ဉာဏ်တွေ ဒီအထဲ အကုန်သွင်းပစ်လိုက်တယ်။ (မှန်ပါ)။ သဘောကျပလား၊ (ကျပါပြီဘုရား)။

မိုးကုတ်ဆရာတော်ကြီး၏ ဖော်ပြပြီး ဟောကြားချက်တို့ကို ထောက်လျှင် မိုးကုတ်ဆရာတော်ကြီးသည် ဝိသုဒ္ဓိမဂ်ကျမ်းလာ ဉာဏ်စဉ်တို့ကို မပယ်ကြောင်း သိနိုင်သည်။

ထို့ပြင် ဆရာတော်ကြီး၏ "အဲ ဒါကြောင့် ဒကာ ဒကာမတွေ ဉာဏ်တွေ သိပ်ကျယ်ပြီးသကာလ နေလို့ ရှိရင်ဖြင့် သွားရမည့်ခရီးတာ အဆင့်ဆင့်ဆိုတော့ လှေကားအဆင့်ဆင့်တက်တာ ပျင်းတာနဲ့ မတက်မှာစိုးလို့ သုံးဉာဏ်နဲ့ဟောတယ်" ဟူသော ဟောကြားချက်တို့ကို ကြည့်လျှင်လည်း ဝိသုဒ္ဓိမဂ်လာ ဉာဏ်စဉ်တို့ကို ပယ်လိုသော သဘောဖြင့် သုံးဉာဏ်သာ ဟောသည်မဟုတ်ဘဲ ဒကာ ဒကာမ

များ အသိဉာဏ်မြန်စွာ ဖြစ်ရေးကို ရည်ရွယ်၍ ဟောကြောင်းသိနိုင်ပေသည်။

ထိုသို့ ဟောရာ၌လည်း ကိုယ့်အယူအဆအတိုင်း ဟောခြင်းမဟုတ်ဘဲ အနတ္တလက္ခဏသုတ်စသော ဘုရားရှင်ဟောတော်မူသည့် သုတ္တန်များစွာကို မှီငြမ်းပြု၍ အလျော်နည်းဖြင့် ဟောထားခြင်းသာ ဖြစ်ပေသည်။

"အနေကဓာတုနာနာဓာတု ခေါ ဒေဝါနမိန္ဒ လောကော" (ဒီ၊ ၂။ ၂၇၂။ ဒီ၊ ၄၊ ၂။ ၃၂၉) အရ အကြိုက်အမျိုးမျိုးရှိကြရာ အကျဉ်းကြိုက်သည့် ပုဂ္ဂိုလ်က အကျဉ်းနည်း၊ အကျယ်ကြိုက်သည့် ပုဂ္ဂိုလ်က အကျယ်နည်းဖြင့် ဟောကြမည် ဖြစ်ပေသည်။ ဘုရားရှင်သည်လည်း သံခိတ္တရုစိ (အကျဉ်းကြိုက်)ပုဂ္ဂိုလ်တို့ အလိုသို့ လိုက်၍ ရုပ်နာမ်နှစ်ပါးကို ခန္ဓာငါးပါးအနေဖြင့် ဟောပြီး၊ ဝိတ္ထာရရုစိ (အကျယ် ကြိုက်)ပုဂ္ဂိုလ်တို့ အလိုသို့လိုက်၍ (ရုပ်နာမ်နှစ်ပါးကိုပင်) ဓာတ် ၁၈-ပါးအနေဖြင့် ဟောတော်မူခဲ့ပေသည်။ အခြားအခြားသော နိကာယ်တို့၌လည်း သံခိတ္တသုတ်၊ ဝိတ္ထာရသုတ်စသည်တို့ဖြင့် အကျဉ်းဟောသည့်အခါ အကျဉ်းဟော၍ အကျယ် ဟောသည့်အခါ အကျယ်ဟောတော်မူပေသည်။

မိုးကုတ်ဆရာတော်ကြီးက ဝိပဿနာတရားကို ဟောရာ၌ ဝိပဿနာ ဉာဏ်ပိုင်းတွင် ယထာဘူတဉာဏ်နှင့် နိဗ္ဗိန္ဒဉာဏ်နှစ်းမျိုးသာ ညွှန်ပြပြီး မဂ်ဉာဏ် နှင့်တကွ သုံးဉာဏ်သာဟောခြင်းသည် အနတ္တလက္ခဏသုတ် စသည်ဖြင့် မဆန့်ကျင်သောကြောင့်လည်းကောင်း၊ ဝိပဿနာတရားကို ဟောကြားရာ၌ ဉာဏ်စဉ် ၁၀-ပါးနည်းဖြင့်သာ ဟောကြားရမည်၊ အခြားနည်းဖြင့် မဟောကြားရ- ဟု ဘုရားရှင်၏ တားမြစ်ပိတ်ပင်ချက် မရှိသောကြောင့်လည်းကောင်း အဓမ္မ- ဝါဒသို့ မသက်ဝင်ဟု သုံးသပ်တော်မူကြသည်။

ဤသို့ အထူးသိမှတ်ရန်မှာ- ဝိပဿနာတရားကို မည့်သည့်နည်းဖြင့် ရှုမှတ်အားထုတ်သည်ဖြစ်စေ၊ နည်းမှန်လမ်းကျ တရားအားထုတ်သဖြင့် (မိမိတို့၌ ပါရမီပြည့်စုံ လုံလောက်၍) တကယ်စစ်မှန်သော ဝိပဿနာဉာဏ်များ ဖြစ်ပေါ် လာလျှင် ဝိသုဒ္ဓိမဂ်လာ ဉာဏ်စဉ်များအတိုင်း ဖြစ်ပေါ်လာမည်မှာ မြေကြီး လက်ခတ် မလွဲပါပေ။

သမ္မသနဉာဏ်မဖြစ်ဘဲ ဥဒယဗ္ဗယဉာဏ် ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ပေ။ သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ် အနုစားဟူသော တရုဏဝိပဿနာဉာဏ် မဖြစ်ဘဲ အားကောင်းသော (ဥဒယဗ္ဗယဉာဏ် အရင့်ပိုင်းမှ စ၍ နောက်နောက်

ဉာဏ်များဟုဆိုအပ်သော) ဗလဝဝိပဿနာဉာဏ် မဖြစ်နိုင်ပေ။ "တရုဏဝိပဿနာ ဟိ ဗလဝဝိပဿနာယ ပစ္စယော ဟောတိ" (သံ၊ ၄၊ ၂။ ၅၀)နှင့်အညီ တရုဏ ဝိပဿနာဉာဏ်ဖြစ်မှသာ ဗလဝဝိပဿနာဖြစ်နိုင်ပေသည်။ ဗလဝဝိပဿနာဖြစ်၍ ဝိပဿနာ၏ အထွတ်အထိပ်ဖြစ်၍ ဝုဋ္ဌာနဂါမိနီဝိပဿနာဖြစ်ပေါ်လာလျှင် မဂ်ဉာဏ် သေချာပေါက် ဖြစ်ပေါ်လာမည်ဖြစ်ပေသည်။

ဆိုလိုသည်မှာ-အကျဉ်းနည်းဖြင့် ပွားပွား၊ အကျယ်နည်းဖြင့် ပွားပွား ဝိပဿနာဉာဏ်၏ အခြေခံဖြစ်သော သင်္ခါရပရိစ္ဆေဒဉာဏ် (နာမရူပပရိဂ္ဂဟဉာဏ်) ပစ္စယပရိဂ္ဂဟဉာဏ် (ကင်္ခါဝိတရဏဉာဏ်)တို့ကို ဖြစ်ပွားစေပြီးမှ ဝိပဿနာဉာဏ်အစစ်ဖြစ်သော သမ္မသနဉာဏ်စသည်တို့ အဆင့်ဆင့် ဖြစ်ပွားစေကြရချည်းသာ ဖြစ်သည်။ ထိုဉာဏ်စဉ်တို့ မပွားစေဘဲ ဝိပဿနာဉာဏ် ဖြစ်သည်ဟု ဆိုလျှင် ရယ်ဖွယ်သာ ဖြစ်ပေသည်။

သုံးဉာဏ်ဘဲ ဟောဟော၊ ဆယ်ဉာဏ်ဘဲ ဟောဟော ရှုမှတ်ပွားများသူ သန္တာန်၌ ဝိပဿနာဉာဏ် အစစ်အမှန်ဖြစ်ပြီဆိုလျှင် ဆိုခဲ့ပြီးသော သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်စသည်တို့ အဆင့်ဆင့်ဖြစ်ပွားကြမည်သာ ဖြစ်ပေသည်။

"ဆဗ္ဗိသုဒ္ဓိကမေနေဝံ ဘာဝေတဗ္ဗော စတုဗ္ဗိဓော" ဟူသော အဘိဓမ္မတ္ထသင်္ဂဟကျမ်းလာ အနုသာသနီ စကားသည်လည်း ဤသည်ကိုပင် ရည်ညွှန်းခြင်းဖြစ်ပေသည်။

ဝိသုဒ္ဓိ ၇-ပါးအနက် သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိအခိုက်၌ ဝိပဿနာဉာဏ်များ မဖြစ်သေးဘဲ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိရောက်မှသာ ဝိပဿနာဉာဏ်စဉ်များ စတင်ဖြစ်ပေါ်လာပေသည်။ သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်များသည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိအခိုက်အတန့်၌ ပေါ်လာရာ ယင်းတို့ကို ယထာဘူတဉာဏ်ဟု ခေါ်နိုင်ပေသည်။

ထို့ကြောင့် "ဖြစ်ပျက်မြင်တဲ့ဉာဏ်က ယထာဘူတဉာဏ်" ဟူ၍ ဟောခြင်းသည် မှားသည်ဟု မဆိုနိုင်။ အမှန်ပင်ဟု မှတ်ရပေမည်။

သို့သော်-"ဖြစ်ပျက်မြင်တဲ့ဉာဏ်က ယထာဘူတဉာဏ်၊ ဖြစ်ပျက်မုန်းတဲ့ဉာဏ်က နိဗ္ဗိန္ဒဉာဏ်၊ ဖြစ်ပျက်ကို မလိုချင်လို့ ချုပ်သွားတဲ့ဉာဏ်က မဂ်ဉာဏ်"

(အမှတ်စဉ်-၁၊ နှာ-၂၂၆)ဟူသော ပြောပြချက်၌ "ဖြစ်ပျက်ကို မလိုချင်လို့ ချုပ်သွားတဲ့ဉာဏ်က မဂ်ဉာဏ်" ဟူသော စကားသည် မှားယွင်းစေသော စကားဖြစ်သည်။ အမှန်မှာ ဖြစ်ပျက်အဆုံးကို မြင်တဲ့ဉာဏ်က မဂ်ဉာဏ်ဟုသာ ဖြစ်သင့်ပေသည်။ သို့ဖြစ်၍-"ဖြစ်ပျက်ကို မလိုချင်လို့ ချုပ်သွားတဲ့ဉာဏ်က မဂ်ဉာဏ်"ဟူသော စကားကို " ဖြစ်ပျက်အဆုံးကို မြင်ရတဲ့ဉာဏ်က မဂ်ဉာဏ်"ဟု ဟောစဉ်စာအုပ်များ၌ ပြင်ဆင်ပေးရမည်။ တိပ်ခွေ၌ ယင်းစကားကို ပယ်ဖျက်ပေးရမည်။

## ဥဒယဗ္ဗယဉာဏ်ကို ဘုရားဟောသည်

"ဥဒယဗ္ဗယဉာဏ်ဆိုတာက အရှင်သာရိပုတြာက ဟောတာ၊ အသာထားလိုက်စမ်း" (အမှတ်စဉ်-၁၊ နှာ-၂၇၁)လာ မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်သည် ဥဒယဗ္ဗယဉာဏ်ကို ဘုရားမဟောခဲ့။ အရှင်သာရိပုတ္တရာသာ ဟောခဲ့သည်ဟု အဓိပ္ပါယ်ရောက်နေသည်။ အမှန်မှာ ဥဒယဗ္ဗယဉာဏ်ကို ဘုရားရှင် သုတ္တန်ပေါင်းများစွာ၌ ဟောကြားတော် မူခဲ့ပေသည်။

> အထ ခေါ ဘိက္ခဝေ ဝိပဿီ ဗောဓိသတ္တော အပရေန သမယေန ပဉ္စသု ဥပါဒါနက္ခန္ဓေသု ဥဒယဗ္ဗယာနုပဿီ ဝိဟာသိ "ဣတိ ရူပံ ဣတိ ရူပဿ သမုဒယော ဣတိ ရူပဿ အတ္ထင်္ဂမော (ပ) ဣတိ ဝိညာဏဿ အတ္ထင်္ဂမော"တိ (ဒီ၊ ၂။ ၃၇) စသည်။

> ပညဝါ ဟောတိ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော အရိယာယ နိဗ္ဗေဓိကာယ သမ္မာဒုက္ခက္ခယဂါမိနိယာ။ (ဒီ၊ ၃။ ၁၉၈) စသည်။

ဤသို့ ဘုရားရှင်ကိုယ်တိုင်ဟောကြားခဲ့သောကြောင့် "ဥဒယဗ္ဗယ ဆိုတာက အရှင်သာရိပုတြာက ဟောတာ" ဟူသော မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်သည် မပြည့်စုံသော ဟောကြားချက်ဖြစ်သည့်အပြင် ဖတ်ရသူ နာရသူ ကြားရသူတို့၏ အသိဉာဏ်ကိုလည်း တလွဲတချော် ဖြစ်စေနိုင်သော ကြောင့် "ဥဒယဗ္ဗယဉာဏ် ဆိုတာက အရှင်သာရိပုတြာက ဟောတာ၊ အသာထားလိုက်စမ်း" ဟူသော စကားရပ်နှင့် အလားတူ စကားရပ်များကို မိုးကုတ်ဆရာတော်ကြီး၏ ဟောစဉ်စာအုပ်များမှလည်းကောင်း၊ အသံသွင်းတိပ်ခွေများမှလည်းကောင်း ပယ်ဖျက်ပေးရမည်။

ထို့အတူ သန္ဒိဋ္ဌိဉာဏ်, ဧဟိပဿိဉာဏ်ဟူသော အသုံးအနှုံးသည်လည်း ပိဋကတော်၌ အသုံးမရှိသောကြောင့် ယင်းအသုံးအနှုန်း ဝေါဟာရတို့ကိုလည်း မိုးကုတ်ဆရာတော်ကြီး၏ ဟောစဉ်စာအုပ်များနှင့် အသံသွင်း တိပ်ခွေများမှ ပယ်ဖျက်ပေးရမည်။

## အမှတ် (၉/၁)စောဒနာ စိစစ်ချက်
## သန္ဒိဋ္ဌိကအမှား

စောဒကဆရာတော်က မိုးကုတ်ဆရာတော်ကြီးက အောက်ဖော်ပြလတ္တံ့ပါ ဘုရားဂုဏ်တော်နှင့် စပ်သော ဟောပြောချက်တို့သည် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ, ဋီကာတို့နှင့် ဆန့်ကျင်နေ၍ မှားနေပါသည်ဟု စောဒနာထားပေးသည်။

သန္ဒိဋ္ဌိကော-ကိုယ်တိုင်မြင်အောင်ကြည့် (ပ) ကိုယ်တိုင် မြင်ရအောင် **ကိုယ့်ခန္ဓာ** ကိုယ်ကြည့်။ (အမှတ်စဉ်-၁၊ နှာ-၃၅၃)

ဩော်. . သာမံ ပဿိတဗ္ဗော-ဆိုတော့၊ သာမံ-ကိုယ်တိုင်။ ပဿိတဗ္ဗော-ဒီ အနိစ္စ, ဒုက္ခ, အနတ္တ, ဒုက္ခသစ္စာတွေကို။ သာမံ-ကိုယ်တိုင်မြင်မှသာလျှင် ကိုယ်တိုင် ဝိပဿနာမဂ်နဲ့ မြင်မှသာလျှင်။ (အမှတ်စဉ်-၁၊ နှာ-၃၆၀) စောဒကဆရာတော်က-ဝိသုဒ္ဓိမဂ်အဋ္ဌကထာ အဆိုနှင့် မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်တို့ကို အောက်ပါအတိုင်း နှိုင်းယှဉ်ပြထားပေသည်။

### မြင်အောင်ကြည့်ရမည့်တရား

ဝိသုဒ္ဓိမဂ်အဋ္ဌကထာက = လောကုတ္တရာတရားများ။
မိုးကုတ်ဆရာတော်ကြီးက = ကိုယ့်ခန္ဓာကိုယ် **ကိုယ့်ခန္ဓာကိုယ်**။

### ဖြစ်ရမည့်ဉာဏ်

ဝိသုဒ္ဓိမဂ်အဋ္ဌကထာက = အရိယာပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သော ပစ္စဝေက္ခဏာဉာဏ်။
မိုးကုတ်ဆရာတော်ကြီးက = ပုထုဇဉ်သန္တာန်၌ဖြစ်သော ဝိပဿနာဉာဏ်။

### ကြည့်သည့်ပုဂ္ဂိုလ်

ဝိသုဒ္ဓိမဂ်အဋ္ဌကထာက = နိဗ္ဗာန်ရပြီးသော အရိယာပုဂ္ဂိုလ်များ။
မိုးကုတ်ဆရာတော်ကြီးက = တရားအားထုတ်ဆဲဖြစ်သောပုထုဇဉ်ပုဂ္ဂိုလ်။

စုဒိတကဆရာတော်တို့ကလည်း ထိုသန္ဒိဋ္ဌိကဂုဏ်တော်များကို လောကု-တ္တရာတရားကိုးပါး၌သာမက ပရိယတ္တိဓမ္မ၌လည်း ရထိုက်ကြောင်း ဝိသုဒ္ဓိမဂ်မဟာဋီကာက ပြဆိုထားသောကြောင့် ပရိယတ္တိတွင် ပါဝင်သော ကိုယ့်ခန္ဓာကိုယ် (ရုပ်နာမ်တရား)ကို ဝိပဿနာဉာဏ်ဖြင့် ရှုဆင်ခြင်ခြင်းသည် ဝိသုဒ္ဓိမဂ်နှင့် မဆန့်ကျင်ပါဟု တင်ပြကြလေသည်။

ဤအမှတ်(၉/၁)စောဒနာ၏ ပဓာနအချက်မှာ ဝိပဿနာဉာဏ်၏ အာရုံဖြစ်သော(ဝါ) အရှုခံဖြစ်သော လောကီ ရုပ်နာမ်ခန္ဓာကို သန္ဒိဋ္ဌိကဆိုထိုက် မဆိုထိုက် ဟူသော အချက်ပင်ဖြစ်လေသည်။ ထို့ကြောင့် လောကီရုပ်နာမ်ခန္ဓာ ကို သန္ဒိဋ္ဌိကဟုဆိုထိုက် မဆိုထိုက် စိစစ်ကြမည် ဖြစ်လေသည်။

ရှေးဦးစွာ အင်္ဂုတ္တရပါဠိတော်လာ သန္ဒိဋ္ဌိကဓမ္မနှင့်ဆိုင်ရာသုတ်များကို လေ့လာကြည့်ရာ အညတြဗြာဟ္မဏသုတ် (အံ၊ ၁။ ၁၅၅) ပဌမသန္ဒိဋ္ဌိကသုတ်၊ (အံ့၊ ၂။ ၃၁၃)

ယင်းသုတ်တို့၌ လောကုတ္တရာမဂ်နှင့် ပစ္စဝေက္ခဏာဉာဏ်တို့ကိုသာ ဟောကြောင်း အဋ္ဌကထာ, ဋီကာတို့က ဖွင့်ပြကြပေသည်။
အနည်းငယ် ရှင်းပါဦးမည်။

## အညတြဗြာဟ္မဏသုတ်

အခါတပါး ပုဏ္ဏားတစ်ယောက်သည် ဘုရားထံ ရောက်လာပြီး "အရှင်ဂေါတမ သန္ဒိဋ္ဌိကဓမ္မ သန္ဒိဋ္ဌိကဓမ္မ-ဟူ၍ ပြောနေကြပါသည်။ ဘယ်ပုံဘယ်နည်း သန္ဒိဋ္ဌိကဓမ္မ ဖြစ်ပါသနည်း (တရားတော်ကို ကိုယ်တိုင်သိမြင်အပ်ပါသနည်း)" ဟု မေးလျှောက်သည်။

ဘုရားရှင်က "လောဘဖြင့် နှိပ်စက်ခံရသော (လောဘကြီးသော) ပုဂ္ဂိုလ်သည် မိမိသူတစ်ပါးတို့ကို ဆင်းရဲစေခြင်းငှါ အားထုတ်၏။ လောဘဖြစ်သောအခါ ကိုယ်စိတ်ဆင်းရဲကို ခံစားရ၏။ ထိုလောဘကို ပယ်နိုင်သောအခါ မိမိသူတစ်ပါး ဆင်းရဲအောင်လည်း မပြုတော့၊ ကိုယ် စိတ်ဆင်းရဲကိုလည်း မခံစားရတော့။ လောဘအလွှမ်းမိုးခံရသော ပုဂ္ဂိုလ်သည် ဒုစရိုက် ၁၀-ပါးကို ပြုမိ၏။ လောဘကို ပယ်နိုင်သောအခါ ဒုစရိုက်ကို မပြုဖြစ်တော့။ လောဘအလွှမ်းမိုးခံရသော ပုဂ္ဂိုလ်သည် ကိုယ့်အကျိုး, သူ့အကျိုးကို အမှန်အတိုင်းမသိ လောဘကို ပယ်နိုင်သောအခါ ကိုယ့်အကျိုး သူ့အကျိုးကို အမှန်အတိုင်း သိမြင်၏။ ဤသို့

"လောဘ ဖြစ်သောအခါ လောဘ၏ ဆိုးကျိုး, လောဘကင်းနေသောအခါ လောဘကင်းခြင်း၏ ကောင်းကျိုးတို့ကို ကိုယ်တိုင်သိမြင်ခြင်းသည်ပင်လျှင် သန္ဒိဋ္ဌိကဓမ္မဖြစ်၏" ဟု ဖြေကြားတော်မူသည်။

ဤသုတ်၏ အဋ္ဌကထာ၌-

ဣမသ္မိံ ပန သုတ္တေ ပြဟ္မဏေန လောကုတ္တရမဂ္ဂေါ ပုစ္ဆိတော၊ သတ္ထာ-ရာပိ သောယေဝ ကထိတော။ (အံ၊ ဋ္ဌ၊ ၂။ ၁၄၁)

ဟုလည်းကောင်း။

ဋီကာ၌-

တတိယေ ယေသံ ရာဂါဒီနံ အပ္ပဟာနေန ပုရိသဿ အတ္တဗျာဗာဓာဒီနံ သမ္ဘဝေါ၊ ပဟာနေန အသမ္ဘဝေါတိ ဧဝံ ရာဂါဒီနံ ပဟာယတော အရိယဓမ္မော မဟာနုဘာဝတာယ မဟာနိသံသတာယ သာမံ ပဿိတဗ္ဗော-တိ သန္ဒိဋ္ဌိကော။ (အံ၊ ဋီ၊ ၂။ ၁၂၈)

ဟု လည်းကောင်း ဖွင့်ဆိုရာ လောကုတ္တရာမဂ်ဖြင့် ကိလေသာတို့ကို မပယ်နိုင်သေးက ရရှိသည့်အပြစ်, ကိလေသာတို့ကို ပယ်နိုင်က ရရှိမည့် အကျိုးတရားတို့ကို ကိုယ်တိုင်သိမြင်ပုံကို ပြဆိုလေသည်။

ဤအဋ္ဌကထာ,ဋီကာတို့အလို သန္ဒိဋ္ဌိကအရ လောကုတ္တရာမဂ်ကို ယူရမည်ဖြစ်သော်လည်း ပါဠိတော်အဓိပ္ပါယ်ကို ကြည့်လျှင် ရာဂစသော ကိလေသာတို့ကို မပယ်နိုင်သေးက ရနိုင်သောအဖြစ်နှင့် ပယ်နိုင်ကရနိုင်သော အကျိုးတို့ကို ကိုယ်တိုင်သိမြင်နိုင်ကြောင်း ဟောထား သောကြောင့် ထိုလောကုတ္တရာမဂ်ဉာဏ်၏ အကျိုးဆက်ဖြစ်သော ပစ္စဝေက္ခဏာဉာဏ်၏ ကိစ္စလက္ခဏာကသာ ပိုမို ထင်ရှားနေကြောင်း တွေ့နိုင်ပေသည်။

ဤသုတ်၌- မိမိသန္တာန်ဝယ် လောဘ,ဒေါသစသည် ဖြစ်လာလျှင် မကောင်းကျိုးရနိုင်ပုံ၊ လောဘ,ဒေါသစသည် ကင်းစင်လျှင် ကောင်းကျိုးရနိုင်ပုံတို့ကို ဟောထားရာ အရှုခံ (ပဿိတဗ္ဗ)တရားမှာ ကိလေသာတွေ ဖြစ်ကြောင်း တွေ့နိုင်ပါသည်။ သို့ဖြစ်ရာ သန္ဒိဋ္ဌိကအရ မဂ်ကိုသာမက ထိုမဂ်က ပယ်အပ် မပယ်အပ်သော ကိလေသာတို့ကိုလည်း ယူမည်ဆိုလျှင် မှားသည်ဟု မဆိုနိုင်ပေ။

[အဋ္ဌကထာ,ဋီကာတို့က လောကုတ္တရာမဂ်ကို သန္ဒိဋ္ဌိကအဖြစ် ဖွင့်ဆိုခြင်းမှာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့် ညီညွတ်အောင် ဖွင့်ခြင်း ဖြစ်နိုင်ပေသည်။ ထို့ကြောင့် အင်္ဂုတ္တရဋီကာ၌- "သဒ္ဒတ္ထော ပန ဝိသုဒ္ဓိမဂ္ဂသံဝဏ္ဏနာသု ဝုတ္တနယေန ဝေဒိ-တဗ္ဗော" ဟု ဖွင့်ဆိုပေသည်။]

ထိုနည်းအတူ အင်္ဂုတ္တရနိကာယ ပထမသန္ဒိဋ္ဌိကသုတ်၌ (အံ၊ ၂။ ၃၁၃) ကို လေ့လာသင့်ပေသည်။

မောဠိယသိဝကပရိဗိုဇ်သည် ဘုရားရှင်ထံ လာရောက်ပြီး သန္ဒိဋ္ဌိကဓမ္မဟူသည် အဘယ်ပါနည်းဟု မေးလျှောက်သည်။ ဘုရားရှင်က "သင်၏ သန္တာန်၌ လောဘရှိနေ (ဖြစ်နေ)လျှင် ငါ့သန္တာန်၌ လောဘရှိနေ (ဖြစ်နေ)သည်ဟု သိသလော။ လောဘမရှိ (မဖြစ်)လျှင် ငါ့သန္တာန်၌ လောဘမရှိ (မဖြစ်)ဟု သိသည် မဟုတ်လော"ဟု ပြန်မေးတော်မူသည်။

မောဠိယသိဝကပရိဗိုဇ်က လောဘရှိနေလျှင် ရှိကြောင်း၊ မရှိလျှင် မရှိကြောင်း သိပါသည်ဟု ပြန်လျှောက်သည်။

ဘုရားရှင်က ဤသို့ မိမိသန္တာန်၌ လောဘဖြစ်လျှင်ဖြစ်ကြောင်း၊ လောဘမရှိ (မဖြစ်)လျှင် မရှိ (မဖြစ်)ကြောင်း ကိုယ်တိုင် သိခြင်းသည်ပင်လျှင် သန္ဒိဋ္ဌိကမည်၏ဟု ဟောတော်မူသည်။

ဤသုတ် အဋ္ဌကထာ၌-

"ဣမေသု ဒွီသု သုတ္တေသု ပစ္စဝေက္ခဏာဝ ကထိတာ"။ (အံ၊ ဋ္ဌ၊ ၃။ ၁၁၇) ဟု ဖွင့်ဆိုပြီး "ဤသို့ မိမိသန္တာန်၌ လောဘ (စသည်) ရှိ မရှိ သိခြင်းမှာ ပစ္စဝေက္ခဏာ၏အစွမ်းဖြင့် သိခြင်းဖြစ်သည်"ဟု မိန့်မှာလေသည်။

ဤသုတ်အလို သိတတ်, ရှုတတ်သည့် ဉာဏ်က ပစ္စဝေက္ခဏာဉာဏ်ဖြစ်၍ သိအပ်, ရှုအပ်သည့် တရားက လောဘစသော ကိလေသာများဖြစ်သည်ဟု သိနိုင်ပေသည်။ ယင်းသို့ဆိုလျှင် ဤသုတ်အလို သန္ဒိဋ္ဌိကအရ (ကိုယ်တိုင် ရှုအပ်,မြင်အပ်သောတရားဟူသည်) လောဘစသော ကိလေသာများဖြစ်သည်ဟု ဆိုရပေသည်။

ထို့ပြင် သံယုတ်ပါဠိတော်လာ ဥပဝါဏသုတ် (သံ၊ ၂။ ၂၆၈)ကိုလည်း လေ့လာသင့်ပေသည်။

တစ်နေ့တွင် အရှင်ဥပဝါဏသည် ဘုရားရှင်ထံ ချဉ်းကပ်၍"သန္ဒိဋ္ဌိကဓမ္မဟူသည်အဘယ်ပါနည်း"ဟု လျှောက်ထားသည်။

ထိုအခါ ဘုရားရှင်က "ဥပဝါဏ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် ရူပါရုံကိုမြင်၍ ရူပါရုံ (ရုပ်)ဟု သိ၏။ ထိုရူပါရုံအဆင်းကို အာရုံပြုပြီး ရာဂ

(တပ်မက်မှု) ဖြစ်သောအခါ ရာဂဖြစ်သည်ဟု သိ၏။ မိမိ သန္တာန်၌ ထင်ရှားရှိနေသော ရာဂကိုလည်း ရာဂရှိနေ၏ဟု သိ၏။ ဤသို့ ကိုယ်တိုင် သိခြင်းသည်ပင် သန္ဒိဋ္ဌိကဓမ္မမည်၏"ဟု ဟောတော်မူ၏။

[သဒ္ဒါရုံစသောအာရုံတို့ကို ကြားရာကာလစသည်တို့၌လည်းနည်းတူ။]

ဤသုတ် အဋ္ဌကထာ၌-

"ဣမသ္မိံ သုတ္တေ သေခါသေခါနံ ပစ္စဝေက္ခဏာ ကထိတာ"-

(သံ၊ ၄၊ ၃။ ၁၅)

ဟု ဖွင့်ဆိုပေသည်။

သေက္ခ, အသေက္ခပုဂ္ဂိုလ်တို့၏ ပစ္စဝေက္ခဏာဉာဏ်ဖြင့် မိမိ၌ ရာဂစသည်ရှိသည်ကို ရှိ၏ဟုလည်းကောင်း။ ရာဂစသည် မရှိသည်ကို မရှိဟုလည်းကောင်း သိခြင်းကို သန္ဒိဋ္ဌိကမည်၏ဟု ဆိုလိုပေသည်။

ဤသုတ်အရလည်း ရှုတတ်သောဉာဏ်က ပစ္စဝေက္ခဏာဉာဏ်ဖြစ်၍ ရှုအပ်သော အရှုခံတရားက ရူပါရုံစသော အာရုံ ၆-ပါးနှင့် ရာဂစသော (ပဟာန+အပ္ပဟာန) ကိလေသာများဖြစ်သည်ဟု သိနိုင်ပေသည်။

ဤ၌ ပဟာန,အပ္ပဟာနကိလေသာကို ပစ္စဝေက္ခဏာဉာဏ်က အာရုံပြုနိုင်သော်လည်း ရူပါရုံစသော အာရုံ ၆-ပါး (ရုပ်+နာမ်တရား)တို့ကိုကား ပစ္စဝေက္ခဏာဉာဏ်က အာရုံမပြုနိုင်ပေ။ ယင်းတို့ကို မဂ်ဖိုလ်တို့ကလည်း အာရုံမပြုနိုင်ပေ။

ရူပပ္ပဋိသံဝေဒီ, သဒ္ဒပ္ပဋိသံဝေဒီ-စသည်ဖြင့် ပါဠိတော်၌ တိုက်ရိုက်ဟောကြားသောကြောင့် ထိုရူပါရုံ သဒ္ဒါရုံစသော တရားတို့ကို ရူပါရုံ သဒ္ဒါရုံဟု သိသော (ရှုမှတ်သော) ဝိပဿနာဉာဏ်ကို လည်း ဖလူပစာအားဖြင့် ယူနိုင်သည်ဟု ဆိုရပေမည်။

ထို့ကြောင့် ဤသုတ်အလို အရှုခံ (ရှုအပ်သော) တရားများမှာ ရူပါရုံ စသော ရုပ်+နာမ်များနှင့် ပယ်အပ်ပြီးသော ပဟီနကိလေသာ၊ မပယ်အပ်သေး သော အပ္ပဟီနကိလေသာများဖြစ်ရာ သန္ဒိဋ္ဌိကအရ ရုပ်+နာမ် (တေဘူမကရုပ်နာမ်)များနှင့် ကိလေသာများကို ယူရမည်ဖြစ်ကြောင်း သိနိုင်ပေသည်။

သံယုတ်အဋ္ဌကထာလာ-

"ဣမသ္မိံ သုတ္တေ သေခါသေခါနံ ပစ္စဝေက္ခဏာ ကထိတာ"-

ဟူသော စကားအရ ရှုတတ်သောဉာဏ်ကို တိုက်ရိုက်သိရ၍ ရှုအပ်သော သန္ဒိဋ္ဌိကဓမ္မကား ပါဠိတော်ကိုထောက်၍ ကောက်ယူသင့်ပေသည်။

မည်သို့ဆိုစေ ဤသုတ္တန်များအရ ပစ္စဝေက္ခဏာဉာဏ်၏ အာရုံဖြစ်သော ကိလေသာတို့ကို သန္ဒိဋ္ဌိကအရ ယူထားခြင်းမှာကား သိသာထင်ရှားသော အချက်ဖြစ်လေသည်။

[သန္ဒိဋ္ဌိကောနှင့် တွဲလျက် အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော-စသည်ဖြင့် ထိုသုတ်တို့၌ ဟောသောကြောင့် အကာလိက၊ ဧဟိပဿိက၊ ဩပနေယျိက ပစ္စတ္တံ ဝေဒိတဗ္ဗ-အရလည်း ထိုတရားများကို ကောက်နိုင်ကြောင်း သိနိုင်ပေသည်။]

ထို့ပြင် အင်္ဂုတ္တရနိကာယ် နဝကနိပါတ် ပဥ္စမပဏ္ဏာသက သာမညဝဂ်လာ သန္ဒိဋ္ဌိ--ကသုတ် (အံ၊ ၃။ ၂၄၅) စသည်တို့ကိုလည်း လေ့လာကြရာ ထိုသုတ်တို့၌ ပထမဈာန်, ဒုတိယဈာန်စသော သမာပတ်ရှစ်ပါးနှင့် နိရောဓသမာပတ်တို့ကို သန္ဒိ-ဋ္ဌိကဓမ္မအဖြစ်ဖြင့် ဟောထားသည်ကို တွေ့ရပေသည်။ ထိုတွင် သမာပတ်ရှစ်ပါးကို ပရိယာယသန္ဒိဋ္ဌိက၊ နိရောဓသမာပတ်ကို နိပ္ပရိယာယသန္ဒိဋ္ဌိကဟု ခွဲခြားဟောကြားတော်မူပေသည်။ မည်သို့ပင်ဖြစ်စေ သမာပတ်ရှစ်ပါးကို နာမကာယဖြင့် ကိုယ်တိုင်တွေ့မြင် ခံစားအပ်သောကြောင့် သန္ဒိဋ္ဌိကဓမ္မဟု ဟောတော်မူခြင်းဖြစ်ရာ၊ သန္ဒိဋ္ဌိကဓမ္မအရ လောကီသမာပတ် (လောကီခန္ဓာ)တို့ကို ယူထားကြောင်း သိနိုင်ပေသည်။

ဤသို့သော သုတ္တန်တို့ကို ထောက်ဆ၍ ဝိသုဒ္ဓိမဂ် မဟာဋီကာက

"ဧဝံ သန္ဒိဋ္ဌိကာဒိပဒေသု ပရိယတ္တိဓမ္မမ္ပိ ပက္ခိပိတွာ မနသိကာရော ယုဇ္ဇတေဝ"

ဟု သန္ဒိဋ္ဌိကစသော ပုဒ်တို့၌ ပရိယတ္တိဓမ္မ (ရုပ်+နာမ်ခန္ဓာ)ကိုလည်း ယူနိုင်ကြောင်း ဖွင့်ဆိုခြင်း ဖြစ်နိုင်ပေသည်။

ထို့ကြောင့် "သန္ဒိဋ္ဌိကော-ကိုယ်တိုင် မြင်အောင်ကြည့်၊ (ပ) ကိုယ်တိုင်မြင်ရအောင် ကိုယ့်ခန္ဓာကိုယ်ကြည့်" ဟု လည်းကောင်း၊ "ဩော်. . သာမံ ပဿိ-တဗ္ဗော"ဆိုတော့ သာမံ-ကိုယ်တိုင်၊ ပဿိတဗ္ဗော-ဒီ အနိစ္စ ဒုက္ခ အနတ္တ ဒုက္ခသစ္စာတွေကို၊ သာမံ-ကိုယ်တိုင်ဂြင်မှသာလျှင်၊ ကိုယ်တိုင် ဝိပဿနာမဂ်နဲ့ မြင်မှသာလျှင်" ဟူ၍ မိုးကုတ်ဆရာတော်ကြီး ဟောခြင်းသည် မှားယွင်းသည်ဟု မဆို

နိုင်ပေ။ အင်္ဂုတ္တရနိကာယ်, သံယုတ္တနိကာယ်တို့နှင့်လည်းကောင်း၊ ဝိသုဒ္ဓိမဂ် မဟာဋီကာနှင့်လည်းကောင်း ညီညွတ်သည်ဟု သုံးသပ်တော်မူကြသည်။

-------------

## အမှတ်(၉/၂) စောဒနာ စိစစ်ချက်
## အကာလိကအမှား

အကာလိကော-အခါမလင့် အကျိုးပေးတဲ့ နိဗ္ဗာန်ကို မရဘဲ ဖြစ်သွားတယ်။ (အမှတ်စဉ်-၈၊ နှာ-၈၉)

အကာလိကော-အခါမလင့် အကျိုးပေးတဲ့ ပဋိစ္စသမုပ္ပါဒ်ပြတ်တဲ့ နိဗ္ဗာန်ကြီးကို မရဘူး။ (အမှတ်စဉ်-၈၊ နှာ-၉၁)

အကာလိကောကို တချို့က နိဗ္ဗာန်တစ်လုံးတည်း ယူထားတယ်။ (မှန်ပါ)။ ဒီ ပဋိစ္စသမုပ္ပါဒ်ပြတ်တာကို မယူဘူး။ အဲဒီမှာ အယူအဆက လွဲနေတယ်။ (အမှတ်စဉ်-၈၊ နှာ-၁၀၂)

ဤသို့ မိုးကုတ်ဆရာတော်ကြီး ဟောကြားထားခြင်းသည် ဝိသုဒ္ဓိမဂ် အဋ္ဌကထာနှင့် ဆန့်ကျင်၍ မှားယွင်းနေပါကြောင်း စောဒကဆရာတော်က စောဒနာထားပေသည်။

ယင်းစောဒနာနှင့်စပ်လျဉ်း၍ ဝိနည်းဓိုရ်ဆရာတော်များက ဖော်ပြပါ အတိုင်း စိစစ်ကြပေသည်။

အကာလိကောကို-

> အတ္တနော ဖလဒါနံ သန္ဓာယ နာဿ ကာလောတိ အကာလော၊ အကာလောယေဝ အကာလိကော (ပ) အတ္တနော ပန ပဝတ္တိသမနန္တရမေဝ ဖလဒေါတိ ဝုတ္တံ ဟောတိ။ အထ ဝါ အတ္တနော ဖလဒါနေ ပကဋ္ဌော ကာလော ပဝတ္တော အဿာတိ ကာလိကော။ ကော သော။ လောကိယော ကုသလော ဓမ္မော။ အယံ ပန သမနန္တရဖလတ္တာ န ကာလိကောတိ အကာလိကော။ ဣဒံ မဂ္ဂမေဝ သန္ဓာယ ဝုတ္တံ။ (ဝိသုဒ္ဓိ၊ ၁။ ၂၀၉)

ဤ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ မိန့်ဆိုချက်အရ မိမိ၏ အခြားမဲ့၌ အကျိုးပေး တတ်သော (အကျိုးကိုဖြစ်စေတတ်သော) အကြောင်းဖြစ်သည့် မဂ်လေးပါးသည် အကာလိကမည်၏။ အခါမလင့် အကျိုးပေးတတ်သော အကြောင်းတရားကို အကာလိကဟု ဆိုလိုသည်။ မဂ်သည် မိမိဖြစ်ပြီးနောက် အချိန်မဆိုင်းဘဲ ဖိုလ်

တည်းဟူသော အကျိုးကို ဖြစ်စေတတ်သောကြောင့် အကာလိကဟုဆိုရသည်။

မိုးကုတ်ဆရာတော်ကြီးက 'အကာလိကော- အခါမလင့် အကျိုးပေးတဲ့ နိဗ္ဗာန်ကို မရဘဲ ဖြစ်သွားတယ်"
ဟုဟောသောကြောင့် နိဗ္ဗာန်ကို အကာလိကဟု ဆိုရာရောက်သည်။ နိဗ္ဗာန်သည် မဂ္ဂသစ္စာ၏ အကျိုးတရားသာ ဖြစ်သောကြောင့် မည်သည့် နည်းနှင့်မျှ အကာလိကဟု မဆိုနိုင်ပေ။

ထို့အတူ "အကာလိကော-အခါမလင့် အကျိုးပေးတဲ့ ပဋိစ္စသမုပ္ပါဒ်ပြတ်တဲ့ နိဗ္ဗာန်ကြီးကို မရဘူးတဲ့" ဟုဟောခြင်းသည်လည်း ပဋိစ္စသမုပ္ပါဒ်ပြတ်တဲ့ နိဗ္ဗာန်သည် အကြောင်းတရားမဟုတ်၊ အကျိုးတရားသာဖြစ်သည်။

စုဒိတကဆရာတော်တို့က သောဓနောလ္လာတင်သွင်းရာတွင် တရားဂုဏ်တော်အရ ပရိယတ္တိမှ့ကို ဖလူပစာအားဖြင့်လည်း ကောက်ယူရသဖြင့် ခန္ဓာစသည်ကို ရှုပွားသော ဝိပဿနာဉာဏ်သည်လည်း အကာလိကဟုပင် ပရိယာယ်အားဖြင့် ဆိုနိုင်ပါသည်ဟု ချေပကြသည်။

ဝိပဿနာဉာဏ်ကို အကာလိကဟု ဆိုခြင်းကိုလက်ခံနိုင်သော်လည်း နိဗ္ဗာန်နှင့် ပဋိစ္စသမုပ္ပါဒ်ပြတ်ခြင်းကို အကာလိကဟု ဆိုခြင်းကား မည်သည့် နည်းနှင့်မျှ လက်ခံနိုင်ဖွယ်မရှိချေ။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ, ဋီကာတို့နှင့်လည်း မညီ ညွတ်၊ ထိုထို သုတ္တန်အဆိုများနှင့်လည်း ညှိနှိုင်းမရ၊ ယုတ္တိအားဖြင့်လည်း အားနည်းသောကြောင့် ယင်းဟောကြားချက်တို့နှင့် အလားတူ စကားရပ်တို့ကို ပြင်ဆင်ဖြည့်စွက်ပေးမှသာ အပြစ်ကင်း၍ သန့်ရှင်းသွားပေလိမ့်မည်။

သို့ဖြစ်၍-

"အကာလိကော-အခါမလင့် အကျိုးပေးတဲ့ နိဗ္ဗာန်ကို မရဘဲ ဖြစ်သွားမယ်"ဟူသော စကားရပ်ကို "ဝိပဿနာက အခါမလင့် အကျိုးပေးတဲ့ နိဗ္ဗာန်ကို မရဘဲ ဖြစ်သွားမယ်"ဟု လည်းကောင်း။

"အကာလိကော-အခါမလင့် အကျိုးပေးတဲ့ ပဋိစ္စသမုပ္ပါဒ် ပြတ်တဲ့ နိဗ္ဗာန်ကြီးကို မရဘူး"ဟူသော စကားရပ်ကို "အကာလိကော-ဝိပဿနာဉာဏ်က အခါမလင့် အကျိုးပေးတဲ့ ပဋိစ္စသမုပ္ပါဒ်ပြတ်တဲ့ နိဗ္ဗာန်ကြီးကိုမရဘူး" ဟု လည်းကောင်း ပြင်ဆင်ပေးရမည်။

ထို့ပြင် "အကာလိကောကို တချို့က နိဗ္ဗာန်တစ်လုံးတည်းယူထားတယ်။ ဒီ ပဋိစ္စ, သမုပ္ပါဒ်ပြတ်တာကို မယူဘူး။ အဲဒီမှာ အယူအဆက လွဲနေတယ်"ဟူသော စကားရပ်ကိုမူ လုံး၀ မှားယွင်းနေသောကြောင့် ဟောစဉ်တရားစာအုပ်များမှလည်း ကောင်း၊ အသံသွင်းတိပ်ခွေများမှလည်းကောင်း ပယ်ဖျက်ပေးရမည်။

. . . . . . . . . .

**အမှတ်(၉/၃)စောဒနာစိစစ်ချက်**

**ဧဟိပဿိကအမှား**

ဧဟိပဿိကော၊ ဧဟိ-လာခဲ့ပါ၊ ပဿ၊ ရှုလှည့်စမ်းပါလို့ ခေါ်တာ။ ဒုက္ခ သစ္စာကလည်း ခေါ်တယ်။ နိရောဓသစ္စာကလည်း ခေါ်တယ်လို့မှတ်။ ရှင်းပြီလား။ (အမှတ်စဉ်-၁၊ နှာ-၃၇၅)

ဒုက္ခသစ္စာက အင်း. . . ဒုက္ခသစ္စာကို ပိုင်ပိုင်နိုင်နိုင် ပိုင်းခြားသိဖို့ခေါ်တာ။ နိရောဓသစ္စာက ကြည့်ရှုဖို့ခေါ်တာ။ မထူးခြားဘူးလား။ ခေါ်တာချင်းတော့ အတူတူဘဲ။ (အမှတ်စဉ်-၁၊နှာ-၃၇၅)

မိုးကုတ်ဆရာတော်ကြီး၏ ယင်းဟောကြားချက်သည် ခေါ်တတ်သည့် သတ္တိမရှိသည့် ဒုက္ခသစ္စာ, နိရောဓသစ္စာ ပရမတ္ထတရားတို့က ခေါ်နေသယောင် ဟောထားသောကြောင့် အရိယာမဂ်ကိုရသော အရိယာပုဂ္ဂိုလ်တို့နှင့် သူတော် ကောင်းပုဂ္ဂိုလ်တို့က လာလှည့် ရှုလှည့်ဟု ဖိတ်ခေါ်တတ်သည်ဟူသော ဝိသုဒ္ဓိမဂ် နှင့် ဆန့်ကျင်၍ မှားပါကြောင်း စောဒကဆရာတော်က စောဒနာထားပေသည်။

စုဒိတကဆရာတော်တို့က အရိယာသူတော်ကောင်းကြီးများက ဖိတ်ခေါ် သလို မိုးကုတ်ဆရာတော်ကြီးကလည်း ဝိပဿနာဉာဏ်ဖြင့် ရုပ်နာမ် တို့ကို ရှုဖို့ မဖိတ်ခေါ်ထိုက်ပါသလော-ဟု တင်ပြကြပြီး၊ တစ်ဖန်"ထိုကဲ့သို့ သိမြင်ရာ၌ ရှုပွား ဆင်ခြင် အားထုတ်နေသော ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ ကိန်းဝပ်နေသော ဝိပ- ဿနာဉာဏ်, မဂ်ဉာဏ်တရားတို့က ဉာဏ်အားလျော်စွာ အသီးသီးမြင်ထိုက်သည့် တရားကို မြင်လာကြရာ၌ အမြင်ခံရသော အရှုခံတရားမှာ ရုပ်နာမ်တို့၏ ဖြစ် ခြင်းနှင့် ပျက်ခြင်းဖြစ်ပါသည်။ ထိုအခိုက်အတံ့မျိုး၌ ထိုအရှုခံတရားတို့က ဧဟိလာ ပါ၊ ပဿ-ရှုပါဟု ဖိတ်ခေါ်နေသကဲ့သို့ ဖြစ်နေကြောင်း ပို၍ထင်ရှား မည်ဖြစ်ပါ သည်။ ဤသို့ အရှုခံနှင့် အရှုဉာဏ်တို့ ချိန်သားကိုက်သည့်အချိန်၌ အရှုခံတရားက

လာပါ, ရှုပါ, ကျုပ်ကို ကြည့်ပါဟု ဖိတ်ခေါ်နေသကဲ့သို့ ဖြစ်ပါ သည်" ဟု တင်ပြကြ ပြန်ပါသည်။

[မိုးကုတ်ဆရာတော်ကြီးက ဖိတ်ခေါ်နေသည်ဟု ပြောပြီး အရှုခံ ရုပ်နာမ် တရားတို့က ဖိတ်ခေါ်နေသည်ဟု ဆိုပြန်ခြင်းသည် ရှေ့နောက် မညီညွတ် သော တင်ပြချက် ဖြစ်ပေသည်။]

အယမ္ပန နဝဝိဓောပိ လောကုတ္တရဓမ္မော သဘာဝတော၀ ဝိဇ္ဇမာနော ဝိဂတဝလာဟကေ အာကာသေ သမ္ပုဏ္ဏစန္ဒမဏ္ဍလံ ဝိယ ပဏ္ဍုကမ္ဗလေ နိက္ခိတ္တဇာတိမဏိ ဝိယ စ ပရိသုဒ္ဓေါ။ တသ္မာ ဝိဇ္ဇမာနတ္တာ ပရိသုဒ္ဓတ္တာ စ ဧဟိပဿဝိဓိံ အရဟာတီတိ ဧဟိပဿိကော-

ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (ဝိသုဒ္ဓိ၊ ၁။ ၂၁၀)ဖွင့်ဆိုသည့်အတိုင်း လောကုတ္တရာ တရားကိုးပါးသည် ထင်ရှားရှိခြင်း, သန့်ရှင်းစင်ကြယ်ခြင်းတို့ကြောင့် "လာလှည့် ရှုလှည့်-ဟု ဖိတ်ခေါ်ခြင်းငှါ ထိုက်တန်သဖြင့် "ဧဟိပဿိက ဟု ဆိုရပေသည်။ ဤလောကုတ္တရာတရားကိုးပါးကို လာ၍ ရှုစမ်းပါဟု ဖိတ်ခေါ်ထိုက်သောကြောင့် ဤလောကုတ္တရာတရားကိုးပါးသည် ဧဟိပဿိကဂုဏ်နှင့် ပြည့်စုံပေသည်။

"ဧဟိ ပဿ ဣမံ ဓမ္မ"န္တိ ဧဝံ ပဝတ္တံ ဧဟိပဿဝိဓိံ အရဟာတီတိ ဧဟိ ပဿိကော-

ဟုဖွင့်ဆိုသောကြောင့် လောကုတ္တရာတရားကိုးပါးသည် ဖိတ်ခေါ်တတ်သူ ကတ္တားမဟုတ်ပေ။ အရှုခံ အကြည့်ခံ ကံသာဖြစ်သည်။

အဖိုးထိုက်တန်သော ပြည်တန်ပတ္တမြားကို လက်ဆုပ်ထဲတွင် ဆုပ်ကိုင်ကာ "ကျွန်ုပ်လက်ထဲမှာ အဖိုးတန်ပတ္တမြားရှိပါသည်၊ လာကြည့်လှည့်ကြပါ" ဟု ဖိတ် ခေါ်ရာ၌ ပတ္တမြားရှိသူ (ပတ္တမြားပိုင်ရှင်)က ဖိတ်ခေါ်သူ ကတ္တားဖြစ်၍ ပတ္တမြားမှာ အကြည့်ခံ အရှုခံ ကံသာဖြစ်သကဲ့သို့ လောကုတ္တတရားသည် တကယ်လည်းရှိ၊ စင်လည်း စင်ကြယ်သောကြောင့် ထိုလောကုတ္တရာတရားကို ရထားသူ ပုဂ္ဂိုလ်က ဤလောကုတ္တရာတရားကိုးပါးကို လာကြည့်လှည့်ကြပါ ရှုလှည့်ကြပါ"ဟု ဖိတ် ခေါ်သော ကတ္တားဖြစ်၍ လောကုတ္တရာတရားကိုးပါးက အရှုခံ အကြည့်ခံ ကံ သာဖြစ်သည်။

သို့သော်-ဝိသုဒ္ဓိမဂ်မဟာဋီကာက ဤဧဟိပဿိကဂုဏ်ကို ပရိယတ္တိဓမ္မ၌ လည်း ရထိုက်သည်ဟု ဖွင့်ဆိုသောကြောင့် ခန္ဓာ၏ဖြစ်ပျက်သဘောကို သင်ယူ လေ့လာ နာကြားခြင်းဟူသော ပရိယတ္တိ (ဉာတပရိညာ) အဆင့်ဖြင့် အခြေခံ၍

ကိုယ်တိုင် လေ့လာရှုမှတ်ခြင်းဟူသော ပဋိပတ္တိ (တီရဏပရိညာ)အဆင့်, ကိလေသာတို့ကို အရှင်းပြတ် (အဆင့်အလိုက်) ပယ်သတ်နိုင်သည့် ပဋိဝေဓ (ပဟာန-ပရိညာ) အဆင့်သို့တက်လှမ်းကြရမည်ဖြစ်ရာ ပရိယတ္တိသည် ယုံကြည်ထိုက် လေးစားထိုက်သော ဂုဏ်ရှိပေသည်။ ထို့အတူ ကိုယ်တိုင် ကျင့်ကြံအားထုတ်အပ်သော သီလ, သမာဓိ, ပညာဟူသော ပဋိပတ္တိသည်လည်း အခြေခံပါရမီ စွမ်းအားအလျောက် ကိလေသာတို့ကို တဒင်္ဂအားဖြင့် ငြိမ်းစေခြင်း, အရိယမဂ်ပေါ်လာသောအခါ သမုစ္ဆေဒအားဖြင့်ဆိုင်ရာ ကိလေသာတို့ကို ပယ်သတ်ပေးသဖြင့် ကိလေသာ ငြိမ်းအေးရ ခြင်းဟူသော အကျိုးတို့ကို ဖြစ်ပေါ်စေတတ်သောကြောင့် ယုံကြည် ထိုက် အားကိုးထိုက်သော ဂုဏ်နှင့်ပြည့်စုံပေသည်။

[သို့ဖြစ်၍ ပဋိပတ္တိကို ဓမ္မ၌ ထည့်သွင်းယူရမည်ဖြစ်ကြောင်း ပရမတ္ထဒီပနီ၌ လယ်တီဆရာတော်ဘုရားကြီး မိန့်ကြားတော်မူခဲ့ပေသည်။]

ထိုသို့ ပရိယတ္တိနှင့် ပဋိပတ္တိသည် ယုံကြည်ထိုက် လေးစားထိုက် အားကိုးထိုက်၍ လာလှည့်ပါ ရှုလှည့်ပါ လက်တွေ့ အားထုတ်ကြည့်ပါဟု ဖိတ်ခေါ်ထိုက်သော ဂုဏ်နှင့်ပြည့်စုံသောကြောင့် ဧဟိပဿိကအရတွင် ပရိယတ္တိ, ပဋိပတ္တိတို့ကိုလည်း ထည့်သွင်းသင့်ခြင်း ဖြစ်ပေသည်။

မိုးကုတ်ဆရာတော်ကြီးက "ဒုက္ခသစ္စာကလဲ ခေါ်တယ်။ နိရောဓသစ္စာက လည်း ခေါ်တယ်"ဟု ဟောခြင်းသည် အရှုခံ အကြည်ခံဖြစ်သော တရားဓမ္မက ခေါ်သည်ဟု ဆိုရာရောက်၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့် မညီညွတ်-ဟု ဆိုရမည် ဖြစ်ပေသည်။ သို့သော် တစ်စုံတစ်ယောက်က "သရက်သီးသည် ချို၏"ဟု ပြောလိုက်လျှင် သရက်သီးက "ချို မချို သိလိုလျှင် ကျုပ်ကို စားကြည့်ပါ"ဟု ဖိတ်ခေါ်သည့်သဘော သက်ရောက်သကဲ့သို့လည်းကောင်း၊ "ငရုတ်သီးသည် စပ်၏"ဟု တစ်စုံတစ်ယောက်က ပြောလိုက်လျှင် ငရုတ်သီးက "စပ် မစပ် သိလိုလျှင် ကျုပ်ကို သင်ကိုယ်တိုင် စားကြည့်ပါ" ဟု ဖိတ်ခေါ်သည့် သဘော သက်ရောက်သကဲ့သို့လည်းကောင်း "ခန္ဓာငါးပါးသည် မမြဲ၊ ဖြစ်ပြီး ပျက်သည် "ဟု ခန္ဓာငါးပါးအကြောင်းကို တကယ်သိသူက ပြောလိုက်လျှင် ခန္ဓာငါးပါးက 'မြဲ မမြဲ သိလိုလျှင် သင်ကိုယ်တိုင် တကယ့် ဉာဏ်အမြင်ဖြင့် ကျုပ်ကို ရှုကြည့်ပါ" ဟု ဖိတ်ခေါ်သည့်သဘော သက်ရောက်ပေသည်။

ဤသို့သဘောသက်ရောက်နေသော်လည်း တကယ် ဖိတ်ခေါ်နေခြင်း မဟုတ်ဘဲ ဖြစ်နိုင်သည့် သဘောကို စကားအားဖြင့် ပြောနေခြင်းသာဖြစ်၍

မိုးကုတ်ဆရာတော်ကြီး ဟောကြားသော"ဒုက္ခသစ္စာကလည်း ခေါ်တယ်၊ နိရောဓသစ္စာကလည်း ခေါ်တယ်လို့မှတ်"ဟူသော စကားကို"ဒုက္ခသစ္စာကလည်း ခေါ်တယ်လို့ ဆိုနိုင်တယ်။ နိရောဓသစ္စာကလည်း ခေါ်တယ်လို့ ဆိုနိုင်တယ် လို့မှတ်"ဟု ပြင်ဆင်ပေးမှသာ အငြင်းမပွား စကားသန့်ရှင်းမည်ဖြစ်သည်။

ထို့ကြောင့် "ဒုက္ခသစ္စာကလည်း ခေါ်တယ်၊ နိရောဓသစ္စာကလည်း ခေါ်တယ်လို့မှတ်" ဟူသောစကားရပ်ကို "ဒုက္ခသစ္စာကလည်း ခေါ်တယ်လို့ ဆိုနိုင်တယ်။ နိရောဓသစ္စာကည်း ခေါ်တယ်လို့ဆိုနိုင်တယ်လို့မှတ်"ဟု ဟောစဉ်စာအုပ်တို့၌ ပြင်ဆင်ပေးရမည်။ အသံသွင်း တိပ်ခွေ၌ကား ယင်းစကား ရပ်တို့ကို ပယ်ဖျက်ပေးရမည်။

ထို့အတူ"ဒုက္ခသစ္စာက အင်း--- ဒုက္ခသစ္စာကို ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား သိဖို့ ခေါ်တာ၊ နိရောဓသစ္စာက ကြည့်ရှုဘို့ခေါ်တာ၊ မထူးခြားဘူးလား။ ခေါ်တာချင်းတော့ အတူတူပဲ"ဟူသောစကားရပ်နှင့် အလားတူ စကားရပ်တို့ကို ဟောစဉ်စာအုပ်များမှလည်းကောင်း၊ အသံသွင်းတိပ်ခွေများမှလည်းကောင်း ပယ်ဖျက်ပေးရမည်။

**အမှတ် (၉/၄) စောဒနာ စိစစ်ချက်**
**အကာလိကအကျိုး**

သန္ဒိဋ္ဌိကောက အကြောင်း။ အကာလိကောက အကျိုး။

(အမှတ်စဉ်(၁) နှာ-၃၆၁)

မိုးကုတ်ဆရာတော်ကြီး၏ ဤဟောပြောချက်သည်-

"အပိ စ သွာက္ခာတော အယံ ဓမ္မော။ ကသ္မာ သန္ဒိဋ္ဌိကတ္တာ။ သန္ဒိဋ္ဌိကော၊ အကာလိကတ္တာ" ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (ဝိသုဒ္ဓိ၊ ၁။ ၂၁၁။)

"ဧဝံ အာဒိကလျာဏတာဒိနာ အညမညဿ အနုရူပဒေသနာယ ဓမ္မဿ သွာက္ခာတတံ ဒဿေတွာ က္လဒါနိ ပုရိမဿ ပစ္ဆိမံ ပစ္ဆိမံ ပဒံ ကာရဏဝစနန္တိ ဒဿေန္တော အပိစာတိ အာဒိမာဟ"ဟူသော ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ (ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၂၇၇)တို့နှင့် မညီညွတ်သောကြောင့် မှားယွင်းကြောင်း ဆုံးဖြတ်ပေးပါရန် စောဒကဆရာတော်က တင်ပြထားပေသည်။

ဝိသုဒ္ဓိမဂ်အလို အကာလိကောက အကြောင်း၊ သန္ဒိဋ္ဌိကောက အကျိုးဖြစ်သည်။ အခါမလင့် ချက်ချင်းလက်ငင်း အကျိုးပေးသောကြောင့် ကိုယ်တိုင်သိမြင်အောင် ရှုမှတ်အပ်သည်ဟု ဆိုလိုပေသည်။

ဤ၌ သတိပြုရန်မှာ အခါမလင့် ချက်ချင်းလက်ငင်း အကျိုးပေးသောကြောင့် ကိုယ်တိုင်မြင်အောင် ရှုအပ်၏ဟု အကြောင်းအကျိုးယူ၍ ရသကဲ့သို့ ပရိယတ္တိဖြင့် သိရသောအသိ (စာသိ)ကို ကိုယ်တိုင် ကျင့်ကြံ အားထုတ် ရှုမှတ်ခြင်းဖြင့် ရအပ် သောအသိ (ကျင့်သိ) ဖြစ်လာအောင် အားထုတ်မှ ကိလေသာငြိမ်းခြင်းဟူသော အကျိုးပေါ်လာရကား ကိုယ်တိုင်သိမြင်အောင် အားထုတ်မှု (သန္ဒိဋ္ဌိက)က အကြောင်း၊ ချက်ချင်းလက်ငင်း ကိလေသာငြိမ်းခြင်း (အားထုတ်ခိုက်၌ ကိလေသာ ငြိမ်းခြင်း) (အကာလိက)က အကျိုးဟုလည်းယူ၍ ရပေသည်။

ဤသို့ အကာလိကကို အကြောင်း၊ သန္ဒိဋ္ဌိကကို အကျိုးယူ၍ သန္ဒိဋ္ဌိကကို အကြောင်း၊ အကာလိကကို အကျိုးဟုလည်း ယူနိုင်ပေသည်။

ဥပမာ- အန္ဓေန ဝသတိ= ထမင်းကြောင့် (ထမင်းစားလိုသောကြောင့် ) နေ၏။ နေသောကြောင့် ထမင်းစားရ၏၊ အကြောင်း+အကျိုး အပြန်အလှန် ရသကဲ့သို့၊ ချက်ချင်းလက်ငင်း ကိလေသာငြိမ်းအေးချင်သောကြောင့် ရုပ်နာမ် တရားတို့ကို ကိုယ်တိုင်ရှုမှတ်၏။ ကိုယ်တိုင် ရှုမှတ်နေသောကြောင့် ကိလေသာ များ (တဒင်္ဂဖြစ်စေ) ငြိမ်းအေး၏ ဟု အကြောင်းအကျိုး အပြန်အလှန် ဖြစ်သော ကြောင့် "သန္ဒိဋ္ဌိကောကအကြောင်း၊ အကာလိကောက အကျိုး"ဟု မိုးကုတ် ဆရာတော်ကြီးဟောပြောခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။ အမှန် ဟုပင် ဆိုနိုင်ပေသည်။

## အမှတ် (၉/၅) စောဒနာ
## (တရားဂုဏ်တော် ၆-ပါး အလုပ်စဉ်တရား)

တရားဂုဏ်တော် (၆)ပါးဟာ (ပ) အလုပ်စဉ်တရား၊ အလုပ်လုပ်နည်း ပေးတဲ့တရား။[အမှတ်စဉ်(၈) နှာ-၁၁၄]

အင်္ဂုတ္တိုရ်ကျတော့ အလုပ်စဉ်ကို ဟောတယ်။ (ပ) ဘုရားဟောတဲ့ သုတ်နော်၊ မဂ်နဲ့ဖိုလ်နဲ့ ဟောတာက ဝိသုဒ္ဓိမဂ်က ဟောတာ။ ဝိသုဒ္ဓိမဂ် ဆိုတာက အဋ္ဌကထာလို့မှတ်ပါ။[အမှတ်စဉ်(၁) နှာ-၃၇၇]

ဒီဉစ္စာ အလုပ်ပေးတရား၊ ဘယ်ပါဠိတော် လာသတုံးဆိုလို့ရှိရင် ဓမ္မဂုဏ် တော် (၆)ပါးမှာလာတယ်။[အမှတ်စဉ်(၈) နှာ-၁၁၄]

စောဒကဆရာတော်က မိုးကုတ်ဆရာတော်ကြီး၏ အထက်ပါ ဟောကြား ချက်တွင် မိုးကုတ်ဆရာတော်ကြီး၏ တရားဂုဏ်တော်(၆)ပါးကို ဝိပဿနာ

အလုပ်ပေးတရားအဖြစ် ဟောခြင်းသည် မှားပါသည်။ တရား ဂုဏ်တော်(၆)ပါးကို ဆင်ခြင်နေခြင်းသည် ဓမ္မာနုဿတိ သမထဘာဝနာသာ ဖြစ်၍ ဝိပဿနာတရား မဟုတ်ပါ။ အင်္ဂုတ္တိုရ် အာဓိပတေယျသုတ်၌ တရား ဂုဏ်တော်(၆)ပါးကို ဟောထားသည်မှာလည်း ဝိပဿနာ အလုပ်ပေးတရားအဖြစ် ဟောကြား ထားခြင်း မဟုတ်ပါ၊ တရားဂုဏ်တော်(၆)ပါးဖြင့် ပြဆိုသော လောကုတ္တရာများမှာ ဝိပဿနာရှု၍ ရကောင်းသော တရားများ မဟုတ်ကြပါ။ သို့ဖြစ်၍ မိုးကုတ် ဆရာတော်ကြီး၏တရားဂုဏ်တော်(၆)ပါးကို အလုပ်စဉ် တရား အဖြစ် ဟောခြင်းသည် မှားပါသည်ဟု တင်ပြထားပေသည်။

မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက် အပြည့်အစုံကိုလေ့လာ သုံးသပ် ကြည့်သော အခါ ဆရာတော်ကြီးက ရုပ်၊ နာမ် ခန္ဓာကို ဖြစ်၊ ပျက် မြင်အောင် ကိုယ်တိုင်ရှုမှတ်နေလျှင် သန္ဒိဋ္ဌိက ဖြစ်သည်။ ကိုယ်တိုင်ရှုမှတ်၍ ဖြစ်၊ ပျက် သဘောကို တွေ့မြင်လျှင် တဏှာ, မာန, ဒိဋ္ဌိ သုံးပါးပြတ်သည်။ ယင်းသို့ တဏှာ, မာန, ဒိဋ္ဌိ ပြတ်ခြင်းသည် ကိုယ်တိုင်ရှုမှတ်သဖြင့် ချက်ချင်း လက်ငင်း ရလာသော အကျိုးဖြစ်၍ အကာလိကော ဖြစ်သည်။ သို့ဖြစ်၍ ကိုယ်တိုင် ဉာဏ်စိုက်၍သာ ရှု (သန္ဒိဋ္ဌိက) ဉာဏ်စိုက်ရှုလျှင် ဝိပဿနာ ဉာဏ်ပေါ် လာပြီး တဏှာ, မာန, ဒိဋ္ဌိ ပြတ်ခြင်း ဟူသောအကျိုးကို လက်ငင်းရမည်(အကာလိက)ဟု ဟောလို ကြောင်း တွေ့ရပေသည်။

ကေစဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော ဧကန္တနိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ ကတမော ဧကဓမ္မော၊ ဓမ္မာနုဿတိ။

(အံ၊ ၁၊ ၃၂)

ဤ ပါဠိတော်အရ ဓမ္မာနုဿတိဘာဝနာကို ကြိမ်ဖန်များစွာ ပွားလျှင် နိဗ္ဗာန်ကို ရနိုင်ကြောင်းသိနိုင်ပေသည်။

ဣမာ ပန ဆ အနုဿတိယော အရိယသာဝကာနညေဝ ဣဇ္ဈန္တိ၊ တေသံ ဟိ ဗုဒ္ဓဓမ္မသံဃဂုဏာ ပါကဋာ ဟောန္တိ။ ပ။ ဧဝံ သန္တေပိ ပရိသုဒ္ဓသီလာဒိဂုဏသမန္နာဂတေန ပုထုဇ္ဇနေနာပိ မနသိ ကာတဗ္ဗာ။ အနုဿဝ ဝသေနာပိ ဟိ ဗုဒ္ဓါဒီနံ ဂုဏေ အနုဿရတော စိတ္တံ ပသီဒတိယေဝ။ ယဿာနုဘာဝေန နီဝရဏာနိ ဝိက္ခမ္ဘေတွာ ဥဠာရပါမောဇ္ဇော ဝိပဿနံ အာရဘိတွာ အရဟတ္တံယေဝ သစ္ဆိကရေယျ ကဋအန္ဓကာရဝါသီ ဖုဿဒေဝတ္ထေရော ဝိယ။ (ဝိသုဒ္ဓိ၊၁၊၂၂၀၊၂၂၁။)

ဤ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကို ထောက်လျှင်လည်း ဓမ္မာနုဿတိ ဘာဝနာကို ကြိမ်ဖန်များစွာပွားက စိတ်တွေကြည်လင်လာပြီး နိဗ္ဗာန်တို့ကို ပယ်ခွာနိုင်ကာ အားကြီးသောပီတိ ပါမောဇ္ဇတရားများ ဖြစ်ပေါ်လာနိုင်သည်။ ထို ပီတိပါမောဇ္ဇကို ဝိပဿနာဖြင့် ခွါနိုင်လျှင် အရဟတ္တဖိုလ်ကို ရနိုင်ကြောင်း သိနိုင်ပေသည်။

ဤ၌ တရားဂုဏ်တော်များသည် သန္ဒိဋ္ဌိက အရာ၌ သက်ဝင်နိုင်ကြောင်း စောဒနာအမှတ် (၉/၁)၌ စိစစ်ပြီး ဖြစ်ပေရာ သန္ဒိဋ္ဌိက ဖြစ်လျှင် အကာလိက (နိဗ္ဗာန ကွာငြင်းအကျိုးကို လက်တွေ့ခံစားရခြင်း) ဟူသော အကျိုးကို သေချာပေါက်ရနိုင်ပေသည်။ တရားဂုဏ်တော်များကို ကြိမ်ဖန်များစွာ ပွားများခြင်း အလုပ်ကိုကြိုးစားလုပ် (သန္ဒိဋ္ဌိက)၊ ထိုသို့ကြိုးစားလုပ်လျှင် နိဗ္ဗာန ကင်းကွာခြင်း အကျိုးကို ချက်ချင်းလက်ငင်းရမည် (အကာလိက)ဟူသော လုပ်ငန်းစဉ်ကို ပြနေသည်ဟု ဆိုနိုင်ပေသည်။

ထို့ပြင်-

သစ္စဝိနိမုတ္တာ ဟိ ဘဂဝတော ဒေသနာ နတ္ထိ။ (နေတ္တိ၊ ဋ္ဌ။ ၅၆)နှင့် ဗုဒ္ဓါနဥ္စ စတုသစ္စဝိနိမုတ္တာ ကထာ နာမ နတ္ထိ။ (ဒီ၊ ဋ္ဌ၊ ၁။ ၃၁၂)

ဟူသော ဖွင့်ဆိုချက်တို့အရ သစ္စာလေးပါးမှ လွတ်သော ဘုရားစကားမည်သည် မရှိပေ။ သစ္စာလေးပါး၌ အကျုံးဝင်နေလျှင် ဝိပဿနာတရားလည်း အကျုံးဝင်သည်သာ ဖြစ်သောကြောင့်လည်းကောင်း၊ မည့်သည့်တရားကိုပင် ဖြစ်စေ ဒေသနာကောသလ္လဉာဏ်ရှိလျှင် သစ္စာလေးပါး ဝိပဿနာတရား ဘောင်ဝင်အောင် ဟောပြနိုင်သောကြောင့်လည်းကောင်း၊ ကဋအန္ဓကာရ ကျောင်းတိုက်နေ အရှင် ဖုဿဒေဝသည် မာရ်နတ် ဖန်ဆင်းပြသော ဘုရား၏ ရုပ်ဆင်းသဏ္ဌာန်တော်ကို အာရုံပြု၍ ဘုရားလျှင် အာရုံရှိသော ပီတိကိုရကာ ထိုပီတိကို အခြေခံပြီး ဝိပဿနာ ရှုလိုက်သောအခါ ရဟန္တာဖြစ်သကဲ့သို့၊ တရား ဂုဏ်တော်လျှင် အာရုံရှိသော ပီတိကို ရကာရကာ ထိုပီတိကို ဝိပဿနာရှုပွား နိုင်သောကြောင့် လည်းကောင်း၊ တရား ဂုဏ်တော်(၆)ပါးကို အန္တရာယ်ကင်းရေး၊ ရောဂါ ပျောက် ရေး၊ အသက်ရှည်ရေး၊ ဉာဏ်ကောင်းရေး၊ မဂ် ဖိုလ် ရရေးအတွက် ဉာဏ်ရှိသလို ပွားနိုင် အသုံးချနိုင် သောကြောင့်လည်းကောင်း၊ တရားတော်ဂုဏ်တော်(၆)ပါးကို အလုပ်ပေးတရား၊ အလုပ်စဉ် တရားဟု ဟောက ဟောနိုင်ခွင့်ရှိပေသည်။

သို့ရာတွင် ဖြစ်နိုင်ခွင့်ရှိသည်ကို ရည်ရွယ်သုံးနှုန်းခြင်းဖြစ်သောကြောင့် အထက်ပါ မိုးကုတ်ဆရာတော်ကြီး၏ ဟောစကားများကို-

"တရားဂုဏ်တော် (၆)ပါးဟာ (ပ) အလုပ်စဉ်တရား၊ အလုပ်လုပ်နည်း ပေးတဲ့တရားလို့ဆိုနိုင်တယ်။ (သို့မဟုတ်) အလုပ်လုပ်နည်းပေးတဲ့ တရားလို့ဆိုရင် ဖြစ်နိုင်တယ်" ဟု ပြင်ဆင်ပေးမှသာ အများသံသယကင်းနိုင်သောကြောင့် ညွှန်ပြပြီး အတိုင်း ပြင်ဆင်ဖြည့်စွက်ပေးသင့်သည်။

**အမှတ် (၁၀)စောဒနာ စိစစ်ချက်**

ပုဗ္ဗဘာဂမဂ်ဟာ ငါးပါး၊ ဦးစွာဖြစ်တဲ့ မဂ်က ငါးပါး။

(အမှတ်စဉ်-၂၈၊ နှာ-၇၀)

လောကီမဂ်ကတော့ကိုသီလကိုမြဲတဲ့ သီလကို သူမှ ကျေးဇူးမပြုနိုင် သေးလို့ သူက ငါးပါးဘဲ ဖြစ်နေတယ်။ (အမှတ်စဉ်-၉၊ နှာ-၃၇၇)

လောကီမဂ်က ဘယ်နှစ်ပါးရှိသလဲ။ (ငါးပါး)။ ငါးပါးရှိတယ်။ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ။ ဒါဘဲရှိတယ်။ သီလမပါဘူး။ (အမှတ်စဉ်-၁၊ နှာ-၅၃၉)

ဒါကအလုပ်ဆက်လုပ်နေတာဘဲ။ (ပ) သို့သော် သီလမဂ္ဂင်သုံးပါး မပါသေး ဘူး။ (ပ) ဘာဖြစ်လို့မပါသေးပါလိမ့်မတုန်းဆိုတော့ အို. . ဒါက ပုထုဇဉ် ရှုနေတာ။ (မှန်ပါ)။ သီလ ဘယ်တော့မှ မမြဲဘူး။

(အမှတ်စဉ်-၂၈၊နှာ-၃၅၆/၃၅၇)

ဒါဖြင့်သီလမဂ္ဂင် ဘယ်အချိန်မှ ပါပါမတုန်းဆိုတော့ ဩော် ပုထုဇဉ်အဖြစ်က ပြောင်းမှဘဲ ကိုစောမောင်ရေ (ပ) နိဗ္ဗာန်ပေါ်လာမှ ဒီက ရှစ်ပါးဖြစ်တယ်။ (အမှတ်စဉ်-၂၈၊ နှာ-၃၅၇)

ခင်ဗျားတို့ ရှုချင်တိုင်းရှု၊ ရှေ့မဂ်က ငါးပါးဘဲ။(အမှတ်စဉ်-၁၊ နှာ-၂၃၇)

မဂ်သည် ပထမဦးစွာ ငါးပါးလို့ ဆရာဘုန်းကြီးကပြောတယ်။ (ပ) ရှေးဦးစွာ ဖြင့် ဘယ်လိုရှုရှု၊ ငါးပါးထက် ဘယ်သူမှ ပိုပြီး မရဘူး။

(အမှတ်စဉ်-၂၉၊ နှာ-၂၀၀)

မိုးကုတ်ဆရာတော်ကြီး၏ အထက်ပါဟောပြောချက်တို့သည် "တရားအား ထုတ်နေသော ယောဂီသန္တာန်၌ လောကီမဂ္ဂင်ငါးပါးသာ ဖြစ်သည်။ သီလမဂ္ဂင် မပါသေး"ဟု ဆိုရာရောက်၍ ပါဠိ, အဋ္ဌကထာ, ဋီကာတို့နှင့် မညီညွတ်သော ကြောင့် အဓမ္မဝါဒဟု ဆုံးဖြတ်ပေးပါရန် စောဒကဆရာတော်က စောဒနာအမှတ် (၁၀)အဖြစ် တင်သွင်းခဲ့ပေသည်။

စုဒိတကဆရာတော်တို့ကလည်း ဝိပဿနာရှုခိုက်၌ ပဥ္စင်္ဂိကမဂ်သာရကြောင်း အထောက်သာဓကတို့ဖြင့် ချေပကြလေသည်။

ဤစောဒနာ၏ ပဓာနအချက်မှာ ပုဗ္ဗဘာဂမဂ်(ဝိပဿနာရှုနေချိန်-ဝိပဿနာဉာဏ်ဖြစ်နေချိန်)၌ မဂ္ဂင်ငါးပါးသာရှိသော ပဥ္စင်္ဂိကမဂ်သာဟူသော စကားသည် မှားသည်။ ပုဗ္ဗဘာဂမဂ်၌ မဂ္ဂင်ရှစ်ပါးလုံးပါဝင်သော အဋ္ဌင်္ဂိကမဂ်သာဖြစ်သည်ဟူသော အချက်ဖြစ်ပေသည်။

စောဒကဆရာတော်၏ စောဒနာလွှာ၌ ဝိပဿနာတရားအားထုတ်နေချိန်တွင် စေတနာသီလ, သံဝရသီလများ ဖြစ်နေသောကြောင့် ပုဗ္ဗဘာဂမဂ်, လောကီမဂ်တို့၌ "သီလမပါ"ဟု ဟောခြင်းသည် ဧကန်ပင်မှားနေပါသည်ဟု (စောဒနာလွှာ-နှာ-၁၂၈-၌)တင်ပြပြီး၊ "ဝိပဿနာဉာဏ်ဖြစ်ခိုက်၌မူ အာရုံယူပုံ မတူညီကြ၍ ဝိရတီသီလများ မပါဝင်ကြပါ။ (ပ) ဤသို့ အာရုံသဘာဝ မတူညီကြသောကြောင့် ဝိပဿနာဉာဏ်ဖြစ်ခိုက်၌ 'ဝိရတီ'စေတသိက်များ မဖြစ်နိုင်ကြပါ။ မပါဝင်နိုင်ကြပါ။ (စောဒနာလွှာ-နှာ-၁၂၉)"ဟု ဆိုပြန်ပါသည်။

ထို့ပြင် စောဒကဆရာတော်က"လောကီမဂ္ဂင်နှင့် ဝိပဿနာဉာဏ်တို့သည် သဘောအဓိပ္ပါယ်အားဖြင့် အပြည့်အဝ မတူညီကြပါ။ လောကီမဂ္ဂင်က နယ်ကျယ်ပါသည်။ ဝိပဿနာဉာဏ်က နယ်ကျဉ်းပါသည်။ ဝိပဿနာဉာဏ်တိုင်း လောကီမဂ္ဂင်သာဖြစ်သော်လည်း လောကီမဂ္ဂင်တိုင်းတော့ ဝိပဿနာဉာဏ်မဟုတ်ကြပါ။ ဝိပဿနာဉာဏ်မဖြစ်ပေါ်မီ ကြိုတင်ထူထောင်ထားရသော သီလ, သမာဓိ, ပညာမဂ္ဂင် တရားများသည် လောကီမဂ္ဂင်တွင်ပါဝင်ကြပါသည်၊ နိဗ္ဗာန် ရောက်ကြောင်း ဒါန, သီလစသော ပါရမီကုသိုလ်ကောင်းများသည်လည်း လောကီမဂ္ဂင်တွင် ပါဝင်ကြပါသည်။ ဝိပဿနာဉာဏ်တော့ မဟုတ်ကြသေးပါ-" စသည်ဖြင့်လည်း အကျယ်တဝင့် တင်ပြပါသည်။

ဝိပဿနာဉာဏ်မဖြစ်ပေါ်မီ ကြိုတင်ထူထောင်ရသော သီလ, သမာဓိ, ပညာမဂ္ဂင်များ၊ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်သော ဒါန, သီလစသော ပါရမီကုသိုလ်များသည် လောကီမဂ္ဂင်တွင် ပါဝင်ကြောင်း တင်ပြချက်များသည်-

ဓမ္မာနုဓမ္မပ္ပဋိပန္နောတိ နဝလောကုတ္တရဓမ္မဿ အနုဓမ္မံ သဟသီလေန ပုဗ္ဗဘာဂပဋိပဒံ ပဋိပန္နော။ (အံ၊ ၄၊ ၂။ ၉၈)

ဓမ္မာနုဓမ္မပဋိပန္နောတိ နဝဝိဓဿ လောကုတ္တရဓမ္မဿ အနုဓမ္မံ ပုဗ္ဗဘာဂပဋိပဒံ ပဋိပန္နော။ (ဒီ၊ ဋ္ဌ၊ ၂။ ၁၆၉)

ပုဗ္ဗဘာဂပဋိပဒါတိ စ သီလံ, အာစာရပညတ္တိ, ဓုတင်္ဂသမာဒါနံ,ယာဝ ဂေါတြဘုတော သမ္မာ ပဋိပဒါ ဝေဒိတဗ္ဗော။ (ဒီ၊ ဋ္ဌ၊ ၂။ ၁၆၉)

တို့အရ မှန်ကန်ပေသည်။

သို့သော် ပုဗ္ဗဘာဂပဋိပဒါနှင့် ပုဗ္ဗဘာဂမဂ်တို့သည် မတူထူးခြား ကွဲပြားသည် ဟုကား သိသင့်ပေသည်။

ပုဗ္ဗဘာဂပဋိပဒါဟူသည် အရိယမဂ်ရကြောင်း အကျင့်များ (သီလ၊ ဓုတင်၊ သမထ၊ ဝိပဿနာ) တည်း။

ပုဗ္ဗဘာဂမဂ်ဟူသည် အရိယမဂ်၏ ရှေ့အဖို့၌ဖြစ်သော ဝိပဿနာမဂ်တည်း။

**မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်**

စောဒကဆရာတော်ညွှန်ပြသော (ဤ စောဒနာစိစစ်ချက် အစတွင် ဖော်ပြထားသည့်) မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်မှာ-

ဒါက ဆက်လုပ်နေတာဘဲ။ (ပ) ခင်ဗျာတို့ ရှုချင်တိုင်းရှု၊ ရှေ့မဂ်က ငါးပါးဘဲ။ (ပ) ရှေးဦးစွာဖြင့် ဘယ်လိုရှုရှု၊ ငါးပါးထက် ဘယ်သူမှ ပိုပြီး မရဘူး-

ဟူ၍ ဖြစ်ရာ ဝိပဿနာရှုနေဆဲ ဝိပဿနာဉာဏ်ဖြစ်နေဆဲကို ရည်ညွှန်းကြောင်း သိနိုင်ပေသည်။

ထို့ပြင်-

"ဒါဖြင့် အနိစ္စတစ်ချက်မြင်ရင် မဂ္ဂင်ဘယ်နှစ်ပါး ဖြစ်သလဲ။ (ငါးပါးဖြစ်ပါတယ်ဘုရား။) [အမှတ်စဉ်-၇၊ နှာ-၆၈] သူ့နာမည်လေးနဲ့သူ မှတ်ချင်လို့ရှိရင်တော့ သမ္မသနဉာဏ်, ဖြစ်ပျက်မြင်တဲ့ ဥဒယဗ္ဗယဉာဏ်, အပျက်ချည်းမြင်တဲ့ ဘင်ဉာဏ် ဆိုတာ ပေါ်လာတယ်။ အဲဒီကဲ့သို့ ဒကာ ဒကာမတို့ ဉာဏ်သုံးပါး ရပါတယ် ဆိုကတည်းက ဒါဟာ မဂ္ဂင်ငါးပါးပေါ်ပြီလို့ မှတ်လိုက်"

[အမှတ်စဉ်-၂၉၊ နှာ-၉၈]-

ဟူသော ဟောကြားချက်တို့ကို ထောက်လျှင်လည်း "ဝိပဿနာဉာဏ်ဖြစ်နေချိန်" ကိုပင် ရည်ရွယ်၍ ဟောနေကြောင်း သိနိုင်ပေသည်။

## ပဋ္ဌဂိကမဂ်

ဝိပဿနာဉာဏ်ဖြစ်နေခိုက် ဝိပဿနာဉာဏ်သည် တေဘူမကရုပ်နာမ်တရားတို့ကို အာရုံပြုသည်။ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဟူသော ဝိရတီစေတသိက်တို့သည် သူတပါးတို့၏ အသက်စသော ဝိရမိတဗ္ဗဝတ္ထု (ဝိတိက္ကမိတဗ္ဗဝတ္ထု) တို့ကို အာရုံပြုသည်။ ထိုသို့ အာရုံမတူသောကြောင့် ဝိပဿနာရှုဆဲ (ဝိပဿနာ ဉာဏ်ဖြစ်ဆဲ) အခိုက်အတန့်၌ ဝိရတီစေတသိက်တို့ မရနိုင်ပေ။ ထိုသို့ မရသောကြောင့် ဝိပဿနာရှုဆဲ အခိုက်အတန့် (ဝိပဿနာမဂ်) အခိုက်အတန့်၌ မဂ္ဂင်တရားကိုယ် ငါးပါးသာရသည်။ ယင်းတို့မှာ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိတို့ ဖြစ်ပေသည်။ ထို့ကြောင့် ဝိပဿနာမဂ်ကို ပဋ္ဌဂိကမဂ်ဟု ဆိုရပေသည်။ မဂ္ဂင်ငါးပါးသာ ဖြစ်သည်။ သီလမဂ္ဂင်ဟု ဆိုအပ်သော သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့ကို မရဟု ဆိုလိုသည်။

မှတ်ချက် [ဝိပဿနာရှုဆဲ အခိုက်အတန့်၌သာ ပဋ္ဌဂိကမဂ်ဖြစ်သည် မဟုတ်သေး။ ဘုရားရှင်၏ ဂုဏ်ကျေးဇူးတို့ကို စူးစူးစိုက်စိုက် ဆင်ခြင်ပွားများနေ သောအခါ စာပေတို့ကို စိတ်ဝင်တစား လေ့လာမှတ်သား နေသောအခါ စသည်တို့၌လည်း ထိုဝိရတီ သုံးပါး ဖြစ်ခွင့်မရ၍ ပဋ္ဌဂိကမဂ်သာရသည်။]

## ဝိရတီစေတသိက်

ဤ နေရာ၌ သီလမဂ္ဂင်ဟု ဆိုအပ်သော ဝိရတီစေတသိက် သုံးပါးတို့၏ သဘောကိုလည်း လေ့လာသင့်ပေသည်။

ဒုစရိုက် ဒုရာဇီဝ (မကောင်းသော ကိုယ်မှု, နှုတ်မှု, အသက်မွေးမှု) တို့မှ ရှောင်ကြဉ်တတ်သော သဘောကို ဝိရတီဟု ခေါ်သည်။

ထိုဝိရတီသည် သမ္ပတ္တဝိရတီ, သမာဒါနဝိရတီ, သမုစ္ဆေဒဝိရတီဟု သုံးမျိုး ရှိသည်။ ထိုတွင် သိက္ခာပုဒ်ဆောက်တည်ထားခြင်း (သီလယူထားခြင်း) မရှိဘဲ တွေ့ကြုံလာသော သတ်မှု ခိုးမှုစသော ဒုစရိုက်တို့မှ ရှောင်ကြဉ်လျှင် "သမ္ပတ္တဝိရတီ" ဟု ခေါ်သည်။ သိက္ခာပုဒ် ဆောက်တည်ထား သီလယူထားသောကြောင့် တွေ့ကြုံလာသော ဒုစရိုက်တို့ကို မပြုဘဲ ရှောင်ကြဉ်လျှင် "သမာဒါနဝိရတီ" ဟု ခေါ်သည်။ လောကုတ္တရာမဂ်ကို ရသဖြင့် ဒုစရိုက်မှုတို့ကို မပြုတော့ခြင်းကို "သမုစ္ဆေဒဝိရတီ" ဟု ခေါ်သည်။ (အဘိ၊ ဋ္ဌ၊ ၁။ ၁၄၆/၁၄၇)

ထိုဝိရတီသည် သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟု သုံးမျိုးရှိရာ- အသက်မွေးမှုကို မငဲ့ဘဲ (အသက်မွေး ဝမ်းကျောင်းလုပ်ငန်းနှင့် မဆက်စပ်ဘဲ) လိမ်ပြောခြင်း (မုသာဝါဒ), ကုန်းတိုက်ခြင်း (ပိသုဏဝါစာ), ရုန့်ရင်းကြမ်းတမ်းစွာ ပြောခြင်း (ဖရုသဝါစာ), အပြိန်အဖျင်း အတင်းပြောခြင်း (သမ္ဖပ္ပလာပ)- ဟူသော ဝစီဒုစရိုက်လေးပါး (တစ်ပါးပါးမှ) ရှောင်ကြဉ်လျှင် သမ္မာဝါစာဝိရတီဖြစ်သည်။

အသက်မွေးမှုနှင့် မစပ်ဘဲ သူ့အသက်သတ်မှု (ပါဏာတိပါတ), သူ့ဥစ္စာခိုးမှု (အဒိန္နာဒါန), သူ့သားမယား ပြစ်မှားမှု (ကာမေသုမိစ္ဆာစာရ)-ဟူသော ကာယ ဒုစရိုက်သုံးပါးမှ ရှာင်ကြဉ်လျှင် သမ္မာကမ္မန္တဝိရတီဖြစ်သည်။

အသက်မွေးမှုကို ငဲ့၍ ဆိုခဲ့ပြီးသော ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါး တို့မှ ရှောင်ကြဉ်လျှင် သမ္မာအာဇီဝဝိရတီဖြစ်သည်။

ထိုဝိရတီတို့သည် ဒုစရိုက်ဖြစ်ကြောင်းဖြစ်သော သူတစ်ပါးတို့၏ အသက် စသော ဝီတိက္ကမိတဗ္ဗဝတ္ထုတို့မှ ရှောင်ကြဉ်ခြင်း လက္ခဏာရှိသည်။ ထိုသို့ ရှောင်ကြဉ်ရာ၌ မရောက်မလာ မတွေ့ကြုံသေးသော ဝီတိက္ကမိတဗ္ဗ ဝတ္ထုတို့ကို မသတ်ခြင်း၊ မခိုးခြင်း၊ မပြစ်မှားခြင်း၊ မပြောဆိုခြင်း-စသည်ဖြင့် ရှောင်ကြဉ်ခြင်းကို ဝိရတီဟု မဆိုရပေ။ ရောက်လာ တွေ့ကြုံလာပါလျက် (သိက္ခာပုဒ်ဆောက်တည် ထားသောကြောင့် ဖြစ်စေ၊ သိက္ခာပုဒ်ဆောက်တည်မထား သီလယူမထားသော် လည်း မိမိ၏ အမျိုးဂုဏ်စသည်ကို ထောက်ဆ၍ဖြစ်စေ၊ သနားသောကြောင့် ဖြစ်စေ) မသတ်၊ မခိုး၊ မပြစ်မှား၊ မပြောဆိုဘဲ ရှောင်ကြဉ်မှုသာ ဝိရတီဟု ဆိုရ သည်။

ထို့ကြောင့် သိက္ခာပဒဝိဘင်းပါဠိတော်၌-

"ပဉ္စ သိက္ခာပဒါနိ (ပ) ပစ္စု ပ္ပန္နာရမ္မဏာ" ဟူ၍ သိက္ခာပဒသီလ (ဝိရတီ) တို့သည် ပစ္စုပ္ပန်ကိုသာ အာရုံပြုကြောင်း ဘုရားရှင်ဟောတော်မူပေသည်။

(အဘိ၊ ၂၊ ၃၀၄/၃၀၅)

ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ-စသော ငါးပါးသီလတို့သည် ပါဏာတိ ပါတ စသော ဒုစရိုက်တို့မှ ရှောင်ကြဉ်ကြောင်း ဖြစ်သော ဝိရတီတို့ပင်တည်း။

ထို့ကြောင့် ရုပ်+နာမ် တရားတို့၏ ဖြစ်+ပျက် သဘောကို မြင်အောင် ရှုမှတ်နေသော (ပေါ်လာတိုင်းသော ရုပ်, နာမ် တရားတို့ကို ရှုမှတ်နေသော)

ယောဂီပုဂ္ဂိုလ်၏ သန္တာန်ဝယ် ထိုဝိပဿနာဉာဏ်ဖြစ်ခိုက်၌ ပစ္စုပ္ပန် ဖြစ်သော ဝီတိက္ကမိတဗ္ဗဝတ္ထုတို့ မရှိသောကြောင့် ဝိရတီဖြစ်ခွင့် မရ၍ သီလမဂ္ဂင်ဟု ဆိုအပ်သော သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝမဂ္ဂင်တို့ မဖြစ်နိုင်ဟု ယူဆကြသူတို့လည်း ရှိပေသည်။

## အဋ္ဌင်္ဂိကမဂ်

ဝိပဿနာရှုပွားနေသော ယောဂီပုဂ္ဂိုလ်သည် ဝိပဿနာတရား အားမထုတ်မီ ရှေ့အဖို့ကပင် ကာယကံ, ဝစီကံနှင့် အသက်မွေးမှု စင်ကြယ်အောင် ငါးပါးသီလ, ရှစ်ပါးသီလတို့ကို ဆောက်တည်ကျင့်သုံးခဲ့ကြရ၏။ ရဟန်း သာမဏေ ယောဂီများမှာ ပါတိမောက္ခသံဝရသီလတို့ကို ထိန်းသိမ်းပြီးသား လုံခြုံပြီးသားဖြစ်၏။

ဝိပဿနာအားမထုတ်မီက ပုဗ္ဗဘာဂပဋိပဒါအဖြစ်ဖြင့် ထိန်းသိမ်း ဆောက်တည်ခဲ့သော ထိုသီလတို့သည် ဝိပဿနာအားထုတ်၍ ဝိပဿနာဉာဏ်ဖြစ်နေခိုက် ပိုပြီး စင်ကြယ်သွားကြသည်။ ထိုသို့ ဝိပဿနာဉာဏ် မဖြစ်မီ ကြိုတင်ဆောက်တည် ထိန်းသိမ်းထားသော သီလတို့ကို (ဒါနဝတ္ထုကို မစွန့်လွှတ်ရသေးမီ (ဝါ) လက်တွေ့အလှူဝတ္ထုကို မလှူဒါန်းသေးမီ ကြိုတင်ဖြစ်နေသော ပုဗ္ဗစေတနာကို ဒါနထဲ ထည့်သွင်း၍ ယူရသကဲ့သို့) ဝိပဿနာမဂ်ထဲသို့ ထည့်၍ ပုဗ္ဗဘာဂမဂ်- ဝိပဿနာမဂ်ကို အဋ္ဌင်္ဂိကမဂ်ဟု လည်းကောင်း၊ ယထာဂတမဂ်ဟု လည်းကောင်း သဠာယတနသံယုတ်ပါဠိတော် ကိံသုကောပမသုတ် (သံ၊ ၂။ ၃၉၉)၌ ဘုရားရှင် ဟောတော်မူသည်။

ထို့အတူ ဥပရိပဏ္ဏာသပါဠိတော်၊ မဟာသဠာယတနိကသုတ် (မ၊ ၃။ ၃၃၈)၌ လည်း-

> ယာ တထာဘူတဿ ဒိဋ္ဌိ၊ သာဿ ဟောတိ သမ္မာဒိဋ္ဌိ။ (ပ) ယော တထာဘူတဿ သမာဓိ။ ပုဗ္ဗေဝ ခေါ ပနဿ ကာယကမ္မံ ဝစီကမ္မံ အာဇီဝေါ သုပရိသုဒ္ဓေါ ဟောတိ။ ဧဝမဿာယံ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဘာဝနာပါရိပူရိံ ဂစ္ဆတိ-

ဟု ဝိပဿနာမဂ်ကို အဋ္ဌင်္ဂိကမဂ်ဟု ဟောတော်မူခဲ့လေသည်။

ဤ၌လည်း ဝိပဿနာအခိုက်၌ မဂ္ဂင်ရှစ်ပါးလုံး မရ၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟူ၍ မဂ္ဂင်ငါးပါးသာ ရသည်။ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝမဂ္ဂင်တို့ကား ဝိပဿနာ တရားအားမထုတ်မီ ရှေ့အဖို့ကပင် ကာယကံ, ဝစီကံနှင့် အသက်မွေးမှုတို့ကို စင်ကြယ်အောင် (ငါးပါးသီလ၊

ရှစ်ပါးသီလ စသည်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့်) ဖြစ်စေအပ်ခဲ့ကြောင်း၊ ထိုရှေ့အဖို့က ဖြစ်ခဲ့သော သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝမဂ္ဂင်တို့ကို ဖလူပစာအားဖြင့် (အဘေဒနည်းအားဖြင့်) ဝိပဿနာမဂ်သို့ သွင်း၍ အဋ္ဌင်္ဂိကမဂ်ဟု ဆိုကြောင်း သိအပ်ပေသည်။

ဤသည်ကို ရည်ရွယ်၍ အဋ္ဌသာလိနီအဋ္ဌကထာ၌-

" အယဥ္စ သုတ္တန္တိကဒေသနာ နာမ ပရိယာယဒေသနာ၊ တေနာဟ 'ပုဗ္ဗေဝ ခေါ ပနဿ ကာယကမ္မံ ဝစီကမ္မံ အာဇီဝေါ သုပရိသုဒ္ဓေါ ဟောတီ'တိ"- (အဘိ၊ ဋ္ဌ၊ ၁။ ၁၉၈)-

ဟု မိန့်ဆိုခြင်းဖြစ်ပေသည်။

မည်သို့ဆိုစေ ဘုရားရှင်ကိုယ်တိုင်ကပင်-

"ဧဝမဿာယံ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဘာဝနာပါရိပူရိံ ဂစ္ဆတိ"

ဟု ဟောထားသောကြောင့် ဝိပဿနာမဂ်ကို အဋ္ဌင်္ဂိကမဂ်ဟု ဆိုနိုင်ပေသည်။

ထို့ပြင် မဟာဝဂ္ဂသံယုတ်ပါဠိတော် အဝိဇ္ဇာဝဂ် အဝိဇ္ဇာသုတ် (သံ၊ ၃။ ၁)၌ လည်း ကုသိုလ် (လောကီ+လောကုတ္တရာနှစ်မျိုးလုံး) ဖြစ်သောအခါ မဂ္ဂင်ရှစ်ပါးလုံး ဖြစ်ကြောင်း-

"ဝိဇ္ဇာ စ ခေါ ဘိက္ခဝေ ပုဗ္ဗင်္ဂမာ ကုသလာနံ ဓမ္မာနံ သမာပတ္တိယာ၊ အန္ဝဒေဝ ဟိရောတ္တပ္ပံ။ ဝိဇ္ဇာဂတဿ ဘိက္ခဝေ ဝိဒ္ဒသုနော သမ္မာဒိဋ္ဌိ ပဟောတိ၊ သမ္မာဒိဋ္ဌိဿ သမ္မာသင်္ကပ္ပေါ ပဟောတိ။ သမ္မာသင်္ကပ္ပဿ သမ္မာဝါစာ ပဟောတိ၊ သမ္မာဝါစဿ သမ္မာကမ္မန္တော ပဟောတိ၊ သမ္မာကမ္မန္တဿ သမ္မာအာဇီဝေါ ပဟောတိ၊ သမ္မာအာဇီဝဿ သမ္မာဝါယာမော ပဟောတိ၊ သမ္မာဝါယာမဿ သမ္မာသတိ ပဟောတိ။ သမ္မာသတိဿ သမ္မာသမာဓိ ပဟောတိ" (သံ၊ ၃။ ၂)-

ဟူ၍ ဟောတော်မူခဲ့သည်။

ယင်းသုတ် အဋ္ဌကထာ၌လည်း-

"ဣမသ္မိံ သုတ္တေ အယံ အဋ္ဌင်္ဂိကော မဂ္ဂေါ လောကိယလောကုတ္တရမိဿကော ဝ ကထိတော" (သံ၊ ဋ္ဌ၊ ၃။ ၁၅၅)-

ဟု ဖွင့်ဆိုတော်မူပေသည်။

ဤနေရာ၌ စုဒိတကဆရာတော်တို့ တင်ပြသော-

ယမ္ပိ အဘိဓမ္မေ ဝုတ္တံ "တသ္မိံ ခေါ ပန သမယေ ပဉ္စင်္ဂိကော မဂ္ဂေါ ဟောတီ"တိ၊ တံ ကိစ္စန္တရံ ဒဿေတုံ ဝုတ္တံ။ ယသ္မိံဟိ ကာလေ မိစ္ဆာကမ္မန္တံ ပဟာယ သမ္မာကမ္မန္တံ ပူရေတိ၊ တသ္မိံ ကာလေ မိစ္ဆာဝါစာ ဝါ မိစ္ဆာဇီဝေါ ဝါ န ဟောတိ။ ဒိဋ္ဌိ သင်္ကပ္ပေါ ဝါယာမော သတိ သမာဓီတိ ဣမေသုယေဝ ကာရကင်္ဂေသု သမ္မာကမ္မန္တော ပူရေတိ။ ဝိရတိဝသေန ဟိ သမ္မာကမ္မန္တော ပူရတိ နာမ။ သမ္မာဝါစာ သမ္မာအာဇီဝေသုပိ ဧသေဝ နယော။ ဣတိ ဣမံ ကိစ္စန္တရံ ဒဿေတုံ ဧဝံ ဝုတ္တံ။ လောကိယ မဂ္ဂက္ခဏေ စ ပဉ္စေဝ ဟောန္တိ၊ ဝိရတိ ပန အနိယတာ။ တသ္မာ "ဆအင်္ဂိကော" တိ အဝတ္វာ "ပဉ္စင်္ဂိကော" တွေဝ ဝုတ္တံ။-

ဟူသော မဟာဝဂ္ဂသံယုတ် အဝိဇ္ဇာသုတ် အဋ္ဌကထာ၏ ဆိုလိုရင်းကိုလည်း သိသင့်ပေသည်။

ဤအဋ္ဌကထာ၏ ဆိုလိုရင်းမှာ- ဤမဟာဝဂ္ဂသံယုတ် အဝိဇ္ဇာသုတ်၌ လောကီမဂ္ဂင်ကို ရှစ်ပါးဟောထားပါလျက် အဘိဓမ္မာ ဓမ္မသင်္ဂဏီပါဠိတော်၊ ဝိဘင်းပါဠိတော်တို့၌ အဘယ့်ကြောင့် ပဉ္စင်္ဂိကမဂ်ဟူ၍ ဟောထားပါသနည်း-ဟု အမေးထုတ်ပြီး ဖြေရှင်းပြတော်မူသည်။

အဘိဓမ္မာပါဠိတော်၌ ဝိပဿနာမဂ် အပါအဝင် လောကီမဂ္ဂင်ကို ငါးပါးသာ (ပဉ္စင်္ဂိကမဂ်သာ) ဟု ဟောတော်မူခြင်းသည် ကိစ္စအထူးကို ပြလိုသောကြောင့် ဟောတော်မူခြင်း ဖြစ်သည်။

ကိစ္စအထူးဟူသည်ကား- မဂ္ဂင်ရှစ်ပါးတို့တွင် သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ-မဂ္ဂင်တို့သည် ရှုမှတ်ခြင်းစသော အလုပ်ကို ကိုယ်တိုင် လုပ်ကြသော "ကာရကမဂ္ဂင်" များ ဖြစ်ကြ၏။ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟူသော သီလမဂ္ဂင်သုံးပါးတို့ကား ရှုမှတ်ခြင်းစသော အလုပ်ကို သမ္မာဒိဋ္ဌိ စသည်တို့အား လုပ်စေသော (စေခိုင်းသော) "ကာရာပကမဂ္ဂင်" များ ဖြစ်ကြ၏။

ပုဂ္ဂိုလ်တစ်ယောက်သည် ဘုရားဂုဏ်တော်ပွားများခြင်း, တရားစာပေတို့ကို စိတ်ဝင်တစား လေ့လာမှတ်သားခြင်း, စေတီယင်္ဂဏဝတ် ဗောဓိယင်္ဂဏဝတ် သေနာသနဝတ်များကို ပြုလုပ်ခြင်းစသည်ဖြင့် ကောင်းမြတ်သော ကုသိုလ်အလုပ်တို့ကို လုပ်နေပြီဆိုလျှင် မိစ္ဆာကမ္မန္တကို ပယ်၍ သမ္မာကမ္မန္တကို ပြည့်စေသည်

မည်၏။ ဘုရားဂုဏ်တော်ပွားခြင်း စသော အလုပ်သည် မကောင်းသောအလုပ် (မိစ္ဆာကမ္မန္တ) မဟုတ်ဘဲ ကောင်းသောအလုပ် (သမ္မာကမ္မန္တ) ဖြစ်၏။ ထို ကောင်းသောအလုပ်ကို လုပ်နေခိုက် (ကာယဒုစရိုက်စသော ဝိရမိတဗ္ဗဝတ္ထုတို့နှင့် မတွေ့ကြုံရသော်လည်း ထိုကာယဒုစရိုက် စသည်မှ ရှောင်ကြဉ်ခြင်း ဝိရတီ သဘောရှိသောကြောင့်) သမ္မာကမ္မန္တဖြစ်သည်ဟု ဆိုရသည်။

ဤသို့ ကောင်းသောအလုပ်ကို လုပ်နေခြင်းဖြင့် သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယမ, သမ္မာသတိ, သမ္မာသမာဓိဟူသော မဂ္ဂင်ငါးပါးတို့၌သမ္မာကမ္မန္တမဂ္ဂင် ပေါင်းစပ်ပြည့်စုံလာတော့သည်။ မကောင်းသောဒုစရိုက် အလုပ်မှ ရှောင်ကြဉ်ခြင်း ဝိရတီ၏အစွမ်းဖြင့် သမ္မာကမ္မန္တမဂ္ဂင်သည်လည်း ပြည့်လာတော့၏။ သမ္မာဝါစာ မဂ္ဂင် သည်လည်း မကောင်းစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်သောအားဖြင့် လည်းကောင်း၊ သမ္မာအာဇီဝ သည်လည်း ထိုကုသိုလ်စိတ်ဖြစ်ခိုက် အသက်မွေး စင်ကြယ်နေသဖြင့် မိစ္ဆာဇီဝမှ ရှောင်ကြဉ်သောအားဖြင့် လည်းကောင်း ဆိုခဲ့ပြီး သော သမ္မာဒိဋ္ဌိစသော မဂ္ဂင်ငါးပါးတို့၌ ပြည့်စုံပါဝင်လာသောကြောင့် သီလမဂ္ဂင် သုံးပါးလုံး ပါဝင်နေပေသည်။

"တံ ကိစ္စန္တရံ ဒဿေတုံ=ထိုကိစ္စအထူးကို ပြခြင်းငှာ" ဟူသော စကားရပ်၌ ကိစ္စအထူးဟူသည် သီလမဂ္ဂင် သုံးပါး (ဝိရတီသုံးပါး)တို့၏ ထိုသို့ အထူးပြုတတ် သော ကိစ္စ (မဂ္ဂင်ငါးပါးတို့၌ သမ္မာကမ္မန္တမဂ္ဂင် စသည်ကို ပေါင်းစပ် ပါဝင်စေခြင်း ကိစ္စ) ကို ဆိုလိုပေသည်။

သမ္မာဒိဋ္ဌိစသော မဂ္ဂင်ငါးပါးတို့သည် ကာရကမဂ္ဂင် ကိုယ်တိုင်ရှုမှတ်ကြသော အလုပ်သမားမဂ္ဂင်ဖြစ်လျှင် ယင်းတို့ကို စေခိုင်းသော ကာရာပကမဂ္ဂင်တို့ကား သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟူသော သီလမဂ္ဂင်သုံးပါးပင်ဖြစ်ပေသည်။ သီလမဂ္ဂင်၌တည်၍ သမာဓိ, ပညာတို့ကို ပွားစေရသည်ဖြစ်ရာ သီလမဂ္ဂင်သုံးပါး သည် သမာဓိမဂ္ဂင်, ပညာမဂ္ဂင်တို့ ဖြစ်ပွားရာ၌ အခြေခံ အကြောင်းတရားအဖြစ် ဖြင့် ပါဝင်နေသည်သာ ဖြစ်သည်။ ကာရကမဂ္ဂင် (အလုပ်သမားမဂ္ဂင်)တို့၏ လှုပ်ရှားမှု လုပ်ဆောင်မှု မှန်သမျှသည် ကာရာပကမဂ္ဂင်ဟု ဆိုအပ်သော သီလ မဂ္ဂင်သုံးပါး (ဝိရတီသုံးပါး)တို့၏ အစွမ်းသတ္တိနှင့် မကင်းသောကြောင့် လောကီ မဂ္ဂင်ကို အဋ္ဌင်္ဂိကမဂ်ဟု ဟောတော်မူခြင်းဖြစ်သည်။

"ပုဗ္ဗေဝ ခေါ ပနဿ ကာယကမ္မံ ဝစီကမ္မံ အာဇီဝေါ စ သုပရိသုဒ္ဓေါ ဟောတိ"

ဟူသော စကားတော်၏ ဆိုလိုရင်းမှာလည်း "ထိုဝိပဿနာမဂ္ဂမိကပင် ကာယကံ, ဝစီကံ, အသက်မွေးမှု စင်ကြယ်အောင် သီလကို ဆောက်တည်ပြီးသောကြောင့် (ဝါ) သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝမဂ္ဂင်တို့ ကြိုတင် ဖြစ်နေပြီး ဖြစ်သောကြောင့် ဝိပဿနာဉာဏ်ဖြစ်ဆဲအခိုက်၌လည်း ကာယကံ, ဝစီကံ, အသက်မွေးမှုတို့သည် သာ၍ စင်ကြယ်နေသည်။ ဒုစရိုက်, ဒုရာဇီဝတို့မှ ကင်းစင်နေသောကြောင့် ဝိရတီသဘောသို့ သက်ရောက်နေသည်။ ထို့ကြောင့် သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့ ဖြစ်နေသည်သာ" ဟု ဆိုလိုပေသည်။

ယင်းသို့ သုတ္တန်ပါဠိတော်တို့၌ လောကီမဂ်ကို အဋ္ဌင်္ဂိကမဂ်ဟု ဟောပါလျက် အဘိဓမ္မာပါဠိတော်များ၌ ပဉ္စင်္ဂိကမဂ်ဟု ဟောတော်မူခြင်းမှာ ပြဆိုအပ်ခဲ့ပြီးသော ကိစ္စအထူးကို ပြလိုသောကြောင့် ဟောတော်မူခြင်းဖြစ်သည်။

ထို့ပြင် သီလမဂ္ဂင်ဟူသော ဝိရတီစေတသိက်တို့သည် ကာယကံ, ဝစီကံ, အသက်မွေးမှုတို့ကို စင်ကြယ်အောင် အထူးမပြုဘဲ (ဝါ) သီလကို အထူးတလည် မဆောက်တည်ဘဲ မိဘကို ပြုစုခြင်း, သားသမီးတို့ကို မေတ္တာဖြင့် မွေးမြူ စောင့်ရှောက်ခြင်း, ရပ်ရေးရွာရေး အများကောင်းစားရေး လုပ်ငန်းတို့ကို ဆောင်ရွက်ခြင်းစသော ကာမဝစရကုသိုလ်များကို ပြုရာ၌ (ထိုဝိရတီ စေတသိက်တို့) မပါဝင်နိုင်ပေ။

ဤသို့ မဟာကုသိုလ်စိတ်ဖြစ်တိုင်း ဝိရတီစေတသိက်တို့ မပါဝင်နိုင်။ ကာယကံ, ဝစီကံ, အသက်မွေးမှုတို့ကို စင်ကြယ်အောင်ပြုရာ, ထိုသို့ စင်ကြယ်အောင်ပြုပြီး သမထ, ဝိပဿနာတရားတို့ကို အားထုတ်ရာကာလစသည်တို့၌သာ ဝိရတီစေတသိက်တို့ ပါဝင်နိုင်ပေသည်။ ဤသို့ ကာမဝစရကုသိုလ်ဖြစ်တိုင်း ဝိရတီတို့ အမြဲမပါနိုင်သောကြောင့် အမြဲပါဝင်သော မဂ္ဂင်တို့ကိုသာ ရည်ရွယ်၍ အဘိဓမ္မာပါဠိတော်များ၌ လောကီမဂ်ကို "ပဉ္စင်္ဂိကမဂ်"ဟု ဟောတော်မူခြင်း ဖြစ်ပေသည်။

**သမ္မာဒိဋ္ဌိငါးမျိုး**

ထိုမှတပါး ဤပဉ္စင်္ဂိက, အဋ္ဌင်္ဂိကအဖြစ်ကို သမ္မာဒိဋ္ဌိငါးမျိုးဖြင့်လည်း လေ့လာသင့်ပေသည်။

ပြည့်စုံမှု (သမ္မာဒိဋ္ဌိ)သည် (၁) အာယူဟနသမ္မာဒိဋ္ဌိ, (၂) စေတနာသမ္မာဒိဋ္ဌိ, (၃) ကမ္မသမ္မာဒိဋ္ဌိ, (၄) ဝိပါကသမ္မာဒိဋ္ဌိ, (၅) ဥပဋ္ဌာနသမ္မာဒိဋ္ဌိ-ဟု ငါးမျိုးရှိသည်။

ထိုငါးမျိုးတို့တွင်-

ယာဝ ပန အရဟတ္တံ န ပါပုဏာတိ၊ တာဝ သဗ္ဗေပိ သတ္တာ ပုဗ္ဗေ ဥပစိတံ ဝိပါကာရဟံ ကမ္မံ သန္ဓာယ ကမ္မသမင်္ဂိနောတိ ဝုစ္စန္တိ။ ဧသော ကမ္မသမင်္ဂိတာ။ (အဘိ၊ ဋ္ဌ၊ ၂။ ၄၁၉)

ဟူသော အဋ္ဌကထာအရ ဝိပဿနာဉာဏ်ဖြစ်ဆဲအခိုက်၌ ဝိရတီ (သီလမဂ္ဂင်) သုံးပါး ဖြစ်ဆဲမရသော်လည်း ဝိပဿနာတရား အားမထုတ်မီ ရှေ့အဖို့က ကာယကံ, ဝစီကံ, အသက်မွေးမှု စင်ကြယ်အောင် သီလကို ကြိုတင်ဖြည့်ကျင့် ထိန်းသိမ်းခဲ့ရသောကြောင့် ကမ္မသမင်္ဂီအားဖြင့် (ဝိပဿနာဉာဏ်ဖြစ်ဆဲအခိုက်၌) သီလမဂ္ဂင်သုံးပါးရှိနေသည်ဟု ဆိုနိုင်သည်။ ဝိပဿနာမဂ်ကို အဋ္ဌင်္ဂိကမဂ်ဟု ဆိုလိုသည်။

ကုသလာကုသလကမ္မာယူဟနက္ခဏေ အာယူဟနသမင်္ဂိတာတိ ဝုစ္စတိ၊ တထာ စေတနာသမင်္ဂိတာ။"(အဘိ၊ ဋ္ဌ၊ ၂။ ၄၁၉)

ဟူသော ဖွင့်ဆိုချက်အရ ဝိပဿနာဉာဏ်ဖြစ်ဆဲခဏ၌ (ဝိပဿနာဉာဏ်နှင့် အာရုံချင်းမတူ၍) သီလမဂ္ဂင် ဝိရတီသုံးပါး ဖြစ်ခွင့်မရပေ။ ဤသို့ အာယူဟနသမင်္ဂီ, စေတနာသမင်္ဂီအားဖြင့် ဝိပဿနာဉာဏ်ဖြစ် ဆဲအခိုက်၌ သီလမဂ္ဂင် ဝိရတီသုံးပါး မရသောကြောင့် ဝိပဿနာမဂ်ကို ပဉ္စင်္ဂိကမဂ်ဟု ဆိုလေသည်။

## အထူးသတိပြုရန်

ဤသို့ ဝိပဿနာမဂ်သည် ပဉ္စင်္ဂိကမဂ်ဟု ဆိုသောကြောင့် ဝိပဿနာဉာဏ် ဖြစ်နေသော ယောဂီပုဂ္ဂိုလ်၌ သီလမရှိဟုလည်းကောင်း၊ ဝိပဿနာအားထုတ် လိုသောပုဂ္ဂိုလ်များသည် သီလကို ထိန်းသိမ်း စောင့်ရှောက်စရာ မလိုဟု လည်းကောင်း မဆိုရပေ။ ပြဆိုခဲ့ပြီးတိုင်း ဝိပဿနာမရှုမှတ်မီ သီလဝိသုဒ္ဓိ ဖြစ်အောင် ကြိုတင်ထိန်းသိမ်း စောင့်ရှောက်ခဲ့ရသော သီလသည် ဝိပဿနာဉာဏ် ဖြစ်ဆဲအခိုက်၌ ပို၍ သန့်ရှင်းစွာ တည်ရှိနေပေသည်။

ဤသဘောကို မသိကြသော သုတနည်းသူ ပုဂ္ဂိုလ်အချို့သည် ဝိပဿနာ ရှုလိုသူတို့ သီလကို ထိန်းစရာမလို၊ သီလသည် လိုရင်းမဟုတ်၊ ဝိပဿနာဉာဏ်ဖြစ် ရေးသာ လိုရင်းဖြစ်သည်ဟု အယူအဆ မှားယွင်းလျက်ရှိကြလေသည်။

ဝိပဿနာဖြစ်နေသော ပုဂ္ဂိုလ်၏သန္တာန်၌ ဤဝိရတီသီလများသာ တည်သည် မဟုတ်။ မတွေ့မကြုံမဆုံသေးသော ဒုစရိုက်, ဒုရာဇီဝတို့မှ ရှောင်ကြဉ်အံ့ဟူသော

စေတနာသီလ၊ ဒွါရခြောက်ပါးမှ ဝင်ရောက်လာသော အာရုံများနှင့် စပ်လျဉ်း၍ ကိလေသာများမဖြစ်အောင် ဣန္ဒြေတို့ကို ထိန်းသိမ်းစောင့်စည်းရသော ဣန္ဒြိယသံဝရသီလ၊ တရားအားထုတ်စဉ် ညောင်းညာပင်ပန်းမှုတို့ကို အောင့်အည်းသည်းခံရသော ခန္တိသံဝရသီလ၊ ကာမဝိတက်စသည် ဖြစ်ပေါ်လာပါက ယင်းတို့ကို ဝိပဿနာဉာဏ်ဖြင့် ကျိတ်ချေဖျက်ဆီး၍ ပျောက်ကင်းအောင် ကြိုးစားရသော ဝီရိယသံဝရသီလတို့လည်း တည်လျက်ရှိပေသည်။

ဝိပဿနာတရားတို့ကို ကြိုးစားအားထုတ်သော ယောဂီပုဂ္ဂိုလ်တိုင်း ဤသီလများ ဖြစ်ပွားလျက် ရှိသည်သာဖြစ်ပေသည်။ ထို့ကြောင့် ဝိပဿနာရှုပွားနေသော ယောဂီ၏ သန္တာန်၌ သီလများ အထူးပြည့်စုံနေသည်ဟု ဆိုရ ပေသည်။

သီလဝိသုဒ္ဓိဟူသော သီလစင်ကြယ်မှု မရှိဘဲ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိတို့ မဖြစ်နိုင်ပေ။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိတို့ မဖြစ်ဘဲ ဉာဏဒဿနဝိသုဒ္ဓိဟု ဆိုအပ်သော မဂ်ဉာဏ်များ မဖြစ်ပေါ်နိုင်ပေ။ ထို့ကြောင့်-

သာသနေ ကုလပုတ္တာနံ၊ ပတိဋ္ဌာ နတ္ထိ ယံ ဝိနာ။
အာနိသံသပရိစ္ဆေဒံ၊ တဿ သီလဿ ကော ဝဒေ။

"သာသနာတော်၌ ကောင်းကျိုးလိုလား အမျိုးသား အမျိုးသမီးတို့အတွက် သမာဓိ+ပညာ တတ်ရေးအတွင် သီလကို ကြဉ်ဖယ်ထား၍ မဖြစ်၊ သီလသည် သမာဓိ+ပညာ ဖြစ်ပေါ်ရေးတွင် အခြေခံ ပဓာနထောက်တည်ရာ ဖြစ်သည်" ဟု လည်းကောင်း၊

ဣဓလောကပရလောကသမ္ပတ္တီနဉ္စ သီလသဒိသော အဝဿယော ပတိဋ္ဌာ (ပ) နတ္ထိ။

"ဤလောကချမ်းသာ၊ တမလွန်လောကချမ်းသာတို့အတွက် သီလနှင့်တူသော ထောက်တည်ရာ အားကိုးရာမည်သည်မရှိ " ဟုလည်းကောင်း-ကျမ်းဂန်တို့၌ မိန့်ဆိုပေသည်။

## ဆုံးဖြတ်ချက်

ဤဆိုအပ်ခဲ့ပြီးသော အကြောင်းအချက်တို့ကို ထောက်ဆ၍ ဝိပဿနာမဂ် (ပုဗ္ဗဘာဂမဂ်) ကို အင်္ဂါငါးပါးရှိသော ပဉ္စင်္ဂိကမဂ်ဟုလည်းကောင်း၊ အင်္ဂါရှစ်ပါး ရှိပါးရှိသော အဋ္ဌင်္ဂိကမဂ်ဟုလည်းကောင်း ဟောပြောခြင်းသည် ဘုရားဟော ဒေသနာတော်များနှင့် ညီညွတ်ကြောင်း ဆုံးဖြတ်တော်မူကြသည်။

**အမှတ်(၁၁)စောဒနာ စိစစ်ချက်**
**(သမာဓိဟာ အလကားဟု ဟောပြောခြင်း)**

ဩော်. . သမာဓိက အလကားဘဲ။ ပညာကမှ ကိလေသာလွတ်စေနိုင်တယ်။
(အမှတ်စဉ်-၃၅၊ နှာ-၄၅၂)

သမာဓိက နိဗ္ဗာန်မရောက်။ ပညာကမှ (နိဗ္ဗာန်ရောက်ပါတယ်)။
(အမှတ်စဉ်၃၅၊ နှာ-၄၅၅)

ရှေးက ဝိပဿနာဉာဏ်သာ အားထုတ်၊ နောက်က နိဗ္ဗာန်ဖြစ်တဲ့ မဂ်ဉာဏ် ပေါ်လာလိမ့်မယ်တဲ့ကွ။ (ပ) သမာဓိပါသေးသလား။ ( မပါပါဘူး)။ အဲ သမာဓိကို မပါဘူး။ ကိုယ်တော်တိုင် ဟောတဲ့ ပါဠိဆိုတာ ဦးသွင် မှတ်ဖို့ဘဲ။ (မှန်ပါ)။ (အမှတ်စဉ်-၃၅၊ နှာ-၄၆၉/၄၇၀)

ငါဘုရား သာသနာတော်မှာ သမာဓိကို အနှစ်သာရထားတာ မဟုတ်ဘူး။ သမာဓိအကျိုးကြောင့် နိဗ္ဗာန်ရလိမ့်မယ်လို့လဲ ငါမဟောဘူး။ (ပ) ဝိပဿနာကြောင့်သာ နိဗ္ဗာန်ရောက်လိမ့်မယ်လို့ ငါဟောတယ်။ ဒါ ထည့်ပြပြန်တယ်။ ဒါ အဋ္ဌကထာအာဘော်နော်။ (အမှတ်စဉ်။၃၅၊ နှာ-၄၇၅)

ဒါကြောင့် ဒကာ ဒကာမတွေ လာတဲ့အခါ 'ဖြစ်မှု ပျက်မှု ရှုပေး' ဆိုပြီးသကာလ အားပေးလိုက်တယ်။ သမာဓိကို အထူး အားမပေးတော့ဘူး။
(အမှတ်စဉ်။၃၅၊ နှာ-၄၇၅)

မိုးကုတ်ဆရာတော်ကြီးဦးဝိမာလ၏ အထက်ဟောပြောချက်တို့သည် အစွန်းတစ်ဖက်သို့ ရောက်သော ဟောပြောချက်များ၊ အသိတရား လွဲမှား သွားစေနိုင်သော ဟောပြောချက်များ ဖြစ်သည့်အပြင် "ငါ ဘုရား သာသနာတော်မှာ သမာဓိကို အနှစ်သာရထားတာ မဟုတ်ဘူး" ဟု အဋ္ဌကထာဆရာက မပြောပါဘဲ သာသနာတော်မှာ သမာဓိကို အနှစ်သာရထားတာမဟုတ်ဘူး"ဟု အဋ္ဌကထာဆရာက ပြောသည်ဟု ဟောကြားခြင်းတို့သည် သမာဓိကို ပစ်ပယ်ရှုတ်ချ၍ ဟောခြင်းဖြစ်သောကြောင့် အဓမ္မဝါဒဟု ဆုံးဖြတ်ပေးပါရန်နှင့် သမာဓိကို ရှုတ်ချသော ပစ်ပယ်သော စကားများကို မိုးကုတ်ဆရာတော်ကြီး၏ ဟောတရားများမှ တစ်လုံးမကျန် ပယ်ရှားစေဖို့ ဆုံးဖြတ်ပေးရန် စောဒကဆရာတော်က စောဒနာ အမှတ် (၁၁)အဖြစ် တင်သွင်းခဲ့လေသည်။

---

စုဒိတကဆရာတော်တို့ကလည်း မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်

တို့သည် ဘုရားဟောဒေသနာတော်များနှင့် ညီညွတ်သော ဓမ္မဝါဒများ ဖြစ်ကြောင်း အကိုးသာဓကတို့ဖြင့် တင်ပြကြလေသည်။

ဤအမှတ်(၁၁) စောဒနာဖြစ်ပေါ်စေသော "သမာဓိဟာ အလကားဘဲ" ဟူသော မိုးကုတ်ဆရာတော်ကြီး၏ ဟောပြောချက်တို့သည် နိဒါနဝဂ္ဂသံယုတ် ပါဠိတော် နိဒါနသံယုတ်၊ သုသိမသုတ်ကို အခြေခံ၍ ဖြစ်ပေါ်လာခြင်းဖြစ်ရာ သုသိမသုတ်ကို အကျဉ်းချုပ် လေ့လာသင်ပေသည်။

## သုသိမသုတ်

ဘုရားရှင် ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် ဘုရားရှင်နှင့် တပည့်သံဃာတော်များအား ဒကာ ဒကာမများက လွန်စွာကြည်ညိုလေးမြတ်ကြပြီး ပစ္စည်းလေးပါးကို သဒ္ဓါထက်သန်စွာ လှူဒါန်းကြသောကြောင့် ပစ္စည်းလေးပါးပေါများကြသည်။ တိတ္ထိပရိဗိုဇ်တို့မှာမူ ရိုသေလေးစားမှု မခံရသဖြင့် ပစ္စည်းလေးပါး ရှားပါးကြလေသည်။

ပရိဗိုဇ်တပည့် များစွာရှိသော သုသိမပရိဗိုဇ်ကို တပည့်များက "အရှင်ဂေါတမထံ ပညာသင်ပြီး လူတွေကို ဟောပြောလျှင် လာဘ်ပေါများနိုင်ကြောင်း" ပြောကြသဖြင့် သုသိမပရိဗိုဇ်ကိုယ်တိုင် ဘုရားရှင်ထံ လာရောက်၍ ရဟန်းပြုခွင့်တောင်းသည်။ ပါရမီပြည့်နေသူ ဖြစ်ကြောင်း သိသဖြင့် ဘုရားရှင်က ရဟန်းပြုပေးသည်။

ဝါမဆိုမီ ဘုရားထံ တရားတောင်း၍ အားထုတ်ကြသော ရဟန်းတို့သည် ဝါကျွတ်သောအခါ ဘုရားထံလာပြီး မိမိတို့ရရှိသော အရဟတ္တဖိုလ်ကို လျှောက်ကြားကြသည်။

သုသိမရဟန်းက ထိုအကြောင်းကို စိတ်ဝင်စားပြီး ထိုရဟန္တာမထေရ်များထံ ချဉ်းကပ်ကာ ဣဒ္ဓိဝိဓစသောအဘိညာဉ်တန်ခိုးများ ရပါရဲ့လားဟု မေးလျှောက်ရာ ရဟန္တာများက "ငါတို့သည် ပညာဖြင့်သာ ကိလေသာ လွန်မြောက် ကြသူများဖြစ်သည်" ဟု ဖြေကြသည်။ သုသိမ နားမလည်ပေ။

သုသိမရဟန်းက ဘုရားထံ သွားရောက်၍ လျှောက်ထားရာ ဘုရားရှင်က "ပုဗ္ဗေ ခေါ သုသိမ ဓမ္မဋ္ဌိတိဉာဏံ၊ ပစ္ဆာ နိဗ္ဗာနေ ဉာဏံ=သုသိမ ဝိပဿနာဉာဏ်က ရှေးဦးစွာ ဖြစ်သည်။ နိဗ္ဗာန်ကို သိမြင်သော မဂ်ဉာဏ်က နောက်မှဖြစ်သည်"ဟု မိန့်တော်မူရာ သုသိမရဟန်း နားမလည်ပြန်ပေ။

နောက်ပိုင်းတွင် ဘုရားရှင်က အနတ္တလက္ခဏသုတ်ဒေသနာတော်အတိုင်း ခန္ဓာငါးပါး၏ အနိစ္စ, ဒုက္ခ, အနတ္တဖြစ်ပုံ၊ ထိုခန္ဓာငါးပါးကို တဏှာ, မာန, ဒိဋ္ဌိဖြင့် မစွဲလမ်းထိုက်ပုံတို့ကို ဟောကြားတော်မူရာ ထို တေပရိဝဋ္ဋဒေသနာတော်အဆုံး၌ ရဟန်းတော် အရှင်သုသိမ ရဟန္တာဖြစ်လေ၏။

ဤ သုသိမသုတ်ပါဠိတော်၌ "သမာဓိသည် အလကား၊ အသုံးမကျ" ဟူ၍ **ဘုရားဟောကြားချက် မရှိပါပေ။** ရဟန္တာဖြစ်လျှင် တန်ခိုးအဘိညာဉ်ရသည်ဟု အထင်ရှိနေပုံရသော သုသိမရဟန်းက "အရှင်ဘုရားတို့ ဣဒ္ဓိဝိဓအဘိညာဉ် စသော တန်ခိုးအဘိညာဉ်များကို အရှင်ဘုရားများ ရကြပါသလား" ဟု မေးမြန်းသောအခါ ရဟန်းတော်များက "မရကြကြောင်း၊ ပညာဖြင့်သာ ကိလေသာမှ လွန်မြောက်ခဲ့ရကြောင်း" ဖြေကြားတော်မူကြသည်။

ရဟန်းတော်များက "ပညာဝိမုတ္တာ ခေါ မယံ အာဝုသော" ဟူ၍ ဖြေကြားသော စကားကို အဋ္ဌကထာဆရာက-

"ပညာဝိမုတ္တာ ခေါ မယံ အာဝုသောတိ အာဝုသော မယံ နိဇ္ဈာနကာ သုက္ခဝိပဿကာ ပညာမတ္တေနေဝ ဝိမုတ္တာတိ ဒဿေတိ"

ဟု ဖွင့်တော်မူသည်။

ဤ၌ ပညာဝိမုတ္တာကို "ပညာမတ္တေနေဝ ဝိမုတ္တာ" ဟု ဖွင့်ရာ "ပညာမတ္တေနေဝ-ပညာဖြင့်သာလျှင်" ဟူသောစကားသည် "ငါတို့သည် ပညာမျှ ဖြင့်သာ ကိလေသာမှ လွတ်မြောက်ခဲ့ကြရသည်၊ သမာဓိဖြင့် ကိလေသာမှ လွတ်မြောက်ခဲ့ ကြသူများမဟုတ်" ဟု ဆိုရာရောက်သည်။

မှန်၏။ ရဟန္တာပုဂ္ဂိုလ်တို့သည် (၁) ဥဘတောဘာဂဝိမုတ္တရဟန္တာ (၂) ပညာဝိမုတ္တရဟန္တာ-ဟု နှစ်မျိုးရှိသည်။(အဘိ၊ ၃။ ၁၈၄ အံ၊ ၂။ ၄၀၃-စသည်) ထိုတွင် ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ်ဟူသည် အရူပဈာန်တို့ကို ဝင်စား၍ ထိုဈာန်မှ ထပြီး ထိုဈာန်၌ဖြစ်သော သင်္ခါရတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဝိပဿနာရှုပြီး ရဟန္တာဖြစ်လာသော ပုဂ္ဂိုလ်နှင့် နိရောဓသမာပတ်မှ ထပြီး ရဟန္တာဖြစ်လာသူဟု ငါးမျိုးရှိသည်။ အကျဉ်းချုပ်လျှင် ဈာန်လည်းရ+ရဟန္တာလည်းဖြစ်သော အရူပဈာန လာဘီရဟန္တာပုဂ္ဂိုလ်များကို ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ်ဟု ခေါ်သည်။

ဈာန်မရဘဲ ရဟန္တာဖြစ်လာကြသည့် သုက္ခဝိပဿကရဟန္တာပုဂ္ဂိုလ်များကို ပညာဝိမုတ္တပုဂ္ဂိုလ် ဟု ခေါ်သည်။

ဤသို့ နှစ်မျိုးရှိသည့်အနက် ဤသုသိမသုတ်လာ ရဟန္တာများကား ဈာန်မရသော သုက္ခဝိပဿကရဟန္တာများဖြစ်၍ ပညာဝိမုတ္တရဟန္တာများသာ ဖြစ်သည်။ ဤသည်ကို ရည်ရွယ်၍ "ပညာဝိမုတ္တာ ခေါ မယံ အာဝုသော" ဟု ဖြေဆိုကြခြင်းဖြစ်သည်။ မိုးကုတ်ဆရာတော်ကြီးနှင့် စုဒိတကဆရာတော်တို့ ယူဆသကဲ့သို့ သမာဓိကို အလကား-ဟုပြောလိုသောကြောင့် ယင်းသို့ဖြေဆိုခြင်း မဟုတ်ပေ။

ထို့ပြင် သုသိမသုတ်အဋ္ဌကထာ၌လာသော (စုဒိတကဆရာတော်တို့ ကိုးကားပြသော) "အာဇာနေယျာသိဝါတိအာဒိ ကသ္မာ ဝုတ္တံ? ဝိနာပိ သမာဓိံ ဧဝ ဉာဏုပ္ပတ္တိဒဿနတ္ထံ" ဟူသော စကားသည်လည်း စုဒိတကဆရာတော်တို့ ယူဆသကဲ့သို့ ပညာဖြင့်သာ ရဟန္တာဖြစ်နိုင်သည်၊ သမာဓိဖြင့် ရဟန္တာမဖြစ်နိုင်-ဟူသော အဓိပ္ပါယ်ကို ဆိုလိုသည် မဟုတ်။ "ဝိနာပိ သမာဓိံ-သမာဓိကို ကြဉ်၍လည်း ဉာဏ်ဖြစ်နိုင်၏"ဟု (ဝိနာပိ-ဟု) အပိ-သဒ္ဒါဖြင့် ဆိုသောကြောင့် ဥဘတောဘာဂဝိမုတ္တရဟန္တာများကဲ့သို့ သမာဓိကို အခြေခံ၍လည်း ရဟန္တာဖြစ်နိုင်သည်-ဟူသော အနက်အဓိပ္ပါယ်ကိုသာ ဆိုလိုသည်။

## သမာဓိလည်း အရေးကြီးသည်

စုဒိတကဆရာတော်တို့က သံယုတ်အဋ္ဌကထာလာ-

**"သုသိမ မဂ္ဂေါ ဝါ ဖလံ ဝါ နသမာဓိနိဿန္ဒော, န သမာဓိအာနိသံသော, န** သမာဓိဿ နိပ္ဖတ္တိ၊ ဝိပဿနာယ ပနေသော နိဿန္ဒော, ဝိပဿနာယ အာနိသံသော, ဝိပဿနာယ နိပ္ဖတ္တိ" (သံ၊ ဋ၊ ၂။ ၁၁၇)

ဟူသော ဖွင့်ဆိုချက်အရ မဂ်, ဖိုလ်ရရေး၌ သမာဓိသည်လိုရင်းမဟုတ်၊ မဂ်, ဖိုလ်သည် သမာဓိ၏ အကျိုးရင်းလည်းမဟုတ်၊ အကျိုး ဖျားလည်းမဟုတ်။ ဝိပဿနာ၏အကျိုးသာ ဖြစ်သည်။ ဝိပဿနာသာ လိုရင်း ဖြစ်သည်။ ထို့ကြောင့် သမာဓိကို အလကားဟု ဆိုထိုက်ကြောင်း တင်ပြကြ လေသည်။

ဤနေရာ၌ သံယုတ်အဋ္ဌကထာ၏ အထက်ပါ ဖွင့်ဆိုချက်သည် အရာဌာန အားလုံးနှင့် ဆက်ဆံသော (ဝါ) အရာဌာနအားလုံးကို ခြုံငုံမိသော အဖွင့်ဟု ဆိုနိုင်မည် မထင်ပေ။ ရဟန္တာဖြစ်ကြခဲ့သော ဤသုသိမသုတ်လာ ရဟန်းတော်များ၏ အခြေအနေကိုဖော်ပြသော ဖွင့်ဆိုချက်ဖြစ်သည်ဟု ယူဆသင့်ပေသည်။ အရှင်သုသိမကိုယ်တိုင် ချည်းကပ်၍ အရှင်ဘုရားတို့ ဈာန်အဘိညာဉ် တန်ခိုး အမျိုးမျိုးကို ရကြပ့ါသလားဟု မေးလျှောက်ခံရသော ရဟန္တာများသည် သုက္ခ-ဝိပဿက ရဟန္တာများသာ ဖြစ်သောကြောင့် ထိုရဟန္တာအရှင်မြတ်တို့၏ မဂ်,ဖိုလ်

သည် သမာဓိ၏ အကျိုးမဟုတ်၊ ဝိပဿနာ၏အကျိုးသာ ဖြစ်သည်။ ဝိပဿနာတရားအားထုတ်ခဲ့သောကြောင့် မဂ်, ဖိုလ်ရခဲ့ခြင်းဖြစ်သည်။ သမာဓိ (ဈာန်-အဘိညာဉ်)တို့ကို ရခဲ့သောကြောင့် မဂ်, ဖိုလ်ကို ရခြင်းမဟုတ်ဟု သုက္ခဝိပဿက ရဟန္တာတို့၏ အနေအထားကိုဖွင့်ပြသော ဖွင့်ဆိုချက်သာ ဖြစ်သင့်သည်။

ထိုရဟန်းတော်များ ဈာန်အဘိညာဉ် တန်ခိုးအမျိုးမျိုးတို့ မရကြသော်လည်း ဝိပဿနာတရား အားထုတ်ကြသောကြောင့် ရဟန္တာဖြစ်ကြခြင်းဖြစ်သည်။ သင် (သုသိမ)သည်လည်း ဈာန်အဘိညာဉ် တန်ခိုးအမျိုးမျိုးကို မရသော်လည်း စိတ်အားမငယ်လင့်။ ဝိပဿနာတရား ကြိုးစားအားထုတ်လျှင် မဂ်ဉာဏ်, ဖိုလ်ဉာဏ် ဧကန်ရမည်ဟု အားပေးသောအားဖြင့် "အာဇာနေယျာသိ ဝါ တွံ သုသိမ၊ န ဝါ တွံ အာဇာနေယျတိ။ အထ ခေါ ဓမ္မဋ္ဌိတိဉာဏံ ပုဗ္ဗေ၊ ပစ္ဆာ နိဗ္ဗာနေ ဉာဏံ"ဟု မိန့်ကြားခြင်းဖြစ်သည်။

ဤသည်ကို ရည်ရွယ်၍-

"အာဇာနေယျာသိ ဝါတိအာဒိ ကသ္မာ ဝုတ္တံ? ဝိနာပိ သမာဓိံ ဧဝံ ဉာဏုပ္ပတ္တိဒဿနတ္ထံ။ ဣဒံ ဟိ ဝုတ္တံ ဟောတိ၊ သုသိမ မဂ္ဂေါ ဝါ ဖလံ ဝါ န သမာဓိနိဿန္ဒော, န သမာဓိအာနိသံသော, န သမာဓိဿ နိပ္ဖတ္တိ၊ ဝိပဿနာယ ပနေသော နိဿန္ဒော ဝိပဿနာယ အာနိသံသော, ဝိပဿနာယ နိပ္ဖတ္တိ၊ တသ္မာ ဇာနေယျာသိ ဝါ တွံ န ဝါ တွံ ဇာနေယျာသိ၊ အထ ခေါ ဓမ္မဋ္ဌိတိဉာဏံ ပုဗ္ဗေ၊ ပစ္ဆာ နိဗ္ဗာနေ ဉာဏန္တိ။ (သံ၊ ဋ္ဌ၊ ၂။ ၁၁၇)

ဟု ဖွင့်ဆိုခြင်း ဖြစ်ပေသည်။

ထိုထို ပါဠိတော်များ၌ ရဟန္တာဖြစ်ခန်းကို ဟောတော်မူရာတွင်-

"အာသဝါနံ ခယာ အနာသဝံ စေတောဝိမုတ္တိံ ပညာဝိမုတ္တိံ ဒိဋ္ဌေဝ ဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရတိ"

ဟု ဟောတော်မူလေ့ရှိသည်။

ဤ၌ ရဟန္တာသန္တာန်၌ဖြစ်သော ပဓာနတရားနှစ်ပါးကို စေတောဝိမုတ္တိ, ပညာဝိမုတ္တိဟူသော နှစ်ပုဒ်ဖြင့် ပြထားရာ စေတောဝိမုတ္တိဟူသည် ကိလေသာနီဝရဏတို့မှ ထွက်မြောက်သော အရဟတ္တဖိုလ် သမာဓိတည်း။ ပညာဝိမုတ္တိဟူသည် ကိလေသာနီဝရဏတို့မှ ထွက်မြောက်သော အရဟတ္တဖိုလ် ပညာတည်း။ ထို့တွင် စေတောဝိမုတ္တိသည် သမာဓိဖြစ်၍ ပညာဝိမုတ္တိဟူသည်

ပညာဖြစ်၏။ သမထ (သမာဓိ)ကို အခြေခံရှုပွား၍ ရလာသော အရဟတ္တဖိုလ်ကို စေတောသမာဓိ၊ ဝိပဿနာကို အခြေပြုရှုပွား၍ ရလာသော အရဟတ္တဖိုလ်ကို ပညာဝိမုတ္တိဟု ဆိုလိုပေသည်။ အများနားလည်သည့်စကားဖြင့် ပြောရလျှင် သမထယာနိကပုဂ္ဂိုလ်တို့ရသော အရဟတ္တဖိုလ်ကို စေတောဝိမုတ္တိ, ဝိပဿနာ-ယာနိကပုဂ္ဂိုလ်တို့ရရှိသော အရဟတ္တဖိုလ်ကို ပညာဝိမုတ္တိဟု ဆိုလိုပေသည်။

ထို့ကြောင့်-

"သမထဿ ဖလံ ရာဂဝိရာဂါ စေတောဝိမုတ္တိ၊ ဝိပဿနာယ ဖလံ အဝိဇ္ဇာဝိရာဂါ ပညာဝိမုတ္တိ" (နေတ္တိ၊ ၃၇)ဟု လည်းကောင်း၊

"ဣတိ ခေါ ဘိက္ခဝေ ရာဂဝိရာဂါ စေတောဝိမုတ္တိ အဝိဇ္ဇာဝိရာဂါ ပညာဝိမုတ္တီတိ။ အပိ စေတ္ထ သမထဖလံ စေတောဝိမုတ္တိ၊ ဝိပဿနာဖလံ ပညာဝိမုတ္တီတိ-"

(မ၊ ဋ္ဌ၊ ၁၆၉။ ဣတိဝုတ်၊ ဋ္ဌ။ ၂၄၁။ သာရတ္ထ။ ၃။ ၄၇၇)ဟု လည်းကောင်း ဟောကြားဖွင့်ဆိုတော်မူကြသည်။

စေတောဝိမုတ္တိ အရဟတ္တဖိုလ်သည် သမထ၏အကျိုးဖြစ်သည်။ ပညာ ဝိမုတ္တိ အရဟတ္တဖိုလ်သည် ဝိပဿနာ၏အကျိုးဖြစ်သည်။ ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော (အရဟတ္တဖိုလ်စိတ်နှင့် ယှဉ်သော) သမာဓိသည် သမထ၏ အကျိုးဖြစ်သည်။ ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော (အရဟတ္တဖိုလ်စိတ်နှင့် ယှဉ်သော) ပညာသည် ဝိပဿနာ၏ အကျိုးဖြစ်သည်ဟု ဆိုလိုသည်။

ထို့ပြင် အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် ယုဂနဒ္ဓသုတ်၌ (၁) သမထကို ရှေ့သွားပြု၍ ဝိပဿနာကိုပွားကာ မဂ်ကိုရသော ရဟန္တာပုဂ္ဂိုလ်။ (၂) ဝိပဿနာကို ရှေ့သွားပြု၍ သမထကိုပွားကာ မဂ်ကိုရသော ရဟန္တာပုဂ္ဂိုလ်။ (၃) သမထ ဝိပဿနာနှစ်ပါးကို အစုံပြု၍ပွားကာ မဂ်ကိုရသော ရဟန္တာပုဂ္ဂိုလ်-ဟု ရဟန္တာဖြစ်ခြင်း၏ အကြောင်း၌ သမထရော ဝိပဿနာပါ ပါဝင်ကြောင်း၊ သမထ ဝိပဿနာနှစ်မျိုးလုံးတွင် အရေးကြီးသော ပဓာနတရားများဖြစ်ကြောင်း ဟောတော်မူခဲ့သည်။ (အံ၊ ၁။ ၄၇၅)

ဤ၌ သမထကို ရှေ့သွားပြု၍ ဝိပဿနာကိုပွားကာ ရဟန္တာဖြစ်သော ပုဂ္ဂိုလ်ရှိသလို ဝိပဿနာကို ရှေ့သွားပြု၍ သမထကိုပွားကာ ရဟန္တာဖြစ်သော ပုဂ္ဂိုလ်လည်းရှိပေသည်။ သမထကို ရှေ့သွားပြုသည့် သမထယာနိက ပုဂ္ဂိုလ်ပင် ဖြစ်ဖြစ်၊ ဝိပဿနာကို ရှေ့သွားပြုသော ဝိပဿနာယာနိက ပုဂ္ဂိုလ်ပင် ဖြစ်ဖြစ်

မဂ်ကိုရသောအခါ ဝိပဿနာဉာဏ် (ဝိပဿနာမဂ်)က ရှေ့ဦးစွာဖြစ်၍ အရိယမဂ် (လောကုတ္တရာမဂ်)က နောက်မှဖြစ်ပေသည်။ ဤသည်ကို ရည်ရွယ်၍ "ပုဗ္ဗေ ခေါ သုသိမ ဓမ္မဋ္ဌိတိဉာဏံ၊ ပစ္ဆာ နိဗ္ဗာနေ ဉာဏံ"ဟု ဟောတော်မူခြင်းဖြစ်သည်။ သမာဓိ-အရေးမပါ အရာမရောက် အသုံးမကျ အလကားဖြစ်၍ ယင်းသို့ ဟောခြင်းမဟုတ်ပေ။

"သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ယထာဘူတံ ပဇာနာတိ။"
(သံ၊ ၂။ ၁၂။ သံ၊ ၃။ ၃၆၃)

ဟူသော မြတ်ဗုဒ္ဓ၏ ဒေသနာတော်သည်လည်း သမာဓိ မည်မျှအရေးကြီးကြောင်း ဖော်ပြနေပေသည်။ မှန်ကန်သော အသိဉာဏ် (ဝိပဿနာဉာဏ်) ဖြစ်ရေးတွင် သမာဓိမပါ၍ မဖြစ်ကြောင်း၊ သမာဓိအား ကောင်းမှ ရုပ်+နာမ်တို့၏ အဖြစ်မှန် သဘာဝကို သိမြင်နိုင်ကြောင်း ပြဆိုနေပေသည်။ ထို့ကြောင့် မဂ္ဂါမဂ္ဂ ဉာဏ ဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဟူသော ဝိပဿနာဉာဏ် ဖြစ်ပေါ်လာရေးနှင့် ဉာဏဒဿနဝိသုဒ္ဓိဟူသော မဂ်ဉာဏ်ဖြစ်ပေါ်ရေးတွင် စိတ္တဝိသုဒ္ဓိဟူသော ဥပစာရသမာဓိ, အပ္ပနာသမာဓိ တို့ မပါဘဲ မဖြစ်ပေ။ သို့ရာတွင် သမာဓိသည် ပညာ၏နောက်လိုက်၊ သမာဓိ သည် မဂ်, ဖိုလ် ရရေးတွင် အရေးကြီးသော တရားမဟုတ်-ဟူသော စကားတို့သည် ဘုရားဟောဒေသနာ တို့ကို ပျက်ရယ်ပြုသကဲ့သို့ ဖြစ်ပေသည်။

ထို့ပြင် မိုးကုတ်ဆရာတော်ကြီး၏ "ဒါကြောင့် ပညာကမှ သူ့ဖြစ်ပျက်မြင် စိတ်ကလေး၏ ဖြစ်ပျက်ကို ပညာကမှ ဒုက္ခသစ္စာကို သိတာ (မှန်ပါ)။ သမာဓိ သုံးခုက မသိဘူး။ ဒါကြောင့် သမာဓိမဂ္ဂင်သုံးခုက သစ္စာသိရဲ့လား၊ မသိပါဘူး။ ဖြစ်ပျက် ဒုက္ခသစ္စာကို သိရဲ့လား။ (မသိပါဘူး) (ပ) သမာဓိသက်သက်သည် သစ္စာမမြင်သောကြောင့် နိဗ္ဗာန်မရောက်နိုင်ဘူး၊ ပညာကမှ သစ္စာမြင်၍ နိဗ္ဗာန် ရောက်တယ်" ဟူသော ဟောပြောချက်သည်လည်း "ပညာသက်သက်ဖြင့် နိဗ္ဗာန် ရောက်နိုင်သည်" ဟူသော မှားယွင်းသော အယူအဆကို ဖြစ်စေနိုင်ပေသည်။

အမှန်မှာ- သမာဓိသက်သက်ဖြင့် နိဗ္ဗာန်မရောက်နိုင်သလို ပညာသက်သက် ဖြင့်လည်း နိဗ္ဗာန်မရောက်နိုင်ပါပေ။ မဂ္ဂင်ရှစ်ပါးတို့သည် မိမိတို့ ဆိုင်ရာကိစ္စ များကို ဆောင်ရွက်ကြခြင်းဖြင့် ဆိုင်ရာ ကိလေသာကို ပယ်ခြင်း, နိဗ္ဗာန်ကို သိမြင်ခြင်းဟူသော ကိစ္စတို့ကိုလည်း ဆောင်ရွက်ကြလေသည်။ လူရှစ်ယောက် ပါဝင်သော အဖွဲ့တစ်ဖွဲ့က ကြီးမားသောကိစ္စကို ဆောင်ရွက်ကြရာတွင် ထို

လုပ်ငန်းကိစ္စ ပြီးစီးသွားပါက ရှစ်ယောက်လုံး ဆောင်ရွက်သည်ဟုပင် ဆိုရပေသည်။

မဂ္ဂင်ရှစ်ပါးတို့တွင် သမ္မာဒိဋ္ဌိသည် မိမိ၏ ဆန့်ကျင်ဘက် ကိလေသာများ၏ မိစ္ဆာဒိဋ္ဌိကို ပယ်ခြင်းကိစ္စ, နိဗ္ဗာန်ကို အာရုံပြုခြင်းကိစ္စ, သမ္ပယုတ်တရားတို့ကို ထိုနိဗ္ဗာန်ကို ပြတတ် (ဝါ) သစ္စာကို မြင်အောင်ပြတတ်သော ကိစ္စဟူသော သုံးကိစ္စကို ဆောင်ရွက်သည်။ သမ္မာသင်္ကပ္ပက မိစ္ဆာသင်္ကပ္ပတို့ကို ပယ်ခြင်းကိစ္စ, နိဗ္ဗာန်ကို အာရုံပြုခြင်းကိစ္စ, သမ္ပယုတ်တရားတို့ကို အာရုံပေါ်သို့ တင်ပေးခြင်းကိစ္စတို့ကို ပြုလုပ်ပေသည်။ ကျန်မဂ္ဂင်တို့ကလည်း ဆိုင်ရာ ကိလေသာတို့ကို ပယ်ခြင်းကိစ္စ, နိဗ္ဗာန်ကို အာရုံပြုခြင်းကိစ္စ, သမ္ပယုတ်တရားတို့ကို ကောင်းစွာ သိမ်းယူခြင်းကိစ္စ သုံးမျိုးစီတို့ကို ဆောင်ရွက်ကြလေသည်။

ဤတွင် သမ္မာဒိဋ္ဌိက မိမိနှင့် ယှဉ်ဘက် သမ္မာသမာဓိ စသည်တို့ကို သစ္စာလေးပါးကို မြင်အောင်ပြုပေးသဖြင့် သမ္မာဝါစာစသော သီလမဂ္ဂင်, သမ္မာသမာဓိစသော သမာဓိမဂ္ဂင်များသည်လည်း သစ္စလေးပါးကို သိမြင်ကြ ပေသည်။

ထို့ကြောင့် "သမာဓိမဂ္ဂင်သုံးခုက သစ္စာသိရဲ့လား မသိဘူး။ ဖြစ်ပျက်ဒုက္ခသစ္စာကို သိရဲ့လား၊ (မသိပါဘူး) (ပ) သမာဓိသက်သက်သည် သစ္စာမမြင်သောကြောင့် နိဗ္ဗာန်မရောက်နိုင်ဘူး"ဟူသော မိုးကုတ်ဆရာတော်ကြီး၏ ဟောပြောချက်တို့သည် ပိဋကတ်တော်နှင့် တစ်ခြားစီဖြစ်နေကြောင်း သိအပ်ပေသည်။

## ဒွေဓာဝိတက္ကသုတ်

ဤနေရာ၌ မူလပဏ္ဏာသပါဠိတော် ဒွေဓာဝိတက္ကသုတ် အဋ္ဌကထာလာ ဥပမာကိုလည်း သိမှတ်အပ်ပေသည်။

စစ်သားတို့အတွက် ကတုတ်ကျင်း (ခံတပ်)သည် လွန်စွာ ကျေးဇူးများ၏ စစ်သားသည် ထိုကတုတ်ကျင်း (ခံတပ်)ကို အမှီပြု၍ ထိုခံတပ်မှထွက်ကာ ရန်သူစစ်တပ်ကို တိုက်ခိုက်၏။ ထိုသို့ တိုက်ခိုက်ရင်း လက်နက်များကုန်သွားခဲ့သော်လည်းကောင်း၊ (သို့မဟုတ်) ထမင်းဆာခြင်း, ရေငတ်ခြင်း, ရိက္ခာကုန်ခြင်း ဖြစ်ခဲ့သော်လည်းကောင်း၊ ကတုတ်ကျင်းသို့ပြန်လာပြီး လက်နက်တို့ကို ဖြည့်၏။ ပင်ပန်းသည်ကို အနားယူ၏။ ရေနှင့်အစားအစာတို့ကို ဝလင်အောင်စား၏။ ထိုသို့ အနားယူအားမွေးပြီးနောက် လက်နက်တို့ကို ဖြည့်တင်း ကိုင်စွဲကာ ရန်သူ့တပ်ကို

တိုက်ပြန်၏။ လက်နက်ရိက္ခာကုန်သောအခါ, ဆာလောင်မွတ်သိပ်၍ ပင်ပန်းလာသောအခါ ကတုတ်ကျင်းသို့ပြန်ဝင်ပြီး အနားယူပြန်၏။ အစားအစာစားသောက်ပြီး အားအင်ဖြည့်တင်း၏။ လက်နက်တို့ကိုလည်း ဖြည့်တင်း၏။ ထို့နောက် ရန်သူစစ်တပ်သို့ဝင်ပြီး တိုက်ပြန်၏။

ဤနည်းအတူ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းနေသော အဝါးမဝသေးသော ယောဂီသည် ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်ရသဖြင့် ညောင်းညာပင်ပန်းလာ၏။ ကိုယ်တွင်း၌ မီးကဲ့သို့ အပူထ၏။ ချွေးတွေထွက်၏။ ခေါင်းမှအပူငွေ့ အခိုးငွေ့တွေ မီးကဲ့သို့ထွက်၏။ ထိုအခါ စိတ်သည် ပူလောင်ပင်ပန်းလာတော့၏။

ထိုသို့ ဖြစ်လာလျှင် (ပင်ပန်းနွမ်းနယ်၍ ဆာလောင်မွတ်သိတ်နေသော စစ်သားသည် ကတုတ်ကျင်းထဲသို့ ပြန်ဝင်ပြီး အနားယူ အားဖြည့်သကဲ့သို့) ယောဂီသည် ဝိပဿနာကမ္မဋ္ဌာန်းကို လွှတ်၍ သမထကမ္မဋ္ဌာန်းကို စီးဖြန်းပွားများ၏။ သမထကမ္မဋ္ဌာန်း စီးဖြန်းပွားများ၍ စိတ်ရောကိုယ်ပါ ငြိမ်သက်အေးချမ်းလာသောအခါ ဝိပဿနာကမ္မဋ္ဌာန်းကိုပြန်၍ ရှုပြန်၏။ ဝိပဿနာရှုဖန်များ၍ ညောင်းညာပင်ပန်းခြင်းစသည် ဖြစ်လာပြန်သောအခါ ယခင် နည်းတူသမထကမ္မဋ္ဌာန်းကို ပြောင်း၍ရှု၏။ ထိုအခါ ခန္ဓာကိုယ်ရော စိတ်ပါ ငြိမ်သက်အေးချမ်းလာပြန်၏။

ဤသို့လျှင် သမထ (သမာဓိ)သည် ဝိပဿနာအား ကျေးဇူးများ၏။ သမထက ဝိပဿနာအား ကျေးဇူးများသကဲ့သို့ အားကောင်းသော ဝိပဿနာကလည်း သမထကိုစောင့်ရှောက်၏။ (နွားနှစ်ကောင် ဆွဲရသောလှည်းကို နွားနှစ်ကောင် အညီအမျှ ဆွဲသကဲ့သို့ပေတည်း။)

## လှည်းနှင့်လှေ ဥပမာ

ယောကျ်ားတစ်ယောက်သည် ကုန်းပေါ်၌ (ကုန်းလမ်းခရီး၌) လှေနှင့် လှေဖြင့်သယ်ရမည့်ပစ္စည်းတို့ကို လှည်းပေါ်တင်၍ သယ်ဆောင်လာသည်။ ရေဆိပ်(မြစ်ဆိပ်)သို့ ရောက်သောအခါ လှည်းပေါ်တင်လာသောလှေကို ရေသို့ချကာထိုလှေပေါ်သို့ လှည်းနှင့် လှည်းဘဏ္ဍာတို့ကိုလည်းကောင်း၊ နွားတို့ကိုလည်းကောင်း၊ တင်ကာ တစ်ဖက်ကမ်းသို့ ချောမောစွာ ပို့ဆောင်၏။

ကမ်းပေါ်၌ လှည်းဖြင့်လှေကို သယ်ဆောင်ရသကဲ့သို့ ဝိပဿနာကို

သမထဖြင့် ထိန်းပေးရသည်။ ရေထဲရောက်သောအခါ လှေဖြင့် လှည်းကို သယ်ဆောင်ပေးရသကဲ့သို့ သမထကို ဝိပဿနာဖြင့် စောင့်ရှောက်ပေးရပေသည်။

ဤ ဥပမာကဲ့သို့ မဂ္ဂင်ရှစ်ပါးတို့တွင် ပါဝင်ကြသော သမ္မာဒိဋ္ဌိစသော မဂ္ဂင်တို့သည် သူ့ကိစ္စနှင့်သူ ဆောင်ရွက်ရင်း ယှဉ်ဘက် သမ္ပယုတ်တရားတို့ကို မိမိနည်းတူ ဆောင်ရွက်စေနိုင်သောကြောင့် မည်သူကသာသည်၊ မည်သူကနောက်လိုက်ဟု မဆိုသာပေ။ ရှစ်ပါးလုံးက ညီတူမျှတူ ဆောင်ရွက်ကြသည်ဟုသာ ဆိုရပေသည်။

## အရေးကြီးသော သမာဓိ

သမာဓိ (သမထ)ကို အဘိဓမ္မာကျမ်းတို့၌-

ပါမောက္ခလက္ခဏော စ သမာဓိ, အဝိက္ခေပလက္ခဏော စ။ ယထာ ဟိ ကူဋာဂါရကဏ္ဏိကာ သေသ ဒဗ္ဗသမ္ဘာရာနံ အာဗန္ဓနတော ပမုခါ ဟောတိ၊ ဧဝမေဝ သဗ္ဗကုသလဓမ္မာနံ သမာဓိစိတ္တေန ဣဇ္ဈနတော သဗ္ဗေသမ္ပိ တေသံ ဓမ္မာနံ သမာဓိ ပါမောက္ခော ဟောတိ။ (အဘိ၊ ဋ္ဌ၊ ၁။ ၁၆၁)

ဟု ဖွင့်ဆိုကြသည်။

"သမာဓိသည် အကြီးအမှူးဖြစ်ခြင်း လက္ခဏာ, မပျံ့လွင့်ခြင်း လက္ခဏာရှိသည်။ အထွတ်တပ်သောအိမ်၌ အထွတ်သည် (ခေါင်သည်) ကြွင်းသော (အချင် ရနယ်စသည့်) အိမ်အဆောက်အဦတို့၏ အစိတ်အပိုင်းတို့ကို ဖွဲ့ချည်ထားသောကြောင့် အကြီးအမှူးဖြစ်သကဲ့သို့ သမာဓိသည်လည်း သမာဓိရှိမှ အလုံးစုံသော ကုသိုလ်တရားတို့ကို ပြီးစေတတ်သောကြောင့် အလုံးစုံသော ကုသိုလ်တရားတို့၏ ရှေ့သွားခေါင်းဆောင် ' အကြီးအမှူး ဖြစ်သည်" ဟု ဆိုလိုပေသည်။

ထို့အတူ မိလိန္ဒပဥှာကျမ်း၌လည်း "မင်းမြတ် အထွတ် တပ်သောအိမ်၏ အချင်ရနယ်တို့သည် အထွတ်သို့ ရှေးရှု ညွတ်နေကြရ၊ အထွတ်သို့ သွားရောက် ပေါင်းစုံကြရသည့်အတွက် အထွတ်ကိုအမြတ်ဆုံး (အရေးအကြီးဆုံး, ပမာနအကျဆုံး)ဟု ဆိုရသကဲ့သို့ ရှိရှိသမျှ ကုသိုလ်တရား တို့သည်လည်း သမာဓိသို့ ညွတ်ကြရ ပေါင်းစုံကြရသောကြောင့် ကုသိုလ် တရားတို့တွင် သမာဓိကို အမြတ်ဆုံးဟူ၍ ဆိုအပ်၏-"ဟု အရှင်နာဂသိန်က ဟောတော်မူခဲ့လေသည်။ (မိလိန္ဒ၊ ၃၈)

ဤသည်တို့ကို ထောက်လျှင် ကုသိုလ်တရားဖြစ်ရေး၌ သမာဓိသည် မည်မျှ အရေးပါ အရာရောက်သည်ကို သိနိုင်ပေသည်။

လောက၌လည်း သမာဓိရှိသူကို လူတိုင်းက လေးစားကြသည်။ သမာဓိမရှိသူကို မည်သူကမျှ လေးစားမှု မြတ်နိုးမှု မရှိကြပေ။ "ဒီလူ သမာဓိရှိတယ်၊ ဒီကိုယ်တော် သမာဓိအားကောင်းတယ်"ဟု ဂုဏ်တင် ချီးမွမ်းကြရလောက်အောင် သမာဓိက လူ့အဆင့်အတန်းကို မြှင့်တင်ပေးပေသည်။

ဤသို့ လောက+ဓမ္မ နှစ်ဌာနလုံးတွင် လွန်စွာအရေးပါ အရာရောက်၍ လူ၏တန်ဖိုး, ဓမ္မ၏တန်ဖိုးတို့ကို မြှင့်တင်ပေးသော သမာဓိကို "သမာဓိဟာ အလကား"ဟု ဟောကြားခြင်းသည် ပိဋကနှင့် ဆန့်ကျင်သော အသိအမြင် အတွေးအခေါ်တို့ကို ဖြစ်စေနိုင်သောကြောင့် "သမာဓိဟာ အလကား" ဟူသော စကားလုံးနှင့် သမာဓိကို ပစ်ပယ်သော, သမာဓိကိုရှုတ်ချသော စကား အားလုံးကို မိုးကုတ်ဆရာတော်ကြီး ဦးဝိမလ၏ ဟောစဉ်စာအုပ်များမှ လည်းကောင်း၊ အသံသွင်းဟော တရားတိတ်ခွေများမှလည်းကောင်း ဖယ်ရှား ပေးရမည်။

ထို့အတူ "သမာဓိဟာ နိဗ္ဗာန်မရောက်" "သမာဓိနဲ့ ကိလေသာမှ မလွတ်မြောက်နိုင်" "သမာဓိကို အနှစ်သာရထားတာမဟုတ်ဘူး၊ သမာဓိအကျိုးကြောင့် နိဗ္ဗာန်ရလိမ့်မယ်လို့လည်း ငါ မဟောဘူး" ဟူသောစကားရပ်နှင့် အခြားအလားတူ စကားရပ်တို့ကိုလည်း ဟောစဉ်စာအုပ်များနှင့် အသံသွင်း တရားတိပ်ခွေများမှ ဖယ်ရှားပေးရမည်။

=====================

## အမှတ် (၁၂) စောဒနာ စိစစ်ချက်

## (ပဋိလောမ ပဋိစ္စသမုပ္ပါဒ်ကို မှားယွင်းစွာဟောခြင်း)

ဖြစ်တာဟူသရွေ့ "ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ" မဆိုဘူးလား။ (ဆိုပါတယ်)။ ပျက်တာကတော့ "ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ" မလာဘူးလား။ (လာပါတယ်)။ ဒါဖြင့် ဖြစ်တာလဲ ဘာသစ္စာလို့ ပြောသတုန်း။(ဒုက္ခသစ္စာပါ)။ ပျက်တာကော (ဒုက္ခသစ္စာပါ)။ (အမှတ်စဉ်-၄၀-၊ နှာ-၃၂၄)

မိုးကုတ်ဆရာတော်ကြီး ဦးဝိမလ၏ အထက်ပါဟောပြောချက်သည် သင်္ခါရတရားတို့၏ ဥပါဒ်, ဌီ, ဘင်တို့၌ ပါနေသော 'ဘင်ခဏ အပျက်'ကို ဒုက္ခက္ခန္ဓဿ နိရောဓော'ဟု ဘုရားရှင်က ဟောသယောင်ယောင် ဟောကြားထားခြင်းဖြစ်၍

မှားယွင်းကြောင်း စောဒကဆရာတော်က တင်ပြထားပေသည်။

သင်္ခါရတရားတို့၏ ဘင်ခဏအပျက်ကို မိုးကုတ်ဆရာတော်ကြီး ရည်ရွယ်၍ ဟောနေကြောင်းမှာ-

ဝိပဿနာလုပ်တဲ့ ပုဂ္ဂိုလ်ကျတော့ ရွတ်လိုက်စမ်း။ "ဝေဒနာ နိရောဓာ (တဏှာ နိရောဓော-ပါဘုရား)။ ဝေဒနာ နိရောဓာကို မြင်အောင်ရှုလိုက်တော့ ဒီက မဂ် ဝင်မလာဘူးလား။ (ဝင်လာပါတယ်ဘုရား)-

ဟူဟော (အမှတ်စဉ်-၂၇၊ နှာ-၃၈၉) စကားအရ သိသာထင်ရှားပါသည်ဟုလည်း စောဒကဆရာတော်က တင်ပြထားပြန်ပေသည်။

ထို့ပြင်-

ယားတယ်၊ ယံတယ်၊ နာတယ်၊ ကောင်းတယ် ဆိုတာတွေကို ဘာလုပ်ရမယ် (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။ အဲ သူက ဖြစ်ပျက်ဆိုတော့ ခင်ဗျားတို့ ကာကွယ်မယ့် ဝိပဿနာမဂ် လာပြီ။ (မှန်ပါ)။ ဟောဒီ ပဋိစ္စသမုပ္ပါဒ် အကြောင်းသုံးခု ဘာဖြစ်ကုန်သလဲ။ (ပြတ်ကုန်ပါတယ်)။ ပြတ်တယ်ဆိုကတည်းက ဟောဒီမှာ 'ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ' ဆိုတဲ့ နိဗ္ဗာန်ပေါ်ပြီ။ (ပေါ်ပါပြီ)-

ဟု ဟောခြင်းသည်လည်း ဝေဒနာကို ဖြစ်ပျက်ရှုခြင်းကြောင့် ပဋိစ္စသမုပ္ပါဒ် အကြောင်းသုံးပါး (တဏှာ, ဥပါဒါန်, ကံ) တို့ ရှုလိုက်သော ဝေဒနာနှင့်ဆက်၍ မဖြစ်ပေါ်တော့ခြင်းကို 'ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ' ဟူ၍ မိုးကုတ်ဆရာတော်ကြီးက ဟောခြင်းသည်လည်း ဘုရားဟော ဒေသနာနှင့် တလွဲတချော်ဖြစ်နေ၍ မှားပါသည်ဟုလည်း စောဒနာထားပေသည်။

စောဒကဆရာတော်၏ စောဒနာလိုခြင်းမှာ-

(၁) သင်္ခါရတရားတို့၏ ဘင်ခဏအပျက်ကို ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ'ဟု ဟောခြင်းသည်လည်းကောင်း၊

(၂) ဝိပဿနာရှုနေခိုက် တဏှာ, ဥပါဒါန်, ကံတို့ တဒင်္ဂချုပ်နေခြင်းကို 'ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ' ဟု ဟောခြင်းသည်လည်းကောင်း မှားယွင်းပါသည် ဟူ၍ ဖြစ်သည်။

## ပဋိစ္စသမုပ္ပါဒ်ပဋိလောမ

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏။ သင်္ခါရကြောင့် ဝိညာဉ်ဖြစ်၏ စသည်ဖြင့် ခန္ဓာဖြစ်ကြောင်းအစဉ် (ဆင်းရဲဒုက္ခဖြစ်ကြောင်းအစဉ်) ကို ပြခြင်းသည် ပဋိစ္စသမုပ္ပါဒ်အနုလောမမည်၏။

အဝိဇ္ဇာအကြွင်းမဲ့ ချုပ်ခြင်းကြောင့် သင်္ခါ ရချုပ်၏။ သင်္ခါရချုပ်ခြင်းကြောင့် ဝိညာဉ်ချုပ်၏-စသည်ဖြင့် ခန္ဓာချုပ်စဉ် (ဆင်းရဲဒုက္ခချုပ်ငြိမ်းခြင်းအစဉ်) ကို ပြခြင်းသည် ပဋိစ္စသမုပ္ပါဒ်ပဋိလောမဖြစ်၏။

ပါဠိအားဖြင့်မူ-

အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော။ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော။ (ပ) ဇာတိနိရောဓာ ဇရာမရဏံ သောက-ပရိဒေဝဒုက္ခဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခ-က္ခန္ဓဿ နိရောဓော ဟောတိ-ပေတည်း။

ဤပါဠိတော်၌ အဝိဇ္ဇာအကြွင်းမဲ့ ချုပ်ခြင်းကြောင့် သင်္ခါရချုပ်၏။ (အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော) ဟူရာ၌ အသေသဝိ-ရာဂနိရောဓာ-ကို "အသေသဝိရာဂနိရောဓာတိ ဝိရာဂသင်္ခါတေန မဂ္ဂေန အသေသနိရောဓာ " ဟုလည်းကောင်း၊ သင်္ခါရနိရောဓော-ကို "သင်္ခါရနိရောဓောတိ သင်္ခါရာနံ အနုပ္ပါဒနိရောဓော ဟောတိ" ဟု လည်းကောင်း ဖွင့်ဆိုထားပေသည်။

အဝိဇ္ဇာချုပ်၏-ဟူရာ၌ ခဏဘင်္ဂအဖြစ်ဖြင့် ချုပ်ခြင်းကို ဆိုလိုသည်မဟုတ်။ **အရဟတ္တမဂ်ဖြင့်** အကြွင်းကျန်မရှိ ပယ်သတ်ခံရသောကြောင့် အဝိဇ္ဇာ လုံးဝ **ချုပ်ခြင်းကိုသာ** ဆိုလိုပေသည်။ တို့အတူ သင်္ခါရချုပ်သည် ဆိုရာ၌ ဘင်္ဂခဏ **အနေဖြင့်** ချုပ်သွားသည်ကို ဆိုလိုသည်မဟုတ်။ နောက်တစ်ဖန် မဖြစ်သော **အားဖြင့်** အကြွင်းအကျန် မရှိ ချုပ်ဆုံးသွားခြင်းကိုသာ ဆိုလိုပေသည်။

ထို့ပြင်-

"နိရောဓော ဟောတီတိ အနုပ္ပါဒေါ ဟောတိ အပိ စေတ္ထ သဗ္ဗေဟေဝ တေဟိ နိရောဓပဒေဟိ နိဗ္ဗာနံ ဒေသိတံ၊ နိဗ္ဗာနံ ဟိ အာဂမ္မ တေ တေ ဓမ္မာ နိရုဇ္ဈန္တိ။ တသ္မာ တံ တေသံ တေသံ နိရောဓောတိ ဝုစ္စတိ"

(သံ၊ ဌ၊ ၂။ ၁၇)-

ဟု ဖွင့်ဆိုသောကြောင့် နိရောဓ-အရ နိဗ္ဗာန်ဟူသော နိရောဓသစ္စာကို ယူရမည်ဖြစ်လေသည်။ ခဏိကနိရောဓ, တဒင်္ဂနိရောဓ, ဝိက္ခမ္ဘနနိရောဓ-စသည်ကို မယူ ရပေ။

ထို့ကြောင့် ဋီကာ၌-

"ခဏိကနိရောဓဿ ဣဓ အနဓိပ္ပေတတ္တာ အယုဇ္ဇမာနတ္တာ ဝိရာဂဂ္ဂဟ-'

ဏာတော စ အဝိဇ္ဇာဒီနံ ပဋိပက္ခသေန ပဋိဗာဟနံ ကမ္မေ 'နိရောဓော' တိ အဓိ-ပ္ပေတော"(သံ၊ ဋီ၊ ၂။ ၂၁)

ဟု ဖွင့်ဆိုပေသည်။

ဤသည်တို့ကို ထောက်၍ "ပျက်တာကတော့ ဒုက္ခက္ခန္ဓသ နိရောဓော ဟောတိ မလာဘူလား။ (လာပါတယ်)။ ဖြစ်တာလဲ ဘာသစ္စာ ပြောမတုန်း။ (ဒုက္ခသစ္စာပါ)။ ပျက်တာကော (ဒုက္ခသစ္စာပါ)။ " ဟူသော မိုးကုတ်ဆရာတော်ကြီး၏ ဟောပြောချက်သည် အဋ္ဌကထာ, ဋီကာတို့နှင့် ဆန့်ကျင်နေပေသည်။

စုဒိတကဆရာတော်များက "အဝိဇ္ဇာချုပ်သောကြောင့် သင်္ခါရချုပ်သည်၊ သင်္ခါရချုပ်သောကြောင့် ဝိညာဉ်ချုပ်သည် စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ် ပဋိလော-မလာ 'အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရ နိရောဓော ဝိညာဏနိရောဓော' စသော ဒေသနာသည် ဟောစဉ်အားဖြင့် ဖြစ်သော ဒေသနာက္ကမသာ ဖြစ်သည်။ ဖြစ်စဉ် ဥပ္ပတ္တိက္ကမအားဖြင့်ကား ယင်းသို့ မဟုတ်ပါ။ အဝိဇ္ဇာချုပ်အောင် ဝိပဿနာရှုရပါသည်။ ဝိပဿနာရှုသည့်အခါ ပစ္စုပ္ပန်ခန္ဓာကို ရှုရပါသည်။ ပစ္စုပ္ပန်ခန္ဓာတွင် ဝေဒနာသည် အထင်ရှားဆုံး ဖြစ်ပါသည်။ ထို့ကြောင့် ဝေဒနာက စ, ရှုခြင်းကို မိုးကုတ်ဆရာတော်ကြီးက ဟောပါသည်" ဟု တင်ပြကြပေသည်။

စုဒိတကဆရာတော်တို့၏ ယင်းတင်ပြချက်သည် ခိုင်မာအားရှိသော တင်ပြချက်ဟု မဆိုနိုင်ပေ။ အဘယ်ကြောင့်နည်းဟူမူ- ပဋိစ္စသမုပ္ပါဒ်ပဋိလောမ၏ ဆိုလိုရင်းနှင့် ဆန့်ကျင်နေသောကြောင့် ဖြစ်ပေသည်။

မှန်၏။ စုဒိတကဆရာတော်နှင့် မိုးကုတ်ဆရာတော်ကြီးတို့ အလိုအရ ပုထုဇဉ်များအား ဟောကြားနေခြင်းဖြစ်၍ ပဋိစ္စသမုပ္ပါဒ်ပဋိလောမပါဠိတော်တွင် ပါရှိသော "နိရောဓော" နှင့် "နိရောဓာ" တို့အရ ဝိပဿနာ၏ အစွမ်းဖြင့် ခဏခေတ္တ ချုပ်ငြိမ်းခြင်း တဒင်္ဂနိရောဓကို ယူသည်ပင် ဖြစ်စေဦးတော့ ဘုရားရှင်ဟောသည့် ပဋိစ္စသမုပ္ပါဒ်ပဋိလောမ ပါဠိတော်အစဉ် ပျက်ယွင်းခြင်း မရှိပေ။

ဝိပဿနာဉာဏ်ဖြင့် ရုပ်+နာမ်တို့၏ အဖြစ်+အပျက်ကို သိမြင်အောင် အားထုတ်နေသော ယောဂီပုဂ္ဂိုလ်သည် အားကောင်းသော သမာဓိအကူအညီကို ရ၍ ရုပ်+နာမ် (မိမိ ရှုနေသည့် ရုပ်+နာမ်)၏ ဖြစ်ပျက်ကို ဝိပဿနာဉာဏ်ဖြင့် မြင်ပြီဆိုလျှင် ထိုဝိပဿနာဉာဏ်သည် ဝိဇ္ဇာပင် ဖြစ်၏။ ထို ဝိဇ္ဇာဉာဏ်သည်

ရုပ်+နာမ်တို့၏ အဖြစ်အပျက်ကို မမြင်အောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာကို (တဒင်္ဂအားဖြင့်) ပယ်သတ်ပေး၏၊ ခွာပေး၏။ ထို အဝိဇ္ဇာကွာလျှင် ယင်းနှင့် ကိလေသာချင်းတူသော တဏှာသည်လည်း ကွာ၏။ တဒင်္ဂအားဖြင့် ချုပ်၏။ တဏှာကွာလျှင် ဥပါဒါန်, ကံတို့လည်း တဒင်္ဂအားဖြင့် ကွာတော့၏။ ကံကွာလျှင် (ကံချုပ်လျှင်) ကံနှင့်အလားတူသော သင်္ခါရလည်း ကွာတော့ ချုပ်တော့၏။

မည့်သည့်တရားကိုဘဲရှုရှု ဝိပဿနာမဂ်ပေါ်လာပြီဆိုလျှင် ဆိုင်ရာ အဝိဇ္ဇာကို တဒင်္ဂအားဖြင့် ပယ်သတ်ပေးနိုင်၏။ တဒင်္ဂအားဖြင့် အဝိဇ္ဇာချုပ်၏။ အဝိဇ္ဇာ ချုပ်လျှင် သင်္ခါရလည်း ချုပ်တော့မည်သာ ဖြစ်၏။

ထို့ကြောင့် ဝိပဿနာဉာဏ် ဝိပဿနာမဂ်ပေါ်သည်ဘဲ ဖြစ်ဖြစ်၊ အရိယမဂ် သည်ဘဲ ဖြစ်ဖြစ် အဝိဇ္ဇာကို သူ့အဆင့်နှင့်သူ ပယ်သတ်နိုင်သည်သာ ဖြစ်၏။ အဝိဇ္ဇာကို ပယ်သတ်လိုက်သဖြင့် အဝိဇ္ဇာ ချုပ်ငြိမ်းသွားလျှင် သင်္ခါရစသည်လည်း ချုပ်ငြိမ်းမည်သာ ဖြစ်၏။

ဤသည်ကို ထောက်လျှင် 'အဝိဇ္ဇာယတွေ့ဝ အသေသဝိရာဂနိရောဓာ သင်္ခါရ နိရောဓော' စသော ပဋိစ္စသမုပ္ပါဒ်ပဋိလောမအစဉ်ည်သည် ဒေသနာက္ကမအစဉ် မဟုတ်၊ ဥပ္ပတ္တိက္ကမအစဉ်သာ ဖြစ်သည်။

သို့ဖြစ်ရာ စုဒိတကဆရာတော်တို့၏ "အဝိဇ္ဇာယတွေ့ဝ အသေသဝိရာဂ-နိရောဓာ သင်္ခါရနိရောဓော' စသော ပဋိစ္စသမုပ္ပါဒ်ပဋိလောမ အစဉ်သည် ဥပ္ပတ္တိက္ကမမဟုတ်၊ ဒေသနာက္ကမသာဖြစ်သည်ဟူသော စကားသည် မှန်ကန်မှု မရှိပေ။

## သတိပြုဖွယ်

ဘုရားရှင် ဟောကြားတော်မူသော တရားတော်တို့သည် 'နာနာနယနိပုဏ-ဂမ္ဘီရံ ဗုဒ္ဓပါဝစနံ' ဟူသည်နှင့်အညီ အထူးထူးသော နည်းတို့ဖြင့် သိမ်မွေ့နက်နဲ ခက်ခဲပါသည်။ ထိုသိမ်မွေ့ နက်နဲသော တရားတော်တို့ကို ဟောရာ၌ ဒေသက ဖြစ်သော ဘုရားရှင်၏ အလိုတော်နှင့် ညီညွတ်အောင် ဟောပြောကြရပါသည်။ မိမိအကြိုက် မိမိအလို (အတ္တနောမတိ) ဖြင့် ဟောကြားခြင်းကို များစွာ သတိပြု သင့်ပါသည်။

ဤ ပဋိစ္စသမုပ္ပါဒ်ပဋိလောမ (ခန္ဓာချုပ်စဉ်)ကို ဟောရာ၌ အရဟတ္တမဂ် ဖြင့် အဝိဇ္ဇာစသည်၏ အကြွင်းမဲ့ချုပ်ခြင်းကို (နိဿရဏနိရောဓကို) ဘုရားရှင်က

ဟောတော်မူခဲ့ရာ ဝိပဿနာဉာဏ်၏ အစွမ်းဖြင့် တဒင်္ဂချုပ်ခြင်း (တဒင်္ဂနိရောဓ) ကို ဟောခြင်းသည် ပရိယတ္တိစာပေ မကျွမ်းကျင်သော ပုဂ္ဂိုလ်များအဖို့ နိဗ္ဗာန် အတုကို နိဗ္ဗာန်အစစ်ဟု ထင်မှားဖွယ် ရှိသောကြောင့် အထူးသတိပြု ဟောသင့် သော ဒေသနာဖြစ်ပေသည်။

ဘုရားရှင်က 'သင်္ခါရနိရောဓော၊ ဝိညာဏနိရောဓော။ ကေဝလဿ နိရောဓော ဟောတိ' ဟု ပဋိစ္စသမုပ္ပါဒ်ပဋိလောမကို ဟောခြင်းသည် ခန္ဓာဒုက္ခအားလုံး ချုပ်ငြိမ်းသည့် နိရောဓသစ္စာထိုက်သည့် နိဗ္ဗာန်ကို တိုက်ရိုက် ရည်ညွှန်းကြောင်း 'အဝိဇ္ဇာယ တွေ၀ အသေသဝိရာဂနိရောဓာ' ပါဠိဖြင့် ရှင်းလင်းစွာ သိနိုင်ပါသည်။ နီတတ္ထဒေသနာ ဖြစ်ပါသည်။

ပဋိစ္စသမုပ္ပါဒ်အနုလောမ (ခန္ဓာဖြစ်စဉ်)ကို ဟောရာ၌ ရှုပ်ထွေးမှု မရှိ နိုင်သော် လည်း ပဋိစ္စသမုပ္ပါဒ်ပဋိလောမ (ခန္ဓာချုပ်စဉ်) ကို ဟောရာ၌မူကား ရှုပ်ထွေးမှု ရှိနိုင်၍ ဒေသကဖြစ်သော ဘုရားရှင်၏ အလိုတော်ကို ပေါ်လွင်အောင် ဟောဖို့ လိုအပ်ပေသည်။ နီတတ္ထဖြစ်သော ဒေသနာတော်ကို နေယျတ္ထအားဖြင့်ဟောလျှင် အဓိပ္ပာယ်ရှင်းလင်းအောင် အသိဉာဏ် ရှင်းလင်း အောင် အထူးသတိပြု၍ ဟောသင့်ပါသည်။

**ဝိပဿနာတရားအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်တို့အား ပဋိစ္စသမုပ္ပါဒ်ပဋိလောမကို ဟောရာတွင် နေယျတ္ထနည်းဖြင့် ဆောင်၍ ဝိပဿနာအစွမ်းဖြင့် အဝိဇ္ဇာ** စသည်ကို ချုပ်စေနိုင်ပုံကို ဟောရာ၌ မိုးကုတ်ဆရာတော်ကြီး၏ ဟောပြောချက် အချို့သည် ယောဂီပုဂ္ဂိုလ်တို့နှင့် လေ့လာသော ပုဂ္ဂိုလ်တို့၏ အသိဉာဏ်ကို မှားယွင်းစေနိုင်ပေသည်။ ဝိပဿနာအစွမ်းဖြင့် တဏှာ, ဥပါဒါန်, ကံတို့ တစ်ခဏ ချုပ်ခြင်း (တဒင်္ဂနိရောဓ)ကို နိဗ္ဗာန်အစစ်ဟု ထင်သွားစေနိုင်သော ဟောပြော ချက်များသည်လည်း မိုးကုတ်ဆရာတော်ကြီး၏ ဟောတရားတို့တွင် အတော် များများ တွေ့ရပေသည်။

အောက်ဖော်ပြလတ္တံ့ပါ (စုဒိတကဆရာတော်တို့ တင်ပြသည့် သောနောလွှာ တွင် ပါရှိသော) မိုးကုတ်ဆရာတော်ကြီး၏ ဟောပြောချက်တို့သည် အသိဉာဏ် ရှုပ်ထွေးစေသော ဟောပြောချက်များဖြစ်ကြောင်း တွေ့ရှိရပေသည်။

"ဒါ တော်တော် အရေးကြီးပါတယ် ဒကာ ဒကာမတို့၊ ဒီနား:က ပါဠိလေးကို ခင်ဗျားတို့ အရင်လိုဘဲ ရအောင်လုပ်၊ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ---

(မှန်ပါ)။ ဝိပဿနာဉာဏ်ဟာ ဘာသစ္စာတုန်း (ဒုက္ခသစ္စာပါ)။ အဲဒါလေး မရှိတော့ဘူးဆိုရင် ဘာဆိုမယ်--- (နိရောဓသစ္စာပါ)။" [သောဓနာ-၂၃၄]

ဤဟောပြောချက်၌ ပေါ်နေဖြစ်နေသော ဝိပဿနာဉာဏ် မရှိတော့ဘူး၊ ချုပ်သွားပြီဆိုလျှင် နိရောဓသစ္စာဟု ဟောထားသည်။

"ကဲ ဦးခင်မောင် သေသေချာချာ ရှင်းပလား။ (ရှင်းပါပြီ)။ ပေါ်နေတဲ့ တရားတွေ ချုပ်သွားတာက ဒကာ ဒကာမတို့ အလိုလို ချုပ်သွားတာလား၊ မဂ်နဲ့ မလိုချင်လို့ ချုပ်သွားတာလား၊ (မလိုချင်လို့ ချုပ်သွားတာပါ)။ " [သောဓနာ-၂၃၄]

ဤဟောပြောချက်၌ "ပေါ်နေတဲ့ တရားတွေ မဂ်နဲ့ ချုပ်သွားတာ နိရောဓသစ္စာ" ဟု ဟောခြင်းသည် လည်းကောင်း၊ "ပေါ်နေတဲ့ တရားတွေ ချုပ်သွားတာ နိရောဓသစ္စာ"ဟု လည်းကောင်း ဟောခြင်းသည် အဘိဓမ္မဒေသနာတော်နှင့် ဆန့်ကျင်ပေသည်။

ပေါ်နေသော ဝိညာဉ်စသည့် တရားတို့ကို မဂ်က မသတ်နိုင်ပေ။ မဂ်က အကြောင်းဆုံလာလျှင် ဖြစ်ပေါ်လာနိုင်သည့် ဘူမိလဒ္ဓုပ္ပန္နကိလေသာကိုသာ ပယ်သတ်နိုင်သည်။ ဖြစ်ပေါ်နေသော ဝိညာဉ်စသည်တို့ ချုပ်သွားခြင်းသည် နာမ်တရားတို့၏ ဥပါဒ်, ဌီ, ဘင်-သဘောအတိုင်း ချုပ်သွားခြင်းဖြစ်သည်။ ဖြစ်ပေါ်လာသော ရုပ်+နာမ်မှန်သမျှ ပျက်ကြရသည်မှာ ဓမ္မတာဖြစ်သည်။ ဖြစ်ပေါ်လာသော ရုပ်+နာမ်တို့ကို မချုပ်အောင် မဂ်ကမတားနိုင်သလို ပျက်အောင်လည်း မဂ်က စွမ်းဆောင်သည် မဟုတ်ပေ။

"သူ့ဟာသူ ချုပ်တာက ခဏနိရောဓဘဲ။ ဒါက အခြား "ဟု မိုးကုတ်ဆရာတော်ကြီးက ဆက်ဟောထားသော်လည်း ဖြစ်ပေါ်လာသော ပရမတ္ထတရားမှန်သမျှ သူ့ဟာသူ ချုပ်ကြတာချည်းသာ ဖြစ်၍ ခဏနိရောဓချည်းသာ ဖြစ်သည်။

ဤသို့ ချုပ်ခြင်းသည် နိရောဓသစ္စာဟု ဟောထားပြီး ချုပ်တာလဲ ဒုက္ခသစ္စာဟု ဟောထားပြန်ပါသည်။ ဘုန်းကြီးက ပြောနေတာ မဟုတ်ပါဘူး၊ ဘုရားဟောကို ကြည့်ပါ။ ဖြစ်တာဟူသရွေ့ 'ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ' မဆိုဘူးလား။ (ဆိုပါတယ်)။ ပျက်တာကတော့ 'ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ' မလာဘူးလား။ (လာပါတယ်)။ ဒါဖြင့် ဖြစ်တာလဲ ဘာသစ္စာလို့ ပြောမတုန်း (ဒုက္ခ

သစ္စာပါ)။ ပျက်တာကကော---(ဒုက္ခသစ္စာပါ)။ ဒါဖြင့် ခင်ဗျားတို့ သန္တာန်မှာ ပေါ်တာ ဖြစ်တာ ရုပ်နာမ်ဟူသရွေ့သည် ပေါ်ပျက်ဘဲ ရှိနေတာဘဲ။ အဲဒါတွေ ဘာသစ္စာတုန်း (ဒုက္ခာသစ္စာပါ)။ [သောခနာ-၂၃၆]

ဝိပဿနာ၏ အစွမ်းဖြင့် တဏှာ, ဥပါဒါန်, ကံတို့ တစ်ခဏ ချုပ်ငြိမ်းခြင်း (တဒင်္ဂနိရောဓ)နှင့် ပေါ်လာသော ဝိညာဉ်စသည်တို့ ချုပ်ပျက်သွားခြင်း (ခဏ-နိရောဓ)ကို နိရောဓသစ္စာဟု ဟောခြင်းသည်-

"နိရောဓော နိရောဓသစ္စန္တိ? နိရောဓသစ္စံ ဌပေတွာ အဝသေသော နိရော-ဓော န နိရောဓသစ္စံ၊ နိရောဓသစ္စံ နိရောဓော စေဝ နိရောဓသစ္စဉ္စ" (ယမက၊ ၁။ ၂၀၈)

"အဝသေသော နိရောဓောတိ တဒင်္ဂဝိက္ခမ္ဘန သမုစ္ဆေဒပဋိပဿဒ္ဓိ နိရောဓော စေဝ ခဏဘင်္ဂ-နိရောဓော စ" (အဘိ၊ ဋ၊ ၃။ ၃၁၁)-

ဟူသော သစ္စယမိုက် ပါဠိတော်, အဋ္ဌကထာ တို့နှင့် ဆန့်ကျင်နေပေသည်။

အကျဉ်းချုပ်ပါလျှင်- အရဟတ္တမဂ်ဖြင့် အဝိဇ္ဇာစသော အကြောင်းတို့ကို အကြွင်းအကျန် မရှိအောင် ပယ်သတ်လိုက်သဖြင့် (အဝိဇ္ဇာစသည်ကို အကြောင်း ခံ၍ နောင် အနာဂတ်၌ ဖြစ်လတ္တံ့သော ရုပ်+နာမ်ခန္ဓာတို့) တစ်ဖန် မဖြစ်ခြင်း ကိုသာ အဝိဇ္ဇာနိရောဓ, သင်္ခါရနိရောဓ (ပ) သဗ္ဗဒုက္ခက္ခန္ဓနိရောဓ-ဟု ဟောလို ရင်းဖြစ်သည်။ ဝိပဿနာ၏ အစွမ်းကြောင့် တဒင်္ဂ တစ်ခဏ ချုပ်ခြင်းကို ဟော လိုရင်း မဟုတ်၊ ဝိညာဉ်စသော ဖြစ်ပေါ်လာသော တရားတို့ ချုပ်ပျက်သွားခြင်း ကိုလည်း ဟောလိုရင်း မဟုတ်ပေ။

ထို့ကြောင့် မိုးကုတ်ဆရာတော်ကြီး၏ ပဋိစ္စသမုပ္ပါဒ် ပဋိလောမနှင့် စပ်လျဉ်း သော ဟောပြောချက်အချို့သည် ကြားနာရသူ ဖတ်ရှုရသူတို့ အမှတ်မှားဖွယ်, အငြင်းပွားဖွယ်ရာများ ဖြစ်နေပေသည်။

စောဒကဆရာတော် ညွှန်ပြသော စကားရပ်မျှကိုသာ ကြည့်လျှင်-သင့်လျော် သော စကားတို့ဖြင့် ဖြည့်စွက်၍ ရနိုင်သော်လည်း အခြားအခြားသော စကားရပ် အချို့သည်လည်း ပယ်ဖျက်သင့် ဖြည့်စွက်ပြင်ဆင်သင့်သည်များ များစွာရှိသော ကြောင့်-

မိုးကုတ်ဆရာတော်ကြီး ဦးဝိမလဟောကြားသော ပဋိစ္စသမုပ္ပါဒ်ပဋိလောမ ဆိုင်ရာ ဟောပြောချက်တို့တွင် ပိဋကတော်နှင့် မညီညွတ်သော ဟောပြောချက်

များအားလုံးကို ဟောစဉ်တရားစာအုပ်များမှ လည်းကောင်း၊ အသံသွင်းတိတ်ခွေများမှလည်းကောင်း ဖယ်ရှားပေးရမည်-
ဟု ဝိနည်းမိုရ်ဆရာတော်များ သုံးသပ် ဆုံးဖြတ်ကြပါသည်။

--------------------

## အမှတ် (၁၃) စောဒနာ စိစစ်ချက်

ဤအမှတ် (၁၃) စောဒနာကို စောဒကဆရာတော်က "မိုးကုတ်ဟောတရားအမှား နှစ်ရာကျော်" ဟု ခေါင်းစဉ်တပ်ပြီး စောဒကဆရာတော် တွေ့ရှိသမျှ မိုးကုတ်ဆရာတော်ကြီး၏ ဟောတရားထဲမှ အမှားပေါင်း (စောဒကဆရာတော် အနေဖြင့် မှားသည်ဟု ယူဆသော အမှားပေါင်း) ၂၇၈-ခုကို ထုတ်ပြစောဒနာထားပါသည်။

ထိုအချက်အလက်ပေါင်း ၂၇၈-ခုကို တစ်ခုချင်းစိစစ်သွားမည် ဖြစ်ပါသည်။

## အမှတ် (၁၃/၁)

စာက လေးခုတန်းနေလို့ "တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ ဝေဒနာပစ္စယာ တဏှာ" အမယ်လေး စာကအရှည်ကြီး။ ဟ- စာဆိုတာက မှတ်တမ်း၊ ဖြစ်စဉ်က ဒီလိုမဟုတ်ဘူး။ နာမက္ခန္ဓာလေးပါး တစ်ပြိုင်နက်ဖြစ်တယ်။
(အမှတ်စဉ်-၁၊ နှာ-၂၅)

ဤပါဠိတော်ကို သရုပ်ဖော်၍ မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်သည် စက္ခုညာဉ် စိတ်ဖြစ်ခိုက်၌ ဖဿ, ဝေဒနာ, တဏှာ-ဟူသော တရားသုံးပါးတို့ တစ်ပြိုင်နက်ဖြစ်သည်ဟု အဓိပ္ပါယ်ရောက်၍ မှားယွင်းပါကြောင်း စောဒကဆရာတော်က စောဒနာထားလေသည်။

မိုးကုတ်ဆရာတော်ကြီး၏ (စောဒကဆရာတော်တင်ပြသော ဟောကြားချက်ပါသည့်) ပ-မှတ်စဉ်-၁၊ နှာ(၂၅) တွင်ပါရှိသောဟောကြားချက်တို့ကို လေ့လာကြရာ မိုးကုတ်ဆရာတော်ကြီး၏ အောက်ပါဟောကြားချက်တို့ကို တွေ့ရပေသည်။

ဒီက ပစ္စုပ္ပန်နဲ့ ဒီပစ္စုပ္ပန်သွားပြီးတည့်ကြလို့ "စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ" မလာပေဘူးလား။ အဲဒီကျတော့မှ စက္ခုဝိညာဏံ- လို့ ဝိညာဉ်ကလေး မြင်စိတ်ကလေး ပေါ်တယ်။ စာဆိုသည်မှာတော့ မြင်စိတ်ကလေးလို့ ဆိုပါတယ်။

မြင်စိတ်တွင် ပေါ်လို့ နာမက္ခန္ဓာလေးပါး ခွဲကောင်းတဲ့ တရားလား။ မခွဲကောင်းတဲ့ တရားလား၊ ကေ့ပ္ပါဒ, ကေ့နိရောဓ, ကောလမ္ဗဏ, ကေဝတ္ထုကဆိုတော့ ဒီဝေဒနာနဲ့ တွဲရမယ် မဟုတ်ဘူးလား။ သညာနဲ့ရော၊ သင်္ခါရနဲ့ရော၊ သူ့ဟာသူ တွဲရမယ်။ (အမှတ်စဉ်-၁၊ နှာ-၃၁)

စက္ခုံ့ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ "လို့ စက္ခုဝိညာဉ် မျက်လုံး ဝိညာဉ်ကလေးပေါ်တယ်။ ကဲ ဦးသန့်ဒိုင် တစ်ခုတည်းပေါ်ကောင်း မပေါ် ကောင်း။ မပေါ်ကောင်းရင် နာမက္ခန္ဓာ လေးပါးဘဲ ပေါ်လိမ့်မယ်။

မပေါ်ရဘူးလား၊ ပေါ်ရတော့ သူကဒီနေရာမှာ ခေါင်းဆောင်နေလို့ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာတွေ လျှိုပြီးဝင်လိုက်တာ။

(အမှတ်စဉ်-၁၊ နှာ-၃၃)

ဆရာတော်ကြီး၏ ဤဟောပြောချက်တို့ကိုကြည့်လျှင် စက္ခုဝိညာဉ် စိတ်ဖြစ်ခိုက် ဖဿ, ဝေဒနာ, တဏှာတို့လည်း ဖြစ်နေသည်ဟု ဟောလိုရင်း မဟုတ်။

စက္ခုဝိညာဉ် စိတ်နှင့်အတူ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ-ဟူသော စေတသိက်ခန္ဓာသုံးပါးတို့လည်းဖြစ်ကြောင်းကိုသာ ဟောခြင်းဖြစ်သည်။

"စက္ခုံ့ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ "စသော ပါဠိတော်၏ ဆိုလိုရင်းမှာလည်း စက္ခုဝိညာဉ်စိတ် ဖဿ, ဝေဒနာ, တဏှာတို့ အတူ တကွဖြစ်နေခြင်းကို ပြသည်မဟုတ်၊ စက္ခုပသာဒနှင့် ရူပါရုံတို့ကို အကြောင်းပြု၍ စက္ခုပသာဒက စက္ခုဝိညာဉ်စိတ်အား ဝတ္ထုပုရေဇာတနိဿယသတ္တိဖြင့် လည်းကောင်း၊ ရူပါရုံက စက္ခုဝိညာဉ်စိတ်အား အာရမ္မဏသတ္တိဖြင့် လည်း ကောင်း ကျေးဇူးပြုသောကြောင့် စက္ခုဝိညာဉ်ဖြစ်ရသည်။ ထိုစက္ခုပသာဒ ရူပါရုံ စက္ခုဝိညာဉ် သုံးပါးပေါင်းဆုံမိသောကြောင့် ဖဿဖြစ်ရသည်။ ဖဿဖြစ်သော ကြောင့် ဝေဒနာ ဖြစ်ရသည်။ ဝေဒနာကြောင့် တဏှာဖြစ်ရသည်ဟု အကြောင်း ကြောင့် အကျိုးဖြစ်ရပုံကို ပြလိုရင်းဖြစ်သည်။

ထို့ကြောင့် မိုးကုတ်ဆရာတော်ကြီး၏ "စာက လေးခုတန်းနေလို့ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ အမလေး စာက အရှည်ကြီးဟ၊ စာဆိုတာက မှတ်တမ်း၊ ဖြစ်စဉ်က ဒီလိုမဟုတ်ဘူး နာမက္ခန္ဓာလေးပါး တစ်ပြိုင်နက်ဖြစ်တယ်" ဟူသော ဟောပြောချက်သည် မှားသည်ဟု မဆိုနိုင်၊ အမှန်ဟုပင် ဆိုရပါမည်။

သို့သော် အသိဉာဏ် ရှုပ်ထွေးစေနိုင်သောကြောင့် "စာက လေးခုတန်းနေလို့ တိဏ္ဏံ သင်္ဂတိ ဖဿော။ ပ။ နာမက္ခန္ဓာလေးပါးတစ်ပြိုင်နက်ဖြစ်တယ်" ဟူသော ဖော်ပြပြီးစကားရပ်ကို "စာက လေးခုတန်းနေလို့ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ အမလေး စာကအရှည်ကြီးဟ၊ စာဆိုတာက မှတ်တမ်း။ ပရမတ္ထတရားတို့ရဲ့ ဖြစ်ပုံ အခြင်းအရာ ဓမ္မနိယာမ စိတ္တနိယာမက ဒီလိုမဟုတ်ဘူး။ စက္ခုဝိညာဉ်စိတ်ဖြစ်တဲ့အခါ ဝေဒနာ သညာ သင်္ခါရက္ခန္ဓာတို့လဲ တစ်ပြိုင်နက်ဖြစ်တဲ့အတွက် နာမက္ခန္ဓာလေးပါး တစ်ပြိုင်နက်ဖြစ်တယ်" ဟု ပြင်ဆင်ပေးမှသာ အသိဉာဏ်ရှင်းသွားမည်ဖြစ်သည်။

## အမှတ် (၁၃/၂)

ပုဗ္ဗေ ကောဋိ န ပညာယတိ။ (အမှတ်စဉ်-၁၊ နှာ-၄၂)

ယင်းကို "အနမတဂ္ဂေါယံ ဘိက္ခဝေ ပုဗ္ဗာ ကောဋိ န ပညာယတိ- ဟူသော ( သံ၊ ၁။ ၃၈၇) သံယုတ်ပါဠိတော်နှင့်အညီ ပုဗ္ဗာ ကောဋိ န ပညာယတိ"ဟုပြင် ရမည်။

## အမှတ် (၁၃/၃)

သော၊ ထိုပုဂ္ဂိုလ်သည်။ ဝေ၊ စင်စစ်။ အတိဗာလောတိ၊ မိုက်သည်ထက် မိုက်သော ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ (အမှတ်စဉ်-၁၊ နှာ-၂၁၁)

ဤ၌ အနက်ပေးရာတွင် အတိ-သဒ္ဒါ ပိုနေပါသည်ဟု စောဒနာထားရာ"သ- ဝေ ဗာလောတိ ဝုစ္စတိ" (ဓမ္မပဒ)နှင့် အညီ အတိ-ကိုဖြုတ်၍ "ဗာလောတိ၊ မိုက်သည်ထက် မိုက်သော ပုဂ္ဂိုလ်ဟူ၍" ဟု ပြင်ရမည်။

## အမှတ် (၁၃/၄)

အရှင်သာရိပုတ္တရာ ကျောင်းမှာဘဲ ဒီကလေးက နေတယ်။ ဝါတွင်းသုံးလ ကမ္မဋ္ဌာန်းပေးတယ်။ (အမှတ်စဉ်-၁၊ နှာ-၃၂၃)

ဤစကားမှားသည်ဟု စောဒနာထားရာ-

"အရည် ပဝိသိတ္တာ တေမာသံ ဝါယမန္တော စိတ္တေကဂ္ဂတာမတ္တမ္ပိ အလဘိ-တွာ"ဟူသော ဓမ္မပဒအဋ္ဌကထာ (ဓမ္မ၊ ၄၊ ၂။ ၂၆၆)

"သာရိပုတ္တ တယာ ကမ္မဋ္ဌာနံ ဒတွာ စတ္တာရော မာသေ ကိလမိတံ ဘိက္ခုံ အဋ္ဌ ပဉ္စာဘတ္တေယေဝ အရဟတ္တံ ပတ္တံ ပဿိတိ" (ဓမ္မ၊ ၄၊ ၂။ ၂၆၇)

"အယံ ပန စတူဟိ မာသေဟိ နိမိတ္တမတ္တမ္ပိ န ဥပ္ပါဒေသိ" (ဇာ၊ ၄၊ ၁။ ၁၉၈)

ဟူသော အဋ္ဌကထာတို့နှင့် အညီ လအမည်အားဖြင့် (ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်-ဟု) လေးလဖြစ်၍ ရက်အရေအတွက်မှာ ကိုးဆယ်ဖြစ်သည်ဟု ယူနိုင်သည်။ ကိုးဆယ်ဆိုလျှင် သုံးလဟု ဆိုနိုင်သည်။

သို့ဖြစ်၍ လေးလဟုဆိုလျှင် လအမည်အားဖြင့် မှားသည်ဟု မဆိုနိုင်သလို ထိုလေးလတွင် ရက်ပေါင်းကိုးဆယ်ဖြစ်၍ သုံးလဟု ဆိုလျှင်လည်း မမှားပါ။ သို့သော် ကျမ်းစာ အဆိုနှင့်ညီအောင် အငြင်းမပွားအောင် "လအမည်အားဖြင့် လေးလ၊ ရက်အရေအတွက်အားဖြင့် သုံးလ ကမ္မဋ္ဌာန်းပေးတယ်"ဟု ပြင်သင့်သည်။

## အမှတ် (၁၃/၅)

အာနာပါနတွေချည်းဘဲ ပေးတယ်။ (အမှတ်-၁၊ နှာ-၂၃၂)

အရှင်သာရိပုတ္တရာက ထိုရွှေပန်းထိမ်သည် သားအား ကမ္မဋ္ဌာန်း ပေးသည့် အခါ အသုဘကမ္မဋ္ဌာန်းကိုသာ ပေးသောကြောင့် "အာနာပါနတွေချည်းဘဲပေးတယ်" ဟူသော မိုးကုတ်ဆရာတော်ကြီး၏ ဟောပြောချက်ကို-

"တဿ ရာဂပဋိဃာတာယ အသုဘကမ္မဋ္ဌာနံ အဒါသိ" ဟူသော ဓမ္မပဒအဋ္ဌကထာ (ဓမ္မ၊ ၄၊ ၂။ ၂၂၆) နှင့် အညီ "အသုဘကမ္မဋ္ဌာန်းချည်းပေးတယ်"ဟု ဟောစဉ်တရား စာအုပ်များ၌ ပြင်ဆင်ပေးရမည်။ အသံသွင်းတိတ်ခွေ၌ ယင်းစကားကို ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၇/၆)

ဒါနဲ့ အရှင်သာရိပုတြာ စိတ်ပျက်တယ်။ (အမှတ်-၁၊ နှာ-၁၇၂)

အရှင်သာရိပုတ္တရာသည် ကိလေသာအားလုံး ကင်းစင်ပြီးသော ရဟန္တာပုဂ္ဂိုလ်ဖြစ်၍ ဒေါသဖြင့် စိတ်ဆိုး စိတ်ပျက်မှု မရှိနိုင်သောကြောင့် မိုးကုတ်ဆရာတော်ကြီး၏ အထက်ပါ ဟောပြောချက်သည် မှားယွင်းသည်ဟု စေဒကဆရာတော်က တင်ပြပေသည်။

ဤနေရာ၌ ပါဠိတော်လာ အသုံးအနှုန်း အချို့တို့ကို သိသင့်ပေသည်။

ဝိနည်းပါဠိတော်များတွင် သိက္ခာပုဒ်ပညတ်ရန် တစ်စုံတစ်ယောက်သော ရဟန်း၏ သာသနာတော်အား မလျော်သော လွန်ကျူးမှုများကို ဘုရားရှင်သိတော်မူသောအခါ ရဟန်းများကို စုဝေးစေပြီး ကာယကံရှင်ရဟန်းကို မှန်-မမှန် မေးမြန်းစစ်ဆေးတော်မူသည်။

ဟုတ်မှန်ကြောင်း ထိုရဟန်း (ရဟန်းများ) က ဝန်ခံလျှင် “ဝိဂရဟိ ဗုဒ္ဓေါ ဘဂဝါ- ဘုရားရှင်က ကဲ့ရဲ့ရှုတ်ချတော်မူ၏“ ဟု လည်းကောင်း၊

“အနေကပရိယာယေန ဝိဂရဟိတွာ (ပ) ဓမ္မိံ ကထံ ကတွာ ဘိက္ခူ အာမန္တေသိ=အမျိုးမျိုး အဖုံဖုံကဲ့ရဲ့ရှုတ်ချတော်မူ၍ တရားစကားဟောကြားပြီးလျှင် ရဟန်းတော်တို့ကို အမိန့်ရှိတော်မူ၏” ဟု လည်းကောင်း ပါဠိတော်၌ လာရှိသည်ကို တွေ့ရပေသည်။

“ဝိဂရဟိ ဗုဒ္ဓေါ ဘဂဝါ-ဘုရားရှင် ကဲ့ရဲ့ရှုတ်ချတော်မူ၏။ အနေကပရိယာယေန ဝိဂရဟိတွာ-အမျိုးမျိုး အဖုံဖုံ ကဲ့ရဲ့ရှုတ်ချတော်မူပြီး၍” ဟု ဆိုသော်လည်း ဘုရားရှင်တို့၏ ဒေါသစသော ကိလေသာများ လုံးဝမရှိတော့သောကြောင့် ဒေါသဖြင့် ကဲ့ရဲ့ရှုတ်ချတော်မူသည်ဟု မမှတ်ရပေ။

လောကအသုံးအနှုန်းအရ “ဝိဂရဟိ-ကဲ့ရဲ့ရှုတ်ချပြီ၊ ဝိဂရဟိတွာ-ကဲ့ရဲ့ရှုတ်ချပြီး၍“ ဟု သုံးနှုန်းသော်လည်း ဒေါသဖြင့် ကဲ့ရဲ့ရှုတ်ချတော်မူခြင်းမဟုတ်။ သာသနာတော်စင်ကြယ်သန့်ရှင်းရေး၊ ရဟန်းတော်များ သံဃသုဋ္ဌု၊ သံဃဖာသု-စသော အကျိုးများရရှိရေးကို ရည်ရွယ်၍ စောင့်ရှောက်ထိန်းသိမ်းခြင်းအကျိုး၊ ကျူးလွန်ဖောက်ဖျက်ခြင်း၏ အပြစ်တို့ကို ကာယကံရှင် ရဟန်း၊ ရဟန်းများနှင့်တကွ အခြားရဟန်းများ သိမြင်အောင် ဟောပြောခြင်းကိုပင် ပါဠိသဒ္ဒါအရ

ကဲ့ရဲ့ခြင်း ရှုတ်ချခြင်းအနက်ဟော ဝိ-ရှေ့ရှိသော ဂရဟ-ဓာတ်ဖြင့် "ဝိဂရဟိ, ဝိဂရဟိတွာ" ဟု သုံးနှုန်းခြင်းဖြစ်သည်။ လောကသားတို့ နားလည်သော အသုံးအနှုန်းဖြင့် သုံးပြခြင်းဖြစ်သည်။ တကယ်ဒေါသဖြစ်၍ သုံးနှုန်းခြင်း မဟုတ်ပေ။

ဤ၌လည်း တရားပြ၍ သဘောမပေါက်သော (ဝါ) တရားတိုးတက်မှု မရှိသော ရဟန်းတော်ကိုကြည့်၍ ထိုရဟန်းတော်လေးအတွက် ဆက်လက်ဆောင်ရွက်လိုသော စိတ်ဓာတ် လျော့ပါးသည်ကို လောကအသုံးအားဖြင့် အများနားလည်သည့် "စိတ်ပျက်သည်" ဟူသော အသုံးအနှုန်းကို မိုးကုတ်ဆရာတော်ကြီးက သုံးနှုန်းလိုက်ခြင်း ဖြစ်သည်။

ထို့ပြင် ဒုတိယပါရာဇိက ဝိနီတဝတ္ထုလာ နိရုတ္တိပထဝတ္ထု၌ ဘိက္ခုနီမတစ်ယောက်သည် လက်ရုံး (ဝရံတာ) တစ်ခု၌ သင်္ကန်းကို ဖြန့်လွှမ်းတင်ထားခဲ့ပြီး ကျောင်းတွင်းသို့ ဝင်သွား၏။

အခြား ဘိက္ခုနီမတစ်ယောက်က ထိုသင်္ကန်းကို "မပျောက်ပါစေနဲ့" ဟူသော ကောင်းသောစိတ်ထားဖြင့် သိမ်းထား၏။ သင်္ကန်းရှင် ဘိက္ခုနီမက "အယျေ မယှံ စီဝရံ ကေန အဝဟဋံ-အရှင်မ တပည့်တော်၏ သင်္ကန်းကို ဘယ်သူခိုးသလဲ" ဟု သိမ်းထားသော ဘိက္ခုနီမကို မေး၏။

သိမ်းထားသော ဘိက္ခုနီမက "မယာ အဝဟဋံ-တပည့်တော်ခိုးထားပါ၏။" ဟု စကားအလိုက်သင့်ဖြေလိုက်၏။ သင်္ကန်းပိုင်ရှင်က "ရှင်မ၊ ရှင်မသည် ရဟန်းမ မဟုတ်တော့ပြီ" ဟု ပြောသဖြင့် ထိုဘိက္ခုနီမ ကုက္ကုစ္စသံသယ ဖြစ်တော့၏။

ထိုအကြောင်းကို ဘိက္ခုနီများမှ တစ်ဆင့် ဘုရားရှင်သိတော်မူသောအခါ "အနာပတ္တိ ဘိက္ခဝေ နိရုတ္တိပထေ-စကားအဖြစ်ပြောရာ၌ အာပတ်မသင့်" ဟု ဘုရားရှင်က မိန့်ကြားတော်မူသည်။

ဤဝတ္ထု၌ ပိုင်ရှင် ဘိက္ခုနီမက "မယှံ စီဝရံ ကေန အဝဟဋံ" ဟုမေးသော ကြောင့် "မယာ အဝဟဋံ" ဟု အလိုက်သင့် ဖြေခြင်းဖြစ်၏။ ပိုင်ရှင်ဘိက္ခုနီက "ကေန ဂဟိတံ- ဘယ်သူယူသလဲ" ဟု မေးလျှင် သိမ်းထားသော ဘိက္ခုနီမက "မယာ ဂဟိတံ-တပည့်တော်ယူထားပါ၏" ဟုဖြေမည် ဖြစ်၏။

ဤသို့ အဝဟဋ္ဌဟူသော အသုံးအနှုန်းသည် ခိုးခြင်း ခိုးရာ၌ သုံးသော လောကအသုံးဖြစ်၏။ သိမ်းထားသော ဘိက္ခုနီမ၏ သန္တာန်၌ တကယ် ခိုးလိုစိတ် မရှိပေ။ ထို့ကြောင့် တကယ်ခိုးခြင်း မဟုတ်ပေ။ သို့ဖြစ်၍ ဘုရားရှင်က "အနာ-ပတ္တိ နိရုတ္တိပထေ" ဟု မိန့်ကြားခြင်းဖြစ်သည်။

မိုးကုတ်ဆရာတော်ကြီး သုံးနှုန်းလိုက်သော "ရှင်သာရိပုတ္တရာ စိတ်ပျက်တယ်" ဟူသော အသုံးအနှုန်းသည်လည်း လောကအများ နားလည်သည့် အသုံးအနှုန်းကို သုံးနှုန်းလိုက်ခြင်းဖြစ်၍ မှားသည်ဟု မဆိုနိုင်ပေ။

ထို့အတူ- မြတ်စွာဘုရားရှင်သည် ထိုထိုမြို့ရွာတို့သို့ ကြွရောက်သီတင်းသုံးပြီး ဒကာ, ဒကာမ, ရဟန်းသာမဏေတို့အား တရားဟောပြော ဆုံးမတော်မူ၏။ ဆုံးမသင့် ဆုံးမထိုက်သည့် အခြေအနေပြီး၍ အခြားဒေသသို့ ကြွချိန်တန်သော အခါ အခြားဒေသသို့ ကြွတော်မူ၏။ ထိုအခြင်းအရာကို ပါဠိတော်တို့၌ "ရာဇဂဟေ ယထာဘိရန္တံ ဝိဟရိတွာ= ရာဇဂြိုဟ်မြို့၌ ပျော်မွေ့တော်မူသလောက် သီတင်းသုံးနေထိုင်ပြီးနောက်။ ယေန သာဝတ္ထိ, တေန စာရိကံ ပက္ကာမိ= သာဝတ္ထိမြို့သို့ ဒေသစာရီကြွချီတော်မူ၏" (မ၊ ၁။ ၂၀၀-စသည်) ဟု မှတ်တမ်းတင်တော်မူပါသည်။

ယထာဘိရန္တံ ဝိဟရိတွာ=ပျော်သလောက် သီတင်းသုံး၍ ဟူရာ၌ ဘုရားရှင်တို့အား ပျော်ခြင်း, ပျင်းခြင်း မရှိပေ။

"ယတ္ထ ပန တထာဂတေ ဝိဟရန္တေ သတ္တာ သရဏေသု ဝါ ပတိဋ္ဌဟန္တိ၊ သီလာနိ ဝါ သမာဒိယန္တိ၊ ပဗ္ဗဇန္တိ ဝါ။ တတော သောတာပတ္တိမဂ္ဂါဒီနံ ဝါ ပန တေသံ ဥပနိဿယော ဟောတိ၊ တတ္ထ ဗုဒ္ဓါ သတ္တေ တာသု သမ္ပတ္တီသု ပတိဋ္ဌာပနအဗ္ဘာသယေန ဝသန္တိ။ တာသံ အဘာဝေ ပက္ကမန္တိ။(မဋ္ဌ၊၂။၅၄။ ၅၅)

မိမိ (ဘုရားရှင်) သီတင်းသုံးခိုက် သတ္တဝါတို့ (ဒကာ ဒကာမတို့) သရဏဂုံတည်ခြင်း၊ သီလဆောက်တည်ခြင်း၊ ရှင်ပြု ရဟန်းခံခြင်း၊ သောတာပတ္တိမဂ်ရကြောင်း ကောင်းမှုပါရမီတို့ကို ဆောက်တည်ကျင့်သုံး အားထုတ်စေခြင်းဖြင့် အမျိုးမျိုးသော အကျိုးတရားတို့ကို ရရှိစေနိုင်၏။ ထိုမျှလောက်သော ကာလပတ်လုံး ဘုရားရှင်သီတင်းသုံးတော်မူ၍ ထိုကဲ့သို့သော အကြောင်းကိစ္စ အဇ္ဈာသယမရှိတော့ဘူးဆိုလျှင် အခြားအရပ်သို့ ဖဲကြွတော်မူ၏။

ဤသို့ ဝေနေယျပုဂ္ဂိုလ်တို့ ကောင်းကျိုးကို ရစေလိုသောကြောင့် ထိုရစေလိုသော အလိုဆန္ဒရှိသမျှ (ဝါ) သရဏဂုံတည်ခြင်းစသော ပါရမီကုသိုလ်တို့ကို ရယူနိုင်ကြသည့် ပုဂ္ဂိုလ်များ ရှိနေသမျှ နေထိုင်သီတင်းသုံးခြင်းကို "ယထာဘိရန္တံ ဝိဟရိတွာ= မွေ့လျော်တော်မူသ၍ (ဝါ) ပျော်သလောက်သီတင်းသုံး၍ "ဟု လောကအသုံးဖြင့် သုံးခြင်းဖြစ်ပေသည်။ ပုထုဇဉ်တို့ပျော်ခြင်း (လောဘသမ္ပယုတ်စိတ်ဖြင့် ပျော်ခြင်း)မျိုးဖြင့် ပျော်သည်ဟု မဆိုရပေ။ မဆိုနိုင်ပေ။

ထို့ကြောင့် "အရှင်သာရိပုတ္တရာ စိတ်ပျက်တယ်" ဟု မိုးကုတ်ဆရာတော်ကြီး ဟောကြားခြင်းသည် မှားသည်ဟု မဆိုနိုင်ပေ။

သို့သော် သုတနည်းပါးသူတို့ သံသယပွားဖွယ်၊ အငြင်းပွားဖွယ်ရှိသောကြောင့် "အရှင်သာရိပုတ္တရာ စိတ်ပျက်တယ်" ဟူသော စကား၏ နောက်၌ "အရှင်သာရိပုတ္တရာမှာ သူ့အတွက် ဆက်လက်ဆောင်ရွက်လိုစိတ် ပျက်ပြယ်သွားတယ်။ တစ်စုံတစ်ရာ အကျိုးမပြီးတော့လို့ လက်လျှော့လိုက်တယ်" ဟု စကားဖြည့်စွက်လိုက်လျှင် သံသယလည်းမပွား၊ အငြင်းစကားလည်း မထွက်တော့ဘဲ လေးနက်ခံ့ညားသွားမည် ဖြစ်ပေသည်။

## အမှတ် (၁၃/၇)

ကမ္မဋ္ဌာန်းဆိုတာ ဆန့်ကျင်ဘက်ပေးရတယ်။ အသုဘကို ပေးရမယ်။ (အမှတ် စဉ်-၁၊ နှာ-၂၃၃) ဟူသော မိုးကုတ်ဆရာတော်ကြီး၏ ဟောပြောချက်သည် မှားနေသည်ဟု စောဒနာထားရာ-

"ဣမဿ အသုဘပဋိကူလကမ္မဋ္ဌာနံ န ဝဋ္ဋတိ။ မနာပမေဝဿ ကမ္မဋ္ဌာနံ သပ္ပါယံ" ဟူသော ဓမ္မပဒ အဋ္ဌကထာနှင့် အညီ-

ရွှေပန်းထိမ်သည်သား ရဟန်းတော်အား အသုဘကမ္မဋ္ဌာန်းက မသင့်လျော်၊ အလှကြိုက်သော ထိုရဟန်းတော်အား စိတ်နှလုံးကို ပွားစေတတ်သော ကမ္မဋ္ဌာန်းသာ သင့်လျော်သောကြောင့် "ကမ္မဋ္ဌာန်းဆိုတာ ဆန့်ကျင်ဘက်ပေးရတယ်။ အသုဘ်ကို ပေးရမယ်" ဟူသော ယင်းစကားကို စာအုပ်များမှလည်းကောင်း၊ တိတ်ခွေများမှလည်းကောင်း ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၈)

သူက ပျက်စီးတာ ပေးတာမှ မဟုတ်ဘဲ။ ရှုပြာယ် ရှိုက်ဟယ် လုပ်နေတာကိုး။
(အမှတ်စဉ်-၁၊ နှာ-၂၃၃)

ဟူသော မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်သည်-

"တဿ ရာဂပဋိဃာတာယ အသုဘကမ္မဋ္ဌာနံ အဒါသိ" ဟူသော အဋ္ဌကထာနှင့် ဆန့်ကျင်၍ မှားပါသည်ဟု စောဒကဆရာတော်က စောဒနာထားသည်။

ထိုရွှေပန်းထိမ်သည်သား ရဟန်းတော်အား အသုဘကမ္မဋ္ဌာန်းသာ ပေးခြင်းဖြစ်သောကြောင့် "ရှုပြာယ် ရှိုက်ဟယ် လုပ်နေတာကိုး" ဟူသော စကားကို ပယ်ဖျက်ပြီး "အသုဘကမ္မဋ္ဌာန်းကိုဘဲ ပေးထားတာကိုး" ဟု စာအုပ်တို့၌ ပြင်သင့်သည်။ တိတ်ခွေ၌ ထိုအပိုဒ်ကို ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၉)

လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနှင့် ဒုက္ခအဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို ရောက်နိုင်ပါ့မလား။ (အမှတ်-၁၊ နှာ-၂၄၈)

မိုးကုတ်ဆရာတော်ကြီး၏ အထက်ပါဟောချက်များသည်-

"အတ္ထိ နု ခေါ ဘော ဂေါတမ ကောစိ ဂိဟီ ဂိဟိသံယောဇနံ အပ္ပဟာယ ကာယဿ ဘေဒါ ဒုက္ခဿန္တကရော" ဟူသော ပါဠိတော်ဝယ် ကာယဿ ဘေဒါ-ကိုဖြုတ်၍ သဥပါဒိသေသနိဗ္ဗာန်ကို မေးထားသယောင် ဟောကြားထားသောကြောင့် မှားပါသည်ဟု စောဒနာထားပေသည်။

စောဒကဆရာတော်က ပါဠိတော်ဝယ် "ကာယဿ ဘေဒါ "ဟူသော ပါဠိတော်ကြောင့် ဝစ္ဆဂေါတ္တပရိဗိုဇ်က" လူဟာ လူ့သံယောဇဉ်ကို မပယ်စွန့်ဘဲ သေသည်၏အခြားမဲ့၌ ဒုက္ခအဆုံးကို ပြုသူ ဖြစ်နိုင်ပါသလား" ဟု အနုပါဒိသေသနိဗ္ဗာန်ကို မေးလိုရင်း ဖြစ်ပါသည်ဟုလည်း တင်ပြထားပေသည်။

စုဒိတကဆရာတော်တို့က ထိုပါဠိတော်၏ အဋ္ဌကထာဝယ် ကာယဿ ဘေဒါ-ပုဒ်ကို မဖွင့်ဘဲ ချန်ထားခဲ့သောကြောင့် သဥပါဒိသေသနိဗ္ဗာန် အနုပါဒိ-သေသနိဗ္ဗာန် နှစ်မျိုးလုံး ယူနိုင်ကြောင်း တင်ပြကြလေသည်။

## တေဝိဇ္ဇဝစ္ဆသုတ်

ဤစောဒနာ၏ မြစ်ဖျားခံရာဖြစ်သော "အတ္ထိ နု ခေါ ဘော ဂေါတမ ကောစိ ဂိဟီ ဂိဟိသံယောဇနံ အပ္ပဟာယ ကာယဿ ဘေဒါ ဒုက္ခဿန္တကရောတိ" ဟူသော စကားပါ မဇ္ဈိမပဏ္ဏာသပါဠိတော် တေဝိဇ္ဇဝစ္ဆသုတ် (မ၊ ၂။ ၁၄၉)ကို လေ့လာသင့်ပေသည်။

ဘုရားရှင် ဝေသာလီမြို့အနီး မဟာဝုန်တော ကူဋာဂါရကျောင်းတော်၌ သီတင်းသုံးစဉ် တစ်နေ့တွင် ဘုရားရှင်သည် ဝေသာလီမြို့တွင်းသို့ ဆွမ်းခံကြွ အလာ စောနေသေးသဖြင့် ဝစ္ဆပရိဗိုဇ်၏ ကျောင်းသို့ ဝင်တော်မူ၏။ ဝစ္ဆပရိဗိုဇ်၏ ကျောင်းတွင် ဝစ္ဆပရိဗိုဇ်နှင့် စကားပြောဆိုရင်းမှ ဝစ္ဆပရိဗိုဇ်က-

အတ္ထိ နု ခေါ ဘော ဂေါတမ ကောစိ ဂိဟီ ဂိဟိသံယောဇနံ အပ္ပဟာယ ကာယဿ ဘေဒါ ဒုက္ခဿန္တကရော-

အရှင်ဂေါတမ လူသည် လူတို့၏ သံယောဇဉ်ကို မပယ်စွန့်ဘဲ သေသည်၏ အခြားမဲ့၌ ဒုက္ခ၏အဆုံးကို ပြုနိုင်သူ တစ်စုံ တစ်ယောက်ရှိပါသလော" ဟု ဘုရားရှင်အား မေးလျှောက်သည်။ (ဤမေးခွန်း အပါအဝင် မေးခွန်းလေးမျိုးကို မေးလျှောက်သည်။)

ဘုရားရှင်က "နတ္ထိ ခေါ ဝစ္ဆ ကောစိ ဂိဟီ ဂိဟိသံယောဇနံ အပ္ပဟာယ ကာယဿ ဘေဒါ ဒုက္ခဿန္တကရော-

ဝစ္ဆ၊ လူသည် လူ့သံယောဇဉ်ကို မပယ်စွန့်နိုင်ဘဲ သေသည်၏ အခြားမဲ့၌ ဒုက္ခ၏အဆုံးကို ပြုနိုင်သူ တစ်စုံတစ်ယောက်မျှ မရှိ" ဟု ဖြေကြားတော်မူ၏။ (ကျန် မေးခွန်းသုံးခု၏ အဖြေကိုလည်း ဘုရားရှင် ဖြေကြားတော်မူသည်။)

ဤ အမေး+အဖြေနှစ်ခု၏ ဆိုလိုရင်းမှာ-"လူသည် လူ့သံယောဇဉ်ကို မပယ်နိုင်ဘဲ ဒုက္ခအဆုံးကို မပြုနိုင် (ဝါ) ရဟန္တာမဖြစ်နိုင်"ဟု ဆိုလိုပေသည်။

ဤ ပါဠိတော်၌ ပါရှိသည့် "ဒုက္ခဿန္တကရော" ဟူသော ပါဠိသည် ဆင်းရဲ ဒုက္ခ၏ အဆုံးကိုပြုသူ ရဟန္တာဟူသော အနက်ကိုသာ တိုက်ရိုက်ပြဆိုသည်။ နိဗ္ဗာန်ဟူသော အနက်ကို တိုက်ရိုက်မပြနိုင်ပေ။ နိဗ္ဗာန်ကို သောတာပန်, သကဒါ- ဂါမ်, အနာဂါမ်များလည်းရကြပေသည်။ သို့သော် သံသရာ၌ ဆက်လက်ကျင်လည် ကြရသောကြောင့် ဒုက္ခ၏အဆုံးကို ပြုနိုင်သည့် ပုဂ္ဂိုလ်များဟုကား တိုက်ရိုက် မဆိုနိုင်ပေ။ ကျမ်းဂံန်တို့၌လည်း ရဟန္တာပုဂ္ဂိုလ်များကိုသာ 'ဒုက္ခဿန္တကရော ဟု ဟောလေ့ရှိပါသည်။

ထို့ပြင် ပြဿနာကို မေးသူ ဝစ္ဆပရိဗိုဇ်သည် သဥပါဒိသေသနိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန်သဘောကို သိသူဟု မဆိုနိုင်ပေ။ ဗုဒ္ဓသာသနာတော်၏ ဆန့်ကျင်ဘက် ပရိဗိုဇ်တစ်ဦးသာ ဖြစ်သောကြောင့် သဥပါဒိသေသနိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန်သဘောကို မေးသည်ထက် ရဟန္တာဖြစ်နိုင် မဖြစ်နိုင်ကိုသာ မေးခြင်း ဖြစ်နိုင်သည်။

ဝစ္ဆပရိဗိုဇ်၏ ဒုတိယမေးသော မေးခွန်းတွင် လူ့သံယောဇဉ်ကို မပယ်စွန့်နိုင်ဘဲ သေပြီးသည်၏ အခြားမဲ့၌ နတ်ပြည်သို့ရောက်နိုင်ပါသလား-ဟူသော အမေးကို ထောက်လျှင် ဤပထမမေးခွန်းကိုလည်း"လူသည် လူ့သံယောဇဉ်ကို မပယ်စွန့်နိုင်ဘဲ သေသည်၏ အခြားမဲ့၌ ရဟန္တာဖြစ်နိုင်ပါသလား"ဟု မေးလိုရင်းသာဖြစ်နိုင်ပေသည်။ သဥပ္ပါဒိသေသ, အနုပါဒိသေသ သဘောကို မေးလိုရင်းမဟုတ်ပေ။ (ဝစ္ဆပရိဗိုဇ်သည် သေပြီးမှသာ ရဟန္တာဖြစ်သည်ဟု ယူဆပုံရသည်။)

ထို့ကြောင့် အဋ္ဌကထာဆရာတော်က 'ကာယဿ ဘေဒါ' ကို အထူးသုံးသပ်ဖွင့်ဆိုမှု မပြုတော့ဘဲ ချန်ထားခဲ့ခြင်း ဖြစ်နိုင်ပေသည်။

## လူ့သံယောဇဉ်

"ဂိဟိသံယောဇနံ အပ္ပဟာယ- လူ့သံယောဇဉ်ကို မပယ်စွန့်နိုင်ဘဲ" ဟူသော စကားရပ်၍ ဂိဟိသံယောဇနံ- လူ့သံယောဇဉ်ဟူသည်-

ဂိဟိသံယောဇနန္တိ ဂိဟိဗန္ဓနံ ဂိဟိပရိက္ခာရေသု နိကန္တိ။ (မ၊ ဋ္ဌ၊ ၃။ ၁၃၆) ဟု အဋ္ဌကထာဖွင့်ဆိုသောကြောင့် လူတို့အသုံးအဆောင်တို့၌ဖြစ်သော တပ်မက်တွယ်တာခြင်း တဏှာနိကန္တိ-ဟု လည်းကောင်း။

ဂိဟိပရိက္ခာရေသူတိ ဝတ္ထာဘရဏာဒိနေဧညာဒိဂိဟိပရိက္ခာရေသု။(မ၊ဋီ၊၃။ ၉၁) ဟု ဋီကာဖွင့်ဆိုသောကြောင့် လူတို့၏ အသုံးအဆောင်ဖြစ်သော အဝတ်အထည်, အဆင်တန်ဆာ, ပစ္စည်းဥစ္စာ, စပါးကောက်ပဲ စသည်တို့၌ တပ်မက်စွဲလမ်းသော တဏှာနိကန္တိ-ဟုလည်းကောင်း သိနိုင်ပေသည်။

ဆိုလိုရင်းမှာ လူ့သံယောဇဉ်ဟူသည်မှာ မိမိ မိမိတို့ ပိုင်ဆိုင်သော အဝတ်အထည်, အဆင်တန်ဆာ,စသော ပစ္စည်းဥစ္စာကောက်ပဲစပါးစသည်တို့၌ တပ်မက်တွယ်တာသော တဏှာသံယောဇဉ်ကိုသာ "လူ့သံယောဇဉ်" ဟုဆိုလိုပေသည်။ လူ့ဝတ်ကြောင်ဘဝ (လူဝတ်လူစား) ကို လူ့သံယောဇဉ်ဟု ဆိုလိုသည် မဟုတ်ပေ။

လူဝတ်ကြောင်ဘဝကို လူ့သံယောဇဉ်ဟု ယူဆသူများ ရှိပုံရပေသည်။ အဘယ်ကြောင့်နည်းဟူမူ လူ့သံယောဇဉ်မပယ်နိုင်ပါက ရဟန္တာမဖြစ်နိုင်ဟု ဆိုလိုပါလျှင် လူဝတ်ကြောင်ဘဝဖြင့် ရဟန္တာဖြစ်သွားကြသော သန္တတိအမတ်ကြီး, ဥဂ္ဂသေနသူဌေးသားတို့အတွက် အဘယ်သို့ ပြောမည်နည်းဟု မေးဖွယ်ရှိ၍ ထိုသန္တတိ အမတ်ကြီးစသည်တို့သည် လူဝတ်လူစားဖြင့် ရှိသော်လည်း လူ့အသုံးအဆောင် (ဝါ) မိမိပိုင်ပစ္စည်းအားလုံးတို့၌ တပ်မက်တွယ်တာသော တဏှာသံယောဇဉ်ကို (လူ့သံယောဇဉ်) ကို ပယ်စွန့်နိုင်သောကြောင့် ရဟန္တာဖြစ်ကြကြောင်း အဋ္ဌကထာ (မ၊ ၄၊ ၃။ ၁၃၆) ၌ ဖွင့်ဆိုထားသောကြောင့်ပေတည်း။

## အနုပါဒိသေသနိဗ္ဗာန်ကို မေးလိုရင်းမဟုတ်

စောဒကဆရာတော်ဆိုသည့်အတိုင်း ကာယဿ ဘေဒါ-ဖြင့် အနုပါဒိသေသနိဗ္ဗာန်ကို ရည်ညွှန်းပါသည်ဟု ဆိုလျှင် လူသည် လူ့သံယောဇဉ်ကို မစွန့်နိုင်ပါက သေပြီးနောက် အနုပါဒိသေသ နိဗ္ဗာန်ကို မရနိုင်။ မသေမီ သဉပါဒိသေသနိဗ္ဗာန်ကိုကား ရနိုင်သည်ဟူသော အဓိပ္ပာယ်ရောက်နိုင်ပေသည်။ သဉပါဒိသေသနိဗ္ဗာန်ရသူသည် ပရိနိဗ္ဗာန်ပြုပြီးနောက် အနုပါဒိသေသ နိဗ္ဗာန်ကိုမုချ ဧကန်ရမည်သာ ဖြစ်သည် သဉပါဒိသေသ နိဗ္ဗာန်ကိုမရဘဲ အနုပါဒိသေသ နိဗ္ဗာန်ရသူဟူ၍ကား မရှိပေ။

အမှန်စင်စစ် ဝစ္ဆပရိဗိုဇ်မေးလိုရင်းမှာ (ဆိုခဲ့ပြီးအတိုင်း လူ့သံယောဇဉ်ကို မပယ်စွန့်နိုင်သောလူသည် သေပြီးနောက် နတ်ပြည်ရောက်နိုင်သကဲ့သို့) သေပြီးနောက် ရဟန္တာဖြစ်နိုင်ပါသလားဟု မေးလိုရင်းသာဖြစ်သည်။ သဉပါဒိသေသ, အနုပါဒိသေသနိဗ္ဗာန်ကို ရနိုင်ပါသလားဟု မေးလိုရင်းမဟုတ်ပေ။

သို့ဖြစ်၍ ကာယဿ ဘေဒါ--ဟူသောပုဒ်သည် ရေးကြီးခွင့်ကျယ် သုံးသပ်တင်ပြဖွယ် မလိုသော ပုဒ်သာဖြစ်သည်။ ထို့ကြောင့် ကာယဿ ဘေဒါ-ပုဒ်၏ အနက်မပါဘဲ 'လူဟာလူ့သံယောဇဉ်ကို မပယ်စွန့်ဘဲ ဒုက္ခအဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို ရောက်နိုင်ပါ့မလား' ဟု မိုးကုတ်ဆရာတော်ကြီး ဟောပြောခြင်းသည် မှားယွင်းသည်မဆိုင်နိုင်ပေ။ အမှန်ဟုသာ ဆိုရပါမည်။

## အမှတ် (၁၃/၁၀)

ရဟန္တာငါးရာဖြစ်အောင် ဟောမယ့်သုတ်။ (အမှတ်စဉ်-၁၊ နှာ-၄၃၉)

မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ မဟာပုဏ္ဏမသုတ် ရဟန်းတော်ခြောက်ဆယ်တို့အား ရဟန္တာဖြစ်အောင်ဟောကြားသည့်သုတ်ဖြစ်၍ ထိုသုတ်ကို 'ရဟန္တာငါးရာဖြစ်အောင်ဟောမယ့်သုတ်' ဟု မိုးကုတ်ဆရာတော်ကြီးက ဟောခြင်းသည် မှားပါသည် စောဒကဆရာတော်က တင်ပြပေသည်။

စောဒကဆရာတော် တင်ပြည့်အတိုင်း ထိုမဟာပုဏ္ဏမသုတ် နိဂုံးဝယ်-

"ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ သဋ္ဌိမတ္တာနံ ဘိက္ခူနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသူတိ"

ဟု ဆိုသောကြောင့် "ရဟန္တာခြောက်ဆယ်ဖြစ်အောင် ဟောမယ့်သုတ်" ဟု စာအုပ်တို့၌ ပြင်ရမည်။ တိတ်ခွေ၌ "ရဟန္တာငါးရာဖြစ်အောင်ဟောမည့်သုတ်" ဟူသော စကားရပ်ကို ဖျက်ပေးရမည်။

## အမှတ် (၁၃/၁၁)

"ရဟန်းတစ်ပါးက တပည့်တော်မသိတာ မေးပါရစေ"ဟု မိုးကုတ်ဆရာတော်ကြီးက (အမှတ်-၁၊ နှာ-၄၃၉) ဟောခြင်းသည် မေးခွန်းထုတ်သောရဟန်းတော်က ရဟန္တာဖြစ်နေသောကြောင့် (မသိတာမေးပါရစေ-ဟူသော စကားသည်) မှားပါသည်ဟု စောဒကဆရာတော်က တင်ပြထားပေသည်။

ဤစကားသည်လည်း မဟာပုဏ္ဏမသုတ်ကို ဟောကြားနေရာမှ မိုးကုတ်ဆရာတော်ကြီး အမိန့်ရှိလိုက်သည့် စကားဖြစ်သည်။

မေးခွန်းမေးသောရဟန်းတော်မှာရဟန္တာဖြစ်၍ (ယခုမေးသည့် တရားဓမ္မနှင့်စပ်လျဉ်း၍ ယုံမှားသံသယမရှိသော်လည်း) မိမိတပည့် ရဟန်းခြောက်ဆယ် တို့ တရားဓမ္မ သိမြင်ရေးအတွက် မသိသလိုမေးခြင်း ဖြစ်သည်။

ထို့ကြောင့်အဋ္ဌကထာ (မ၊ ၄၊ ၃။ ၅၁) ၌-

"ဣမေ နု ခေါ ဘန္တေတိ ဝိမတိပုစ္ဆာ ဝိယ ကထိတာ။ ထေရော ပန ပဉ္စက္ခန္ဓာနံ ဥဒယဗ္ဗယံ ပရိဂ္ဂဏှိတွာ အရဟတ္တံ ပတ္တော မဟာခီဏာသဝေါ၊ နတ္ထိ ဧတဿ ဝိမတိ။ ဇာနန္တေနပိ ပန အဇာနန္တေန ဝိယ ဟုတွာ ပုစ္ဆိတုံ ဝဋ္ဋတိ"

ဟု ဖွင့်ဆိုပါသည်။ သိသူက မသိသလိုလုပ်ပြီး မေးမှသာ ဖြေဆိုသူကအပြည့် အစုံ ဖြေကြားမည်ဖြစ်သောကြောင့် မသိသလိုလုပ်၍ မေးခြင်းဖြစ်သည်။

ထို့ကြောင့်"တပည့်တော်မသိတာမေးပါရစေ"ဟု မိုးကုတ်ဆရာတော်ကြီး ဟောခြင်းကို မှားသည်ဟု မဆိုနိုင်ပါ။

## အမှတ် (၁၃/၁၂)

တောထဲ ရဟန္တာငါးရာ အားထုတ်ကြတယ်။ (အမှတ် -၁၊ နှာ-၄၃၉)

ဤစကားသည်လည်း တောထဲ တရားအားထုတ်သော ရဟန်းများမှာ ရဟန္တာ များ မဖြစ်သေးသောကြောင့် "ရဟန္တာငါးရာ" ဟူသော စကားမှားသည်ဟု စောဒက ဆရာတော်က တင်ပြသည်။

ထို့ကြောင့်

"သဋ္ဌိမတ္တာနံ ပဓာနိယဘိက္ခူနံ သံဃတ္ထေရော သဋ္ဌိ ဘိက္ခူ ဂဟေတွာ အရညေ ဝသတိ-"

ဟူသော အဋ္ဌကထာ (မ။ ၃။ ၅၀) နှင့်အညီ "တောထဲ ရဟန်းခြောက်ဆယ် တရားအားထုတ်ကြတယ်"ဟု ပြင်ရမည်။ တိတ်ခွေ၌ ယင်းစကားရပ်ကို ပယ်ဖျက် ပေးရမည်။

## အမှတ် (၁၃/၁၃)

ဘုရားခန္ဓာက ဥပါဒါန်ချုပ်နေလို့ ဥပါဒါနက္ခန္ဓာ မဟုတ်ဘူး။
(အမှတ်စဉ်-၁၊ နှာ-၄၄၀)

မစွဲလမ်းတဲ့ ပုဂ္ဂိုလ်မှာ ခန္ဓာ၊ စွဲလမ်းတဲ့ ပုဂ္ဂိုလ်မှာ ဥပါဒါနက္ခန္ဓာ။ ဒီလို ယူကွလို့ ဘုရားက ဒီလိုဟောလိုက်တယ်။ (အမှတ်စဉ်-၁၊ နှာ-၄၄၁)

ဤသို့သော မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်သည် ဘုရားရှင်၏ ရုပ်ခန္ဓာရော၊ မစွဲလမ်းကြသော ရဟန္တာများ၏ ရုပ်ခန္ဓာများပါ ဥပါဒါနက္ခန္ဓာသာ ဖြစ်သောကြောင့် မှားပါသည်ဟု စောဒကဆရာတော်က တင်ပြထားပေးသည်။

ဤဟောကြားချက်သည်လည်း မဟာပုဏ္ဏမသုတ်ကို ဟောကြားရာမှ ပေါ်ထွက်လာသော မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်ဖြစ်သည်။

မဟာပုဏ္ဏမသုတ်တွင် ဤသို့သော ဟောကြားချက် လုံးဝမပါရှိသောကြောင့် မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်သည် လုံးဝ မှားယွင်းနေပေသည်။

မဟာပုဏ္ဏမသုတ်၌ ရဟန်းခြောက်ဆယ်၏ ခေါင်းဆောင်ဆရာဖြစ်သော ရဟန္တာမထေရ်မြတ်က မိမိ၏ တပည့် ရဟန်းခြောက်ဆယ်တို့ တရားထူးရစေခြင်းငှာ ထိုရဟန်းခြောက်ဆယ်ကိုခေါ်၍ ဘုရားထံသွားပြီး တရားဓမ္မနှင့် စပ်လျဉ်းသော ပြဿနာကို မေးလျှောက်သည်။

မေးသော ရဟန်းက ဥပါဒါနက္ခန္ဓာငါးပါးနှင့် ထို ဥပါဒါနက္ခန္ဓာငါးပါး၏ အကြောင်းတရားတို့ကိုမေးရာ ဘုရားရှင်က ဥပါဒါနက္ခန္ဓာငါးပါး၏ အကြောင်းမှာ တဏှာ ဆန္ဒဖြစ်သည်ဟု ဖြေကြားသည်။ ရဟန်းတော်များက ဆက်၍ မေးလျှောက်သည်-

"တံယေဝ နု ခေါ ဘန္တေ ဥပါဒါနံ တေ ပဉ္စုပါဒါနက္ခန္ဓာ၊ ဥဒါဟု အညတြ ပဉ္စဟုပါဒါနက္ခန္ဓေဟိ ဥပါဒါနံ၊

ရှင်တော်မြတ်ဘုရား ဥပါဒါန်နှင့် ဥပါဒါနက္ခန္ဓာတို့သည် တူကြပါသလား။ သို့မဟုတ်-ဥပါဒါနက္ခန္ဓာမှ ကင်း၍ ဥပါဒါန်ဖြစ်ပါသလား"ဟု မေးလျှောက်သည်။

ဘုရားရှင်က-

"န ခေါ ဘိက္ခု တံယေဝ ဥပါဒါနံ တေ ပဉ္စုပါဒါနက္ခန္ဓာ၊ နာပိ အညတြ ပဉ္စဟုပါဒါနက္ခန္ဓေဟိ ဥပါဒါနံ၊ ယော ခေါ ဘိက္ခု ပဉ္စသု ဥပါဒါနက္ခန္ဓေသု ဆန္ဒရာဂေါ၊ တံ တတ္ထ ဥပါဒါနံ။

ရဟန်း၊ ဥပါဒါန်နှင့် ဥပါဒါနက္ခန္ဓာသည် တူသည်မဟုတ်၊ ဥပါဒါနက္ခန္ဓာကို ကြဉ်ပြီး ဥပါဒါနသည် မဖြစ်၊ ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌ဖြစ်သော ဆန္ဒရာဂ (တဏှာ) သည် ဥပါဒါန်မည်၏"ဟု ဖြေတော်မူသည်။

ဘုရားရှင်၏ ဤဒေသနာတော်၌ ခန္ဓာနှင့်ဥပါဒါနက္ခန္ဓအကြောင်းကို ဟော

လိုရင်းမဟုတ်၊ ဥပါဒါန်နှင့် ဥပါဒါနက္ခန္ဓာအကြောင်းကိုသာ ဟောလိုရင်းဖြစ်ပါသည်။ ထို့ကြောင့် မိုးကုတ်ဆရာတော်ကြီး၏ "မစွဲလမ်းတဲ့ပုဂ္ဂိုလ်မှာ ခန္ဓာ၊ စွဲလမ်းတဲ့ ပုဂ္ဂိုလ်မှာ ဥပါဒါနက္ခန္ဓာ၊ ဒီလို ယူကွလို့ ဘုရားက ဒီလိုဟောလိုက်တယ်" ဟူသော ဟောပြောချက်သည် ဤ မဟာပုဏ္ဏမသုတ် ဒေသနာတော်နှင့် တစ်ခြားစီဖြစ်နေကြောင်း တွေ့နိုင်ပေသည်။

ထို့ပြင် မိုးကုတ်ဆရာတော်ကြီးက "အဲဒီ ခန္ဓာငါးပါးဟာ ဘယ်သူ့ကြောင့်ဖြစ်ပါလိမ့်မလဲ ဘုရားလို့ ရဟန်းက ဆက်မေးတယ်။ (တင်ပ့ါ) အိုး---ဆန္ဒကြောင့်ဖြစ်တယ်ကွ၊ ဆန္ဒဆိုတာ တဏှာပေါ့ဗျာ"ဟု ဟောတော်မူခြင်းသည်လည်း မဟာပုဏ္ဏမသုတ်နှင့် ညီညွတ်ခြင်းမရှိပေ။ "အဲဒီ ခန္ဓာငါးပါးဟာ ဘယ်သူ့ကြောင့်ဖြစ်ပါလိမ့်မလဲ ဘုရား"လို့ ရဟန်းတော်က မမေးပေ။ ဥပါဒါန်နှင့် ဥပါဒါနက္ခန္ဓာအကြောင်း ဘုရားကဟောရင်း ဘုရားရှင်က ဆက်ဟောခြင်းသာ ဖြစ်ပါသည်။

ပို၍ ဆိုးသည်မှာ- "ယော ခေါ ဘိက္ခု ပဉ္စသု ဥပါဒါနက္ခန္ဓေသု ဆန္ဒရာဂေါ၊ တံ တတ္ထ ဥပါဒါနံ"ဟူသော ဘုရားရှင်၏ စကားတော်ကို မိုးကုတ်ဆရာတော်ကြီးက ခန္ဓာငါးပါး (ဥပါဒါနက္ခန္ဓာငါးပါး)သည် ဆန္ဒ (ရာဂ)ကြောင့်ဖြစ်တယ်။ (အဲဒီခန္ဓာငါးပါးဟာ ဘယ်သူ့ကြောင့် ဖြစ်ပါလိမ့်မလဲ ဘုရားလို့ ရဟန်းက ဆက်မေးတယ်။ အိုး---ဆန္ဒကြောင့် ဖြစ်တယ်ကွ) ဟု ဟောခြင်းသည် ဒေသနာတော်ကို ပြောင်းပြန်ဖြစ်အောင် ဟောကြောင်း သိနိုင်ပေသည်။ ဘုရားရှင်က "ဥပါဒါနက္ခန္ဓာငါးပါးတို့၌ စွဲလမ်းတပ်မက်သော တဏှာရာဂသည် ဥပါဒါန်မည်၏"ဟု ဟောသည်။ ဤစကားအရ ဥပါဒါနက္ခန္ဓာငါးပါးသည် ဆန္ဒရာဂ (တဏှာ) ၏ အာရုံအကြောင်း ဖြစ်သည်။ ဆန္ဒရာဂ (တဏှာ) အား အာရမ္မဏသတ္တိ, အဓိပတိသတ္တိတို့ဖြင့် ကျေးဇူးပြုနေသည့် ပစ္စည်းဖြစ်သည်။ ဤသို့ ဟောထားပါလျက် မိုးကုတ်ဆရာတော်ကြီးက ခန္ဓာငါးပါးသည် ဆန္ဒ (ရာဂ)ကြောင့်ဖြစ်သည်"ဟု ဟောခြင်းသည် အကြောင်းအကျိုးကို ဆန့်ကျင်ဘက်ဖြစ်အောင် ဟောခြင်းဖြစ်၍ မှားယွင်းသော ဟောပြောချက်သည်သာ ဖြစ်သည်။

[မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်သည် 'ဥပါဒါနပစ္စယာဘဝေါ' နှင့် ညီညွတ်သော်လည်း မဟာပုဏ္ဏမသုတ်လာ ဘုရားရှင်၏ ဒေသနာတော်နှင့်ကား မညီညွတ်ပေ။]

## ဥပါဒါနက္ခန္ဓာဟူသည်

"ဘုရားခန္ဓာက ဥပါဒါန်ချုပ်နေလို့ ဥပါဒါနက္ခန္ဓာ မဟုတ်ဘူး။ မစွဲလမ်းတဲ့ ပုဂ္ဂိုလ်မှာ ခန္ဓာ၊ စွဲလမ်းတဲ့ ပုဂ္ဂိုလ်မှာ ဥပါဒါနက္ခန္ဓာ၊ ဒီလို ယူကွ"ဟု မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်သည် မဟာပုဏ္ဏမသုတ်နှင့် မညီညွတ်ရုံမျှမက အခြားအခြားသော အဘိဓမ္မာကျမ်းအဖွင့်များနှင့်လည်း မညီညွတ်ပေ။

ဥပါဒါနက္ခန္ဓာ၏ သဘောကို အောက်ပါအတိုင်း ဖွင့်ဆိုတော်မူကြလေသည်။

ဥပါဒါနက္ခန္ဓာတိ ဥပါဒါနဂေါစရာ ခန္ဓာ ဥပါဒါနက္ခန္ဓာ၊ မဇ္ဈေ ပဒလောပေါ ဒဋ္ဌဗ္ဗော။ ဥပါဒါနသမ္ဘူတာ ဝါ ခန္ဓာ ဥပါဒါနက္ခန္ဓာ ယထာ တိဏဂ္ဂိ ထုသဂ္ဂိ။ ဥပါဒါနဝိဓေယျာ ဝါ ခန္ဓာ ဥပါဒါနက္ခန္ဓာ ယထာ ရာဇပုရိသော။ ဥပါဒါနပ္ပဘဝါ ဝါ ခန္ဓာ ဥပါဒါနက္ခန္ဓာ ယထာ ပုပ္ဖရုက္ခော ဖလရုက္ခော။

(ပဋိသံ၊ ဋ္ဌ၊ ၁။ ၁၀၂။ စူဠနိ၊ ဋ္ဌ၊ ၈၀)

ဤအဋ္ဌကထာကို စုဒိတကဆရာတော်များကလည်း ကိုးကားတင်ပြကြသည်။

ဤအဋ္ဌကထာ၏ ဆိုလိုရင်းကို ဖော်ပြရလျှင်-

၁။ ဥပါဒါန်၏ အာရုံဖြစ်သော တရားတို့သည် ဥပါဒါနက္ခန္ဓာ မည်၏။

၂။ ဥပါဒါန်ကြောင့် ဖြစ်ပေါ်လာသော ခန္ဓာတို့သည် ဥပါဒါနက္ခန္ဓာ မည်၏။
ဥပမာ- တိဏဂ္ဂိ (မြက်မီး)၊ ထုသဂ္ဂိ (ဖွဲမီး)-တို့ကဲ့သို့တည်း။

၃။ ဥပါဒါန်သည် စီရင်အပ်သော (ဝါ) ဥပါဒါန်နှင့် စပ်သော ခန္ဓာတို့သည် ဥပါဒါနက္ခန္ဓာ မည်၏။
ဥပမာ- ရာဇပုရိသော (မင်းချင်းယောကျ်ား)ကဲ့သို့တည်း။

၄။ ဥပါဒါန်၏ အမွန်အစ ဖြစ်ကုန်သော ခန္ဓာတို့သည် ဥပါဒါနက္ခန္ဓာ မည်၏။

ဥပမာ- ပုပ္ဖရုက္ခော (ပန်း၏ အမွန်အစဖြစ်သော သစ်ပင်),
ဖလရုက္ခော (အသီး၏ အမွန်အစဖြစ်သော သစ်ပင်)။-

ဟူ၍ ဥပါဒါနက္ခန္ဓာ၏ သဘော (ဝါ) ဥပါဒါနက္ခန္ဓာမည်ခြင်း၏ အကြောင်းလေးပါးတို့ကို တွေ့မြင်သိရှိကြရမည် ဖြစ်ပေသည်။

**စုဒိတကဆရာတော်တို့၏ အမှား**

အထက်ပါ အဋ္ဌကထာ၏ အဓိပ္ပါယ်ကို စုဒိတကဆရာတော်တို့က အောက်ပါ အတိုင်း ဖော်ပြကြသည်။

၁။ ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာသည် ဥပါဒါနက္ခန္ဓာ ဖြစ်၏။

၂။ ဥပါဒါန်ဟူသော ခန္ဓာသည် ဥပါဒါနက္ခန္ဓာ ဖြစ်၏။

၃။ ဥပါဒါန်သည် စီရင်အပ်သော ခန္ဓာသည် ဥပါဒါနက္ခန္ဓာ ဖြစ်၏။

၄။ ဥပါဒါန်ကြောင့် ဖြစ်သော ခန္ဓာသည် ဥပါဒါနက္ခန္ဓာ ဖြစ်၏။

စုဒိတကဆရာတော်တို့၏ အဓိပ္ပါယ်ဖွင့်ဆိုချက် လေးမျိုးအနက် အမှတ် (၂) အမှတ် (၃)၊ အမှတ် (၄) ပါ အဓိပ္ပါယ်ဖွင့်ဆိုချက်တို့သည် မှားယွင်းနေပေသည်။

အမှတ် (၂)ဖွင့်ဆိုချက်ဖြစ်သော "ဥပါဒါနသမ္ဘူတာ ဝါ ခန္ဓာ ဥပါဒါနက္ခန္ဓာ ယထာ တိဏဂ္ဂိ ထုသဂ္ဂိ" ဟူသော အဋ္ဌကထာ၏ ဆိုလိုရင်းမှာ မြက်ကို အစွဲပြု၍ ဖြစ်သော (ဝါ) မြက်ကြောင့်ဖြစ်သော မီးသည် တိဏဂ္ဂိ (မြက်မီး)ဖွဲကို အစွဲပြု၍ ဖြစ်သော (ဝါ) ဖွဲကြောင့်ဖြစ်သော မီးသည် ထုသဂ္ဂိ (ဖွဲမီး) မည်သကဲ့သို့ ဥပါဒါန်ကို အစွဲပြု၍ဖြစ်သော (ဝါ) ဥပါဒါန်ကြောင့်ဖြစ်သော ခန္ဓာတို့သည် ဥပါဒါနက္ခန္ဓာ မည်၏ -ဟု ဆိုလိုပေသည်။

ယင်းကို စုဒိတကဆရာတော်များက "ဥပါဒါန်ဟူသော ခန္ဓာသည် ဥပါဒါနက္ခန္ဓာ" ဟု လွဲမှားစွာ မြန်မာပြန်ဆိုထားပေသည်။

အမှတ် (၃)ဖွင့်ဆိုချက်ဖြစ်သော"ဥပါဒါနဝိဓေယျာ ဝါ ခန္ဓာ ဥပါဒါနက္ခန္ဓာ ယထာ ရာဇပုရိသော" ဟူသော အဋ္ဌကထာ၏ ဆိုလိုရင်းမှာ ရာဇပုရိသ= မင်းချင်း ယောကျ်ားသည် မင်းနှင့် ဆက်စပ်၍ရသော အမည်ဖြစ်သကဲ့သို့ (ဝါ) မင်းနှင့် ဆက်စပ်၍ မင်းချင်းယောကျ်ားကို ရာဇပုရိသဟု ခေါ်ရသကဲ့သို့ ဥပါဒါန်တို့နှင့် ဆက်စပ်နေသော ခန္ဓာတို့သည် ဥပါဒါနက္ခန္ဓာမည်၏-ဟု ဆိုလိုပေသည်။

[ဥပါဒါနဝိဓေယျာတိ ဥပါဒါနဝိဓိ ဝုတ္တာတိ ခန္ဓာနံ တဒါယတ္တတာ ဝုတ္တာ။]

(ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာဂဏ္ဌိ-၁၀၉)

ယင်းကို စုဒိတကဆရာတော်တို့က ဥပါဒါန်သည် စီရင်အပ်သော ခန္ဓာသည် ဥပါဒါနက္ခန္ဓာဖြစ်၏-ဟု လွဲမှားစွာ မြန်မာ ပြန်ဆိုထားပေသည်။

အမှတ်(၄)ဖွင့်ဆိုချက်ဖြစ်သော- "ဥပါဒါနပ္ပဘဝါ ဝါ ခန္ဓာ ဥပါဒါနက္ခန္ဓာ

ယထာ ပုပ္ဖရုက္ခော ဖလရုက္ခော”ဟူသော အဋ္ဌကထာ၏ ဆိုလိုရင်းမှာ- အပွင့်၏ အမွန်အစကို ပုပ္ဖရုက္ခ၊ အသီး၏ အမွန်အစကို ဖလရုက္ခ-ဟု ဆိုရသကဲ့သို့ ဥပါဒိန်၏ အမွန်အစဖြစ်သော ခန္ဓာတို့သည် ဥပါဒိနက္ခန္ဓာမည်၏-ဟု ဆိုလိုပေသည်။

[ဥပါဒိန္နံ ပဘဝမေတေသန္တိ ဥပါဒိနပ္ပဘဝါတိ နိဗ္ဗစနတ္ထံ ပဋ္ဌိက္ခိပိတုံ ယထာ ပုပ္ဖရုက္ခောတိ ဝုတ္တံ။ တသ္မာ ယထာ 'ပုပ္ဖဿ ပဘဝေါ၊ ဖလဿ ပဘဝေါ'တိ ဧတ္ထ ပဒစ္ဆေဒေါ၊ ဧဝံ 'ဥပါဒိနဿ ပဘဝေါ'တိ ကာတဗ္ဗောတိ အယံ ခန္ဓာနံ အာရမ္မဏတော နိဿယတော တပ္ပဘဝဒဿနန ဝုတ္တော၊ တတိယော တေသံ တဒါယတ္တဝုတ္တိဒဿနေန ဝုတ္တော၊ ဒုတိယော တဇ္ဇာတဒဿနေ၊ ပဌမော တံ ဝဓုနဒဿနာတိ ဒဋ္ဌဗ္ဗော။] (ပဋ္ဌိသမ္ဘိဒါမဂ္ဂဋ္ဌကထာဂဏ္ဌိ- ၁၀၉။)

-ဂဏ္ဌိဆရာတော်၏ ဆိုလိုရင်းမှာ- ဥပါဒိနပ္ပဘဝါ-ကို ဗဟုဗ္ဗီဟိသမာသ် မပြုရ၊ ဗဟုဗ္ဗီဟိသမာသ်ပြု လျှင် ဥပါဒိန်လျှင် အမွန်ရှိသော ဥပါဒိနက္ခန္ဓာဟု အဓိပ္ပါယ် သက်ရောက် မည်။ ယင်းသို့ ဝစနတ္ထပြုက ဥပါဒိန်ကအကြောင်း, ဥပါဒိနက္ခန္ဓာက အကျိုး ဖြစ်မည်။ ယင်းသို့ဖြစ်လျှင် ပုပ္ဖရုက္ခော, ဖလရုက္ခော-ဟူသော ဥပမာနနှင့် မညီညွတ်တော့ဘဲ ဆန့်ကျင်ဘက် ဖြစ်သွားလိမ့်မည်။ -ဥပါဒိနဿ ပဘဝါ ဥပါဒိနပ္ပဘဝါ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုမှသာ ဥပါဒိန်၏၊ အမွန်အစကား ဥပါဒိနက္ခန္ဓာဟု ဆိုရာရောက်သဖြင့် ဥပါဒိနက္ခန္ဓာက အကြောင်း, ဥပါဒိန်က အကျိုးဖြစ်မည်။ သို့မှသာ-ပုပ္ဖရုက္ခော, ဖလရုက္ခော ဥပမာတို့နှင့် ညီညွတ်သည်။

-ပုပ္ဖရုက္ခော၌ ပုပ္ဖ (အပွင့်)က အကျိုး၊ သစ်ပင်က အကြောင်း။ (သစ်ပင်မရှိဘဲ အပွင့် မပွင့်နိုင်)။ ဖလရုက္ခော၌ ဖလ (အသီး)က အကျိုး၊ သစ်ပင်က အကြောင်း။ (သစ်ပင်မရှိဘဲ အသီး မသီးနိုင်)။

ထို့ကြောင့် စူဠိတကဆရာတော်တို့၏ “ဥပါဒိန်ကြောင့်ဖြစ်သော ခန္ဓာသည် ဥပါဒိနက္ခန္ဓာဖြစ်၏”ဟူသော ဖွင့်ဆိုချက်သည် အမှားစင်စစ်သာဖြစ်ကြောင်း သိနိုင်ပေသည်။

### စူဠိတကဆရာတော်တို့၏ ထပ်ဆင့်အမှား

စူဠိတကဆရာတော်တို့သည် ပဋ္ဌိသမ္ဘိဒါမဂ်အဋ္ဌကထာလာ ပြဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာပါဌ် အနက်အဓိပ္ပါယ်မှန်ကို သတိမပြုမိသောကြောင့်-

အမှတ်၏ (၂) အဖွင့်အရ ဘုရားရှင်၏ ခန္ဓာသည် ဥပါဒါန်မရှိသောကြောင့် ဥပါဒါနက္ခန္ဓာ မဖြစ်နိုင်ပါ။

အမှတ်(၃) အဖွင့်အရ ဘုရားရှင်၏ ခန္ဓာသည် ဥပါဒါန်၏ စီရင်မှုကို မခံရသောကြောင့် ဥပါဒါနက္ခန္ဓာမဖြစ်နိုင်ပါ။

အမှတ်(၄)အဖွင့်အရ ဘုရားရှင်၏ ခန္ဓာသည် အတိတ်ဘဝ ဥပါဒါန် ကြောင့် ဖြစ်လာရသောကြောင့် ဥပါဒါနက္ခန္ဓာ ဖြစ်ပါသည်-

ဟု မှားယွင်းစွာ ဆိုမိကြပေသည်။

မှတ်ချက် = စုဒိတကဆရာတော်တို့၏ ဖွင့်ဆိုချက် အမှတ်(၄)တွင် ဘုရားရှင်၏ ခန္ဓာသည် ဥပါဒါနက္ခန္ဓာဖြစ်ပါသည်-ဟူသော စကားသည် မှန်သော် လည်း 'အတိတ်ဘဝ ဥပါဒါန်ကြောင့် ဖြစ်လာရသောကြောင့်' ဟူသော အကြောင်းပြကား (ဥပါဒါနပစ္စယာ ဘဝေါ-ဟူသော ပဋိစ္စ သမုပ္ပါဒ် ပါဠိအရ မှန်သည်ဟု ပြောနိုင်သော်လည်း) စုဒိတက ဆရာတော်တို့ ကိုးကားသော ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာနှင့်ကား မညီညွတ်၍ မမှန်ပေ။

အမှာ = ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာပါဌ်၏ အနက်ကို သာသနာပိုင်ဆရာတော် ဘုရားကြီး ဦးဥေ ယျ-၏ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာနိဿယ (ပေမူ)၌ အမှန်အတိုင်း လေ့လာကြည့်ရှုနိုင်ပါသည်။

## ဘုရားရှင်၏ ခန္ဓာသည်လည်း ဥပါဒါနက္ခန္ဓာပင်

ဥပါဒါနက္ခန္ဓာဟူသည် ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာဖွင့်ဆိုခဲ့သည့်အတိုင်း တဏှာ, ဒိဋ္ဌိ-ဟူသော ဥပါဒါန်တို့၏ အာရုံဖြစ်၍ အတိတ်ဥပါဒါန်ကြောင့် ဖြစ်လာ သော လောကီခန္ဓာငါးပါးတို့ပင်တည်း။

ဥပါဒါန်တို့၏အာရုံ-ဟူရာ၌ ဥပါဒါန်ဟူသည် မိမိ၏ ဥပါဒါန်ကိုသာ ဆိုလို သည်မဟုတ်၊ သူတစ်ပါးတို့၏ ဥပါဒါန်တို့ကိုလည်း ဆိုလိုပေသည်။ မိမိ၏ ဥပါဒါန်က မိမိ၏ လောကီခန္ဓာငါးပါးကို အာရုံပြုတွယ်တာတပ်မက်သလို သူတစ်ပါးတို့၏ လောကီခန္ဓာငါးပါးကိုလည်း အာရုံပြုပေသည်။ ထို့အတူ သူတစ်ပါးတို့၏ ဥပါဒါန်က မိမိ၏လောကီခန္ဓာငါးပါးကို အာရုံပြုတပ်မက် တွယ်တာ သကဲ့သို့ သူတစ်ပါးတို့၏ လောကီခန္ဓာငါးပါးကိုလည်း အာရုံပြုတပ်မက်

တွယ်တာတတ်ပေသည်။ ထို့ပြင်-သုံးဆယ့်တစ်ဘုံအတွင်း ဖြစ်ပေါ်လာသမျှသော လောကီခန္ဓာမှန်သမျှ အတိတ်ဘဝက ဥပါဒါန်တို့ကြောင့် ဖြစ်လာကြရသည့် ခန္ဓာများသာဖြစ်ပေသည်။

ထို့ကြောင့် ဘုရားရှင်၏ လောကီခန္ဓာငါးပါးကို အာရုံပြု၍ ဆန္ဒရဟန်း, ဝက္ကလိရဟန်း, အမေဖြစ်သူ မာဂဏ္ဍီ, သမီးဖြစ်သူ မာဂဏ္ဍီ-စသူတို့ ချစ်ခင်တပ်မက်မှု ဖြစ်ကြသည်။ သဒ္ဓါစစ်ဖြင့် အာရုံမပြုနိုင်ဘဲ တဏှာချစ်ဖြင့် ဘုရားရှင်ကို ချစ်ခင်ကြည်ညိုကြသူများလည်း များစွာရှိပေသည်။ ထိုသို့ချစ်ခင်ရာ တပ်မက်ရာ၌ ဘုရားရှင်၏ လောကီခန္ဓာငါးပါးသည် ထိုပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သော တဏှာတို့၏ တပ်မက်စွဲလမ်းရာ အာရုံပြုရာဖြစ်၍ ဘုရားရှင်၏ လောကီခန္ဓာငါးပါးသည် ဥပါဒါနက္ခန္ဓာသာဖြစ်ရသည်။

မြတ်စွာဘုရား၏ ခန္ဓာ၌ ဥပါဒါန်မရှိတော့၍ ဘုရားရှင်၏ ခန္ဓာသည် ဥပါဒါနက္ခန္ဓာမဟုတ်၊ ခန္ဓာသာဖြစ်သည်ဟု မိုးကုတ်ဆရာတော်ကြီးက ဟောထားရာ-မြတ်စွာဘုရားသည် ဘုရားရှင်၏ လောကီခန္ဓာငါးပါးကိုသာ မစွဲလမ်းတော့သည်မဟုတ် အခြားအခြားသော ပုဂ္ဂိုလ်တို့၏ လောကီခန္ဓာငါးတို့၌လည်း တပ်မက်စွဲလမ်းမှုမရှိတော့ပေ။ ထို့ကြောင့် အခြားပုဂ္ဂိုလ်တို့၏ ခန္ဓာသည်လည်း (မြတ်စွာဘုရားဘက်က ကြည့်လျှင်) ဥပါဒါနက္ခန္ဓာ မဟုတ်တော့ဟု ဆိုရာရောက်ပေသည်။

ဘုရားရှင်နည်းတူ ရဟန္တာများသည်လည်း ဥပါဒါန် ကင်းသွားကြပြီဖြစ်၍ ထိုရဟန္တာများသည် အခြားပုဂ္ဂိုလ်အားလုံးတို့၏ ခန္ဓာ၌ ဥပါဒါန် စွဲလမ်းမှု မရှိသောကြောင့် (ရဟန္တာများဘက်က ကြည့်လျှင်) အခြားသူအားလုံး၏ ခန္ဓာသည်လည်း ဥပါဒါနက္ခန္ဓာ မခေါ်ရတော့ဟု အဓိပ္ပါယ် သက်ရောက်နေပေသည်။

အမှန်မှာ-ဥပါဒါန် ကင်းသူ၏ လောကီခန္ဓာငါးပါးရော၊ ဥပါဒါန်မကင်းသေးသူတို့၏ လောကီခန္ဓာငါးပါးတို့ပါ ဥပါဒါန်တို့၏ အာရုံနယ်ပယ်မှ မလွတ်မြောက်နိုင်ကြဘဲ ထိုဥပါဒါန်တို့၏ အာရုံအဖြစ်သို့ ရောက်ကြရသောကြောင့် ဥပါဒါနက္ခန္ဓာချည်းသာ ဖြစ်သည်။

ထို့ကြောင့်"ဘုရားရှင်ခန္ဓာက ဥပါဒါန်ချုပ်နေလို့ ဥပါနက္ခန္ဓာမဟုတ်ဘူး" "မစွဲလမ်းတဲ့ ပုဂ္ဂိုလ်မှာခန္ဓာ၊ စွဲလမ်းတဲ့ပုဂ္ဂိုလ်မှာ ဥပါဒါနက္ခန္ဓာ၊ ဒီလိုကွလို့ ဘုရားက

ဒီလိုဟောလိုက်တယ်" အဲဒီ ခန္ဓာငါးပါးဟာ ဘယ်သူကြောင့် ဖြစ်ပါလိမ့်မလဲ ဘုရားလို့ ရဟန်းက ဆက်မေးလိုက်တယ် (တင်ပ့်)၊ အို ဆန္ဒကြောင့် ဖြစ်တယ်ကွ၊ ဆန္ဒဆိုတာ တဏှာပေ့ါဗျာ "ဘုရားခန္ဓာကျတော့ ခင်ဗျားတို့ ဘာခန္ဓာဆိုမလဲ၊ ခန္ဓာပဲဆို၊ ဥပါဒါနက္ခန္ဓာမဆိုနဲ့"ဟူသောစကားရပ်များကိုလည်းကောင်း။ မဟာပုဏ္ဏမသုတ်နှင့် မညီသော အခြားစကားရပ်များကိုလည်းကောင်း၊ ဆရာတော်ကြီး၏ ဟောစဉ်စာအုပ်များမှ လည်းကောင်း၊ အသံသွင်း တိပ်ခွေများမှ လည်းကောင်း၊ ဖြုတ်ပယ်ပေးရမည်။

## အမှတ် (၁၃/၁၄)

ကမ္မာနိ ကမ္မတ္တာနံ ဖုသိယန္တိ

ကမ္မာနိ၊ ကံတို့သည်သာလျှင်။ ကမ္မတ္တာနံ၊ မိမိဥစ္စာအဖြစ်သို့။ ဖုသိယန္တိ၊ ရောက်ရကုန်၏။ (အမှတ်စဉ်-၁၊ နှာ-၄၄၄)

ဤ၌ ပါဠိရော အနက်ပေးပါ မှားသည်ဟု စောဒကဆရာတော်က စောဒနာထားသည်။

ယင်းပါဠိတော်မှာ ဥပရိပဏ္ဏာသပါဠိတော် မဟာပုဏ္ဏမသုတ်၌ လာသည် ဖြစ်၍-

"အနတ္တကတာနိ ကမ္မာနိ ကမတ္တာနံ ဖုသိဿန္တိ" (မ၊ ၃။ ၆၉)

ဟုပါဠိအမှန်ပြင်၍-

အနတ္တကတာနိ၊ အနတ္တဖြစ်သောခန္ဓာငါးပါးသည် ပြုအပ်ကုန်သော။ ကမ္မာနိ၊ ကံတို့သည်။၊ကံ-အတ္တာနံ၊ အဘယ်မည်သော အတ္တကို။ ဖုသိဿန္တိ၊ တွေ့ထိကုန်အံ့နည်း-

ဟု အနက်ကိုလည်း ပြင်ရမည်။

## အမှတ်စဉ် (၁၃/၁၅)

အပစယဂါမိနော ဓမ္မာ-စုတိ, ပဋိသန္ဓေသို့ ရောက်ကြောင်း မဟုတ်တဲ့ တရား။ (အမှတ်စဉ်-၁၊ နှာ-၄၆၄) ၌ ဟောထားရာ အနက်ပေးမှား သည်ဟု စောဒနာထားရာ-

အမှတ်စဉ်-၂၅၊ နှာ-၈၁၌ "အပစယဂါမိနော ဓမ္မာ-ဆိုတာက စုတိ, ပဋိသန္ဓေ ကိုဖျက်ချပြီး သကာလ နိဗ္ဗာန်သို့ ရောက်ကြောင်းတရား။ ရှင်းကြပလား။ဟု အမှန်ဟောထားသဖြင့်-

ဤ၌လည်း "အပစယဂါမိနော ဓမ္မာ-နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်ကုန်သော တရားတို့" ဟု အမှန်ပြင်ရမည်။

**အမှတ်စဉ် (၁၃/၁၆)**

အပစယဂါမိနော-စုတိ, ပဋိသန္ဓေသို့ ရောက်ကြောင်းမဟုတ်တဲ့တရား။ ခင်ဗျားတို့ နာနေတဲ့တရား။ စုတိ, ပဋိသန္ဓေသို့ ရောက်ကြောင်းမဟုတ်တဲ့ တရားကြီး နေ့တိုင်းဟောနေတယ်။ (အမှတ်စဉ်-၁၊ နှာ-၄၆၄)

ဤဟောကြားချက်၌ ဒေသနာဓမ္မ၊ (ဟောတရား) ကို အပစယဂါမိနော ဓမ္မာ-ဟု ဟောထားခြင်းသည် မှားပါသည်ဟု စောဒကဆရာတော်က စောဒနာ ထားပေသည်။

အပစယဂါမိနောအရ-"ကတမေ ဓမ္မာ အပစယဂါမိနော။ စတ္တာရော မဂ္ဂါ အပရိယာပန္နာ။ ဣမေ ဓမ္မာ အပစယဂါမိနော"
ဟူသော ဓမ္မသင်္ဂဏီပါဠိတော် (အဘိ၊ ၁။ ၂၁၀)အရ မဂ်လေးပါး စိတ္တုပ္ပါဒ်ကို ကောက်ရသော်လည်း အရိယမဂ်ကို တိုက်ရိုက်ဆိုသဖြင့် အရိယမဂ်၏ ရှေ့အဖို့၌ ဖြစ်သော ပုဗ္ဗဘာဂမဂ် ဝိပဿနာမဂ်ကိုလည်း ဖလူပစာ, အနုမာန သိဒ္ဓိနည်း အားဖြင့် ယူနိုင်ပေသည်။ ဗုဒ္ဓေါ-ပုဒ်ကို ဉာဏ်ကောက်နည်းဖြင့် ကောက်ရာတွင် ဗုဓ-ဓာတ်အရ သဗ္ဗညုတဉာဏ်ကိုသာမက ထိုဉာဏ်၏ ရှေ့အဖို့၌ဖြစ်သော ပါရမီဉာဏ်, ဝိပဿနာ ဉာဏ်များကို ဖလူပစာအားဖြင့် ကောက်ရသကဲ့သို့တည်း။

မိုးကုတ်ဆရာတော်ကြီးက- "ဒါဖြင့် ဘုန်းကြီးက ဘာတတ်နိုင်သလဲဆိုတော့ အသိတတ်နိုင်တယ်။ အပွားတော့ ခင်ဗျားတို့ သန္တာန်မှာရှိတဲ့ ကိလေသာကို ကျုပ်က ဖြတ်မပေးနိုင်ဘူး၊ ဒါဖြင့် ဒီခန္ဓာငါးပါးကို ခင်ဗျားတို့ ဖြစ်ပျက်ရှုပါ" (အမှတ်စဉ်-၁၊ နှာ-၂၂၁/၂၂၂) ဟု ဟောကြားထားသည်ကို ထောက်လျှင် ဆရာတော်ကြီးဟောကြားနေသော တရားမှာ ဝိပဿနာတရားဖြစ်ကြောင်း သိနိုင်ပေသည်။

ဝိပဿနာတရားကို နာကြားမှတ်သားကြရာမှ ကိုယ်တိုင် လက်တွေ့ကျင့် သုံးသည့် အဆင့်ရောက်နိုင်သည်။ ကိုယ်တိုင်လက်တွေ့ကျင့်သုံးမှသာ ပါရမီ အဆင့်အလိုက် ဝိပဿနာဉာဏ်ဖြစ်နိုင်ကြသည်။ ယင်းဝိပဿနာဉာဏ်သည် မဂ်ဉာဏ်၏ နီးစွာသောအကြောင်းဖြစ်သည်။

[ဝိပဿနာ မဂ္ဂဿ အာသန္နာနန္တရံ နာမ၊ ဖလဿ ဒူရာနန္တရံ နာမ။
(သံ၊ ၄၊ ၂။ ၂၅၄)]

ထို့ပြင်-

"ဣဒံ မေ ဒါနံ အာသဝက္ခယာ ဝဟံ ဟောတူ" တိ ဧဝံ ပန ဝိဝဋ္ဋံ ပတ္ထေန္တေန ဝိဝဋ္ဋဝသေန သမ္မာ ဌပိတံ အရဟတ္တမ္ပိ ပစ္စေကဗောဓိညာဏမ္ပိ သဗ္ဗညုတညာဏမ္ပိ ဒါတုံ သက္ကောတိ ယေဝ။ (အံ၊ ၄။ ၁။ ၄၃)

နှင့်အညီ ဝဋ်ကင်းရာ နိဗ္ဗာန်ကို တောင့်တ၍ ပြုအပ်သော ကုသိုလ်မှန်သမျှ နိဗ္ဗာန်ကို ပေးစွမ်းနိုင်သောကြောင့် နိဗ္ဗာန်ရောက်ကြောင်း (အပစယဂါမီ) တရားဟုဆိုနိုင်ရကား-မိုးကုတ်ဆရာတော်ကြီး ဟောကြားသော ဝိပဿနာ တရားစဉ် (ဒေသနာဓမ္မ)သည် လည်းကောင်း၊ ထိုတရားကို နာကြားရသဖြင့် လက်တွေ့ အားထုတ်ကြသော ယောဂီတို့၏သန္တာန်၌ ဖြစ်ပေါ်သော ဝိပဿနာ ဉာဏ်သည်လည်းကောင်း နိဗ္ဗာန်ရောက်ခြင်း အကြောင်းများဖြစ်၍ အပစယဂါမီ တရား၊ စုတိ, ပဋိသန္ဓေသို့ ရောက်ကြောင်း မဟုတ်တဲ့တရား-ဟု မိုးကုတ်ဆရာတော်ကြီး ဟောကြားခြင်းကို မှားသည်ဟု မဆိုနိုင်ပါ။ အမှန်ဟုပင် ဆိုရပါမည်။

သို့သော် "စုတိ, ပဋိသန္ဓေသို့ ရောက်ကြောင်း မဟုတ်တဲ့တရား" ဟူသော စကားကို "နိဗ္ဗာန်ရောက်ကြောင်းတရား" ဟု ပြင်ဆင်ပေးမှသာ သံသယကင်း အငြင်းမပွားနိုင်မည်ဖြစ်သောကြောင့် "စုတိ, ပဋိသန္ဓေသို့ ရောက်ကြောင်း မဟုတ်တဲ့တရား" ဟူသော စကားရပ်ကို "နိဗ္ဗာန်ရောက်ကြောင်းတရား" ဟု ပြင်ဆင်ပေးရမည်။

## အမှတ်စဉ် (၁၃/၁၇)

ယုတ်စွအဆုံး ဒါယကာကြီးရယ်တဲ့၊ ဤဘဝလည်း မစွဲနဲ့၊ ဤဘဝ မစွဲရင် ဟိုဘဝ မရဘူးတဲ့။ (အမှတ်စဉ်-၁၊ နှာ-၄၇၉)

မိုးကုတ်ဆရာတော်ကြီး၏ ဤဟောပြောချက်၌ "ဟိုဘဝမရဘူး" ဟူသော စကားသည် မူရင်းပါဠိတော်၌ မပါဘဲ မိုးကုတ်ဆရာတော်ကြီးက အပိုထည့်စွက်၍ ဟောထားသောကြောင့် မှားပါသည်ဟု စောဒကဆရာတော်က စောဒနာထား ပေသည်။

ဆရာတော်ကြီး၏ "ဤဘဝမစွဲရင် ဟိုဘဝမရဘူး" ဟူသော ဟောပြောချက် သည် ဆရာတော်ကြီး ရည်ညွှန်းရင်းဖြစ်သော ဥပရိပဏ္ဏာသပါဠိတော်

အနာထပိဏ္ဍိကောဝါဒသုတ်လာ-

" န ဣဓလောကံ ဥပါဒိယိဿာမိ၊ န စ မေ ဣဓလောက နိဿိတံ ဝိညာဏံ ဘဝိဿတီတိ၊ ဧဝံ ဟိ တေ ဂဟပတိ သိက္ခိတဗ္ဗံ။ တသ္မာတိဟ တေ ဂဟပတိ ဧဝံ သိက္ခိတဗ္ဗံ 'န ပရလောကံ ဥပါဒိယိဿာမိ၊ န စ မေ ပရလောကနိဿိတံ ဝိညာဏံ ဘဝိဿတီ'တိ၊ ဧဝံ ဟိ တေ ဂဟပတိ သိက္ခိတဗ္ဗံ-"

ဟူသော ပါဠိတော်နှင့် မညီညွတ်သည်ကား အမှန်ဖြစ်သည်။

အနာထပိဏ္ဍိကောဝါဒသုတ်လာ ယင်းစကားအရ-အချို့သောပုဂ္ဂိုလ်သည် ဤဘဝကို မစွဲလမ်းတော့သော်လည်း တမလွန်ဘဝကောင်းကိုမူ စွဲလမ်းတောင့်တတတ်ပေသည်။ ဥပမာ-ဆင်းရဲလှသော လူတစ်ယောက်သည် အလွန့်အလွန် ဆင်းရဲလှသဖြင့် ဤလက်ရှိ လူ့ဘဝကို မစွဲလမ်းမတောင့်တသော်လည်း တမလွန်လောကကောင်း (ကောင်းရာသုဂတိ)ကိုမူ တောင့်တစွဲလမ်းနေတတ်ပေသည်။ ထို့ကြောင့် အရှင်သာရိပုတ္တရာက မကြာမီ ကွယ်လွန်တော့မည့် (ကွယ်လွန်ခါနီး ဖြစ်နေသည့်) အနာထပိဏ်သူဌေးကြီးအား ယခုလက်ရှိဘဝ၌ ဖြစ်နေသော အဝတ်အထည်၊ အစားအစာ၊ အိမ်ရာ တိုက်တာတို့ကိုလည်း တဏှာ၊ မာန၊ ဒိဋ္ဌိဖြင့် မစွဲလမ်းပါနဲ့-ဟု အသိပေးလို၍ (န ဣဓလောကံ ဥပါဒိယိဿာမိ) ဟု ဟောတော် မူခြင်းဖြစ်သည်။

တစ်ဖန်-ဒီဘဝ မစွဲလမ်းသော်လည်း နောင်ဘဝကို စွဲလမ်းနေမည်စိုးသောကြောင့် နောက်ဘဝတွေကို စွဲလမ်းမှုလည်း မဖြစ်ပါစေနှင့်-ဟူသောသဘောဖြင့် (န ပရလောကံ ဥပါဒိယိဿာမိ) ဟု ဆက်ဟောခြင်းဖြစ်သည်။

"ဤဘဝ မစွဲလမ်းရင် ဟိုဘဝ မရဘူးတဲ့" ဟူသော မိုးကုတ်ဆရာတော်ကြီး၏ ဟောပြောချက်သည် "ဥပါဒါနနိရောဓာ ဘဝနိရောဓော" ဟူသော ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်နှင့် ညီညွတ်သော်လည်း ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ဟောနေခြင်းမဟုတ်၊ ယင်းနှင့် နှီးနွယ်၍ အနာထပိဏ္ဍိကောဝါဒသုတ်ကို ဟောနေခြင်းဖြစ်သောကြောင့် ဟောလိုရင်းဖြစ်သော အနာထပိဏ္ဍိကောဝါဒသုတ်နှင့် ညီညွတ်မှသာ အပြစ်ကင်းနိုင်ပေသည်။

ဥပါဒါနနိရောဓာ ဘဝနိရောဓော-၌ ဥပါဒါနသည် ဤဘဝရော နောင်ဘဝကိုပါ စွဲလမ်းသည့် ဥပါဒါန်အားလုံးကို ဟောသည်။ ဤအနာထပိဏ္ဍိကောဝါဒသုတ်လာ ' န ဣဓလောကံ ဥပါဒိယိဿာမိ' သည် ဤဘဝကို စွဲလမ်း

သော ဥပါဒါန်ကို ညွှန်ပြ၍ 'န ပရလောကံ ဥပါဒိယိဿာမိ'သည် တမလွန် လောကဘဝတို့ကို စွဲလမ်းသော ဥပါဒါန်တို့ကို ညွှန်ပြပြီး ထိုနှစ်မျိုးလို မရှိစေရန် သွန်သင်သော ဒေသနာတော်ဖြစ်သည်။

သို့ဖြစ်၍-မိုးကုတ်ဆရာတော်ကြီး၏ "ဤဘဝ မစွဲရင် ဟိုဘဝမရဘူး" ဟူသော ဟောပြောချက်သည် ဟောလိုရင်းဖြစ်သည့် အနာထပိဏ္ဍိကောဝါဒသုတ်နှင့် မညီညွတ်သောကြောင့် ယင်းစကားရပ်နှင့် အလားတူစကားရပ်များကို မိုးကုတ်ဆရာတော်ကြီး၏ ဟောစဉ်စာအုပ်များမှလည်းကောင်း၊ အသံသွင်းတိပ်ခွေများမှလည်းကောင်း ပယ်ဖျက်ပေးရမည်။

**အမှတ်စဉ် (၁၃/၁၈)**

နောက် ရဟန္တာဖြစ်သလားဆိုတော့ ရဟန္တာမဖြစ်ပါဘူး။ အနာဂါမ်လောက် ဖြစ်သွားတယ်။ (အမှတ်စဉ်-၁၊ နှာ-၄၈၆)

ဟူသော မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်၌ အနာထပိဏ်သူဌေးကို အနာဂါမ်ဟု ဟောထားသောကြောင့် မှားယွင်းပါသည်ဟု စောဒကဆရာတော်က စောဒနာထားပေသည်။

အနာထပိဏ်သူဌေးကြီးသည် ဘုရားရှင်ကို ရာဇဂြိုဟ်မြို့၌ ပထမဦးဆုံး စ, တင်ဖူးမြင်၍ တရားနာရစဉ်ကပင် သောတာပန်ဖြစ်ကြောင်း စူဠဝါပါဠိတော် (ဝိ၊ ၄။ ၃၀၄) တွင် ဆိုသောကြောင့်လည်းကောင်း၊

"ကေစ္စော ဟိ သောတာပန္နော ဝဍ္ဍမ္ဗာသယော ဟောတိ ဝဍ္ဍာဘိရတော (ပ) ဖနာထပိဏ္ဍိကော သေဋ္ဌိ ဝိသာခါ ဥပါသိကာ စူဠရထမဟာရထာ ဒေဝပုတ္တာ အနေကဝဏ္ဏော ဒေဝပုတ္တော သက္ကော ဒေဝရာဇာ နာဂဒတ္တော ဒေဝပုတ္တောတိ ဣမေ ဟိ ဧတ္တကာ ဇနာ ဝဍ္ဍမ္ဗာသယာ ဝဍ္ဍာဘိရတာ အာဒိတော ပဋ္ဌာယ ဆ ဒေဝလောကေ သောဓေတွာ အကနိဋ္ဌေ ဌတွာ ပရိနိဗ္ဗာယိဿန္တိ-" (အဘိ၊ဋ္ဌ၊၃။ ၄၇)-

ဟု ပဥ္စပကရဏအဋ္ဌကထာတွင် ဆိုသောကြောင့်လည်းကောင်း ဘုံစဉ်စံ သောတာပန်သာ ဖြစ်သေးသည်ကို တွေ့ရှိရပေသည်။

ထို့ကြောင့်-"အနာဂါမ်လောက် ဖြစ်သွားတယ်။ အဲဒါ ခံနေတာနဲ့ အနာဂါမ် တည်ပြီးရော-" ဟူသော စကားရပ်ကို ဟောစဉ်စာအုပ်များမှလည်းကောင်း၊ အသံသွင်းတိပ်ခွေများမှလည်းကောင်း ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၁၉)

မနက်ကျတော့ အရှင်အာနန္ဒာက မနေ့ညက လာတာ ဘယ်သူတုန်း ဘုရား။ (ပ) အို. . . မင်းက အနာထပိဏ်သူဌေးကြီးပေါ့ကွ။

(အမှတ်စဉ်-၁၊ နှာ-၄၈၈/၄၈၉)

ဤဟောကြားချက်သည် အနာထပိဏ္ဍိကောဝါဒသုတ်၌ အရှင်အာနန္ဒာကလည်း မမေး၊ ဘုရားရှင်ကလည်း မမိန့်ကြားဘဲ မိုးကုတ်ဆရာတော်ကြီးက အပိုထည့်ဟောထားသော်ကြောင့် မှားပါသည်ဟု စောဒကဆရာတော်က တင်ပြပါသည်။

ဥပရိပဏ္ဏာသပါဠိတော်လာ အနာထပိဏ္ဍိကောဝါဒသုတ်၌ မြတ်စွာ ဘုရားက ယမန်နေ့ညက နတ်သားတစ်ယောက် လာရောက်၍ 'ဣဒံ ဟိ ဇေတဝနံ' စသော ဂါထာလေးပုဒ်ကို ရွတ်ဆိုလျှောက်ထားကြောင်း မိန့်ကြားသောအခါ အရှင်အာနန္ဒာက 'ထိုနတ်သားသည် အနာထပိဏ် နတ်သား ဖြစ်ပါလိမ့်မည်။ အနာထပိဏ်သူဌေးသည် အရှင်သာရိပုတ္တရာ၌ အလွန် ကြည်ညိုပါသည်' ဟု လျှောက်ထားကြောင်း၊ မြတ်စွာဘုရားက အရှင် အာနန္ဒာ၏ အနုမာနတက္ကဉာဏ်ကို ချီးကျူးဂုဏ်ပြုသောအားဖြင့် သာဓုခေါ်ကြောင်းသာ လာသည်။ အရှင်အာနန္ဒာက မေးမြန်းခြင်း၊ မြတ်စွာဘုရားက ဖြေဆိုမိန့်ကြားခြင်းကို ပြဆိုမထားပါ။ အရှင်အာနန္ဒာက မေး၍ ဘုရားရှင်ကဖြေလျှင် အရှင်အာနန္ဒာ၏ ချီးကျူးဖွယ်ရာ အနုမာနတက္ကဂုဏ် တိမ်မြုပ်သွားနိုင်ပါသည်။

ထို့ကြောင့် စောဒကဆရာတော် ညွှန်ပြသော ထိုစကားရပ်ကို မိုးကုတ်ဆရာတော်ကြီး၏ ဟောစဉ်တရား စာအုပ်များနှင့် အသံသွင်း တိပ်ခွေတရားတို့မှ ပယ်ဖြုတ်ပေးရမည်။

## အမှတ် (၁၃/၂၀)

ဝီရိယကလည်း ညဉ့်သုံးယာမ်မှာ တစ်ယာမ်အိပ်ပြီး ကြိုးစားတဲ့ကိုယ်တော်။

(အမှတ်စဉ်-၁၊ နှာ-၅၂၁)

ဘုရားရှင်သည် ညဉ့်သုံးယာမ်တွင် တစ်ယာမ်မျှသာဖြစ်သော ပစ္ဆိမယာမ်ကိုပင် ထပ်မံ၍ သုံးပုံ ပုံပြီး အလယ်တစ်ပုံမျှသာ ကျိန်းသောကြောင့် တစ်ယာမ်အိပ်သည်-ဟူသော မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်သည် မှားယွင်းနေပါသည်ဟု စောဒကဆရာတော်က တင်ပြပါသည်။

"ပစ္ဆိမယာမံ တယော ကောဋ္ဌာသေ ကတွာ (ပ) ဧကံ ကောဋ္ဌာသံ စင်္ကမေန ပီတိနာမေတိ။ ဒုတိယကောဋ္ဌာသေ ဂန္ဓကုဋိံ ပဝိသိတွာ ဒက္ခိဏေန ပဿေန သတော သမ္ပဇာနော သီဟသေယျံ ကပ္ပေတိ။ တတိယကောဋ္ဌာသေ ပစ္စုဋ္ဌာယ။ (ဒီ၊ ဋ္ဌ၊ ၁။ ၄၈)"-

ဟူသော အဋ္ဌကထာနှင့်အညီ ဘုရားရှင်သည် ညဥ့်သုံးယာမ်တွင် ပစ္ဆိမယာမ်၏ သုံးပုံပုံ တစ်ပုံသာ ကျိန်းစက်သောကြောင့် 'တစ်ယာမ်အိပ်ပြီး' ဟူသော စကားကို 'နောက်ဆုံးတစ်ယာမ်ရဲ့ သုံးပုံ တစ်ပုံသာ အိပ်ပြီး' ဟူသော စကားဖြင့် အစားထိုးရမည်။ တိပ်ခွေ၌ 'တစ်ယာမ်အိပ်ပြီး' ဟူသော စကားကို ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၂၁)

ကိုယ်တော်တွေ သွားမေးတယ်။ ကောင်းကင်ပျံနိုင်ရဲ့လား။ (ပ) မေးပင်မေးငြားသော်လည်း ဘာမှအဖြေမထွက်ဘူး။ ပညာနဲ့ ကိလေသာမှ လွတ်လာတယ်လို့ ဖြေတယ်။ ဒီတစ်လုံးတည်းဘဲ အဖြေပေးတယ်။

(အမှတ်စဉ်- ၁၊ နှာ-၅၂၉)

မိုးကုတ်ဆရာတော်ကြီး၏ ဤဟောကြားချက်သည် မှားပါသည်။ အကြောင်းမှာ-ရဟန္တာမထေရ်များက ဣဒ္ဓိဝိဓစသော အဘိညာဉ်ငါးပါးနှင့် အရူပစျာန်များ ရ မရ အရှင်သုသိမက တစ်ခုချင်း မေးသောအခါ ရဟန္တာမထေရ်များက မရကြောင်း ရိုးသားစွာ ဖြေဆိုပြီးမှ နောက်ဆုံးတွင် 'ပညာဝိမုတ္တာ ခေါ မယံ အာဝုသော= ပညာဖြင့် ကိလေသာမှ လွတ်ခဲ့ကြသည်' ဟု ပြောကြားကြသောကြောင့် ဖြစ်ပါသည်။ ဘာမှ အဖြေမထွက်ဘူးဟူသော စကား, ဒီတစ်လုံးတည်းဘဲ အဖြေပေးတယ်-ဟူသော စကားသည် မှားပါသည်ဟု စောဒကဆရာတော်က စောဒနာထားပေသည်။

သံယုတ်ပါဠိတော် သုသိမသုတ် (သံ၊ ၁။ ၃၄၂)၌ အရှင်သုသိမက ရဟန္တာများထံ ချဉ်းကပ်၍ ဣဒ္ဓိဝိဓ အဘိညာဉ်ကို ရကြပါသလား။ ဒိဗ္ဗသောတအဘိညာဉ်ကိုရော ရကြပါသလား-စသည့်ဖြင့် အဘိညာဉ်ငါးပါးနှင့် အရူပစျာန်လေးပါး ရ မရ မေးမြန်းပါသည်။ ရဟန္တာများက 'နောဟေတံ အာဝုသော=မရ' ဟု ဖြေပါသည်။ 'သို့ဖြစ်လျှင် အရှင်ဘုရားတို့ကို ဘယ်လိုမှတ်ရပါမလဲ'ဟု ဆက်မေးသောအခါ ရဟန္တာများက 'ပညာဝိမုတ္တာ မယံ အာဝုသော သုသိမ=ငါ့ရှင် သုသိမ!

ငါတို့သည် ပညာဖြင့် ကိလေသာမှ လွတ်မြောက်ခဲ့ကြရသူများ ဖြစ်ကြသည်' ဟု ဖြေဆိုကြပါသည်။

[ အမှတ် (၁၁)စောဒနာ စိစစ်ချက်၌ အကျယ်ပြခဲ့ပြီးဖြစ်သည်။ ]

သို့ဖြစ်၍ 'ဘာမှ အဖြေမထွက်ဘူး' ဟူသောစကားကို 'မရ မရှိလို့ဘဲ အဖြေထွက်တယ်' ဟု လည်းကောင်း ဒီတစ်လုံးပဲ အဖြေပေးတယ်ဟူသော စကားကို ဒါပဲအဖြေပေးတယ်ဟု လည်းကောင်း သုသိမသုတ်နှင့် ညီအောင် ဟောစဉ်စာအုပ် တို့၌ ပြင်ဆင်ပေးရမည်။ အသံသွင်း တိပ်ခွေ၌ ယင်းစကားပိုဒ် များကို ပယ်ဖျက် ပေးရမည်။

## အမှတ် (၁၃/၂၂)

သူ ရဟန္တာဖြစ်အောင် ဟောတော့မယ်ဆိုတော့ ခင်ဗျားတို့ နားလည်ထား ရမယ်။ ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်ကို ဘုရားက ပြတယ်။ ဒီ တရားဘဲ။

(အမှတ်စဉ်- ၁၊ နှာ-၅၃၂)

အရှင်သုသိမ ရဟန္တာဖြစ်အောင် ဘုရားရှင်က အနတ္တလက္ခဏာသုတ်၌ ဟောတော်မူသကဲ့သို့ ခန္ဓာငါးပါး၏ အနိစ္စ, ဒုက္ခ, အနတ္တ-ဖြစ်ပုံ တေပရိဝဋ္ဋ ဒေသနာတော်ကို ဟောတော်မူခြင်းဖြစ်သောကြောင့် မိုးကုတ်ဆရာတော်၏ အထက်ပါ ဟောပြောချက်သည် မှားပါသည်ဟု စောဒကဆရာတော်က တင်ပြ ထားပေသည်။

တေပရိဝဋ္ဋဒေသနာသည်ပင် ခန္ဓာ၏ အနိစ္စ, ဒုက္ခ, အနတ္တ-သဘောကို လည်းကောင်း၊ ခန္ဓာငါးပါး၏ ဖြစ်ပုံ ချုပ်ပုံကိုလည်းကောင်း ပြသော ဒေသနာဖြစ် ၍ ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်ကို ပြသည်-ဟု မိုးကုတ်ဆရာတော်ကြီး ဟောကြားခြင်း သည် မှားသည်ဟု မဆိုနိုင်ပါ။ မှန်သည်ဟုပင် ဆိုရပါမည်။

သို့သော် ပရိယတ္တိကျက်စားမှု အားနည်းသူတို့အဖို့ အငြင်းပွားဖွယ်ရှိသော ကြောင့် 'ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်ကို ဘုရားက ပြတယ်' ဟူသော စကားကို 'ဖြစ်ပျက် သဘော' အနိစ္စ ဒုက္ခ အနတ္တသဘောတွေကို ဘုရားက ပြတယ်' ဟု ပြင်ဆင်ပေးမှ သာ အသိရှင်းသွားမည်ဖြစ်သည်။ တိပ်ခွေ၌ ယင်းစာပိုဒ်ကို ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၂၃)

(က) အရှင်မောဂ္ဂလ္လာန်က ထောက်မိတာကို မလွှတ်တော့ဘူး။ ဖြစ်ပျက်မြင် ပြီးရော၊ ဖြစ်ပျက်ချည်း ရှုသွားမယ်ဆိုပြီး ရှုတော့ တစ်ခါတည်း

အရဟတ္တမဂ်အထိ ရောက်သွားတယ်။ သူက ရဟန္တာဖြစ်တာ ခုနှစ်ရက် စောတယ်။

(ခ) ဟို. . ဉာဏ်ကြီးတဲ့သူကတော့ အင်း. . သဒ္ဓါရုပေက္ခာဉာဏ်ရောက်မှ သူက ပြန်ဆင်းချင် ဆင်းလိုက်သေးတယ်၊ ပြန်ဆင်းပြီး အစက ပြန်စ။ အစက ပြန်တက်ဦး၊ ဒီလို သူက ဉာဏ်ဝေဖန်နေတာနဲ့ ကြာသွားတယ်။ (အမှတ်စဉ်- ၁၊ နှာ-၅၅၃/၅၅၄)

(ဂ) ကျန်တဲ့လူတွေ အရှင်မောဂ္ဂလ္လာန် တက်သလိုတက်၊ တွေ့တဲ့ လမ်းကဘဲ တက်သွား။ (အမှတ်စဉ်- ၁၊ နှာ-၅၅၅)

မိုးကုတ်ဆရာတော်ကြီး၏ ဤဟောပြောချက်တို့သည် ဉာဏ်ကြီးဉာဏ်ထက်သူတို့ထက် ဉာဏ်မကြီးသူတို့က ရဟန္တာ ပိုဖြစ်လွယ်သည်-ဟု ဟောရာရောက်နေသောကြောင့် မှားသည်-ဟု စောဒကဆရာတော်က တင်ပြထားပေသည်။

မိုးကုတ်ဆရာတော်ကြီး၏ ဟောပြောချက်သည်-

သတ္တာ စ စတုပရိသမဇ္ဈေ ဓမ္မံ ဒေသေန္တော နေသံ ပရိသာယ စရိယဝသေန ဓမ္မဒေသနံ ဝဍ္ဎေတိ။ ဌပေတွာ ဒွေ အဂ္ဂသာဝကေ သဗ္ဗေပိ အမုတေယျသတာ ပရိဗ္ဗာဇကာ အရဟတ္တံ ပါပုဏိံသု။ (ပ) အဂ္ဂသာဝကာနမ္ပိ ဣဒ္ဓိမယပတ္တစီဝရံ အာဂတံ။ ဥပရိမဂ္ဂတ္တယံ ပန န နိဋ္ဌာသိ။ သာဝက ဉာဏဿ မဟန္တတာယ။ (ဓမ္မ၊ ဋ္ဌ၊ ၁။ ၆၀။ သာရတ္ထ၊ ၃။ ၂၂၈)

နနု အာယသ္မာ မဟာပဉ္ဉော၊ အထ ကသ္မာ မဟာမောဂ္ဂလ္လာနတော စိရတရေန သာဝကပါရမိဉာဏံ ပါပုဏီတိ? ပရိကမ္မမဟန္တတာယ။ (ဓမ္မ၊ ဋ္ဌ၊ ၁။ ၆၁)-

ဟူသော အဋ္ဌကထာ၊ ဋီကာဖွင့်ဆိုချက်တို့ကို ထောက်လျှင် မှားသည်ဟု မဆိုနိုင်ပေ။ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်နှင့် ၎င်းတို့၏ တပည့်များသည် ဘုရားရှင်ထံ ရောက်ရှိ၍ ဘုရားရှင်ဟောသော တရားကို နာကြားကြရာ ဆရာဖြစ်သော အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်တို့က အထက်မဂ်ကို မရကြသော်လည်း (သောတာပတ္တိမဂ်ကို ဘုရားထံမရောက်မီကရပြီးဖြစ်သည်) တပည့်ပရိဗိုဇ် ၂၅၀-တို့မှာမူ သောတာပတ္တိမဂ်နှင့် တကွ မဂ်လေးပါးလုံး တစ်ထိုင်တည်းဖြင့် ရကာ ရဟန္တာဖြစ်သွားကြသည်။

တပည့်များထက် ဉာဏ်ကြီးဉာဏ်ထက်ကြသူများ ဖြစ်ပါလျက် တပည့်များကဲ့သို့ အထက်မဂ် အထက်ဖိုလ်တို့ကို မြန်မြန်မရခြင်းမှာ- သာဝကပါရမီဉာဏ်ကကြီးကျယ်သောကြောင့် ဖြစ်သည်။

ထို့အတူ အရှင်သာရိပုတ္တရာသည် အရှင်မောဂ္ဂလ္လာန်ထက် ဉာဏ်ကြီးပါလျက် အရှင်မောဂ္ဂလ္လာန်နောက် ၇-ရက် နောက်ကျပြီးမှ ရဟန္တာဖြစ်ခြင်းသည်လည်း ဝိပဿနာပရိကံ အားကြီးများပြားသောကြောင့် ဖြစ်သည်။

ဥပမာ-သာမန်အရပ်သားတစ်ယောက်သည် မိမိအိမ်မှ မြို့ထဲသို့ သွားလိုလျှင် အလွယ်တကူ ထ, သွား၍ရသည်။ ဘုရင်မင်းမြတ် နန်းတော်မှ မြို့ထဲသို့ ထွက်လိုလျှင် အလွယ်တကူ ထွက်၍မဖြစ်။ ဆင်တပ်, မြင်းတပ်, ရထားတပ်, ခြေလျင်တပ်-စသော အစောင့်အရှောက်များ, အခြံအရံများကို စနစ်တကျ စီစဉ်ပြီးမှ ထွက်ရသည်။ ဤ ဥပမာကဲ့သို့ တပည့် ၂၅၀-သည် ပကတိသာဝကများဖြစ်၍ မဟာသာဝကများကဲ့သို့ ဉာဏ်မကြီးကျယ်သောကြောင့် မိမိဉာဏ်အား ထင်လာသော သင်္ခါရတရားကိုသာ အနိစ္စ, ဒုက္ခ, အနတ္တ ရှုကြသဖြင့် တစ်ထိုင်တည်း ရဟန္တာဖြစ်ကြသည်။ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလ္လာန်တို့မှာမူ ဉာဏ်ကြီးကျယ်သောကြောင့် ရရာ ပေါ်ရာ သင်္ခါရတရားမျှကိုသာ အနိစ္စ, ဒုက္ခ, အနတ္တ မရှုဘဲ-အရှင်သာရိပုတ္တရာသည် သာဝကအလောင်းအလျာ အားလုံးတို့ ရှုဆင်ခြင်နိုင်သော မိမိသန္တာန်, သူတစ်ပါးတို့၏ သန္တာန်၌ဖြစ်သော သင်္ခါရတရားတို့ကို လုံးစေ့ပတ်စေ့ တစ်ခုမကျန် ရှုတော်မူသည်။ အရှင်မောဂ္ဂလ္လာန်ကား မိမိသန္တာန်, သူတစ်ပါးသန္တာန်၌ ဖြစ်သော သင်္ခါရတရားတို့ကို လုံးစေ့ ပတ်စေ့ မရှုဘဲ အချို့အချို့သော သင်္ခါရတရားတို့ကိုသာ ထုတ်နုတ်၍ သုံးသပ်တော်မူသည်။

ဤသို့ ဉာဏ်ကြီးလျှင် ကြီးသလောက် သင်္ခါရတရားတို့ကို ဝိပဿနာရှုရာ၌ ကျယ်ကျယ်ပြန့်ပြန့် ရှုလေ့ရှိသောကြောင့် တပည့် ၂၅၀-၏ နောက်မှ အထက်မဂ် အထက်ဖိုလ်တို့ကို ရကာ ရဟန္တာဖြစ်ကြရသည်။ အရှင်မောဂ္ဂလ္လာန်နောက်မှ အရှင်သာရိပုတ္တရာ ရဟန္တာဖြစ်ရခြင်းသည်လည်း ဤအတူပင် ဖြစ်သည်။

## ပိုကောင်း ပိုထက်သည်ဟု မဆိုရ

အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလ္လာန်တို့၏ တပည့်များက အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလ္လာန်တို့ထက် အလျင် ရဟန္တာဖြစ်သောကြောင့် ထိုတပည့်များ၏ ဝိပဿနာရှုနည်းက ပိုကောင်းသည်ဟု လည်းကောင်း၊ ထို

တပည့်များ၏ ဉာဏ်က ပိုထက်သည်ဟုလည်းကောင်း မဆိုရပေ။ ထိုတပည့်များ၏ ဉာဏ်သည် သေးငယ်သောကြောင့် ရရာ သင်္ခါရတရားတစ်ခုခုမျှလောက်ကိုသာ ဝိပဿနာရှုနိုင်သည်။ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလ္လာန်တို့၏ ဉာဏ်ကား ကြီးကျယ်သောကြောင့် (အထက်၌ ရေးပြပြီး ဖြစ်သည့်အတိုင်း) သင်္ခါရတရားတို့ကို လုံးစေ့ ပတ်စေ့ ဝိပဿနာရှုနိုင်ကြသည်။

ထို့ကြောင့် အရှင်မောဂ္ဂလ္လာန်၏ ဝိပဿနာရှုနည်းသည် တပည့်ငါးရာ၏ ဝိပဿနာရှုနည်းထက် ပိုကောင်းသည်။ အရှင်သာရိပုတ္တရာ၏ ဝိပဿနာရှုနည်းသည် အရှင်မောဂ္ဂလ္လာန်၏ ဝိပဿနာရှုနည်းထက် ပိုကောင်းသည်ဟု ဆိုရပေမည်။ ထို့အတူ-တပည့်များ၏ ဉာဏ်ထက် အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလ္လာန်တို့၏ ဉာဏ်က ပိုထက်ပေသည်။

အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလ္လာန် နှစ်ပါးတို့တွင်လည်း အရှင်သာရိပုတ္တရာ၏ ဉာဏ်က ပိုထက်ပေသည်။ အရှင်မြတ်နှစ်ပါးလုံး၏ အောက်မဂ်ဉာဏ်တို့သည် သုခပဋိပဒါဒန္ဓာဘိညမဂ်များဖြစ်သော်လည်း အရဟတ္တမဂ်အရာ၌ကား အရှင်သာရိပုတ္တရာ၏ အရဟတ္တမဂ်က သုခပဋိပဒါခိပ္ပါဘိညမဂ်ဖြစ်၍ အရှင်မောဂ္ဂလ္လာန်၏ အရဟတ္တမဂ်က ဒုက္ခပဋိပဒါခိပ္ပါဘိညမဂ် ဖြစ်လေသည်။

[ နီဝရဏတို့ကို လွယ်ကူစွာပယ်နိုင်လျှင် သုခပဋိပဒါမဂ်၊ အလွယ်တကူမပယ်နိုင်လျှင် ဒုက္ခပဋိပဒါမဂ်ဖြစ်သည်။ အထက်မဂ်သို့ ဆိုက်ရောက်ရန် ဝိပဿနာအသိဉာဏ်တို့ လျင်စွာဖြစ်လျှင် ခိပ္ပါဘိညာ၊ နှေးကွေးစွာဖြစ်လျှင် ဒန္ဓာဘိညာ-ဟု မှတ်ရမည်။ ]

မိုးကုတ်ဆရာတော်ကြီး၏ " ဟို. . ဉာဏ်ကြီးသူကတော့ အင်း. . သင်္ခါရပေက္ခာဉာဏ်ရောက်မှ သူ ပြန်ဆင်းချင် ဆင်းလိုက်သေးတယ်။ ပြန်ဆင်းပြီး အစက ပြန်စ၊ အစက ပြန်ပတ်ဦး။ ဒီလို သူက ဉာဏ်ဝေဖန်မနေတာနဲ့ ကြာသွားတယ်" ဟသော ပောပြောချက်သည် အရှင်သာရိပုတ္တရာ၏ ဉာဏ်စွမ်း ကြီးကျယ်ပုံ မပေါ်လွင်ဘဲ သင်္ခါရတရားတစ်ခုကို ထပ်ကာတလဲလဲ ရှုနေသည်ဟူသော အဓိပ္ပာယ်သာပေါ်လွင်စေပေသည်။

အမှန်မှာ အရှင်သာရိပုတ္တရာသည် သင်္ခါရတရားတစ်မု (တစ်စုတစ်ပုံ) ကိုသာ ဝိပဿနာရှုနေသည်မဟုတ် သာဝကအရာဖြစ်သော မိမိသန္တာန် သူ တစ်ပါးသန္တာန်ပဲ့၌ဖြစ်သော သင်္ခါရတရားအားလုံးကို ပုဒ်စေ့ပတ်စေ့ ဝိပဿနာရှု

နေခြင်းဖြစ်သည်။ အာရုံအမျိုးမျိုးကို အစုံအစေ့ ရှုနေခြင်းဖြစ်သောကြောင့် (အာရုံ ကျယ်ပြန့်သည့် အလျောက်) ဝိပဿနာကျက်စားမှုသည်လည်း လွန်စွာ များပြား ခြင်းဖြစ်သည်။ ထို့ကြောင့် ရဟန်းပြုပြီး ၁၅-ရက်ကြာမှ ရဟန္တာဖြစ်ရသည်။ ဒါက သမ္မသနဉာဏ်, ဒါက ဥဒယဗ္ဗယဉာဏ် စသည်ဖြင့် ဝိပဿနာဉာဏ်စဉ်တွေ ပေဖန် နေသောကြောင့် အချိန်ကြာမှ ရဟန္တာဖြစ်ရသည်လည်း မဟုတ်ပေ။

ထို့ပြင် "ကျန်တဲ့လူတွေ အရှင်မောဂ္ဂလ္လာန် တက်သလိုတက်၊ တွေ့တဲ့လမ်းက ဘဲ တက်သွား" ဟူသော စကားသည် ရည်ရွယ်ချက်ကောင်းသော်လည်း အဓိပ္ပာယ် ဆက်စပ်မှု ဥပမာခိုင်းနှိုင်းမှုတွင် ရှေ့နောက် လျော်ညီမှု မရှိပေ။

ဤစကားရပ်၌ 'ကျန်တဲ့လူတွေ' ဟူသည် တရားနာနေကြသည့် မိုးကုတ် ဆရာတော်ကြီး၏ တပည့်များကို ရည်ညွှန်းကြောင်း သိနိုင်ပေသည်။ 'ယခု တရားနာနေကြတဲ့သူတွေ အရှင်မောဂ္ဂလ္လာန်တက်သလို တွေ့တဲ့လမ်းကဘဲ တက်သွား' ဟု ဆိုရာရောက်သည်။ တရားနာနေကြသည့်သူတွေသည် ပကတိ သာဝကတွေပဲ ဖြစ်နိုင်ရာ အဂ္ဂသာဝကဖြစ်သော အရှင်မောဂ္ဂလ္လာန်ကဲ့သို့ မည်သည့်နည်းနှင့်မျှ မတက်နိုင်ပါပေ။ အဂ္ဂသာဝက ဖြစ်သော အရှင်မောဂ္ဂလ္လာန် ၏ ဉာဏ်စွမ်းမျိုးကို ပကတိသာဝကတို့ မရနိုင်ပါပေ။ အဂ္ဂသာဝကတို့နှင့် ပကတိသာဝကတို့သည် ပါရမီဖြည့်ရာကာလ, ဆုတောင်းနှင့် ပါရမီအင်အားချင်း မတူကြရာ ဝိပဿနာဉာဏ်စွမ်းရည်သည်လည်း မည်သည့်နည်းနှင့်မျှ တူညီနိုင် မည် မဟုတ်ပေ။

ဦးတည်ချက် (ဆုတောင်း) ချင်း မတူသောကြောင့် အဂ္ဂသာဝကချင်းတူသော အရှင်သာရိပုတ္တရာ၏ ဉာဏ်စွမ်းရည်ကို အရှင်မောဂ္ဂလ္လာန်၏ ဉာဏ်စွမ်းက လိုက်မမီသကဲ့သို့ အဂ္ဂသာဝကဖြစ်သော အရှင်မောဂ္ဂလ္လာန်၏ ဉာဏ်စွမ်းကို မဟာ သာဝကဖြစ်သော အရှင်မဟာကဿပ စသူတို့၏ ဉာဏ်စွမ်းက မမီနိုင်ပေ။ မဟာသာဝကတို့၏ ဉာဏ်စွမ်းကို ပကတိသာဝကတို့၏ ဉာဏ်စွမ်းကလည်း လိုက်မမီနိုင်ပေ။

ထို့ကြောင့် "ကျန်တဲ့လူတွေ အရှင်မောဂ္ဂလ္လာန်တက်သလို တက်" ဟူသော စကားသည် အငြင်းပွားဖွယ်ရာ စကားဖြစ်သကဲ့သို့ "တွေ့တဲ့လမ်းက တက်သွား" ဟူသော နောက်ဆက်တွဲ စကားနှင့်လည်း ဆီလျော်မှုမရှိပေ။

ထို့ကြောင့်-

- (က) **စကားရပ်ကို** "အရှင်မောဂ္ဂလ္လာန်က အရှင်သာရိပုတ္တရာလောက် ဉာဏ်နဲ့ပရိက် မကြီးကျယ်တော့ တရားကုန် ပုဒ်စုံ မသုံးသပ်တော့ဘဲ လိုရာလိုရာ သခင်္ခါရတရားကို ထုတ်ယူသုံးသပ်တယ်။ ပကတိသာဝကတွေ ထက် ဉာဏ်ကြီးကျယ်တာဆိုတော့ ပကတိသာဝကတွေထက် ကျယ် ကျယ် ပြန့်ပြန့် သုံးသပ်နိုင်စွမ်းရှိတယ်။ ဒါကြောင့် ထောက်မိရာကို မလွတ် တော့ဘူး။ ဖြစ်ပျက်မြင်ရင် ပြီးရော။ ဖြစ်ပျက်ချည်း ရှုသွားမယ်ဆိုပြီး ရှုတော့ တစ်ခါတည်း အရဟတ္တမဂ်အထိ ရောက်သွားတယ်။ သူက ရဟန္တာဖြစ်တာ စောတယ်။ ရဟန်းပြုပြီးလို့ ၇-ရက်အရမှာ ရဟန္တာ ဖြစ်တယ်" ဟု လည်းကောင်း၊
- (ခ) **စကားရပ်ကို** "ဟို. . ဉာဏ်ကြီးတဲ့ အရှင်သာရိပုတ္တရာကတော့ ဉာဏ်နှင့်ပရိက် ကြီးကျယ်တာ ဆိုတော့ တရားကုန် ပုဒ်စုံ အကုန်ယူပြီး ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်တယ်။ သာဝကကိစ္စမကျန်ရအောင် ဉာဏ်ကို ချဲ့ပြီး သုံးသပ်ဆင်ခြင် ပွားများတယ်။ ဒီလို ပုဒ်စုံ အကုန် ရှုမှတ်ဆင်ခြင်နေတာနဲ့ ကြာသွားတယ်။ ရဟန်းပြုပြီးလို့ ၁၅-ရက်ကြာ မှ ရဟန္တာဖြစ်သွားတယ်" ဟု လည်းကောင်း၊
- (ဂ) **စကားရပ်ကို** "ကျန်တဲ့လူတွေ အရှင်မောဂ္ဂလ္လာန်လောက် ဉာဏ် မကြီးကျယ်ကြလို့ အာရုံနှင့် အခြင်းအရာကို အရှင်မောဂ္ဂလ္လာန်လို ဉာဏ်နဲ့ ထောက်မိတာကို မလွတ်ဘဲ အရှင်မောဂ္ဂလ္လာန်တက်သလို တက်၊ တွေ့တဲ့ လမ်းကဘဲ တက်သွား" ဟု လည်းကောင်း ဖြည့်စွက် ပြင်ဆင်ပေးမှ အသိရှင်း၍ ထိရောက်မှု ရှိမည်။

**အမှတ်စဉ် (၁၃/၂၄)**

ဒါဖြင့် သမုဒယနဲ့ ဒုက္ခသစ္စာကို ပဟာတဗ္ဗနဲ့ပယ်။

(အမှတ်စဉ်- ၁၊ နှာ-၅၇၆)

မိုးကုတ်ဆရာတော်ကြီး၏ ဤဟောတရား၌ ဒုက္ခသစ္စာကို ပယ်ရမည်ဟု ဟောခြင်းသည် မှားပါသည်ဟု စောဒကဆရာတော်က စောဒနာထားလေသည်။

'တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျန္တိမေ ဘိက္ခဝေ' စသော ဓမ္မစကြာ ဒေသနာတော်အရ ဒုက္ခသစ္စာသည် ပယ်ရမည့်သစ္စာမဟုတ်၊ ဒုက္ခကို ဒုက္ခမှန်းသိအောင် ပြုရမည့် သစ္စာဖြစ်သည်။ သို့သော်-"ရူပံ ဘိက္ခဝေ န တုမှာကံ,

တံ ပဇဟထ= ချစ်သားတို့! ရုပ်သည် သင်တို့၏ ကိုယ်ပိုင်ဥစ္စာမဟုတ်၊ ထိုရုပ်ကို ပယ်စွန့် ကြကုန်လော့” (သံ၊ ၂။ ၂၈)ဟူသော ဒေသနာတော်၌ ရုပ်ဟူသော ဒုက္ခသစ္စာကို ပယ်စွန့် ကြရန် (ဝါ) ပယ်စွန့်၍မရသော အပဟာတဗ္ဗရုပ် တရားကို ပယ်စွန့်ကြရန် ဘုရားဟောရာ၌-

ပဇဟထာတိ ဆန္ဒရာဂပ္ပဟာနေန ပဇဟထ။ (သံ၊ ဋ္ဌ၊ ၂။ ၂၂၄)
ဆန္ဒရာဂပ္ပဟာနေနာတိ တပ္ပဋိဗဒ္ဓသ ဆန္ဒရာဂဿ ပဇဟနေန။
(သီ၊ ဋီ၊ ၂။ ၂၁၆)

ဟူသော အဋ္ဌကထာ, ဋီကာတို့၏ ဖွင့်ဆိုချက်ကိုထောက်လျှင် ‘ရုပ်ကို ပယ်စွန့်ကြ’ ဟူသော စကားသည် မုချတိုက်ရိုက် အနက်အဓိပ္ပါယ်ယူဆရသည့် **နီတတ္ထ** ဒေသနာမဟုတ်၊ ဥပစာရတ္ထအားဖြင့် ယူရသော နေယျတ္ထဒေသနာ သသမ္ဘာ-ရကထာသာဖြစ်ကြောင်း သိနိုင်ပေသည်။

‘ရုပ်ကို ပယ်စွန့်ကြ’ဟူသော စကား၏ဆိုလိုရင်းမှာ- ‘ရုပ်၌ တပ်မက်စွဲလမ်းနေသော တဏှာဆန္ဒကို ပယ်စွန့်ကြ’ဟူသော အနက်ပင်ဖြစ်သည်။ ဌာန ဖြစ်သော ရုပ်၏အမည်ကို ထိုရုပ်၌ တပ်မက်စွဲလမ်းနေသော တဏှာ၌ တင်စား၍ ဌာနူပစာ, ဖလူပစာအားဖြင့် ရုပ်ကို ပယ်စွန့်ကြဟု ဟောခြင်းဖြစ်ပါ သည်။ ရုပ်ကို ပယ်၍မရ၊ ထိုရုပ်၌ တပ်မက်နေသော တဏှာ (ဆန္ဒရာဂ)ကို သာ ပယ်၍ရသည်။

ဤ “ရူပံ ဘိက္ခဝေ န တုမှာကံ, တံ ပဇဟထ”ဟူသော ဒေသနာတော်ကို ထောက်လျှင် ‘ဒုက္ခသစ္စာကို ပယ်’ ဟူသော စကားသည် စကားအားဖြင့် မှားသည်ဟု မဆိုနိုင်ပေ။

သို့သော်- “ဒုက္ခသစ္စာကို ပဟာတဗ္ဗနဲ့ပယ်”ဟူသော စကား၌ ဒုက္ခသစ္စာကို ပဟာတဗ္ဗဖြစ်သော တဏှာဖြင့် ပယ်၍မရ၊ ပဟာယကဖြစ်သော မဂ်ဖြင့်သာ ပယ်ရသောကြောင့် ‘ပဟာတဗ္ဗနဲ့ ပယ်’ဟူသော စကားကို ဖြုတ်သင့်သည်။

ထို့အပြင် ဒုက္ခသစ္စာကို ပယ်ရမည်-ဟူသော ဟောပြောချက်သည်လည်း ပရိယတ္တိကျက်စားမှု အားနည်း၍ သုတမပြည့်စုံသော ပုဂ္ဂိုလ်ကို အစဥ်အဆက် အငြင်းပွားဖွယ်ဖြစ်သောကြောင့် ‘ဒုက္ခသစ္စာကို ပဟာတဗ္ဗနဲ့ ပယ်’ဟူသော စကားကို ဖြုတ်ပယ်၍ “သမုဒယသစ္စာကို ပယ်”ဟု ပြင်ပေးမှသာ သန့်ရှင်းသွားမည် ဖြစ်ပေသည်။

သို့ဖြစ်၍ 'ဒုက္ခသစ္စာကို ပဟာတဗ္ဗနဲ့ပယ်'ဟူသော စကားကို ဟောစဉ် စာအုပ်တို့မှ ဖြုတ်ပယ်၍ "ဒါဖြင့် သမုဒယသစ္စာကို ပယ်"ဟု ဖြည့်စွက်ပေးရမည်။ တိပ်ခွေ၌ ယင်းစကားရပ်အားလုံးကို ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၂၅)

အသင်္ခတလက္ခဏာကို ငါဘုရား ဟောပြပါဦးမယ်ကွာ။ မင်းတို့ နိဗ္ဗာန်မြင်ပုံ မရှင်းဘဲနေမှာ ငါစိုးရိမ်ပါတယ်။ (တင်ပု့ါ)။ နိဗ္ဗာန်မမြင်မှာကို ငါ စိုးရိမ်ပါတယ်တဲ့။

မိုးကုတ်ဆရာတော်ကြီး၏ ဤဟောပြောချက်တွင် "ငါစိုးရိမ်ပါတယ်"ဟူသော စကားသည် ဘုရားရှင်၌ စိုးရိမ်သောက အပါအဝင် ကိလေသာအကုသိုလ် အားလုံးကင်းပြီး ဖြစ်သောကြောင့် မှားယွင်းပါသည်ဟု စောဒကဆရာတော်က ကင်ပြပါသည်။

ဘုရားရှင်တို့မည်သည် သတ္တဝါတို့ နိဗ္ဗာန်ကိုသိမြင်ပြီး ဆင်းရဲဒုက္ခ ငြိမ်းစေခြင်းအကျိုးငှာ ပွင့်တော်မူလာရသည်။ ဘုရားဖြစ်သောအခါ လောကသားတို့ သစ္စာသိမြင်ရေး, ဆင်းရဲဒုက္ခ ငြိမ်းစေရေးအတွက် မနေမနား တရားဟောကြား ဆုံးမတော်မူပါသည်။ နိဗ္ဗာန်ကို မသိမမြင် မျက်မှောက်မပြုနိုင်သောကြောင့် ဆင်းရဲဒုက္ခအတွင်း၌ နစ်မွန်းမြောပါးနေကြသည်ကို သနားတော်မူပါသည်။ ထိုသို့ နိဗ္ဗာန်ကို မသိမြင်ခြင်း, ဆင်းရဲဒုက္ခမှ မလွတ်ခြင်းကို သနားတော်မူသည်ကို မိုးကုတ်ဆရာတော်ကြီးက "မင်းတို့ နိဗ္ဗာန်မြင်ပုံ မရှင်းဘဲနေမှာ ငါစိုးရိမ်တယ်၊ နိဗ္ဗာန်မမြင်မှာကို ငါစိုးရိမ်ပါတယ်"ဟု လူအများနားလည်သော လောကအသုံးဖြင့် သုံးခြင်းဖြစ်သည်။ ဒေါသဖြင့် စိုးရိမ်သောက ဖြစ်ခြင်းကို ဆိုလိုသည် မဟုတ်ပေ။

အမှတ် (၁၃/၆)စောဒနာ စိစစ်ချက်၌ ပြဆိုအပ်ခဲ့ပြီးသည့်အတိုင်း ဘုရားရှင်၌ပင် 'ဝိဂရဟိ ဗုဒ္ဓေါ ဘဂဝါ, အနေကပရိယာယေန ဝိဂရဟိတွာ-' စသည်ဖြင့် ပိဋကတ်တော်၌ သုံးလေ့ရှိသောကြောင့် မိုးကုတ်ဆရာတော်ကြီး၏ ဤဟောကြားချက်ကို မှားသည်-ဟု မဆိုနိုင်ပေ။

## အမှတ် (၁၃/၂၆)

ဒီက ပယ်သစ္စာနှစ်ခု၊ (ပ) သမုဒယနှင့် ဒုက္ခကန်ထုတ်။

(အမှတ်စဉ်-၁။ နှာ-၅၉၉)

မိုးကုတ်ဆရာတော်ကြီး၏ ဤဟောပြောချက်သည် ဒုက္ခသစ္စာကို ပယ် ရမည့်

သစ္စာအဖြစ် ဟောထားသောကြောင့် မှားသည်-ဟု စောဒက ဆရာတော်က စောဒနာထားပေသည်။

စေဒနာအမှတ် (၁၃/၂၄)၌ စိစစ်ပြခဲ့သည့်အတိုင်း ဖလူပစာ, ဌာနူပစာ အားဖြင့် ဒုက္ခသစ္စာကို ပယ်သစ္စာ,အဖြစ် ဟောနိုင်သည်။ သို့သော် သံသယမကင်း အငြင်ပွားဖွယ်ဖြစ်သောကြောင့် "ဒီက ပယ်သစ္စာနှစ်ခု၊ (ပ) သမုဒယနှင့် ဒုက္ခ ကန်ထုတ်"ဟူသော စကား၏နောက်တွင် "သမုဒယသစ္စာကို ပယ်လိုက်ရင် နောက်ထပ် အနာဂတ်ဘဝမှာ ဒုက္ခသစ္စာ ခန္ဓာပြန်လာတော့မှာမဟုတ်လို့ ဒုက္ခ သစ္စာကိုလည်း ပယ်တယ်လို့ ပြောနိုင်တယ်။ ဒုက္ခသစ္စာကိုလည်း ပယ်သစ္စာလို့ ပြောနိုင်တယ်။"ဟု ဖြည့်စွက်ပေးမှသာ နောင် အစဉ်အဆက် အငြင်းပွားမှု ကင်း၍ သန့်ရှင်းသွားမည် ဖြစ်ပေသည်။

### အမှတ် (၁၃/၂၇)

ဝိပဿနာအလုပ် သန့်သန့် ဟောတာကို ဘယ်ဆရာက ဘယ်လို သင်ထားတယ် မပြောတတ်ဘူး။ အရေးရှိမှ မိုးကြိုးပစ်မှရွတ်တယ်။ (မှန်ပါဘုရား)။ အတော်ဆိုးတယ်။ (အမှတ်စဉ်- ၂၊ နှာ- ၄၂)

မိုးကုတ်ဆရာတော်ကြီး၏ ဤဟောပြောချက်သည်-

"သစေ တုမှာကံ ဘိက္ခဝေ အရညဂတာနံ ဝါ ရုက္ခမူလဂတာနံ ဝါ သုညာဂါ- ရဂတာနံ ဝါ ဥပ္ပဇ္ဇေယျ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ (ပ) အထ မမံ့ အနုဿရေယျာထ-သွက္ခာတော ဘဂဝတာ ဓမ္မော, သန္ဒိဋ္ဌိကော, အကာလိကော, ဧဟိပဿိကော, ဩပနေယျိကော, ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ။ (သံ၊ ၁။ ၂၂၁)

ဟူသော သံယုတ်ပါဠိတော် ဓဇဂ္ဂသုတ္တန်လာ ဘုရားစကားတော်ကို ပြက်ရယ်ပြု ခြင်း ဖြစ်သောကြောင့် မှားသည်-ဟု စောဒကဆရာတော်က စောဒနာ ထားပေသည်။

သွာက္ခာတော ဘဂဝတာ ဓမ္မော-စသော တရားဂုဏ်တော် (၆)ပါးကို ဝိပဿနာအလုပ် သန့်သန့်အတွက် ဟောထားခြင်းမဟုတ်ပေ။ အမှန်စင်စစ် ဓမ္မာနုဿတိသမထကမ္မဋ္ဌာန်း ပွားများရေးအတွက် ပဓာနထား၍ ဘုရားရှင် ဟောကြားထားခြင်း ဖြစ်ပေသည်။ စောဒနာအမှတ် (၉/၅)စိစစ်ချက်၌ စိစစ်ပြခဲ့သည့်အတိုင်း ဝိပဿနာတရား အလုပ်စဉ်ကိုပြသည်ဟု ဆိုနိုင်သော်

လည်း တရားဂုဏ်တော်ကိုဖြစ်စေ၊ ဘုရားဂုဏ်တော်, သံဃာ့ဂုဏ်တော်ကိုဘဲ ဖြစ်စေ၊ စူးစူးစိုက်စိုက် ပွားများမှု ကိုယ်တိုင်ပြုလျှင် (သန္ဒိဋ္ဌိကဖြစ်လျှင်) ထိုသို့ စူးစိုက် ပွားများခိုက်၌ ကိလေသာများ အခိုက်အတန့် ငြိမ်းအေးနေသော ကြောင့် ချက်ချင်းလက်ငင်း အကျိုးပေးသည် (အကာလိကဖြစ်သည်)ဟု ဆိုနိုင်သည်။

ထို့ပြင် အထက်ညွှန်ပြပြီး သံယုတ်ပါဠိတော် ဓဇဂ္ဂသုတ်၌ ဘုရားရှင် ကိုယ်တိုင် "ကြောက်ခြင်း လန့်ခြင်း ကြက်သီးမွေးညင်းထခြင်း ဖြစ်သောအခါ ငါဘုရား၏ ဂုဏ်, တရားတော်၏ဂုဏ်, သံဃာတော်၏ဂုဏ်များကို အောက်မေ့ ပွားများကြ"ဟု တိုက်တွန်း ညွှန်ပြသောကြောင့် သာမန်အခါ ကြောက်ရွံ့ ထိပ်လန့်စိတ် ဖြစ်လာလျှင် ရွတ်ဆိုပွားများသင့်သည့် ဂုဏ်တော်များလည်း ဖြစ်ပေသည်။

ထို့ကြောင့် "ဝိပဿနာအလုပ် သန့်သန့် ဟောတာကို ဘယ်ဆရာက ဘယ်လို သင်ထားတယ် မပြောတတ်ဘူး၊ အရေးရှိမှ မိုးကြိုးပစ်မှ ရွတ်တယ်၊ အတော်ဆိုးတယ်-"ဟူသော စကားကို မိုးကုတ်ဆရာတော်ကြီး၏ ဟောစဉ် စာအုပ်များမှလည်းကောင်း၊ အသံသွင်း တိပ်ခွေများမှလည်းကောင်း ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၂၈)

ခင်ဗျားတို့က တပည့်တော် ဒုက္ခခပ်သိမ်း အေးငြိမ်းရပါလို၏ဘုရား။ ဆွမ်းနဲ့ ကွမ်းနဲ့ဆုတောင်းလို့ရှိရင် တယ်-----ကြောက်စရာကောင်းပါလား။ ဘာမှမဆိုင်ဘူး။ ဒီဥစ္စာ ဘာမှမဆိုင်ဘူး။ (အမှတ်စဉ်- ၂၊ နှာ- ၄၃)

မိုးကုတ်ဆရာတော်ကြီးက "ဒုက္ခခပ်သိမ်း အေးငြိမ်းရပါလို၏ဘုရား၊ ဆွမ်းနဲ့ ကွမ်းနဲ့ ဆုတောင်းလို့ရှိရင် တယ်-----ကြောက်စရာကောင်းပါလား။ ဘာမှ မဆိုင်ဘူး"ဟု ဟောခြင်းသည် မှားပါသည်။ နိဗ္ဗာန်ဆုတောင်း၍ လှူအပ်သော အလှူသည် ဝိဝဋ္ဋနိဿိတကုသိုလ်ဖြစ်၍ နိဗ္ဗာန်ရောက်ကြောင်း ပါရမီကောင်း ဖြစ်ပါသည်-ဟု စောဒကဆရာတော်က တင်ပြထားပေသည်။

"ယံ ပန ကိဉ္စိ ဝိဝဋ္ဋံ နိဗ္ဗာနံ ပတ္ထေတွာ ပဝတ္တိတံ၊ အန္တမသော ဥဋ္ဌုက်ယာ-ဂုမတ္တာဒါနမ္ပိ ပဏ္ဏမုဋ္ဌိဒါနမတ္တမ္ပိ, သဗ္ဗံ တံ ဝိဝဋ္ဋူပကိ္ခယ ဝိဝဋ္ဋနိဿိတံ၊ ဝိဝဋ္ဋူပကိ္ခကတ္တာ သမ္ဘာပဋ္ဋိပဒါဝ ဟောတိ။ (ပ) 'က္ကဒံ မေ ဒါနံ အာသဝက္ခယာဝဟံ ဟောတူ' တိ ဧဝံ ပန ဝိဝဋ္ဋံ ပတ္ထေန္တေန

ဝိဝဋ္ဋူပနိဿယေန သမ္ဘာ ဌပိတံ အရဟတ္တမ္ပိ ပစ္စေကဗောဓိဉာဏမ္ပိ သဗ္ဗညုတဉာဏမ္ပိ ဒါတုံ သက္ကောတိယေဝ၊ န အရဟတ္တံ အပ္ပတွာ ပရိယောသာနံ ဂစ္ဆတိ။" (သံ၊ ဋ္ဌ၊ ၂။ ၁၈)

ဟူသော သံယုတ်အဋ္ဌကထာကို ထောက်လျှင် နိဗ္ဗာန်ဆုတောင်း၍ ပြုအပ်သော တစ်ဇွန်းစာမျှသော ယာဂုဆွမ်းကုသိုလ်, တစ်ဆုပ်စာမျှသော ဟင်းရွက်အလှူတို့ သည်ပင် နိဗ္ဗာန်ရကြောင်း ကောင်းမှုပါရမီဖြစ်ကြောင်း သိနိုင်ပေသည်။

ထို့ပြင်-"မာ ဘိက္ခဝေ ပညာနံ ဘာယိတ္ထ၊ သုခဿေတံ အဓိဝစနံ ယဒိဒံ ပညာနိ။ (အံ၊ ၂။ )လာ မြတ်ဗုဒ္ဓ၏ မိန့်ခွန်းတော်အရ ကုသိုလ်မှန်သမျှ ချမ်းသာ သုခကို ရစေနိုင်သောကြောင့် မည်သည့်ကုသိုလ်ကိုမျှ မကြောက်ကြပဲ ကုသိုလ်ကို ကြိုးစားအားထုတ် ပြုကြရမည်ဖြစ်ကြောင်း သိနိုင်ပေသည်။

ထို့ကြောင့် မိုးကုတ်ဆရာတော်ကြီး၏ "တယ်------ကြောက်စရာ ကောင်းပါလား။ ဘာမှ မဆိုင်ဘူး"ဟူသော ဟောပြောချက်သည် အစွန်း မလွတ်သော ဟောပြောချက်ဖြစ်ပေသည်။

မိုးကုတ်ဆရာတော်ကြီးက နိဗ္ဗာန်အမြန်ရောက်ရေးအတွက် ဝိပဿနာ အလုပ်ပေး တရားတော်ကိုဟောကြားရင်း ဤစကားတို့ကို ဟောကြားခြင်း ဖြစ်၍ ဒါနကုသိုလ်ထက် ဝိပဿနာကုသိုလ်က ပိုအရေးကြီးကြောင်း ဟောကြား လိုရင်းဟု သိနိုင်သော်လည်း ညွှန်ပြအပ်ပြီးသော ဘုရားစကားတော်, အဋ္ဌကထာ ဖွင့်ဆိုချက်တို့နှင့်ကား ဆန့်ကျင်သည့် အနေအထားသို့ ရောက်နေ ပေသည်။

သို့ဖြစ်၍ အထက်ပါ မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်ကို "တပည့်တော် ဒုက္ခခပ်သိမ်း အေးငြိမ်းတဲ့နိဗ္ဗာန်ကို ရရပါလို၏လို့ ဆုတောင်းပြီး ဆွမ်းတို့ ကွမ်းတို့လဲ လှူပေ့ါ။ နိဗ္ဗာန်မြန်မြန်ရောက်နိုင်တဲ့ ဝိပဿနာတရားကိုလဲ ကြိုးစား အားထုတ်ကြ၊ ဒါမှ နိဗ္ဗာန်မြန်မြန်ရောက်ကြမယ်"ဟု ပြင်ဆင်ပေးရမည်။ တိပ်ခွေ၌ ယင်းစကားရပ်များကို ပယ်ဖျက်ပေးရမည်။

### အမှတ် (၁၃/၂၉)

သူ လူဆိုးကြီးဘဝတုန်းက လုပ်ခဲ့တဲ့အကုသိုလ်ကံတွေလဲ ဒီမှာ အကုန် ပြတ်တယ်။ (ပ) အဲဒီ ဗောဓိပင်နှင့် ရွှေပလ္လင်မှာ ပြတ်တယ်။

(အမှတ်စဉ်-၂၊ နှာ-၄၆)

မိုးကုတ်ဆရာတော်ကြီး၏ ဤဟောပြောချက်သည် မှားပါသည်။ အကြောင်းမှာ အနုပါဒိသေသပရိနိဗ္ဗာန် ဝင်စံပြီးမှသာ ကုသိုလ်ကံ အကုသိုလ်ကံတို့၏ ကောင်းကျိုး, မကောင်းကျိုးများကို ပြတ်သောကြောင့် ဖြစ်ပါသည်ဟု- စောဒက ဆရာတော်က စောဒနာထားပေသည်။

မိုးကုတ်ဆရာတော်ကြီး၏ အထက်ပါ ဟောကြားချက်တွင် ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ ကောင်းကျိုး, မကောင်းကျိုးများ ဗောဓိပင်နှင့် ရွှေပလ္လင်မှာ ပြတ်သည်-ဟူသော အဓိပ္ပါယ်ကို မတွေ့ရပါပေ။ ဗောဓိပင်နှင့် ရွှေပလ္လင်မှာ အကုသိုလ်ကံတွေ ပြတ်ကြောင်းသာ တွေ့ရပေသည်။ သို့ဖြစ်၍ စောဒက ဆရာတော်၏ စောဒနာသည် လွန်စွာ အားနည်းလျက်ရှိပေသည်။

ဗောဓိပင်နှင့်ရွှေပလ္လင်မှာ အကုသိုလ်ကံတွေ အကုန်ပြတ်တယ်-ဟူသော မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်သည်-

"တဿာနေန ဗောဓိမဏ္ဍေ ဝီရိယပါဒေဟိ သီလပထဝိယံ ပတိဋ္ဌာယ သဒ္ဓါဟတ္ထေန ကမ္မက္ခယကရံ ဉာဏဖရသုံ ဂဟေတွာ သဗ္ဗေ အရာ ဟတာတိ အရာနံ ဟတတ္တာပိ အရဟံ" (ဝိ၊ ၄၊ ၁။ ၈၅)

ဟူသော အရဟံဂုဏ်တော်ဖွင့်နှင့် ညီညွတ်ပေသည်။

အကုသိုလ်ကံတွေကို သတ်သည်-ဟု ဆိုရာ၌ နောင် အနာဂတ်ဘဝတွင် ပဋိသန္ဓေကျိုးပေးနိုင်သည့် ကံဟောင်းများကိုလည်းကောင်း၊ နောက်ဘဝကို ဖြစ်စေနိုင်သည့် ကံသစ်များကိုလည်းကောင်း၊ အကျိုးမပေးနိုင်အောင် ထိုကံတို့၏ ကမ္မသတ္တိကို အရဟတ္တမဂ်ဖြင့် ပယ်သတ်လိုက်ခြင်းကို ဆိုလိုပေသည်။

မှန်၏။ ကုသိုလ်ကံ, အကုသိုလ်ကံဟု ဆိုအပ်သော ကမ္မဝဋ်တို့သည် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်-ဟူသော ကိလေသဝဋ်၏ အထောက်အပံ့ကို ရမှသာ ဘဝသစ်၌ ပဋိသန္ဓေကို ဖြစ်စေနိုင်သည်။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်-ဟူသော ကိလေသဝဋ်၏ အထောက်အပံ့ကို မရတော့လျှင် မည်မျှ ကြီးမားသော ကံပင် ဖြစ်စေ ဘဝသစ် ပဋိသန္ဓေကျိုးကို မပေးနိုင်တော့ပေ။ ဘဝသစ် ပဋိသန္ဓေကျိုးကို မပေးနိုင်တော့လျှင် (ဝါ) ဘဝသစ် မဖြစ်တော့လျှင် ထိုဘဝသစ်၌ ခံစားရမည့် ကောင်းကျိုး, ဆိုးကျိုးတို့ကိုလည်း ပေးနိုင်စွမ်း ဖြစ်နိုင်စွမ်း မရှိတော့ပေ။

အရဟတ္တမဂ်ကို ရလျှင် ထိုအရဟတ္တမဂ်သည် ကံ (ကမ္မဝဋ်)၏ အခြေခံဖြစ်သော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်-ဟူသော ကိလေသဝဋ်ကို အမြစ်ပါမကျန်

ပယ်သတ်နိုင်ပေသည်။ ကိလေသဝဋ်ကို ပယ်သတ်နိုင်လျှင် ကမ္မဝဋ် (ကံ)၏ ကမ္မသတ္တိကိုလည်း ပယ်သတ်ပြီး ဖြစ်တော့သည်။ ကမ္မဝဋ်ကို ပယ်သတ်နိုင်လျှင် ထိုကမ္မဝဋ်ကြောင့် ဖြစ်ရသည့် ဝိပါကဝဋ်တို့ကိုလည်း ပယ်သတ်ပြီးဖြစ်သည်ဟု ဆိုနိုင်ပေသည်။

ထို့ကြောင့် -

- ယဿ ပါပံ ကတကမ္မံ၊ ကုသလေန ပိဓီယတိ။ (မ၊ ၂။ ၃၀၇)
- ကုသလေန ပိဓီယတီတိ မဂ္ဂကုသလေန ပိဓီယတိ၊ အပ္ပဋိသန္ဓိကံ ကရီယတိ။ (မ၊ ဋ၊ ၃။ ၂၃၅)

ဟု လည်းကောင်း၊

- တာဒိသံ ကမ္မံ ကတ္ဘာန၊ ဗဟုံ ဒုဂ္ဂတိဂါမိနံ။
  ဖုဋ္ဌော ကမ္မဝိပါကေန၊ အဏဏော ဘုဉ္ဇာမိ ဘောဇနံ။ (မ၊ ၂။ ၃၀၈)
- ဖုဋ္ဌော ကမ္မဝိပါကေနာတိ မဂ္ဂစေတနာယ ဖုဋ္ဌော။ ယသ္မာ ဟိ မဂ္ဂစေတနာယ ကမ္မံ ပစ္စတိ ဝိပစ္စတိ ဍယှတိ၊ ပရိက္ခယံ ဂစ္ဆတိ၊ တသ္မာ သာ ကမ္မဝိပါကောတိ ဝုတ္တာ။ တာယ ဟိ ဖုဋ္ဌတ္တာ ဧသ အဏဏော နိက္ကိလေသော ဇာတော။ (မ၊ ဋ၊ ၃။ ၂၃၆)

ဟု လည်းကောင်း မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၌ ဖွင့်ဆိုခဲ့ပေသည်။

အရှင်အင်္ဂုလိမာလသည် အင်္ဂုလိမာလဘဝက လူပေါင်းများစွာကို သတ်ပြီး လက်ညှိုးတွေဖြတ်ယူခဲ့သော ပါဏာတိပါတ အကုသိုလ်ကံများ များစွာရှိခဲ့၏။ ထိုအကုသိုလ်ကံတို့သည် အကယ်၍ ဤဘဝတွင် အင်္ဂုလိမာလ ရဟန္တာ မဖြစ်ခဲ့ပါက ဒုဂ္ဂတိဘဝ (အပါယ်လေးဘုံ၊ အထူးအားဖြင့် ငရဲဘုံ)တွင် နှစ်ပေါင်း များစွာ ခံရမည့် အကုသိုလ်ကံများဖြစ်၏။ ယခုမူ ဘုရားရှင်၏ တရားတော်ကို နာရပြီး အရဟတ္တမဂ်ဉာဏ်ကို ရရှိကာ ထိုအရဟတ္တမဂ်ဉာဏ်က ထိုများစွာသော အကုသိုလ်ကံ၏ ကမ္မသတ္တိကို ပယ်သတ်လိုက်သဖြင့် ဘဝသစ်မဖြစ်တော့ဘဲ ချုပ်ငြိမ်းသွားရလေတော့သည်။

ဘုရားရှင်သည်လည်း ဗောဓိပင်နှင့်ရွှေပလ္လင်ဝယ် အရဟတ္တမဂ်ဉာဏ်ကို ရသည်နှင့်တစ်ပြိုင်နက် အတိတ်ကပြုခဲ့သော ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ ကမ္မသတ္တိကို ထိုအရဟတ္တမဂ်စေတနာက သတ်ပစ်လိုက်၏။ ကမ္မသတ္တိမရှိ တော့သောကြောင့် ဘဝသစ် မဖြစ်ရတော့ပေ။

ဤသည်ကို ရည်ရွယ်၍ မိုးကုတ်ဆရာတော်ကြီးက ဟောခြင်းဖြစ်သော ကြောင့် မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်သည် မှန်ကန်ပေသည်။

**အမှတ် (၁၃/၃၀)**

ဘုရား အကုန်သိတာဘဲဆိုတာ ခင်ဗျားတို့က နှုတ်တတ်ပြောနေတာ။ ဘယ်သိလိမ့်မတုန်း။ (အမှတ်စဉ်- ၂၊ နှာ- ၅၃)

မိုးကုတ်ဆရာတော်ကြီး၏ ဤဟောကြားချက်သည် မှား၏-ဟု စောဒက ဆရာတော်က ဆိုပါသည်။ ထို့ပြင် စောဒကဆရာတော်က- အိပ်နေတုန်းလည်း ဘုရားရှင်က သိပါသည်ဟု ပြောလျှင်တော့ မှားပါသည်။ ဘုရားရှင်က အကုန် သိပါသည်ဟု ပြောလျှင်တော့ မှန်ပါသည်။ ဆင်ခြင်လျှင် အကုန်သိပါသည်- ဟု တင်ပြသည်။

မိုးကုတ်ဆရာတော်ကြီး၏ ဟောစဉ်တရားစာအုပ်များသည် သေချာစွာ ပြန်လည်တည်းဖြတ် သုတ်သင်မှုမပြုဘဲ ဆရာတော်ကြီးဟောသည့်အတိုင်း တိပ်ခွေထဲမှ ကူးယူပုံနှိပ်ထားသည့်အတွက် "ဆွမ်းဆန်ထဲ ကြွက်ချေးရော" ဟူသကဲ့သို့ အချို့ချို့သော ဟောပြောချက်တို့သည် မှားယွင်းခြင်း, စကားပိုပါ သွားခြင်း, အပြည့်စုံခြင်းတို့ကြောင့် ဖတ်ရနာရသူများအဖို့ အသိဉာဏ်ရှုပ်ထွေးပြီး အငြင်းပွားစရာများ ဖြစ်လာပေသည်။

ယခု ထုတ်ပြထားသည့် စောဒက၏ စောဒနာချက်သည်လည်း ဆရာတော် ကြီး၏ ဟောပြောချက် စကားမပြည့်စုံမှုကြောင့် ဖြစ်ပေါ်လာရသည့် စောဒနာ ဖြစ်ပေသည်။ ဆရာတော်ကြီး၏ ဟောကြားချက် မပြည့်စုံမှုကြောင့် သဗ္ဗညုတ ဉာဏ်နှင့် စပ်၍လည်းကောင်း၊ သဗ္ဗညုတဉာဏ်ရှင် ဘုရားရှင်နှင့် စပ်၍ လည်းကောင်း သံသယပွားဖွယ်ရာများ ဖြစ်ပေါ်နိုင်ပေသည်။

သဗ္ဗညုတဉာဏ်သည် စေတသိက်နာမ်တရားဖြစ်၏။ နာမ်တရားတို့သည် အာရုံကို ယူတတ်သော သာရမ္မဏတရားများဖြစ်၏။ ဆိုင်ရာ ဆိုင်ရာ အာရုံတို့ကို ယူနိုင်စွမ်းရှိ၏။ ထိုသို့ ယူရာ၌ အကြောင်းအင်္ဂါပြည့်စုံဖို့ လိုအပ်၏။ အကြောင်း အင်္ဂါပြည့်စုံလျှင် ဆိုင်ရာ အာရုံကို ယူနိုင်၏။

သဗ္ဗညုတဉာဏ်တော်မြတ်သည် အာရုံကိုသိသည့် တရားတို့တွင် အထူးခြား ဆုံး အထက်မြတ်ဆုံးဖြစ်၏။ ဆိုင်ရာဆိုင်ရာ အာရုံကို အာရုံပြုလိုက်လျှင် အပိတ်

အပင် အတားအဆီးမရှိ ကြွင်းမဲ့ဥဿုံ အလုံးစုံကို သိနိုင်စွမ်းသော ဉာဏ်ထူး ဉာဏ်မြတ်ဖြစ်သည်။ အတိတ်, ပစ္စုပ္ပန်, အနာဂတ် ကာလသုံးပါးလုံး၌ ဖြစ်ခဲ့ရှိခဲ့, ဖြစ်နေရှိနေ, ဖြစ်လတ္တံ့ , ရှိလတ္တံ့သော တရားတို့ကို သိမြင်နိုင်စွမ်းရှိ၏။ သိသည် ဆိုရာ၌ အချိန်တိုင်း အချိန်တိုင်း (အချိန်ပြည့်) သိနေသည်မဟုတ်။ ဆင်ခြင်မှသာ သိနိုင် ပေသည်။ အချိန်ပြည့် မသိသော်လည်း ဆင်ခြင်သည့်အခါ ဆိုင်ရာအာရုံကို အကြွင်းမဲ့ သိမြင်သောကြောင့် သဗ္ဗညုတဉာဏ်ဟူသော ဂုဏ်ရည်မှ အနည်း ငယ်မျှ မလျော့ပါပေ။

> ယေ တေ ဝစ္ဆ ဧဝမာဟံသု "သမဏော ဂေါတမော သဗ္ဗညူ သဗ္ဗဒဿာဝီ အပရိသေသံ ဉာဏဒဿနံ ပဋိဇာနာတိ၊ စရတော စ မေ တိဋ္ဌတော စ မေ သုတ္တဿ စ ဇာဂရဿ စ သတတံ သမိတံ ဉာဏဒဿနံ ပစ္စုပဋ္ဌိတ" န္တိ။ န မေ တေ ဝုတ္တဝါဒိနော၊ အဗ္ဘာစိက္ခန္တိ စ ပန မံ အသတာ အဘူတေနာတိ။ (မ၊ ၂။ ၁၄၈)

အရှင်ဂေါတမ! သွားနေဆဲ, ရပ်နေဆဲ, အိပ်ပျော်နေဆဲ, နိုးကြားနေဆဲ၌ အချိန်တိုင်း အမြဲတမ်း သိနေသည်ဟု ဆိုလျှင် ငါဘုရားကို မဟုတ်မမှန် စွပ်စွဲခြင်းသာ ဖြစ်၏ဟု ဘုရားရှင်က တေဝိဇ္ဇဝစ္ဆပရိဗိုဇ်အား မိန့်ကြားခဲ့ပါ သည်။

ဤပါဠိရပ်၌- သမဏော ဂေါတမော သဗ္ဗညူ သဗ္ဗဒဿာဝီ အပရိသေသံ ဉာဏဒဿနံ ပဋိဇာနာတိ ဟူသော ရှေ့စကားရပ်သည် (အရှင်ဂေါတမသည် အလုံးစုံကို သိတော်မူ မြင်တော်မူ၏-ဟု) ဝန်ခံထိုက်သော စကားဖြစ်သည်။ 'စရတော စ မေ တိဋ္ဌတော စ (ပ) ပစ္စုပဋ္ဌိတံ' -ဟူသော နောက်စကားရပ် သည် (အချိန်တိုင်း အမြဲတမ်း သိနေသည်-ဟု) ဝန်မခံထိုက်သော စကား ဖြစ်သည်-ဟု အဋ္ဌကထာဆရာက ဖွင့်ဆိုရှင်းပြပေသည်။

> သဗ္ဗညူ သဗ္ဗဒဿာဝီ အပရိသေသံ ဉာဏဒဿနံ ပဋိဇာနာတီတိ ဟိ ဣဒံ အနုဇာနိတဗ္ဗံ သိယာ။ စရတော စ မေ (ပ) ပစ္စုပဋ္ဌိတန္တိ ဣဒံ ပန နာနုဇာနိတဗ္ဗံ။ သဗ္ဗညုတဉာဏေန ဟိ အာဝဇ္ဇိတွာ ပဇာနာတိ။
> (မ၊ ဋ္ဌ၊ ၃။ ၁၃၆)

ထို့အတူ-

> သဗ္ဗေ ဓမ္မာ ဗုဒ္ဓဿ ဘဂဝတော အာဝဇ္ဇနပဋိဗဒ္ဓါ အာကင်္ခပဋိဗဒ္ဓါ

မနသိကာရပဋိဃဒ္ဓါ စိတ္တုပ္ပါဒပဋိဃဒ္ဓါ (ဣတိဝုတ်၊ ဋ္ဌ။ ၁၃၆)
ဟု လည်းကောင်း၊

> သဗ္ဗေကာလေ ပဝတ္တတီတိ အာဝဇ္ဇနပဋိဗဒ္ဓဝုတ္တိတ္တာ ဝုတ္တံ၊ န သတတံ သမိတံ ပဝတ္တတီတိ။ န ဟိ သဗ္ဗညုတဉာဏံ ဘဂဝတော သဗ္ဗသ္မိံယေဝ ကာလေ ဥပ္ပဇ္ဇတီတိ သက္ကာ ဝတ္တုန္တိ။ (နေတ္တိ၊ ဋ္ဌ။ ၂၅၂)-

ဟု လည်းကောင်း၊

ဆ အသာဓာရဏဉာဏာနိပိ ဣမိနာ ဂဟိတာရမ္မဏမေဝ ဂဏှန္တိ။ (အဘိ၊ ဋ္ဌ၊ ၁။ ၃၃၃)-ဟု လည်းကောင်း၊

သဗ္ဗညုတဉာဏ်သည် မနောဒွါရာဝဇ္ဇန်းဖြင့် ဆင်ခြင်အပ်သော အာရုံကိုသာ ယူနိုင်ကြောင်း၊ အချိန်တိုင်း သိနေသည် မဟုတ်ကြောင်း၊ ဆင်ခြင်မှသာ သိနိုင်ကြောင်း ဖွင့်ဆိုကြပေသည်။

အထက်ပါ ပါဠိတော်နှင့် အဋ္ဌကထာများအရ (က) ဘုရားရှင်သည် အကုန် သိသည်။ (ခ) သို့သော် အမြဲတမ်း သိနေသည်မဟုတ်။ ဆင်ခြင်မှ အကုန်သိ သည် ဟု သိအပ်ရကား ဖော်ပြပြီး မိုးကုတ်ဆရာတော်ကြီး၏ ဟောတရားစကား ရပ်ကို "ဘုရားက တရားအားလုံး အကုန်သိပေမယ့် အမြဲသိနေတာ မဟုတ်ဘူး၊ ဆင်ခြင်မှ သိတာ" ဟု ပြင်ပေးရမည်။ တိပ်ခွေ၌ ယင်းစကားရပ်ကို ပယ်ဖျက် ပေးရမည်။

## အမှတ် (၁၃/၃၁)

> အခု နိဗ္ဗာန်ရရင် အခုယူမည့် ပုဂ္ဂိုလ်မှာ ပါရမီ မလို (ပ) အဲဒါ ဥပရိ- ပဏ္ဏာသပါဠိတော်မှာလဲ ဘုရားကိုယ်တော်တိုင် ဟောထားတယ်။ (အမှတ်စဉ်- ၂၊ နှာ- ၁၉၄)

ဥပရိပဏ္ဏာသပါဠိတော်၌ သုတ်ပေါင်း ၅၂-သုတ်ရှိရာ ထို ၅၂-သုတ်တွင် "အခု နိဗ္ဗာန်ရရင် အခုယူမည့် ပုဂ္ဂိုလ်မှာ ပါရမီ မလို" ဟု ဟောထား သော စကားရပ် မည်သည့်သုတ်တွင်မှ မတွေ့ရသောကြောင့် မိုးကုတ် ဆရာတော်ကြီးက ဟောကြားချက် မှားပါသည်-ဟု စောဒကဆရာတော်က တင်ပြထားပေသည်။

မှန်ပေသည်။ စောဒကဆရာတော် တင်ပြသည့်အတိုင်း ဥပရိပဏ္ဏာသပါဠိ တော်တွင် ယင်းကဲ့သို့သော ဟောကြားချက် လုံးဝ မပါရှိပေ။ ထို့ကြောင့် ဆရာ တော်ကြီး၏ ဟောကြားချက်သည် အမှားစင်စစ်သာ ဖြစ်သည်။

ထို့ပြင် 'အခု နိဗ္ဗာန်ရရင် အခုယူမည့် ပုဂ္ဂိုလ်မှာ ပါရမီ မလို' ဟူသော စကားရပ်နှင့် စပ်လျဉ်း၍ နိဗ္ဗာန်ကို လိုချင်တိုင်း မရနိုင်ကြောင်း၊ ပါရမီပြည့်၍ ဉာဏ်ရင့်ကျက်သော တိဟိတ်ပုဂ္ဂိုလ်များသာ ပရတောဃောသ, ယောနိသောမနသိကာရနှင့် ပြည့်စုံလျှင် ရနိုင်ကြောင်း အမှတ် (၁) စောဒနာတွင် စိစစ်ပြီးဖြစ်၍ ဤ၌ထပ်မံ စိစစ်ဖွယ်မလို။

ပါရမီမလိုဟူသော ဝါဒနှင့် စပ်လျဉ်း၍လည်း စိစစ်ပြီးဖြစ်သောကြောင့် အထက်ပါစကားရပ်အားလုံးကို ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၃၂)

သတ္တဝါလဲ မရှိဘူး၊ တစ်ခုခု ဖြစ်စရာလဲ မရှိဘူး၊ အဲဒါ ခင်ဗျားတို့က စွဲပြီးသကာလ ရောက်လေရာ အမျှဟော့ဆိုတော့ သွားရော။ (ပ) ဘာ ဒိဋ္ဌိတွေ ပါလိမ့် (သဿတဒိဋ္ဌိပါဘုရား)။ (အမှတ်စဉ်-၂၊ နှာ-၂၈၈-၉)

အမျှဝေသော ပုဂ္ဂိုလ်တိုင်းကို သဿတဒိဋ္ဌိရှိသည်ဟု ဟောရာရောက်သဖြင့် မိုးကုတ်ဆရာတော်ကြီး၏ အထက်ပါ ဟောကြားချက်သည် မှားသည်-ဟု စောဒကဆရာတော်က တင်ပြပေသည်။

မိမိပြုအပ်သော ကုသိုလ်ကောင်းမှုကို သူတစ်ပါးတို့ ရပါစေဟူသော စေတနာဖြင့် အမျှပေးဝေခြင်းကို ပတ္တိဒါနပုညကိရိယဝတ္ထုအဖြစ် (အဘိ၊ ဋ္ဌ၊ ၁။ ) စသည်တို့၌ ပြဆိုပေသည်။

ထိုသို့ အမျှဝေခြင်းသည် ဘဝတစ်ပါးသို့ ရောက်သွားကြသော ဆွေမျိုးများအတွက် အထူးအားဖြင့် ပြိတ္တာဘုံသို့ ရောက်သွားကြသော ဆွေမျိုးများအတွက် ချမ်းသာသုခရခြင်း အကြောင်းဖြစ်၍ အမျှဝေခြင်းကိစ္စကို ပြုလုပ်ကြရန် ဘုရားရှင် ဟောကြားတော်မူခဲ့သည်။ ခုဒ္ဒကပါဌပါဠိတော်လာ တိရောကုဋ္ဋသုတ် စသည်တို့ကို လေ့လာလျှင် ယင်းအချက်ကို ကောင်းစွာ တွေ့မြင်ရမည် ဖြစ်ပေသည်။

လွန်ခဲ့သော ၉၂-ကမ္ဘာထက် ဝိပဿီသာရမင်းကြီးနှင့် ဆွေမျိုးတော်ခဲ့ကြသော သူတို့သည် ဆွမ်းကပ်လှူဒါန်းကြရာ အချို့သောသူတို့သည် သဘောမတူ ပြူစူကောက်ကျစ်၍ လှူဖွယ်ထမင်းဟင်းတို့ကို စားသောက်ပစ်ခြင်း၊ မီးတင်းကုပ်ထမင်းရုံစသည်တို့ကို ဖျက်ဆီးပစ်ခြင်းစသည်ဖြင့် အလှူပွဲကြီးပျက်အောင် ဖျက်ခဲ့ကြပေသည်။

ထိုသူတို့ သေသောအခါ ငရဲဘုံသို့ ရောက်ကြရသည်။ ၉၂-ကမ္ဘာတိုင်တိုင် ငရဲခံရပြီးနောက် ကဿပဘုရားလက်ထက်တွင် ပြိတ္တာဘဝသို့ ရောက်ကြရသည်။ ကဿပဘုရားရှင်လက်ထက်မှ စ၍ ဆွေမျိုးများ၏ အမျှဝေမှုကို စောင့်မျှော်နေကြရာ ဤဘုရားလက်ထက်တွင် ဘုရားရှင် ရာဇဂြိုဟ်မြို့သို့ ပထမဆုံးကြွရောက်ရာ၌ ဗိမ္ဗိသာရမင်းကြီးက ဒါနကောင်းမှု အမျိုးမျိုးပြုသော်လည်း ထိုဆွေမျိုး ပြိတ္တာတို့ကို ရည်စူး၍ အမျှပေးဝေခြင်း မပြုမိပေ။ ထို့ကြောင့် ထိုပြိတ္တာတို့က ညအခါတွင် ကြောက်လန့်စရာ အသံများကို ဟစ်အော်ကြသည်။ ထိုအကြောင်းကို ဗိမ္ဗိသာရဘုရင်ကြီးက ဘုရားရှင်အား လျှောက်ထားသဖြင့် ထိုဆွေမျိုးပြိတ္တာတို့ကို ရည်စူးပြီး အမျှဝေရန် ဘုရားရှင်က အမိန့်ရှိသည်။ ဘုရားရှင်အမိန့်အတိုင်း အလှူဒါနပြုပြီး အမျှဝေရာ ထိုကုသိုလ်ကို သာဓုခေါ်ကြရသော ထိုဆွေမျိုး ပြိတ္တာတို့သည် ပြိတ္တာဘဝမှ ကျွတ်လွတ်ကာ နတ်ဝတ်နတ်တန်ဆာများ၊ နဟ်အစားအသောက်များ၊ နတ်ဗိမာန်များကို ရရှိခံစားကာ ချမ်းသာကြလေ၏။

ထိုအလှူပွဲအပြီးတွင် ဘုရားရှင်က ဤတိရောကုဋ္ဋသုတ္တန်ကို အနုမောဒနာတရားအဖြစ် ဟောကြားခဲ့ပေသည်။

ဤသုတ္တန်ကို လေ့လာလျှင် ဘုရားရှင်ကိုယ်တိုင်က အမျှဝေရန် မိန့်ကြားခဲ့ပုံ၊ သောတာပန်အရိယာဖြစ်သော ဗိမ္ဗိသာရမင်းကြီးက အမျှဝေခဲ့ပုံ၊ အမျှရသဖြင့် ပြိတ္တာဘဝရောက်နေသူတို့ ဆင်းရဲဒုက္ခမှ လွတ်ကာ ချမ်းသာသုခရကြပုံကို တွေ့နိုင်ပေသည်။

ထို့အတူ အဂ္ဂသာဝက အရှင်သာရိပုတ္တရာမထေရ်မြတ်၏ လွန်ခဲ့သောငါးဘဝက အမေတော်ခဲ့ဖူးသော အမျိုးသမီးသည် အလှူခံပုဂ္ဂိုလ်တို့ကို ဆဲရေးတိုင်းထွာ အယုတ်တမာပြုခဲ့သော ဝစီဒုစရိုက်အကုသိုလ်ကြောင့် ပြိတ္တာဘဝရောက်ခဲ့ရသည်။ တစ်နေ့တွင် ထိုပြိတ္တာမကိုယ်တိုင် ကိုယ်ထင်ပြ၍ ချမ်းသာအောင် ပြုပေးပါမည့်အကြောင်း အရှင်သာရိပုတ္တရာအား လျှောက်ထားတောင်းပန်ခဲ့သည်။ အရှင်သာရိပုတ္တရာမထေရ်မြတ်က ရာဇဂြိုဟ်ပြည်ရှင် ဘုရင်ဗိမ္ဗိသာရအား ပြောပြ၍ ကျောင်းအလှူ၊ ဆွမ်းအလှူ၊ သင်္ကန်းအလှူတို့ကို ဘုရားအမှူးရှိသော သံဃာတော်များအား အရှင်သာရိပုတ္တရာကိုယ်တိုင် မယ်တော်ဖြစ်ခဲ့ဘူးသော ပြိတ္တာမကြီးကို ရည်စူး၍ အမျှဝေရာ ထိုကုသိုလ်အမျှရပြီး ပြိတ္တာဘဝမှ လွတ်ကာ နတ်သမီးဘဝသို့ ရောက်ခဲ့ရကြောင်း ဝိမာနဝတ္ထုပါဠိတော်၊ ဝိမာန-ဝတ္ထုအဋ္ဌကထာတို့၌ လာရှိပေသည်။

ထို့ပြင် အမျှဝေခြင်းသည် သေသူတို့အားသာ ရည်စူး၍ အမျှဝေရသည် မဟုတ်။ အသက်ထင်ရှားရှိသော သူတို့အားလည်း အမျှဝေရကြောင်း၊ ထိုသို့ အမျှဝေသဖြင့် သက်ရှိထင်ရှားရှိသူတို့ ထိုကုသိုလ်အမျှကိုရပြီး ချမ်းသာသုခရကြ ကြောင်း ဇာတကအဋ္ဌကထာ သီလာနိသံသဇာတ် (ဇာ၊ ဋ၊ ၂။ ၁၁၁။)၌ လာရှိသည်။

အလှူရှင်၏ အမျှဝေမှု၊ ရည်စူးခံရသူ (ပြိတ္တာဘဝ ရောက်နေသူ) တို့၏ သာဓုခေါ်မှု၊ အလှူခံပုဂ္ဂိုလ်၏ စင်ကြယ်သန့်ရှင်းမှုဟူသော အင်္ဂါသုံးချက်နှင့် ပြည့်စုံလျှင် ထိုအလှူသည် မွန်မြတ်ပြီး ခဏချင်းပင် ကောင်းကျိုးချမ်းသာ ရနိုင် ကြောင်း ခုဒ္ဒကပါဌအဋ္ဌကထာ (၁၇၆)၌ လာရှိပေသည်။

ထို့ကြောင့် အမျှဝေမှုသည် သဿတဒိဋ္ဌိအစွဲရှိသူတို့၏ အမှုကိစ္စ မဟုတ် ကြောင်း သိအပ်ပေသည်။

## သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ

လောကလူသားတို့ ပြောဆိုသုံးစွဲကြသော သတ္တဝါ, ဘုရား, မိန်းမ, ယောကျ်ား စသော ဝေါဟာရတို့သည် သမုတ်ပညတ် အသိအမှတ်ပြုထားသောကြောင့် သမ္မုတိသစ္စာ အမှန်စကားဖြစ်၏။

ရုပ်, နာမ်, စိတ်, စေတသိက်, ဖဿ, ဝေဒနာ စသော ဝေါဟာရတို့သည် အဟုတ်ရှိ အမှန်ရှိသော ပရမတ္ထ တရားတို့ကို မှတ်သားကြောင်း ဖြစ်သောကြောင့် ပရမတ္ထသစ္စာ အမှန်စကားဖြစ်၏။

ထိုနှစ်မျိုးတို့တွင် သမ္မုတိသစ္စာကို အများနားလည်စေရန်အတွက် အသုံးပြု ကြပြီး ပရမတ္ထသစ္စာကိုမူ တရားသဘောအမှန်ကို သိရန်အတွက် အသုံးပြု ပြောဆို ကြသည်။

အမျှဝေခြင်းကိစ္စသည် ပရမတ်စကားကို အသုံးပြုရမည့် အရာဌာနမဟုတ်၊ ပညတ်စကားကိုသာ အသုံးပြုရသည့် အရာဌာနဖြစ်သည်။ မှန်၏။ တမလွန်ဘဝ ရောက်သွားကြသူတို့သည် လည်းကောင်း၊ သက်ရှိထင်ရှားရှိကြသော သူတို့သည် လည်းကောင်း ပညတ်စကားကို အသုံးပြု၍ "ဦးမောင်အား အမျှဝေပါ၏၊ ဒေါ်မိအား အမျှဝေပါ၏"ဟု ဆိုပြီး အမျှဝေမှသာ 'ငါတို့အား အမျှဝေနေသည်' ဟု သိနိုင်သည်။ "ရုပ်နာမ်တို့အား အမျှဝေပါ၏၊ ခန္ဓာငါးပါးတို့အား အမျှဝေပါ၏" ဟု ဆိုလျှင် မိမိအား အမျှဝေနေသည်ဟု မည်သူမျှ မသိနိုင်ပါပေ။

"သတ္တဝါလဲ မရှိဘူး" ဟု မိုးကုတ်ဆရာတော်ကြီး ဟောခြင်းသည် တရားသဘောအားဖြင့် မှန်သော်လည်း အမျှဝေခြင်းကိစ္စသည် ထိုပရမတ္ထသစ္စာ၏ အရာမဟုတ်ပေ။ ပညတ်စကားဖြင့် ပြုလုပ်ရသည့် သမ္မုတိသစ္စာ၏ အရာသာ ဖြစ်လေသည်။"တစ်ခုခု ဖြစ်စရာလဲ မရှိဘူး"ဟူသော စကားသည်လည်း ဘဝကူး မရှိတော့သည့် ရဟန္တာပုဂ္ဂိုလ်များ အတွက် မှန်သည်ဟု ပြောနိုင်သော်လည်း အမျှဝေခြင်းကိစ္စ၌ ရဟန္တာများနှင့် စပ်လျဉ်း၍ လျဉ်းပါးဖွယ် မရှိသောကြောင့် "တစ်ခုခု ဖြစ်စရာလဲ မရှိဘူး" ဟူသော ဟောပြောချက်သည် ဥစ္ဆေဒဒိဋ္ဌိသို့ သက်ဝင်စေသော စကားသာ ဖြစ်သည်ဟု ဆိုရမည်ဖြစ်ပေသည်။

[အမျှဝေခြင်းကို သဿတဒိဋ္ဌိဟု ဟောသော်လည်း"တစ်ခုခု ဖြစ်စရာလဲ မရှိဘူး"ဟူသော မိမိ၏စကား ဥစ္ဆေဒဒိဋ္ဌိသို့ သက်ဝင်နေသည်ကိုမူ မိုးကုတ်ဆရာတော်ကြီး သတိပြုမိဟန်မတူပေ။]

ဤသို့လျှင် အမျှဝေခြင်းသည် ကုသိုလ်တရား တိုးပွားခြင်း၏ အကြောင်းဖြစ်ခြင်း၊ အမျှဝေသည်ကို သာဓုခေါ်ကြရသူတို့ အတွက်လည်း ချမ်းသာသုခ ရကြခြင်း၊ အမျှဝေဖို့ ဘုရားရှင်ကိုယ်တိုင် တိုက်တွန်းခဲ့ခြင်း၊ အရှင်သာရိ ပုတ္တရာ, ဗိမ္ဗိသာရဘုရင်စသော အရိယာပုဂ္ဂိုလ်များသည်လည်း အမျှ ဝေခြင်း အမှုကို ပြုလုပ်ခဲ့ကြခြင်း၊ ဝိပဿနာတရားပြချိန်၌ အသုံးပြုသော ပရမတ်စကားကို ပညတ်စကားဖြင့်သာ အသုံးပြုရမည့် အမျှဝေခြင်းကိစ္စ၌ အသုံးမပြုသင့်ခြင်း၊ ပရမတ်စကားဖြင့် အမျှဝေလျှင် မိမိတို့အား အမျှဝေနေ သည်ဟု မည်သို့မျှ မသိနိုင်ခြင်း၊ အမျှဝေသဖြင့် ထိုကုသိုလ်၏ အဖို့ဘာဂကို ရရှိကြပြီး သက်ရှိထင်ရှား ရှိသူများရော တမလွန်ဘဝ ရောက်နေကြသူများပါ ကောင်းကျိုးချမ်းသာ ရနိုင်ခြင်းစသော အကြောင်းများကြောင့် အမျှဝေခြင်း ကိစ္စကို ဗုဒ္ဓဘာသာဝင်တို့သည် အမြတ်တနိုး ရှေးကလည်း ပြုခဲ့, ယခုလည်း ပြုဆဲ, နောင်လည်း ပြုကြဦးမည် ဖြစ်ပေသည်။

ထို့ကြောင့်"သတ္တဝါလည်း မရှိဘူး၊ တစ်ခုခု ဖြစ်စရာ မရှိဘူး၊ အဲဒါ ခင်ဗျားတို့က စွဲပြီးသကာလ ရောက်လေရာ အမျှဟေ့ ဆိုတော့ သွားရော။ ဘာဒိဋ္ဌိတွေပါလိမ့်။ (သဿတဒိဋ္ဌိပါဘုရား)။" ဟူသော စကားရပ်နှင့် တကွ အလားတူ စကားရပ်အားလုံးတို့ကို မိုးကုတ်ဆရာတော်ကြီး၏ ဟောစဉ်တရား စာအုပ်များမှလည်းကောင်း၊ အသံသွင်း တိပ်ခွေများမှလည်းကောင်း ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၃၃)

မောင်ဆန်လေ(ပ)ဘုရားသွားပင့်ရင်း ရဟန်းဝတ်နေတာဘဲ။

(အမှတ်စဉ်-၂၊ နှာ-၃၂၁)

ဤဟောပြောချက်၌ ဘုရားသွားပင့်ရင်း ရဟန်းဝတ်နေတာ-ဟူသော စကားသည် မှား၏ဟု စောဒက ဆရာတော်က တင်ပြထားပေသည်။

"အာယသ္မာ ဆန္နောတိ တထာဂတေန သဒ္ဓိံ ဧကဒိဝသေ ဇာတော မဟာဘိနိက္ခမနဒိဝသေ သဒ္ဓိံ နိက္ခမိတွာ ပုန အပရဘာဂေ သတ္ထု သန္တိကေ ပဗ္ဗဇိတွာ" (သံ၊ ဋ၊၂။ ၂၉၀)

၌ သာမညဆိုသော်လည်း (ထေရ၊ ဋ၊ ၁။ ၁၉၅)၌ မူ "သော သတ္ထုဉာတိသမာဂမေ ပဋိလဒ္ဓသဒ္ဓေါ ပဗ္ဗဇိတွာ" ဟု ဆိုသောကြောင့် ဘုရားရှင် ကပိလဝတ်နေပြည်တော်သို့ ပထမဆုံးအကြိမ် ကြွရောက်တော်မူစဉ် သဒ္ဓါတရားဖြစ်၍ ရဟန်းပြုခဲ့ကြောင်း သိရသောကြောင့် အထက်ပါ ဆရာ တော်ကြီး ဟောတရားကို "မောင်ဆန်လေ ဘုရားရှင် ကပိလဝတ်ရောက်လို့ ဆွေတော်မျိုးတော်တို့နှင့် ပထမအကြိမ် တွေ့ဆုံချိန်မှာ ရဟန်းဝတ်တာဘဲ" ဟု ဟောစဉ် တရားစာအုပ်တို့၌ ပြင်ဆင်ပေးရမည်။ အသံသွင်းတိပ်ခွေတို့၌ အထက်ပါ စကားရပ်ကို ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၃၄)

ကောဏ္ဍညော၊ ကောဏ္ဍညသည်။ အညာသိ၊ သိသွားပြီကွ ဆိုတော့ အဲဒီအချိန်မှာ သူတစ်ယောက်တည်းဘဲ ကမ္ဘာလောကကြီးထဲက သူတစ်ယောက်တည်း သိတဲ့ပုဂ္ဂိုလ်ရှိတယ်။ (ပ) ကျန်တာတွေမသိတဲ့ ပုဂ္ဂိုလ်တွေချည်းဘဲ။ (အမှတ်စဉ်-၂၊ နှာ-၅၂၆)

မိုးကုတ်ဆရာတော်ကြီး၏ ဤဟောကြားချက်သည် ဓမ္မစကြာဒေသနာတော်ဟောပြီးချိန်၌ ၁၈-ကုဋေသော နတ်ဗြဟ္မာများနှင့်တကွ အရှင်ကောဏ္ဍညသောတာပန် တည်သောကြောင့် မှားပါသည်ဟု စောဒက ဆရာတော်က စောဒနာထားပေသည်။

အာသာဠှီပုဏ္ဏမာယ အဋ္ဌာရသဟိ ဒေဝကောဋီဟိ သဒ္ဓိံ သောတာပတ္တိဖလေ ပတိဋ္ဌိတဿ၊ (ဝိ၊ဋ၊၃၊၂၄၆။)

ဒေသနာပရိယောသာနေ ကောဏ္ဍညတ္ထေရော အဋ္ဌာရသဟိ မဟာဗြဟ္မကောဋီဟိ သဒ္ဓိံ သောတာပတ္တိဖလေ ပတိဋ္ဌိတော။ (အံ၊ ဋ၊ ၁။ ၁၁၄)

အညာသိကောဏ္ဍညတ္ထေရော အဋ္ဌာရသဟိ ဗြဟ္မကောဋီဟိ သဒ္ဓိံ သောတာပတ္တိဖလေ ပတိဋ္ဌာတိ။ (သံ၊ဋ္ဌ၊ ၃။ ၃၂၉)
တို့ကို ထောက်၍ ဓမ္မစကြာဒေသနာတော်ကို ဟောကြားပြီးသည်၏ အဆုံး၌ ၁၈-ကုဋေသော ဗြဟ္မာတို့နှင့် တကွ အရှင်ကောဏ္ဍည သောတာပန် တည်သောကြောင့် မိုးကုတ်ဆရာတော်ကြီး၏ အထက်ပါဟောတရားကို "ကောဏ္ဍညော၊ ကောဏ္ဍညသည်။ အညာသိ၊ သိသွားပြီကွ ဆိုတော့ အဲဒီအချိန်မှာ လူသားတွေအထဲမှာ သူတစ်ယောက်တည်းဘဲ သိတဲ့ပုဂ္ဂိုလ်ရှိတယ်။ နတ်ပြဟ္မာတွေကတော့ ၁၈-ကုဋေ သစ္စာသိကြတယ်" ဟု ပြင်ဆင်ပေးရမည်။ တိပ်ခွေ၌ ထိုစကားရပ်အားလုံးကို ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၃၅)

သဠာယတနဆိုတဲ့စိတ် မပေါ်ဘူးလား။ (အမှတ်စဉ်-၂၊ နှာ-၇၁၂)

သဠာယတနထဲပါတဲ့စိတ် ဆိုမှ မှန်ပါသည်။ သဠာယတနဆိုတဲ့စိတ် ဟု ဆိုသောကြောင့် မှားပါသည်ဟု စောဒကဆရာတော်က တင်ပြပါသည်။

စောဒကဆရာတော်ကင်ပြသည့်အတိုင်း "သဠာယတနဆိုတဲ့စိတ်" ဟူသော စကားကို "သဠာယတနထဲပါတဲ့စိတ်" ဟု ပြင်မှသာ-

"တတ္ထ ကတမံ နာမရူပပစ္စယာ သဠာယတနံ။ စက္ခာယတနံ သောတာယတနံ ဃာနာယတနံ ဇိဝှါယတနံ ကာယာယတနံ မနာယတနံ။ ဣဒံ ဝုစ္စတိ နာမရူပပစ္စယာ သဠာယတနံ"ဟူသော ပါဠိတော်နှင့် ညီညွတ်မည်ဖြစ်၍ "သဠာယတနထဲပါတဲ့စိတ်" ဟု ပြင်ရမည်။

## အမှတ် (၁၃/၃၆)

ငါးခုရှုရင်းမတ္တနဲ့ သေရင် (ပ) နတ်ရွာသုဂတိရောက်သည်နှင့် တပြိုင်နက်တည်း သောတာပန်တည်ရမယ်။ (အမှတ်စဉ်-၃၊ နှာ-၃၈၇)

မိုးကုတ်ဆရာတော်ကြီး၏ ဤဟောတရား၌ "သောတာပန် တည်နိုင်တယ်"ဟု ဟောခြင်းသည် မှားသည်ဟု စောဒကဆရာတော်က တင်ပြပေသည်။

စုဒိတကဆရာတော်တို့က ဤတရားတော်ကို သောတာနုဂတသုတ်ကို ဟောရင်း မိုးကုတ်ဆရာတော် ဘုရားကြီးက ဟောတော်မူပါသည်။ သောတာနုဂတသုတ်နှင့်အညီ ဟောကြားခြင်းဖြစ်၍ ဆရာတော်ကြီး၏ ဟောကြားချက် မှားယွင်းမှုမရှိကြောင်း တင်ပြကြပါသည်။

## သောတာနုဂတသုတ်

သောတာနုဂတသုတ်၏ ဆိုလိုရင်းမှာ ဤလူ့ဘဝတွင် ဘုရားတရားတော်တို့ကိုသင်ယူပြီး နှုတ်ဖြင့် ဆောင်ခြင်း၊ စိတ်ဖြင့် ဆင်ခြင်သုံးသပ်ခြင်း၊ ပညာဖြင့် ထိုးထွင်းသိမြင်ခြင်း ရှိခဲ့သောပုဂ္ဂိုလ်သည် ဤလူ့ဘုံမှ သေ၍နတ်ဘုံသို့ ရောက်လျှင် (က) ရောက်လျှင်ရောက်ခြင်း မိမိ သင်ကြားဆောင်ရွက် လေ့ကျက် အားထုတ် ခဲ့သော တရားတို့ ပြန်ပေါ်ကာ တရားထူးကို ရနိုင်ပေသည်။

(ခ) ထိုသို့ နတ်ပြည်ရောက်လျှင် ရောက်ခြင်း တရားထူးမရလျှင် နတ်ပြည်ရောက်လာသော ဓမ္မကထိက ရဟန်း၏ တရားကို နာရ၍ မိမိ သင်ယူ လေ့ကျက် အားထုတ်သိမြင်ခဲ့ဘူးသော တရားတို့ကို ပြန်လည် အမှတ်ရကာ တရားထူးကို ရနိုင်သည်။

(ဂ) ထိုသို့သော နည်းဖြင့် တရားထူးမရလျှင် တရားဟောတတ်သော နတ်သားတစ်ပါးပါး၏ တရားကို နာယူ၍ မိမိသင်ယူလေ့ကျက် အားထုတ် သိမြင်အပ်သော တရားတို့ကို ပြန်လည်သိမြင်ကာ တရားထူး ရနိုင်သည်။

(ဃ) ထိုသို့သောနည်းဖြင့် တရားထူးမရလျှင် နတ်သားအချင်းချင်း၏ တရားတော်ကို ပြန်လည်နှလုံးသွင်းဖို့ တိုက်တွန်းစကား ကြားရလျှင် မိမိသင်ယူ လေ့ကျက် အားထုတ်သိမြင်အပ်သော တရားတို့ကို ပြန်လည်သိမြင်ပြီး တရားထူး ရနိုင်သည် ဟု ဤလူ့ဘဝ၌ ဘုရားဟောဖော် ပိဋကတ်တော် ဓမ္မက္ခန္ဓာတို့ကို သင်ယူရခြင်း၊ နှုတ်တက်ဆောင်၍ စိတ်ဖြင့် ဆင်ခြင်ရခြင်း၊ ဉာဏ်ပညာဖြင့် ထိုးထွင်းသိမြင်ရခြင်း၏ အကျိုးလေးမျိုးကို ဖော်ပြထားသောသုတ် ဖြစ်ပေသည်။

(အံ၊ ၁။ ၅၀၄-စသည်)

ဤပါဠိတော်၌ ပထမနည်းဖြင့် သောတာပန်မတည်လျှင် ဒုတိယနည်းဖြင့် သောတာပန်တည်နိုင်သည် စသည်ဖြင့် တစ်နည်းနည်းဖြင့် သောတာပန် တည်နိုင်ကြောင်း ဟောကြားထားပေရာ တစ်နည်းမဟုတ် တစ်နည်းဟူသော စကားအရပင် သောတာပန်ဧကန်ဖြစ်ရမည်ဟု ဆိုလိုသည်မဟုတ်ကြောင်း သိနိုင်ပေသည်။

ထို့ပြင် ဟောသည့်ဆရာသမားက သောတာပန်တည်စေရမယ်ဟု အာမခံဟောသော်လည်း နာယူသူတပည့်က အကြောင်းမလုံလောက်လျှင် အာမခံသည့်အတိုင်း မဖြစ်နိုင်ပေ။

ဥပမာ-

သမဏနတ်သားအား ရဟန္တာ ဖြစ်စေရမည်ဟူသော ရည်ရွယ်ချက်ဖြင့်

တရားဟောသော်လည်း ရဟန္တာ ဖြစ်လောက်သော ပါရမီမရှိသေး၍ ရဟန္တာ မဖြစ်၊ သောတာပန်သာ ဖြစ်သကဲ့သို့တည်း။

ထို့အတူ-ပေဿဝတ္ထု၌ ပေဿအား သောတာပန်ဖြစ်အောင် ဘုရား ရှင်က တရားဟောသော်လည်း တရားပွဲမပြီးမီ ပေဿက ထပြန်သွားသော ကြောင့် သောတာပန်မဖြစ်ရသကဲ့သို့တည်း။

[အမှတ် (၆)စောဒနာ စိစစ်ချက်၌လည်း စိစစ်ခဲ့ပြီးဖြစ်သည်။]

ထို့ကြောင့် "နတ်ရွာသုဂတိရောက်သည်နှင့် တပြိုင်နက်တည်း သောတာပန် တည်ရမယ်"ဟူသော စကားကို နတ်ရွာသုဂတိရောက်သည်နှင့် တပြိုင်နက် သောတာပန်တည်နိုင်တယ်"ဟု ပြင်ရမည်။

## အမှတ် (၁၃/၃၇)

သော ဝေဒနာ ပရိညာယ၊ ဒိဋ္ဌေ ဓမ္မေ အနာသဝေါ။
ကာယဿ ဘေဒါ ဓမ္မဋ္ဌော၊ သင်္ချံ နောပေတိ ဝေဒဂူ။

ဤဂါထာကို မိုးကုတ်ဆရာတော်ကြီးက အနက်ပေးရာတွင် (ကာယဿ၊ ခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်သော ကာလ၌၊ ဓမ္မဋ္ဌော၊ နိဗ္ဗာန်၌တည်သည်။ ဟောတိ၊ ဖြစ်၏။) ဟု ပေးရာ 'ဓမ္မဋ္ဌော။ နိဗ္ဗာန်၌တည်သည်။ ဟောတိ၊ ဖြစ်၏ ဟု ပေးသော အနက်သည် မှားပါသည်။ ခန္ဓာကိုယ် ပျက်စီးသောအခါ (ပရိနိဗ္ဗာန် ပြုသောအခါ) ရဟန္တာသည် နိဗ္ဗာန်၌တည်၏ဟု ဆိုရာရောက်၍ သဿတဒိဋ္ဌိ၊ သဿတ ဒိဋ္ဌိ မလွတ်သော အဓိပ္ပါယ်ဖြစ်သွားပါသည်ဟု စောဒကဆရာတော်က တင်ပြသည်။

စုဒိတကဆရာတော်တို့လည်း ပိဋကမြန်မာပြန်နှင့် မကိုက်ညီရုံမျှဖြင့် မှားသည်ဟု မဆိုနိုင်၊ သဒ္ဒါမှား+ အနက်မှားမှ မှားသည်ဟု ဆိုနိုင်ကြောင်း၊ မိုးကုတ်ဆရာတော်ကြီး၏ အနက်သည် အနက်မှန်ပင်ဖြစ်ကြောင်း တင်ပြကြ လေသည်။

ဤဂါထာ အနက်ပေးပုံနှင့် အဓိပ္ပါယ်အယူအဆကို သံယုတ်ဋီကာ (သံ၊ ဋီ၊ ၂။ ၃၅၄/၃၅၅) အဖွင့်အတိုင်း မှတ်သားအပ်ပေသည်။

(က) သင်္ချံ နောပေတီတိ ဣမဿ 'ဒိဋ္ဌေ ဓမ္မေ အနာသဝေါ' တိ ဣမဿ ဝသေန အတ္ထံ ဝဒန္တော ရတ္တော ဒုဋ္ဌော တိ အဝေါစ သဥပါဒိ သေသ နိဗ္ဗာနဝသေန။

(ခ) သဉ္ဇိ ံနောပေတီတိ ဝါ ဒိဋ္ဌေ ဓမ္မေ အနာသဝေါ ဓမ္မဒ္ဓေသာ ဝေဒဂူ ကာယဿ ဘေဒါ မနုဿော ဒေဝေါတိ ဝါ ပညတ္တိံ န ဥပေတီတိ အနုပါဒိသေသ နိဗ္ဗာနဝသေနာပိ အတ္ထော ဝတ္တဗ္ဗော။

ဤဖွင့်ဆိုချက်အရ ဤဂါထာကို သဉပါဒိသေသနိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန် တို့၏ အစွမ်းဖြင့် အနက်ပေးရမည်၏အဖြစ်၊ အဓိပ္ပါယ်ယူရမည်၏အဖြစ်ကို သိရပေသည်။

## သဉပါဒိသေသနိဗ္ဗာန်ယူခိုက်

ဝေဒနာ၊ ဝေဒနာတို့ကို။ ပရိညာယ၊ ပိုင်းခြားသိမြင်၍ (ဝါ) ပိုင်းခြားသိမြင်သောကြောင့်။ အနာသဝေါ၊ အာသဝေါမရှိသော။ ဓမ္မဋ္ဌော၊ လောကုတ္တရာ တရား၌တည်သော။ သော ဝေဒဂူ၊ ထိုရဟန္တာပုဂ္ဂိုလ်သည်။ ဒိဋ္ဌေ ဓမ္မေ၊ ပရိနိဗ္ဗာန် မပြုမီ ယခုဘဝ၌။ သဉ္ဇံ၊ တပ်မက်သူ, ပြစ်မှားသူ (ပုထုဇဉ်,သေက္ခ)ဟူ၍ ခေါ်ဝေါ် ပညတ် သမုအပ်သည်၏ အဖြစ်သို့။ နောပေတိ၊ မရောက်တော့ပေ။

အဓိပ္ပါယ်မှာ-ဤဘဝ ရဟန္တာဖြစ်သော ပုဂ္ဂိုလ်သည် ပရိနိဗ္ဗာန်မစံမီ တပ်မက်သူ (ရတ္တ), ပြစ်မှားသူ (ဒုဋ္ဌ) ဟူ၍ မခေါ်ရ။ သို့သော် ရဟန္တာ အာသဝေါကင်းသူ၊ ရာဂ ဒေါသ မောဟကင်းသူဟူ၍ ခေါ်နိုင်သေးသည်။

## အနုပါဒိသေသနိဗ္ဗာန်ယူခိုက်

ဝေဒနာ၊ ဝေဒနာတို့ကို။ ပရိညာယ၊ ပိုင်းခြားသိမြင်၍ (ဝါ) ပိုင်းခြားသိမြင်သောကြောင့်။ ဒိဋ္ဌေ ဓမ္မေ၊ ဤဘဝ၌။ အနာသဝေါ၊ အာသဝေါကင်းသော၊ ဓမ္မဋ္ဌော၊ လောကုတ္တရာ တရား၌တည်သော။ သော ဝေဒဂူ၊ ကိုရဟန္တာ ပုဂ္ဂိုလ်သည်။ ကာယဿ၊ ဥပါဒိန္နကခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်စီးခြင်းကြောင့် (ပျက်စီးသောအခါ)။ သဉ္ဇံ၊ လူ, နတ်, ရဟန္တာ, အာသဝေါကင်းသူ, ရာဂ ဒေါသ မောဟကင်းသူဟူ၍ ခေါ်ဝေါ်ပညတ် သမုတ်အပ်သည်၏ အဖြစ်သို့။ နောပေတိ၊ မရောက်တော့ပေ။

အဓိပ္ပါယ်မှာ-ရဟန္တာဖြစ်သွားသောပုဂ္ဂိုလ်သည် ပရိနိဗ္ဗာန်မစံမီ ရဟန္တာ, အာသဝေါကင်းသူ, ရာဂ ဒေါသ မောဟကင်းသူဟူသော အမည်ပညတ် ကို ရနိုင်သော်လည်း ပရိနိဗ္ဗာန်စံသွားသောအခါ (ကာယဿ ဘေဒါ-ဖြစ်သော အခါ) လူ, နတ်, ရဟန္တာ, အာသဝေါကင်းသူ, ရာဂ ဒေါသ မောဟ ကင်းသူဟူသော

အမည်ပညတ်ကိုပင် မရတော့ပေ။ (ငြိမ်းသွားသော ဆီမီးကို ဆီမီးဟူ၍ မခေါ်ရသကဲ့သို့တည်း)။

ဤဖွင့်ဆိုချက်ထောက်၍-ဓမ္မဓာတ်ကို နိဗ္ဗာန်၌တည်သူ ဟု အနက်မပေးဘဲ "လောကုတ္တရာတရား၌တည်သူ"ဟု အနက်ပေးခြင်းကသာ သင့်မြတ်ဖွယ်ရှိပေသည်။ ထို့ပြင် ထို ဓမ္မဋ္ဌော-ပုဒ်ကို ကာယသာဘေဒါ-ပုဒ်တို့၏ ရှေ့ကထား၍သော ဝေဒဂူ ၏ ဝိသေသနအဖြစ်ထားပြီး၊ အနက်ပေးခြင်းကသာ သဒ္ဒယုတ္တိ, အတ္ထယုတ္တိရှိပေသည်။

ထို့ကြောင့် မိုးကုတ်ဆရာတော်ကြီး၏ အနက်ပေးခြင်းကို ဖော်ပြပြီးအတိုင်း ပြင်ဆင်သင့်ပေသည်။

## အမှတ်(၁၃/၃၈)

အယံ ဘိက္ခု ဣမံ လဒ္ဓိယံ ဒေါသံ န ဇာနာတိ။ (အမှတ်စဉ်-၃၊ နှာ-၅၂၉)

ဤပါဠိအမှားကို "အယံ ဘိက္ခု အတ္တနော လဒ္ဓိယံ ဒေါသံ န ဇာနာတိ။"ဟု အမှန်ပြင်ရမည်။

## အမှတ်(၁၃/၃၉)

ဟေး အနုရာဓ ဟောဒီဘက်မှာကွ ခန္ဓာငါးပါးရှိတယ်။ ရုပ်ကိုပင် မင်းသည် သတ္တဝါဆိုမလားလို့ မေးလိုက်တယ်။ (ပ) လက္ခဏာရေးသုံးပါးတွေ အနုရာဓကို ဘုရားက အကုန်ဟောပြီးပြီ။ ဒါဖြင့် သူ့မှာ အတော်ရှင်းသွားပြီဆိုတဲ့ အဓိပ္ပါယ်ကော ရောက်ပလား။ (ရောက်ပါပြီ)။ အနုရာဓမှာ အတော်ရှင်းသွားပြီတဲ့။ အဲဒီအချိန်ကျတော့မှ တိတ္ထိတွေ မေးတဲ့အမေးကို ဖြေတတ်အောင်လို့ သင်ပါတယ်။

(အမှတ်စဉ်-၃၊ နှာ-၅၄၆/၅၄၇)

မိုးကုတ်ဆရာတော်ကြီး၏ ဤဟောကြားချက်၌ "အနုရာဓမှာ အတော်ရှင်းသွားပြီ (ပ) တိတ္ထိတွေ မေးတဲ့အမေးကို ဖြေတတ်အောင်လို့ သင်ပါတယ်" ဟူသော စကားသည်၊ [‘ရုပ်ဟာ သတ္တဝါလား’ ဟု ဘုရားရှင်က မေးမြန်းစိစစ်ချိန်၌ အရှင်အနုရာဓ ရဟန္တာဖြစ်နေပြီဖြစ်၍ ] မှားပါသည်ဟု စောဒကဆရာတော်က တင်ပြထားပေသည်။

အရှင်အနုရာဓသည် တိတ္ထိများက သတ္တဝါသည် သေသည်၏ အခြားမဲ့၌ ဖြစ်ပါသလား-စသည်ဖြင့် မေးသောအခါ "သတ္တဝါသည် သေသည်၏ အခြားမဲ့၌

ဖြစ်၏ဟု မြတ်စွာဘုရား မဟောကြား”စသည်ဖြင့် ဖြေဆိုခဲ့သည်။ သတ္တဝါဟူသည် အမှန်စင်စစ် ပရမတ္ထအားဖြင့် ထင်ရှားမရှိပါဘဲ ထိုသတ္တဝါသည် သေသည်၏ အခြားမဲ့၌ ဖြစ်ပါသလောဟု မေးလာလျှင် ထိုအမေးမျိုးကို မဖြေဆိုဘဲ ထားရသည်။ အမေးကလွဲနေသောကြောင့် (မရှိတာကို ဖြစ်ပါသေးသလားဟု မေးရာရောက်နေသောကြောင့်) ဌပနီယပဉှာဖြစ်သည်။ အရှင်အနုရာဓသည် ဤသို့ ဖြေဆိုရမည့် အမေးဟုတ်/မဟုတ် မသိသောကြောင့်မေးမြန်းစိစစ်ပုံ (အမေး+အဖြေကိစ္စ)၌ (ဝါ) အနုယောဂဝတ်၌ မကျွမ်းကျင်ကြောင်းသိနိုင်သည်။

ဘုရားရှင်က လက္ခဏာရေးသုံးပါးနှင့်စပ်ယှဉ်သော တေပရိဝဋ္ဋဒေသနာတော်ကို ဟောကြားသောအခါ အရှင်အနုရာဓ ရဟန္တာဖြစ်သည်။ ရဟန္တာဖြစ်သည်ဆိုလျှင်ပင် သတ္တဝါဟူသည် မရှိဟူသော မှန်ကန်သော အမြင် ရသွားပြီးဖြစ်၍ 'အနုရာဓမှာ အတော်ရှင်းသွားပြီ' ဟု မိုးကုတ်ဆရာတော်ကြီးက ဟောခြင်းသည် မှားသည်ဟု မဆိုနိုင်ပါ။

ထို့ပြင် ရဟန္တာဖြစ်ပြီးနောက် ရုပ်သည် သတ္တဝါလား စသည်ဖြင့် ဘုရားရှင်က မေးပြီး အရှင်အနုရာဓက မဟုတ်ပါဘုရား-စသည်ဖြင့် ဖြေကြားသည်။ ဤသို့ မေးပုံ+ဖြေပုံတို့ကို သိနားလည်အောင် အနုယောဂဝတ် မေးမြန်းစိစစ်ပုံကို နားလည်စေရန် ဘုရားရှင်က သင်ကြားပေးသောသဘောဖြင့် “တံ ကိံ မညသိ အနုရာဓ ရူပံ တထာဂတောတိ” စသည်ကို ဟောတော်မူသည်။

အရှင်အနုရာဓသည် ရဟန္တာဖြစ်သွားပြီဖြစ်၍ “ရုပ်,ဝေဒနာ,သညာ, သင်္ခါရ, ဝိညာဉ် ခန္ဓာငါးပါးသည် သတ္တဝါမည်၏”ဟူသော အမြင်မရှိတော့ပေ။ သို့ပါလျက် “တံ ကိံ မညသိ အနုရာဓ ရူပံ တထာဂတောတိ သမနုပဿသီတိ” စသည်ဖြင့် ဟောခြင်းသည် နောင်အခါ တစ်စုံတစ်ယောက်က သတ္တဝါသည် သေသည်၏ အခြားမဲ့၌ ဖြစ်ပါသလော စသည်ဖြင့် မေးလာ လျှင် ဖြေတတ်စေရန်နှင့် တိတ္ထိတို့အား အနုရာဓဖြေခဲ့သည့် အဖြေတို့ မမှန် ကြောင်း သိစေရန် ဟောကြားခြင်း ဖြစ်သည်။

ထို့ကြောင့် အဋ္ဌကထာ၌-

“အထ'ဿ တာယ ဒေသနာယ အရဟတ္တပတ္တဿ အနုယောဂဝတ္တံ အာရောပေန္တော 'တံ ကိံ မညသိ အနုရာဓ၊ရူပံ တထာဂတော' တိ အာဒိမာယ။” (သံ၊ ဋ္ဌ၊ ၂။ ၂၈၇)ဟု ဖွင့်ဆိုပေသည်။

သို့ဖြစ်၍ "တိတ္ထိတွေ မေးတဲ့အမေးကို ဖြေတတ်အောင်လို့ သင်ပေးတယ်" ဟူသော စကားသည် မှားသည်ဟု မဆိုနိုင်ပေ။ မှန်သည်ဟုသာ ဆိုရမည်ဖြစ်ပေသည်။

## အမှတ်(၁၃/၄၀)

ဖွားဘက်တော်ဆန္ဒဟာ နည်းတဲ့နှစ် မဟုတ်ဘူးနော်၊ လေးဆယ့်လေး လေးဆယ့်ငါးနှစ်ကြီး ရှုတာ၊ ဝိပဿနာရှုနေတာ။ (အမှတ်စဉ်-၃၊ နှာ-၅၉၉)

အရှင်ဆန္ဒ ၄၄-နှစ် ၄၅-နှစ်တိုင်တိုင် ဝိပဿနာရှုနေတာ-ဟူသော စကားသည် မှားသည်ဟု စောဒကဆရာတော်က တင်ပြထားသည်။

ယင်းနှင့် စပ်လျဉ်း၍ အမှတ်(၄)စောဒနာ၌ စိစစ်ပြီးဖြစ်၍ ဤသို့ ထပ်မံ၍ စိစစ်ဖွယ် မလိုတော့ပေ။

## အမှတ်(၁၃/၄၁)

သဿတဒိဋ္ဌိဆိုတာ တဏှာဘဲနော်။ (အမှတ်စဉ်-၄၊ နှာ-၁၆)

မိုးကုတ်ဆရာတော်ကြီး၏ ယင်းသို့သော ဟောကြားချက်သည် ကျမ်းဂန်တို့နှင့် မညီညွတ်၍ မှားပါသည်ဟု စောဒကဆရာတော် စောဒနာထားလေသည်။

"သဿတော အတ္တာ စ လောကော စာတိ ပဝတ္တာ ဒိဋ္ဌိ သဿတဒိဋ္ဌိ" (အဘိ၊ ဋ္ဌ၊ ၁။ ၉၄) ဟု ဖွင့်ဆိုသောကြောင့် အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း မပျက်မစီး အမြဲတည်သည်ဟု စွဲယူဖြစ်ပေါ်သော ဒိဋ္ဌိသည်သာ သဿတဒိဋ္ဌိမည်သည်။ တဏှာသည် သဿတဒိဋ္ဌိမဟုတ်။

ထို့ကြောင့် 'သဿတဒိဋ္ဌိဆိုတာ တဏှာဘဲနော်' ဟူသော စကားကို ဟောစဉ်တရားစာအုပ်များမှလည်းကောင်း၊ အသံသွင်းတိပ်ခွေများမှ လည်းကောင်း ပယ်ဖျက်ပေးရမည်။

## အမှတ်(၁၃/၄၂)

သေတဲ့ပုဂ္ဂိုလ်တွေ သွားမေးကြည့်စမ်း၊ ဘယ့်နှယ်ကြောင့် သေပါလိမ့် မတုန်းလို့။ နောက်စိတ်မလာလို့ သေတဲ့လူချည်းဘဲ။

(အမှတ်စဉ်-၄၊ နှာ-၁၃၁)

ရဟန္တာဖြစ်၍ အနုပါဒိသေသနိဗ္ဗာန် (ပရိနိဗ္ဗာန်)ဝင်စံမှသာ နောက်စိတ် မလာတော့ဘဲ စိတ်အစဉ်ပြတ်စဲသောကြောင့် "နောက်စိတ်မလာလို့ သေတဲ့ လူချည်းပဲ" ဟု မိုးကုတ်ဆရာတော်ကြီးဟောခြင်းသည် မှားပါသည်ဟု စောဒက ဆရာတော် တင်ပြထားလေသည်။

သက်ရှိသတ္တဝါတို့ စိတ်အစဉ်သည် စဉ်ဆက်မပြတ် ဖြစ်လျက်ရှိကြောင်း၊ ဤဘဝ၏ နောက်ဆုံးစိတ်ဖြစ်သော စုတိစိတ်ချုပ်သွားသည်နှင့် တပြိုင်နက် (ရဟန္တာပုဂ္ဂိုလ်များမှ တစ်ပါး ကျန်ပုဂ္ဂိုလ်များအားလုံး) နောက်ဘဝ ပဋိသန္ဓေစိတ် သည် ဆက်လက်ဖြစ်ပေါ်ကြောင်း-

-ပဋိသန္ဓိဘဝင်္ဂဝီထိယော၊ စုတိစေဟ တထာ ဘဝန္တရေ။
ပုန သန္ဓိ ဘဝင်္ဂမိစ္စယံ၊ ပရိဝတ္တတိ စိတ္တသန္တတိ။

ဟူသော အဘိဓမ္မတ္ထသင်္ဂဟကျမ်း ဝီထိမုတ်ပိုင်း နိဂုံးဂါထာအရ သိရပေသည်။

ထို့အတူ သတ္တဝါတစ်ယောက်အဖို့ ဇီဝိတိန္ဒြေ, ကမ္မဇတေဇောဓာတ်, စိတ် ဤသုံးပါးတို့ ဤဘဝ၌ ပြတ်စဲလျှင် သေဆုံးသည်ဟု ဆိုရကြောင်း-

-အာယု ဥသ္မာ စ ဝိညာဏံ၊ ယဒါ ကာယံ ဇဟန္တိမံ။
အပဝိဒ္ဓေါ တဒါ သေတိ၊ နိရတ္ထံဝ ကလိင်္ဂရံ။ (ဋီကာကျော်-၂၁၄)

--အာယု ဥသ္မာ စ ဝိညာဏံ၊ ယဒါ ကာယံ ဇဟန္တိမံ။
အပဝိဒ္ဓေါ တဒါ သေတိ၊ ပရဘတ္တံ အစေတနံ။ (သံ၊ ၂။ ၁၁၇)

-ကမ္မဇရူပဝိစ္ဆေဒေ ဟိ "မတော" တိ ဝုစ္စတိ။ (ဋီကာကျော်-၂၁၄)

တို့အရ သိရပေသည်။

ရဟန္တာမှတပါး ကျန်ပုဂ္ဂိုလ်များဖို့ ဤဘဝနောက်ဆုံးစိတ်ဖြစ်သော စုတိစိတ် ချုပ်သွားသည်နှင့် တပြိုင်နက် နောက်ဘဝ၌ ပဋိသန္ဓေစိတ် ဆက်ဖြစ်သည်။ စိတ်အစဉ် ပြတ်သွားရိုး မရှိပေ။ ရဟန္တာပုဂ္ဂိုလ်များ၏ ပရိနိဗ္ဗာနစုတိစိတ် ချုပ်သွား ပြီးသည်၏ အခြားမဲ့၌ကား စိတ်အစဉ်လုံးဝ မဆက်တော့ပေ။ ထို့ကြောင့် ပဋ္ဌာန်း ကုသလတိက် ပဥှာဝါရ အနန္တရ ဗျာ+ဗျာ အရကောက်ရာ၌ ပစ္စည်းအရ ရဟန္တာတို့၏ စုတိကိုကြဉ်၍ ပစ္စယုပ္ပန်အရ ရဟန္တာတို့၏ စုတိနှင့်တကွ ကောက်ယူ ရပေသည်။

ဤသည်ကို ထောက်၍ "နောက်စိတ်မလာလို့ သေတဲ့ လူချည်းပဲ" ဟူသော စကားကို "ဤဘဝအတွက် နောက်စိတ်မလာလို့ သေတဲ့ လူချည်းပဲ "ဟု ပြင်ရမည်။ တိပ်ခွေ၌ ယင်းစကားရပ်ကို ဖျက်ပေးရမည်။

## အမှတ်(၁၃/၄၃)

ဇဝ်ါဝိညာဉ်စိတ်ကလေးဟာ ခုနက ပြောခဲ့တဲ့ စိတ်တွေ ရုပ်တွေ ဟူသရွေ့ဟာက အာသဝေါတရားရှိတဲ့ ပုဂ္ဂိုလ်မှာပေါ်တာ။ (အမှတ်စဉ်-၄၊နှာ-၁၆၈)

မိုးကုတ်ဆရာတော်ကြီး၏ ဇဝ်ါဝိညာဉ်စိတ်ကလေးဟာ|အာသဝေါတရားရှိတဲ့ ပုဂ္ဂိုလ်မှာပေါ်တာဟူသော ဟောပြောခြင်းသည် ရဟန္တာတို့ သန္တာန်၌လည်း ဇဝ်ါဝိညာဉ်စိတ် ဖြစ်ပေါ်သောကြောင့် မှားသည်ဟု စောဒကဆရာတော်က တင်ပြထားသည်။

အထက်ပါ မိုးကုတ်ဆရာတော်ကြီး၏ ဟောတရားသည် "ဣဒံ မေ ပုညံ အာသဝက္ခယာ ဝဟံ ဟောတု"ဟူသော စကားကို အခြေခံ၍ ဟောကြားရာမှ ပါဝင်လာသည့် စကားရပ်ဖြစ်သည်။

သတ္တဝါတို့ ရရှိနေသည့်ခန္ဓာသည် အဝိဇ္ဇာ, တဏှာဟူသော ဝဋ်မြစ်နှစ်ပါးကြောင့် ဖြစ်ပေါ်လာသော ခန္ဓာဖြစ်သည်။ အဝိဇ္ဇာသည် ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ရပ်တွင် ပထမဆုံးသော အင်္ဂါဖြစ်သည်။ ထိုအဝိဇ္ဇာကြောင့် သင်္ခါရစသည်ဖြစ်ပြီး ရုပ်နာမ် အစဉ်အတန်းကြီး ဖြစ်ကြရသည်။

အဝိဇ္ဇာသည် "အာသဝါနံ သမုပ္ပါဒါ အဝိဇ္ဇာ စ ပဝတ္တတိ"ဟူသော အဘိဓမ္မတ္ထသင်္ဂဟစကားနှင့်အညီ အာသဝတို့ကြောင့်ဖြစ်၏၊ ထို့ကြောင့် ထိုထိုဘဝတို့၌ ဖြစ်ပေါ်လာသော ရုပ်တရား နာမ်တရားမှန်သမျှ အာသဝကြောင့်ဖြစ်ကြရသော အကျိုးတရားများသာ ဖြစ်သည်၊ ဤသည်ကိုရည်ရွယ်၍ အထက်ရည်ညွှန်းဖော်ပြခဲ့ သော စကားရပ်ပါရှိသည့် တရားတော်ကို မိုးကုတ်ဆရာတော်ကြီးက ဟောတော်မူခြင်းဖြစ်သည်။

"ဒါဖြင့် သူ အရင်ဘဝတွေက အာသဝေါ လုပ်ထားတာဆိုတာ သိပြီလား (သိပါပြီဘုရား)။ ဒါဖြင့် ခင်ဗျားတို့ အရှုခံထားရတဲ့ တရားတွေဟာ ဘယ်သူ လုပ်ထားတာတုန်း (အာသဝလုပ်ထားတာပါဘုရား)။ အဲဒီ အာသဝေါတရား လုပ်ထားတဲ့ တရားကို ခင်ဗျားတို့က အကောင်းလို့ ဆိုမလား။ အဆိုးလို့

ဆိုမလား။ (အဆိုးပါဘုရား)။ အဲဒီ အဆိုးကို မြင်တော့မှ ဒီ အာသဝေါလုပ်ထားတဲ့ ဇိဝှါဝိညာဉ်က အနိစ္စ၊ သာသနာတွင်းတရားက အနိစ္စတွေ လုပ်ထားတယ်။ ဒုက္ခတွေ လုပ်ထားတယ်။ အနတ္တတွေ လုပ်ထားတယ်။

(အမှတ်စဉ်-၄၊ နှာ ၁၈၆၊ ၁၈၇-စသည်)

စသည်ဖြင့် ဆရာတော်ကြီး ဟောထားခြင်းကိုထောက်လျှင် ဇိဝှါဝိညာဏ်စိတ်ယခုဘဝ ဖြစ်ပေါ်ရခြင်းသည် အတိတ်ဘဝက အာသဝတို့ကြောင့် ဖြစ်ရခြင်းဖြစ်ကြောင်း သိစေလိုရင်း ဖြစ်ပေသည်။

ဆိုလိုသည်မှာ အတိတ်ဘဝ အဝိဇ္ဇာ, တဏှာဟူသော အာသဝတရားတို့ကြောင့် ကံ, သင်္ခါရ (ကမ္မဘဝ) ဖြစ်သည်။ ထိုကမ္မဘဝက ခန္ဓာဟူသောဥပပတ္တိဘဝကို ဖြစ်စေသည်ဖြစ်ရာ ယခုဘဝ ခန္ဓာ၌ ဖြစ်ပေါ်သမျှသော ရုပ်+နာမ်တရားတို့သည် အဝိဇ္ဇာ, တဏှာဟူသော အာသဝတို့ကြောင့် ဖြစ်ပေါ်လာရသည့် အကျိုးဆက်များသာ ဖြစ်သည်ဟု ဆိုလိုပေသည်။

ထို့ကြောင့် 'ဇိဝှါဝိညာဉ်စိတ်ကလေးဟာ အာသဝေါတရားရှိတဲ့ပုဂ္ဂိုလ်မှာပေါ်တာ'ဟု မိုးကုတ်ဆရာတော်ကြီး ဟောကြားချက်သည် မှားသည်ဟု မဆိုနိုင်ပေ။

သို့သော်- ဇိဝှါဝိညာဉ်စိတ်သည် ပုထုဇဉ်, သေက္ခများ၏ သန္တာန်၌သာဖြစ်သည်မဟုတ်၊ အာသဝေါတရား ကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်များ၏ သန္တာန်၌လည်း ဖြစ်နေသောကြောင့် "ဇိဝှါဝိညာဉ်စိတ်ကလေးဟာ အာသဝေါတရားရှိတဲ့ပုဂ္ဂိုလ်မှာပေါ်တာ"ဟူသော စကားသည် ဖတ်ရ နာရသူတို့ သန္တာန်၌ သံသယကိုပွားစေနိုင်ပေသည်။

သို့ဖြစ်၍ အထက်ပါစကားရပ်ကို "ဇိဝှါဝိညာဉ်စိတ်ကလေးဟာ ခုနကပြောခဲ့တဲ့စိတ်တွေရုပ်တွေဟူသရွေ့ဟာ အတိတ်ဘဝကအာသဝကို အခြေခံပြီး ပေါ်လာကြတာ။ အတိတ်ဘဝ အာသဝတွေကလုပ်ထားတဲ့ ခန္ဓာရှိတဲ့ပုဂ္ဂိုလ်မှာ ပေါ်လာကြတာ"ဟု ပြင်ဆင်ပေးရမည်။ တိပ်ခွေ၌ ထိုစကားရပ်ကို ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၄၄)

ဆန္ဒသည်ကားလို့ ဆိုရင် မနေ့က သာဝတ္ထိပြည်ကနေပြီးသကာလ အရှင်အာနန္ဒာဆီ (ပ) အရှင်အာနန္ဒာကလည်း ကောသမ္ဗီပြည်မှာ ရှိနေလို့ သူ

ကဗျာ ကဃာ ပရိက္ခရာတွေ ယူပြီး အဲဒီကို မသွားလားဗျာ။

(အမှတ်စဉ်-၄၊ နှာ-၂၄၉/၂၅၀)

အထက်ပါ စကားရပ်၌ သာဝတ္ထိပြည်ကနေပြီး ဟူသော စကားသည် မှား၏ဟု စောဒကဆရာတော်က တင်ပြသည်။

အမှတ်(၄)စောဒနာ စိစစ်ချက်၌ ပြခဲ့ပြီးအတိုင်း သာဝတ္ထိပြည်ဟူသော စကားရပ်ကို "ဇာရာဏသီပြည်"ဟူသော စကားရပ်ဖြင့် အစားထိုး ပြင်ဆင်ရမည်။

## အမှတ် (၁၃/၄၅)

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ မလာပေဘူးလား (ပ) သင်္ခါရဆိုတာ တဏှာဘဲ။

(အမှတ်စဉ်-၄၊ နှာ-၂၄၉/၂၅၀)

ဤသို့ သင်္ခါရဆိုတာ တဏှာဘဲ-ဟု ဟောခြင်းသည် မှားသည်ဟု စောဒကဆရာတော်က တင်ပြသည်။

သင်္ခါရဟူသည် လောကီကုသိုလ် အကုသိုလ် ၂၉-ခု၌ ရှိသော စေတနာစေတသိက်တည်း။

ထို့ကြောင့် ဝိဘင်းပါဠိတော်၌- "ကတမေ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ ပုညာဘိသင်္ခါရော အပုညာဘိသင်္ခါရော အာနေဥ္စာဘိသင်္ခါရော ကာယသင်္ခါရော ဝစီသင်္ခါရော စိတ္တသင်္ခါ ရော။" (အဘိ၊ ၂။ ၁၄၂)ဟု လည်းကောင်း၊ "အဘိသင်္ခရောတိ ဝိပါကံ ကဋတ္တာ-ရူပဥ္စ အဘိသင်္ခရော" - (ပဋိသံ၊ ဠ၊ ၂။ ၂၄၀။ အဘိ၊ ဠ၊ ၂။ ၁၃၄)ဟု လည်း ကောင်း၊ "တယောပိ သင်္ခါရာ ဧကူနတိံသစေတနာ ဟောန္တိ" (ပဋိသံ၊ ဠ၊ ၂။ ၂၄၀)ဟု လည်းကောင်း၊ "သင်္ခတမဘိသင်္ခရောန္တီတိ သင်္ခါရာ (ပ) တေ သဗ္ဗေပိ လောကိယကုသလာ ကုသလစေတနာမတ္တမေဝ ဟောန္တိ" (အဘိ၊ ဠ၊ ၂။ ၁၂၇)ဟု လည်းကောင်း အဋ္ဌကထာတို့၌ ဖွင့်ဆိုကြပေသည်။ ဤသို့ သင်္ခါရနှင့် တခြားစီသာ ဖြစ်သောကြောင့် "သင်္ခါရဆိုတာ တဏှာဘဲ"ဟူသော စကားကို ဟောစဉ်တရား စာအုပ်များမှလည်းကောင်း၊ အသံသွင်းတိပ်ခွေများမှ လည်းကောင်း ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၄၆)

ဒါဖြင့် ဝဋ္ဋဘဝတိုတိုနဲ့ မဂ်ဖိုလ် ရရပါလို၏။ အတောင်းသမားသည် မဂ်ပေါ် သလားတဲ့၊ တောင်းလိုတဲ့ ရချင်တဲ့ တဏှာဘဲ ပေါ်သလား။ (တဏှာပေါ်ပါတယ် ဘုရား)။ မဂ်မပေါ်တဲ့အပြင် တဏှာပေါ်နေတယ်။

စောဒကဆရာတော်က "မဂ်,ဖိုလ်ကို ရရပါလို၏"ဟု ဆုတောင်းခြင်းသည် တဏှာမဟုတ်ပါ။ ကုသိုလ်ဆန္ဒသာဖြစ်သည်။ဝိဝဋ္ဋနိဿိတကုသိုလ်အဆင့်သို့ မြင့်လို၍ ယင်းသို့ ဆုတောင်းခြင်းဖြစ်သောကြောင့် "တောင်းလိုတဲ့ ရချင်တဲ့ တဏှာဘဲပေါ်သလား (ပ) မဂ် မပေါ်တဲ့အပြင် တဏှာပေါ်နေတယ်"ဟု ဟော ခြင်းလည်း မှားပါသည်ဟု တင်ပြသည်။

တောင့်တခြင်း (လိုချင်ခြင်း)သည် တဏှာလောဘဖြင့် တောင့်တခြင်း၊ အပြစ်ကင်းသောဆန္ဒ (ကုသိုလ်ဆန္ဒ)ဖြင့် တောင့်တခြင်းဟု နှစ်မျိုးရှိသည်။

(ယောဂက္ခေမံ) ပတ္ထယမာနဿာ (င်္ဂုတ္တိုရ်၊ ၂၀၁)တိ ဒွေ ပတ္ထနာ တဏှာ ပတ္ထနာ ကုသလစ္ဆန္ဒပတ္ထနာ စ။ "ပတ္ထယမာနဿ ဟိ ဇပ္ပိတာနိ၊ ပဝေဒိတံဝါပိ ပကပ္ပိတေသု"တိ ဧတ္ထ တဏှာ ပတ္ထနာ။

"ဆိန္န ပါပိမတော သောတံ၊ ဝိဒ္ဓဿ္တံ ဝိနဠီကတံ။
ပါမောဇ္ဇဗဟုလာ ဟောထ၊ ခေမံ ပတ္တေထ ဘိက္ခဝေါ-"တိ
ဧတ္ထ ကတ္တုကမျတာ ကုသလစ္ဆန္ဒပတ္ထနာ၊ အယမေဝ ဣဓာဓိပ္ပေတာ။
တေန ပတ္ထယမာနဿာတိ တံ ယောဂက္ခမံ ဂန္တုကာမဿ တန္နိန္နဿ တပ္ပော-ဏဿ တပ္ပဗ္ဘာရဿာတိ အတ္ထော။ (င်္ဂုတ္တိုရ်၊ ဋ္ဌ၊ ၅၈။ မ၊ ဋ္ဌ၊ ၁။ ၄၃)

ထိုနှစ်ပါးတို့တွင် ဝတ္ထုအာရုံ ကာမဂုဏ်တို့ကို လိုချင်တောင့်တခြင်းသည် တဏှာပတ္ထနာ။ မဂ်ဖိုလ်နိဗ္ဗာန်ကို လိုချင်တောင့်တခြင်းသည် ကုသလစ္ဆန္ဒပတ္ထနာ ဖြစ်၏။ "ယောဂက္ခေမံ ပတ္ထယမာနဿ- ယောဂလေးပါးတို့ဖြင့် ဘေးမရှိရာ အရဟတ္တဖိုလ်ကို တောင့်တ၍ နေသူအား"ဟူသော စကားရပ်၊" ခေမံ ပတ္တေထ ဘိက္ခဝေါ=ရဟန်းတို့ နိဗ္ဗာန်ကို တောင့်တကြကုန်လော့"ဟူသော စကားရပ်တို့၌ ကုသလစ္ဆန္ဒပတ္ထနာဖြစ်သည်။

ဤပါဠိတော် အဋ္ဌကထာတို့ကို ထောက်လျှင် နိဗ္ဗာန်မဂ်ဖိုလ်ကို တောင့်တ လိုချင်ခြင်းသည် တဏှာမဟုတ်၊ ကောင်းမြတ်သော ကုသိုလ်ဆန္ဒသာ ဖြစ်သည်ဟု သိနိုင်ပေသည်။

ဤသို့ မဂ်ဖိုလ်နိဗ္ဗာန်ကို လိုချင်တာင့်တခြင်းသည် ကုသလစ္ဆန္ဒဟု ဆိုရသော်လည်း အင်္ဂုတ္တိုရ် စတုက္ကနိပါတ် ဘိက္ခုနီသုတ်၌ကား ရဟန္တာဖြစ်ချင်သည့် သဘောကို တဏှာဟု ဟောထားပေသည်။ ရဟန်းတစ်ပါးသည် 'ဤမည်ဤမည်သော

ရဟန်းသည် ရဟန္တာဖြစ်သွားပြီတဲ့' ဟုကြားသောအခါ 'ငါလဲ ဘယ်တော့များ ရဟန္တာဖြစ်ပါလိမ့်မလဲ'ဟု ရဟန္တာဖြစ်ချင်သောစိတ်ရှိ၏။ ထိုရဟန္တာဖြစ်ချင်သော တဏှာကို အမှီပြု၍ ရဟန္တာဖြစ်အောင် အားထုတ်လိုက်ရာ ရဟန္တာဖြစ်သွား၏။ ရဟန္တာဖြစ်သောအခါ ဝဋ်ဆင်းရဲ၏ အခြေခံအကြောင်းရင်းဖြစ်သော တဏှာကို ပယ်နိုင်တော့၏။ ဤသည်ကို ရည်ရွယ်၍ "တဏှံ နိဿာယ တဏှာ ပဟာတဗ္ဗာ= ရဟန္တာဖြစ်ချင်သော တဏှာကို အမှီပြု၍ ဝဋ္ဋမူလိကဖြစ်သော တဏှာကို ပယ်အပ်၏" ဟု အရှင်အာနန္ဒာက ဟောတော်မူ၏။

ဤသို့မှတ်သားဖွယ်ရာမှာ

မဂ်ဖိုလ်နိဗ္ဗာန်ကို လိုချင်ခြင်းသည် တဏှာဟုဆိုရာ ထိုတဏှာသည် မဂ်ဖိုလ်နိဗ္ဗာန်ကို အာရုံပြုနိုင်သလားဟု မေးဖွယ်ရှိ၏။ အဖြေမှာ-တဏှာက မဂ်ဖိုလ်နိဗ္ဗာန်အစစ်ကို အာရုံမပြုနိုင်ပါ။ သို့သော် တစ်ဆင့်ကြားအားဖြင့် ဖြစ်စေ၊ လောကုတ္တရာတရားတို့၏ ကိလေသာငြိမ်းအေးခြင်း အခြင်းအရာ အာကာရ ပညတ်ကို အာရုံပြု၍ဖြစ်စေ တဏှာက လောကုတ္တရာကို အာရုံ ပြုသည်ဟု ဆိုရသည်။ သို့သော် ထိုလောကုတ္တရာတရားသည် မဂ်ဖိုလ်နိဗ္ဗာန် အစစ်မဟုတ်ပေ။ ကိလေသာငြိမ်းအေးသည်, ဆင်းရဲဒုက္ခကင်းသည် စသည် ဖြင့် ပြောစကားကို အခြေခံ၍ အမှန်းအတားအားဖြင့် အာရုံပြုအပ်သော ပညတ်သာဖြစ်သည်။

ထို့ကြောင့် အင်္ဂုတ္တရဋီကာ (အံ၊ ဋီ၊ ၂။ ၃၃၈) ၌-

"ဧဝံ ပဝတ္တံ ပစ္စုပ္ပန္နတဏှံ နိဿာယာတိ 'ကုဒါဿု နာမာဟမ္ပိ အာသဝါနံ ခယာ' တိ အာဒိနာ နယေန အနုတ္တရေ ဝိမောက္ခေ ပိဟံ ဥပ္ပါဒေန္တဿ ဥပ္ပန္နတဏှံ နိဿာယ။

ကထံ ပန လောကုတ္တရဓမ္မေ အာရဗ္ဘ အာသာ ဥပ္ပဇ္ဇတီတိ နခေါ ပနေတံ ဧဝံ ဒဋ္ဌဗ္ဗံ။ န အာရမ္မဏကရဏဝသေန တတ္ထ ပိဟာ ပဝတ္တတိ အဝိသယတ္တာ ပုဂ္ဂလဿ စ အနဓိဂတဘာဝတော။ အနုဿဝုပလဒ္ဓေန ပန အနုတ္တရဝိမော- က္ခေ ဥဒ္ဒိဿ ပိဟံ ဥပ္ပါဒေန္တော တတ္ထ ပိဟံ ဥပ္ပါဒေဟိ နာမ-

ဟု ဖွင့်ပြတော်မူလေသည်။

ဤသို့ မဂ်ဖိုလ်နိဗ္ဗာန်ကို လိုချင်တောင့်တခြင်းသည် တဏှာဟု အရှင်အာနန္ဒာ ဟောသော်လည်း "သူ ရဟန္တာဖြစ်သလို ငါလဲ ရဟန္တာဖြစ်ချင်လိုက်တာ"ဟု

သာမညဖြစ်မှုမျိုးမဟုတ်ဘဲ တကယ်ကို မဂ်ဖိုလ်နိဗ္ဗာန်ကို လိုချင်တောင့်တ သော ပုဂ္ဂိုလ်တို့မှာ တဏှာထက် ကုသလစ္ဆန္ဒသာ ဖြစ်ဖို့များပေသည်။

ရဟန္တာဖြစ်လိုသော (နိဗ္ဗာန်မဂ်ဖိုလ်ရလိုသော) သဘောသည် တဏှာပင်ဖြစ်စေဦးတော့ "တဏှံ နိဿာယ တဏှာ ပဟာတဗ္ဗာ" ဟူသော ဘိက္ခုနီသုတ္တန်အရ ယင်းတဏှာသည် နိဗ္ဗာန်ရောက်ခြင်း၏ အကြောင်းတစ်မျိုးဟု ဆိုနိုင်ပေသည်။

ထို့ပြင် တဏှာဖြင့် တောင့်တအပ်သော မဂ်ဖိုလ်နိဗ္ဗာန်တရားသည် ဆိုခဲ့ပြီးသော အင်္ဂုတ္တရဋီကာအဆိုအရ မဂ်ဖိုလ်နိဗ္ဗာန်အစစ်မဟုတ်ပေ။ အနုဿဝလဒ္ဓ, အာကာရပရိဝိတက္ကတို့၏ အစွမ်းဖြင့် အမှန်းအတားအားဖြင့် အာရုံပြုအပ်သော အာကာရပညတ်ဟု ဆိုအပ်သော မဂ်ဖိုလ်နိဗ္ဗာန်သာ ဖြစ်ပေသည်။

မဂ်ဖိုလ်နိဗ္ဗာန်ကို တကယ်လိုချင်သောစိတ်ဖြင့် နိဗ္ဗာန်မဂ်ဖိုလ်ကို ဆုတောင်းကြသူများအဖို့ ကုသလစ္ဆန္ဒသာဖြစ်နိုင်သောကြောင့် မိုးကုတ်ဆရာတော်ကြီး၏ အထက်ပါဟောတရားတွင် "တောင်းလိုတဲ့ ရချင်တဲ့ တဏှာပဲ ပေါ်သလား (တဏှာပေါ်ပါတယ်ဘုရား)။ မဂ်မပေါ်တဲ့အပြင် တဏှာပေါ်နေတယ်" ဟူသော နောက်ပိုင်းစကားကို "တောင်းရုံနဲ့တော့ မဂ်မပေါ်နိုင်ဘူး။ မဂ်ပေါ်နိုင်လောက်အောင် ဆန္ဒ, ဝီရိယကြီးကြီးနဲ့ ရှုမှတ်အားထုတ်မှ မဂ်ပေါ်လာနိုင်မယ် "ဟု ပြင်ဆင်ပေးမှ နောင်အစဉ်အဆက် အငြင်းမပွားဘဲ ဖတ်ရ နာရသူတို့ အသိဉာဏ်ရှင်းသွားနိုင်ပေမည်။

## အမှတ် (၁၃/၄၇)

သစ္စာမသိဘဲနဲ့ လှူခဲ့သော်တဲ့၊ ဟောဒီ ဒုက္ခသစ္စာရလိမ့်မယ်(ပ) ဆရာကောင်းမှန်ကကန့်ကွက်ရမယ်။ (အမှတ်စဉ်-၆၊နှာ-၂၅၇၊၂ ၅၈)

သစ္စာသိ၍ လှူလှူ သစ္စာမသိဘဲနဲ့လှူလှူ ဒါနကုသိုလ်မှန်လျှင် ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိတို့ကိုသာမက နိဗ္ဗာနသမ္ပတ္တိကိုပင် ပေးနိုင်သောကြောင့် သစ္စာမသိဘဲ လှူခြင်းကို ဆရာကောင်းမှန်က ကန့်ကွက်ရမည်ဟု မိုးကုတ်ဆရာတော်ကြီး ဟောပြောခြင်းသည် မိုင်လွန်သောစကားဖြစ်၍ မှားပါသည်ဟု စောဒကဆရာတော်က တင်ပြပေသည်။

ဒါနံ ဒေန္တေန နာမ ဧကေန ပဏ္ဍိတေန သဒ္ဓိံ မန္တေတွာ ဒါတုံ ဝဋ္ဋတိ၊
အနာမန္တေတွာ ကတကမ္မဥ္ဟိ ပစ္ဆာနုတာပံ ကရောတိ။ (ဒီ၊ ဋ္ဌ၊ ၁။ ၂၆၄)

ကို ထောက်၍ အလှူလုပ်လိုသူသည် အမှန်သိအောင် ပညာရှိနှင့် တိုင်ပင်၍

လှူသင့်သည်။ ပညာရှိနှင့် မတိုင်ပင်ဘဲ လှူဒါန်းလျှင် နောင်အခါ ပူပန်ရတတ်သည် ဟု သိရသောကြောင့် ဒါနပြုသူသည် သိနားလည်သူနှင့် တိုင်ပင်၍ ပြုရသည်။

ဤ၌ သိနားလည်သူ (ပဏ္ဍိတပုဂ္ဂိုလ်) ဟူသည် ဒါနမပြုမီ မည်သို့ စိတ်ထားရမည်။ ဒါနအကျိုးကြီးအောင် မည်သို့ နှလုံးသွင်းရမည်။ အလှူခံပုဂ္ဂိုလ်ကို မည်သို့ ရွေးချယ်၍ မည်သို့အာရုံပြုရမည်။ လှူဆဲခဏ၌ မည်သို့ နှလုံးသွင်း၍ လှူရမည်။ စသည်ဖြင့် အလှူဒါနအကျိုးကြီးစေမည့် နည်းလမ်းတို့ကို ညွှန်ပြနိုင်သူကို ဆိုလိုပေသည်။ သစ္စာတရားကို ညွှန်ပြနိုင်သူသည်လည်း ပဏ္ဍိတပုဂ္ဂိုလ်ဖြစ်သည်။ ထိုသစ္စာတရားကို ညွှန်ပြနိုင်သူ၏ လမ်းညွှန်မှုကို ခံယူ၍ ဒါနပြုနိုင်လျှင် ပို၍ အကျိုးကြီးသည်။

သစ္စာသိသူတို့တွင် မြတ်စွာဘုရားသည် အထွတ်အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်သည်။ ထိုမြတ်စွာဘုရားသည်ပင် ဝေနေယျပုဂ္ဂိုလ်တို့၏ ဣန္ဒြေ, စရိုက်စသည်ကို သုံးသပ်၍ လောကီအကျိုးတို့ကိုပြ၍ ဟောသင့်သည့် ပုဂ္ဂိုလ်များကို လောကီအကျိုးပြ၍ လှူရန် တိုက်တွန်းဟောကြားတော်မူသည်။ သစ္စာသဘောကို သိနိုင်သောပုဂ္ဂိုလ်များအား သစ္စာသဘောကို ပြ၍ ဟောကြားတော်မူသည်။ ဒါနတရားဟောတိုင်း သစ္စာတရားကို ပြ၍ ဟောသည်ဟု မဆိုနိုင်ပေ။

မဂ်ဖိုလ်ရရေး ခန္ဓာဒုက္ခငြိမ်းရေး၌ သစ္စာတရားဟောကြားမှုနှင့် သစ္စာတရားသိမြင်မှုတို့သည် ပဓာနအကြောင်းဖြစ်သော်လည်း လှူဒါန်းသူ (နာယူသူ) ၏ ပါရမီအနု အရင့်သည်လည်း အလွန့်အလွန် အရေးကြီးသော အကြောင်းဖြစ်ပေသည်။ သစ္စာတရားဟောကြားတိုင်း သစ္စာသိသူ နည်းပါးသကဲ့သို့ သစ္စာသိ၍ လှူသူတိုင်း ဒုက္ခသစ္စာ ခန္ဓငါးပါးမှ လွတ်သည်ဟုမပြောနိုင်ပေ။ အနာထပိဏ်, ဝိသာခါစသော အရိယာ ဒါယက ဒါယိကာမများသည် သစ္စာသိ၍ လှူကြသော်လည်း ခန္ဓာငါးပါး ဒုက္ခသစ္စာမှ မလွတ်ကြသေးပေ။

ထို့ကြောင့် "သစ္စာမသိဘဲနဲ့ လှူခဲ့သော်တဲ့၊ ဟောဒီ ဒုက္ခသစ္စာကို ရလိမ့်မယ်" ဟူသော ဟောပြောချက်သည် ရည်ရွယ်ချက်ကောင်းသော်လည်း တကယ့်သဘာဝနှင့်မူ ညီညွတ်သည်ဟုမဆိုနိုင်ပေ။

ထို့အတူ "ဆရာကောင်းမှန်က ကန့်ကွက်ရမယ်" ဟူသော ဟောပြောချက်သည်လည်း ဒါနကို ကန့်ကွက်ရာ ရောက်နေ၍ (ကန့်ကွက်ရမည့် အရာမဟုတ်၍) ဒေသနာတော်နှင့် မဆီလျော်သော ဟောပြောချက်ဖြစ်ပေသည်။

သို့ဖြစ်၍ အထက်ပါစကားရပ်တို့ကို ဟောစဉ်တရားစာအုပ်များမှ လည်းကောင်း၊ တိပ်ခွေများမှလည်းကောင်းပယ်ဖျက်ပေးရမည်။

**အမှတ်(၁၃/၄၈)**

ဒီ ဒုက္ခဝဋ်က ကျွတ်ချင်လို့ တပည့်တော် လှူဒါန်းပါ၏။ (ပ) လှူတဲ့ပုဂ္ဂိုလ်က ဒုက္ခမုန်း ဒုက္ခရွံနေတဲ့ ပုဂ္ဂိုလ်မို့ ဒုက္ခမလာဘဲနဲ့ သုခနိဗ္ဗာန်သာ ရတော့မယ်။

(အမှတ်စဉ်-၆၊ နှာ-၂၇၄)

ဒါနကုသိုလ်သည်အနုပါဒိသေသနိဗ္ဗာန် မဝင်စံမီ ဘဝချမ်းသာကိုပေးမည်ဖြစ်၍ အသေမလွတ်နိုင်ပါ ရဟန္တာမဖြစ်သေးပါ ကလည်း ဘဝဒုက္ခမပြတ်နိုင်သေးသောကြောင့် "ဒုက္ခမလာဘဲ သုခနိဗ္ဗာန်သာ ရတော့မယ်" ဟု မိုးကုတ် ဆရာတော်ကြီးဟောကြားခြင်းသည် မှားပါသည်ဟု စောဒကဆရာတော်က တင်ပြပါသည်။

'ဣဒံ မေ ဒါနံ အာသဝက္ခယာ ဝဟံ ဟောတူ' တိ ဧဝံ ပန ဝိဝဋ္ဋံ ပတ္ထေန္တေန ဝိဝဋ္ဋုပနိဿယဝသေန သမ္မာ ဌပိတံ အရဟတ္တမ္ပိ ပစ္စေကဗောဓိဉာဏမ္ပိ သဗ္ဗညုတဉာဏမ္ပိ ဒါတုံ သက္ကောတိယေဝ။ (အံ၊ ဋ္ဌ၊ ၁။ ၄၇)

အရဟတ္တဖိုလ် (နိဗ္ဗာန်) ကို ရည်မှန်းတောင့်တ၍ လှူဒါန်းသော ဒါနကုသိုလ်သည် အရဟတ္တဖိုလ်ကိုလည်း ပေးစွမ်းနိုင်၏၊ ပစ္စေကဗောဓိဉာဏ်, သဗ္ဗညုတဉာဏ်တို့ကိုလည်း ပေးစွမ်းနိုင်၏-ဟုဆိုသောကြောင့် ဒါနကုသိုလ်သည် နိဗ္ဗာန်ချမ်းသာကို ပေးစွမ်းနိုင်ကြောင်း သိနိုင်ပေသည်။

ထို့ပြင်-

တေန "ဝိဝဋ္ဋူပနိဿယကုသလံ နာမ ယောနိသော ဥပ္ပါဒိတံ အပ္ပကမ္ပိ န စိန္တေတဗ္ဗံ၊ အနုက္ကမေန လဒ္ဓပစ္စယံ ဟုတွာ ဝဍ္ဎမာနံ ခုဒ္ဒကနဒီ ဝိယ ပက္ခန္ဒမဟောဃာ သမုဒ္ဒံ, အနုက္ကမေန နိဗ္ဗာနမဟာသမုဒ္ဒမေဝ ပုရိသံ ပါပေတီ"တိ ဒီပေတိ။ (အံ၊ ဋ္ဌ၊ ၁။ ၉၇) -

ဟူ၍ အင်္ဂုတ္တရဋ္ဌကာဖွင့်ဆိုသောကြောင့် နိဗ္ဗာန်ရည်မှန်း၍ ပြုအပ်သော ဝိဝဋ္ဋူပနိဿယကုသိုလ်သည် ရသင့်ရထိုက်သော အကြောင်းအထောက်အပံ့ကို ရခဲ့ပါလျှင် (အဟုန်ပြင်းသောမြစ်ကြီးသည် သမုဒ္ဒရာသို့ ဆိုက်ရောက်စေသကဲ့သို့) ဒါနကုသိုလ်ရှင်ကို အစဉ်အတိုင်း နိဗ္ဗာန်သို့ ရောက်စေနိုင်ကြောင်း၊ ဝိဝဋ္ဋူပနိဿယကုသိုလ်ကို (အနည်းငယ်မျှပင် ဖြစ်သော်လည်း) အထင်မသေးသင့်ကြောင်း သိရပေသည်။

မြစ်ငယ် (မြစ်လက်တက်) မှ စီးလာသော အဟုန်ပြင်းသော ရေသည် သမုဒ္ဒရာသို့ ရောက်အောင် စီးသကဲ့သို့ လုံလောက်သော အထောက်အပံ့ရသော ဝိဝဋ္ဋူပနိဿယကုသိုလ် (နိဗ္ဗာန်ဆုတောင်း၍ လှူသောကုသိုလ်) သည် အရှိန်ပြင်းသဖြင့် နိဗ္ဗာန်တည်းဟူသော မဟာသမုဒ္ဒရာသို့ ရောက်စေနိုင်သည်ဟု သိနိုင်ပေသည်။

အနုက္ကမေန နိဗ္ဗာနမဟာသမုဒ္ဒမေဝ ပုရိသံ ပါပေတိ=အစဉ်အတိုင်း နိဗ္ဗာန်သို့ ရောက်စေသည်ဟု ဆိုသောကြောင့် ဒါနကုသိုလ်ဖြင့် နိဗ္ဗာန်သို့ ချက်ချင်းလက်ငင်း မရောက်နိုင်ကြောင်းကိုလည်း သိရပေသည်။

"ဒီဒုက္ခဝဋ်က ကျွတ်ချင်လို့ တပည့်တော်လှူဒါန်းပါ၏။ (ပ) လှူတဲ့ပုဂ္ဂိုလ်က ဒုက္ခမုန်း ဒုက္ခရွံနေတဲ့ ပုဂ္ဂိုလ်မို့" ဟူသော ဆရာတော်ကြီး၏ ဟောကြားချက်ကို ကြည့်လျှင် လှူဒါန်းသူသည် နိဗ္ဗိဒါဉာဏ်အထိ ရောက်နေသော ပုဂ္ဂိုလ်ဖြစ်သောကြောင့် ဝိပဿနာဉာဏ်အရှိန်ပြင်းနေသော ပုဂ္ဂိုလ်ဟု သိနိုင်သည်။ အရှိန်အဟုန်ပြင်းသော မြစ်ငယ်ရေသည် အစဉ်အတိုင်း နိဗ္ဗာန်သို့ ရောက်စေမည်မှာ သေချာပေသည်။ လောလောဆယ် မရောက်သေးသော်လည်း အချိန်တန်သောအခါ ရောက်မည်မှာ သေချာပေသည်။ နိဗ္ဗာန်သို့ ရောက်ပါက အဆင့်ဆင့်သော ခန္ဓာဒုက္ခ ဘဝဒုက္ခများ ငြိမ်းမည်မှာ သေချာပေသည်။

ထို့ကြောင့်- "ဒုက္ခမလာဘဲနဲ့ သုခနိဗ္ဗာန်သာ ရတော့မယ်" ဟု ဟောခြင်းသည် မှားသည်ဟု မဆိုနိုင်။ အမှန်ဟုသာ ဆိုရပေသည်။

သို့သော် စကားပြည့်စုံသွားအောင် "ဒုက္ခမလာဘဲနဲ့ သုခနိဗ္ဗာန်သာရတော့မယ်" ဟူသော စကားရပ်ကို "အချိန်တန်တဲ့အခါ ဒုက္ခမလာဘဲနဲ့ သုခနိဗ္ဗာန်သာရလိမ့်မယ်"ဟု ပြင်ဆင်ရပေသည်။

### အမှတ်စဉ် (၁၃/၄၉)

သိလို့ လှူတာဆိုတော့ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်သွားပြီ။ (မှန်ပါဘုရား)။ လှူတာကလဲ သင်္ခါရမဟုတ်တော့ဘူး (မဟုတ်တော့ပါဘူး)။ ဘာသစ္စာလဲ (မဂ္ဂသစ္စာပါဘုရား။ ရတာက (နိရောဓသစ္စာပါဘုရား)။ ဟော. . . တစ်ဘဝတည်းနဲ့ နိရောဓသစ္စာ ကူးသွားတယ်။ (မှန်ပါ)။ နိဗ္ဗာန် ရတယ်။

(အမှတ်စဉ်-၆၊ နှာ-၂၇၆)

မိုးကုတ်ဆရာတော်ကြီး၏ ဤဟောကြားချက်၌ "လှူတာက သင်္ခါရ မဟုတ်တော့ဘူး" ဟူသော စကားသည် မှားပါသည်။ ရဟန္တာတို့၏ လှူဒါန်းမှု မှတစ်ပါး ကျန်ပုဂ္ဂိုလ်များ၏ လှူဒါန်းမှု (ဒါနကုသိုလ်) မှန်သမျှ သင်္ခါရသာ ဖြစ်သောကြောင့်ဟု စောဒကဆရာတော်က တင်ပြသည်။

အရဟတ္တမဂ်ဖြင့် အဝိဇ္ဇာကို အကြွင်းမရှိအောင် မပယ်နိုင်သေးသမျှ ကောင်းသည့်အမှုကို ပြုက ပုညာဘိသင်္ခါရ၊ မကောင်းသည့်အမှုကို ပြုက အပုညာဘိသင်္ခါရ၊ အရူပါဝစရစျာန်က အာနေဉ္ဇာဘိသင်္ခါရဖြစ်သည်။ ထို့ကြောင့် နိဗ္ဗာန်ရည်မှန်း၍ ပြုအပ်သော ဝိဝဋ္ဋနိဿိတ ကုသိုလ်ပြုသူ ၏ သန္တာန်၌ အဝိဇ္ဇာ အမြစ်မပြတ်သေးလျှင် ထိုကုသိုလ်သည် သင်္ခါရပင်ဖြစ်၏။

အဝိဇ္ဇာကို အရဟတ္တမဂ်ဖြင့် မပယ်ရသေးသမျှ ပြုအပ်သော ကောင်းမှုကုသိုလ်အားလုံးသည် အဝိဇ္ဇာနယ်ပယ်မှ မလွတ်သေးသောကြောင့် ထိုအဝိဇ္ဇာ ၏ အားပေးထောက်ပံ့မှုဖြင့် ပဋိသန္ဓေဝိညာဉ်ကို ဖြစ်စေနိုင်သည့် သင်္ခါရသတ္တိ ရှိနေသည်သာ ဖြစ်၏။ ထို့ကြောင့် ဝိဘင်္ဂအဋ္ဌကထာ (အဘိ၊ ဋ၊ ၂။ ၁၃၉)၌-

အဝိဇ္ဇာသမတိက္ကမနတ္ထာယ ပနဒါနာဒီနိ စေဝ ကာမာဝစရ ပုညကိရိယဝတ္ထူနိ ပူရေန္တဿ ရူပါဝစရဇ္ဈာနာနိ'စ ဥပ္ပါဒေန္တဿ ဒွိန္နမ္ပိ တေသံ ဥပနိဿယ ပစ္စယော-

ဟု မိန့်ဆိုပေသည်။

'တစ်ဘဝတည်းနဲ့ နိဗ္ဗာန်ကူးသွားတယ်' ဟူသော စကားသည်လည်း တဒင်္ဂ နိဗ္ဗာန်ကို ရည်ညွှန်း၍ ဟောသည်ဟု ဆိုလျှင် စကားအရ ပြောနိုင်သော်လည်း ဒေသနာနည်းကျ မဟုတ်သဖြင့် နာရသူ ဖတ်ရသူတို့၏ အသိဉာဏ်ဝယ် သံသယ ကို ပွားစေမည်ဖြစ်ပေသည်။

သို့ဖြစ်၍ အထက်ပါ ဆရာတော်ကြီး၏ ဟောတရားကို "သိလို့ လှူတာဆိုတော့ ဉာဏ်ပြဋ္ဌာန်းနေတဲ့အတွက် ဉာဏသမ္ပယုတ်ကုသိုလ်ဖြစ်သွားပြီ။ ဉာဏသမ္ပယုတ်ကုသိုလ်ဆိုတာ တိဟိတ်ကုသိုလ် အားကောင်းတဲ့ ကုသိုလ်ဖြစ်တာမို့ နိရောဓသစ္စာ နိဗ္ဗာန်ကို ရဖို့ အားကောင်းတဲ့ကုသိုလ် ဖြစ်သွားပြီ" ဟု ပြင်ဆင်ပေးမှသာ အသိဉာဏ်ရှင်း သံသယကင်း၍ ဆရာတော်ကြီး၏ ဂုဏ်ကိုလည်း ပေါ်လွင်စေမည်ဖြစ်သည်။

## အမှတ် (၁၃/၅၀)

ဘုရားက ဘယ်လိုဟောပါလိမ့်မတုန်းဆိုတော့ အဋ္ဌကအဂ်ုတ္တိုရ်ကျတော့ စိတ္တာလင်္ကာရ စိတ္တပရိက္ခာရဒါနမေဝ သေဋ္ဌံ-တဲ့။(အမှတ်စဉ်- ၆၊ နှာ-၂၉၂)

မိုးကုတ်ဆရာတော်ကြီး၏ ဤဟောကြားချက်သည် အနက်အဓိပ္ပါယ်အားဖြင့် မှန်ကန်သော်လည်း အဋ္ဌကထာစကားကို ဘုရားဟောစကားအဖြစ် ဟောမိ၍ မှားပါသည်ဟု စောဒကဆရာတော်က တင်ပြပေသည်။

သံဂါယနာသုံးတန် တင်ထားသော အဋ္ဌကထာစကားများသည် ဘုရားရှင်၏ ပကိဏ္ဏကဒေသနာများပင် ဖြစ်၍ အဋ္ဌကထာစကားများကို ဘုရားရှင်၏ စကား ကဲ့သို့ပင် အလေးထားဂရုပြုကြပါသည်။ သို့ဖြစ်၍ ဘုရားစကားအဖြစ် ဟောကြား ခြင်းသည် မှားသည်ဟု မဆိုနိုင်ပေ။

သို့သော် ဒေသနာတော်နှင့် ညီညွတ်အောင် "ဘုရားက ဘယ်လို ဟောပါလိမ့် မတုန်းဆိုတော့ စိတ္တာလင်္ကာရ စိတ္တပရိက္ခာရတ္ထံ ဒေတိ-လို့ ဟောတယ်။ အဋ္ဌက အဂ်ုတ္တိုရ်အဋ္ဌကထာက 'ဣမေသု ပန အဋ္ဌသု ဒါနေသု စိတ္တာလင်္ကာရဒါနမေဝ ဥတ္တမံ' လို့ ဖွင့်ဆိုတယ်" ဟု ဟောစဉ်စာအုပ်များ၌ ပြင်ဆင်ပေးရမည်။ တိပ်ခွေ၌ ယင်းစကားရပ်ကို ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၅၁)

(က) ပြဟ္မဒဏ်ထားတဲ့ အခါကျတော့ ဘုရားလဲ မရှိလို့ သူ့မှာ အားကိုးရာမဲ့ ဖြစ်တဲ့ အခါကျတော့မှ သူသည် သာဝတ္ထိပြည်မှာ နေတဲ့ ရဟန်းကြီးတွေ ဆီ သွားပြီး တောင်းပန်တယ်။ (အမှတ်စဉ်- ၆၊ နှာ-၄၀၁/၄၀၂)

(ခ ) သာဝတ္ထိပြည်မှာ ကိုယ်တော်တွေက သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ အစရှိသည်ဖြင့် ရုပ်အနိစ္စ ရုပ်အနတ္တတွေဟော။ (အမှတ်စဉ်- ၆၊ နှာ- ၄၀၅)

ဤဟောကြားချက်၌ 'သာဝတ္ထိပြည်' ဟု ဟောခြင်းသည် မှား၏ဟု စောဒက ဆရာတော်က တင်ပြပေသည်။

အမှတ် ( ၄ ) စောဒနာစိစစ်ချက်၌ စိစစ်ပြဆိုအပ်ပြီးသည့်အတိုင်း အမှတ် (က) စကားရပ်ပါ သာဝတ္ထိပြည်ကို " ကောသမ္ဗီပြည်" ဟု လည်းကောင်း၊ အမှတ် (ခ) စကားရပ်ပါ သာဝတ္ထိပြည်ဟူသော စကားရပ်ကို " ဗာရာဏသီပြည်" ဟု လည်းကောင်း ပြင်ဆင်ပေးရမည်။

## အမှတ် (၁၃/၅၂)

တပည့်တော်ဘုရား ဒီဘဝ နိဗ္ဗာန်များ ရပ့်မလား။

(အမှတ်စဉ်- ၆၊ နှာ- ၅၄၄)

ဘုရားဆီသွားမေးရင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သိတော့ သိပါရဲ့၊ သိပင် သိငြားသော်လဲ ဘုန်းကြီးပြောတဲ့အတိုင်း အဖြေပေးမှာဘဲ။

(အမှတ်စဉ်- ၆၊ နှာ- ၅၄၆/၅၄၇)

စောဒကဆရာတော်က မိုးကုတ်ဆရာတော်ကြီး၏ ဟောပြောချက်တွင် "ဘုန်းကြီးပြောတဲ့အတိုင်း အဖြေပေးမှာဘဲ"ဟု ဟောပြောခြင်းသည် အပိုပြောခြင်းသာ ဖြစ်သည်။ ဘုရားရှင်ကမူ "ရနိုင်လျှင်ရနိုင်သည်၊ မရနိုင်လျှင် မရနိုင်ဘူး" ဟု ရှင်းလင်းစွာ ဖြေဆိုမည်ဖြစ်ပါသည်။ ထို့ကြောင့် "ဘုန်းကြီးပြောတဲ့အတိုင်း အဖြေပေးမှာဘဲ" ဟု ဟောပြောခြင်းသည် အပိုဟောပြောခြင်းဖြစ်၍ မှားသည်ဟု စောဒနာထားပေးသည်။

မိုးကုတ်ဆရာတော်ကြီးက နိဗ္ဗာန်ဆိုတာ ရာဂ ဒေါသ မောဟချုပ်တာကို ဆိုလိုသည်ဖြစ်၍ ရာဂချုပ် မချုပ် ကိုယ့်ဘာသာ စိစစ်၍ ရာဂချုပ် ရာဂပေါ် မလာလျှင် နိဗ္ဗာန်ရပြီ။ ရာဂမချုပ်သေး ရာဂပေါ်လာလျှင် နိဗ္ဗာန်မရသေးဟု ကိုယ့်ဘာသာကိုယ် သိရမည်။ မည်သူ့ကိုမျှ သွားမေးမနေနဲ့-ဟု ဟောနေခြင်း ဖြစ်သည်။

နာတိကရွာ၌ နေကြသော ရဟန်း, ရဟန်းမ, ဥပါသကာ, ဥပါသိကာမတို့ သေတိုင်းသေတိုင်း (ဘယ်ဘဝရောက်နေသည် စသည်ကို သိလိုကြသောကြောင့်) ဘုရားရှင်ထံ သွားမေးကြရာ-ဘုရားရှင်က သေတိုင်းငါ့ထံ လာမမေးနေကြ ကုန်လင့်၊ ကိုယ်ကိုယ်တိုင် အပါယ်လေးပါး တံခါးပိတ် မပိတ် သိနိုင်ရန် ဓမ္မာဒါသ=တရားမှန်တော်ကြီးလေးချပ်ကို ငါဟောထားခဲ့မည်။ ထိုတရားမှန်ချပ်ကြီးထဲ ချကြည့်ပြီး ထိုတရားမှန်ချပ်ကြီးလေးချပ် မိမိသန္တာန်၌ရှိလျှင် မိမိကိုယ်ကို အပါယ်လေးပါး တံခါးပိတ်ပြီဟု ဆုံးဖြတ်ကြ (ကိုယ့်ဟာကိုယ်သိ)ဟု မိန့်ကြားတော်မူခဲ့သည်။ (ဒီ၊ ၂။ ၉၆/၉၇)

အမှတ် (၉/၁) စောဒနာ သန္ဒိဋ္ဌိကဓမ္မကို စိစစ်ပြခဲ့ပြီးသည့်အတိုင်း ကိုယ့်အခြေအနေကို ကိုယ်စိစစ်ရာ၌ အမှန်အတိုင်း သိမြင်နိုင်စွမ်းသော စွမ်းရည်သတ္တိထူး ရှိသူများမှသာ မိမိအခြေအနေကို မိမိသိနိုင်မည် ဖြစ်ပေသည်။

မိုးကုတ်ဆရာတော်ကြီးက မိုးကုတ်ပဋ္ဌာန်စ္စသမုပ္ပါဒ်စက်ဝိုင်းကြီးကို ပြပြီး တရားနာပရိတ်သတ်တို့အား ရာဂ, ဒေါသ, မောဟကုန်တာကို ဘာခေါ်ကြမယ်။ (နိဗ္ဗာန်ခေါ်ပါတယ်ဘုရား)။ ဪ. . ရာဂ, ဒေါသ, မောဟကုန်တာဆိုတာ ၃-နံပါတ် မပေါ်တာဟော့။ (မှန်လှပါဘုရား)။ ၂-ထံက ၃-မပေါက်ပွားတာဟော့။ ၃-နံပါတ် သမုဒယတွေလည်းချုပ်၊ ၄-နံပါတ် ဒုက္ခသစ္စာတွေလဲ ချုပ်တော့ ဒုက္ခ, သမုဒယတို့၏ချုပ်တာ ငြိမ်းတာ သိမ်းတာနိဗ္ဗာန်"(အမှတ်စဉ်- ၆၊နှာ-၅၃၆/၅၃၇)

စသည်ဖြင့် ဟောပြနေခြင်းဖြစ်သည်။ မိမိသန္တာန်မှာ ရာဂ, ဒေါသ, မောဟချုပ်လျှင် နိဗ္ဗာန်ရပြီလို့ ဆုံးဖြတ်၊ ကိုယ့်ဟာကိုယ်သိ-ဟု ဟောနေခြင်း ဖြစ်သည်။

ယင်းသို့ ဟောကြားခြင်းသည် မဟာပရိနိဗ္ဗာနသုတ္တန်လာ ဓမ္မာဒါသ ဓမ္မပရိယာယနှင့် လည်းကောင်း၊ အင်္ဂုတ္တရနိကာယ်လာ အညတရဗြာဟ္မဏသုတ္တန် စသည်နှင့် လည်းကောင်း ညီညွတ်သည်ဟု ဆိုနိုင်ပေသည်။

သို့သော် လာရောက်မေးမြန်းလျှောက်သူတိုင်းအား 'ကိုယ့်ဟာကိုယ်သိ' ဟု မိန့်တော်မူမည်ကား မဟုတ်ပေ။ ထိုဓမ္မာဒါသ ဓမ္မပရိယာယကို မဟောကြားမီ လာရောက်မေးမြန်းကြသည့် ပုဂ္ဂိုလ်တို့အား ရဟန္တာ, အနာဂါမ်, သကဒါဂါမ်, သောတာပန်ဖြစ်သွားပြီ စသည်ဖြင့် အတိကျ ဟောကြားထားချက်များကိုလည်း တွေ့နိုင်ပေသည်။

သို့ဖြစ်၍ မိုးကုတ်ဆရာတော်ကြီး၏ ဟောပြောချက်သည် အလုံးစုံမှန်ကန်သည်ဟု မဆိုနိုင်သော်လည်း တစ်စိတ်တဒေသအားဖြင့် မှန်နေပေသည်။

ထို့ကြောင့် " ဘုရားဆီသွားမေးရင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သာဝကတွေအတွက် လိုက်နာကျင့်ကြံဖွယ်တွေကို ငါဟောပြပြီးပြီ။ ကိုယ်တိုင်ကျင့်ဖို့က သင်တို့ရဲ့တာဝန်။ ကိုယ်တိုင် ကျင့်လို့ ရာဂ, ဒေါသ, မောဟတွေချုပ်ရင် ငါ နိဗ္ဗာန်ရပြီဟု ကိုယ့်ကိုယ်တိုင် သိကြလို့ ဟောမှာ သေချာတယ်" ဟု စာအုပ်များ၌ ပြင်ဆင်ပေးမှသာ သင့်လျော်ပေမည်။ အသံသွင်းတိပ်ခွေ၌ စောဒက ဆရာတော်တင်ပြထားသည့် ဒုတိယစာပိုဒ်တို့ကို ပယ်ဖျက်ပေးရမည်။

### အမှတ် (၁၃/၅၃)

ဒီကံကလဲ ခင်ဗျားတို့ကို ဇာတိဖြစ်စေတယ်။ (မှန်ပါ)။ ဒီကံမျိုးဟာ လုပ်ကို မလုပ်ကောင်းတဲ့ကံ။ (အမှတ်စဉ်- ၆၊ နှာ-၅၆၇)

လူတိုင်း ဤဘဝတွင် နိဗ္ဗာန်မရနိုင်ပါ။ နိဗ္ဗာန်မရနိုင်ကြသေးသူများအနေဖြင့် ကုသိုလ်ကံကို အားထုတ်ဆည်းပူးကြရမည် ဖြစ်သောကြောင့် “ဒီကံမျိုးဟာ လုပ်ကို မလုပ်ကောင်းတဲ့ကံ”ဟု မိုးကုတ်ဆရာတော်ကြီးဟောကြားခြင်းသည် မှားပါသည်ဟု စောဒကဆရာတော်က တင်ပြပေသည်။

စုဒိတကဆရာတော်များက “ဆရာတော်ကြီးသည် ကမ္မဿကတာဉာဏ်နှင့် စပ်၍ ဟောနေခြင်းမဟုတ်၊ သစ္စာနုလောမိကဉာဏ်နှင့် ဟောနေခြင်းဖြစ်၍ ဇာတိကို ဖြစ်စေတတ်သောကံကို မလုပ်ကောင်း”ဟု ဟောနိုင်ပါသည်ဟု တင်ပြကြပေသည်။

အဝိဇ္ဇာ, တဏှာ အရှင်းပြတ်မချုပ်သေးသမျှ ထိုအဝိဇ္ဇာ, တဏှာတို့၏ အချယ်အလှယ်ကို ခံကြရသော သတ္တဝါတို့သည် ဘဝသစ်ကို လိုချင်သည်ဖြစ်စေ၊ မလိုချင်သည်ဖြစ်စေ ရနေမည်သာဖြစ်သည်။ စိတ်က မလိုချင်သော်လည်း မိမိအလုပ်က အဝိဇ္ဇာ, တဏှာကင်းအောင် မလုပ်လျှင် မည်သည့်နည်းနှင့်မျှ ဝိပါကဝဋ်မှ လွတ်မည်မဟုတ်ပေ။

ကိလေသဝဋ် (အဝိဇ္ဇာ, တဏှာ, ဉပါဒါန်) မပြတ်သမျှ ကမ္မဝဋ် (သင်္ခါရ, ကမ္မဘဝ) လည်နေမည်ဖြစ်၏။ ကမ္မဝဋ်လည်နေသမျှ ဝိပါကဝဋ် မပြတ်မစဲ ဖြစ်နေမည်သာဖြစ်၏။ ထို့ကြောင့် ကမ္မဝဋ်၏ အကြောင်းဖြစ်သော ကိလေသဝဋ်ကို ဖြတ်နိုင်ရန် ဒါန, သီလ, သမထ, ဝိပဿနာဟူသော ကောင်းမှုကုသိုလ်ကံများကို ဆည်းပူးအားထုတ်ရခြင်းဖြစ်သည်။ ဒါနကုသိုလ်ဖြင့် လောဘကိလေသဝဋ်ကို ပယ်ရှားကြရသည်။ သီလကုသိုလ်ဖြင့် ဒေါသကိလေသာ၊ သမထ, ဝိပဿနာ ဘာဝနာကုသိုလ်တို့ဖြင့် မောဟကိလေသာတို့ကို ပယ်သတ်ကြရသည်။ စူးနေသော ဆူးကို ဆူးဖြင့် ထွင်ရသကဲ့သို့ ကံကို (ကမ္မဝဋ်ကို) ဖြတ်နိုင်ရန် သီလ,သမာဓိ, ပညာကုသိုလ်တို့ဖြင့်ပင် ဖြတ်တောက်ကြရသည်။

ကုသိုလ်ကံသည် ဝဋ္ဋဂါမိ ကုသိုလ်ကံ, ဝိဝဋ္ဋဂါမိကုသိုလ်ကံဟု နှစ်မျိုးရှိသည်။ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာတို့ကို တောင့်တ၍ ပြုအပ်သော ဒါန, သီလ, ဘာဝနာကုသိုလ်တို့ သည် ဝဋ္ဋဂါမိကုသိုလ်ကံ မည်၏။ ဘဝကင်းရာ နိဗ္ဗာန်ကို တောင့်တ၍ပြုအပ်သော ကုသိုလ်ကံ (ဒါန, သီလ, သမထ, ဝိပဿနာ) တို့သည် ဝိဝဋ္ဋဂါမိကုသိုလ်ကံမည်၏။ လောကီချမ်းသာ (ဝဋ်ချမ်းသာ)ကို တောင့်တပြုလုပ်သော ကုသိုလ်ကံသည် လောကီ ချမ်းသာကို ပေးတတ်သောကြောင့် မိစ္ဆာပဋိပဒါဟုလည်းကောင်း၊ နိဗ္ဗာန်ချမ်းသာကို တောင့်တ

၍ပြုလုပ်အပ်သော ကုသိုလ်ကံသည် နိဗ္ဗာန်ချမ်းသာ ကို ပေးတတ်သောကြောင့် သမ္မာပဋိပဒါဟုလည်းကောင်း၊ အဋ္ဌကထာတို့၌ ဖွင့်ဆိုပေသည်။

ယံ ဟိ ကိဉ္စိ ဘဝတ္တယသင်္ခါတံ ဝဋ္ဋံ ပတ္ထေတွာ ပဝတ္တိတံ၊ အန္တမသော ပဥ္စာဘိညာ အဋ္ဌ ဝါ ပန သမာပတ္တိယော၊ သဗ္ဗံ တံ ဝဋ္ဋပက္ခိယံ ဝဋ္ဋသီသန္တိ ဝဋ္ဋသီသတ္တာ မိစ္ဆာပဋိပဒါ ဝ ဟောတိ။ ယံ ပန ကိဉ္စိ ဝိဝဋ္ဋံ နိဗ္ဗာနံ ပတ္ထေတွာ ပဝတ္တိတံ၊ အန္တမသော ဥဠုင်္ကယာဂုမတ္တဒါနမ္ပိ ပဏ္ဏမုဋ္ဌိဒါနမတ္တမ္ပိ၊ သဗ္ဗံ တံ ဝိဝဋ္ဋပက္ခိယံ ဝိဝဋ္ဋနိဿိ တံ၊ ဝိဝဋ္ဋပက္ခိကတ္တာ သမ္မာပဋိပဒါ ဝ ဟောတိ။

(သံ၊ ဋ္ဌ၊ ၂။ ၁၈)

ဤဖွင့်ဆိုချက်တို့ကို ထောက်လျှင် ဇာတိ(ဘဝ)ကို ဖြစ်စေတတ်သော ဝဋ္ဋဂါမိ (ဘဝဂါမိ) ကုသိုလ်ကံသည် မိစ္ဆာပဋိပဒါဖြစ်၍ ရှောင်ကြဉ်ရမည့်သဘောကို ပြနေပေသည်။ ထို့ကြောင့် "ဒီကံကလဲ ခင်ဗျားတို့ကို ဇာတိဖြစ်စေတယ်။ (မှန်ပါ)။ ဒီကံမျိုးဟာ လုပ်ကို မလုပ်ကောင်းတဲ့ကံ"ဟု မိုးကုတ်ဆရာတော်ကြီး ဟောကြားခြင်းသည် မှားသည်ဟု မဆိုနိုင်ပေ။

သို့သော်- ပရိယတ္တိသုတနည်းပါးသူတို့ အဓိပ္ပါယ်မှန်ကို မယူဆတတ်သော ပုဂ္ဂိုလ်များအဖို့ "ကံမှန်သမျှ ပယ်ရမည်" "ကုသိုလ်ကံ အကုသိုလ်ကံမှန်သမျှ ဘာတစ်ခုမျှ မပြုကောင်း" ဟု လွဲမှားစွာ ယူဆကြသူများ၊ ဟောပြောနေကြသူများ ရှိပေသည်။

ဘုရားရှင်ကိုယ်တိုင် "ကုသလံ ဘာဝေထ=ကုသိုလ်တွေကို တိုးပွားအောင် ပြုလုပ်ကြ။ အကုသလံ ပဇဟထ=အကုသိုလ်တွေကို ပယ်စွန့်ကြ ရှောင်ကြဉ်ကြ" စသည်ဖြင့် တိုက်တွန်းဟောကြားထားသောကြောင့် မည်သည့်ကုသိုလ်ကိုဖြစ်စေ ပြုလုပ်ရမည်သာ ဖြစ်ပေသည်။ ဇာတိကို ဖြစ်စေသည့် ကံမျိုးကို မလုပ်ရဟုလည်း အတိအကျ ဟောကြားထားခြင်းလည်းမရှိပေ။ အဆင့်နိမ့်ကုသိုလ်၊ အဆင့်မြင့် ကုသိုလ်၊ အလတ်စားကုသိုလ်ဟု သုံးမျိုးရှိရာဝယ် ပုဂ္ဂိုလ်၏ အသိဉာဏ်စွမ်းအား, သဒ္ဓါစွမ်းအားနှင့် ဝီရိယစွမ်းအား အလျောက်သင့်ရာကုသိုလ်များ ဖြစ်ပွားကြရပေသည်။

ကံက ဇာတိကို ဖြစ်စေသောကြောင့် ကံကို မပြုကောင်းဟုဆိုလျှင် ကုသိုလ်ကံအားလုံး မပြုကောင်းဟု အထင်မှားနိုင်ပေသည်။ သမ္မာဒိဋ္ဌိအခြေခံ၍ ပွားများဖြစ်ပေါ်စေအပ်သော ဝိပဿနာဘာဝနာကုသိုလ်သည်လည်း ကံပင်ဖြစ်သည်။ ထို့ အတူ-သမ္မာဒိဋ္ဌိကို အခြေခံ၍ ပြုအပ်သော ဒါနကုသိုလ်, စောင့်ထိန်းအပ်

သော သီလကုသိုလ်, ပွားများအပ်သော သမထဘာဝနာ ကုသိုလ်တို့သည်လည်း အဆင့်မြင့်သော ကုသိုလ်များသာဖြစ်သည်။

နိဗ္ဗာန်ကို ရည်းမှန်း၍ ပွားများအားထုတ်အပ်သော ဝိပဿနာဘာဝနာ ကုသိုလ်ကံသည်လည်း အရဟတ္တမဂ်ကို မရသေးသမျှ (ဝါ) ရဟန္တာမဖြစ်သေး သမျှ ဇာတိကို ဖြစ်စေသည်သာဖြစ်သောကြောင့် "ဇာတိကို ဖြစ်စေသောကံကို မပြုကောင်း"ဟု ဟောခြင်းသည် ထိုဝိပဿနာကံများနှင့် အောက်မဂ်စေတနာ များကိုလည်း ကန့်ကွက်ရာ ရောက်ပေသည်။

ထို့ကြောင့် ဆရာတော်ကြီး၏ "ဒီကံကလဲ ဇာတိကို ဖြစ်စေတတ်တယ်။ ဒီကံ မျိုးဟာ လုပ်ကို မလုပ်ကောင်းဘူး"ဟူသော စကားကို "ဒီကံကလဲ ဇာတိကို ဖြစ်စေတတ်တယ်။ အရဟတ္တမဂ်မရသေးသမျှ ကံတွေဟာ ဇာတိကို ဖြစ်စေမှာ ဖြစ်တဲ့အတွက် အရဟတ္တမဂ် မြန်မြန်ရအောင် ဝိဝဋ္ဋနိဿိတကံတွေ များများ ရအောင် အားထုတ်သင့်တယ်။ ဝိပဿနာဘာဝနာကံဟာ အဆင့်မြင့် ကုသိုလ်ကံ ဖြစ်လို့ နိဗ္ဗာန်ကို မြန်မြန်ရောက်စေနိုင်တာမို့ ဝိပဿနာတရားကို ကြိုးစားပွားများ အားထုတ်ကြ"ဟု ပြင်ဆင်ပေးသင့်သည်။

အမှတ် (၁၃/၅၄)

ဒေါ်ဓွိလကြီး ဘဝပေါင်းများစွာ ပိဋကတ်သုံးပုံဆောင်တာဘဲ။ တစ်ဘဝထဲ ဆောင်တာမဟုတ်ဘူး ဒကာကြွယ်ရ (မှန်လှပါ)။ ဘဝပေါင်း ၅၀၀-ပိဋကသုံးပုံ ဆောင်တယ်။ (အမှတ်စဉ်- ၇။ နှာ-၁၅၂)

ဘဝပေါင်း ၅၀၀-ပိဋကသုံးပုံဆောင်တယ်-ဟူသော ဆရာတော်ကြီး၏ ဟောပြောချက်သည် မှား၏ဟု စောဒကဆရာတော်က တင်ပြသည်။

ယင်းကို-

"သော ကိရ သတ္တန္နံ ဗုဒ္ဓါနံ သာသနေ တေ ပိဋကော ပဥ္စန္နံ ဘိက္ခုသတာနံ ဓမ္မံ ဝါစေသိ။" (ဓမ္မ၊ ဋ္ဌ၊ ၂။ ၂၆၂)နှင့်အညီ 'ဘုရား ၇-ဆူတို့၏ သာသနာမှာ ပိဋကသုံးပုံခဲ့ဆောင်တယ်' ဟု ပြင်ဆင်ရမည်။

အမှတ် (၁၃/၅၅)

ဒကာ ဒကာမတို့ ခန္ဓာကိုယ်ထဲမှာ တရားသည်ကားဆိုလို့ရှိရင် မည်းနက်တဲ့ ကံတရားလဲ ရှိနေတယ်နော်၊ (မှန်ပါဘုရား)။ ဖြူစင်တဲ့တရားရှိတယ်။ (ရှိပါတယ်

ဘုရား)။ တခါတလေ အမည်းအဖြူရောတဲ့တရားလဲ(ရှိပါတယ်ဘုရား)။ အမည်းအဖြူမရောတဲ့ တရားလဲ (ရှိပါတယ်ဘုရား)။ ဩော်. . ဒကာ ဒကာမတို့ သန္တာန်မှာ တရားကလည်း လေးမျိုးတောင် ရှိတယ်လို့မှတ်ရမယ်။ (အမှတ်စဉ်-၇၊ နှာ-၅၂၀)

ဤတရားကို နားကြားနေကြသည့် ပုဂ္ဂိုလ်အားလုံး တစ်ယောက်မကျန် နိဗ္ဗာန်ရပြီးသော အရိယာများ မဖြစ်နိုင်သောကြောင့် အကဏှ အသုက္ကကံ (အမည်းအဖြူ မရောတဲ့ကံ) မရနိုင်သဖြင့် "ဩော် ဒကာ ဒကာမတို့သန္တာန်မှာ တရားကလည်း လေးမျိုးတောင်ရှိတယ်လို့ မှတ်ရမယ်"ဟု မဟောသင့်ကြောင်း စောဒကဆရာ တော်က တင်ပြပေသည်။

ကံသည်-

- ကဏှ ကဏှဝိပါကကံ=မည်းနက်သော သဘောရှိ၍ မည်းနက်သော အကျိုးကိုပေးသည့် အကုသိုလ်ကံ။
- သုက္က သုက္ကဝိပါကကံ=ဖြူစင်သော သဘောရှိ၍ ဖြူစင်သော အကျိုးကိုပေးသည့် လောကီကုသိုလ်ကံ။
- ကဏှသုက္က ကဏှသုက္ကဝိပါကကံ=အမည်းအဖြူရော၍ အမည်းအဖြူ အကျိုးကိုပေးသည့် အကုသိုလ်ကံနှင့် လောကီကုသိုလ်ကံ။
- အကဏှအသုက္က အကဏှအသုက္ကဝိပါကကံ=အမည်းအဖြူ မရောဘဲ အမည်း အဖြူအကျိုးကို မပေးတတ်သည့် လောကုတ္တရာ ကုသိုလ်ကံ (မဂ် စေတနာ)- ဟုလေးမျိုးရှိသည်။

ဤကံလေးမျိုးတို့တွင် တရားနာနေကြသော ဒကာ ဒကာမများ၏ သန္တာန်၌ အမည်းကံ (အကုသိုလ်ကံ)အဖြူကံ (လောကီကုသိုလ်ကံ), အမည်းအဖြူ ရောနေသောကံ (လောကီကုသိုလ် အကုသိုလ်ကံ) ရှိနေသည်ကား သံသယ ဖြစ်စရာ မလိုပေ။

အကဏှံ အသုက္ကန္တိ ကမ္မက္ခယကရံ စတုမဂ္ဂဉာဏံ (စတုမဂ္ဂစေတနာကမ္မံ မ၊ ဋ္ဌ၊) အဓိပ္ပာယ်-(အံ၊ ဋ္ဌ၊ ၂။ ၃၉၁)အရ မဂ်စေတနာလေးပါး ဟူသော လောကုတ္တရာကုသိုလ်ကံကား တရားနာနေသော ဒကာ ဒကာမ အားလုံးတို့၏ သန္တာန်၌ ရှိနေသည်ဟု မဆိုသာပေ။ မရှိဘဲနဲ့ရှိသည်၊ အထင်ဖြင့် ပြောဆိုခြင်း ငှါလည်း မသင့်ပေ။

ဆရာတော်ကြီး ဟောကြားနေသော ဝိပဿနာတရားကို နာကြားနေခြင်း ဖြစ်သောကြောင့် ဒကာ ဒကာမတို့ သန္တာန်၌ ထိုအချိန်ဝယ် ဝိပဿနာဉာဏ်ဖြစ်

နေသည်ဟုပင် မဆိုသာပေ။ ဉာဏ်စိုက်၍ တရားနာနေသဖြင့် ဂိပဿနာဉာဏ် ဖြစ်နေသည်ဟုပင် ဆိုစေဦး၊ ထိုဝိပဿနာကုသိုလ်သည် အဖြူကံသာဖြစ်သည်။ တရားမနာမီ အချိန်တွေမှာ ဝိပဿနာကုသိုလ်တွေ ရှိခဲ့ဖြစ်ပါသည်ဆိုလျှင်လည်း ယင်းဝိပဿနာကုသိုလ်မှာ အဖြူကံသာဖြစ်ပေသည်။

**သောတာပန်, သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်တို့မှာ ဆိုင်ရာ မဂ်စေတနာဖြစ်ပြီး၍ အမည်းအဖြူမရောတဲ့ကံ (အစစ်ဟု မဆိုနိုင်သေး) ရသည်။ ရဟန္တာပုဂ္ဂိုလ်များ** မှာမူကား-အရဟတ္တမဂ်ကို ရသည်နှင့်တပြိုင်နက် အမည်းကံ အဖြူကံ ကံအားလုံးကို သတ်လိုက်နိုင်ပြီဖြစ်၍ ကံလေးမျိုးလုံး ရှိသည်ဟု မဆိုနိုင်တော့ပေ။ ပုထုဇဉ်များမှာကား အမည်းကံ, အဖြူကံ, အမည်းအဖြူရောသည့်ကံ-ဟု ကံသုံးမျိုးလုံးရှိနေရနေသည်ဟု ဆိုနိုင်ပေသည်။

ထို့ကြောင့် ဆရာတော်ကြီး၏ ဟောတရားကို-

"ဒကာ ဒကာမတို့ ခန္ဓာကိုယ်ထဲမှာ တရားသည်ကားဆိုလို့ရှိရင် မည်းနက်တဲ့ ကံတရားလည်း ရှိတယ်နော်၊ (မှန်ပါဘုရား)။ ဖြူစင်တဲ့တရားလည်းရှိတယ် (ရှိပါတယ်ဘုရား)။ တခါတလေ အမည်းအဖြူရောတဲ့ တရားလဲရှိ-(ရှိပါတယ်ဘုရား)။ ဪ. . ဒကာ ဒကာမတို့ သန္တာန်မှာ ဒီတရားသုံးမျိုးကတော့ သေချာပေါက် ရှိတယ်လို့ မှတ်ရမယ်။ ဝိပဿနာဉာဏ်အားကောင်းလို့ တစ်မဂ် တစ်ဖိုလ် ရလာရင် အမည်းအဖြူ မရောတဲ့ကံလဲရလာ ရှိလာမယ်။ အမည်းအဖြူ မရောတဲ့ကံ ရလာမှ ချမ်းသာမှာမို့ အမည်းအဖြူ မရောတဲ့ကံ မဂ်စေတနာတွေ ပေါ်လာအောင် ဝိပဿနာရှုမှတ်မှုကို ကြိုးစားအားထုတ်ကြရမယ်"ဟု ပြင်ဆင်သင့်မပေသည်။

တိပ်ခွေ၌ကား-"အမည်းအဖြူ မရောတဲ့ တရားလဲ (ရှိပါတယ်ဘုရား)။ ဪ. . ဒကာ ဒကာမတို့ သန္တာန်မှာ တရားကလည်း လေးမျိုးတောင် ရှိတယ်လို့မှတ်ရမယ်" ဟူသော စကားရပ်ကို ပယ်ဖျက်ပေးရမည်။

### အမှတ် (၁၃/၅၆)

ခင်ဗျာတို့ ပြုံးမှာ ခင်ဗျားတို့ မဲ့မှာကို ဘုရားသခင်သည်ကားဆိုရင် အလွန် စိုးရိမ်တော်မူတယ်။ (အမှတ်စဉ်- ၈၊ နှာ-၂၈)

ဘုရားရှင်၌ ဒေါသမရှိသောကြောင့် စိုးရိမ်ခြင်း၊ မရှိနိုင်၊ သို့ပါလျက် 'ဘုရားသခင်သည်ကားဆိုရင် အလွန်ဂိုးရိမ်တော်မူတယ်' ဟောခြင်းသည် မှားသည်ဟု စောဒကဆရာတော်က စောဒနာပေသည်။

ယင်းနှင့် စပ်လျဉ်း၍ အမှတ် (၁၃/၆) အမှတ် (၁၃/၂၅) စောဒနာစိစစ်ချက်၌ ပြဆိုပြီးသည့်အတိုင်း အများနားလည်သော စကားဖြင့် စိုးရိမ်တော်မူသည်-ဟု သုံးသောကြောင့် မှားသည်ဟု မဆိုနိုင်ပေ။

**အမှတ်စဉ် (၁၃/၅၇)**

**သန္တိဌိကောဆိုတာ ဒိဋ္ဌဓမ္မောဘဲ။** (အမှတ်စဉ်-၈၊ နှာ-၂၇)

စောဒကဆရာတော်က သန္ဒိဋ္ဌိကောအရက လောကုတ္တရာတရားကိုးပါး၊ ဒိဋ္ဌ-ဓမ္မောက အရိယသစ္စာကို သိမြင်သော အရိယာပုဂ္ဂိုလ်ဖြစ်သောကြောင့် သန္ဒိဋ္ဌိ-ကော ဆိုတာ ဒိဋ္ဌဓမ္မောဘဲ-ဟု ဟောခြင်းသည် မှားသည်ဟု စောဒနာလေသည်။

ဗုဒ္ဓလမ်းစဉ်သည် သူတစ်ပါးပြောစကားဖြင့် ကျေနပ်မနေရဘဲ ကိုယ်တိုင်လက်တွေ့သိမြင်အောင် အားထုတ်ရသော လမ်းစဉ်ဖြစ်သည်။ သန္ဒိဋ္ဌိကောအရ ဝိသုဒ္ဓိမဂ်အဋ္ဌကထာက လောကုတ္တတရားကိုးပါးတို့ကို မုချယူသော်လည်း အင်္ဂုတ္တရပါဠိတော် သံယုတ်ပါဠိတော်တို့အရ ဝိပဿနာဉာဏ်၏ အာရုံဖြစ်ထိုက်သော လောကီရုပ်နာမ်တို့ကိုလည်း ယူနိုင်ကြောင်း အမှတ်(၉) စောဒနာ၌ စိစစ်ပြီးဖြစ်ပေသည်။

ထိုရုပ်နာမ်တို့ကို ဝိပဿနာဉာဏ်ဖြင့် ရှုဖန်များပါလျှင် ဝိပဿနာဉာဏ်စွမ်းအား ပြည့်မြောက်၍ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပေသည်။

ဒိဋ္ဌဓမ္မောကို ကျမ်းဂန်တို့၌ "ဒိဋ္ဌော အရိယသစ္စဓမ္မော ဧတေနာတိ ဒိဋ္ဌဓမ္မော" ဟု ဖွင့်ဆိုသောကြောင့် အရိယာပုဂ္ဂိုလ်ကို ရသော်လည်း "ဗဟုဗ္ဗီဟိ၊ အဿတ္ထိဟု၊ ရှိသည့်အရာ၊ သဘောမှာ၊ နာနန္တရိကနည်းယူမြဲ"ဟူသော ဘုရားကြီးနိယံ (၂၀၃) နှင့် အညီ ထိုအရိယာပုဂ္ဂိုလ်တို့၏ သန္တာန်၌တည်သော အရိယသစ္စာတရားတို့ကိုလည်း ယူနိုင်ပေသည်။

ထို့ကြောင့် သန္ဒိဋ္ဌိကောနှင့် ဒိဋ္ဌဓမ္မောကို အတူတူဟု ဆိုလျှင် ဖြစ်နိုင်ပေသည်။

သို့ဖြစ်ရာ "သန္ဒိဋ္ဌိကောဆိုတာ ဒိဋ္ဌဓမ္မောဘဲ"ဟု ဟောခြင်းကို မှားသည်ဟု မဆိုနိုင်ပါ။ သို့သော် အသိရှင်းစေရန် "သန္ဒိဋ္ဌိကောရှိမှ ဒိဋ္ဌဓမ္မောဖြစ်မယ်။"ဟု ပြင်ပေးမှသာ ကြောင်းကျိုးဆက်သွယ်နည်းအရ မှန်ကန်မည် ဖြစ်ပေသည်။

**အမှတ် (၁၃/၅၈)**

အဇ္ဈာတသတ်ဟာ သာမညဖလသုတ်ကို ဟောရင် သူရဟန္တာဖြစ်မယ်။

(အမှတ်စဉ်-၈၊ နှာ-၉၆)

ရဟန္တာဖြစ်မယ်ဟူသော ဟောပြောချက်သည် မှားသည်ဟု စောဒနက ဆရာတော်က တင်ပြသည်။

ယင်းကို-

"သစာယံ ဘိက္ခဝေ ရာဇာ ပိတရံ ဓမ္မိကံ ဓမ္မရာဇာနံ ဇီဝိတာ န ဝေါရောပေ- ဿထ၊ ဣမသ္မိံ ယေဝ အာသနေ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥပ္ပဇ္ဇိဿထ။" (ဒီ၊ ၁။ ၈၁)

"သစေ ဣမိနာ ပိတာ ဃာတိတော နာဘဝိဿ၊ ဣဒါနိ ဣမေဝါသနေ နိသိန္နော သောတာပတ္တိမဂ္ဂံ ပတ္တော အဘဝိဿ" (ဒီ၊ ဋ၊ ၁။ ၂၁၂)

တို့နှင့်အညီ "အဇာတသတ်ဟာ အဖေကို မသတ်ခဲ့မိလို့ရှိရင် သာမညဖလသုတ် နာပြီးတာနဲ့ သောတာပန်ဖြစ်နိုင်တယ်"ဟု ပြင်ဆင်ရမည်။

## အမှတ် (၁၃/၅၉)

အရှင်အာနန္ဒာကို ဘုရားကမေးတော့ ကလျာဏမိတ္တဟာ ဘယ်လောက်များ ကျေးဇူးများသတုန်း အာနန္ဒာရ။ ဘုရားက ခေါ်မေးတာ။

(အမှတ်စဉ်-၈၊ နှာ-၁၀၀)

အရှင်အာနန္ဒာကို ဘုရားက ခေါ်မေးခြင်းမဟုတ်၊ အရှင်အာနန္ဒာက လာရောက် မေးလျှောက်သဖြင့် ဟောကြားခြင်းဖြစ်၍ မှားသည်ဟု စောဒက ဆရာတော်က တင်ပြသည်။

ဧကမန္တံ နိသိန္နော ခေါ အာယသ္မာ အာနန္ဒော ဘဂဝန္တံ ဧတဒဝေါစ "ဥပဍ္ဎမိဒံ ဘန္တေ ဗြဟ္မစရိယံ ယဒိဒံ ကလျာဏမိတ္တတာ ကလျာဏသဟာ ယတာ ကလျာဏသမ္ပဝင်္ကတာ"တိ။ မာဟေဝံ အာနန္ဒ၊ မာဟေဝံ အာနန္ဒ၊ သကလ မေဝိဒံ အာနန္ဒ ဗြဟ္မစရိယံ ယဒိဒံ ကလျာဏမိတ္တတာ ကလျာဏ- သဟာယတာ ကလျာဏသမ္ပဝင်္ကတာ။ (သံ၊ ၃။ ၂)

ကို ထောက်၍ ဘုရားရှင်က မေးမြန်းခြင်းမဟုတ်ဘဲ အရှင်အာနန္ဒာကသာ ဘုရားရှင်ကို လျှောက်ထားခြင်းဖြစ်သောကြောင့် ဆရာတော်ကြီး၏ ဟောပြော ချက်သည် မှားယွင်းနေပေသည်။

သို့ဖြစ်၍ ယင်းစကားနှင့်အလားတူ စကားရပ်များကို ဟောစဉ်စာအုပ် များမှလည်းကောင်း၊ အသံသွင်းတိပ်ခွေများမှလည်းကောင်း ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၆၀)

အို လောဘလဲ ဝေဒနာဘဲ၊ လောဘသည် သောမနဿဝေဒနာလဲ ဖြစ်နိုင်တယ်။ ဥပေက္ခာဝေဒနာလဲ ဖြစ်နိုင်တယ်။ (အမှတ်စဉ်-၈၊ နှာ- ၁၄၅)

လောဘနှင့်ဝေဒနာသည် သီးခြားလက္ခဏာ ကိုယ်စီရှိကြသော ပရမတ္ထ စေတသိက်များဖြစ်သောကြောင့် လောဘလဲ ဝေဒနာဘဲ-ဟု ဟောခြင်းသည် မှား၏ဟု စောဒကဆရာတော်က တင်ပြထားပေသည်။

၎င်းစကားကို မိုးကုတ်ဆရာတော်ကြီးက တဏှာလောဘကို ဝေဒနာနုပဿနာ စိတ္တာနုပဿနာ ဓမ္မာနုပဿနာ ရှုပုံကို နည်းပေးလမ်းညွှန်ရင်း ဟောတော်မူသည် ကို တွေ့ရပေသည်။

လောဘမူစိတ်ကို စိတ္တာနုပဿနာနည်းဖြင့် ရှုရာ၌ဖြစ်စေ၊ ဝေဒနာကို ဝေဒနာနုပဿနာ, တဏှာကို ဓမ္မာနုပဿနာနည်းဖြင့် ရှုရာ၌ဖြစ်စေ၊ လောဘမူစိတ်, ဝေဒနာ, တဏှာတို့သည် သမ္ပယောဂလက္ခဏာအရ တစ်ခုသောအာရုံတွင် ခွဲခြားမရလောက်အောင် တစ်ပေါင်းတည်း ယှဉ်နေကြသည့် တရားများဖြစ်သည်။

ယင်းသို့ တစ်ပေါင်းတည်းယှဉ်ကြသော်လည်း လောဘမှာ-

"လောဘော အာရမ္မဏဂ္ဂဟဏလက္ခဏော မက္ကဋာလေပေါ ဝိယ၊
အဘိသင်္ဂရသော တတ္တကပါလေ ပက္ခိတ္တမံသပေသိ ဝိယ၊
အပရိစ္စာဂပစ္စုပဋ္ဌာနော တေလဥ္စနရာဂေါ ဝိယ၊
သံယောဇနိယေသု ဓမ္မေသု အဿာဒဒဿနပဒဋ္ဌာနော။
(အဘိ၊ ဋ္ဌ၊ ၁။ )ဟု လည်းကောင်း၊
ဝေဒနာမှာ-
"ဝေဒနာ ဝေဒယိတလက္ခဏာ၊ အနုဘဝနရသာ၊ ဣဋ္ဌာကာရ သမ္ဘောဂရသာ ဝါ။

စေတသိကအဿာဒပစ္စုပဋ္ဌာနာ၊ ပဿဒ္ဓိပဒဋ္ဌာနာ။" (အဘိ၊ ဋ္ဌ၊ ၁။ ၁၅၂) ဟု လည်းကောင်း၊ ကိုယ်ပိုင် သီးခြားလက္ခဏာရှိကြသော တရားများဖြစ်သည်။

ထို့ကြောင့် "လောဘလဲ ဝေဒနာဘဲ"ဟူသော မိုးကုတ်ဆရာတော်ကြီး ဟောကြားချက်သည် အဘိဓမ္မာ ဒေသနာများနှင့် ဆန့်ကျင်နေပေသည်။

သို့ဖြစ်၍ အဘိဓမ္မာဒေသနာတော်နှင့် မဆန့်ကျင်အောင် အထက်ပါ "လောဘလဲ ဝေဒနာဘဲ"ဟူသော စကားကို "လောဘဟာ ဝေဒနာနဲ့ယှဉ်တဲ့ တရားဘဲ၊ ဒါကြောင့် လောဘဟာ သောမနဿဝေဒနာလဲ ဖြစ်နိုင်တယ်၊ဥပေက္ခာ

ဝေဒနာလဲ ဖြစ်နိုင်တယ်”ဟု ဟောစဉ်စာအုပ်တို့၌ ပြင်ဆင်ပေးမည်။ အသံသွင်းတိပ်ခွေ၌ကား “လောဘလဲ ဝေဒနာဘဲ”ဟူသော စကားရပ်ကို ပယ်ဖျက်ပေးရမည်။

### အမှတ် (၁၃/၆၁)

ဝါမဆိုခင် အဖိတ်နေ့လောက်က တောထွက်တယ်၊ ပြန်လာပြီးတော့ ဝါဆိုမီ သူက ရဟန္တာဖြစ်ပြီး ဝါဆိုမှာဘဲ (မှန်ပါ)။ အရှင်နာဂဝံသလို့ ခေါ်တယ်၊ ဘုရားလက်ထက်က။ (အမှတ်စဉ်-၈၊ နှာ-၁၆၇/၈)

အရှင်နာဂဝံသဟူသော အမည်လွဲမှားနေကြောင်း စောဒကဆရာတော်က ထောက်ပြထားသည်။

၎င်းကို-

“အဿုဇာရာ ပဝတ္တန္တိ ဂါမန္တပဗ္ဘာရဝါသီ မဟာသီဝတ္ထေရဿ ဝိယ။ ထေရော ကိရ အဋ္ဌာရသ မဟာဂဏေ ဝါစေသိ၊ (ပ) ထေရော ကိရ ‘မာဒိသဿ အရဟတ္တံ နာမ ကိံ'၊ ဒွိဟတီဟေနေဝ ပါပုဏိတွာ ပစ္စာဂမိဿာမီ'တိ အန္တောဝါသိကာနံ အနာရောစေတွာဝ အာသဠှီမာသဿ ဇုဏှပက္ခတေရသိယာ နိက္ခန္တော။ (ဒီ၊ ဋ္ဌ၊ ၂။ ၃၁၉/၃၂၀)

ကို ထောက်၍ “ဝါဆိုလဆန်း ၁၃-ရက်နေ့ တောထွက်တယ်၊ ပြန်လာပြီးတော့ ဝါဆိုမီ သူက ရဟန္တာဖြစ်ပြီး ဝါဆိုမှာဘဲ (မှန်ပါ)။ အရှင်မဟာ- သီဝလို့ ခေါ်တယ်” ဟု ပြင်ရမည်။

### အမှတ် (၁၃/၆၂)

ဒါလောက်တောင် မရချင်လှတယ်။ စိတ်ပျက်ပြီးသကာလ ဗျာပါဒနီဝရဏ ဒေါသဖြစ်ပြီး ငိုလိုက်တယ်။ (မှန်ပါ)။ ၁၂-နှစ် အားထုတ်ပြီး ငိုလိုက်တယ်။ (အမှတ်စဉ်-၈၊ နှာ-၁၆၈)

ဤ ဟောတရား၌ “၁၂-နှစ် အားထုတ်ပြီး ငိုလိုက်တယ်”ဟူသော စကားမှားသည်ဟု စောဒကဆရာတော်က တင်ပြလေသည်။

၎င်းစကားရပ်ကိုလည်း-

“ထေရော တိံ သသံဝစ္ဆရေ မဟာပဝါရဏာ ဒိဝသေ အာလမ္ဗဏဖလကံ နိဿာယ ဌိတော။ ‘ဣဒါနိ မေ တိံ သဝဿာနိ သမဏဓမ္မံ ကရောန္တဿ နာသက္ခိံ အရဟတ္တံ ပါပုဏိတုံ၊ အဒ္ဓါ မေ ဣမသ္မိံ အတ္တဘာဝေ မဂ္ဂေါ ဝါ ဖလံ ဝါ နတ္ထိ၊ န မေ လဒ္ဓံ သပြဟ္မစာရီဟိ သဒ္ဓိံ ဝိသုဒ္ဓိပဝါရဏံ ပဝါရေတုံ'

န္တိ စိန္တေသိ။ တသောဝံ စိန္တယတောဝ ဒေါမနဿံ ဥပ္ပဇ္ဇိ အဿုဓာရာ ပဝတ္တန္တိ။" ဟူသော အဋ္ဌကထာ (ဒီ၊ ဋ္ဌ၊ ၂။ ၃၂၁)ကို ထောက်၍ "အနှစ်သုံးဆယ် အားထုတ်ပြီး ငိုလိုက်တယ်"ဟု ပြင်ဆင်ရမည်။

အမှတ် (၁၃/၆၃)

သင်္ခါရုပေက္ခာဉာဏ်ရောက်လို့ရှိရင် အနုလောမ, ဂေါတြဘူဉာဏ်တို့ဆိုတာ တစ်ဝီထိတည်းလို့ မှတ်ပါ။ (မှန်ပါ)။ တစ်ဝီထိတည်းဆိုတာက ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, မဂ်၊ ဒါ တစ်ဝီထိတည်းဘဲ။ စာမှာသာ ဉာဏ်ခွဲသွားတာ။

(အမှတ်စဉ်-၈၊ နှာ-၁၇၁)

စောဒကဆရာတော်က ဘုရားအလောင်းတော်ကြီးများ၏ ဝိပဿနာဉာဏ်သည် သင်္ခါရုပေက္ခာဉာဏ်တိုင်အောင် ဖြစ်ကြသော်လည်း မဂ်ဖိုလ်သို့ မကူးသောကြောင့် သင်္ခါရုပေက္ခာဉာဏ်ရောက်လို့ရှိရင် အနုလောမ, ဂေါတြဘူဉာဏ်တို့ ဆိုတာ တစ်ဝီထိတည်းလို့ မှတ်ပါ-ဟု ဟောခြင်းသည် မှားပါသည်ဟု တင်ပြပေသည်။

သင်္ခါရုပေက္ခာဉာဏ်သည် အနုစား, အရင့်စားဟု နှစ်မျိုးရှိသည်။ မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်တို့သည်လည်း သင်္ခါရုပေက္ခာဉာဏ်၌ အကျုံးဝင်သည်။

[တံ ပနေတံ ပုရိမေန ဉာဏဒွယေန အတ္ထတော ဧကံ။ တေနာဟု ပေါရာဏာ ဣဒံ သင်္ခါရုပေက္ခာဉာဏံ ဧကမေဝ တီဏိ နာမာနိ လဘတိ။ ဟေဋ္ဌာ မုဉ္စိတုကမျတာဉာဏံ နာမ ဇာတံ၊ မဇ္ဈေ ပဋိသင်္ခါနုပဿနာဉာဏံ နာမ၊ အန္တေ စ သိခါပ္ပတ္တံ သင်္ခါရုပေက္ခာဉာဏံ နာမ။ (ဝိသုဒ္ဓိ၊ ၂။ ၂၉၈/၂၉၉)]

မုဉ္စိတုကမျတာဉာဏ်အဆင့်, ပဋိသင်္ခါဉာဏ်အဆင့်နှင့် (အဖန်ဖန် အထပ်ထပ် မပွားရသေးသဖြင့်) သိခါပတ္တ တိက္ခတရ မဖြစ်သေးသော သင်္ခါရု ပေက္ခာဉာဏ်တို့သည် အနုစားသင်္ခါရုပေက္ခာဉာဏ်မည်၏။ ယင်းအနုစား အဆင့်၌ အနုလောမဉာဏ်နှင့် ဂေါတြဘူ, မဂ်, ဖိုလ်များ မဖြစ်နိုင်။

သင်္ခါရုပေက္ခာဉာဏ်ကို အဖန်ဖန် အထပ်ထပ် ပွားများသဖြင့် အထွတ်အထိပ် ရောက်အောင် ရင့်သန်ထက်မြက်လာသောအခါ သင်္ခါရုပေက္ခာဉာဏ် အရင့်စား ဖြစ်၏။ ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, သင်္ခါရုပေက္ခာဉာဏ်ဇော ၇-ကြိမ်, ထို့နောင် ဘဝင်ကျသည်။

ဘဝင်အနည်းငယ် ခြားပြီးနောက် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာ-ဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံဟု အနုလောမဉာဏ်ဖြစ်၏။ ထို့နောင် ဂေါတြဘူ စိတ် ဖြစ်ပြီး မဂ်, ဖိုလ်စိတ်များ (မဂ္ဂဝီထိ) ဖြစ်တော့၏။

ဤသည်ကို ကြည့်လျှင်-သိခါပ္ပတ္တ တိက္ခတရဖြစ်သော သင်္ခါရုပေက္ခာဉာဏ် ဖြစ်မှ အနုလောမဉာဏ် ဖြစ်နိုင်သည်။ မဂ္ဂဝီထိတွင် ပါဝင်သော ပရိကံ, ဥပစာ, အနုလုံတို့ကိုသာ အနုလောမဉာဏ်ခေါ်သဖြင့် အနုလောမဉာဏ်နှင့် သင်္ခါရုပေက္ခာဉာဏ်တို့ တစ်ဝီထိတည်းတွင် အတူမဖြစ် ကြောင်း သိနိုင်ပေသည်။

သိခါပ္ပတ္တ တိက္ခတရဖြစ်သော သင်္ခါရုပေက္ခာဉာဏ်သည် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, သင်္ခါရုပေက္ခာဉာဏ် ဇော ၇-ကြိမ်ဟူသော ဝီထိစဉ်ဖြင့် ဖြစ်ပြီး ချုပ်သည်။ ထို့နောက် ဘဝင်အနည်းငယ်ခြားပြီး ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, မဂ်,ဖိုလ်, ဖိုလ်---ဘွင်-ဟု မဂ္ဂဝီထိဖြစ်သည်။

ဤ၌ သတိပြုရန်မှာ-

အဘိဓမ္မတ္ထသင်္ဂဟကျမ်း ကမ္မဋ္ဌာန်းပိုင်း၌ "ယာ သိခါပတ္တာ၊ သာ သာနုလောမာ သင်္ခါရုပေက္ခာ ဝုဋ္ဌာနဂါမိနီဝိပဿနာတိ စ ပဝုစ္စတိ- အနုလောမဉာဏ်နှင့် တကွဖြစ်သော သိခါပ္ပတ္တဖြစ်သော သင်္ခါရုပေက္ခာ ဉာဏ်ကို ဝုဋ္ဌာနဂါမိနီဝိပဿနာဟူ၍ ဆိုအပ်၏"ဟု ဆိုရာမဂ္ဂဝီထိတွင် ပါဝင်နေသော ပရိကံ, ဥပစာ, အနုလုံဟူသော အနုလောမဉာဏ်နှင့်တကွ သင်္ခါရုပေက္ခာဉာဏ်ဖြစ်၏ဟု မှတ်ထင်ဖွယ်ရှိ၏။ အထက်၌ ပြအပ်ပြီး သည့်အတိုင်း သင်္ခါရုပေက္ခာဉာဏ်ဖြစ်စဉ် ဝီထိက တခြား၊ အနုလောမ ဉာဏ်ဖြစ်စဉ် ဝီထိပါသော မဂ္ဂဝီထိကတခြား ဖြစ်၏။ သို့သော် ထိုစိတ်အစဉ် (ဝီထိ)နှစ်ခုတို့ တစ်ခုနှင့်တစ်ခု ဘဝင်အနည်းငယ်သာခြားသဖြင့် အနုလောမ ဉာဏ်နှင့်တကွ ဖြစ်သော သင်္ခါရုပေက္ခာဉာဏ်ဟု ဆိုခြင်း ဖြစ်သည်။

ဆိုလိုသည်မှာ-

သင်္ခါရုပေက္ခာဉာဏ်အရင့်စားဝီထိတွင် ပါဝင်သော သင်္ခါရုပေက္ခာ ဉာဏ်နှင့်မဂ္ဂဝီထိတွင် ပါဝင်သော အနုလောမဉာဏ်တို့ကို ဝုဋ္ဌာန ဂါမိနီ ဝိဿနာ-ဟု ဆိုလိုပေသည်။

တဿောဝ ပဋိပဇ္ဇန္တဿ ပန ဝိပဿနာပရိပါသမာဂမ္မ "ဣဒါနိ ဥပ္ပဇ္ဇိဿတီ"တိ ဘဝင်္ဂံ ဝေါစ္ဆိန္ဒိတွာ ဥပ္ပန္နမနောဒွါရာဝဇ္ဇနာနန္တရံ ဒွေ တီဏိ

ဝိပဿနာစိတ္တာနိ ယံ ကိဉ္စိအနိစ္စာဒိလက္ခဏမာရဗ္ဘ ပရိကမ္မောပစာရာ နုလောမနာမေန ပဝတ္တန္တိ။ (ပ)တတော ပရံ ဂေါတြဘုစိတ္တံ နိဗ္ဗာနမာလမ္ဗိတွာ (ပ)တဿာနန္တရမေဝ မဂ္ဂေါ ဒုက္ခသစ္စံ ပရိဇာနန္တော (ပ)မဂ္ဂသစ္စံ ဘာဝနာ ဝသေန အပ္ပနာဝီထိ မောတရတိ။ တတော ပရံ ဒွေ တီဏိ ဖလစိတ္တာနိ ပဝတ္တိတွာ ဘဝင်္ဂပါတောဝ ဟောတိ။ (အဘိဓမ္မ ထ္ထ သင်္ဂဟ၊ကမ္မဋ္ဌာန်းပိုင်း)

ဝိပဿနာယ ပရိပါကော ဝိပဿနာ ပရိပါကော၊ သင်္ခါရု ပေက္ခာဉာဏံ။ (ဋီကာကျော်၊ ၂၇၂)

မဂ္ဂဝီထိယံ ဂေါတြဘုတော ပုဗ္ဗေ ပဝတ္တံ သစ္စာနုလောမိကဉာဏသင်္ခါတံ နဝမံ အနုလောမဉာဏံ။ (ဋီကာကျော်၊ ၂၇၂)

တဿ ဟိ တံ သင်္ခါရုပေက္ခာဉာဏံ အာသေဝန္တဿ ဘာဝေန္တဿ ဗဟုလီကရောန္တဿ အဓိမောက္ခသဒ္ဓါ ဗလဝတရာ ဟောတိ၊ ဝီရိယံ သုပဂ္ဂဟိတံ၊ သတိ သူပဋ္ဌိတာ၊ စိတ္တံ သုသမာဟိတံ၊ သင်္ခါရုပေက္ခာဉာဏံ တိက္ခတရံ ပဝတ္တတိ၊ တဿ ဣဒါနိ မဂ္ဂေါ ဥပ္ပဇ္ဇိဿတီတိ သင်္ခါရုပေက္ခာယ သင်္ခါရေ "အနိစ္စာတိ" ဝါ "ဒုက္ခာ"တိ ဝါ "အနတ္တာ"တိ ဝါ သမ္မသိတွာ ဘဝင်္ဂံ ဩတရတိ။

ဘဝင်္ဂါနန္တရံ သင်္ခါရုပေက္ခာယ ကတနယေနေဝ သင်္ခါရေ "အနိစ္စာ"တိ ဝါ "ဒုက္ခာ"တိ ဝါ "အနတ္တာ"တိ ဝါ အာရမ္မဏံ ကုရုမာနံ ဥပ္ပဇ္ဇတိ မနောဒွါရာဝဇ္ဇနံ၊ တဒနန္တရံ တထေဝ သင်္ခါရေ အာရမ္မဏံ ကတွာ ဒွေတီဏိ စတ္တာရိ ဝါ ဇဝနစိတ္တာနိ ဥပ္ပဇ္ဇန္တိ။ တံ သမ္ပယုတ္တံ ဉာဏံ အနုလောမဉာဏံ။ (ပဋိသံ၊ ဋ္ဌ၊ ၁။ ၂၄)

ဤပါဠိတော်တို့၌ ဘဝင်္ဂံ ဝေါစ္ဆိန္ဒိတွာ, ဘဝင်္ဂံ ဩတရတိ-တို့ဖြင့် သင်္ခါရုပေ-က္ခာဉာဏ် အရင့်စား (သိခါပ္ပတ္တ တိက္ခတရ) ၏ နယ်ပယ်အဆုံးကို ပြသည်။ ဥပ္ပန္နမနောဒွါရာဝဇ္ဇနာနန္တရံ, ဘဝင်္ဂါနန္တရံ-ပါဌ်တို့ဖြင့် အနုလောမဉာဏ်၏ အစကို ပြသည်။

ထို့ကြောင့် သင်္ခါရုပက္ခောဉာဏ်နှင့် အနုလောမဉာဏ်တို့သည် တစ်ဝီထိ တည်း၌ မဖြစ်ကြောင်း၊ အနုလောမဉာဏ်နှင့် ဂေါတြဘူမဂ်ဖိုလ်တို့သာ တစ်ဝီထိ တည်းတွင် အတူဖြစ်ကြောင်း သိအပ်ပေသည်။

သို့ဖြစ်၍ ဆရာတော်ကြီး၏ ဟောတရားတွင် "သင်္ခါရုပေက္ခာ ရောက်လို့ရှိရင် အနုလောမ, ဂေါတြဘူဉာဏ်တို့ဆိုတာ တစ်ဝီထိတည်းလို့ မှတ်ယူလိုက်ပါ" ဟူ

သော စကားကို ဟောစဉ်စာအုပ်များမှ လည်းကောင်း၊ အသံသွင်းတိပ်ခွေများမှ လည်းကောင်း ပယ်ဖျက်ပေးရမည်။

**အမှတ် (၁၃/၆၄)**

အရှင်ဘုရား န္တားနို့ကောင်းကောင်း သောက်ရအောင်လို့ပြောတယ်။ အဲဒီတော့ အရှင်သာရိပုတ္တရာက ငါ ဆွမ်းစားမယ်ကွ၊ သို့သော် နေ့လည် ငါဟာ ဘယ်သစ်ပင်နားမှာ နေမယ်။ အဲဒီချိန် မင်း လာခဲ့ဦး။

(အမှတ်စဉ်-၈၊ နှာ-၂၁၆/၂၁၇)

ဤဟောတရား၌ "ငါဆွမ်းစားမယ်ကွ"ဟူသော စကားမှားကြောင်း စောဒကဆရာတော်က တင်ပြပေသည်။

ယင်းစကားရပ်ကို-

"ကုတော ဘော သာရိပုတ္တ ပယောပီယတံ၊ တဝ ဘတ္တဿ ကာလော ဘဝိဿတီတိ၊အလံ ဗြာဟ္မဏ၊ကတံ မေ အဇ္ဇ ဘတ္တကိစ္စံ၊အမုကသ္မိံ မေရုက္ခ မူလေ ဒိဝါဝိဟာရော ဘဝိဿတိ၊တတ္ထ အာဂစ္ဆေယျာသီတိ" (မ၊ ၂။ ၂၃၉၆) ၌ 'ကတံ မေ အဇ္ဇ ဘတ္တကိစ္စံ' ကိုထောက်၍ "ဒီနေ့ ငါ့အတွက် ဆွမ်းစားပြီးပြီ"ဟု ပြင်ပေးရမည်။ အသံသွင်းတိပ်ခွေ၌ ယင်းစကားကို ပယ်ဖျက်ပေးရမည်။

**အမှတ် (၁၃/၆၅)**

ဩော်. . . မင်း ဖျင်းပါဘိကွာ၊ နိဗ္ဗာန်ရောက်မဲ့ ပုဂ္ဂိုလ်ကို မင်းသမထများ သွားဟောခဲ့တာ၊ ငါ အံ့ပါရဲ့။ (အမှတ်စဉ်-၈၊ နှာ-၂၁၈)

ရဟန္တာဖြစ်သော အရှင်သာရိပုတ္တရာအား ချီးနှိမ်သောအားဖြင့် ဘုရားရှင်က မင်းဖျင်းပါဘိကွာ စသည်ဖြင့် ပြောမည်မဟုတ်ပါ။ မိုးကုတ်ဆရာတော်ကြီးက အနုပညာဆန်ဆန် ဟောကြားထား၍ မှားပါသည်ဟု စောဒကဆရာတော်က တင်ပြထားပေသည်။

ကိံ ပန သာရိပုတ္တ သန္တေသု ဗြာဟ္မဏံ သတိ ဥတ္တရိကရဏီယေ ဟီနေ ဗြဟ္မလောကေ ပတိဋ္ဌာပေတွာ ဥဋ္ဌာယာသနာ ပက္ကန္တောတိ။ (မ၊ ၂။ ၄၀၆) ကိုထောက်၍ ယင်းစကားရပ်ကို "သာရိပုတ္တရာ အဘယ်ကြောင့် သင်ဟာ ဓနဉ္စာနိပုဏ္ဏားကို အထက်ပြုဖွယ် ကိစ္စရှိနေပါလျက် ယုတ်ညံ့တဲ့ ဗြဟ္မာ့ပြည် ရောက် ကြောင်း အကျင့်မှာ တည်စေပြီးတော့ နေရာက ထ,လာခဲ့ရတာလဲ"ဟု ပြင်ပေးမှ သာ ပါဠိတော်နှင့်ညီညွတ်မည်ဖြစ်ပေသည်။ အသံသွင်းတိပ်ခွေ၌ ယင်းစကားရပ် အားလုံးကို ပယ်ဖျက်ပေးရမည်။

အမှတ် (၁၃/၆၆)

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက နေ့တိုင်းလို နန်းတော်သို့ ဆွမ်းခံ မလာဘူးဗျ၊ (မှန်ပါ)။ ဘုရားက မကြွဘူး (မှန်ပါ) ။ ကြွရင် "သူ့ခင်ပွန်းမ အခု ဘယ်ဘုံရောက်နေတုန်းဘုရား"သူကလည်း မေးမှာ။ (ပ) ခုနစ်ရက် မကြွဘဲ နေလိုက်တယ်။ (အမှတ်စဉ်-၈၊ နှာ-၂၅၂)

မိုးကုတ်ဆရာတော်ကြီး၏ ဤဟောကြားချက်များသည် တကယ်အဖြစ်မှန်နှင့် တခြားစီဖြစ်နေ၍ မှားပါသည်ဟု စောဒကဆရာတော်က တင်ပြပေသည်။

အဖြစ်မှန်ကို ဓမ္မပဒအဋ္ဌကထာ၌ အောက်ပါအတိုင်း ဖော်ပြထားပေသည်။

သော ဗလဝသောကာဘိဘူတော တဿာ သရီရကိစ္စံ ကာရေတွာ နိဗ္ဗတ္တဋ္ဌာနမဿာ ပုစ္ဆိဿာမီတိ သတ္ထု သန္တိကံ အဂမာသိ၊ သတ္ထာ ယထာ သော အာဂတကာရဏံ န သရတိ၊ တထာ အကာသိ။ (ပ) သတ္ထာပိ ပဋိပါဋိယာ သတ္တဒိဝသာနိ ယထာ သော န သရတိ၊ တထာ အကာသိ။ (ဓမ္မ၊ ဋ္ဌ၊ ၂။ ၇၆)

ဤအဋ္ဌကထာအလို ဘုရားရှင်အထံသို့ ပသေနဒီကောသလမင်းက လာခြင်းဖြစ်သည်။ ဘုရားရှင်က ကြွသွားခြင်းမဟုတ်။

"သတ္ထာ သတ္တာဟံ အသရဏဘာဝံ ကတွာ အဋ္ဌမေ ဒိဝသေ ပိဏ္ဍာယ စရန္တော သယမေဝ ရာဇကုလဒွါရံ အဂမာသိ" (ဓမ္မ၊ ဋ္ဌ၊ ၂။ ၇၆)

ဟု အဋ္ဌကထာ ဖွင့်ဆိုသောကြောင့် နန်းတော်သို့ ခုနစ်ရက်တိုင်တိုင် ဘုရားရှင် မကြွဟု သိနိုင်သည်။ မကြွသော်လည်း ဘုရားရှင်နှင့် ခုနစ်ရက်လုံးလုံး မတွေ့ မဟုတ်ပါ။ ခုနစ်ရက်တိုင်တိုင် ဘုရင် ကိုယ်တိုင် ဘုရားရှင်ထံ သွားခြင်းဖြစ်၍ ခုနစ်ရက်လုံးလုံး တွေ့ရသည်ဟု သိရသည်။ ဘုရားရှင်က မလ္လိကာ၏ ဖြစ်ရာဘုံဘဝကို မေးဖို့ သတိမရစေရန် တန်ခိုး တော်ဖြင့် ပြုလုပ်ထား၍ မမေးရခြင်း ဖြစ်သည်။

ထို့ကြောင့် ဆရာတော်ကြီး၏ ဟောတရားကို"ကောသလမင်းက ခုနစ်ရက် ပတ်လုံး သူ့ခင်ပွန်းမ မလ္လိကာရဲ့ ဖြစ်ရာဘုံဘဝကို မေးဖို့ ဘုရားထံသွား တော့ ဘုရားက ခုနစ်ရက်လုံးဘဲ မမေးဖြစ်အောင် မေ့အောင် တန်ခိုးနဲ့ ပြုလုပ်ထား တယ်"ဟု အမှန်ပြင်ရမည်။ တိပ်ခွေ၌ ယင်းစကားရပ်အားလုံးကို ဖျက်ပေးရမည်။

**အမှတ် (၁၃/၆၇)**

ဆင်ခြင်သေတော့ အရှင်အာနန္ဒာက သွားလျှောက်တယ်။ အရှင်ဘုရား ဖဂ္ဂုနသေတာ ပြုံးလို့ရွှင်လို့ဘုရား။ (ပ) အို . . ငါဘုရား တရားလဲ နာရမယ်ကွ၊ ငါဘုရားတပည့်တရားလည်းနာရ မယ်၊ သူ့ဟာသူရင်လဲ ဆင်ခြင်သေမယ်ဆိုရင် ဒီဉစ္စာ ပုထုဇဉ်သေဦးကွ၊ သောတာပန် သကဒါဂါမ် အနာဂါမ်အဖြစ်နဲ့ အောက်သံယောဇဉ် ပယ်နိုင်တယ်ကွ၊ (မှန်ပါဘုရား)။ ဘုရားက တာဝန်ခံထားတယ်။

(အမှတ်စဉ်-ဂ၊ နှာ-၂၈၄/၂၈၅)

မိုးကုတ်ဆရာတော်ကြီး၏ ဟောပြောချက်၌ စကားအပိုတွေ ပါနေ၍ မှားပါသည်ဟု စောဒကဆရာတော်က တင်ပြပေသည်။

အရှင်ဖဂ္ဂုန အပြင်းအထန် မကျန်းမာနေရာ ရှင်အာနန္ဒာ လျှောက်ထားမှုကြောင့် အရှင်ဖဂ္ဂုနထံ ဘုရားကြွသည်။ ရောဂါအခြေအနေမေးမြန်းပြီး ဘုရားရှင်က တရားဟောသည်။ တရားဟောပြီးဘုရားရှင် ပြန်ကြွ၍မကြာမြင့်မီ အရှင်ဖဂ္ဂုန ပျံလွန်တော်မူသည်။ ပျံလွန်တော်မူခါနီးတွင် ဣန္ဒြေတို့သည် အလွန်ကြည်လင်နေသည်။ ထိုအကြောင်းကို အရှင်အာနန္ဒာက ဘုရားရှင်အား လျှောက်ထားရာ ဘုရားရှင်က "ငါဘုရားတရား မနာရသေးမီက ဖဂ္ဂုနစိတ်သည် ဩရမ္ဘာဂိယသံယောဇဉ် ငါးပါးတို့မှ မလွတ်သေး၊ ငါဘုရားတရားကို နာရသောကြောင့် ဩရမ္ဘာဂိယ သံယောဇဉ် ငါးပါးတို့မှ လွတ်မြောက်သွားရသည်။ (အနာဂါမ်ဖြစ်သွားသည်)။ ထို့ကြောင့် ပျံလွန်ခါနီးတွင် ဣန္ဒြေများ ကြည်လင်နေခြင်း ဖြစ်သည်"ဟု မိန့်ကြားတော်မူသည်။

ထို့နောက် သင့်လျော်သောအခါ တရားနာရခြင်း၏ အကျိုးကျေးဇူး ခြောက်မျိုးကို ဆက်လက်ဟောကြားသည်။

ကွယ်လွန်ခါနီးတွင် ဘုရားရှင်ဟောကြားသော တရားကို နာရသောကြောင့် ဖြစ်စေ၊ ဘုရားသားတော်တစ်ဦးဦးဟောသော တရားကို နာရသောကြောင့် ဖြစ်စေ၊ ထိုနာယူပြီးသော တရားကိုမိမိဘာသာ ဆင်ခြင်ရှုမှတ်သောကြောင့်ဖြစ်စေ အနာဂါမ်, ရဟန္တာဖြစ်နိုင်ကြောင်း သင့်လျော်သောအခါ တရားနာရခြင်းသည် ဤမျှလောက် အကျိုးကျေးဇူးရှိကြောင်း ဘုရားရှင်က ဟောတော်မူသည်။

ထို့ကြောင့် မိုးကုတ်ဆရာတော်ကြီး၏ ဟောပြောချက်၌ စကားအပိုတွေ ပါနေသည်ဟု မဆိုသာပေ။ ဘုရားရှင် ဟောတော်မူလိုရင်း အနက်အဓိပ္ပါယ်ကို ဖော်ပြနိုင်စွမ်း ရှိသောကြောင့် မှားသည်ဟုလည်း မဆိုနိုင်ပေ။

သို့သော် စကားအသုံးအနှုန်း ပြင်ဆင်ဖို့ကား လိုအပ်ပေသည်။ ပြုံးရွှင်နေခြင်းနှင့် ဣန္ဒြေတို့ ကြည်လင်နေခြင်းသည် မတူတတ်ပေ။ ဣန္ဒြေကြည်လင် ခြင်းက ပို၍လေးနက်ပါသည်။ "ပုထုဇဉ် သေဦးကွ၊ သောတာပန် သကဒါဂါမ်, အနာဂါမ် အဖြစ်နဲ့ အောက်သံယောဇဉ်ပယ်နိုင်တယ်ကွ" ဟူသော စကားရပ်၌လည်း ပုထုဇဉ်အဖြစ်ဖြင့် သေမှတော့ သောတာပန်စသည် မဖြစ်နိုင်တော့ပေ။ မသေခင်သာ သောတာပန် စသည်ဖြစ်နိုင်သည်။

သို့ဖြစ်၍ ဆရာတော်ကြီး၏ အထက်ပါ ဟောတရားကို "ဆင်ခြင်သေတော့ အရှင်အာနန္ဒက လာလျှောက်တယ်။ အရှင်ဘုရား ဖဂ္ဂုနသေခါနီးမှာ ဣန္ဒြေတွေက ကြည်လင်နေပါတယ်ဘုရား။ (ပ) အို. . ငါဘုရား တရားလဲ နာရမယ်ကွ၊ ငါဘုရား တပည့်တရားလဲ နာရမယ်ကွ၊ သူ့ဟာသူရင်လဲ နာကြားပြီးသား တရားကို ဆင်ခြင်မယ်ဆိုရင် ဒီဥစ္စာ ပုထုဇဉ်ပင်ဖြစ်ပါစေ သောတာပန်, သကဒါဂါမ်, အနာဂါမ်အဖြစ်နဲ့ အောက်သံယောဇဉ်တွေ ပယ်နိုင်လိမ့်မယ်ကွလို့ ဘုရားက မိန့်ကြားတယ်"ဟု ပြင်ဆင်ပေးသင့်သည်။

အသံသွင်းတိပ်ခွေ၌ကား "ပုထုဇဉ်သေဦးကွ" ဟူသော စကားရပ်ကို ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၆၈)

ဟိုက မေးလို့ မရတာနဲ့ အနုရာဓကို အရှင်ဘုရား ဘယ်နှစ်ဝါ ရပလဲဘုရားတဲ့၊ သူက ဘယ်နှစ်ဝါရပြီလို့ ပြောလိုက်တယ်။ ဩော်. . ငယ်သေးတာဘဲ၊ လူမိုက်ကလေး ရှိသေးတာဘဲဆိုပြီး ပြန်သွားကြတယ်။

(အမှတ်စဉ်- ၈၊ နှာ- ၃၂၅)

ဤဟောတရား၌ ရဟန်းတော်အရှင်အနုရာဓ၏ ဝါ-ကို မေးခြင်း, ဖြေခြင်း စကားရပ်များ အပိုပါနေ၍ မှားပါသည်ဟု စောဒကဆရာတော်ကတင်ပြပေသည်။

အနုရာဓသုတ်ပါဠိတော်၌ ပရိဗိုဇ်များက အရှင်အနုရာဓကို ဘယ်နှစ်ဝါ ရပြီလဲဟု မေးမြန်းခြင်း, အရှင်အနုရာဓက ဘယ်နှစ်ဝါ ရပြီဟု ဖြေဆိုခြင်းများ

မပါသောကြောင့် အထက်ပါဆရာတော်ကြီး၏ ဟောတရားတွင်"ဩော်. . ငယ် သေးတာဘဲ၊ လူမိုက်ကလေးရှိသေးတာဘဲဆိုပြီး ပြန်သွားကြတယ်" ဟူသော စကားမှတပါး ကျန်စကားရပ်များကို ဟောစဉ်စာအုပ်များနှင့် အသံသွင်းတိပ်ခွေ များမှ ပယ်ဖျက်ပေးရမည်။

[အကျယ်ကို အမှတ် (၃) စောဒနာစိစစ်ချက်၌ ပြထားပြီးဖြစ်သည်။]

## အမှတ် (၁၃/၆၉)

ဗုဒ္ဓဘာသာတရားထဲက မင်းလုပ်ရင် မင်းရမယ်ဆိုတာလဲ ဒိဋ္ဌိဘဲ။

(အမှတ်စဉ်- ၉၊ နှာ-၂၃၃)

မိုးကုတ်ဆရာတော်ကြီး၏ ဤဟောပြောချက်သည် မှားယွင်းပါသည်။ အဘယ့်ကြောင့်ဆိုသော် "အတ္တနာ ဟိ ကတံ ပါပံ၊ အတ္တနာ သံကိလိဿတိ- ကိုယ်မှားရင် ကိုယ်ခံရမယ်"ဟု ဘုရားရှင်ကိုယ်တိုင် ဟောကြားထားခြင်း၊ သမ္မုတိ ဒေသနာ (ပညတ်စကား) ဖြင့်ဟောပြမှ နားလည်မည့်သူကို သမ္မုတိဒေသနာဖြင့် ဟောပြရခြင်း၊ ထိုသို့ ဟောပြသဖြင့် ဟောပြသူ၏ သန္တာန်၌ မိစ္ဆာဒိဋ္ဌိရှိနေသည်ဟု မဆိုနိုင်ခြင်းကြောင့်-ဟု စောဒကဆရာတော်က တင်ပြပါသည်။

"မင်းလုပ်ရင် မင်းရမယ်ဆိုတာလဲ ဒိဋ္ဌိဘဲ" ဟူသော စကားနှင့် စပ်လျဉ်း၍ စိစစ်ရလျှင် မင်းလုပ်ရင် မင်းရမယ်, ငါလုပ်ရင် ငါရမယ်-ဟူသော ယုံကြည်ချက် သည် မိစ္ဆာဒိဋ္ဌိမဟုတ်ပေ။ ကမ္မဿကတာသမ္မာဒိဋ္ဌိသာဖြစ်သည်။ ထို့ကြောင့် ဓမ္မသင်္ဂဏီပါဠိတော် နိက္ခေပကဏ္ဍ၌-

> ကတ္ထ ကတမာ ဒိဋ္ဌိသမ္ပဒါ။ 'အတ္ထိ ဒိန္နံ၊ အတ္ထိ ယိဋ္ဌံ၊ အတ္ထိ ဟုတံ၊ အတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံဝိပါကော၊ အတ္ထိ အယံ လောကော၊ အတ္ထိ ပရောလောကော၊ အတ္ထိ မာတာ၊ အတ္ထိ ပိတာ၊ အတ္ထိ သတ္တာ ဩပပါတိကာ၊ အတ္ထိ လောကေ သမဏဗြာဟ္မဏာ သမ္မဂ္ဂတာ သမ္မာပဋိပန္နာ၊ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တီ' တိ ယာ ဧဝရူပါ ပညာ ပဇာနနာ (ပ) အမောဟော ဓမ္မဝိစယော သမ္မာဒိဋ္ဌိ။ အယံ ဝုစ္စတိ ဒိဋ္ဌိသမ္ပဒါ။သဗ္ဗာပိ သမ္မာဒိဋ္ဌိ ဒိဋ္ဌိသမ္ပဒါ။ (အဘိ၊ ၁။ ၂၆၃)

တတ္ထ ကတမာ ဒိဋ္ဌိဝိသုဒ္ဓိ။ ကမ္မဿကတဉာဏံ သစ္စာနုလောမိကဉာဏံ မဂ္ဂသမင်္ဂိဿ ဉာဏံ ဖလ သမင်္ဂိဿ ဉာဏံ။ (အဘိ၊ ၁။ ၂၆၄)

ဟု ကံ, ကံ၏အကျိုးကို ယုံကြည်ခြင်းကို သမ္မာဒိဋ္ဌိ = မှန်ကန်သောအမြင်။

ဒိဋ္ဌိသမ္ပဒါ = မှန်ကန်သောအမြင်၏ ပြည့်စုံခြင်း။ ဒိဋ္ဌိဝိသုဒ္ဓိ = စင်ကြယ်သော အယူ- ဟု ဘုရားရှင် ဟောတော်မူခဲ့သည်။

မင်းလုပ်ရင် မင်းရမယ်။ ငါလုပ်ရင် ငါရမယ်။ ကောင်းတာလုပ်ရင် ကောင်းကျိုးရမယ်။ မကောင်းတာလုပ်ရင် မကောင်းကျိုးရမယ်-ဟူသောယုံကြည်ချက်သည် ကမ္မဿကတာသမ္မာဒိဋ္ဌိဖြစ်၏။ ထို ကမ္မဿကတာ သမ္မာဒိဋ္ဌိသည် လောကီကောင်းကျိုး အမျိုးမျိုးနှင့် လောကုတ္တရာဂုဏ် အမျိုးမျိုးတို့ကို ပေးစွမ်းနိုင်ပေသည်။

ထို့ကြောင့်

"ကမ္မဿကတာဒိဋ္ဌိကဿေဝ လောကိယ လောကုတ္တရ ဂုဏာဝိသေသာ ဣဇ္ဈန္တိ, န ဒိဋ္ဌိဝိပန္နဿ" ဟု သံယုတ်ဋီကာ (သံ၊ ဋီ၊ ၂။ ၄၆၉) ဖွင့်ဆိုပေသည်။

ထိုနည်းအတူ ဓမ္မသင်္ဂဏီအဋ္ဌကထာ (အဋ္ဌသာလိနီအဋ္ဌကထာ) ၌လည်း- ကမ္မဿကတာဉာဏန္တိ "ဣဒံ ကမ္မံ သကံ၊ ဣဒံ နော သက" န္တိ ဇာနနပညာ။ (ပ) ယထာ နာမ သဓနော သဘောဂေါ ပုရိသော အဒ္ဓါနမဂ္ဂံ ပဋိပဇ္ဇိတွာ အန္တရာမဂ္ဂေ ဂါမနိဂမာဒီသု နက္ခတ္တေ သင်္ဃုဋ္ဌေ"အဟံ အာဂန္တုကော, ကံ နု ခေါ နိဿာယ နက္ခတ္တံ ကီဠေယျ" န္တိ အစိန္တေတွာ ယထာယထာ ဣစ္ဆတိ၊ တေနတေန နီဟာရေန နက္ခတ္တံ ကီဠန္တော သုခေန ကန္တာရံ အတိက္ကမတိ။ ဧဝမေဝ ဣမသ္မိံ ကမ္မဿကတာဉာဏေ ဌတွာ ဣမေ သတ္တာ ဗဟုံ ဝဋ္ဋဂါမိကမ္မံ အာယူဟိတွာ သုခေန သုခံ အနုဘဝန္တာ အရဟတ္တံ ပတ္တာ ဂဏနပထံ ဝီတိဝတ္တာ။ (အဘိ၊ ဋ္ဌ၊ ၁။ ၄၃၄)

ဟုကမ္မဿကတာဉာဏ်၌တည်၍ လောကီကုသိုလ်အမျိုးမျိုးကို ပြုလုပ်ပြီး ချမ်းသာအဆင့်ဆင့်ခံစားကာ ရဟန္တာဖြစ်သွားကြသော ပုဂ္ဂိုလ်များမှာ ရေတွက်၍ မရအောင် များပြားလှကြောင်း ဖွင့်ဆိုထားပေသည်။

ဘုရားရှင်ကိုယ်တိုင်ကလည်း -

'ကမ္မဿကောမှိ ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပ္ပဋိသရဏော၊ ယံ ကမ္မံ ကရိဿာမိ၊ ကလျာဏံ ဝါ ပါပကံ ဝါ၊ တဿ ဒါယာဒေါ ဘဝိဿာမီတိ၊ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ"

ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိ၏။ ကောင်းသည့် ကုသိုလ်ကံကို ပြုမိက ကောင်းမွေခံရမည်။ မကောင်းသည့် အကုသိုလ်ကံကို ပြုမိက မကောင်းကျိုး ခံရမည်-ဟု အမြဲဆင်ခြင်ရမည်ဖြစ်ကြောင်း-မိန့်ကြားတော်မူခဲ့သည်။

ယာဒိသံ ဝပတေ ဗီဇံ တာဒိသံ ဟရတေ ဖလံ။
ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီ စ ပါပကံ။
ပဝုတ္တံ တာတ တေ ဗီဇံ ဖလံ ပစ္စနုဘောဿတိ။ (သံ၊ ၁။ ၂၂၉)

စသည်တို့ကို ထောက်လျှင်လည်း "ကိုယ်ပြုရင် ကိုယ်ခံရမည်။ မင်းပြုလျှင် လည်းမင်းခံရမည်" ဟူသော အသိသည် မိစ္ဆာဒိဋ္ဌိမဟုတ်ဘဲ မှန်ကန်သောအမြင် သမ္မာဒိဋ္ဌိသာဖြစ်၍ ချမ်းသာ အမျိုးမျိုးရကြောင်း ဖြစ်သည်ကို သိအပ်ပေသည်။

ထို့ကြောင့် "ဗုဒ္ဓဘာသာတရားထဲက မင်းလုပ်ရင် မင်းရမယ်ဆိုတာလဲ" ဒိဋ္ဌိဘဲ ဟူသော စကားသည် ဖတ်ရ, နာရသူတို့၏ အသိဉာဏ်ကို လွဲမှားစေနိုင်သဖြင့် ယင်းစကားရပ်နှင့်တကွ အလားတူ စကားရပ်များကို မိုးကုတ်ဆရာတော်ကြီး၏ ဟောစဉ်စာအုပ်များနှင့် အသံသွင်းတိပ်ခွေများမှ ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၇၀)

သီလတန်ခိုးကြောင့် အကနိဋ္ဌပြဟ္မာ့ပြည်တိုင်အောင် ရောက်သွားတယ်။ နောက် ပြန်ဆွဲချတာဘဲ။ (ပ) ဒိဋ္ဌိက ဆွဲချတယ်။ (အမှတ်စဉ်- ၉၊ နှာ -၂၆၇)

ဤဟောကြားချက်၌ အကနိဋ္ဌပြဟ္မာများကို အောက်ဘုံသို့ ဒိဋ္ဌိကဆွဲချ ကြောင်း ဟောပြောချက်သည် မှားပါသည်၊ အကနိဋ္ဌဘုံ၌ အနာဂါမ်များသာ ရှိပါသည်။ ထိုဘုံသား အနာဂါမ်များသည် အောက်ဘုံသို့ပြန်၍ ဖြစ်ရိုးထုံးစံ မရှိပါ။ ထိုပြဟ္မာများတွင် ဒိဋ္ဌိလည်းမရှိတော့ပါ။ ထို့ကြောင့် ဆရာတော်ကြီး၏ ဟောတရား မှားပါသည်-ဟု စောဒကဆရာတော်က တင်ပြထားသည်။

ပုထုဇ္ဇနာ န လဗ္ဘန္တိ၊ သုဒ္ဓါဝါသေသု သဗ္ဗထာ။
သောတာပန္နာ စ သကဒါ ဂါမိနော စာပိ ပုဂ္ဂလာ-

ဟူသော အဘိဓမ္မတ္ထသင်္ဂဟကျမ်းနှင့်အညီ သုဒ္ဓါဝါသဘုံ၌ အနာဂါမ်နှင့် ရဟန္တာ တို့သာ ရှိသည်။

ဝေဟပ္ဖလာ အကနိဋ္ဌာ နေဝသညာနာသညာယတနန္တိ ဣမေ တယော ဒေဝလောကာ သေဋ္ဌဘဝါ နာမ၊

ဣမေသုတီသု ဌာနေသု နိဗ္ဗတ္တာအနာဂါမိနော နော ဥဒ္ဓံ ဂစ္ဆန္တိ, န အဓော၊ တတ္ထ တတ္ထေဝ ပရိနိဗ္ဗာယန္တိ။ (အဘိ၊ ဋ္ဌ၊ ၂။ ၅၀၅)

ကို ထောက်၍ ထိုအကနိဋ္ဌဘုံသား အနာဂါမ်များသည် အောက်သို့လည်းမပြောင်း၊ အထက်ဘုံသို့လည်းမတက်၊ ထိုဘုံ၌ပင် ရဟန္တာ ဖြစ်၍ ပရိနိဗ္ဗာန်ပြုကြမြဲဖြစ်သည်။

ဤသည်တို့ကိုထောက်၍ "သီလတန်ခိုးကြောင့် အကနိဋ္ဌပြဟ္မာ့ပြည်တိုင်အောင် ရောက်သွားတယ်။ နောက်ပြန်ဆွဲချတာဘဲ။ ဒိဋ္ဌိကဆွဲချတယ်" ဟူသော စကားကိုပယ်ဖျက်၍ "သီလတန်ခိုး သမထတန်ခိုးကြောင့် နေဝသညာနာသညာယတနဘုံသို့ ရောက်သွားတဲ့ ပုထုဇဉ်ဗြဟ္မာကြီးလည်း နောက် ပြန်ဆွဲချတာဘဲ။ ဒိဋ္ဌိက ပြန်ဆွဲချတယ်" ဟု ပြင်ဆင်ဖြည့်စွက်မှသာ အပြစ်ကင်း၍ သန့်ရှင်းသွားနိုင်ပေမည်။

## အမှတ် (၁၃/၇၁)

ဒေဝဒတ်ကြီးကသူ မြေမျိုတော့မယ်ဆိုတော့အရိုးတွေရော အသားတွေ ရော အသွေးတွေရော မြတ်စွာဘုရားကို လှူပါ၏လို့ အော်သေးတယ်။

(အမှတ်စဉ်- ၉၊ နှာ-၂၈၃)

ဤဟောတရား၌ "အသားတွေရော အသွေးတွေရော လှူပါ၏" ဟူသော စကားသည်မှား၏-ဟု စောဒကဆရာတော်က တင်ပြသည်။

ဣမေဟိ အဋ္ဌီဟိ တမဂ္ဂပုဂ္ဂလံ၊ ဒေဝါတိဒေဝံ နရဒမ္မသာရထိံ။

သမန္တစက္ခုံ သတပုညလက္ခဏံ၊ ပါဏေဟိ ဗုဒ္ဓံ သရဏံ ဥပေမိ-

ဟူ၍ ဓမ္မပဒအဋ္ဌကထာ (ဓမ္မ၊ ဋ္ဌ၊ ၁။ ၉၅) လာသောကြောင့် အရိုးတို့ဖြင့် ပူဇော်ပါ၏ဟု တိုက်ရိုက်ပြောဆိုကြောင်းသိရသော်လည်း "ပါဏေဟိ ဗုဒ္ဓံ သရဏံ ဥပေမိ=အသက်တို့ဖြင့် မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏" ဟူသော နောက်ဆက်တွဲ စကားအရ အသက်တို့ဖြင့် ကိုးကွယ်ဆည်းကပ်လျှင် တစ်ကိုယ်လုံးဖြင့် ဆည်းကပ်ကိုးကွယ်သည်ဟု ဆိုနိုင်သောကြောင့် ဆရာတော်၏ ဟောစကားသည် အမှန်ဟုပင် ဆိုနိုင်ပါသည်။

## အမှတ် (၁၃/၇၂)

တချို့ ရေစက်ချ ရှေးကျကျ (ပ) ဘဝတစ်ပါးသို့ ပြောင်းသွားလေသော သူအားချတာဘဲ။ ရေစက်ချတယ်။ (မှန်ပါဘုရား)။ သိပ်ကြောက်စရာ ကောင်းပါလား (ကောင်းပါတယ်ဘုရား)။ ဘာဒိဋ္ဌိပါလိမ့် (သဿတ- ဒိဋ္ဌိပါဘုရား)။

(အမှတ်စဉ်- ၉၊ နှာ- ၃၁၁)

ရေစက်ချအမျှဝေရာ၌ သမ္မုတိသစ္စာစကားကိုသုံးသင့်၍ သုံးခြင်း ဖြစ်သည်။ သဿတဒိဋ္ဌိရှိ၍ သုံးခြင်းမဟုတ်။ ယင်းသို့အမျှဝေသဖြင့် သဿ-တဒိဋ္ဌိလည်း မဖြစ်သောကြောင့် မိုးကုတ်ဆရာတော်ကြီး၏ အထက်ပါ ဟောတရားသည် မှားသည်-ဟု စောဒကဆရာတော်က တင်ပြသည်။

ဤ အမျှဝေခြင်းနှင့် စပ်လျဉ်း၍ အမှတ် (၁၃/၃၂)၌ စိစစ်ပြီးဖြစ်၍ ဤ၌ထပ်မံ၍ စိစစ်ဖွယ်မလို ထိုအမှတ် (၁၃/၃၂) စိစစ်ချက်၌ သုံးသပ်ဆုံးဖြတ်သည့်အတိုင်း ရေစက်ချ (ပတ္တိဒါန) အမျှဝေကိစ္စကို ပယ်သော (သို့မဟုတ်) ရှုတ်ချသော စကားရပ်မှန်သမျှ မိုးကုတ်ဆရာတော်ကြီး၏ ဟောတရားစာအုပ်များနှင့် အသံသွင်းတိတ်ခွေများမှ ပယ်ဖျက်ပေးရမည်ဖြစ်သည်။

## အမှတ် (၁၃/၇၃)

"သေ မဂ္ဂေါ ဝိသုဒ္ဓိယာ" ဆိုတဲ့ ဝိသုဒ္ဓိယာ၊ စင်ကြယ်သော နိဗ္ဗာန်သို့။ သေ သော၊ ဤပုဂ္ဂိုလ်သည်။ မဂ္ဂေါ၊ ရောက်ပြီမဆိုနိုင်ဘူးတဲ့။

(အမှတ်စဉ်-၉၊ ၄၄၅)

ဤဟောကြားချက်၌ သေ မဂ္ဂေါ ဝိသုဒ္ဓိယာ- ဟူသော ပါဠိကို အနက်ပေးထားခြင်းသည် မှားယွင်းနေကြောင်း စောဒကဆရာတော်က ထောက်ပြထားပေသည်။ ယင်းပါဠိ၏အနက်ကို-

- သေမဂ္ဂေါ ဝိသုဒ္ဓိယာတိ သေ ယထာဝုတ္တော ဝိပဿနာဝိဓိဉာဏဒန-ဝိသုဒ္ဓိယာ အစ္စန္တဝိသုဒ္ဓိယာ စ မဂ္ဂေါ အဓိဂမူပါယော။

(ထေရ၊ ဋ၊၂၊၂၅၅)

- သေ မဂ္ဂေါ ဝိသုဒ္ဓိယာတိ ယာဝုတ္တလက္ခဏာ နိဗ္ဗိဒါနုပဿနာ သဗ္ဗကိလေသ-ဝိသုဇ္ဈနတော ဝိသုဒ္ဓိသင်္ခါတဿ အရိယမဂ္ဂဿ အစ္စန္တဝိသုဒ္ဓိယာဝါ အမတဓာတုယာ မဂ္ဂေါ ဥပါယော။ (နေတ္တိ၊ ဋ။ ၄၅၊)
- သေ မဂ္ဂေါ ဝိသုဒ္ဓိယာတိ ဝိသုဒ္ဓတ္တာယ ဝေါဒါနတ္တာယ သေ မဂ္ဂေါတိ အတ္ထော။ (မဓု၊ ဋ၊ ၂။ ၂၅၅) တို့နှင့်အညီ -

သေ- သော၊ ဤငြီးငွေ့ခြင်းဟူသော ဝိပဿနာ အစီအရင်သည်။ ဝိသုဒ္ဓိယာ၊ ဉာဏ်အမြင်စင်ကြယ်ခြင်း၏။ (ဝါ) ကိလေသာအားလုံး စင်ကြယ်ခြင်း၏။ (ဝါ) ကိလေသာအားလုံးမှ စင်ကြယ်သော အရိယာမဂ်၏ (ဝါ) ကောန်စင်စစ်စင်ကြယ်သောနိဗ္ဗာန်၏ဟု အနက်မှန်ပေးရမည်၊ သို့ဖြစ်၍ အထက်ပါ မိုးကုတ်ဆရာတော်ကြီး၏ အနက်ပေးကိုအထက်ပါအတိုင်း အမှန်ပြင်ဆင်ပြီး၊ ၎င်းစာသားများကို တိတ်ခွေများမှပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၇၄)

ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ ခေါ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ (အမှတ်စဉ်-၉၊ နှာ-၅၈၃)

ဤဟောတရားပါ ပါဠိ၌ "ဘာဝိတာ ဗဟုလီကတာ" ဟု ဝှစ်မှားနေရာ "ဘာဝိတော ဗဟုလီကတော" ဟု အမှန်ပြင်ပေးရန်ဖြစ်သည်။

[အမှတ်စဉ်-၉၊ နှာ-၅၈၉-၌လည်း 'ဝီရိယသမ္ဗောဇ္ဈင်္ဂေါ ခေါ ဘာဝိတာ ဗဟုလီကတာ' စသည်တို့ကိုလည်း ပါဠိတော်နှင့်အညီ မှန်ကန်အောင် ပြင်ဆင်ပေးသင့်သည်။]

## အမှတ် (၁၃/၇၅)

စရဏဝိပလ္လသ ယထာဘူတံ န ဇာနာတိ။ စရဏဝိပလ္လသ၊ သီလ သမာဓိပျက်နေသော ပုဂ္ဂိုလ်အား။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ န ဇာနာတိ၊ မသိနိုင်။ (အမှတ်စဉ်-၁၀၊ နှာ-၂၂၆-၂၇၃)

ဤ ဟောတရားပါ ပါဠိ၌ စရဏဝိပလ္လသ-ဟု ပါဠိမှားနေရာ (အံ၊ ၁။ ၄၂၈ နှင့်အညီ) "စရဏဝိပန္နော ခေါ အာဝုသော ယထာဘူတံ န ဇာနတိ န ပဿတိ" ဟု အမှန်ပြင်ပေးရန်နဖြစ်သည်။

အနက်ပေးကိုလည်း "အာဝုသော၊ ငါ့ရှင်။ 'စရဏဝိပန္နော၊ ဖောက်ပြန် ပျက်စီးသော အကျင့်ရှိသောသူသည်။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ န ဇာနတိ၊ မသိနိုင်။ န ပဿတိ၊ မမြင်နိုင်။" ဟု ပြင်ပေးရန်ဖြစ်သည်။

## အမှတ် (၁၃/၇၆)

ဝိဇ္ဇာချည်းသက်သက်လဲ ဥပါဒါန်က ရှိနေသေးတယ်။ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတု-ပါဒါန်း, အတ္တဝါဒုပါဒါန် ဆိုတဲ့ ဥပါဒါန်တွေက ရှိနေသေးတယ်နော်။ (အမှတ်စဉ်-၁၀၊ နှာ-၂၆၅)

ဤဟောကြားချက်၌ ဝိဇ္ဇာချည်းသက်သက်လဲ ကာမုပါဒါန် စသော ဥပါဒါန် လေးပါးရှိနေသေးတယ်။ ဟူသော စကားမှားကြောင်း၊ အင်္ဂုတ္တိုရ်ဋီကာ၌ ဝိဇ္ဇာအရ အာသဝက္ခယဝိဇ္ဇာ (အရဟတ္တမဂ်ဉာဏ်) ကိုလည်း ဖွင့်ပြသောကြောင့် (ရဟန္တာပုဂ္ဂိုလ်ဝယ် ကာမုပါဒါန် စသော ဥပါဒါန်လေးပါး မရှိ တော့သဖြင့်) ယင်းဟောစကားမှားပါကြောင်း စောဒကဆရာတော်က တင်ပြပေသည်။

ဤတရားတော်သည် အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ်လာ ဥပဝါဏသုတ် (အံ၊ ၁။ ၄၈၂။)ကို အခြေခံ၍ ဟောသောတရားဖြစ်သည်။

ထိုသုတ်၌ အရှင်ဥပါဝါဏ-က အရှင်သာရိပုတ္တရာအား"ကိံနု ခေါ အာဝုသော သာရိပုတ္တ ဝိဇ္ဇာယန္တကရော ဟောတိ၊ ငါ့ရှင်သာရိပုတ္တရာ ဝိဇ္ဇာဖြင့် ဝဋ်ဒုက္ခ အဆုံး ကို ပြုသူဖြစ်နိုင်ပါသလား" စသည်ဖြင့် ပြဿနာလေးချက်ကို မေးလျှောက်သည်။

၁။ ဝိဇ္ဇာဖြင့် ဝဋ်ဒုက္ခအဆုံးကို ပြုသူဖြစ်နိုင်ပါသလား။

၂။ စရဏဖြင့် ဝဋ်ဒုက္ခအဆုံးကို ပြုသူဖြစ်နိုင်ပါသလား။

၃။ ဝိဇ္ဇာ+စရဏဖြင့် ဝဋ်ဒုက္ခအဆုံးကို ပြုသူဖြစ်နိုင်ပါသလား။

၄။ ဝိဇ္ဇာ+စရဏကင်းပြီး ဝဋ်ဒုက္ခအဆုံးကို ပြုသူဖြစ်နိုင်ပါသလား။

ဟူသော အမေးလေးချက်ကို အရှင်သာရိပုတ္တရာက နော ဟိဒံ အာဝုသော-ငါ့ရှင် ဒါမဖြစ်နိုင်" ဟု လေးချက်လုံး မဖြစ်နိုင်ကြောင်းဖြေဆိုသည်။

အရှင်ဥပဝါဏ က "ယထာကထံ ပနာဝုသော အန္တကရော ဟောတိ=ဒီလို ဆိုလျှင် ဘယ်နည်း ဘယ်ပုံ ဝဋ်ဒုက္ခအဆုံးကို ပြုသူဖြစ်နိုင်ပါသနည်း"ဟု မေးလျှောက်ရာ အရှင်သာရိပုတ္တရာက ဝိဇ္ဇာဖြင့် ဝဋ်ဒုက္ခအဆုံးကို ပြုသူဖြစ်နိုင်၏ ဟုဆိုလျှင် ဥပါဒါန်နှင့်တကွ (ဥပါဒါန်တန်းလန်းနှင့်) ဝဋ်ဒုက္ခအဆုံးကို ပြုနိုင်၏ဟု ဆိုရာရောက်သည်။ စရဏဖြင့် ဝဋ်ဒုက္ခအဆုံးကို ပြုနိုင်၏ဟုဆိုလျှင် ဥပါဒါန် နှင့်တကွ ဝဋ်ဒုက္ခအဆုံးကို ပြုနိုင်၏ဟုဆိုရာရောက်သည်။ဝိဇ္ဇာ+စရဏ နှစ်ပါးစုံ ဖြင့် ဝဋ်ဒုက္ခအဆုံးကို ပြုနိုင်သည်ဟုဆိုလျှင် ဥပါဒါန်နှင့်တကွ ဝဋ်ဒုက္ခအဆုံးကို ပြုနိုင်သည်ဟု ဆိုရာရောက်သည်။ ဝိဇ္ဇာ+စရဏ မပါဘဲ ဝဋ်ဒုက္ခအဆုံးကို ပြုနိုင် သည်ဟုဆိုလျှင် ပုထုဇဉ်များလည်း ဝဋ်ဒုက္ခအဆုံးကို ပြုနိုင်သည်ဟု ဆိုရာရောက် သည်ဟု ဖြေကြားသည်။

ထို့နောက် ဆက်လက်၍ စရဏတရားချို့တဲ့သောပုဂ္ဂိုလ်သည် ဟုတ်တိုင်း မှန်စွာ မသိနိုင် မမြင်နိုင်။ စရဏတရားနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်သာ ဟုတ်တိုင်း မှန်စွာ သိမြင်နိုင်ပြီး ဝဋ်ဒုက္ခအဆုံးကို ပြုနိုင်သည်ဟု ဟောတော်မူသည်။

ဤသုတ်၌ လိုရင်းစကားရပ်သည် "အန္တကရော" ဟူသော စကားရပ်ပင် ဖြစ်သည်။ ယင်းအန္တကရောကို အဋ္ဌကထာဆရာက "ဝိဇ္ဇာယန္တကရော ဟောတီတိ ဝိဇ္ဇာယ ဝဋ္ဋဒုက္ခဿ အန္တကရော ဟောတိ။ သကလံ ဝဋ္ဋဒုက္ခံ ပရိစ္ဆိန္နံ

ပရိဝဇ္ဇမံ ကတွာ တိဋ္ဌတီတိ။" (အံ၊ ဋ္ဌ၊ ၂။ ၃၅၁) ဟု ဖွင့်ရာ အလုံးစုံသော ဝဋ်ဆင်းရဲကို ဖြတ်တောက်နိုင်သူသည် အန္တကရမည်၏ဟု သိရပေသည်။ အလုံးစုံသော ဝဋ်ဆင်းရဲကို ဖြတ်တောက်၍ တည်၏ဟူသည် အနုပါဒိသေသ နိဗ္ဗာန်ကို ရသည့် ရဟန္တာပုဂ္ဂိုလ်ကို ဆိုလိုကြောင်း မှန်းဆသိနိုင်ပေသည်။

အဘယ့်ကြောင့်ဟူမူ-ဝိဇ္ဇာဖြင့်, စရဏဖြင့်, ဝိဇ္ဇာစရဏဖြင့် ဝဋ်ဆင်းရဲ၏အဆုံးကို ပြုနိုင်သည်ဟုဆိုလျှင် ဥပါဒါန်နှင့်တကွ (ဥပါဒါန်တန်းလန်းဖြင့်) ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုနိုင်၏ဟု ဆိုရာရောက်သည်ဟူသော ပါဠိတော်နှင့် ဝိဇ္ဇာယာတိ ဒိဗ္ဗစက္ခု ပုဗ္ဗေနိဝါသာနုဿတိ အာသဝက္ခယ ဉာဏသင်္ခါတာယ တိဝိဓာယ ဝိဇ္ဇာယ၊ အဋ္ဌဝိဓာယဝါ။ (အံ၊ ဋီ၊ ၂။ ၃၅၁) ဟူသော အင်္ဂုတ္တိုရ်ဋီကာတို့ကို ထောက်သောကြောင့်ပေတည်း။

ဤ၌ "ဝိဇ္ဇာယ စေ အာဝုသော အန္တကရော အဘဝိဿ သဥပါဒါနေဝ သမာနော အန္တကရော အဘဝိဿ"ဟူသော ပါဠိတော်လာ သဥပါဒါနောကို ဥပါဒါန်နှင့်တကွသာလျှင် ဟု အဓိပ္ပာယ်ပြန်ရမည်ဖြစ်ရာ ဥပါဒါနအရကိုလည်း သိသင့်ပေသည်။

ထို သဥပါဒါနောဝ သမာနော-ကို အဋ္ဌကထာဆရာက "သဥပါဒါနောတိ သဂဟဏောဝ ဟုတွာ။" (အံ၊ ဋ္ဌ၊ ၂။ ၃၅၁။) ဟု ဖွင့်ရာ ဥပါဒါနအရ ဂဟဏူပါဒါန်ကို ယူရမည်ကဲ့သို့ ထင်ရပေသည်။ ဂဟဏူပါဒါန်ကို ယူပါက ဝိဇ္ဇာယ အရဖြစ်သော အာသဝက္ခယဝိဇ္ဇာ (အရဟတ္တမဂ်ဉာဏ်)နှင့် ဆန့်ကျင်နိုင်ပေသည်။ အာသဝက္ခယ ဝိဇ္ဇာသည် ဥပါဒါန်နှင့်တကွ ကိလေသာအားလုံးကို ပယ်သတ်နိုင်သောကြောင့် အာသဝက္ခယ ဝိဇ္ဇာရပြီးသော ရဟန္တာပုဂ္ဂိုလ် (အန္တကရပုဂ္ဂိုလ်)၌ ဥပါဒါန်လေးပါး မရှိတော့ပေ။ ထိုသို့ မရှိသောကြောင့် "သဥပါဒါနောဝ သမာနော အန္တကရော အဘဝိဿ" ဟု ဆိုနိုင်မည် မဟုတ်ပေ။

ဤ၌ စိစစ်ဖွယ် ရှိပေသည်။

ဥပါဒါနသည် နှစ်မျိုးရှိကြောင်း "ဒွေဓာ ဥပါဒါနာနိ ဂဟဏူပါဒါနဥ္စ ပစ္စယူပါဒါနဥ္စ။ ဂဟဏူပါဒါနံ နာမ ကာမုပါဒါနာဒိကံ စတုဗ္ဗိဓံ။ ပစ္စယူပါဒါနံ နာမ အဝိဇ္ဇာ-ပစ္စယာ သင်္ခါရာဒိ ဧဝံ ဝုတ္တပစ္စယာ။" (မ၊ ဋ္ဌ၊ ၂။ ၆၂) ဟု မူလပဏ္ဏာသ အဋ္ဌကထာ ရထဝိနီတသုတ်၌ ဖွင့်ဆိုထားပေသည်။ ထိုအဋ္ဌကထာအလို ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန် ဟူသော ဥပါဒါန်လေးပါးသည် ဂဟဏူပါဒါန်မည်၏။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏ စသဖြင့် အဝိဇ္ဇာစသော (ပဋိစ္စသမုပ္ပါဒ်လာ) အကြောင်းတရားများသည် ပစ္စယူပါဒါန်မည်၏။

အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ သဉပါဒါနောတိ သဂဟဏောဝ ဟုတွာ-ဟု ဖွင့်ဆိုခြင်းသည် ဉပါဒါန်အရ ဂဟဏူပါဒါန်ကို ယူရမည်ဖြစ်ကြောင်း ပြဆိုသည့် ဖွင့်ဆိုချက်မဟုတ်ပေ။ ဉပါဒါနာနီတိ အာဒါနဂ္ဂဟဏာနိ။ (ဒီ၊ ဋ၊ ၃။ ၂၀၆) ဉပါဒိယန္တိ ဒဠှဂ္ဂါဟံ ဂဏှန္တီတိ ဉပါဒါနံ။ (မ၊ ဋီ၊ ၃။ ၂၈၂) ။ ဉပါဒါနန္တိ ဒဠှဂ္ဂဟဏံ ဝုစ္စတိ။ (သံ၊ ဋ၊ ၂။ ၁၃) စသည်တို့ကဲ့သို့ ဉပါဒါန-၌ ဉပရှေး အာရှေးရှိသော ဒါ-မာတ်၏ ဂဟဏတ္ထကို ဖွင့်ပြခြင်းသာ ဖြစ်သည်။

သို့ဖြစ်၍ အန္တကရ-အရ အလုံးစုံသော ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုသူဟူသည် အနုပါဒိသေသ နိဗ္ဗာန်ကို ရသည့် ရဟန္တာပုဂ္ဂိုလ်ဟု ယူမှသာလျှင် အရှင်သာရိပုတ္တရာ၏ ဖြေဆိုချက်နှင့် ညီညွတ်ဖွယ်ရှိပေသည်။

နှိုင်းယှဉ်လေ့လာဖွယ်ရာ တစ်ခုကို ပြလိုပေသည်။

မူလပဏ္ဏာသပါဠိတော် ရထဝိနီတသုတ်၌ အရှင်သာရိပုတ္တရာက အရှင်မန္တာဏိပုတ္တပုဏ္ဏားအား သီလဝိသုဒ္ဓိစသော ဝိသုဒ္ဓိ ခုနစ်ပါးသည် အနုပါဒါပရိနိဗ္ဗာန် (အနုပါဒိသေသ ပရိနိဗ္ဗာန်) ဖြစ်ပါသလောဟု မေးလျှောက်ရာ အရှင်မန္တာဏိပုတ္တပုဏ္ဏက" နော ဟိဒံ အာဝုသော= ဝိသုဒ္ဓိခုနစ်ပါးသည် အနုပါဒါပရိနိဗ္ဗာန် မဟုတ်"ဟု ဖြေဆိုသည်။

အရှင်သာရိပုတ္တရာက 'ဒီလိုဆိုလျှင် ဝိသုဒ္ဓိခုနစ်ပါးကင်း၍လည်း အနုပါဒါပရိနိဗ္ဗာန် ဖြစ်နိုင်ပါသလောဟု မေးလျှောက်ရာ မဖြစ်နိုင်'ဟု ဖြေဆိုသည်။

ထိုစကားတို့၏ အနက်အဓိပ္ပါယ်ကို "မည်သို့မှတ်ရမည်နည်း"ဟု အရှင်သာရိပုတ္တရာက မေးပြန်ရာ အရှင်မန္တာဏိပုတ္တပုဏ္ဏက "သီလဝိသုဒ္ဓိ စေ အာဝုသော ဘဂဝါ အနုပါဒါပရိနိဗ္ဗာနံ ပညပေဿ၊ သဉပါဒါနံယေဝ သမာနံ အနုပါဒါပရိနိဗ္ဗာနံ ပညပေဿ = သီလဝိသုဒ္ဓိကို အနုပါဒါပရိနိဗ္ဗာန်ဟု ပညတ်လျှင် (ဟောလျှင်) ဉပါဒါန်မကင်းသော တရားကို အနုပါဒါပရိနိဗ္ဗာန်ဟု (ဟောရာ) ရောက်နိုင်သည်"စသည်ဖြင့် ရှင်းလင်းဖြေကြားပေသည်။

ဝိသုဒ္ဓိခုနစ်ပါးအနက် ရှေ့ခြောက်ပါးသည် ဉပါဒါန်အားလုံး မကင်းသေးသောကြောင့် သဉပါဒါန= ဉပါဒါန်ရှိနေသော တရားဟု ဆိုခြင်းသည် သဘာဝကျပေသည်။ ဉာဏဒဿနဝိသုဒ္ဓိဟူသော ခုနစ်ပါးမြောက် ဝိသုဒ္ဓိတွင် အရဟတ္တမဂ်သည် ဉပါဒါန်အားလုံး မရှိတော့သောကြောင့် " ဉာဏဒဿနဝိသုဒ္ဓိ စေ အာဝုသော ဘဂဝါ အနုပါဒါ ပရိနိဗ္ဗာနံ ပညပေဿ၊ သဉပါဒါနံယေဝ သမာနံ

အနုပါဒါပရိနိဗ္ဗာနံ ပညပေယျ=ဉာဏဒဿနဝိသုဒ္ဓိ (မဂ်ဉာဏ်လေးပါး)ကို အနုပါဒါပရိနိဗ္ဗာန်ဟု ဆိုလျှင် ဥပါဒါန်ရှိသော (ဥပါဒါန် မကင်းသော) အနုပါဒါပရိနိဗ္ဗာန်ဟု ဆိုရာရောက်သည်" ဟူသော စကားကား မရှင်းလင်းသော စကားဖြစ်ပေသည်။

ယင်းနှင့်စပ်လျဉ်း၍ အဋ္ဌကထာ (မ၊ ဋ္ဌ၊ ၂။ ၆၂)၌- ဉာဏဒဿနဏဝိသုဒ္ဓိယံ ပန သပ္ပစ္စယဓမ္မမေဝ အပ္ပစ္စယဓမ္မံ သင်္ခတဓမ္မမေဝ အသင်္ခတ ဓမ္မန္တိ ပညပေယျာတိ အတ္ထော ဂဟေတဗ္ဗော=ဉာဏဒဿနဝိသုဒ္ဓိ၌ကား သဉပါဒါနံ ယေဝ သမာနံ၌ ဥပါဒါနအရ ကာမုပါဒါန်စသော ဥပါဒါန်လေးပါး (ဂဟဏူပါဒါန်)ကိုမကောက်ရ၊ အကြောင်းတရား (ပစ္စယူပါဒါန်) ကိုသာ ကောက်ယူရမည်ဖြစ်ကြောင်း" ဖွင့်ဆိုထားပေသည်။

> သီလဝိသုဒ္ဓိစသော ရှေ့ခြောက်ပါးတို့၌ ကာမုပါဒါန် စသော ဂဟဏူပါဒါန်၊ အဝိဇ္ဇာ စသော အကြောင်းတရားဟု ဆိုအပ်သော ပစ္စယူပါဒါန်နှစ်မျိုးလုံးကို ယူနိုင်သည်။ ဉာဏဒဿနဝိသုဒ္ဓိ၌ကား ပစ္စယူပါဒါန်ကိုသာ ယူရမည်ဟု ဆိုလိုပေသည်။

ဤသည်တို့ကို ထောက်ထား၍ ယခုမိုးကုတ်ဆရာတော်ကြီး ဟောလိုရင်းဖြစ်သော အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ် ဥပဝါဏသုတ်လာ အန္တကရော-အရကိုလည်း (ဝဋ္ဋဒုက္ခဿ အန္တကရော ဟောတိ၊ သကလံ ဝဋ္ဋဒုက္ခံ ပရိစ္ဆိန္ဒံ ပရိဝဋ္ဋုမံ ကတွာ တိဋ္ဌတိ ဟူသော အဋ္ဌကထာနှင့်အညီ) အလုံးစုံသော ဝဋ်ဆင်းရဲတို့၏ ချုပ်ငြိမ်းရာ ဖြစ်သော အနုပါဒိသေသ-နိဗ္ဗာန်ကို ရရှိသည့် (ဝါ) ပရိနိဗ္ဗာန်ပြုသည့် ရဟန္တာပုဂ္ဂိုလ်ကို ကောက်ယူပြီး သဉပါဒါနောဝ သမာနော-၌ ဥပါဒါန အရကိုလည်း အဝိဇ္ဇာစသော အကြောင်း (ပစ္စယူပါဒါန်) ကို ယူရမည်ဖြစ်ပေသည်။

ယင်းသို့ ယူလိုက်လျှင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၏ အဆိုများ တစ်ခုနှင့်တစ်ခု ညီညွတ်သွားပြီး ဒေသနာတော်၏ ဆိုလိုရင်းနှင့်လည်း ကိုက်ညီသွားပေသည်။

ထို့ကြောင့် အထက်ပါ ဆရာတော်ကြီး၏ ဟောတရားတွင် "ဝိဇ္ဇာချည်းသက်သက်လဲ ဥပါဒါန်ရှိနေသေးတယ်" ဟူသော ပါဠိတော်နှင့် ညီညွတ်သော သာမညစကားကိုသာ ချန်ထား၍ "ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊

အတ္တဝါဒုပါဒါန်ဆိုတဲ့ ဥပါဒါန်တွေက ရှိနေသေးတယ်နော်” ဟူသောစကားကို ပယ်ဖျက်ပေးရန်ဖြစ်သည်။

အခြားအလားတူ စကားရပ်များကိုလည်း ပယ်ဖျက်ပေးရမည် ဖြစ်သည်။

### အမှတ် (၁၃/၇၇)

ဘုရားက ပုဏ္ဏားအိမ်ဘက် ဆွမ်းခံသွားပြီး ခြေရာချလိုက်တယ်။

(အမှတ်စဉ်-၁၀၊ နှာ-၂၆၈)

ဘုရားရှင် ခြေတော်ရာချရာ နေရာသည် နိဂုံးရွာကြီး အပြင်ဘက်ရှိ မီးပူဇော်ရာ ဌာနဖြစ်သောကြောင့် အထက်ပါ မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်သည် မှားယွင်းပါကြောင်း စောဒကဆရာတော်က တင်ပြပေသည်။

ယင်းနှင့်စပ်လျဉ်း၍ ဓမ္မပဒအဋ္ဌကထာ သာမာဝတီဝတ္ထု၌ လာရှိသော-

“အထေကဒိဝသံ သတ္ထာ ပစ္စူသသမယေ လောကံ ဝေါလောကေန္တော **မာဂဏ္ဍိယဗြာဟ္မဏဿ** သပဇာပတိကဿ အနာဂါမိဖလူပနိဿယံ ဒိသွာ အတ္တနော ပတ္တစီဝရမာဒါယ တဿ ဗဟိ နိဂမေ အဂ္ဂိပရိစရဏဋ္ဌာနံ အဂမာသိ။ (ဓမ္မ၊ ဋ္ဌ၊ ၁။ ၁၂၈)

တသ္မိံ ခီတရံ ဂဟေတွာ အာဂစ္ဆန္တေ သတ္ထာ တေန **ဝုတ္တဋ္ဌာနေ** အဋ္ဌတွာ တတ္ထ ပဒစေတိယံ ဒဿေတွာ ဂန္တွာ အညသ္မိံ ဌာနေ အဋ္ဌာသိ။

(ဓမ္မ၊ ဋ္ဌ၊ ၁။ ၁၂၉)

ဟူသော ဖွင့်ဆိုချက်နှင့်အညီ-

“ဘုရားက နိဂုံးရွာ အပြင်ဘက် ပုဏ္ဏားကြီး မီးပူဇော်ရာ အရပ်သို့ကြွသွားပြီး (ပုဏ္ဏားအိမ်ပြန်သွားနေတုန်း) အဲဒီမှာ ခြေရာချလိုက်တယ်။ ပြီးတော့ အခြားနေရာမှာ သွားနေလိုက်တယ်”ဟု ပြင်ဆင်ပေးရန်ဖြစ်သည်။

တိပ်ခွေ၌ အထက်ပါ စကားရပ်ကို ပယ်ဖျက်ပေးရန်ဖြစ်သည်။

### အမှတ် (၁၃/၇၈)

မင်းတို့ ခုဘဝကနေပြီး မတရားတွေနဲ့များ အောက်လမ်း ကျသွားမယ်ဆိုလို့ ရှိရင်ဖြင့်ကွာ တဲ့၊ ဒီ လူ့ဘဝ ပြန်မရတော့ဘူးတဲ့။

(အမှတ်စဉ်-၁၀၊ နှာ-၂၈၇)

မင်းတို့ ဒီဘဝက ဆင်းသွားလို့ နောက် လူ့ဘဝဆိုတာ ဘယ်တော့မှ မရတော့ဘူး မှတ်ပါ။ (အမှတ်စဉ်-၁၀၊ နှာ-၂၈၉)

ဤဟောတရား၌ ဒီ လူ့ဘဝက သေပြီးရင် လူ့ဘဝပြန်မရတော့ဘူး ဟူသော စကား၊ ဒီဘဝက ဆင်းသွားလို့ နောက် လူ့ဘဝဆိုတာ ဘယ်တော့မှ မရတော့ဘူး ဟူသော စကားများ မှားသည်ဟု စောဒကဆရာတော်က တင်ပြသည်။

မိုးကုတ်ဆရာတော်ကြီးက "အပါယ်ကျသွားလျှင် လူ့ဘဝကို ပြန်ရဖို့ ခဲယဉ်းလှ၏။ လူ့ဘဝရခိုက် တရားအမြန်အားထုတ်ထိုက်၏။" ဟု သိစေလိုသော ကရုဏာဆန္ဒ ပြင်းပြထက်သန်မှုကြောင့် ယင်းသို့ ဟောကြားသိနိုင်သော်လည်း-

"ဧဝ မေဝ ခေါ ဘိက္ခဝေ ယေ နိရယာ စုတာ မနုဿေသု ပစ္စာဇာယန္တိ။ အထ ခေါ ဧတေဝ ဗဟုတရာ သတ္တာ၊ ယေ နိရယာ စုတာ နိရယေ ပစ္စာ-ဇာယန္တိ(ပ) တိရစ္ဆာနယောနိယာ ပစ္စာဇာယန္တိ (ပ) ပေတ္တိဝိသယေ ပစ္စာ-ဇာယန္တိ။ (သံ၊ ၃။ ၄၁၃)

နှင့် ညီညွတ်မှသာ ပို၍ သင့်လျော်ပေသည်။

ထို့ကြောင့် အထက်ပါဆရာတော်ကြီး၏ ဟောတရားဝယ် "ဒီလူ့ဘဝ ပြန်မရတော့ဘူး"ဟူသောစကား၊ "နောက်လူ့ဘဝဆိုတာ ဘယ်တော့မှမရတော့ဘူး" ဟူသော စကားတို့ကို "ဒီလူ့ဘဝ ပြန်ရဖို့ ခက်ခဲတယ်၊ အပါယ်ကျရင် လည်းကောင်း ပြင်ဆင်သင့်သည်။

တိပ်ခွေ၌ "ဒီလူ့ဘဝ ပြန်မရတော့ဘူး" "နောက်ဘဝဆိုတာ ဘယ်တော့မှ ပြန်မရတော့ဘူး ဟူသော စကားရပ်တို့ကို ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၇၉)

ဆန္ဒရာဂဝိနယက္ခာယီ ခေါ အာဝုသော သတ္ထာ။

အာဝုသော-ငါ့ရှင်တို့။ ဆန္ဒရာဂဝိနယက္ခာယီ-ဆန္ဒရာဂကို ပယ်ခြင်းငှါ။ သတ္ထာ-မြတ်စွာဘုရားသည်၊ဒေသေတိ-ဟောတော်မူ၏။

(အမှတ်စဉ်-၁၀၊နှာ-၄၀၅)

ဤ ဟောတရား၌ 'နော' ဟူသော ပါဠိကျနေသည့်အပြင် ဆန္ဒရာဂဝိန-ယက္ခာယီ-အနက်ပေးလည်းမှားနေသည်-ဟု စောဒကဆရာတော်က တင်ပြပေသည်။

ထိုပါဠိကို-ဆန္ဒရာဂဝိနယက္ခာယီ ခေါ နော အာဝုသော သတ္ထာ-ဟု (သံ၊၂။ ၆-နှင့်အညီ) ပြင်ဆင်ပေးရပါမည်။

အာဝုသော၊ ငါ့ရှင်တို့။ နော၊ ငါတို့၏။ သတ္ထာ၊ ဆရာမြတ်စွာဘုရားသည်။ ဆန္ဒရာဂဝိနယက္ခာယီ၊ ဆန္ဒရာဂပယ်ဖျောက်ခြင်းကို ဟောကြားလေ့ရှိ၏ (ဝါ)

ဆန္ဒရာဂကို ပယ်ဖျောက်ခြင်းငှါ ဟောကြားလေ့ရှိ၏-ဟု အနက်ကိုလည်း ပြင်ပေးရမည်။

ထို့အတူ အမှတ်စဉ်-၃၆၊ နှာ-၄၁၃ လာ"ဆန္ဒရာဂဝိနယက္ခာယီ၊ ဆန္ဒရာဂကို ပယ်ခြင်းကို။ ဒေသေတိ၊ ဟော၏" ကိုလည်း အထက်နည်းတူ ပြင်ပေးရမည်။

### အမှတ် (၁၃/၈၀)

အရှင်သာရိပုတ္တရာကို သာရမဏ္ဍပရိဗိုဇ်က မေးတယ်။ ဆက္ကနိပါတ် အင်္ဂုတ္တိုရ် ပါဠိတော်မှာ။ (အမှတ်စဉ်-၁၀၊ နှာ-၅၇၃)

ဤစကား၌ သာရမဏ္ဍပရိဗိုဇ်ဟူသော အမည် မှားနေကြောင်း စောဒက ဆရာတော်က ထောက်ပြပေးသည်။

ယင်းကို 'ဧကမန္တံ နိသိန္နော ခေါ သာမဏ္ဍကာနိ ပရိဗ္ဗဇကော အာယသ္မန္တံ သာရိပုတ္တံ ဧတဒဝေါစ" (အံ၊ ၃။ ၃၅၂)ဟူသော ဒသကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်နှင့်အညီ "သာမဏ္ဍကာနိပရိဗိုဇ်က မေးတယ်။ ဒသကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်မှာ" ဟု ပြင်ဆင်ရန်ဖြစ်သည်။

### အမှတ်(၁၃/၈၁)

သာရမဏ္ဍပရိဗိုဇ်က မေးတော့"ကွာတဲ့၊ မင်းဒီလိုယူပါတဲ့၊ အဘိနိဗ္ဗတ္တိ ဒုက္ခံ၊ အဘိနိဗ္ဗတ္တိ သုခံ"။ (အမှတ်စဉ်-၁၀၊ နှာ-၅၇၃)

ဤ ဟောတရား၌ ဒုက္ခံ, သုခံ-ဟု လိင်မှားနေကြောင်း စောဒကဆရာတော်က ထောက်ပြထားရာ ထိုပါဠိကို "အဘိနိဗ္ဗတ္တိ ခေါ အာဝုသော ဒုက္ခာ၊ အနဘိနိဗ္ဗတ္တိ သုခါ" ဟူသော အင်္ဂုတ္တိုရ်ပါဠိတော် နှင့်အညီ (အံ၊ ၃။ ၃၅၂)ပြင်ဆင်ရန်ဖြစ်သည်။ သာရမဏ္ဍပရိဗိုဇ်ကိုလည်း သာမဏ္ဍကာနိပရိဗိုဇ်ဟု ပြင်ရန်ဖြစ်သည်။

### အမှတ်(၁၃/၈၂)

ဗာလာန်-မိုက်တဲ့တရားကို၊ အသေဝနာ စ-မမှီဝဲရခြင်းငှင်း၊ ပဏ္ဍိတာန်-ပညာတရားကို၊ သေဝနာ-မှီဝဲရမယ်၊ အဝိဇ္ဇာမှီဝဲရင် (မိုက်ပါတယ်ဘုရား)။ ဝိဇ္ဇာကိုမှီဝဲရင် (လိမ္မာပါတယ်ဘုရား)။ အဝိဇ္ဇာနဲ့ ဝိဇ္ဇာကို ဟောတာပါကလား။ (အမှတ်စဉ်-၁၀၊ နှာ-၆၁၅)

မိုးကုတ်ဆရာတော်ကြီး၏ ဤဟောကြားချက်သည် မင်္ဂလသုတ်အဖွင့် ဖြစ်သော ခုဒ္ဒကပါဌအဋ္ဌကထာ၊ သုတ္တနိပါတအဋ္ဌကထာတို့နှင့် မညီညွတ်သော ကြောင့် မှားပါသည်-ဟု စောဒကဆရာတော်က တင်ပြထားပေသည်။

စောဒကဆရာတော်က ဤမင်္ဂလသုတ်ဒေသနာတော်သည် သမ္မုတိဒေသနာ ဖြစ်သည်။ ပရမတ္ထဒေသနာမဟုတ်သောကြောင့် ပရမတ္ထဒေသနာအဖြစ်ဖြင့် ဗာလအရ, အဝိဇ္ဇာ, ပဏ္ဍိတအရ ဝိဇ္ဇာတို့ကို ကောက်ယူခြင်းသည် မှားပါသည် ဟုလည်း ရှင်းလင်းတင်ပြလေသည်။

စုဒိတကဆရာတော်များကလည်း မိုးကုတ်ဆရာတော်ကြီးက ဝိပဿနာ တရား ဟောနေခြင်းဖြစ်သဖြင့် ဝိပဿနာတရားဟူသည် ဓမ္မကို ဦးစားပေး ဟောသော တရားဖြစ်သောကြောင့် ဗာလ, ပဏ္ဍိတတို့အရ ပုဂ္ဂိုလ်ကို မယူဘဲ ဓမ္မကို ယူ၍ ဟောခြင်းဖြစ်ကြောင်း၊ ယင်းသို့ ဟောကြားခြင်းသည် အဋ္ဌသာလိနီ အဋ္ဌကထာအ ဖွင့်နှင့် ညီညွတ်သဖြင့် မမှားယွင်းပါကြောင်း တင်ပြကြလေသည်။

ဗာလအရ ပါဏာတိပါတစသော အကုသိုလ်မှုတို့ကို ပြုလုပ်ကြသည့်သူများ၊ အယူဝါဒမှားယွင်းစွာယူပြီး ဟောပြောနေကြသော ပူရဏကဿပစသော တိတ္ထိဆရာကြီးများကို ယူရမည်။ ပဏ္ဍိတအရ ဒုစရိုက်တို့မှ ရှောင်ကြဉ်၍ ကုသလကမ္မပထတရား ကြိုးစားအားထုတ်ကြသူများ၊ အယူဝါဒမှန်ကို ညွှန်ပြ တော် မူကြသည့် ဘုရား,ပစ္စေကဗုဒ္ဓါစသည်တို့ကို ယူရမည်ဟု မင်္ဂလသုတ်အဖွင့်၌ ဖွင့်ဆို ကြသည်။

> ဗာလာ နာမ ယေကေစိ ပါဏာတိပါတာဒိအကုလကမ္မပထသမန္နာ- ဂတာ သတ္တာ။ (ပ) အပိ စ ပူရဏကဿပါဒယော ဆ သတ္ထာရော ဒေဝဒတ္တ (ပ) အညေ စ ဧဝရူပါသတ္တာ ဗာလာတိ ဝေဒိတဗ္ဗာ။ (ခုဒ္ဒက၊ ဋ္ဌ၊ ၁၀၆)
>
> ပဏ္ဍိတာ နာမ ယေကေစိ ပါဏာတိပါတာ ဝေရမဏီအာဒိ ဒသကုသလကမ္မပထသမန္နာဂတာ သတ္တာ၊ (ပ)အပိ စ ဗုဒ္ဓပစ္စေကဗုဒ္ဓ (ပ) အကိတ္တိပဏ္ဍိတာဒယော စ ပဏ္ဍိတာတိ ဝေဒိတဗ္ဗာ။ (ခုဒ္ဒက၊ ဋ္ဌ၊ ၁၀၇)

ဤဖွင့်ဆိုချက်တို့ကို ထောက်လျှင် လောကသမ္မုတိပညတ်သို့ တင်၍ မင်္ဂလ သုတ်ကို ဟောထားကြောင်းသိနိုင်ပေသည်။ အသေဝနာ စ ဗာလာနံ= လူမိုက်ကို ရှောင်ကြဉ်ရခြင်း။ ပဏ္ဍိတာနဉ္စ သေဝနာ=ပညာရှိသူတော်ကောင်းတို့ကို ပေါင်းသင်းဆည်းကပ်ခြင်း။ ပူဇာ စ ပူဇနေယျာနံ=ပူဇော်ထိုက်သူတို့ကို ပူဇော်ရ ခြင်း စသော သုဂတိချမ်းသာနှင့်တကွ နိဗ္ဗာန်ချမ်းသာကိုပါ ရစေနိုင်သော မင်္ဂလာ တရားတော်ကို သမ္မုတိသစ္စာ (ပညတ်ဝေါဟာရ)ဖြင့် ဟောတော်မူရာ ကုဋေတစ်

သိန်းသော နတ်ပြဟ္မာတို့ ရဟန္တာဖြစ်ကြသည်။ သောတာပန်စသည် ဖြစ်ကြသော နတ်ပြဟ္မာတို့ကား မရေမတွက်နိုင်အောင် များပြားပေသည်။

ဧဝဥ္စ ဘဂဝတော နိဋ္ဌာပိတာယ ဒေသနာယ ပရိယောသာနေ ကောဋိ-သတသဟဿဒေဝတာယော အရဟတ္တံ ပါပုဏိံသု၊ သောတာပတ္တိသကဒါ-ဂါမိအနာဂါမိဖလသမ္ပတ္တာနံ ဂဏနာ အသင်္ချေယျာ အဟောသိ။

(ခုဒ္ဒက၊ ဋ္ဌ၊ ၁၃၁)

ဤသည်ကို ထောက်ရှု၍ သမ္မုတိသစ္စာ (ပညတ္တိဒေသနာ)သည်လည်း မဂ်ဖိုလ်ကို ရစေနိုင်ကြောင်း သိရပေသည်။

စုဒိတကဆရာတော်တို့ တင်ပြသည့်-

"ဗာလေသု ဌိတတ္တာ ယတ္ထ ဌိတာ, တဒုပစာရေန ဗာလာ၊ ပဏ္ဍိတေသု ဌိတတ္တာ ပဏ္ဍိတာ။ ဗာလကရတ္တာ ဝါ ဗာလာ၊ ပဏ္ဍိတကရတ္တာ ပဏ္ဍိတာ။"

ဟူသော အဋ္ဌသာလိနီအဋ္ဌကထာ (အဘိ၊ ဋ္ဌ၊ ၁။ ၉၃)အရ ဗာလအရ အကုသိုလ်၊ ပဏ္ဍိတအရ ကုသိုလ်တို့ကို ကောက်ယူရသည်။ အကုသိုလ်တို့တွင် အဝိဇ္ဇာသည် ပဓာနအကြောင်းခံ ဖြစ်သကဲ့သို့၊ ကုသိုလ်တို့တွင်လည်း ဝိဇ္ဇာသည် အခြေခံ ဖြစ်သောကြောင့် မိုးကုတ်ဆရာတော်ကြီးက ဗာလဆိုတာ အဝိဇ္ဇာ၊ ပဏ္ဍိတဆိုတာ ဝိဇ္ဇာဟု ဟောခြင်းဖြစ်၍ မှားသည်ဟု မဆိုနိုင်ပေ။

မင်္ဂလသုတ်ပါဠိတော် နိက္ခေပကဏ္ဍ၌ လာရှိသော ဗာလာ မမ္ဘာ, ပဏ္ဍိတာ မမ္ဘာ-စသော သုတ္တန္တိကမာတိကာ ပါဠိတော်ကို အဘိဓမ္မာကို သင်ယူကြသော ပုဂ္ဂိုလ်တို့ သုတ္တန်သို့ရောက်လျှင် မပင်ပန်း မတွေဝေစိမ့်သောငှါ တရားစစ်သူကြီး အရှင်သာရိပုတ္တရာ ဟောကြားခဲ့ကြောင်း သိရပေရာ ဗာလာ မမ္ဘာကို သုတ္တန်နည်းအရ ဝေဖန်ဟောကြားနိုင်သလို အဘိဓမ္မာနည်းအရလည်း ဝေဖန် ဟောကြား နိုင်ပေသည်။

သို့သော် အရာဌာနနှင့် ညီညွတ်ဖို့ (သို့မဟုတ်) ပေါ်လွင်ထင်ရှား ပြည့်စုံအောင်ဟောကြားဖို့တော့ လိုအပ်ပေသည်။ အများသိအဓိပ္ပါယ်တစ်ခုကို အများ မသိနိုင်သော အဓိပ္ပါယ်တစ်မျိုးဖြင့် ဖွင့်ဆိုဟောကြားလျှင် ကြားနာရသူများ တွေဝေသွားနိုင်သည့်အပြင် အငြင်းပွားဖွယ်ရာလည်း ဖြစ်တတ်ပေသည်။

အသေဝနာ စ ဗာလာနံ-ကို မင်္ဂလသုတ္တန်နည်းအရ ဝေဖန်လျှင် လူမိုက်တွေကို မပေါင်းသင်း မဆည်းကပ်ရလို့ အနက်ထွက်တယ်။ အဘိဓမ္မာနည်းနဲ့ ဝေဖန်လျှင် အဝိဇ္ဇာမောဟမဖြစ်အောင် နေထိုင်ကျင့်သုံးရမယ် စသည်ဖြင့် ဟောကြားလျှင် မည်သည့် အငြင်းပွားချက်မှ ပေါ်ထွက်လာမည် မဟုတ်သည့် အပြင် ဒေသကဘုရားရှင်၏ အလိုတော်ကို ပြည့်စုံအောင် ဖော်ပြရာလည်း ရောက်ပေသည်။

ထို့ကြောင့်-အထက်ပါ မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်ကိုလည်း သုတ္တန်နည်း, အဘိဓမ္မာနည်း ခွဲခြား၍ ပြင်ဆင်ပေးမှသာ အသိဉာဏ်ရှင်းနိုင်မည် ဖြစ်ပေသည်။

သို့ဖြစ်၍ "ဗာလာနံ၊လူမိုက်တို့ကို။ တရားသဘောနဲ့ပြောရင် ဗာလာနံ၊ လူမိုက်မှာရှိတဲ့ မိုက်တဲ့တရားကို။ ဗာလာနံ၊ မိုက်အောင် လုပ်တတ်တဲ့ အဝိဇ္ဇာတို့ကို။ အသေဝနာစ၊ မမှီဝဲရခြင်းလည်းကောင်း။ ပဏ္ဍိတာနံ၊ ပညာရှိတို့ကို။ တရားသဘောနဲ့ပြောရင် ပဏ္ဍိတာနံ၊ ပညာရှိမှာရှိတဲ့ အလိမ္မာတရားတို့ကို။ ပဏ္ဍိတာနံ၊ ပညာရှိအောင် လိမ္မာအောင် လုပ်တတ်တဲ့ဝိဇ္ဇာ (ပညာ)တို့ကို။ သေဝနာစ၊ မှီဝဲခြင်းလည်းကောင်း။ အဝိဇ္ဇာမှီဝဲရင် (မိုက်ပါတယ်ဘုရား)။ ဗာလာနံနဲ့ ပဏ္ဍိတာနံဆိုတာ ဓမ္မာဓိဋ္ဌာန်ကျကျ တရားသဘောနဲ့ပြောရင် အဝိဇ္ဇာနဲ့ ဝိဇ္ဇာကို ဟောထားတာလို့ ဒီလိုလဲမှတ်နိုင်တယ်"ဟု ပြင်ဆင် ပေးသင့်သည်

## အမှတ် (၁၃/၈၃)

မင်္ဂလံ လုနာတိ ဆိန္ဒတီတိ မင်္ဂလံ-ဆိုတဲ့ အတိုင်းတဲ့ သူက အကုသိုလ် ဖြတ်လို့ မင်္ဂလာဆိုတော့ ပုဂ္ဂိုလ်ဟောတာလားတဲ့ ဓမ္မဟော နေတာလား။ (ဓမ္မဟောနေတာပါဘုရား)။ ဩော်. . ဒါဖြင့် ခင်ဗျားတို့ယူထားတာ အကုန်လွဲကုန်ပြီ။ (အမှတ်-၁၀၊နှာ-၆၁၇)

ဤဟောတရား၌ "ခင်ဗျားတို့ ယူထားတာ အကုန်လွဲကုန်ပြီ" ဟူသော စကားမှားသည်-ဟု စောဒကဆရာတော်က တင်ပြသည်။

အမှတ်(၁၃/၈၂) စောဒနာစိစစ်ချက်၌ စိစစ်ပြဆိုပြီးသည့် အတိုင်း မင်္ဂလသုတ္တန်သည် သမ္မုတိသစ္စာကို ပဓာနပြု၍ ဟောသော ဒေသနာဖြစ်သည်။

မင်္ဂလန္တိ မဟန္တိ ဣမေဟိ သတ္တာတိ မင်္ဂလာနိ၊ ဣဒ္ဓိံ ဝုဒ္ဓိံ စ ပါပုဏန္တီတိ အတ္ထော။ (ခုဒ္ဒက၊ ဋ။၁၀၃)

မင်္ဂလန္တိ ဣဒ္ဓိကာရဏံ ဝုဒ္ဓိကာရဏံ သဗ္ဗသမ္ပတ္တိကာရဏံ။(ခုဒ္ဒက၊ ၄။၁၀၄) တို့အရ-မင်္ဂလာဟူသည် ကြီးပွားကြောင်း ပြည့်စုံကြောင်း ချမ်းသာကြောင်းဖြစ်၏ ကြီးပွားကြောင်း ပြည့်စုံကြောင်း ချမ်းသာကြောင်း ဟူသည်မှာလည်း ကုသိုလ်ပင် ဖြစ်၏။ ကုသိုလ်မပါဘဲ ကြီးပွား ပြည့်စုံ ချမ်းသာမှု မဖြစ်နိုင်ပေ။

မာနုသိကာ စ သမ္ပတ္တိ၊ ဒေဝလောကေ စ ယာ ရတိ။
ယာ စ နိဗ္ဗာနသမ္ပတ္တိ၊ သဗ္ဗမေတေန လဗ္ဘတိ။

ဟူသော နိဓိကဏ္ဍသုတ်နှင့်အညီ ချမ်းသာသုခမှန်သမျှ ကုသိုလ်ဖြင့်သာ ရနိုင်သည်။

လူမိုက်ကို လူမိုက်ဟု သိ၍ ရှောင်ကြဉ်ခြင်း၊ လူလိမ္မာပညာရှိကို လူလိမ္မာ ပညာရှိဟု သိ၍ ဆည်းကပ်ပေါင်းသင်းခြင်း၊ ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်း တို့သည် ပညာ, သတိရှေ့သွားရှိသော ကုသိုလ်များသာဖြစ်၏။ ထိုကုသိုလ် တရားတို့သည် ပုဂ္ဂိုလ်(ရုပ်ဝတ္ထု)ကို မှီ၍ ဖြစ်ကြရ၏။ ပုဂ္ဂိုလ်က ရှောင်ကြဉ်ခြင်း၊ ပေါင်းသင်းခြင်း၊ ပူဇော်ခြင်းပြုမှသာ ကုသိုလ်ဖြစ်၏။ ထို့အတူ-လူမိုက်ကို ပေါင်းခြင်း၊ လူလိမ္မာတို့ကို မပေါင်းခြင်း၊ ပူဇော်ထိုက်သူတို့ကို မပူဇော်ခြင်း တို့သည် အကုသိုလ်(အမင်္ဂလာ)ဖြစ်၏။ ထိုအကုသိုလ်သည် ပုဂ္ဂိုလ်ကို မှီပြီးဖြစ်ကြ ရသည်။ ပဥ္စဝေါကာရဘုံသားများဖြစ်သော လူသားသတ္တဝါတို့၏ နာမ်တရား မှန်သမျှ ရုပ်ဝတ္ထုကို မှီ၍ ဖြစ်ကြရသည်သာဖြစ်၏။

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ-ဟူသော ဒေသနာအရ ရုပ်နှင့် နာမ်တွင် နာမ်တရားသည် ဦးစီးခေါင်းဆောင်ဖြစ်၏။ သို့သော် နာမ်တရား သက်သက်ဖြင့် မရပ်တည်နိုင်သကဲ့သို့ ရုပ်တရားသက်သက်ဖြင့်လည်း ကုသိုလ်ကံ, အကုသိုလ်ကံတို့ကို အထမြောက်အောင် မဆောင်ရွက်နိုင်ပေ။

မင်္ဂလာဟူသော ကုသိုလ်တရား, အမင်္ဂလာဟူသော အကုသိုလ်တရား တို့သည် လူသားတို့၏ ကိုယ် နှုတ် စိတ်အမူအရာတို့ကို အခြေခံ၍ ဖြစ်ကြရာ နာမ်တရားသက်သက်ဖြင့် မဆုံးဖြတ်သင့်သကဲ့သို့ ရုပ်တရား သက်သက်ဖြင့်လည်း မဆုံးဖြတ်သင့်ပေ။

ငရုတ်စေ့၌ စပ်သော အရသာရှိ၏။ ငရုတ်စေ့ကို ဖယ်၍ စပ်သော အရသာ ကို ရှာမတွေ့နိုင်သကဲ့သို့ စပ်သော အရသာကို ဖယ်၍ ငရုတ်စေ့ဟူသည်လည်း ရှိနိုင်မည် မဟုတ်ပေ။ ပူကျက်နေသော မီးကျီးခဲ၌ အပူသတ္တိနှင့် မီးကျီးခဲဒြပ်ကို

ခွဲမရသကဲ့သို့ လူမိုက်တို့ကို ရှောင်ကြဉ်ရာ၌ ပုဂ္ဂိုလ်လုံးဝမပါဘဲ နာမ်သက်သက်ဖြင့် မရှောင်နိုင်သကဲ့သို့ ရုပ်သက်သက်ဖြင့်လည်း လူမိုက်ကို ရှောင်ကြဉ်၍ မဖြစ်ပေ။

ပဥ္စဝေါကာရဘုံသား လူသားများအဖို့ ရုပ်နှင့် နာမ် ခွဲမရသောကြောင့် လူမိုက်ကို ရှောင်ကြဉ်သည်ဆိုရာ၌ ပုဂ္ဂိုလ်အားဖြင့်လည်း ရှောင်ကြဉ်သည်၊ နာမ် (စိတ်)အားဖြင့်လည်း ရှောင်ကြဉ်သည်ဟု ယူမှသာ မှန်ကန်ပြည့်စုံသော ယူဆခြင်း ဖြစ်နိုင်ပေသည်။

ထို့ကြောင့် မဂ်ဂ် ပါပံ လုနာတိ ဆိန္ဒတီတိ မဂ်လံ-အရ အကုသိုလ်ကို ဖြတ်သည်ဆိုရာဝယ် မုချအားဖြင့် တရားက (ကုသိုလ်တရားက) ဖြတ်သော်လည်း သဟ-စရဏ နည်း, အဝိနာဘာဝနည်းတို့အရ ပုဂ္ဂိုလ်က ဖြတ်သည်ဟုလည်း ယူမှသာ ဗုဒ္ဓအလိုတော်ကျ ဖြစ်နိုင်ပေသည်။

သို့ဖြစ်၍ ဆရာတော်ကြီး၏ အထက်ပါဟောတရားကို ပယ်ဖျက်၍ "မဂ်ဂ် ပါပံ လုနာတိ ဆိန္ဒတီတိ မဂ်လံ-ဆိုတဲ့အတိုင်း အကုသိုလ်ဖြတ်လို့ မင်္ဂလာဆိုတော့ ဒီအကုသိုလ်ကိုဖြတ်တဲ့နေရာမှာ သတိ, ပညာရှေ့သွားရှိတဲ့ ကုသိုလ်တရားတွေက ဖြတ်တာမို့ တရားက ဖြတ်တယ်လို့ ဆိုနိုင်တယ်။ ဒီတရား ကုသိုလ်တရားတွေဆိုတာလည်း ပုဂ္ဂိုလ်ရဲ့ လုပ်ကိုင်ဆောင်ရွက် ပြောဆိုမှု၊ ရှုမှတ်ဆင်ခြင် ပွါးများမှု မပါဘဲ မဖြစ်နိုင်တာမို့ ပုဂ္ဂိုလ်က ဖြတ်တယ်လို့လည်း ပြောနိုင်တယ်"ဟု ပြင်ဆင်သင့်သည်။

## အမှတ် (၁၃/၀၄)

ပဏ္ဍိတာနဉ္စ သေဝနာ၊ ဧတံ မင်္ဂလမုတ္တမံ- ဆိုတာ ဦးဘကလေး သေသေချာချာမှတ်ထား၊ နိဗ္ဗာန်ကိုဟောတာ။ (အမှတ်စဉ်-၁၀၊ နှာ-၆၆၁)

ဤ ဟောတရား၌ 'နိဗ္ဗာန်ကို ဟောတာ'ဟူသော စကားသည် မှား၏ဟု စောဒကဆရာတော်က တင်ပြလေသည်။

နိဗ္ဗာနသစ္ဆိကိရိ ယာ စ၊ ဧတံ မင်္ဂလမုတ္တမံ-၌ နိဗ္ဗာန်ကို ဟောသည်ဟုဆိုလျှင် မှန်သည်။ ပဏ္ဍိတာနဉ္စသေဝနာ၊ ဧတံ မင်္ဂလမုတ္တမံ-၌ နိဗ္ဗာန်ကို ဟောသည်ဟုဆိုလျှင် မမှန်ပေ။

"ပဏ္ဍိတာနံ သေဝနာ, ပူဇနေယျာနံ ပူဇာ စ တာသံ ဖလဝိဘူတိ ဝဏ္ဏနာယံ ဝုတ္တနယေနေဝ နိဗ္ဗာနသုဂတိဟေတုတ္တာ မင်္ဂလန္တိ ဝေဒိတဗ္ဗာ"

(ခုဒ္ဒက၊ ဋ္ဌ။ ၁၁၀)

ဟူသော အဋ္ဌကထာနှင့်အညီ လူလိမ္မာပညာရှိတို့ကို ပေါင်းခြင်း ပဏ္ဍိတသေဝနာသည် နိဗ္ဗာန်ရောက်ကြောင်း သာဖြစ်၍ နိဗ္ဗာန်ရောက်ကြောင်းကို ဟောတာ-ဟု ဆိုမှ မှန်ကန်သည်။

ထို့ကြောင့် "နိဗ္ဗာန်ကို ဟောတာ" စကားကို "နိဗ္ဗာန်ရောက်ကြောင်းကို ဟောတာ"ဟု ပြင်ဆင်ပေးရမည်။ တိပ်ခွေ၌ "နိဗ္ဗာန်ကို ဟောတာ"ဟူသော စကားကို ဖျက်ပေးရမည်။

## အမှတ်(၁၃/၈၅)

"ဘယ်သူသေ ဘယ်ရောက်သတုန်း"ဆိုပြီး မောင်နိုင်မေးလို့ ဘုရားက ကွာတဲ့ ငါ့ကို မညှဉ်းဆဲပါနဲ့တဲ့၊ သဘောပါပြီလား (ပါပါပြီဘုရား)။ ငါ့ မညှဉ်းဆဲပါနဲ့။ သူတို့ ဆရာကောင်းတပည့်မှန်လို့ရှိရင် သူတို့ ပဋိစ္စသမုပ္ပါဒ်ကို သူတို့ဖြစ်တာလဲ သိတယ်ကွာ၊ ဆက်တာလဲ သိတယ်၊ ပြတ်တာလဲ သိတယ်။

(အမှတ်စဉ်-၁၁၊နှာ-၄၉)

အသေစိတ်ချရတာ ရှေ့ထားပြီးတော့ အသေစိတ်မချရတာ နောက်ထားလုပ်တဲ့ ပုဂ္ဂိုလ်တွေအတွက် ငါရှင်းပြမယ်တဲ့။ ဆိုတော့ သူတို့ဟာ သူတို့ သိတယ်ကွာတဲ့၊ သူတို့ ပဋိစ္စသမုပ္ပါဒ် သူတို့ဖြစ်နိုင်တယ်-မဖြစ်နိုင်ဘူးဆိုတာ သူတို့သိတယ်တဲ့။ (အမှတ်စဉ်-၁၁၊နှာ-၃၅)

သောတာပတ္တိသံယုတ် ပဌမဂိဉ္ဇကာဝသထသုတ်စသော သုံးသုတ်တို့လာ တရား တို့ကိုဟောကြားရင်း အထက်ပါ စကားရပ်တို့ကို မိုးကုတ်ဆရာတော်ကြီး ဟောကြားခြင်းဖြစ်ရာ ထိုသုတ်တို့၌ အထက်ပါ အဓိပ္ပါယ်မျိုး ပါရှိသည့် စကားရပ်များ မပါသောကြောင့် မှားပါကြောင်း စောဒကဆရာတော်က စောဒနာထားပေးသည်။

မိုးကုတ်ဆရာတော်ကြီး ရည်ညွှန်းသော ဂိဉ္ဇကာဝသထစသော သုံးသုတ်ကို လေ့လာရာ ကွယ်လွန်သွားကြသော နာတိကရွာသား ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာတို့ ဘယ်ဘုံ ဘယ်ဘဝ ရောက်သွားကြပါသနည်းဟု ဘုရားရှင်အား လာလျှောက်ရာ အစပိုင်းတွင် တစ်ဦးချင်း၏ ဘဝဂတိအနေ အထားတို့ကို ဟောကြားပေးသည်။ နောက်ပိုင်းတွင် ဘုရားရှင်က ကိုယ်ကိုယ်တိုင် ဆင်ခြင်သုံးသပ် ဆုံးဖြတ်ချက်ချနိုင်ရန်အတွက် ဓမ္မာဒါသ=တရား ကြေးမုံကို ညွှန်ပြသောအားဖြင့် အောက်ပါအတိုင်း မိန့်ကြားတော်မူပေသည်။

အနစ္စရိယံ ခေါ ပနေတံ အာနန္ဒ ယံ မနုဿဘူတော ကာလံ ကရေယျ၊ တသ္မိံ တသ္မိံ စေ မံ ကာလင်္ကတေ ဥပသင်္ကမိတွာ ဧတမတ္ထံ ပုစ္ဆိဿထ၊ ဝိဟေသာ ဟေသာ အာနန္ဒ အဿ တထာဂတဿ။ တသ္မာတိဟာနန္ဒ ဓမ္မာဒါသံ နာမ ဓမ္မပရိယာယံ ဒေသေဿာမိ၊ ယေန သမန္နာဂတော အရိယသာဝကော အာကင်္ခမာနော အတ္တနာဝ အတ္တာနံ ဗျာကရေယျ ခီဏနိရယောမှိ ခီဏတိရစ္ဆာနယောနိ ခီဏပေတ္တိဝိသယော ခီဏာပါယဒုဂ္ဂတိဝိနိပါတော (ပ) နိယတော သမ္ဗောဓိပရာယဏောတိ။

(သံ၊၃။ ၃၁၁)

ဘုရား တရား သံဃာ ရတနာသုံးပါး၌ မတုန်မလှုပ် သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့် အရိယကန္တ ငါးပါးသီလနှင့် ပြည့်စုံလျှင် မိမိကိုယ်ကို အပါယ် လေးပါးမှ လွတ်ပြီ-ဟု ဆုံးဖြတ်နိုင်ကြောင်း ဘုရားရှင်က မိန့်ကြားတော်မူသည်။

ဘုရား တရား သံဃာ ရတနာသုံးပါး၌ မတုန်မလှုပ် သက်ဝင်ယုံကြည် သော သဒ္ဓါတရားနှင့် အရိယကန္တ ငါးပါးသီလစေတနာတို့သည် အောက်ထစ်ဆုံး အားဖြင့် သောတာပန်ပုဂ္ဂိုလ်၏ သန္တာန်၌တည်သော သဒ္ဓါနှင့် သီလဖြစ်ပေရာ သောတာပန်တည်အောင် ဝိပဿနာဉာဏ်ဖြင့် ရှုမှတ်အားထုတ်ခဲ့ရကြောင်း သိနိုင်ပေသည်။ ဝိပဿနာဉာဏ်သည်လည်း တေဘူမကရုပ်နာမ်ခန္ဓာဟူသော ပဋိစ္စသမုပ္ပါဒ်ကိုပင် ရှုမှတ်ရသည်ဖြစ်ရာ သောတာပတ္တိမဂ်ရလျှင် ပုထုဇဉ်ဆိုင်ရာ ပဋိစ္စသမုပ္ပါဒ်ကို ဖြတ်နိုင်သည်ဟု ပြောနိုင်ပေသည်။

သို့သော် ဘုရားရှင်၏ ဟောကြားချက်၌ ထိုသို့သော အဓိပ္ပာယ်ကို တိုက်ရိုက် ဖော်ပြနေခြင်း မရှိပေ။ မတုန်မလှုပ် ကြည်ညိုသော သဒ္ဓါတရားနှင့် အရိယကန္တ ငါးပါးသီလနှင့် ပြည့်စုံနေလျှင် သောတာပန်တည်ပြီး အပါယ်လေးပါးမှ လွတ်ပြီဟု ဆုံးဖြတ်ပြောနိုင်ကြောင်းသာ ပါပေသည်။

မိုးကုတ်ဆရာတော်ကြီးသည် ပဋိစ္စသမုပ္ပါဒ်၌ ကျက်စားမှု များသည် အားလျော်စွာ တပည့်ဒကာ, ဒကာမများအား တရားဟောရာ၌ ပဋိစ္စသမုပ္ပါဒ် ဘက်ကို အလေးကဲ၍ သွန်သင်ဟောကြားတော် မူလေ့ရှိသဖြင့် ဘုရားဟော ပါဠိတော်လာအတိုင်းမဟုတ်ဘဲအနည်းငယ်တွန့်ကာ ဟောကြားတော်မူလိုက်ခြင်း ဖြစ်ကြောင်း တွေ့ရှိရပေသည်။

ဘုရားဟောပါဠိတော်များကိုဟောကြားရာ၌ဘုရားရှင် ဟောကြားတော်မူသည့်အတိုင်း အပြည့်အစုံ ဟောပြပြီးမှ ဖြစ်နိုင်ချေရှိသော အနက်အဓိပ္ပာယ်တို့ကို နာရသူတို့၏နားနှင့် အသိဉာဏ်ဝယ် ရှင်းလင်းသွားအောင် ဟောပြသင့်ပေသည်။ မူရင်း အနက်အဓိပ္ပာယ်ကို ခပ်မြုပ်မြုပ်လုပ်ပြီး မိမိ၏ အယူအဆ၊ မိမိ၏ အသုံးအနှုန်းဝေါဟာရတို့ကို အလေးကဲပြီး ပြောဟောရလျှင် ဝိစာရဏာပညာရှင်တို့၏ ဝေဖန်ပြစ်တင်ခြင်းကို ခံရတတ်လေသည်။

သို့ဖြစ်၍ မိုးကုတ်ဆရာတော်ကြီး၏ အထက်ပါ ဟောတရားတွင် "သူတို့ဆရာတောင်းတပည့် မှန်လို့ရှိရင် သူတို့ ပဋိစ္စသမုပ္ပါဒ်ကို သူတို့ဖြတ်တာလဲ သိတယ်ကွာ၊ ဆက်တာလဲ သိတယ်၊ ပြတ်တာလဲ သိတယ်"ဟူသောစကား "သူတို့ပဋိစ္စသမုပ္ပါဒ် သူတို့ဖြတ်နိုင်တယ် မဖြတ်နိုင်ဘူးဆိုတာ သူတို့သိတယ်တဲ့ ဟူသောစကားတို့ကို ဖြုတ်ပယ်ပြီး ပါဠိတော်နှင့် ညီညွတ်သော စကားအသုံးအနှုန်းတို့ဖြင့် အစားထိုး ပြင်ဆင်သင့်ပေသည်။

ထိုနည်းအတူ-ပါဠိတော်၌ တိုက်ရိုက်မလာဘဲ "ပဋိစ္စသမုပ္ပါဒ်"ကို အလေးကဲပြီး ဟောကြားထားသည့် ဟောကြားချက်တို့ကိုလည်း ပါဠိတော်နှင့် ညီညွတ်အောင် ပြင်ဆင်ပေးသင့်သည်။

### အမှတ်(၁၃/၈၆)

အာရောဂျ ပရမံ လာဘံ။ -(အမှတ်-၁၁၊နှာ-၁၄၃၊၁၄၅၊ ၁၄၆၊ ၁၄၇)

ယင်းပါဠိမှားနေရာ "အာရောဂျ ပရမာ လာဘာ"ဟု ဓမ္မပဒပါဠိတော် ဂါထာနံပါတ် ၂၀၄-နှင့်အညီ အမှန်ပြင်ပေးရန် ဖြစ်သည်။

### အမှတ်(၁၃/၈၇)

ဣမံ သဒ္ဓမ္မံ၊ ဤသူတော်ကောင်းတရားသည်။ အာဂတော၊ သူ့သန္တာန်၌ ရောက်ပြီဟူ၍။ ဣတိပိ၊ ဤသို့ ငါဘုရား ဟောတော်မူ၏။

(အမှတ်- ၁၁၊ နှာ- ၁၇၆)

ဤ၌ အနက်ပေးမှားနေရာ ယင်းကို- "ဣမံ သဒ္ဓမ္မံ၊ ဤမဂ်ဟည်းဟူသော သူတော်ကောင်းတရားသို့ (ဝါ) ကို။ အာဂတော ဣတိပိ၊ ကပ်ရောက်သူဟူ၍လည်း။ ဝုစ္စတိ၊ ဆိုအပ်ပါပေ၏"ဟု အမှန်ပြင်ပေးရန်ဖြစ်သည်။

### အမှတ် (၁၃/၈၈)

အရှင်အာနန္ဒာက အရှင်ဘုရား ဒီပူဇော်ပွဲကြီးကဖြင့် ခမ်းနားပါပေတယ်၊ ကြီးကျယ်ပါပေတယ်၊ အတီးတွေရော အမှုတ်တွေရော စုံလို့ဘဲ။ ညီတော်

အာနန္ဒာ ဟဲ့၊ ဒီပူဇော်ခြင်းသည်ကား ဆိုလို့ရှိရင်ဖြင့် ကုသိုလ်တော့ရပါတယ် ကွာ၊ ငါဘုရားအကြိုက်ဆုံးတော့ မကျသေးဘူး။

(အမှတ်- ၁၁၊ နှာ- ၂၉၄)

ဤဟောကြားချက်၌ အရှင်အာနန္ဒာက ပူဇော်ပွဲကြီး ကြီးကျယ်ပုံကို ဘုရားရှင်အား လျှောက်ထားလေဟန် ဟောကြားခြင်းသည် မှားပါသည်။ အရှင်အာနန္ဒာက လျှောက်ထားခြင်းမဟုတ်ဘဲ ဘုရားရှင်ကသာ မိန့်ကြားခြင်း ဖြစ်ပါသည်-ဟု စောဒကဆရာတော်က တင်ပြပေသည်။

အထ ခေါ ဘဂဝါ အာယသ္မန္တံ အာနန္ဒံ အာမန္တေသိ သဗ္ဗဖာလိဖုလ္လာ ခေါ အာနန္ဒ ယမကသာလာ အကာလပုပ္ဖေဟိ (ပ) ဒိဗ္ဗာနိပိ တူရိယာနိ အန္တလိက္ခေ ဝဇ္ဇန္တိ တထာဂတဿ ပူဇာယ (ပ) န ခေါ အာနန္ဒ ဧတ္တာဝတာ တထာဂတော သက္ကတော ဝါ ဟောတိ (ပ) ဧဝဉှိ ဝေါ အာနန္ဒ သိက္ခိတဗ္ဗန္တိ။

(ဒီ၊ ၂။ ၁၁၄)

ဟူသော ပါဠိတော်ကို ထောက်၍-

အထက်ပါဆရာတော်ကြီး၏ ဟောဝေရေးတွင် အစဖြစ်သော "အရှင်အာနန္ဒာက အရှင်ဘုရား" ဟူသော စကားရပ်ကို "မြတ်စွာဘုရားက အာနန္ဒာ"ဟူသော စကားရပ်ဖြင့် ပြင်ဆင်ပေးမှ သင့်မည်။

## အမှတ် (၁၃/၈၉)

ခေါ်ပင်ခေါ်ငြားသော်လည်း မလိုက်လာဘူး၊ မလိုက်လာလို့ ဘုရားသွား လျှောက်လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကကွာ တိဿ ငါ့ဆီကတရား တွေ ယူပြီးသကာလ ကရားတွေ ကြိုးစားပြီးသကာလ ငါဘုရားမမာတော့ ပြန်လို့မှ လှည့်မကြည့်ဘူး။ အရှင်ဘုရား ဒါကြောင့် တိဿကြီး တပည့်တော်တို့ နှစ်ခါရှိပြီ သွားခေါ်တာ၊ ကဲ ဒါဖြင့် ငါ့အမိန့်နဲ့ဘဲ ခေါ်လိုက်ပါဦးကွာ။

(အမှတ်စဉ်-၁၁၊ နှာ-၂၉၉)

မိုးကုတ်ဆရာတော်ကြီး၏ ဤဟောကြားချက်များ ဓမ္မပဒအဋ္ဌကထာတွင် လုံးဝမပါဘဲ စိတ်ကူးယဉ်သက်သက်ဖြင့် ဟောနေခြင်းဖြစ်ကြောင်း စောဒကဆရာ တော်ကတင်ပြသည်။

ဓမ္မပဒအဋ္ဌကထာ၌-

"အထေကော တိဿတ္ထေရော နာမ ဘိက္ခု 'သတ္ထာ ကိရ စတုမာသစ္စ-

ယေန ပရိနိဗ္ဗာယိဿတိ၊ အဟဉ္စမှိ အဝီတရာဂေါ၊ သတ္ထရိ ဓရမာနေယေဝ မယာအရဟတ္တံ ဂဏှိတုံ ဝဋ္ဋတီ' တိ စတူသု ဣရိယာပထေသု ဧကေကာဝ ဝိဟာသိ။ ဘိက္ခူနံ သန္တိကေ ဂမနံ ဝါ ကေနစိ သဒ္ဓိံ ကထာ သလ္လာပေါ ဝါ နတ္ထိ။ အထ နံ ဘိက္ခူ အာဟံသု'အာဝုသော တိဿ ကသ္မာ ဧဝံ ကရောသီ' တိ။ သော တေသံ ကထံ န သုဏာတိ။ တေ တဿ ပဝတ္တိံ သတ္ထု အာရောစေတွာ 'ဘန္တေ တုမှေသု တိဿတ္ထေရဿ သိနေဟော နတ္ထီ' တိ အာဟံသု။ သတ္ထာ တံ ပက္ကောသာပေတွာ 'ကသ္မာ ဟိဿ ဧဝံ အကာသီ' တိ ပုဋ္ဌိတွာ တေန အတ္တနော အဓိပ္ပါယေ အာရောစိတေ'သာဓု တိဿာ'တိ သာဓုကာရံ ကတွာ" (ဓမ္မ၊ ၄။ ၂။ ၁၇၄)-

စသည်ဖြင့် တိဿမထေရ်အကြောင်းကို ပြဆိုသည်။

ဤအဋ္ဌကထာတွင် ရဟန်းများက တိဿရဟန်းကို ဘုရားရှင်ထံခေါ်ကြောင်း မပါရှိပေ။ ရဟန်းများနှင့်မရောနှောဘဲ တစ်ပါးတည်း တရားအားထုတ်နေသော တိဿရဟန်းက ဘာမျှပြန်မပြောပေ။ ထို့ကြောင့်ရဟန်းများက ဘုရားရှင်အား အကျိုးအကြောင်း သွားရောက်လျှောက်ထားရာ ဘုရားကခေါ်ခိုင်းသဖြင့် တိဿရဟန်းလိုက်လာခဲ့ပုံသာ ဖော်ပြထားပေသည်။

ထို့ကြောင့် ဆရာတော်ကြီး၏ အထက်ပါဟောကြားချက်အားလုံးကို ဟောစဉ် တရားစာအုပ်များမှ လည်းကောင်း၊ အသံသွင်းတိပ်ခွေများမှလည်းကောင်း ပယ်ဖျက်ပေးရမည်။

### အမှတ် (၁၃/၉၀)

ပစ္စုပ္ပန်မှာ အကြောင်းတိုက်ဆိုင်လို့ ပေါ်လာတဲ့ အဝိဇ္ဇာသင်္ခါရသတ်ရမယ်။

(အမှတ်စဉ်- ၁၁၊ နှာ-၃၁၉/၃၂၀)

ဤဟောကြားချက်၌ အကုသိုလ်သင်္ခါရသာ သတ်ရမည့် သင်္ခါရဖြစ်ပါလျက် သင်္ခါရကိုသတ်ရမယ်ဟု သာမန်လုံးထွေးဟောကြားခြင်းသည် မှားသည်-ဟုစောဒက ဆရာတော်က တင်ပြသည်။

ပဋိစ္စသမုပ္ပါဒ်တရားတော်အရ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါးလုံးသည် ချုပ်အောင် လုပ်ရမည့်တရားများသာ ဖြစ်သည်။ သိမ်းပိုက်ရယူထားထိုက်သည့် တရားများ မဟုတ်ကြ။ ပင်မမူလဖြစ်သော အဝိဇ္ဇာချုပ်လျှင် သင်္ခါရစသည်လည်းချုပ်မည်သာ ဖြစ်၏။ ဥပမာ- ရေသောက်မြစ်ကို ဖြတ်တောက်လိုက်လျှင် ပင်စည်,

အကိုင်းအခက်, အရွက်, အသီး, အပွင့်များကိုပင်သည်း ပယ်ဖျက်ရာရောက်သကဲ့သို့တည်း။

ထို့ကြောင့် ပစ္စုပ္ပန်အကြောင်းတိုက်ဆိုင်၍ ပေါ်လာသည့်အဝိဇ္ဇာကိုပယ်သတ်နိုင်လျှင် သင်္ခါရကိုလည်း ပယ်သတ်ပြီးဖြစ်သဖြင့် သင်္ခါရကို ပယ်သတ်ရမည်ဟု ဆိုနိုင်ပေသည်။

သို့သော် အဝိဇ္ဇာကို သတ်ရမည်ဟု ဟောခြင်းကသာ အငြင်းမပွား စကားမကျယ် အဓိပ္ပါယ်လည်းရှင်းသောကြောင့် သင်္ခါရကို ဖြုတ်၍ "ပစ္စုပ္ပန်မှာအကြောင်းတိုက်ဆိုင်ရင်ပေါ်မည့် အဝိဇ္ဇာကို သတ်ရမယ်" ဟု ပြင်ဆင်ရမည်။ တိပ်ခွေ၌အဝိဇ္ဇာသင်္ခါရသတ်ရမယ်-ဟူသော စကားကို ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၉၁)

အမောဟစိတ်ဆိုတာ တခါတလေကျတော့ ကျောက်ကလေးတွေ ဘာလေးတွေလဲ ခင်ဗျားတို့ အကြံအစည်နဲ့ကြံစည်တဲ့ အခါကျလို့ရှိရင် အဲဒါ မောင်နိုင် 'အမောဟစိတ်' လို့ခေါ်တယ်။ (မှန်ပါ)။ ဝိပဿနာကြံတာတော့ မဟုတ်ဘူးပေါ့ဗျာ။ ကိုယ့်လုပ်ခင်းကိုင်ခင်းကို ကြံတာ။ (အမှတ်စဉ်-၁၁၊ နှာ-၃၄၄)

မိုးကုတ်ဆရာတော်ကြီး၏ ဤဟောပြောချက်၌ ဒီကျောက်ကလေးကို ဒီဈေးရအောင် ရောင်းနိုင်ရင်တော့ အမြတ်ဒီလောက်ရမှာပဲဟု ကျောက်အရောင်းအဝယ်လုပ်ငန်းနှင့် စပ်လျဉ်း၍ ကြံစည်ခြင်းကို အမောဟစိတ် ဟု ဟောထားခြင်းသည် မှားပါသည်။ **အမောဟစိတ်သည် အကုသိုလ်စိတ်နှင့် အတူမဖြစ်ပါ။** ကျောက်လုပ်ငန်း စီးပွားရေးနှင့် စပ်သော အကြံအစည်သည် လောဘ၏ အာရုံကို ကြံစည်ခြင်း ဖြစ်၍ အမောဟနှင့်မယှဉ်နိုင်ပါ။ အကုသိုလ်အကြံအစည်များသာ ဖြစ်ဖို့များပါသည်-စသည်ဖြင့် စောဒကဆရာတော်က တင်ပြထားပေသည်။

ဤပစ္စည်းကို ဤမျှနှင့်ဝယ်၍ ဤဈေးဖြင့်ရောင်းလျှင် အမြတ်အစွန်း ဤမျှရမည်ဟု ဆင်ခြင်စဉ်းစားတတ်သောသဘောသည် ပညာမည်၏ဟု အင်္ဂုတ္တရပါဠိတော်၊ တိကနိပါတ်၊ ဒုတိယပါပဏိကသုတ်၌ ဘုရားဟောတော်မူသည်။

ကထဉ္စ ဘိက္ခဝေ ပါပဏိကော စက္ခုမာ ဟောတိ? ဣဓ ဘိက္ခဝေ ပါပဏိကော ပဏိယံ ဇာနာတိ "ဣဒံ ပဏိယံ ဧဝံ ကီတံ, ဧဝံ ဝိက္ကယမာနံ ဧတ္တကံ မူလံ ဘဝိဿတိ ဧတ္တကော ဥဒယော"တိ။ ဧဝံ ခေါ ဘိက္ခဝေ ပါပဏိကော စက္ခုမာ ဟောတိ။(အံ၊ ၁။ ၁၁၄)

ကထဉ္စ ဘိက္ခဝေ ပါပဏိကော ဝိဓုရော ဟောတိ? ဣဓ ဘိက္ခဝေ ပါပဏိ ကော ကုသလော ဟောတိ ပဏိယံ ကေတုဉ္စ ဝိက္ကေတုဉ္စ။ ဧဝံ ခေါ ဘိက္ခဝေ ပါပဏိကော ဝိဓုရော ဟောတိ။ (အံ၊ ၁။ ၁၁၄)

စက္ခုမာတိ ပညာစက္ခုနာ စက္ခုမာ ဟောတိ။ ဝိဓုရောတိ ဝိသိဋ္ဌဓုရော ဥတ္တမဓုရော ဉာဏသမ္ပယုတ္တေန ဝီရိယေန သမန္နာဂတော။ (အံ၊ ဋ၊ ၂။ ၈၆)

ထို့အတူ အန္ဓသုတ်၌လည်း စီးပွားရေးကို ကျွမ်းကျင်လိမ္မာစွာ လုပ်ကိုင်တတ် သော သဘောသည် ပညာစက္ခုမည်ကြောင်း ဘုရားရှင်ဟော တော်မူသည်။

ကတမော စ ဘိက္ခဝေ ပုဂ္ဂလော အန္ဓော? ဣဓ ဘိက္ခဝေ ဧကစ္စဿ တထာရူပံ စက္ခု န ဟောတိ၊ ယထာရူပေန စက္ခုနာ အနဓိဂတံ ဝါ ဘောဂံ အဓိဂစ္ဆေယျ၊ အဓိဂတံ ဝါ ဘောဂံ ဖာတိံ ကရေယျ။ တထာရူပမ္ပိဿ စက္ခု န ဟောတိ၊ ယထာ ရူပေန စက္ခုနာ ကုသလာကုသလေ ဓမ္မေ ဇာနေယျ။ (ပ) ကဏှသုက္ကသပ္ပဋိဘာဂေ ဓမ္မေ ဇာနေယျ။ အယံ ဝုစ္စတိ ဘိက္ခဝေ ပုဂ္ဂ လော အန္ဓော။ (အံ၊ ၁။ ၁၂၆)

စက္ခု န ဟောတီတိ ပညာစက္ခု န ဟောတိ။ (အံ၊ ဋ၊ ၂။ ၉၆)

အန္ဓောတိအာဒီသု ပါဠိပဒေသု ပဌမော ဒိဋ္ဌဓမ္မိကဘောဂသံဟရဏ ပညာစက္ခုနော စ သမ္ပရာယိကတ္ထသာဓနပညာစက္ခုနော စ အဘာဝါ "အန္ဓော"တိ ဝုစ္စတိ ဒုတိယောပိ။ (အံ၊ ဋီ၊ ၂။ ၉၅)

ထို့အတူ ဝိဘင်းပါဠိတော်၌လည်း-

တတ္ထ ကတမာ စိန္တာမယာ ပညာ၊ ယောဂဝိဟိတေသု ဝါ ကမ္မာယတ- နေသု ယောဂဝိဟိတေသု ဝါ သိပ္ပါယတနေသု ယောဂဝိဟိတေသု ဝါ ဝိဇ္ဇာ- ဋ္ဌာနေသု ကမ္မဿ ကတံ ဝါ သစ္စာနုလောမိကံ ဝါ (ပ) ဓမ္မနိဇ္ဈာနက္ခန္တိံ ပရတော အသုတွာ ပဋိလဘတိ။ အယံ ဝုစ္စတိ စိန္တာမယာ ပညာ။ (အဘိ၊ ၂။ ၃၃၇)

အသက်မွေးဝမ်းကျောင်းပညာ, လက်မှုပညာ, ဆေးဝါးမန္တန်အတတ်ပညာ စသည်တို့ကို တတ်သိနားလည်ခြင်းသည် ပညာ-ဟု ဘုရားရှင် ဟောတော်မူ သည်။

တတ္ထ ကတမော အမောဟော ဒုက္ခေ ဉာဏံ, ဒုက္ခသမုဒယေ ဉာဏံ-စသည် ဖြင့် သစ္စာလေးပါးကို သိသောဉာဏ်သည် အမောဟမည်၏ဟူသော စကားတော်

သည် ဝိပဿနာအရာ, မဂ်ဖိုလ်အရာတို့၌ ရထိုက်သော ပညာ၏သဘောကို ဖော်ပြသည့် ဥက္ကဋ္ဌနိဒ္ဒေသ (အမြင့်ဆုံးပညာကို ညွှန်ပြသည့်) စကားတော်သာ ဖြစ်သည်။

အထက်ပါ ဝိဘင်းပါဠိတော်၌ အသက်မွေးဝမ်းကျောင်းပညာ, လက်မှုပညာ မှစ၍ သစ္စလေးပါးတိုင်အောင်၊ အမျိုးမျိုးသော အာရုံတို့ကို ကွဲပြားခြားနားစွာ သိတတ်သောသဘောသည် ပညာ (သုတမယပညာ) မည်ကြောင်း ဖွင့်ဆိုထားပေသည်။

ထိုပညာသည် အကျိုးရှိသည် မရှိသည်၊ အပြစ်ရှိသည် မရှိသည်ကို ခွဲခြားဝေဖန်သိစွမ်းနိုင်သော သတ္တိရှိသည်။ ကောင်းသောတရား, ကောင်းသောအလုပ်စသည်ကို ကောင်းသည်ဟု အမှန်အတိုင်း သိမြင်ခြင်း၊ မကောင်းသော အပြစ်ရှိသောတရား အကျိုးမရှိသောတရားစသည်ကို အပြစ်ရှိသည် အကျိုးမဲ့သည်ကိုဖြစ်စေသည်ဟု အမှန်အတိုင်း သိမြင်ခြင်း သဘောရှိသောကြောင့် အကောင်း အဆိုး အာရုံအမျိုးမျိုးကို အမှန်တိုင်း သိမြင်အပ်သော သဘောရှိပေသည်။

ထို့ကြောင့် မိုးကုတ်ဆရာတော်ကြီး၏ ဟောပြောချက်သည် အမှန်ပင် ဖြစ်ပေသည်။

## အမှတ် (၁၃/၉၂)

**စာမှာ ပိုနေတာတွေက ကိုဝ ရှိသေးတယ်။ (မှန်ပါ)။ စာမှာ အရိယာဖြစ်ပြီးမှ ရှုရမည့်စိတ်တွေ ပါနေတယ်။ (အမှတ်စဉ်-၁၁၊ နှာ-၃၅၉)**

သဉတ္တရံ ဝါ စိတ္တံ သဉတ္တရံ စိတ္တန္တိ ပဇာနာတိ၊ အနုတ္တရံ ဝါ စိတ္တံ အနုတ္တရံ စိတ္တန္တိ ပဇာနာတိ။ လောကုတ္တရာစိတ်လဲ ရှုလို့ ဘုရားက ဟောတယ်။ (အမှတ်စဉ် -၁၁၊ နှာ-၃၆၀)

ဤဟောကြားချက်၌ အနုတ္တရံ စိတ္တံ-အရ လောကုတ္တရာစိတ်လဲရှုလို့ ဘုရားက ဟောတယ်-ဟု မိုးကုတ်ဆရာတော်ကြီး ဟောခြင်းသည် မှားပါသည်ဟု စောဒကဆရာတော်က တင်ပြပေသည်။

ဝိပဿနာရှုရာ၌ ဒုက္ခသစ္စာထိုက်သော တရားတို့ကိုသာ ဝိပဿနာရှုရမည်။ နိရောဓသစ္စာ, မဂ္ဂသစ္စာထိုက်သောတရားတို့ကို မရှုရပေ။ ဒုက္ခသစ္စာ, သမုဒယသစ္စာထိုက်သော တရားတို့သည်သာ သရုပ်သကောင်အားဖြင့် သိမ်းဆည်းရှုမှတ်၍ ရသည်။ နိရောဓသစ္စာ, မဂ္ဂသစ္စာတို့ကား ပုထုဇဉ်တို့၏အရာ မဟုတ်သော

ကြောင့် ရှုမှတ်၍ မရ။ အရိယာပုဂ္ဂိုလ်များသည် မိမိတို့ရသော ဖိုလ်တရားကို ရှုနိုင်သော်လည်း ကိလေသာကို ပယ်နိုင်ခြင်းဟူသော အကျိုးမရှိသောကြောင့် လောကုတ္တရာတရားတို့ကို မရှုမှတ်ရပေ။

ဒုက္ခေ ဉာဏန္တိ အာဒိနာ စတုသစ္စကမ္မဋ္ဌာနံ ဒဿိတံ။ တတ္ထ ပုရိမာနိ ဒွေ သစ္စာနိ ဝဋ္ဋံ။ ပစ္ဆိမာနိ ဝိဝဋ္ဋံ။

တေသု ဘိက္ခုနော ဝဋ္ဋေ ကမ္မဋ္ဌာနာဘိနိဝေသော ဟောတိ။ ဝိဝဋ္ဋေ နတ္ထိ အဘိနိဝေသော။ (ဒီ၊ ဋ္ဌ၊ ၂။ ၃၉၁)

ဝဋ္ဋေ ကမ္မဋ္ဌာနာဘိနိဝေသော သရူပတော ပရိဂ္ဂဟ သဗ္ဘာဝတော။ ဝိဝဋ္ဋေ နတ္ထိ အဝိသယတ္တာ, ဝိသယတ္တေ စ ပယောဇနာဘာဝတော။

(ဒီ၊ ဋီ၊ ၂၊၃၄၅)

ထို့ကြောင့် မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာ (ဒီ၊ ဋ္ဌ၊ ၂။ ၃၆၆) ၌-

"ဣဒံ ပန ယသ္မာ သမ္မသနံ န ဓမ္မသမောဓာနံ၊ တသ္မာ ဣဓ ကောပဒေပိ လောကုတ္တရံ န လဗ္ဘတိ"

ဟု ဝီတရာဂ စသော ပုဒ်တို့၌ လောကုတ္တရာ တရားတို့ကို မကောက်ယူရန် မှာကြားတော်မူသည်။

ထို့အတူ-ဝိမုတ္တ, အဝိမုတ္တစသော ပုဒ်တို့အရ မဂ်, ဖိုလ်, နိဗ္ဗာန်တို့ကို မယူရန် "သမုစ္ဆေဒပဋိပဿဒ္ဓိနိဿရဏဝိမုတ္တီနံ ပနဣဓ ဩကာသောဝ နတ္ထိ"

(မ၊ ဋ္ဌ၊ ၂။ ၃၆၇)

ဟု မှာတော်မူသည်။ အထက်ပါ ဖွင့်ဆိုချက်တို့အပြင် -

"သဥတ္တရန္တိ ကာမာဝစရံ။ အနုတ္တရန္တိ ရူပါဝစရံ အရူပါဝစရဉ္စ။ တတြာပိ သဥတ္တရံ ရူပါဝစရံ၊ အနုတ္တရံ အရူပါဝစရမေဝ။" (ဒီ၊ဋ္ဌ၊၂။၃၆၆-၃၆၇)-

ဟူ၍ တိတိကျကျ ဖွင့်ပြထားသောကြောင့် အနုတ္တရ-အရ လောကုတ္တရာစိတ်တို့ကို မကောက်ယူရကြောင်း ရှင်းလင်းစွာ သိအပ်ပေသည်။

ပဋိသမ္ဘိဒါမဂ်ပါဠိတော် စေတောပရိယဉာဏနိဒ္ဒေသ (ပဋိသံ၊ ၁၀၉)၌ လာသော "အနုတ္တရံ ဝါ စိတ္တံ ဝိမုတ္တံ ဝါ စိတ္တံ"ဟူသော ပါဠိတော်၌ အနုတ္တရ စိတ္တအရ, ဝိမုတ္တစိတ္တအရ လောကုတ္တရာတရားများ ယူရသော်လည်း ထိုပါဠိတော်သည် ဝိပဿနာဉာဏ်၏ အာရုံကိုပြသော ပါဠိမဟုတ်၊ စေတောပရိယ အဘိညာဉ်၏ အာရုံကိုပြသော ပါဠိဖြစ်သောကြောင့် ဤနေရာ၌ ယင်းကို မလိုအပ်ပေ။

လောကုတ္တရာစိတ်(ဖိုလ်စိတ်)ကို ဝိပဿနာရှုလျှင် ဖြစ်နိုင်သော်လည်း အကောင်းတရားများဖြစ်၍ နိဗ္ဗိန္ဒာဉာဏ် ဖြစ်ပေါ်လာမည် မဟုတ်ပေ။ အရိယာပုဂ္ဂိုလ်များ ဝိပဿနာရှုကြသော်လည်း မဂ်ဖိုလ်ကို ရှုကြသည်မဟုတ်ပေ။ တေဘူမက ရုပ်နာမ်ကိုသာ ရှုကြသည်။

သို့ဖြစ်၍ အထက်ပါဆရာတော်ကြီး ဟောတရားနှင့် အလားတူ စကားရပ်တို့ကို ဟောစဉ်စာအုပ်များမှလည်းကောင်း၊ အသံသွင်းတိပ်ခွေများမှ လည်းကောင်း ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၉၃)

စိတ္တေန နယ္ယတေ လောကော၊ စိတ္တဿ ပရိကဿတိ။

(အမှတ်စဉ်-၁၁၊ နှာ-၃၆၈)

ယင်း၌ နီယျတေ, စိတ္တဿ-တို့ ပါဠိမှားနေရာ (သံ၊ ၁။ ၃၆)နှင့်အညီ "စိတ္တေန နီယတိ လောကော၊ စိတ္တေန ပရိကဿတိ"ဟု အမှန်ပြင်ပေးရန်ဖြစ်သည်။

## အမှတ် (၁၃/၉၄)

အဓိဂမပဋိရူပကကို ယနေ့ဟောတယ်။ အဓိဂမဆိုတာ မရဘဲနဲ့ ရတယ်ထင်တယ်။ ပဋိရူပက က အလားတူက နှိပ်စက်တာ။

(အမှတ်စဉ်-၁၁၊ နှာ-၄၇၀)

ဤဟောစကား၌ အဓိဂမအရနှင့် ပဋိရူပကအနက် မှားနေသည်ဟု စောဒကဆရာတော်က စောဒနာထားပေသည်။

"အဓိဂမောတိ စတ္တာရော မဂ္ဂါ, စတ္တာရိ ဖလာနိ, စတဿော ပဋိသမ္ဘိဒါ တိဿော ဝိဇ္ဇာ ဆ အဘိညာတိ" (သံ၊ ဋ္ဌ၊ ၁။၆၇)-ဟု ဖွင့်ဆိုသောကြောင့် မဂ်, ဖိုလ်, ပဋိသမ္ဘိဒါလေးပါး, ဝိဇ္ဇာသုံးပါး, အဘိညာဉ်ခြောက်ပါးတို့သည် အဓိဂမမည်၏။

မိုးကုတ်ဆရာတော်ကြီးက "အဓိဂမဆိုတာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတာကို အဓိဂမလို့ ဆိုပါတယ်။ အထွတ်အထိပ် အလွန်အကဲ ရောက်သွားမှာလို့ ဆိုလိုဘာယ်။ ပဋိရူပကဆိုတာက အဲဒီ အလွန်အကဲရောက်မည့်နေရာမှာ အလားတူ အတုအပ ပေါ်လာတာ၊ နိဗ္ဗာန်ရောက်မည့် မြင်မည့်တရားနေရာမှာ မရောက်သေးတဲ့တရားက အလားတူ မဂ်ယောင် ဖိုလ်ယောင်နဲ့ ပေါ်လာတယ်"

ဟူ၍ (အမှတ်စဉ်-၁၁၊ နှာ-၄၉၉)ဟောထားရာ ပဋိရူပကဆိုတာ အတုအပကို ဆိုလိုကြောင်း သိနိုင်ပေသည်။

ထို့ကြောင့် အထက်ပါ တရားကို ပယ်ဖျက်၍ ယင်းစကားရပ်အား "အဓိဂမ ဆိုတာ မဂ်ဖိုလ်ကိုပြောတာ၊ ပဋိရူပကဆိုတာ အတုအယောင်ကိုပြောတာ" ဟူသော စကားရပ်ဖြင့် အစားထိုးသင့်သည်။

## အမှတ်(၁၃/၉၅)

ဒီဆရာသမားနဲ့ မတွေ့ခင်တုန်းက အင်း. . ငါ ဘာပါလိမ့်မတုန်းဆိုတော ဘယ်နှယ် ဖြေကြမလဲ။ (သာသနာပသားပါဘုရား)။ သာသနာပသားဘဲ။ ဒီပြင် ဖြေစရာကိုမရှိဘူး။ လိမ်စရာလဲ မလိုတော့ဘူး။

(အမှတ်စဉ်-၁၁၊ နှာ-၄၉၉/၅၀၀)

မိုးကုတ်ဆရာတော်၏ ဤဟောပြောချက်သည် သူတော်ကောင်း ဗုဒ္ဓဘာသာ သံဃာများကို ဖိနှိပ်ရှုတ်ချ ဟောထားခြင်းဖြစ်၍ ဤစကားရပ်များကို မိုးကုတ်ဟော တရားစာအုပ်များမှ ဖယ်ရှားပေးသင့်ပါသည်-ဟု စောဒကဆရာတော်က တင်ပြ ထားသည်။

မိုးကုတ်ဆရာတော်ကြီး၏ ဤဟောကြားချက်သည် စောဒကဆရာတော် တင်ပြသည့်အတိုင်း သူတော်ကောင်း ဗုဒ္ဓဘာသာ သံဃာတော်များကို ဖိနှိပ် ရှုတ်ချသော စကားဖြစ်နေ၍ ဝိပဿနာတရားဟောကြားနေသော မိုးကုတ် ဆရာတော်ကြီး အနေဖြင့် ဤသို့သော မိမိကိုယ်ကို ချီးမြှောက်၍ သူတစ်ပါးတို့ကို ကဲ့ရဲ့ရှုတ်ချသော အတ္တုက္ကံသန ပရဝမ္ဘနစကားမျိုးကို မဟောသင့်ပါပေ။ အတ္တုက္ကံသန ပရဝမ္ဘနစကားသည် မိမိကိုယ်ကို အထင်ကြီး၍ သူတစ်ပါးတို့ကို အထင်သေးသော မာန (အတိမာန, အဝမာန)ကို အခြေခံ၍ ဖြစ်ပေါ် လာတတ် သော စကားမျိုးဖြစ်သည်။

ဒကာ ဒကာမတို့အား ဗုဒ္ဓမြတ်စွာ ဟောကြားခဲ့သောတရားတို့ကို သံဃာတော်များ, လူပုဂ္ဂိုလ်များက မိမိစွမ်းအားအလျောက် ဟောပြော ဆုံးမကြသည်။ ဒါန အားနည်းသောပုဂ္ဂိုလ် ဒါနစွမ်းအားရှိလာအောင်၊ သီလ အင်အားနည်းပါး နေသောပုဂ္ဂိုလ် သီလကိုစောင့်ထိန်းချင်လာအောင်၊ ရတနာ သုံးပါးကို ကြည်ညို တတ်လာအောင် ဆိုင်ရာဆိုင်ရာ တရားများကို ဟောကြား ညွှန်ပြတော်မူကြသည်။ လူအချင်းချင်း သနားကြင်နာ မေတ္တာ ထားတတ်

လာအောင်၊ ရန်ငြိုးဒေါသ အာဃာတများ ပြေပျောက်အောင်၊ ထို သစ္စါရ တရားတို့၌ အမှန်အတိုင်း နှလုံးသွင်း ဆင်ခြင်တတ်အောင်၊ ထိုသစ္စါရ တရားတို့ကို အမှန်အတိုင်း သိမြင်လာအောင် စွမ်းအားရှိသမျှ ဟောပြကြသည်။

စာပေပရိယတ္တိကို ပို့ချ+သင်အံနေကြသော စာချ+စာသင် အရှင်မြတ်တို့သည်လည်း သာသနာတော်၏ အခြေခံဖြစ်သော ပရိယတ္တိစာပေများ မပပျောက်အောင် ထွန်းလင်းတောက်ပအောင် ပို့ချသင်အံတော်မူကြသကဲ့သို့ ဒကာ ဒကာမများကလည်း မိမိတို့စွမ်းရာ ကဏ္ဍမှ ပါဝင်၍ ပစ္စည်းလေးပါးထောက်ပံ့ လှူဒါန်းအားပေးနေကြရသည်။

ဒါနကထာ, သီလကထာ, သဂ္ဂကထာ, ကာမာနံ အာဒီနဝကထာ, မဂ္ဂကထာ တို့ကို အကြောင်းအားလျော်စွာ ဘုရားရှင် ဟောကြားတော်မူခဲ့သည်။ လာလာသမျှ တွေ့ကြုံသမျှ ပုဂ္ဂိုလ်တိုင်းအား ကာမာနံ အာဒီနဝ ကထာ, မဂ္ဂကထာ တို့ကို ဟောသည်မဟုတ်ပေ။ သတ္တဝါတို့၏ စရိုက် ဝါသနာတို့ကို အကဲခတ်ပြီး ဒါနတရားတို့ကို ဟောလျှင် စိတ်နှလုံးနူးညံ့ မည့်သူများကို ဒါနတရားဟော၍ စိတ်နှလုံး နူးညံ့ယဉ်ကျေးစေသည်။ သီလတရား အလေးထား၍ ဟောကြားသင့်သော ပုဂ္ဂိုလ်များအား သီလတရားဟောကြား၍ အသိဉာဏ်စွမ်းအား စိတ်အင်အားကို ဖြည့်ပေးတော်မူသည်။ သဒ္ဓါစရိုက် အားကြီးသော ပုဂ္ဂိုလ်များအား ဗုဒ္ဓါနုဿတိ ဘာဝနာစသည့် သမထဘာဝနာကို ဟောကြား၍ သဒ္ဓါအားကို မြင့်တင်ပေးတော်မူသည်။ အသိဉာဏ်အားကြီးသူ (ဗုဒ္ဓိစရိုက်ရှိသူ)တို့အား မရဏာဿတိကမ္မဋ္ဌာန်း, ဓာတ်ကမ္မဋ္ဌာန်းစသော သမထ ကမ္မဋ္ဌာန်းများနှင့် ဝိပဿနာကမ္မဋ္ဌာန်းများကို ဟောကြားတော်မူခြင်းဖြင့် ထိုပုဂ္ဂိုလ် တို့၏ အခြေအနေကို မြင့်တင်ပေးတော်မူသည်။

ဤသို့ ဘုရားရှင် ဟောကြားခဲ့သည်တို့ကို အတုယူ၍ သာသနာ့ဝန်ဆောင် သံဃာတော်များသည် ဆိုင်ရာဆိုင်ရာ တရားတို့ကို ပိဋကတ်တော်များမှ ထုတ်နုတ်၍ ဟောကြားတော်မူကြရသည်။ ဗုဒ္ဓ၏သားတော်သံဃာစစ် သံဃာမှန် မှန်သမျှတို့သည် ဗုဒ္ဓ၏ ဟောကြားချက်တို့ကို ရိုသေစွာ ထိန်းသိမ်းစောင့်ရှောက်ကြ၍ နည်းမှန်လမ်းမှန်ဖြစ်အောင် ညွှန်ပြတော်မူလေ့ရှိကြသည်။ ယခုခေတ် ဗုဒ္ဓသာဝက သံဃာတော်များ ဟောကြားအပ်သော တရားစစ် တရားမှန်များသည် ဗုဒ္ဓနှင့် ဗုဒ္ဓသာဝကများ ဟောကြားခဲ့သည့် တရားတော်များသာ ဖြစ်၏။ အရှင်သာရိ

ပုတ္တရာစသော ဗုဒ္ဓသာဝကတို့သည်လည်း ဗုဒ္ဓဟောကြားအပ်သော တရားတော်ကို နည်းယူ၍ ဟောကြားခဲ့သည်ဖြစ်ရာ အမှန်အားဖြင့်မူ အရှင်သာရိပုတ္တရာစသော ရဟန္တာမထေရ်များ ဟောကြားအပ်သည့် တရားသည်လည်း ဗုဒ္ဓတရားပင်ဖြစ်၏။

"ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ"

ဟူသော ဗုဒ္ဓမိန့်မှာတော်မူသည်နှင့်အညီ ဘုရားရှင် ဟောကြားအပ်သော တရားတော်ကို (ဒါနတရားမှ စ၍ နိဗ္ဗာန်တရားတိုင်အောင်) ဟောကြားလျှင် ဗုဒ္ဓကိုယ်တိုင် ဟောကြားသည်ဟု ဆိုနိုင်ပါသည်။

ထို့ပြင်"သာဝကဝိနေယျာ နာမ ယေ ဗုဒ္ဓါနမ္ပိ ဓမ္မဒေသနာယ ဗုဇ္ဈန္တိ သာဝကာနမ္ပိ" (ဒီ၊ ဋ၊ ၃။ ၂၃၈)၊

သာဝကေဟိ ဝိနေတုံ သက္ကုဏေယျာ သာဝက ဝိနေယျာ နာမ, န သာဝကေဟေဝ ဝိနေတဗ္ဗာဟိ ဒဿေန္တော အာဟ "သာဝက ဝိနေယျာ နာမ= တိ အာဒိ"(ဒီ၊ ဋီ၊ ၃။ ၂၇၆)

တို့ကို ထောက်လျှင်လည်း ဘုရားရှင်၏ အစွမ်းမပါဘဲ သာဝကတို့၏ အစွမ်းသက်သက်ဖြင့် သစ္စာသိသူကို သာဝက ဝေနေယျ-ဟု ဆိုလိုသည်မဟုတ်၊ ဘုရားရှင်တို့၏ ဟောတရားကြောင့် လည်းကောင်း သာဝက တို့၏ ဟောတရားကြောင့် လည်းကောင်း သစ္စာသိသူ ကိုသာ သာဝကဝေနေယျ-ဟု ခေါ်ရကြောင်း သိနိုင်သည်။ ဗုဒ္ဓဝေနေယျ ဘဲဖြစ် ဖြစ် သာဝကဝေနေယျ ဘဲဖြစ်ဖြစ် သစ္စာသိမြင်သူ ဝေနေယျပုဂ္ဂိုလ်မှန်သမျှ ဗုဒ္ဓ၏ အစွမ်းပါရှိသည်သာဖြစ်၏။

ထို့ကြောင့် "ငါဟောလိုက်လို့ ခန္ဓာဉာဏ်ရောက် နိဗ္ဗာန်ပေါက် သိမြင် သွားသည်" ဟု မည်သူမျှ ဆိုပိုင်ခွင့် မရှိပေ။ ဘုရားအစွမ်းတော်ချည်းသာ ဖြစ်သည်။

သို့ဖြစ်၍"ဒီဆရာသမားနဲ့ မတွေ့ခင်တုန်းက အင်း-- ငါ ဘာပါလိမ့်မတုန်း ဆိုတော့ ဘယ်နှယ် ဖြေကြမလဲ၊ (သာသနာ့ပသားပါဘုရား)။ သာသနာ့ပသားဘဲ၊ ဒီပြင် ဖြေစရာကို မရှိဘူး။ လိမ်စရာလဲ မလိုတော့ဘူး" ဟူသော မိုးကုတ်ဆရာတော်ကြီး၏ ဟောတရားနှင့် အလားတူ စကားရပ်အားလုံးကို မိုးကုတ်ဆရာတော်ကြီး၏ ဟောတရားစာအုပ်များနှင့် အသံသွင်းတိပ်ခွေတို့မှ ဖယ်ရှား

ပယ်ဖျက် ပေးမှသာလျှင် ဝိပဿနာတရား အစစ်အမှန်တို့ကို ပြနေသော မိုးကုတ်ဆရာတော်ကြီး၏ ဂုဏ်နှင့် လိုက်ဖက်လျက် ဂုဏ်တက်မည်ဖြစ်သည်။

သို့မဟုတ် "ဒီ ဆရာသမားနဲ့ မတွေ့ခင်တုန်း" ဟူသော စကားကို "ဒီသာသနာနဲ့ မတွေ့ခင်တုန်းက ဟူ၍ဖြစ်စေ၊ "ဒီတရားနဲ့ မတွေ့ခင်တုန်းက" ဟူ၍ဖြစ်စေ ပုဂ္ဂလနေရာ၌ ဓမ္မဖြင့် အစားထိုးမှသာ ဂုဏ်တက်လျက် မိုးကုတ်ဆရာတော်ကြီးကို အကောင်းဆုံးပူဇော်ရာရောက်မည်ဖြစ်သည်။

## အမှတ် (၁၃/၉၆)

တရားဂုဏ်တော်၌ ပါဝင်သော သန္ဒိဋ္ဌိကောနှင့် ဧဟိပဿိကော ဂုဏ်တော်နှစ်ပုဒ်ကို ကျွန်တော်တို့ ဘိုးဘွားဘီဘင် လက်ထက်ကစပြီး နားလည်လွဲခဲ့ပုံ, ချော်ခဲ့ပုံတွေကို "ဒီတရားနာပြီးမှပင် ဩော်. . . ဒီလိုပါလား၊ ဒီလို မဟုတ်ပါလား" ဆိုတဲ့ အသိဉာဏ်တွေဝင်ပြီး အလင်းရောင် ပေါက်ခဲ့ပါသည်။

(အမှတ်-၈၊ စာအုပ်နိဒါန်း)

ဤရေးသားချက်မှာ မိုးကုတ်ဆရာတော်ကြီး၏ ဟောတရားများမဟုတ်ပါ။ မိုးကုတ်ဆရာတော်ကြီး၏ ဟောစဉ်တရားစာအုပ် အမှတ်စဉ်-၈ နိဒါန်းတွင် မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ ဥက္ကဋ္ဌဦးသန်ဒိုင် ရေးသားသော ရေးသားချက်ဖြစ်ပါသည်။

ဤရေးသားချက် (ဤစကား) များကိုလည်း ဖယ်ရှားပေးသင့်ကြောင်း စောဒကဆရာတော်က တင်ပြသည်။

စုဒိတကဆရာတော်များကလည်း ဤစကားများသည် ဆရာတော်ကြီး၏ စကား များမဟုတ်၊ စာအုပ်စီစဉ်သူက သူ၏ ပုဂ္ဂလိကအမြင်ဖြင့် ရေးသား ထားသော ရေးသားချက်များသာ ဖြစ်ပါသည်။ မည်သူ့ကိုမျှ ထိခိုက်စေသော ရေးသားချက် မဟုတ်ပါဟု တင်ပြကြသည်။

စောဒနာအမှတ် (၉)၌ စိစစ်ခဲ့ပြီးသည့်အတိုင်း တရားဂုဏ်တော် ၆-ပါးကို အလုပ်ပေးတရား, လုပ်နည်းပြတဲ့တရားဟု ဆိုလျှင် ဖြစ်နိုင်သောကြောင့် အထက်ပါ စကားရပ်ကို ပယ်ဖျက်ပြီး "ယခုတရား နာရသောအခါ တရားဂုဏ်တော်၌ ပါဝင်သော သန္ဒိဋ္ဌိကောနှင့် ဧဟိပဿိကော-ဂုဏ်တော်နှစ်ပုဒ်ကို ဓမ္မာနုဿတိ ကမ္မဋ္ဌာန်းပွားများနိုင်ရုံမက ဝိပဿနာ အလုပ်ပေးတရားအဖြစ်လည်း အသုံး ပြုနိုင်ကြောင်း ရှေးကထက်ပို၍ အသိဉာဏ် တိုးရပါသည်"ဟု ပြင်ဆင် သင့်သည်။

## အမှတ် (၁၃/၉၇)

သစ္စာနုလောမိကဉာဏ်မှ သာသနာတွင်း တရားလို့မှတ်လိုက်ပါ။
(အမှတ်စဉ်-၁၁၊ နှာ-၄၇၄)

ဒို့သည်ကားလို့ ဆိုလို့ရှိရင် သာသနာတွင်းသားဖြစ်အောင် ကမ္မဿက တာဉာဏ်ပါရလိမ့်မယ်။ (အမှတ်စဉ်-၁၁၊ နှာ-၄၉၀)

မိုးကုတ်ဆရာတော်ကြီး၏ ဤဟောကြားချက်သည် သစ္စာနုလောမိကဉာဏ်ကိုသာ သာသနာတွင်းတရား၊ သစ္စာနုလောမိကဉာဏ်ရအောင် လုပ်နိုင်မှ သာသနာတွင်းသားဟူသော ဟောခြင်းသည် (အခြား တရားများစွာလည်း ရှိနေသောကြောင့်) မှားပါသည်-ဟု စောဒကဆရာတော်က တင်ပြသည်။

စုဒိတက ဆရာတော်များက-

"တတ္ထ ပုထုဇ္ဇနာ ဒုဝိဓာ ဟောတိ ဗာဟိရကော သာသနိကော စ။ တတ္ထ ဗာဟိရကော ကမ္မဝါဒီ ကမ္မဿကတာ ဒိဋ္ဌိယာ သမ္မာဒိဋ္ဌိ ဟောတိ၊ နော သစ္စာနုလောမိကာယ အတ္တဒိဋ္ဌိပရာမာသကတ္တာ။ သာသနိကော ဒွိဟိဂိ။" (မ၊ ဋ္ဌ၊ ၁။ ၂၀၀)

ဟူသော မူလပဏ္ဏာသ အဋ္ဌကထာကို အခိုင်အမာကိုးကား၍ သစ္စာနုလောမိက (ဝိပဿနာ) ဉာဏ်ရှိမှသာ သာသနာတွင်းသား-ဟု ခေါ်နိုင်ကြောင်း တင်ပြကြသည်။

စောဒကဆရာတော်ကလည်း ယင်းပါဠိကို ကိုးကား၍ ဝိပဿနာဉာဏ် မရသေးသော်လည်း အတ္တဒိဋ္ဌိမရှိပါက သာသနာတွင်းသားဟု ခေါ်ထိုက်ကြောင်း၊ ဗုဒ္ဓဘာသာဝင်အများစုသည် အတ္တဒိဋ္ဌိ မရှိကြ၍ သာသနာတွင်းသားများသာ ဖြစ်ကြောင်း တင်ပြသည်။

### အယူအဆ လွဲနေကြ

မူလပဏ္ဏာသ အဋ္ဌကထာ သမ္မာဒိဋ္ဌိသုတ်အပွင့်၌ လာရှိသော တတ္ထ ပုထုဇ္ဇနော ဒုဝိဓော ဟောတိ ဗာဟိရကော သာသနိကော စ -စသော အဋ္ဌကထာ၏ ဖွင့်ဆိုချက်အမှန် ဆိုလိုရင်းကို စောဒကဆရာတော်ရော စုဒိတကဆရာတော်များပါ မျက်ချည်မပြတ် မိမိတို့လိုချင်သည့် အနက်အဓိပ္ပါယ် ဘက်ကိုသာ အားသန်နေကြသည်။ အဋ္ဌကထာ၏ ဆိုလိုရင်းအမှန်ကို သတိပြုမိကြဟန် မတူပေ။

သာ စာယံ သမ္မာဒိဋ္ဌိ ဒုဝိဓာ ဟောတိ လောကိယာ လောကုတ္တရာတိ။ တတ္ထ ကမ္မဿကတာဉာဏံ သစ္စာနုလောမိကဉာဏဉ္စ လောကိယာ သမ္မာဒိဋ္ဌိ၊ သင်္ခေပတော ဝါ သဗ္ဗာပိ သာသဝါ ပညာ။ အရိယမဂ္ဂဖလ-သမ္ပယုတ္တာ ပညာ လောကုတ္တရာ သမ္မာဒိဋ္ဌိ။

ပုဂ္ဂလော ပန တိဝိဓော ဟောတိ ပုထုဇ္ဇနော သေက္ခော အသေက္ခော စ။ တတ္ထ ပုထုဇ္ဇနော ဒုဝိဓော ဟောတိ ဗာဟိရကော သာသနိကော စ။ ဟတ္ထ ဗာဟိရကော ကမ္မဝါဒီ ကမ္မဿကတာသမ္မာဒိဋ္ဌိယာ သမ္မာဒိဋ္ဌိ ဟောတိ။ နော သစ္စာနုလောမိကာယ အတ္တဒိဋ္ဌိပရာမသကတ္တာ။ သာသနိကော ဒွီဟိပိ။ သေက္ခော နိယတာယ သမ္မာ ဒိဋ္ဌိယာ သမ္မာဒိဋ္ဌိ။ အသေက္ခော အသေက္ခာယ။ (မ၊ ဋ္ဌ၊ ၁။ ၂၀၀)

**အနက်**

စ၊ ဆက်၍ဆိုဦးအံ့။ သာ အယံ သမ္မာဒိဋ္ဌိ၊ ထိုသမ္မာဒိဋ္ဌိ(တရား)သည်။ လောကိယာ၊လောကီဖြစ်သော သမ္မာဒိဋ္ဌိလည်းကောင်း။ လောကုတ္တရာ၊ လောကုတ္တရာဖြစ်သော သမ္မာဒိဋ္ဌိလည်းကောင်း။ ဣတိ၊ ဤသို့။ ဒုဝိဓာ၊ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ ကမ္မဿကတာ-ဉာဏဉ္စ၊ ကမ္မဿကတာဉာဏ်သည် လည်းကောင်း။ သစ္စာနုလောမိကဉာဏဉ္စ၊ သစ္စာနုလောမိက (ဝိပဿနာ)ဉာဏ်သည်လည်းကောင်း။ လောကိယာ သမ္မာဒိဋ္ဌိ၊ လောကီသမ္မာဒိဋ္ဌိမည်၏။ ဝါ။ တစ်နည်း။ သဗ္ဗာပိ၊ အလုံးစုံလည်း ဖြစ်သော။ သာသဝါ၊ အာသဝတရားတို့၏ အာရုံဖြစ်သော။ ပညာ၊ (တိဟိတ်-ဉာဏ-သမ္ပယုတ်စိတ်နှင့်ယှဉ်သော) ပညာသည်။ လောကိယာ သမ္မာဒိဋ္ဌိ၊ လောကီသမ္မာဒိဋ္ဌိမည်၏။အရိယမဂ္ဂဖလသမ္ပယုတ္တာ၊ အရိယာမဂ်ဖိုလ်တို့နှင့် ယှဉ်သော။ ပညာ၊ ပညာသည်။ လောကုတ္တရာ သမ္မာဒိဋ္ဌိ လောကုတ္တရာမည်၏။

ပန၊ သမ္မာဒိဋ္ဌိမှတစ်ပါး သမ္မာဒိဋ္ဌိအယူရှိသော ပုဂ္ဂိုလ်တို့ကို ဆိုဦးအံ့။ ပုဂ္ဂလော၊ သမ္မာဒိဋ္ဌိအယူရှိသော ပုဂ္ဂိုလ်သည်။ ပုထုဇ္ဇနော၊ သမ္မာဒိဋ္ဌိအယူရှိသော ပုထုဇဉ်လည်းကောင်း။ သေက္ခော၊ သေက္ခပုဂ္ဂိုလ်လည်းကောင်း။ အသေက္ခော၊ ရဟန္တာပုဂ္ဂိုလ်လည်းကောင်း။ ဣတိ၊ ဤသို့။ တိဝိဓော၊ သုံးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

တတ္ထ၊ ထိုသုံးယောက်တို့တွင်။ ပုထုဇ္ဇနော၊ သမ္မာဒိဋ္ဌိအယူရှိသော ပုထုဇဉ်သည်။ ဗာဟိရကော၊ ဗုဒ္ဓသာသနာမှ တစ်ပါးသော တိတ္ထိတို့၏ သာသနာကို

ကိုးကွယ်သော သမ္မာဒိဋ္ဌိအယူရှိသော ဗာဟိရကပုထုဇဉ်လည်းကောင်း။ သာသနိကော စ၊ ဗုဒ္ဓသာသနာကို ယုံကြည်သက်ဝင်သော သာသနိကပုထုဇဉ် လည်းကောင်း။ ဣတိ၊ ဤသို့။ ဒုဝိဓော၊ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

တတ္ထ၊ ထိုပုထုဇဉ်နှစ်မျိုးတို့တွင်။ ကမ္မဝါဒီ၊ ကံ, ကံ၏အကျိုးကို ယုံကြည်သော ကမ္မဝါဒရှိသော။ ဗာဟိရကော၊ ဗုဒ္ဓသာသနာမှ တစ်ပါးသော တိတ္ထိတို့၏ သာသနာကို ကိုးကွယ်သော ဗာဟိရကပုထုဇဉ်သည်။ ကမ္မဿကတာ သမ္မာဒိဋ္ဌိယာ၊ ကမ္မဿကတာသမ္မာဒိဋ္ဌိဖြင့် (ဝါ) ကမ္မဿကတာသမ္မာဒိဋ္ဌိ ရှိသောကြောင့်။ သမ္မာဒိဋ္ဌိ၊ သမ္မဒိဋ္ဌိ အယူရှိသူသည် (သမ္မာဒိဋ္ဌိရှိသူဟု ခေါ်ဆိုရသည်။) ဟောတိ၊ ဖြစ်၏။ သစ္စာနုလောမိကာယ၊ သစ္စာနုလောမိက သမ္မာဒိဋ္ဌိဖြင့် (ဝါ) သစ္စာနု-လောမိက သမ္မာဒိဋ္ဌိရှိသောကြောင့်။သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိအယူရှိသူသည်၊ (သမ္မာဒိဋ္ဌိ အယူရှိသူဟု ခေါ်ဆိုရသည်။) နေ၀ ဟောတိ၊ မဟုတ်။ ကသ္မာ၊ အဘယ် ကြောင့်နည်းဟူမူကား။ အတ္တဒိဋ္ဌိပရာမာသကတ္တာ၊ အတ္တဒိဋ္ဌိဖြင့် လွဲမှားစွာ သုံးသပ်တတ်သည်၏ အဖြစ်ကြောင့်တည်း။

သာသနိကော၊ ဗုဒ္ဓဘာသာ သာသနာဝင်ဖြစ်သော ပုထုဇဉ်သည်။ ဒွီဟိပိ၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိ, သစ္စာနုလောမိက သမ္မာဒိဋ္ဌိ နှစ်ပါးလုံးတို့ဖြင့် (ဝါ) ကမ္မဿကတာ သမ္မာဒိဋ္ဌိ, သစ္စာနုလောမိက သမ္မာဒိဋ္ဌိ နှစ်ပါးလုံးရှိသောကြောင့်။ သမ္မာဒိဋ္ဌိ၊ မှန်ကန်သော အယူရှိသည်၊ (ဝါ) သမ္မာဒိဋ္ဌိပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်၏။

သေက္ခော၊ သေက္ခပုဂ္ဂိုလ်သည်။ နိယတာယ၊ မြဲသော။ သမ္မာဒိဋ္ဌိယာ၊ သမ္မာဒိဋ္ဌိဖြင့်။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိရှိသူသည်။ ဟောတိ၊ ဖြစ်၏။ အသေက္ခော၊ ရဟန္တာပုဂ္ဂိုလ်သည်။ အသေက္ခာယ၊ ရဟန္တာတို့၏ ဥစ္စာဖြစ်သော။ သမ္မာဒိဋ္ဌိယာ၊ သမ္မာဒိဋ္ဌိဖြင့်။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိရှိသူသည်။ ဟောတိ၊ ဖြစ်၏။

အဋ္ဌကထာ၏ ဆိုလိုရင်းမှာ-သမ္မာဒိဋ္ဌိ (တရား=ပညာစေတသိက်)သည် လောကီသမ္မာဒိဋ္ဌိ၊ လောကုတ္တရာ သမ္မာဒိဋ္ဌိ-ဟု နှစ်မျိုးရှိကြောင်း။ ကမ္မဿ-ကတာဉာဏ်နှင့် သစ္စာနုလောမိကဉာဏ်တို့သည် (တစ်နည်း အာသဝ၏ အာရုံဖြစ်သော ပညာသည်) လောကီသမ္မာဒိဋ္ဌိ၊ မဂ်ဖိုလ်တို့နှင့်ယှဉ်သော သမ္မာဒိဋ္ဌိသည် လောကုတ္တရာ သမ္မာဒိဋ္ဌိမည်၏ဟု ရှေးဦးစွာ သမ္မာဒိဋ္ဌိတရားကို ပြသည်။

ထို့နောက် ထိုသမ္မာဒိဋ္ဌိတရားရှိသူ ပုဂ္ဂိုလ်သုံးမျိုးတို့ကို ပြသည်။ ထိုသုံးမျိုးမှာ ပုထုဇဉ်, သေက္ခ, ရဟန္တာတို့ဖြစ်သည်။ ထိုပုဂ္ဂိုလ်သုံးမျိုးတို့သည် သမ္မာဒိဋ္ဌိ အယူရှိကြသည့် ပုဂ္ဂိုလ်များဖြစ်ကြသည်။

ထိုပုဂ္ဂိုလ်သုံးယောက်အနက် သမ္မာဒိဋ္ဌိအယူရှိသော ပုထုဇဉ်သည် သမ္မာဒိဋ္ဌိရှိသော သာသနာပ (ဗာဟိရက) ပုထုဇဉ်၊ သမ္မာဒိဋ္ဌိအယူရှိသော သာသနာတွင်းသာ (သာသနိက) ပုထုဇဉ်-ဟု နှစ်မျိုးရှိသည်။

သာသနာပ ဗာဟိရက ပုထုဇဉ်ဟူသည် ကံ, ကံ၏အကျိုးကို ယုံကြည် ကြသော ကမ္မဝါဒီတိတ္ထိ, တိတ္ထိယသာဝကများနှင့် သာသနာပ ကာလတွင် ပေါ်ထွန်းခဲ့ကြသော ကမ္မဝါဒီ ကြိယဝါဒီရသေ့ ပရိဗိုဇ်များတည်း။

သာသနာတွင်းသား သာသနိကပုထုဇဉ်ဟူသည် ဗုဒ္ဓဘာသာ သာသနာကို သက်ဝင်ယုံကြည်ကြသော ဗုဒ္ဓဘာသာဝင် ပုထုဇဉ်များတည်း-ဟု အဋ္ဌကထာ ဆရာက ပြလိုရင်း ဖြစ်ပေသည်။

စုဒိတကဆရာတော်တို့ တင်ပြထားသည့်အတိုင်း သစ္စာနုလောမိက ဝိပဿနာဉာဏ် မရှိကြသေးသည့် ဗုဒ္ဓဘာသာဝင်များကို ဆိုလိုသည် မဟုတ်ပေ။ ဗုဒ္ဓသာသနာကို သက်ဝင်ယုံကြည်ကြသည့် ပုထုဇဉ် ဗုဒ္ဓဘာသာဝင်များမှာ သာသနိကပုထုဇဉ်များသာ ဖြစ်သည်။ ဗုဒ္ဓ ဓမ္မ သံဃကို ယုံကြည်လျှင် ကမ္မ-ဿကတာဉာဏ်, သစ္စာနုလောမိကဉာဏ်တို့ကို လက်ခံ ယုံကြည်ကြခြင်းပင် ဖြစ်၍ သစ္စာနုလောမိကဉာဏ်ကို ဒိဋ္ဌဓမ္မ ပစ္စက္ခ အနေဖြင့် မတွေ့မမြင်ရသေး သော်လည်း သာသနာတွင်းသာ ပုထုဇဉ်ဟူ၍ ဆိုရမည်သာ ဖြစ်ပေသည်။

## သာသနာတွင်း တရားများ

ဗုဒ္ဓဘာသာ သာသနာကို သက်ဝင်ယုံကြည်ကြသူများသည် ဗုဒ္ဓ ဓမ္မ သံဃ ဟူသော ရတနာအမြတ်သုံးပါးကို သက်ဝင်ယုံကြည်မှုတွင် အခြေခံကြသည်။ သရဏဂုံသုံးပါးသည် ဗုဒ္ဓဘာသာဝင်တို့၏ ထူးခြားသော အရည်အသွေးဖြစ်၏။ မြင့်မြတ်သော အမှတ်လက္ခဏာလည်းဖြစ်၏။ ဗုဒ္ဓ ဓမ္မ သံဃကို ယုံကြည်သော ကိုးကွယ်သော သဒ္ဓါ, ပညာပြဋ္ဌာန်းသည့် ကုသိုလ်စိတ္တုပ္ပါဒ်ကို သရဏဂုံဟု ခေါ်သည်။ ထိုသရဏဂုံမရှိဘဲ သရဏဂုံမတည်ဘဲ ဗုဒ္ဓဘာသာဝင် (သရဏဂုံ တည်သူ)ဟု မခေါ်ဆိုနိုင်ပေ။ ထို့ကြောင့် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ရက်ချုပ်ဇာတာတွင် "ရတနာသုံးပါး ဦးထိပ်ထား၍ သတို့သားကို (သတို့သမီးကို)

မာတာမိခင် ဖွားသန့်စင်သည် အမည်သညာ ခေါ်စရာကား" စသည်ဖြင့် ရတနာသုံးပါးဖြင့် ဘဝအစကို ဖွင့်ထားသည်ကို တွေ့နိုင်ပေသည်။

ဤသရဏဂုံသည် ဗုဒ္ဓဘာသာဝင်တို့၏ ဗုဒ္ဓဘာသာဝင် ဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာဝင်အဖြစ်သို့ ဝင်ရောက်ကြောင်း လမ်းကြောင်းဖြစ်ပေသည်။ ဤသရဏဂုံမပါဘဲ ဗုဒ္ဓဘာသာဝင်ဟု မခေါ်ဆိုနိုင်ပေ။ ထို့ကြောင့် ခုဒ္ဒကပါဌပါဠိတော်အစကို "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"ဟူသော သရဏံဂုံပါဠိဖြင့် စတည်ပြီးလျှင် ခုဒ္ဒကပါဌအဋ္ဌကထာ၌ "ဣမိနာ မဂ္ဂေန ဒေဝမနုဿာ ဥပါသက ဘာဝေန ဝါ ပဗ္ဗဇိတဘာဝေန ဝါ သာသနံ ဩတရန္တိ= ဤသရဏဂုံ လမ်းကြောင်းဖြင့် နတ်လူတို့သည် ဥပါသကာအဖြစ်ဖြင့်လည်းကောင်း၊ ရဟန်းသာမဏေ အဖြစ်ဖြင့်လည်းကောင်း သာသနာတော်တွင်းသို့ သက်ဝင်ကြကုန်၏"ဟု ဖွင့်ဆိုတော်မူသည်

(ခုဒ္ဒက၊ ၃။ ၄)

ထို့ကြောင့် သရဏဂုံသည် (ဝါ) သရဏဂုံ ကုသိုလ်တရားသည် ဗုဒ္ဓမြတ်စွာ သာသနာတွင်း၌သာ ရနိုင်သောတရားဖြစ်ပေသည်။

ထို့ပြင် ပါရာဇိကဏ် အဋ္ဌကထာ (ဝိ၊ ၄၊ ၁။ ၂၀၉)၌လည်း

"ပါတိမောက္ခသံဝရသီလံ ပန 'အဓိသီလ'န္တိ ဝုစ္စတိ။ (ပ) ဗုဒ္ဓုပ္ပါဒေယေဝ စ ပဝတ္တတိ၊ န ဝိနာ ဗုဒ္ဓုပ္ပါဒါ။ (ပ) ဝိပဿနာပါဒကံ အဋ္ဌသမာပတ္တိစိတ္တံ ပန 'အဓိစိတ္တ'န္တိ ဝုစ္စတိ။ (ပ) ဗုဒ္ဓုပ္ပါဒေယေဝ စ ဟောတိ, န ဝိနာ ဗုဒ္ဓုပ္ပါဒါ။ (ပ) တိလက္ခဏာကာရပရိစ္ဆေဒကံ ပန ဝိပဿနာဉာဏံ 'အဓိပညာ'တိ ဝုစ္စတိ။ (ပ) န စ ဝိနာ ဗုဒ္ဓုပ္ပါဒေ လောကေ ပဝတ္တတိ-

ဟူ၍ ဗုဒ္ဓပွင့်တော်မူမှ ဖြစ်ပေါ်ခွင့်ရသော သာသနာတွင်း တရားများကို ပြဆိုထားပေသည်။

ထိုတရားတို့မှာ ရဟန်း, သာမဏေများ ထိန်းသိမ်းစောင့်ရှောက်ကြရသည့် ပါတိမောက္ခသံဝရသီလ၊ ဝိပဿနာ၏ အခြေခံအဖြစ် ရှုမှတ်ပွားများ ရရှိအပ်သော သမာပတ်ရှစ်ပါးနှင့် ဝိပဿနာတရားများ ဖြစ်ပေသည်။

ထို့ပြင် သရဏဂုံ အထွတ်တပ်ထားသော ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလတို့သည်လည်း သာသနာတွင်း၌သာ ရနိုင်သည့် သာသနာတွင်း တရားများဖြစ်ပေသည်။

သို့ဖြစ်၍ ပါတိမောက္ခသံဝရသီလကို ထိန်းသိမ်းနေကြသူများ၊ သရဏဂုံသုံးပါး တည်နေကြသူများ၊ သရဏဂုံသုံးပါး အထွတ်တပ်၍ ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလ ဆောက်တည်ကျင့်သုံး ထိန်းသိမ်းကြသူများ၊ ဝိပဿနာ၏ အခြေခံအဖြစ်ဖြင့် သမထကမ္မဋ္ဌာန်းတို့ကို ပွားများနေသူများ၊ ဝိပဿနာတရားကို ကျင့်ကြံအားထုတ်နေကြသူများ၊ နိဗ္ဗာန်ကို ရည်စူး၍ ဒါနကောင်းမှုတို့ကို ပြုလုပ်နေကြသူများကိုလည်း သာသနာတွင်းသား-ဟု ခေါ်ဆိုနိုင်ပေသည်။

ထို့ကြောင့် ဆရာတော်ကြီး၏ အထက်ပါ ဟောတရားကို "သစ္စာနုလောမိကဉာဏ်ဆိုတဲ့ ဝိပဿနာဉာဏ်ကမှ ပုထုဇဉ်တွေအတွက် သာသနာ တွင်းတရားအစစ်လို့ မှတ်လိုက်ပါ။ ရနိုင်သမျှ ပြောရင်တော့ ဝိပဿနာဉာဏ် ရဖို့ လမ်းဖွင့်လမ်းခင်းပေးတဲ့ သရဏဂုံတို့, ပါတိမောက္ခသံဝရသီလဆိုတဲ့ အဓိသီလတို့, အဓိစိတ္တ (သမာဓိ)တို့, နိဗ္ဗာန်ရည်စူး၍ ပြုလုပ်အပ်တဲ့ ဒါနကုသိုလ် တို့, သမ္မသကတာဉာဏ်တို့ဟာလဲ သာသနာတွင်း တရားတွေဘဲ။ မဂ်ဖိုလ် ကတော့ ဘယ်တော့မှမပျက်ပြယ် မကျဆုံးတဲ့ သာသနာတွင်း တရားအစစ်တွေဘဲ။ ဒါကတော့ အရိယာဖြစ်မှ ရမှာ"ဟု ပြင်ဆင်ပေးသင့်သည်။

## အမှတ် (၁၃/၉၈)

အဲဒီပညာနဲ့ ဒီသဒ္ဓါနဲ့ ပေါင်းပြီးသကာလ ပညာနဲ့ မင်းတို့ ကြည့်ကြည့်ပေး လိုက်စမ်းပါတဲ့။ သဘောကျပလား (ကျပါပြီဘုရား)။ အဲဒီလိုဆိုလို့ရှိရင် နိဗ္ဗာနာ ဘိရတော မစ္ဆော-တဲ့။ နိဗ္ဗာန်၌ မွေ့လျော်တဲ့ မစ္ဆဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက် လာဖြစ် တယ်ကွာတဲ့။ (အမှတ်စဉ်- ၁၂၊ နှာ- ၁၆/၁၇)

မိုးကုတ်ဆရာတော်ကြီး၏ ဤဟောပြောပုံများသည် ဘုရားဟောတရားတော်ကို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ဖျက်ချင်သလို ဖျက်ဆီးပြီးဟောပြောနေခြင်းသာ ဖြစ်ပါသည်-ဟု စောဒကဆရာတော်က တင်ပြသည်။

ဆရာတော်ကြီးဟောသော ဤတရားသည် သံယုတ်ပါဠိတော်၌ လာရှိသော ဒုတိယသုတ်ကို အခြေခံဟောသည့် တရားဖြစ်သည်။

နတ်သားတစ်ယောက်က- (၁) သတ္တဝါ၏ အဖော်သည် အဘယ်ပါနည်း။ (၂) ထိုသတ္တဝါကို မည်သည့်အရာက ဆုံးမပါသနည်း။ (၃) သတ္တဝါသည် အဘယ်၌ မွေ့လျော်သော် ဆင်းရဲအားလုံးမှ လွတ်ပါသနည်း-ဟူသော မေးခွန်း သုံးခုကို ဘုရားရှင်အား လျှောက်ထားသည်။

ဘုရားရှင်က- (၁) သဒ္ဓါတရားသည် သတ္တဝါ၏ အဖော်ဖြစ်သည်။ (၂) ထိုသတ္တဝါကို ပညာက ဆုံးမသည်။ (၃) သတ္တဝါသည် နိဗ္ဗာန်၌ မွေ့လျော်လတ်သော် ဆင်းရဲအားလုံးမှ လွတ်မြောက်သည်-ဟု ဖြေကြားတော်မူသည်၊ ဤကား ပါဠိတော်အတိုင်း တစ်ကန့်စီ တစ်ကန့်စီ ရေးပြခြင်းဖြစ်သည်။

ယင်းဂါထာကို ပေါင်းရုံးလေ့လာလျှင်- သတ္တဝါသည် သဒ္ဓါတရားကို အဖော်ပြု၍ပညာ၏လမ်းညွှန်ချက်ကိုခံယူပြီး ထိုပညာဖြင့်ကြည့်ရှုဝေဖန် ရှုမှတ်လျှင် နိဗ္ဗာန်ရပြီး ဆင်းရဲခပ်သိမ်းမှ ငြိမ်းနိုင်သည်-ဟူသော အနက်အဓိပ္ပါယ်ကို ရရှိမည်ဖြစ်သည်။

ဘုရားရှင်က၊ နတ်သားမေးသည့် အမေးအတိုင်း တစ်ကန့်စီ တစ်ကန့်စီ ဖြေဆိုဟောကြားထားသော်လည်း ထိုဒေသနာတော်ကို အနှစ်ချုပ်၍ ပေါင်းရုံးလေ့လာလျှင် ယခုဆိုခဲ့ပြီးသည့် အနက်အဓိပ္ပါယ်မှန်ကို ရနိုင်ပေသည်။ ဤသို့ပေါင်းရုံးလေ့လာခြင်းဖြင့် ဘုရားရှင်၏ မူရင်းအာဘော်ကို မထိခိုက်သည့်အပြင် ဒေသနာတော်၏ ဆိုလိုရင်း ပိဏ္ဍတ္ထလည်း ပိုမို ပေါ်လွင်ပေသည်။

ထို့ကြောင့် ဆရာတော်ကြီး၏ အထက်ပါဟောတရားကို "သုဂတိနဲ့ နိဗ္ဗာန်ကိုသွားဖို့ သူ့ရဲ့အဖော်က သဒ္ဓါဘဲ။ နိဗ္ဗာန်သွားချင်ရင် သဒ္ဓါကို အဖော်လုပ်ရမယ်။ ပညာက လုပ်သင့်မလုပ်သင့်နဲ့ လမ်းဆိုးလမ်းမှန်ကို ညွှန်ပြသွန်သင်တဲ့တရားမို့ ပညာရဲ့ လမ်းညွှန်ချက်ကိုလဲ ခံယူရမယ်။ ပညာနဲ့ ရုပ်နာမ်ဖြစ်ပျက်ကို ရှုရမယ်။ ဖြစ်ပျက်မြင်လာရင် ခန္ဓာမှာ ငြီးငွေ့လာမယ်။ ဖြစ်ပျက်တွေ ကုန်ဆုံးတဲ့ နိဗ္ဗာန်မှာ ပညာနဲ့မွေ့လျော်မယ်။ နိဗ္ဗာန်ကို ဦးတည်ပြီး ပညာနဲ့ ရှုဖန်များရင် အရဟတ္တဖိုလ်အထိ ပေါက်ရောက်ပြီး ဒုက္ခအားလုံးမှ လွတ်မြောက်လိမ့်မယ်" လို့ ပြင်ဆင်ပေးမှသာ မူရင်းဒေသနာတော်နှင့် ဆီလျော်မည်ဖြစ်သည်။

## အမှတ် (၁၃/၉၉)

တစ်ဂါထာဆိုတာ အက္ခရာရှစ်လေးလီပါတဲ့ ၃၂-လုံးရှိတယ်။ အဲဒါ တစ်ဝါတွင်းလုံးကျက်တာ မရဘူးတဲ့။ စာကလေး ၃၂ လုံးကို။

(အမှတ်စဉ်- ၁၂၊ နှာ-၃၈)

ဤဟောကြားချက်၌ အရှင်စူဠပန် လေးလလုံးကျက်လို့ မရသည့် ဂါထာကို အက္ခရာ (၃၂) လုံးရှိသည့် ဂါထာ-ဟု ဟောခြင်းသည် မှား၏- ဟု စောဒကဆရာတော်က တင်ပြသည်။

အရှင်စူဠပန် လေးလလုံးလုံး ကျက်လို့ မရသည့် ဂါထာမှာ-

ပဒ္မံ ယထာ ကောကနဒံ သုဂန္ဓံ၊ (၁၁- လုံး)
ပါတော သိယာ ဖုလ္လ မဝီတဂန္ဓံ။ (၁၁- လုံး)
အင်္ဂီရသံ ပဿ ဝိရောစမာနံ၊ (၁၁- လုံး)
တပန္တမာဒိစ္စမိဝန္တလိက္ခေ။ (၁၁- လုံး)

ဟူသော ဂါထာဖြစ်၍ အက္ခရာ ၄၄- လုံးပါသည့် ဂါထာဖြစ်သည်။

သို့ဖြစ်၍ "တစ်ဂါထာဆိုတာ တစ်ပါဒမှာ ၁၁-လုံးစီပါတဲ့ အက္ခရာ ၄၄-လုံးပါ ဂါထာဖြစ်တယ်။ အဲဒါ လေးလလုံးကျက်တာ မရဘူးတဲ့။ စာကလေး ၄၄-လုံးကို" ဟု အမှန်ပြင်ပေးရန်ဖြစ်သည်။ တိပ်ခွေ၌ ယင်းစာပိုဒ်ကို ဖျက်ပေးရမည်။

## အမှတ် (၁၃/၁၀၀)

စိတ်တွေ လာတိုင်းလာတိုင်း ဘယ်စိတ်လာလာ ခင်ဗျားတို့ စိတ္တာနုပဿနာရှုပေးလိုက်တာပေါ့။ (မှန်ပါ)။

ရှုတော့ အရှုခံရတာက ဒုက္ခသစ္စာ မောင်နိုင် (မှန်ပါ)။ ရှုတဲ့ဉာဏ်က ကိစ္စဉာဏ် မဂ္ဂသစ္စာ။ (အမှတ်-၁၂၊ နှာ- ၂၂၇)

၎င်းဟောတရား၌ လုံးထွေး၍ ဟောထားသော "ရှုတဲ့ဉာဏ်က ကိစ္စဉာဏ် မဂ္ဂသစ္စာ" ဟူသော စကားသည် မှား၏-ဟု စောဒကဆရာတော်က စောဒနာသည်။

ဘုရားရှင် ပထမဆုံး ဟောကြားသော ဓမ္မစကြာဒေသနာတော်၌ ဤသည်ကား သမုဒယသစ္စာ-စသည်ဖြင့် သစ္စာလေးပါး အမှန်တရားကို သိသော ဉာဏ်သည် သစ္စဉာဏ်မည်၏။ ဒုက္ခသစ္စာအမှန်တရားကို ဒုက္ခမှန်း ပိုင်းခြားသိအပ်၏။ သမုဒယသစ္စာကို ပယ်အပ်၏။ နိရောဓသစ္စာကို မျက်မှောက်ပြုအပ်၏။ မဂ္ဂသစ္စကို ပွားများအပ်၏-ဟု သိသော ဉာဏ်သည် ကိစ္စဉာဏ်မည်၏။ ဒုက္ခသစ္စာကိုပိုင်းခြား၍သိအပ်ပြီးပြီ၊သမုဒယသစ္စာကို ပယ်အပ်ပြီးပြီ၊ နိရောဓသစ္စာကို မျက်မှောက်ပြုအပ်ပြီးပြီ၊ မဂ္ဂသစ္စာကိုပွားအပ်ပြီးပြီ- ဟု သိသော ဉာဏ်သည် ကတဉာဏ်မည်၏ ဟု ဟောတော်မူ၏။

ထို့ကြောင့် ဓမ္မစက္ကပ္ပဝတ္တနသုတ်အဋ္ဌကထာ၌-

"တတ္ထ ဟိ 'ဣဒံ ဒုက္ခံ အရိယသစ္စံ, ဣဒံ ဒုက္ခသမုဒယ' န္တိ ဧဝံ စတူသု

သစ္စေသု ယထာဘူတံ ဉာဏံ သစ္စဉာဏံ နာမ။ တေသုယေဝ ပရိညေယျ-ပဟာတဗ္ဗ' န္တိ စဝံ ကတ္တဗ္ဗကိစ္စံ ဇာနနဉာဏံ ကိစ္စဉာဏံ နာမ။"ပရိညာတံ ပဟီနန္တိ ဧဝံ တဿ တဿ ကိစ္စဿ ကတဘာဝဇာနနဉာဏံ ကတဉာဏံနာမ ဟု (သံ၊ ၌၊ ၃။ ၃၂၈) ဖွင့်ဆိုတော်မူပေသည်။

ပေါ်လာတိုင်း ပေါ်လာတိုင်း စိတ်တို့ကို စိတ္တာနုပဿနာဉာဏ် (ဝိပဿနာ ဉာဏ်) ဖြင့် ရှုရာ၌ အရှုခံရသော တရားသည် ဒုက္ခ သစ္စာမည်၏။ အဘယ်ကြောင့် ဟူမူ တေဘူမကတရားဖြစ်သောကြောင့်ပေတည်း။ ထိုပေါ်လာတိုင်းသောစိတ် ကို (ဒုက္ခသစ္စာဖြစ် ပျက်သဘောကို ဖြစ်ပျက်မှန်းသိအောင်) ရှုမှတ်နေခြင်း သဘောသည် ဒုက္ခသစ္စာ၏ ကိစ္စဉာဏ်သဘောသာဖြစ် ၏။ မဂ္ဂသစ္စာ မဟုတ်ချေ။ 'ဒုက္ခကို ဒုက္ခမှန်းပိုင်းခြားသိအပ်၏' ဟူသည် ပိုင်းခြား၍ သိအောင် ရှုမှတ်အပ်၏' ဟုဆိုလိုရင်းဖြစ်၏။

ဖြစ်ပေါ်လာတိုင်းသော တေဘူမကစိတ်ကို စိတ္တာနုပဿနာဖြင့် ရှုနေရာဝယ် ထိုစိတ်၏ ဖြစ်ပျက်သဘောကို ပိုင်ပိုင်နိုင်နိုင် သိမြင်ပြီးသောအခါ 'ဒုက္ခသစ္စာကို ပိုင်းခြား၍ သိအပ်ပြီးပြီ ' ဟု ဒုက္ခသစ္စာ၌ ပြုအပ်ပြီးသောကိစ္စကို သိသောဉာဏ် ဖြစ်၏။ ထိုဉာဏ်သည် ကတဉာဏ်ဖြစ်၏။ ဤသို့ ဖြစ်ပေါ်လာသော စိတ်တရား၌ ဉာဏ်သုံးဉာဏ် အပြည့်အစုံဖြစ်မှသာ ဒုက္ခသစ္စာကို အမှန်သိခြင်းကိစ္စပြီး ပေသည်။ ဒုက္ခသစ္စာကို အမှန်သိလျှင် သမုဒယသစ္စာစသည်တို့ကိုလည်း အမှန် အတိုင်း သိမြင်လေတော့သည်။ ဤကား ဝိပဿနာဉာဏ်ပြီးဆုံး၍ အရိယမဂ် ဖြစ်ပေါ်လာခြင်းပေတည်း။

"ရှုတော့ အရှုခံရတာက ဒုက္ခသစ္စာ၊ ရှုတဲ့ဉာဏ်က ကိစ္စဉာဏ် မဂ္ဂသစ္စာ" ဟူသော မိုးကုတ်ဆရာတော်ကြီး၏ ဟောပြောချက်၌ "ရှုတဲ့ဉာဏ်ကကိစ္စဉာဏ်" ဟူသောစကားသည် အငြင်းပွားစရာ မရှိသော်လည်း "ရှုတဲ့ဉာဏ်က မဂ္ဂသစ္စာ" ဟူသော စကားကမူ ဝိပဿနာရှုဆဲခဏ၌ မဂ္ဂသစ္စာမဖြစ်သေးသောကြောင့် မှန်ကန်မှု မရှိပေ။

ထို့ကြောင့် အထက်ပါ ဆရာတော်ကြီး၏ ဟောတရားတွင် "ရှုတဲ့ဉာဏ်က ကိစ္စဉာဏ် မဂ္ဂသစ္စာ" ဟူသောစကားရပ်၌ "မဂ္ဂသစ္စာ" ဟူသော စကားလုံးကို ဖြုတ်ပယ်ရမည်။ အခြားအလားတူ စကားရပ်များကိုလည်း ဖြုတ်ပယ်ပေးသင့် သည်။ သို့မှသာ ဆရာတော်ကြီး၏ ဟောတရားများ သန့်ရှင်းသွားမည်ဖြစ်သည်။

အသံသွင်း တိပ်ခွေ၌လည်း "ရှုတဲ့ဉာဏ်က ကိစ္စဉာဏ် မဂ္ဂသစ္စာ" ဟူသော စကားရပ်နှင့် အခြားအလားတူ စကားရပ်များကို ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၁၀၁)

ဒို့ အိမ်က လာတုန်းက သားတွေ ခွဲလာခဲ့ရ၊ သမီးတွေ ခွဲလာခဲ့ရ (ပ) သမုဒယလေးတွေ အခုအချိန်ရှိသေးရဲ့လား (မရှိပါဘုရား)။ ခုနက ဉာဏ်ရောက်နေတဲ့ အချိန်မှာ (မရှိပါဘုရား)။ အဲဒီ သမုဒယချုပ်တာကလေးကလဲ ကြော်. . အခုချိန်မှာ သမုဒယချုပ်နေပါသလားဆိုပြီးသကာလ မဖြစ်ဘဲနဲ့ ချုပ်နေတဲ့ သဘောက နိရောဓသစ္စာ (မှန်ပါ)။ (အမှတ်စဉ်- ၁၂၊ နှာ-၃၄၇/၃၄၈)

၎င်းဟောပြောချက်၌ ဝိပဿနာစွမ်းကြောင့် ခဏခေတ္တ လောဘတဏှာ မဖြစ်ခြင်းမျှကို နိရောဓသစ္စာဟု ဟောခြင်းသည် မှားပါသည်-ဟု စောဒက ဆရာတော်က တင်ပြပေသည်။

မိုးကုတ်ဆရာတော်ကြီး၏ "လောဘကလေးများ ချုပ်သွားတော့ ကြော်. . ဒါ ဘာပါလိမ့် (နိရောဓပါ)၊ နိရောဓကိုး။ တဏှာနိရောဓော နိဗ္ဗာနံ-ဆိုတာ ဟုတ်ပါလား၊ ဒီလိုဘဲ ဆ, ပြီးသိဦး (မှန်ပါ) ။ ကတဉာဏ်ကျမှ မြင်မှာကိုး။ ဒီအချိန်မှာ ဆ, သိဘဲရှိသေးတယ်" (အမှတ်စဉ်-၁။ နှာ-၂၉၆) ဟူသော ဟောကြားချက်ကိုထောက်လျှင် အခိုက်အတန့် တစ်ခဏ လောဘငြိမ်းသော တဒင်္ဂနိရောဓကို ရည်ရွယ်ဟောကြောင်းသိနိုင်ပေသည်။

ထိုအခိုက်အတန့် တစ်ခဏမျှ ကိလေသာချုပ်ငြိမ်းခြင်းကို နိဗ္ဗာန်ဟု ဆိုရကြောင်း နိဗ္ဗာနသုတ်၊ ပရိနိဗ္ဗာနသုတ်၊ တဒင်္ဂနိဗ္ဗာနသုတ်၊ ဒိဋ္ဌဓမ္မနိဗ္ဗာနသုတ် (အံ၊ ၃။ ၂၄၆/၂၄၇) တို့၌ ဘုရားရှင် ဟောကြားတော်မူခဲ့သည်။ သို့သော် နိရောဓသစ္စာထိုက်သော နိဗ္ဗာန်အစစ်ကား မဟုတ်ပေ။

နိရောဓော နိရောဓသစ္စံ၊ နိရောဓသစ္စံ ဌပေတွာ အဝသေသော နိရောဓော န နိရောဓသစ္စံ-ဟူသော သစ္စယမိုက် ပါဠိတော်အရလည်း တဒင်္ဂနိရောဓသည် နိရော ဓသစ္စာမဟုတ်ကြောင်း သိနိုင်ပေသည်။

ထို့ကြောင့် သုတအားနည်းသူများ အသိဉာဏ်မရှုပ်ထွေးစေရန်နှင့် အစဉ် အဆက် အငြင်းမပွားစေရန် မိုးကုတ်ဆရာတော်ကြီး၏ အထက်ပါ ဟောပြော ချက်တွင် "အဲဒီ သမုဒယချုပ်တာလေးကလဲ ကြော်. . အခုချိန်မှာ သမုဒယ ချုပ်နေပါကလားဆိုပြီးသကာလ မဖြစ်ဘဲနဲ့ ချုပ်နေတဲ့သဘောက နိရောဓသစ္စာ"

ဟူသော စကားရပ်ကို "အခုလို တရားနာ တရားအားထုတ်နေတဲ့ အချိန် ဉာဏ် ရောက်နေတဲ့ အချိန်မှာ ဒီသမုဒယလေး တဒင်္ဂချုပ်ပျောက်နေတယ်၊ ဒီလို ချုပ်ပျောက်နေတာဟာ တစ်ခဏသာဖြစ်တဲ့အတွက် တဒင်္ဂနိရောဓဘဲ" ဟု ပြင်ဆင်ပေးသင့်သည်။ အသံသွင်းတိပ်ခွေ၌ "နိရောဓသစ္စာ" ဟူသော စကားရပ်၌ "သစ္စာ" ဟူသော စကားလုံးကို ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၁၀၂)

ယခု ခန္ဓာကြီးလဲ အခင်ဆုံး။ အတ္တသမာ ပေမာ နတ္ထိ။

(အမှတ်စဉ်-၁၂၊ နှာ-၃၇၀)

ဤ၌ အတ္တသမာ ပေမာ နတ္ထိ-ဟူသော ပါဠိအမှားကို (သံ၊ ၁။ ၆) နှင့်အညီ "နတ္ထိ အတ္တသမံ ပေမံ" ဟု အမှန်ပြင်ပေးရန်ဖြစ်သည်။

## အမှတ် (၁၃/၁၀၃)

အဒ္ဒဇ္ဇဝစနံ ဗုဒ္ဓ-ဆိုတဲ့အတိုင်း ငါက ၂-လုံးလဲ မဟောနိုင်ဘူးကွာ။

(အမှတ်စဉ်-၁၂၊ နှာ-၃၈၂)

ဤ၌ အဒ္ဒဇ္ဇဝစနံ ဗုဒ္ဓ-ဟူသော ပါဠိအမှားကို (သံ၊ ၁။ ၃၁၅) နှင့်အညီ "အဒ္ဒေဇ္ဈဝစနာ ဗုဒ္ဓါ" ဟု အမှန်ပြင်ပေးရန်ဖြစ်သည်။

## အမှတ် (၁၃/၁၀၄)

ဒါနခန်း သီလခန်းတွေဟောလို့ ကာမဂုဏ်အပြစ်တွေ ပြလို့ သူကြိုက်နေပြီ။ အဲဒီအချိန်မှာ ဝမ်းထဲဖြူနေတုန်းကျမှ ဒကာ ဒကာမတွေ 'ပေယ' ကို အိမ်က လာခေါ်တယ်။ (အမှတ်စဉ်-၁၂၊ နှာ-၃၈၄)

မိုးကုတ်ဆရာတော်ကြီး၏ ဤဟောချက်အားလုံးသည် မဇ္ဈိမပဏ္ဏာသ-ပါဠိတော် ကန္ဒရကသုတ်နှင့် မညီညွတ်သဖြင့် အမှားချည်းသာ ဖြစ်သည်-ဟု စောဒနာဆရာတော်က တင်ပြသည်။

ကန္ဒရကသုတ်ကို ဘုရားရှင် စမ္ပာမြို့အနီး ဂဂ္ဂရာရေကန်ကျောင်း၌ သီတင်းသုံး စဉ် ဟောကြားတော်မူသည်။

တစ်နေ့တွင် ဆင်ထိန်း၏သားဖြစ်သော ပေဿ (ပေဿ-ဟု မူကွဲရှိသည်) နှင့် ကန္ဒရကပရိဗိုဇ်တို့သည် ဘုရားထံရောက်လာကြသည်။ ငြိမ်သက်အေးချမ်း၍ တိတ်ဆိတ်စွာ သီတင်းသုံးကြသော သံဃာတော်များကို ကန္ဒရကပရိဗိုဇ်က ချီးမွမ်းလျှောက်ထားသည်။ ဘုရားရှင်က ဤသံဃာတော်များသည် သတိပဋ္ဌာန် တရားကို ကြိုးစားအားထုတ်ကြကြောင်း မိန့်ကြားသည်။

ထိုအခါ ပေဿ (ပေဿ)က သူတို့လည်း အိမ်မှာနေလျက် သတိပဋ္ဌာန်းတရား ကို ပွားများကြကြောင်း လျှောက်ပြီး လူတို့သည် အသိခက်သော သဘောရှိ၍ တိရစ္ဆာန်များက ပေါ်လွင် (သိလွယ်) သော သဘောရှိကြောင်း၊ တိရစ္ဆာန်များကို ဆုံးမရတာ လွယ်ကူ၍ လူတို့ကို ဆုံးမရတာ မလွယ်ကြောင်း လျှောက်ထားသည်။

ထိုစကားကို ဘုရားက ထောက်ခံတော်မူပြီး အတ္တန္တပ အတ္တန္တပါနုယောဂ- စသော ပုဂ္ဂိုလ်လေးမျိုးကို ဟောကြားကာ ထိုပုဂ္ဂိုလ်လေးမျိုးတို့တွင် အဘယ် ပုဂ္ဂိုလ်ကို နှစ်သက်သနည်းဟု ဘုရားရှင်က ပေဿအား မေးတော်မူသည်။ ပေဿက စတုတ္ထမြောက်ဖြစ်သည့် နေဝတ္တန္တပ နပရန္တပပုဂ္ဂိုလ် (ရဟန္တာ) ကို နှစ်သက်သဘောကျကြောင်းနှင့် နှစ်သက်သဘောကျရခြင်း အကြောင်းတို့ကို လျှောက်ထားသည်။

ထိုသို့ လျှောက်ထားပြီးလျှင်ပြီးချင်း (ဘုရားရှင်က ထိုပုဂ္ဂိုလ်လေးမျိုး၏ အကျယ်ကိုမဟောကြားမီ) တပည့်တော်တို့ အလုပ်ကိစ္စများကြသဖြင့် ပြန်ကြမည် ဖြစ်ကြောင်း လျှောက်ထားရာ ဘုရားရှင်က 'ကိုယ်အချိန်ကိုယ်သိ' ဟု မိန့်ကြား သည်။ ပေဿက ဘုရားရှင်အား အရိုအသေပြု၍ ထပြန်သွားသည်။

(မ၊ ၂။ ၁။ ၂၊ ၃၊ ၄)

ဤသည်ကို လေ့လာကြည့်လျှင် ပေဿအား ဘုရားက ဒါနခန်း, သီလခန်းနှင့် ကာမာနံ အာဒီနဝကထာတွေကို မဟောကြောင်း၊ ပေဿ (ပေဿ) ကို အိမ်က လာခေါ်ခြင်းမဟုတ်ဘဲ ပေဿကိုယ်တိုင် အိမ်သို့ ပြန်သွားခြင်းဖြစ်ကြောင်း သိနိုင်ပေသည်။

ထို့ကြောင့် မိုးကုတ်ဆရာတော်ကြီး၏ အထက်ပါဟောကြားချက်အားလုံးကို ဟောစဉ် တရားစာအုပ်များနှင့် အသံသွင်းတိတ်ခွေတို့မှ ပယ်ဖျက်ပေးပြီး ဟောစဉ်တရား စာအုပ်များ၌ "တရားနာလို့ မပြီးမီမှာပဲ ပေဿဆိုတဲ့ ပေဿဟာ အလုပ်ကိစ္စများလို့ ဘုရားထံခွင့်ပန်ပြီး အိမ်ကို ထပြန်သွားတယ်" ဟု ပြင်ဆင် ပေးသင့်သည်။

## အမှတ် (၁၃/၁၀၅)

သူမှ အိမ်မရောက်သေးဘူး၊ ဘုရားက ရဟန်းတွေ ပြောပြန်ပြီ။ ပေယဖြင့် ရှုံးပဟေ့ (ပ) ပေယ အရှုံးကြီးရှုံးပြီကွ။ (အမှတ်စဉ်-၁၂၊ နှာ-၃၈၅)

မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ကန္ဒရကသုတ်၌ “ပေယဖြင့် ရှုံး ပဟေ့။ အရှုံးကြီး ရှုံးပြီကွ” ဟူသော စကား မပါပါ။ မိုးကုတ်ဆရာတော်ကြီးက အပိုထည့်စွက် ဟောကြားထားပါသည်-ဟု စောဒကဆရာတော်က တင်ပြသည်။

အထ ခေါ ဘဂဝါ အစိရပက္ကန္တေ ပေသေ ဟတ္ထာရောဟပုတ္တေ ဘိက္ခူ အာမန္တေသိ “ပဏ္ဍိတော ဘိက္ခဝေ ပေသော ဟတ္ထာရောဟပုတ္တော မဟာ-ပညော ဘိက္ခဝေ ပေသော ဟတ္ထာရောဟပုတ္တော၊ သစေ ဘိက္ခဝေ ပေ**သော** ဟတ္ထာရောဟပုတ္တော မုဟုတ္တံ နိသီဒေယျ၊ ယာဝဿာဟံ ဣမေ စတ္တာရော ပုဂ္ဂလေ ဝိတ္ထာရေန ဝိဘဇိဿာမိ၊ မဟတာ အတ္ထေန သံယုတ္တော အဘဝိဿ။ အပိ စ ဘိက္ခဝေ ဧတ္တာဝတာပိ ပေသော ဟတ္ထာရောဟပုတ္တော မဟတာ အတ္ထေန သံယုတ္တော”တိ။-

ဟူသော မဇ္ဈိမပဏ္ဏာသပါဠိတော် ကန္ဒရကသုတ် (နှာ-၅။) ကို ထောက်လျှင် ‘ပေယ အရှုံးကြီးရှုံးပြီ’ ဟူသော စကားမပါသည်မှာ ထင်ရှားပေသည်။

အတ္တန္တပစသော ပုဂ္ဂိုလ်လေးမျိုးကို အကျယ်ဝေဖန်ဟောကြားပြီးသည်အထိ ပေသ (ပေယ) ဆက်လက်တရားနာယူလျှင် သောတာပတ္တိဖိုလ် ဆိုက်နိုင်သည်။ ယခုမူ ထိုသို့ ဆက်လက်နာယူမှု မပြုသောကြောင့် သောတာပတ္တိဖိုလ်တည်း ဟူသော ကြီးမြတ်သော အကျိုးမှ ဆုတ်ယုတ်ရသည်။ သို့သော် သံဃာကို ကြည်ညိုရခြင်း သတိပဋ္ဌာန်တရား ပွားများနည်း အသစ်ကိုရခြင်း-ဟူသော အကျိုးနှစ်ပါးကိုကား ပေသ (ပေယ) ရသွားသည်။ ကန္ဒရကပရိဗိုဇ်မှာမူ သံဃာကို ကြည်ညိုခြင်းဟူသော အကျိုးတစ်မျိုးကိုသာရသည်။ ဤသည်ကို ရည်ရွယ်၍ (က) မဟတာ အတ္ထေန သံယုတ္တော အဘဝိဿ=သောတာပတ္တိဖိုလ်တည်း ဟူသော ကြီးမြတ်သော အကျိုးကိုရနိုင်သည် (ယခုမူ မရ)။ (ခ) အပိ စ ဘိက္ခဝေ ဧတ္တာဝတာပိ ပေသော ဟတ္ထာရောဟပုတ္တော မဟတာ အတ္ထေန သံယုတ္တော=ဒါပေမယ့် ပေသဟာ သံဃာကို ကြည်ညိုရခြင်း၊ သတိပဋ္ဌာန် တရား အားထုတ်နည်းအသစ်ကို ရခြင်း-ဟူသော ကြီးမြတ်သော အကျိုးနှစ်ပါးကိုကား ရသွားသည်” ဟု ဘုရားရှင်က ဟောတော်မူသည်။

"ပေယ အရှုံးကြီးရှုံးပြီကွ" ဟူသော စကား ဤသုတ္တန်၌ မပါသော်လည်း မိုးကုတ်ဆရာတော်ကြီးက သောတာပတ္တိဖိုလ်မှ ဆုံးရှုံးသွားခြင်းကို အရှုံးကြီးရှုံးပြီ ဟု ဆိုလိုခြင်းဖြစ်ကြောင်း သိနိုင်ပေသည်။

သို့သော် ကြီးကျယ်ခိုင်ခံ့သော သုတ္တန်ကြီးကို ဟောကြားရာ၌ သုတ္တန် လာသည့် အတိုင်းသာ ဟောကြားသင့်သည်။ သုတ္တန်၌ မပါပါဘဲ (ဝါ) ဘုရား မဟောပါဘဲ ဟောသလိုလို ဟောခြင်းမျိုးကိုမူ ဂုဏ်ကြီးရှင် ဆရာတော်ကြီးများ အနေဖြင့် ရှောင်ကြဉ်သင့်ပေသည်။

သို့ဖြစ်၍ ဆရာတော်ကြီး၏ အထက်ပါ ဟောတရားကို "သူမှ အိမ်မရောက် သေးဘူး၊ ဘုရားက ရဟန်းတွေပြောပြန်ပြီ၊ ပေယဆိုတဲ့ ပေဿဟာ ငါဘုရား ဟောမဲ့တရား ပြီးအောင် နာသွားရရင် မြင့်မြတ်တဲ့ သောတာပတ္တိဖိုလ်ဆိုတဲ့ အကျိုးထူးကို ရနိုင်တယ်။ အခု ထပြန်သွားတဲ့အတွက် သောတာပတ္တိဖိုလ်ဆိုတဲ့ ကြီးမြတ်တဲ့ အကျိုးထူးမှ ဆုံးရှုံးရတယ်။ ပေယဆိုတဲ့ ပေဿဟာ သောတာပတ္တိ ဖိုလ်ဆိုတဲ့ အကျိုးထူးကနေ ဆုံးရှုံးသွားပြီကွ" ဟု ပြင်ဆင်သင့်ပေသည်။ အသံသွင်းတိပ်ခွေ၌ "ပေယဖြင့် ရှုံးပဟေ့။ ဒကာ ဒကာမတို့ ဘာတဲ့တုန်း (ပေယဖြင့် ရှုံးပြီတဲ့)။ ပေယ အရှုံးကြီးရှုံးပြီကွ" ဟူသောစကားကို ပယ်ဖျက် ပေးရမည်။

## အမှတ် (၁၃/၁၀၆)

အဘိဓမ္မာနိုင်တဲ့ ဘုန်းကြီးက ဆေးပြီးသကာလ ရေကလေး တစ်ဝက် ချန်ပစ်ခဲ့တယ်။ ခွက်ထဲမှာ။ (အမှတ်-၁၂၊ နှာ-၄၇၈)

အဘိဓမ္မာနိုင်တဲ့ ဘုန်းကြီးက ဟူသော စကားများနေရာ-

ဒွေ ကိရ ဘိက္ခူ ဧကသ္မိံ အာဝါသေ ဝသန္တိ ဝိနယဓရော စ သုတ္တန္တိကော စ၊ တေသု သုတ္တန္တိကော ဘိက္ခု ဧကဒိဝသံ ဝစ္စကုဋိံ ပဝိဋ္ဌော အာစမနဥဒကာ-ဝသေသံ ဘာဇနေ ဌပေတွာဝ နိက္ခမိ"

ဟူသော (ဓိ၊ ဋ္ဌ၊ ၃။ ၄၃၁) (မ၊ ဋ္ဌ၊ ၂၉၁) တို့ကို ထောက်၍ "သုတ္တန်ဆောင် ဘုန်းကြီးက" ဟု အမှန်ပြင်ပေးရန် ဖြစ်သည်။

## အမှတ်စဉ် (၁၃/၁၀၇)

သုတ္တန်, ဝိနည်းဘုန်းကြီးက တက်တဲ့အခါ ရေကျန်ကလေး တွေ့တယ်။
(အမှတ်စဉ်-၁၂၊ နှာ-၄၇၉)

သုတ္တန်, ဝိနည်းဘုန်းကြီးက ဟူသော စကား မှားနေရာ "ဝိနယဓရော ပဉ္စာ ပဝိဋ္ဌော တံ ဥဒကံ ဒိသွာ နိက္ခမိတွာ တံ ဘိက္ခုံ ပုစ္ဆိ" (ဝိ၊ ၄၊ ၃။ ၄၃၁) (မ၊ ၄၊ ၂။ ၂၉၁)တို့ကို ထောက်၍ "ဝိနည်းဆောင် ဝိနည်းမိုရ်ဘုန်းကြီးက" ဟု အမှန် ပြင်ပေးရန် ဖြစ်သည်။

## အမှတ် (၁၃/၁၀၈)

၁၆၉-က သားဆိုး သမီးဆိုးပါဘုရား။ အဲဒါကို ခင်ဗျားတို့ ဘုံဘဝတိုင်း ထိန်းကျောင်းနေရတယ်။ (အမှတ်စဉ်-၁၃၊ နှာ-၃၈၁)

စိတ်-၈၉၊ စေတသိက်-၅၂၊ ရုပ်-၂၈=ပေါင်း ၁၆၉-ပါးကို သားဆိုး သမီးဆိုး ဟု လည်းကောင်း၊ ထိုသားဆိုး သမီးဆိုး ၁၆၉-ကို ဘဝတိုင်း ထိန်းကျောင်း နေရသည်ဟု လည်းကောင်း မိုးကုတ်ဆရာတော်ကြီးက ဟောထားရာ အရ-ဟတ္တမဂ်, အရဟတ္တဖိုလ် စိတ်တို့သည် တစ်ဘဝတည်းသာဖြစ်၍ 'ဘုံဘဝတိုင်း ထိန်းကျောင်းနေရတယ်'ဟု ဟောခြင်းသည် မှားပါသည်-ဟု စောဒက ဆရာတော် က တင်ပြပေသည်။

စုဒိတကဆရာတော်များက ၁၆၉-ဟု ဆရာတော်ကြီးဟောခြင်းသည် ယေဘုယျနည်းဖြင့် ဟောခြင်းဖြစ်ပါသည်။

စိတ္တာဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသမန္ဝဂူ။
သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊ သဗ္ဗေ ဘာယန္တိ မစ္စုနော-

ဟူသော စကားတို့ကဲ့သို့တည်းဟု တင်ပြကြသည်။

တစ်ဘဝတည်းဖြစ်သော တရားများသည် စောဒကဆရာတော်တင်ပြသလို အရဟတ္တမဂ်, အရဟတ္တဖိုလ်သာမကပါ။

"တထာ သေက္ခပုထုဇ္ဇနာနံ ကိရိယဇဝနာနိ (ပ) လောကုတ္တရဇဝနာနိ စ ယထာရဟံ အရိယာနမေဝ သမုပ္ပဇ္ဇန္တီတိ" ဟူသော အဘိဓမ္မတ္ထသင်္ဂဟကျမ်း

ဝီထိပိုင်းပါဠိနှင့်အညီ ရဟန္တာတို့၏ သန္တာန်၌သာ ဖြစ်သော ကိရိယာဇောများနှင့် မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်တို့၏ သန္တာန်၌ တစ်ကြိမ်သာ ဖြစ်သော မဂ်ဇောများသည်လည်း တစ်ဘဝ၌ သာ ဖြစ်သောတရားများ ဖြစ်သည်။

မိုးကုတ်ဆရာတော်ကြီးက ခန္ဓာရှိနေသမျှ ဒုက္ခမကင်းကြောင်း၊ စားရသောက်ရ, ရေချိုးပေးရ, အမွှေးနံ့သာ လိမ်းချယ်ပေးရ, ရှာရဖွေရ, စိုးရိမ်ပူဆွေးရသော ဒုက္ခများသည် ခန္ဓာရှိ၍ ရနေသောဒုက္ခများဖြစ်ကြောင်း၊ သားဆိုးသမီးဆိုးများကို ထိန်းကျောင်းရသောမိဘများသည် နေ့စဉ်လိုလို ဆင်းရဲဒုက္ခနှင့်ကြုံရသကဲ့သို့ ခန္ဓာဟူသော သားဆိုး သမီးဆိုးရှိနေသော ခန္ဓာဝန်ထမ်း ပုဂ္ဂိုလ်များမှာလည်း နေ့စဉ်အမြဲ ဆင်းရဲနေရကြောင်း ဟောကြားရာမှ ခန္ဓာငါးပါးတွင်ပါဝင်သော စိတ်-၈၉၊ စေတသိက်-၅၂၊ ရုပ် ၂၈-တို့ကို ပေါင်း၍ ၁၆၉-ပါးကို သားဆိုး သမီးဆိုးအဖြစ် တင်စား ဟောကြားနေကြောင်း သိရပါသည်။

လောကုတ္တရာမဂ်စိတ်, ဖိုလ်စိတ်များသည်လည်း ဖြစ်-ပျက်ဟူသော သင်္ခါရဒုက္ခနှင့် မကင်းချေ။ မဂ်စိတ် ဖိုလ်စိတ်များလည်း ဖြစ်ပြီး ချုပ်ပျက်ကြရသည်သာ ဖြစ်၏။ သို့သော် ထိုမဂ်စိတ် ဖိုလ်စိတ်တို့ကို ဝိပဿနာရှုခြင်းဖြင့် နိဗ္ဗိန္ဒဉာဏ်ကို မဖြစ်စေနိုင်ပေ။ ထိုမဂ်စိတ် ဖိုလ်စိတ်များသည် အကောင်းတရားများဖြစ်သောကြောင့် ငြီးငွေ့ခြင်းကို မဖြစ်နိုင်သဖြင့် ဝိပဿနာရှုထိုက်သောတရားများ မဟုတ်၍ ဥပါဒါနက္ခန္ဓာတွင် မပါဝင်ပေ။

လောကီစိတ်, စေတသိက်မျာ်း ရုပ်တရားများသာ သင်္ခါရဒုက္ခ, ဝိပရိဏာမဒုက္ခစသော ဒုက္ခဒဏ်ချက် မကင်းသောကြောင့် အဆိုးတရားများဟု ဆိုရသည်။ ထိုတရားတို့သည် ဖြစ်ပျက်နယ်ပယ်အတွင်း၌သာရှိ၍ ထိုတရားတို့ကို ဝိပဿနာဉာဏ်ဖြင့် ရှုသောအခါ နိဗ္ဗိန္ဒဉာဏ်ကို ဖြစ်စေနိုင်ပေသည်။

သို့ဖြစ်၍ မဂ်စိတ် ဖိုလ်စိတ်များကို သားကောင်း သမီးကောင်းဟုလည်းကောင်း၊ လောကီ ဥပါဒါနက္ခန္ဓာတွင် ပါဝင်သော တရားများကို သားဆိုး သမီးဆိုးဟုလည်းကောင်း တင်စားဆိုက ဆိုနိုင်ပေသည်။

ထိုတွင် မဂ်စိတ်များနှင့် အရဟတ္တဖိုလ်စိတ်, ကြိယာဇောစိတ်များသည် တစ်ဘဝတည်း၌သာ ဖြစ်ကြသော တရားများဖြစ်သော်လည်း ကြွင်းစိတ်များကား ဘုံဘဝများစွာ ဖြစ်ခဲ့ကြရသောကြောင့် သဗ္ဗေ တသ္မိ ဒဏ္ဍဿ, သဗ္ဗေ ဘာယန္တိ မစ္စုနော-တို့ကဲ့သို့ ယေဘုယျအားဖြင့် (ဝါ) များရာသို့လိုက်၍ ဘုံဘဝတိုင်း ထိန်းကျောင်းနေရတယ်ဟု ဆိုနိုင်ပေသည်။

ထို့ကြောင့် အထက်ပါ ဆရာတော်ကြီး၏ ဟောတရားကို "၁၆၉-က ခန္ဓာဆိုတော့ သားသမီးပေါ့၊ လောကုတ္တရာ အကောင်းကို လိုချင်လို့ လောကီ ခန္ဓာအဆိုးကို အပြစ်ရှာ ရှုရတာဆိုတော့ မင်္ဂ, ဖိုလ်က သားကောင်း သမီးကောင်း၊ လောကီခန္ဓာက သားဆိုး သမီးဆိုးတွေ။ အဲဒါကို ခင်ဗျားတို့ ဘုံဘဝမှာ ထိန်းကျောင်းနေရတယ်" ဟု ပြင်ဆင်ဖြည့်စွက်ရန်ဖြစ်သည်။

## အမှတ် (၁၃/၁၀၉)

၁၆၉-နှိပ်စက်လိုက်တာ အမေတစ်ယောက် ကျွမ်းထိုးမှောက်ခုံနဲ့ အပါယ် ရောက်တယ်။ (အမှတ်စဉ်-၁၃၊ နှာ-၃၈၃)

ဤ ဟောတရား၌လည်း ၁၆၉-တွင် ပါဝင်သော အကုသိုလ်ကြောင့်သာ အပါယ်ရောက်နိုင်သည်။ လောကုတ္တရာ စိတ်များကြောင့် အပါယ်မရောက်နိုင် သောကြောင့် ၁၆၉-နှိပ်စက်လိုက်တာ အပါယ်ရောက်တယ်ဟု ဟောထား ခြင်းသည် မှားကြောင်း စောဒကဆရာတော်က တင်ပြပေသည်။

"ဒုက္ခဿ ပီဠနဋ္ဌော သင်္ခတဋ္ဌော သန္တာပဋ္ဌော ဝိပရိဏာမဋ္ဌော၊ ဣမေ စတ္တာရော ဒုက္ခဿ ဒုက္ခဋ္ဌာ တထာ အဝိတထာ အနညထာ၊ ဧဝံ ဒုက္ခံ တထဋ္ဌေန သစ္စံ" (ပဋိသံ၊ ၂၉၃)-
စသည်ကို ထောက်၍ ဒုက္ခသစ္စာဖြစ်သော လောကီ ခန္ဓာငါးပါး၌သာ နှိပ်စက် သည့် သဘောပြ၍ မဂ်ဖိုလ်တို့၌ နှိပ်စက်သည့် သဘောကိုမပြပေ။

ထို့ပြင်-
"ယေကေစိ အကုသလာ ဓမ္မာ၊ သဗ္ဗေ တေ အဓောဘာဂင်္ဂမနိယာ"(မ၊၁။ ၅၄) "အဓမ္မော နိရယံ နေတိ၊ ဓမ္မော ပါပေတိ သုဂ္ဂတိံ"
(ထေရ၊ ၂၇၂။ ဇာ၊ ၁။ ၃၅၇)
တို့ကိုထောက်လျှင် အကုသိုလ် တရားတို့ကသာ အပါယ်ဘုံသို့ ပို့ဆောင်နိုင် ကြောင်း သိနိုင်ပေသည်။

ထို့ကြောင့် ဆရာတော်ကြီး၏ အထက်ပါ ဟောစကားကို "၁၆၉-ထဲမှာ လောကီ ရုပ်နာမ်ခန္ဓာတွေ နှိပ်စက်လိုက်တာ အမေတစ်ယောက် ကျွမ်းထိုး မှောက်ခုံနဲ့ ဆင်းရဲလိုက်တာ။ အကုသိုလ် သားဆိုး သမီးဆိုးနဲ့ တွေ့တော့ အမေတစ်ယောက် ကျွမ်းထိုးမှောက်ခုံနဲ့ အပါယ်ထိ ရောက်သွားရတော့တယ်"ဟု ပြင်ဆင်ပေးသင့်သည်။

## အမှတ် (၁၃/၁၁၀)/ အမှတ် (၁၃/၁၁၁)

က္ကမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿ-ဆိုဘဲ။ ဘုရားမရှိတဲ့ အခါကျတော့ အရိယာတွေများ ကွယ်တော့မှာလားလို့ ဆာဝါရဲ့သား သုဘဒ္ဒက မေးတဲ့အခါ။

(အမှတ်စဉ်-၁၃/နှာ-၄၈၉)

မိုးကုတ်ဆရာတော်ကြီး၏ ဤဟောတရား၌ "ဘုရားမရှိတဲ့အခါကျတော့ အရိယာတွေများ ကွယ်တော့မှာလားလို့ ဆာဝါရဲ့သား သုဘဒ္ဒက မေးတဲ့အခါ" ဟူသော စကားဝယ် ဆာဝါရဲ့သား သုဘဒ္ဒ-ဟူသော စကားနှင့် သုဘဒ္ဒက မေးတယ်-ဟူသော စကားတို့သည် မှားပါကြောင်း စောဒကဆရာတော်က စောဒနာထားပေသည်။

သုတ်မဟာဝါပါဠိတော် မဟာပရိနိဗ္ဗာနသုတ်တွင်-

"ဧကမန္တံ နိသိန္နော ခေါ သုဘဒ္ဒေါ ပရိဗ္ဗာဇကော ဘဂဝန္တံ ဧတဒဝေါစ 'ယေ မေ ဘော ဂေါတမ သမဏဗြာဟ္မဏာ သယီနော ဂဏိနော ဂဏာစရိယာ(ပ)သဗ္ဗေ တေ သကာယ ပဋိညာယ အဗ္ဘညိံသု၊သဗ္ဗေဝ န အဗ္ဘညိံသု။ ဥဒါဟု ဧကစ္စေ အဗ္ဘညိံသု၊ ဧကစ္စေ န အဗ္ဘညိံသု။ (ဒီ၊၂၊၁၂၄)

ဟု လာရှိရာ သုဘဒ္ဒပရိဗိုဇ်က' ပူရဏကဿပစသော တိတ္ထိဂိုဏ်းဆရာကြီးများသည် သူတို့ ဝန်ခံကြသည့်အတိုင်း အကုန်သိပါသလား။ တစ်ချို့တစ်ဝက်ကိုသာ သိကြပါသလား' ဟု ဘုရားရှင်အား မေးလျှောက်ကြောင်း၊ ဘုရားမရှိတဲ့ အခါကျတော့ အရိယာတွေများ ကွယ်တော့မှာလားဟု မမေးကြောင်းသိနိုင်ပေသည်။

ဘုရားရှင်က သုဘဒ္ဒပရိဗိုဇ်မေးသည်ကို မဖြေဘဲ 'ငါ တရားဟောမည်'ဟု အမိန့်ရှိပြီး တရားဟောတော်မူသည်။

"က္ကမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿ"

ဟူသော စကားသည် သုဘဒ္ဒက မမေးဘဲ ဘုရားရှင်က မိန့်ကြားသည့် စကားသာ ဖြစ်သည်။

ထို့ပြင် သုဘဒ္ဒသည် ဥပကနှင့် မဆာဝါတို့၏သား မဟုတ်ပေ။

"သုဘဒ္ဒေါ နာမ ပရိဗ္ဗာဇကောတိ ဥဒိစ္စဗြာဟ္မဏမဟာသာလကုလာ ပဗ္ဗဇိတော ဆန္နပရိဗ္ဗာဇကော ' (ဒီ၊ ဋ၊ ၂။ ၁၇၉)

ဟူသော သုတ်မဟာဝါ အဋ္ဌကထာအရ အလွန်ထင်ရှားသည့် ပုဏ္ဏားသူဌေးမျိုးမှ ပရိဗိုဇ်ပြုလာသူ- ဟု သိရသည်။

ဥပကနှင့် ဆာဝါတို့၏ သားကား သုဘဒ္ဒဟု အမည်ချင်းတူသော်လည်း မုဆိုးအလုပ်ဖြင့် အသက်မွေးရသည့် ဆင်းရဲသားမျိုး၏ သားဖြစ်သည်။ ထို့ကြောင့် သာရတ္ထဋီကာ၌-

မာဂဝိကော "အမ္ဘာကမ္ပိ တေဒေဝ ရုစ္စတီ"တိ ဥတ္တရသာဠှကံ ဒတွာ ယရံ အာနေတွာ ဓီတရံ အဒါသိ။ တေသံ သံဝါသမန္ဒာယ ပုတ္တော ဝိဇာယိ။ "သုဘဒ္ဒေါ" တိဿ နာမံ အကံသု။ စာပါ တဿ ရောဒနကာလေ "မံသဟာရကဿ ပုတ္တ မိလုဒ္ဒကဿ ပုတ္တ မာရောဒိ မာရောဒီ"တိအာဒိနိ ဝဒမာနာ ပုတ္တတောသနဂီတေန ဥပကံ ဥပ္ပဏ္ဍေသိ။"(သာရတ္ထ၊၃။ ၁၆၆)-

ဟု ဆိုပေသည်။

ထို့ကြောင့် အထက်ပါ ဆရာတော်ကြီး၏ ဟောတရားဝယ်-" ဘုရားမရှိတဲ့ အခါကျတော့ အရိယာတွေများ ကွယ်တော့မှာလားလို့ ဆာဝါရဲ့သား သုဘဒ္ဒက မေးတဲ့အခါ" ဟူသော စကားကို ဟောစဉ်စာအုပ်များနှင့် အသံတွင်း တိပ်ခွေတို့မှ ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၁၁၂)

တကာ တကာမတွေဟာ ဘုရား၏ တပည့်သားတွေဖြစ်တဲ့ အတွက် ဘုရား စိုးရိမ်တော်မူတာလဲ ပေါ်လာပါတယ်။ (အမှတ်စဉ်-၁၃၊ နှာ-၅၂၇)

ဤ၌ "ဘုရားစိုးရိမ်တော်မူတာလဲ"ဟု ဟောခြင်းသည် မှားပါသည်-ဟု စောဒကဆရာတော်က တင်ပြသည်။ ယင်းသို့ လောကဝေါဟာရအနေဖြင့် သုံးနိုင်ကြောင်း (အမှတ်-၁၃/၂၅) စောဒနာ စိစစ်ချက်၌ ပြပြီးဖြစ်သည်။

## အမှတ် (၁၃/၁၁၃)

"သတ္တဝါသေရင် ဖြစ်သေးသလား မေးလို့ရှိရင် မင်း ဘယ့်နှယ်ဖြေ မတုန်းတဲ့၊ အဖြေတောင်းတယ်။ (ပ) တပည့်တော်ကတော့ ဒီလိုဖြေမှာဘဲ

ဘုရား၊ ဒုက္ခသစ္စာဖြစ်၍ ဒုက္ခသစ္စာချုပ်တယ်လို့ ဖြေမှာဘဲ။

(အမှတ်စဉ်-၁၄၊ နှာ-၁၀၂)

ဤဟောကြားချက်၌ "သတ္တဝါသေရင် ဖြစ်သေးသလား မေးလို့ရှိရင် မင်း ဘယ့်နှယ် ဖြေမတုန်း" ဟု ဘုရားရှင်ကလည်း မမေး၊ "ဒုက္ခသစ္စာဖြစ်၍ ဒုက္ခသစ္စာ ချုပ်တယ်" 'ဟု အရှင်အနုရာဓကလည်း မဖြေသောကြောင့် မိုးကုတ်ဆရာတော် ကြီး ဟောကြားချက်သည် မှားပါသည်-ဟု စောဒကဆရာတော်က တင်ပြသည်။

သံယုတ်ပါဠိတော် အနုရာဓသုတ် (သံ၊ ၂။ ၉၇)တွင် ယင်းအကြောင်းကို အောက်ပါအတိုင်း မှတ်တမ်းတင်ထားသည်။

"ဧတ္ထ စ တေ အနုရာဓ ဒိဋ္ဌေဝ ဓမ္မေ- သစ္စတော ထေတတော တထာဂတေ အနုပလဗ္ဘိယမာနေ ကလ္လံနု တေ ဝေယျာကရဏံ (ပ)ပရံ မရဏာတိ ဝါ" တိ။ နော ဟေတံ ဘန္တေ။ သာဓု သာဓု အနုရာဓ၊ ပုဗ္ဗေ စာဟံ အနုရာဓ ဧတရဟိ စ ဒုက္ခဉ္စေဝ ပညပေမိ ဒုက္ခဿ စ နိရောဓန္တိ။"

ဤပါဠိတော်၏ ဆိုလိုရင်းမှာ-အနုရာဓ၊ သတ္တဝါဟု အမှန်မရှိပါဘဲ သတ္တဝါ သည် သေသည်မှ နောက်၌ ဖြစ်သေးသလော-စသော တိတ္ထိတို့၏ အမေးကို သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်၏-စသော ဌာနလေးမျိုးတို့မှ တစ်ပါး သော ဌာန၌ ဘုရားရှင်ပညတ်တော်မူ၏ဟု သင်ဖြေခဲ့သော အဖြေသည် သင့် လျော် (မှန်ကန်) ပါမည်လော ဟု ဘုရားက မေးသောအခါ မသင့်လျော် (မမှန် ကန်ပါ)ဟု အရှင်အနုရာဓက ဖြေခဲ့သည်။ ထိုအခါ ဘုရားရှင်က သာဓုခေါ်ပြီး 'ငါဘုရားသည် ရှေးကရော ယခုပါ ဒုက္ခနှင့်ဒုက္ခချုပ်ရာကို ဟောကြားညွှန်ပြ၏'ဟု မိန့်တော်မူသည်။

ဤသည်ကို ထောက်လျှင် သတ္တဝါသေလျှင် ဖြစ်သေးသလားလို့ မေးလို့ရှိရင် မင်း ဘယ့်နှယ် ဖြေမလဲဟု ဘုရားရှင်က မမေးပါ၊ ဒုက္ခသစ္စာဖြစ်၍ ဒုက္ခသစ္စာ ချုပ်တယ်လို့ ဖြေမှာဘဲ-ဟုလည်း အရှင်အနုရာဓက မလျှောက်ပါ။

သို့ဖြစ်၍ မိုးကုတ်ဆရာတော်ကြီး၏ အထက်ပါ ဟောတရားကို ဟောစဉ် စာအုပ်များနှင့် အသံသွင်းတိတ်ခွေများမှ ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၁၁၄)

အသုတဝါ-ဆိုတာ သစ္စာလေးပါးကို မသိတာ။ (အမှတ်စဉ်-၁၊နှာ၁၁၀/၁၁၁)

သစ္စာလေးပါးကို မသိသူကို အသုတဝါ (သုတမရှိသူ)ဟု ဟောခြင်းသည် မှားသည်-ဟု စောဒကဆရာတော်က တင်ပြသည်။

အသုတဝါ (သုတမရှိသူ) ၏ အဓိပ္ပါယ်ကို-

"ယဿ စ ခန္ဓဓာတုအာယတနပစ္စယာကာရသတိပဋ္ဌာနာဒီသု ဥဂ္ဂဟပရိပုစ္ဆာဝိနိစ္ဆယဝိရဟိတတ္တာ ဒိဋ္ဌိပဋိသေဓကော (ယထာဘူတဉာဏ ပဋိဝေဓ သာဓကော။ အံ၊ ဋ္ဌ၊ ၁။ ၄၆) နေဝ အာဂမော, ပဋိပတ္တိယာ အဓိဂန္တဗ္ဗဿ အနဓိဂတတ္တာ နေဝ အဓိဂမော အတ္ထိ၊ သော အာဂမာဓိဂမာဘာဝါ ဉေယျော အဿုတဝါ ဣတိ- ဟု ဖွင့်ပြတော်မူကြသည်။ (အဘိ၊ ဋ္ဌ၊ ၁။ ၃၈၃)

အဓိပ္ပါယ်မှာ ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ်,သတိပဋ္ဌာန် စသည်တို့၌ ပါဠိကို သင်ယူခြင်း၊ အဋ္ဌကထာကို လေ့လာခြင်း၊ အနက်အဓိပ္ပါယ်မှန်ကို ဆုံးဖြတ်နိုင်ခြင်းမရှိသဖြင့် ဒိဋ္ဌိကို တားမြစ်တတ်သော (ယထာဘူတဉာဏ်, ပဋိဝေဓဉာဏ်) ကို ပြီးစေတတ်သော) ပရိယတ္တိအသိ မရှိသူ၊ အကျင့်ကို လက်တွေ့ကျင့်သုံးခြင်းဖြင့် ရရှိသိမြင်အပ်သော မဂ်ဖိုလ်နိဗ္ဗာန်ဟူသော အဓိဂမ (ပဋိဝေဓ) တရားမရှိသူသည်။ အသုတဝါ၊ သုတမရှိသူမည်၏။

ဤ၌ ခန္ဓာ, အာယတနစသည်၌ ဒိဋ္ဌိပြုတ်လောက်အောင် (ယထာဘူတဉာဏ်, ပဋိဝေဓဉာဏ်၏ အခြေခံအကြောင်းဖြစ်လောက်အောင်) ခန္ဓာအကြောင်း, အာယတနအကြောင်းစသည်တို့ကို သင်ယူမှတ်သားခြင်းသည် အာဂမသုတ မည်၏။ ယင်းအာဂမသုတသည် ဉာတပရိညာဖြစ်၏၊ ဉာတပရိညာဖြစ်လျှင် ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်၏။ ထို့ကြောင့် ထိုသို့သော ပရိယတ္တိသုတ (အာဂမသုတ) ရှိလျှင် ထိုပုဂ္ဂိုလ်သည် သုတဝါ-သုတရှိသူမည်၏။

ထိုအာဂမသုတကို အခြေခံ၍ ကိုယ်တိုင် ရှုမှတ်ပွားများသဖြင့် ရရှိလာသော မဂ်ဖိုလ်နိဗ္ဗာန်သည် အဓိဂမ (ပဋိဝေဓ)မည်၏။ ကိုယ်တိုင် လက်တွေ့ ကျင့်ဆဲခဏ၌ တီရဏပရိညာဖြစ်၏။ ထိုတီရဏပရိညာအခိုက်၌ အနုလောမဉာဏ် တိုင်အောင်သော ဝိပဿနာဉာဏ်များဖြစ်ပေါ်လာလျှင် တီရဏပရိညာ ပေါက်မြောက်၍ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနှင့် ပြည့်စုံပြီး မဂ်ဉာဏ်ဖြစ်ပေါ်လာလျှင် ပဟာနပရိညာကိစ္စပြီးတော့၏။ ဤသို့ ဝိပဿနာ

ဉာဏ်နှင့်တကွ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရရှိသူကို အဓိဂမသုတ (ပဋိဝေဓသုတ) ရှိသူဟု ခေါ်ရ၏။

ဤတွင် စာသိဖြင့် သိသိ, ကျင့်သိဖြင့် သိသိ, ထိုးထွင်းသိဖြင့် သိသိ တစ်နည်းနည်းဖြင့် သိသူကို သုတဝါ-ဟု ဆိုနိုင်၍ တစ်နည်းနည်းနှင့် မသိသူကို အသုတဝါ-ဟု ခေါ်ဆိုနိုင်ပေသည်။

ထို့ကြောင့်"အသုတဝါဆိုတာ သစ္စာလေးပါးကို မသိတာ" 'ဟူသော မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်ကို မှားသည်ဟု မဆိုနိုင်ပေ။ ပြဆိုခဲ့ပြီး အဋ္ဌသာလိနီအဋ္ဌကထာလာ "ခန္ဓဓာတုအာယတနပစ္စယာကာရသတိပဋ္ဌာနဒိသု"၌ အာဒိ-ဖြင့် သစ္စာလေးပါးစသည်တို့ကိုလည်း ယူနိုင်ပေသည်။ သစ္စာလေးပါးကို စာသိဖြင့် သိလျှင်ပင် ဉာတပရိညာ, ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်သောကြောင့် သုတဝါ-ဟုဆိုထိုက်သည်။ စာသိမျှလောက်ကိုပင် မသိပါမူကား အသုတဝါဟု ဆိုရမည်ဖြစ်ပေသည်။

သို့ဖြစ်၍ "အသုတဝါဆိုတာ သစ္စာလေးပါးကို မသိတာ" ဟူသော ဟောကြားချက်သည် မှန်ကန်ကြောင်း သုံးသပ်ကြသည်။

## အမှတ် (၁၃/၁၁၅)

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးပြီး သကာလ နေတော်မူတယ်။ ဝစ္ဆပုဏ္ဏားက လာတယ်။ ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော် ရာဓသံယုတ်မှာ။ (အမှတ်စဉ်-၁၄၊ နှာ-၂၀၁)

ဤဟောပြောချက်၌ "ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ရာဓသံယုတ်မှာ" ဟူသော စကားကို ရာဓသံယုတ် (သံ၊ ၂။ ၁၅၄-၁၆၅)တွင် ဝစ္ဆပုဏ္ဏားအကြောင်း လုံးဝ မပါဝင်သဖြင့် "ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ရာဓသံယုတ်မှာ" ဟူသော စကားကို ဟောစဉ်တရားစာအုပ်များနှင့် အသံသွင်းတိပ်ခွေတို့မှ ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၁၁၆)

ပူရဏကဿပစတဲ့ ဆရာကြီး(၆)ယောက်ကို သူတို့တပည့်သေလို့ သွားမေးကြရင် "ဘယ်ဘုံ ဘယ်ဘုံမှာဖြစ်တယ်"လို့ ရောက်ရာဘုံဘဝကို ဖြေကြတယ်။ ရှင်ကြီးဂေါတမရဲ့ တပည့်တွေသေလို့ ရှင်ကြီးဂေါတမကို သွားမေးကြတဲ့အခါ ရှင်ကြီးဂေါတမက "အစ္ဆေဒ္ဒိ တဏှံ၊ ဝိဝတ္တယိ သံယောဇနံ၊ သမ္မာ မာနာဘိ-

သမယာ အန္တမကာသိ ဒုက္ခဿ” ဒီလိုချည်းဖြေတယ်။ [အဓိပ္ပါယ်ကိုသာ ယူရေးသည်။] (အမှတ်စဉ်-၁၄၊ နှာ-၂၀၂/၂၀၃)

ရှင်ကြီးဂေါတမတဲ့ ဒါကျုပ်နားမလည်ဘူး။ (ပ)အေး မင်း နားမလည်ဘူး ဆိုတာ ဟုတ်တယ်တဲ့။ မင်းတို့ဆိုရင် သံသယကို ရှိထိုက်တယ်တဲ့။

(အမှတ်စဉ်-၁၄၊ နှာ-၂၁၆)

ဤစကားရပ်တွင် (ဘုရားရှင်၏ တပည့်တွေသေတိုင်း ရှင်ကြီးဂေါတမက “အစ္ဆေဒ္ဓိ တဏှံ၊ ဝိဝတ္တယိ သံယောဇနံ၊ သမ္မာ မာနာဘိသမယာ အန္တမကာသိ ဒုက္ခဿ ” လို့ချည်းဖြေတယ်) ဟူသောစကား မှားနေကြောင်း စောဒက ဆရာတော်က တင်ပြသည်။

ဝစ္ဆပရိဗိုဇ်က ဘုရားရှင်အား မေးမြန်းလျှောက်ထားသည့် ဤအကြောင်း အရာသည် သံယုတ်ပါဠိတော် ဒုတိယအုပ် ကုတူဟလသာလာသုတ် (သံ၊ ၂။ ၅၆၃)၌ ပါရှိပါသည်။

လိုရင်းမျှ ဖော်ပြပါမည်။

အယံ ခေါ ပူရဏော ကဿပေါ သင်္ဃီ စေဝ ဂဏီ စ ဂဏာစရိယော စ ဉာတော ယသဿီ တိတ္ထကရော သာဓုသမ္မတော ဗဟုဇနဿ၊ သောပိ သာဝကံ အဗ္ဘတီတံ ကာလင်္ကတံ ဥပပတ္တီသု ဗျာကရောတိ ‘အသု အမုတြ ဥပပန္နော၊ အသု အမုတြ ဥပပန္နော’ တိ။ ယောပိဿ သာဝကော ဥတ္တမပုရိသော ပရမပုရိသော ပရမပတ္တိပတ္တော၊ တမ္ပိ သာဝကံ အဗ္ဘတီတံ ကာလင်္ကတံ ဥပပတ္တီသု ဗျာကရောတိ ‘အသု အမုတြ ဥပပန္နော၊ အသု အမုတြ ဥပပန္နော’ တိ။ (ပ)။ (သံ၊ ၂။ ၅၆၃/၅၆၄)

အယမ္ပိ ခေါ သမဏော ဂေါတမော သင်္ဃီ စေဝ ဂဏီ စ (ပ) သာဓုသမ္မတော ဗဟုဇနဿ။ သောပိ သာဝကံ အဗ္ဘတီတံ ကာလင်္ကတံ ဥပပတ္တီသု ဗျာကရောတိ ‘အသု အမုတြ ဥပပန္နော၊ အသု အမုတြ ဥပပန္နော’ တိ။ ယော ပိဿ သာဝကော ဥတ္တမပုရိသော ပရမပုရိသော ပရမပတ္တိပတ္တော၊ တမ္ပိ သာဝကံ အဗ္ဘတီတံ ကာလင်္ကတံ ဥပပတ္တီသု န ဗျာကရောတိ ‘အသု အမုတြ ဥပပန္နော၊ အသု အမုတြ ဥပပန္နော’ တိ။ အပိ စ ခေါ ဧဝံ ဗျာကရောတိ “အစ္ဆေဒ္ဓိ တဏှံ၊ ဝိဝတ္တယိ သံယောဇနံ၊ သမ္မာ မာနာဘိသမယာ အန္တမကာသိ ဒုက္ခဿာ” တိ။ (သံ၊ ၂။ ၅၆၄)

## ဆိုလိုရင်း

ပူရဏကဿပ စသော တိတ္ထိဆရာကြီးခြောက်ယောက်တို့၏ တပည့်တွေ သေလို့ သွားမေးလျှင် သာမညတပည့်ကိုဘဲဖြစ်ဖြစ်၊ ဥတ္တမပုရိသဟု ဆိုရသည့် မြင့်မြတ်သော တပည့်ကိုဘဲဖြစ်ဖြစ်၊ တစ်စုံတစ်ခုသော ဘဝ၌ဖြစ်ကြောင်း ပူရဏကဿပ စသည်တို့က ဖြေဆိုကြသည်။ (ဘဝမှ လွတ်မြောက်သွားသည်၊ ဆင်းရဲဒုက္ခ၏ အဆုံးကို ပြုပြီးသွားပြီ' ဟု ဖြေဆိုချက်မပါ။)

အရှင်ဂေါတမ၏ တပည့်တွေ သေလို့ သွားမေးလျှင် သာမညတပည့်(ရဟန္တာ မဖြစ်သေးသော တပည့်တွေကို သူတို့ ဘုံဘဝတစ်ခုခု၌ ဖြစ်နေကြပြီဟု ဘဝ၌ ဖြစ်ကြကြောင်းဖြေသည်။ ဥတ္တမပုရိသဟူသော ရဟန္တာပုဂ္ဂိုလ်သေသွားလျှင်း 'တဏှာကို ဖြတ်ပြီးပြီ၊ သံယောဇဉ်ကို လွတ်မြောက်သွားပြီး၊ ဆင်းရဲဒုက္ခအဆုံးကို ပြုပြီးပြီ' ဟု ဘုံဘဝတို့၌ မဖြစ်တော့ကြောင်း မိန့်ကြားသည်။

ဤသို့ တိတ္ထိဆရာကြီးခြောက်ယောက်နှင့် ဘုရားရှင်တို့၏ ဖြေကြားပုံ မတူသောကြောင့် ဝစ္ဆပုဏ္ဏား သံသယဖြစ်တော့၏။ ထိုသို့ သံသယဖြစ်ရပါကြောင်း ဘုရားရှင်အား လျှောက်ထားရာ ဘုရားရှင်က "အလံ ဟိ တေ ဝစ္ဆ ကင်္ခိတုံ၊ အလံ ဝိစိကိစ္ဆိတုံ" စသည်ဖြင့် ဝစ္ဆ သင့်အဖို့ ယုံမှားသံသယဖြစ်ခြင်းသည် သင့်လျော်၏၊ ဤသို့ ယုံမှားသံသယဖြစ်ခြင်းသည် ယုံမှားသံသယဖြစ်ထိုက်သော အရာ၌ ဖြစ်ခြင်းဖြစ်၏-ဟု မိန့်ကြားပြီး ဥပါဒါန်ရှိသေးသူများအဖို့ ဘဝ ဂတိ ရှိသေးကြောင်း၊ ဥပါဒါန်မရှိသောသူများအဖို့ ဘဝဂတိမရှိတော့ကြောင်း ဆက်လက်မိန့်ကြားသည်။

ဤ ပါဠိတော်ကို ထောက်လျှင် မြတ်စွာဘုရားက မိမိ၏ သာဝကများ သေတိုင်း"အစ္ဆေဒိ တဏှံ၊ဝိဝတ္တယိ သံယောဇနံ၊ သမ္မာ မာနာဘိသမယာ အန္တမကာသိ ဒုက္ခဿ" ဟု မဖြေကြောင်း၊ ဥပါဒါန်လုံးဝကင်းသွားသော ဥတ္တမ ပုရိသ(ရဟန္တာ) တပည့်များကွယ်လွန်မှသာ ယင်းသို့မိန့်ကြားလေ့ရှိကြောင်း သိနိုင်ပါသည်။

ထို့ကြောင့် အထက်ပါ မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်တွင်"ရှင်ကြီး ဂေါတမက "အစ္ဆေဒိ တဏှံ၊ ဝိဝတ္တယိ သံယောဇနံ၊ သမ္မာ မာနာဘိသမယာ အန္တမကာသိ ဒုက္ခဿ' ဒီလိုချည်း ဖြေတယ် ဟူသော စကားကို-

> "ရှင်ကြီးဂေါတမက ဥပါဒါန်မကုန်သေးတဲ့ တပည့်တွေ သေရင် သူတို့ ဘယ်ဘုံဘယ်ဘဝမှာ ဖြစ်ကြတယ်လို့ ဖြေတယ်၊ ဥပါဒါန်လုံးဝ ကင်း

သွားတဲ့ တပည့်တွေ သေတဲ့အခါကျတော့'အစ္ဆေတ္ထိ တဏှာ၊ ဝိဝဋ္ဋာယိ သံယောဇနံ၊ သမ္မာ မာနာဘိသမယာ အန္တမကာသိ ဒုက္ခဿ' လို့ ဘုံဘဝတွေမှာ မဖြစ်တော့ဘဲ ဆင်းရဲဒုက္ခငြိမ်းသွားကြောင်း ဖြေတယ်"-ဟု ပြင်ဆင်သင့်သည်။

ဟောစဉ်တရားပါ ဟောတရားများကို အထက်ပါ အဓိပ္ပာယ်ပေါ်လွင်အောင် ပြင်ဆင်ပြီး အသံသွင်း တိတ်ခွေ၌မူ ယင်းစကားရပ်ကို ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၁၁၇)

ဝိပဿနာကုသိုလ်နဲ့ နတ်ရွာသုဂတိသွားချင်လို့ဆိုတော့ ကိုယ်က ဥပါဒါန်သမား ဖြစ်နေတယ်။ (အမှတ်စဉ်-၁၄၊ နှာ-၂၁၇)

နတ်ရွာသုဂတိသွားချင်လို့ ဝိပဿနာတရားအားထုတ်သူ ရှားပါးသောကြောင့် အထက်ပါ မိုးကုတ်ဆရာတော်ကြီး၏ ဟောတရား မှားပါကြောင်း စောဒကဆရာတော်က တင်ပြသည်။ စောဒကဆရာတော်က ရောဂါပျောက်ချင်၍ ဝိပဿနာအားထုတ်သူ, သူတော်ကောင်းဟု အထင်ခံချင်၍ ဝိပဿနာအားထုတ်သူ ရှိချင်ရှိပါသည်ဟုလည်း ဆက်လက်ပြဆိုသည်။

ရောဂါပျောက်ချင်၍ အားထုတ်သူ, အထင်ကြီးခံချင်၍ အားထုတ်သူ ရှိသကဲ့သို့ နတ်ရွာသုဂတိသွားချင်လို့ အားထုတ်သူလည်း ရှိနိုင်ပေသည်။

ရဟန္တာဖြစ်လို၍ ရဟန်းတရားကြိုးစားအားထုတ်သော သမဏနတ်သား အလောင်းရဟန်းသည် ရဟန္တာမဖြစ်သောကြောင့် ဥပါဒါန်လည်း ရှိနေသေးသဖြင့် နတ်ပြည်၌ ဖြစ်ရကြောင်း အစ္ဆရာသုတ် (သံ၊ ၁။ ၈၀)၌ လေ့လာနိုင်ပေသည်။

ထို့ကြောင့် ဆရာတော်ကြီး၏ ဟောတရားသည် အမှန်ပင်ဖြစ်သည်။

## အမှတ် (၁၃/၁၁၈)

ဓမ္မစကြာမှာ ဒုက္ခေ ဉာဏံ၊ ဒုက္ခနိရောဓေ ဉာဏံ။

(အမှတ်စဉ်-၁၄၊ နှာ-၃၁၈)

ဓမ္မစကြာပါဠိတော်၌ ဒုက္ခေ ဉာဏံ၊ ဒုက္ခနိရောဓေ ဉာဏံ-စသည်ဖြင့် ဟောထားခြင်းမရှိ၊ မဟာသတိပဋ္ဌာနသုတ် (ဒီ၊၂။ ၂၄၉)၌သာ ထိုပါဠိ တစ်စိတ်

တစ်ဒေသ ဟောထားသောကြောင့် 'ခမ္ဗစကြာမှာ 'ဟူသော စကားကို ပယ်ဖျက်ရန် ဖြစ်သည်။

## အမှတ် (၁၃/၁၁၉)

ဟို. . . ဒုက္ခ သမုဒယေ ဉာဏံ, ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ-ဆိုတာက အလိုလိုပြီးတဲ့ဥစ္စာ။ (မှန်ပါ)။ ခင်ဗျားတို့လုပ်ရမှာက ဒုက္ခေ ဉာဏံ-ဘဲ။ (အမှတ်စဉ်-၁၄၊ နှာ-၃၀၁)

ဤဟောကြားချက်၌ 'ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ-ဆိုတာက အလိုလိုပြီးတဲ့ဥစ္စာ' ဟူ၍ ဟောကြားခြင်းသည် မှားပါသည်။ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ-ဟူသော မဂ္ဂသစ္စာဉာဏ်သည် ပွားစေအပ်သည့် (ဘာဝေတဗ္ဗ) တရားဟု ခမ္ဗစကြာ၌ဟောပါသည်။ ထိုမဂ္ဂသစ္စာကိုပွား၍ အထွတ်အထိပ် ရောက်လျှင် (ဝါ) မဂ္ဂသစ္စာကိုသိလျှင် ဒုက္ခသစ္စာစသည်ကိုလည်း သိပါသည်။ ထို့ကြောင့် မဂ္ဂသစ္စာက အလိုလိုပြီးသည်ဟု ဟောခြင်းသည် မှားပါသည်ဟု စောဒကဆရာတော်က တင်ပြပါသည်။

စုဒိတကဆရာတော်တို့ကလည်း စောဒကဆရာတော်တင်ပြသည့် မဂ္ဂသစ္စာ အရင်ပွား ဒုက္ခသစ္စာအလိုလို သိလာလိမ့်မယ်ဟူသော စကားနှင့် ဒုက္ခသစ္စာကို သာသိအောင်လုပ်၊ ဒုက္ခသစ္စာမြင်လာလျှင် သမုဒယ, မဂ္ဂ အလိုလို သိလာလိမ့် မယ်-ဟူသော မိုးကုတ်ဆရာတော်ကြီး၏ ဟောပြောချက်တို့သည် ပိုက်ဆံ တစ်ပြား ကို ခေါင်းဘက်က ကြည့်ခြင်းနှင့် ပန်းဘက်က ကြည့်ခြင်းကဲ့သို့ပင် ဖြစ်သည်။ အတူတူသာ-ဟု တင်ပြကြသည်။

စောဒနာအမှတ် (၁၃/၉၂)၌ စိစစ်ပြခဲ့သည့်အတိုင်း ဝိဝဋ္ဋသစ္စာဖြစ်သော နိရောဓ, မဂ္ဂတို့ကို ဝိပဿနာမရှုရပါ။ ဝဋ္ဋသစ္စာဖြစ်သောဒုက္ခနှင့် သမုဒယကိုသာ ဝိပဿနာရှုရသည်။ ထိုသို့ ဒုက္ခ,သမုဒယတို့ကို (တစ်ပါးပါးကို) ရှုဖန်များ၍ ဖြစ်ပျက်ကို တကယ်မြင်ပြီး ထိုဖြစ်ပျက် ဒုက္ခသစ္စာ၌ ရွံ့မုန်းငြီးငွေ့လာပြီး ထို ဖြစ်ပျက် ဆုံးရာ နိဗ္ဗာန်ကို မြင်လာသည်နှင့် တစ်ပြိုင်နက် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိမြင် ပြီးသကဲ့သို့ (ဝါ) ဒုက္ခသစ္စာကို သိမြင်သကဲ့သို့ သမုဒယကို ပယ်ခြင်းကိစ္စ, နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းကိစ္စ, မဂ္ဂသစ္စာကို ပွားခြင်းကိစ္စတို့လည်း ပြီးပြည့်စုံကာ သစ္စာလေးပါးကို သိမြင်သည့် မဂ်ဉာဏ်ဖြစ်လေတော့သည်။

ထို့ကြောင့်-

ယော ဘိက္ခဝေ ဒုက္ခံ ပဿတိ၊ သမုဒယမ္ပိ သော ပဿတိ၊ ဒုက္ခနိရော-ဓဂါမိနိံ ပဋိပဒမ္ပိ ပဿတိ။ (ပ) ယော နိရောဓဂါမိနိံ ပဋိပဒံ ပဿတိ၊ ဒုက္ခမ္ပိ သော ပဿတိ၊ ဒုက္ခသမုဒယမ္ပိ ပဿတိ၊ ဒုက္ခနိရောဓမ္ပိ ပဿတိ။ (သံ၊ ၃။ ၃၈၂)

ဟု ဘုရားရှင်ဟောကြောင်း အရှင်ဂဝမ္ပတိက သံဃာတော်များအား လျှောက်ထားခဲ့ပါသည်။

သို့ဖြစ်၍ ဆရာတော်ကြီး အထက်ပါ ဟောကြားချက်ကို မှားသည်ဟု မဆိုနိုင်ပါပေ။ အမှန်ဟုသာ ဆိုရမည်ဖြစ်သည်။

သို့သော် အထက်ပါ ဂဝမ္ပတိသုတ်နှင့် မဟာသတိပဋ္ဌာန်သုတ်အဋ္ဌကထာတို့နှင့် တစ်ထပ်တည်း ညီညွတ်အောင် အထက်ပါ ဆရာတော်ကြီး၏ ဟောတရားကို "ဟို. . ဒုက္ခနိရောဓေ ဉာဏံ, ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ- ဆိုတာက အလိုလိုပြီးတဲ့ဥစ္စာ။ (မှန်ပါ)။ ခင်ဗျားတို့လုပ်ရမှာက ဒုက္ခေ ဉာဏံ-ဘဲ" ဟု ပြင်ဆင်ပေးသင့်သည်။

## အမှတ် (၁၃/၁၂၀)

အောက်ဓာတ်တော်တိုက်ထဲ ဝင်ဖူးလိုဖူး (မှန်ပါ)။ဟို. . . စွယ်တော်သွားပြီး သီဟိုဠ်သွားရှာလိုရှာ၊ နိဗ္ဗာန်ရှာကြတာ (မှန်ပါ)။ နိဗ္ဗာန်ရှာကြတာ လွဲနေတယ်။ (အမှတ်စဉ်-၁၄၊ နှာ-၃၅၀)

၎င်းဟောစကား၌ "နိဗ္ဗာန်ရှာကြတာ လွဲနေတယ်" ဟူသော စကားသည် လွဲမှားနေကြောင်း စောဒက ဆရာတော်က စောဒနာသည်။

ဆရာတော်ကြီး၏ အထက်ပါစကားသည် နိဗ္ဗာန်ရောက်ခြင်း၏ နီးသော အကြောင်းဖြစ်သော ဝိပဿနာတရား အားထုတ်ခြင်းကို ကြိုးစားစေလိုသည့် ဆရာတော်ကြီး၏ မေတ္တာစေတနာကို အခြေခံ၍ မိန့်ကြားသောစကားဖြစ်သည်။ အဘယ်ကြောင့်ဟူမူ အမှတ်စဉ်-၁၄၊ နှာ-၃၁၂ ၌-

"အဲဒီတော့ ခင်ဗျားတို့ဥစ္စာက ဘုရားဖူးမလှည့်နဲ့လို့ ပြောတာမဟုတ်ဘူး။ ဝေးသောအကြောင်းနဲ့ နိဗ္ဗာန်ရှာနေတယ်။ နီးသော အကြောင်းနဲ့ မရှာဘူး"ဟု ဟောထားသောကြောင့် ဖြစ်သည်။

"ယေ ဟိ ကေစိ အာနန္ဒ စေတိယစာရိကံ အာဟိဏ္ဍန္တာ ပသန္နစိတ္တာ ကာလံ ကရိဿန္တိ၊ သဗ္ဗေ တေ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇိဿန္တိ။" (ဒီ၊ ၂။ ၁၁၆)

ဟူသော မဟာ ပရိနိဗ္ဗာနသုတ်လာ ဗုဒ္ဓ၏ စကားတော်ကို ထောက်လျှင် နတ်ရွာသုဂတိရောက်ကြောင်းဖြစ်၍ဘုရားရှင်ကို ကြည်ညိုသောစိတ်ဖြင့် ဘုရားဖူးသွားခြင်းသည် ကောင်းမြတ်သော လုပ်ငန်း ဖြစ်ကြောင်း သိနိုင်ပေသည်။

ဘုရားရှင်၏ မွေးဖွားရာဌာန၊ ဘုရားဖြစ်ရာဌာန၊ ဓမ္မစကြာတရားတော်ကို ဟောရာဌာန၊ ပရိနိဗ္ဗာန်ပြုရာ ဌာနတို့သည် ဉာဏ်ရှိသူများအဖို့ သံဝေဂဖြစ်စေနိုင်သည့်ဌာနများ ဖြစ်ပေသည်။ ဘုရားရှင် ဖွားတော်မူရာဌာနသို့ ရောက်သောအခါ ဉာဏ်ရှိသူများအဖို့ "ဘုန်းတော် ကံတော် ပါရမီတော် တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်ပင် ပရိနိဗ္ဗာန် စံတော်မူရသေး၏။ ငါကဲ့သို့သော ပုဂ္ဂိုလ်မှာမူ အဘယ်မှာလျှင် မသေဘဲ နေအံ့နည်း။ မုချဧကန် အမှန်သေရလတ္တံ့."ဟု သံဝေဂဉာဏ်များ ဖြစ်ပေါ်ကာ ခန္ဓာ၏ အနိစ္စ ဒုက္ခ အနတ္တသဘောတို့ကို ရှုဆင်ခြင်သည့် ဝိပဿနာဉာဏ်များလည်း ဖြစ်နိုင်ပေသည်။ ဖုဿဒေဝမထေရ်ကဲ့သို့ ဘုရားရှင်၏ ဂုဏ်တော်တို့ကို ပွားများ ဆင်ခြင်သည့် ဗုဒ္ဓါနုဿတိဘာဝနာကို အခြေခံ၍ ထိုဗုဒ္ဓါရမ္မဏပီတိကို ဝိပဿနာဖြင့် ရှုကာ ရဟန္တာ အဖြစ်သို့လည်း ရောက်နိုင်ပေသည်။

ဤသို့ စသည်ဖြင့် ဉာဏ်ရှိသူများအဖို့ ဘုရားဖူး၍ ထူးမြတ်သောကုသိုလ်များ နိဗ္ဗာန်ရသည်အထိ ဖြစ်ပေးစေနိုင်သောကြောင့် ဘုရားဖူးခြင်းသည် နိဗ္ဗာန်ရှာခြင်းဟုလည်း ဆိုနိုင်ပေသည်။

ထို့ကြောင့် အထက်ပါ ဆရာတော်ကြီး၏ ဟောတရားဝယ် "နိဗ္ဗာန်အရှာ ... နေတယ်" ဟူသော စကားကို ဟောစဉ်စာအုပ်များနှင့် အသံသွင်းတိတ်ခွေများမှ ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၁၂၁)

ခန္ဓာကြည့်တိုင်းကြည့်တိုင်း အရိယာများကျတော့ မပေါ်ဘူးတဲ့။ (မှန်ပါ)။ တဏှာ မာန, ဒိဋ္ဌိ မပေါ်ဘူး။ (အမှတ်စဉ်-၁၄၊ နှာ-၄၀၃)

သောတာပန်, သကဒါဂါမ် အနာဂါမ်ပုဂ္ဂိုလ်များ၌ အပယ်မချနိုင်သေး တဏှာ, မာနများ ဖြစ်ပေါ်ကြပါသေးသည်။ ရဟန္တာပုဂ္ဂိုလ်များသာ တဏှာ မာနများ လုံးဝ မပေါ်ကြခြင်းဖြစ်သည်။ သို့ဖြစ်ပါလျက် အရိယာပုဂ္ဂိုလ်အားလုံး တဏှာ, မာန, မပေါ်ဘူးလို့ သာမညအားဖြင့် ဟောသောကြောင့် မိုးကုတ်ဆရာတော်ကြီး၏ ဤဟောကြားချက်သည် မှားပါသည်ဟု စောဒကဆရာတော်က တင်ပြသည်။

စုဒိတကဆရာတော်များကလည်း အနုသယကိလေသာကို ရည်ရွယ်၍ ဟောခြင်းမဟုတ်၊ ပရိယုဋ္ဌာန ကိလေသာ, ဝီတိက္ကမကိလေသာတို့ကို ရည်ရွယ်၍ ဟောခြင်းဖြစ်သောကြောင့် (အရိယာပုဂ္ဂိုလ်များ၌ သူ့အဆင့်အလိုက် တဏှာ, မာန, ဒိဋ္ဌိများ ကင်းပြီးဖြစ်၍) ဆရာတော်ကြီး၏ ဟောကြားချက် မှန်ပါသည်ဟု တင်ပြကြသည်။

ဆရာတော်ကြီး၏ ဤဟောတရားကို စိစစ်ရာဝယ် (မျက်လုံးအကြည့်မှားတာနဲ့ တဏှာ မာန ဒိဋ္ဌိလာတယ်၊ နားအထောင်မှားတာနဲ့လဲ တဏှာ မာန ဒိဋ္ဌိလာတယ်၊ (ပ) ကြံစည်မှုမှားတာနဲ့လဲ တဏှာ မာန ဒိဋ္ဌိလာတယ်) ဟူသော (အမှတ်စဉ်-၁၄၊ နှာ-၄၀၃ ပါ) စကားရပ်ကို ထောက်လျှင် မှားယွင်းသော နှလုံးသွင်းနှင့် ကြည့်လျှင် ပုထုဇဉ်များ၌ တဏှာ မာန, ဒိဋ္ဌိဖြစ်နိုင်သည်။ သောတာပန်, သကဒါဂါမ်များ၌ တဏှာ, မာန, ဖြစ်နိုင်သည်။ အနာဂါမ်များ၌ ကာမတဏှာကို ပယ်ပြီးဖြစ်၍ ရူပါရုံ, သဒ္ဒါရုံ စသော ကာမအာရုံ (ကာမဂုဏ်) တို့နှင့် စပ်ပြီး တဏှာ, မာန မဖြစ်တော့ပေ။

- မဂ္ဂပဋိပါဋိယာ ဒိဋ္ဌိဝိစိကိစ္ဆာသီလဗ္ဗတပရာမာသက္ကာယာမစ္ဆရိယာနိ သောတာပတ္တိမဂ္ဂေန ပဟီယန္တိ၊ ကာမရာဂပဋိဃာ အနာဂါမိမဂ္ဂေန၊ မာနဘဝရာဂအဝိဇ္ဇာ အရဟတ္တမဂ္ဂေန။ (အဘိ၊ ဋ္ဌ၊ ၁။ ၄၀၈)
- တေသု အဋ္ဌ သောတာပတ္တိမဂ္ဂေန ပဟီယန္တိ၊ အသုဘေ သုဘန္တိ သညာစိတ္တဝိပလ္လာသာ သကဒါဂါမိမဂ္ဂေန တနုကာ ဟောန္တိ၊ အနာဂါမိမဂ္ဂေန ပဟီယန္တိ။ ဒုက္ခေ သုခန္တိ သညာစိတ္တဝိပလ္လာသာ အရဟတ္တမဂ္ဂေန ပဟီယန္တီတိ ဝေဒိတဗ္ဗာ။ (အဘိ၊ ဋ္ဌ၊ ၂။ ၄၇၃)

တို့ကို ထောက်လျှင် သောတာပန်ပုဂ္ဂိုလ်၌ ဝိပလ္လာသ ၄-ပါး၊ သကဒါဂါမ်ပုဂ္ဂိုလ်၌လည်း ၄-ပါး၊ အနာဂါမ်ပုဂ္ဂိုလ်၌ ၂-ပါးကျန်နေသေးရာ နှလုံးသွင်းမှားလျှင်

သောတာပန်, သကဒါဂါမ်, အနာဂါမ် ပုဂ္ဂိုလ်တို့၌ တဏှာ, မာနဖြစ်နိုင်သေးကြောင်း သိအပ်ပေသည်။

ခန္ဓာကြည့်တိုင်း ကြည့်တိုင်း-ဟူသော စကားရပ်၌ ဝိပဿနာဉာဏ်ဖြင့် ကြည့်သည်ဟု ယူလျှင် တဏှာ, မာန, ဒိဋ္ဌိမပေါ်ဟူသော စကားသည်မှန်သည်။ ပကတိမျက်စိဖြင့် ကြည့်သည်ဟုယူလျှင် ပြဆိုအပ်ပြီးသည့်အတိုင်း နှလုံးသွင်းမှန်မှန်ဖြင့် ကြည့်လျှင် တဏှာ, မာန, ဒိဋ္ဌိ မပေါ်နိုင်သော်လည်း နှလုံးသွင်းမှားဖြင့် ကြည့်လျှင် တဏှာ, မာန, ဒိဋ္ဌိ ပေါ်မည်ဖြစ်ပေသည်။

ထို့ကြောင့် ဆရာတော်ကြီး၏ အထက်ပါ ဟောစကားကို "ခန္ဓာကြည့်တိုင်း ကြည့်တိုင်း အရိယာများမှာ ဒိဋ္ဌိလုံးဝ မပေါ်တော့ဘူး။ သောတာပန်, သကဒါဂါမ်, အနာဂါမ်များမှာ တဏှာ, မာန, ရှိနေကြသေးပေမယ့် ဉာဏ်, သတိနဲ့ ကြည့်တတ်ရင် တဏှာ, မာန မပေါ်နိုင်ဘူး။ ရဟန္တာမှာတော့ ဘယ်ကိလေသာမှ ပေါ်မလာတော့ဘူး" ဟု ကွဲပြားအောင် ခွဲခြား၍ ဖြည့်စွက်ပြင်ဆင်ပေးရမည်။

## အမှတ် (၁၃/၁၂၂)

ဈာနတောဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ။

(အမှတ်စဉ်-၁၅၊ နှာ-၅၃)

ဇာနတောတိ ဇာနန္တဿ (မ၊ ၄၊ ၁။ ၆၅)ကို ထောက်၍ 'ဈာနတော' ကို ဇာနတော' ဟု အမှန်ပြင်ပေးရန် ဖြစ်သည်။

## အမှတ် (၁၃/၁၂၃)

သုံးဆယ့်တစ်ဘုံ မင်းမူနေတာ ဘယ်သူပါလိမ့် (အတ္တဒိဋ္ဌိပါဘုရား)။

(အမှတ်စဉ်-၁၅၊ နှာ-၁၁၀)

အနာဂါမ်ပုဂ္ဂိုလ်, ရဟန္တာပုဂ္ဂိုလ်များသာရှိသော သုဒ္ဓါဝါသဘုံ၌ အတ္တဒိဋ္ဌိအပါအဝင် မည်သည့်ဒိဋ္ဌိမျှ မရှိသောကြောင့် ၃၁-ဘုံ မင်းမူနေတာ အတ္တဒိဋ္ဌိဟု ဟောခြင်းသည် မှားကြောင်း စောဒကဆရာတော်က တင်ပြသည်။

ဤစောဒနာနှင့် စပ်လျဉ်း၍ စိစစ်ဝေဖန်ရသော ကာမစိတ် ၅၄-ပါးတို့သည် ကာမဘုံ၌သာ ဖြစ်သည်မဟုတ်၊ ရူပဘုံ အရူပဘုံတို့၌လည်း ကာမစိတ်အချို့ ဖြစ်သော်လည်း ကာမဘုံ၌ အဖြစ်များသောကြောင့် ကာမာဝစရစိတ်ဟု

ခေါ်ရသကဲ့သို့ လည်းကောင်း၊ ပုဏ္ဏားမှတပါး အခြားသော လူမျိုးအချို့ ရှိသော်လည်း ပုဏ္ဏားတို့က များသောကြောင့် ပုဏ္ဏားတို့ များစွာရှိသောရွာကို ဗြာဟ္မဏဂါမ=ပုဏ္ဏားရွာဟု ခေါ်ရသကဲ့သို့ လည်းကောင်း၊ တစ်ခါတစ်ရံ မြို့ရွာတို့၌ ကျက်စားနေထိုင်သော်လည်း တော၌ ကျက်စားမှုများသောကြောင့် မုဆိုးကို ဝနစရကဟု ခေါ်ဆိုရသကဲ့သို့ လည်းကောင်း ၃၁-လုံအနက် သဒ္ဓါဝါသဘုံမှ တပါးသော ကျန် ၂၆-ဘုံတို့၌ အတ္တဒိဋ္ဌိမကင်းသူ ပုထုဇဉ်များရှိ၍ အတ္တဒိဋ္ဌိ ဖြစ်သည့်ဘုံက များသောကြောင့် ယေဘုယျနည်းအားဖြင့် ၃၁-ဘုံ၌ အတ္တဒိဋ္ဌိ မင်းမူနေတယ်-ဟု ဟောနိုင်ပေသည်။

သို့ဖြစ်၍ "သုံးဆယ့်တစ်ဘုံ မင်းမူနေတာ ဘယ်သူပါလိမ့် (အတ္တဒိဋ္ဌိပါ ဘုရား)။" ဟူသော စကား၏ နောက်ဝယ် "သုဒ္ဓါဝါသဘုံမှာ အတ္တဒိဋ္ဌိမရှိပေမယ့် များရာလိုက်ပြီး သုံးဆယ့်တစ်ဘုံလို့ ပြောတာ" ဟု နောက်ဆက်တွဲ စကားရပ်ကို ဖြည့်စွက်ပေးသင့်သည်။

## အမှတ် (၁၃/၁၂၄)

အဗျာကတသံယုတ်မှာ ဝစ္ဆပရိဗိုဇ်က မေးတယ် (မှန်ပါ)။ ရှင်ကြီးဂေါတမ အတ္တရှိ သလားတဲ့။ (ပ) မဖြေဘူး။ မတုန်မလှုပ်နေတယ်။ (ပ) မဖြေတာကြောင့် အဗျာကတသံယုတ်လို့ ဆိုတယ်။ အဗျာကတဆိုတာ သူတပါး ဘာမှမပြောဘူး။ တိတ်တိတ်နေတာ။ (အမှတ်စဉ်-၁၅။ နှာ-၁၂၄)

မဖြေတာကြောင့် အဗျာကတသံယုတ်ဆိုတယ်။ အဗျာကတဆိုတာ သူတပါး ဘာမှမပြောဘူး။ တိတ်တိတ်နေတာ-ဟု ဟောခြင်းသည် မှားပါကြောင်း၊ အဗျာကတသံယုတ်၌ ၁၁-သုတ်ရှိရာ ၁၀-သုတ်မှာ ဘုရားက ဖြေသည်သာ ဖြစ်ပါသည်။ ထို့ကြောင့် မိုးကုတ်ဆရာတော်ကြီး ဟောကြားချက် မှားပါသည်-ဟု စောဒက ဆရာတော်က တင်ပြပေသည်။

အဗျာကတသံယုတ်ကို လေ့လာကြည့်ရာ နံပါတ် (၁၀) အာနန္ဒသုတ် တစသုတ်သာ ဝစ္ဆမေးမြန်းသည့် အမေးကို မဖြေဘဲ နေသည်ကို တွေ့ရပေသည်။ ယင်းသို့ မဖြေခြင်းမှာလည်း မဖြေဘဲထားရမည့် ဌပနီယပဥှာ ဖြစ်နေ၍ မဖြေခြင်း ဖြစ်ပေသည်။ ကျန် ၁၀-သုတ်မှာ ဖြေကြားသည်သာဖြစ်သည်။

ထို့ကြောင့် ဤအဗျာကတသံယုတ်လာ ၁၁-သုတ်တို့တွင် "အဗျာကတံ ဘဂဝတာ ဘုရားမဟောအပ်" ဟု ဟောသောသုတ် ရှစ်သုတ်၊ မဖြေသင့်သော အမေးဖြစ်၍ မဖြေဘဲထားထိုက်ပါလျက် မကျွမ်းမကျင် ဖြေမိသော အနုရာဓသုတ် တစ်သုတ်၊ ရဟန္တာ၏ဖြစ်ရာဘဝကို မဖြေကြား မပြောဆိုသော ကုတူဟလ သာလာသုတ် တစ်သုတ်၊ ဘုရားက မဖြေဘဲ ဆိတ်ဆိတ်နေသော အာနန္ဒသုတ် တစ်သုတ်-ဖြစ်သောကြောင့် "မဖြေတာကြောင့် အဗျာကတသံယုတ်လို့ ဆိုတယ်" ဟူသော ဆရာတော်ကြီး၏ ဟောစကား မပြည့်စုံကြောင်း သိနိုင်ပေသည်။

သို့ဖြစ်၍ "မဖြေတာကြောင့် အဗျာကတသံယုတ်လို့ဆိုတယ်၊ အဗျာကတ ဆိုတာ သူတပါးဘာမှ မပြောတော့ဘူး တိတ်တိတ်နေတာ" ဟူသော စကားရပ်ကို ပယ်ဖျက်၍ ယင်းစကားရပ်အစား "မဖြေအပ် မဖြေထိုက်တဲ့ အတွက်ကြောင့်လဲ အဗျာကတလို့ ခေါ်တယ်။ ဘုရားကမဖြေဘဲ တိတ်တိတ်နေတဲ့ အတွက်ကြောင့် လည်း အဗျာကတခေါ်တယ်" ဟူသော စကားရပ်ဖြင့် အစားထိုးသင့်သည်။

## အမှတ် (၁၃/၁၂၅)

သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ သမ္ပဇာနော ကာလံ အာဂမေယျ။ (အမှတ်စဉ်-၁၅၊ နှာ-၂၄၉) ဟူသော ပါဠိ၌ ဝိဟရေယျ-ပါဠိ ပိုနေသည်ဟု လည်းကောင်း။

ကာလံ၊ ကာလကို (ဝါ) အကြောင်းဖြစ်တဲ့ကာလ အကျိုးဖြစ်တဲ့ကာလကို။ အာဂမေယျ၊ မင်းတို့ဉာဏ်နဲ့ သိကြစမ်းပါ။ (အမှတ်စဉ်-၁၅၊ နှာ-၂၅၃) ဟူသော အနက်ပေးလည်း မှားသည်ဟုလည်းကောင်း စောဒကဆရာတော်က တင်ပြသည်။

သတော ဘိက္ခဝေ ဘိက္ခု သမ္ပဇာနော ကာလံ အာဂမေယျ။ (သံ၊ ၂။ ၄၁-၂-၄၁၅) တို့နှင့်အညီ "ဝိဟရေယျ" ကို ဖြုတ်ပေးရမည်။

ဥပ္ပန္နာ ခေါ မျာယံ သုခါ ဝေဒနာ၊ သာ စ ခေါ ပဋိစ္စ နော အပ္ပဋိစ္စ။ ကိံ ပဋိစ္စ၊ ဣမမေဝ ကာယံ ပဋိစ္စ။ (သံ၊ ၂။ ၄၁၃) (ပဌမဂေလညသုတ်)။

ဥပ္ပန္နာ ခေါ မျာယံ သုခါ ဝေဒနာ၊ သာ စ ခေါ ပဋိစ္စ နော အပ္ပဋိစ္စ။ ကိံပဋိစ္စ၊ ဣမမေဝ ဖဿံ ပဋိစ္စ။ (သံ၊ ၂။ ၄၁၅) (ဒုတိယဂေလညသုတ်)

ဣ္တမမေဝ ခေါ ပဋိစ္စာတိ ဝုတ္တော ဗုဒ္ဓနကာန် အဇ္ဈာသယေန ဝုတ္တံ။ အတ္ထတော ပနေတံ နိဒ္ဒါနာကရဏံ။ ကာယော ဝ ဟိ ဧတ္ထ ဖဿောတိ ဝုတ္တော။ (သံ၊ ဋ္ဌ၊ ၃။ ၁၁၈)

ဧတ္တာဝတာ ဣ္တမဿ ဘိက္ခုနော ဘာဝနာကာလော ဒဿိတောတိ။ (သံ၊ ဋ္ဌ၊ ၃။ ၁၁၈)

ဤပါဠိတော်နှင့် အဋ္ဌကထာတို့အရ ဂိလာနရဟန်းများ ဘာဝနာရှုမှတ်ရမည့် ကာလကို ပြဆိုကြောင်း သိနိုင်ပေသည်။

ဤဘုရားရှင်က ဤဂေလညသုတ် နှစ်သုတ်တွင် ဂိလာနရဟန်းတို့အား "ချစ်သားတို့ သုခဝေဒနာဖြစ်စေ၊ ဒုက္ခဝေဒနာဖြစ်စေ၊ အဒုက္ခမသုခါဝေဒနာဖြစ်စေ ဝေဒနာတစ်ပါးပါး ဖြစ်ပေါ်လာလျှင် ဤဝေဒနာသည် ခန္ဓာကိုယ်ကြောင့်ဖြစ်၏။ အကြောင်းခန္ဓာကိုယ်သည် အနိစ္စဖြစ်သကဲ့သို့ ယင်းကို မှီ၍ဖြစ်သော အကျိုးဝေဒနာသည်လည်း အနိစ္စဖြစ်သည်ဟု ရှုမှတ်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ရှုမှတ်လျှင် ရာဂါနုသယ, ပဋိဃာနုသယ, အဝိဇ္ဇာနုသယတို့ကို ပယ်နိုင်ကြောင်း၊ ထိုသို့ပယ်နိုင်အောင် ပေါ်လာသော ဝေဒနာကို အနိစ္စစသည်ဖြင့် ရှုမှတ်ရမည်ဖြစ်ကြောင်း ဘာဝနာပွားပုံနှင့် ဘာဝနာပွားရမည့် ကာလတို့ကို သွန်သင်ညွှန်ပြတော်မူပါသည်။

ဝေဒနာပေါ်လာလျှင် ထိုဝေဒနာ၏ အကြောင်းဖြစ်သော ခန္ဓာကိုယ်နှင့်တကွ အကျိုးဝေဒနာကိုပါ အနိစ္စစသည်မြင်အောင် သတိ, ပညာ နှစ်ပါးဖြင့် ရှုမှတ်ဆင်ခြင်ရမည်ဖြစ်ကြောင်း ပြလိုရင်း ဖြစ်ပေသည်။

ဤ၌ ဝေဒနာပေါ်လာလျှင် ထိုဝေဒနာကို အကြောင်းနှင့်တကွ သိမ်းဆည်း၍ ရှုမှတ်ရမည်ဟု ဆိုသောကြောင့် ကာလံ အာဂမေယျ၌ ကာလ-ဟူသည် ဝေဒနာဖြစ်ပေါ်ရာ ကာလ-ဟု သိနိုင်သည်။ သေခြင်းအနက်ကို ဟောသော ကာလ မဟုတ်ပါပေ။

သို့ဖြစ်၍ အထက်ပါ "သတော ဘိက္ခဝေ ဘိက္ခု သမ္ပဇာနော ကာလံ အာဂမေယျ" ဟူသော ပါဠိတော်ကို ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ သတော၊ သတိရှိသည်ဖြစ်၍ (ဝါ) သတိမြဲထားလျက်။ သမ္ပဇာနော၊ ပေါ်လာသော ဝေဒနာ၏ ဖြစ်ပျက်ကို မြင်နိုင်သောပညာရှိသည်ဖြစ်၍။ ကာလံ၊ ဝေဒနာ ဖြစ်ပေါ်

ရာ ကာလကို။ အာဂမေယျ၊ သတိ, ပညာဖြင့် စောင့်ကြည့် ရှုမှတ်ရာ၏" ဟု အနက်ပေးသင့်သည်။

ယင်းနှင့် ညီညွတ်အောင် ကာလံ အာဂမေယျ-၏ . အနက်ကို ပြင်ဆင်သင့်ပေသည်။

## အမှတ် (၁၃/၁၂၆)

ကိန္နု သတ္တောတိ ပစ္စေသိ၊ မာရ ဒိဋ္ဌဂတံ နု တေ။
သုဒ္ဓသင်္ခါရပုဉ္စောယံ၊ န ယိဓ သတ္တုပလဗ္ဘတိ။

ဤဂါထာကို မိုးကုတ်ဆရာတော်ကြီး အနက်ပေးရာ၌-

မာရ၊ မာရ်နတ်။ ကိန္နု၊ အဘယ့်ကြောင့်။ သတ္တောတိ၊ သတ္တဝါဟူ၍။ ပစ္စေသိ၊ မင်းက ယုံကြည်နေပါသလဲ။ တေ-တယာ၊ သင်သည်။ ဒိဋ္ဌိဂတံ နု၊ ဒိဋ္ဌိဖြစ်၍ နေသည်မဟုတ်ပါလော။ အယံ၊ ဤခန္ဓာငါးပါးသည်။ သုဒ္ဓသင်္ခါရပုဉ္စော၊ ခန္ဓာငါးပါး ဒုက္ခသစ္စာတရားသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣဓ၊ ဤလောက၌။ သတ္တော၊ သတ္တဝါကို။ န ဥပလဗ္ဘတိ၊ မရနိုင်ပါဘူးကွ-

ဟု အနက်ပေးထားရာ "တေ တယာ- သင်သည်၊ ဒိဋ္ဌိဂတံနု ဒိဋ္ဌိဖြစ်၍ နေသည် မဟုတ်လော"ဟု ပေးထားခြင်း၊ "ဣဓ- ဤလောက၌"ဟု အနက်ပေးထားခြင်း တို့သည် မှားယွင်းပါသည်ဟု စောဒကဆရာတော်က စောဒနာထားပေသည်။

သံယုတ်ပါဠိတော် သဂါထာဝဂ္ဂသံယုတ်၊ ဝဇိရာသုတ်လာ ထိုဂါထာ၏ အဋ္ဌကထာ၌-

"နယိဓ သတ္တုပလဗ္ဘတီတိ ဣမသ္မိံ သုဒ္ဓသင်္ခါရပုဉ္ဇေ ပရမတ္ထတော သတ္တော နာမ န ဥပလဗ္ဘတိ" (သံ၊ ဋ္ဌ၊ ၁။ ၁၇၈) -

ဟု ဖွင့်ဆိုထားရကား ထိုဂါထာကို အောက်ပါအတိုင်း အနက်မှန် ပြင်ဆင်ပေး ရမည်။

မာရ၊ မာရ်နတ်။ (တွံ၊ သင်သည်။) ကိံ၊ အဘယ်ကို။ သတ္တောတိ၊ သတ္တဝါဟူ ၍။ ပစ္စေသိ နု၊ ယုံကြည်သနည်း။ တေ၊ သင့်အား(ဝါ)သင်၏ သန္တာန်၌။ ဒိဋ္ဌိဂတံ၊ မိစ္ဆာအယူသည်။ အသိနု၊ ဖြစ်နေသည်မဟုတ်လော။ အယံ၊ ဤသတ္တဝါဟူသည်။ သုဒ္ဓသင်္ခါရပုဉ္စော၊ သတ္တဝါမဖက် သက်သက် သင်္ခါရတရားအစုသာ တည်း။ ဣဓ၊ ဤသင်္ခါရတရားအစု၌။ သတ္တော၊ သတ္တဝါဟူသည်ကို။ န ဥပလဗ္ဘတိ၊ ပရမတ္ထ အားဖြင့် မရအပ်။

## အမှတ် (၁၃/၁၂၇)

ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ (မှန်ပါ)။ ဝိညူဟိ၊ အားထုတ်သောပုဂ္ဂိုလ်တို့ သာလျှင်။ ပစ္စတ္တံ၊ အသီးအသီး။ ဝေဒိတဗ္ဗော၊ မဂ္ဂင်ကို ရထိုက်၏။

ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ-ဟူသော လောကုတ္တရာတရားတော်မြတ်၏ ဂုဏ်တော်ကြီးကို မလေးမစား အနက်ပေးထား၍ မှားပါသည်-ဟု စောဒက ဆရာတော်က တင်ပြပေသည်။

စောဒကဆရာတော်၏ ဆိုလိုရင်းမှာ ဓမ္မော-အရ လောကုတ္တရာတရားကိုသာ ကောက်ယူအပ်သောကြောင့် ရုပ်နာမ်ခန္ဓာကို ဝိပဿနာရှုသည့်အနေဖြင့် ပေးထားသော အနက်သည် မှားသည်ဟု ဆိုလိုပေသည်။

ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ-အရ ဝိဿနာဉာဏ်နှင့် အရှုခံ ရုပ်နာမ်တရား တို့ကို ကောက်ယူနိုင်ကြောင်း အမှတ် (၉/၁) စောဒနာစိစစ်ချက်၌ သန္ဒိဋ္ဌိကဓမ္မ ဆိုင်ရာ အညတြဗြာဟ္မဏသုတ်၊ ပဌမသန္ဒိဋ္ဌိကသုတ်၊ ဥပဝါဏသုတ်တို့ကို ကိုးကား၍ ပြဆိုအပ်ပြီးဖြစ်သောကြောင့် ဤ၌ ထပ်မံစိစစ်ဖွယ် မလိုတော့ပေ။

ထိုစိစစ်အပ်ခဲ့ပြီးသော စိစစ်ချက်များအရ- အဓိပ္ပါယ်အားဖြင့် မိုးကုတ် ဆရာတော်ကြီး၏ အထက်ပါအနက်ပေးပုံသည် မှားသည်ဟု မဆိုနိုင်သော်လည်း သဒ္ဒါနည်းနှင့် အနက်ပေးလည်း မှန်ဖို့လိုအပ်ပေသည်။

ထို့ကြောင့် အထက်ဖော်ပြပါ ဆရာတော်ကြီး၏ အနက်ပေးကို- "ဝိညူဟိ- အားထုတ်သော ပညာရှိပုဂ္ဂိုလ်တို့သည်၊ ပစ္စတ္တံ- အသီးအသီး ကိုယ့်သန္တာန်၌၊ ဝေဒိတဗ္ဗော- တကယ်အရှိ အမှန်သိအပ်ပါပေ၏လို့ ဆိုရင်လဲ ဖြစ်ပါတယ်။ ဓမ္မအရ လောကုတ္တရာတရားကို တိုက်ရိုက်ရသော်လဲ ဝိပဿနာဉာဏ်ဖြင့် ရှုအပ် တဲ့ အရှုခံ ရုပ်+နာမ်တွေကို ယူရင်လဲ ရနိုင်ပါတယ်" ဟု ပြင်ဆင်ပေးမှသာ သဒ္ဒတ္ထ+အဓိပ္ပါယတ္ထ နှစ်မျိုးလုံး မှန်ကန်မည် ဖြစ်ပေသည်။

## အမှတ် (၁၃/၁၂၈)

အာနန္ဒာ၊ မင်းတို့ သံသရာထွက်လမ်းရောက်တဲ့ ပုဂ္ဂိုလ်များ ကလျာဏမိတ္တ ဆိုတဲ့ သူတော်ကောင်းဟာ ဘယ်လောက်များ ကျေးဇူးများသတုန်းကွ။ မင်း ပြောစမ်းပါဦးလို့ ဘုရားက ရှင်အာနန္ဒာကို မေးလိုက်တယ်။ (ပ) ဟော့ သာရိပုတ္တရာ လာစမ်း၊ ဘုရားက ခေါ်လိုက်ဟယ်။ (ပ) အဲဒီ ပုဂ္ဂိုလ်ဟာ ဘယ်လောက်များ

ကျေးဇူးများတုန်းလို့ မေးတဲ့ အခါကျတော့ 'အရှင်ဘုရား သူကြောင့် အလုံးစုံ ထွက်ရပ်လမ်း ပေါက်ပါတယ်' တဲ့။ (အမှတ်စဉ်-၁၆၊ နှာ-၁၅၉)

ဤဟောကြားချက်၌ ကလျာဏမိတ္တ အရေးကြီးပုံကို ဘုရားရှင်က အရှင် အာနန္ဒာနှင့် အရှင်သာရိပုတ္တရာတို့အား မေးမြန်းလေဟန် ဟောထားခြင်းသည် မှားပါသည်-ဟု စောဒကဆရာတော်က တင်ပြပေသည်။

မဟာဝဂ္ဂသံယုတ်၊ ဥပမုသုတ်, သာရိပုတ္တသုတ်တို့၌ (သံ၊ ၃။ ၂/၃)ထိုသို့ မေးသောစကားများ မပါသောကြောင့် အထက်ပါဟောတရား စကားရပ်အားလုံး စာအုပ်များနှင့် အသံသွင်းတိတ်ခွေများမှ ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၁၂၉)

သ ဝေ ဗာလောတိ ဝုစ္စတိ။

သော၊ ထိုပုဂ္ဂိုလ်ကို။ ဝေ၊ စင်စစ်။ အတိဗာလောတိ၊ အလွန်ကို မိုက်တဲ့ သူဟူ၍။ အဟံ၊ ငါသည်။ ဝုစ္စတိ၊ ဟောတော်မူ၏။

(အမှတ်စဉ်-၁၆၊ နှာ-၃၂၂)

ဤပါဠိတော် အနက်ပေးရာ၌ ဗာလော-ဟု ဆိုရမည့်အစား 'အတိဗာလော' ဟု ဆိုခြင်း၊ မယာ-ဟု ကတ္တားထည့်ရမည် ဖြစ်ပါလျက် အဟံ-ဟု ထည့်ထား ခြင်းတို့ကြောင့် မှားသည်-ဟု စောဒကဆရာတော်က ထောက်ပြသည်။

စောဒနာ (၁၃/၃)၌ ပြဆိုထားပြီးအတိုင်း ဗာလောနောက် အတိဗာလောဟု ပါဠိထည့်စွက်၍ ကတ္တားကိုလည်း 'မယာ' ဟု ထည့်ပြီး အနက်ပေးသင့်သည်။ ထို့ကြောင့် အထက်ပါ ပါဠိတော်အနက်ပေးကို ညွှန်ပြအပ်ပြီးသည့်အတိုင်း ပြင်ဆင်သင့်သည်။

## အမှတ် (၁၃/၁၃၀)

အနာဂါမ်တောင်မှ 'အရှင်ဘုရား ဆွမ်းဘုဉ်းပေးလို့ ကောင်းရဲ့လား' ဆိုတော့ 'ကောင်းပါတယ် ဒကာကြီး'လို့ ပြောသေးတယ်ဆိုရင် သုခသညာ ကျန်နေတယ်။

(အမှတ်စဉ်-၁၆၊ နှာ-၃၇၉)

အနာဂါမ်များသည် ကာမရာဂနှင့် ဒေါသကိုပယ်ပြီးဖြစ်သောကြောင့် 'ဆွမ်း ဘုဉ်းပေးလို့ ကောင်းပါတယ်' ဟု ပြောမည် မဟုတ်ပါ။ ထို့ကြောင့် အထက်ပါ ဟောပြောချက် မှားပါသည်။ အနာဂါမ်များ၌ရှိသော ဒုက္ခ သုခသညာကား

ပြဟ္မာချမ်းသာကို ချမ်းသာသည်ဟု ထင်မြင်ခြင်းသာ ဖြစ်သည်ဟု စောဒက ဆရာတော်က တင်ပြသည်။

"ကာမရာဂပဋိဃာ အနာဂါမိမဂ္ဂေန ပဟီယန္တိ။" (အဘိ၊ ဋ၊ ၁။ ၄၀၈) ဟု ဆိုသောကြောင့် အနာဂါမ်ပုဂ္ဂိုလ်များ၌ ရသာရုံဟူသော ကာမဂုဏ်နှင့်စပ်သော ကာမသုခသညာ မရှိတော့ပါ။

"ဒုက္ခေ သုခန္တိ သညာ စိတ္တဝိပလ္လာသာ အရဟတ္တမဂ္ဂေန ပဟီယန္တိ"
(အဘိ၊ ဋ၊ ၂။ ၄၈၃) -

ဟု ဆိုသောကြောင့် အနာဂါမ်များ သန္တာန်၌ သုခသညာ ရှိသေးသော်လည်း ထို သုခသညာသည် ရူပါရုံ, သဒ္ဒါရုံစသော ကာမဂုဏ်နှင့် စပ်ယှဉ်သည့် အာရုံများကို ချမ်းသာသည်ဟု မှတ်ထင်သော သုခသညာ မဟုတ်ပေ။ ဝဋ်ဒုက္ခ မကင်းသော ပြဟ္မာချမ်းသာကို ဒုက္ခဟု မထင်သေးဘဲ သုခဟု ထင်နေသော သုခသညာသာ ဖြစ်သည်။

ထို့ကြောင့် "အနာဂါမ်တောင်မှ 'အရှင်ဘုရား ဆွမ်းဘုဉ်းပေးလို့ ကောင်းရဲ့လား' ဆိုတော့ 'ကောင်းပါတယ် ဒကာကြီး' လို့ ပြောသေးတယ်ဆိုရင်" ဟူသော စကားကို စာအုပ်များမှလည်းကောင်း၊ အသံသွင်းတိတ်ခွေများမှလည်းကောင်း၊ ပယ်ဖျက်ပေးရမည်။ "အနာဂါမ်တောင်မှ ဒုက္ခကို သုခလို့ထင်တဲ့ သညာကျန်နေသေးတယ်" ဟူသော စကားရပ်ကိုသာ ချန်ထားသင့်သည်။

## အမှတ် (၁၃/၁၃၁)

သကဒါဂါမ်, အနာဂါမ်ဖြစ်တဲ့ အခါကျတော့ ခုနင်က ၈-ထဲ ၂-ခုထည့်ပြီး ၁၀-နုတ်လိုက်။ အရှုံးဘယ်လောက်ကျန်သေးလဲ။ (၂-ပါး ကျန်ပါတယ်ဘုရား)။
(အမှတ်စဉ်-၁၆၊ နှာ-၄၄၈)

သကဒါဂါမ်, အနာဂါမ်တည်ပြန်တော့လဲ အရှုံး ၁၀-မျိုး ပျောက်တယ်။
(အမှတ်စဉ်-၁၆၊ နှာ-၄၅၀)

ဤဟောပြောချက်၌ သကဒါဂါမ်ပုဂ္ဂိုလ်၏ သန္တာန်ဝယ် ဝိပလ္လာသ ၂-ပါး ကျန်သေးသည်ဟု ဟောခြင်းသည် မှားကြောင်း စောဒကဆရာတော်က တင်ပြသည်။

"အသုဘေ သုဘန္တိ သညာစိတ္တဝိပလ္လာသာ တနုကာ ဟောန္တိ။ အနာဂါမိမဂ္ဂေန ပဟီယန္တိ။" (အဘိ၊ ဋ၊ ၂။ ၄၈၃) -

ဟူသည်နှင့်အညီ သကဒါဂါမိပုဂ္ဂိုလ်သည် သောတာပန် ပုဂ္ဂိုလ်နည်းတူ ဝိပလ္လာသရှစ်ပါးကိုသာ အကြွင်းမဲ့ ပယ်နိုင်သေး၍ လေးပါးကျန်သေးသောကြောင့် အထက်ပါ စကားရပ်၌ "သကဒါဂါမိ" ဟူသော စကားလုံးကို ဖြုတ်ပယ်ပေးရန်ဖြစ်သည်။

## အမှတ် (၁၃/၁၃၂)

ဒကာ ဒကာမတို့ ဒိဋ္ဌိကို အရင်ပယ်မှ စိတ္တကို နောက်ပယ်ရမယ်။ သညာကို ထို့ထက် နောက်ထားပြီး ပယ်ရမယ်။ (အမှတ်-၁၆၊ နှာ-၄၅၂)

၎င်းဟောကြားချက်၌ စိတ္တ, သညာတို့ကို နောက်မှ ပယ်ရမည်ဟု ဟောခြင်းသည် မှားကြောင်း စောဒကဆရာတော်က တင်ပြသည်။

တေသု အဋ္ဌသု သောတာပတ္တိမဂ္ဂေန ပဟီယန္တိ။ (အဘိ၊ ဋ၊ ၂။ ၄၈၃)- ဟူသော သမ္မောဟဝိနောဒနီ အဋ္ဌကထာအရ သောတာပတ္တိမဂ်သည် ဒိဋ္ဌိဝိပလ္လာသ လေးပါး၊ အနိစ္စကို နိစ္စဟုထင်သည့် သညာ, စိတ္တ ဝိပလ္လာသနှစ်ပါး၊ အနတ္တကို အတ္တထင်သည့် သညာ, စိတ္တ ဝိပလ္လာသနှစ်ပါး၊ ပေါင်းရှစ်ပါးကို အကြွင်းမရှိ ပယ်ကြောင်း သိနိုင်သည်။

ဆရာတော်ကြီး၏ အထက်ပါစာပိုဒ်၌ပါရှိသော ဟောတရားကို လေ့လာကြည့်ရာ ဆရာတော်ကြီးက မဂ်အခိုက်ကို ရည်ရွယ်၍ ဟောနေခြင်းမဟုတ်၊ ဝိပဿနာ ဟရားအားမထုတ်မီ ကြိုတင်၍ ပယ်ထားရမည့်တရားကို ညွှန်းပြသောအားဖြင့် ဒိဋ္ဌိရှူးကို အရင်ကုရမည်ဖြစ်ကြောင်း၊ ဒိဋ္ဌိရှူးကို မကုရင် အသိရှူး (စိတ္တဝိပလ္လာသ) လည်း မပျောက်, အမှတ်ရှူး (သညာဝိပလ္လာသ) လည်း မပျောက်ကြောင်း ဟောပြနေခြင်း ဖြစ်သည်။

> သဗ္ဗဒုဗ္ဗလော သညာဝိပလ္လာသော၊ တတော ဗလဝတရော စိတ္တဝိပလ္လာသော၊ သဗ္ဗဗလဝတရော ဒိဋ္ဌိဝိပလ္လာသော။ (ပဋိသံ၊ ဋ၊ ၂။ ၁၇၈)-

ဟူသော ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာအရ ဒိဋ္ဌိဂတဝိပ္ပယုတ် စိတ်၌ကား စိတ်၏ ကိစ္စအားနည်းရာ၌ သညာဝိပလ္လာသဖြစ်၍ စိတ်၏ကိစ္စ အားကောင်းရာ၌

စိတ္တဝိပလ္လာသ ဖြစ်၏။ (ပဋိသံ၊ ၄၊ ၂။ ၁၇၇/၁၇၈)။ ထို့ကြောင့် သညာဝိပလ္လာသကို အားအနည်းဆုံးဟု ဆိုရမည်။

အားအကောင်းဆုံး ဒိဋ္ဌိဝိပလ္လာသကို ပယ်နိုင်လျှင် ဒိဋ္ဌိဝိပလ္လာသလောက် အားမကောင်းသော သညာဝိပလ္လာသ, စိတ္တဝိပလ္လာသတို့ကိုလည်း ပယ်နိုင်မည်သာ ဖြစ်၏။ ဒိဋ္ဌိဝိပလ္လာသကို ပယ်နိုင်လျှင် စိတ္တဝိပလ္လာသ, သညာဝိပလ္လာသတို့လည်း နောက်ကလိုက်၍ ကင်းကွာကြမည်သာ ဖြစ်၏။

သောတာပတ္တိမဂ်ကို ရလျှင်ကား ထိုသောတာပတ္တိမဂ်က ဆိုခဲ့ပြီး ဝိပလ္လာသ ရှစ်ပါးကို တစ်ပြိုင်နက် တစ်ချက်တည်းဖြင့် ပယ်နိုင်သည်သာဖြစ်၍ ထိုဝိပလ္လာသ ရှစ်ပါးအနက် မည်သည့် ဝိပလ္လာသကို ရှေးဦးပယ်သည်၊ မည်သည့် ဝိပလ္လာသကို နောက်မှ ပယ်သည်ဟု ဆိုခွင့်မရှိတော့ပေ။

ထို့ကြောင့် အထက်ပါ ဆရာတော်ကြီး၏ ဟောတရားကို အမှားဟု မဆိုနိုင်ပေ။ အမှန်ဟုပင် ဆိုရမည်ဖြစ်သည်။

မှတ်ချက်။ ။ ထိုဟောတရားတွင် ရှေ့နောက် မညီသော ဟောပြောချက် အချို့ရှိသည်။ "ကဲ ဒါဖြင့် သညာ စိတ္တ ဒိဋ္ဌိမှာ ဘယ်သူက ပိုပြီးသကာလ ထက်တယ်ဆိုတာ ပေါ်သွားပြီ၊ (ပေါ်သွားပြီ)။ သညာအထက်ဆုံး (မှန်ပါ)။ သဘောကျ ပလား (ကျပါပြီ ဘုရား) (ပ) ဘာပယ်ရမလဲ (ဒိဋ္ဌိပယ်ရပါမယ်)။ ဒိဋ္ဌိပယ်မှ ဒကာသစ် သောတာပန်ကိုးဗျ။ (မှန်ပါ့)။ ဒိဋ္ဌိမပယ်ဘဲနဲ့ စိတ်တွေ သညာတွေပယ်လို့ မရဘူး" (အမှတ်စဉ်-၁၆၊ နှာ)

ဤဟောတရား၌ သညာအထက်ဆုံးဟု ဟောခြင်းသည် ဒိဋ္ဌိမပယ်ဘဲနဲ့ စိတ်တွေ သညာတွေ ပယ်လို့မရဘူး- ဟူသော နောက်စကားနှင့်လည်းကောင်း၊ "သဗ္ဗ ဒုဗ္ဗလော သညာဝိပလ္လာသော" ဟူသော ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ စကားနှင့်လည်းကောင်း ဆန့်ကျင်နေပေသည်။

ထို့ကြောင့် ထိုဟောစဉ်တရားကိုလည်း ရှေ့နောက်ညီညွတ်အောင် ပြင်ဆင်သင့်သည်။

## အမှတ် (၁၃/၁၃၃)

ရဟန္တာကျတော့ သုခသညာနဲ့ သုခစိတ္တ ကျန်နေသေးတယ် (မှန်ပါ)။ ဘယ်လောက် ဝိပလ္လာသနယ် ကျယ်တယ်ဆိုတာ ဒကာကြွယ် မပေါ်ဘူးလား။
(အမှတ်စဉ်-၁၆၊ နှာ-၄၉၂)

ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တမဂ်ဖြင့် ဝိပလ္လာသ ၁၂-ပါးလုံးကို ပယ်ခဲ့ပြီး ဖြစ်သောကြောင့် (ဝါ) အောက်မဂ်တို့ဖြင့် မပယ်သတ်နိုင်၍ ကျန်သေးသော ဒုက္ခကို သုခဟုထင်သည့် သညာဝိပလ္လာသ, စိတ္တဝိပလ္လာသနှစ်ပါးကို အကြွင်းမဲ့ ပယ်သတ်အပ်ပြီးသောကြောင့် ရဟန္တာပုဂ္ဂိုလ်များတွင် မည်သည့် ဝိပလ္လာသမျှ မရှိတော့၍ အထက်ပါစကားရပ်ကို စာအုပ်များနှင့် အသံသွင်းတိတ်ခွေများမှ ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၁၃၄)

ဆင်းဆင်းရဲရဲ ကျင့်ရတယ်၊ ဘာကြောင့်ပါလိမ့် (ကိလေသာထူပြောလို့)။ ဩော်. . ဝိပဿနာရှုလိုက်, ကိလေသာကြားခိုလိုက်။ (ပ) ကိလေသာ ဖယ်နေရတာနဲ့ဘဲ ကြာသွားရော (ကြာပါတယ်)။ ကြာတော့ ဆင်းရဲတယ်။
(အမှတ်စဉ်-၁၈၊ နှာ-၄၈၀/၄၈၁)

ကြားထိုးတဲ့ ကိလေသာ ဘာလုပ်ကြမယ် (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။ ဖြစ်ပျက် ရှုလိုက်တော့ကို ဒကာ, ဒကာမတို့ ဆင်းရဲမှုပျောက်, ဉာဏ်ထက်မှုလဲ ရောက်တယ်။ (အမှတ်စဉ်-၁၈၊ နှာ-၄၈၂)

ဒီနည်းရကတည်းက ဒို့နေရာကျပဟော့။ ဆင်းဆင်းရဲရဲကျင့်ပြီး နှေးနှေး ရမယ့် ပုဂ္ဂိုလ်ဟာ ဆင်းဆင်းရဲရဲလဲ မကျင့်ရတော့ဘူး။ မြန်မြန်လဲ ရမယ် (မှန်ပါ)။ ၁-က ၄ ဖြစ်သွားတယ်။ (အမှတ်စဉ်-၁၈၊ နှာ-၄၈၃)

အဲဒီ နှေးတဲ့ပုဂ္ဂိုလ်ဟာ ဒကာ, ဒကာမတို့ တခြားမဟုတ်ဘူးတဲ့ ဉာဏ်ဝေး လို့ နှေးတာ။ (ပ) ဉာဏ်ဆက်နီးရင် အမြန်ရမယ်။ (ပ) အို. . . ဝီရိယနဲ့သာ မြန်မြန်ယူလိုက်တာ အေးပါတယ်ဆိုတော့ လာသရွေ့သာ ခင်ဗျားတို့က ဖြစ်ပျက်ရှုပေး၊ ဝီရိယ ပြင်းပြင်းထန်ထန်နဲ့ လုပ်လိုက်။
(အမှတ်စဉ်၊ ၁၈-၊ နှာ-၅၀၈/၅၀၉)

ဒါဖြင့် ပဌမလဲ စတုတ္ထထဲ ဝင်တာဘဲ (မှန်ပါ)။ ဒုတိယကော စတုတ္ထထဲဝင်ပါတယ်ဘုရား)။ တတိယကော (စတုတ္ထထဲ ဝင်ပါတယ်ဘုရား)။
(အမှတ်စဉ်-၁၈၊ နှာ-၅၁၁)

အဲဒီ ၄-ချက် ဖြစ်လို့ရှိရင် ၁-ကိုလဲ ပြင်ရင် ရပါတယ် (မှန်ပါ)။ ၂-ကို ပြင်ရင်လဲ (ရပါတယ်)။ ၃-ကို ပြင်ရင် (ရပါတယ်)။ ဒါကတော့ ဆရာသမား အပေါ်မှီတယ်။ (အမှတ်စဉ်-၁၈၊ နှာ-၅၁၂)

ဒီနည်းပေးချင်တာ ဒကာကြွယ် ကြာလှပြီ (မှန်ပါဘုရား)။ ဒီအကြောင်းက မတိုက်ဆိုင်တာနဲ့ ဒကာသစ်ရေ ပေါချိန်တွေ ဆွဲဆွဲတားရမယ်။
(အမှတ်စဉ်၊ နှာ-၄၈၉)

ပဋိပဒါလေးပါးနှင့် စပ်လျဉ်း၍ မိုးကုတ်ဆရာတော်ကြီး၏ ဤ ဟောပြောချက် တို့တွင် ဒုက္ခပဋိပဒဒန္ဓာဘိညပုဂ္ဂိုလ်, ဒုက္ခ ပဋိပဒခိပ္ပါဘိညပုဂ္ဂိုလ်, သုခပဋိပဒဒန္ဓာဘိည ပုဂ္ဂိုလ်တို့ကို သုခပဋိပဒခိပ္ပါဘိည ပုဂ္ဂိုလ်ဖြစ်အောင် ပြုလုပ်နိုင်ကြောင်း ဟောကြားချက်သည်လည်းကောင်း၊ ဣန္ဒြေငါးပါးလုံး မရင့်ကျက်သေး နုသေးသောပုဂ္ဂိုလ်များကို ဝီရိယမြှင့်ပေးလိုက်ရုံဖြင့် ဣန္ဒြေရင့်ကျက်လာအောင် လုပ်နိုင်ကြောင်း ဟောကြားချက်သည်လည်းကောင်း ပါဠိ အဋ္ဌကထာတို့နှင့် မညီညွတ်၍ မှားယွင်းပါကြောင်း စောဒကဆရာတော်က တင်ပြသည်။

ဒုက္ခပဋိပဒဒန္ဓာဘိညပုဂ္ဂိုလ်ကို သုခပဋိပဒဒန္ဓာဘိညပုဂ္ဂိုလ်ဖြစ်အောင် (နံပါတ်-၁ ပုဂ္ဂိုလ်ဖြစ်အောင်၊ နံပါတ် ၄-ပုဂ္ဂိုလ်ဖြစ်အောင်) ပြုပြင်ပေးနိုင် မပေးနိုင် စိစစ်ကြည့်ရာ-

> ပဋိပဒါ စလတိ န စလတီတိ? စလတိ၊ တထာဂတဿ ဟိ သာရိပုတ္တတ္ထေရဿ စ စတ္တာရောပိ မဂ္ဂါ သုခပဋိပဒါ ခိပ္ပါဘိညာ အဟေသုံ။ မဟာ မောဂ္ဂလ္လာနတ္ထေရဿ ပဌမမဂ္ဂေါ သုခပဋိပဒေါ ခိပ္ပါဘိညော၊ ဥပရိ တယော မဂ္ဂါ ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ? ကသ္မာ နိဒ္ဒါဘိဘူတတ္တာ။ (ပ) ဧဝရူပဿပိ မဟာဘိညပ္ပတ္တဿ သာဝကဿ ပဋိပဒါ စလတိ၊ သေသာနံ ကိံ န စလိဿတိ။- (အဘိ၊ ဋ္ဌ၊ ၁။ ၂၇၉/၂၈၀)

ဟု ပဋိပဒါများသည် ရွေ့လျားတတ် ပြောင်းလဲတတ်ကြောင်း၊ အရှင်မောဂ္ဂလ္လာန်၏ သောတာပတ္တိမဂ်သည် သုခပဋိပဒါဖြစ်သော်လည်း အထက်မဂ်သုံးပါးတို့ကား

ဒုက္ခပဋိပဒါ ဖြစ်သွားသည်။ အဘယ့်ကြောင့်ဟူမူ ထိန, မိဒ္ဓနှိပ်စက်မှု ၊(ထိန ကိလေသာ ကြားဝင်နှိပ်စက်မှု) များသောကြောင့်ပေတည်းဟု ဖွင့်ပြတော်မူ၏။

မဟာဘိညပ္ပတ္တဖြစ်သော အရှင်မောဂ္ဂလ္လာန်၏ပင် ပဋိပဒါ အပြောင်းအလဲ ဖြစ်နိုင်သေးလျှင် ကြွင်းပုဂ္ဂိုလ်တို့အတွက်မူ ပြောဖွယ်မရှိ၊ အပြောင်းအလဲ ဖြစ်နိုင်သည်သာဟုလည်း ဖွင့်ပြတော်မူပေသည်။

မှန်၏။ အရှင်မောဂ္ဂလ္လာန်သည် မဂဓတိုင်း ကလ္လဝါဠပုတ္တရွာ၌ သီတင်းသုံးစဉ် ငိုက်မျဉ်း၍ နေ၏။ ဘုရားရှင်က ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် မြင်တော်မူ၍ ချက်ချင်းပင် အရှင်မောဂ္ဂလ္လာန်ရှိရာသို့ ကြွလာပြီး ချစ်သား မောဂ္ဂလ္လာန်! သင် ငိုက်မျဉ်းနေသလောဟု မေးတော်မူ၏။ ထို့နောက် ထိုငိုက်မျဉ်းခြင်းကို ပယ်ပျောက်ကြောင်း မိဒ္ဓဝိနောဒနကမ္မဋ္ဌာန်းကိုလည်း ဟောကြားပေးတော်မူ၏။

ထို့ပြင် ရဟန္တာဖြစ်အောင် (တဏှာသင်္ခယဝိမုတ္တ ရဟန္တာဖြစ်အောင်) ဉာတပရိညာ (သုတမယဉာဏ်)ကို အခြေခံ၍ တီရဏပရိညာဖြစ်အောင် ဝေဒနာနုပဿနာရှုပုံကို ဟောကြားတော်မူသည်။

အရှင်မောဂ္ဂလ္လာန်သည် ဘုရားရှင် နည်းပေးသည့်အတိုင်း ထိန, မိဒ္ဓကို ဖျောက်၍ ဝေဒနာနုပဿနာကမ္မဋ္ဌာန်းကို အားထုတ်လေရာ ရဟန္တာအဖြစ်သို့ ရောက်ရလေသည်။

ဣဒံ ပန သုတ္တံ ထေရဿ ဩဝါဒေါပိ အဟောသိ ဝိပဿနာပိ။ သော ဣမသ္မိံ ယေဝ သုတ္တေ ဝိပဿနံ ဝဍ္ဎေတွာ အရဟတ္တံ ပတ္တော။

(အံ၊ ဋ္ဌ၊ ၃။ ၁၇၆)

ဤ၌ ထိန, မိဒ္ဓ နှိပ်စက်နေသဖြင့် (ကိလေသာကြားခိုနေသဖြင့်) အထက်မဂ် တက်ရန် နှောင့်နှေးနေသော အရှင်မောဂ္ဂလ္လာန်ကို မြတ်စွာဘုရားက ထိနမိဒ္ဓ ဝိနောဒနကမ္မဋ္ဌာန်းနှင့် ဝေဒနာနုပဿနာကမ္မဋ္ဌာန်းကို ဟောပြောပြပြီး ဉာဏ်ဖွင့်သဖြင့် ဒုက္ခပဋိပဒန္ဓာဘိည ပုဂ္ဂိုလ်အဖြစ်မှ ဒုက္ခပဋိပဒခိပ္ပါဘိညပုဂ္ဂိုလ် အဖြစ်သို့ နံပါတ် ၂-ပုဂ္ဂိုလ်အဖြစ်သို့ ရောက်စေတော်မူခြင်း ဖြစ်သည်။

ဤဖွင့်ဆိုချက်တို့ကို ထောက်လျှင် ကိလေသာကြားခိုနေပါက ဒုက္ခပဋိပဒါ ဖြစ်နိုင်ပြီး ကိလေသာကြားမခိုအောင် အားထုတ်နိုင်ပါက သုခပဋိပဒါဖြစ်နိုင် ပေသည်။

ခိပ္ပါဘိညပုဂ္ဂိုလ် ဖြစ်ရေးအတွက် သဒ္ဓါ, ဝီရိယစသော ဣန္ဒြေတို့ ရင့်ကျက်ဖို့

လိုအပ်ရာ ထိုသဒ္ဓါနှင့် ပညာ, ဝီရိယနှင့် သမာဓိတို့ ညီညီမျှမျှဖြစ်ရေးအတွက် သတိဖြင့် ထိန်းချုပ်ကာ နည်းမှန်လမ်းကျ ကြိုးစားအားထုတ်ဖို့ လိုအပ်ပေသည်။ ဆရာသမားကောင်းတို့၏ နည်းညွှန်လမ်းပြမှု , ကလျာဏမိတ္တနှင့် ပတ်ဝန်းကျင် ပုဂ္ဂိုလ်တို့၏ ထောက်ပံ့မှုသည်လည်း တရားထူးရရေးအတွက် လွန်စွာ အရေးကြီးပေသည်။

မှန်ပေသည်။ ကန္နရသာလကျောင်း၌ သီတင်းသုံးသည့် ဝါတော် ၆၀-ရ မဟာထေရ်ကြီးသည် နောက်ဘုရားကို ဖူးလိုသည့်အတွက် မဂ်ဖိုလ်ရအောင် အားမထုတ်ဘဲ သီလကိုသာ အထူးစင်ကြယ်အောင် ထိန်းသိမ်းတော်မူခဲ့**သည်**။ ပွဲတော်မှုခါနီး ဝေဒနာအပြင်းအထန် ဖြစ်သဖြင့် ညည်းညူမိရာ ထိုညည်းညူသံကို ကြားရသော ဘုရင်က ရှိခိုး ဝပ်မချဘဲ ပြန်သွားသည်။ ယင်းကို **အနီးကပ်** ပြုစုရသည့် တပည့်ရဟန်းက ပြောပြပြီး မထေရ်ကြီးကို အပြစ်ဆိုရာ မထေရ် ကြီးက ထူခိုင်းပြီး တရားရှုမှတ်လေရာ ဘုရင်မင်းမြတ် ကျောင်းအပြင် မရောက် မီပင် ရဟန္တာဖြစ်လေ၏။

ထို့အတူ မဟာသီဝမထေရ်ကြီးသည်လည်း နတ်သမီးပြောင်လှောင် ပြက်ရယ် မှုကြောင့် (ဝါ) သွယ်ဝိုက်၍ သတိပေးမှုကြောင့် တရားရှုမှတ်လေရာ **ခဏချင်းဖြင့်** ရဟန္တာအဖြစ်သို့ ရောက်ခဲ့ရပေသည်။

ဤမထေရ်မြတ်ကြီးနှစ်ပါးတို့သည်လည်း (အရှင်မောဂ္ဂလ္လာန် ဘုရား၏ သွန်သင်ညွှန်ပြမှုကို ရ၍ ရဟန္တာဖြစ်ရသကဲ့သို့) တပည့်ရဟန်းနှင့် **နတ်သမီးတို့၏** သွယ်ဝိုက်၍ ကျေးဇူးပြုမှုကြောင့် ဒန္ဓာဘိညပုဂ္ဂိုလ်အဖြစ်မှ ခိပ္ပါဘိညပုဂ္ဂိုလ်အဖြစ် သို့ ရောက်ခဲ့ကြရပေသည်။

ဤသည်ကို အတုယူ၍ ကမ္မဋ္ဌာန်းဆရာများက မိမိတို့၏ ကမ္မဋ္ဌာန်းတပည့်တို့ ကို တရားစစ်ဆေးမေးမြန်းပြီး လိုအပ်သည်များကို ပြုပြင်တည့်မတ်ပေးကြရသည် မှာ ယနေ့တိုင်အောင်ပင် ဖြစ်သည်။

သို့ဖြစ်၍ မိုးကုတ်ဆရာတော်ကြီး၏ အထက်ပါ ဟောတရားတို့ကို မှားယွင်း သည်ဟု မဆိုနိုင်ပေ။

သို့ရာတွင် တရားအလုပ်အားလုံး၌ "သတိံ စ ခွါဟံ သဗ္ဗတ္ထိကံ ဝဒါမိ" (သံ၊ ၃။ ၁၀၀)။ "သတိ ပန သဗ္ဗတ္ထ ဗလဝတီ ဝဋ္ဋတိ" (အဘိ၊ ဋ္ဌ၊ ၂။ ၂၆၅)-ဟူသည်နှင့် အညီ သတိသည် အချုပ်ပဓာနဖြစ်၍ "ဉာဏ်ထက်မှုလည်း ရောက်တယ်"

ဟူသော ဒုတိယစကား၏ နောက်၌လည်းကောင်း၊ "ဝီရိယဖြင့် ပြင်းပြင်းထန်ထန်နဲ့ လုပ်လိုက်" ဟူသော စတုတ္ထစကား၏ နောက်၌လည်းကောင်း "ခက်ခဲတာ လွယ်ဖို့ နှေးတာ မြန်ဖို့ အရာရာမှာ သတိ အမြဲ ဆက်စပ်ပေးနေရမယ်"ဟူသော နောက်ဆက်တွဲ စကားကို ဖြည့်ပေးမှသာ လိုရင်း ခြုံငုံမိသွားမည်ဖြစ်သည်။

အမှတ် (၁၃/၁၃၅)

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အေး. . မင်းတို့စာက စာဆိုတာ 'ပိဋက' ခေါ်ပါတယ်ကွာတဲ့၊ (မှန်ပါ)။ ပိဋကတ်ပြည့်စုံကာမျှနဲ့တဲ့ မင်းအမှန် မယူ လိုက်ပါနဲ့တဲ့။ (အမှတ်စဉ်-၁၈၊ နှာ-၅၅၇)

ပိဋကဆိုတာ သူ့ 'ပိဋက' ရှိတယ်။ ငါ့လဲ 'ပိဋက' ရှိတယ်။ (မှန်ပါ)။ ဘာသာ မျိုးစုံ ရှိတယ်။ (ပ) အဲဒါကြောင့် ဒါတွေ အမှန်မယူဘဲနဲ့တဲ့ ခန္ဓာဖြစ်စဉ် ပြတ်မပြတ်ကို အမှန်ထားကြ။ (အမှတ်စဉ်-၁၈၊ နှာ-၅၅၇)

ဤတရားကို မဇ္ဈိမပဏ္ဏာသပါဠိတော်လာ မာဂဏ္ဍိယသုတ်ကို ဟောကြားရင်း မိန့်ကြားခြင်းဖြစ်ရာ မာဂဏ္ဍိယသုတ်၌ ယင်းသို့သော စကားမပါ၍ ဆရာတော်ကြီး၏ ဟောတရား မှားသည်ဟု စောဒကဆရာတော်က တင်ပြသည်။

မဇ္ဈိမပဏ္ဏာသပါဠိတော် စာမျက်နှာ ၁၆၉-မှ ၁၈၀-အထိ ပြဆိုထားသော မာဂဏ္ဍိယသုတ်၌ ပိဋကနှင့် စပ်၍ ပြောဆိုအပ်သောစကား တစ်လုံးမျှ မပါသော ကြောင့် အထက်ပါ ဆရာတော်ကြီး၏ ဟောတရားကို စာအုပ်များနှင့် အသံသွင်း တိပ်ခွေများမှ ပယ်ဖျက်ပေးရမည်။

အမှတ် (၁၃/၁၃၆)

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မေးလိုက်တယ်။ (ပ) မင်းက ဒါ ဘာလို ချင်သေးသတုန်းဆိုတော့ ဘာမှ မဆိုတော့ပါဘူး။ သို့သော်လဲ ကျုပ်တို့စာက ဒီလိုလာနေတယ် (မှန်ပါ)။ ဒကာကြွယ် စာနဲ့ ကိုင်ပေါက်ပြန်ပြီ။

(အမှတ်စဉ်-၁၈၊ နှာ-၅၉၇)

ဤဟောကြားချက်၌ "သို့သော်လဲ ကျုပ်တို့စာက ဒီလိုလာနေတယ်။ ဒကာကြွယ် စာနဲ့ ကိုင်ပေါက်ပြန်ပြီ" ဟူသောစကား မာဂဏ္ဍိယသုတ်၌ မပါသော ကြောင့် မှား၏-ဟု စောဒကဆရာတော်က တင်ပြသည်။

မာဂဏ္ဍိယသုတ် (မဇ္ဈိမပဏ္ဏာသပါဠိတော်-၁၇၁)ကို လေ့လာသောအခါ "ကြမဿ ပန တေ မာဂဏ္ဍိယ ကိမဿ ဝစနီယံ၊ မင်းက ဒါ ဘာဆိုချင်သေး

သတုန်း” ဟူသော စကား၏နောက်ဝယ် “ဧဝံ ဟိ နော သုတ္တေ ဩစရတိ။ ကျုပ်တို့စာက ဒီလိုလာနေတယ်” ဟူသော စကားမပါတော့ဘဲ တရားကိုသာ မာဂဏ္ဍိယပရိဗိုဇ် နာကြားကြောင်း တွေ့ရပေသည်။

ထို့ကြောင့် “သို့သော်လည်း ကျုပ်တို့စာက ဒီလိုလာနေတယ်။ (မှန်ပါ)။ ဒကာကြွယ် စာနဲ့ ကိုင်ပေါက်ပြန်ပြီ” ဟူသော စကားရပ်ကို ဟောစဉ် တရားစာအုပ်များနှင့် အသံသွင်းတိပ်ခွေတို့မှ ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၁၃၇)

အဋ္ဌကထာဆရာက ဒီဂါထာဟာတဲ့ ဝိပဿီဘုရားလက်ထက်က ကျန်နေရစ်ခဲ့တာ (ပ) ဒီတရား ကမ္ဘာပျက်တုန်းက မပါဘူးတဲ့။ (အမှတ်စဉ်-၁၉၊ နှာ-၇၄)

ဤစကားမျိုး မာဂဏ္ဍိယသုတ် အဋ္ဌကထာ၌ မပါသောကြောင့် မှားပါသည်-ဟု စောဒကဆရာတော် တင်ပြသည်။

မာဂဏ္ဍိယသုတ်အဋ္ဌကထာ၌ အောက်ပါအတိုင်း ဖွင့်ဆိုထားသည်ကို တွေ့ရပေသည်-

> ပုဗ္ဗကေဟော သာတိ ပုဗ္ဗကေဟိ ဧသာ။ ဝိပဿီပိ ဟိ ဘဂဝါ (ပ) ကဿပေါပိ ဘဂဝါ စတုပရိသမဇ္ဈေ နိသိန္နော ဣမံ ဂါထံ အဘာသိ။ “အတ္ထနိဿိတ ဂါထာ” တိ မဟာဇနော ဥဂ္ဂဏှိ။ သတ္ထရိ ပရိနိဗ္ဗုတေ အပရာဘာဂေ ပရိဗ္ဗာဇကာနံ အန္တရံ ပဝိဋ္ဌာ။ တေ ပေါတ္ထကဂတံ ကတွာ ပဒဒွယမေဝ ရက္ခိတုံ သက္ခိံသု။ (မ၊ ဋ္ဌ၊ ၃။ ၁၅၃)

ဤအဖွင့်ကို ကြည့်လျှင် ဝိပဿီ, ဝေဿဘူ, သိခီ, ကကုသန်, ကောဏာဂုံ, ကဿပ-ဟူသော ဘုရားခြောက်ဆူတို့သည် ဤ အာရောဂျ ပရမာ လာဘာ-စသော ဂါထာကို ပရိသတ်လေးပါးအလယ်၌ ဟောကြားခဲ့ကြောင်း၊ လူ အများက အကျိုးရှိသည့်ဂါထာဟု အသိအမှတ်ပြု၍ လူအများက သင်ယူခဲ့ကြောင်း၊ ဘုရားပရိနိဗ္ဗာန်စံပြီးနောက် ပရိဗိုဇ်တို့၏ အထံ သို့ ရောက်၍ ပရိဗိုဇ်တို့က စာအုပ်၌ ရေးသားမှတ်တမ်းတင်ခဲ့ကြောင်း၊ အာရောဂျ ပရမာ လာဘာ၊ နိဗ္ဗာနံ ပရမံ သုခံ-ဟူသော နှစ်ပါဒကိုသာ စောင့်ရှောက်နိုင်ခဲ့ကြောင်း သိရပေသည်။

ဝိပဿီမြတ်စွာဘုရားသည် လွန်ခဲ့သော ၉၁-ကမ္ဘာထက်က ပွင့်တော်မူခဲ့ရာ ကမ္ဘာပေါင်း ၉၀-ပျက်ခဲ့သော်လည်း ကွယ်ပျောက်မသွားဘဲ တည်ရှိနေသည်ကို ထောက်၍ ကမ္ဘာပျက်တုန်းက မပါဘူး-ဟု ပြောလိုက ပြောနိုင်ပါသည်။ မှားသည်ဟု မဆိုနိုင်ပါ။

သို့ဖြစ်၍ အထက်ပါ ဆရာတော်ကြီး၏ ဟောကြားချက်သည် မှန်ကန်သည် ဟု ဆိုရပါမည်။

**အမှတ် (၁၃/၁၃၈)**

ဓမ္မာနုဓမ္မပဋိပတ္တိဆိုတာ ဓမ္မာက ခန္ဓာကိုယ်ကြီးလို့ မှတ်လိုက်ပါ။ (မှန်ပါ)။ အနုဓမ္မက လျော်တာကို၊ ပဋိပတ္တိက အကျင့် (မှန်ပါ)။ ဒါဖြင့် ခန္ဓာကို ဓမ္မနှင့် လျော်တဲ့ အမြင်ကို (ဝါ) အကျင့်ကို ဓမ္မာနုဓမ္မပဋိပတ္တိ ဆိုပါတယ်။

(အမှတ်စဉ်-၁၉၊ နှာ-၁၇၇/၁၇၈)

ဤ ဟောတရား၌ "ဓမ္မာ အရ ခန္ဓာကိုယ်ကြီးလို့ မှတ်လိုက်ပါ " ဟူသော စကား မှားသည်-ဟု စောဒကဆရာတော်က တင်ပြသည်။

ဓမ္မာနုဓမ္မပဋိပတ္တိ, ဓမ္မာနုဓမ္မပဋိပန္န-ဟူသော ပုဒ်တို့ကို-

"ဓမ္မာနုဓမ္မပဋိပတ္တိယာတိ ဧတ္ထ နဝ လောကုတ္တရဓမ္မေ အနုဂတော ဓမ္မော ဓမ္မာနုဓမ္မော၊ သီလသမာဓိပညာသင်္ခါတဿ ဓမ္မာနုဓမ္မဿ ပဋိပတ္တိ ပဋိပဇ္ဇနံ ဓမ္မာနုဓမ္မပဋိပတ္တိ။" (ပဋိသံ၊ ဋ္ဌ၊ ၂။ ၁၃၈)

ဓမ္မာနုဓမ္မပဋိပန္နဿာတိ နဝန္နံ လောကုတ္တရဓမ္မာနံ အနုဓမ္မံ ပုဗ္ဗဘာဂပဋိပဒံ ပဋိပန္နဿ(ပ) ပုဗ္ဗဘာဂပဋိပဒါတိ စ သီလံ အာစာရပညတ္တိ ဓုတင်္ဂသမာဒါနံ ယာဝ ဂေါတြဘုတော သမ္မာ ပဋိပဒါ ဝေဒိတဗ္ဗာ။(ဒီ၊ ဋ္ဌ၊၂။ ၁၆၉။)

ဟု ဖွင့်ဆိုထားသည်။

ဤဖွင့်ဆိုချက်များအလို ဓမ္မအရ လောကုတ္တရာတရားကိုးပါး။ အနုဓမ္မအရ သီလ သမာဓိ ပညာတို့ကို ယူရပေသည်။ မဂ်ဖိုလ်နိဗ္ဗာန်ဟူသော လောကုတ္တရာတရားကိုးပါးကို ရလိုသော ပုဂ္ဂိုလ်တို့သည် သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်တို့ကို ကျင့်ရမည်ဟူသော အနက်ကို ဤ ပါဠိများက ပြနေပေသည်။

ဤအဋ္ဌကထာများနှင့်တကွ အခြား များစွာသော အဋ္ဌကထာတို့၌ ဓမ္မာနုဓမ္မ ဆိုင်ရာဝယ် ဓမ္မအရ လောကုတ္တရာတရားကိုးပါးတို့ကို ဖွင့်ဆိုကြပေသည်။

သို့သော် သုတ္တနိပါတ်ပါဠိတော် ခဂ္ဂဝိသာဏသုတ်၌ 'ဓမ္မာနုဓမ္မပဋိပတ္တိ-ဓမ္မာနုဓမ္မပဋိပန္န' တို့နှင့် အလားတူသော "ဓမ္မေသု နိစ္စံ အနုဓမ္မစာရီ" (သုတ္တနိ၊ ၂၈၉) ဟူသော ပါဠိတော်ကို ဖွင့်ဆိုရာ၌-

ဓမ္မေသူတိ ဝိပဿနူပဂေသု ပဉ္စက္ခန္ဓာဒိဓမ္မေသု။ နိစ္စန္တိ သတတံ သမိတံ အဗ္ဗောကိဏ္ဏံ။ အနုဓမ္မစာရီတိ တေ ဓမ္မေ အာရဗ္ဘ ပဝတ္တမာနေန အနုဂတံ ဝိပဿနာဓမ္မံ ဓရမာနော။ အထ ဝါ ဓမ္မာတိ နဝလောကုတ္တရဓမ္မာ၊ တေသံ

**ဓမ္မာနံ** အနုလောမော ဓမ္မောတိ အနုဓမ္မော၊ ဝိပဿနာ ယေတံ အဓိဝစနံ။

(သုတ္တနိ၊ ဋ္ဌ၊ ၁။ ၁၁၁)

ဓမ္မအရ ဝိပဿနာရှုထိုက်သော ခန္ဓာငါးပါးစသော တရားတို့ကို ယူရမည်ဖြစ်ကြောင်း ပထမနည်းအဖြစ် ဖွင့်ဆိုထားပေသည်။

ထို့ကြောင့် ဓမ္မဆိုတာ ခန္ဓာကြီးဟု မိုးကုတ်ဆရာတော်ကြီး ဟောကြားချက်သည် ထိုသုတ္တနိပါတ် အဋ္ဌကထာနှင့် စူဠနိဒ္ဒေသအဋ္ဌကထာတို့နှင့် ညီညွတ်သည်ဟု ဆိုနိုင်ပေသည်။

မှန်ပေသည်။ ဝိဿနာ ဉာဏ်သည် ခန္ဓာ၏ အရှိ၊ အမှန်တရားကို အရှိအတိုင်း အမှန်တရားအတိုင်း ရှုတတ်သောကြောင့် ခန္ဓာကိုယ်နှင့် လိုက်လျောညီထွေသောတရား ဖြစ်၏။ ခန္ဓာကိုယ်(ဓမ္မ)နှင့် လိုက်လျော ညီထွေဖြစ်အောင် မရှုဘဲ ဆန့်ကျင်ဘက်ပြုလျှင် အစစ်အမှန်ကို မမြင်ရဘဲ အမှားကိုသာ မြင်ရမည်ဖြစ်၏။ ထိုသို့ခန္ဓာ၏ အရှိ-အမှန်ကို မရှုနိုင်လျှင်လည်း မဂ်ဖိုလ်ကို ရမည်မဟုတ်ပေ။ ထို့ကြောင့် ခန္ဓာငါးပါးကို ဓမ္မအရ ယူခြင်းသည် သဘာဝယုတ္တိလည်းရှိ၊ သုတ္တန်နိပါတ်အဋ္ဌကထာ စူဠနိဒ္ဒေသအဋ္ဌကထာ ဟူသော အာဂမယုတ္တိနှင့်လည်း ညီညွတ်ပေသည်။

သို့ဖြစ်၍ ဆရာတော်ကြီး၏ အထက်ပါဟောတရားကို ပြည့်စုံအောင် ဖော်ပြပါအတိုင်း ဖြည့်စွက်ပြင်ဆင်သင့်ပေသည်။

“ဓမ္မာနုဓမ္မပဋိပတ္တိဆိုတာ ဓမ္မကမုချအားဖြင့် လောကုတ္တရာတရားကိုးပါးပေါ့။ ရထိုက်တာယူမယ်ဆိုရင် ခန္ဓာငါးပါးစသည်လည်း ယူနိုင်တယ်။ အနုဓမ္မအရက ဝိပဿနာတရား၊ သီလ သမာဓိ ပညာ သိက္ခာသုံးပါးလို့လည်း ပြောလို့ရတယ်။ ပဋိပတ္တိက ကျင့်တာ လောကုတ္တရာတရားရဖို့ ဝိပဿနာတရားအားထုတ်နေတာ သီလ သမာဓိ ပညာတရားတို့ကို ကျင့်နေတာကို ဓမ္မာနုဓမ္မာပဋိပတ္တိလို့ခေါ်တယ်”

**အမှတ်(၁၃/၁၃၉)**

ထင်းဖြစ်မည့် ကုသိုလ်မလုပ်နဲ့။ (အမှတ်စဉ်-၁၉၊ နှာ-၄၀၇)
ကုသိုလ်ထင်းလဲ မထည့်နဲ့ ဝဋ္ဋကုသိုလ်ထင်းပေါ့ဗျာ။
(အမှတ်စဉ်-၁၉၊ နှာ-၄၂၆)
ကုသိုလ်မကောင်းဘူးလို့ ဘယ်ဘုရားဟောမတုန်းကွ။ (မှန်ပါ)။ အံမာ. .
ဘုရားနဲ့များ ကိုင်ပေါက်လိုက်သေးတယ်။ (ပေါက်ပါတယ်)။

ကြောက်စရာကြီးပါလား။ (အမှတ်စဉ်-၁၉၊နှာ-၄၂၃)

ဤဟောကြားချက်၌ ဝဋ္ဋကုသိုလ်ကို မလုပ်ကြနဲ့ (ကုသိုလ်ထင်းလဲ မထည့်ကြနဲ့ ဝဋ္ဋကုသိုလ်ထင်းပေါ့ဗျာ)ဟု ဟောခြင်းသည် မှားပါသည်-ဟု စောဒကဆရာတော်က တင်ပြသည်။ ဒါန သီလစသော ကုသိုလ် များသည် အကုသိုလ်ကို သူ့စွမ်းအားအလျောက် ဖွဲ့ပစ်တတ်သည့်အပြင် ကောင်းကျိုးချမ်းသာကိုလည်း ပေးတတ်သောကြောင့် ဝဋ္ဋကုသိုလ်ကိုလည်း လုပ်သင့်ပါကြောင်း စောဒကဆရာတော်က ရှင်းလင်းတင်ပြပေသည်။

၁၂-၉-၆၁နေ့က ဟောကြားသော (စောဒကဆရာတော် ထုတ်နုတ်တင်ပြသော အထက်ပါစကားရပ်များ ပါရှိသည့်) လောင်စာသိမ်း၍ မီးငြိမ်းရန် ဝိဿနာရှုနည်း နေ့အလုပ်ပေးတရားတော်ကို လေ့လာကြည့်ရာ "ကုသိုလ်လဲမလုပ်နဲ့ ဟောတာမဟုတ်ပါဘူး၊ ထင်းဖြစ်မည့်ကုသိုလ် မလုပ်နဲ့၊ မီးငြိမ်းတဲ့ကုသိုလ်လုပ်ပြောတာ။ (ပ) နိဗ္ဗာန်ကလဲ ပြုန်းကနဲရမှာ မဟုတ်တော့ဘုရား နိဗ္ဗာန်မရမီစပ်ကြားဆင်းရဲနေမှာ စိုးတဲ့အတွက် လူကောင်နတ်ကောင် ပြဟ္မာကောင်ကြီးဖြစ်ဖို့လဲ ဆုတောင်းလိုက်ရတယ်ဘုရား။ (မှန်ပါဘုရား)။ အင်းထင်းထည့်ပြန်ပြီ (ထည့်ပါတယ်ဘုရား)။ (ပ) အဲဒါကြောင့် အကုသိုလ်ကိုရှောင်၊ ကုသိုလ်လုပ်တဲ့အခါမှာလည်း ဆယ့်တစ်ပါးသောမီး ငြိမ်းရပါလို၏၊ ငြိမ်းချင်လို့ လုပ်တယ်ဆိုပြီးသကာလ မီးငြိမ်းရာ တောင့်ကလို့ ရှိရင်လဲ ထင်းမဖြစ်ပါဘူး" (အမှတ်စဉ်-၁၉၊ နှာ-၄၀၇/၄၀၈/၄၀၉)စသည်ဖြင့် ဟောကြားထားသည်ကို တွေ့ရပေသည်။

ဤဟောကြားချက်တို့ကို ထောက်လျှင် ဒါန,သီလစသော ကုသိုလ်တွေကို မလုပ်ရဟု-တားမြစ်နေခြင်း မဟုတ်ပါ။

ယံ ဟိ ကိဉ္စိ ဘဝတ္တယသမ္ပတ္တိံ ဝဋ္ဋံ ပတ္ထေတွာ ပဝတ္တိတံ၊ အန္တမသော ပဉ္စာဘိညာ အဋ္ဌ ဝါ ပန သမာပတ္တိယော သဗ္ဗံ တံ ဝဋ္ဋပက္ခိယံ ဝဋ္ဋသီသန္တိ ဝဋ္ဋသီသတ္တာ မိစ္ဆာပဋိပဒါတိ ဟောတိ။ ယံ ပန ကိဉ္စိ ဝိဝဋ္ဋံ နိဗ္ဗာနံ ပတ္ထေတွာ ပဝတ္တိတံ အန္တမသော ဥဠုင်္ကယာဂုမတ္တမ္ပိ၊ တိဏမုဋ္ဌိဒါနမ္ပိ၊ သဗ္ဗံ တံ ဝိဝဋ္ဋပက္ခိယံ ဝိဝဋ္ဋနိဿိတံ၊ ဝိဝဋ္ဋပက္ခိကတ္တာ သမ္မာ ပဋိပဒါတိ ဟောတိ။

(သံ၊ ဋ္ဌ၊ ၂။ ၁၈)

ဟူသော ပဋိပဒါသုတ် သံယုတ်အဋ္ဌကထာနှင့်အညီ ဒါန, သီလကုသိုလ်များကိုလည်း နိဗ္ဗာန်ရည်မှန်း၍ ပြုလုပ်အပ်သော **ဝိဝဋ္ဋနိဿိတကုသိုလ်ဖြစ်အောင်**

ပြုကြဖို့, ဝင်္ဂကို တောင့်တ၍ပြုသည့် မိစ္ဆာပဋိပဒါ ကုသိုလ်မျိုး မဖြစ်ဖို့ သွန်သင်ညွှန်ပြထားသည်ကို တွေ့ရပေသည်။ ထို့ကြောင့် ဆရာတော်ကြီး၏ ဟောတရားကို မှားသည်ဟု မဆိုနိုင်ပေ။

ဘုရားရှင်က "မာဘိက္ခဝေ ပုညာနံ ဘာယိတ္ထ=ကုသိုလ်ကို မကြောက်ကြကုန်လင့်၊ သုခဿေတံ အဓိဝစနံ ယဒိဒံ ပုညာနိ-ကုသိုလ်ကောင်းမှု ဟူသည် ချမ်းသာ၏ အမည်ဖြစ်၏"ဟုလည်းကောင်း၊

"ပုညဉ္စ ပုရိသော ကယိရာ၊ ကယိရာ နံ ပုနပ္ပုနံ။
တမှိ ဆန္ဒံ ကယိရာထ၊ သုခေါ ပုညဿ ဥစ္စယော-

ကုသိုလ်ကို ကြိုးစားပြုရမည်။ အကြိမ်ကြိမ် အထပ်ထပ် ပြုရမည်။ ကုသိုလ်ပြုချင်စိတ် အမြဲထားရမည်"ဟု လည်းကောင်း၊ ထိုသို့သုတ္တန် များစွာ၌ ကုသိုလ်ကို (ဝဋ္ဋကုသိုလ် ဝိဝဋ္ဋကုသိုလ် မခွဲခြားဘဲ) ကြိုးစားအားထုတ်ကြဖို့ အဖန်ဖန် အထပ်ထပ် ဟောကြားထားသောကြောင့်လည်းကောင်း မည်သည့် ကုသိုလ်ကို မဆို ဆည်းပူးအားထုတ်ကြရမည် ဖြစ်ကြောင်း သိနိုင်ပေသည်။

သို့ဖြစ်၍ အထက်ပါဆရာတော်ကြီး၏ ဟောစကားရပ်တွင် "အံမာ။ ဘုရားနဲ့များ ကိုင်ပေါက်လိုက်သေးတယ်။ ကြောက်စရာကြီးပါလား"ဟူသော စကားရပ်နှင့်တကွ အလားတူ စကားရပ်များကို ဖြုတ်ပယ်ပေးမှသာ ဆရာတော်ကြီး၏ ဟောတရားများ ပိုမို သန့်ရှင်းသွားမည်ဖြစ်သည်။

အမှတ်(၁၃/၁၄၀)

ကဲကဲ ဒဏ်ထားမယ်။ မင်းသည်ကားဆိုရင် သဖန်းသားအစို ငါ့ကျောင်းနားမှာ ရှိတယ်။ အဲဒါလှည်းတစ်စီးတိုက်လောက် ခုတ်လိုက်စမ်း။

(အမှတ်စဉ်-၁၉၊ နှာ-၆၂၉)

**ဤဟောကြားချက်၌ ရဟန္တာမထေရ်ကြီးက "သဖန်းသားအစို လှည်းတစ်စီး** တိုက်လောက် ခုတ်လိုက်စမ်း"ဟု ခိုင်းခြင်းသည်ဝိနည်းတော်နှင့် ဆန့်ကျင်သော ခိုင်းနည်းဖြစ်သည်။ ယင်းသို့သော ခိုင်းခြင်းမျိုးကို ရဟန္တာ မထေရ်ကြီးတစ်ပါး အနေဖြင့် ခိုင်းမည်မဟုတ်။ အဋ္ဌကထာ၌လည်း ယင်းသို့ ခိုင်းကြောင်းမပါ။ သို့ဖြစ်၍ ယင်းသို့ဟောခြင်းသည် မှားယွင်းပါကြောင်း စောဒကဆရာတော်က တင်ပြပေသည်။

ယင်းမိလက္ခတိဿမထေရ်၏ အကြောင်းကို ပြဆိုသည့် ဆရာတော်ကြီး ရည်ညွှန်းဟောကြားနေသည့် သံယုတ်အဋ္ဌကထာ၌-

သော 'ကိံ ကရိဿာမိ ဘိက္ခုဘာဝေနာ'တိ အနဘိရတိယာ ပီဠိတော ထေရဿ သန္တိကံ ဂန္တွာ ဝန္ဒိတွာ အာဟ "န သက္ကောမိ ဘန္တေ သမဏ ဓမ္မံ ကာတု"န္တိ။ အထ နံ ထေရော "ဟတ္ထကမ္မံ ကရောဟီ"တိ အာဟ။ သော "သာဓု ဘန္တေ"တိ ဝတွာ ဥဒုမ္ဗရာဒယော အလ္လရုက္ခေ ဆိန္ဒိတွာ မဟန္တံ ရာသိံ ကတွာ"က္လဒါနိ ကိံ ကရောမိ" တိ ပုစ္ဆိ။" ဈာပေဟိ န"န္တိ။ (သံ၊ ဋ္ဌ၊ ၂။ ၂၅၂)

ဟု ဆိုထားသည်ကို ထောက်လျှင် "ရေသဖန်းသား လှည်းတစ်စီးတိုက်လောက် ခုတ်လိုက်စမ်း"ဟု မထေရ်ကြီးက ခိုင်းကြောင်းမပါပေ။

သာသနာ၌ မပျော်တော့သော မိလက္ခကိုရင်ကြီးကို လက်ဖြင့် လုပ်ရမည့် အလုပ် ဟတ္ထကမ္မ လုပ်ပ့ါ" ဟု စေခိုင်းသဖြင့် ရေသဖန်းသားစသော ထင်းအစို တို့ကို ခုတ်၍ စုပုံကြောင်းသာ ပါရှိပေသည်။

ကိံ ကရိဿာမိ ဘိက္ခုဘာဝေန-ဟု ရှေ့ပိုင်းတွင် ဆိုသော်လည်း နောက်နား၌ "အထ ခေါ ထေရော သာမဏေရဿ က္လမံ ဥဒ္ဒေသံ ဒေတိ" ဟု ဆိုသောကြောင့် အခိုင်းခံပုဂ္ဂိုလ်မိလက္ခသည် သာမဏေကြီးသာ ဖြစ်ကြောင်း သိနိုင်ပေသည်။

ထို့ကြောင့် အထက်ပါ ဆရာတော်ကြီး၏ ဟောတရားကို ပယ်ဖျက်၍ ကဲကဲ သာသနာမပျော်လို့ လူထွက်ချင်ရင် ဒဏ်ထမ်းတဲ့ အနေနဲ့ လက်နဲ့လုပ်ရမည့် အလုပ်တစ်ခုခုကို လုပ်ခိုင်းတော့ မိလက္ခကိုရင်ကြီးက ရေသဖန်းသားစတဲ့ စိုနေတဲ့အသား အကိုင်း အခက်တွေ ခုတ်ပြီး အပုံကြီး ပုံပေးလိုက်တယ်" ဟု ပြင်ဆင်ရမည်။ တိပ်ခွေ၌ အထက်ပါ ဟောစကားအားလုံးကို ပယ်ဖျက်ပေး ရမည်။

အမှတ် (၁၃/၁၄၁)

ဘုရားထံ ကျင့်ကြတဲ့ ပုဂ္ဂိုလ်တွေ သီလဝိသုဒ္ဓိကျင့်တာ နိဗ္ဗာန်အကျိုးငှါ ကျင့်တာမဟုတ်ဘူးလားဆိုတော့ မင်းက မဟုတ်ဘူးတဲ့။

(အမှတ်စဉ်-၂၀၊ နှာ-၂၁)

မိုးကုတ်ဆရာတော်ကြီး၏ ဤဘာသာပြန်ချက်သည် မူရင်းပါဠိတော်နှင့် မညီညွတ်၍ မှားပါကြောင်း စောဒကဆရာတော်က တင်ပြသည်။

မူလပဏ္ဏာသပါဠိတော် ရထဝိနီတသုတ်လာ"

ကိံနု ခေါ အာဝုသော သီလ ဝိသုဒ္ဓတ္ထံ ဘဂဝတိ ဗြဟ္မစရိယံ ဝုဿတီတိ ဣတိ ပုဋ္ဌော သမာနော' နောဟိဒံ အာဝုသော' တိ ဝဒေသိ။"
ဟူသော ပါဠိတော်ကို မြန်မာပြန်၍ ဟောခြင်း ဖြစ်သည်။

အထက်ပါ ပါဠိတော်ကိုကြည့်လျှင် ဆရာတော်ကြီး၏ ဘာသာပြန်ပုံသည် အဓိပ္ပါယ်ပျက်ယွင်းအောင် မှားနေသည်ကို သိနိုင်ပေသည်။

ထို့ကြောင့် ဆရာတော်ကြီး၏ ယင်းစကားရပ်ကို ပယ်ဖျက်၍ "ငါ့ရှင် သီလဝိသုဒ္ဓိအလို့ငှါ ဘုရားရှင်အထံ၌ အကျင့်မြတ်ကို ကျင့်သုံးသလားလို့မေးတော့ မဟုတ်ဘူးလို့ ငါ့ရှင် ဖြေတယ်" ဟု အမှန်အတိုင်း ပြင်ဆင်ပေးသင့်သည်။ ထို့အတူ ရထဝိနီတသုတ်ပါဠိတော်ကို မြန်မာပြန်မှားယွင်းသော အခြားစကားရပ်များ ကိုလည်း ပါဠိတော်နှင့် ညီညွတ်အောင် ပြင်ဆင်ပေးရမည်။

## အမှတ် (၁၃/၁၄၂)

နောက်ဆုံးပိတ် ဉာဏဒဿနဝိသုဒ္ဓိဟာလဲ နိဗ္ဗာန်အကျိုးငှာ၊ မဟုတ်ဘူး လားဆိုတော့ မင်းက မဟုတ်ဘူးလို့ ဖြေတယ်။ (အမှတ်စဉ်-၂၀၊ နှာ-၂၁)

၎င်းမြန်မာပြန်သည်လည်း မူရင်းပါဠိတော်နှင့် မညီညွတ်ဘဲ မှားယွင်းနေရာ ထိုစကားရပ်ကိုပင် ပယ်ဖျက်၍

"ကိံ နုခေါ အာဝုသော ဉာဏဒဿနဝိသုဒ္ဓတ္ထံ ဘဂဝတိ ဗြဟ္မစရိယံ ဝုဿ တီတိ ဣတိ ပုဋ္ဌော သမာနော နောဟိဒံ အာဝုသော တိ ဝဒေသိ"
ဟူသော (မ၊ ၁။ ၂၀၁) နှင့် အညီ "ငါ့ရှင် ဉာဏဒဿန ဝိသုဒ္ဓိအကျိုးငှါ ဘုရားရှင် အထံ၌ အကျင့်မြတ်ကို ကျင့်သုံးသလားလို့ မေးတော့ မဟုတ်ဘူးလို့ ငါ့ရှင် ဖြေတယ်" ဟု အမှန်အတိုင်း ပြင်ဆင်သင့်သည်။

## အမှတ် (၁၃/၁၄၃)

ဒကာ သိကြား သေသေချာချာ မှတ်ပါတဲ့ (မှန်ပါ) ။ ဒီ အသက်တမ်း တိုတယ် ရောဂါများတယ် ဆိုတဲ့ဥစ္စာ တခြားကြောင့် မဟုတ်ဘူး။ ဣဿာ မစ္ဆရိယရှိလို့ ဖြစ်ရပါတယ်။ (အမှတ်စဉ်-၂၀၊ နှာ- ၁၉၁)

သုတ်မဟာဝါပါဠိတော် သက္ကပဉှာသုတ်လာ ပါဠိတော်ကို အဓိပ္ပါယ် တစ်မျိုးဖြစ်သွားအောင် မှားမှားယွင်းယွင်း အဓိပ္ပါယ်ပြန်ဆိုထားပါကြောင်း စောဒကဆရာတော်က တင်ပြသည်။

သုတ်မဟာဝါပါဠိတော် သက္ကပဉှာသုတ်၌ ဘေးရန်ကင်းလို ချမ်းသာစွာ

နေလိုကြပါလျက် ဘေးရန်မကင်းဘဲ ဆင်းရဲစွာ နေကြရသည်မှာ အဘယ်ကြောင့်ပါနည်းဟူသော သိကြားမင်း၏ မေးလျှောက်ချက်ကို ဘုရားရှင်က -

"ဣဿာမစ္ဆရိယသံယောဇနာ ခေါ ဒေဝါနမိန္ဒ ဒေဝါ မနုဿာ အသုရာ နာဂါ ဂန္ဓဗ္ဗာ၊ ယေစညေ သန္တိ ပုထုကာယာ။ တေ အဝေရာ အဒဏ္ဍာ အသပတ္တာ အဗျာပဇ္ဈာ ဝိဟရေမု အဝေရိနောတိ။ ဣတိ စ နေသံ ဟောတိ။ အထ စ ပန သဝေရာ သဒဏ္ဍာ သသပတ္တာ သဗျာပဇ္ဈာ ဝိဟရန္တိ သဝေရိနောတိ။ (ဒီ၊ ၂။ ၂၂၀)

ဣဿာ မစ္ဆရိယကြောင့် သတ္တဝါတို့သည် ဘေးရန်ကင်းစွာ ချမ်းသာစွာ နေလိုကြပါကုန်လျက် ဘေးရန်မကင်းဘဲ ဆင်းရဲစွာ နေကြရကုန်၏-ဟု ဖြေကြားတော်မူသည်။

ထို့ကြောင့် အထက်ပါ ဆရာတော်ကြီး၏ ဟောကြားချက်ကို ပယ်ဖျက်၍ သက္ကပဥှသုတ်ပါဠိတော်နှင့်အညီ"ဒကာသိကြား သေသေချာချာမှတ်ပါတဲ့ နတ်လူစတဲ့ သတ္တဝါတွေဟာ ဘေးရန် ဆင်းရဲတွေ ကင်းရှင်းစွာနေလိုကြပါလျက် ဘေးရန်ဆင်းရဲတွေနဲ့ တွေ့နေရတယ်ဆိုတာ ဣဿာ မစ္ဆရိယကြောင့်ပဲ"ဟု လိုရင်းခြုံငုံ၍ မှန်အောင် ပြင်ဆင်ပေးရမည်။

ဤဟောစဉ်တရား ပါရှိသော (၂၄-၉-၆၁-နေ့က ဟောကြားသည့်) နေ့အလုပ်ပေးတရားတော်၌ ဤကဲ့သို့ မှားယွင်းမှုများ တော်တော်များများ ပါနေပေသည်။ ယင်းအမှားတို့ကိုလည်း ပါဠိတော်နှင့်ညီညွတ်အောင် ပြင်ဆင်၍ ဟောစဉ်စာအုပ်တို့၌ ထည့်သွင်းပုံနှိပ်ရမည်။ အသံသွင်းတိပ်ခွေ၌ကား ယင်းအမှားများကို ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၁၄၄)

သမုဒယော ဟောတိ-လို့ ဆိုသောကြောင့် သမုဒယောက သမုဒယသစ္စာ (မှန်ပါဘုရား)။ ဒုက္ခက္ခန္ဓဿက ဒုက္ခသစ္စာပြတယ် (မှန်ပါ)။ ရှင်းကြပလား (ရှင်းပါပြီဘုရား)။ (အမှတ်စဉ်-၂၀၊ နှာ-၃၁၈)

ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ-ဟူသော ပဋိစ္စသမုပ္ပါဒ်ပါဠိတော်က 'ဒုက္ခက္ခန္ဓဿ သမုဒယော'၏ အဓိပ္ပါယ်ကို ဟောပြောခြင်းသည် မှားနေကြောင်း စောဒကဆရာတော်က တင်ပြသည်။

ဒုက္ခက္ခန္ဓဿာတိ ဒုက္ခသမူဟဿ၊ န သတ္တဿ န သုခသုဘာဒီနံ သမုဒယော-တိ နိဗ္ဗတ္တိ။ ဟောတီတိ သမ္ဘဝတိ။ (အဘိ၊ ဋ္ဌ၊ ၂။ ၁၂၉) - ကို ထောက်၍ ဒုက္ခက္ခန္ဓဿ ဖြင့် ဒုက္ခသစ္စာကိုပြသော်လည်း သမုဒယော ဟောတိ-ကား သမုဒယသစ္စာကို မပြ။ အကြောင်းအကျိုး အဆက်ဆက်ဖြင့် ပြအပ်ခဲ့သော အဝိဇ္ဇာစသော တရားအစု သည် ဒုက္ခသာဟု ပြလိုရင်းဖြစ်သည်။ ဒုက္ခက္ခန္ဓဿ-ဆင်းရဲအစု၏၊ သမုဒယော-ဖြစ်ခြင်းသည်၊ ဟောတိ-ဖြစ်၏ဟု အနက်ပေးရသော ကြောင့် ထိုအဝိဇ္ဇာ စသော အကြောင်းအကျိုး တရားအားလုံးသည် ဒုက္ခသစ္စာ သာဖြစ်၏။ သတ္တဝါမဟုတ်၊ သုခ, သုဘစသည်မဟုတ်၊ ဒုက္ခအစုသာဟု ဆိုလို သည်။

ထို့ကြောင့် အထက်ပါ ဆရာတော်ကြီး၏ ဟောကြားချက်ကို ဟောစဉ်တရား စာအုပ်နှင့် အသံသွင်းတိပ်ခွေများမှ ပယ်ဖျက်ပေးရမည်ဖြစ်သည်။

### အမှတ် (၁၃/၁၄၅)

ရှင်အာနန္ဒာက အရှင်ဘုရား ပရိနိဗ္ဗာန်စံရင် သာသနာကြီးဖြင့် ဘုရား ကိုယ်ကျိုးနည်းပေါ့တဲ့ (မှန်ပါ)။ အကွယ်ကြီး ကွယ်တော့မှာပဲတဲ့ (မှန်လှပါ)။ ဟာ. . . အာနန္ဒာ မင်း လွဲတာပေါ့ကွတဲ့ (မှန်ပါ)။

'ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ'။ (အမှတ်စဉ်-၂၀၊ နှာ-၅၇၃)

မိုးကုတ်ဆရာတော်ကြီး၏ ဤဟောတရား၌ ရှင်အာနန္ဒာက ညည်းညူ လျှောက်ပုံ ဘုရားရှင်က ပြန်လည်မိန့်ကြားပုံ အပိုစကားများကို ဖြည့်စွက်ကာ ဟောထား သောကြောင့် မှားသည်ဟု စောဒကဆရာတော်က တင်ပြသည်။

သုတ်မဟာဝါပါဠိတော် မဟာပရိနိဗ္ဗာနသုတ်၌ ရှင်အာနန္ဒာ ညည်းညူပုံ စကားများ မပါပါ။ ရှင်အာနန္ဒာ ညည်းတွား လျှောက်ထားသောကြောင့် 'ယော ဝေါ အာနန္ဒ' စသော စကားကို ဘုရားရှင်က မိန့်ကြားခြင်းမဟုတ်ပါ။

"အထ ခေါ ဘဂဝါ အာယသ္မန္တံ အာနန္ဒံ အာမန္တေသိ။ သိယာ ခေါ ပနာနန္ဒ တုမှာကံ ဧဝမဿ 'အတီတသတ္ထုကံ ပါဝစနံ၊ နတ္ထိ နော သတ္ထာ' တိ။ န ခေါ ပနေတံ အာနန္ဒ ဧဝံ ဒဋ္ဌဗ္ဗံ၊ ယော ဝေါ အာနန္ဒ မယာ ဓမ္မော

စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ။"
(ဒီ၊ ၂။ ၁၂၆/၁၂၇)
ကို ထောက်၍ ဘုရားရှင်က စတင်၍ မိန့်ကြားတော်မူခြင်း ဖြစ်သောကြောင့် အထက်ပါဟောစကားကို စာအုပ်များနှင့် အသံသွင်းတိပ်ခွေများမှ ပယ်ဖျက်ပေးရမည်ဖြစ်သည်။

**အမှတ် (၁၃/၁၄၆)**

ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ၊ ဘိက္ခဝေ၊ရဟန်းတို့၊ အယံ မဂ္ဂေါ၊ ဤအမှန်မြင် မဂ္ဂင်ရသူသည်။ ကောယနော၊ တစ်ကြောင်းတည်းနဲ့ နိဗ္ဗာန်ရောက်၏။ (အမှတ်စဉ်-၂၀၊ နှာ-၅၇၈)

ဤပါဠိကို အနက်ပေးရာ၌ လွဲမှားနေသည်ဟု စောဒကဆရာတော်က တင်ပြသည်။

ဤ ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ-ပါဠိ၌ ကောယနောနှင့် မဂ္ဂေါသည် အရတူဖြစ်၏။ ယင်း ကောယန မဂ္ဂ-အရ

"ကာယာဒိစတုအာရမ္မဏပ္ပဝတ္တော ဟိ ပုဗ္ဗဘာဂသတိပဋ္ဌာနမဂ္ဂေါ ဣ္ခာဓိပ္ပေတော၊ န လောကုတ္တရော။ သော စ အနေကဝါရမ္ပိ အယတိ၊ အနေကဥ္စသ အယနံ ဟောတိ"(ဒီ၊ ဋ၊ ၂၊ ၃၃၆) -
ဟူသော သုတ်မဟာဝါ အဋ္ဌကထာ မဟာသတိပဋ္ဌာနသုတ် အဖွင့်နှင့်အညီ သတိပဋ္ဌာန်ဟူသော ပုဗ္ဗဘာဂမဂ်ကိုသာ ရ၏။ မဂ္ဂင်ပွားများသူ ပုဂ္ဂိုလ်ကို မရပေ။

ထို့ကြောင့် အထက်ပါ ဆရာတော်ကြီး၏ အနက်ကို ပယ်ဖျက်၍ "ဘိက္ခဝေ၊ ရဟန်းတို့၊ အယံ မဂ္ဂေါ၊ ဤသတိပဋ္ဌာန်ဟူသော ပုဗ္ဗဘာဂမဂ်ခရီးသည်။ ကောယနော၊ နိဗ္ဗာန်ရောက်ကြောင်း တစ်ခုတည်းသော လမ်းကြောင်းပေတည်း"ဟု ပြင်ဆင်သင့်သည်။

[အမှတ်စဉ် ၁၀၊ နှာ-၁၄၄၃၌ လာသော "အယံ မဂ္ဂေါ၊ ဤဉာဏ်အောက် သို့ ရောက်တဲ့စိတ်ကို ဖြစ်ပျက်ရှုနိုင်တဲ့ မဂ်သည်၊ ကောယနော၊ တစ်ကြောင်း တည်းဖြင့် နိဗ္ဗာန်ရောက်နိုင်၏" ဟူသော အနက်ကိုလည်း အထက်ပါအတိုင်း ပြင်ဆင်သင့်ပေသည်။]

## အမှတ် (၁၃/၁၄၇)

ခင်ဗျားတို့ ဒီအယူ မစွန့်နိုင်လို့ရှိရင်ဖြင့် တစ်ခါတည်း နောက်ဘုရား ပွင့်လဲ ခင်ဗျားတို့ အပါယ်လေးပါးနဲ့ ၃၁-ဘုံ အိုနာသေဘေးထဲ လှည့်နေရုံဘဲ။

(အမှတ်စဉ်-၂၁၊ နှာ-၄၇၀)

သုဒ္ဓါဝါသဘုံ၌ သဿတဒိဋ္ဌိ မရှိသောကြောင့် ၃၁-ဘုံ အိုနာသေထဲ လှည့်နေရုံဘဲ-ဟု ဟောခြင်းသည် မှားပါသည်-ဟု စောဒကဆရာတော်က တင်ပြသည်။

အမှတ် (၁၃/၁၂၃) စောဒနာ၌ စိစစ်ပြခဲ့သည့်အတိုင်း သဿတဒိဋ္ဌိ ဖြစ်သည့် ဘုံကများနေ၍ များရာကိုလိုက်ပြီး ယေဘုယျနည်းဖြင့် ဟောထားသည်ဟု ယူလျှင် ဖြစ်နိုင်သောကြောင့် ဆရာတော်ကြီး၏ဟောတရား မှားသည်ဟု မဆိုနိုင်ပေ။ သို့သော် တိကျပြည့်စုံမှုရှိစေရန် "၃၁-ဘုံ အိုနာသေဘေးထဲ လှည့်နေရုံပဲ"ဟူသော စကားနောက်တွင် "၃၁-ဘုံလို့ဆိုတာ များရာကို လိုက်ပြောတာ။ သုဒ္ဓါဝါသဘုံမှာတော့ သဿတဒိဋ္ဌိ မရှိဘူးပေါ့ "ဟူသော စကားကို ဖြည့်စွက်ပေးသင့်သည်။

## အမှတ် (၁၃/၁၄၈)

သက္ကာယဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာနဲ့ သီလဗ္ဗတပရာမာသဆိုတာ ဒိဋ္ဌိပါပဲ။ (မှန်ပါဘုရား)။ ဒီ ဒိဋ္ဌိ ဝိစိကိစ္ဆာကို ရှေးဦးစွာ ဆရာက ခွါမပေးနိုင်ခဲ့လို့ရှိရင် မဂ်ဖိုလ် နိဗ္ဗာန်ရောက်ချင်တဲ့စိတ် ပြင်ပြပြီးသကာလ အားထုတ်ငြားသော်လည်း ဒကာ ဒကာမတို့က မှတ်လိုက်ပါ။ အန္တရာယ်ကဝင်တားတယ်။

(အမှတ်စဉ်-၂၂၊ နှာ-၅)

ဒီ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို တားမြစ်တဲ့ ဒိဋ္ဌိ ဝိစိကိစ္ဆာသည် ဒကာ ဒကာမ တို့ ကိလေသန္တရာယ်။ (အမှတ်စဉ်-၂၂၊ နှာ-၉)

ဝိပဿနာမလုပ်မီ ဘာအရင်လုပ်ရမလဲ (ဒိဋ္ဌိ အရင်ခွါရမယ်)။ ဒိဋ္ဌိ အရင် ခွါချင်ရင် ရှေ့ပိုင်းက ဘာနားလည်ရမတုန်း (ပဋိစ္စသမုပ္ပါဒ်နဲ့ သစ္စာနားလည် ရပါ မည်ဘုရား)။ (ပ) နားမလည်ဘဲနှင့် ဝိပဿနာအလုပ်ကြီးကို အနိစ္စတွေ ရှုနေကြမယ်ဆိုရင် ကုသိုလ်ဖြစ်ပါရဲ့ နိဗ္ဗာန်မရဘူး။ (အမှတ်စဉ်- ၂၂၊ နှာ-၁၅)

နိယတမိစ္ဆာဒိဋ္ဌိသည်သာ မဂ်တား ဖိုလ်တား ကိလေသန္တရာယ် ဖြစ်ပါလျက် ဝိစိကိစ္ဆာကိုလည်း ကိလေသန္တရာယ်အဖြစ် ဟောထားခြင်းသည်လည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာကို နားလည်အောင်လုပ်ပြီးမှ ဝိပဿနာတရား အားထုတ်

ရမည်ဟု ဟောထားခြင်းသည်လည်းကောင်း မှားယွင်းပါသည်ဟု စာေဒက ဆရာတော်က တင်ပြသည်။

နိယတမိစ္ဆာဒိဋ္ဌိမှာ ကိလေသန္တရာယိကာ နာမ (မ၊ ၄၊ ၂။ ၉)ကို ထောက်လျှင် နိယတမိစ္ဆာဒိဋ္ဌိ (အဟေတုကဒိဋ္ဌိ, နတ္ထိကဒိဋ္ဌိ, အကိရိယဒိဋ္ဌိ) သည်သာ ကိလေ-သန္တရာယိက (မဂ်ဖိုလ်ကို တားတတ်သော ကိလေသာ)ဟု သိရသော်လည်း ဆရာတော်ကြီး ဟောနေသောတရားသည် ဝိပဿနာတရား ဖြစ်သောကြောင့် နိယတမိစ္ဆာဒိဋ္ဌိ အကြီးစားများကို ဆိုလိုသည်မဟုတ်၊ ဉာတပရိညာ (စာအသိ)ဖြင့် မပယ်ခွါနိုင်လျှင် ဝိပဿနာဉာဏ်အမြင်ကို ဖုံးထားတတ်သည့် သက္ကာယဒိဋ္ဌိကို သာ ဆိုလိုကြောင်း သိနိုင်ပေသည်။

ထို သက္ကာယဒိဋ္ဌိသည်-

"တတ္ထ သက္ကာယဒိဋ္ဌိယာ သော ရူပံ အတ္တတော သမနုပဿတိ၊ 'တံ ဇီဝံ တံ သရီရ ' မိတိ တံ ကင်္ခတိ ဝိစိကိစ္ဆတိ နာဓိမုစ္စတိ နာဘိပ္ပ- သီဒတိ ပုဗ္ဗန္တေ အပရန္တေ ပုဗ္ဗန္တာပရန္တေ။" (ပေဋကော။ ၁၉၅)

နှင့်အညီ အမြင်မှားမှု ဒိဋ္ဌိနှင့် ယုံမှားမှု ဝိစိကိစ္ဆာသည် (တစ်စိတ်တည်း အတူမဖြစ် သော်လည်း) အာရုံတူ သဘောတူအဖြစ်ဖြင့် ရှေ့နောက်ဆက်ကာ ဖြစ်လေ့ ရှိကြောင်း သိနိုင်ပေသည်။ သက္ကာယဒိဋ္ဌိဖြစ်လျှင် ဝိစိကိစ္ဆာဖြစ်၍ ဝိစိကိစ္ဆာ ဖြစ်လျှင်လည်း သက္ကာယဒိဋ္ဌိလည်း ဖြစ်နိုင်ပေသည်။

"ဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသာ သောတာပတ္တိမဂ္ဂေန (ပဟီယန္တိ)"

(အဘိ၊ ၄၊ ၁။ ၄၀၈)

ဟု ဆိုသောကြောင့် သောတာပတ္တိမဂ်က ပယ်သောအခါ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အတူပယ်ကြောင်းကိုလည်း သိနိုင်ပေသည်။ မဂ်အခိုက်၌ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ အတူအပယ်ခံရ အသတ်ခံရလျှင် ဝိပဿနာဉာဏ်ဖြင့် တဒင်္ဂ ပယ်သော အခါ၌လည်း ထိုဒိဋ္ဌိနှင့်ဝိစိကိစ္ဆာတို့ အတူတကွ အပယ်ခံကြရသည်သာ ဖြစ်သည်။

ထို့ကြောင့် ဝိစိကိစ္ဆာကို ကိလေသန္တရာယ်အဖြစ်ဖြင့် တိုက်ရိုက်မဟော သော်လည်း နာနာန္တရိကနည်း, အဝိနာဘာဝနည်းတို့ဖြင့် ဝေဖန်လျှင် ဒိဋ္ဌိနှင့် မကင်း စကောင်း ဖြစ်လေ့ရှိသော ဝိစိကိစ္ဆာကိုလည်း ကိလေသန္တရာယ်အဖြစ် ယူခွင့်ရှိ ပေသည်။

သို့ဖြစ်၍ မိုးကုတ်ဆရာတော်ကြီး၏ "ဒီ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို တားမြစ်တဲ့ ဒိဋ္ဌိ, ဝိစိကိစ္ဆာသည် ဒကာ ဒကာမတို့ ကိလေသန္တရာယ်"ဟူသော ဟောပြောချက် သည် မှားသည်ဟု မဆိုနိုင်ပေ။

သာဝကတို့ ဝိပဿနာဉာဏ် မဂ်ဉာဏ်ဖြစ်ရေးတွင် ပရတောဃောသ ဟူသော သစ္စာနှင့်စပ်သောတရားကို နာကြရမှုနှင့် ယောနိသော မနသိကာရ ဟူသော ကိုယ်တိုင် ကျင့်ကြံအားထုတ်မှုတို့သည် အရေးကြီးသော အကြောင်း တရားနှစ်ပါး ဖြစ်ကြောင်း ပေဋကောပဒေသပါဠိတော်၌ ဆိုပေသည်။

ယသ္မာ ဣမာယ ပညာယ ခန္ဓာယတနဓာတုဣန္ဒြိယသစ္စပဋိစ္စသမုပ္ပါ-
ဒါဒိဘေဒါ ဓမ္မာ ဘူမိ (ပ) တသ္မာ တေသု ဘူမိ ဘူတေသု ဓမ္မေသု
ဥဂ္ဂဟပရိပုစ္ဆာဝသေန ဉာဏပရိစယံ ကတွာ မူလဘူတာ ဒွေ ဝိသုဒ္ဓိယော
သမ္ပာဒေတွာ သရီရဘူတာ ပဉ္စ ဝိသုဒ္ဓိယော သမ္ပာဒေန္တေန ဘာဝေတဗ္ဗာ။
(ဝိသုဒ္ဓိ၊ ၂။ ၇၃)

ဟူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ မိန့်သည်နှင့်အညီ ဝိပဿနာဉာဏ်၏ အာရုံ ဖြစ်သော တေဘူမက ရုပ်နာမ်ခန္ဓာတို့၌ ထိုရုပ်နာမ်တို့၏ သဘောသဘာဝကို သိအောင် သင်ယူမှတ်သား နာကြားခြင်းဖြင့် ဝိပဿနာဉာဏ်၏ အခြေခံဖြစ် သော ဉာဏ်ကို တိုးပွားစေရပေသည်။ ထိုသို့ သင်ယူနာကြား မှတ်သားခြင်းဖြင့် ဉာတပရိညာကို ရှေးဦးစွာ တည်ဆောက်ရပေသည်။

သို့ဖြစ်၍ ဝိပဿနာအလုပ် မလုပ်မီ ဒိဋ္ဌိခွာနိုင်ရန် သစ္စာလေးပါးနှင့် ပဋိစ္စ- သမုပ္ပါဒ်အကြောင်းတို့ကို နားလည်အောင် လုပ်ရမည်-ဟူသော ဆရာတော်ကြီး၏ ဟောကြားချက်သည်လည်း ကျမ်းဂန်တို့နှင့် ညီညွတ်သော ဟောကြားချက်များပင် ဖြစ်သည်။

## အမှတ် (၁၃/၁၄၉)

ဥသ္သီကတော-ဆိုတာက မင်းသည် ဝိညာဉ်ဆိုတဲ့ အငွေ့ဒိဋ္ဌိကလေး
ရှိနေတဲ့အတွက် (ပ) မဂ်ဖိုလ်မှ အချည်းနှီးဖြစ်ပြီ။ မရတော့ဘူးလို့
ဆုံးဖြတ်ချက်ချလိုက်။ (မှန်ပါ)။ ရဟန်းတွေ ရှေ့မှာပဲ ပြောလိုက်တယ်။
(အမှတ်စဉ်-၂၂၊ နှာ-၂၁/၂၂)

မင်းအယူနဲ့မင်း သဿတဒိဋ္ဌိယူနေတဲ့အတွက် ကိလေသာ အန္တရာယ်
တည်းဟူသော မီးပွားကလေးကြောင့် မင်းသည် မဂ်ဖိုလ်တော့ဖြင့် မရဘူး။
(အမှတ်စဉ်-၂၂၊ နှာ-၃၀)

ဤ ဟောကြားချက်၌ သဿတဒိဋ္ဌိ မီးပွားလေးကို ဥသ္သီကတ-ဟု ဟောခြင်း၊ သာတိရဟန်းကို ဘုရားရှင်က တိုက်ရိုက်မိန့်ကြားလေဟန် ဟောထားခြင်းတို့သည် မှားကြောင်း စောဒကဆရာတော်က တင်ပြပေသည်။

ဥသ္မီကတောပီတိ ဘိက္ခဝေ တုမှေ ကိန္တိ မညထ (ပ) အာဏာစက္ကေ ပဟာရံ ဒဒမာနော အပိ န ဣမသ္မိံ ဓမ္မဝိနယေ ဥပသ္မီကတောပိ။ ယထာ နိဗ္ဗုတေပိ မဟန္တေ အဂ္ဂိက္ခန္ဓေ ခဇ္ဇုပနကမတ္တာပိ အဂ္ဂိပပဋိကာ ဟောတိယေဝ၊ ယံ နိဿာယ ပုန မဟာအဂ္ဂိက္ခန္ဓော ဘဝေယျ၊ ကိံ န ခေါ ဧဝံ ဣမဿ အပ္ပမတ္တိကာပိ ဉာဏုသ္မာ အတ္ထိ၊ ယံနိဿာယ ဝါယမန္တော မဂ္ဂဖလာနိ နိဗ္ဗတ္တေယျာတိ။

နောဟေတံ ဘန္တေတိ ဘန္တေ ဧဝံ လဒ္ဒိကဿ ကုတော ဧဝရူပါ ဉာဏုသ္မာတိ မဂ္ဂဖလာနံ ပစ္စယသမတ္ထာယ ဉာဏုသ္မာယ ဥသ္မီကတဘာဝံ ပဋိက္ခိပန္တာ ဝဒန္တိ။ (မ၊ ဋ္ဌ၊ ၂။ ၁၁)

ဤ အလဂဒ္ဒူပမသုတ်အဖွင့်ကို ကြည့်လျှင် ဥသ္မီကတ-ဟူသည် မဂ်ဖိုလ် ရနိုင်ကြောင်း ဉာဏ်အငွေ့ (ဉာဏ်မီးပွား) ကို ဆိုလိုကြောင်း သိနိုင်ပေသည်။

အပိ နာယံ သာတိ ဘိက္ခု ကေဝဋ္ဋပုတ္တော ဥသ္မီကတောပိ ဣမသ္မိံ ဓမ္မဝိန...

တံငါသည်၏သား သာတိ ရဟန်းသည် ဤသာသနာတော်၌ နိဗ္ဗာန်ရောက် ကြောင်း မဂ်ဖိုလ်ရကြောင်း ပညာဉာဏ်အငွေ့မျိုးစေ့ရှိသူ (ဉာဏ်မီးပွားလေးရှိသူ) ဟုတ်သလော-ဟူသော စကားကို သာတိရဟန်းအား မိန့်ကြားသည်မဟုတ်။ ရဟန်းတော်များအားသာ မိန့်ကြားတော်မူခြင်းဖြစ်သည်။

(မ၊ ၁။ ၃၂၅။ မဟာတဏှာသင်္ခယသုတ်)

ထို့ကြောင့် အထက်ပါ မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်ကို ဟောစဉ် တရားစာအုပ်များနှင့် အသံသွင်းတိပ်ခွေတို့မှ ပယ်ဖျက်ပေးရ မည်ဖြစ် သည်။

## အမှတ်စဉ် (၁၃/၁၅၀)

ဒုက္ခသစ္စာဆုံးမှ နိဗ္ဗာန်ရမည့်ဥစ္စာဘဲ။ အဆုံးစွန်သောဘဝ နိဗ္ဗာန်ရ ရပါလို၏ ဆိုတော့ ဒုက္ခသစ္စာကြီးနဲ့ မရနိုင်ဘူး။

(အမှတ်စဉ်- ၂၃၊ နှာ၊ ၄၅၀)

နိဗ္ဗာန်ကို သောတာပန်, သကဒါဂါမ်, အနာဂါမ် အရိယာပုဂ္ဂိုလ်များ ရသော် လည်း ဘဝဒုက္ခ (ဒုက္ခသစ္စာ) မဆုံးသေးဘဲ ဘဝဒုက္ခဆက်ဖြစ်ကြရသည်။ ရဟန္တာ ဖြစ်၍ ပရိနိဗ္ဗာန်ပြုမှ ဒုက္ခအားလုံး ချုပ်ငြိမ်းသည်။ အနုပါဒိသေသနိဗ္ဗာန်ကို ရကြသည်ဖြစ်သောကြောင့် အထက်ပါ ဟောကြားချက်သည် မှားယွင်းကြောင်း စောဒကဆရာတော်က တင်ပြပေသည်။

"ဖြစ်ပျက်မြင်, ဖြစ်ပျက်မုန်း, ဖြစ်ပျက်ဆုံး"-ဟူသော အသုံးအနှုန်း ဝေါဟာရတို့သည် မိုးကုတ်ဆရာတော်ကြီး အများဆုံး အသုံးပြုသည့် ဝေါဟာရများဖြစ်သည်။ ဖြစ်ပျက်မြင်အောင် ရှုသော ယထာဘူတဉာဏ်၊ ထိုဖြစ်ပျက် ခန္ဓာကို ရွံမုန်းသော နိဗ္ဗိန္ဒဉာဏ်၊ ထိုဖြစ်ပျက်တို့၏ အဆုံးကိုမြင်သော မဂ်ဉာဏ်-ဟု ဉာဏ်သုံးဉာဏ်သာရှိကြောင်း တွင်တွင်ကြီး ဟောခဲ့သော ဆရာတော်ကြီးဖြစ်သည်။

ယခု ဟောပြောချက်၌ "ဒုက္ခသစ္စာဆုံးမှ နိဗ္ဗာန်ရမည့်ဥစ္စာဘဲ"ဟူသော ဟောပြောချက်သည် ဖြစ်ပျက် ဒုက္ခသစ္စာ မဆုံးကြသေးသော သောတာပန်, သကဒါဂါမ်, အနာဂါမ်များနှင့် ပရိနိဗ္ဗာန်မပြုသေးသော အသက်ရှင်နေဆဲဖြစ်သည့် ရဟန္တာပုဂ္ဂိုလ်များ နိဗ္ဗာန်မရသေးဟု ဆိုရာရောက်ပေသည်။ အဘယ်ကြောင့် ဟူမူ အနုပါဒိသေသနိဗ္ဗာန်မှသာ ခန္ဓာချုပ်ငြိမ်းသောကြောင့် ဖြစ်ပေသည်။

ဖြစ်ပျက်အဆုံးကို မြင်သော မဂ်ဉာဏ်ပေါ်မှသာ ဖြစ်ပျက်တို့၏ ချုပ်ဆုံးရာ နိဗ္ဗာန်ကို (ဉာဏ်အခေါင့်အတန်းအလိုက်) မြင်ကြရမြဲဖြစ်ရာ ဖြစ်ပျက်သဘောရှိသော ခန္ဓာကို အခြေပြု၍ ခန္ဓာထဲတွင် ပါဝင်သော မဂ်ဉာဏ် ဖြစ်အောင်ကြိုးစားကြခြင်းဖြစ်သည်။ ထို့ကြောင့် နိဗ္ဗာန်ကို ဒုက္ခ သစ္စာကြီးနဲ့ မရနိုင်ဘူးဟူသော ဟောပြောချက်သည်လည်း ဒေသနာတော်နှင့် ညီညွတ်သော ဟောပြောချက်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် အထက်ပါ ဟောပြောချက်ကို ဟောစဉ်တရားစာအုပ်များနှင့် အသံသွင်းတိပ်ခွေတို့မှ ပယ်ဖျက်ပေးရမည်ဖြစ်သည်။ အခြား အလားတူ ဟောပြောချက်များကိုလည်း ပယ်ဖျက်ပေးမှ သင့်မည်။

### အမှတ် (၁၃/၁၅၁)

နိဗ္ဗာန်ရရပါလို၏ ဘုရား၊ ဝဋ်ဘဝတိုတိုနဲ့ ဤဆွမ်း ဤကွမ်းကြောင့်ဆိုပြီး ခန္ဓာတော့ နဲနဲမှ မလှည့်ဘူး။ မရပါဘူး။ လိုချင်မှုန်း သိရုံသာ ရှိမယ်။

(အမှတ်စဉ်-၂၃။ နှာ-၄၆၀)

နိဗ္ဗာန်ရရပါလို၏-ဟု နိဗ္ဗာန်ဆုတောင်း၍ ဆွမ်းကွမ်းစသည် လှူဒါန်းခြင်းကြောင့် နိဗ္ဗာန်မရဟု ဟောခြင်းသည် မှားပါကြောင်း စောဒက ဆရာတော်က တင်ပြသည်။

ဆရာတော်ကြီး၏ ဟောတရားကို လေ့လာကြည့်သောအခါ ဆုတောင်းရုံသာ တောင်းပြီး ခန္ဓာ၏ ဖြစ်ပျက်သဘောကို မြင်အောင် ဝိပဿနာတရား အားမထုတ်ရင် ဘယ်လောက် ဆုတောင်းတောင်း ဒီဘဝ နိဗ္ဗာန်မရနိုင်ကြောင်းကို ဟောလိုရင်းဖြစ်သည်ကို တွေ့ရပေသည်။

ထို့ကြောင့် "ခန္ဓာတော့ နဲနဲမှ မလှည့်ဘူး" ဟူသော စကား၏ နောက်တွင်ရှိသော "မရပါဘူး" ဟူသော စကားကို "ဒီဘဝ နိဗ္ဗာန်မရနိုင်ပါဘူး" ဟု ဖြည့်စွက်ပြင်ဆင်ပေးသင့်သည်။

## အမှတ် (၁၃/၁၅၂)

ရှိခိုးပါ၏ဆိုရင် မောင်မြ ပြီးသွားတာဘဲ (မှန်ပါ) ။ နောက် ရှည်တာတွေ ဟူသရွေ့ကား ဘာဆိုကြမယ်။ (ဆုတောင်းပါ)။ အဲဒါပဲ ခင်ဗျားတို့ ဘုရားရှိခိုးထဲ ထည့်နေတာ (ပ) အဲဒါ ဘုရားရှိခိုး မဟုတ်ဘူးတဲ့။ ဒီဥစ္စာက တောင့်တတဲ့ တဏှာပါ။ (အမှတ်စဉ်- ၂၃၊ နှာ-၄၇၁)

နိဗ္ဗာန်ဆုတောင်းခြင်းကို တဏှာ-ဟု မိုးကုတ်ဆရာတော်ကြီး ဟောခြင်းသည် မှားပါသည်ဟု စောဒကဆရာတော်က တင်ပြသည်။

နိဗ္ဗာန်ကို လိုချင်သော သဘောသည် ကုသိုလ်ဆန္ဒသာဖြစ်ကြောင်း အမှတ် (၁၃/၄၆) စောဒနာစိစစ်ချက်၌ စိစစ်ပြီးဖြစ်၍ ဤ၌ ထပ်မံ စိစစ်ဖွယ် မလိုတော့ပေ။ နိဗ္ဗာန်ကိုဆုတောင်းခြင်းသည် ဝိဝဋ္ဋနိဿိတ ကုသိုလ် ဖြစ်ရေးအတွက် ကောင်းမြတ်သော လုပ်ငန်းစဉ် ဘာသာရေးဓလေ့ ထုံးတမ်း ဖြစ်နေသောကြောင့် အထက်ပါ ဆရာတော်ကြီး၏ ဟောတရားကို စာအုပ်များနှင့် အသံသွင်းတိပ်ခွေတို့မှ ပယ်ဖျက်ရမည်ဖြစ်သည်။

## အမှတ် (၁၃/၁၅၃)

ယောနိသောမနသိကာရန္တိ အနိစ္စေ အနိစ္စန္တိ ဒုက္ခေ ဒုက္ခန္တိ အနတ္တေ အနတ္တန္တိ။ (အမှတ်စဉ်-၂၃၊ နှာ-၄၃၇)

ဤ၌ အနတ္တေ အနတ္တန္တိကို 'အနတ္တနိ အနတ္တန္တိ' ဟု အမှန်ပြင် ပေးရန်ဖြစ်သည်။

## အမှတ် (၁၃/၁၅၄)

ဟော့ ဥတ္တရလုလင် မင်းဆရာ ပါရာသိဝိယဆိုတဲ့ တက္ကသိုလ်ဆရာကြီးက က္ကန္ဒြေလုံခြုံမှုကို ဘယ်လိုများ ဟောသတုန်းကွဲတဲ့။ ဟာ. . ဟောပါတယ်

ဘုရား။ မျက်စိရှိတဲ့ ပုဂ္ဂိုလ် မဖွင့်ဘဲနဲ့နေရင် လုံတာဘဲကွ။ နားရှိတဲ့ပုဂ္ဂိုလ် မထောင်ဘဲနဲ့ နေရင် လုံတာဘဲကွ-အစရှိသည့်နဲ့ ဒွါရခြောက်ပေါက်ကို ပိတ်ထားလို့ ပြောလိုက်တယ်။ (အမှတ်စဉ်-၂၄၊ နှာ-၁၃၇)

ဤဟောတရား၌ "ဒွါရခြောက်ပေါက်ကို ပိတ်ထားလို့ ပြောလိုက်တယ်" ဟူသောစကား မှားသည်ဟု စောဒကဆရာတော်က တင်ပြသည်။

ယင်းဟောကြားချက်သည်-

"ယထာ ကတံ ပန ဥတ္တရ ဒေသေတိ ပါရာသိဝိယော ဗြာဟ္မဏော သာဝကာနံ ဣန္ဒြိယဘာဝနန္တိ။ ဣဓ ဘော ဂေါတမ စက္ခုနာ ရူပံ န ပဿတိ၊ သောတန သဒ္ဒံ န သုဏာတိ။ ဧဝံ ခေါ ဘော ဂေါတမ ဒေသေတိ ပါရာသိဝိယော ဗြာဟ္မဏော သာဝကာနံ ဣန္ဒြိယဘာဝနန္တိ။ " (မ၊ ၃။ ၄၃၀) နှင့်ဆန့်ကျင်နေပေသည်။

ဤပါဠိတော်၌ စက္ခုဒွါရ,သောတဒွါရ နှစ်ခုကို (မကြည့်ဘဲ၊ နားမထောင်ဘဲ) ထိန်းသိမ်းခြင်းကိုသာ ပြဆိုသောကြောင့် ဆရာတော်ကြီး၏ အထက်ပါ ဟောတရားတွင် "အစရှိသည်နဲ့ ဒွါရခြောက်ပေါက်ကို ပိတ်ထားလို့ ပြောလိုက်တယ်" ဟူသောစကားရပ်ကို ပယ်ဖျက်၍ ယင်းအစား "-----လို့ စက္ခုဒွါရ, သောတဒွါရ နှစ်ပေါက်ကို ပိတ်ထားလို့ ပြောလိုက်တယ်" ဟူသော စကားရပ်ဖြင့် အစားထိုးရမည်။

## အမှတ် (၁၃/၁၅၅)

သူ့မှာပြောစရာစကားလဲ မရှိတာနဲ့ မှိုင်တွေချပြီး နေလိုက်တယ် (မှန်ပါ) ဒီတွင်မှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ညီတော်အာနန္ဒာ အနားရှိတာနဲ့ အာနန္ဒာ၊ သံဃာတွေ အကုန်စုလိုက်ကွာ၊ လူတွေကော အကုန်စုလိုက်။ (ပ) ငါဘုရား၏ ဣန္ဒြိယဘာဝနာဖြစ်ပုံကို သေသေချာချာ ပြောပြမယ်ကွာ။
(အမှတ်စဉ်- ၂၄၊ နှာ- ၁၃၇)

ဤဟောပြောချက်၌ "သံဃာတွေ အကုန်စုလိုက်၊ လူတွေကော အကုန်စုလိုက်ဟု" ဟု ဟောခြင်းသည် အပိုစကားတွေဖြစ်၍ မှားပါကြောင်း စောဒကဆရာတော်က တင်ပြသည်။

ဥပရိပဏ္ဏာသပါဠိတော် ဣန္ဒြိယဘာဝနာသုတ်၌-

အထ ခေါ ဘဂဝါ ဥတ္တရံ မာဏဝံ ပါရာသိဝိယန္တေဝါသိံ တုဏှီဘူတံ တုဏှီဘူတံ မင်္ကုဘူတံ ပတ္တက္ခန္ဓံ အဓောမုခံ အဇ္ဈာယန္တံ အပ္ပဋိဘာနံ ဝိဒိတွာ

အာယသ္မန္တံ အာနန္ဒံ အာမန္တေသိ” အညတာ ခေါ အာနန္ဒ ဒေသေတိ ပါရာသိဝိယော ဗြာဟ္မဏော သာဝကာနံ ဣန္ဒြိယဘာဝနံ၊ အညထာ စ ပနာနန္ဒ အရိယဿ ဝိနယေ အနုတ္တရာ ဣန္ဒြိယဘာဝနာ ဟောတီ”တိ။ တေသ ဘဂဝါ ကာလော၊ တေသ သုဂတ ကာလော၊ ယံ ဘဂဝါ အရိယဿ ဝိနယေ အနုတ္တရံ ဣန္ဒြိယဘာဝနံ ဒေသေယျ၊ ဘဂဝတော သုတွာ ဘိက္ခူ ဓာရေဿန္တီတိ။ တေနဟာနန္ဒ သုဏာဟိ သာဓုကံ မနသိကရောဟိ၊ ဘာသိဿာမီတိ။” (မ၊ ၃။ ၃၄၈)

ဟု လာရာ ယင်းပါဠိတော်စကားရပ်၌ သံယာတွေ လူတွေအကုန်စုလိုက်ဟု စေခိုင်းပုံကို မတွေ့ရပေ။

ထို့ကြောင့် အထက်ပါ ဆရာတော်ကြီး၏ ဟောတရားတွင် “သံဃာတွေ အကုန်စုလိုက်ကွာ၊ လူတွေကော အကုန်စုလိုက်” ဟူသော စကားကို ဖြုတ်ပယ် ပေးရမည်ဖြစ်သည်။ အသံသွင်းကိပ်ခွေ၌ ယင်းစကားရပ်ကို ပယ်ဖျက် ပေးရ မည်ဖြစ်သည်။

အမှတ် (၁၃/၁၅၆)

ဒါရှုပါများလို့ရှိရင် မင်းတို့ တံတွေးထွေးသလောက် မခက်ပါဘူးတဲ့။ နိဗ္ဗာန်ရောက်ဖို့ (မှန်ပါ) ။ ပေါ်ပလား။ (ပေါ်ပါပြီဘုရား) ။ နိဗ္ဗာန်ရောက်ဖို့ရာ (မခက်ပါဘုရား) ။ တံတွေးထွေးသလောက်မှ မခက်ပါဘူးတဲ့။

(အမှတ်စဉ်- ၂၄၊ နှာ-၁၅၇)

ဤဟောကြားချက်သည် ဥပရိပဏ္ဏာသပါဠိတော် ဣန္ဒြိယဘာဝနာသုတ်ကို အခြေခံ၍ ဟောနေသော ဒေသနာဖြစ်သည်။ ဣန္ဒြိယဘာဝနာသုတ်၌ **“နိဗ္ဗာန်ရဖို့ တံ‌ေ း ွ္ဘးရတာလောက် မခက်” ဟူသော စကားမျိုး မပါသောကြောင့် မှားယွင်း** ပါကြောင်း စောဒကဆရာတော်က တင်ပြပေသည်။

ဥပရိပဏ္ဏာသပါဠိတော် ဣန္ဒြိယဘာဝနာသုတ်တွင် ပေါ်လာသမျှသော အာရုံခြောက်ပါးကို ဝိပဿနာရှုရာတွင် ရသာရုံကို ဝိပဿနာရှုပုံနှင့် စပ်လျဉ်း၍ “အားရှိသော ယောက်ျားသည် လျှာဖျား၌တည်နေသော တံတွေးကိုစုရုံး၍ အလွယ်တကူ ထွေးပစ်နိုင်သကဲ့သို့ ဝိပဿနာရှုဖန်များ၍ ဝိပဿနာဉာဏ် အားကောင်းလာသော ယောဂီသည်လည်း ပေါ်လာသမျှသော ကောင်း မကောင်းသော ရသာရုံမှန်သမျှကို ဤရသာရုံသည် အကြောင်းတရားတို့သည် ပြုပြင်စီရင်အပ်၍ ရှန့်ရင်း၏၊ အကြောင်းတရားတို့ကြောင့်ဖြစ်၏၊ ဤဝိပဿန ပေက္ခာသည်ကား ငြိမ်သက်၏၊ မွန်မြတ်၏”ဟု သိမြင်လတ်သော် ပေါ်လာသမျှ

ရသာရုံတို့သည် ချုပ်ငြိမ်း၍ ဝိပဿနုပေက္ခာဟူသော ဝိပဿနာဉာဏ် (သင်္ခါရုပေက္ခာဉာဏ်) သာ တည်ရှိတော့၏" ဟု သင်္ခါရုပေက္ခာဉာဏ် လွယ်ကူစွာ ဖြစ်နိုင်ကြောင်း ဟောပြတော်မူပေသည်။

သေယျထာပိ အာနန္ဒ ဗလဝါ ပုရိသော ဒိဝသင်္တေ ခေဠပိဏ္ဍံ သံယူဟိတွာ အပ္ပကသိရေန ဝမေယျ၊ ဧဝမေဝ ခေါ အာနန္ဒ ယဿ ကဿစိ ဧဝံ သီဃံ ဧဝံ တုဝဋံ ဧဝံ အပ္ပကသိရေန ဥပ္ပန္နံ မနာပံ ဥပ္ပန္နံ အမနာပံ ဥပ္ပန္နံ မနာပါမနာပံ နိရုဇ္ဈတိ၊ ဥပေက္ခာ သဏ္ဌာတိ။ (မ၊ ၃။ ၃၅၀)

ဤပါဠိတော်ကို ကြည့်လျှင် ဝိပဿနာဉာဏ် အားကောင်းသော ပုဂ္ဂိုလ်သည် အာရုံခြောက်ပါးနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်လာသော လောဘ ဒေါသ မောဟ တရားတို့ကို အားရှိသော ယောကျ်ားသည် လျှာဖျား၌ တည်သော တံတွေးကို လွယ်ကူစွာ ထွေးပစ်နိုင်သကဲ့သို့ အလွယ်တကူ ပယ်နိုင်သည်။ သင်္ခါရုပေက္ခာဉာဏ်သည်လည်း လွယ်ကူစွာ ဖြစ်ပေါ်လာနိုင်သည်ဟုဆိုလို ကြောင်း သိနိုင်ပေသည်။

ဤပါဠိတော်၌ "နိဗ္ဗာန်ရဖို့ မခက်၊ တံတွေးထွေးရသလောက် လွယ်ကူသည်" ဟူသော ဟောကြားချက် မပါသောကြောင့် အထက်ပါ ဆရာတော်ကြီး၏ ဟောစကားတွင် "နိဗ္ဗာန်ရောက်ဖို့" ဟူသော စကားကို 'သင်္ခါရုပေက္ခာဉာဏ်ဖြစ်ဖို့" ဟုလည်းကောင်း၊ "နိဗ္ဗာန်ရောက်ဖို့ရာ" ဟူသောစကားကို "သင်္ခါရုပေက္ခာ-ဉာဏ်ဖြစ်ဖို့ရာ" ဟုလည်းကောင်း ပြင်ဆင်ပေးသင့်သည်။ တိပ်ခွေကို၌ အထက်ပါ စကားနှစ်ရပ်ကို ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၁၅၇)

ဒါ ဖြတ်တဲ့နည်း ဘုရားဟောတာ (ပ) ဟို. . ဥဒယဗ္ဗယတွေက မစတော့ဘူး၊ သင်္ခါရုပေက္ခာကနေပြီး စတက်လိုက်တယ်။

(အမှတ်စဉ်-၂၄၊ နှာ-၁၅၆-၁၆၇)

ဥဒယဗ္ဗယဉာဏ်မှစ၍ မတက်ဘဲ သင်္ခါရုပေက္ခာကနေပြီး စ, တက်လိုက်တယ်-ဟူသော ဟောကြားချက်သည် မှားယွင်းပါကြောင်း စောဒကဆရာတော်က တင်ပြသည်။

သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်စသော ဝိပဿနာဉာဏ်စဉ် ၁၈-ပါးသည် ဖားခုန်သလို ခုန်ကျော်၍ ကျင့်ရသည့် ဉာဏ်များမဟုတ်ပေ။ အစဉ်အတိုင်း ကျင့်ရသည့် ဉာဏ်များ ဖြစ်ရသည်။ ဝိပဿနာအလုပ် အားထုတ်သူတိုင်း သမ္မသနဉာဏ်မှစ၍ ပွားကြရသည်သာ ဖြစ်သည်။

စောဒနာအမှတ် (၁၃/ ၁၅၆) ၌ ပြခဲ့သည့်အတိုင်း ဝိပဿနာရှုဖန်များလတ်သော် အာရုံခြောက်ပါးနှင့်စပ်၍ တပ်မက်ခြင်း, ပြစ်မှားခြင်း, တွေဝေခြင်း မဖြစ်တော့ဘဲ ဝိပဿနုပေက္ခာဟု ဆိုအပ်သော သင်္ခါရုပေက္ခာဖြစ်ကြောင်း ဣန္ဒြိယဘာဝနာသုတ်၌ ဘုရားရှင်ဟောတော်မူခဲ့သည်။

ယင်းအကြောင်းကို-

ဣဓာနန္ဒ ဘိက္ခုနော စက္ခုနာ ရူပံ ဒိသွာ ဥပ္ပဇ္ဇတိ မနာပံ ဥပ္ပဇ္ဇတိ အမနာပံ ဥပ္ပဇ္ဇတိ မနာပါမနာပံ၊ သော ဧဝံ ပဇာနာတိ 'ဥပ္ပန္နံ ခေါ မေ ဣဒံ မနာပံ ဥပ္ပန္နံ အမနာပံ ဥပ္ပန္နံ မနာပါ မနာပံ၊ တဉ္စ ခေါ သင်္ခတံ ဩဠာရိကံ ပဋိစ္စသမုပ္ပန္နံ၊ ဧတံ သန္တံ ဧတံ ပဏီတံ ယဒိဒံ ဥပေက္ခာ'တိ-ဟု

ပါဠိတော် ပြဆိုပေသည်။

ထိုတွင် ဝိပဿနုပေက္ခာ (သင်္ခါရုပေက္ခာ)၏ သဘောကို-

"ယဒိဒံ ဥပေက္ခာတိ ယာ ဧသာ ဝိပဿနုပေက္ခာ နာမ (ပ) အယံ ဘိက္ခု စက္ခုဒွါရေ ရူပါရမ္မဏမှိ ဣဋ္ဌေ အာရမ္မဏေ မနာပံ၊ အနိဋ္ဌေ အမနာပံ၊ မဇ္ဈတ္တေ မနာပါမနာပဉ္စ စိတ္တံ၊ တဿ ရဇ္ဇိတုံ ဝါ ဒုဿိတုံ ဝါ မုယှိတုံ ဝါ အဒတွာဝ ပရိဂ္ဂဟေတွာ ဝိပဿနံ မဇ္ဈတ္တေ ဌပေတိ" ( မ၊ ဋ္ဌ၊ ၄။ ၂၅၁)

ဟူ၍ အဋ္ဌကထာ၌ ဖွင့်ပြပေသည်။

ထိုဝိပဿနုပေက္ခာဟူသော သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပေါ်လာအောင် သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်တို့မှ စ၍ အားထုတ်ရကြောင်းကို-

ပရိဂ္ဂဟေတွာတိ ပရိဇာနနဝသေန ဉာဏေန ဂဟေတွာ။ ဉာတတီရဏပဟာနပရိညာဟိ ပရိဇာနိတွာ။ ဝိပဿနံ မဇ္ဈတ္တေ ဌပေတီတိ အနုက္ကမေန ဝိပဿနုပေက္ခံ နိဗ္ဗတ္တေတွာ တံ သင်္ခါရုပေက္ခံ ပါပေတွာ ဌပေတိ။

(မ၊ ဋီ၊ ၃။ ၄၄၀)

ဟု ဋီကာက ဖွင့်ဆိုပေသည်။

ပရိဂ္ဂဟေတွာ-ကို ဉာတတီရဏပဟာနပရိညာဟိ ပရိဇာနိတွာ-ဟု ဖွင့်ဆိုသောကြောင့် နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်ဟု ဆိုအပ်သော ဉာတပရိညာဖြင့် အစပြု၍ သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်ဟူသော တီရဏပရိညာဖြစ်အောင် အားထုတ်ရသည်။ တီရဏပရိညာဖြစ်မှ ပဟာနပရိညာဖြစ်သော ဥဒယဗ္ဗယဉာဏ်အရင့်စားမှ စ၍ အနုလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ်ဖြစ်ကြောင်း သိနိုင်ပေသည်။

ဤသည်ကို ထောက်လျှင် ဥဒယဗ္ဗယဉာဏ်ဖြစ်အောင် မရှုဘဲ ဘင်္ဂဉာဏ်, ဘယဉာဏ်စသည်မဖြစ်နိုင်။ သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်ဖြစ်မှသာ အစဉ်အတိုင်း ဉာဏ်စဉ်တက်၍ သင်္ခါရုပေက္ခာဉာဏ်ဖြစ်ကြောင်း သိနိုင်ပေသည်။

ထို့ကြောင့် မိုးကုတ်ဆရာတော်ကြီး၏ အထက်ပါ ဟောကြားချက်ကို စာအုပ်များနှင့် အသံတွင်းတိပ်ခွေများမှ ပယ်ဖျက်ပေးရမည် ဖြစ်သည်။

## အမှတ် (၁၃/၁၅၈)

မင်းတို့ သန္တာန်၌ ဘာကလေး ပေါ်လာပေါ်လာ ဒုက္ခသစ္စာဘဲ ပေါ်လာလိမ့်မယ်။ (ပ) မင်းတို့ သန္တာန်လောဘစိတ်ကလေး ပေါ်လာလဲ ဖြစ်ပျက် ဆိုတော့ ဘာသစ္စာတုန်း။ (ဒုက္ခသစ္စာပါ)။ (အမှတ်စဉ်-၂၄၊နှာ-၁၉၃)

ဤဟောကြားချက်၌ လောဘသည် ဒုက္ခသစ္စာဟု ဟောခြင်းသည် မှားပါသည်ဟု စောဒကဆရာတော်က တင်ပြသည်။

ဆရာတော်ကြီး၏ အထက်ပါ ဟောတရား၌ "မင်းတို့ သန္တာန်မှာ လောဘစိတ်ကလေးပေါ်လာလဲ ဖြစ်ပျက်ဆိုတော့ ဘာသစ္စာတုန်း (ဒုက္ခသစ္စာပါ)" ဟု ဟောထားရာ လောဘစိတ်ကို ဒုက္ခသစ္စာဟု ဆိုကြောင်း သိသာသည်။ လောဘသည် ဒုက္ခသစ္စာဟု ဟောသည်မဟုတ်။

ဒုက္ခံ တေဘူမကံ ဝဋ္ဋံ-ဟူသော အဘိဓမ္မတ္ထသင်္ဂဟ သမုစ္စည်းပိုင်း ပါဠိ အရ လောဘစိတ် (လောဘမူစိတ်) သည် ဒုက္ခသစ္စာဖြစ်သောကြောင့် ဆရာတော်ကြီး၏ ဟောကြားချက်သည် မှန်ကန်သည်၊ အမှားမဟုတ်ပေ။

## အမှတ် (၁၃/၁၅၉)

ကြပ်ကြပ် ရှုပေးပါ ပါးပါလိမ့်မယ်ဆိုတာ လက်ရိုက်ရိုးဥပမာနဲ့ ပလဂတ္တသုတ်ဆိုပြီး ခန္ဓဝဂ္ဂသံယုတ်မှာ ေ ေသေချာချာ ဟောတယ် (မှန်ပါ့ဘုရား)။ ငါဘုရားသခင် ကိုယ်တော်မြတ်ကြီးကွာတဲ့၊ တနေ့ ဒီဋ္ဌိ ဘယ်လောက် ပြုတ်တယ် လို့တော့ ငါမပြောပြနိုင်ဘူးကွတဲ့။ (အမှတ်စဉ်-၂၄၊နှာ-၃၂၆)

ဤဟောကြားချက် “ပလဂတ္တသုတ်” ဟူသောစကားနှင့် ‘ငါဘုရားသခင်ကိုယ်တော်မြတ်ကြီးကွာတဲ့၊ တနေ့ ဒိဋ္ဌိဘယ်လောက်ပြုတ်တယ်လို့တော့ ငါမပြောပြနိုင်ဘူးကွတဲ့ ’ ဟူသောစကား မှားသည်ဟု စောဒကဆရာတော်က တင်ပြသည်။

ဘုရားရှင်သည် သဗ္ဗညုတဉာဏ်ရှင်ဖြစ်သောကြောင့် သဗ္ဗညုတ ဉာဏ်နှင့်ဆင်ခြင်ကြည့်လျှင် ဒိဋ္ဌိဘယ်လောက်ပြုတ်သည်ဟု သိနိုင်မည်ဖြစ် ကြောင်း၊ ထို့ကြောင့် ဒိဋ္ဌိဘယ်လောက်ပြုတ်သည် ဟု ငါဘုရား မသိနိုင် ဟူသော စကားဟုမှား ကြောင်း စောဒကဆရာတော်က ရှင်းပြပါသည်။

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၌ ပလဂတ္တသုတ်ဟူသောအမည်ဖြင့် ဟောထားသောသုတ်မရှိပေ။ ပဲကွပ်ရိုး, လက်ရိုက်ရိုး ဥပမာပြု၍ ဟောထားသောသုတ်ကို “ဝါသိဇဋ္ဌသုတ်” ဟူ၍သာ မှတ်တမ်းတင်ထားသည်ကို တွေ့ရပေသည်။

[ပလဂဏ္ဍသဒ္ဒါသည် လက်သမားဆရာဟူသော အနက်ကို ဟော၏။ ထိုဝါသိဇဋ္ဌသုတ်၌ ပလဂဏ္ဍဿ ဝါ ပလဂဏ္ဍန္တေဝါသိကဿ ဝါ-ဟူသော ပါဠိပါသောကြောင့် ပလဂဏ္ဍသုတ်ဟု ဆရာတော်ကြီးသုံးနှုန်းခြင်း ဖြစ်ဟန်တူသည်။ ပလဂဏ္ဍကို စာကူးသူက ပလဂတ္တ-ဟု အကြားမှား အရေးမှား သွားခြင်း ဖြစ်နိုင်သည်။]

ထို့ကြောင့် ‘ပလဂတ္တသုတ်’ ဟူသော စကားကို ‘ဝါသိဇဋ္ဌသုတ်’ ဟု ပြင်ဆင်ပေးရမည်ဖြစ်သည်။

ထိုဝါသိဇဋ္ဌသုတ်၌ ဘာဝနာကမ္မဋ္ဌာန်း မပြတ်တမ်းရှုမှတ်နေသော ယောဂီအား (လက်သမားတို့၏ ပဲကွပ်ရိုးသည် ကိုင်ပါများ ထိပါများ၍ လက်ချောင်းရာများထင်ကာ ဖြည်းဖြည်း ဖြည်းဖြည်းဖြင့် ကုန်သွားသော်လည်း ယနေ့ဤမျှကုန်သည်၊ မနေ့က ဘယ်လောက်ကုန်၍ တမြန်နေ့က ဘယ်လောက်ကုန်ခဲ့သည်ဟု မသိနိုင်၊ ကုန်သည်ကိုသာသိ၍ မည်မျှကုန်သည်ကို မသိနိုင်သကဲ့သို့) အာသဝေါတရားများ ကုန်သည်ဟု သိသော်လည်း ယနေ့ အာသဝေါတရား မည်မျှကုန်သည်၊ မနေ့က မည်မျှကုန်ခဲ့သည်ဟု မသိနိုင်-ဟု ဘုရားဟောတော်မူခဲ့သည်။

သေယျထာပိ ဘိက္ခဝေ ပလဂဏ္ဍဿ ဇါ ပလဂဏ္ဍန္တေဝါသိကဿ ဝါ ဝါသိဇဋ္ဌေ ဒိဿန္တေဝ အင်္ဂုလိပဒါနိ၊ ဒိဿတိ အင်္ဂုဋ္ဌပဒံ။ (ပ) ဧဝမေဝ ခေါ

ဘိက္ခဝေ ဘာဝနာနုယောဂံ အနနုယုတ္တဿ ဘိက္ခုနော ဝိဟရတော ကိဉ္စာပိ န ဧဝံ ဉာဏံ ဟောတိ "ဧတ္တကံ ဝတ မေ အဇ္ဇ အာသဝါနံ ခီဏံ၊ ဧတ္တကံ ဟိယျော၊ ဧတ္တကံ ပရေ"တိ။ အထ ခွဿ ခီဏေ ခီဏာတ္ဝေ ဉာဏံ ဟောတိ။ (သံ၊ ၂။ ၁၂၆)

အထက်ပါ ပါဠိတော်ကို ကြည့်လျှင် "ယနေ့ ဒီဠှိ ဘယ်လောက်ကုန်ကြောင်း မြတ်စွာဘုရားမသိ"ဟူသော အဓိပ္ပါယ်ကို မတွေ့ရဘဲ ယောဂီပုဂ္ဂိုလ်ကသာ "ငါ ယနေ့ အာသဝ ဘယ်လောက်ကုန်သွားသည် စသည်ဖြင့် မသိကြောင်း" ဟူသော အဓိပ္ပါယ်ကိုသာ တွေ့ရမည် ဖြစ်ပေသည်။

ထို့ကြောင့် "ငါဘုရားသခင် ကိုယ်တော်မြတ်ကြီးကွာတဲ့၊ တနေ့ ဒီဠှိ ဘယ်လောက်ပြုတ်တယ်လို့တော့ ငါမပြောပြနိုင်ဘူးကွတဲ့" ဟူသော စကားကို ပယ်ဖျက်ပြီး "တရားအားထုတ်တဲ့ ယောဂီရဟန်းဟာ တစ်နေ့ ဒီဠှိ ဘယ်လောက် ပြုတ်တယ်လို့ မသိဘူး၊ မပြောပြနိုင်ဘူး။ ကုန်တာကို ကုန်တယ်လို့တော့ သိတယ်" ဟု ပါဠိတော်နှင့် ညီညွတ်အောင် ပြင်ဆင်ပေးရမည် ဖြစ်သည်။

## အမှတ် (၁၃/၁၆၀)

ဒိဋ္ဌေဝ ဓမ္မေ ငါဘုရားကွာတဲ့၊ အမှန်စင်စစ်လို့ပြောနေပါတယ်၊ ဒိဋ္ဌဓမ္မ ရမှာပါ။ မင်းတို့ ဘာမှ သံသယမရှိပါနဲ့၊ ဧကန်တကယ်ကို အခုဘဲ ရမှာဘဲလို့ ရဲဝံ့စွာ ဘုရား တာဝန်ခံတော်မူတာ ဒီပါဠိတော်ဘဲဗျ။

(အမှတ်စဉ်-၂၄၊နှာ-၃၅၆)

မိုးကုတ်ဆရာတော်ကြီးသည် အင်္ဂုတ္တိုရ်ပါဠိတော် သတ္တကနိပါတ် အနိစ္စာနုပဿီသုတ်ကို ဟောရင်း ထိုသုတ်၌ ပါသော ဒိဋ္ဌေဝ ဓမ္မေ-ပါဠိတော်ကို ကြည့်၍ အနိစ္စကမ္မဋ္ဌာန်းကို အကြားအလပ်မရှိ ရှုမှတ်နေသော ပုဂ္ဂိုလ်သည် ဤဘဝ ရဟန္တာ ဖြစ်ကို ဖြစ်ရမည်ဟု ဘုရားက တာဝန်ခံထားလေဟန် ဟောကြားခြင်းသည် မှားယွင်းပါသည်ဟု စောဒကဆရာတော်က တင်ပြသည်။

အနိစ္စာနုပဿီသုတ်ကို လေ့လာကြည့်ရာ အနိစ္စကမ္မဋ္ဌာန်းကို အကြားအလပ်မရှိ ကိလေသာ ကြားမခိုစေဘဲ ကြိုးစားအားထုတ်သဖြင့် အချို့သောပုဂ္ဂိုလ်သည် အနာဂါမ်ဖြစ်သွားသည်၊ ထိုပုဂ္ဂိုလ်များသည် အာဟုနေယျ, ပါဟုနေယျစသော သံယာ့ဂုဏ်ရည်ငါးမျိုးနှင့် ပြည့်စုံကြောင်း ဟောကြားထားသည်ကို တွေ့ရသည်။

ဤသုတ်၌ အနိစ္စကမ္မဋ္ဌာန်းကို ကိလေသာ ကြားမခိုအောင် မပြတ်မလပ်

အကြားမရှိ အခြားမရှိ အနားမရှိဘဲ ကြိုးစားအားထုတ်လျှင် ရဟန္တာဖြစ်ရမည်၊ အနာဂါမ်ဖြစ်ရမည်ဟု သေချာပေါက် အာမခံ (တာဝန်ခံ) ဟောကြားထားခြင်းမျိုးကို မတွေ့ရ။ အနိစ္စကမ္မဋ္ဌာန်းကို မပြတ်မလပ်အားထုတ်က ရနိုင်သော အကျိုးကိုသာ ဟောကြားထားခြင်းဖြစ်သည်။ (သေချာပေါက် ရရမည်-ဟူ၍ ဟောကြားထားခြင်းမျိုး မဟုတ်။)

က္လဓ ဘိက္ခဝေ ဧကစ္စော ပုဂ္ဂလော သဗ္ဗသင်္ခါရေသု အနိစ္စာနုပဿီ ဝိဟရတိ အနိစ္စသညီ အနိစ္စပဋိ သံဝေဒီ သတတံ သမိတံ အဗ္ဗောကိဏ္ဏံ စေတသာ အဓိမုစ္စမာနော ပညာယ ပရိယောဂါဟမာနော။ သော အာသဝါနံ ခယာ အနာသဝံ စေတောဝိမုတ္တိံ ပညာဝိမုတ္တိံ ဒိဋ္ဌေဝ ဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရတိ။ အယံ ဘိက္ခဝေ ပဌမော ပုဂ္ဂလော အာဟုနေယျော (ပ) ပုညခေတ္တံ လောကဿ။ (အံ၊ ၂။ ၄၀၅)

ဟောကြားပြသသူဆရာက မည်မျှပင် တာဝန်ခံခံ အာမခံခံ အားထုတ်သူ တပည့်က အရည်အသွေး မရှိပါလျှင် တာဝန်ခံ အာမခံသည့်အတိုင်း မဖြစ်နိုင်ပေ။ ထို့ကြောင့် ဟောကြားပြသသူ၏ အရည်အချင်း လိုအပ်သကဲ့သို့ ကျင့်ကြံအားထုတ်သူ၏ စွမ်းရည်ကလည်း အလွန်လိုအပ်သောကြောင့်လည်းကောင်း၊ အနိစ္စာနုပဿီသုတ်၌ ဘုရားက အတိအကျ အာမခံသည့်စကား တာဝန်ယူသည့် စကား မပါသောကြောင့်လည်းကောင်း အထက်ပါ မိုးကုတ်ဆရာတော်ကြီး၏ ဟောတရားများနှင့် အခြားအလားတူ စကားရပ်များကို ဟောစဉ်စာအုပ်များနှင့် အသံသွင်းတိပ်ခွေတို့မှ ပယ်ဖျက်ပေးရမည်။

## အမှတ် (၁၃/၁၆၁)

ခန္ဓာငါးပါးကို ငါ့ကိုယ် ငါ့ဟာလို့ ထင်နေတဲ့ အသွားက နက်ဖြန် ကမ္ဘာပျက်၊ ဒီအထင်ကြီးက မပြုတ်ဘဲ နေလို့ရှိရင် ဒီစကြဝဠာ ငရဲရှိတော့ တာ မဟုတ်လို့ တခြားစကြဝဠာ သွားခံရတယ်။ (အမှတ်စဉ်-၂၅၊ နှာ-၁၀၈)

ခန္ဓာငါးပါးကို ငါ့ကိုယ် ငါ့ဟာလို့ ထင်နေတဲ့ သက္ကာယဒိဋ္ဌိကြီးနဲ့ သေသွားရင် ကမ္ဘာပျက်သွားပေမယ့် တစ်ခြား စကြဝဠာပြောင်းပြီး ခံရတယ်ဟု မိုးကုတ်ဆရာတော်ကြီး၏ ဤဟောကြားချက်သည် ကျမ်းဂန်တို့နှင့် မညီညွတ်၍ မှားပါကြောင်း စောဒကဆရာတော်က တင်ပြပေသည်။

ဤစောဒနာနှင့် စပ်လျဉ်း၍ ဒိဋ္ဌိများကို လေ့လာကြည့်ရာ-

"အဟေတုကဒိဋ္ဌိ, အကိရိယဒိဋ္ဌိ, နတ္ထိကဒိဋ္ဌီတိ အယံ တိဝိဓာ သဂ္ဂါ-ဝရဏာ စေဝ ဟောတိ၊ မဂ္ဂါဝရဏာ စ။ ဒသဝတ္ထုကာ အန္တဂ္ဂါဟိကာ မိစ္ဆာဒိဋ္ဌိ မဂ္ဂါဝရဏာဝ ဟောတိ၊ န သဂ္ဂါဝရဏာ။ ဝီသတိဝတ္ထုကာ သက္ကာယဒိဋ္ဌိ နေဝ သဂ္ဂါဝရဏာ န မဂ္ဂါဝရဏာ" (အံ၊ ဋ္ဌ၊ ၁။ ၃၆၉)-

ဟူသော အဋ္ဌကထာအရ နိယတမိစ္ဆာဒိဋ္ဌိဟူသော အဟေတုက, အကိရိယ, နတ္ထိကဒိဋ္ဌိတို့သည် နတ်ရွာ သုဂတိနှင့် မဂ်ဖိုလ်ကိုတားသည်။ သဿတဒိဋ္ဌိစသော အစွန်းကို ယူတတ်သော အန္တဂ္ဂါဟိကာမိစ္ဆာဒိဋ္ဌိသည် မဂ်ဖိုလ်ကိုသာ တား၍ နတ်ရွာသုဂတိကို မတားတတ်။ သက္ကာယဒိဋ္ဌိသည်ကား နတ်ရွာသုဂတိကိုလည်း မတားတတ်၊ မဂ်ဖိုလ်ကိုလည်း မတားတတ်ကြောင်းကို သိရသည်။

အပေါ့ဆုံး အပြစ်အသေးဆုံးဟု ဆိုရသော သက္ကာယဒိဋ္ဌိသည် ပုထုဇဉ်တို့၏ သန္တာန်၌ အမြဲကိန်းနေသည်။ ထိုသက္ကာယဒိဋ္ဌိသည် အကုသိုလ်တို့၏ အခြေခံလည်းဖြစ်ရာ ထိုသက္ကာယဒိဋ္ဌိကို အခြေခံ၍ အကုသိုလ်ကို ပြုမှသာ အပါယ်သို့ ရောက်နိုင်သည်။ ကိန်းနေရုံမျှဖြင့် အပါယ်သို့ မရောက်စေနိုင်။ သက္ကာယဒိဋ္ဌိ အခြေခံသော အကုသိုလ်ကြောင့် အပါယ်ငရဲသို့ ရောက်သည်ပင်ထားဦး၊ နိယတ-မိစ္ဆာဒိဋ္ဌိကဲ့သို့ အပြစ်ကြီးသော မိစ္ဆာဒိဋ္ဌိ မဟုတ်သောကြောင့် ကမ္ဘာပျက်သော် အခြားစကြဝဠာသို့ ပြောင်းရွှေ့ပြီး ငရဲခံရမည့် မိစ္ဆာဒိဋ္ဌိကား မဟုတ်ပေ။ နိယတ-မိစ္ဆာဒိဋ္ဌိကြောင့် ငရဲကျသူတို့သာ ကံအရှိန်မကုန်သေးက ကမ္ဘာပျက်သော် အခြားစကြဝဠာရှိ ငရဲသို့ ပြောင်းရွှေ့ခံစားကြရပေသည်။

ထို့ကြောင့် အထက်ပါ ဆရာတော်ကြီး၏ ဟောစကားကို ဟောစဉ်စာအုပ်များနှင့် အသံသွင်းတိပ်ခွေများမှ ပယ်ဖျက်ပေးရမည်ဖြစ်သည်။

**အမှတ်စဉ် (၁၃/၁၆၂)**

> ဘိက္ခဝေ၊ ရဟန်းတို့။ ဝဇ္ဇာနိ၊ အပြစ်တို့သည်။ မိစ္ဆာဒိဋ္ဌိပရမာနိ၊ ငါ့ကိုယ် ငါ့ဟာထင်တဲ့ မိစ္ဆာဒိဋ္ဌိက ခေါင်ကဖုံးပြီး အကြီးဆုံးသော အပြစ်ကြီးပါပေတည်း။ (အမှတ်စဉ်-၂၅၊ နှာ-၁၀၉)

အဋ္ဌကထာအဖွင့်နှင့် တရားသဘောသွားကို မစဉ်းစားဘဲ ထင်ရာမြင်ရာ ဆွဲကာ အနက်ပေးထားသောကြောင့် မှားပါသည်ဟု စောဒကဆရာတော်က တင်ပြပေသည်။

ပါဠိတော်အမှန်မှာ "မိစ္ဆာဒိဋ္ဌိပရမာနိ ဘိက္ခဝေ မဟာသာဝဇ္ဇာနိ" ဖြစ်သည်။

ယင်းကို –

"မိစ္ဆာဒိဋ္ဌိပရမာနီတိ မိစ္ဆာဒိဋ္ဌိ ပရမာ ဧတေသန္တိ မိစ္ဆာဒိဋ္ဌိပရမာနိ။ ပဉ္စဟိ အာနန္တရိယကမ္မာနိ မဟာသာဝဇ္ဇာနိ နာမ။ တေဟိပိ မိစ္ဆာဒိဋ္ဌိယေဝ မဟာသာ-ဝဇ္ဇတရာတိ အဓိပ္ပါယော။ " (အံ၊ ဋ္ဌ၊ ၁၁။ ၃၇၁)

ဟု ဖွင့်ဆိုသောကြောင့် အထက်ပါ ပါဠိတော်ကို-

"ဘိက္ခဝေ၊ ရဟန်းတို့။ မဟာသဝဇ္ဇာနိ၊ ကြီးသောအပြစ်ရှိသော အကုသိုလ်တို့ သည်။ မိစ္ဆာဒိဋ္ဌိပရမာနိ-မိစ္ဆာဒိဋ္ဌိလျှင် လွန်ကဲသော အတိုင်းအရှည်ရှိကုန်၏။" ဟု အနက်ပေးရမည်။

မိစ္ဆာဒိဋ္ဌိမှန်သမျှ အပြစ်ကြီးသည်သာဖြစ်၏။ အာနန္တရိယကံထက်ပင် မိစ္ဆာဒိဋ္ဌိ က အပြစ်ကြီးသည်။ မိစ္ဆာဒိဋ္ဌိအားလုံးတို့တွင် နိယတမိစ္ဆာဒိဋ္ဌိက ပို၍ အပြစ်ကြီး သည်ဟု သိရသောကြောင့် အထက်ပါအတိုင်း အနက်ပေးသင့်သည်။

ထို့ကြောင့် မိုးကုတ်ဆရာတော်ကြီး၏ အထက်ပါ ဟောစကားကို ညွှန်ပြ အပ်ပြီးအတိုင်း အနက်မှန်ပြင်ပေးရမည်ဖြစ်သည်။

## အမှတ် (၁၃/၁၆၃)

သမုဒယသစ္စာ ၃-ခု၊ ဒုက္ခသစ္စာ ၃-ခု၊ ဒါ လူမိုက်မှာ ပေါ်တယ်။ (မှန်ပါ)။ လူလိမ္မာမှာ သမုဒယသစ္စာ ၃-ခုနဲ့ ဒုက္ခသစ္စာ ၃-ခုပြတ်တယ်။ (ပ) လူမိုက်မှာတော့ မဂ်ဆိုတဲ့ ပြဟ္မစရိယအကျင့်ကို မကျင့်ဘူး။ မကျင့်တဲ့ အတွက် ထုံးစံအတိုင်း တဏှာ, ဥပါဒါန်, ကံ, ဇာတိ, ဇရာ မရဏ ဒီကို သွားရမယ်။ (အမှတ်စဉ်-၂၅၊ နှာ-၂၄၀)

အသေဝနာ စ ဗာလာနံ-ဟောဒီ မမှီဝဲအပ်သည့် ၃-ခု။ မပေါ်ထိုက်သည့် ၃-ခု၊ ပေါ်လို့ရှိရင် ဒါ ဗာလတရား။ (ပ) မင်္ဂလသုတ်က ဒါကို ဟောတာ (မှန်ပါ)။ ခင်ဗျားတို့က ဟိုကောင်နဲ့ မပေါင်းနဲ့ (မှန်ပါ)။ ဒီအတိုင်း ထင်နေ တယ်။ ခင်ဗျားတို့က ပုဂ္ဂိုလ်အပေါ် သွားထုတ် နေတယ်။

(အမှတ်စဉ်-၂၅၊ နှာ-၂၄၁/၂၄၂)

ဧတံ မင်္ဂလမုတ္တမံ၊ ဥတ္တမံ-မြတ်သော။ မင်္ဂလံ-နိဗ္ဗာန်တည်းဟူသော မင်္ဂလာသည်။ ဟောတိ-ဖြစ်၏။ (အမှတ်စဉ်-၂၅၊ နှာ-၂၄၂)

ဤပြောတရားတို့သည် သုတ္တန်ဒေသနာဖြစ်သော မင်္ဂလသုတ္တန်ကို အဘိ-ဓမ္မာဒေသနာပုံဟန် သရုပ်ဖော်ဟောကြားနေခြင်းကြောင့် မှား၏ဟု စောဒက ဆရာတော်က တင်ပြပေသည်။

စောဒနာအမှတ် (၁၃/၈၂-၈၃)တို့၌ စိစစ်ပြဆိုပြီးသည့်အတိုင်း အသေဝနာ စ ဗာလာနံ-စသော မင်္ဂလသုတ္တန်သည် သုတ္တန္တဒေသနာဖြစ်သည်အားလျော်စွာ ဗာလ, ပဏ္ဍိတတို့အရ ပုဂ္ဂိုလ်ကို ကောက်ယူနိုင်သော်လည်း အဘိဓမ္မာနည်းဖြင့် ဝေဖန်လျှင် ထိုဗာလပုဂ္ဂိုလ်တို့၌တည်သော အကုသိုလ်တရား၊ ပဏ္ဍိတပုဂ္ဂိုလ် တို့၌တည်သော ကုသိုလ်တရားတို့ကိုလည်း ကောက်ယူနိုင်ပေသည်။

သို့သော် အများသိ ဒေသနာတစ်ခုကို အများမသိနိုင်သည့်နည်းဖြင့် အနက် အဓိပ္ပာယ်ဖွင့်ဆိုလျှင် အငြင်းပွား၍ အကျိုးထက် အပြစ်ကသာ များနိုင်ပေသည်။

သို့ဖြစ်၍ အမှတ်(၁၃/၈၁-၈၂) တို့၌ ညွှန်ပြခဲ့သည့်အတိုင်း ဤ၌လည်း အများနားလည်နိုင်သည့် အနက်အဓိပ္ပာယ်အပြင် ရနိုင်သော အများမသိနိုင်သော အနက်အဓိပ္ပာယ်တို့ကို တွဲဖက်ဖော်ပြမှသာ ခန့်ညားထည်ဝါ၍ သံသယကို ရှင်းစေ မည်ဖြစ်ပေသည်။

ထို့ကြောင့် အထက်ပါ ဆရာတော်ကြီး၏ ဟောတရား စကားပိုဒ် သုံးပိုဒ် အနက် ပထမအပိုဒ်ကို "တဏှာ ဥပါဒါန် ကံ အကြောင်းသမုဒယသုံးခု၊ ဇာတိ ဇရာ မရဏ အကျိုးဒုက္ခသုံးခုဟာ မိုက်အောင်လုပ်တတ်တဲ့ အဝိဇ္ဇာကြောင့် ပေါ်ရ တယ်။ လိမ္မာအောင် လုပ်တတ်တဲ့ ဝိဇ္ဇာ (ပညာ)ကြောင့် သမုဒယ သုံးခုနဲ့ ဒုက္ခသုံးခုပြတ်တယ်။ (ပ) မိုက်အောင်လုပ်တတ်တဲ့ အဝိဇ္ဇာကြောင့် မင်္ဂဆိုတဲ့ ဖြဟ္မစရိယမင်္ဂအကျင့်ကို မကျင့်ရဘူး။ မကျင့်တဲ့အတွက် ထုံးစံအတိုင်း တဏှာ, ဥပါဒါန် ကံ, ဇာတိ ဇရာ မရဏ ဒီကို သွားရမယ်" ဟု ပြင်ဆင် ဖြည့်စွက် ပေးရမည်ဖြစ်သည်။

ဒုတိယအပိုဒ်ကို-

"အသေဝနာ စ ဗာလာနံ။ ဗာလာနံ၊ လူမိုက်တို့ကို။ တရားသဘောနဲ့ ဖော်ပေး ရင် ဗာလာနံ-လူမိုက်မှာရှိတဲ့ မိုက်တဲ့ တရားတို့ကို။ ဗာလာနံ၊ မိုက်အောင်လုပ်တတ် တဲ့ အဝိဇ္ဇာနဲ့ မိုက်တဲ့ အဝိဇ္ဇာကြောင့် ပေါ်လာတဲ့ တဏှာ, ဥပါဒါန်, ကံ သုံးပါး တို့ကို။ အသေဝနာ စ-မမှီဝဲရခြင်းလည်းကောင်း။ မင်္ဂလသုတ္တန်ကို ဓမ္မဓိဋ္ဌာန် အနေနဲ့ ပြောရင် ဒါကို ဟောတာ"-ဟု ပြင်ဆင်ပြီး—

"ခင်ဗျားတို့က ဟိုကောင်နဲ့ မပေါင်းနဲ့ (မှန်ပါ) ဒီအတိုင်း ထင်နေတယ်။ ခင်ဗျားတို့က ပုဂ္ဂိုလ်အပေါ် သွားလုပ်နေတယ်"-
ဟူသော စကားရပ်ကိုမူ စာအုပ်များနှင့် တိပ်ခွေတို့မှ ပယ်ဖျက်ပေးရမည်ဖြစ်သည်။

တတိယအပိုဒ်လာ-

"မဂ်လံ-နိဗ္ဗာန်တည်းဟူသော မဂ်လာသည်" ဟူသော စကားရပ်ကိုကား အမှတ် (၁၃/၈၄)၌ စိစစ်ခဲ့ပြီးအတိုင်း "မဂ်လံ-နိဗ္ဗာန်ရောက်ကြောင်း မဂ်လာတရားကောင်းသည်"-ဟု ပြင်ဆင်ပေးရမည် ဖြစ်သည်။

**အမှတ် (၁၃/၁၆၄)**

ဖြစ်ပျက်တွေ ချုပ်ငြိမ်းသွားတဲ့ဆီကို ဉာဏ်က ရောက်နေတဲ့ ပုဂ္ဂိုလ်တွေ ကျတော့ လေးခါလောက်သာ ဖြစ်လို့ရှိရင် ငါနောက် ပဋိသန္ဓေ မနေ ရတော့ဘူး၊ အဇာတိဆိုတဲ့ ပဋိသန္ဓေ မနေရာဖြင့် ငါရောက်ပြီလို့ မှတ်ပါ။

(အမှတ်စဉ်-၂၆၊ နှာ-၂၃၂)

၎င်း ဟောကြားချက်၌ 'ဉာဏ်က' ဟု သာမညဟောထားသောကြောင့် မှားသည်ဟု စောဒကဆရာတော်က တင်ပြပါသည်။

ဖြစ်ပျက်တွေ ချုပ်ငြိမ်းသွားတဲ့ဆီကို ဉာဏ်က ရောက်နေတဲ့ ပုဂ္ဂိုလ်တွေကျတော့ ဟူသော စကားကိုထောက်လျှင် မိုးကုတ်ဆရာတော်ကြီး ဟောလိုရင်းမှာ မဂ်ဉာဏ်ဖြစ်ပုံကို ဟောလိုရင်းဖြစ်ကြောင်း သိနိုင်သည်။

မဂ်ဉာဏ်သည် တစ်ကြိမ်လောက်သာဖြစ်၍ မဂ်လေးပါး ရသွားသော ရဟန္တာပုဂ္ဂိုလ်များမှာ မဂ်ဉာဏ်လေးကြိမ်သာဖြစ်ကြောင်း 'မဂ္ဂါဘိညာ သကိံမတာ' ဟူသော အဘိဓမ္မတ္ထသင်္ဂဟကျမ်း ဝီထိပိုင်းပါဠိဖြင့်ပင် သိနိုင်ပါသည်။

သို့ဖြစ်၍ အထက်ပါ မိုးကုတ်ဆရာတော်ကြီး၏ ဟောစကားကို "ဖြစ်ပျက်တွေ ချုပ်ငြိမ်းတဲ့နိဗ္ဗာန်ကို မဂ်ဉာဏ်နဲ့ လေးခါရောက်ရင် နောက်ထပ် ပဋိသန္ဓေ မနေရတော့ဘူး၊ အဇာတ်ဆိုတဲ့ ပဋိသန္ဓေမနေရတော့တဲ့ အနုပါဒိသေသနိဗ္ဗာန်ကို ငါရောက်တော့မှာ" ဟု ပြင်ပေးမှသာ အသိရှင်းသွားမည် ဖြစ်သည်။

အမှတ် (၁၃/၁၆၅)

အဟံ အဝေရော ဟောမိ (ပ) ဟာ မေတ္တာကို မဟုတ်ပါဘူး၊ တဏှာ ဖြစ်နေတယ်။ (အမှတ်စဉ်-၂၆၊ နှာ-၃၈၆)

မေတ္တာပို့တာ ဒီနည်းနဲ့ ပို့တာ ကြာကြပလား (ပ) (ကြာပါပြီဘုရား)။ ဟာ ဒါဖြင့် နာတာရှည်တွေပါလား။ (မှန်ပါ)။အေး---ဒါ့ကြောင့် ပြင်ကြ စမ်းပါဦး ဆိုရတယ်နော်။ (အမှတ်စဉ်-၂၆၊ နှာ-၃၈၇/၃၈၈)

မေတ္တာပို့တာဟာ မေတ္တာစေတသိက်နဲ့ ပို့ရတယ် (မှန်ပါ)။ တဏှာနဲ့ ပို့လို့ မရဘူး။ (အမှတ်စဉ်-၂၆၊ နှာ-၃၈၈)

မိုးကုတ်ဆရာတော်ကြီး၏ အဟံ အဝေရော ဟောမိ-စသည်ဖြင့် မိမိကိုယ်ကို မေတ္တာပို့ခြင်းသည် မေတ္တာပို့မဟုတ်၊ တဏှာပို့သာဖြစ်သည်ဟူသော ဟောကြား ချက်သည် မှားသည်ဟု စောဒကဆရာတော်က တင်ပြပေသည်။

မေတ္တာပို့ပုံကို မေတ္တသုတ် (ခုဒ္ဒက။ ၁၀ )နှင့် ပဋိသမ္ဘိဒါမဂ် (ပဋိသံ၊ ၃၁၄) တို့၌ ပဓာနအားဖြင့် တွေ့ရပေသည်။ မေတ္တသုတ္တန်နှင့် ပဋိသမ္ဘိဒါမဂ်တို့လာ မေတ္တာပွားနည်း (မေတ္တာပို့)၌ မိမိကိုယ်ကို မေတ္တာပို့ပုံ မပါသော်လည်း မေတ္တာ ဘာဝနာနှင့်စပ်၍ ဟောကြားအပ်သော သုတ္တန်ဒေသနာတော်တို့၌-

သော မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတွာ ဝိဟရတိ။ တထာ ဒုတိယံ၊ တထာ တတိယံ၊ တထာ စတုတ္ထံ။ ဣတိ ဥဒ္ဓမဓော တိရိယံ သဗ္ဗဓိ သဗ္ဗတ္တတာယ သဗ္ဗာဝန္တံ လောကံ မေတ္တာသဟဂတေန စေတသာ ဝိပုလေန မဟဂ္ဂတေန အပ္ပမာဏေန အဝေရေန အဗျာပဇ္ဇေန ဖရိတွာ ဝိဟရတိ။ (ဒီ၊ ၁။ ၂၃၄။ ဝိဘင်္ဂ။ ၂၈၄-စသည်)

ဟု ဟောကြားရာတွင် “သဗ္ဗတ္တတာယ” ဟူသောပါဌ်ဖြင့် အလုံးစုံသော သတ္တဝါ တို့၌ မိမိကိုယ်၏အဖြစ်ဖြင့် နှလုံးသွင်းရမည်ဖြစ်ကြောင်း(ဝါ) မိမိနှင့် ထပ်တူထား၍ ပွားများရမည်ဖြစ်ကြောင်း ပြပေသည်။

ယင်းသို့သော ညွှန်ပြချက်အရ ဝိသုဒ္ဓိမဂ်အဋ္ဌကထာက ကိုယ်ချင်းစာစိတ် ဖြစ်ပေါ်စေရန် (ဝါ) မိမိချမ်းသာချင်သလို အများသတ္တဝါတို့ကိုလည်း ချမ်းသာ စေလိုသည့် မေတ္တာစိတ်ဖြစ်စေရန် မိမိကိုယ်ကို သက်သေအရာ၌ထား၍ ပွားနိုင် ရန်အတွက်-

"သဗ္ဗပဌမံ ပန "အဟံ သုခိတော ဟောမိ နိဒ္ဒုက္ခော" တိ ဝါ, အဝေရော အဗျာပဇ္ဇော အနီဃော သုခီ အတ္တာနံ ပရိဟရာမီ" တိ ဝါ ဧဝံ ပုနပ္ပုနံ အတ္တနိယေဝ ဘာဝေတဗ္ဗာ။ " (ဝိသုဒ္ဓိ၊ ၁။ ၂၈၈)-
ဟု မိမိကိုယ်ကို ရှေးဦးစွာ မေတ္တာပွားရမည်ဖြစ်ကြောင်း ပြဆိုပေသည်။

ဤသို့ မိမိကိုယ်ကို မေတ္တာပို့ခြင်းသည် အပ္ပနာစျာန်ဖြစ်အောင် ပွားခြင်း မဟုတ်။ မိမိကို သက်သေထား၍ (ဝါ) မိမိကို စံထား၍ အခြားသတ္တဝါတို့ အပေါ်၌ အကျိုးလိုလားသောစိတ် (မေတ္တာစိတ်) ဖြစ်ပေါ်လာစေရန်အတွက် ပွားခြင်း ဖြစ်ပေသည်။

အလေ့အကျင့် မရသေး၍ သတိ, ပညာ အားနည်းသော သူများအဖို့ တဏှာ သည် မေတ္တာယောင်ဆောင်၍ ဝင်ရောက်နှိပ်စက်တတ်ကြောင်း-

"မေတ္တာဗြဟ္မဝိဟာရဿ ဟိ သမီပစာရော ဝိယ ပုရိသဿ သပတ္တော ဂုဏဒဿနသဘာဂတာယရာဂေါ အာသန္န ပစ္စတ္ထိ ကော၊ သော လဟုံ ဩတရံ လဘတိ၊ တသ္မာ တတော သုဋ္ဌု မေတ္တာ **ရက္ခိတဗ္ဗာ**"

ဟု (ဝိသုဒ္ဓိ၊ ၁။ ၃၁၂။ အဘိ၊ ဋ၊ ၁။ )တို့၌ ဖွင့်ဆိုပေသည်။

ရာဂ (တဏှာ)သည် မေတ္တာ၏ အနီးဆုံးရန်သူ ဖြစ်သော်လည်း သတိ, ပညာ အားကောင်း၍ မေတ္တာဘာဝနာ၌ အလေ့အကျင့်ရသော ပုဂ္ဂိုလ်များသည် မိမိကို မေတ္တာပို့သည်ဖြစ်စေ၊ အခြား သူတစ်ပါးကို မေတ္တာပို့သည်ဖြစ်စေ တဏှာ ရာဂ မဖြစ်အောင် ထိန်းနိုင်သည့်အပြင် ဘာဝနာအဆင့် ရင့်သည်ထက်ရင့် မြင့်သည် ထက်မြင့်အောင် ဆင့်နိုင် မြှင့်နိုင်ကြပေသည်။ သန့်စင်သော မေတ္တာဖြစ်အောင် ပွားနိုင်ကြသည်သာဖြစ်ပေသည်။

ထို့ကြောင့် စောဒကဆရာတော် ထုတ်ဖော်ညွှန်ပြခဲ့သော အထက်ပါစကား သုံးရပ်အနက် ပထမစကားရပ်ပါ "အဟံ အဝေရော ဟောမိ (ပ) ဟာ မေတ္တာကို မဟုတ်ပါဘူး၊ တဏှာ ဖြစ်နေတယ်" ဟူသော စကားကို" အဟံ-အကျွန်ုပ်သည်။ အဝေရော-ရန်မရှိသည်။ ဟောမိ- ဖြစ်ရပါလို၏' လို့ မေတ္တာပို့တဲ့အခါ သတိ မထားရင် သတိအားနည်းရင် မေတ္တာ မဖြစ်ဘဲ တဏှာ ဖြစ်နေတတ်တယ်" ဟု ပြင်ဆင်ပေးရမည်ဖြစ်သည်။

ဒုတိယစကားရပ်ကိုကား အများအသိရှုတ်ထွေးစရာဖြစ်သည့်အပြင် အဋ္ဌကထာဆရာကြီးများကို ပြက်ရယ်ပြုရာ ရောက်နေသောကြောင့် ဟောစဉ် စာအုပ်နှင့် အသံသွင်းတိပ်ခွေတို့မှ ပယ်ဖျက်ပေးရမည်ဖြစ်သည်။

**အမှတ် (၁၃/၁၆၆)**

ရဟန္တာဖြစ်တဲ့နေ့ကစပြီး ဆွမ်းခံကျွေးရတာကို မကျွေးချင်ဘူး(မှန်ပါ)။ ခန္ဓာကျွန်ခံရတာ နာလိုက်တာလို့ စိတ်ထဲမှာ ဒီအတိုင်းပေါ်တယ်။ (ပ) ရဟန္တာဖြစ်တဲ့နေ့ကစပြီး ခန္ဓာကြီး၏ ပရိနိဗ္ဗာန်စံချင်တဲ့စိတ်က ချက်ချင်း ပေါ်လာတယ်။ (အမှတ်စဉ်-၂၆၊ နှာ-၄၁၈)

ဤဟောတရား၌ ရဟန္တာပုဂ္ဂိုလ်များက မြန်မြန် ပရိနိဗ္ဗာန်စံချင်သည့် စိတ်ရှိကြောင်း ဟောကြားထားခြင်းသည် မှားသည်-ဟု စောဒကဆရာတော်က တင်ပြထားပေသည်။

ခန္ဓာဝန်ကို ကြီးလေးသော ဝန်ထုပ်ဝန်ပိုးကြီးအဖြစ် သိမြင်နေကြသော ရဟန္တာများသည် အချိန်မတန်ဘဲ ပရိနိဗ္ဗာန်စံရန်အတွက်လည်းကောင်း၊ ပရိနိဗ္ဗာန် စံသင့်သည့်အချိန်ထက် ပိုမိုပြီးအသက်ရှည်စေရန်အတွက်လည်းကောင်း၊ အားထုတ်ခြင်း မရှိကြပေ။ အသက်ရှင်နေရခြင်းနှင့် ပရိနိဗ္ဗာန်စံရခြင်း နှစ်ဌာန်တို့၌ တူမျှသော စိတ်ရှိတော်မူကြသည်။ အသက်ရှည်အောင် ဆေးဝါးစသည်ဖြင့် ပြုပြင်ခြင်း၊ မြန်မြန် ပရိနိဗ္ဗာန်စံအောင် အထူးအားထုတ်ခြင်း မရှိပေ။ သစ်ရွက်ရော် သည် ကြွေချိန်တန်သောအခါ အလိုလို ကြွေကျသကဲ့သို့လည်းကောင်း၊ လခစား အလုပ်သမားသည် လကုန်သောအခါ လုပ်အားခ လစာကိုရမည်ဖြစ်၍ လကုန် ရက်ကို စောင့်မျှော်သကဲ့သို့လည်းကောင်း၊ အတိတ်ကံကြောင့် ရရှိထား သော ခန္ဓာဝန်ထုပ်ဝန်ပိုးကြီးသည် ကံအရှိန်ကုန်သည့်အခါ ချုပ်ငြိမ်းရမည်ဖြစ်၍ ထိုချုပ်ငြိမ်းရမည့်ကာလကို ရဟန္တာပုဂ္ဂိုလ်များသည် သတိ, ပညာ မလွတ်စေဘဲ စောင့်မျှော်နေသည့်သဘောရှိကြောင်း၊ အသက်တိုရန် အသက် ရှည်ရန် အထူး ကြောင့်ကြစိုက်ခြင်းမရှိကြောင်း ကျမ်းစာတို့၌ဖွင့်ပြ ကြပေသည်။

နာဘိနန္ဒာမိ မရဏံ၊ နာဘိနန္ဒာမိ ဇီဝိတံ။
ကာလဉ္စ ပဋိကင်္ခါမိ၊ သမ္ပဇာနော ပတိဿတော။ (ထေရ၊ ၂၅၈-စသည်)

ပုန မရဏေ ဇီဝိတေ စ သမစိတ္တတံ ဒဿေန္တော“နာဘိနန္ဒာမိ”တိ အာဒိနာ ဒွေ ဂါထာ ဝတွာ။ (ထေရ၊ ဋ္ဌ၊ ၂၊ ၄၀၃)

ယဒိ ဧဝံ ခီဏာသဝဿ ပရိနိဗ္ဗာနာဘိကင်္ခါ ယာဝ ပရိနိဗ္ဗာနာ အဝဋ္ဌာနဥ္စ ကထန္တိ? အာဟ ကာလဉ္စ ပဋိကင်္ခါမိ၊ သမ္ပဇာနော ပတိဿတော တိ။ ကိလေသပရိနိဗ္ဗာနေ သိဒ္ဓေ သတိပညာ ဝေပုလ္လပ္ပတ္တိယာ သတော သမ္ပဇာနော

ကေဝလံ ပဋိကင်္ခါမိ၊ တံ ဥဒိက္ခမာနော အာဂမယမာနော ဝိဟရာမိ၊ န ပန မေ မရဏေ ဇီဝိတေ ဝါ အဘိနန္ဒနာ အတ္ထိ အရဟတ္တမဂ္ဂေနေဝ တဿ သမုဂ္ဃါတိ-တတ္တာ။ (ထေရ၊ ဋ္ဌ၊ ၁။ ။ ၄၀၇/၄၀၈)

ကာလံ ကင်္ခါတိ ပရိနိဗ္ဗာနကာလံ ပတ္တေတိ။ ခီဏာသဝေါ ဟိ နေဝ မရဏံ အဘိနန္ဒတိ၊ န ဇီဝိတံ ပတ္ထေတိ၊ ဒိဝသသင်္ခေပံ ဝေတနံ ဂဟေတွာ ဌိတပုရိသော ဝိယ၊ ကာလံ ပန ပတ္ထေတိ၊ဩလောကေန္တော တိဋ္ဌတီတိ အတ္ထော။ (သံ၊ ဋ္ဌ၊ ၁။ ၁၁၆)

"မမ ဘေသဇ္ဇာဒိနိ ကရောထာ"တိ ဇနံ လပိတုံ ကထေထုံ ပယောဇနံ နတ္ထိ သရီရေ နိရပေက္ခဘာဝတော၊ ပဏ္ဍုပလာသော ဝိယ ဟိ ဗန္ဓနာ ပဝုတ္တော သယမေဝါယံ ကာယော ဘိဇ္ဇိတွာ ပတတူတိ ခီဏာသဝါနံ အဇ္ဈာသယော။ (ဥဒါန၊ ဋ္ဌ။ ၁၅၀)

ယဒိ ဇဝံ ကသ္မာ ဣဒ္ဓိမန္တော စေတောဝသိပ္ပတ္တာ ခီဏာသဝါ လောက ဟိတတ္ထံ တထာ န တိဋ္ဌန္တီတိ? ခန္ဓာသင်္ခါတဿ ဒုက္ခ ဘာရဿ ပရိညာတတ္တာ အနုဿုက္ကတာယ စ။ ပဋိပဿဒ္ဓ သဗ္ဗဥဿုက္ကာ ဟိ တေ ဥတ္တမပုရိသာ။ (နေတ္တိ၊ ဋ္ဌ။ ၈၄)

အယောနိသော တိ အနုပါယေန။ အပက္ကံ န ပရိပါစေန္တီတိ အပရိဏတံ အခီဏံ အာယုံ အန္တရာဝ န ဥပစ္ဆိန္ဒန္တိ။ ပရိပါကံ အာဂမေန္တီတိ အာယုပရိပါက ကာလံ အာဂမေန္တိ။ (ဒီ၊ ဋ္ဌ၊ ၂။ ၃၉၉)

ထို့ကြောင့် မိုးကုတ်ဆရာတော်ကြီး၏ အထက်ပါ ဟောတရားကို "ရဟန္တာဖြစ်တဲ့နေ့ကစပြီး ဆွမ်းခံကျွေးနေရပေမဲ့ အသက်ရှင်နေရ အသက်ရှည် နေရတာကိုလည်းထူးမလိုလားဘူး။ လေးလံတဲ့ ခန္ဓာဝန်ထုပ်ကြီးကို ထမ်းထား ရပေမယ့် မြန်မြန်ပရိနိဗ္ဗာန်စံဖို့လည်း ထူးမလိုလားဘူး။ အလိုအလျောက် အချိန်စေ့တော့ရောက်လာမဲ့ ပရိနိဗ္ဗာန်စံရမည့် ရက်ကိုသာ သတိ, ပညာနဲ့ စောင့်ဆိုင်းနေတယ်"ဟု ပြင်ဆင်ပေးရမည်ဖြစ်သည်။

## အမှတ် (၁၃/၁၆၇)

ဒီအချိန်မှာ သေသွားမယ်ဆိုရင်ဖြင့် ဆင်နင်း မြင်းနင်းလို့သေသွားမယ် ဆိုရင်ဖြင့်"ငါသည် အပါယ်လေးပါးလွတ်မှာ မဟုတ်ဘူး"လို့ သူ့စိတ်ထဲမှာ အောက် မေ့နေတယ်။ (အမှတ်စဉ်-၂၇၊ နှာ-၂၀၁)

စောဒကဆရာတော်ကမဟာနာမ်သာကီဝင်မင်းသည် သောတာပန် ဖြစ်၍ "ငါ အပါယ်လေးပါးမှ လွတ်မှာ မဟုတ်"ဟု တွေးတောမှာ မဟုတ်သော ကြောင့် မိုးကုတ်ဆရာတော်ကြီး၏ အထက်ပါ ဟောပြောချက်သည် မှားပါသည်-ဟု တင်ပြသည်။

မဟာနာမ်သာကီဝင်မင်းသည် သကဒါဂါမ်ဖြစ်ကြောင်း-

"မဟာနာမော နာမ ဘဂဝတော စူဠပိတုပုတ္တော မာသမတ္တေန မဟလ္လက တရော ဒွိသု ဖလေသု ပတိဋ္ဌိတော အရိယသာဝကော။"

(ဝိ၊ ဋ္ဌ၊ ၃။ ၁၂၄)

မဟာနာမောတိ အနုရုဒ္ဓတ္ထေရဿ ဘာတာ ဘဂဝတော စူဠပိတုပုတ္တော (ပ)မဟာနာမော မဟလ္လကတရော သကဒါဂါမီ အရိယသာဝကော။

(မ၊ ဋ္ဌ။ ၁။ ၃၆၅/၃၆၆)

ဟူ၍ အဋ္ဌကထာတို့၌ ဖွင့်ဆိုပေသည်။

ဤနေရာ၌ အရိယာပုဂ္ဂိုလ်များသည် မိမိသန္တာန်၌ ပယ်အပ်ပြီးသော ကိလေသာ, မပယ်ရသေးသော ကိလေသာတို့ကို အမှန်အတိုင်း သိကြသည် သာဖြစ်၏။ သို့သော် မည်သည့်မဂ်က မည့်သည့်ကိလေသာတို့ကို ပယ်သည် ဟုကား အရိယာတိုင်း မသိပေ။ တချို့ အရိယာများ သိ၍ ဝေါဟာရပညတ်၌ မကျွမ်းကျင်သောအချို့ အရိယာများကမူ မသိပေ။

မဟာနာမ်သာကီဝင်မင်းသည် သကဒါဂါမ်ပုဂ္ဂိုလ် ဖြစ်နေသော်လည်း ဝေါဟာရပညတ်၌ မကျွမ်းကျင်လျှင် မည်သည့်မဂ်က မည်သည့်ကိလေသာကို ပယ်သည်ဟု မသိနိုင်ပေ။

အရိယာပုဂ္ဂိုလ်တို့၏ ပစ္စဝေက္ခဏာ ဉာဏ်သည်လည်း ပစ္စဝေက္ခဏာ ဉာဏ်၏ အာရုံဖြစ်သော မဂ်, ဖိုလ်, နိဗ္ဗာန်,ပဟီနကိလေသာ, အပ္ပဟီန ကိလေသာ ဟူသော ငါးမျိုးလုံးကို အချို့ မသိကြပေ။ အချို့သော အရိယာများက ပဟီနကိလေသာကိုသာ ဆင်ခြင်၍ အချို့အရိယာများက အပ္ပဟီန ကိလေသာ ကိုသာ ဆင်ခြင်ကြသည်။ အချို့မဂ်ကိုသာ ဆင်ခြင်၍ အချို့ဖိုလ်ကိုသာ ဆင်ခြင် ကြသည်။ ပစ္စ ဝေက္ခဏာ ဉာဏ်၏ အာရုံငါးမျိုးလုံးကို ဆင်ခြင်သောပုဂ္ဂိုလ်ကား ရှားပေသည်။

မဟာနာမ်သာကီဝင်မင်းသည် သကဒါဂါမ်အရိယာဖြစ်သောကြောင့် သကဒါဂါမိမဂ်ဖြင့် ရာဂ,ဒေါသ, မောဟတို့ကို အကြွင်းမရှိ ပယ်အပ်ပြီးပြီဟု

မှတ်ထင်နေပေသည်။ ထို့ပြင် ငါ မပယ်ရသေးသော ကိလေသာတွေလည်း ရှိနေ၏ဟု သိပေသည်။ မပယ်ရသေးသော ကိလေသာကို အကြောင်းပြု၍ ပယ်အပ်ပြီသော ကိလေသာတွေ ပြန်ဖြစ်နိုင်သည်ဟုလည်း မှတ်ထင်မှုရှိနေသည်။

ဤသို့ မှတ်ထင်တွေးတောခြင်းသည် "မည်သည့်မဂ်က မည်သည့်ကိလေသာတို့ကို ပယ်သည်" ဟူသော ပညတ္တိဝေါဟာရ၌ မကျွမ်းကျင်သော ကြောင့်လည်း ပေတည်း (ဝါ) မည့်သည့်မဂ်က မည်သည့်ကိလေသာကို ပယ်သည်ဟု သိသော သုတမရှိသောကြောင့်ပေတည်း။

ကွမ္မဲ စာဟံ သမယေ ကာလံ ကရေယျံ၊ ကာ မယှံ ဂတိ ကော အဘိ သမ္ပရာယော၊ ဒီလို ဆင်ကြမ်းမြင်းကြမ်းစသည်ကို မြင်ရ၍ ပွားများခဲ့သော ဗုဒ္ဓါနုဿတိ ဘာဝနာစိတ်စသော အစဉ်သည် ကွယ်ပျောက်သွားသည့် ဤအချိန်၌ ငါသေခဲ့လျှင် ငါ၏ ဂတိနှင့် တမလွန်ဘဝသည် အဘယ်သို့ ဖြစ်လေမည်နည်း ဟု ဆင်ခြင်မိသောအခါ သကဒါဂါမ်သာဖြစ်၍ ဒေါသကို အကုန်မပယ်ရသေး ရကား ကြောက်စိတ်ဖြစ်မည်သာ ဖြစ်ပေသည်။

ယိုအကြောင်းကို ဘုရားရှင် မိန့်ကြားသော "မာ ဘာယိ မဟာနာမ၊မာ ဘာယိ မဟာနာမ၊ နောင်တော်ကြီးမဟာနာမ် မကြောက်လင့် မကြောက်လင့် "ဟူသော အားပေးစကားကို ထောက်ဆ၍ သိနိုင်ပေသည်။

အယံ ကိရ ရာဇာ"သကဒါဂါမိမဂ္ဂေန လောဘဒေါသမောဟာ နိရဝသေသာ ပဟီယန္တိ"တိ သညီ အဟောသိ၊ အယံ"အပ္ပဟီနံ မေ အတ္ထိ" တိပိ ဇာနာတိ။ အပ္ပဟီနကံ ဥပါဒါယ ပဟီနကမ္ပိ ပုန ပစ္စာဂတော ဝါ ဝတ္တတီတိသညီ ဟောတိ။ အရိယသာဝကဿ ဧဝံ သန္ဒေဟော ဥပ္ပဇ္ဇတီတိ? အာမ ဥပ္ပဇ္ဇတိ။ ကသ္မာ? ပဏ္ဏတ္တိယာ အကောဝိဒတ္တာ "အယံ ကိလေသော အသုကမဂ္ဂဝဇ္ဈော" တိ ဣမိဿာ ပဏ္ဏတ္တိယာ အကောဝိဒဿ ဟိ အရိယသာဝကဿပိ ဧဝံ ဟောတိ။

"ကိံ တဿ ပစ္စဝေက္ခဏာ နတ္ထီတိ? အတ္ထိ၊ သာ ပန န သဗ္ဗေသံ ပရိပုဏ္ဏာ ဟောတိ။ ဧကော ဟိ ပဟီနကိလေသမေဝ ပစ္စဝေက္ခတိ၊ဧကော အဝသိဋ္ဌ-ကိလေသမေဝ။ ဧကော မဂ္ဂမေဝ၊ ဧကော ဖလမေဝ၊ ဧကော နိဗ္ဗာနမေဝ။ ဣမာသု ပန ပဉ္စသု ပစ္စဝေက္ခဏာသု ဧကံ ဝါ ဒွေ ဝါ နော လဒ္ဓုံ န ဝဋ္ဋန္တိ။ ဣတိ ယဿ ပစ္စဝေက္ခဏာ န ပရိပုဏ္ဏာ၊ တဿ မဂ္ဂဝဇ္ဈကိလေသပဏ္ဏတ္တိယံ အကောဝိဒတ္တာ ဧဝံ ဟောတိ။ (မ၊ ၄၊ ၁။ ၃၆၆)

သကဒါဂါမ်ဖြစ်သော မဟာနာမ်သည် ရာဂ, ဒေါသ, မောဟတို့ကို အကြွင်းမဲ့ပယ်ပြီးပြီဟု အထင်ရှိနေသည်။ မပယ်ရသေးသော ကိလေသာများ လည်း ရှိသည်ဟု သိနေသည်။ မပယ်ရသေးသော ကိလေသာတို့ကို အကြောင်းပြု၍ ပယ်ပြီးကိလေသာများလည်း ထပ်ဖြစ်နိုင်သည်ဟု အထင် ရောက်နေသည်။ ထို့ကြောင့် **ထိုကိလေသာများက** အပါယ်ဘုံသို့ ပို့များ ပို့နေမည်လားဟု တွေးတောခြင်းနှင့် ကြောက်ရွံ့ထိတ်လန့်ခြင်း ဖြစ်နိုင်၍ အထက်ပါ မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်ကို မှားသည်ဟု မဆိုနိုင်ပေ။

သို့ရာတွင် "ဣမမှိ စာဟံ သမယေ ကာလံ ကရေယျံ၊ ကာ မယှံ ဂတိ၊ ကော အဘိသမ္ပရာယော"ဟူသော ပါဠိတော်နှင့် တစ်ထပ်တည်းကျအောင် "ငါသည် အပါယ်လေးပါး လွတ်မှာ မဟုတ်ဘူးလို့ သူ့စိတ်ထဲမှာ အောက်မေ့ နေတယ်"ဟူသော စကားရပ်ကို "ငါသည် ယခုအခါ သေသွားရင် ဘယ်ဂတိ ဘယ်ဘဝများ ရောက်မှာပါလိမ့်လို့ သူစိတ်ထဲမှာ အတွေးတွေရောက် နေတယ်" ဟူသော စကားရပ်ဖြင့် အစားထိုး ပြင်ဆင်ပေးသင့်သည်။

## အမှတ် (၁၁၃/၁၆၈)

ရေသောက်ချင်တာ တဏှာ။ (အမှတ်စဉ်-၂၇၊ နှာ-၃၂၅၊ ၃၂၉)

ပုထုဇဉ် သေက္ခပုဂ္ဂိုလ်များသာ ရေသောက်ချင်ကြတာ (ရေငတ်ကြတာ) မဟုတ်ပါ။ တဏှာကင်းပြီးသော ဘုရား ရဟန္တာများလည်း ရေသောက်ချင်ကြ (ရေငတ်ကြ) သောကြောင့် ရေသောက်ချင်တာ တဏှာ- ဟု လုံးထွေးဟောကြား ခြင်းသည် မှားပါသည်-ဟု စောဒကဆရာတော်က တင်ပြပေသည်။

ရေသောက်ချင်ခြင်း (ရေငတ်ခြင်း)သည် တဏှာဟု ဆိုရန် ခိုင်မာသော အထောက်အထား မရှိပေ။ ခန္ဓာကိုယ်၏ သဘာဝအရ ရေငတ်လာခြင်းကို တဏှာဟု မဆိုထိုက်ပေ။ ဘုရားရှင် ပါဝါမြို့မှ ကုသိနာရုံသို့ အလာလမ်းတွင် ပင်ပန်းတော်မူလှသဖြင့် ရေလည်းဆာလာသဖြင့် "ဣဃ မေ တွံ အာနန္ဒ ပါနီယံ အာဟာရ၊ ပိပါသိတောသ္မိ အာနန္ဒ ပိဝိဿာမိ" ဟု ရေဆာလာ ၍ ရေကပ်ရန် အရှင်အာနန္ဒာအား မိန့်ကြားတော်မူပေသည်။

ရေငတ်လာ၍ (ဝါ)ရေဆာလာ၍ ရေသောက်ချင်ခြင်းသည် ဆန္ဒသာဖြစ် သည်။ ချို-ချဉ်-စပ်-ငန် စသည့်အာရုံ အရသာ တစ်ခုခုကို ခံစားချင်၍ သောက်ချင်ခြင်းမျိုးကိုသာ တဏှာ-ဟု ဆိုသင့်ပေသည်။

**ဆိုလိုသည်မှာ ခန္ဓာကိုယ်၏ သဘာဝအရ ရေငတ်၍ (ရေဆာ၍)ရေသောက်ချင်ခြင်းသည် ဆန္ဒသာဖြစ်သင့်၍ တဏှာမဖြစ်ထိုက်ပေ။ အရသာခံလို၍ အချိုရည်သောက်ခြင်း, အရက်သောက်ခြင်း စသည့်ကိုသာ တဏှာဟု ဆိုထိုက်ပေသည်။**

ထို့ကြောင့် "ရေသောက်ချင်တာဟာ တဏှာ" ဟူသော စကားကို "တပ်မက်တဲ့စိတ် အရသာခံလိုတဲ့စိတ်နဲ့ ရေသောက်ရင် တဏှာဖြစ်တတ်တယ်၊ သတိ, ပညာရှေ့သွားပြုပြီးသောက်ရင် တဏှာမဖြစ်ဘူး"ဟု ဖြည့်စွက်ပြင်ဆင်ပေးမှသာ အသိရှင်းသွားမည်ဖြစ်သည်။

## အမှတ် (၁၃/၁၆၉)

တေဇောသည် ဒကာ, ဒကာမတို့ကို အိုအောင် လုပ်နေတာ၊ ဘယ်အချိန်ကာလက ပါလိမ့်မတုန်းလို့ မေးခွန်းထုတ်လို့ရှိရင် အချိန်တိုင်းဘဲ ဘုရား (မှန်ပါ)။ ရှင်းပလား (ရှင်းပါပြီဘုရား)။ ဪ. . ဒါဖြင့် ဘာဘာဝရရ သူပါမှာဘဲ။

(အမှတ်စဉ်-၂၇၊ နှာ-၄၀၁)

အရူပပြဟ္မာဘဝ၌ ရုပ်မှန်သမျှ ဘာတစ်ခုမျှ မရှိသောကြောင့်"ဘာဘာဝ ရရသူ(တေဇော) ပါမှာဘဲ"ဟု ဟောခြင်းသည် မှားပါသည်-ဟု စောဒက ဆရာတော်က တင်ပြသည်။

သဉ္စိရပစ္စယာ ဝိညာဏံ-ဟု ဟောသော်လည်း အသညသတ်ဘုံ၌ ဝိညာဉ်တစ်ပါးမျှ မရှိ၊ သို့သော် ကျန်သည့်ဘုံပေါင်း (၃၀)၌ ဝိညာဉ်ဖြစ်သောကြောင့် များရာကိုလိုက်၍ 'သင်္ခါရပစ္စယာ ဝိညာဏံ'ဟု ဟောသကဲ့သို့ ဤ၌လည်း တေဇောဖြစ်သည့်ဘုံက များသောကြောင့် များရာသို့လိုက်ပြီး "ဘာဘာဝ ရရ သူပါမှာဘဲ" ဟု ဟောခြင်းသည် မှားသည်ဟု မဆိုနိုင်ပေ။

သို့သော် အသိရှင်းသွားစေရန်အတွက် "ဘာဘာဝ ရရ သူပါမှာဘဲ"ဟူသော စကားကို "အရူပဘဝကလွဲရင် ဘာဘာဝ ရရ သူပါမှာဘဲ" ဟု ဖြည့်စွက်ပေးရမည်ဖြစ်သည်။

## အမှတ် (၁၃/၁၇၀)

အပါယ်လားစေတတ်တဲ့ ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, လောဘ, ဒေါသ, မောဟ (ပ)ဪ. . ဒီ ၆-ခုကိုး။ ဒကာ ဒကာမတို့ သောတာပတ္တိမဂ်က ပယ်လိုက်တယ်။ (အမှတ်စဉ်-၂၈၊ နှာ-၂၇၂/၂၇၃)

ဒါဖြင့် အပါယ်လေးပါး သွားတတ်စေတာ ဘယ်နှစ်ခုပါလိမ့် (၆-ခုပါဘုရား)။ ၆-ခုလို့ မှတ်ထားလိုက်တော့။ (အမှတ်စဉ်-၂၈၊ နှာ-၂၇၃)

အပါယ်လေးပါးသို့ သွားစေတတ်သောသံယောဇဉ်တို့သည် ခြောက်ပါးသာ မကပါ၊ ဣဿာ+မစ္ဆရိယတို့လည်း ပါ၍ ရှစ်ပါးဖြစ်ပါသည်။ သို့ဖြစ်၍ အပါယ်လေးပါး သွားစေတတ်သော ၆-ခုဟု မိုးကုတ်ဆရာတော်ကြီး ဟောကြားခြင်းသည် မှားပါသည်-ဟု စောဒကဆရာတော်က တင်ပြသည်။

သောတာပတ္တိမဂ်က ပယ်အပ်သောတရားများကို အဋ္ဌသာလိနီ အဋ္ဌကထာ၌ အောက်ဖော်ပြလတ္တံ့ပါအတိုင်း ပြဆိုထားပေသည်။

> ဣမိဿာ စ ပါဠိယာ ဒိဋ္ဌိကိလေသော ဝိစိကိစ္ဆာကိလေသောတိ ဒွေယေဝ အာဂတာ။ လောဘော ဒေါသော မောဟော မာနော ထိနံ ဥဒ္ဓစ္စံ အဟိရိကံ အနောတ္တပ္ပန္တိ ဣမေ ပန အဋ္ဌ အနာဂတာ။ အာဟရိတွာ ပန ဒီပေတဗ္ဗာ။ တတ္ထ ဟိ ဒိဋ္ဌိဝိစိကိစ္ဆာသု **ပဟီယမာနာသု** အပါယဂမနီယော လောဘော ဒေါသော မောဟော မာနော ထိနံ ဥဒ္ဓစ္စံ အဟိရိကံ အနောတ္တပ္ပန္တိ သဗ္ဗေပိမေ ပဟာနေကဋ္ဌာ ဟုတွာ ပဟီယန္တိ။
>
> (အဘိ၊ ဋ္ဌ၊ ၁။ ၃၈၉)

ဤဖွင့်ဆိုချက်အရ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အကြွင်းမဲ့ပယ်၍ ကြွင်းကိလေသာရှစ်ပါးကိုကား အပါယဂမနီယကိုသာ ပယ်ကြောင်း သိရပေသည်။ ဤကား ကိလေသာအားဖြင့် ပြဆိုခြင်းသည်။

သံယောဇဉ်အားဖြင့် ပြရာ၌ကား-

> ဒိဋ္ဌိဝိစိကိစ္ဆာသီလဗ္ဗတပရာမာသဣဿာမစ္ဆရိယာနိ သောတာပတ္တိမဂ္ဂေန ပဟီယန္တိ။ (အဘိ၊ ဋ္ဌ၊ ၁။ ၄၀၈)-

ဟု ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, ဣဿာ, မစ္ဆရိယငါးပါးတို့ကို သောတာပတ္တိမဂ်က ပယ်ကြောင်း ပြဆိုပေသည်။

ဤဖွင့်ဆိုချက်နှစ်ခုကို ပေါင်းစပ်လိုက်လျှင် ကိလေသာ ၁၀-ပါးနှင့်ဣဿာ, မစ္ဆရိယ-ပေါင်း ၁၂-ပါးကို သောတာပတ္တိမဂ်က ပယ်ကြောင်း၊ ထိုတွင် ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ၊ ဣဿာ၊ မစ္ဆရိယ သံယောဇဉ်ငါးပါးကို အကြွင်းမဲ့ ပယ်သတ်၍ ကျန်ကိလေသာ သံယောဇဉ်များကိုကား အပါယဂမနီယဖြစ်သည့် တစ်စိတ်တဒေသကိုသာ ပယ်ကြောင်း သိရပေသည်။

ထို့ကြောင့် အထက်ပါ မိုးကုတ်ဆရာတော်ကြီး၏ ဟောပြောချက်ကို ပယ်ဖျက်ပေးရမည်ဖြစ်သည်။

အမှတ် (၁၃/၁၇၁)

ညီမလို့ခေါ်တယ် (အမှတ်မှားပါဘုရား)။ (ပ) အဲဒီတော့ ရုပ်နာမ်ပျောက် ဖြစ်ပျက်ပျောက် သမ္မုတိသစ္စာပျောက် အကုန်ပျောက်ပါတယ်။

(အမှတ်-၂၉၊ နှာ-၄၈၀)

ဤ၌ 'ညီမ' ဟူသောစကားသည် သမ္မုတိသစ္စာဖြစ်၍ "သမ္မုတိသစ္စာပျောက်" ဟု မိုးကုတ်ဆရာတော်ကြီး ဟောခြင်းသည် မှားပါသည်-ဟု စောဒကဆရာတော် က တင်ပြသည်။

စောဒကဆရာတော် တင်ပြသည့်အတိုင်း အမှန်ပင်ဖြစ်၍ အထက်ပါ မိုးကုတ် ဆရာတော်ကြီး၏ ဟောတရားဝယ် "သမ္မုတိသစ္စာပျောက်"ဟူသော စကားကို ပယ်ဖျက်ပေးရမည်ဖြစ်သည်။

အမှတ် (၁၃/၁၇၂)

ဩော် ဒါဖြင့် မဂ်ဖိုလ်ရချင်လို့ရှိရင် သူတော်ဆည်းကပ်ပြီး တရား နာလို့ လျော်အောင် ကျင့်လိုက်လို့ရှိရင် ပြီးကြစတမ်းဘဲဆိုတဲ့ဥစ္စာ ဒကာ,ဒကာမတွေ သေသေချာချာ မှတ်ပါတော့(ပ) အဲဒါ တို့လုပ်ကြည့်တဲ့အခါမရဘူးလို့ မအောက် မေ့နဲ့။ ရမှာဘဲလို့ ဆုံးဖြတ်ချက်ချပါ။ (မှန်ပါ)။ ဘုရားဟာနှစ်ခွန်း မပြောဘူး။

(အမှတ်စဉ်- ၂၉၊ နှာ- ၆၂၂)

အခု တရားနာလာကြတဲ့ ဒကာ ဒကာမတွေဟာ ဩော်. . နိဗ္ဗာန်ရောက် ချင်လို့ရှိရင် ဒီသုံးချက်ထည်းပါကလား၊ သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လျော်စွာအကျင့်။ (အမှတ်စဉ်- ၂၉၊ နှာ-၆၂၆)

ဩော်. . ဒါဖြင့် လျော်စွာအကျင့်ဆိုတဲ့ တစ်လုံးတည်းသည်ကားလို့ ဆိုရင်ဖြင့် ဒိဋ္ဌိမမွနိဗ္ဗာန်ရတဲ့ တရားပါလား (မှန်ပါ)။ (အမှတ်စဉ်-၂၉၊ နှာ-၆၃၆)

သူတော်ကောင်းတို့ဆည်းကပ်ရန် တိုက်တွန်းစကားကို မာဂဏ္ဍိယပရိဗိုဇ်အား ဘုရားရှင်က မိန့်ကြားသည်။ တရားနာရန်၊ တရားတော်အတိုင်းကျင့်ရန် တိုက်တွန်းစကားမပါ၊ သူတော်ကောင်းကို ချဉ်းကပ်ပါက ရနိုင်သည့် အကျိုးကို ပြသောအားဖြင့် သူတော်ကောင်းတရားကို နာရလိမ့်မည်၊ တရားအားလျော်စွာ

ကျင့်ရလိမ့်မည်ဟု မိန့်ကြားခြင်းဖြစ်၍ မိုးကုတ်ဆရာတော်ကြီးက သုံးမျိုးလုံး တိုက်တွန်းသယောင် ဟောထားခြင်းသည်-မှားပါသည်-ဟု စောဒက ဆရာတော်က တင်ပြပေသည်။

ထို့ပြင် ဒီဘဝ ရဟန္တာသေချာပေါက်ဖြစ်မည့် မာဂဏ္ဍိယပရိဗိုဇ်အား ဟောကြားသော တရားဖြစ်၍ ပုဂ္ဂိုလ်တိုင်း ဒီအတိုင်းကျင့်ခြင်းဖြင့် တရားထူးရနိုင်သည်ဟု မဆိုနိုင်ကြောင်းကိုလည်း စောဒက ဆရာတော်က တင်ပြပေသည်။

ဤတရားတော်သည် ဘုရားရှင်က မာဂဏ္ဍိယပရိဗိုဇ်အား ဟောကြားသည့် တရားဖြစ်သည်။ မာဂဏ္ဍိယ! သင်သည် သူတော်ကောင်းတို့ကို ဆည်းကပ်ပါ ။ သူတော်ကောင်းတို့ကို ဆည်းကပ်လျှင် သူတော်ကောင်း တရားကို နာရလိမ့်မည်၊ သူတော်ကောင်းတရားကို နာကြားပြီး တရားတော် အတိုင်း ကျင့်သုံးပါက ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာကို သင်ကိုယ်တိုင် သိမြင်ရလိမ့် မည်-ဟု ဟောကြားထားရာ သာမန်အားဖြင့်ကြည့်လျှင် သူတော်ကောင်းကို ဆည်းကပ်ရန်သာ တိုက်တွန်းထားကြောင်း သိနိုင်ပေသည်။

သူတော်ကောင်းကို ဆည်းကပ်လျှင် သူတော်ကောင်းတရားကို ကြားနာရလိမ့်မည်ဟု ဟောခြင်းဖြင့် သူတော်ကောင်းကို ဆည်းကပ်ရုံ ဆည်းကပ်မနေနှင့် တရားကိုလည်း နာပါ-ဟုလည်းကောင်း၊ တရားတော်အတိုင်း ကျင့်သုံးလျှင် ဒုက္ခငြိမ်းရာ နိဗ္ဗာန်ကို သင်ကိုယ်တိုင် မြင်တွေ့မည်ဟု ဟောခြင်းဖြင့် တရားနာရုံသာ နာမနေနှင့် တရားတော်အတိုင်းလည်း ကျင့်သုံးပါ-ဟုလည်းကောင်း တိုက်တွန်းရာ ရောက်ပေသည်။

ထို့ကြောင့် သူတော်ကောင်းဆည်းကပ်ဖို့ တရားနာဖို့, တရားတော်အတိုင်း ကျင့်ဖို့ တိုက်တွန်းသည်ဟု ဆိုနိုင်ပေသည်။

သာဝကတို့ မဂ်ဉာဏ်ရရေးတွင် ပရတောဃောသနှင့် ယောနိသောမနသိကာရတို့သည် မရှိမဖြစ်လိုအပ်သော အကြောင်းနှစ်ပါးဖြစ်ကြောင်း အမှတ် (၁) စောဒနာ၌ ပြဆိုခဲ့ပြီးဖြစ်ပေသည်။ သူတော်ကောင်းကို ဆည်းကပ်မှ သူတော်ကောင်းတရား နာကြားရမည်ဖြစ်ရာ သူတော်ကောင်းကို ဆည်းကပ်ခြင်းသည် ပရတောဃောသဟူသော ပထမအကြောင်း၏ အကြောင်းဖြစ်ပေသည်။ တရားတော်အတိုင်း ကျင့်သုံးခြင်း (ဓမ္မာနု ဓမ္မပဋိပတ္တိ)သည် ယောနိသောမနသိကာရပင်ဖြစ်သည်။

သာဝကတိုင်း သာဝကတိုင်းအတွက် ပရတောဃောသ, ယောနိသောမနသိကာရ-ဟူသော အကြောင်းနှစ်ပါး လိုအပ်သကဲ့သို့ သပ္ပုရိသသံသေဝ, သဒ္ဓမ္မဿဝန, ဓမ္မာနုဓမ္မပဋိပတ္တိ-ဟူသော ဤအကြောင်းသုံးပါးသည်လည်း မရှိမဖြစ် လိုအပ်ပေသည်။

ပါရမီရင့်သန်ပြည့်စုံနေသော ပုဂ္ဂိုလ်များအတွက် ဤအကြောင်းသုံးပါးသည် ဤဘဝ မဂ်ဖိုလ်ရရေးတွင် ကြီးမားသော ပဓာနအကြောင်းဖြစ်သကဲ့သို့ ပါရမီမပြည့် သေးသော ပုဂ္ဂိုလ်များအတွက် ပါရမီမြန်မြန်ပြည့်ရန် အားကြီးသော အထောက်အပံ့များ ဖြစ်ပေသည်။

ထို့ကြောင့် အထက်ပါ မိုးကုတ်ဆရာတော်ကြီး၏ ဟောတရား (ကောက်နုတ်ချက်) သုံးပုဒ်အနက် ပထမပုဒ်တွင် ပါဝင်သော "အဲဒါ ဒို့လုပ်ကြည့်တဲ့အခါ မရဘူးလို့ မအောက်မေ့နဲ့၊ ရမှာဘဲလို့ ဆုံးဖြတ်ချက်ချပါ" ဟူသော စကားရပ်ကို "အဲဒါ ဒို့လုပ်ကြည့်တဲ့အခါ မရဘူးလို့ မအောက်မေ့နဲ့၊ ပါရမီပြည့်ရင် သေချာပေါက်ရမယ်၊ ပါရမီမပြည့်သေးရင်လဲ ပါရမီမြန်မြန် ပြည့်ရေးအတွက် အားကြီးသော အထောက်အပံ့ဖြစ်တယ်လို့ နှလုံးသွင်းပြီး မလျှော့တဲ့ ဇွဲလုံ့လနဲ့ ကြိုးစား" ဟု ပြင်ဆင်ဖြည့်စွက်ပေးမှ မှန်ကန်ပြည့်စုံသွားမည်ဖြစ်သည်။

## အမှတ် (၁၃/၁၇၃)

အဲ ပီတိတို့ ပဿဒ္ဓိတို့ နှစ်သက်မှု ချမ်းသာမှု အရောင်တောက်မှု တစ်ခုခု ပေါ့ဗျာ (ပ) အဲဒါ ပထမနိဗ္ဗာန်နားရောက်တာဘဲ။ (အမှတ်စဉ်- ၂၉၊ နှာ-၆၆၂)

ဒါလောက် တက်လာလို့ ရှိရင်လဲ ဒီယောဂီပုဂ္ဂိုလ်ကို ဘုန်းကြီးက မှာတယ်၊ (ပ) နောက်ထပ် ၂-မိနစ် ၃-မိနစ်ခန့်စသည်လောက် ဆက်လက်ပြီး တက်သွားမယ်ဆိုရင် ခင်ဗျာတို့ ပထမနိဗ္ဗာန်ရောက်တော့မယ်၊ အစစ်ရတော့မယ် (မှန်ပါ)။ ၂-မိနစ် ၃-မိနစ်ဆိုရင် ရနိုင်ပါလိမ့်မယ်။ (အမှတ်စဉ်- ၂၉၊ နှာ-၆၆၃)

နှစ်သက်မှု ပီတိ, ငြိမ်အေးမှု ပဿဒ္ဓိ, အလင်းရောင်ထွက်မှု ဩဘာသတို့သည် ဝိပဿနာဉာဏ်၏ အညစ်အကြေး (ဝိပဿနာဉာဏ်၏ အနှောင့်အယှက်) များ ဖြစ်ပါလျက် ထို ပီတိ, ပဿဒ္ဓိ, ဩဘာသ တစ်ခုခု ဖြစ်ပေါ်လာလျှင် ပထမနိဗ္ဗာန်နား ရောက်တာဘဲ-ဟု ဟောခြင်း၊ နောက်ထပ် ၂-မိနစ် ၃-မိနစ်လောက် အားထုတ်လိုက်လျှင် ပထမနိဗ္ဗာန်ရောက်မယ်၊ အစစ်ရတော့မယ်-ဟု ဟောခြင်းများသည် မှားယွင်းပါကြောင်း စောဒကဆရာတော်က တင်ပြပေသည်။

ဝိပဿနာနာဉာဏ်စဉ် ၁၀-ပါးအနက် ဒုတိယဉာဏ်ဖြစ်သော ဥဒယဗ္ဗယဉာဏ် အနုစားပိုင်းသို့ ရောက်လျှင် ယောဂီတို့သန္တာန်၌ အလင်းရောင်ထွက်ခြင်း, နှစ်သက်ကျေနပ်မှုပီတိများ ကြက်သီးမွေးညှင်းထလောက်အောင်ဖြစ်ခြင်း စသည်တို့ ဖြစ်တတ်ပေသည်။ ထိုသို့ ဖြစ်လာလျှင် ဝိပဿနာဉာဏ်ရည် တက်လာပြီး အားထုတ်မှုဝီရိယ အားကောင်းနေသည်ဟု သိနိုင်ပေသည်။ ထိုအဆင့်သို့ ရောက်သော ဝိပဿနာဉာဏ်ကို တရုဏဝိပဿနာဉာဏ်ဟု ခေါ်ပြီး ထိုအဆင့်သို့ ရောက်သော ယောဂီပုဂ္ဂိုလ်ကို အာရဒ္ဓဝိပဿကပုဂ္ဂိုလ်-ဟု ခေါ်ရပေသည်။

ထိုအကြောင်းကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ဖော်ပြလတ္တံ့ပါအတိုင်း မိန့်ဆိုထားပေသည်။

ဧတ္တာဝတာနေန"ဝယဓမ္မမေဝ ဥပ္ပဇ္ဇတိ၊ ဥပ္ပန္နဉ္စ ဝယံ ဥပေတိ" တိ ဣမိနာ အာကာရေန သမပညာ သလက္ခဏာနိ ပဋိဝိဇ္ဈိတွာ ဌိတံ ဥဒယဗ္ဗယာနုပဿနံ နာမ တရုဏဝိပဿနာဉာဏံ အဓိဂတံ ဟောတိ၊ ယဿာဓိဂမာ အာရဒ္ဓဝိပဿကောတိ သင်္ခံ ဂစ္ဆတိ။ အထဿ ဣမာယ တရုဏဝိပဿနာယ အာရဒ္ဓဝိပဿကဿ ဒသ ဝိပဿနုပက္ကိလေသာ ဥပ္ပဇ္ဇန္တိ။

(ဝိသုဒ္ဓိ၊ ၂။ ၂၆၉)

ဆိုခဲ့ပြီးအတိုင်း ဝိပဿနာဉာဏ်အရည်အသွေး တိုးတက်လာသော အမှတ်အသားအဖြစ် ပီတိ, ပဿဒ္ဓိ, ဩဘာသ စသည်တို့ ဖြစ်ပေါ်လာရာ ထိုပီတိ, ပဿဒ္ဓိ, ဩဘာသ စသည်တို့ကို သာယာနေလျှင် ဝိပဿနာညစ်ညူးကြောင်း (ဝိပဿနာ၏ အနှောင့်အယှက်) ဟု ဆိုရသည်။ လိမ္မာကျွမ်းကျင်သော ဆရာသမား၏ ပြုပြင်ပေးမှုကြောင့်ဖြစ်စေ၊ မိမိ၏ ပကတိကြားနာဖူးသော သုတမယဉာဏ်၏ အစွမ်းကြောင့်ဖြစ်စေ ထိုပေါ်လာသော ပီတိ, ပဿဒ္ဓိတို့ကို ဝိပဿနာဖြင့် လိမ္မာကျွမ်းကျင်စွာ ရှုနိုင်သော ယောဂီပုဂ္ဂိုလ်အဖို့ အထက်ဝိပဿနာ ဉာဏ်များ ဖြစ်ခြင်း၏ အကြောင်းဖြစ်ပေသည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ -

ကုသလော ပန ပဏ္ဍိတော ဗျတ္တော ဗုဒ္ဓိသမ္ပန္နော ယောဂါဝစရော ဩဘာသာဒီသု ဥပ္ပန္နေသု "အယံခေါ မေ ဩဘာသော ဥပ္ပန္နော၊ သော ခေါ ပနာယံ အနိစ္စော သင်္ခတော ပဋိစ္စသမုပ္ပန္နော ခယဓမ္မော ဝယဓမ္မော ဝိရာဂဓမ္မော နိရောဓဓမ္မော"တိ ဣတိ ဝါ တံ ပညာယ ပရိစ္ဆိန္ဒတိ ဥပပရိက္ခတိ။ (ပ)ယထာ စ ဩဘာသေ၊ ဧဝံ သေသေသုပိ။ (ဝိသုဒ္ဓိ၊ ၂။ ၂၇၄)-

ဟု မိန့်ဆိုပေသည်။

မိုးကုတ်ဆရာတော်ကြီးကဖြစ်ပျက်မြင်သည့်ယထာဘူတဉာဏ်၊ ဖြစ်ပျက်မုန်းသည့် နိဗ္ဗိန္ဒဉာဏ်၊ ဖြစ်ပျက်အဆုံးကို မြင်သည့် မဂ်ဉာဏ်ဟု ဉာဏ်သုံးဆင့်ထား၍ ဟောနေရာ ပီတိ, ပဿဒ္ဓိ, ဩဘာသတို့ ပေါ်လာသည် အထိ ဖြစ်ပျက်ကို မြင်လာလျှင် ဥဒယဗ္ဗယဉာဏ်အဆင့်သို့ ရောက်လာခြင်းဖြစ်၍ ယထာဘူတဉာဏ်အဆင့် (ပထမနိဗ္ဗာန်) သို့ ရောက်လာခြင်းဟု ဟောတော်မူလိုခြင်း ဖြစ်ပေသည်။

ထိုပထမနိဗ္ဗာန်ဟူသော အသုံးအနှုန်းသည် အငြင်းပွားစရာ အသိဉာဏ်ရှုက်ထွေးစရာ ဖြစ်နေပေသည်။

ထို ပီတိ, ပဿဒ္ဓိ စသည်ပေါ်လာလျှင် တန့်ရပ်မနေဘဲ ဆက်လက်ရှုရန် တိုက်တွန်းဟောကြားထားသည့် (ဒါလောက် တက်လာလို့ရှိရင်လဲ ဒီယောဂီပုဂ္ဂိုလ်ကို ဘုန်းကြီးကမှာတယ်။ (ပ) နောက်ထပ် ၂-မိနစ် ၃-မိနစ် ခန့်စသည်လောက် ဆက်လက်ပြီး တက်သွားမယ်ဆိုရင် ခင်ဗျားတို့ ပထမနိဗ္ဗာန် ရောက်တော့မယ်) ဟူသော ဟောကြားချက်သည်လည်း ကျမ်းဂန်နှင့် ညီညွတ်ပေသည်။

သို့သော်- ၂-မိနစ် ၃-မိနစ်ဟူသော စကားက အငြင်းပွားဖွယ် အသိဉာဏ်ရှုတ်ထွေးဖွယ်ဖြစ်နေပေသည်။

ထို့ကြောင့် ဆရာတော်ကြီး၏ အထက်ပါ ဟောတရားတွင် "ပထမနိဗ္ဗာန်" "၂-မိနစ် ၃-မိနစ်" ဟူသော စကားတို့ကိုဖြုတ်ပယ်ပြီး "ပထမနိဗ္ဗာန်ရောက်တာဘဲ" ဟူသောစကားကို" အထက်ဉာဏ်နားရောက်တာဘဲ" ဟုလည်းကောင်း၊ "ပထမနိဗ္ဗာန်ရောက်တော့မယ်" ဟူသောစကားကို "အထက်ဉာဏ်နားရောက်တော့မယ်" ဟုလည်းကောင်း၊ "၂-မိနစ် ၃-မိနစ်" ဟူသောစကားရပ်တို့ကို "အားထုတ်မှုနည်းလမ်းမှန်ရင် မကြာမီ" ဟုလည်းကောင်း အစားထိုးပြင်ဆင်သင့်သည်။

အမှတ် (၁၃/၁၇၄)

ဈာယထ ဘိက္ခဝေ ပမာဒတ္ထ မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ၊ အယံ ခေါ အမှာကံ အနုသာသနီ။ (အမှတ်စဉ်- ၃၀၊ နှာ-၁)

ယင်းပါဠိကို သံ၊ ၂။ ၅၇၃-စသည်နှင့်အညီ-

"ဈာယထ ဘိက္ခဝေ မာ ပမာဒတ္ထ၊ မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ၊ အယံ ဝေါ အမှာကံ အနုသာသနီ"-
ဟု အမှန်ပြင်ပေးရမည်။

**အမှတ် (၁၁၃/၁၇၅)**

အလ္လံ ပလာလပုဥ္ဇဟံ၊ သီသေနာဒါယ စက်မိ။
ပတ္တောသ္မိ တတိယံ ဌာနံ၊ ဧတ္ထ သေနတ္ထိ သံသယော။
(အမှတ်စဉ်-၃၀၊ နှာ-၄၃)

ထိုပါဠိကို အံ၊ ဌ၊ ၁။ ၂၉-စသည်နှင့်အညီ-
အလ္လံ ပလာလပုဉ္ဇာဟံ၊ သီသေနာဒါယ စက်မီး။
ပတ္တောသ္မိ တတိယံ ဌာနံ၊ ဧတ္ထ မေ နတ္ထိ သံသယော-
ဟု အမှန်ပြင်ပေးရမည်ဖြစ်သည်။

**အမှတ် (၁၃/၁၇၆)**

ဧတ္တာဝတာ ခေါ် အဂ္ဂိဝေဿ သတ္ထု သာသနာကာရော ဩဝါဒကာရော တိဏ္ဏဝိစိကိစ္ဆာ ဝိကတကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ ဝိဟရတိ။ (အမှတ်စဉ်- ၃၀၊ နှာ-၃၃၂)

ယင်းပါဠိကို မ၊ ၁။ ၂၉၇-စသည်ကိုထောက်၍-

"ဧတ္တာဝတာ ခေါ အဂ္ဂိဝေဿန မမ သာဝကော သာသနကရော ဟောတိ ဩဝါဒပတိကရော၊ တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပစ္စယော သတ္ထုသာသနေ ဝိဟရတိ"
ဟု အမှန်ပြင်ပေးရမည်ဖြစ်သည်။

**အမှတ် (၁၃/၁၇၇)**

တဏှာလည်း တဏှာ၊ ဥပါဒါန်လည်း တဏှာပါဘဲ။ အကြီးအသေး ကွာတယ်။ (အမှတ်စဉ်-၃၁၊ နှာ- ၇)

ဥပါဒါန်ဆိုတာ ဝမ်းထဲမှာရှိတဲ့ တဏှာကို ဆိုတာ (ပ) ဥပါဒါန်က တဏှာနော်။
(အမှတ်စဉ်- ၃၁၊ နှာ-၃၆)

ဤ ဟောကြားချက်၌ "ဥပါဒါန်လည်း တဏှာပါဘဲ "ဥပါဒါန်က တဏှာနော်" ဟူသောစကားများမှား၏-ဟု စောဒကဆရာတော်က တင်ပြသည်။

ဥပါဒါန်သည် ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်-ဟု လေးမျိုးရှိရာ ကာမုပါဒါန် တစ်မျိုးသာ တဏှာလောဘဖြစ်၍ ကျန်သုံးပါးသည် ဒိဋ္ဌိဖြစ်သောကြောင့် "ဥပါဒါန်လည်း တဏှာဘဲ" "ဥပါဒါန်က တဏှာနော်" ဟူသော စကားကို "ကာမုပါဒါန်လည်း တဏှာဘဲ"၊ "ကာမုပါဒါန်က တဏှာနော်" ဟု ပြင်ပေးရမည်ဖြစ်သည်။

### အမှတ် (၁၃/၁၇၈)

ကဋ္ဌ သခ်ါရံ နိစ္စတော ပဿတော အနုလောမိကခန္တိယာ သမန္နာဂတော ဘဝိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ။ (အမှတ်စဉ်- ၃၁၊ နှာ-၇၅)

ယင်းပါဠိကို အံ၊ ၂။ ၃၈၄-စသည်ကို ထောက်၍-

သော ဝတ ဘိက္ခဝေ ဘိက္ခု ကဉ္စိ သခ်ါရံ နိစ္စတော သမနုပဿန္တော အနုလောမိကာယ ခန္တိယာ သမန္နာဂတော ဘဝိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ-ဟု အမှန်ပြင်ပေးရန်ဖြစ်သည်။

### အမှတ် (၁၃/၁၇၉)

ရာဓသုတ်မှာ ရာဓဆိုတဲ့ရဟန်းက လျှောက်ပုံ။ (အမှတ်စဉ်-၃၁၊ နှာ-၁၁၉)

ရူပံ ခေါ ရာဓ မာရော။ သညာ ခေါ ရာမ မာရော။

(အမှတ်စဉ်- ၃၁၊နှာ-၁၁၉)

ဤ ဟောတရားများ မှားနေရာ-"ရာဓသံယုတ် မာရသုတ်မှာ ရာဓဆိုတဲ့ ရဟန်း လျှောက်ပုံ"ဟု လည်းကောင်း၊ "ရူပေ ခေါ ရာဓ သတိ မာရော ဝါ အဿ မာရေတာ ဝါ" "သညာယ ခေါ ရာဓ သတိ မာရော ဝါ အဿ မာရေတာ ဝါ "- ဟုလည်းကောင်း သံ၊ ၂။ ၁၅၄-နှင့်အညီ အမှန်ပြင်ပေးရန်ဖြစ်သည်။

### အမှတ် (၁၃/ ၁၈၀)

ဘုရားသခင် ကိုယ်တော်မြတ်ကြီးနဲ့ ရဟန္တာတွေကျတော့ ယနေ့ ရဟန္တာဖြစ်ပြီး ယနေ့ပင် ခန္ဓာဝန်ကြီးနဲ့ခွဲချင်သတဲ့။ (အမှတ်စဉ်-၃၁၊ နှာ- ၁၂၂)

ဘုရားသခင် ကိုယ်တော်မြတ်ကြီးနဲ့ ရဟန္တာတွေကျတော့ ယနေ့ပင် ခန္ဓာဝန်ကြီးနဲ့ ခွဲချင်တယ်- ဟု ဟောခြင်းသည် မှားကြောင်း၊ စောဒကဆရာတော်က အဋ္ဌမသတ္တာဟဝယ် ဘုရားရှင်သီတင်းသုံးစဉ် ပရိနိဗ္ဗာန်စံဖို့ ဘုရားရှင်အား မာရ်နတ်က လာလျှောက်ရာ ပရိနိဗ္ဗာန်မပြုသေးကြောင်း ဘုရားရှင်က ငြင်းပယ်ခဲ့ပုံကို ကိုးကား၍ တင်ပြပေသည်။

ဤ စောဒနာသည် အမှတ် (၁၃/၁၆၆) စောဒနာနှင့် အလားတူသော ကြောင့် ထိုအမှတ် (၁၃/၁၆၆) စောဒနာစိစစ်ချက်၌ စိစစ်ပြီးဖြစ်၍ ထပ်မံ စိစစ်ဖွယ်မလိုတော့ပေ။ ထိုစိစစ်ချက်နှင့်အညီ မိုးကုတ်ဆရာတော်ကြီး၏ အထက် ပါ ဟောတရားကို "ဘုရားသခင် ကိုယ်တော်မြတ်ကြီးနဲ့ ရဟန္တာ တွေကျတော့ ခန္ဓာဝန်ကြီးကို ငြီးငွေ့ စက်ဆုပ်ကြသော်လဲ အသက်တိုအောင် အထူးအားမထုတ် ဘဲ အချိန်စေ့ရောက်က အလိုအလျောက်ရောက်လာမဲ့ ပရိနိဗ္ဗာန်စံရက်ကိုသာ သတိဉာဏ်နဲ့ စောင့်ဆိုင်းနေကြတယ်" ဟု ပြင်ပေး ရန်ဖြစ်သည်။

## အမှတ် (၁၃/၁၈၁)

လူမိုက်မှာလဲ 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ ' ဆိုတဲ့ ပုညာဘိသင်္ခါရ အပုညာဘိ သင်္ခါရ ၂-ခုကြောင့် လာတာဘဲ။(ပ) လူလိမ္မာလဲ 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ' ပဲ လာပြန်တာဘဲ။ (အမှတ်စဉ်-၃၁၊ နှာ- ၁၃၂/၁၃၃)

လူမိုက် လူလိမ္မာတို့သည် အပုညာဘိသင်္ခါရကြောင့် လာ၏-ဟု ဟောကြား ခြင်းသည် မှား၏-ဟု စောဒကဆရာတော်က တင်ပြသည်။

ဧတ္ထာကုသလကမ္မမုဒ္ဓစ္စရဟိတံ အပါယဘူမိယံ ပဋိသန္ဓိ ဇနေတိ- ဟူသော အဘိဓမ္မတ္ထသင်္ဂဟ ဝီထိမုတ်ပိုင်းပါဠိကိုထောက်၍ အကုသိုလ်ကံ (အပုညာဘိ သင်္ခါရ)သည် အပါယ်ပဋိသန္ဓေအကျိုးကိုသာ ပေး၍ လူ့ဘဝပဋိသန္ဓေအကျိုးကို မပေးနိုင်ကြောင်း သိနိုင်ပါသည်။ ထို့ကြောင့် လူမိုက်ကိုဖြစ်စေ၊ လူလိမ္မာကိုဖြစ် စေ အပုညာဘိသင်္ခါရ (အကုသိုလ်ကံ)က လူ့ဘုံ လူ့ဘဝသို့ မပို့နိုင်ပါပေ။

သို့သော် လူမိုက်ဘဲဖြစ်ဖြစ် လူလိမ္မာဘဲဖြစ်ဖြစ် အဝိဇ္ဇာ, တဏှာဟူသော ဝဋ်မြစ်နှစ်ပါးကြောင့် ဖြစ်လာရကြောင်းကို-

"အဝိဇ္ဇာနီဝရဏဿ ဘိက္ခဝေ ဗာလဿ တဏှာယ သမ္ပယုတ္တဿ ဧဝမယံ ကာယော သမုဒါဂတော။" (သံ၊ ၁။ ၂၆၂)

"အဝိဇ္ဇာနီဝရဏဿ ဘိက္ခဝေ ပဏ္ဍိတဿ တဏှာယ သမ္ပယုတ္တဿ ဧဝမယံ ကာယော သမုဒါဂတော" (သံ၊ ၁။ ၂၆၃)

ဟူသော သံယုတ်ပါဠိတော်အရ သိရပေသည်။

ထို့ကြောင့် အထက်ပါ ဟောတရားကို "လူမိုက်ဖြစ်လဲ အဝိဇ္ဇာ, တဏှာ ဝင့်မြစ်နှစ်ပါးကြောင့် လာတာဘဲ၊ (ပ) လူလိမ္မာလဲ အဝိဇ္ဇာ, တဏှာ ဝင့်မြစ်နှစ်ပါး ကြောင့် လာတာဘဲ" ဟု ပြင်ပေးရန်ဖြစ်သည်။

## အမှတ် (၁၃/၁၈၂)

ဝိညာဏံ ဘိက္ခဝေ ဝိညာဏန္တိ ပဿတိ။ သာယံ ဘိက္ခဝေ သမ္မာဒိဋ္ဌိ။ သမ္မာ ပဿံ နိဗ္ဗိန္ဒတိ-ဒီလိုသံယုတ်ပါဠိတော်မှာဟောတာ။ (အမှတ်စဉ်-၃၁၊ နှာ-၁၇၃)

အနိစ္စံ၊ အနိစ္စဖြစ်သော။ ဝိညာဏန္တိ၊ ဝိညာဉ်ဟူ၍။ သယံ၊ ထိုသို့ အနိစ္စကို အနိစ္စဘဲလို့ ရှုလိုက်ကြခြင်းသည်။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိသည်။

(အမှတ်စဉ်- ၃၁၊ နှာ-၁၇၃)

ဤဟောတရား၌ 'ဒီလို သံယုတ်ပါဠိတော်မှာ ဟော' ဟူသောစကား၊ 'အနိစ္စံ ဝိညာဏန္တိ ပဿတိ' ဟူသောပါဠိ၊ အနိစ္စံ-အနိစ္စဖြစ်သော၊ ဝိညာဏန္တိ-ဝိညာဏံ ဟူ၍၊ သာယံ-ထိုသို့ အနိစ္စကို အနိစ္စဘဲလို့ ရှုလိုက်ကြခြင်းသည်၊ သမ္မာဒိဋ္ဌိ- သမ္မာဒိဋ္ဌိသည်' ဟူသော အနက်ပေးတို့ မှားနေသည်ဟု စောဒကဆရာတော်က ထောက်ပြသည်။

ယင်းကို သံယုတ်ပါဠိတော် နိဒ္ဒိကဒ္ဓယသုတ် (သံ၊ ၂။ ၄၂)နှင့်အညီ-

"အနိစ္စညေဝ ဘိက္ခု ဝိညာဏံ 'အနိစ္စ' န္တိ ပဿတိ။ သာဿ ဟောတိ သမ္မာဒိဋ္ဌိ၊ သမ္မာ ပဿံ နိဗ္ဗိန္ဒတိ"

ဟူ၍ ပါဠိကို အမှန်ပြင်ပေးရန်ဖြစ်သည်။

အနက်ပေးကိုလည်း ဘိက္ခု၊ ရဟန်းသည်။ အနိစ္စညေဝ၊ မမြဲသည်သာလျှင် ဖြစ်သော။ ဝိညာဏံ၊ ဝိညာဏ်ကို။ အနိစ္စန္တိ၊ မမြဲဟူ၍။ ပဿတိ၊ ရှုအံ့။ အဿ၊ ထိုရဟန်း၏။ သာ၊ ထိုအနိစ္စဟု ရှုခြင်းသည်။ သမ္မာဒိဋ္ဌိ၊ မှန်ကန်သော သိမြင်ခြင်း (သမ္မာဒိဋ္ဌိ) သည်။ ဟောတိ၊ ဖြစ်၏။ သမ္မာ၊ ဟုတ်မှန်သောအားဖြင့်။ ပဿံ၊ ရှုသည်ရှိသော်။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏ဟု ပြင်ပေးရမည်ဖြစ်သည်။

## အမှတ် (၁၃/၁၈၃)

ခဏော ဝေ မာ ဥပစ္စဂါ။
ခဏာတီတာ ဟိ သောစန္တိ၊ နိရယမှိ သမပ္ပိတာ။

(အမှတ်စဉ်-၃၁၊ နှာ-၂၇၈)

ဤဂါထာကို ဓမ္မပဒ ဂါထာနံပါတ် ၃၁၅-နှင့်အညီ-

ခဏော ဝေါ မာ ဥပစ္စဂါ၊
ခဏာတီတာ ဟိ သောစန္တိ၊ နိရယမှိ သမပ္ပိတာ-
ဟု အမှန်ပြင်ပေးရန်ဖြစ်သည်။

အမှတ် (၁၃/၁၈၄)

လှူဒါန်းပေးကမ်းတဲ့ ပုဂ္ဂိုလ်က ရိုးရာအတိုင်း နိဗ္ဗာန်လိုချင်လို့ ဆိုတာဟာ (ပ) မရဘူး။ မရဘူး ရိုးရာအတိုင်း လိုချင်လို့ရှိရင်ဖြင့်။

(အမှတ်စဉ်-၃၁၊ နှာ-၂၈၂)

ဒိဋ္ဌိမပြုတ်ဘဲနဲ့ နိဗ္ဗာန်လိုချင်တာက အမှားမြင်ပြီး လိုချင်တာ။ (ပ) အမှားမြင် လိုချင်တဲ့ နိဗ္ဗာန်ဟာ ဘယ်တော့မှ မရ။(အမှတ်စဉ်-၃၁၊ နှာ-၂၈၄/၂၈၅)

ရိုးရာအစဉ်အလာအတိုင်း နိဗ္ဗာန်လိုချင်တာ, ဒိဋ္ဌိမပြုတ်ဘဲ နိဗ္ဗာန်လိုချင်တာဟာ ဘယ်တော့မှ နိဗ္ဗာန်မရဟု မိုးကုတ်ဆရာတော်ကြီး ဟောခြင်းသည် (နိဗ္ဗာန်ဆုတောင်း၍ လှူဒါန်းသောကုသိုလ်သည် ပါရမီကုသိုလ်ဖြစ်၍ ထိုပါရမီကုသိုလ် ရင့်သန်လာသောအခါ တရားမှန်ကို ကျင့်လိုက်ပါလျှင် နိဗ္ဗာန်ကို ဧကန် ရနိုင်သောကြောင့်) မှားပါသည်ဟု စောဒကဆရာတော်က တင်ပြပေသည်။

ဝဋ္ဋဒုက္ခမကင်းသော ဘဝချမ်းသာကို တောင့်တ၍ လှူအပ်သော အလှူသည် မိစ္ဆာပဋိပဒါ=မှားယွင်းသော အကျင့်မည်၏။ ဝဋ္ဋဒုက္ခကင်းရာ နိဗ္ဗာန်ကို တောင့်တ၍ လှူအပ်သောအလှူသည် သမ္မာပဋိပဒါ=မှန်ကန်သော အကျင့်မည်၏ဟု သံယုတ်အဋ္ဌကထာ သမ္မာပဋိပဒါသုတ်အဖွင့် (သံ၊ ဌ၊ ၂။ ၁၈)၌ ဖွင့်ဆိုသည့်အတိုင်း နိဗ္ဗာန်ကို ဆုတောင်း၍ လှူသောအလှူသည် သမ္မာပဋိပဒါဖြစ်၍ နိဗ္ဗာန်ကို ရစေနိုင်သည်။

"ဣဓံ မေ ဒါနံ အာသဝက္ခယာ ဝဟံ ဟောတူ' တိ ဧဝံ ပန ဝိဝဋ္ဋံ ပတ္ထေန္တေန ဝိဝဋ္ဋူပသေန သမ္မာ ဌပိတံ အရဟတ္တမ္ပိ ပစ္စေကဗောဓိဉာဏမ္ပိ သဗ္ဗညုတဉာဏမ္ပိ ဒါတုံ သက္ကောတိယေဝ၊ န အရဟတ္တံ အပ္ပတွာ ပရိယောသာနံ ဂစ္ဆတိ" (သံ၊ ဌ၊ ၂။ ၁၈)-

ဟူသည့်အတိုင်း နိဗ္ဗာန်ဆုတောင်း၍ ပြုအပ်သောကုသိုလ်သည် အရဟတ္တဖိုလ်သို့ မရောက်ဘဲ ပြီးဆုံးသွားခြင်းမျိုး မရှိပေ။

ဒိဋ္ဌိမပြုတ်နိုင်ဘဲ နိဗ္ဗာန်၏ သန္တ, ပဏီတဂုဏ်နှင့် ရာဂက္ခယ, ဒေါသက္ခယ

စသော ဂုဏ်ကို အာရုံပြု၍ နိဗ္ဗာန်ကို ဆုတောင်းပြုအပ်သော ဒါန, သီလ, သမထ ကုသိုလ်မှန်သမျှ နိဗ္ဗာန်ကို ရစေနိုင်သည့် သတ္တိရှိသည်သာဖြစ်၏။ ဒိဋ္ဌိကို ပယ်ခွာပြီး အာရုံပြု လှူဒါန်းပါမူကား ပိုမို၍ ခရီးရောက်နိုင်ပေသည်။ ခန္ဓာ အနိစ္စသဘော ဒုက္ခသဘောကို သိမြင်၍ နိဗ္ဗာန်၏ ချမ်းသာသော သဘောတို့ကို သုတမယဉာဏ်ဖြင့် သိမြင်ကာ ဒိဋ္ဌိကို ခွာထားနိုင်ပါမူကား ဉာဏ်အမြင်အားကောင်း၍ ပြုအပ်သမျှသော ကုသိုလ်တို့သည် ပိုမိုထက်မြက်ကာ နိဗ္ဗာန်ရောက်ရေးတွင် အားကောင်းသော တွန်းအားများ ဖြစ်နိုင်ပေသည်။

ဉာဏ်အမြင်အားကောင်း၍ ခန္ဓာအပေါ် အမြင်ရှင်းလျှင် နိဗ္ဗာနဓာတ်၏ ထူးမြတ်သောအရည်အသွေးကို အမှန်မြင်နိုင်မည် ဖြစ်ပေသည်။ ဉာဏ်အမြင်မရှိ၍ ခန္ဓာအပေါ် အမြင်မရှင်းလျှင်ကား"ဤကောင်းမှုကြောင့် နိဗ္ဗာန် အမြန်ရရပါလို၏၊ နိဗ္ဗာန်မှ ပြန်ခဲ့သည်ရှိသော် လောကီစည်းစိမ်ချမ်းသာကို တဝကြီး ဆက်ကာဆက်ကာ ခံစားရပါလို၏" ဟူသော မသေးသေး၏ ဆုတောင်းကဲ့သို့ ရယ်ဖွယ်သာ ဖြစ်ပေလိမ့်မည်။

သို့ဖြစ်၍ ဆရာတော်ကြီး၏ အထက်ပါ ဟောတရားကို "လှူဒါန်းပေးကမ်းတဲ့ ပုဂ္ဂိုလ်က အသိရှင်းအောင် လေ့လာမထားဘဲ မိရိုးဖလာ အသိလောက်နဲ့ နိဗ္ဗာန်ကို တကယ်လိုချင်မှာ မဟုတ်ဘူး။ နိဗ္ဗာန်လိုချင်တဲ့ စိတ်မရှိဘဲ အများဆိုလို့ လိုက်ဆိုဆုတောင်းနေလို့လဲ ရမှာမဟုတ်ဘူး။ ခန္ဓာရဲ့သဘော တရားရဲ့သဘောကို အသိရှင်းအောင် လေ့လာမထားရင် နိဗ္ဗာန်ကို ခံစားစရာနေရာ ဘုံဌာနကြီးလို့ အမှားမြင်နေတတ်တယ်။ ခဲယဉ်းတယ်၊ နိဗ္ဗာန်ရဖို့ အလှမ်းဝေးနေမယ်"ဟု ပြင်ဆင်ပေးရန်ဖြစ်သည်။

**အမှတ် (၁၃/၁၈၅)**

မယ့်ပိ ခေါ ဘိက္ခဝေ၊ ယောနိသောမနသိကာရာ၊ ယောနိသော သမ္မပ္ပဓာနာ၊ အနုတ္တရံ ဝိမုတ္တိံ အနုပ္ပတ္တံ။ အနုတ္တရံ ဝိမုတ္တိံ သစ္ဆိကာတဗ္ဗံ။ တုမှေပိ ယောနိသောမနသိကာရာ ယောနိသော သမ္မပ္ပဓာနာ အနုတ္တရံ ဝိမုတ္တိံ အနုပါပုဏာထ။ အနုတ္တရံ ဝိမုတ္တိံ သစ္ဆိကရောထ။

(အမှတ်စဉ်-၃၁၊ နှာ-၃၅၁)

အထက်ပါ မိုးကုတ်ဆရာတော်ကြီး၏ ဟောတရားတွင် ပါဠိများမှားနေရာ (သံ၊ ၁။ ၁၀၆) ပထမ မာရသုတ်နှင့်အညီ-

"မယှံ ခေါ ဘိက္ခဝေ ယောနိသောမနသိကာရာ ယောနိသော သမ္ပပ္ပဓာနာ အနုတ္တရာ ဝိမုတ္တိ အနုပတ္တာ၊ အနုတ္တရာ ဝိမုတ္တိ သစ္ဆိကတာ။ တုမှေပိ ဘိက္ခဝေ ယောနိသောမနသိကာရာ ယောနိသော သမ္မပ္ပဓာနာ အနုတ္တရံ ဝိမုတ္တိံ အနုပါပုဏာထ၊ အနုတ္တရံ ဝိမုတ္တိံ သစ္ဆိကရောထ" ဟု အမှန်ပြင်ပေးရန် ဖြစ်သည်။

### အမှတ် (၁၃/၁၈၆)

အဂ္ဂေယျသညိနော သတ္တာ၊ အဂ္ဂေယျသို့ ပတိဋ္ဌိတာ။
အဂ္ဂေယျ အပရိညာယ၊ ယောဂမာယန္တိ မစ္စုနော။
(အမှတ်စဉ်-၃၂။ နှာ-၁၁)

အဂ္ဂေယျ အပရိညာယဟု ပါဠိမှားနေရာ (သံ၊ ၁။ ၁၁) သမိဒ္ဓိသုတ်နှင့်အညီ-
အဂ္ဂေယျသညိနော သတ္တာ၊ အဂ္ဂေယျသ္မိံ ပတိဋ္ဌိတာ။
အဂ္ဂေယျံ အပရိညာယ၊ ယောဂမာယန္တိ မစ္စုနော-
ဟု အမှန်ပြင်ပေးရန်ဖြစ်သည်။

### အမှတ် (၁၃/၁၈၇)

အဆင်းကလေးဟာလဲ ကာမ၏ အာရုံဖြစ်သောကြောင့် ကာမောဃလို့ ဆိုသည်။ (အမှတ်စဉ်။၃၂။ နှာ-၄၆)

၎င်း ဟောတရား၌ အဆင်းက ရုပ်တရား၊ ကာမောဃ-က တဏှာလောဘဟူသော နာမ်တရားဖြစ်၍ မှားပါကြောင်း စောဒကဆရာတော်က တင်ပြသည်။

ထိုအမှားကို "အဆင်းကလေးဟာလဲ ကာမတဏှာရဲ့ အာရုံဖြစ်တယ်။ အဲဒါကို သာယာတဲ့ တဏှာကို ကာမောဃလို့ဆိုတယ်" ဟု ပြင်ဆင်ပေးရန် ဖြစ်သည်။

### အမှတ် (၁၃/၁၈၈)

ကထံ နု မာရိသ ဩဃံ တရတိ။ (အမှတ်စဉ်-၃၂။ နှာ-၆၃)

ပါဠိမှားနေရာ (သံ၊ ၁။ ၁။) ဩဃတရဏသုတ်နှင့်အညီ "ကထံ နု မာရိသ ဩဃမတရိ"ဟု အမှန်ပြင်ပေးရမည်။

အနက်ပေး၌လည်း "တရတိ နု၊ လွန်မြောက်ပါသနည်း"ဟု မှားနေရာ "အတရိ နု၊ ကူးမြောက်ပါသနည်း"ဟု အမှန်ပြင်ပေးရမည်ဖြစ်သည်။

[အဋ္ဌကထာနီ ဩ-ဝိဘတ်ကို ဣ-ပြုထား၍ အတရိ-ဟု ပါဋ်မှန်ရှိသည်။]

## အမှတ် (၁၃/၁၈၉)

ဝိဓူပယံ တိဠှ မာရသေနံ။ (အမှတ်စဉ်-၃၂၊ နှာ-၈၉)

ယင်းပါဠိ၌ တိ-ကျနေရာ (ဝိ၊၃။ ၂)နှင့်အညီ "ဝိဓူပယံ တိဠှတိ မာရသေနံ"ဟု ပြင်ပေးရမည်။

## အမှတ် (၁၃/၁၉၀)

ပါရမီ ၁၀-ပါး အပြား ၃၀ စွန့်ခြင်းကြီး ၅-ပါးစွန့်လို့ ဘုရားဖြစ်တယ်လို့ အရင်ကတော့ မှတ်ကြတယ်။ (မှန်ပါ့)။ မဟုတ်ပါဘူးတဲ့။

(အမှတ်စဉ်-၃၂၊ နှာ-၈၇)

ဘုရားဖြစ်တာသည် ပဋိစ္စသမုပ္ပါဒ်ချုပ်လို့ ဘုရားဖြစ်တာ။

(အမှတ်စဉ်-၃၂၊ နှာ-၉၁)

ပဋိစ္စသမုပ္ပါဒ်ချုပ်လို့ ဘုရားဖြစ်သည်ဆိုလျှင် ရဟန္တာပုဂ္ဂိုလ်တိုင်း ဘုရားဖြစ်သည်ဟု ဆိုရာရောက်၍ အထက်ပါ ဟောကြားချက် မှားပါသည်-ဟု စောဒက ဆရာတော်က တင်ပြသည်။

ဤ၌ သတိပြုသင့်သည်မှာ ပဋိစ္စသမုပ္ပါဒ်ချုပ်တိုင်း ဘုရားဖြစ်သည်မဟုတ်ပေ။ သဗ္ဗညုတဉာဏ်ကိုရမှသာ ဘုရားဖြစ်ပေသည်။ ထို သဗ္ဗညုတဉာဏ်ရရေးအတွက် ကြိုးစားအားထုတ်မည်ဖြစ်ကြောင်း-

> ကိံ မေ ဧကေန တိဏ္ဏေန၊ ပုရိသေန ထာမဒဿိနာ၊
> သဗ္ဗညုတံ ပါပုဏိတွာ၊ သန္တာရေဿံ သဒေဝကံ-

ဟု ကြွေးကြော်ပြီး သဗ္ဗညုတဉာဏ်ရရေးအတွက် ဒါနစသော ပါရမီများ၊ စွန့်ခြင်းကြီးငါးပါး၊ စရိယသုံးပါးတို့ကို အားထုတ်ခဲ့ရပေသည်။

ထိုအကြောင်းကို-

> ဒတွာ ဒါတဗ္ဗကံ ဒါနံ၊ သီလံ ပူရေတွာ အသေသတော။
> နေက္ခမ္မပါရမိံ ဂန္တွာ၊ ပတ္တော သမ္ဗောဓိမုတ္တမံ။ (ပ)
> လာဘာလာဘေ သုခေ ဒုက္ခေ၊ သမ္မာနေ စာ'ဝမာနနေ။
> သဗ္ဗတ္ထ သမကော ဟုတွာ၊ ပတ္တော သမ္ဗောဓိမုတ္တမံ။ (အပ၊ ၁။ ၅)

စသည်ဖြင့် ဘုရားရှင်ကိုယ်တော်တိုင် မိန့်ကြားခဲ့ပေသည်။

ထို ပါရမီဆယ်ပါး, စရိယသုံးပါး, စွန့်ခြင်းကြီးငါးပါး ဘုရားဖြစ်ကြောင်း

ကောင်းမှုပါရမီတို့ကို ဖြည့်ကျင့်ရခြင်းသည် ဒူရေနိဒါန်း (ဝေးသောအကြောင်း) ဟု ဆိုသော်လည်း ထိုဒူရေနိဒါန်းသည် အကြောင်းရင်းဖြစ်ပေသည်။ ဥပမာ- ဇာတိချုပ်ခြင်းကြောင့် ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ,ဒေါမနဿ, ဥပါ- ယာသနှင့်တကွ အလုံးစုံသော ဆင်းရဲဒုက္ခတွေ ချုပ်ကုန်၏-ဟူရာ၌ အလုံးစုံသော ဆင်းရဲဒုက္ခချုပ်ငြိမ်းခြင်း၏ နီးသောအကြောင်းသည် ဇာတိချုပ်ခြင်းတည်း။ ထို ဇာတိချုပ်ရခြင်းသည် အကြောင်းရင်းဖြစ်သော အဝိဇ္ဇာချုပ်ခြင်းကြောင့်ပေတည်း။ ထို အကြောင်းရင်းဖြစ်သော အဝိဇ္ဇာသည် ဇရာ, မရဏစသည် ချုပ်ခြင်း၏ဝေး သောအကြောင်းတည်း။

ဝေးသောအကြောင်းကို အရေးမပါဟု ထင်မှတ်တတ်ကြသည်။ အမှန်မှာ ဝေးသောအကြောင်းသည် အကြောင်းရင်းဖြစ်၍ လွန်စွာ အရေးပါပေသည်။

ထို့ကြောင့် ပါရမီဆယ်ပါး, စရိယသုံးပါး, စွန့်ခြင်းကြီးငါးပါးစသော ဘုရားဖြစ် ကြောင်း တရားများသည် သဗ္ဗညုတဉာဏ်ရ၍ ဘုရားအဖြစ်သို့ ရောက်ရခြင်း၏ လွန်စွာအရေးပါသော အကြောင်းတရားများ ဖြစ်ပေသည်။ ပဋိစ္စသမုပ္ပါဒ်ချုပ်ခြင်း သည် ပါရမီ ၁၀-ပါးစသော ဘုရားဖြစ်ကြောင်းတရားများကို ဖြည့်ကျင့်အားထုတ် ခဲ့သောကြောင့်သာဖြစ်ရာ- "ပါရမီ ၁၀-ပါး အပြား ၃၀-စွန့်ခြင်းကြီး ၅-ပါးစွန့်လို့ ဘုရားဖြစ်တာမဟုတ်၊ ပဋိစ္စသမုပ္ပါဒ်ချုပ်လို့ ဘုရားဖြစ်တာ"ဟူသော ဟောပြော ချက်သည် များစွာသော ဗုဒ္ဓဒေသနာတို့နှင့် ဆန့်ကျင်သလို ဖြစ်နေပေသည်။

ပါရမီ ၁၀-ပါး စွန့်ခြင်းကြီး ၅-ပါးတို့ကို စွန့်လှူ အားထုတ် ဖြည့်ကျင့်ခဲ့သော် လည်း ပါရမီမရင့်ကျက်သေးမီ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကို မဖြတ်နိုင် ခဲ့ပေ။ ပါရမီပြည့်စုံ ရင့်ကျက်သောအခါမှသာ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကို အကြွင်း အကျန်မရှိ ဖျက်ဆီးနိုင်သဖြင့် ပဋိစ္စသမုပ္ပါဒ်ချုပ်ရခြင်းဖြစ်သည်။ ဤသည် ကို ထောက်လျှင်လည်း ပါရမီ ၁၀-ပါးစသည်တို့သည် ဘုရားဖြစ်ရခြင်း၏ ပဓာန အကြောင်းဖြစ်ကြောင်း သိနိုင်ပေသည်။

ထို့ကြောင့် "ပါရမီ ၁၀-ပါး၊ အပြား ၃၀၊ စွန့်ခြင်းကြီး ၅-ပါးစွန့်လို့ ဘုရားဖြစ် တယ်လို့ အရင်ကတော့မှတ်ကြတယ်၊ (ပ) မဟုတ်ပါဘူး"ဟူသော စကားနှင့် အခြားအလားတူ စကားရပ်များကို ဆရာတော်ကြီး၏ ဟောစဉ်တရားစာအုပ်များ နှင့် အသံသွင်းတိပ်ခွေတို့မှ ပယ်ဖျက်ပေးရမည်ဖြစ်သည်။

"ဘုရားဖြစ်တာသည် ပဋိစ္စသမုပ္ပါဒ်ချုပ်လို့ ဘုရားဖြစ်တာ"ဟူသော စကားရပ် ကိုလည်း "ပါရမီ ၁၀-ပါး အပြား ၃၀-စွန့်ခြင်းကြီး ၅-ပါးစတဲ့ ဘုရားဖြစ်ကြောင်း

တရားတွေ ဖြည့်ကျင့်ခဲ့လို့ ပဋိစ္စသမုပ္ပါဒ်ပြတ်ပြီး ဘုရားဖြစ်တာ"ဟု ပြင်ဆင်ပေးရမည်ဖြစ်သည်။

**အမှတ် (၁၃/၁၉၀)**

ရှုပဘုံရောက်ချင်တာလဲ ဒကာ ဒကာမတို့ ဒုက္ခသစ္စာမသိလို့ ရောက်ချင်တာဘဲ။

(အမှတ်စဉ်- ၃၂၊ နှာ- ၁၀၄)

အနာဂါမ်အရိယာများ ဒုက္ခသစ္စာကို ပိုင်ပိုင်နိုင်နိုင် သိပြီးကြသော်လည်း ရှုပဘုံ (သုဒ္ဓါဝါသဘုံ)သို့ ရောက်ချင်ကြသည်။ ထို့ကြောင့်- ဒုက္ခမသိလို့ ရှုပဘုံရောက်ချင်တာ-ဟု ဟောခြင်းသည် မှားပါသည်ဟု စောဒကဆရာတော်က တင်ပြသည်။

စုဒိတကဆရာတော်တို့ကလည်း အနာဂါမ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဒုက္ခေအညာဏံ-ဟူသော အဝိဇ္ဇာမကုန်သေး၍ ဒုက္ခသစ္စာကို အကုန်မသိကြသေးပါ။ အနာဂါမ်ပုဂ္ဂိုလ်များ၌ ဒုက္ခ၌ သုခဟုမှတ်ထင်သော ဒုက္ခေသုခသညာဝိပလ္လာသနှင့် ဒုက္ခေသုခစိတ္တဝိပလ္လာသများ ရှိနေသေးသောကြောင့် ဒုက္ခသစ္စာကို မသိလို့ ရှုပဘုံသို့ ရောက်ချင်တာ-ဟု ဆရာတော်ကြီး၏ ဟောကြားချက်သည် မှန်ကန်ပါသည်ဟု ချေပကြပေသည်။

**အရိယာဖြစ်လျှင် သစ္စာအကုန်သိသည်**

ဤနေရာ၌ သောတာပန်စသော အောက်အောက် အရိယာတို့ သစ္စာလေးပါးကို အကုန်သိ,မသိ စိစစ်အပ်ပေသည်။ တစ်နည်းအားဖြင့် သောတာပတ္တိမဂ်သစ္စာသိခြင်း ကွဲပြားခြားနားမှု ရှိ,မရှိကိုလည်းကောင်း၊ သောတာပတ္တိမဂ်မြင်တာ ထက် သကဒါဂါမိမဂ်မြင်တာက ပိုအစွမ်းထက်,မထက်ကိုလည်းကောင်း စိစစ်အပ်ပေသည်။

တတ္ထ ကတမာ အဝိဇ္ဇာ၊ ဒုက္ခေ အညာဏံ၊ ဒုက္ခသမုဒယေ အညာဏံ၊
ဒုက္ခနိရောဓေ အညာဏံ၊ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ အညာဏံ၊ အယံ
ဝုစ္စတိ အဝိဇ္ဇာ။ (အဘိ၊ ၂။ ၁၄၂)

ဟူသော ဝိဘင်းပါဠိတော်အရ သစ္စာလေးပါးကို မသိသောမောဟသည် အဝိဇ္ဇာကို အရဟတ္တမဂ်ဉာဏ်ရမှသာ အပြီးအပြတ် အကြွင်းမရှိပယ်နိုင်သောကြောင့် သောတာပန်စသော အောက်ပုဂ္ဂိုလ်တို့သည် သစ္စာလေးပါးကို (ရဟန္တာပုဂ္ဂိုလ်သိသလောက်) မသိသေးဟု ထင်မှတ်ဖွယ်ရှိပေသည်။

ဣမေသု စတူသု မဂ္ဂေသု ပဌမမဂ္ဂေန စတ္တာရိ သစ္စာနိ ဒိဋ္ဌာနိ၊ ဥပရိမဂ္ဂတ္တယံ ဒိဋ္ဌကမေဝ ပဿတိ၊ အဒိဋ္ဌကံ ပဿတီတိ? ဒိဋ္ဌကမေဝ ပဿတီတိ အယံ အာစရိယာနံ သမာနတ္ထကထာ။ (အဘိ၊ ၄၊ ၁။ ၂၈၄)

**အနက်**

စတုသု၊ လေးပါးကုန်သော။ ဣမေသု မဂ္ဂေသု၊ ဤမဂ်တို့တွင်။ ပဌမမဂ္ဂေန၊ သောတာပတ္တိမဂ်သည်။ စတ္တာရိသစ္စာနိ၊ သစ္စာလေးပါးတို့ကို။ ဒိဋ္ဌာနိ၊ မြင်အပ်ကုန်ပြီ။ ဥပရိမဂ္ဂတ္တယံ၊ သကဒါဂါမိမဂ်စသော အထက်မဂ်သုံးပါး အပေါင်းသည်။ ဒိဋ္ဌက မေဝ၊ သောတာပတ္တိမဂ်သည် မြင်အပ်ပြီးသော သစ္စာလေးပါးတရားကိုပင်။ ပဿတိ၊ ထပ်၍မြင်သလော။ အဒိဋ္ဌကံ၊ သောတာပတ္တိမဂ် မမြင်အပ်သေးသော သစ္စာလေးပါး အသစ်တရားကို။ ပဿတိ၊ မြင်သလော။ ဣတိ ဤသည်ကား အမေးတည်း။

ဒိဋ္ဌကမေဝ၊ သောတာပတ္တိမဂ်သည် မြင်အပ်ပြီးသော သစ္စာလေးပါးတရားကိုပင်။ (ဥပရိမဂ္ဂတ္တယံ၊ သကဒါဂါမိမဂ်စသော အထက်မဂ်သုံးပါး အပေါင်းသည်။) ပဿတိ၊ ထပ်၍မြင်၏။ (ဣတိ ဤသည်ကား အဖြေတည်း။)

ဤအဋ္ဌကထာအရ သောတာပတ္တိမဂ် မြင်အပ်သော သစ္စာနှင့်မဂ်သုံးပါးတို့ မြင်အပ်သော သစ္စာအတူတူသာ-ဟု သိနိုင်သည်။ သစ္စာမြင်ရာ၌ မဂ်လေးပါးလုံး အတူတူသာ၊ ကိလေသာပယ်ရာ၌သာ မဂ်လေးပါးတို့ ထူးခြားကြသည်-ဟု "သစ္စဒဿနံ နာမ အပုဗ္ဗံ နတ္ထိ၊ (သစ္စာသိမြင်ခြင်းသည် အသစ်မရှိ) ကိလေသေ ပန အပ္ပဟီနေ ပဇဟတိ- ကိလေသာစိုးကိုးကား အောက်မဂ်တို့ မပယ်အပ်သေးသော ကိလေသာတို့ကို အထက်မဂ်တို့က ပယ်၏"ဟု (အဘိ၊ ဋ္ဌ၊ ၁။ ၂၈၄)၌ ဖွင့်ဆိုပေသည်။

ထို့ပြင်- သစ္စဒဿနဿ အပုဗ္ဗာဘာဝေ ပေဋ္ဌောမမံ နာမ ဂဟိတံ သစ္စာကိုမြင် ရာ၌ အသစ်ကိုမမြင်ဘဲ အောက်မဂ်မြင်အပ်ပြီးသော သစ္စာတို့ကိုသာ ထပ်မြင် သည်၊ မမြင်ရသေးသည့် သစ္စာအသစ်ကို မမြင်ခြင်းနှင့်စပ်လျဉ်း၍ ရတနာ သေတ္တာလေးလုံး ဥပမာ (ပေဋ္ဌောပမာ)ကို ထုတ်ပြပေသည်။

အိမ်ရှင်တစ်ယောက်သည် ရတနာသေတ္တာလေးလုံးကို လုံခြုံသော အခန်းတွင်း၌ထား၏ ညပိုင်းရောက်သောအခါ ထိုရတနာသေတ္တာတို့၌ ပြုစရာကိစ္စရှိသဖြင့် တံခါးဖွင့်ကာ မီးထွန်း (မီးဖွင့်)၏။ မီးရောင်ဖြင့် ရတနာသေတ္တာတို့ကိုဖွင့်၍ ထို၌ ပြုစရာကိစ္စတို့ကို ပြုပြီးသောအခါ မီးမှိတ် (မီးငြိမ်း)ပြီး အခန်းတံခါးကို ပြန်ပိတ် ထားခဲ့သည်။

တစ်ဖန် ပြုစရာကိစ္စပေါ်လာပြန်၍ ထိုရတနာသေတ္တာထားရာ အခန်းကို ဖွင့်, မီးထွန်းပြီး လုပ်စရာကိစ္စတွေလုပ်ကာ မီးပိတ်, အခန်းတံခါးပိတ်ပြီး ပြန်ထွက်ခဲ့၏။ တတိယအကြိမ် လုပ်စရာကိစ္စပေါ်လာပြန်သဖြင့် ယခင်နည်းတူ အခန်းတွင်းဝင် မီးထွန်းပြီး လုပ်စရာကိစ္စတွေလုပ်ကာ မီးပိတ်, တံခါးပိတ်ပြီး ပြန်ထွက်လာခဲ့၏။

ထိုညမှာပင် ပြုစရာကိစ္စပေါ်လာပြန်၍ အခန်းတံခါးကို ဖွင့်ကာ မီးထွန်းရန် ကြိုးစားနေစဉ် နေရောင်ထွက်လာပြီး မီးမထွန်းရတော့ဘဲ ထိုနေရောင်ဖြင့်ပင် လုပ်စရာကိစ္စတွေ လုပ်ကိုင်၏။

ဤ ဥပမာ၌-ရတနာသေတ္တာလေးလုံးနှင့် သစ္စာလေးပါးတူ၏။ ပထမအကြိမ် တံခါးဖွင့်ဝင်ခြင်းနှင့် သောတာပတ္တိမဂ်ရရန် ဝိပဿနာအားထုတ်ခြင်းတူ၏။ မီးထွန်းလိုက်ခြင်းနှင့် သောတာပတ္တိမဂ်ဉာဏ်ဖြစ်ခြင်းတူ၏။ မီးရောင်ဖြင့် ရတနာသေတ္တာလေးလုံးကို မြင်ရခြင်းနှင့် သစ္စာလေးပါးကို မြင်ရခြင်းတူ၏။ ရတနာသေတ္တာ၌ ပြုဖွယ်ကိစ္စတို့ကိုပြုလုပ်ခြင်းနှင့်သောတာပတ္တိမဂ် မဂ်ကိစ္စတို့ကို ပြုလုပ်ခြင်းတူ၏။ ကိစ္စပြီး၍ မီးမှိတ် တံခါးပိတ် ပြန်ထွက်လာသောအခါ အမှောင် ထု ပြန်လည်ဖြစ်ပေါ်ခြင်းနှင့် သောတာပတ္တိမဂ်ချုပ်သွားပြီး အဝိဇ္ဇာပြန်ဖြစ်လာခြင်းတူ၏။

ဤဖွင့်ဆိုချက်တို့အရ သစ္စာလေးပါးကို သောတာပတ္တိမဂ်မြင်ခြင်းနှင့် အထက်မဂ်တို့ မြင်ခြင်းတို့သည် အတူတူသာ-ဟု သိနိုင်သည်။

ထို့ပြင် အညိန္ဒြေအဖွင့်၌လည်း-

• အညိန္ဒြိယန္တိ အဇာနနကံ ဉာဏိန္ဒြိယံ၊ ပဌမမဂ္ဂေန ဉာတမရိယာဒံ အနတိက္ကမိတွာ တေသံ ယေဝ တေန မဂ္ဂေန ဉာတာနံ စတုသစ္စဓမ္မာနံ ဇာနနကံ ဉာဏိန္ဒြိယန္တိ ဝုတ္တံ ဟောတိ။ (အဘိ၊ ဋ္ဌ၊ ၁။၂၈၂။)

အထက်မဂ်ဉာဏ်သုံးပါးနှင့် အောက်ဖိုလ်ဉာဏ်သုံးပါးတို့သည် သောတာပတ္တိ မဂ်သိအပ်သော အပိုင်းအခြားကို မလွန်မူ၍ (ဝါ) သောတာပတ္တိမဂ် သိသည့် အပိုင်းအခြားအတိုင်း သစ္စာလေးပါးကို သိတတ်သည်ဟု ဖွင့်ဆိုပေသည်။

ဤသည်တို့ကို ထောက်လျှင် အနာဂါမ်ပုဂ္ဂိုလ်တို့သည် ဒုက္ခသစ္စာကို အပြည့်အစုံ မမြင်သေး-ဟု မဆိုနိုင်ပေ။ အဝိဇ္ဇာမကုန်သေး၍ သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ် ချုပ်သွားသောအခါ အထက်မဂ်တို့ဖြင့် သတ်အပ်သော သစ္စာကို

ဖုံးလွှမ်းတတ်သည့် အဝိဇ္ဇာက ပြန်လည်ဖုံးလွှမ်းလာပေသည်။ ဒုတိယအကြိမ် အခန်းတွင်းသို့ဝင်၍ မီးထွန်းလိုက်သောအခါ ယခင်က ဖုံးလွှမ်းနေသော အမှောင်သည် ကင်းပျောက်သကဲ့သို့ သကဒါဂါမိမဂ်ဉာဏ် ဖြစ်ပေါ်လာသော အခါ ဖုံးလွှမ်းခဲ့သော အဝိဇ္ဇာအမှောင်ပျောက်၍ သစ္စာလေးပါးကို သိမြင်ပြန် ပေသည်။

ဤ၌ သောတာပတ္တိမဂ်ဉာဏ်က သစ္စာမြင်ခြင်းဖြင့် သကဒါဂါမိမဂ်ဉာဏ်က သစ္စာမြင်ခြင်းသည် အတူတူသာ ဖြစ်သည်။ မည်သည့်မဂ်က ပိုအားကောင်းသည် ဟု မဆိုသာပေ။ ကိလေသာကို ပယ်ရာ၌သာ အောက်အောက် မဂ်ထက် အထက် အထက်မဂ်က အားကောင်းသည်ဟု ဆိုရပေသည်။

အနာဂါမ်ပုဂ္ဂိုလ်တို့ ရူပဘုံ၌ ဖြစ်ချင်ခြင်းသည် ဘဝရာဂဟူသော ရူပတဏှာ မကုန်သေးသောကြောင့်သာ ဖြစ်၏။ ထို့ပြင် ဒုက္ခကို သုခဟု ထင်မှတ်သော သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ မကင်းသေးသောကြောင့်လည်း ဖြစ်နိုင်သည်။

ထို့ကြောင့် ဆရာတော်ကြီး၏ အထက်ပါ ဟောတရားကို "အနာဂါမ်မှာ ဒုက္ခသစ္စာကို မြင်ပေမဲ့ ရူပတဏှာနဲ့ ဒုက္ခကို သုခလို့ထင်တဲ့ သညာဝိပလ္လာသ, စိတ္တဝိပလ္လာတွေက ရှိနေသေးတော့ သုဒ္ဓါဝါသဘုံကို သွားချင်တာဘဲ"ဟု ပြင်ဆင် ပေးရန်ဖြစ်သည်။

## အမှတ် (၁၃/၁၉၂)

အိုဘေး သေဘေး မလွတ်သရွေ့ကာလပတ်လုံး မအိုရာ မသေရာဖြစ်တဲ့ နိဗ္ဗာန် ဘယ်တော့မျှ ရောက်နိုင်ပါ့မလဲ။ (အမှတ်-၃၂၊ နှာ-၁၀၉)

သောတာပန်, သကဒါဂါမ်, အနာဂါမ်အရိယာတို့ အိုဘေး သေဘေး မလွတ် သေးသော်လည်း နိဗ္ဗာန်ကိုကား ရနေကြသောကြောင့် အထက်ပါစကား မပြည့် စုံသဖြင့် မှားပါကြောင်း စောဒကဆရာတော်က တင်ပြသည်။

စောဒကဆရာတော်တင်ပြသော အထက်ပါ စကားရပ်များပါရှိသည့် မိုးကုတ် ဆရာတော်ကြီး၏ ဟောတရားကို ရှေ့နောက် ဆက်စပ်လေ့လာကြည့်ရာ-

"ငါတို့သည်ကား ဆိုလို့ရှိရင် ဝဋ်တောင့်တတဲ့ကုသိုလ်လည်း အိုဘေး သေဘေး ရတာဘဲ။ မှားပြီးသကာလ ရူပဘုံ ကြိုက်တဲ့ပုဂ္ဂိုလ်ကော အိုဘေး သေဘေး ရပါတယ်။ အရူပဘုံလုပ်တဲ့ ခန္ဓာကိုယ်၊ ဒီ ခန္ဓာကိုယ်တွေသည် ဘယ်မှာ လမ်းဆုံးသတုန်း၊ ဇရာ မရဏမှာ လမ်းဆုံးပါတယ်။"

(အမှတ်-၃၂၊ နှာ-၁၀၈)

"ဝဋ်တောင့်တတဲ့ ကုသိုလ်တွေ ဒီလမ်းမှာ ဆုံးပါတယ်။ အဲဒါကြောင့် ဘုန်းကြီးက ဒါနပယ်တာ မဟုတ်ဘူး။ ဝဋ်ကုသိုလ် မလုပ်နဲ့၊ ဝိဝဋ္ဋကုသိုလ် လုပ်လို့ ပြောတာ၊ နိဗ္ဗာန်ရောက်ချင်လို့ လှူပါတယ်၊ တန်းပါတယ်၊ ခန္ဓာကိုယ်ကြီး ရွံမုန်းလို့ လှူပါတယ် တန်းပါတယ်ဆိုရင်ဖြင့် ခန္ဓာကိုယ်ပေါင်လှူပါ။

(အမှတ်-၃၂။ နှာ-၁၁၀)

ဟူသော ဟောကြားချက်များကို တွေ့ရှိရပေရာ ဝဋ်ကို တောင့်တသည့် ကုသိုလ် လုပ်လျှင် မဂ်ဖိုလ်နိဗ္ဗာန်မရဘဲ ဇရာ မရဏသို့သာ အဖန်ဖန် ပြန်ရောက်နေမည် ဖြစ်သည်၊ ဝဋ်ကုသိုလ်ကြောင့် အိုဘေး သေဘေးက မလွတ်သမျှ ဝဋ်ကင်းရာ နိဗ္ဗာန်ကို မရနိုင်ဟု ဟောလိုကြောင်း သိရပေသည်။

ထို့ကြောင့် ဆရာတော်ကြီး၏ ရှေ့နောက် ဟောတရားများနှင့် ညီညွတ် သွားအောင် "ဝဋ်ကို တောင့်တ၍ ကုသိုလ်လုပ်လျှင် အိုနာသေဆိုတဲ့ ဝဋ်ဆင်းရဲကိုဘဲ ရမှာမို့ အိုဘေးသေဘေးမှ လွတ်မှာ မဟုတ်ဘူး။ အိုဘေးသေဘေးမှ မလွတ်သရွေ့ ကာလပတ်လုံး မအို မနာ မသေရာဖြစ်တဲ့ နိဗ္ဗာန်ကို ဘယ်တော့များ ရောက်နိုင်ပါ့မလဲ (မရောက်နိုင်ပါဘုရား)"ဟု ဖြည့်စွက်ပေးရမည်ဖြစ်သည်။

## အမှတ် (၁၃/၁၉၃)

သဗ္ဗေ သင်္ခါရာ အနိစ္စာ-ဆိုတော့ ဟုတ္တွာ အဘာဝဋ္ဌေန အနိစ္စံ။

(အမှတ်-၃၂၊ နှာ-၂၀၅)

အနိစ္စံ-ဟု ဧကဝုစ်ဖြင့် ရှိနေ၍ မှားနေ၍ သင်္ခါရာ-ဟူသော ကတ္တားနှင့် လျော်ညီအောင် 'ဟုတ္တွာ အဘာဝဋ္ဌေန အနိစ္စာ' ဟု ဗဟုဝုစ်ဖြင့် ပြင်ပေးရန် ဖြစ်သည်။

## အမှတ် (၁၃/၁၉၄)

လိုချင်မှုကလေးကလဲ (ဒုက္ခသစ္စာပါ)၊ လိုချင်မှုကြီးကလဲ (ဒုက္ခသစ္စာပါ ဘုရား)။ (အမှတ်-၃၂၊ နှာ-၂၆၆)

လိုချင်မှုကို ဒုက္ခသစ္စာဟု ဟောခြင်းသည် မှားသည်ဟု စာဒကပုဂ္ဂိုလ်က တင်ပြထားပေသည်။

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ၊ သေယျထိဒံ ကာမတဏှာ ဘဝတဏှာ။ (ဝိ၊ ၃။ ၁၅)

စသည်နှင့် "တဏှာ သမုဒယော ဘဝေ" (အဘိဓမ္မတ္ထသင်္ဂဟ၊ သမုစ္စည်းပိုင်း) တို့ကို ထောက်၍ လိုချင်မှုလေးရော လိုချင်မှုကြီးပါ တဏှာဖြစ်သောကြောင့် သမုဒယသစ္စာသာဖြစ်သည်။

ထို့ကြောင့် အထက်ပါဟောတရားကို ဟောစဉ်စာအုပ်များမှလည်းကောင်း၊ အသံသွင်းတိပ်ခွေများမှလည်းကောင်း ပယ်ဖျက်ပေးရမည်ဖြစ်သည်။

[အမှတ် (၁၃/၁၅၈) စိစစ်ချက်လည်း ကြည့်]

## အမှတ် (၁၃/၁၉၅)

အဒဿနတော အာယန္တိ၊ဘဂ္ဂါ ဂစ္ဆန္တိ ဒဿနံ။ (အမှတ်စဉ်-၃၂၊ နှာ-၃၀၄)

ဂစ္ဆန္တိ ဒဿနံ-ဟု ပါဠိမှားနေရာ ဝိသုဒ္ဓိ၊ ၂။ ၂၆၀-နှင့်အညီ- "အဒဿနတော အာယန္တိ၊ ဘဂ္ဂါ ဂစ္ဆန္တု ဒဿနံ "
ဟု အမှန်ပြင်ရန်ဖြစ်သည်။

## အမှတ် (၁၃/၁၉၆)

'သယာနော ဝါ သယာနောမိတိ ပဇာနာတိ ' ကိုးဗျ။

(အမှတ်စဉ်-၃၂၊ နှာ-၃၇၃)

သယာနောမိတိ-ဟု ပါဠိမှားနေရာ (ဒီ၊ ၂။ ၂၃၂)လာ မဟာသတိပဋ္ဌာန သုတ်နှင့်အညီ 'သယာနောမှီတိ' ဟု အမှန်ပြင်ရန်ဖြစ်သည်။

## အမှတ် (၁၃/၁၉၇)

ကတံ ကရဏီယံ- ကတံ၊ ပြုဖွယ်ကိစ္စကို။ ကရဏီယံ၊ ပြုပြီးပြီ။

(အမှတ်စဉ်-၃၂၊ နှာ-၃၈၆)

ထိုပါဠိကို အနက်ပေးရာတွင် မှားနေသည်ဟု စောဒကဆရာတော်က ထောက်ပြထားပေသည်။

"ကတံ ကရဏီယန္တိ စတူသု သစ္စေသု စတူဟိ မဂ္ဂေဟိ ပရိညာပဟာန-
သစ္ဆိကိရိယာ ဘာဝနာဘိသမယဝသေန သောဠသဝိဓမ္ပိ ကိစ္စံ နိဋ္ဌာပိတံ-"

ဟူသော ပါရာဇိကကဏ်အဋ္ဌကထာ (ဝိ၊ ဋ္ဌ၊ ၁။ ၁၃၇)ကို ထောက်၍ "ကရဏီယံ၊ ပြုအပ်ပြုထိုက်သော ၁၆-ပါးသော မဂ်ကိစ္စကို။ ကတံ၊ ပြုအပ်ပြီ"ဟု အမှန်ပြင်ပေးရမည် ဖြစ်သည်။

## အမှတ် (၁၃/၁၉၈)

ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဗောဓိပင်နှင့် ရွှေပလ္လင်ပေါ်မှာပဲ ခန္ဓာချုပ်ငြိမ်း ရုပ်သိမ်းတဲ့ နိဗ္ဗာန်ကြီး ကိုယ်ပိုင် ရတော်မူတယ်။

(အမှတ်စဉ်-၃၂၊ နှာ-၄၂၀/၄၂၁)

ခန္ဓာချုပ်ငြိမ်း ရုပ်သိမ်းတဲ့ ခန္ဓပရိနိဗ္ဗာန်ကို ကုသိနာရုံ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်ဝယ် ပရိနိဗ္ဗာန်ပြုသောအခါကျမှ ရတော်မူသောကြောင့် "ဗောဓိပင်နှင့် ရွှေပလ္လင်ပေါ်မှာပဲ ခန္ဓာချုပ်ငြိမ်း ရုပ်သိမ်းတဲ့ နိဗ္ဗာန်ကြီး ကိုယ်ပိုင် ရတော်မူတယ် "ဟုဟောခြင်းသည် မှားသည်ဟု စောဒကဆရာတော်က တင်ပြသည်။

စောဒကဆရာတော်က "ခန္ဓာချုပ်ငြိမ်း ရုပ်သိမ်းတဲ့ နိဗ္ဗာန်ကြီး"ဟူသော စကားရပ်ဖြင့် ခန္ဓပရိနိဗ္ဗာန်ကို ဆိုလိုသည်ဟု ယူဆပေသည်။ ထိုသို့ယူဆသောကြောင့်-

"တီဏိ ပရိနိဗ္ဗာနာနိ နာမ ကိလေသပရိနိဗ္ဗာနံ ခန္ဓပရိနိဗ္ဗာနံ ဓာတုပရိနိဗ္ဗာနန္တိ။ တတ္ထ ကိလေသပရိနိဗ္ဗာနံ ဗောဓိပလ္လင်္ကေ အဟောသိ၊ ခန္ဓပရိနိဗ္ဗာနံ ကုသိနာရာယံ၊ ဓာတုပရိနိဗ္ဗာနံ အနာဂတေ ဘဝိဿတိ"

ဟူသော သမ္မောဟဝိနောဒနီအဋ္ဌကထာ (အဘိ၊ ဋ္ဌ၊ ၂။ ၄၁၃)နှင့် ဆန့်ကျင်ကြောင်း တင်ပြခြင်းဖြစ်ပေသည်။

အမှန်စင်စစ်အားဖြင့် ဗောဓိပင်နှင့် ရွှေပလ္လင်ဝယ် ကိလေသာအားလုံး ချုပ်ငြိမ်းသည်နှင့် တပြိုင်နက် နောင်အနာဂတ် ခန္ဓာရတော့မည် မဟုတ်သောကြောင့် ခန္ဓပရိနိဗ္ဗာန်ကို ရပြီဟု ဆိုနိုင်ပေသည်။ ထို့ပြင်-

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော"

ဟူသော ဒေသနာတော်အရ ဒုက္ခအားလုံးချုပ်ရာ (ခန္ဓာနှင့် အတူတူဖြစ်၍ ခန္ဓာချုပ်ရာ)သည် နိဗ္ဗာန်ဖြစ်၍ နိဗ္ဗာန်ရလျှင်ပင် ခန္ဓာချုပ်ပြီဟု ဆိုနိုင်ပေသည်။

မိုးကုတ်ဆရာတော်ကြီး၏ ဟောလိုရင်းမှာလည်း ခန္ဓာချုပ်သည့် နိဗ္ဗာန်ကိုသာ ဆိုလိုပြီး ခန္ဓပရိနိဗ္ဗာန်ကို ဆိုလိုသည် မဟုတ်ပေ။

ထို့ကြောင့် အထက်ပါ ဆရာတော်ကြီး၏ ဟောကြားချက်သည် မှန်ကန်ပေသည်။

## အမှတ် (၁၃/၁၉၉)

ဇာတိဆိုတာကို "ဇာတိ သဉ္ဇာတိ ဩက္ကန္တိ အဘိနိဗ္ဗတ္တိ ခန္ဓာနံ အာယတနာနံ ပဋိလာဘော၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခံ" ဓမ္မစကြာမှာ မလာဘူးလား (လာပါတယ်)။ (အမှတ်စဉ်-၃၃၊ နှာ-၆)

ဤဟောကြားချက်ပါ ပါဠိရော 'ဓမ္မစကြာမှာ' ဟူသော ကျမ်းညွှန်းပါ မှားသည်ဟု စောဒကဆရာတော်က တင်ပြသည်။

ယင်း ပါဠိတော်သည် သုတ်မဟာဝါပါဠိတော် မဟာသတိပဋ္ဌာနသုတ် ပါဠိတော် ဒုက္ခသစ္စနိဒ္ဒေသ၌ လာသောကြောင့် ထိုပါဠိတော်နှင့်အညီ-

"ဇာတိ သဉ္ဇာတိ ဩက္ကန္တိ အဘိနိဗ္ဗတ္တိ ခန္ဓာနံ ပါတုဘာဝေါ အာယတနာနံ ပဋိလာဘော၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဇာတိ"
ဟု အမှန်ပြင်ပြီး ကျမ်းညွှန်းကို လည်း 'မဟာသတိပဋ္ဌာနသုတ်မှာ' ဟု ပြင်ဆင်ပေးရမည် ဖြစ်သည်။

## အမှတ် (၁၃/၂၀၀)

ဒီခန္ဓာ ပစ်ချပြီး နောက်ခန္ဓာမရတာ အကောင်းဆုံး (မှန်ပါ)၊ အဲဒါ သစ္စာသိရင် မရဘူး၊ သစ္စာမသိရင်ဖြင့် (ရမှာပါဘုရား)။
(အမှတ်စဉ်-၃၃၊ နှာ-၄၅/၄၆)

ဤ ဟောကြားချက်၌ "သစ္စာသိရင် မရဘူး၊ သစ္စာမသိရင် ရမည်"ဟု ဟောကြားခြင်းသည် မှားကြောင်း၊ သောတာပန် သကဒါဂါမ် အနာဂါမ်တို့သည် သူ့အဆင့်အလိုက် သစ္စာကို သိသော်လည်း နောက်ဘဝ ခန္ဓာများကို ရကြသေးကြောင်း စောဒကဆရာတော်က တင်ပြပေသည်။

စောဒနာအမှတ် (၁၃/၁၉၁)၌ စိစစ်ပြပြီးသည့်အတိုင်း မဂ်ဉာဏ်လေးပါးလုံး သစ္စာကိုသိရာ၌ အတူတူသာဖြစ်ကြောင်း၊ သောတာပတ္တိမဂ်ထက် သကဒါဂါမိမဂ်က သစ္စာကို ပိုမြင်သည် ပိုသိသည်ဟု မဆိုနိုင်ကြောင်း၊ ကိလေသာ ပယ်ရာ၌သာ အောက်မဂ်ထက် အထက်မဂ်က သာကြောင်း မှတ်အပ်ပေသည်။

သောတာပန်ပုဂ္ဂိုလ်သည် သိ-ပယ်-ဆိုက်-ပွား လေးပါးသော အဘိသမယဖြင့် ၁၆-ပါးသော မဂ်ကိစ္စကို ပြုသကဲ့သို့ သကဒါဂါမ်စသော အထက်အထက် ပုဂ္ဂိုလ်တို့သည်လည်း မိမိတို့ဆိုင်ရာ မဂ်ကိစ္စ ၁၆-ပါးကို ပြုကြသည်သာ ဖြစ်၏။ အရဟတ္တမဂ်ကို ရသောအခါ ကိလေသာအားလုံးတို့ကို ပယ်နိုင်ပြီဖြစ်၍ ပွားစရာမဂ်လည်းမရှိတော့သောကြောင့် ရဟန္တာပုဂ္ဂိုလ်များသည် "ကတံ ကရဏီယံ နာပရံ ဣတ္ထတ္တာယ = နောက်ထပ်မဂ်ကိစ္စပြုစရာမရှိတော့အောင် မဂ်ကိစ္စတို့ကို ပြုအပ်ပြီ" ဟု ဥဒါန်းကျူးကြခြင်း ဖြစ်ပေသည်။

ထို့ကြောင့် အထက်ပါဆရာတော်ကြီး၏ ဟောတရားကို "ဒီခန္ဓာ ပစ်ချပြီး နောက်ခန္ဓာမရတာ အကောင်းဆုံး (မှန်ပါ)။ နောက်ခန္ဓာမရချင်ရင် အရဟတ္တမဂ်ကို ရအောင် အားထုတ်၊ အရဟတ္တမဂ်ကို ရရင် နောက်ခန္ဓာမရတော့ဘူး၊ အရဟတ္တမဂ်ကို မရသေးရင် (နောက်ခန္ဓာရမှာ ပါဘုရား)" ဟု ပြင်ဆင်ပေးရမည် ဖြစ်သည်။

## အမှတ် (၁၃/၂၀၁)

နတ္ထိ လောကရဟော နာမ၊ ပါပကမ္မံ ပကဗ္ဗတော။

(အမှတ်စဉ်-၃၃၊ နှာ-၁၃၂)

ဤ၌ လောကရဟော-ဟု ပါဠိမှားနေရာ အင်္ဂုတ္တရပါဠိတော်၊ တိကနိပါတ်၊ အာဓိပတေယျသုတ် (အံ၊ ၁။ ၁၄၇) နှင့်အညီ "နတ္ထိ လောကေ ရဟော နာမ ပါပကမ္မံ ပကုဗ္ဗတော" ဟု အမှန်ပြင်ရန်ဖြစ်သည်။

## အမှတ် (၁၃/၂၀၂)

အဓိပတိသုံးပါးအနက်က တစ်ပါးပါးကိုသာ ဒကာ ဒကာမတွေက ထားမယ်ဆိုရင် ဒီဠှမကပ်သောကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် အလွယ်တကူနဲ့ ရနိုင်ပါတယ် (မှန်ပါ)၊ တိကနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောပါတယ်။

(အမှတ်စဉ်- ၃၃၊ နှာ-၁၄၇)

တိကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော် အာဓိပတေယျသုတ်မှာ"အလွယ်တကူ ရနိုင်ပါတယ်"ဟု ဘုရားမဟောကြားပါဘဲ ဟောလေဟန် မိုးကုတ် ဆရာတော်

ကြီးကဟောထားသောကြောင့် မှားကြောင်း စောဒကဆရာတော်ကတင်ပြသည်။

"သော အတ္တာနံ့ယေဝ အဓိပတိံ ကရိတွာ (ပ) လောကံယေဝ အဓိပတိံ ကရိတွာ (ပ) ဓမ္မံယေဝ အဓိပတိံ ကရိတွာ အကုသလံ ပဇဟတိ၊ ကုသလံ ဘာဝေတိ၊ သာဝဇ္ဇံ ပဇဟတိ၊ အနဝဇ္ဇံ ဘာဝေတိ၊ သုဒ္ဓံ အတ္တာနံ ပရိဟရတိ" (အံ၊ ၁။ ၁၄၆-၁၄၇)

ဟူ၍ ဟောကြားထားရာ မိမိ, လောက (ပတ်ဝန်းကျင်), တရား,သုံးမျိုးတို့တွင် တစ်ပါးပါးကို အကြီးအမှူးပြု၍ အကုသိုလ်ကိုပယ်နိုင်, ကုသိုလ်ကိုပွားနိုင် မိမိကိုယ်ကို စင်ကြယ်အောင်ပြုနိုင်ကြောင်း သိနိုင်ပေသည်။

သုဒ္ဓံ အတ္တာနံ ပရိဟရတီတိ သုဒ္ဓံ နိမ္မလံ ကတွာ အတ္တာနံ ပရိဟရတိ ပဋိဇဂ္ဂတိ၊ ဂေါပါယတီတိ အတ္ထော။ အယဉ္စ ယာဝ အရဟတ္တမဂ္ဂါ ပရိယာယေန သုဒ္ဓမတ္တာနံ ပရိဟရတိ နာမ၊ ဖလပ္ပတ္တော ပန နိပ္ပရိယာယေန သုဒ္ဓမတ္တာနံ ပရိဟရတိ။ (အံ၊ ဋ္ဌ၊ ၂။ ၁၃၀)

ဟူ၍အဋ္ဌကထာဖွင့်ဆိုသောကြောင့်ထိုအဓိပတိသုံးပါး(တစ်ပါးပါး) ကိုအကြီးအမှူးပြု၍ အကုသိုလ်ကိုရှောင်, ကုသိုလ်ကို ကြိုးစားပွားများ အားထုတ်လျှင် အရဟတ္တမဂ် အရဟတ္တဖိုလ်အထိ ရရှိနိုင်ကြောင်းကိုလည်း သိရပေသည်။

ထို့ကြောင့် ဆရာတော်ကြီး ဟောတရားကို အမှန်ဟုပင် ဆိုနိုင်ပါသည်၊ သို့သော်မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုအလွယ်တကူမရနိုင်သောကြောင့် "အလွယ်တကူ" ဟူသော စကားကိုကား ဟောစဉ်တရားစာအုပ်များနှင့်အသံသွင်း တိပ်ခွေများမှ ပယ်ဖျက်ပေးရမည်ဖြစ်သည်။

## အမှတ် (၁၃/၂၀၃)

ကိလေသဝဋ်လဲ နိဗ္ဗာန်ဘဲ။ (အမှတ်စဉ်-၃၃၊ နှာ-၂၀၁)

ထို စကားရပ်၌ "ကျွတ်" ဟူသော စကားတူနေသောကြောင့် "ဝိပါကဝဋ်ကျွတ်ကော (နိဗ္ဗာန်ပါ)၊ နှစ်ခုစလုံးကျွတ်ကော (နိဗ္ဗာန်ပါ)။ " ဟူသော (အမှတ်စဉ်-၃၃၊နှာ-၂၀၈၊ ၁၈၂) ဆရာတော်ကြီး၏ ဟောတရားကိုထောက်၍ "ကိလေသာဝဋ်ကျွတ်လဲ နိဗ္ဗာန်ဘဲ" ဟုပြင်ဆင်ပေးရန် ဖြစ်သည်။

## အမှတ် (၁၃/၂၀၄)

ယက္ခသံယုတ်ပါဠိတော်မှာ ဒီပါဠိအတိုင်းလာလို့ ဒိဌေယတစ်လုံးကိုဖြင့် သဒ္ဒါတစ်လုံးနဲ့ဘဲ နိုင်တာပါဘဲ။ (အမှတ်စဉ်-၃၃၊ နှာ-၂၂၁)

မိုးကုတ်ဆရာတော်ကြီး၏ ဤဟောကြားချက်၌ သဒ္ဓါတစ်ခုတည်းဖြင့် ဒိဋ္ဌောဃ (ဒိဋ္ဌိပင်လယ်) ကို နိုင်သည်ဟု ဟောခြင်းသည် မှားပါသည်၊ အကြောင်းမှာ သဒ္ဓါတရားအရင်းခံထား၍သပ္ပုရိသသံသေဝ-စသော သောတာပတ္တိယင်္ဂတရားလေးပါးကို ဖြစ်ပွားစေမှ သောတာပတ္တိမဂ်ဉာဏ်ကိုရကာ ဒိဋ္ဌိပင်လယ်(ဒိဋ္ဌောဃ)ကိုကူးမြောက်နိုင်သောကြောင့်တည်း-ဟု စောဒကဆရာတော်က စောဒနာသည်။

မိုးကုတ်ဆရာတော်ကြီးက သံယုတ်ပါဠိတော် အာဠဝကသုတ် (သံ၊ ၁။ ၂၁၆) ၌ လာသော-

သဒ္ဓါယ တရတိ ဩဃံ၊ အပ္ပမာဒေန အဏ္ဏဝံ။
ဝီရိယေန ဒုက္ခမစ္စေတိ၊ ပညာယ ပရိသုဇ္ဈတိ-

ဟူသော ဂါထာ၌ ပါရှိသည့် "သဒ္ဓါယ တရတိ ဩဃံ" ပါဠိကို ရည်ရွယ်ပြီး ဟောခြင်းဖြစ်သည်။

ထိုဂါထာကို အဋ္ဌကထာက နှစ်နည်းဖွင့်ရာတွင် ပထမနည်း၌ ဩဃံ-အရ ဩဃလေးပါးလုံးယူပြီး ဒုတိယနည်း၌ ဒိဋ္ဌောဃတစ်ပါးတည်းကိုသာ ယူပေသည်။

ထို့ကြောင့် စောဒကဆရာတော် ကိုးကားသည့်-

ယော စတုဗ္ဗိဓမောဃံ တရတိ၊ သောသံသာရဏ္ဏဝမ္ပိ တရတိ၊ ဝဋ္ဋဒုက္ခမ္ပိ အစ္စေတိ၊ ကိလေသ မလာပိ ပရိသုဇ္ဈတိ-

ဟူသော အဋ္ဌကထာစကားသည် လည်းကောင်း၊"

ဂါထာယ စတူဟိ ပဒေဟိ ဝုတ္တေသု အတ္ထေသု ဧကေသ အတ္ထသ္သ သိဒ္ဓိယံ ဣတရေသမ္ပိ သိဒ္ဓိ အနုဇာနာတိ"

ဟူသော ဋီကာစကားသည် လည်းကောင်း၊ ဩဃ-အရ ဒိဋ္ဌောဃကိုသာ ယူသည့် ဒုတိယနည်းနှင့် မသက်ဆိုင်ပေ။ ဩဃလေးပါးလုံးကို ယူသည့် ပထမနည်းနှင့်သာ သက်ဆိုင်ပေသည်။

သဒ္ဓါ တရတိ ဩဃံ-ဟု ဘုရားရှင်ကိုယ်တိုင် ဟောထားခြင်း၊ သဒ္ဓါတရားရှိသူ, သဒ္ဓါတရားအားကောင်းသူအဖို့ သပ္ပုရိသသံသေဝ-စသော သောတာပတ္တိယင်္ဂလေးပါးတို့ မုချ ဖြစ်လာမည်ဖြစ်၍ သဒ္ဓါတရားတစ်ခုတည်းကို ဆိုလိုက်လျှင် ထိုသောတာပတ္တိယင်္ဂလေးပါးကိုလည်း ဆိုရာရောက်ခြင်းတို့ကြောင့် ဆရာတော်ကြီး ဟောကြားချက်သည် အမှန်ပင်ဖြစ်သည်။

## အမှတ် (၁၃/၂၀၅)

မာဂဏ္ဍီကြီးကလည်း ဘုရားအနားလာပြီး ဝပ်ကလေး ဘာကလေးချ၊ စကားစမြည်ပြောတော့။ (အမှတ်စဉ်-၃၃၊ နှာ-၂၅၄)

ဤ ဟောကြားချက်၌ "ဝပ်ကလေး ဘာကလေးချ" ဟူသောစကားသည် ပိုနေ၍ မှားသည်ဟု စောဒက ဆရာတော်က တင်ပြသည်။

ထို့ကြောင့်-

"အထ ခေါ မာဂဏ္ဍီယော ပရိဗ္ဗာဇကော (ပ) ယေန ဘဂဝါ တေနုပသင်္ကမိ၊

ဥပသင်္ကမိတွာ ဘဂဝတာ သဒ္ဓိံ သမ္မောဒိ" (မ၊ ၂။၁၇၀)

ကိုထောက်၍ 'ဝပ်ကလေး ဘာကလေးချ' ဟူသော စကားကို စာအုပ်များနှင့်တိပ်ခွေများမှ ပယ်ဖျက်ပေးရမည်ဖြစ်သည်။

## အမှတ် (၁၃/၂၀၆)

အဲဒီ အာရုံခြောက်ပါးမှာ စက္ခုဝိညဉ် (ပ) မနောဝိညာဉ်ဖြစ်လို့ရှိရင် တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ ဥပါဒါန် ကမ္မဘဝ ဇာတိ ဇရာ မရဏ မဖြစ်ရလို့ မင်းပြောတာလားဆိုတော့ ဟုတ်ပါတယ်လို့ ဝန်ခံတယ်။ (အမှတ်စဉ်-၃၃၊ နှာ-၂၅၄)

မိုးကုတ်ဆရာတော်ကြီး ရည်ညွှန်းဟောကြားနေသော မာဂဏ္ဍိယသုတ် (မ၊ ၂။ ၁၆၉)၌-

"တိဏ္ဏံ သင်္ဂဟိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ ဥပါဒါန် ကမ္မဘဝ ဇာတိ ဇရာ မရဏ မဖြစ်ရလို့ မင်းပြောတာလား" ဟူသောစကား မပါဘဲလျက် ပါသလိုလို အပိုထည့်စွက် ဟောထားသဖြင့် မှားသည်ဟု စောဒကဆရာတော်က တင်ပြသည်။

မာဂဏ္ဍိယသုတ်ပါဠိတော်၌-

"စက္ခုံ ခေါ မာဂဏ္ဍိယ ရူပါရာမံ ရူပရတံ ရူပသမ္မုဒိတံ၊ တံ တထာဂတဿ ဒန္တံ ဂုတ္တံ ရက္ခိတံ သံဝုတံ၊ တဿ စ သံဝရာယ ဓမ္မံ ဒေသေတိ၊ ဣဒံ နု တေ ဧတံ မာဂဏ္ဍိယ သန္ဓာယ ဘာသိတံ 'ဘူနဟု ဣဒံ သမဏော ဂေါတမော' တိ။ ဧတဒေဝ ခေါ ပန မေ ဘော ဂေါတမ သန္ဓာယ ဘာသိတံ 'ဘူနဟု သမဏော ဂေါတမော 'တိ သောတံ ခေါ (ပ) မနောခေါ (ပ) ဘူနဟု သမဏော ဂေါတမောတိ။' (မ၊ ၂။ ၁၇၁)-

ဟု ပါရှိရာ ဒွါရခြောက်ပါးတို့၌ အကုသိုလ်မဖြစ်စေရန် ဣန္ဒြေကို ထိန်းသိမ်းစောင့်ရှောက်ခြင်းကို ရည်ရွယ်၍ မာဂဏ္ဍိယပရိဗိုဇ်က ဘုရားရှင်အား ကြီးပွားရေးကို ဖျက်ဆီးသူ (အညွန့်ချိုးသူ) ဟု စွပ်စွဲကြောင်း သိရပေသည်။

ဤသည်ကို အဋ္ဌကထာက-

ဧဝံ သော ဆသု ဒွါရေသု ဝုမ္ဓိံ ပညာပေတိ၊ ဘဂဝါ ပန 'စက္ခုံနာ သံဝရော သာဓု (ပ) သဗ္ဗဒုက္ခာ ပမုစ္စတီ' တိ ဆသု ဒွါရေသု သံဝရံ ပညပေတိ၊ တသ္မာ သော' ဝုမ္ဓိဟတော သမဏော ဂေါတမော မရိယာဒကာရကော' တိ မညမာနော 'ဘူနဟုနော' တိ အာဟ။ (မ။ ဋ္ဌ၊ ၃။ ၁၄၇/၁၄၈)ဟုရှင်းပြပေသည်။

မြတ်စွာဘုရားက ဒွါရခြောက်ပါးတို့၌ အကုသိုလ်မဖြစ်အောင် ထိန်းသိမ်းဖို့ ဟောကြားသည်၊ မာဂဏ္ဍိယပရိဗိုဇ်က ဒွါရခြောက်ပါး၌ ထိန်းသိမ်းစောင့်ရှောက်ခြင်းမပြုဘဲ ဒွါရခြောက်ပါးကို ပွားသည်ထက် ပွားအောင် လုပ်ရမည်။ မမြင်တာမြင်အောင်လုပ်ရမည်၊ မြင်တာကို ထို့ထက် မြင်အောင် လုပ်ရမည်-စသည်ဖြင့် ဒွါရခြောက်ပါးတို့၌ ပိတ်ဆို့တားဆီးခြင်းကို မပြုအပ်ဟု အယူရှိသည်။ ဒွါရခြောက်ပါးတို့၌ ပိတ်ဆို့ တားဆီးမှုပြုသူကို ကြီးပွားတိုးတက်ရေးကို ဖျက်ဆီးသူဟု အယူရှိသည်ဟု ဆိုလိုပေသည်။

ဤ၌ ဒွါရခြောက်ပါးတို့ဝယ် အကုသိုလ်မဖြစ်အောင် သတိ, ပညာဖြင့် ထိန်းချုပ်လျှင် ခြောက်ဒွါရနှင့် ဆက်စပ်၍ တဏှာ, ဥပါဒါန် ဖြစ်ခွင့်မရတော့သဖြင့် ဇာတိစသည်ကိုလည်းငြိမ်းစေရာရောက်သည်ဟုဆိုနိုင်သော်လည်း ဤမာဂဏ္ဍိယသုတ်ဝယ် ပဋိစ္စသမုပ္ပါဒ်တရားကို ဟောကြားထားသည်ကိုကား မတွေ့ရှိရပေ။ မာဂဏ္ဍိယပရိဗိုဇ်အနေဖြင့်လည်း ထိုအချိန်က ပဋိစ္စသမုပ္ပါဒ်အကြောင်း နားလည်နိုင်သေးသည် မဟုတ်ပေ။

ထို့ကြောင့် အထက်ပါ မိုးကုတ်ဆရာတော်ကြီး၏ ဟောတရားတွင် "တိဏ္ဏံ သင်္ဂတိ ဖဿော" စသော စကားကို ပယ်ဖျက်၍ "အဲဒီ အာရုံခြောက်ပါးမှာ စက္ခုဝိညာဉ် ဖြစ်လို့ရှိရင် သတိနဲ့စောင့်စည်းတယ်၊ စောင့်စည်းဖို့လည်း တရားဟောတယ်၊ ဒါကိုဘဲ ကြီးပွားခြင်းကို ဖျက်ဆီးသူ (အညွန့်တုံးအောင်ပြုသူ) ဟု မင်းပြောတာလားလို့ ဆိုတော့ ဟုတ်ပါတယ်လို့ ဝန်ခံတယ်" ဟု ပြင်ဆင်ပေးရမည်ဖြစ်သည်။

**အမှတ်စဉ် (၁၃/၂၀၇)**

အာရောဂျံ ပရမံ လာဘံ၊ နိဗ္ဗာနံ ပရမံ သုခံ။
အဋ္ဌင်္ဂိကော စ မဂ္ဂါနံ၊ ခေမာ အမတဂါမိနံ။

(အမှတ်စဉ်-၃၃၊နှာ-၂၆၅)

ဤ၌ **အာရောဂျပရမံ,** ခေမာ အမတဂါမိနံ-ဟု ပါဠိများမှားနေရာ မဇ္ဈိမပဏ္ဏာသပါဠိတော် မာဂဏ္ဍိယသုတ် (မ၊ ၂။ ၁၇၆ ) နှင့်အညီ-

အာရောဂျံ ပရမာ လာဘာ၊ နိဗ္ဗာနံ ပရမံ သုခံ။
အဋ္ဌင်္ဂိကော စ မဂ္ဂါနံ၊ ခေမံ အမတဂါမိနံ-

ဟု အမှန်ပြင်ပေးရန်ဖြစ်သည်။

**အမှတ် (၁၃/၂၀၈)**

ဣစ ဘိက္ခဝေ ဘိက္ခု ဘူတံ ဘူတတော ပဿတိ။

(အမှတ်စဉ်- ၃၃၊ နှာ-၃၁၃)

ဤ၌ ဘိက္ခု-ဟူသော ဗဟုဝုစ်ပါဠိကို 'ဘိက္ခု' ဟု ဧကဝုစ်ပါဠိဖြင့် ပြင်ပေးရန်ဖြစ်သည်။

**အမှတ် (၁၃/၂၀၉)**

ကဲ ယောက်ျား မိန်းမ မဟုတ်တာကို ယောက်ျား မိန်းမထင်ပြီး ခင်မင်နေကြရင် ဘာဆိုကြမယ် (လူမိုက်ကို မှီဝဲတာပါဘုရား)။ (ပ) သူများ ခန္ဓာရှုရှု၊ ကိုယ့်ခန္ဓာ ရှုရှု၊ ငါ သူတပါး ယောက်ျားမိန်းမဆိုတာ မရှိပါကလားလို့ ဝိပဿနာညဏ်လေးနဲ့ ရှုနေတဲ့အခါကျတော့ ပဏ္ဍိတာနဉ္စ သေဝနာ။

(အမှတ်စဉ်-၃၃၊နှာ-၃၉၀)

မိုက်တာကအဝိဇ္ဇာ၊ လိမ္မာတာက ဝိဇ္ဇာ၊ ဒီနှစ်ခုကချယ်လှယ်နေတာ။ ခင်ဗျားတို့ ပုဂ္ဂိုလ်ဘက် လှည့်လှည့်သွားတော့ ပုဂ္ဂိုလ်က နဂိုကမရှိဘူး၊ မရှိလို့ မမိုက်လဲ မမိုက်နိုင်ဘူး။ (အမှတ်စဉ်-၃၃၊ နှာ-၃၉၁)

အချင်းချင်းပြောကြတော့လဲ လူမိုက် မမှီဝဲနဲ့ကွာ တဲ့။ လူမိုက်ဆိုတာ ပုဂ္ဂိုလ် ညွှန်ပြလိုက်တယ်။ (အမှတ်စဉ်-၃၃၊ နှာ-၃၉၈)

ပရိတ်ကလေးများ ရွတ်ပေးပါဆိုတော့ မင်္ဂလသုတ် ရွတ်ပေးခဲ့တယ်။ (ပ) သားကလေး မွေးလာတော့ မင်္ဂလာပွဲတွေ၊ သမီးကလေးမွေးလာတော့ မင်္ဂလာပွဲတွေ။ (ပ) ဒီရှုးချက်က အတော်ကို သန်နေတယ်။

(အမှတ်စဉ်-၃၃၊ နှာ-၄၀၇)

ဤပြောကြားချက်များသည် နီတတ္ထဒေသနာဖြစ်သော မင်္ဂလသုတ္တန်တရားကို နေယျတ္ထအဖြစ် ဟောထားသောကြောင့် မှားသည်ဟု စောဒကဆရာတော်က တင်ပြပေသည်။

အမှတ် (၁၃/၈၂-၈၃) စောဒနာစိစစ်ချက်၌ ပြဆိုအပ်ခဲ့ပြီးသည့်အတိုင်း နီတတ္ထသုတ္တန်ဒေသနာကို နေယျတ္ထအဘိဓမ္မာဒေသနာအဖြစ်ဖြင့် ဟောနိုင်သော်လည်း နာယူရသူတို့ အသိဉာဏ်ရှုတ်ထွေးစေမည့် ဟောပြောချက်မျိုးနှင့် ဒေသက ဘုရားရှင်၏ အာဘော်ကို တလွဲတချော်ဖြစ်စေမည့် ဟောပြောချက်မျိုးတို့သည် အကျိုးထက် အပြစ်ကိုသာ များစေမည်ဖြစ်ပေသည်။

မင်္ဂလသုတ္တန်တရားသည် ဝိပဿနာတရားအဖြစ် ဟောကြားထားသည့် သုတ္တန်မဟုတ်ပေ။ လောကီ+လောကုတ္တရာ ချမ်းသာရကြောင်း မင်္ဂလာတရားကောင်းများကို နတ်လူတို့ သိနိုင်ရန် သမ္မုတိဒေသနာအဖြစ်ဖြင့် ဟောကြားထားသော ဒေသနာသာဖြစ်သည်။

ဝိပဿနာတရားဟောလိုလျှင် မင်္ဂလသုတ္တန်မှတပါး အခြား ဝိပဿနာဆိုင်ရာ သုတ္တန်ပေါင်းများစွာ ရှိနေသောကြောင့်လည်းကောင်း၊ ပညတ်+ပရမတ် မုချ+ဥပစာ ရှင်းလင်းချက်များ တွဲဖက်မပါသောကြောင့်လည်းကောင်း၊ မင်္ဂလာပွဲများ၌ မင်္ဂလသုတ္တန်ကို (မင်္ဂလသုတ်ပရိတ်ကို) ရွတ်ဆိုခြင်း အလေ့အထ ရှိနေမည်သာ ဖြစ်သောကြောင့်လည်းကောင်း၊ မင်္ဂလသုတ်ပရိတ်ရွတ်ဖို့ရန် လျှောက်ထားခြင်း, မင်္ဂလသုတ်ပရိတ်ကို ရွတ်ဆိုချီးမြှောက်ခြင်းတို့ကို "ရှုးချက်က အတော်ကို သန်နေတယ်" ဟူသောစကားသည် ဘုရားနည်းကျ ဆောင်ရွက်ကြသည့် ဗုဒ္ဓဘာသာဆိုင်ရာ သာသနာရေးအလုပ်တို့ကို သေးသိမ်အောင် ရှုတ်ချရာရောက်သောကြောင့်လည်းကောင်း၊ အထက်ပါဟောစကားရပ်များ အားလုံးနှင့် အလားတူ စကားရပ်တို့ကို မိုးကုတ်ဆရာတော်ကြီး၏ ဟောစဉ်တရားစာအုပ်များနှင့် အသံသွင်းတိပ်ခွေများမှ ပယ်ဖျက်ပေးရမည်ဖြစ်သည်။

## အမှတ် (၁၃/၂၁၀)

နောက်ကျတော့ ဝိစိကိစ္ဆာဖြုတ်ပေးတော့မှ အနုရာဓ သောတာပန်တည်သွားတယ်။ (အမှတ်စဉ်-၃၃၊ နှာ-၅၃၇)

ဤ၌ သောတာပန် တည်သွားတယ်-ဟူသောစကားနှင့် ဝိစိကိစ္ဆာဖြုတ်ပေးတော့မှ -ဟူသော စကားများ မှားသည်ဟု စောဒကဆရာတော်က တင်ပြသည်။

အထဿ တာယ ဒေသနာယ အရဟတ္တပ္ပတ္တဿ အနုယောဂဝတ္တံ အာရောပေန္တော တံ ကိံ မညသိ အနုရာဓ ရူပံ တထာဂတောတိ အာဒိမာဟ။

(သံ၊ ဋ္ဌ၊ ၂။ ၂၈၇)

ကိုထောက်၍ အရှင်အနုရာဓသည် တရားနာရ၍ ရဟန္တာဖြစ်သွားကြောင်း သိနိုင်ပေသည်။

ထို့ကြောင့် အထက်ပါဟောစကားကို "နောက်ကျတော့ တရားနာရလို့ အနုရာဓ ရဟန္တာဖြစ်သွားတယ်"ဟု ပြင်ပေးရန်ဖြစ်သည်။ တိပ်ခွေ၌ ယင်းစကားချပ်များကို ပယ်ဖျက်ပေးရမည် ဖြစ်သည်။

**အမှတ် (၁၃/၂၁၁)**

ဖိုလ်သမ္မာဒိဋ္ဌိရှိသူ ပုဂ္ဂိုလ်ကတော့ဖြင့် ဒကာ,ဒကာမတို့ တစ်ခါတည်း နောက်ပဋိ သန္ဓေဟူသရွေ့ အကုန်တားမြစ်ပါသည်။

(အမှတ်စဉ်-၃၄၊ နှာ-၈)

ဤဟောကြားချက်၌ ဖိုလ်သမ္မာဒိဋ္ဌိဟု သာမညဟောထားသောကြောင့် မှားပါသည်၊ 'စတုတ္ထဖိုလ်သမ္မာဒိဋ္ဌိ၏ရှိသူ ပုဂ္ဂိုလ်ကတော့ဖြင့်" ဟု ဟောမှသာ ပြည့်စုံမှန်ကန်ပါသည်ဟု စောဒကဆရာတော်က တင်ပြပေသည်။

သမ္မာဒိဋ္ဌိယာ သမန္နာဂတောတိ ဧတ္ထ ကမ္မဿကတာသမ္မာဒိဋ္ဌိ ဈာနသမ္မာဒိဋ္ဌိ ဝိပဿနာသမ္မာဒိဋ္ဌိ မဂ္ဂသမ္မာဒိဋ္ဌိ ဖလသမ္မာဒိဋ္ဌီတိ ပဉ္စဝိဓာ သမ္မာဒိဋ္ဌိ။ တတ္ထ ကမ္မဿကတာသမ္မာဒိဋ္ဌိ သမ္ပတ္တိဘဝံ အာကၶတိ၊ ဈာနသမ္မာဒိဋ္ဌိ ရူပါရူပဘဝေ ပဋိသန္ဓိံ ဒေတိ။ မဂ္ဂသမ္မာဒိဋ္ဌိ ဝဋ္ဋံ ဝိဒ္ဓံသေတိ၊ ဖလသမ္မာဒိဋ္ဌိ ဘဝံ ပဋိဗာဟတိ၊ ဝိပဿနာသမ္မာဒိဋ္ဌိ ကိံ ကရောတီတိ? သာပိ ပဋိသန္ဓိံ နာကၶတိ- (အံ၊ ဋ္ဌ၊ ၁။ ၃၆၉)

ဟူသော အင်္ဂုတ္တရအဋ္ဌကထာအရ ဖိုလ်သမ္မာဒိဋ္ဌိသည် ဘဝကို တားမြစ်ကြောင်း သိရပေသည်။

ဖလသမ္မာဒိဋ္ဌိ ဘဝံ ပဋိဗာဟတိ- ဟူသောစကားကို ယထာရဟနည်းဟု ယူလျှင် ရပေသည်။ အဘယ်ကြောင့်ဟူမူ ဖလသမ္မာဒိဋ္ဌိဟု သာမညအားဖြင့် ဆိုထားသောကြောင့်ပေတည်း။ ထို့ကြောင့် ဖလသမ္မာဒိဋ္ဌိသည် လေးမျိုးရှိသည့်အနက် သောတာပတ္တိဖိုလ်သမ္မာဒိဋ္ဌိသည် ခုနစ်ဘဝထက် အလွန်ဖြစ်သော ဘဝ (ပဋိသန္ဓေ)ကို တားသည်။ သကဒါဂါမိဖိုလ်နှင့်ယှဉ်သော သမ္မာဒိဋ္ဌိသည် နှစ်ဘဝ

ထက် ပိုသော ဘဝကို တားမြစ်သည်။အနာဂါမိမိဖိုလ်သမ္မာဒိဋ္ဌိသည် ကာမဘုံ, ကာမဘဝကို တားမြစ်သည်။ အရဟတ္တဖိုလ်သမ္မာဒိဋ္ဌိသည်ကား ဘဝအားလုံးကို တားမြစ်သည်ဟု ယူရပေသည်။

သို့ဖြစ်၍ အထက်ပါ မိုးကုတ်ဆရာတော်ကြီး၏ ဟောစကားသည် သာမည ဖြစ်နေသောကြောင့် အထက်ပါဟောတရားကို "အရဟတ္တဖိုလ်သမ္မာဒိဋ္ဌိရှိသူ ပုဂ္ဂိုလ်ကတော့ဖြင့် ဒကာ, ဒကာမတို့ တစ်ခါတည်း နောက်ပဋိသန္ဓေဟူသရွေ့ အကုန်တားတယ်" ဟု ပြင်ဆင်ပေးရမည်ဖြစ်သည်။

**အမှတ် (၁၃/၂၁၂)**

ကတမော စ ဘိက္ခဝေ အသ်တမဂ္ဂေါ ဝိပဿနာ လို့ ဘုရားက အဖြေထုတ် ပေးလိုက်တယ်။ (အမှတ်စဉ်-၃၄၊ နှာ-၁၁၇)

ဤဟောကြားချက်၌ အသခ်တမဂ္ဂေါ-ဟု ပါဠိမှားနေရာ "အသခ်တဂါမိ မဂ္ဂေါ" ဟု (သံ၊ ၂။ ၅၃၈) နှင့်အညီ အမှန်ပြင်ပေးရန်ဖြစ်သည်။

**အမှတ် (၁၃/၂၁၃)**

ဖြစ်ပျက်တွေ ချုပ်ငြိမ်း ရုပ်သိမ်းသွားပေါ့လို့ သိတာ၊ အဲဒါ နိရောဓသစ္စာလို့ မှတ်လိုက်တာပေါ့။ (အမှတ်စဉ်-၃၄၊ နှာ-၁၆၈)

ဖြစ်ပျက်တွေ ချုပ်ငြိမ်း ရုပ်သိမ်းသွားပေါ့လို့ သိတာသည် နိရောဓသစ္စာမဟုတ်။ မဂ်သမ္မာဒိဋ္ဌိသာ ဖြစ်သောကြောင့် အထက်ပါ ဆရာတော်ကြီး၏ ဟောကြား ချက်သည် မှားယွင်းပါကြောင်း စောဒကဆရာတော်က တင်ပြသည်။

"အင်း. . . မဂ်သမ္မာဒိဋ္ဌိက သူ့အစဉ်အတိုင်း တက်သွားတော့ ဘာမြင်တုန်း။ ဖြစ်ပျက်ချုပ်တာ ဖြစ်ပျက်မရှိတာကို မြင်တာ၊ သဘောကျပလား။ ဖြစ်ပျက်တွေ ချုပ်ငြိမ်း ရုပ်သိမ်းသွားပေါ့လို့ သိတာ" ဟု ရှေ့နားတွင် ဟောထားသော ဆရာတော်ကြီး၏ စကားကို ထောက်လျှင် မဂ်သမ္မာဒိဋ္ဌိကို ဟောနေကြောင်း သိနိုင်ပေသည်။

တေသံ အပ္ပဝတ္တိ နိရောဓော၊ နိရောဓပဇာနနာ မဂ္ဂသစ္စံ=ထို ဒုက္ခ+သမုဒယ တို့၏ ချုပ်ငြိမ်းခြင်းသည် နိရောဓသစ္စာမည်၏။ ထိုနိရောဓသစ္စာ (နိဗ္ဗာန်) ကို သိသော ဉာဏ်သည် မဂ္ဂသစ္စာမည်၏-ဟူသော အဋ္ဌကထာတို့ကိုထောက်၍

ဖြစ်ပျက်တွေချုပ်ငြိမ်း ရုပ်သိမ်းသွားပေ့ါလို့ သိခြင်းသည် မဂ်သမ္မာဒိဋ္ဌိ (မဂ္ဂသစ္စာ) သာ ဖြစ်သည်။

ထို့ကြောင့် အထက်ပါ ဆရာတော်ကြီး၏ ဟောတရားကို "ဖြစ်ပျက်တွေ ချုပ်ငြိမ်း ရုပ်သိမ်းသွားပေ့ါလို့ သိတာ၊ အဲဒါ မဂ္ဂသစ္စာ မဂ်သမ္မာဒိဋ္ဌိလို့ မှတ်လိုက်တာပေ့ါ" ဟု ပြင်ဆင်ရမည်ဖြစ်သည်။ အသံသွင်းတိပ်ခွေ၌ကား အထက်ပါ ဟောတရားကို ပယ်ဖျက်ပေးရမည်ဖြစ်သည်။

## အမှတ် (၁၃/၂၁၄)

ဖိုလ်မဂ္ဂင်ရှစ်ပါးလာတယ်ဆိုတော့ သူလဲ သုံးကိစ္စပဲလို့ မှတ်လိုက်တာပေ့ါ (မှန်ပါ)။ သဘောကျပလား (ကျပါတယ်ဘုရား)။ ကိလေသာလဲ စွန့် (ခန္ဓာလဲစွန့် ပါတယ်ဘုရား)။ နိဗ္ဗာန်လဲ မြင်တာဘဲဆိုတာ သဘောကျပလား။ (အမှတ်စဉ်-၃၄၊ နှာ-၂၃၅)

ဖိုလ်ကိစ္စက ကိလေသာကိုလဲ ငြိမ်းချမ်းရေးရအောင်လဲ လုပ်နိုင်တယ်။ နိဗ္ဗာန်ကိုလဲ မြင်နိုင်တယ်။ သူက နှစ်ကိစ္စ။ ရှင်းပလား။ (အမှတ်စဉ်-၃၄၊ နှာ-၂၃၇)

ဤ ဟောကြားချက်၌ ဖိုလ်ကိစ္စကို သုံးကိစ္စဟုလည်းကောင်း, နှစ်ကိစ္စဟု လည်းကောင်း ဟောကြားထားသောကြောင့် ရှေ့နောက် ကွဲပြားနေပါသည်ဟု စောဒကဆရာတော်က တင်ပြသည်။

"ဒါဖြင့် သူနှစ်ကိစ္စလို့မှတ်၊ ငြိမ်းချမ်းရေးကိစ္စရယ် နိဗ္ဗာန်မြင်တဲ့ကိစ္စရယ်၊ ခန္ဓာတော့ သူကစွန့်စရာမလိုတော့ဘူး" (အမှတ်စဉ်-၃၃၊ နှာ-၂၃၇) ဟူသော ဆရာတော်ကြီး၏ ဟောပြောချက်ကို ထောက်လျှင် နှစ်ကိစ္စသာ ဟောလိုရင်း ဖြစ်ကြောင်း သိနိုင်သည်။ ဖိုလ်၏ ပဋိပဿဒ္ဓိပဟာနကိစ္စနှင့် နိဗ္ဗာန်ကို အာရုံပြုခြင်း ကိစ္စသည် သာကေမလိုလောက်အောင် ထင်ရှားနေပြီဖြစ်သည်။

ထို့ကြောင့် ပထမအပိုဒ်၌ 'သုံးကိစ္စ'ကို 'နှစ်ကိစ္စ' ဟုပြင်ပြီး "ခန္ဓာလဲစွန့်ပါတယ် ဘုရား" ဟူသော စကားကိုမူ ပယ်ဖျက်ပေးရမည်ဖြစ်သည်။

## အမှတ် (၁၃/၂၁၅)

ဖိုလ်ဟာ ဘယ်နှစ်ကြိမ်များ လာတတ်ပါသတုန်းဆိုရင်ဖြင့် ဒကာ, ဒကာမတို့ ညံ့ဖျင်းတဲ့ပုဂ္ဂိုလ်မှာ သုံးကြိမ်လာတတ်တယ်။ တစ်ဖိုလ်ချုပ်ပြီး နောက်တစ်ဖိုလ် လာတာဘဲ။ ဒုတိယဖိုလ်ချုပ်ပြီး တတိယဖိုလ်လာပြန်တာဘဲ (မှန်ပါဘုရား)။

ညံ့ဖျင်းတဲ့ပုဂ္ဂိုလ်မှာနော်။ ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်မှာတော့ တစ်, နှစ်, သုံး ဆိုပြီးနောက် ဒီပြင် တခြားစိတ်တွေ ဘဝင်စိတ်တွေ လာတော့တာဘဲနော်။

(အမှတ်စဉ်-၃၄၊ နှာ-၂၃၉)

ဤဟောပြောချက်၌ "ညံ့ဖျင်းတဲ့ပုဂ္ဂိုလ်မှာ သုံးကြိမ်လာတတ်တယ်"ဟု ဟောခြင်းသည် မှားပါကြောင်း စောဒကဆရာတော်က တင်ပြသည်။

"မဟာပညဿ ပန ဒွေ အနုလောမာနိ ဟောန္တိ၊ တတိယံ ဂေါတြဘု၊ စတုတ္ထံ မဂ္ဂသစ္စံ၊ တီဏိ ဖလာနိ၊ တတော ဘဝင်္ဂေါတရဏံ။ မန္ဒပညဿ တီဏိ အနုလောမာနိ ဟောန္တိ၊ စတုတ္ထံ ဂေါတြဘု၊ ပဉ္စမံ မဂ္ဂစိတ္တံ၊ တတော ဘဝင်္ဂေါတရဏံ။" (အဘိ၊ ဌ၊ ၁။ ၂၇၅)

"နာတိတိက္ခပညဿ ဒွေ, တိက္ခပညဿ တီဏိ ဖလစိတ္တာနိ ဟောန္တိ" (ဝိသုဒ္ဓိ၊ဋီ၊၂။၄၈၆)ဟူသော အဋ္ဌသာလိနီအဋ္ဌကထာနှင့် ဝိသုဒ္ဓိမဂ်မဟာဋီကာတို့ကို ထောက်လျှင် ဉာဏ်ကြီးကျယ်ထက်မြက်သော ပုဂ္ဂိုလ် အား ဖိုလ်ဇောသုံးကြိမ်၊ ဉာဏ်မကြီးမကျယ် ဉာဏ်မထက်မြက်သော ပုဂ္ဂိုလ်အား နှစ်ကြိမ်ဖြစ်ကြောင်း သိရပေသည်။

မဂ်ဖိုလ်အရာသည် ညံ့ဖျင်းသော ပုဂ္ဂိုလ်တို့၏ အရာမဟုတ်သောကြောင့် "ညံ့ဖျင်းသောပုဂ္ဂိုလ်" ဟုလည်း မသုံးသင့်ပါပေ။

ထို့ကြောင့် အထက်ပါဆရာတော်ကြီး၏ ဟောတရားကို "ဖိုလ်ဟာ ဘယ် နှစ်ကြိမ် လာတတ်ပါသတုန်းဆိုရင်ဖြင့် ဉာဏ်နုံ့နှေးတဲ့ပုဂ္ဂိုလ်, ဉာဏ်မကြီးကျယ် ဉာဏ်မထက်မြက်တဲ့ ပုဂ္ဂိုလ်မှာ နှစ်ကြိမ်ဘဲလာတတ်တယ်။ တစ်ဖိုလ်ချုပ်ပြီး နောက်တစ်ဖိုလ်လာတာဘဲ။ ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်မှာတော့ သုံးကြိမ်လာတယ်၊ သုံးကြိမ်ပြည့်ရင် ဘဝင်စိတ်တွေလာတော့တာဘဲ" ဟု ပြင်ဆင်ပေးရန်ဖြစ်သည်။

"ညံ့ဖျင်းသောပုဂ္ဂိုလ်"ဟူသော စကားနှစ်ရပ်နှင့် "သုံးကြိမ်လာတတ်တယ်" ဟူသော ပထမစကားရပ်တို့ကို ဟောစဉ်တရားစာအုပ်များနှင့် အသံသွင်းတိပ်ခွေ များမှ ပယ်ဖျက်ပေးရမည်ဖြစ်သည်။

## အမှတ် (၁၃/၂၁၆)

ဟာနန္တိ ဘောဂ ဒုမ္မေဓံ၊ နော စ ပါဒဂဝေသိနော။

ဘောဂံ တဏှာယ ဒုမ္မေဓော၊ ဟန္တိ အညေဝ အတ္တာနံ။
(အမှတ်စဉ်-၃၄၊ နှာ-၃၁၇)

ဤ၌ ပါဠိသတ်ပုံများမှားနေရာ ဓမ္မပဒပါဠိတော် ဂါထာ နံပါတ် (၃၅၅)နှင့် အညီ-

ဟနန္တိ ဘောဂါ ဒုမ္မေဓံ၊ နော စ ပါရဂဝေသိနော။
ဘောဂတဏှာယ ဒုမ္မေဓော၊ ဟန္တိ အညေဝ အတ္တနံ-

ဟု အမှန်ပြင်ပေးရန် ဖြစ်သည်။

## အမှတ် (၁၃/၂၁၇)

နော စ ပါဒဂဝေသိနော-နိဗ္ဗာန်ရောက်လဲ ဒီတရားက ဒီပစ္စည်းက မပို့ဘူးတဲ့။ အပါယ်ရောက်အောင်လဲ ပို့ချလိုက်တာဘဲ။ (အမှတ်စဉ်-၃၄၊ နှာ-၃၁၇)

ဤဟောကြားချက်၌ ပါဠိသတ်ပုံရော အနက်အဓိပ္ပါယ်ပါ မှား၏-ဟု စောဒကဆရာတော်က တင်ပြသည်။

နော စ ပါရဂဝေသိနော-ဟု အမှန်ပြင်ပေးရမည်ဖြစ်ကြောင်း အထက်စောဒနာ အမှတ် (၁၃/၂၁၆) စိစစ်ချက်၌ ညွှန်ပြီးဖြစ်သည်။

ထို နော စ ပါရဂဝေသိနော-ကို ဓမ္မပဒအဋ္ဌကထာ၌

"နော စ ပါရဂဝေသိနော တိ ယေ ပန နိဗ္ဗာနပါရဂဝေသိနော ပုဂ္ဂလာ၊ န တေ ဘောဂါ ဟနန္တိ" ဟု ဖွင့်ပြသောကြောင့် "နိဗ္ဗာန်ဟူသော ဟိုမှာ ဘက်ကမ်းကို ရှာမှီးကုန်သော ပညာရှိပုဂ္ဂိုလ်တို့ကိုမူ ပစ္စည်းဥစ္စာက မညှဉ်းဆဲ မနှိပ်စက်နိုင်ကုန်" ဟူသော အဓိပ္ပါယ်ကိုသာ ပြပေသည်။ "ပစ္စည်းဥစ္စာတို့က နိဗ္ဗာန်ကို မပို့နိုင်" ဟူသော အဓိပ္ပါယ်ကို မပြပေ။

ထို့ကြောင့် အထက်ပါ ဆရာတော်ကြီး၏ ဟောတရားကို "နော စ ပါရဂဝေသိနော-နိဗ္ဗာန်ဆိုတဲ့ ဟိုဘက်ကမ်းကိုရှာတဲ့ ပညာရှိတို့ကို ဒီပစ္စည်းတွေက မညှဉ်းဆဲ မနှိပ်စက်နိုင်ကြပါဘူးတဲ့။ ပညာမရှိသူကိုသာ အပါယ်ရောက်အောင် နှိပ်စက်တတ်တာ" ဟု မှန်အောင် ပြင်ဆင်ပေးရမည် ဖြစ်သည်။

တိတ်ခွေ၌မူ အထက်ပါ ဟောစကားကို ပယ်ဖျက်ပေးရမည်ဖြစ်သည်။

## အမှတ် (၁၃/၂၁၈)

(က) ဇာယထ ဘိက္ခဝေ၊ မာ ပမာဒတ္တ။ (အမှတ်စဉ်-၃၄၊နှာ-၃၅၃)
(ခ) ဆဗ္ဗါရာအဓိပတိ ရာဇာ-အစရှိသည်။ (အမှတ်စဉ်-၃၄၊ နှာ-၄၁၈)

(ဂ) ဥဒ္ဒိစ္စကုက္ကုစ္စဒါသိယာ။ (အမှတ်စဉ်-၃၄၊ နှာ-၄၂၄)
(ဃ) ဝိက္ခိတ္တစိတ္တံ ဝိက္ခိတ္တစိတ္တန္တိ ပဇာနာတိ။(အမှတ်စဉ်-၃၄၊ နှာ-၄၂၉) ဤ ပါဠိများ မှားနေရာ

(က) ကို သံ၊ ၂။ ၅၃၅-နှင့်အညီ "ဈာယထ ဘိက္ခဝေ မာ ပမာဒတ္ထ" ဟု လည်းကောင်း၊
(ခ) ကို ဓမ္မ၊ ဋ၊ ၂။ ၁၅၀-နှင့် အညီ"ဆဒ္ဒါရာဓိပ္ပတိ ရာဇာ"ဟု လည်းကောင်း၊
(ဂ) ကို ဒီ၊ ဋ၊ ၁။ ၁၉၂-နှင့်အညီ "ဒါသဗျံ ဝိယ ဥဒ္ဒိစ္စကုက္ကုစ္စံ" ဟု လည်းကောင်း၊
(ဃ) ကို ဒီ၊ ၂။ ၂၃၇-နှင့် အညီ"ဝိက္ခိတ္တံ ဝါ စိတ္တံ ဝိက္ခိတ္တစိတ္တံ ပဇာနာတိ" ဟု လည်းကောင်း၊

အမှန်အတိုင်း ပြင်ဆင်ပေးရမည်ဖြစ်သည်။

## (အမှတ် (၁၃/၂၀၉)

သူတို့ကတော့ ရှင်နန္ဒက တရားသာ သူတို့နာရလို့ရှိရင် သောတာပန် တည်မှာ (မှန်ပါ)။ သူတို့ချင်း ပြောနေကြတာ။ (အမှတ်စဉ်-၃၄၊ နှာ-၅၀၉)

ဤဟောတရား၌ သူတို့ချင်း ပြောနေကြတာ ဟူသောစကားသည် မှားပါသည်ဟု စောဒကဆရာတော်က တင်ပြသည်။

> ယဿာ ဟိ ဘိက္ခုနိယာ ဧဝမဟောသိ "ကဒါ နု ခေါ အဟံ အယျဿ နန္ဒကဿ ဓမ္မဒေသနံ သုဏန္တီ တသ္မိံယေဝ အာသနေ သောတာပတ္တိဖလံ သစ္ဆိကရေယျ"န္တိ သာ သောတာပတ္တိဖလံ သစ္ဆာကာသိ။ ယဿာ အဟောသိ "သကဒါဂါမိဖလံ အနာဂါမိဖလံ အရဟတ္တ"န္တိ သာအရဟတ္တံ သစ္ဆာကာသိ။
> (မ၊ ဋ၊ ၄။ ၂၄၃)

ဟူသော ဥပရိပဏ္ဏာသပါဠိ၊ နန္ဒကောဝါဒသုတ်အဖွင့်ကို ထောက်လျှင်"ငါသည် အဘယ်အခါ၌ အရှင်နန္ဒက၏ တရားကို နာရပြီး သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ဖြစ်ရပါအံ့နည်း"ဟု ဘိက္ခုနီမများ အကြံအစည် လိုလားချက်ရှိပုံ၊ ထိုလိုလားချက်အတိုင်း ပြည့်စုံပုံတို့ကို သိရပေသည်။

ထိုဘိက္ခုနီမများသည် အရှင်နန္ဒက ဟောကြားသည့် တရားကို နာနိုင်လောက်အောင် (ဝါ) သိနားလည်လော ဓာတ်ခံလည်းရှိပြီးဖြစ်ကြောင်းကို-

"တံ ကိဿ ဟေတု၊ ပုဗ္ဗေဝ နော ဧတံ ဘန္တေ ယထာဘူတံ သမ္မပ္ပညာယ သုဒိဋ္ဌံ ဣတိပိမေ ဆ အဇ္ဈတ္တိကာ အာယတနာ အနိစ္စာတိ" (မ၊ ၃။ ၃၁၆)၊ ဟူသော ပါဠိတော်အရ သိရပေသည်။

ထို့ပြင် မိမိတို့၏ အကြံအစည် ကောင်းသော ဆန္ဒတို့ကိုလည်း ဘိက္ခုနီမ အချင်းချင်း မပြောဘဲ နေကြမည် မဟုတ်ပေ၊ ပြောမိကြမည်မှာ သေချာပေသည်။

သို့သော် ပါဠိတော်နှင့် ညီညွတ်စေရန် "ငါဟာ ဘယ်အခါ အရှင်နန္ဒကရဲ့ တရားကို နာရပြီး သောတာပန်တည်နိုင်ပါမလဲလို့ကြံစည်တွေးတောကြတယ်၊ အရှင်နန္ဒကတရားကို နာလိုတဲ့ ဆန္ဒတွေ ဖြစ်ကြတယ်။ အချင်းချင်းလဲ ပြောမိကြတယ်" ဟု ပြင်ဆင်ပေးသင့်သည်။

## (အမှတ် ၁၃/၂၂၀)

ဟော နန္ဒက လာဦးကွ၊ နက်ဖြန်ကျတော့ ခေါ်ပြန်တယ်။ မင်းပဲ ဟောရမယ်။ (အမှတ်စဉ်-၃၄၊ နှာ-၅၄၂)

ဤဟောတရား၌"နက်ဖြန်ကျတော့ ခေါ်ပြန်တယ်"ဟူသော စကားသည် **မှား၏ဟု** စောဒကဆရာတော်က တင်ပြသည်။

**အထ** ခေါ ဘဂဝါ အာယသ္မန္တံ နန္ဒကံ အာမန္တေသိ" တေန ဟိ တွံ နန္ဒက **သွေပိ တာ** ဘိက္ခုနိယော တေနေဝေါဝါဒေန ဩဝဒေယျာသီ" တိ-

(မ၊ ၃။ ၃၁၉)

ကိုထောက်၍ ရှင်နန္ဒက နောက်နေ့၌လည်း ဘိက္ခုနီမများအား ထိုတရားတော်ကိုပင် ဆက်လက် ဟောပေးရန် ဘုရားရှင်က တိုက်တွန်းမိန့်ကြားကြောင်း သိရသည်။

ဆရာတော်ကြီး၏ ဟောတရား၌ ရှေ့နောက် စကားပြန်နေသောကြောင့် "ဟော့ နန္ဒက လာဦးကွ၊ ခေါ်ပြန်တယ်။ နက်ဖန်ကျတော့လဲ မင်းပဲ ဟောရမယ်" ဟု ပြင်ဆင်ပေးရန်ဖြစ်သည်။

## အမှတ် (၁၃/၂၂၁)

သနာထာ ဘိက္ခဝေ မာ အနာထာ (ပ) သနာထာ၊ ကိုးစားရာ အားထားရာ ရှိကြကုန်သည်။ ဘဝထ၊ ဖြစ်ကြကုန်လော့။ (အမှတ်စဉ်-၃၄၊ နှာ ၅၄၅)

ဆရာတော်ကြီး၏ ယင်းပါဠိသည် မပြည့်မစုံ ဖြစ်နေရာ (အံ၊ ၃။ ၂၇၅)ပထမ

နာထ သုတ်နှင့် အညီ သနာထာ ဘိက္ခဝေ ဝိဟရထ၊ မာ အနာထာဟု မှန်အောင် ပြင်ဆင်၍ အနက်ကိုပေးကိုလည်း ပါဠိတော်နှင့် ညီညွတ်အောင် ပြင်ဆင် ပေးရမည်ဖြစ်သည်။

**အမှတ် (၁၃/၂၂၂)**

အယမ္ပိ ဓမ္မော နာထကာရကော၊ အယမ္ပိ၊ ဤ ဖြစ်ပျက်ကို အားကိုးခြင်းသည်။ နာထကာရကော၊ ကိုးကွယ်ခြင်းကို ပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

(အမှတ်စဉ်-၃၄၊ နှာ-၅၄၇)

ဤ၌ ပါဠိရော အနက်ပေးပါ မှားယွင်းနေရာ (အံ၊ ၃၊ ၂၇၆) ပထမနာထသုတ်၊ (အံ၊ ၃။ ၂၇၉) ဒုတိယ နာထသုတ်တို့နှင့် အညီ "အယမ္ပိ ဓမ္မော နာထကရဏော" ဟု ပြင်၍ "အယမ္ပိ ဓမ္မော၊ ဤဖြစ်ပျက်ကို ရှုတတ်သော ဝိပဿနာပညာနှင့် ပြည့်စုံခြင်းဟူသော တရားသဘောသည်လည်း။ နာထကရဏော၊ မှီခိုရာ အားထားရာကို ပြုတတ်သောတရားမည်၏"ဟု အနက်မှန် ပြင်ပေးရမည်။

**အမှတ် (၁၃/၂၂၃)**

အဌကထာ အင်္ဂုတ္တိုရ်မှာ ကိုးကွယ်ရာ ရှစ်ပါးတွေရှိတဲ့ အနက်က နောက်ဆုံးပိတ် ဒါ ဟောပြီးသကာလ ထားသောကြောင့်။ (အမှတ်စဉ်-၃၄၊ နှာ-၅၄၈)

**ကိုးကွယ်ရာ** ရှစ်ပါးမဟုတ်ပါ၊ ဆယ်ပါးသာဖြစ်ပါသည်။ ထိုဆယ်ပါးကို ဒသကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောထားပါသည်။ ထို့ကြောင့် ဆရာတော် **ကြီး၏စကား** မှားနေပါသည်-ဟု စောဒကဆရာတော်က တင်ပြသည်။

မှန်ပေသည်။ နာထကရဏ တရား (၁၀)ပါးကို ဒသကနိပါတ်၊ အင်္ဂုတ္တုရ် ပထမ နာထသုတ်, ဒုတိယနာထသုတ်တို့၌ ဟောထားသောကြောင့် အထက်ပါ ဆရာတော်ကြီး၏ ဟောတရားကို "ဒသကနိပါတ်၊ အင်္ဂုတ္တိုရ်မှာ ကိုးကွယ်ရာတရား ၁၀-ပါး ဟောကြားထားရှိပါတယ်၊ အဲဒီ ၁၀-ပါးအနက်က နောက်ဆုံးပိတ် ဒါ ဟောပြီးသကာလ ထားတာကြောင့်" ဟု ပြင်ဆင်ပေးရမည်။တိပ်ခွေ၌ ထိုစကား အားလုံးပယ်ဖျက်ပေးရမည်ဖြစ်သည်။

**အမှတ် (၁၃/၂၂၄)**

ဥပေက္ခာဝေဒနာပေါ်တယ် မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။ ဥပေက္ခာဆိုတာ မောဟဘဲ။ (အမှတ်စဉ်-၃၄၊ နှာ -၅၆၄)

ဤ ဟောတရား၌ "ဥပေက္ခာ ဆိုတာ မောဟဘဲ" ဟူသော စကားမှားသည်ဟု စောဒကဆရာတော်က တင်ပြသည်။

- အဒုက္ခမသုခါယ ဝေဒနာယ အဝိဇ္ဇာနုသယော အနုသေတိ။
(မ၊ ၁။ ၃၇၇)

- ဥပေက္ခာ နာမ အညာဏုပေက္ခာ (ပ) ကမ္မာ ဆ ဂေဟသိတဥပေက္ခာတိ ကမ္မာ ဇဝံ ဆသု ဒွါရေသု ဣဋ္ဌာရမ္မဏေ အာပါထဂတေ ဂုဠပိဏ္ဍကေ နိလီနမက္ခိကာ ဝိယ ရူပါဒီနိ အနတိဝတ္တမာနာ တတ္ထ လဂ္ဂါ လဂ္ဂိတာ ဟုတွာ ဥပ္ပန္နာ ဥပေက္ခာ ဆ ဂေဟသိတာ ဥပေက္ခာတိ ဝေဒိတဗ္ဗာ။ ကမ္မာ ဆ နေက္ခမ္မသိတာ ဥပေက္ခာတိ ကမ္မာ ဇဝံ ဆသု ဒွါရေသု ဣဋ္ဌာဒိအာရမ္မဏေ အာပါထဂတေ ဣဋ္ဌေ အရဇ္ဇန္တဿ အနိဋ္ဌေ အဒုဿန္တဿ အသမပေက္ခနေ အသမ္မုယှန္တဿ ဥပ္ပန္နဝိပဿနာ ဉာဏ သမ္ပယုတ္တာ ဆ နေက္ခမ္မသိတာ ဥပေက္ခာတိ ဝေဒိတဗ္ဗာ။(မ၊ ဋ္ဌ၊ ၄။ ၁၈၇)

ဟူသော ဥပရိပဏ္ဏာသပါဠိတော် အဋ္ဌကထာကို ထောက်သော် ဥပေက္ခာ ဝေဒနာ၌ မောဟကိန်းသည်ကိုလည်းကောင်း၊ ဒွါရခြောက်ပါးတို့၌ အာရုံထင်လာသောအခါ ဝိပဿနာဉာဏ်နှင့်ယှဉ်သော ဥပေက္ခာဖြစ်လျှင် နေက္ခမ္မသိတ ဥပေက္ခာဖြစ်၍ ဝိပဿနာဉာဏ်မပါလျှင် မောဟနှင့်ယှဉ်သော အညာဏုပေက္ခာဟု ဆိုရသည်၊ ဂေဟသိတဥပေက္ခာဖြစ်ကြောင်း ကိုလည်း သိရပေသည်။

မောဟနှင့် ဥပေက္ခာသည် ကိုယ်ပိုင်လက္ခဏာ အသီးသီးရှိကြသော ပရမတ္ထတရားများဖြစ်သည်ကိုလည်း အများသိပြီးဖြစ်သည်။

ထို့ကြောင့် အထက်ပါ ဟောတရားတွင် "ဥပေက္ခာဆိုတာ မောဟဘဲ" ဟူသော စကားရပ်ကို စာအုပ်များနှင့် တိပ်ခွေများမှ ပယ်ဖျက်ပေးရမည်ဖြစ်သည်။

**အမှတ် (၁၃/၂၂၅)**

စိုးရိမ်မှုနဲ့ဘဲ ဓမ္မဒိန္နာထေရီမထံ ဝိသာခသူဌေးက သွားလိုက်တယ်။
(အမှတ်စဉ်-၃၅၊ နှာ-၁၂)

ဓမ္မဒိန္နာထေရီမထံ ဝိသာခသူဌေးသွားချိန်၌ ဝိသာခ သူဌေးသည် အနာဂါမ် အရိယာဖြစ်နေပြီဖြစ်၍ စိုးရိမ်သောက ဗျာပါဒ ဒေါသကိုပယ်ပြီး ဖြစ်သောကြောင့်

စိုးရိမ်မှုနဲ့ သွားသည်- ဟူသော စကား မှားသည်ဟု စောဒကဆရာတော်က တင်ပြသည်။

ဝိသာခေါ "ဓမ္မဒိန္နာ ကိရ အာဂတာ" တိ သုတွာ "ပဗ္ဗဇိတွာ န စိရဿေဝ ဇနပဒံ ဂတာ၊ ဂန္ဒွာပိ န စိရဿေဝ ပစ္စာဂတာ၊ ကိံ နု ခေါ ဘဝိဿတိ၊ ဂန္တွာ ဇာနိဿာမိ" တိ ဒုတိယဂမနေန ဘိက္ခုနိဥပဿယံ အဂမာသိ။

(မ၊ ဋ္ဌ၊ ၂။ ၂၅၇)

ကို ထောက်၍ "ရဟန်းမ ပြုပြီး မကြာမီ ဇနပုဒ်သို့ သွားတယ်၊ သွားပြီး မကြာမီ ပြန်လာတယ်၊ ဘယ်လိုလဲ သွားပြီး စုံစမ်းမှဖြစ်မယ်" ဟု စဉ်းစားပြီး ဘိက္ခုနီမ ကျောင်းသို့ သွားကြောင်း သိရပေရာ ဘိက္ခုနီမကျောင်းသို့ (ဓမ္မဒိန္နာထေရီမထံသို့) သွားခြင်းသည် အကြောင်းစုံကို သိလို၍ သွားခြင်းဖြစ်သည်။ စိုးရိမ်လို့ သွားခြင်း မဟုတ်ပေ။

ထို့ကြောင့် အထက်ပါ ဆရာတော်ကြီး၏ ဟောတရားကို "အကြောင်းစုံ သိချင်တာနဲ့ဘဲ ဓမ္မဒိန္နာထေရီမထံ ဝိသာခသူဌေးက သွားလိုက်တယ်" ဟု ပြင်ဆင် ပေးရမည်ဖြစ်သည်။

### အမှတ် (၁၃/၂၂၆)

ဗောဓိပက္ခိယတရား ၃၇-ပါးဆိုတာ ကျန်တဲ့ စေတသိက်တွေကိုပါ ရေးထည့်လိုက်တယ် (မှန်ပါ)။ မဂ်စိတ်ကိုယှဉ်တဲ့ စေတသိက်တွေနဲ့ ပေါင်းလိုက်တော့ ၃၇-ပါး ဖြစ်သွားတယ်။ (အမှတ်စဉ်-၃၅၊ နှာ၉၃)

ဗောဓိပက္ခိယတရား ၃၇-ပါးကို ရေတွက်ပြရာ၌ မဂ်စိတ်တစ်ပါး, ၎င်း၌ ယှဉ်သော စေတသိက် ၃၆-ပါးဟု ဟောပြောခြင်းသည် မှားပါကြောင်း စောဒက ဆရာတော်က တင်ပြသည်။

ဗောဓိပက္ခိယသင်္ဂဟေ စတ္တာရော သတိပဋ္ဌာန (ပ) အဋ္ဌ မဂ္ဂင်္ဂါနိ သမ္မာ-သမာဓိ-ဟူသော အဘိဓမ္မတ္ထသင်္ဂဟ သမုစ္စည်းပိုင်းပါဋ္ဌိနှင့်-

စတ္တာရောသတိပဋ္ဌာနာ၊ စတ္တာရော သမ္မပ္ပဓာနာ၊ စတ္တာရော ဣဒ္ဓိပါဒါ၊ ပဉ္စိန္ဒြိယာနိ၊ ပဉ္စ ဗလာနိ၊ သတ္တ ဗောဇ္ဈင်္ဂါ၊ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါတိ ဟိ ဣမေ သတ္တတ္တိံသ ဓမ္မာ ဗုဇ္ဈနဋ္ဌေန ဗောဓောတိ လဒ္ဓနာမဿ အရိယမဂ္ဂဿ ပက္ခေ ဘဝတ္တာ-ဗောဓိပက္ခိယာ နာမ-

ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (ဝိသုဒ္ဓိ၊ ၂။ ၃၁၈)တို့ကို ထောက်၍ ဗောဓိပက္ခိယ

တရား ၃၇-ပါးဟူသည် သတိပဋ္ဌာန်းလေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ် လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး-ပေါင်း ၃၇-ပါး တို့သာ ဖြစ်သည်။ မဂ်စိတ် တစ်ပါး, ယင်း၌ ယှဉ်သော စေတသိက် ၃၆-ပါး ပေါင်း ၃၇-ပါးကို ဆိုလိုသည် မဟုတ်ပေ။

ထို့ကြောင့် အထက်ပါ ဟောတရားကို ဟောစဉ်စာအုပ်များနှင့် အသံသွင်း တိပ်ခွေတို့မှ ပယ်ဖျက်ပေးရမည်ဖြစ်သည်။

### အမှတ် (၁၃/၂၂၇)

ဘဝင်စိတ်ဆိုတာ စိတ်တစ်ခု စိတ်တစ်ခု အကြားမှာ အတိတ် အာရုံပြု နေတဲ့စိတ် ကြားဝင်ခိုတာ။ အဲဒါများမနေတာက စိန္တာမယ (ပ) ဘဝင်များ သွားရင် စိန္တာမယဉာဏ်ပါ။ (အမှတ်စဉ်-၃၅၊ နှာ-၁၃၈)

ဤ ဟောကြားချက်၌ "ဘဝင်များနေတာ စိန္တာမယ၊ ဘဝင်များသွားရင် စိန္တာ-မယဉာဏ်" ဟု ဟောခြင်းသည် မှားသည်ဟု စောဒကဆရာတော်က တင်ပြသည်။

စိန္တာမယဉာဏ်ကို ကျမ်းဂန်တို့၌-

(၁) သူတစ်ပါးအထံမှ မကြားမနာရဘဲ မိမိဉာဏ်ဖြင့် နှိုင်းချိန်စဉ်းစား ဆင်ခြင်သောအားဖြင့် ဖြစ်သော စိန္တာမယဉာဏ်နှင့်၊

(၂) ကြားနာအပ်ဖူးသော တရားကို အမှီပြု၍ ဆင်ခြင်သောအားဖြင့် ဖြစ်သော စိန္တာမယဉာဏ်-

ဟု စိန္တာမယဉာဏ်နှစ်မျိုးကို ပြဆိုပေသည်။

ဘဝင်စိတ်ဟူသည်-

ဣစ္စေဝံ ဂဟိတပဋိသန္ဓိကာနံ ပန (ပ) ယာဝ စုတိစိတ္တုပ္ပါဒါ အသတိ ဝီထိစိတ္တုပ္ပါဒေ ဘဝဿ အင်္ဂဘာဝေန ဘဝင်္ဂသန္တတိသင်္ခါတံ မာနသံ အဗ္ဗောစ္ဆိန္နံ နဒီသောတော ဝိယ ပဝတ္တတိ-

ဟူသော အဘိဓမ္မတ္ထသင်္ဂဟ ဝီထိမုတ်ပိုင်းနှင့်အညီ ဝီထိစိတ်မဖြစ်သည့်အခါ ဝီထိစိတ်တို့၏ အကြားအကြား၌ဖြစ်သော စိတ်ကိုသာခေါ်သည်။ ထိုဘဝင်စိတ်တို့ သည်ကံ, ကမ္မနိမိတ်, ဂတိနိမိတ် တို့ကိုသာ အာရုံပြု၍ အခြားအာရုံတို့ကို အာရုံ မပြုနိုင်ပေ။

အထက်ပါ စိန္တာမယဉာဏ်နှစ်မျိုးတို့တွင် မိုးကုတ်ဆရာတော်ကြီး ဟောလိုသော စိန္တာမယဉာဏ်မှာ ဒုတိယအမျိုးအစားဖြစ်ကြောင်း "ဆင်ခြင်တဲ့ အချိန်တစ်ချိန်ထားပါ၊ ပွားများတဲ့အချိန် တစ်ချိန်ထားပါ၊ မထိုင်ခင် ဆင်ခြင်နေလိုက်ပါဦး၊ ဖြစ်ထိုက် မဖြစ်ထိုက် ဆုံးဖြတ်ချက်ချပါဦး၊ သဘောကျပြီလား၊ ကျပြီဆိုရင်ကဲ ဘာဝနာမယ လုပ်မယ်ဆိုပြီးတော့ ဒကာ, ဒကာမတွေက ဘာဝနာမယနဲ့ လုပ်လိုက်ကြမယ်လို့ရှိရင် ဒါဟာ အမြန်ဆုံး ပေါက်နိုင်တယ်" (အမှတ်စဉ်-၃၅၊ နှာ-၁၃၉/၁၄၀) ဟူသော ဟောပြောချက်အရ သိနိုင်ပေသည်။

ထိုသို့ပင် ဟောသော်လည်း ဘဝင်များသွားခြင်းကို စိန္တာမယဉာဏ်ဟု ဆိုခြင်းသည်ကား အထက်ပါ ကျမ်းဂန်များနှင့် မညီပေ။

ထို့ကြောင့် အထက်ပါဟောစကားရပ်များကို ဟောစဉ်စာအုပ်များနှင့် အသံသွင်းတိပ်ခွေတို့မှ ပယ်ဖျက်ပေးရမည်ဖြစ်သည်။

အမှတ် (၁၃/၂၂၈)

> နိဗ္ဗာန်ရောက်တဲ့ နေရာမှာ ခင်ဗျားတို့ ကလျာဏမိတ္တက အခုလိုသင်ကြားပြသတဲ့ ဆရာသမားက ခင်ဗျားတို့ကို ဆောင်တာဘဲ။ ခင်ဗျားတို့ကဖြင့် ဗလာသဘော လာတာဘဲဆိုတာ ပေါ်ပြီ။ (ပ) ဘာမှ မပါဘူးတဲ့။ အပါယ်တံခါး ပိတ်ပေးဖို့ မပါဘူး။ နိဗ္ဗာန်တံခါး ဖွင့်ပေးဖို့ကော မပါပါဘူး။ (အမှတ်စဉ်၃၅၊ နှာ-၃၈)

"ခင်ဗျားတို့ကဖြင့် ဗလာသဘော လာတာဘဲ (ပ) ဘာမှ မပါဘူး"ဟု ဟောပြောခြင်းသည် မှားကြောင်း စောဒကဆရာတော်က တင်ပြသည်။

နိဗ္ဗာန်တရားကို သိမြင်ရေးတွင် ကျွမ်းကျင်လိမ္မာသော ဆရာကောင်း သမားကောင်း (ကလျာဏမိတ္တ) အလွန်လိုအပ်သော်လည်း ဆရာကောင်းရှုံဖြင့် ကိစ္စမပြီးသေးပေ။ တပည့်ယောဂီ၏ ရှေးကောင်းမှုကံ (ပါရမီ) သည်လည်း အရေးကြီးပေသည်။ ပါရမီမပြည့်သေးသူများသည် ဆရာကောင်းတို့၏ ဟောပြောပြသ သွန်သင်မှုကို ရပါသော်လည်း နိဗ္ဗာန်ကို မဆိုထားဘိ ဝိပဿနာဉာဏ်ပင် ဖြစ်ဖို့ ခဲယဉ်းပေသည်။

ရှေးကောင်းမှုကံ (ပါရမီ)ရှိခဲ့သော ပုဂ္ဂိုလ်များသည် ဆရာကောင်းတို့၏ သွန်သင်ပြသမှုကို ရ၍ ကိုယ်တိုင် ကျင့်ကြံအားထုတ်ပါလျှင် ဝိပဿနာဉာဏ်နှင့် တကွ မဂ်ဉာဏ်များကို ရနိုင်ပေသည်။

ထို့ကြောင့် အင်္ဂုတ္တရအဋ္ဌကထာ စတုက္ကနိပါတ် သမ္မတ္တိစက္ကသုတ်အဖွင့် (အံ၊ ဋ္ဌ၊ ၂။ ၂၉၀)တွင် -

> ပုဗ္ဗေ စ ကတပုညတာတိ ပုဗ္ဗေ ဥပစိတကုသလတာ။ ဣဒမေဝ စေတ္ထ ပမာဏံ။ ယေန ဟိ ဉာဏသမ္ပယုတ္တစိတ္တေန ကုသလကမ္မံ ကတံ ဟောတိ၊ တဒေဝ ကုသလံ တံ ပုရိသံ ပတိရူပဒေသေ ဥပနေတိ၊ သပ္ပုရိသေ ဘဇာပေတိ၊ သော ဧဝ စ ပုဂ္ဂလော အတ္တာနံ သမ္မာ ဋ္ဌပေတိ-.

ရှေးကုသိုလ်ကံ ပါခဲ့မှ ဆရာကောင်း သမားကောင်းများနှင့် တွေ့ရသည်၊ စိတ်ကောင်း ထားတတ်သည်၊ အသိဉာဏ်ရှိသည်-ဟု ဖွင့်ဆိုပေသည်။

သို့ဖြစ်၍ ဆရာတော်ကြီး၏ အထက်ပါ ဟောတရားတွင် "ခင်ဗျားတို့ကဖြင့် ဗလာသဘော လာတာဘဲဆိုတာ ပေါ်ပြီ (ပ) ဘာမှ မပါဘူးတဲ့။ အပါယ် တံခါး ပိတ်ပေးဖို့ မပါဘူး။ နိဗ္ဗာန်တံခါး ဖွင့်ပေးဖို့ကော မပါပါဘူး" ဟူသော စကားကို ပယ်ဖျက်၍ ယင်းစကားရပ်အစား"ဒကာ, ဒကာမတို့မှာ ဆရာသမားကောင်းနဲ့ တွေ့ဖို့ အတိတ်ကုသိုလ်ကံ ကြီးမားကြတယ် (ပ) အတိတ်ကုသိုလ်ကံ ပါရမီ ပါခဲ့ကြတယ်။ အပါယ်တံခါးပိတ်ဖို့, နိဗ္ဗာန်တံခါး ဖွင့်ဖို့ ဉာဏ်တွဲတဲ့ ကံအင်အား ပါလာခဲ့ကြတယ်" ဟု အစားထိုး ပြင်ဆင်ပေးမှသာ ဒေသနာတော်နှင့် ကိုက်ညီ ပေမည်။

## အမှတ် (၁၃/၂၂၉)

> ယောနိသော မနသိကာရဆိုတာ ယောနိသော မနသိကာရ စေတ သိက်ဘဲ။ (အမှတ်စဉ်-၃၅၊ နှာ-၄၈၇)

စေတသိက် ၅၂-ပါးတို့တွင် ယောနိသောမနသိကာရစေတသိက်ဟူ၍ မပါပါ။ မနသိကာရစေတသိက်ကို မိုးကုတ်ဆရာတော်ကြီး ရည်ရွယ်ဟန် တူပါသည်။ ထိုမနသိကာရစေတသိက်ဟူသည်မှာလည်း ယောနိသော မနသိကာရနှင့် တစ်ခြားစီ ဖြစ်သောကြောင့် အထက်ပါ ဟောတရား မှားသည်ဟု စောဒက ဆရာတော်က တင်ပြသည်။

ယောနိသောမနသိကာရကို ကျမ်းဂန်တို့၌ အမျိုးမျိုး ဟောကြားတော်မူရာ ယောနိသောမနသိကာရ အရ တရားကိုယ်ကိုမူ-

(၁) - သင့်တင့်သောအားဖြင့်၊ နည်းမှန်လမ်းမှန်အားဖြင့်ဖြစ်သော ကြံစည်စဉ်းစား ဆင်ခြင်တတ်သော ပညာ။ (နေတ္တိ။ ၈)

(၂) - ဘဝင်စိတ်ကို လည်စေတတ် ဆုတ်နစ်တန့်ရပ်စေတတ်သော အာဝဇ္ဇန်းဒွေး။
(အဘိဓမ္မာဝတာရဋီကာသစ်၊ပထမတွဲ။ ၁၇၅။ မဏိမဉ္ဇူ ပထမတွဲ။ ၃၈၂)

(၃) - ဘဝင်စိတ်ကို လည်စေတတ် ဆုတ်နစ်တန့်ရပ်စေတတ်သော မနောဒွါရိကစိတ်။ (အံ၊ ဋီ၊ ၁။ ၇၅။ ဒီ၊ ဋီ၊ ၂။ ၂၁၂။ မ၊ ဋီ၊ ၁။ ၁၄၉)

ဟု သုံးမျိုးဖွင့်ဆိုပေသည်။

ဤ၌ မနသိကာရနှင့် ယောနိသောမနသိကာရ မတူသည်ကို သတိပြုအပ်ပေသည်။ မနသိကာရစေတသိက်သည် စိတ်အားလုံးနှင့်ယှဉ်သော စေတသိက်ဖြစ်သည်။ ယောနိသောမနသိကာရကား "ယောနိသော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာ စေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ အကုသလာ ဓမ္မာ ပရိဟာယန္တိ" စသော အင်္ဂုတ္တိုရ်ပါဠိတော် (အံ၊ ၁။ ၁၂)။

"ယေ ကေစိ ဘိက္ခဝေ ဓမ္မာ ကုသလာ ကုသလဘာဂိယာ ကုသလပက္ခိကာ၊ သဗ္ဗေ တေ ယောနိသောမနသိကာရမူလကာ ယောနိသောမနသိကာရသမောသရဏာ" စသော သံယုတ်ပါဠိတော် (သံ၊ ၃။ ၈၁)တို့ကို ထောက်လျှင် ကုသိုလ်ဖြစ်ခြင်း၏အကြောင်း ကောင်းမြတ်သောတရားသာ ဖြစ်ပေသည်။

ထို့ကြောင့် မိလိန္ဒပဉှာ၌-

နနု ဘန္တေ ယောနိသောမနသိကာရော ယေဝ ပညာတိ။ န ဟိ မဟာရာဇ အညော မနသိကာရော၊ အညာ ပညာ။ ဣမေသံ ခေါ မဟာရာဇ အဇေဠကဂေါဏမဟိံသဩဋ္ဌဂဒြဘာနမ္ပိ မနသိကာရော အတ္ထိ၊ ပညာ ပန တေသံ နတ္ထီတိ။ (မိလိန္ဒ။ ၃၁)

ဟု မနသိကာရနှင့် ပညာသည် တစ်ခြားစီဖြစ်ကြောင်း၊ မနသိကာရသည် ဆိတ်, သိုး, နွား, ကျွဲ, ကုလားအုတ်, မြည်းစသော တိရစ္ဆာန်တို့၌လည်း ဖြစ်ကြောင်း၊ ပညာသည်ကား ထိုတိရစ္ဆာန်တို့၌ မဖြစ်ကြောင်း မိန့်ဆိုထားပေသည်။

ဤသည်တို့ကို ထောက်လျှင် ယောနိသောမနသိကာရသည် ပညာ, အာဝဇ္ဇန်းဒွေး, မနာဒွါရိကဇောတို့ကို ကောက်ယူရသော ကုသိုလ်ပွားကြောင်း တရားကောင်းဖြစ်၍ မနသိကာရသည်ကား ကုသိုလ်, အကုသိုလ်, အဗျာကတစိတ်အားလုံးနှင့် ယှဉ်သော မနသိကာရစေတသိက်သာဖြစ်၍ တစ်ခြားစီသာဖြစ်ကြောင်း သိနိုင်ပေသည်။

သို့ဖြစ်၍ "ယောနိသောမနသိကာရဆိုတာ ယောနိသောမနသိကာရစေတသိက်ဘဲ" ဟူသော အထက်ပါဟောပြောချက်ကို ဟောစဉ်တရားစာအုပ်များနှင့် အသံသွင်းတိပ်ခွေတို့မှ ပယ်ဖျက်ပေးရမည် ဖြစ်သည်။

အမှတ် (၁၃/၂၃၀)

သိက္ခာပုဒ် လွန်ကျူးလာရင်တော့ အကုသိုလ်ဘဲ။

(အမှတ်စဉ်-၃၅၊ နှာ-၅၂၅)

ဤ ဟောကြားချက်သည် ဝိနည်းဆိုင်ရာ မကျွမ်းကျင်၍ မှားရပါသည်ဟု စောဒကဆရာတော်က တင်ပြသည်။

> အာပတ္တာဓိကရဏံ သိယာ အကုသလံ သိယာ အဗျာကတံ။ (ဝိ၊ ၄။ ၂၁၇။ ဝိ၊ ၅။ ၁၉၁)နှင့်၊
>
> ယံ တာဝ အာပတ္တာဓိကရဏံ လောကဝဇ္ဇံ၊ တံ ဧကန္တတော အကုသလမေဝ။ (ပ) ယံ ပန ပဏ္ဏတ္တိဝဇ္ဇံ၊ တံ ယသ္မာ သဉ္စိစ္စ 'ဣမံ အာပတ္တိံ ဝီတိက္ကမာမီ' တိ ဝီတိက္ကမသောဝ အကုသလံ ဟောတိ၊ အသဉ္စိစ္စ ပန ကိဉ္စိ အဇာနန္တဿ သဟသေယျာဒိဝသေန အာပဇ္ဇတော အဗျာကတံ ဟောတိ။ (ဝိ၊ ဋ၊ ၄။ ၄၀)

တို့ကိုထောက်၍ လောကဝဇ္ဇသိက္ခာပုဒ်ကို လွန်ကျူးလျှင်ဖြစ်စေ၊ ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်ကို လွန်ကျူးလိုစိတ်ဖြင့် အားထုတ်၍ လွန်ကျူးမိလျှင်ဖြစ်စေ အကုသိုလ်ဖြစ်ကြောင်း၊ ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်ကို မသိဘဲ အမှတ်တမဲ့ လွန်ကျူးမိလျှင်ဖြစ်စေ၊ သိက္ခာပုဒ်ပညတ်အရာ မကျွမ်းကျင်သေးသော ရဟန္တာ ပုဂ္ဂိုလ်များ မသိ၍ လွန်ကျူးမိလျှင်ဖြစ်စေ အဗျာကတဖြစ်ကြောင်း သိရသောကြောင့် "သိက္ခာပုဒ် လွန်ကျူးလာရင်တော့ အကုသိုလ်ဘဲ"ဟူသောစကားကို "လွန်ကျူးလိုတဲ့စိတ်နဲ့ သိက္ခာပုဒ် လွန်ကျူးလာရင်တော့ အကုသိုလ်ဘဲ" ဟူ၍ ဖြစ်စေ၊ "သိက္ခာပုဒ်လွန်ကျူးလာရင်တော့ အကုသိုလ်နှင့် အဗျာကတ တစ်မျိုးမျိုးဘဲ"

ဟူ၍ဖြစ်စေ ပြင်ဆင်ပေးရမည်ဖြစ်သည်။ တိပ်ခွေ၌ ယင်းစကားရပ်ကို ပယ်ဖျက်ပေးရမည်ဖြစ်သည်။

## အမှတ် (၁၃/၂၃၁)

အမှတ်များက တစ်ချက် (မှန်ပါ) ။ အသိများကကော (တစ်ချက်ပါဘူးရား)။ အယူများကကော (တစ်ချက်ပါဘုရား) ။ ဒါဟာ ဝိပလ္လာသ သုံးချက် (မှန်ပါ) ။ (အမှတ်စဉ်-၃၆၊ နှာ-၄၆)

၃-နံပါတ်အများကို ကျော်လွှန်လို့ရှိရင်ဖြင့် ဒကာ, ဒကာမတို့သေသေချာချာ မှတ်ပါတော့၊ ပထမနိဗ္ဗာန်ကို ရပါတယ်။ ၃-နံပါတ်အများ ကျော်လွှန်ရင် ဒိဋ္ဌိကွာပြီကော။ (အမှတ်စဉ်-၃၆။ နှာ-၆၄)

ဤဟောတရား၌ ၃-နံပါတ်အများ (ဒိဋ္ဌိဝိပလ္လာသလေးပါး) ကို ကျော်လွှန်လို့ရှိရင် ပထမနိဗ္ဗာန်ကို ရပါတယ်-ဟူသော ဟောပြောချက်သည် မှားယွင်းနေကြောင်း၊ ထိုလေးပါး အပါအဝင် ဝိပလ္လာသရှစ်ပါးကို ပယ်နိုင်မှ ပထမမဂ်ဉာဏ်ကို ရပါကြောင်း ဓာဒကဆရာတော်က တင်ပြပေသည်။

မှန်ပေသည်။

တေသု အဋ္ဌ သောတာပတ္တိမဂ္ဂေန ပဟီယန္တိ၊ အသုဘေ သုဘန္တိ ပညာစိတ္တဝိပလ္လာသာ သကဒါဂါမိမဂ္ဂေန တနုကာ ဟောန္တိ၊ အနာဂါမိမဂ္ဂေန ပဟီယန္တိ။ ဒုက္ခေ သုခန္တိ သညာစိတ္တဝိပလ္လာသာ အရဟတ္တမဂ္ဂေန ပဟီယန္တိ။

(အဘိ၊ ဋ၊ ၂။ ၄၈၃)

ဟူသော သမ္မောဟဝိနောဒနီအဋ္ဌကထာအရ သောတာပတ္တိမဂ် (ပထမမဂ်) သည် အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ၌ နိစ္စ, သုခ, အတ္တ, သုဘဟု အယူမှားသော ဒိဋ္ဌိဝိပလ္လာသလေးပါးနှင့် အနိစ္စ၌ နိစ္စဟု အမှတ်မှား အသိမှားသော သညာဝိပလ္လာသ စိတ္တဝိပလ္လာသ၊ အနတ္တ၌အတ္တဟု အမှတ်မှား အသိမှားသော သညာဝိပလ္လာသ စိတ္တဝိပလ္လာသ တို့ကို ပယ်ကြောင်း သိရပေသည်။

ထို့ကြောင့် "၃-နံပါတ်အများကို ကျော်လွှန်လို့ရှိရင်ဖြင့် ဒကာ, ဒကာမတို့ သေချာမှတ်ပါတော့၊ ပထမနိဗ္ဗာန်ကို ရပါတယ်"ဟူသော ဆရာတော်ကြီး၏ ဟောတရားကို "တစ်နံပါတ် အမှတ်မှား တစ်ဝက်၊ နှစ်နံပါတ် အသိမှား တစ်ဝက်၊ သုံးနံပါတ်-အယူမှားအားလုံးကို ကျော်လွှန်ရင် ပထမမဂ်ကို ရပါတယ်" ဟု ပြင်ဆင်ပေးရမည်။

ပထမနိဗ္ဗာန်, ဒုတိယနိဗ္ဗာန် စသော အသုံးအနှုန်းများသည်လည်း နိဗ္ဗာန်သည် အမျိုးမျိုးရှိသောကြောင့် ပထမနိဗ္ဗာန်, ဒုတိယနိဗ္ဗာန်-စသည်ဖြင့် မသုံးဘဲ ပထမမဂ်, ဒုတိယမဂ်-စသည်ဖြင့် ဖြစ်စေ၊ ပထမမဂ်ဖြင့် မြင်အပ်သော နိဗ္ဗာန်, ဒုတိယမဂ်ဖြင့်မြင်အပ်သော နိဗ္ဗာန်-စသည်ဖြင့် ဖြစ်စေ၊ ပြင်ဆင်ပေးမှ သင့်လျော်မည် ဖြစ်သည်။

**အမှတ် (၁၃/၂၃၂)**

၁-နံပါတ် အမှားများကို ကျော်လွှန်လို့ရှိရင် ဒုတိယ, တတိယနိဗ္ဗာန် ရပါတယ်။ (အမှတ်စဉ်-၃၆၊ နှာ-၆၄)

ဤ၌လည်း ဒုတိယမဂ်နှင့် တတိယမဂ်ကို စွမ်းရည်တူထား၍ ဟောခြင်းသည် မှားသည်ဟု စောဒကဆရာတော်က တင်ပြသည်။

ဤစကားရပ်၌ ၁-နံပါတ် အမှားများဟူသည် အနိစ္စ, ဒုက္ခ အနတ္တ, အသုဘ တို့ကို နိစ္စ, သုခ, အတ္တ, သုဘဟု အမှတ်မှားသော သညာဝိပလ္လာသလေးမျိုးကို ဆိုလိုပေသည်။

အမှတ် (၁၃/၂၃၁) စောဒနာ စိစစ်ချက်၌ ပြဆိုအပ်ခဲ့ပြီးသော သမ္မောဟဝိနောဒနီ အဋ္ဌကထာအရ သကဒါဂါမိမဂ်သည် ဝိပလ္လာသတို့ကို အကြွင်းမဲ့ မပယ်နိုင်။ အသုဘ၌ သုဘဟု အမှတ်မှားခြင်း သညာဝိပလ္လာသ, အသိမှားခြင်း စိတ္တဝိပလ္လာသ နှစ်ပါးတို့ကိုသာ နည်းပါးအောင် ပြုနိုင်သည်။ အနာဂါမိမဂ်သည် သကဒါဂါမိမဂ်က နည်းပါးအောင် ပြုအပ်သော အသုဘေ သုဘသညာဝိပလ္လာသ, စိတ္တဝိပလ္လာသ နှစ်ပါးတို့ကို အကြွင်းမရှိအောင် ပယ်သတ် နိုင်ပေသည်။

၁-နံပါတ်အမှားဟု မိုးကုတ်ဆရာတော်ကြီး ရည်ညွှန်းသော သညာဝိပလ္လာသ လေးပါးအနက် ဒုက္ခေ သုခ သညာဝိပလ္လာသကို တတိယမဂ်က မကျော်နိုင် မပယ်နိုင်သေးပေ။

ထို့ကြောင့် မိုးကုတ်ဆရာတော်ကြီး၏ ဟောပြောချက်သည် မပြည့်မစုံဖြစ်နေသဖြင့် ဆရာတော်ကြီး၏ အထက်ပါ ဟောပြောချက်ကို ပယ်ဖျက်ပေးရမည်ဖြစ်သည်။ ယင်းသို့ ပယ်ဖျက်ပေးခြင်းကသာ သံသယကင်း၍ နောင် အစဉ်အဆက် အငြင်းပွားခြင်းမှ လွတ်ကင်းမည်ဖြစ်ပေသည်။

## အမှတ် (၁၃/၂၃၃)

ဝိပလ္လာသဆယ့်နှစ်ပါးကို အသီးသီး ပယ်နိုင်မှ ဖြစ်တာ။ ပထမမဂ်က ရှစ်ပါးပယ်တယ်။ ဒုတိယမဂ်နဲ့ တတိယမဂ်က နှစ်ပါးပယ်တယ်။

(အမှတ်စဉ်-၃၆၊ နှာ-၆၅)

ဤ၌လည်း ဒုတိယမဂ်က နှစ်ပါးပယ်တယ်-ဟူသော စကားသည် မှားကြောင်း စောဒကဆရာတော်က တင်ပြသည်။

အမှတ် (၁၃/၂၃၁) စောဒနာ စိစစ်ချက်၌ ပြအပ်ပြီးသော သမ္မောဟဝိနောဒနီအဋ္ဌကထာအရ သကဒါဂါမိမဂ် (ဒုတိယမဂ်) က ပယ်အပ်သော ဝိပလ္လာသ သီးခြားမရှိ။ အနာဂါမိမဂ် (တတိယမဂ်)က ပယ်အပ်သော ဝိပလ္လာသ နှစ်ပါးရှိသောကြောင့် အထက်ပါ ဟောတရားဝယ်"ဒုတိယမဂ်နဲ့ တတိယမဂ်က နှစ်ပါးပယ်တယ်" ဟူသော စကားရပ်၌ "ဒုတိယမဂ်နဲ့" ဟူသော စကားကို ပယ်ဖျက်ပေးရမည်ဖြစ်သည်။

## အမှတ် (၁၃/၂၃၄)

သညာ မပယ်ဘဲနဲ့ ဒုတိယနိဗ္ဗာန်ကို (မရောက်ပါဘုရား)။ သုဘ, သုခ, စိတ္တ-တွေ မပယ်ဘဲနဲ့ ဒကာ, ဒကာမတို့ စတုတ္ထနိဗ္ဗာန်ကို (မရောက်ပါဘူး ဘုရား)။ ရကို မရဘူး စိတ်ချ (မှန်ပါ) ။ အင်္ဂုတ္တိုရ်ပါဠိတော်မှာ သေသေချာချာ ဘုရားဟောတယ်။ (အမှတ်စဉ်- ၃၆၊ နှာ- ၆၆)

သကဒါဂါမိပုဂ္ဂိုလ်၌ အသုဘေ သုဘသညာဝိပလ္လာသနှင့် ဒုက္ခေ သုခသညာ ဝိပလ္လာသ တို့ရှိပါသေးသည်။ သကဒါဂါမိမဂ် (ဒုတိယမဂ်) က ထိုနှစ်ပါးကို မပယ်နိုင်သေးပါ။ ထို့ကြောင့် အထက်ပါ ဆရာတော်ကြီး၏ ဟောတရား မှားပါသည်ဟု စောဒကဆရာတော်က တင်ပြသည်။

စတုတ္ထမဂ် (အရဟတ္တမဂ်) သည် အောက်မဂ်များ မပယ်အပ်သေးသော ကြွင်းဝိပလ္လာသနှစ်ပါးကို ပယ်သတ်လိုက်သဖြင့် ရဟန္တာသန္တာန်၌ ဝိပလ္လာသ ၁၂-ပါးလုံး မရှိတော့ပါ။ မိုးကုတ်ဆရာတော်ကြီးက သုဘ, သုခ, စိတ္တတွေ မပယ်ဘဲနဲ့ စတုတ္ထနိဗ္ဗာန်ကို မရောက်ဟု ဟောထားရာ စတုတ္ထမဂ်က အသုဘေသုဘ စိတ္တဝိပလ္လာသ, ဒုက္ခေသုခစိတ္တဝိပလ္လာသ နှစ်ခုကို ပယ်သည်ဟု အဓိပ္ပါယ်ရောက်သဖြင့် မှားပြန်ပါသည်။ ထိုသို့ မဂ်တို့က ဝိပလ္လာသ အသီးသီးကို ပယ်ပုံကို အင်္ဂုတ္တိုရ် ပါဠိတော်၌ ဟောကြားထားခြင်းလည်း မရှိပါဟု စောဒကဆရာတော်က ဆက်လက်တင်ပြပေသည်။

ဇောဒကဆရာတော်၏ တင်ပြချက်သည် အထက်ပါဖော်ပြပြီး သမ္မောဟဝိနောဒနီ အဋ္ဌကထာနှင့် ညီညွတ်သောကြောင့် အထက်ပါ မိုးကုတ် ဆရာတော်ကြီး၏ ဟောတရားကို "အသုဘမှာ သုဘလို့ အမှတ်မှား အသိမှား နှစ်ပါးကို မပယ်ဘဲနဲ့ တတိယမဂ်ကို မရနိုင်ဘူး။ ဒုက္ခမှာ သုခလို့ အမှတ်မှား, အသိမှား နှစ်ပါးကို မပယ်နိုင် မကျော်နိုင်ဘဲနဲ့ စတုတ္ထမဂ်ကို မရနိုင်ဘူး" ဟု အမှန်ပြင်ပေးရမည်ဖြစ်သည်။ "အင်္ဂုတ္တိုရ်ပါဠိတော်မှာ သေသေချာချာ ဟောထားတယ်" ဟူသောစကားကိုမူ ပယ်ဖျက်ပေးရမည် ဖြစ်သည်။

## အမှတ် (၁၃/၂၃၅)

ဒါဖြင့် မီးထဲက ဆွဲထုတ်တဲ့ပစ္စည်း (မှန်ပါ) ။ ဒါက ဓမ္မပဒမှာ လာတာ။
(အမှတ်စဉ်-၃၆၊ နှာ- ၃၀၉)

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဓမ္မပဒပါဠိတော်မှာ မီးလောင်ကတ်တဲ့အထဲက ဆွဲမထုတ်တဲ့ လူလောက် လူ့လောကမှာ အရုပ်ဆိုး အကျည်းတန်တာကတော့ ငါ မမြင်ဘူးတဲ့။ ဘုရားက သေသေချာချာ ဟောတာဘဲ။ (အမှတ်စဉ်- ၃၆။ နှာ-၃၁၂)

ဤဟောတရား၌ "ဓမ္မပဒမှာလာတာ" ဟု မိန့်ကြားခြင်း, "မီးလောင် တတ်တဲ့ အထဲက ဆွဲမထုတ်တဲ့ လူလောက် လူ့လောကမှာ အရုပ်ဆိုး အကျည်းတန်တာကတော့ ငါမမြင်ဘူးတဲ့"ဟု ဟောကြားခြင်းတို့သည် ဓမ္မပဒမှာ မလာပါဘဲ လာသည် ဟု ဟောထားသောကြောင့် မှားသည်ဟု စောဒက ဆရာတော်က တင်ပြသည်။

စုဒိကဆရာတော်တို့က ဓမ္မပဒ၌လာရှိသည့်"သာရဉ္စ သာရတော ဉတွာ၊ အသာရဉ္စ အသာရတော" စသော ဂါထာကို ဆရာတော်ဘုရားကြီး ဟောနေခြင်းဖြစ်၍ မမှားပါဟု ချေပကြလေသည်။

စုဒိတကဆရာတော်တို့ ညွှန်ပြသော"သာရဉ္စ သာရတော ဉတွာ" စသောဂါထာ၌ " မီးထဲက ဆွဲထုတ်ရမယ်"ဟူသော စကားမပါသောကြောင့်လည်းကောင်း၊ အိမ်ကို မီးလောင်လျှင် ရရာပစ္စည်းကို မီးမလောင်အောင် ဆွဲထုတ်ရမည်၊ ထိုမီးမလောင်အောင် ဆွဲထုတ်နိုင်သော ပစ္စည်းသည် အိမ်ရှင်အတွက် အကျိုးများသည်ဟူသော ဟောပြောချက်သည် သံယုတ်ပါဠိတော်၊ အင်္ဂုတ္တရ

ပါဠိတော်နှင့် ဇာတကပါဠိတော်တို့၌ လာရှိသောကြောင့် လည်းကောင်း အထက်ပါ ဟောတရားတွင်“ဓမ္မပဒမှာ လာတယ်” “ဓမ္မပဒပါဠိတော်မှာ ဟူသော စကားရပ်တို့ကို “ပါဠိတော်မှာ လာတယ်” “ပါဠိတော်မှာ” ဟု ပြင်ဆင် ပေးရမည်ဖြစ်သည်။

**အမှတ် (၁၃/၂၃၆)**

ငါ့မှာ သူဌေးကြီး ငါးယောက်ရှိတယ်တဲ့။ (အမှတ်စဉ်-၃၆၊ နှာ- ၃၁၆)

မဟာသုဒဿနစကြာမင်းကြီး၌ ရတနာခုနစ်မျိုးတွင် ပါဝင်သော သူဌေး ရတနာ (ဂဟပတိရတနာ) ကား တစ်ယောက်သာ ပါသောကြောင့် ငါးယောက်ဟု ဟောခြင်းသည် မှားပါသည်ဟု စောဒကဆရာတော်က တင်ပြသည်။

စုဒိတကဆရာတော်တို့က ရတနာခုနစ်မျိုးတွင် ဆင်, မြင်း, မိဖုရား, သူကြွယ်, သားကြီးရတနာ-ဟူသော သက်ရှိ ရတနာငါးမျိုးကို ရည်ရွယ်ပြီး ဟောကြားခြင်း ဖြစ်ကြောင်း ချေပကြသည်။

> ပုန စ ပရံ အာနန္ဒ ရညော မဟာသုဒဿနဿ ဂဟပတိရတနံ ပါတုရဟောသိ၊ တဿ ကမ္မဝိပါကဇံ ဒိဗ္ဗစက္ခု ပါတုရဟောသိ၊ ယေန နိဓိံ ပဿတိ သဿာမိကမ္ပိ အဿာမိကမ္ပိ၊ သော ရာဇာနံ မဟာသုဒဿနံ ဥပသင်္ကမိတွာ ဧဝမာဟ 'အပ္ပေါဿုက္ကော တွံ ဒေဝ ဟောတိ၊ အဟံ တေ ဓနေန ဓနကရဏီယံ ကရိဿာမိ' တိ။ (ဒီ၊ ၂။ ၁၄၄)

ကိုထောက်၍ မဟာသုဒဿနစကြာမင်းအား သူဌေးရတနာ တစ်ဦးသာ ရှိကြောင်း၊ ထိုသူဌေးရတနာက ပစ္စည်းဥစ္စာနှင့် စပ်သမျှ ဆောင်ရွက်ပေးကြောင်း သိနိုင်ပေသည်။

စုဒိတကဆရာတော်တို့ တင်ပြသည့် ဆင်ရတနာစသော သက်ရှိ ရတနာ လေးမျိုးသည် စီးပွားဥစ္စာနှင့် စပ်လျဉ်းသော ကိစ္စများကို မဆောင်ရွက်နိုင် သောကြောင့် သူဌေးဟူ၍ မဆိုထိုက်ပေ။

ထို့ကြောင့် အထက်ပါစကားရပ်ကို “ငါ့မှာ ဂဟပတိရတနာလို့ခေါ်ရတဲ့ သူဌေးကြီးတစ်ယောက်ရှိတယ်တဲ့” ဟု ပြင်ဆင်ပေးရမည် ဖြစ်သည်။ တိပ်ခွေ၌ ယင်းစကားရပ်ကို ပယ်ဖျက်ပေးရမည်ဖြစ်သည်။

## အမှတ် (၁၃/ ၂၃၇)

သက္ကာယဒိဋ္ဌိဆိုတာ မဂ်တား ဖိုလ်တား တရားဘဲ။

(အမှတ်စဉ်-၃၆၊နှာ-၃၉၈)

သက္ကာယဒိဋ္ဌိတိုင်း မဂ်တား ဖိုလ်တား မဟုတ်သောကြောင့် 'သက္ကာယဒိဋ္ဌိဆိုတာ မဂ်တား ဖိုလ်တား တရားဘဲ' ဟု သာမညဟောခြင်းသည် မှားပါသည်ဟု စောဒကဆရာတော်က တင်ပြသည်။

စောဒကဆရာတော်က အနုသယဓာတ်ခံရှိနေသော သက္ကာယဒိဋ္ဌိသည် မဂ်ဖိုလ်နိဗ္ဗာန်ကို မတား။ ပရိယုဋ္ဌာနအဆင့်အထိ သက္ကာယဒိဋ္ဌိ မြင့်မြင့်ကြီး ရှိနေလျှင်မူကား မဂ်ဖိုလ်နိဗ္ဗာန်ကို ဧကန်တားတော့မည် ဖြစ်ပါသည်ဟု အနုသယကိလေသာအဆင့်ရှိသော သက္ကာယဒိဋ္ဌိက မဂ်တား ဖိုလ်တားမဟုတ်ပါ။ ပရိယုဋ္ဌာန အဆင့်သို့ ရောက်လာသော သက္ကယဒိဋ္ဌိကသာ မဂ်တား ဖိုလ်တား ဖြစ်ပါသည်ဟု ရှင်းလင်းတင်ပြပါသည်။ စောဒကဆရာတော်က အင်္ဂုတ္တိုရ်အဋ္ဌကထာ ဧကနိပါတ်အဖွင့်လာ "ဝိသတိဝတ္ထုကာ သက္ကာယဒိဋ္ဌိ နေဝ သဂ္ဂါဝရဏာ၊ န မဂ္ဂါဝရဏာ" ဟူသော စကားကို အခိုင်အမာပြု၍ တင်ပြသည်။

စုဒိတကဆရာတော်တို့ကလည်း စောဒကဆရာတော်ညွှန်ပြသော အင်္ဂုတ္တိုရ်အဋ္ဌကထာ ဧကနိပါတ်အဖွင့် ကိုပင် ရည်ညွှန်း၍ သက္ကယဒိဋ္ဌိကို မဂ်တား ဖိုလ်တားတရားဟု ဟောနိုင်ကြောင်း၊ **သဿတော လောကော** သတ္တဝါသည် မြဲ၏ဟု စွဲယူနေသော သက္ကာယဒိဋ္ဌိသည် အနုသယအဆင့် မဟုတ်ပါ။ ပရိယုဋ္ဌာန အဆင့်သာ ဖြစ်ပါသည်ဟု တင်ပြကြလေသည်။

ဤ၌ အင်္ဂုတ္တရပါဠိတော် ဧကနိပါတ်လာ-

နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေန သတ္တာ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ၊ ယထယိဒံ ဘိက္ခဝေ မိစ္ဆာဒိဋ္ဌိ။ မိစ္ဆာဒိဋ္ဌိယာ ဘိက္ခဝေ သမန္နာဂတာ သတ္တာ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ။

(အံ၊ ၁။ ၃၃)-

ဟူသော ဗုဒ္ဓ၏ ဟောကြားချက်ကို လေ့လာသင့်ပေသည်။

ဤ ပါဠိတော်အရ မိစ္ဆာဒိဋ္ဌိမှန်သမျှ ငရဲကို ရောက်စေတတ်သောကြောင့် သဂ္ဂါဝရဏ, မဂ္ဂါဝရဏ (မဂ်တား ဖိုလ်တား) ဖြစ်သည်ဟု ဆိုနိုင်သည်။

ဤပါဠိတော်ကို အဋ္ဌကထာဆရာက နှစ်နည်းဖွင့်ပြရာတွင်-

တတ္ထ အဟေတုကဒိဋ္ဌိ အကိရိယဒိဋ္ဌိ နတ္ထိကဒိဋ္ဌီတိ အယံ တိဝိဓာ သဂ္ဂါဝရဏာ စေဝ ဟောတိ မဂ္ဂါဝရဏာ စ။ ဒသဝတ္ထုကာ အန္တဂ္ဂါ ဟိကာ မိစ္ဆာဒိဋ္ဌိ မဂ္ဂါဝရဏာဝ ဟောတိ န သဂ္ဂါဝရဏာ။ ဝီသတိ ဝတ္ထုကာ သက္ကာယ-ဒိဋ္ဌိ နေဝ သဂ္ဂါဝရဏာ န မဂ္ဂါဝရဏာ-

ဟု သက္ကာယဒိဋ္ဌိသည် နတ်ပြည်ကိုလည်း မတား မဂ်ဖိုလ်ကိုလည်း မတား-ဟု ပထမနည်း ဖွင့်ပြသည်။

ထိုသို့ ဖွင့်ပြပြီးနောက် ဒုတိယနည်းအဖြစ် ပထမနည်းကို ပယ်ပြီး-

ဣဒံ ပန ဝိဓာနံ ပဋိက္ခိပိတွာ ဣမသ္မိံ သုတ္တေ မိစ္ဆာဒိဋ္ဌိယာ ဘိက္ခဝေ သမန္နာဂတာတိ ဝစနတော အန္တမသော ဝီသတိဝတ္ထုကံ သက္ကာယဒိဋ္ဌိံ ဥပါဒါယ ဒိဋ္ဌိ နာမ သဂ္ဂံ ဥပနေတုံ သမတ္ထာ နာမ နတ္ထိ၊ ဧကန္တံ နိရယသ္မိံယေဝ နိမုဇ္ဇာပေတီတိ ဝုတ္တံ။ တထာ ဟိ မုဂ္ဂမာသပ္ပမာဏာပိ ပါသာဏသက္ခရာ ဥဒကေ ပက္ခိတ္တာ ဥပ္ပိလဝမာနာ နာမ နတ္ထိ၊ ဧကန္တံ ဟေဋ္ဌာဝပဝိသတိ။ ဧဝမေဝံ အန္တမသော သက္ကာယဒိဋ္ဌိ သဂ္ဂံ ဥပနေတုံ သမတ္ထာ နာမ နတ္ထိ၊ ဧကန္တံ အပါယေသုယေဝ နိမုဇ္ဇာပေတီတိ- (အံ၊ ဋ္ဌ၊ ၁။၃၆၉) –

ဟု အယုတ်ဆုံးအားဖြင့် သက္ကာယဒိဋ္ဌိသည်ပင် (ပဲနောက်စေ့, မတ်ပဲစေ့လောက် ပမာဏရှိသော ကျောက်ခဲ, အိုးခြမ်းကွဲသည် ရေပေါ်၌ ပေါ်သည်မရှိ ရေအောက်သို့သာ နစ်မြုပ်သကဲ့သို့ ) ငရဲသို့ ရောက်စေနိုင်ကြောင်း ပြဆိုတော် မူသည်။

ဤဖွင့်ဆိုချက်နှင့် အင်္ဂုတ္တရပါဠိတော်အရ သက္ကာယဒိဋ္ဌိကို မဂ်တား ဖိုလ်တား တရား-ဟုဆိုနိုင်ပေသည်။ သို့ဆိုလျှင် ပုထုဇဉ်အားလုံး သက္ကာယဒိဋ္ဌိ မကင်း၍ ငရဲကြရတော့မည်ဟု မှတ်ရမလို ဖြစ်နေပေသည်။

“ယေ ကေစိ အကုသလာ ဓမ္မာ၊ သဗ္ဗေ တေ အဓောဂမနီယာ” (        ) ဟူသော ဒေသနာတော်အရ အကုသိုလ်အားလုံး (ဒိဋ္ဌိအပါအဝင်)သည် အပါယ်လေးဘုံသို့ ရောက်စေတတ်သော အဓောဂမနီယ တရားချည်းသာ ဖြစ်သည်။ ထိုအကုသိုလ်များကို တစ်စုံတစ်ရာသော အကြောင်းကြောင့် ပြုမိကြသော်လည်း ထိုအကုသိုလ် အကျိုးပေးခွင့် မရအောင် ဒါန, သီလ, သမထ, ဝိပဿနာ-စသော ကောင်းမှုကုသိုလ်တို့ဖြင့် ဆို့ပိတ်တားဆီးနိုင်လျှင် အပါယ် လေးပါးသို့မရောက်ဘဲ ကောင်းမြတ်သောဘုံဘဝသို့ ရောက်ကြရ သကဲ့သို့

ထို့အတူ ပုထုဇဉ်မှန်သမျှ သက္ကာယဒိဋ္ဌိ မကင်းကြသော်လည်း ထိုသက္ကာယဒိဋ္ဌိကို သူတော်ကောင်းများထံ ချဉ်းကပ်၍ သူတော်ကောင်းတရားကို ရိုသေစွာ မှတ်သားနာယူခြင်း၊ ရုပ် နာမ်တရားတို့၏ သဘောသဘာဝကို နာယူမှတ်သား (ဉာတပရိညာ) ဖြစ်ပွားစေခြင်းဖြင့် တဒင် တစ်ခဏ ပယ်ခွာထားခြင်း၊ တီရဏ ပရိညာအဆင့်သို့မြင့်၍ ကိုယ်တိုင် ရုပ် နာမ်တို့၏ အနိစ္စ, ဒုက္ခ, အနတ္တ သဘောတို့ကို သိမြင်အောင် ကြိုးစားထားထုတ်ခြင်းတို့ဖြင့် ပယ်ခွါနိုင်ပေသည်။

ထိုသို့ ဒိဋ္ဌိကို ပယ်ခွာထားနိုင်သော်လည်းကောင်း၊ အခြားကုသိုလ်များဖြင့် ဆို့ပိတ်ထားသော်လည်းကောင်း၊သက္ကာယဒိဋ္ဌိသည်အပါယ်သို့ မချနိုင်သည့် အပြင် မဂ်တား ဖိုလ်တားလည်း ပြုမည် မဟုတ်ပေ။

ထို့ကြောင့် အထက်ပါ ဆရာတော်ကြီး၏ ဟောတရားကို "သက္ကာယဒိဋ္ဌိ ဆိုတာ သစ္စာဆိုက်အောင် တရားမနာရ, မစဉ်းစား မဆင်ခြင်ရ, ဝိပဿနာ မပွားရရင် ငုပ်နေရာက ပေါ်လာပြီး မဂ်ဖိုလ်ကို တားနိုင်တယ်။ တရားနာကြားပြီး ဆင်ခြင်ပွားများ အားထုတ်နေရင်တော့ ပရိယုဋ္ဌာနအနေနဲ့ ပေါ်မလာနိုင်လို့ မဂ်ဖိုလ်ကို မတားနိုင်ဘူး"ဟုအဓိပ္ပာယ်ပြည့်စုံအောင် ပြင်ဆင်ပေးရမည် ဖြစ်သည်။

## အမှတ်(၁၃/၂၃၈)

ဖလံ ပစ္စဝေက္ခတိ လုပ်ရမှာဘဲ။ မဂ္ဂံ ပစ္စဝေက္ခတိလဲ လုပ်၊ သင်္ခါရတရားတွေဘဲ (မှန်ပါ)။ လုပ်ရမှာဘဲ။ ဝိဿနာရှုဦးပေါ့ နိဗ္ဗာန်ကျ ဝိပဿနာမရှုနဲ့၊ သင်္ခါရတရား မဟုတ်ဘူး။ (အမှတ်စဉ်-၃၆၊နှာ-၅၀၃)

မဂ်, ဖိုလ်တရားတို့ကို သင်္ခါရတရားဖြစ်၍ ဝိပဿနာရှုရမည်ဟု ဟောခြင်း သည် မှားပါသည်-ဟု စောဒကဆရာတော်က တင်ပြသည်။

ဝိဿနာရှုခြင်းသည်သင်္ခါရတရားတို့၌ ငြီးငွေ့ရန်အတွက်ဖြစ်ကြောင်း" ယထာဘူတဉာဏဒဿနံ နိဗ္ဗိဒတ္ထာယ၊ နိဗ္ဗိဒါ ဝိရာဂတ္ထာယ" (ဝိ၊ ၅။ ၂၈၈)။ "ယထာဘူတဉာဏဒဿနံ နိဗ္ဗိဒါဝိရာဂတ္ထံ နိဗ္ဗိဒါဝိရာဂါ နိသံသံ" (အံ၊ ၃။ ၂၅၈)ဟူသော ပါဠိတော်တို့အရ သိရပေသည်။

မဂ်တရား ဖိုလ်တရားတို့သည် သင်္ခါရတရားဖြစ်သော်လည်း ယင်းတို့ကို ဝိပဿနာ မရှုရပေ။ ယင်းတို့ကို ဝိပဿနာဉာဏ်ဖြင့် ရှုသော်လည်း နိဗ္ဗိဒါဉာဏ် (ငြီးငွေ့ခြင်း)ကို မဖြစ်နိုင်ပေ။ အလွန်ကောင်းမြတ်သော တရားများဖြစ်

သောကြောင့် မိမိသန္တာန်၌ ဖြစ်ပွားအောင် လုပ်ယူရမည့် တရားများသာ ဖြစ်ပေသည်။

ထို့ကြောင့် မဟာသတိပဋ္ဌာနသုတ်အဋ္ဌကထာ၌-

ဝီတရာဂတ္တိ လောကိယကုသလာဗျာကတံ။ က္လဒံ ပန ယသ္မာ သမ္မသနံ၊ န ဓမ္မသမောဓာနံ။ တသ္မာ က္လမ ဧကပဒေပိ လောကုတ္တရံ န လဗ္ဘတိ- (ဒီ၊ ဋ္ဌ၊ ၂။ ၃၆၆) ဟု လည်းကောင်း၊

သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌-

တေသု ဘိက္ခုနော ဝဋ္ဋေ ကမ္မဋ္ဌာနာဘိနိဝေသော ဟောတိ၊ ဝိဝဋ္ဋေနတ္ထိ အဘိနိဝေသော (အဘိ၊ ဋ္ဌ၊ ၂။ ၁၀၉) ဟုလည်းကောင်း ဖွင့်ဆိုကြပေသည်။

ထို့ပြင် ပဋ္ဌာန်းပါဠိတော်၌လည်း-

အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခတိ၊ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ (အဘိ၊ ပဋ္ဌာန၊ ပ။ ၁၃၃)–

ဟု ပစ္စဝေက္ခဏာဉာဏ်နှင့် ဝိပဿနာဉာဏ်တို့ မဂ်နှင့် လောကီကုသိုလ်တို့ အပေါ်၌ ပြုရမည့်ကိစ္စ မတူကွဲပြား ခြားနားစွာ ဟောထားသည်ကို ထောက်လျှင်လည်း မဂ်, ဖိုလ်တရားတို့ကို ဝိပဿနာမရှုရကြောင်း သိနိုင်ပေသည်။

ထို့ကြောင့် ဆရာတော်ကြီး၏ အထက်ပါ ဟောတရားကို “ဖလံ ပစ္စဝေက္ခတိ ဖိုလ်ကိုလဲ ပစ္စဝေက္ခဏာ ဉာဏ်နဲ့ ဆင်ခြင်ရမှာဘဲ။ မဂ္ဂံ ပစ္စဝေက္ခတိ၊ မဂ်ကိုလဲ ပစ္စဝေက္ခဏာဉာဏ် နဲ့ပဲဆင်ခြင်ရမှာဘဲ။ မဂ်,ဖိုလ်ဆိုတာ သင်္ခါရတရားဖြစ်ပေမယ့် ဝိပဿနာတော့ မရှုရဘူး၊ ဆင်ခြင်ရုံဘဲ။ နိဗ္ဗာန်လဲ ဆင်ခြင်ရုံဘဲ” ဟု အမှန်ဖြစ်အောင် ပြင်ဆင်ပေးရမည် ဖြစ်သည်။ အသံသွင်းတိပ်ခွေ၌ကား ယင်းဟောတရား စကားရပ်ကို ပယ်ဖျက်ပေးရမည် ဖြစ်သည်။

## အမှတ် (၁၃/၂၃၉)

သတိသာ လက်မလွှတ်လို့ သတိပဋ္ဌာန်အလုပ်ကို လုပ်ခဲ့လို့ရှိရင် ၇-ရက် ၇-လ၇-နှစ်နဲ့ နိဗ္ဗာန်ရောက်နိုင်ပါတယ်လို့ ဘုရားက တာဝန်ခံတော်မူထားတာဘဲ။

(အမှတ်စဉ်-၃၇၊ နှာ-၃၃)

ဤဟောကြားချက်၌ပုဂ္ဂိုလ်ကန့်သတ်ချက်မပါဘဲ သံမညဟောထားသောကြောင့်စကားပြည့်စုံအောင် ဖြည့်စွက်ဟောသင့်ပါသည်-ဟု စောဒကဆရာတော်က တင်ပြပေသည်။

စောဒကဆရာတော်၏ ဤစောဒနာ၌ ဆရာတော်ကြီး၏ ဟောကြားချက်မှားယွင်းကြောင်း စောဒနာချက်မပါပေ။ ထို့ကြောင့် ဤစောဒနာကို အထူးစိစစ်ရန်မလိုပေ။

ဆရာတော်ကြီးဟောကြားချက်သည် မဟာသတိပဋ္ဌာနသုတ်ပါဠိတော်နှင့် တစ်ထပ်တည်းကျသည်။သို့သော်ကြားနာရသူတို့ အသိဉာဏ်ရှင်းလင်း စေရန်အတွက် အထက်ပါ ဆရာတော်ကြီး၏ စကားရပ်၌ "အတိတ်ပါ၇မီ ပြည့်စုံလာလို့ ဒီဘဝ မဂ်ဖိုလ်ရနိုင်တဲ့ ဉာဏ်အလတ်စားရှိတဲ့ နေယျပုဂ္ဂိုလ်တွေအဖို့ သတိသာလက်မလွတ်လို့ သတိပဋ္ဌာန်အလုပ်ကို လုပ်ခဲ့လို့ရှိရင် ၇-ရက် ၇-လ ၇-နှစ်နဲ့ နိဗ္ဗာန်ရောက်နိုင်တယ်လို့ ဘုရားက ဟောထားပါတယ်"ဟုပြင်ဆင်ပေးရမည်။

**အမှတ် (၁၃/၂၄၀)**

ရှင်သာရိပုတ္တရာကလဲ မီးခဲပြာဖုံး ဖြစ်နေတာ။"ယေ ဓမ္မာ ဟေတုပ္ပဘဝါ" ရွတ်လိုက်တာနဲ့ "အရှင်ဘုရား တော်ပါတော့ဘုရား"လို့ တစ်ခါတည်း လျှောက်တယ်။ (အမှတ်စဉ်-၃၇၊ နှာ-၈၁)

ဤဟောတရား၌ ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ ရွတ်လိုက်တာနဲ့ အရှင်ဘုရား တော်ပါတော့ဘုရားလို့ တစ်ခါတည်းလျှောက်လိုက်တယ်-ဟူသောစကားသည် မှားပါသည်-ဟု စောဒကဆရာတော်က စောဒနာသည်။

အရှင်သာရိပုတ္တရာအလောင်း ဥပတိဿသည် အရှင်အဿဇိနှင့် တွေ့သဖြင့် တရားဟောရန် တောင်းပန်သောအခါ အရှင်အဿဇိက-

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ
တေသဉ္စ ယော နိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော-

ဟူသော ဂါထာဖြင့် တေဘူမကရုပ်နာမ်တရားများ အကြောင်းကြောင့်ဖြစ်ပုံ, ထိုအကြောင်းကို ဘုရားရှင် ဟောပြပုံကိုအကျဉ်းချုပ်ဟောရာ"ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ" ဟူသော နှစ်ပါဒ (ဂါထာဝက်) ဆုံးလျှင်ပင် သောတာပန် တည်လေ၏။

ဧဝံ ဝုတ္တေ ထေရော "ယေ ဓမ္မာ ဟေတုပ္ပဘဝါ" တိ ဂါထမာဟ။ ပရိဗ္ဗာဇကော ပဌမပဒဒွယမေဝ သုတွာ သဟဿနယပဋိမဏ္ဍိတေ သောတာပတ္တိဖလေ ပတိဋ္ဌတိ၊ ဣတရံ ပဒဒွယံ သောတာပန္နကာလေ နိဋ္ဌာပေသိ။ သော သောတာပန္နော ဟုတွာ ဥပရိဝိသေသေ အပဝတ္တန္တေ "ဘဝိဿတိ ဧတ္ထကာရဏံ" န္တိ သလ္လက္ခေတွာ ထေရံ အာဟ "ဘန္တေ မာ

ဥပရိ ဓမ္မဒေသနံ ဝဓယိတ္ထ၊ ဧတ္တကမေဝ ဟောတု၊ ကုဟိံ အမှာကံ သတ္ထာ ဝသတီ” တိ။ (ဓမ္မ၊ ဋ္ဌ၊ ၁။ ၅၉)

ထို့ကြောင့် ယေ ဓမ္မာ ဟေတုပ္ပဘဝါ ရွတ်လိုက်ရုံဖြင့် တော်ပါတော့ဟု မလျှောက်ထားကြောင်း၊ ဂါထာ နှစ်ပါဒဆုံးမှ သောတာပန်တည်ကြောင်း သိနိုင်ပေသည်။

သို့ဖြစ်၍ ဆရာတော်ကြီး၏ အထက်ပါဟောတရားကို “အရှင်သာရိပုတ္တရာ အလောင်းဖြစ်တဲ့ ဥပတိဿကလဲ မီးခဲပြာဖုံးဖြစ်နေတာ၊ ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ’လို့ နှစ်ပါဒဟောလို့ပြီးတာနဲ့ သောတာပန်တည်တယ်၊ ကျန်နှစ်ပါဒက သောတာပန်တည်ပြီးမှ ပြီးဆုံးတယ်၊ နောက်ထပ် တရားထူး မရနိုင်မှန်းသိလို့ ဒီလောက်ဆိုရင်တော်လောက်ပါပြီလို့လျှောက်တယ်” ဟု ပြည့်စုံမှန်ကန်အောင် ပြင်ဆင်ပေးရမည်ဖြစ်သည်။

အမှတ် (၁၃/၂၄၁)

ဂါထာမှာ တစ်ပါဒလျှင် ရှစ်လုံးရှိတော့ လေးပါဒဆိုတော့ သုံးဆယ့်နှစ်လုံး ရှိတယ် (မှန်ပါ) ရှစ်လုံးတွင် သောတာပန်တည်တယ်။

(အမှတ်စဉ်-၃၇၊ နှာ ၈၁/၈၂)

ယေ ဓမ္မာ ဟေတုပ္ပဘဝါ-စသော ဂါထာသည် အက္ခရာပေါင်း ၃၄-လုံး ရှိပါသည်။ ပထမပါဒ၌ ရှစ်လုံး၊ ဒုတိယပါဒ၌ ဆယ်လုံး၊ တတိယပါဒ၌ ခုနစ်လုံး စတုတ္ထပါဒ၌ ကိုးလုံးရှိရာ ဒုတိယပါဒအဆုံး (အက္ခရာ ၁၈-လုံး) အဆုံးတွင် အရှင်သာရိပုတ္တရာအလောင်း ဥပတိဿ သောတာပန်တည်သောကြောင့် “ရှစ်လုံးတွင် သောတာပန်တည်တယ်”ဟု ဟောခြင်းသည် မှားသည်-ဟု စောဒကဆရာတော်က တင်ပြသည်။

စောဒကဆရာတော် ထောက်ပြသည့်အတိုင်း အမှန်ဖြစ်၍ အထက်ပါ ဆရာတော်ကြီး၏ ဟောတရားကို“ယေ ဓမ္မာ ဟေတုပ္ပဘဝါ-စတဲ့ ဂါထာက အက္ခရာ ၃၄-လုံးရှိတယ်၊ ဒုတိယ ပါဒအဆုံး အက္ခရာ ၁၈-လုံး အဆုံးမှာ သောတာပန်တည်တယ်”ဟု မှန်အောင် ပြင်ပေးရမည်ဖြစ်သည်။ အသံသွင်း တိပ်ခွေ၌ကား အထက်ပါစကားရပ်တို့ကို ပယ်ဖျက်ပေးရမည်ဖြစ်သည်။

## အမှတ် (၁၃/၂၄၂)

ဝေသာလီပြည်ထဲက ဝေဠုဝရွာ သွားပြီးသကာလ သံဃာတွေနဲ့ ကွဲသွားတယ်။ သံဃာတွေနဲ့ကွဲသွားပြီး စဉ်းစားလိုက်တယ်။ ဝေဒနာကဖြင့် ပရိနိဗ္ဗာန်ပြုမယ့် ဝေဒနာ၊ ဝမ်းလျှောတဲ့ဝေဒနာကိုး။ (ပ) ငါတော့ဖြင့် တစ်ပါးတည်း နေဦးမယ်။ မင်းတို့ ဆိုင်ရာဆိုင်ရာ သွားပြီး ဝါဆိုကြ။

(အမှတ်စဉ်-၃၇၊ နှာ-၈၅၊၈၆)

ဤဟောတရား၌ "ဝေဒနာကဖြင့် ပရိနိဗ္ဗာန်ပြုမယ့် ဝေဒနာ၊ ဝမ်းလျှောတဲ့ဝေဒနာကိုး"ဟု ဟောခြင်းသည် မှားပါသည်-ဟု စာဒကဆရာတော်က တင်ပြသည်။

"အထ ခေါ ဘဂဝတော ဝဿူပဂတဿ ခရော အာဗာဓော ဥပ္ပဇ္ဇိ၊ ဗာဠှာ ဝေဒနာ ဝတ္တန္တိ မာရဏန္တိကာ"-

ဟူသော သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ် ပါဠိတော် အရ ဝေဠုဝရွာ၌ (၄၅-ဝါမြောက်) ဝါကပ်စဉ်ဖြစ်သော ဝေဒနာမှာ ဝမ်းလျှော ရောဂါဟု ပါဠိတော်၌ မဖော်ပြပေ။ ပရိနိဗ္ဗာန်ပြုခါနီး (ဝါကပ်ပြီးနောက် ၁၀-လ နီးပါးလောက်)မှ ဖြစ်သော ဝေဒနာကိုသာ ပါဠိတော်၌ 'လောဟိတပက္ခ-န္ဒိကာ'ဟု ဖော်ပြပေသည်။ ဝေဠုဝရွာ၌ ဝါကပ်စဉ်ဖြစ်သော ရောဂါဝေဒနာကို အမည်နာမ အတိအကျ မဖော်ပြဘဲ "ခရော အာဗာဓော=ပြင်းထန်သော အနာ ရောဂါ "ဟု သာမညသာ ပြပေသည်။

ထို့ကြောင့် ဆရာတော်ကြီး၏ အထက်ပါ ဟောတရားတွင် ပါဝင်သော "ဝမ်းလျှောတဲ့ ဝေဒနာကိုး"ဟူသော စကားကို ပယ်ဖျက်ပေးရမည် ဖြစ်သည်။

## အမှတ် (၁၃/၂၄၃)

ဘုရားဖြစ်ကြောင်းက ဘယ်သူ့ကြောင့်ဖြစ်တာတုန်း (ဇရာ, မရဏ ကြောင့်ပါ)။ အေး သူ့ ဇရာ,မရဏ သူကျော်ချင်တာနဲ့ ဘုရားအလုပ်ကို လုပ်တာ။

(အမှတ်စဉ်-၃၇၊ နှာ-၁၈၁)

"သူ့ ဇရာ, မရဏ သူကျော်ချင်တာနဲ့ ဘုရားအလုပ်ကို လုပ်တာ"ဟု ဟောခြင်းသည် မှားပါသည်-ဟု စာဒကဆရာတော်က တင်ပြသည်။

ဤနေရာ၌ ဂေါတမဘုရားအလောင်းတော် သုမေဓာရှင်ရသေ့၏ အကြောင်းကို လေ့လာအပ်ပေသည်။ သုမေဓာရှင်ရသေ့သည် ထိုသုမေဓာဘဝ

ကပင် ရဟန္တာဖြစ်လိုက ရဟန္တာဖြစ်နိုင်သည့် ပါရမီများပြည့်စုံနေပြီ ဖြစ်၏။ သို့သော် မိမိတစ်ဦးတည်း ရဟန္တာအဖြစ်ကို ယူခြင်းထက် ဘုရားအဖြစ်သို့ ရောက်အောင် ကြိုးစားအားထုတ်ပြီး သတ္တဝါအများကို သံသရာရေအယာဉ်မှ ကယ်တင်ထုတ်ဆောင်လိုသော မေတ္တာ, ကရုဏာက အားကြီးသောကြောင့် ...တော်အနီးရောက်နေသော အရဟတ္တဖိုလ် ဆုထူးကိုမယူပဲ ဒီပင်္ကရာ မြတ်စွာဘုရားထံ (လမ်းဖို့လမ်းပြင်ကုသိုလ်နှင့် မိမိခန္ဓာကိုယ်ကို တံတားသဖွယ် ...ည်ဆောက် အလျားမှောက်ပြီး ဘုရားအမှူးရှိသော သံဃာတော်များကို နင်းလျှောက်စေခြင်းဖြင့်) ဘုရားဆုပန်ခဲ့လေသည်။

သူ့ဇရာ, မရဏကို သူကျော်ချင်လျှင် ထိုသုမေဓာရှင်ရသေ့ဘဝကပင် ကျော်နိုင်သောစွမ်းရည် (ပကတိ သာဝကပါရမီ) အပြည့်အဝရှိပြီးဖြစ်၏။ လေ... ကသားတို့အား တရားဓမ္မဟောပြောလျက် နိဗ္ဗာန်သို့ ကယ်တင်ဆောင်ပို့လို သော မေတ္တာ, ကရုဏာတို့ကြောင့်သာ နိဗ္ဗာန်မယူသေးဘဲ ဘုရားဖြစ်ကြောင်း ပါရမီအလုပ်ကို အားထုတ်ခဲ့ခြင်းဖြစ်သည်။

ထိုအကြောင်းကို-

သော ကလလပိဋ္ဌေ နိပန္နကောဝ ပုန အက္ခီနိ ဥမ္မီလေတွာ ဒီပင်္ကရဒသ-ဗလဿ ဗုဒ္ဓသိရိံ သမ္ပဿမာနော ဧဝံ စိန္တေသိ 'သစာဟံ ဣစ္ဆေယျံ၊ သဗ္ဗ ကိလေသေ ဈာပေတွာ သံဃနဝကော ဟုတွာ ရမ္မနဂရံ ပဝိသေယျံ။ အညာတဝေသေန ပန မေ ကိလေသေ ဈာပေတွာ နိဗ္ဗာနပ္ပတ္တိယာ ကိစ္စံ နတ္ထိ၊ ယန္နူနာဟံ ဒီပင်္ကရဒသဗလော ဝိယ ပရမာဘိသမ္ဗောဓိံ ပတွာ ဓမ္မနာဝံ အာရောပေတွာ မဟာဇနံ သံသာရသာဂရာ ဥတ္တာရေတွာ ပစ္ဆာ ပရိနိဗ္ဗာယေယျံ၊ ဣဒံ မယှံ ပတိရူပ'န္တိ။ တေန ဝုတ္တံ-

ပထဝိယံ နိပန္နဿ၊ ဧဝံ မေ အာသိ စေတသော။
ဣစ္ဆမာနော အဟံ အဇ္ဇ ကိလေသော ဈာပယေ မမ။

ကိံ မေ အညာတဝေသေန၊ ဓမ္မံ သစ္ဆိကတေနိဓ။
သဗ္ဗညုတံ ပါပုဏိတွာ၊ ဗုဒ္ဓေါ ဟေဿံ သဒေဝကေ။

ကိံ မေ ဧကေန တိဏ္ဏေန၊ ပုရိသေန ထာမဒဿိနာ။
သဗ္ဗညုတံ ပါပုဏိတွာ၊ သန္တာရေဿံ သဒေဝကေ-

ဟု ဗုဒ္ဓဝံသ အဋ္ဌကထာ (၁၇)နှင့်-

ဏ္ဍမ မဟာပုရိသော ပကတိယာ ဥပနိဿယသမ္ပန္နော ဝ ဟောတိ။ ပုရိမေသု ဗုဒ္ဓေသု ကတာဓိကာရော။ အယံ ပဌမော ဟေတု မဟာဘိနီဟာရာယ။ ပုန စ ပရံ မဟာပုရိသော ပကတိယာ ကရုဏာဇ္ဈာသယော ဟောတိ ကရုဏာ ဓိမုတ္တော သတ္တာနံ ဒုက္ခံ အပနေတုကာမော အပိ စ အတ္တနော ကာယဇီဝိတံ ပရိစ္စဇိတွာ။ အယံ ဒုတိယော ဟေတု မဟာဘိနီဟာရာယ။ ပုန စ ပရံ မဟာပုရိသော သကလတောပိ ဝဋ္ဋဒုက္ခတော သတ္တဟိတာယ စ ဒုက္ကရစရိယတော သုစိရမ္ပိ ကာလံ ယဒ္ဓေန္တော ဝါယမန္တော အနိဗ္ဗိန္နော ဟောတိ အနုတြာသီ ယာဝ ဏ္ဍိတတ္တနိဗ္ဗတ္တိ။ အယံ တတိယော ဟေတု မဟာဘိနီဟာရာယ-(စရိယာ၊ ၄။ ၂၇၈)-

ဟု စရိယပိဋကအဋ္ဌကထာတို့၌ ပြဆိုပေသည်။

ထို့ကြောင့် ဆရာတော်ကြီး၏ အထက်ပါဟောတရားကို "ဘုရားဖြစ်ကြောင်းက ဘာတုန်း၊ သတ္တဝါတွေကို ဇရာ, မရဏက ကျော်စေချင်တဲ့ ကရုဏာ, မေတ္တာကို အခြေခံပြီး ဖြည့်ကျင့်ခဲ့တဲ့ ပါရမီတွေပဲ။ ပါရမီမပါဘဲနဲ့ ဇရာ,မရဏကို မကျော်နိုင်ဘူး။ ဘုရားက သူ့ဇရာ, မရဏကို သူကျော်နိုင်အောင် လည်း ပါရမီတွေ ဖြည့်ခဲ့ရတယ်။ ဒါကြောင့် ပါရမီဆိုတဲ့ ဘုရားအလုပ်ကို လုပ်တာ"ဟု ပြင်ဆင်ပေးရမည်ဖြစ်သည်။

အသံသွင်းတိပ်ခွေ၌ အထက်ပါ ဟောတရားကို ပယ်ဖျက်ပေးရမည်ဖြစ်သည်။

## အမှတ် (၁၃/၂၄၄)

တရားနာတုန်း တရားအားထုတ်နေတုန်း ဘယ်နှစ်မျိုးတဲ့တုန်း (ငါးမျိုးပါဘုရား)။ ဝိညာဉ်, နာမ်ရုပ် သဠာယတန, ဖဿ, ဝေဒနာ ကျအောင် ရှိတယ်။ (အမှတ်စဉ်-၃၇၊ နှာ- ၁၉၀)

တရားနာနေတုန်း ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်ပါးဖြစ်သတုန်း (ငါးမျိုးဖြစ်ပါတယ်)။
(အမှတ်စဉ်-၃၇၊ နှာ-၁၉၁)

ဤ ဟောတရား၌ တရားနာနေစဉ် တရားအားထုတ်နေစဉ် ကံ (ကမ္မဘဝ) လည်း ဖြစ်နေသောကြောင့် ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ငါးမျိုးဖြစ်သည်ဟု ဟောခြင်းသည် မပြည့်စုံ၍ မှားပါသည်-ဟု စောဒက ဆရာတော်က တင်ပြသည်။

မဇ္ဈေ အဠ ပစ္စုပ္ပန္နော အဒ္ဓါ-ဟူသော အဘိဓမ္မတ္ထသင်္ဂဟ ပစ္စည်းပိုင်း **ပါဠိအရ** ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, **ကမ္မဘဝ**-တို့သည် ပစ္စုပ္ပန်အခွန့်တွင် မဖြစ်နိုင်၍ နှစ်ပါးနုတ်လိုက်လျှင် ခြောက်ပါး **ကျန်မည်** ဖြစ်သည်။

ထို့ကြောင့် အထက်ပါဟောတရားတွင် ကံ(ကမ္မဘဝ)ကိုထည့်၍ **"ခြောက်မျိုး"** ဟု ပြင်ဆင်ပေးရမည် ဖြစ်သည်။

## အမှတ် (၁၃/၂၄၅)

နိရောဓသစ္စာ နိဗ္ဗာန်ဆိုက်တာသည် ခင်ဗျားတို့ ယခုအားထုတ်ရင် ယခု နိဗ္ဗာန်ရနိုင်တယ်။ (အမှတ်စဉ်-၃၇၊ နှာ-၂၀၁)

ယခု အားထုတ်ရင် ယခု နိဗ္ဗာန်ရနိုင်တယ်-ဟူသော စကားသည် မပြည့်စုံ သောကြောင့် မှားသည်-ဟု စောဒကဆရာတော်က တင်ပြသည်။

စုဒိတကဆရာတော်တို့က စောဒကပုဂ္ဂိုလ်ညွှန်ပြသော အထက်ပါဟော တရားနှင့်စပ်၍ အောက်စာကြောင်းတွင် ဖော်ပြထားသော "မဂ္ဂင်ငါးပါးနှင့် ပြည့်စုံ တဲ့ခဏ နိရောဓနိဗ္ဗာန် ရပါတယ် (မှန်ပါ)။ ရှစ်ပါး ပြည့်စုံအောင် အားထုတ်ရင် သေသေချာချာ သောတာပတ္တိမဂ်ဖြစ်တဲ့ နိဗ္ဗာန်ရတာပေါ့"ဟု ဟောထား သောကြောင့် နိရောဓသစ္စာ အစစ်ဖြစ်သော နိဗ္ဗာန်ကိုရည်ရွယ်၍ ဆရာတော်ကြီး ဟောခြင်းမဟုတ်၊ ခဏနိရောဓကို ရည်ရွယ်၍ ဟောခြင်းဖြစ်ကြောင်း တင်ပြ ကြသည်။

ဤသို့လည်း ခဏနိရောဓဟူသည် စိတ်, စေတသိက်တို့၏ ဘင်္ဂက္ခဏသ ဖြစ်၏။ ဝိပဿနာ၏ အစွမ်းအားဖြင့် ကိလေသာတို့ တဒင်္ဂ တစ်ခဏ ချုပ်နေ ခြင်းကို ခဏနိရောဓဟု မဆိုရပေ။ ထို့ကြောင့် ဆရာတော်ကြီး၏ ဟောကြား ချက်သည် မှားယွင်းနေပြန်သည်၊

အမှန်မှာ ဝိပဿနာ၏အစွမ်းဖြင့် ဝိပဿနာရှုဆဲ အခိုက်အတန့်၌ ကိလေသာချုပ်ငြိမ်းနေသည်ကို ဆရာတော်ကြီး ရည်ရွယ်ဟောကြားခြင်း ဖြစ်ပေရာ "နိရောဓသစ္စာ"ဟူသောစကား၊ "ခဏနိရောဓ"ဟူသော စကားတို့ သည် မှားယွင်းနေပေသည်။

ထို့ကြောင့် "နိရောဓသစ္စာ"ဟူသော စကားကိုဖြုတ်၍ "တဒင်္ဂနိရောဓ ဆိုတဲ့ ကိလေသာ ခေတ္တခဏ ချုပ်ငြိမ်းနေတဲ့နိဗ္ဗာန်ကို ယခုအားထုတ်ရင် ယခုရနိုင်တယ်"ဟု ပြင်ဆင်ပေးရမည် ဖြစ်သည်။

"မဂ္ဂင်ငါးပါးနဲ့ ပြည့်စုံတဲ့ ခဏနိရောဓနိဗ္ဗာန် ရပါတယ်"ဟူသော စကားကိုလည်း "မဂ္ဂင်ငါးပါးနဲ့ ပြည့်စုံတဲ့ တဒင်္ဂနိရောဓနိဗ္ဗာန်ကို ရပါတယ်"ဟု ပြင်ဆင်ပေးရမည်ဖြစ်သည်။

**အမှတ် (၁၃/၂၄၆)**

ဝဋ်ကျွတ်အောင် သစ္စာမြင်ပြီး ဒုက္ခသစ္စာကြီး ကျွတ်ချင်လို့လုပ်တဲ့ ကုသိုလ်မျိုးကိုတော့ ပုညာဘိသင်္ခါရသွားပြီး မဆိုနဲ့။

(အမှတ်စဉ်-၃၇၊ နှာ-၂၇၁)

အဲဒါမျိုးကျတော့ ဘယ်လောက်လှူလှူ ဒါန ဒါနမတို့ ပုညာဘိသင်္ခါရ မဖြစ်တော့ဘူး။ (အမှတ်စဉ်-၃၇၊ နှာ-၃၀၆)

သံသရာဝဋ်ကကျွတ်ချင်လို့ သစ္စာမြင်ပြီးလုပ်တဲ့ ကုသိုလ်မျိုးကို ပုညာဘိ-သင်္ခါရမခေါ်ရဘူး-ဟူသော စကားသည် မှားပါကြောင်း စောဒကဆရာတော်က တင်ပြသည်။

အမှတ် (၁၃/၄၉) စောဒနာစိစစ်ချက်၌ ပြဆိုအပ်ခဲ့ပြီးသည့်အတိုင်း အရဟတ္တမဂ်ဖြင့် အဝိဇ္ဇာကို အပြီးအပြတ် မပယ်သတ်နိုင်သေးသမျှ (ဝါ) ရဟန္တာ မဖြစ်သေးသမျှ ကောင်းသည့်ကုသိုလ်ကို ပြုပြု, မကောင်းသည့် အကုသိုလ်ကို ပြုပြု သင်္ခါရသာဖြစ်သည်။ အဝိဇ္ဇာနယ်ပယ်မှ မလွတ်သေးသမျှ ကောင်းမှု, မကောင်းမှုတို့သည် သင်္ခါရသာဖြစ်သည်။ နိဗ္ဗာန်ကို ဆုတောင်း၍ ပြုအပ်သော ဝိဝဋ္ဋနိဿိတကုသိုလ်လည်း သင်္ခါရပင်ဖြစ်သည်။ အဝိဇ္ဇာ အရှင်း မပြတ်သမျှ ထိုအဝိဇ္ဇာက ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုနေမည်ဖြစ်၍ ထို ဝိဝဋ္ဋနိဿိတကုသိုလ်ပင်သော်လည်း ရုပ်နာမ်အကျိုးကို ဧကန်ဖြစ်စေမည်သာဖြစ်သည်။

ထို့ကြောင့် အထက်ပါ ဆရာတော်ကြီး၏ တရားဟောရာတွင် ပထမ စကားရပ်ကို "ဝဋ်ကျွတ်အောင်သစ္စာမြင်ပြီး ဒုက္ခသစ္စာကြီးကို ကျွတ်ချင်လို့ လုပ်တဲ့ ကုသိုလ်မျိုးကို ပုညာဘိသင်္ခါရလို့ပဲ ခေါ်ရတယ်။ ဒါပေမယ့် ဒီလို ပုညာဘိ သင်္ခါရကုသိုလ်မျိုးက နိဗ္ဗာန်ကို မြန်မြန်ရောက်စေနိုင်တယ်"ဟု ပြင်ဆင်ပေးရမည်ဖြစ်သည်။

"အဲဒါမျိုးကျတော့ ဘယ်လောက်လျှော့လျှော့ ဒကာ ဒကာမတို့ ပုညာဘိသင်္ခါရ မဖြစ်တော့ဘူး"ဟူသော ဒုတိယစကားရပ်ကိုမူ ပယ်ဖျက်ပေးရမည် ဖြစ်သည်။ အသံသွင်းတိပ်ခွေ၌ကား ထိုစကားရပ်နှစ်ခုလုံးကို ပယ်ဖျက်ပေးရမည်။

အမှတ် (၁၃/၂၄၇)

ဟောဓိပင်နှင့် ရွှေပလ္လင်မှာ သမုဒယလာတာ သတ်ချလိုက်တယ်။

(အမှတ်စဉ်-၃၇၊ နှာ-၅၀၁)

သမုဒယလာတာ သတ်ချလိုက်တယ်-ဟူသော စကားသည် ဖြစ်ပေါ်လာသော (ဖြစ်ဆဲဖြစ်သော) သမုဒယကို သတ်ချလိုက်သည်ဟု အဓိပ္ပါယ်ရသောကြောင့် မှားပါသည်-ဟု စောဒကဆရာတော်က တင်ပြသည်။

ကိလေသာတို့ကို အရှင်းပြတ်ပယ်သတ်နိုင်သောတရားမှာ မဂ်တရားဖြစ်သည်။ မဂ်လေးပါးတို့သည် ဆိုင်ရာဆိုင်ရာ ကိလေသာတို့ကို အရှင်းပြတ်ပြတ်ပယ်သတ်သလို ခေါင်းပါးအောင်လည်း ပြုတတ်ပေသည်။ မဂ်တို့က ဆိုင်ရာကိလေသာတို့ကို သတ်ရာဝယ်ဖြစ်ပြီး ကိလေသာကိုလည်း (ဖြစ်ပြီးသွားပြီဖြစ်၍) မပယ်သတ်နိုင်။ ဖြစ်ဆဲ ကိလေသာကိုလည်း (စိတ္တက္ခဏအားဖြင့် ဖြစ်ဆဲဖြစ်နေပြီ၍) မပယ်သတ်နိုင်။ မဖြစ်သေးသော ကိလေသာကိုလည်း (မဖြစ်သေး၍) မပယ်သတ်နိုင်။ ထိုကိလေသာတို့၏ ဖြစ်ကြောင်းဖြစ်သော အဝိဇ္ဇာ, တဏှာတို့နောက်ထပ် ပေါ်မလာအောင် သတ်လိုက်ခြင်းကိုပင် ကိလေသာကို ပယ်သည်, သတ်သည် ဟု ဆိုရသည်။

န ဟိ အတီတေ ကိလေသေ ပဇဟာတိ၊ န အနာဂတေ ကိလေသေ ပဇဟာတိ၊ န ပစ္စုပ္ပန္နေ ကိလေသေ ပဇဟာတိ။ (ပ) ဧဝမေဝံ 'ဥပ္ပါဒေါ ဟောတု၊ ဥပ္ပါဒေါ ပစ္စယော ကိလေသာနံ နိဗ္ဗတ္တိယာ' တိ ဥပ္ပါဒေ အာဒီနဝံ ဒိသွာ အနုပ္ပါဒေ စိတ္တံ ပက္ခန္ဒတိ၊ အနုပ္ပါဒေ စိတ္တဿ ပက္ခန္ဒတ္တာ ယေ ဥပ္ပါဒပစ္စယာ ကိလေသာ နိဗ္ဗတ္တေယျုံ၊ တေ အဇာတာယေဝ န ဇာယန္တိ၊ အနိဗ္ဗတ္တာယေဝ န နိဗ္ဗတ္တန္တိ၊ အနုပ္ပန္နာယေဝ န ဥပ္ပဇ္ဇန္တိ၊ အပါတုဘူတာယေဝ န ပါတုဘဝန္တိ။

(ပဋိသံ။ ၃၉၄/၃၉၅)

ခန္ဓာဖြစ်ရခြင်း၏ အပြစ်ကို မြင်ရသောကြောင့် ခန္ဓာမဖြစ်ရာ နိဗ္ဗာန်သို့ မဂ်ဉာဏ်က ပြေးဝင်၏။ ခန္ဓာမဖြစ်ရာ နိဗ္ဗာန်သို့ ပြေးဝင်သောကြောင့် ခန္ဓာဖြစ်ခြင်း၏ အကြောင်းဖြစ်သော ကိလေသာတို့သည် မဖြစ်နိုင်တော့ပေ။ ဥပမာ- အသီးသီး နိုင်သော စွမ်းရည် အပြည့်အဝရှိနေသော သစ်ပင်ငယ်ကို အသီးမသီးမီ

အမြစ်မှစ၍ တူးဖြိုပစ်လိုက် လျှင် သီးခွင့်ရှိသည့် အသီးများ မသီးတော့သကဲ့သို့တည်း။

မဂ်ဉာဏ်တို့က ကိလေသာကို ပယ်သည်ဆိုရာ၌လည်း ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ ကိလေသာတို့ကို ပယ်သည် မဟုတ်ပေ။ ကိလေသာအသီး မသီးအောင် မဂ်ဉာဏ်ဖြင့် ကိလေသာ၏ မျိုးစေ့ဖြစ်သော အဝိဇ္ဇာ, တဏှာ, ကံတို့ကို သတ်ပစ်လိုက်ခြင်းသာ ဖြစ်သည်။

ထို့ကြောင့် ပဋိသမ္ဘိဒါဂ်အဋ္ဌကထာ၌-

ယသ္မိံ ဟိ ခန္ဓသန္တာနေ ယံ ယံ မဂ္ဂဉာဏံ ဥပ္ပဇ္ဇတိ၊ တေန တေန မဂ္ဂဉာဏေန ပဟာတဗ္ဗာနံ ကိလေသာနံ တံ ခန္ဓသန္တာနံ အဗီဇံ ဟောတိ။ တဿ အဗီဇဘူတတ္တာ တပ္ပစ္စယာ တေ တေ ကိလေသာ အနုပ္ပန္နာစေဝ န ဥပ္ပဇ္ဇန္တိ- (ပဋိသံ၊ ဋ္ဌ၊ ၂။ ၃၀၅)

ဟုမိန့်ဆိုပေသည်။

ဤသည်တို့ကို ထောက်လျှင် ရောက်လာ ဖြစ်လာသော သမုဒယကို ပယ်သတ်ခြင်း မဟုတ်ဘဲ မဂ်ဖြင့် ခန္ဓာအစဉ်ကို မျိုးပြုတ်သွားအောင် လုပ်လိုက်သဖြင့် နောက်ထပ်ခန္ဓာအစဉ်၌ ဖြစ်လာနိုင်မည့် မဖြစ်သေးသည့် သမုဒယ ဖြစ်မလာခြင်းကို သမုဒယပယ်သတ်သည်ဟု ဆိုပေသည်။

ထို့ကြောင့် အထက်ပါ ဆရာတော်ကြီး၏ ဟောတရားဝယ် "သမုဒယလာတာ" ဟူသော စကားရပ်၌ "လာတာ" ဟူသော စကားကို ပယ်ဖြုတ်၍ "ဇောဝိပင်နှင့် ရွှေပလ္လင်မှာ သမုဒယမျိုးပြုတ်သွားအောင် သတ်ချလိုက်တယ်"ဟု ပြင်ဆင်ပေးရမည်ဖြစ်သည်။

## အမှတ် (၁၃/၂၄၈)

ဒီ သုခဝေဒနာ မရှုဘဲနဲ့ နိဗ္ဗာန်ရလိမ့်မယ်လို့ ငါဘယ်တော့မှ မဟောဘူးတဲ့။

(အမှတ်စဉ်-၃၈၊ နှာ-၈၇)

သုခဝေဒနာကို ကမ္မဋ္ဌာန်းအာရုံတင် မရှုလျှင် နိဗ္ဗာန်မရနိုင်-ဟု ဟောခြင်းသည် ဆရာတော်ကြီးရည်ညွှန်း ဟောကြားနေသော ဥပရိပဏ္ဏာသပါဠိတော် ဆဆက္ကသုတ္တန်နှင့် မညီညွတ်သောကြောင့် မှားပါသည်-ဟု စောဒကဆရာတော်က တင်ပြထားပေသည်။

ဆဆက္ကသုတ္တန် (မ၊ ၃။ ၃၃၃)၌ ဘုရားရှင်က အောက်ပါအတိုင်း ဟောကြားထားပေသည်။

သော ဝတ ဘိက္ခဝေ သုခါယ ဝေဒနာယ ရာဂါနုသယံ အပ္ပဟာယ, ဒုက္ခာယ ဝေဒနာယ ပဋိဃာနုသယံ အပ္ပဋိဝိနောဒေတွာ, အဒုက္ခမသုခါယ ဝေဒနာယ အဝိဇ္ဇာနုသယံ အသမူဟနိတွာ, အဝိဇ္ဇံ အပ္ပဟာယ, ဝိဇ္ဇံ အနုပ္ပါဒေတွာ ဒိဋ္ဌေဝ ဓမ္မေ ဒုက္ခဿန္တကရော ဘဝိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ။

ရဟန်းတို့ စင်စစ် ထိုပုဂ္ဂိုလ်သည် သုခဝေဒနာ၌ ရာဂါနုသယကို မပယ်မူ၍၊ ဒုက္ခဝေဒနာ၌ ပဋိဃာနုသယကို မပယ်ဖျောက်မူ၍၊ ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယကို မပယ်နုတ်မူ၍ အဝိဇ္ဇာကို မပယ်ဘဲ ဝိဇ္ဇာကို မဖြစ်စေဘဲ မျက်မှောက်ဘဝ၌ ဆင်းရဲ၏ အဆုံးကို ပြုနိုင်လတ္တံ့ဟူသော အကြောင်းသည် မရှိ။

ဒေသနာတော်၏ ဆိုလိုရင်းမှာ စက္ခုနှင့် ရူပါရုံကို အကြောင်းပြု၍ စက္ခုဝိညာဉ်ဖြစ်၏။ ထိုသုံးပါး ပေါင်းစုံမိသောအခါ ဖဿဖြစ်၍ ဖဿဖြစ်သောကြောင့် ဝေဒနာသုံးပါးဖြစ်သည်။ သုခဝေဒနာ၌ ကာမရာဂါနုသယကိန်း၍ ဒုက္ခဝေဒနာ၌ ပဋိဃာနုသယကိန်းပြီး ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယကိန်း ပေသည်။

ထို အနုသယကိန်းနေသော ပုဂ္ဂိုလ်သည် အနုသယတို့ကို မပယ်ဖျောက်နိုင်လျှင်, အဝိဇ္ဇာကို ပယ်ခွါ၍ ဝိဇ္ဇာဉာဏ်ကို မဖြစ်စေလျှင် ဒုက္ခဆုံးရာ နိဗ္ဗာန်ကို မရနိုင်ဟူ၍ဖြစ်သည်။

ဤ၌ ကိန်းနေသောအနုသယကို မပယ်ဖျောက် မခွါထုတ်နိုင်လျှင် နိဗ္ဗာန်မရဟု ဆိုသဖြင့် အနုသယကို ပယ်ခွါကြောင်း ဝိပဿနာကို အားမထုတ်ဟူသော အနက်ကို သိနိုင်ပေသည်။

အနုသယကို ပယ်ခွါနိုင်ရန် ဝိပဿနာရှုကြရမည်ဖြစ်ရာ ပေါ်လာသော ဝေဒနာကို သတိကပ်၍ ဝိပဿနာဉာဏ်ဖြင့် ရှုမှတ်ရမည်ဖြစ်ပေသည်။ ပေါ်လာသောဝေဒနာကို သတိကပ်၍ ဉာဏ်ဖြင့် ရှုမှတ်နေခြင်းသည် အနုသယကို ပယ်ခွါနေခြင်းဖြစ်သောကြောင့် "ဒီသုခဝေဒနာကို မရှုဘဲနဲ့ နိဗ္ဗာန်ရလိမ့်မယ်လို့ ငါ ဘယ်တော့မှ မဟောဘူး "ဟု မိုးကုတ်ဆရာတော်ကြီး ဟောကြားချက်သည်

ရည်ညွှန်းရင်းဖြစ်သည့် ဆဆက္ကသုတ္တန်နှင့် ဆန့်ကျင်သည်ဟု မဆိုနိုင်ပေ။ မှန်သည်ဟု ဆိုရမည်ဖြစ်ပေသည်။

**အမှတ် (၁၃/၂၄၉)**

ငါလုပ် ငါရမှာဘဲ။ မင်းတို့မလုပ် မင်းတို့မရမှာဘဲ (ပ) ဒီဒိဋ္ဌိဟာ ဘာဒိဋ္ဌိတဲ့။ (သဿတဒိဋ္ဌိပါဘုရား)။ သူရှိနေလို့ရှိရင် (ပ) ဝိပဿနာဉာဏ်တွေတော့ ရမှာဘဲ။ (မှန်ပါ)။ မဂ်ဉာဏ်တော့ မရနိုင်ဘူးဟေ့။

(အမှတ်စဉ်-၃၉၊ နှာ-၄၆၄/၄၆၅)

ငါလုပ် ငါရမှာဘဲဟူသော အယူအစွဲရှိသူသည် ဝိပဿနာဉာဏ်တော့ ရနိုင်သည်၊ မဂ်ဉာဏ်တော့ မရနိုင်ဟု ဟောပြောခြင်းသည် မှားပါသည်ဟု စောဒကဆရာတော်က တင်ပြသည်။

ဤ စောဒနာနှင့် အလားတူ အမှတ်(၁၃/၆၉)စောဒနာစိစစ်ချက်၌ "ငါလုပ်ရင် ငါရမှာဘဲ၊ မင်းမလုပ် မင်းမရမှာ "ဟူသော ယုံကြည်ချက်သည် သဿတဒိဋ္ဌိမဟုတ်၊ ကမ္မဿကတာသမ္မာ ဒိဋ္ဌိသာဖြစ်ကြောင်း၊ ထိုကမ္မဿကတာသမ္မာဒိဋ္ဌိကို အခြေခံ၍ အရဟတ္တဖိုလ်တိုင်အောင် ရနိုင်ကြောင်းကို စိစစ်သုံးသပ်ပြီးဖြစ်၍ ဤ၌ အကျယ်တဝင့် ထပ်မံ သုံးသပ်ဖွယ် မလိုတော့ပေ။ ထို အမှတ်(၁၃/၆၉) စောဒနာစိစစ်ချက်ကိုသာ ပြန်ကြည့်ရန်ဖြစ်ပေသည်။

ထို့ကြောင့် ငါလုပ်ရင် ငါရမယ်။ မင်းမလုပ်ရင် မင်းမရဘူး-ဟူသော အယူအဆသည် သဿတဒိဋ္ဌိဖြစ်သည်ဟူသော စကားရပ်နှင့် အလားတူ စကားအားလုံးကို မိုးကုတ်ဆရာတော်ကြီး၏ ဟောတရားစာအုပ်များ အသံသွင်းတိတ်ခွေများမှ ပယ်ဖျက်ပေးရမည်ဖြစ်သည်။

**အမှတ် (၁၃/၂၅၀)**

အံမလေး ဒီလောက်ထိအောင် သက္ကာယဒိဋ္ဌိကိုး။ (ပ) ဒီအငန်ရေပျံ့တယ်ဆိုတာ အကနိဋ္ဌပြဟ္မာ့ပြည်တိုင်အောင် ပျံ့တယ်။

(အမှတ်စဉ်-၄၀၊ နှာ- ၆၆)

သုံးဆယ့်တစ်ဘုံမှာ ခင်ဗျားတို့ကို တစ်ခါတည်းအပြုံးနဲ့ အမဲ့မှာ အမဲ့များအောင် လုပ်နေတာ ဘယ်သူတုံး။ (သက္ကာယဒိဋ္ဌိပါဘုရား)။

(အမှတ်စဉ်-၄၀၊ နှာ- ၇၁)

သုဒ္ဓါဝါသပြဟ္မာ့ဘုံ၌ သက္ကာယဒိဋ္ဌိမရှိသောကြောင့် သက္ကာယဒိဋ္ဌိ အငန့်ရေသည် အကနိဋ္ဌပြဟ္မာ့ဘုံတိုင်အောင် ပျံ့တယ်ဟူသော စကားသည် လည်းကောင်း၊ ထိုသုဒ္ဓါဝါသပြဟ္မာများ၌ သက္ကာယဒိဋ္ဌိမရှိသောကြောင့် ၃၁-ဘုံမှာ သက္ကာယဒိဋ္ဌိက အမဲ့များအောင် လုပ်နေသည်ဟူသောစကားသည်လည်းကောင်း မှားယွင်းပါကြောင်း စောဒကဆရာတော်က တင်ပြသည်။

မှန်ပေသည်။ သုဒ္ဓါဝါသပြဟ္မာ့ဘုံ၌ အနာဂမ်, ရဟန္တာများသာ ရှိသောကြောင့် သက္ကာယဒိဋ္ဌိသည် သုဒ္ဓါဝါသဘုံ၌ မဖြစ်နိုင်ပေ။ သို့ဖြစ်၍-ပထမစကားရပ်ကို "အံမလေး ဒီလောက်ထိအောင် သက္ကာယဒိဋ္ဌိကိုး (ပ)ဒီ အငန့်ရေပျံ့တယ်ဆိုတာ သုဒ္ဓါဝါသဘုံမှတပါး ကျန်ဘုံအားလုံးမှာ ပျံ့တယ်"ဟု လည်းကောင်း၊ ဒုတိယ စကားရပ်ကို "၃၁-ဘုံရှိတဲ့အနက်က သုဒ္ဓါဝါသဘုံမှတပါး ကျန်တဲ့ ၂၆-ဘုံမှာ ခင်ဗျားတို့ကို တစ်ခါတည်း အပြုံးနဲ့ အမဲ့မှာ အမဲ့များ အောင် လုပ်နေတာ ဘယ်သူတုံး (သက္ကာယဒိဋ္ဌိပါဘုရား)"ဟု လည်းကောင်း ဟောစဉ်ကရားစာအုပ်များ၌ ပြင်ဆင်ပေးရမည်ဖြစ်သည်။ တိပ်ခွေတို့၌ ယင်းဟောကြားချက်တို့ကို ပယ်ဖျက်ပေးရမည်ဖြစ်သည်။

**အမှတ် (၁၃/၂၅၁)**

ဘုရားကတော့ဖြင့် ဒီလို မပြောဘူး၊ တခြားနည်းနဲ့ဘဲ ပြောလေ့ဆိုလေ့ရှိပါတယ်ဆိုတော့ (ပ) အနုရာဓအပေါ်မှာ တွေးလိုက်မယ်။ ဘယ့်နှယ်တွေးကြမယ်။ ဒိဋ္ဌိမကွာဘဲနဲ့ အားထုတ်နေတာ။

(အမှတ်စဉ်-၄၀၊ နှာ- ၁၄၁)

ဒိဋ္ဌိအရင်ဖြုတ်ပြီး ဝိပဿနာရှုတဲ့။ ဒီအစဉ်လွတ်လို့ အနုရာဓမှာ ဦးခင်မောင်တို့ ဦးဇံရင်တို့ မဂ်ဉာဏ်ကို မရဘူး။ (ပ) ဒါ့ကြောင့် ဘုရားက ပြင်ဆင်ပေးရတယ်။ ဒိဋ္ဌိကို အရင်ဖြုတ်ဖို့ ဘုရားထပ်ဟောပေးရတယ်။

(အမှတ်စဉ်-၄၀၊ နှာ- ၂၉၉)

ဒိဋ္ဌိရှိလျက်နဲ့ ဝိပဿနာရှု ဘယ်တော့မှ မဂ်ဉာဏ်ဖိုလ်ဉာဏ် မရနိုင်ဘူး။

(အမှတ်စဉ်-၄၀၊ နှာ- ၃၀၃)

ဒိဋ္ဌိမပြုတ်ဘဲနဲ့ ဝိပဿနာရှုနေတော့ ဒကာ ဒကာမတို့ တရားလမ်းစဉ်လွဲနေတယ်။ (အမှတ်စဉ်-၄၀၊ နှာ- ၃၂၃)

"အရှင်အနုရာဓ ဒိဋ္ဌိမကွာဘဲနဲ့ တရားအားထုတ်နေတာ" ဟု မိုးကုတ်

ဆရာတော်ကြီး ဟောကြားခြင်းသည် မှားသည်ဟု စောဒကဆရာတော် တင်ပြသည်။

အမှတ်(၃)စောဒနာ၌ စိစစ်ခဲ့ပြီးသည့်အတိုင်း အရှင်အနုရာဓထံ တိတ္ထိတွေလာပြီး 'သတ္တဝါသည် သေသည်၏အခြားမဲ့၌ ဖြစ်ပါသေးသလား'စသော မေးခွန်းလေးမျိုးကို မေးသည်။ အရှင်အနုရာဓက 'သင်တို့ပြောသော အခြင်းအရာလေးမျိုးမှ တစ်ပါးသော အခြင်းအရာအားဖြင့် သတ္တဝါကို ဘုရားရှင် ပညတ်တော်မူသည်'ဟု မမှန်သော အဖြေကို ဖြေမိလေ၏။

အရှင်အနုရာဓအနေဖြင့် သတ္တဝါမရှိပါဘဲလျက် သတ္တဝါရှိလေဟန်, ထိုသတ္တဝါကို ဘုရားရှင်က တိတ္ထိတွေယူဆဟောကြားသော အခြင်းအရာမှ တစ်ပါးသော အခြင်းအရာဖြင့် ဟောကြားလေဟန် မှန်းရမ်းပြီး ဖြေဆိုသည်ကို ထောက်လျှင် ဉာတပရိညာ, သုတမယပညာဖြင့် ဒိဋ္ဌိကွာအောင် တရားအခံ တရားအသိ မရှိသေးကြောင်းကို သိနိုင်ပေသည်။

မိုးကုတ်ဆရာတော်ကြီး၏ (ယခု စောဒကဆရာတော်ညွှန်ပြသည့်) ဒိဋ္ဌိပြုတ်ဟူသည် ထိုဉာတပရိညာ, သုတမယပညာဖြင့် သတ္တဝါမရှိ၊ ယောကျ်ားမိန်းမ ငါသူတစ်ပါး မရှိ ရုပ်နာမ်သာ ရှိ၏ဟု သိထားပြီး ထိုအသိဖြင့် ခွါထားခြင်းကိုသာ ဆိုလိုကြောင်း 'ဒိဋ္ဌိအရင်ဖြုတ်ပြီး ဝိပဿနာရှုတဲ့'ဟူသော စကားဖြင့် သိနိုင်ပေသည်။

ဤ အနုရာဓသုတ်၌ အရှင်အနုရာဓ၏သန္တာန်ဝယ် တည်နေသောဒိဋ္ဌိကို ဘုရားရှင်က ခွါပေးသည်ဟု တိုက်ရိုက်မဖော်ပြသော်လည်း ဆိုခဲ့ပြီးသည့်အတိုင်း အရှင်အနုရာဓက တိတ္ထိတို့အားသတ္တဝါရှိလေဟန် ဖြေကြားခဲ့ခြင်းသည် အရှင်အရှင်အနုရာဓသန္တာန်၌ ဒိဋ္ဌိမရှင်းသေးကြောင်း (ဝါ) ဉာတပရိညာ, သုတမယပညာ ဖြင့် ဒိဋ္ဌိကို ခွါမထားနိုင်သေးကြောင်း သိနိုင်သည့် အကြောင်းအချက်ဖြစ်ပေသည်။

အရှင်အနုရာဓ၏ အခြေအနေကို သံယုတ်အဋ္ဌကထာက-"ကာရကောပနေသ ယုတ္တယောဂေါ တရားကို ကြိုးစားအားထုတ်နေသူ"ဟု ဖွင့်ပြရာ တရားအားထုတ်နေသော်လည်း အားကောင်းသော ဗလဝဝိပဿနာအဆင့်သို့ မရောက်သေးကြောင်း (တိတ္ထိများအား ဖြေကြားခဲ့သည့်စကားကို ထောက်၍) သိနိုင်ပေသည်။

ထို့ကြောင့် ဘုရားရှင်က ဝိပဿနာဉာဏ် ရင့်သန်အားကောင်း၍ မဂ်ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် ခန္ဓာ၏ အနိစ္စ, ဒုက္ခ, အနတ္တသဘောကို ဖော်ပြသည့် တိပရိဝဋ္ဋဒေသနာတော်ကို ဟောကြားပေးတော်မူရသည်။ထိုတရား ကိုနာရမှ အရှင်အနုရာဓ ဒိဋ္ဌိပြုတ်၍ ရဟန္တာအဖြစ်သို့ ရောက်ခဲ့ရပေသည်။

မိုးကုတ်ဆရာတော်ကြီး ဟောလိုသည့် ဝိပဿနာမရှုခင် ဒိဋ္ဌိဖြုတ်ဟူသော စကားမှာ ဉာတပရိညာ, သုတမယပညာဖြင့် ဒိဋ္ဌိကို ခွါထားခြင်းကိုသာ ဆိုလို ကြောင်း ထင်ရှားနေပေသည်။

ထို့ပြင် ဝိပဿနာဉာဏ်အနုစားများသည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ အဆင့် ရောက်မှ စ, ဖြစ်ရာ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမဖြစ်မီ သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်အောင် ကြိုးစားရပေသည်။ ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိမဖြစ်ရဘဲ ဝိပဿနာဉာဏ်များ မဖြစ်နိုင်ပေ။

ထို့ကြောင့် မိုးကုတ်ဆရာတော်ကြီး၏ ဝိပဿနာမရှုမီ ဉာတပရိညာဖြင့် ဒိဋ္ဌိကို ဖြုတ်ခွါပေးရမည်စသော အထက်ပါ ဟောကြားချက်သည် မှန်ကန်သည်ဟု သုံးသပ်ကြသည်။

**အမှတ် (၁၃/၂၅၂)**

အနုရာဓတဲ့။ ဟောဒီ ခန္ဓာငါးပါးရှိတယ်တဲ့။ ရုပ်ကို မင်း သတ္တဝါဆိုမလား (မဆိုပါဘူးဘုရား)။ အနုရာဓ မဆိုပါဘူးတဲ့။ ဝေဒနာကောတဲ့။ (မဆိုပါ ဘုရား)။ သညာကောတဲ့ (မဆိုနိုင်ပါဘုရား)။ သင်္ခါရကော။ (မဆိုနိုင်ပါဘူး ဘုရား)။ ဝိညာဏ် ကော (မဆိုနိုင်ပါဘူးဘုရား)။ (ပ) ဝိပဿနာဉာဏ် ပါပြီလား မပါပါဘူး။ ဘာလုပ် နေတာတုန်း ဘုရားက (ဒိဋ္ဌိခွါပေးနေတာပါ ဘုရား)။ ဒိဋ္ဌိခွါပေးနေတာ။ (အမှတ်စဉ်- ၄၀၊ နှာ-၁၆၉/၁၇၀)

သူသောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာမဖြစ်သေးဘူး။ (မှန်ပါ)။ အနုရာဓ ဖြစ်ပလား။ (မဖြစ်သေးပါဘုရား)။ (ပ) ခန္ဓာငါးပါးတွေ လှည့်မေး လိုက်၊ အင်း---သတ္တဝါဟုတ်သေးသလား (ပ) မေးတာတွေလည်း ကိုစောမောင် ဒိဋ္ဌိခွါပေးတာလို့မှတ်။ (အမှတ်စဉ်- ၄၀၊ နှ-၂၀၄)

ခန္ဓာငါးပါးကို သတ္တဝါဟုတ်သလား-ဟု ဘုရားရှင်က အရှင်အနုရာဓကို မေးသည့်အချိန်တွင် အရှင်အနုရာဓ ရဟန္တာဖြစ်ပြီးပြီဖြစ်သည်။ ရဟန္တာဖြစ်နေ သော ပုဂ္ဂိုလ်အား ဒိဋ္ဌိခွါပေးစရာ မလို၊ သောတာပတ္တိမဂ်ဖြင့်ပင် ဒိဋ္ဌိကို အရှင်း

အပြုတ် ပယ်သတ်ပြီးဖြစ်၍ "ဒိဋ္ဌိခွါပေးနေတာ" ဟု မိုးကုတ်ဆရာတော်ကြီးက ဟောကြားခြင်းသည် မှားပါသည်ဟု စောဒကဆရာတော်က တင်ပြပေသည်။

အရှင်အနုရာဓ ရဟန္တာဖြစ်အောင် ဘုရားရှင်က ခန္ဓာ၏ အနိစ္စ, ဒုက္ခ, အနတ္တ သဘောကို ဖော်ပြသည့် တိပရိဝဋ္ဋဒေသနာတော်ကို ဟောပြသည်။ ထိုတရား နာရ၍ ရဟန္တာဖြစ်ပြီးသည့်အခါမှ အနုယောဂဝတ်ကို ပြုလိုသောကြောင့် "တံ ကိံ မညသိ အနုရာဓ ရူပံ တထာဂတောတိ သမနုပဿသိ = အနုရာဓ! သင်သည် ရုပ်ကို သတ္တဝါဟု မြင်သေးသလော" စသည်ဖြင့် ဟောတော်မူပေသည်။

> တိပရိဝဋ္ဋ ဒေသနံ ဒေသေတုကာမော 'တံ ကိံ မညသိ အနုရာဓာ' တိ အာဒိမာဟ။ အထဿ တာယ ဒေသနာယ အရဟတ္တပ္ပတ္တဿ အနုယောဂ ဝတ္တံ အာရောပေန္တော 'တံ ကိံ မညသိ အနုရာဓ ရူပံ တထာဂတော' တိ အာဒိမာဟ။ (သံ၊ ဌ၊ ၂။ ၂၈၇)

ထို့ကြောင့် ရဟန္တာဖြစ်နေပြီးသော အရှင်အနုရာဓကို ဒိဋ္ဌိခွါပေးနေစရာ မလို သောကြောင့် လည်းကောင်း၊ ရဟန္တာဖြစ်ပြီးမှ ခန္ဓာငါးပါးကို သတ္တဝါဟု သင် ရှုမြင်သေးသလော စသည်ဖြင့် မေးမြန်းခြင်းဖြစ်သောကြောင့် လည်းကောင်း အထက်ပါ စကားရပ်များကို ဟောစဉ်စာအုပ်များ, အသံသွင်းတိပ်ခွေများမှ ပယ်ဖျက်ပေးရမည် ဖြစ်သည်။

## အမှတ် (၁၃/၂၅၃)

> ညီတော် အာနန္ဒာငိုတာ အရှင်ဘုရား မရှိတဲ့နောက် တပည့်တော်တို့ အခက် ကြီး ခက်တော့မယ်၊ ဖွဲ့ကာ နွဲ့ကာ ငိုတာပေါ့ဗျာ။ မြတ်စွာဘုရားကလဲ ပရိနိဗ္ဗာန်စံဖို့က သုံးလဘဲ လိုတော့တယ်။ (အမှတ်စဉ်-၄၀၊ နှာ-၂၁၇)

ဤ၌ ပရိနိဗ္ဗာန်စံဖို့ သုံးလဘဲ လိုတော့တယ်-ဟူသော စကားသည် မှားသည် ဟု စောဒကဆရာတော်က တင်ပြသည်။

ဘုရားရှင် ပရိနိဗ္ဗာန်မစံမီ သုံးလအလို တပို့တွဲလပြည့်နေ့တွင် အာယုသင်္ခါရ လွှတ်သည်။ ထိုအကြောင်းကို အရှင်အာနန္ဒာနှင့် ရဟန်းများသိကြသောအခါ ငိုကြွေးကြောင်း ပါဠိတော်၌ မတွေ့ရပေ။ ဘုရားပရိနိဗ္ဗာန်စံမည့်နေ့ကျမှသာ အရှင်အာနန္ဒာငိုကြောင်း (ဒီ၊ ဋ္ဌ၊ ၂။ ၁၁၈) ၌ တွေ့ရသောကြောင့် အထက်ပါ

ဟောစကားကို ဟောစဉ်တရားစာအုပ်များ, အသံသွင်းတိပ်ခွေများမှ ပယ်ဖျက်ပေးရမည် ဖြစ်သည်။

**အမှတ် (၁၃/၂၅၄)**

"တပည့်တော်တို့ ပုစ္ဆာလေးချက်ရှိပြီ၊ အရှင်ဘုရား ကြားဖူးတဲ့အတိုင်းဘဲ အဖြေထုတ်စမ်းပါဦး" လို့ဆိုတော့ အရှင်အနုရာဓက "ဘုရားတော့ ဒီပုစ္ဆာမျိုး မဖြေဘူး" လို့ သူက ဒါဘဲ ပြောလိုက်တယ်။ (အမှတ်စဉ်-၄၀၊ နှာ-၃၆၆)

ဘုရားကတော့ ဒီပုစ္ဆာမျိုး မဖြေဘူး" လို့ သူက ဒါဘဲ ပြောလိုက်တယ်-ဟူသော စကားသည် မှား၏-ဟု စောဒကဆရာတော်က တင်ပြသည်။

အရှင်အနုရာဓကို ပရိဗိုဇ်များက "သတ္တဝါသည် သေသည်၏ အခြားမဲ့၌ ဖြစ်သေးသလော" စသော အမေးလေးခုကို မေးသောအခါ အရှင်အနုရာဓက "ဤပရိဗိုဇ်တို့သည် ဗုဒ္ဓသာသနာ၏ ဆန့်ကျင်ဘက်များဖြစ်ကြသည်။ သူတို့ ပြောသလို ယူဆသလို ဘုရားရှင် မဟောတန်ရာ" ဟု တွေးပြီး "အသင်တို့ ပြောသော အခြင်းအရာမှ တစ်ပါးသော အခြင်းအရာဖြင့် ဘုရားရှင်ဟောတော်မူပါသည်" ဟု မှန်းပြီး ဖြေလိုက်သည်။

အမှန်မှာ ပရိဗိုဇ် (တိတ္ထိ) တို့ မေးသော ဤမေးခွန်းလေးမျိုးသည် တကယ်မရှိသော သတ္တဝါနှင့်စပ်၍ မေးသော မေးခွန်းများဖြစ်၍ မဖြေဘဲထားသင့်သော ဌပနီယမေးခွန်းများသာ ဖြစ်သည်။ အရှင်အနုရာဓ အနေဖြင့် အမှန်အတိုင်းသိ၍ ဖြေဆိုခြင်းမဟုတ်။ ကြံဆ၍ ရမ်းပြီး ဖြေဆိုခြင်းဖြစ်သည်။

"ဘုရားကတော့ ဒီပုစ္ဆာမျိုး မဖြေဘူး" ဟု ဆိုလျှင် ဤအဖြေသည် ဌပနီယပဥှာ အတွက် မှန်ကန်သော အဖြေဖြစ်၏။ အရှင်အနုရာဓက "အသင်တို့ ပညတ်သော အခြင်းအရာလေးမျိုးမှ တစ်ပါးသော အခြင်းအရာအားဖြင့် သတ္တဝါကို ဘုရား ပညတ်ပါတယ်" ဟု ဖြေလိုက်ခြင်းသည် သတ္တဝါရှိသည်ဟု ဘုရားက လက်ခံသည့်သဘောဖြစ်၍ မှားယွင်းသော အဖြေသာ ဖြစ်ပေသည်။

ထို့ကြောင့် အထက်ပါ စကားရပ်တွင် "ဘုရားကတော့ ဒီပုစ္ဆာမျိုး မဖြေဘူး" ဟူသော စကားကို "ဘုရားက ဒီအကြောင်းအရာလေးမျိုးမှ အခြားအရာဖြင့် သတ္တဝါကို ပညတ်ပါတယ်" ဟု ပါဠိတော်နှင့် ညီညွတ်အောင် ပြင်ဆင်ပေးရမည် ဖြစ်သည်။

တိပ်ခွေ၌ "ဘုရားကတော့ ဒီပုစ္ဆာမျိုး မဖြေဘူး" ဟူသော စကားကို ပယ်ဖျက်ပေးရမည်ဖြစ်သည်။

## အမှတ် (၁၃/၂၅၅)

အနုရာဓကလဲ အခု ဒကာ, ဒကာမတွေ ဖြေတဲ့အတိုင်း ဖြေတာဘဲ။ (ပ) ဘုရားကလဲ ဟောရင်း သူကလဲ ခန္ဓာကို ဉာဏ်နဲ့နှလုံးသွင်းရင်း ဟောတော့ကို ခုနင်က ဖြစ်ပျက်တွေမြင်, ဖြစ်ပျက်တွေ မုန်းပေါ့ဗျာ။ ဖြစ်ပျက်အဆုံးဖြစ်တော့သောတာပန်တည်သွားတယ်။

(အမှတ်စဉ်- ၄၀၊ နှာ-၅၀၆)

ဤ၌ အနုရာဓ သောတာပန်တည်သွားတယ်ဟူ၍ ဟောခြင်းသည် မှားပါသည်ဟု စောဒကဆရာတော်က တင်ပြသည်။

အထဿ တာယ ဒေသနာယ အရဟတ္တပ္ပတ္တဿ (သံ၊ ၄၊ ၂။ ၂၈၇)- ဟု သံယုတ်အဋ္ဌကထာဆိုသောကြောင့် အနုရာဓရဟန်း ရဟန္တာဖြစ်ကြောင်း သိရပေသည်။

ထို့ကြောင့် -"သောတာပန်တည်သွားတယ်" ဟူသော စကားကို "ရဟန္တာဖြစ်သွားတယ်" ဟု လည်းကောင်း၊ "ဖြစ်ပျက်အဆုံးဖြစ်တော့" ဟူသော စကားကို "ဖြစ်ပျက်အဆုံးကို မြင်တော့" ဟု လည်းကောင်း ပြင်ဆင်ပေးရမည် ဖြစ်သည်။

## အမှတ် (၁၃/၂၅၆)

ဇရာ, မရဏဒဏ်ချက်ကတော့ ဝမ်းတော်လျှောလို့ ညီတော်အာနန္ဒာကို ရေကြည်အရှာခိုင်းပြီး ဘုဉ်းပေးတော်မူရတယ်။

(အမှတ်စဉ်- ၄၁၊ နှာ-၈၂)

ဤဟောကြားချက်၌ "ဇရာ, မရဏဒဏ်ချက်" ဟု ဟောခြင်းသည် မှားပါကြောင်း စောဒကဆရာတော်က စောဒနာသည်။

"အထ ခေါ ဘဂဝတော စုန္ဒဿ ကမ္မာရပုတ္တဿ ဘတ္တံ ဘုတ္တာဝိဿ ခရော အာဗာဓော ဥပ္ပဇ္ဇိ။ လောဟိတပက္ခန္ဒိကာ ပဗာဠှာ ဝေဒနာ ဝတ္တန္တိ မာရဏန္တိကာ"- (ဒီ၊ ၂။ ၁၀၆)

ဟူသော မဟာပရိနိဗ္ဗာနသုတ်ကို ထောက်သော် ဝမ်းသွေးသွန်ခြင်း သည် ကြမ်းရှသောအနာ, ပြင်းထန်သောဝေဒနာဖြစ်သောကြောင့် "ဇရာ, မရဏ

ဒဏ်ချက်" ဟူသောစကားရပ်ကို "ဗျာဓိဒဏ်ချက်" ဟု ပြင်းဆင်ပေးရမည် ဖြစ်သည်။

တိပ်ခွေ၌ ဇရာ, မရဏာဒဏ်ချက်ဟူသော စကားကို ပယ်ဖျက်ပေးရမည် ဖြစ်သည်။

## အမှတ် (၁၃/၂၅၇)

ဒါဒုက္ခသစ္စာဘဲလို့ သိနေရင် ဘာဉာဏ်ခေါ်ကြမလဲ (ကိစ္စဉာဏ်ပါ)။ (အမှတ်စဉ်-၄၁၊နှာ-၇၀) ဒါဒုက္ခသစ္စာဘဲလို့ သိသောဉာဏ်ကို ကိစ္စဉာဏ်ဟု ဟောခြင်းသည် မှားပါသည်ဟု စောဒကဆရာတော်က တင်ပြသည်။

ဧတ္ထ စ 'ဣဒံ ဒုက္ခံ အရိယသစ္စံ၊ ဣဒံ ဒုက္ခသမုဒယ' န္တိ ဧဝံ စတူသု သစ္စေသု ယထာဘူတဉာဏံ သစ္စဉာဏံ နာမ။ တေသုယေဝ 'ပရိညေယျံ ပဟာတဗ္ဗံ သစ္ဆိကာတဗ္ဗံ ဘာဝေတဗ္ဗ' န္တိ ဧ ဝံ ကတ္တဗ္ဗကိစ္စဇာနနဉာဏံ ကိစ္စဉာဏံ နာမ။ (သာရတ္ထ၊ ၃။ ၁၇၉/၁၈၀)

ဤကား ဒုက္ခသစ္စာ, ဤကား သမုဒယသစ္စာ စသည်ဖြင့် သိသောဉာဏ်သည် သစ္စဉာဏ်မည်၏-ဟု ဆိုသောကြောင့် အထက်ပါ ဆရာတော်ကြီး၏ ဟောတရားကို "ဒါ ဒုက္ခသစ္စာဘဲလို့ သိနေရင် ဘာဉာဏ်ခေါ်ကြမလဲ (သစ္စဉာဏ်ပါ)" ဟု ပြင်ဆင်ပေးရန်ဖြစ်သည်။

အသံသွင်းတိပ်ခွေ၌ "ကိစ္စဉာဏ်ပါ " ဟူသော စကားကို ပယ်ဖျက်ပေးရမည် ဖြစ်သည်။

## အမှတ် (၁၃/၂၅၈)

ကတဉာဏ်ဟာ မဂ်ဉာဏ်အစစ်ဘဲ။ (အမှတ်စဉ်-၄၁၊ နှာ-၈၉)

ကတဉာဏ်ကို မဂ်ဉာဏ်ဟု ဟောခြင်းသည် မှားပါသည်ဟု စောဒက ဆရာတော်က တင်ပြသည်။

- "ပရိညာတံ ပဟီနံ သစ္ဆိကတံ ဘာဝိတ" န္တိ ဧဝံ တဿ ကတဘာဝဇာနနဉာဏံ ကတဉာဏံ နာမ။ (သာရတ္ထ၊ ၃။ ၁၈၀)
- ဘာဝိတမဂ္ဂဿ ဟိ ပစ္စဝေက္ခဏာ နာမ ဟောတိ။ (အဘိ၊ ဋ၊ ၂။ ၃၉၈)
- ကတံ ကရဏီယန္တိ စတူသု သစ္စေသု စတူဟိ မဂ္ဂေဟိ ပရိညာပဟာန သစ္ဆိကိရိ- ယာဘာဝနာဘိသမယဝသေန သောဠသဝိဓမ္ပိ ကိစ္စံ နိဋ္ဌာပိတန္တိ

အတ္ထော။ ပုထုဇ္ဇနကလျာဏကာဒယော ဟိ ဇောတံ ကိစ္စံ ကရောန္တိ၊ ဒီဏာသဝေါ ကတ- ကရဏီယော။ တသ္မာ ဘဂဝါ အတ္တနော ကရဏီယံ ပစ္စဝေက္ခန္တော "ကတံ ကရဏီယ" န္တိ အဘ္ဘညာသိ။ (ဝိ၊ ၄၊ ၁။ ၁၃၇)

ဤ အဋ္ဌကထာ, ဋီကာတို့ကို ထောက်လျှင် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိအပ် ပြီးပြီ၊ သမုဒယသစ္စာကို ပယ်အပ်ပြီးပြီ စသည့်ဖြင့် ထိုထိုမဂ်ကိစ္စတို့ကို ပြုပြီးသည် ၏ အဖြစ်ကို ဆင်ခြင်ခြင်းသည် မဂ်ဉာဏ် မဟုတ်ပေ။ ပစ္စဝေက္ခဏာဉာဏ်သာ ဖြစ်သည်။

ထို့ကြောင့် "ကတဉာဏ်ဟာ ပစ္စဝေက္ခဏာဉာဏ်ဘဲ" ဟု ပြင်ဆင်ပေးရမည် ဖြစ်သည်။

**အမှတ် (၁၃/၂၅၉)**

နာမ်ကဘော ဒကာ, ဒကာမတို့ ခင်ဗျားတို့သန္တာန်မှာ ဖြစ်ပေါ် စိတ်ထားပါ တော့။ ၈၁-ခု ရှိတယ်။

ဒါကို ကိုယ့်သန္တာန်ရှိတဲ့ ၁၆၀-လို့သာ မှတ်လိုက်ပါတော့။

(အမှတ်စဉ်-၄၂၊နှာ-၁၅၃)

ဤ၌ ၈၁-ဟူသည် လောကီစိတ် ၈၁-ပါးကို ဆိုလိုသည်။ ၁၆၀-ဟူသော လောကီစိတ် ၈၁၊ လောဘကြဉ် စေတသိက် ၅၁၊ ရုပ် ၂၈-ပေါင်း ၁၆၀-ကို ဆို လိုသည်။

ဤ လောကီစိတ် ၈၁-ပါးတွင် ရဟန္တာပုဂ္ဂိုလ်များ၏ သန္တာန်၌သာဖြစ်သော ကြိယာဇောစိတ် ၁၈-ပါး ပါနေပါသည်။ ထို ကြိယာဇောစိတ်များသည် မိုးကုတ် ဆရာတော်ကြီး၏ (ဤတရားကို နာနေဆဲဖြစ်သော) ပရိသတ်သန္တာန်၌ မဖြစ်နိုင် သောကြောင့် ၈၁-ခု, ၁၆၀-ဟု ဟောခြင်းသည် မှားပါသည်ဟု စောဒကဆရာ တော်က တင်ပြသည်။

"ဘုန်းကြီးတို့ ဒကာ, ဒကာမတွေမှာ ဘယ်စိတ်လာလာ ခင်ဗျားတို့သန္တာန်မှာ အရိယာစိတ်လဲ မပါပါဘူး" (အမှတ်စဉ်-၄၂၊ နှာ-၅၃၂)တွင် ဖော်ပြထားသော ဆရာတော်ကြီး၏ ဟောကြားချက်ကို ထောက်လျှင် ပုထုဇဉ်တို့၏သန္တာန်၌ ဖြစ် သောစိတ်တို့ကို ရည်ညွှန်း၍ ဟောနေကြောင်း သိနိုင်ပေသည်။

တထာ သေက္ခပုထုဇ္ဇာနနံ ကိရိယဇဝနာနိ-ဟူသော အဘိဓမ္မတ္ထသင်္ဂဟ ဝီထိပိုင်းပါဠိအရ ပုထုဇဉ်ဆို့၏ သန္တာန်ဝယ် ကိရိယာဇောတို့ကို မရနိုင်ပေ။

သို့ဖြစ်၍ အထက်ပါ ဆရာတော်ကြီး၏ ဟောတရားနှစ်ရပ်လုံးကို ဟောစဉ်တရားစာအုပ်များ, အသံသွင်းတိပ်ခွေများမှ ပယ်ဖျက်ပေးရမည်ဖြစ်သည်။

## အမှတ် (၁၃/၂၆၀)

ဝိဇ္ဇာသက်သက်နဲ့ နိဗ္ဗာန်ရောက်နိုင်သလား (မရောက်နိုင်ပါဘူးရား)။ ဘာရှိနေ လို့လဲ (ဥပါဒါန်ရှိနေတယ်)။ (ပ) ဒီဥပါဒါန်တွေက မရှိဘူးလား (ရှိပါတယ်)။ အဲဒီ ဥပါဒါန်တွေ ရှိနေတဲ့အတွက် ပညာသက်သက်နဲ့ဖြင့် (နိဗ္ဗာန်မရောက် နိုင်ပါဘူးရား)။ (အမှတ်စဉ်-၄၂၊ နှာ-၂၀၁)

ဒီနှစ်ခု ဝိဇ္ဇာနဲ့စရဏ ပေါင်းလိုက်ရလို့ရှိရင် နိဗ္ဗာန်မရောက်နိုင်ဘူးလားလို့ မေးမြန်းတော့လဲ ဥပါဒါန်ရှိတာဘဲကွ-တဲ့။ ဒီနှစ်ခုပေါင်းလဲ ဥပါဒါန်ရှိပြီး သကာလ နေတဲ့အတွက် မွဲလမ်းမှုရှိနေတဲ့အတွက် ဥပါဒါန-ပစ္စယာ ကမ္မဘ-ဝေါ၊ ကမ္မဘဝ ပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ- လာဦးမှာဘဲ။

(အမှတ်စဉ်-၄၂၊ နှာ-၁၉၉)

ဤဟောကြားချက်များ မှား၏-ဟု စောဒကဆရာတော်က စောဒနာထားသည်။

ဤ စောဒနာသည် အမှတ် (၁၃/၇၆)နှင့် အလားတူဖြစ်၍ ထိုစောဒနာသည် အမှတ် (၁၃/၇၆)၌ စိစစ်ပြီးဖြစ်သောကြောင့် ဤ၌ ထပ်မံ စိစစ်ဖွယ်မလို။ ယခင်စောဒနာစိစစ်ချက်နှင့် အလားတူ မှတ်ရန်သာ ဖြစ်သည်။

## အမှတ် (၁၃/၂၆၁)

ကောလိယဆိုတဲ့ ပုဂ္ဂိုလ်ကလဲ သူက ကျင့်ပုံကတစ်မျိုး၊ သေနိယဆိုတဲ့ ပုဂ္ဂိုလ်က ကျင့်ပုံကတစ်မျိုး။ (အမှတ်စဉ်-၄၂၊ နှာ-၃၁၃)

ဤ၌ ကောလိယဆိုတဲ့ပုဂ္ဂိုလ်-ဟူသောစကား မှားနေရာ "အထ ခေါ ပုဏ္ဏော စ ကောလိယပုတ္တော ဂေါဝတိကော အစေလော စ သေနိယော ကုက္ကုရဝတိ-ကော"ဟူသော မဇ္ဈိမပဏ္ဏာသ ကုက္ကုရဝတိကသုတ်နှင့်အညီ အထက်ပါ "ကောလိယဆိုတဲ့ ပုဂ္ဂိုလ်ကလဲ"ဟူသောစကားကို "ကောလိယရဲ့သား ပုဏ္ဏဆိုတဲ့ ပုဂ္ဂိုလ်ကလဲ"ဟု အမှန်ပြင်ပေးရန်ဖြစ်သည်။

အလားတူ အမှားများကိုလည်း ပြင်ပေးရန်ဖြစ်သည်။

## အမှတ် (၁၃/၂၆၂)

သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ မလာတာကို အကာလိကောလို့ ဆိုပါတယ်။
(အမှတ်စဉ်-၄၂၊ နှာ-၅၃၃)

သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ မလာတော့ခြင်း (မဖြစ်တော့ခြင်း)သည် အကျိုးဖြစ်သည်။ အကာလိကောက အကြောင်းသာဖြစ်သင့်သည်။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာက မဂ်လေးပါးကိုသာ အကာလိကဓမ္မဟု ဖွင့်ထားသည်။ ထို့ကြောင့် အထက်ပါ မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်သည် မှားပါသည်ဟု စောဒကဆရာတော်က စောဒနာထားပေသည်။

အမှတ် (၉/၂) စောဒနာ၌ စိစစ်ပြီးသည့်အတိုင်း အကာလိကဟူသည် အကျိုးမဖြစ်နိုင်၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာဖွင့်သည့် မဂ်လေးပါးကို ကြည့်လျှင်လည်း အကာလိကဟူသည် အကျိုးမဟုတ်နိုင်၊ အကျိုးကိုဖြစ်စေသည့် အကြောင်းသာ ဖြစ်သင့်ပေသည်။

အမှတ် (၉/၂) စောဒနာစိစစ်ချက်၌ ဝိပဿနာဉာဏ်သည် အားထုတ်ဆဲခဏ၌ ကိလေသာကို တဒင်္ဂအားဖြင့် ချုပ်ငြိမ်းစေတတ်သောကြောင့် အကာလိကဟု ဆိုနိုင်ကြောင်း ပြခဲ့ပြီးဖြစ်သည်။

ထို့ကြောင့် သမုဒယသစ္စာနှင့် ဒုက္ခသစ္စာ မဖြစ်တော့ခြင်း၊ မလာတော့ခြင်းကို အကာလိကောဟု မဆိုသင့်ပေ။

သို့ဖြစ်၍ အထက်ပါ မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်ကို ဟောစဉ်စာအုပ်များနှင့် အသံသွင်းတိပ်ခွေတို့မှ ပယ်ဖျက်ပေးရမည်ဖြစ်သည်။

## အမှတ် (၁၃/၂၆၃)

သနာထာ ဘိက္ခဝေ ဝိဟရေထ၊ မာ အနာထာ (ပ) မင်းတို့ ကိုးကွယ်ရာ အားထားရာကလေးတော့ ရှာထားကြပါတဲ့။ (ပ) သီလဖောင်လောက် အားကိုးလို့ ရှိရင် လုံးလုံး ကောင်းစားလောက်တဲ့အဖြစ်က မဖြစ်သေးသောကြောင့် ဒကာ, ဒကာမတို့ မပျက်စီးနိုင်တဲ့ မဂ္ဂင်ဖောင်ကိုသာ ကိုးကွယ်ရာ အားထားရာရှိကြပါစေဆိုတဲ့ အကြောင်းကို ဘုရားရှင် ကိုယ်တော်မြတ်ကြီးက မှာတော်မူတယ်။ (အမှတ် စဉ်-၄၃၊ နှာ-၅၄/၅၅)

ဘုရားရှင်က နာထတရား ၁၀-ပါးကို ဟောရာတွင် မဂ္ဂင်ဖောင်ကိုသာ အားကိုးရာ အားထားရာ ပြုရမည်ဟုမဟောပါဘဲ မိုးကုတ်ဆရာတော်ကြီးက ယင်းသို့ ဟောကြားခြင်းသည် မှားပါသည်ဟု စောဒကဆရာတော်က တင်ပြသည်။

ဘုရားရှင်ဟောကြားသည့် အားကိုးအားထားပြုစရာတရား (နာထတရား) ၁၀-ပါးကို အင်္ဂုတ္တရနိကာယ်ဒသကနိပါတ်၊ နာထဝဂ်၊ ပထမနာထသုတ်, ဒုတိယနာထသုတ်တို့၌ လေ့လာနိုင်ပေသည်။

ဘုရားရှင်က ရဟန်းများအား "သီလ၊ သုတ၊ ကလျာဏမိတ္တ၊ သောဝစဿတာ၊ တတြူပါယဝီမံသာ၊ ဓမ္မကာမ၊ အာရဒ္ဓဝီရိယ၊ သန္တုဋ္ဌိ၊ သတိမာ၊ ပညဝါ" ဟူသော အားကိုးရာ အားထားရာ တရားများနှင့် ပြည့်စုံပြီး ထိုတရား၁၀-ပါးကို အားထား မှီခိုနေရမည်ဖြစ်ကြောင်း မိန့်ကြားတော်မူသည်။

ဤ ၁၀-ပါးတွင် သီလသည် ပထမအားကိုးရာဖြစ်သည်။ အခြေခံအကျဆုံး အားကိုးတရားဖြစ်သည်။ သီလသည် မဂ်ဖိုလ်နိဗ္ဗာန်ရရေးတွင် အခြေခံအကျဆုံး ဖြစ်သော နာထတရားဖြစ်သည်။ သီလဝိသုဒ္ဓိမဖြစ်ဘဲ စိတ္တဝိသုဒ္ဓိစသည် မဖြစ်နိုင်။ ဒသမနာထတရားဖြစ်သည့် အဖြစ်အပျက်ကိုသိသော ဝိပဿနာဉာဏ် အထွတ်အထိပ်ရောက်ဖို့ (ဝါ) မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိအဆင့်သို့ ရောက်ဖို့ သီလဝိသုဒ္ဓိကို အခြေခံကြရပေသည်။

သာသနေ ကုလပုတ္တာနံ၊ ပတိဋ္ဌာ နတ္ထိ ယံ ဝိနာ။
အာနိသံသပရိစ္ဆေဒံ၊ တဿ သီလဿ ကော ဝဒေ။ (ဝိသုဒ္ဓိ၊ ၁။ ၁၀)
အာကင်္ခေယျ စေ ဘိက္ခဝေ ဘိက္ခု 'သဗြဟ္မစာရီနံ ပိယော စဿ မနာပေါ စ ဂရု စ ဘာဝနီယော စာ'တိ၊ သီလေသွေဝဿ ပရိပူရကာရီ (ပ) အာကင်္ခေယျ စေ ဘိက္ခဝေ ဘိက္ခု 'အာသဝါနံ ခယာ အနာသဝံ စေတောဝိမုတ္တိံ ပညာဝိမုတ္တိံ ဒိဋ္ဌေဝ ဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရေယျ'န္တိ၊ သီလေသွေဝဿ ပရိပူရကာရီ။ (အံ၊ ၃။ ၃၆၁/၃၆၂)-

စသော ဒေသနာတော်အရ သီလ၏စွမ်းရည် (ကျေးဇူး)ကား အရဟတ္တမဂ် အရဟတ္တဖိုလ်တိုင်အောင် ပေးစွမ်းနိုင်ရကား သီလသည် အလွန်အရေးကြီးကြောင်း၊ သီလကို အလွန်အားကိုးထိုက်ကြောင်း သိနိုင်ပေသည်။

သီလသည် အားကိုးထိုက်သော အခြေခံတရားဖြစ်သကဲ့သို့၊ တရားတော်ကို နာယူမှတ်သားခြင်း၊ မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်အောင် သွန်သင်ပြသနိုင်သည့်

ကလျာဏမိတ္တ(ဆရာသမားကောင်း)ကို အမှီပြုရခြင်း၊ ဆုံးမသည့်အတိုင်း လိုက်နာကျင့်သုံးခြင်း စသည်တို့သည်လည်း မဂ်ဖိုလ်နိဗ္ဗာန်ရရေးတွင် အရေးကြီးပေသည်။ ထို့အတူ ဖြစ်ပျက်ကို မြင်နိုင်စွမ်းရှိသည့် တိဟိတ်ပဋိသန္ဓေပညာနှင့် ပြည့်စုံခြင်းသည်လည်း အားကိုးထိုက် အားထားထိုက်သော တရားပင်ဖြစ်သည်။

ယော စ အစ္ဆရာသင်္ဃာတမတ္တမ္ပိ အနိစ္စသညံ ဘာဝေယျ၊ ဣဒံ တတော မဟပ္ဖလတရံ။ (အံ၊ ၃။ ၁၉၇)-

ဟူသော ဝေလာမသုတ်နှင့်

အနိစ္စသညန္တိ မဂ္ဂဿ အနန္တရပစ္စယဘာဝေန သိခါပတ္တဗလဝဝိပဿနံ။ (အံ၊ ဋ္ဌ၊ ၃။ ၂၇၂)

ဝိဟာရဒါနံ ပဏိပါတော၊ သိက္ခာ မေတ္တာယ ဘာဝနာ။

ခယတော သမ္မသန္တဿ၊ ကလံ နာဂ္ဃတိ သောဠသိံ။

တေနေဝ ဘဂဝါ ပရိနိဗ္ဗာနသမယေ "ဓမ္မာနုဓမ္မပ္ပဋိပတ္တိ အနုတ္တရာပူဇာ"တိ အာဟ။ (အံ၊ ဋ္ဌ၊ ၃။ ၂၇၂)

ဟူသော ဝေလာမသုတ်အဋ္ဌကထာတို့အရ သီလထက် ပညာကအကျိုးပိုများကြောင်းသိရပြန်ပေသည်။

ထို့ကြောင့် မိုးကုတ်ဆရာတော်ကြီး၏ အထက်ပါ ဟောကြားချက်ကို မှားသည်ဟု မဆိုနိုင်ပေ။ ဒေသနာတော်နှင့် ညီညွတ်သော ဟောပြောချက်ဟု ဆိုနိုင်ပေသည်။

သို့သော် ဟောတော်မူလိုရင်း နာထသုတ်နှင့် ညီညွတ်အောင်- "မင်းတို့ကိုးကွယ်ရာ အားထားရာကလေးတော့ ရှာထားကြ၊ နာထသုတ်မှာ အားကိုးအားထားရမဲ့တရား ၁၀--ပါး ဟောထားလို့ သီလလဲ အားကိုးရာတရားဘဲ၊ ဒါပေမဲ့ ဒီလောက်နဲ့ မကျေနပ်နဲ့ဦး။ မဂ်ရဲ့ အနီးကပ်ဆုံးအကြောင်းဖြစ်တဲ့ ဝိပဿနာဉာဏ်ရင့်သန်လာအောင် ကြိုးစားအားထုတ်ဖို့လဲ လိုအပ်တယ်။ ဝိပဿနာဉာဏ်ရင့်သန်လာမှ ဘယ်တော့မှ မပျက်စီးတဲ့ လောကုတ္တရာမဂ်ကို ရနိုင်မယ်။ ဒါကြောင့် နာထတရား ၁၀-ပါးထဲမှာ နောက်ဆုံးဖြစ်တဲ့ ဝိပဿနာဉာဏ် ရင့်သန်လာသည်အထိ ကြိုးစားကြရမယ်"ဟု အထက်ပါ ဟောတရားကို ပြင်ဆင်ပေးရန်ဖြစ်သည်။

**အမှတ် (၁၃/၂၆၄)**

ပဋိစ္စသမုပ္ပန္နံ ခေါ အာဝုသော ဘဂဝတာ ဝုတ္တံ။ (ပ) ဒုက္ခဟာ ပဋိစ္စသမုပ္ပါဒ်ကြောင့် ဖြစ်တာတဲ့။ (အမှတ်စဉ်-၄၃၊ နှာ-၁၁၀/၁၁၁)

ပဋိစ္စသမုပ္ပန္န်-ဟူသော ပါဠိကို ပဋိစ္စသမုပ္ပါဒ်ကြောင့် ဖြစ်တာဟု ဟောခြင်း သည်လည်းကောင်း၊ ဒုက္ခဟာ ပဋိစ္စသမုပ္ပါဒ်ကြောင့် ဖြစ်တာဟု ဟောခြင်းသည် လည်းကောင်း မှားသည်ဟု စောဒကဆရာတော်က တင်ပြသည်။

ဤ၌ ပဋိစ္စသမုပ္ပါဒတရားနှင့် ပဋိစ္စသမုပ္ပန္နတရားတို့ကို ခွဲခြား သိသင့်ပေ သည်။

ပဋိစ္စသမုပ္ပါဒဉ္စ ဝေါ ဘိက္ခဝေ ဒေသေဿာမိ ပဋိစ္စသမုပ္ပန္နေ စ ဓမ္မေ (ပ) ကတမော စ ဘိက္ခဝေ ပဋိစ္စသမုပ္ပါဒေါ၊ ဇာတိပစ္စယာ ဘိက္ခဝေ ဇရာမရဏံ။ (ပ)။

ကတမေ စ ဘိက္ခဝေ ပဋိစ္စသမုပ္ပန္နာ ဓမ္မာ။ ဇရာမရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ။ (ပ)

(သံ၊ ၁။ ၂၆၄။ ပစ္စယသုတ်)

ပဋိစ္စသမုပ္ပန္နံ ခေါ အာဝုသော ဒုက္ခံ ဝုတ္တံ ဘဂဝတာ၊ ကိံ ပဋိစ္စ ဖဿံ ပဋိစ္စ။ (သံ၊ ၁။ ၂၇၀။ အညတိတ္ထိယသုတ်)

ဤ ဒေသနာတော်တို့အရ အကြောင်းတရားမှန်သမျှသည် ပဋိစ္စသမုပ္ပါဒ တရား၊ အကြောင်းကိုစွဲ၍ ဖြစ်ရသော အကျိုးတရားမှန်သမျှသည် ပဋိစ္စသမုပ္ပန္န တရားဟုသိရပေသည်။

ပဋိစ္စသမုပ္ပန္နံ ခေါ အာဝုသော ဒုက္ခံ ဝုတ္တံ ဘဂဝတာ-ဟူသော အညတိတ္ထိယ သုတ်ဒေသနာတော်အရ ဇရာ,မရဏစသော ဒုက္ခမှန်သမျှ ဇာတိစသော အကြောင်းတရားကြောင့်ဖြစ်ကြောင်းကိုလည်း သိရပေသည်။

ထို့ကြောင့် "ဒုက္ခဟာ ပဋိစ္စသမုပ္ပါဒ်ကြောင့် ဖြစ်တာ"ဟူသောစကား သည် အမှန်ပင်ဖြစ်သည်။

ပဋိစ္စသမုပ္ပန္နံ ခေါ အာဝုသော ဒုက္ခံ ဝုတ္တံ ဘဂဝတာ-ဟု ဒုက္ခံ- ပုဒ်ကိုထည့်ပေးရမည်ဖြစ်သည်။

## အမှတ် (၁၃/၂၆၅)

ဒွိန္နံ ဂတီနံ-ဘဲ (တင်ပါ) ငရဲ တိရစ္ဆာန် ပြိတ္တာဆိုတဲ့အပါယ်လေးပါး ဂတိတွေ ထဲက တစ်ခုခုသွားပေတော့လို့ ဘုရားက ဟောလိုက်တာဘဲ။

(အမှတ်စဉ်-၄၃၊ နှာ-၁၉၁)

ဒွိန္နံ ဂတိနံ-ဟူသော ပါဠိတော်ရှိသောကြောင့် မိစ္ဆာဒိဋ္ဌိ အယူရှိနေသူသည် အပါယ်လေးပါး ဂတိတွေထဲက တစ်ခုခု သွားလေတော့လို့ ဘုရားကဟောလိုက်တာဘဲ-ဟု မိုးကုတ်ဆရာတော်ကြီး ဟောခြင်းသည် မှားပါသည်ဟု စောဒကဆရာတော်က တင်ပြသည်။ မှန်ပေသည်။

မိစ္ဆာဒိဋ္ဌိကဿ ဘိက္ခဝေ ဒွိန္နံ ဂတိနံ အညတရာ ဂတိ ပါဋိကင်္ခါ နိရယော ဝါ တိရစ္ဆာနယောနိ ဝါတိ- (အံ၊ ၁။ ၆၂။)
ဟူ၍ ဘုရားရှင် ဟောတော်မူသောကြောင့် မိစ္ဆာဒိဋ္ဌိအယူရှိသူသည် ငရဲဘုံ, တိရစ္ဆာန်ဘုံတို့တွင် တစ်ဘုံဘုံ၌ ဖြစ်ရကြောင်း သိရပေရာ အထက်ပါ ဟောတရားကို "ဒွိန္နံ ဂတိနံ-ဘဲ (တင်ပါ)။ မိစ္ဆာဒိဋ္ဌိ အယူရှိသူဟာ ငရဲ, တိရစ္ဆာန် ဒီဘုံနှစ်ခုထဲက တစ်ဘုံဘုံကို သွားရလိမ့်မယ်လို့ ဘုရားက ဟောလိုက်တာဘဲ"ဟု ဟောစဉ်စာအုပ်၌ ပြင်ဆင်ပေးရမည်ဖြစ်သည်။

အသံသွင်းတိပ်ခွေ၌ကား အထက်ပါ ဟောတရားအနက် "ပြိတ္တာဆိုတဲ့ အပါယ်လေးပါး"ဟူသော စကားရပ်ကို ပယ်ဖျက်ပေးရမည်ဖြစ်သည်။

## အမှတ် (၁၃/၂၆၆)

ဒီဆွမ်း သာမည စားလို့ မဖြစ်ဘူး၊ ဒီဆွမ်း ပုထုဇဉ်အဖြစ်နဲ့ စားလို့ရှိရင် အဆိပ်စားမိသလို ဖြစ်လိမ့်မယ်၊ (မှန်ပါဘုရား)။ ဟိုက သဒ္ဓါက သိပ်ထက်သန်တယ်၊ သဒ္ဓါထက်တယ်ဆိုတော့ ပုထုဇဉ်ရဟန်းအဖြစ်နဲ့ စားလိုက်လို့ရှိရင် လောဘ, မောဟနဲ့ စားမိလို့ရှိရင်ဖြင့် "ကိုယ်မှာ သံတွေခဲစားရသလို့ ငါဒုက္ခကြီး လှလှရချေရဲ့"ဆိုပြီးသကာလ သူ့ကိုယ်သူ စဉ်းစားတယ်။

(အမှတ်စဉ်-၄၄၊ နှာ-၉၉/၁၀၀)

ဤ ဟောတရား၌"အဆိပ်စားမိသလို ဖြစ်လိမ့်မယ်"သံတွေခဲစားရသလို့ ငါဒုက္ခကြီး လှလှရချေရဲ့ ဟူသော စကားများ ပိုနေ၍ မှားသည်-ဟု စောဒကဆရာတော်က တင်ပြပေသည်။

မဟာဥပါသိကာ ကိရ ကဋ္ဌိယေန ပါရိဝါသိကဘတ္တံ ဘုဥ္ဇိ၊ ဒိဝါပိ ကဏ္ဏပဏ္ဏာ မ္ဗိလယာဂုံ ဘုဥ္ဇိဿတိ၊ တုယှံ အတ္တာယ ပန ပုရာဏတဏ္ဍုလာဒီနိ အာစိက္ခတိ၊ တံ နိဿာယ ခေါ ပနေသာ နေဝ ခေတ္တံ န ဝတ္ထုံ န ဘတ္တံ န ဝတ္ထံ ပစ္စာသီသတိ၊ တိသော ပန သမ္ပတ္တိယော ပတ္ထယမာနာ ဒေတိ၊ တွံ

ဇေတိဿာ တာ သမ္ပတ္တိယော ဒါတုံ သက္ခိဿသိ၊ န သက္ခိဿသီတိ။ အယံ ခေါ ပန ပိဏ္ဍပါတော တယာ သရာဂေန သဒေါသေန သမောဟေန န သက္ကာ ဂဏှိတုံ။ (ဒီ၊ ဌ၊ ၂။ ၃၈၀)

ဤ အဋ္ဌကထာ၌ အယျမိတ္တမထေရ်က ပုထုဇဉ်အဖြစ်ဖြင့် ဤဆွမ်းကို စားခြင်းငှာမထိုက်၊ ချမ်းသာသုံးမျိုးကို ရလိုသောကြောင့်သာ ဒါယိကာမကြီးက ဆန်ဟောင်းကို ချက်သောဆွမ်းကို ကပ်ဖို့ ရည်မှန်းရင်း ဖြစ်သောကြောင့် ထိုဒါယိကာမကြီး ရည်ရွယ်ရင်းဖြစ်သော သမ္ပတ္တိသုံးပါးကို ရစေရန် မိမိ၏ သီလ, သမာဓိ, ပညာစွမ်းအားကို မြင့်တင်ရန် စိတ်ကူးပုံကိုသာ ပြထားပေသည်။

ပုထုဇဉ်ရဟန်းအဖြစ်နဲ့ ဒါယိကာမကြီးလှူဒါန်းသော ဆွမ်းကို စားမိပါက အဆိပ်မျိုသလို, သံတွေခဲကြီး မျိုမိသလို ဖြစ်လိမ့်မည်-ဟု စဉ်စားခြင်းမျိုး မပါပေ။

ဒုဿီလရဟန်းအဖြစ်ဖြင့် ဒါယကာ ဒါယိကာမတို့ ပေးလှူသောဆွမ်းကို စားမိမှသာ သံတွေခဲကို မျိုရတာထက် ပိုဆိုးကြောင်း အခြားသုတ္တန် (အဂ္ဂိက္ခန္ဓောပမသုတ္တန်) များ၌ တွေ့ရှိရသော်လည်း ဤအယျမိတ္တမထေရ်၏ အကြောင်းကို ပြရာ၌ကား ယင်းစကားမျိုးကို မတွေ့ရပေ။

သဒ္ဓါတရားထက်သန်စွာဖြင့် သမ္ပတ္တိသုံးပါးကို ရည်စူးလှူဒါန်းသော ဒါယိကာမကြီး အကျိုးကြီးအောင် မိမိ၏ စွမ်းရည်ကို မြှင့်တင်ဖို့သာ စိတ်ကူး ကြောင်းပြဆိုထားသောကြောင့် အထက်ပါ ဟောတရားတွင် "အဆိပ်စားမိသလို" ဟူသော စကားကို ပယ်ဖျက်ပြီး "ဒီဆွမ်း ပုထုဇဉ်အဖြစ်နဲ့ စားလို့ရှိရင် အဆိပ်စားမိ သလို ဖြစ်လိမ့်မယ်"ဟူသောစကားကို "ဒီဆွမ်း ပုထုဇဉ်အဖြစ်နဲ့ စားလို့ မတော်ဘူး" ဟု လည်းကောင်း၊ "သံတွေခဲစားရသလို" ဟူသော စကားကို ပယ်ဖျက်၍ "ကိုယ်မှာ သံတွေခဲစားရသလို ငါ ဒုက္ခကြီးလှလှရချေရဲ့" ဟူသော စကားကို "ဆွမ်းဒါယိကာမကြီး အကျိုးရ နည်းရချေရဲ့"ဟု လည်းကောင်း ပြင်ပေးရမည် ဖြစ်သည်။

အသံသွင်းတိပ်ခွေ၌ "အဆိပ်စားမိသလို ဖြစ်လိမ့်မယ်" သံတွေခဲစားရသလို ငါ ဒုက္ခကြီးလှလှရချေရဲ့ ဟူသော စကားရပ်တို့ကို ပယ်ဖျက်ပေးရမည်ဖြစ်သည်။

**အမှတ် (၁၃/၂၆၇)**

အဲဒီ ကဿပလိုဏ်ဂူထဲမှာ ရဟန်းတစ်ပါးက တရားခမ္မကြိုးစားနေတယ်။ (ပ) လျှော့ပေါ့လုပ်နေတော့ (မတူးတို့)ခရီးမပေါက်ဘူးပေါ့ဗျာ။ လျှော့ပေါ့ လုပ်နေတော့ ခရီးမပေါက်ဘူး (ဒေါ်အုန်းခင်)။ (အမှတ်စဉ်-၄၄၊ နှာ-၉၇)

ဤ ဟောတရား၌ "လျှော့ပေါ့လုပ်နေတော့ ခရီးမပေါက်ဘူး"ဟု ဟောခြင်းသည် မှားသည်ဟု စောဒကဆရာတော်က တင်ပြပေသည်။

အယျမိတ္တမထေရ်သည် ဆွမ်းဒါယိကာမကြီး၏ သမီးအား မှာထား ပြောကြားသည့်စကားကို ကြားရသော အခါ ဆွမ်းခံမသွားတော့ဘဲ ကဿကလိုဏ်ဂူ ထဲသို့ဝင်ကာ "ရဟန္တာမဖြစ်လျှင် လိုဏ်ဂူမှမထွက်တော့"ဟု အဓိဋ္ဌာန်၍ တရားအားထုတ်လေရာ မကြာမြင့်မီ နံနက်ပိုင်း၌ပင် ရဟန္တာဖြစ်လေသည်။

ဤ၌ အဋ္ဌကထာ-

"အရဟတ္တံ အပါပုဏိတွာ န နိက္ခမိဿာမိ" တိ ဝီရိယံ အဓိဋ္ဌဟိတွာ နိသီဒိ။ ဒီဃရတ္တံ အပ္ပမတ္တော ဟုတွာ နိဝုတ္ထ ဘိက္ခု ဝိပဿနံ ဝဍ္ဎေတွာ ပုရေဘတ္တမေဝ အရဟတ္တံ ပတွာ-

ဟု ဖွင့်ပြတော်မူရာ ထိုအယျမိတ္တမထေရ်သည် ရှ ည်လျားစွာသော ကာလပတ်လုံး မမေ့မလျော့ တရားအားထုတ်ခဲ့ကြောင်း သိရပေသည်။

ထို့ကြောင့် ပေါ့ပေါ့လျော့လျော့ လုပ်နေတော့ ခရီးမပေါက်ဘူး-ဟု ဟောခြင်းသည် မှားသည်ဟု ထင်မှတ်ဖွယ်ရှိသော်လည်း "ရဟန္တာ မဖြစ်ရင် လိုဏ်ဂူမှ မထွက်တော့ဘူး"ဟူသော ပြင်းထန်ခိုင်မာသော ဝီရိယကား ယခင်က မရှိခဲ့။ ယခု ဆွမ်းဒါယိကာမကြီး၏ ပြောစကားကို ကြားရမှသာ ထိုဝီရိယကို မြှင့်တင်ပြီး သဲသဲမဲမဲ အားထုတ်ကြောင်း သိရသောကြောင့် ဆွမ်းဒါယိကာမကြီး၏ စကားကို မကြားရမီက ဝီရိယသည် ဆွမ်းဒါယိကာမကြီး၏ စကားကို ကြားရပြီး နောက်မှ ဖြစ်ရသော ဝီရိယနှင့် စာလျှင် ပေါ့လျော့သည်ဟု ဆိုနိုင်ပေသည်။ထို့ကြောင့် ဆရာတော်ကြီး၏အထက်ပါ ဟောတရားသည် အမှန်ဟုပင် ဆိုနိုင်ပေသည်။

**အမှတ် (၁၃/၂၆၈)**

လာတာနဲ့ တစ်ခါတည်း ဆွမ်းလောင်းတယ်။ (ပ)ဆွမ်းလောင်းတဲ့အခါ ဟိုကလဲ ဆုပေးတယ် ဟုတ်လား၊(မှန်ပါ)။ သုခီ တေ ဟောတု။ တေ၊သင့်အား။ သုခီ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။(အမှတ်စဉ်-၄၄၊ နှာ-၁၀၇)

ဤ ဟောတရား၌ "သုခီ တေ ဟောတု"ဟူသော ပါဠိသည် မှားနေသည်-ဟု စောဒကဆရာတော်က တင်ပြသည်။

"ထေရော 'သုခံ ဟောတူ' တိ အနုမောဒနံ ကတွာ ပက္ကာမိ"(ဒီ၊ဌ၊၂။ ၃၈၀) ဟု အဋ္ဌကထာလာသောကြောင့် "သုခံ ဟောတု"ဟု ပြင်ပေးရမည်ဖြစ်သည်။ အနက်ပေးကိုလည်း 'သုခံ၊ ချမ်းသာသည။ ဟောတု၊ ဖြစ်ပါစေ' ဟု ပေးရမည် ဖြစ်သည်။

## အမှတ် (၁၃/၂၆၉)

ခင်ဗျားတို့ အခု ဒီဘဝ နိဗ္ဗာန်သွားချင်တယ်ဆိုရင်ဖြင့် အခု လုပ်ပါ။ (ပ) အခုလုပ် အခုရတယ်ဆိုတာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောရှာသားဘဲ။ အကာလိကော-လို့ မလာဘူးလား။ (အမှတ်စဉ်-၄၄၊ နှာ ၁၃၄)

အကာလိကောအရ ဝိသုဒ္ဓိမဂ်၌ မဂ်လေးပါးကိုသာ ပြထားသောကြောင့် မိုးကုတ်ဆရာတော်ကြီးက အခုလုပ်အခုရတယ်ဟု ဟောခြင်းသည် မှားပါကြောင်း စောဒက ဆရာတော်ကတင်ပြသည်။

မိုးကုတ်ဆရာတော်ကြီးဟောကြားသည့် "ဒီဘဝ နိဗ္ဗာန်သွားချင်တယ်ဆိုရင်ဖြင့် အခုလုပ်ပါ" ဟူသော စကားသည် ဝိပဿနာရှုမှုကြောင့် တဒင်္ဂ တစ်ခဏ ကိလေသာချုပ်ငြိမ်းနေသည့် တဒင်္ဂနိရောဓ (တဒင်္ဂနိဗ္ဗာန်)ကို ဆိုလိုကြောင်း သိရပေသည်။

အမှတ် (၉/၂)၊ အမှတ် (၁၃/၂၆၂) စောဒနာစိစစ်ချက်တို့၌ စိစစ်ပြဆိုပြီးသည့်အတိုင်းပရိယတ္တိတွင် ပါဝင်သော ဝိပဿနာဉာဏ်သည် ရှုနေဆဲခဏ၌ ကိလေသာ နီဝရဏတို့ကို တကယ်ပင် ချုပ်ငြိမ်းစေသောကြောင့် ချက်ချင်းလက်ငင်း အကျိုးပေးတတ်သည့် အကာလိကဂုဏ်နှင့် ပြည့်စုံကြောင်း သိနိုင်ပေသည်။

သို့ဖြစ်၍ ဆရာတော်ကြီး၏ ဟောကြားချက်သည် မှားသည်ဟု မဆိုသာပေ။ သို့သော် စကားမပြည့်စုံသဖြင့် အငြင်းပွားဖွယ် သံသယပွားဖွယ် ဖြစ်နေပေသည်။

ထို့ကြောင့် အထက်ပါဆရာတော်ကြီး၏ ဟောတရားကို "ခင်ဗျားတို့ အခု ဒီဘဝ နိဗ္ဗာန်သွားချင်တယ်ဆိုရင် အခုလုပ်ပါ။ ဘုရားက အကာလိကောလို့

ဟောထားတယ်။ ခင်ဗျားတို့ အခု ဝိပဿနာရှုရင် ဝိပဿနာဉာဏ် ဖြစ်ပေါ် လာသည်နှင့် တပြိုင်နက် ကိလေသာတွေ တဒင်္ဂချုပ်မယ်။ တဒင်္ဂနိဗ္ဗာန်ကို ရတယ်လို့ ဆိုနိုင်တယ်။ ဝိပဿနာမဂ်ရှိန်ကောင်းလာရင် ရင့်ကျက်လာရင် လောကုတ္တရာမဂ်ပေါ်လာပြီး အရိယာဖိုလ်ကို ချက်ချင်းရစေလိမ့်မယ်။ လောကုတ္တရာမဂ်ပေါ်တာနဲ့ တပြိုင်နက် နိဗ္ဗာန်အစစ်ကိုလဲ ရမှာ သေချာတယ်" ဟု ပြင်ဆင်ပေးရန်ဖြစ်သည်။

## အမှတ် (၁၃/၂၇၀)

ပုထုဇဉ်သိကြားက ဒီနေရာတွင် စုတိ စိတ်ကျပြီးသကာလ ဒီနေရာမှာ သောတာပန်သိကြား ဖြစ်သွားတယ် ဆိုတာ ဘုရားနဲ့သိကြားသာ သိတယ် ဆိုတာ သုတ်မဟာဝါပါဠိတော်မှာ လာပါတယ်။ (အမှတ်-၄၄၊ နှာ-၁၉၀)

ဤ ဟောတရား၌ ဘုရားနဲ့သိကြားသာ သိတယ်ဆိုတာ သုတ်မဟာဝါ ပါဠိတော်မှာ လာပါတယ်-ဟု ဟောခြင်းသည် မှားပါသည်ဟု စောဒကဆရာတော်က ဏင်ပြသည်။

ဤ အကြောင်းအရာကို သုတ်မဟာဝါအဋ္ဌကထာ သက္ကပဉှသုတ် အဖွင့်၌ အောက်ပါအတိုင်း မှတ်တမ်းတင်ထားပေသည်။

သက္ကော ပန သောတာပန္နော ဇာတော။ သောတာပန္နော စ ဟုတွာ ဘဂဝတော ပုရတောယေဝ စဝိတွာ တရုဏသက္ကော ဟုတွာ နိဗ္ဗတ္တိ။ ဒေဝတာနဉ္စ စဝမာနာနံ အတ္တဘာဝဿ ဂတာဂတဋ္ဌာနံ နာမ န ပညာယတိ၊ ဒီပသိခါဂမနံ ဝိယ ဟောတိ၊ တသ္မာ သေသဒေဝတာ န ဇာနိံသု။ သက္ကော ပန သယံ စုတတ္တာ, ဘဂဝါ စ အပ္ပဋိဟတဉာဏတ္တာ ဒွေဝ ဇနာ ဇာနိံသု။ (ဒီ၊ ဋ္ဌ၊ ၂။ ၃၂၄)

ဤ အဋ္ဌကထာစကားကိုထောက်လျှင် သိကြားမင်းသည် ပုထုဇဉ် အဖြစ်ဖြင့် စုမတေသည်မဟုတ်။ သက္ကပဉှသုတ်အဆုံး၌ သောတာပန်တည်ပြီး ထိုသောတာပန်အဖြစ်ဖြင့်ပင် ဘုရားရှေ့တော်မှောက်၌ စုတေပြီး သောတာပန် သိကြားအဖြစ်ဖြင့် ထပ်ဖြစ်သည်။ ထိုအကြောင်းကို ဘုရားနှင့် သိကြားသာ သိကြကြောင်း သိမှတ်ရပေသည်။

ထို့ကြောင့် ဆရာတော်ကြီး၏ ဟောကြားချက်အချို့သည် မှားယွင်းနေပေသည်။

သို့ဖြစ်၍ ဆရာတော်ကြီး၏ဟောတရားကို"ပုထုဇဉ်သိကြားက သက္ကပဉှသုတ်တရားတော်ကို နာပြီး သောတာပန် ဖြစ်သွားတယ်။ သောတာပန် ဖြစ်ပြီး ဘုရားရှေ့မှာဘဲ စုတေပြီး သောတာပန်သိကြားပြန်ဖြစ်တယ်ဆိုတာ ဘုရားနဲ့သိကြားသာ သိတယ်ဆိုတာ သုတ်မဟာဝါ အဋ္ဌ-ကထာမှာ လာပါတယ်" ဟု ပြင်ပေးရမည်ဖြစ်သည်။

အသံသွင်းတိပ်ခွေ၌ကား "ပုထုဇဉ်သိကြားက" ဟူသော အစဆုံးစကားနှင့် သုတ်မဟာဝါပါဠိတော်မှာ" ဟူသော စကားရပ်တို့ကို ပယ်ဖျက်ပေးရမည်ဖြစ်သည်။

**အမှတ် (၁၃/၂၇၁)**

မစ္ဆရိယဆိုတဲ့ လောဘဇောကကော ခုနစ်ကြိမ်ပါ။

(အမှတ်စဉ်-၄၄၊ နှာ-၂၆၅)

မစ္ဆရိယဆိုတာ လောဘ။ (အမှတ်စဉ်-၄၄၊ နှာ-၂၆၅)

မစ္ဆရိယဆိုတာ လောဘ-ဟု ဆိုခြင်းသည် မှားပါကြောင်းစောဒကဆရာတော်က တင်ပြပေသည်။

စုဒိတကဆရာတော်တို့က-

နိန္ဒာယ နပ္ပဝေဓေယျ၊ န ဥန္နမေယျ ပသံသိတော ဘိက္ခု။

လောဘံ သဟ မစ္ဆရိယေန၊ ကောဓံ ပေသုဏိယဉ္စ ပနုဒေယျ-

ဟူသော မဟာနိဒ္ဒေသလာ ဂါထာ၌ (လောဘံ သဟ မစ္ဆရိယေန) လောဘသည် မစ္ဆရိယနှင့် တကွဖြစ်ကြောင်း ပြဆိုထားသောကြောင့် မစ္ဆရိယကို လောဘဟု ဟောနိုင်ကြောင်း တင်ပြကြသည်။

လောဘံ သဟ မစ္ဆရိယေနကို စုဒိတကဆရာတော်တို့ အဓိပ္ပာယ်အယူအဆလွဲနေပေသည်။ လောဘံ သဟ မစ္ဆရိယေနဟူသော ပါဠိတော်က " မစ္ဆရိယနှင့် တကွဖြစ်သော လောဘ" ဟု ဆိုလိုသည် မဟုတ်ပေ။

သမ္မဇ္ဇနိ ပဒီပေါ စ၊ ဥဒကံ အာသနေန စ ဟူသော ဘိက္ခုပါတိမောက်နိဒါန်းပါဠိ၊ ဒါနံ သီလဉ္စ နေက္ခမ္မံ၊ ပညာ ဝီရိယေန ပဉ္စမံ ဟူသော ဗုဒ္ဓဝံသပါဠိတော်တို့ကဲ့သို့ လောဘကတစ်ပါး, မစ္ဆရိယကတစ်ပါး မှတ်သားရမည့် အရာသာဖြစ်သည်။ မစ္ဆရိယနှင့် အတူတကွယှဉ်သော လောဘဟု ဆိုလိုသည် မဟုတ်ပေ။

လောဘော အဋ္ဌသု လောဘသဟဂတစိတ္တေသ္ဝေ လဗ္ဘတိ၊ ဒေါသော ဒွိသု ပဋိဃသမ္ပယုတ္တစိတ္တေသု၊ မစ္ဆရိယံ ကုက္ကုစ္စဉ္စာတိ ဒွိသု ပဋိဃသမ္ပယုတ္တစိတ္တေသု၊ ဟူသော

အဘိဓမ္မတ္ထသင်္ဂဟပါဠိ (စေတသိက်ပိုင်း) အရ လောဘသည် လောဘမူစိတ်နှင့်သာ ယှဉ်၍ ဒေါသမူစိတ်နှင့် မယှဉ်နိုင်သလို၊ မစ္ဆရိယသည်လည်း ဒေါသမူစိတ်နှင့်သာ ယှဉ်၍ လောဘမူစိတ်နှင့် မယှဉ်နိုင်ပေ။ လောဘသည် တွယ်တာ တပ်မက်ခြင်း သဘောရှိ၍ မစ္ဆရိယသည် ဒေါသမူအုပ်စု၌ ဖြစ်ရကား မုန်းတီးခြင်းသဘော ရှိသောကြောင့် အတူမယှဉ်နိုင်ပေ။ လောဘနှင့် လောဘမူစိတ်တွင် အတူယှဉ်သော ဒိဋ္ဌိ, မာနတို့ကိုပင် လောဘဟု မဆိုရ၊ ကိုယ်ပိုင်လက္ခဏာရှိသောကြောင့် လောဘသည် လောဘသာဖြစ်၍ ဒိဋ္ဌိသည် ဒိဋ္ဌိ, မာနသည် မာနသာ ဖြစ်ပေသည်။

ထို့ကြောင့် ဆရာတော်ကြီး၏ အထက်ပါ ဟောတရားကို ဟောစဉ်စာအုပ်များ, အသံသွင်းတိပ်ခွေများမှ ပယ်ဖျက်ပေးရမည်ဖြစ်သည်။

**အမှတ် (၁၃/၂၇၂)**

ဝိပဿနာအလုပ် လုပ်လိုက်တဲ့အခါကျပြန်တော့လဲ အပါယ်လေးပါးတံခါးပိတ်သွားတယ်ဆိုတဲ့ဥစ္စာ သေသေချာချာ မှတ်ပါ။

(အမှတ်စဉ်-၄၄၊ နှာ-၂၈၅)

ဤ ဟောတရား၌ ဝိပဿနာအလုပ် အားထုတ်လျှင် အပါယ်လေးပါးတံခါးပိတ်မှာ သေချာတယ်ဟု ဟောခြင်းသည် မပြည့်စုံသော ဟောကြားချက်ဖြစ်၍ မှားပါသည်ဟု စောဒကဆရာတော်က တင်ပြသည်။

ဝိပဿနာဉာဏ်ကို အကျဉ်းအားဖြင့်ခွဲလျှင် ဒုဗ္ဗလဝိပဿနာ, ဗလဝ-ဝိပဿနာဟု နှစ်မျိုးရှိသည်။ အားနည်းသော ဒုဗ္ဗလဝိပဿနာကို မဆိုထားဘိ (သိခါပ္ပတ္တအဖြစ်သို့ မရောက်သေးသော) ဗလဝဝိပဿနာသည်ပင် တဒင်္ဂပဟာန်ဖြစ်သောကြောင့် ဒိဋ္ဌိ, ဝိစိကိစ္ဆာတို့ကို အရှင်းပြတ် မပယ်သတ်နိုင်ပေ။ လျှပ်စီးရောင်သည် ခဏတ္တခဏသာ အရောင်အလင်းအဖြစ်တည်ပြီး လျှပ်စီးရောင်ပျောက်သွားသည်နှင့် တပြိုင်နက် အမှောင်ပြန်ရောက်လာသကဲ့သို့ ဝိပဿနာဉာဏ်သည် ဝိပဿနာဉာဏ်ဖြစ်ခိုက်၌သာ ဒိဋ္ဌိစသော ကိလေသာတို့ကို ငြိမ်ဝပ်စေပြီး ဝိပဿနာဉာဏ်ပြတ်သွားသည့်အခါ ဒိဋ္ဌိစသော ကိလေသာတို့ ပြန်လည်ဖြစ်ပေါ်တတ်ပေသည်။

အနည်းငယ်သော ကျောက်ခဲ, ကျောက်စရစ်ခဲသည် ရေပေါ်၌ ပေါ်ရိုးထုံးစံမရှိ၊ ရေထဲသို့ နစ်မြုပ်သကဲ့သို့ ဒိဋ္ဌိသည်လည်း အပါယ်သို့ ဆွဲမြုပ်တတ်သော

ကြောင့် ဒုဗ္ဗလဝိပဿနာနှင့် သိခါပ္ပတ္တမဟုတ်သေးသော ဗလဝဝိပဿနာတို့သည် အပါယ်လေးပါးတံခါးကို မပိတ်စေနိုင်ပေ။

ယထာ ဟိ မဂ္ဂမာသပမာဏာပိ ပါသာဏသက္ခရာ ဥဒကေ ပက္ခိတ္တာ ဥပ္ပိလဝမာနာ နာမ နတ္ထိ။ ဧကန္တ ဟေဋ္ဌာဝ ပဝိသတိ။ ဧဝမေဝံ အန္တမသော သက္ကာယဒိဋ္ဌိပိ သဂ္ဂ ဥပနေတုံ သမတ္ထာ နာမ နတ္ထိ၊ ဧကန္တ အပါယေသုယေဝ နိမုဇ္ဇာပေတိ။ (အံ၊ ဋ္ဌ၊ ၁။ ၃၆၉)

လောကုတ္တရာမဂ်သည်သာ-

"ယံ စတုန္န အရိယမဂ္ဂါနံ ဘာဝိတတ္တာ တံ တံ မဂ္ဂဝတော အတ္တနော အတ္တနော သန္တာနေ 'ဒိဋ္ဌိဂတာနံ ပဟာနာယာ' တိ အာဒိနာ နယေန ဝုတ္တဿ သမုဒယပက္ခိကဿ ကိလေသဂဏဿ အစ္စန္တံ အပ္ပဝတ္တိဘာဝေန ပဟာနံ၊ ဣဒံ သမုစ္ဆေဒပဟာနံ နာမ-"

(အဘိ၊ ဋ္ဌ၊ ၁။ ၃၈၆/၃၈၇)

ဟူသော အဋ္ဌသာလိနီအဋ္ဌကထာနှင့်အညီ ဝရဇိန်မိုးကြိုးစက်သည် အမြစ်နှင့်တကွ သစ်ပင်ကို ပယ်သတ်နိုင်သကဲ့သို့ ဆိုင်ရာဆိုင်ရာ ကိလေသာတို့ကို အရှင်းအပြတ် ပယ်သတ်နိုင်သော သမုစ္ဆေဒပဟာန်ဖြစ်ပေသည်။

မဂ်သည် ကိလေသာကို အရှင်းအပြတ်ပယ်သတ်နိုင်သောကြောင့် ဒိဋ္ဌိစသော ကိလေသာများ မဖြစ်ပေါ်တော့ရကား အပါယ်လေးပါးကို ပိတ်စေပေသည်။ ထို့ကြောင့် မဂ်နှင့် ဆက်စပ်အောင် ပွားများအပ်သော သိခါပ္ပတ္တဖြစ်သော ဗလဝဝိပဿနာသည်သာ အပါယ်လေးပါးကို ပိတ်စေပေသည်။

သို့ဖြစ်၍ အထက်ပါ မိုးကုတ်ဆရာတော်ကြီး၏ ဟောတရားကို "ဝိပဿနာအလုပ် အားထုတ်တဲ့အခါ မဂ်နဲ့စပ်သွားအောင် အားထုတ်နိုင်လို့ ဗလဝဝိပဿနာဖြစ်ရင် မဂ်ရမှာမို့ အပါယ်လေးပါး တံခါးပိတ်တယ်လို့ ပြောနိုင်တယ်။ ဒီဘဝ မဂ်ရအောင် အားမထုတ်နိုင်လို့ ဒုဗ္ဗလဝိပဿနာ၊ သိခါပ္ပတ္တမဟုတ်တဲ့ ဝိပဿနာ လောက်သာဖြစ်ရင် ဒိဋ္ဌိစတဲ့ ကိလေသာတွေက ပြန်ပေါ်လာနိုင်လို့ အပါယ်လေးပါး တံခါးပိတ်ပြီလို့ မဆိုနိုင်သေးဘူး" ဟု ပြည့်စုံအောင် ပြင်ဆင်ဖြည့်စွက်ပေးရမည်ဖြစ်သည်။

**အမှတ် (၁၃/၂၇၃)**

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မင်းတို့ကွာတဲ့ ဒီဒုလ္လဘတရားငါးပါးဟာ မင်းတို့ နောက်ဆုံးပိတ် ဘ၀လို့ မှတ်ပါလို့ အင်္ဂုတ္တိုရ်ပါဠိတော်မှာ လာတယ်။ (အမှတ်စဉ်-၄၄၊ နှာ-၃၂၄)

ဤ ဟောကြားချက်၌ "ဒီဒုလ္လဘတရားငါးပါးဟာ မင်းတို့ နောက်ဆုံးပိတ် ဘ၀လို့ မှတ်ပါ" ဟု ဟောခြင်းသည် မှားပါသည်ဟု စောဒကဆရာတော်က တင်ပြသည်။

အင်္ဂုတ္တိုရ်ပါဠိတော် ပဥ္စကနိပါတ်၊ သာရန္ဒဒသုတ် (အံ၊ ၂။ ၁၄၉)ပိဏ္ဍိယာနိ သုတ် (အံ၊ ၂။ ၂၀၉)တို့၌

"ပဥ္စန္နံ လိစ္ဆဝီ ရတနာနံ ပါတုဘာဝေါ ဒုလ္လဘော လောကသ္မိံ" စသည်ဖြင့်-

၁။ ဘုရားပွင့်ရန် ခဲယဉ်းကြောင်း၊

၂။ တရားတော်ကို ဟောပြနိုင်သူ ရခဲကြောင်း၊

၃။ တရားတော်ကို သိရှိနားလည်သူဖြစ်ဖို့ ခဲယဉ်းကြောင်း၊

၄။ တရားတော်အတိုင်း ကျင့်ကြံအားထုတ်သူဖြစ်ရန် ခဲယဉ်းကြောင်း၊

၅။ ကျေးဇူးသိတတ်သူကို ရခဲကြောင်း-

ဟောတော်မူခဲ့သည်။ "ဤဒုလ္လဘတရားငါးပါးသည် သင်တို့၏ နောက်ဆုံးပိတ် ဘ၀" ဟု ဟောကြားထားခြင်း မပါရှိပေ။

ဤ ဒုလ္လဘတရားငါးပါးနှင့် ပြည့်စုံပါသော်လည်း ပါရမီမပြည့် ပါရမီမရင့် ကျက်သေးပါလျှင် မဂ်ဖိုလ်ရရန် မဖြစ်နိုင်ပေ။ ရဟန္တာဖြစ်ရန်လည်း မလွယ်ကူပေ။

ထို့ကြောင့် အထက်ပါ ဆရာတော်ကြီး၏ ဟောကြားချက်၌ "မင်းတို့ နောက်ဆုံးပိတ်ဘ၀" ဟူသော စကားရပ်ကို ပယ်ဖျက်၍ "ဘုရားသခင်ကိုယ်တော် မြတ်ကြီးက ဒီဒုလ္လဘတရားငါးပါးဆိုတာ မင်းတို့အတွက် မဂ်ဖိုလ်ရရေးမှာ အလွန် အရေးကြီးတဲ့ ရတနာတွေလို့ မှတ်ပါလို့ အင်္ဂုတ္တိုရ်ပါဠိတော်မှာ လာတယ်" ဟု ပြင်ဆင်ပေးရမည်ဖြစ်သည်။

တရားတိပ်ခွေ၌ အထက်ပါ ဟောစကားအားလုံးကို ပယ်ဖျက်ပေးရမည်ဖြစ် သည်။

## အမှတ် (၁၃/၂၇၄)

ဟိုဘဝ ရောက်ရပါလို၏။ ဒီဘဝ ရောက်ရပါလို၏ဆိုတော့ ဩော်---ရောက်ရပါလို၏ဆိုတဲ့ တဏှာက ကာမောဃ။

(အမှတ်စဉ်-၄၅၊ နှာ-၁၄/၁၅)

ဟိုဘဝ ဒီဘဝရောက်လိုသော တဏှာသည် ကာမောဃဟု ဟောခြင်းသည် မှားသည်၊ ရူပပြဟ္မာဘဝ, အရူပပြဟ္မာဘဝကို ရလို ရောက်လိုသော တဏှာသည် ကာမောဃမဟုတ်ပါဟု စောဒကဆရာတော်က တင်ပြသည်။

ကာမောဃဟူသည် အာရုံငါးပါး ကာမဂုဏ်တရားတို့ကို လိုလားတောင့်တသော တဏှာလောဘတည်း။ ပြဟ္မာဘဝကို လိုလားတောင့်တသော တဏှာလောဘသည် ကာမောဃမဟုတ်၊ ဘဝေါဃသာဖြစ်သည်။

ထို့ကြောင့် သံယုတ် အဋ္ဌကထာ၌-

"ပဉ္စသု ကာမဂုဏေသု ဆန္ဒရာဂေါ ကာမောဃော နာမ၊ ရူပါရူပဘဝေသု ဆန္ဒရာဂေါ ဈာနနိကန္တိ စ ဘဝေါဃော နာမ-" (သံ၊ ဋ္ဌ၊ ၁။ ၁၆)

ဟု ဖွင့်ဆိုပေသည်။

ထို့ကြောင့် ဆရာတော်ကြီး၏ အထက်ပါ ဟောတရားကို "ဟိုဘဝ ရောက်ရပါလို၏၊ ဒီဘဝရောက်ရပါလို၏ဆိုတော့ ဩော်---ရောက်ရပါလို၏ဆိုတဲ့ တဏှာက ကာမောဃနဲ့ ဘဝေါဃ" ဟု ဘဝေါဃကို ဖြည့်စွက်ပေးရမည်ဖြစ်သည်။

## အမှတ် (၁၃/၂၇၅)

ရောက်ရာဘဝ ဒုက္ခသစ္စာလို့ မသိတာက ဘဝေါဃလို့ ခေါ်တယ်။

(အမှတ်စဉ်-၄၅၊ နှာ-၁၅)

ဒုက္ခသစ္စာကို မသိခြင်းသည် ဘဝေါဃဟု ဟောခြင်းသည် မှားသည်ဟု စောဒကဆရာတော်က တင်ပြသည်။

"ရူပါရူပဘဝေသု ဆန္ဒရာဂေါ ဈာနနိကန္တိ စ ဘဝေါဃော နာမ" (သံ၊ ဋ္ဌ၊ ၁။ ၁၆) ဟူသည်နှင့်အညီ ရူပပြဟ္မာဘဝ, အရူပပြဟ္မာဘဝနှင့် ဈာန်တို့ကို နှစ်သက်တောင့်တသော တဏှာသည် ဘဝေါဃမည်၏။

"စတူသု သစ္စေသု အညာဏံ အဝိဇ္ဇောဃော နာမ" (သံ၊ ဋ္ဌ၊ ၁။ ၁၆)

ဟူသည်နှင့်အညီ သစ္စာကို မသိခြင်းသည် အဝိဇ္ဇောဃမည်၏။ ဘဝေါဃမဟုတ်။

ထို့ကြောင့် အထက်ပါ ဟောတရားကို "ရောက်ရာဘဝ ဒုက္ခသစ္စာကို မသိတာက အဝိဇ္ဇောဃလို့ ခေါ်တယ်" ဟု ပြင်ဆင်ပေးရမည်ဖြစ်သည်။

အသံသွင်းတိပ်ခွေ၌ကား ယင်းဟောတရားကို ပယ်ဖျက်ပေးရမည်ဖြစ်သည်။

## အမှတ် (၁၃/၂၇၆)

အာသဝေါတရားကုန်မှ နိဗ္ဗာန်ရောက်မယ်၊ မဟောသင့်ဘူးလား (ဟောသင့်ပါတယ်)။ (အမှတ်စဉ်-၄၅၊ နှာ-၁၆)

အာသဝေါတရား အားလုံးကုန်သော ရဟန္တာများသာ နိဗ္ဗာန်ရောက်ကြသည် မဟုတ်ပါ။ ကျန်အရိယာပုဂ္ဂိုလ်များလည်း နိဗ္ဗာန်ကို ရောက်ကြသောကြောင့် အထက်ပါ ဟောတရားသည် အစွန်းမလွတ်၍ မှားပါသည်ဟု စောဒကဆရာတော်က တင်ပြသည်။

စုဒိတကဆရာတော်များက သောတာပန်, သကဒါဂါမ်, အနာဂါမ်အရိယာများသည် နိဗ္ဗာန်ကို မြင်ပြီးဖြစ်ကြပါသည်။ နိဗ္ဗာန်ကို ရပြီးဖြစ်ကြပါသည်။ သို့သော် နိဗ္ဗာန်ကို ရောက်ပြီးဟုကား မဆိုနိုင်သေးပါ။

(ပ) အာသဝါနံ ခယာ အနာသဝံ စေတောဝိမုတ္တိံ ပညာဝိမုတ္တိံ ဒိဋ္ဌေဝ ဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရတိ-

ဟူသော အနိစ္စာနုပဿီသုတ် ပါဠိတော်ကိုထောက်၍လည်း အာသဝေါ မကုန်သမျှ နိဗ္ဗာန်ကို မရောက်သေးပါ၊ အာသဝေါကုန်မှသာ နိဗ္ဗာန်သို့ ရောက်မည်ဖြစ်ပါသည်ဟု ချေပကြလေသည်။

အရိယာပုဂ္ဂိုလ်တို့ နိဗ္ဗာန်ကိုမြင်ရာ သစ္စာကို မြင်ကြရာတွင် အတူတူသာဖြစ်ကြောင်း၊ အထက်မဂ် အထက်ဖိုလ်ကိုရကြသည့် အရိယာများက အောက်မဂ် အောက်ဖိုလ်ကို ရကြသည့် အရိယာများထက် နိဗ္ဗာန်ကို ပို၍မြင်သည်ဟု မဆိုနိုင်ကြောင်းအမှတ် (၁၃/၁၉၁)စောဒနာစိစစ်ချက်၌ စိစစ်ပြဆိုပြီးဖြစ်ပေသည်။ ထို့ကြောင့်စုဒိတကဆရာတော်တို့တင်ပြသည့်အတိုင်း ရဟန္တာဖြစ်မှ (ဝါ) အာသဝေါတရားအားလုံးကုန်မှ နိဗ္ဗာန်သို့ရောက်သည်ဟု မမှတ်အပ် ပေ။

သော အာသဝါနံ ခယာ အနာသဝံ စေတောဝိမုတ္တိံ ဒိဋ္ဌေဝ ဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရတိ-

ဟူသော ပါဠိတော်သည် ရဟန္တာ ဖြစ်ပုံကို သရုပ်ဖော်ပြသည့် ပါဠိတော်သာဖြစ်သည်။ အာသဝေါတရား အားလုံးကုန်မှ နိဗ္ဗာန်ရောက်သည်ဟု ပြဆိုသော ပါဠိ မဟုတ်ပေ။

နိဗ္ဗာန်သည် တစ်မျိုးတည်းသာရှိသည်။ ဘေဒါဘာဝေန နိဗ္ဗာနံ ခန္ဓသင်္ဂဟနိ-ဿင္ဒံ- ဟူသော အဘိဓမ္မတ္ထ သင်္ဂဟနှင့်အညီ အဖွဲ့တ္တ,ဗဟိဒ္ဓ၊ ဟီန,ပဏီတ၊ ဒူရေ,သန္တိက-စသည် အကွဲအပြား မရှိပေ။ စုဒိတကဆရာတော်တို့ တင်ပြသည့် အတိုင်း ယူဆလျှင် သောတာပန်ပုဂ္ဂိုလ်မြင်သော နိဗ္ဗာန်က ဟီန၊ သကဒါဂါမ် ပုဂ္ဂိုလ် မြင်သော နိဗ္ဗာန်ကပဏီတ၊အောက်အောက် အရိယာ ပုဂ္ဂိုလ်တို့မြင်သော နိဗ္ဗာန်က ဟီန၊ အထက်ထက် အရိယာပုဂ္ဂိုလ်တို့ မြင်သော နိဗ္ဗာန်ကပဏီတ-ဟု ဆိုရာရောက်ပေသည်။

သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိကိုပယ်သတ်နိုင်၍ ဒိဋ္ဌာသဝကုန်သောအခါ နိဗ္ဗာန်ကို မြင်ရရောက်ရတော့သည်။ နိဗ္ဗာန်ကိုမြင်ခြင်း မျက်မှောက်ပြုခြင်းနှင့် နိဗ္ဗာန်ကို ရခြင်း ရောက်ခြင်းသည် အတူတူသာဖြစ်၍ သောတာပန်, သတဒါဂါမ်, အနာဂါမ် တို့သည် နိဗ္ဗာန်ကို မြင်ရုံမျှသာမြင်၍ နိဗ္ဗာန်သို့ မရောက်သေးပါဟု မဆိုသင့်ပေ။

စုဒိတကဆရာတော်တို့၏ အကြောင်းပြချက်သည် မခိုင်မာသော်လည်း မိုးကုတ်ဆရာတော်ကြီး၏"အာသဝေါတရားကုန်မှ နိဗ္ဗာန်ရောက်မယ်" ဟူသော ဟောပြောချက်သည်ကား မှားသည်ဟု မဆိုနိုင်ပေ။ သူ့အဆင့်အလိုက် အာသဝေါ တရားကုန်လျှင် ထိုနှင့်ထိုက်တန်သော နိဗ္ဗာန်ကို မြင်ကြရ ရောက်ကြရသည်သာ ဖြစ်သည်။

ထို့ကြောင့် ဆရာတော်ကြီး၏ အထက်ပါ ဟောကြားချက်ကို အမှန်ဟုပင် မှတ်ရမည်ဖြစ်သည်။

## အမှတ် (၁၃/၂၇၇)

အာသဝသိရမယ်ဆိုတာ သူတို့ သုံးခုဘဲ။ (ပ) ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ၊ ဘယ်နှစ်မျိုးရှိတုန်း (သုံးခု ရှိပါတယ်ဘုရား)။ (အမှတ်စဉ်- ၄၅၊ နှာ- ၆၅)

ဤ ဟောတရား၌ မိုးကုတ်ဆရာတော်ကြီး မူတည်ဟောလိုရင်းဖြစ်သော အင်္ဂုတ္တိုရ်ပါဠိတော်ဆက္ကနိပါတ် နိဗ္ဗေဓိကသုတ်၌ပါရှိသော အာသဝ ရေတွက်ပုံ နှင့်ကွဲလွဲနေသောကြောင့် မှားပါကြောင်း စောဒက ဆရာတော်က တင်ပြ ပေသည်။

အင်္ဂုတ္တိုရ်ပါဠိတော် ဆက္ကနိပါတ်၊ နိဗ္ဗေဓိကသုတ်၌
“တယော မေ ဘိက္ခဝေ အာသဝါ ကာမာသဝေါ ဘဝါသဝေါ အဝိဇ္ဇာသဝေါ”
(အံ၊ ၂။ ၃၆၂)

ဟု ဟောသောကြောင့် အထက်ပါ ဆရာတော်ကြီး ဟောတရားတွင် ဒိဋ္ဌာသဝကို ဖြုတ်၍ ထိုအစား အဝိဇ္ဇာသဝ-ဟု ပြင်ဆင်ပေးရန်ဖြစ်သည်။

**အမှတ်(၁၃/၂၇၈)**

ဗြဟ္မာဖြစ်ချင်တော့ ဗြဟ္မာ့ပြည်မှ ပို့တတ်တဲ့ ကာမာသဝ၊ ဗြဟ္မာ့ပြည်မှ ပို့တတ်တဲ့ ဘဝါသဝ။ (အမှတ်စဉ်-၄၅၊ နှာ-၈၇ )

ဗြဟ္မာ့ပြည်မှပို့တတ်တဲ့ကာမာသဝ-ဟူသောစကား မှားသည်ဟု စောဒက ဆရာတော်က တင်ပြထားရာ-

“ရူပါရူပဘဝေသု ဆန္ဒရာဂေါစျာနနိကန္တိ သဿတ ဒိဋ္ဌိသဟဂတော ရာဂေါ ဘဝဝသေန ပတ္ထနာ ဘဝါ-သဝေါ နာမ” (အဘိ၊ ဋ၊ ၁။)

ဟုဆိုသောကြောင့် ဗြဟ္မာ့ပြည်သို့ ပို့တတ်သော တရားမှာ ဘဝါသဝသာ ဖြစ်သည်။ကာမာသဝမဟုတ်။ထို့ကြောင့်ဒုတိယအပိုဒ်တွင် မိုးကုတ်ဆရာတော်ကြီး ပြင်ဟောသည့် အနေဖြင့် ‘ဗြဟ္မာ့ ပြည်မှ ပို့တတ်တဲ့ ဘဝါသဝ’ ဟု အမှန်အတိုင်း ဟောထားသည်ကို တွေ့ရပေသည်။

ဤတွင် ဗြဟ္မာ့ပြည်မှ-ဟု ‘မှ’ ဟူသော အသုံးသည်လည်း မှားယွင်းနေပေရာ ‘မှ’ ကို ဖြုတ်ပြီး အထက်ပါ ဟောတရားကို “ဗြဟ္မာဖြစ်ချင်တော့ ဗြဟ္မာ့ပြည်သို့ ပို့တတ်တဲ့ ဘဝါသဝ” ဟု ပြင်ဆင်ပေးရမည်။

--------------

# နိဂုံး

ဤမျှဖြင့် စောဒကဆရာတော် ဦးဝိသုဒ္ဓက အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီးဦးဝိမလ၏ ဟောတရားများ (ဟောစဉ်စာအုပ်များ)တွင် ထေရဝါဒ ပိဋကတ်တော်နှင့် မညီညွတ်ဟု ထင်မြင်ယူဆသောအချက်တို့ကို ဓမ္မ အဓမ္မ စိစစ် ဆုံးဖြတ်ပေးရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ တင်သွင်းလာသော စောဒနာတို့ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တာဝန်ပေးအပ်ချက်အရ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁၂)က စိစစ်သုံးသပ် ဆုံးဖြတ်ပြီးဖြစ်ပေသည်။

သုံးရာနီးပါးသော စောဒနာများအနက် ခက်ခဲနက်နဲသော အချက်များ များစွာပါရှိရာ ယင်းအချက်တို့ကို ယထာဘူတ အမှန်ကျအောင် အချိန်များစွာ ယူလျက်ပါဠိတော်, အဋ္ဌကထာ, ဋီကာများနှင့် လည်းကောင်း အခြားသော ဂန္ထန္တရကျမ်း များစွာတို့နှင့်လည်းကောင်း တိုက်ဆိုင်ကာ သတိ, သမာဓိ, ပညာ များစွာအသုံးပြုပြီး အပင်ပန်းခံကာ စိစစ်ခဲ့ကြရပေသည်။

ဤ စိစစ်သုံးသပ်ချက် ဆုံးဖြတ်ချက်များသည် ဝိစာရဏာဉာဏ်အားကောင်း ကြလျက် ပရိယတ္တိဗဟုသုတ ပဋိပတ္တိဗဟုသုတရှိကြသည့် ပညာရှိ သူတော်ကောင်းတို့၏စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက်စေနိုင်လိမ့်မည်ဟုယုံကြည် ကြပေသည်။

ဝိနည်းဓိုရ်ဆရာတော်တို့သည် စောဒကဆရာတော်တင်ပြသည့် အချက်တို့ကို သက်ဆိုင်ရာ ကျမ်းဂန်များနှင့်လည်းကောင်း။ မိုးကုတ်ဆရာတော်ကြီး၏ ဟောစဉ်စာအုပ်များနှင့်လည်းကောင်း တိုက်ဆိုင်စိစစ်၍ မည်သူ့မျက်နှာကိုမျှ မငဲ့မထောက် ဗုဒ္ဓသာသနာအရေးကိုသာ မျှော်ထောက်၍ အထူးအလေးထား စိစစ်ခဲ့ကြခြင်း ဖြစ်ပေသည်။

"နိဗ္ဗုတ္တိဗလာ ပဏ္ဍိတာ။ ပဋိသင်္ခါနဗလာ ဗဟုဿုတာ" ဟူသော အင်္ဂုတ္တရ ပါဠိတော် (အံ၊ ၃။ ၅၈)လာ မြတ်ဗုဒ္ဓ၏ ဒေသနာတော်နှင့်အညီ မိမိတို့၏ နိဗ္ဗုတ္တိဗလ, ပဋိသင်္ခါနဗလတို့ကို များစွာအသုံးပြုလျက် စိစစ် သုံးသပ် ဆုံးဖြတ်ခဲ့ ကြပေသည်။

## ဝမ်းမြောက်ဖွယ်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီးသည် ဝိပဿနာတရားများကို ဟောကြားရာ၌ ကြားနာရသူတို့ သဘောပေါက်အောင် ဟောပြောနိုင်စွမ်းရှိ၍ ထင်ရှားကျော်ကြားသော နိုင်ငံကျော်ဆရာတော်ကြီးဖြစ်ရာ ဆရာတော်ကြီး၏ ဟောစဉ်များတွင် 'ဆွမ်းဆန်ထဲ ကြွက်ချေးရော' ဟူသကဲ့သို့ ပညာရှိများမနှစ်မြို့စရာ မှားယွင်းချက် ချွတ်ယွင်းချက်အနည်းငယ်မျှ မပါရှိရန် လိုအပ်ပေသည်။

ယခုအခါ မှားယွင်းချက် ချွတ်ယွင်းချက် လိုအပ်ချက်များကို ပြင်ဆင်ခွင့်ရကြပြီဖြစ်ရာ ဗုဒ္ဓသာသနာတော်အတွက်လည်းကောင်း၊ မိုးကုတ်ဆရာတော်ဘုရားကြီးနှင့် ဆရာတော်၏တပည့်များအတွက် လည်းကောင်း ဝမ်းမြောက်ကြရန်သာ ဖြစ်ပေသည်။

## အထူးတိုက်တွန်းချက်

ဤ မိုးကုတ်ဝိနိစ္ဆယ၌ စောဒကဆရာတော်တင်ပြသည့် အချက်အလက်တို့ကိုသာ မှန် မမှန် စိစစ်ထားပါသည်။ ထိုသို့ စိစစ်ရာတွင် ဆရာတော်ဘုရားကြီး၏ ဟောကြားချက်မှန်လျှင် မှန်သည်ဟု ဆုံးဖြတ်အတည်ပြုပြီး မှားလျှင်မှားကြောင်း စိစစ်သုံးသပ် ဆုံးဖြတ်ထားပေသည်။ မှားယွင်းသောအချက်များတွင်-

(က) လုံးဝပယ်ဖျက်ပစ်ရမည့် အမှားများ၊

(ခ) စကားပိုနေ၍ ဖြုတ်ပယ်သင့်သည့် အမှားများ၊

(ဂ) စကားလိုနေ၍ ဖြည့်စွက်သင့်သည့် အမှားများ၊

(ဃ) ပေါ်လွင်ထင်ရှား အငြင်းမပွားအောင် ပြင်ဆင်ပြောင်းလဲရမည့် အမှားများ၊

(င) ပါဠိ၊ အနက်၊ ပုဂ္ဂိုလ်၊ ဌာန၊ ကျမ်းညွှန်းစသည် မှားနေ၍ အမှန်အတိုင်းပြင်ရမည့် အမှားများ-

စသည်ဖြင့် အမျိုးမျိုးရှိနေရာ ထိုအမှားများကို မည်သို့ပြုလုပ်ရမည် ဆိုသည်တို့ကို ဝိနည်းမိုရ်ဆရာတော်များက အတိအကျ ညွှန်ကြားထားပြီးဖြစ်ပေသည်။

ထိုညွှန်ကြားချက်တို့ကို စုဒိတကဆရာတော်များနှင့် တာဝန်ရှိ မိုးကုတ်ဂိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်အနေဖြင့် တိတိကျကျလိုက်နာကြလျက် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျက်သရေကို ထိန်းသိမ်းစောင့်ရှောက်ပူဇော်ကြရန် တိုက်တွန်းပါသည်။

ထို့ပြင် စောဒကပုဂ္ဂိုလ်မတွေ့မမြင်သည့် အမှားများလည်း ရှိနိုင်ပေသေးရာ ထိုအမှားများကိုလည်း ကျွမ်းကျင်လိမ္မာသော ပညာရှင်များနှင့် စိစစ်တည်းဖြတ်ပြီးမှသာ ပုံနှိပ်ထုတ်ဝေသင့်ပေသည်။ မိုးကုတ်ဆရာတော်ကြီး၏ ဟောစဉ်တရားစာအုပ်များကို ဝိနည်းမိုရ်ဆရာတော်များ ဖတ်ရှုလေ့လာကြရာတွင် စောဒကပုဂ္ဂိုလ်မတွေ့မြင်သော အမှားအချို့ရှိနေသေးကြောင်း တွေ့ရှိရပေသည်။ထိုသို့တွေ့ရှိရသော်လည်း "အဝုတ္တံ အပကာသေန္တေန= စောဒက မတင်ပြသော အချက်အလက်တို့ကို စိစစ်သုံးသပ်မှု မပြုရ" ဟူသော အနုယောဂဝတ်ကို လိုက်နာသောအားဖြင့် ဝိနည်းမိုရ်ဆရာတော်များအနေဖြင့် လျစ်လျူရှုခဲ့ကြပါသည်။

သို့ဖြစ်၍ စုဒိတကဆရာတော်များနှင့် တာဝန်ရှိ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းပြန့်ပွားရေးအဖွဲ့ချုပ်အနေဖြင့် ထိုသို့သော အချက်အလက်တို့ကို စေ့စေ့စပ်စပ် စိစစ်ပြီး မှားယွင်းသောအချက်အလက်များရှိနေပါက ထိုအမှားများကိုလည်း ပြင်ဆင်ခြင်းဖြင့် မိုးကုတ်ဆရာတော်ဘုရားကြီးကို အကောင်းဆုံးပူဇော်ကြရန် အထူးတိုက်တွန်းပါသည်။

---------------

## ဥယျောဇနကထာ

**ဘူတံ ခမ္မံ စရန္တောဝ၊ သစ္စံ ခမ္မံ ဝိပဿတိ။**
**တသ္မာ ဘူတံဝ ဒီပေယျ၊ အဘူတံ နာသယေ ဗုဓော။**

ဘူတံ ခမ္မံ၊ ပါဠိ၊ အဋ္ဌကထာ ဋီကာကျမ်းဂန် အတန်တန်နှင့် ဝေဖန်နှိုင်းရှည့် ချိန်ထိုးကြည့်သော် ယုတ္တိသင့်တန် စစ်မှန်သောတရားကို။ စရန္တောဝ၊ သမ္မပ္ပဓာန် အခြေခံ၍ ဖန်ဖန်ကြိုးစား ပွားများအားထုတ်မှသာလျှင်။ (ဝါ) အားထုတ်သော သူသည်သာလျှင်။ သစ္စံ ခမ္မံ၊ နက်နဲခက်ခဲ သိနိုင်ခဲ၍ လွန်ကဲဖိုးတန် အမှန်ထူးခြား သစ္စာတရားကို။ ဝိပဿတိ၊ အမှန်မသွေ သိမြင်နိုင်ပါပေ၏။ တသ္မာ၊ အမှား အယွင်း ကင်းရှင်းဧကန် တရားစစ် တရားမှန်ကို ထက်သန်လုံ့လ ဝီရိယဖြင့် နေ့ညမနား ကြိုးစားမှသာ သစ္စာလေးဆိုင် သိမြင်နိုင်သည်၏အဖြစ်ကြောင့်။ ဗုဓော၊ တရားစစ်တရားမှန် ဧကန်လိုလား ပညာရှင်အမျိုးကောင်းသားသမီးသည်။ ဘူတံဝ၊ ဗုဒ္ဓအာဘော် အလိုတော်နှင့် ညီလျော်ဧကန် တရားစစ်တရားမှန်ကိုသာ လျှင်။ ဒီပေယျ၊ ကိုယ်တိုင်လည်းကျင့် စွမ်းရည်မြင့်၍ တစ်ဆင့်ဖြန့်ဝေ ထွန်းလင်း တောက်ပစေရာ၏။ အဘူတံ၊ဟုတ်မှန်သယောင်ဟန်ပန်ဆောင်၍ ယောင်ယောင် ဝါးဝါး သိမြင်မှားအောင် ညာဝါးလှည့်ပတ် လည်ဆယ်တတ်သည့် လုပ်ဇာတ်ခင်း ထား မှားယွင်းသော မသူတော်တရားကို။ နာသယေ၊ ဗုဒ္ဓဇိနော် မျက်နှာတော်ကို ထောက်မြော်လေးစားအရေးထား၍ လွင့်ပါးကွယ်ပျောက် မထွန်းတောက်အောင် အားဆောက်ကြိုးစား ပယ်ရှားသုတ်သင်ရာ၏။

**ဘူတံ ခမ္မံ ဒီပေန္တောဝ၊ သစ္စခမ္မော ဝိရောစတိ။**
**တသ္မာ ဘူတံဝ ဒီပေယျ၊ အဘူတံ နာသယေ ဗုဓော။**

ဣဓ၊ ဤလူ့ပြည်ဌာန လူ့လောက၌။ ဘူတံ ခမ္မံ၊ သဘာဝ, အာဂမ နှစ်ဌာနနှင့် ညီမျှသင့်လျော် စစ်မှန်သောတရားတော်ကို။ ဒီပေန္တောဝ၊ အညစ်အကြေးကင်း လွန်သန့်ရှင်းအောင် ထွန်းလင်းတောက်ပ တည်ထွန်းစေမှသာလျှင်။ သစ္စခမ္မော၊ ဘုရားသာသနာ ကြုံကြိုက်ပါမှ ကောင်းစွာကျန သိခွင့်ရသည့် လေးဝထင်ရှား မြင့်မြတ်သော သစ္စာတရားသည်။ ဝိရောစတိ၊ တိမ်စင်လှနှယ် သောက်ရှုးကြယ်သို့ တင့်တယ်ထွန်းပ သိမြင်ခွင့်ရပါပေ၏။ တသ္မာ၊ သူတော်ကောင်းတရား တည်ထွန်း ကားမှ လေးပါးသစ္စာ တောက်ပမှာဖြစ်လေသောကြောင့်။ ဗုဓော၊ သာသနာ ပြန့်ပွား တည်ထွန်းကားအောင် လိုလားသိမြင် ပညာရှင်သည်။ ဘူတံဝ၊ ဒုက္ခ ခပ်သိမ်း ချုပ်ငြိမ်းစေတတ် တရားကောင်း တရားမြတ်ကိုသာလျှင်။ ဒီပေယျ၊

နေလအထောင် ထွန်းလင်းပြောင်သို့ မိုက်မှောင်ပယ်လွှင့် ချီးမြှင့်စောင့်ရှောက် ရာ၏။ အဘူတ၊ သံသရာဝဲဇလုတ် မြုပ်ကြီးမြုပ်အောင် ဆွဲမြုပ်တတ်ငြား မသူတော်တရားကို။ နာသယော၊ မျက်ခြည်မပြတ် သတိချပ်၍ မရပ်မနား လုံ့လ အားဖြင့် ပယ်ရှားသုတ်သင် ခုတ်ထွင်ရှင်းလင်းသင့်ပါပေ၏။

## တွေ့ကြုံခဲလှသော သာသနာတော်

ဗုဒ္ဓမြတ်စွာသာသနာတော်သည် တွေ့ခဲကြုံခဲ ဆုံခဲလှသော သာသနာတော် ဖြစ်၏။ ဘုရားအလောင်းတော်မြတ်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း တိုင်တိုင် ပါရမီဆယ်ပါး အပြားသုံးဆယ် စွန့်ခြင်းကြီးငါးပါး စရိယသုံးပါး ဘုရား ဖြစ်ကြောင်း တရားကောင်းတို့ကို အသက်စွန့်လွှတ်လျက် စွမ်းစွမ်းတမံ ဖြည့်ကျင့်အားထုတ်မှသာ သဗ္ဗညုတဉာဏ်တော်မြတ်ကိုရပြီး တစ်လောကလုံးတွင် အမြတ် ဆုံးဖြစ်သော သဗ္ဗညုဘုရားရှင် အဖြစ်သို့ ရောက်တော်မူခဲ့သည်။

သစ္စာလေးပါး အမှန်တရားကို အမှန်အတိုင်းမသိမမြင်သောကြောင့် သံသရာ ဝဋ်ဆင်းရဲ၌ သတ္တဝါတို့ တပြောင်းပြန်ပြန် ကျင်လည်ပြေးသွား နေကြရ သည်ကို သိမြင်တော်မူသောကြောင့် သစ္စာလေးပါးကို သိမြင်အောင် အားထုတ်ပြီး ငါ သစ္စာတရားကိုသိရလျှင် လောကသားတို့ကိုလည်း သိမြင်အောင် ဟောပြော ဉာဏ်ဖွင့်ပေးမည်ဟူသော ကြွေးကြော်သံကြီးကို ကြွေးကြော်ကာ အမျိုးမျိုးသော စွန့်လွှတ်မှုတို့ကို ပြုလုပ်လျက် ဘုရားဖြစ်ကြောင်း တရားကောင်းတို့ကို ကြိုးစား အားထုတ်တော်မူခဲ့ရ၏။

သစ္စာလေးပါးကို သိမြင်၍ သဗ္ဗညုတဉာဏ်တော်မြတ်ကိုရကာ ဘုရား အဖြစ်သို့ ရောက်တော်မူသောအခါတွင်လည်း အေးအေးသက်သာ နေတော် မမူဘဲ မိမိ၏ ရည်ရွယ်ရင်းအတိုင်း နေ့မနားညမနား တရားဓမ္မတို့ကို ဟောကြား ဆုံးမကာ သတ္တဝါများကို ထုတ်ဆယ်ကယ်တင်တော်မူခဲ့၏။ ပါရမီမရင့်ကျက်သေး ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်အဆင့်သို့ မရောက်နိုင်သော သတ္တဝါများကို ဒုက္ခနည်းပါး ချမ်းသာများစေမည့် တရားကောင်း တရားမြတ်တို့ကို လမ်းညွှန်ပြသဆုံးမတော်မူ ခဲ့ပေသည်။

ဘုရားရှင်ဟောကြားသည့် သစ္စာတရားကိုသိမြင်၍ အပါယ်မီး ဝဋ်မီးငြိမ်းသွား ကြသော ပုဂ္ဂိုလ်များ များပြားစွာ ပေါ်ထွန်းခဲ့၏။ စိတ်ငြိမ်းချမ်းစွာဖြင့် ဘဝတွင် အဓိပ္ပါယ်ရှိရှိ နေထိုင်တတ်သော ပုဂ္ဂိုလ်များလည်းများစွာ ပေါ်ထွန်းခဲ့၏။

ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်၏ ထူးခြားသော ဂုဏ်ရည်မှာ "အသေကင်းသော တရားမြတ်နှင့် ထိုအသေကင်းသောတရားမြတ် ရရာရကြောင်း နည်းလမ်းကောင်းများရှိခြင်း" ဖြစ်သည်။

အသေကင်းသော တရားမြတ် ရရာရကြောင်း နည်းလမ်းကောင်းများသည် ဘုရားဟောဖော် ပိဋကပါဠိတော်၌ အစုံအလင်ရှိနေပေသည်။ ထို့ကြောင့် ပရိယတ်ဟု ဆိုအပ်သော ပိဋကတ်တော်သည် ဗုဒ္ဓမြတ်စွာ သာသနာတော်၏ အသက်ဖြစ်ပေသည်။ ပရိယတ်အားကောင်းပါမှ ပဋိပတ်ထွန်းကားနိုင်ပေသည်။ ပဋိပတ်ထွန်းကားမှ ပဋိဝေဓတရားမြတ်တို့ကို ရရှိခံစားနိုင်ကြမည်ဖြစ်ပေသည်။

သို့ဖြစ်၍ ပထမသံဂါယနာတင်ပွဲစသော လုပ်ငန်းကြီးများဖြင့် ဘုရားဟောဖော် တရားတော်ဟုဆိုအပ်သော ပိဋကတ် (ပရိယတ်) တို့ကို ထိန်းသိမ်း စောင့်ရှောက် တော်မူခဲ့ကြရပေသည်။ ပိဋကတ် (ပရိယတ်)နှင့် ဆန့်ကျင်သော အယူဝါဒများ ပေါ်ပေါက်လာတိုင်း ပိဋကတ် (ပရိယတ်)ကို အခိုင်အမာပြု၍ ကာကွယ်စောင့်ရှောက်ခဲ့ကြရပေသည်။ ပိဋကတ်ဟူသော ပရိယတ္တိ သာသနာတော်သည် ဗုဒ္ဓမြတ်စွာ သာသနာတော်၏ 'စံ' ဖြစ်သည်။ မိစ္ဆာဝါဒ တည်းဟူသော လေပြင်းများ မတိုက်ခတ် မလှုပ်ကြနိုင်ရန် ပိဋကတ် (ပရိယတ်) ဟူသော ပန်းသီကြိုးဖြင့် သီကုံးထားခဲ့ကြရသည်။ ထို့ကြောင့် ပရိယတ်သည် သာသနာတော် သုံးရပ်တွင် အရေးပါအရာရောက်ဆုံးသော သာသနာဖြစ်ပေသည်။

ပရိယတ္တိသာသနာတော်အားကောင်းပါမှ ပဋိပတ္တိရှင်သန်ထွန်းကားနိုင်သည်။ ပဋိပတ္တိထွန်းကားပါမှ ပဋိဝေဓတရားထူး တရားမြတ်ကို ရရှိခံစားနိုင်ပေသည်။

သို့ဖြစ်၍ ပရိယတ္တိသာသနာတော်ကို ပြက်ရယ်ပြုသည့် အပြုအမူများ၊ ဟောပြောချက်များ၊ ပရိယတ် (ပိဋကတ်တော်) နှင့် ဆန့်ကျင်သော ကျင့်စဉ်များ၊ ဟောပြောချက်များကို သာသနာတော်အရေး အလေးထားသူတိုင်း သတိ၊ ဝီရိယကောင်းကောင်းဖြင့် တားဆီးကာကွယ်ကြရမည်ဖြစ်ပေသည်။

ပရိယတ္တိ (ပိဋကတော်သုံးပုံ) ကို မထီမဲ့မြင်ပြုခြင်းသည်-

> သုတ္တံ အပ္ပဋိဗာဟိယံ၊ တံ ပဋိဗာဟန္တေန ဗုဒ္ဓေါ ပဋိဗာဟိတော ဟောတိ။ (ဒီ၊ ဋ္ဌ။ ၂။ ၁၅၈)

အဘိဓမ္မံ ပဋိဗာဟန္တော ဣမဿိံ ဇိနစက္ကေ ပဟာရံ ဒေတိ၊ သဗ္ဗညုတညာဏံ ပဋိဗာဟတိ၊ သတ္ထုဝေသာရဇ္ဇညာဏံ ပဋိနိဝတ္တေတိ၊ အဋ္ဌာရသသု ဘေဒကရ ဝတ္ထူသု ဧကသ္မိံ သန္ဒိဿတိ၊ ဥက္ခေပနိယကမ္မ တဇ္ဇနီယကမ္မာရဟော ဟောတိ- (အဘိ၊ ဋ္ဌ၊ ၁။ ၃၀)

ဟူသည်နှင့်အညီ ဘုရားရှင်ကို တော်လှန်ပုန်ကန်ခြင်းပင်ဖြစ်သောကြောင့် ပရိယတ္တိ (ပိဋကသုံးပုံ) နှင့် ဆန့်ကျင်သော အယူဝါဒများ မထွန်းကားအောင် ဆောင်ရွက်ခြင်းသည် သာသနာတော်၏အန္တရာယ်ကို အကောင်းဆုံး ကာကွယ်ခြင်းဖြစ်သကဲ့သို့ သာသနာတော်၏ အကျိုးကိုလည်း အကောင်းဆုံး သယ်ပိုးခြင်းလည်း ဖြစ်ပေသည်။

ဤသို့သော ခံယူချက်ကို လေးနက်စွာခံယူကြလျက် နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၂)တွင် ပါဝင်သော ဝိနည်းဓိုရ်ဆရာတော်များသည် စောဒက ဆရာတော်တင်ပြသော အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဟောစဉ် တရားများနှင့် စပ်လျဉ်းသော စောဒနာ အချက်အလက် သုံးရာနီးပါးကို ဓမ္မဝိနယ နှင့်အညီ စိစစ်သုံးသပ်ပြီး အောက်ဖော်ပြလတ္တံ့ပါအတိုင်း ဝိနိစ္ဆယချမှတ်လိုက်သည်။

## ဆုံးဖြတ်ချက် ဝိနိစ္ဆယ

၁။ မိုးကုတ်ဆရာတော်ကြီး(အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တဝိမလ ဟောကြားသောတရားတော်များ၌ ထေရဝါဒပိဋကတ်တော်နှင့်မညီညွတ်သော အချက်များကို နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီပြင်ဆင် ပေးရန်သဘောတူကြောင်း ၁၃၆၅-ခုနှစ် နယုန်လပြည့်ကျော်၅-ရက် (၁၉-၆-၂၀၀၃)နေ့တွင်နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီး များ၏ရှေ့မှောက်၌ သဘောတူလက်မှတ်ရေးထိုး ခဲ့သည့်အတိုင်း စောဒကဆရာတော်နှင့် စုဒိတကဆရာတော်တို့သည် အတိအကျ လိုက်နာကြရမည်။

၂။ ဤမိုးကုတ်ဝိနိစ္ဆယတွင် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၂)က စောဒနာတစ်ခုချင်းကို စိစစ်သုံးသပ်၍

(က) မိုးကုတ်ဆရာတော်ကြီး၏ ဟောစဉ်တရားစာအုပ်များတွင်-

၁။ လုံးဝ ပယ်ဖျက်ပေးရမည့်အချက်များ။

၂။ တစ်စိတ်တစ်ဒေသ ပယ်ဖျက်ပေးရမည့်အချက်များ။

၃။ မှားနေသည်တို့ကို အမှန်ပြင်ပေးရမည့်အချက်များ။
၄။ စကားမပြည့်စုံသဖြင့်ပြည့်စုံစေရန် ပြင်ဆင်ဖြည့်စွက် ပေးရမည့်အချက်များကို လည်းကောင်း၊

(ခ) မိုးကုတ်ဆရာတော်ကြီး ဟောကြားထားသော အသံသွင်း တိပ်ခွေများတွင် ပယ်ဖျက်ပေးရမည့် အချက်များကို လည်းကောင်း၊

ဆုံးဖြတ်ညွှန်ကြားထားပြီးဖြစ်ရာ ထိုဆုံးဖြတ်ညွှန်ကြားချက်များ အတိုင်း စုဒိတကဆရာတော်သုံးပါးနှင့် မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်တို့က အတိအကျ လိုက်နာကြရမည်။

## ဝိနည်းမိုရ်ဆရာတော်ကြီးများ

| | | |
|---|---|---|
| ၁။ ဘဒ္ဒန္တဂန္ဓမာဘိဝံသ (သဘာပတိ)<br>(အဂ္ဂမဟာပဏ္ဍိတ၊<br>အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) | | ဖက်ပင်အိုင်စာသင်တိုက်<br>သက်န်းကျွန်းမြို့နယ်<br>ရန်ကုန်တိုင်း။ |
| ၂။ ဘဒ္ဒန္တခေမိန္ဒသာမိ (အဖွဲ့ဝင်)<br>(အဂ္ဂမဟာပဏ္ဍိတ) | | ခြောက်ထပ်ကြီးဘုရား<br>ကြီးတိုက်၊ဗဟန်းမြို့နယ်၊<br>ရန်ကုန်တိုင်း။ |
| ၃။ ဘဒ္ဒန္တသြဘာသာဘိဝံသ (အဖွဲ့ဝင်)<br>(အဂ္ဂမဟာပဏ္ဍိတ) | | ဆင်မင်းကျောင်း၊<br>ဘုရားကြီးတိုက်<br>ချမ်းမြသာစည်မြို့နယ်၊<br>မန္တလေးတိုင်း။ |
| ၄။ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (အဖွဲ့ဝင်)<br>(တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊<br>အဂ္ဂမဟာပဏ္ဍိတ) | | မဟာဝိသုဒ္ဓါရုံရွှေကျင်<br>တိုက်သစ်<br>ဗဟန်းမြို့နယ်၊<br>ရန်ကုန်တိုင်း။ |
| ၅။ ဘဒ္ဒန္တသြဒါဟသိရီဘိဝံသ (အဖွဲ့ဝင်)<br>(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) | | အဝေရာရာမရန်ကင်း<br>ကျောင်းတိုက်၊<br>မဟာအောင်မြေမြို့နယ်၊<br>မန္တလေးတိုင်း။ |

# ပုံစံ (၇)

## နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁၂) ၏ ဆုံးဖြတ်ချက်

[လုပ်ထုံးလုပ်နည်းများအပိုဒ် (၄၂-ဈ၊ ၄၃)]

**၁၃၆၆-ခုနှစ်၊ ဝိနည်းဓမ္မကံ မှုခင်းအမှတ် (၁၂)**

စောဒကဆရာတော်ဘဒ္ဒန္တဝိသုဒ္ဓနှင့် စုဒိတက ဆရာတော်ဘဒ္ဒန္တဇနိတာလင်္ကာရပါ (၃) ဦးတို့၏ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ် မိုးကုတ်ဆရာတော်ကြီးဟောကြားထားသော တရားတော်နှင့် စပ်လျဉ်း၍ ဖြစ်ပွားသော ဝိဝါဒါဓိကရုဏ်းမှုခင်းကို နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၂) က ကိုယ်တိုင် လက်မှတ်ရေးထိုး၍ ဝိနည်းတရားတော်နှင့်အညီ ဆုံးဖြတ်ချက်ချလိုက်သည်-

### ဆုံးဖြတ်ချက်

၁။ မိုးကုတ်ဆရာတော်ကြီး (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တဝိမလ ဟောကြားသော တရားတော်များ၌ ထေရဝါဒပိဋကတ်တော်နှင့် မညီညွတ်သော အချက်များကို နိုင်ငံတော်သီးခြား ဝိနည်းဓိုရ် အဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ ပြင်ဆင်ပေးရန် သဘောတူကြောင်း၊ ၁၃၆၅-ခုနှစ်၊ နယုန်လပြည့်ကျော် ၅-ရက် (၁၉-၆-၂၀၀၃) နေ့တွင် သဘောတူလက်မှတ်ရေးထိုးခဲ့သည့်အတိုင်း စောဒက ဆရာတော်နှင့် စုဒိတက ဆရာတော်တို့သည် အတိအကျ လိုက်နာကြရမည်။

၂။ ဤမိုးကုတ်ဝိနိစ္ဆယတွင် နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၂) က စောဒနာတစ်ခုချင်းကို စိစစ်သုံးသပ်၍-

(က) မိုးကုတ်ဆရာတော်ကြီး၏ ဟောစဉ်တရားစာအုပ်များတွင်-

(၁) လုံးဝပယ်ဖျက်ပေးရမည့် အချက်များ။

(၂) တစ်စိတ်တဒေသ ပယ်ဖျက်ပေးရမည့် အချက်များ။

(၃) မှားနေသည်တို့ကို အမှန်ပြင်ပေးရမည့် အချက်များ။

(၄) စကားမပြည့်စုံသဖြင့် ပြည့်စုံစေရန် ပြင်ဆင်ဖြည့်စွက်ပေးရမည့် အချက်များကို လည်းကောင်း၊

(ခ) **မိုးကုတ်ဆရာတော်ကြီး** ဟောကြားထားသော အသံသွင်းတိပ်ခွေများရှိဟောတရားများတွင်ပယ်ဖျက်ပေးရမည့်အချက်များကိုလည်းကောင်း၊ ဆုံးဖြတ်ညွှန်ကြားထားပြီးဖြစ်ရာ ထိုဆုံးဖြတ်ချက် ညွှန်ကြားချက်များအတိုင်း စုဒိတက ဆရာတော်သုံးပါးနှင့် မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်တို့က အတိအကျ လိုက်နာကြရမည်။

## နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများ

| စဉ် | ဘွဲ့တော် | ကျောင်းတိုက် | လက်မှတ် |
|---|---|---|---|
| ၁။ | ဘဒ္ဒန္တဂန္ဓမာဘိဝံသ (သဘာပတိ)<br>(အဂ္ဂမဟာပဏ္ဍိတ၊<br>အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) | ဖက်ပင်အိုင်စာသင်တိုက်<br>သင်္ကန်းကျွန်းမြို့နယ်၊<br>ရန်ကုန်တိုင်း။ | |
| ၂။ | ဘဒ္ဒန္တခေမိန္ဒသာမိ (အဖွဲ့ဝင်)<br>( အဂ္ဂမဟာပဏ္ဍိတ) | ခြောက်ထပ်ကြီး<br>ဘုရားကြီးတိုက်<br>ဗဟန်းမြို့နယ်၊<br>ရန်ကုန်တိုင်း။ | |
| ၃။ | ဘဒ္ဒန္တသြဘာသာဘိဝံသ(အဖွဲ့ဝင်)<br>(အဂ္ဂမဟာပဏ္ဍိတ) | ဆင်မင်းကျောင်း၊<br>ဘုရားကြီးတိုက်<br>ချမ်းမြသာစည်မြို့နယ်၊<br>မန္တလေးတိုင်း။ | |
| ၄။ | ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (အဖွဲ့ဝင်)<br>(တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊<br>အဂ္ဂမဟာပဏ္ဍိတ) | မဟာဝိသုဒ္ဓါရုံ<br>ရွှေကျင်တိုက်သစ်<br>ဗဟန်းမြို့နယ်၊<br>ရန်ကုန်တိုင်း။ | |

၅။ ဘဒ္ဒန္တသြဒါတသိရီဘိဝံသ(အဖွဲ့ဝင်) အဝေရာရာမ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)
ရန်ကင်းကျောင်းတိုက်
မဟာအောင်မြေမြို့နယ်၊
မန္တလေးတိုင်း။

စာအမှတ်၊ ၇၀၀/၁၇၁/စာမေးပွဲ/သသန
ရက်စွဲ၊၁၃၆၆ခုနှစ် တပေါင်းလဆုတ်(၄) ရက်
၂၀၀၅-ခုနှစ်၊ မတ်လ (၂၈)ရက်

ဝိနိစ္ဆယဆုံးဖြတ်ချက်ဖတ်ကြားကြေငြာရာသို့လာရောက်ကြားနာသူများ

| စဉ် | အမည် | တာဝန် | လက်မှတ် |
|---|---|---|---|
| ၁။ | ---------- | ---------- | ---------- |
| ၂။ | ---------- | ---------- | ---------- |

စောဒက လာ/မလာ၊ စုဒိတက လာ/ မလာ (သဘာပတိဆရာတော်ကရေးမှတ်ရန်)

## မိုးကုတ်ဝိနိစ္ဆယအတွက် ကိုးကားတိုက်ဆိုင်စိစစ်ကြည့်ရှုသောကျမ်းစာများ

### ပါဠိတော်များ

၁။ ပါရာဇိကပါဠိတော် (ဝိ၊ ၁။)
၂။ ပါစိတ္တိယပါဠိတော် (ဝိ၊ ၂)
၃။ မဟာဝဂ္ဂပါဠိတော် (ဝိ၊ ၃။)
၄။ စူဠဝဂ္ဂပါဠိတော် (ဝိ၊ ၄။)
၅။ ပရိဝါရပါဠိတော် (ဝိ၊ ၅။)
၆။ သီလက္ခန္ဓဝဂ္ဂပါဠိတော် (ဒီ၊ ၁။)

| | | |
|---|---|---|
| ၇။ | မဟာဝဂ္ဂပါဠိတော် | (ဒီ၊ ၂။) |
| ၈။ | ပါထိကဝဂ္ဂပါဠိတော် | (ဒီ။ ၃။) |
| ၉။ | မူလပဏ္ဏာသပါဠိတော် | (မ၊ ၁။) |
| ၁၀။ | မဇ္ဈိမပဏ္ဏာသပါဠိတော် | (မ၊ ၂။) |
| ၁၁။ | ဥပရိပဏ္ဏာသပါဠိတော် | (မ၊ ၃။) |
| ၁၂။ | သဂါထာဝဂ္ဂသံယုတ်ပါဠိတော် | |
| | နိဒါနဝဂ္ဂသံယုတ်ပါဠိတော် | (သံ၊ ၁။) |
| ၁၃။ | ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် | (သံ။ ၂။) |
| | သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် | |
| ၁၄။ | မဟာဝဂ္ဂသံယုတ်ပါဠိတော် | (သံ၊ ၃။) |
| ၁၅။ | အင်္ဂုတ္တရပါဠိတော် (ပထမ) | (အံ၊ ၁။) |
| ၁၆။ | အင်္ဂုတ္တရပါဠိတော် (ဒုတိယ) | (အံ၊ ၂။) |
| ၁၇။ | အင်္ဂုတ္တရပါဠိတော် (တတိယ) | (အံ၊ ၃။) |
| ၁၈။ | ဓမ္မသင်္ဂဏီပါဠိတော် | (အဘိ၊ ဓ။) |
| ၁၉။ | ဝိဘင်းပါဠိတော် | (အဘိ၊ ဝိ။) |
| ၂၀။ | ပုဂ္ဂလပညတ်ပါဠိတော် | (အဘိ၊ ပု။) |
| ၂၁။ | ကထာဝတ္ထုပါဠိတော် | (အဘိ၊ က။) |
| ၂၂။ | ယမိုက်ပါဠိတော် (ပထမ) | (ယမက၊ ၁။) |
| ၂၃။ | ပဋ္ဌာန်းပါဠိတော် (ပထမ) | (ပဋ္ဌာန၊ ၁။) |
| ၂၄။ | ပဋိသမ္ဘိဒါမဂ္ဂပါဠိတော် | (ပဋိသံ။) |
| ၂၅။ | ခုဒ္ဒကပါဌပါဠိတော် | (ခုဒ္ဒက။) |
| ၂၆။ | ဓမ္မပဒပါဠိတော် | (ဓမ္မပဒ) |
| ၂၇။ | ဣတိဝုတ္တကပါဠိတော် | (ဣတိဝုတ်) |
| ၂၈။ | သုတ္တနိပါတပါဠိတော် | (သုတ္တနိ) |
| ၂၉။ | ထေရဂါထာပါဠိတော် | (ထေရ။) |
| ၃၀။ | ထေရီဂါထာပါဠိတော် | (ထေရီ။) |

| | | |
|---|---|---|
| ၃၁။ | အပဒါန်ပါဠိတော် (ပထမ) | (အပ၊ ၁။) |
| ၃၂။ | အပဒါန်ပါဠိတော် (ဒုတိယ) | (အပ၊ ၂။) |
| ၃၃။ | ဗုဒ္ဓဝင်ပါဠိတော် | (ဗုဒ္ဓဝံ) |
| ၃၄။ | စရိယာပိဋကပါဠိတော် | (စရိယာ။) |
| ၃၅။ | မဟာနိဒ္ဒေသပါဠိတော် | (မဟာနိ။) |
| ၃၆။ | စူဠနိဒ္ဒေသပါဠိတော် | (စူဠနိ။) |
| ၃၇။ | ဇာတ်ပါဠိတော် | (ဇာ၊ ၁။) |
| ၃၈။ | ပေဋကောပဒေသပါဠိတော် | (ပေဋကော။) |
| ၃၉။ | မိလိန္ဒပဉှာပါဠိတော် | (မိလိန္ဒ။) |

## အဋ္ဌကထာများ

| | | |
|---|---|---|
| ၁။ | ပါရာဇိကဏ်အဋ္ဌကထာ(ပထမ) | (ဝိ၊ ဋ္ဌ၊ ၁။) |
| ၂။ | ပါရာဇိကဏ်အဋ္ဌကထာ(ဒုတိယ) | (ဝိ၊ ဋ္ဌ၊ ၂။) |
| ၃။ | ပါစိတျာဒိအဋ္ဌကထာ | (ဝိ၊ ဋ္ဌ၊ ၃။) |
| ၄။ | စူဠဝဂ္ဂါဒိအဋ္ဌကထာ | (ဝိ၊ ဋ္ဌ၊ ၄။) |
| ၅။ | သီလက္ခန်အဋ္ဌကထာ | (ဒီ၊ ဋ္ဌ၊ ၁။) |
| ၆။ | သုတ်မဟာဝါအဋ္ဌကထာ | (ဒီ၊ ဋ္ဌ။ ၂။) |
| ၇။ | သုတ်ပါထေယျအဋ္ဌကထာ | (မ၊ ဋ္ဌ၊ ၃။) |
| ၈။ | မူလပဏ္ဏာသအဋ္ဌကထာ (ပထမ) | (မ၊ ဋ္ဌ၊ ၁။) |
| ၉။ | မူလပဏ္ဏာသအဋ္ဌကထာ(ဒုတိယ) | (မ၊ ဋ္ဌ၊ ၂။) |
| ၁၀။ | မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ | (မ၊ ဋ္ဌ။ ၃။) |
| ၁၁။ | ဥပရိပဏ္ဏာသအဋ္ဌကထာ | (မ၊ ဋ္ဌ၊ ၄။) |
| ၁၂။ | သံယုတ်အဋ္ဌကထာ(ပထမ) | (သံ၊ ဋ္ဌ၊ ၁။) |
| ၁၃။ | သံယုတ်အဋ္ဌကထာ(ဒုတိယ) | (သံ၊ ဋ္ဌ၊ ၂။) |
| ၁၄။ | သံယုတ်အဋ္ဌကထာ(တတိယ) | (သံ၊ ဋ္ဌ၊ ၃။) |
| ၁၅။ | အင်္ဂုတ္တရအဋ္ဌကထာ (ပထမ) | (အံ၊ ဋ္ဌ၊ ၁။) |
| ၁၆။ | အင်္ဂုတ္တရအဋ္ဌကထာ (ဒုတိယ) | (အံ၊ ဋ္ဌ၊ ၂။) |
| ၁၇။ | အင်္ဂုတ္တရအဋ္ဌကထာ (တတိယ) | (အံ၊ ဋ္ဌ၊ ၃။) |

၁၈။ အင်္ဂုတ္တရ... 

၁၈။ အဋ္ဌသာလိနီအဋ္ဌကထာ (အဘိ၊ ဋ္ဌ၊ ၁။)
၁၉။ ဝိဘင်းအဋ္ဌကထာ (အဘိ၊ ဋ္ဌ၊ ၂။)
၂၀။ ပဉ္စပကရဏအဋ္ဌကထာ (အဘိ၊ ဋ္ဌ၊ ၃။)
၂၁။ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ (ပထမ) (ပဋိသံ၊ ဋ္ဌ၊ ၁။)
၂၂။ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ (ဒုတိယ) (ပဋိသံ၊ ဋ္ဌ၊ ၂။)
၂၃။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (ပထမ) (ဝိသုဒ္ဓိ၊ ၁။)
၂၄။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (ဒုတိယ) (ဝိသုဒ္ဓိ၊ ၂။)
၂၅။ ခုဒ္ဒကပါဌအဋ္ဌကထာ (ခုဒ္ဒက၊ ဋ္ဌ။)
၂၆။ ဓမ္မပဒအဋ္ဌကထာ (ပထမ) (ဓမ္မ၊ ဋ္ဌ၊ ၁။)
၂၇။ ဓမ္မပဒအဋ္ဌကထာ (ဒုတိယ) (ဓမ္မ၊ ဋ္ဌ၊ ၂။)
၂၈။ ဥဒါန်းအဋ္ဌကထာ (ဥဒါန၊ ဋ္ဌ။)
၂၉။ ဣတိဝုတ်အဋ္ဌကထာ (ဣတိဝုတ်၊ ဋ္ဌ။)
၃၀။ သုတ္တနိပါတ်အဋ္ဌကထာ (ပထမ) (သုတ္တနိ၊ ဋ္ဌ၊ ၁။)
၃၁။ သုတ္တနိပါတ်အဋ္ဌကထာ (ဒုတိယ) (သုတ္တနိ၊ ဋ္ဌ၊ ၂။)
၃၂။ ထေရဂါထာအဋ္ဌကထာ (ပထမ) (ထေရ၊ ဋ္ဌ၊ ၁။)
၃၃။ ထေရဂါထာအဋ္ဌကထာ (ဒုတိယ) (ထေရ၊ ဋ္ဌ၊ ၂။)
၃၄။ အပဒါန်အဋ္ဌကထာ (ပထမ) (အပ၊ ဋ္ဌ၊ ၁။)
၃၅။ အပဒါန်အဋ္ဌကထာ (ဒုတိယ) (အပ၊ ဋ္ဌ၊ ၂။)
၃၆။ ဗုဒ္ဓဝင်အဋ္ဌကထာ (ဗုဒ္ဓဝံ၊ ဋ္ဌ။)
၃၇။ စရိယာပိဋကအဋ္ဌကထာ (စရိယာ၊ ဋ္ဌ။)
၃၈။ မဟာနိဒ္ဒေသအဋ္ဌကထာ (မဟာနိ၊ ဋ္ဌ။)
၃၉။ စူဠနိဒ္ဒေသအဋ္ဌကထာ (စူဠနိ၊ ဋ္ဌ။)
၄၀။ ဇာတ်အဋ္ဌကထာ (ပထမ) (ဇာ၊ ဋ္ဌ၊ ၁။)
၄၁။ နေတ္တိအဋ္ဌကထာ (နေတ္တိ၊ ဋ္ဌ။)
၄၂။ အဘိဓမ္မတ္ထသင်္ဂဟပါဠိ (သင်္ဂဟ)

## ဋီကာကျမ်းများ

၁။ သာရတ္ထဒီပနီဋီကာ (ပထမ) (သာရတ္ထ၊ ၁။)
၂။ သာရတ္ထဒီပနီဋီကာ (ဒုတိယ) (သာရတ္ထ၊ ၂။)

၃။ သာရတ္ထဒီပနီဋီကာ (တတိယ) (သာရတ္ထ၊ ၃။)
၄။ ဝိမတိဝိနောဒနီဋီကာ (ပထမ) (ဝိမတိ၊ ၁။)
၅။ ဝိမတိဝိနောဒနီဋီကာ (ဒုတိယ) (ဝိမတိ၊ ၂။)
၆။ ဝဇီရဗုဒ္ဓိဋီကာ (ဝဇီရ။)
၇။ သီလက္ခန်ဋီကာ (ဒီ၊ ဋီ၊ ၁။)
၈။ သုတ်မဟာဝါဋီကာ (ဒီ၊ ဋီ၊ ၂။)
၉။ ပါထေယျဋီကာ (ဒီ၊ ဋီ၊ ၃။)
၁၀။ မူလပဏ္ဏာသဋီကာ (ပထမ) (မ၊ ဋီ၊ ၁။)
၁၁။ မူလပဏ္ဏာသဋီကာ (ဒုတိယ) (မ၊ ဋီ၊ ၂။)
၁၂။ မဇ္ဈိမပဏ္ဏာသဋီကာ (မ၊ ဋီ၊ ၃။)
၁၃။ ဥပရိပဏ္ဏာသဋီကာ (မ၊ ဋီ၊ ၄။)
၁၄။ သံယုတ်ဋီကာ (ပထမ) (သံ၊ ဋီ၊ ၁။)
၁၅။ သံယုတ်ဋီကာ (ဒုတိယ) (သံ၊ ဋီ၊ ၂။)
၁၆။ အင်္ဂုတ္တိုရ်ဋီကာ (ပထမ) (အံ၊ ဋီ၊ ၁။)
၁၇။ အင်္ဂုတ္တိုရ်ဋီကာ (ဒုတိယ) (အံ၊ ဋီ၊ ၂။)
၁၈။ အင်္ဂုတ္တိုရ်ဋီကာ (တတိယ) (အံ၊ ဋီ၊ ၃။)
၁၉။ မူလဋီကာ (ပထမ) (မူလဋီ၊ ၁။)
၂၀။ မူလဋီကာ (ဒုတိယ) (မူလဋီ၊ ၂။)
၂၁။ အနုဋီကာ (ပထမ) (အနုဋီ၊ ၁။)
၂၂။ အနုဋီကာ (ဒုတိယ) (အနုဋီ၊ ၂။)
၂၃။ ဋီကာကျော် (ဝိဘာဝိနီ။)
၂၄။ မဏိသာရမဉ္ဇူသာဋီကာ (ပထမ) (မဏိမဉ္ဇူ၊ ၁။)
၂၅။ မဏိသာရမဉ္ဇူသာဋီကာ (ဒုတိယ) (မဏိမဉ္ဇူ၊ ၂။)

**အခြားကျမ်းများ**

၁။ ပဋိသမ္ဘိဒါမဂ္ဂဂဏ္ဌိပဒ။
၂။ ပရမတ္ထသရူပဘေဒနီ (ပထမ)။
၃။ ပါရမီဒီပနီ။
၄။ မဟာဗုဒ္ဓဝင် (ပထမတွဲ၊ ပထမပိုင်း။)

၅။ မဟာဗုဒ္ဓဝင် (ပထမတွဲ၊ ဒုတိယပိုင်း။)
၆။ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီးဟောကြားသော ဟောစဉ်တရားစာအုပ်များ။ (၄၅)အုပ်။
၇။ စာဒကဆရာတော်တင်ပြသည့် စောဒနာလွှာ။
၈။ စုဒိတကဆရာတော်များတင်ပြသည့် သောဓနာလွှာ။

**စာရင်းအချုပ်**

| | | |
|---|---|---|
| (က) | ပါဠိတော်ကျမ်းပေါင်း | ၃၉-အုပ် |
| (ခ) | အဋ္ဌကထာကျမ်းပေါင်း | ၄၂-အုပ် |
| (ဂ) | ဋီကာကျမ်းပေါင်း | ၂၅-အုပ် |
| (ဃ) | အခြားဂန္ထန္တရကျမ်းပေါင်း | ၅၂-အုပ် |
| | စုစုပေါင်း | ၁၅၈-အုပ် |